www.burmeseclassic.com

မဂ္ဂင်း

အမှတ် - ၂၄၁ ၂၀၁၆ - ခုနှစ်၊ မတ်လ



www.burmeseclassic.com

PHOTOGRAPHY & GRAPHIC DESIGN
K W MINN MOUNG

www.burmeseclassic.com

သဗ္ဗသိဒ္ဓိ၏ထာတော်ကြီး

ဝုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဝုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊

ယော ဥတ္တိ၊ သဗ္ဗ သတ္တဏ္ဍရာယော၊ သဗ္ဗ ဓော်ဂဏ္ဍရာယော၊
သဗ္ဗ ဝုတ္ထိကဏ္ဍရာယော၊ ဂစ္ဆအမုဗို ဩကာသေ တိဋ္ဌာမိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍ လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ့နှတ်, ငြမွာ အပေါင်း၏ ချစ်ခင်ခံစိတ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာလွတ်ကင်းမည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမှုမြဲသွားကြရန် အလွန်အရေးကြီးယည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းဆောင်ရွက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ခွဲခြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ပိုင်းဝန်းဖယ်ရှား။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ဧည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရွှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အဓာတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ထစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တပြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကွန်မြူနစ်ဝါဒနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

ကုမ္ပဏီကြောပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရာဂီသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းတို့
ပွင့်လန်းလင်းလတ်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

www.burmeseclassic.com

www.burmeseclassic.com



မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ဖူးခဲ့ရရွှင်ပျော်ပျော် သာဓုဆံတော်ရှင်စေတီတော်	မင်းဂုဏ် ၅
၂။	၂၀၁၅ ခုနှစ် ရွှေစက်တော်သွားတော်လာသစ်	စောင်းကောင်းမြတ် ၁၃
၃။	စပါးရွှေကို ရောဝတီမှ ဖျာပုံသာစည်မြတ်ဘုရား	ရှင်ဉာဏ(ဖျာပုံ) ၂၀
၄။	ကျိုက္ကစ်စေတီ ခေါ် နဘဲရွှေထီးစေတီတော်	ဦးအိုး(တက္ကသိလ) ၂၄
၅။	ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော် မြတ်ကြီးရှိ အောင်မြေ ကိုးဌာနနှင့်သိမှတ်ဖွယ်	ကိုဆာက်(ဒီးကုန်း) ၂၈
၆။	ဆရာမြတ်ကြီး ဦးရေဝတ ပတ္တမြားရတု ပူဇော်ပွဲတော်	မင်းဂုဏ် ၃၃
၇။	ရုပ်ဆင်းပြစ်မြင် သိဆင်ခြင် ခေမာဉာဏ်ထိပ်တင်	လင်းယဉ်ဉာဏ် ၄၃
၈။	ရှေးဟောင်းသမိုင်းဝင် လောကမာရဇာတ်စေတီတော်	ရွှေယဉ်နု ၅၄
၉။	နှစ်ပေါင်း ၁၇၂ နှစ် ရှိပြီဖြစ်သော မတွေးတိုင်းဒေသကြီးမှ ရှေးဟောင်းလေးထပ်ကျောင်းတော်ကြီး	ရေနံ့သာအောင်ချမ်းဇော် ၅၈
၁၀။	မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဝေဒနာနုပဿနာကျင့်စဉ်	ဓမ္မဒိန ၆၄
၁၁။	ဥုးသုမဂိုလ(ဒယ်အိုးဆရာတော်) ဟောကြားတော်မူသော အမြတ်ဆုံးတရား	ဓမ္မဒိန ၇၀
၁၂။	ကရင်ပြည်နယ်မှ အေးမဲ့သက်ပယ် အပန်းဖြေစခန်းသစ်	ဆရာကြီးဦးအောင်မြိုင် ၇၅
၁၃။	ယောကျ့မကို နို့တိုက်သော ဝိသာခါ	ဆင်ပြူကျွန်းအောင်သိန်း ၇၈
၁၄။	မစားအပ်သော အသားကြီးဆယ်မျိုးနှင့် တောရဆောက်တည်ခြင်း	ကျော်ဇောဟိန်း(နံ့သာ) ၈၂
၁၅။	အောင်မြင်လန်းဆန်း မြတ်ပဌာန်း	ထွန်းလွင်(ကြည်မြည်တိုင်) ၈၆
၁၆။	ခရီးသည်	ဝေယံဦး ၈၉
၁၇။	မြတ်ဗုဒ္ဓဆိုင်ရာ မှတ်ဖွယ်မှတ်ရာ	ဆရာ(ကေတ) ၉၂
၁၈။	ငွေနှင့်မွေ့ကို ဆင်ခြင်သုံးသပ်ခြင်း	ကိုအေးမင်း(ပဲခူး) ၉၄
၁၉။	သူခိုးကို ဓားနှိုးကမ်းသောမိန်းမ	မောင်မောင်မိုးအောင် ၉၈
၂၀။	ရွှေမှာ ပန်းတိုင်ရှိသည်	နန္ဒာမိုးကြယ် ၁၀၁
၂၁။	လမ်းလျှောက်မှာလား လမ်းဖောက်မှာလား	မင်းလှမင်းခေါင် ၁၀၄
၂၂။	သောက ကမ္ဘာမှာ တစ်ညတာ	သွေးကြည်အေး ၁၀၈
၂၃။	သမီးပျောက် ရှာပုံတော်	နေမထူး ၁၁၁
၂၄။	အသက်သခင်	ဘိုဘို(ရေးကူ) ၁၂၃
၂၅။	ကျွန်းဖို ကျွန်းမ	ပြည်ပန်အိုး ၁၃၀

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ကားကြုံစီး ခရီးသည်	ဝေယံလင်းခေါင် ၁၃၇
၂။	အချစ်သည် မြစ်နှင့်ပမာတူသည်	မောင်ဆွေမွန် ၁၄၁
၃။	ရေဝေးကြာ	နေမန်နီ ၁၄၅
၄။	သေလွန်သူနှင့် ဆုံတွေ့ခွင့်	ဂျိုးနွန်းကို ၁၄၉
၅။	စွန့်သူရဲယုမြို့တော်နှင့် ထူးဆန်းသည့်ရွှေစင်ရုပ်တု	ရိုးဌေး ၁၅၆
၆။	ငှက်ကလေးရဲ့ ဖေဖေ	တင်မိုးနိုင် ၁၆၁
၇။	တုန်ခိုင်းမမီ	မိုးနင်းဆီ ၁၆၆
၈။	ကျည်ပြန်နှင့် တောစီးလာသောဝက်	တင့်ထူး(ရေယျတိ) ၁၇၀
၉။	အလင်းထဲကအမှောင် အမှောင်ထဲကအလင်း	နှင်းသိရိကျက်သရေ ၁၇၄
၁၀။	အစားရချစ်သူ	သံပိတ်ကျင်းကျော်ကျော်ထွန်း ၁၇၈
၁၁။	ငွေသောင်ယံသဲပင့်လေးပေါ်မှာ	
	တူမောင်နှံ ရင်ဖွင့်တေးသီချင်းပါရဲ့	ကိုကြီးစော(သာစေပင်း) ၁၈၁
၁၂။	ယုံကြည်မှု	ကောင်းစံဟိန်း(ဖန်နေနန်း) ၁၉၀
၁၃။	တကယ့်စုံထောက်ကြီး	စိန်ဝင်းမော် ၁၉၈
၁၄။	သမီးဆေးကုပေးသည်	တောင်တွင်းကိုရင်ဩ ၂၀၂
၁၅။	ရဒွာနဂိုရ်မြို့ဟောင်းက ပန်းတျာမင်းသမီး	ချစ်မင်းသူ ၂၀၅
၁၆။	HIV ဖူးစာ	ထွန်းအောင်ရင် ၂၁၃
၁၇။	သင်္ကေတလိုရာ	စိန်မြင့်မောင်(သာရထေါ) ၂၁၆
၁၈။	ကြေးစားအချစ်	သိန်းထွန်းသစ် ၂၂၀
၁၉။	ကျူးလစ်ပန်းခင်းမှ	
	သံမဏိအဇာတ်မြူးပြတိုက်သို့	ကိုအေးမြင့်(မဟာဝိဇ္ဇာရွှေး-သု) ၂၂၄
၂၀။	Vigen Myanmar မိသားစုများနှင့်တွေ့ဆုံခြင်း	ဉာဏ်မွှာ်(စက်မှု) ၂၃၁
၂၁။	အမျိုးသားခေါင်းဆောင်	
	ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတာ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၃၈
၂၂။	လွေမဖြတ်အောင် ဘယ်လိုကာကွယ်မလဲ	သမီးခွာညို ၂၄၁
၂၃။	အစာလည်းဆေး ဆေးလည်းအစာ	သန့်ဇျင်မောင်ကျောက်ခဲ ၂၄၃
၂၄။	မြို့နှင့်ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်များ	ဆရာကြီးဦးအောင်မြိုင် ၂၄၅
၂၅။	တိရစ္ဆာန်များမှ လူသားများကိုအကျိုးပြုပုံ သမားတော်ကြီး Dr.သက်ဆွေ	၂၄၈
၂၆။	လာဘ်ရွှင်စေသော လိုဏရဂါဏာတော်	တင်စန္ဒာ ၂၅၂
၂၇။	မြန်မာ့တိုင်းရင်းဆေးဆရာကြီးများ၏	
•	အစွမ်းထက်ဆေးနည်းကောင်းများ	ဗိုလ်သက်ရှည်(တောင်ဥက္ကလာ) ၂၅၉

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	ရိုးရာကုထုံးများ	သစ်ဦးလင် ၂၅၆
၁၄။	အဘာနည်းပေး ကြက်ဆီရင်လူးဆေး	မြင့်မြတ်သိန် ၂၆၁
၁၅။	လူသားနှင့် စိတ်ဖိစီးမှုဝေဒနာ	အောင်ဘုန်းမြင့်(ကချင်မြေ) ၂၆၄
၁၆။	ကာတွန်းကဏ္ဍ	ကျော်ပြိုးလွင်ဒဂိုး(ရွှေရင်အေး)၊မုဒုံအိန္ဒြယ်လင်းထူးဇော် ၂၆၈
၁၇။	ပြိုးရယ်ရယ်ဟား ဟာသများ	ဆွေမြင့်၊ ပီပေ ၂၇၂
၁၈။	ဘဝအစ ပထမနှစ်	တော်မြင့်(ငှက်ဗျား) ၂၇၄
၁၉။	သျှန်္ခိတ်ယကြာ (၂)	အောင်ကြည်သန်း(တောင်တော်သီ) ၂၈၇
၆၀။	စျေးရောင်းကောင်းစေသည့် ရှင်သီဝလိဆယ်ဂါထာ	မောင်လွမ်းရည်(ရွှေကောင်) ၂၈၉
၆၁။	ဝင်ကုန်ထွက်ကုန် စာမနှင့်အသုံးချပုံ	ဆန်းဝင်း(အောင်မြေ) ၂၉၂
၆၂။	စန်းသည်းအရ ဓာတ်စာပေးပုံ	အောင်ကျော်ဦး(ရွှေစေတီ) ၂၉၅
၆၃။	လာဘ်မိုးရွာစေဆဲ ကျင့်စဉ်	နတ်မျက်စိဆရာအောင်စိုး ၂၉၈
၆၄။	အိမ်ထောင်ရေးဇာတာ စစ်နည်း	ကြည်မင်းစန်(အောင်မြေသာယာ) ၃၀၀
၆၅။	ဝါစတုသ္သတ္တရုပညာ	ဆရာဦးဆန့်ကျော် ၃၀၃
၆၆။	၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယကြာ	ဦးညွှန့်လှိုင်(ကြိုပင်ကောက်) ၃၁၁
၆၇။	၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် ဖေဖော်ဝါရီလ ဟောကိန်းများ	ဆရာဦးဆန့်ကျော် ၃၁၄

နာယက
ဆင်ဖြူကျွန်းအောင်သိန်း
ဓင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ညကပွင့် (စတ်မူ)

ဘာဝနာခံအယ်ဒီတာ
တက္ကသိုလ်တင်ဟန်တော်

စာရိုးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူဝိုးမြင့်လေး၊ စောတင်မောင်၊
ဝိုးအောင်၊ ဆွေမြင့်

အတွင်းမင်္ဂလာ
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်တော်ယူ (၀၀၃၈၅)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာပန္ထုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၈၉၃၀

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အနည်းဆွဲ
အောင်ဝင်းသန့်

မျဉ်းလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ရောင်းစျေး
၂၄၀ ကျပ်

အုပ်ရေ
၁၀၀၀

ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ကျက်မူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ခရေရင်ပျော်ပျော်

သာစုဆံတော်ရှင်ဓမ္မတီတော်

www.burmeseclassic.com

ယာင်လမုအဘက်

သာခုဆံတော်ရှင် စေတီတော်မြတ်မှာ ဖိနပ်တော်၊ ပန်းတင်ခုံ၊ ပစ္စယာ၊ ခိုနန်းချိုး၊ ရွှမ်မြောင့်ပုံ၊ ကျည်းဝန်း၊ ခေါင်းလောင်းပုံ၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ချယားသီး (ငှက်ပျောဖူး)နှင့် ထီးတော်၊ စိန်ဖူးတော်တို့ဖြင့် အချိုးအစား ကျနပြေပြစ် တင့်တယ်သပ်ရပ်စွာ ကိန်းဝပ်စံပယ်တော်မူနေသည်ကို ကြည်ညိုဖွယ်ဖူးတွေ့ရသည်။

စေတီတော်မြတ်၏ မူလပန္နက်အတိုင်း မြေဝင်အုတ်မြစ်နှင့် ဖောင်းခံထားသော ပန်းတင်ခုံအကြားရှိ ဖိနပ်တော် အမြင့်မှာ ၆ ပေ ၆ လက်မ ရှိပြီး အဝန်းအကျယ် ၃၁၈ ပေ ၅ လက်မ ရှိသည်။

ဖိနပ်တော်နှင့် ပထမပစ္စယာ အကြား၌ ဖောင်းခံထားသော ပန်းတင်ခုံခေါ် ပလ္လင်ခုံမှာ အမြင့် ၈ ပေ ၁ လက်မ ရှိပြီး အဝန်းအကျယ် ၂၈၈ ပေ ၈ လက်မ ရှိသည်။

သာခုဆံတော်ရှင် စေတီတော်မြတ်တွင် ပစ္စယာ သုံးဆင့်ရှိသည်။ ပထမပစ္စယာ ၁၀ ပေ၊ ဒုတိယပစ္စယာ ၆ ပေ ၆ လက်မ၊ တတိယပစ္စယာ ၈ ပေ ၁ လက်မ ရှိပြီး ပထမပစ္စယာ၏ အဝန်းမှာ ၂၄၈ ပေ၊ ဒုတိယပစ္စယာ၏ အဝန်းမှာ ၁၆၈ ပေနှင့် တတိယပစ္စယာ၏ အဝန်းမှာ ၁၂၉ ပေ ၆ လက်မ အသီးသီးရှိသည်။

ပစ္စယာများတွင် ထောင့်စွန်းများ ချွန်းထွက်နေသည်မှာ ခိုနန်းချိုးများဖြစ်ပြီး တတိယပစ္စယာ၏ အထက်တွင် ရွှမ်မြောင့်ပုံ ၅ ဆင့် တင်ထားသည်။ သာခုဆံတော်ရှင် စေတီတော်၏ ရွှမ်မြောင့်ပုံအမြင့်မှာ ၆ ပေ ၃ လက်မ ရှိသည်။

ရွှမ်မြောင့်ပုအထက်တွင် ကြေးဝန်း ခေါ် ကျည်းဝန်း သုံးဆင့်ခံထားသည်။ ကျည်းဝန်းမှာ အဝန်းအဝိုင်းသဏ္ဌာန်ဖြစ်၍ စက်ဝန်းဟုလည်း ခေါ်ကြသည်။ ယင်း၏အထက်တွင်ရှိသော ခေါင်းလောင်းပုံ၏ နှုတ်ခမ်းကို ပိုမိုပေါ်လွင်စေရန် ပဋိမာအနုလက်ရာမြောက်ပုံဖော်ထားခြင်း ဖြစ်သည်။ ကျည်းဝန်းအဆင့်သုံးဆင့်၏ အမြင့်မှာ ၃ ပေ ၅ လက်မရှိသည်။ ပထမဆင့် ကျည်းဝန်း၏ အဝန်း ၁၀၃ ပေ၊ ဒုတိယအဆင့် ကျည်းဝန်း၏ အဝန်း ၉၇ ပေ ၃ လက်မ၊ တတိယအဆင့် ကျည်းဝန်း၏ အဝန်း ၉၂ ပေ ၂ လက်မ အသီးသီးရှိသည်။

ကျည်းဝန်း၏ အထက်တွင် ခေါင်းလောင်းပုံ ရင်စီးနှင့် သပိတ်မှောက်တို့ရှိသည်။ စေတီတော်၏ခေါင်းလောင်းပုံအမြင့်မှာ ၁၀ ပေ ၆ လက်မရှိပြီး ရင်စီးမှာ ၂ ပေ ၁ လက်မနှင့် သပိတ်မှောက်မှာ အမြင့် ၅ ပေ ၁၀ လက်မ ရှိသဖြင့် သုံးရပ်ပေါင်းအမြင့် ၁၈ ပေ ၅ လက်မ ရှိသည်။ ခေါင်းလောင်းပုံထိပ်စွန်းတွင် ကနုတ်ပန်းနွယ်၊ ပန်းဆိုင်းများ အဖြစ်ပုံဖော်ထားသည့် ပန်းဆွဲ ၁၄ ခုရှိသည်။ ခေါင်းလောင်းပုံ နှုတ်ခမ်း၀အကျယ်မှာ ၈၆ ပေ ၂ လက်မရှိပြီး ရင်စီးအကျယ်မှာ ပေ ၇၀ နှင့် ၂ လက်မ ရှိသည်။

သပိတ်မှောက်၏ အထက်တွင် အဆင့်ဆင့် ရှုံးရှဲ့ တက်သွားသည့် ဖောင်းရစ် ခုနစ်ရစ် ရှိသည်။ အခြေဖောင်းရစ်၏ အကျယ်မှာ ၅၃ ပေ ၆ လက်မ ရှိပြီး အပေါ်ဆုံး ဖောင်းရစ် အကျယ်မှာ ပေ ၃၀ ရှိသည်။ ဖောင်းရစ်တစ်ရစ်လျှင် ၁ ပေ ၈ လက်မစီရှိသဖြင့် ဖောင်းရစ် ခုနစ်ရစ် အမြင့်မှာ ၁၁ ပေ ၈ လက်မ ရှိသည်။

ခေါင်းလောင်းပုံ၏ အထက် ဖောင်းရစ်များအကြားရှိ ပြင်ညီမျက်နှာပြင်ကို နတ်ကြည့် ဟုခေါ်ပြီး ယင်းမှာ ပထမနတ်ကြည့် ဖြစ်သည်။ ဖောင်းရစ် အထက် ကြာမှောက် အကေ့များ အောက်ခြေနေရာ ပြင်ညီမျက်နှာပြင်မှာ ဒုတိယနတ်ကြည့် ဖြစ်သည်။ စေတီတော် အထက်ပိုင်း ပြုပြင်ခြင်း၊ ရွှေသင်္ကန်း ကပ်လှူခြင်း စသောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားများ ခြေချော်ကာ လုပ်ကိုင်နိုင်ရန် ထားရှိသော နေရာဖြစ်သည်။ သာခုဆံတော်ရှင် စေတီတော်၏ နတ်ကြည့်မှာ ရွှမ်လက်မခန့် ကျယ်သည်။

ဖောင်းရစ် အထက်တွင် ကြာပန်းပွင့်၏ ပွင့်ဖတ်အနုလေးများသဏ္ဌာန် စိတန်းကာ အောက်စိုက်ထားသော မြောင်းစောင်းလေးများပါသည့် ကြာနု (၂၇)ခုရှိသည်။ ယင်းကြာနု၏ အမြင့်မှာ ၂ ပေ ၄ လက်မနှင့် အကျယ်မှာ ၂၃ ပေ ရှိသည်။

ကြာနု၏အထက်တွင် စေတီတော်အားဝန်းရံပတ်ကာ အောက်ဘက်သို့ ဦးတိုက်၍ ပုံဖော်ထားသည့် ကြာပန်းပွင့်ချပ်ပုံ ကြာမှောက် ၁၆ ခုရှိသည်။ ယင်းကြာမှောက်မှာ ၅ ပေ ၇ လက်မ မြင့်ပြီး အကျယ် ၂၃ ပေ ၄ လက်မ ရှိသည်။

ကြာမှောက်၏ အထက်တွင် ရွှဲလုံး ၂၅ လုံးတို့က ဝန်းရံထားသည်။ ထိုရွှဲလုံးများမှာ အချင်း ၁ ပေ ၃ လက်မ ရှိသည်။

ရွှဲလုံး ၂၅ လုံး၏ အထက်တွင် ကြာပွင့်ချပ်ပေါင်း ၁၆ ခုတို့ အထက်သို့ မျက်နှာမူကာ ဝန်းရံသည့် ပုံဖော်ထားသော ကြာလန်ရှိသည်။ ထိုကြာလန်၏ အမြင့်မှာ ၅ ပေရှိပြီး အဝန်းမှာ ၂၃ ပေ ၄ လက်မ ရှိသည်။

ကြာလန်၏အထက်တွင် ပွင့်ချပ် ၂၁ ခုရှိသော အထက်ကြာနု ရှိသည်။ အထက်သို့ မျက်နှာမူထားသည့် ထိုကြာနုမှာ အမြင့် ၁ ပေ ၇ လက်မရှိပြီး အဝန်း ပေ ၂၀ ရှိသည်။ အထက်ကြာနုကို ကြာရင့် ဟုလည်းခေါ်သည်။

အထက်ကြာနု၏ အပေါ်တွင် ချယားသီး ခေါ် ငှက်ပျောဖူးရှိသည်။ ထို ငှက်ပျောဖူး၏ အမြင့်မှာ ၁၄ ပေ ၁ လက်မ ရှိပြီး အဝန်း ပေ ၂၀ နှင့် ၇ လက်မ ရှိသည်။ ငှက်ပျောဖူးမှာ ထီးတော် စိုက်ထူနိုင်ရန် ထားရှိသည့်နေရာ အစိတ်အဝိုင်း ဖြစ်သည်။

ချယားသီး၏ထိပ်တွင် ကြေးစလောင်းကြီးကို တပ်ဆင်ထားရှိသည်။

www.burmeseclassic.com

အရှေ့ဘက်မုခ်အာရုံခံတန်ဆောင်း

ကြေးစလောင်းကြီးသည် ထီးတော်၏ အလေးဝန်ကို သယ်ပိုးထမ်းဆောင်ထားသည့်အပြင် ပန်းလည်တိုင်ကိုလည်း ထိန်းတော်မေးသည်။

ပန်းလည်တိုင် ခေါ် ပိန္နဲတိုင်မှာ ဧတီတော်၏ ထီးတော်တင်ရန် ငှက်ဆွဲဌေး စိုက်သွင်းထားသည့် ဗဟိုချက် ဆွဲထိုင် ဖြစ်သည်။ အလျား ၂၈ ပေ ၃ ထပ်မ၊ အချင်း ၃ လက်မ ရှိသော သံမဏိချောင်း၊ ပိန္နဲတိုင်ကြီးကို ကြေးလောင်းအတွင်းရှိ ကြေးသွတ်အတွင်းသို့ စွပ်ထည့်ထားသည်။ ထိုတိုင်သည် ထီးတော်ဗဟိုချက်ကို ဖောက်၍ ဆပ်သွားဖူးအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည်။

ထီးတော်ကြီးမှာ ဘုံကိုးဆင့် ထီးတော်ကြီးဖြစ်ပြီး ထိုထီးတော်ကြီး၏ နေရာအသီးသီးတို့တွင် တပ်ဆင်ပူဇော်ထားသော ခေါင်းလောင်းပေါင်း ၂၅၂ လုံး ရှိသည်။ ၂+၅+၂ ကိုပေါင်းသော် ၉ ဂဏန်းရသည်။ ဘုံကိုးဆင့် ၉ နှင့် ခေါင်းလောင်းဂဏန်းပေါင်း ၉ တို့ကို ဆေးသော် ၁၈ ရသည်။ ၉ နှင့် ၉ ကို မြှောက်သော် ၈၁ ရသဖြင့် တြင်းကျေ နဝင်းကျေ ဓာတ်ကိန်းကြီး ဆင်ထားသကဲ့သို့ရှိပြီး ၉ နှစ်ထပ် နဝင်းဓာတ်ကြီးသည်လည်း ဘုရားရှင်ကိုယ်တော်မြတ်၏ ဂုဏ်တော်ကိုးပါးနှင့်တကွ လောကုတ္တရာတရားကိုးပါးကိုပါ ရည်စူးပူဇော်ထားရှိရာရောက်သည်ဟု ဆိုသည်။

ထီးတော်၏ ဉာဏ်တော် ၁၂ ပေ ၁၁ လက်မ ရှိသည်။ ထီးတော်၏ အထက်ရှိ ဆပ်သွားဖူးမှာ ၄ ပေ ၅ လက်မ မြင့်ပြီး ယင်းဆပ်သွားဖူးတွင် ရွှေနားပန်နားပွင့်များ တပ်ဆင်ထားသည်။

ဆပ်သွားဖူး၏ အထက်တွင် ငွန်းခုနစ်ဘုံ ရှိသည်။ ဘုံအဆင့်တိုင်းတွင် ရွှေပိန်းချ စိန်ပွင့်များ တပ်ဆင်ထားသည်။ ယင်းကို ငွန်းခုနစ်ဘုံ၊ စိန်ခုနစ်ပွင့် ဟုလည်း ခေါ်သည်။ ထိုငွန်းခုနစ်ဘုံမှာ ၆ ပေ ၂ လက်မ မြင့်သည်။

ငွန်းခုနစ်ဘုံ တပ်ဆင်ထားသည်မှာ ကာမသုဂတိ ခုနစ်ဘုံတို့၌ ဝိသုဒ္ဓိခုနစ်ပါး၊ ဗောဇ္ဈင် ခုနစ်ပါးတို့နှင့်အညီ ကျင့်သုံး ဆောက်တည်နိုင်ကြစေရန် ရည်ရွယ်၍ တပ်ဆင်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

ငွန်း ခုနစ်ဘုံ ထိပ်ဆုံးအပွင့်မှ ၄ ပေ အမြင့်နေရာတွင် အလျား ၂ ပေ၊ အနံ ဗြက် ၁ ပေရှိ ငှက်မြတ်နားတော် ရှိသည်။ ပန်းလည်တိုင်ကို ဗဟိုပြု၍ လည်ပတ်လှုပ်ရှားလျက်ရှိသော သုံးထောင့် ကြက်လျှာသဏ္ဌာန်ရှိ သာသနာ့အောင်လံတံခွန် ဖြစ်သည်။

ထိုတံခွန်အောင်လံတွင် လင်း၊ ဟင်း၊ ကျွေး၊ ကြက် ငှက်မြတ်လေးပါးဟု ဆိုအပ်သော ဘုရားအလောင်းတော် လင်းယဉ်၊ ဟသ်ာ၊ ကျွေးဝါး၊ ကြက် စသည့် ငှက်မြတ် အရှင်များ



စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်

www.burmeseclassic.com

www.burmeseclassic.com





သာစုဆံတော်ရှင်စေတီတော်ကြီးအား ကြည်ညိုဖွယ် ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



အရံစေတီတော်နှင့် သာခုဆံတော်ရှင်စေတီတော်

ညောင်ပိန်ဥပင်အောက်ရှိ ဘူမိဗဿရမ်ပွားတော်

ထူလုပ်တပ်ဆင်ထားသဖြင့် ဌက်မြတ်နားဟုခေါ်ဆိုပြီး ရွှေ၊ ငွေ၊ စိန်၊ ကျောက်မျက်ရတနာအမျိုးမျိုးတို့ဖြင့် မြန်မာမှုအနုလက်ရာ ခြူပန်းခြူနွယ်၊ ပန်းခိုင်ပန်းခက်များအဖြစ် စီခြယ်ပုံဖော်ထားသောကြောင့် ရတနာပန်းဆိုင်းကြီးဟုလည်း ခေါ်ကြသည်။

သာခုဆံတော်ရှင် စေတီတော်ဝင်္ဂန်မြတ်နားတွင် ရွှေခေါင်းလောင်းခံ ခဲ့ခဲ့ဆိုန်းဘီးကြီးကို မဏ္ဍိုင်အဖြစ် တပ်ဆင်ထားပြီး ထိုခဲ့ခဲ့ဆိုန်းဘီးကြီးကို ဇွန်းဒေသနာတော် ၂၄ ပစ္စည်း ပါဠိဆော်များ ထည့်သွင်းပူဇော်ထားသည်ဟု ဆိုသည်။

ဌက်မြတ်နား၏ အထက်တွင် စေတီတော်၏ ထိပ်ဆုံးအပိုင်းဖြစ်သော စိန်ဖူးတော်ရှိသည်။ သာခုဆံတော်ရှင် စေတီတော်၏ စိန်ဖူးတော်သည် အမြင့် ၁၀ လက်မ၊ အချင်း ၉ လက်မရှိသည်။ ကြာဖူးကြိုးသဏ္ဌာန်ရှိပြီး စိန်ပွင့်များ၊ ကျောက်မျက်များ၊ ရတနာ ခုနစ်ပါး၊ နဂရတ် ကိုးပါးတို့ဖြင့် စုပေါင်းစီခြယ်ခဲ့အော်ထားသည်။ မြတ်စွာဘုရား၏ ဥဒ္ဒါတ်တော်အဖြစ် ရည်စူးကာ ဖူးမြော်ကြည်ညိုနိုင်ရန် စိန်ဖူးတော်ကို တပ်ဆင်ခြင်းဖြစ်ပြီး မြန်မာမှု ဗိသုကာပညာရပ်အလိုအရ ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့အား ရည်စူးကာ ကြာဖူးသဏ္ဌာန် စိန်ဖူးတော်ကို တပ်ဆင်ထားခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

သာခုဆံတော်ရှင် စေတီတော်မြတ်ကြီး၏ အခြေဖိနပ်တော်မှသည် စိန်ဖူးတော်အထိ ဥာဏ်တော်အမြင့်မှာ ၁၄၁ ပေ ၅ လက်မ ရှိတော်မူသည်ဟု ဆိုသည်။

စာရေးသူတို့ ဖူးတွေ့ရချိန်တွင် စေတီတော်၏ဖိနပ်တော်မှသည် ပစ္စယာသုံးဆင့်အထိ ထုံးသင်္ကန်းသာ ကပ်လှူထားပြီး ထိုမှ အထက်ပိုင်းမှာမူ ရွှေသင်္ကန်းရောင် ဝင်းပြောင်စွာဖြင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

အရံစေတီတော်များတွင်လည်း အပေါ်ပိုင်း ခေါင်းလောင်းတော်အထိ

တောင်ဘက်မုခ်အရံခံတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်မုခ်အာရုံခံတန်ဆောင်း အတွင်းမြင်ကွင်း

သာ ရွှေမင်သင်္ကန်းရှိပြီး အောက်ပိုင်းတွင်မူ ထုံးသင်္ကန်းသာ ကပ်လျှထားသည်ကို ဖူးတွေ့ရသည်။ သာဓုဆံတော်ရှင် စေတီတော် ပန်းတင်ခုံပေါ်တွင် ဉာဏ်တော် ၁၇ ပေ ၆ လက်မစီရှိသော အရံစေတီတော် ၁၀ ဆူရှိသည်။

ကကုသန်မြတ်စွာဘုရား၏ ဆံတော်ရှင် ဓာတ်မြတ်နှစ်ဆူကို ဌာပနာကာ အမြဲသရနှင့် ဆူးလေ နတ်ဘီလူးညီနောင်တို့သည် သာဓုဆံတော်ရှင် စေတီတော်ကို ကျောက်တုံးစေတီအဖြစ် စတင်တည်ထား ကိုးကွယ်ခဲ့ကြသည်။

ထို့နောက် ဂေါတမ မြတ်စွာဘုရားရှင်၏ သာသနာတော် ၂၃၉-၂၄၀ ခုနှစ်တွင် သီဟိုဠ်သာသနာပြု အရှင်သောဏနှင့် အရှင်သုစိ အမှူးပြုသော ရဟန္တာအရှင်မြတ် ခုနစ်ပါးတို့သည် သန်လျင်ကျွန်းရှင် ဘောဂသေနတိသသီဟဒီပဓမ္မရာဇာမင်း၏ အထောက်အပံ့ဖြင့် နတ်ဘီလူးညီနောင်တို့ တည်ခဲ့သည့် မူလကျောက်တုံးစေတီကိုဝိုင်းပြီး လျှင် သင်တိုင်းစေတီအဖြစ် တည်ခဲ့ကြသည်။

ရာမညရဋ္ဌ ဟံသာဝတီမွန်မင်းများခေတ် သက္ကရာဇ် ၆၇၆ ခုနှစ်တွင် ရမ္မာနဂရာမြို့တည် ပုဏ္ဏာရိကမင်းသည် ယင်းစေတီတော်ကို ဉာဏ်တော်မြှင့်၍ ကုန်းတော်ပစ္စယာအဆင့်ဆင့်နှင့်တကွ စောင်းတန်းမုခ်ဦးများပါ ဖြည့်စွက်ကာ အသစ်တည်ဆောက် ပူဇော်ခဲ့သည်။

ထိုမှတစ်ဖန် သက္ကရာဇ် ၇၄၅ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် ပဲခူး ဟံသာဝတီ ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူသော မွန်သူရဲကောင်း ရာဇာဓိရာဇ်မင်းသည် သက္ကရာဇ် ၇၄၆ ခုနှစ်တွင် စေတီတော်ကို ပြုပြင်မွမ်းမံ တိုးချဲ့တည်ဆောက်ခဲ့ရာမှ ယနေ့ စာရေးသူတို့ ဖူးတွေ့နေရသည့် စေတီတော်အဝန်းအဝိုင်း အတိုင်းအတာ အဆင့်အထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အင်္ဂါထောင့် အစွန်း ရင်ပြင်တော် ညောင်ပိန္နဲပင်ကြီးအောက်ရှိ ဂန္ဓကုဋိတိုက်တော်ငယ်တွင် ဘူမိဖဿမုဒြာ ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူလျက် ရှိသည်ကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ထိုဂန္ဓကုဋိ တိုက်တော်နှင့်တကွ ရုပ်ပွားဆင်းတုတော်မှာလည်း ရန်ကုန်မြို့ ပန်းလှိုင်အိမ်ရာနေ ဒေါက်တာဇော်ထွန်းအေး ဇနီး ဒေါက်တာချိုချိုထွန်း မိသားစုတို့၏ ကောင်းမှုကုသိုလ် ဖြစ်ကြောင်းသိရသည်။

ညောင်ပိန္နဲပင်ကြီးအောက်မှ ထွက်ခွာခဲ့ရာတွင် မြန်မာမှု ကနုတ်ပန်းဖော် အနုလက်ရာများဖြင့် ခြယ်မှုန်းထားသည့် လည်ပေါ်တစ်ဆင့်တင် တောင်ဘက်မုခ် အာရုံခံတန်ဆောင်းကြီးကို တွေ့လိုက်ရသည်။ ထိုအာရုံခံတန်ဆောင်းကြီးမှာ တစ်ဖက်ဝိုင်း သုံးဖက်ပွင့် တန်ဆောင်းဖြစ်ပြီး ရင်ပြင်တော်

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ရှိ အခြားသော တန်ဆောင်းများထက် ပိုမိုကျယ်ဝန်းသည်။

တန်ဆောင်းအတွင်း၌ မြတ်စွာဘုရား ရုပ်ပွားတော် ခုနစ်ဆူ ကိန်းဝပ်စံတော်မူလျက်ရှိသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ထိုရုပ်ပွားတော် ခုနစ်ဆူအနက် အလယ်ဗဟိုရှိ တံကဲပလွင်တော်ပေါ်တွင် သီတင်းသုံးတော်မူလျက်ရှိသော ကြွေးဆင်းတု ရုပ်ပွားတော်မှာ နှေးယခင် ဘုရားက ပူဇော်ထားသော ကောဆာကုံ မြတ်စွာဘုရား ရုပ်ပွားတော် ဖြစ်ကြောင်း သိရသည်။

ထို တောင်ဘက်မုခ် အာရုံခံတန်ဆောင်းတော်ကြီးကို သာဓုရွာနေ ဦးကျော်ရွှေ + ဒေါ်အုန်းကြွယ်မိသားစု၊ ဘိုအေးကျော်၊ မသင်းသင်းခိုင်၊ ဆရာမကြီး ဒေါ်နန်းကြာနွယ်၊ ဒေါ်တင်အုန်း၊ သမီး မအေးအေးသွယ်၊ မစန္ဒာထွန်း ဦးသာစုတို့က စုပေါင်း၍ အသစ်ပြန်ဆည် မွမ်းမံတည်ဆောက် လှူဒါန်းခဲ့ကြသည်ဟု ဆိုသည်။

တောင်ဘက်မုခ် အာရုံခံတန်ဆောင်းနှင့် မျက်စောင်းထိုး ရင်ပြင်တော် နေထောင့်တောင်စွန်းတွင် ဂေါပက ခဲ့ခန်းကို တွေ့ရသည်။ ထိုဂေါပက ခဲ့ခန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြသည်ဟု ဆိုသည်။

ဂေါပကရုံးနှင့် မလှမ်းမကမ်း စနေထောင့်ရင်ပြင်တော် တောင်စွန်းတွင် ခေါင်းလောင်းရုံတန်ဆောင်းနှင့် တကွ စိုက်ထူလှူဒါန်းထားသော ကြေးခေါင်းလောင်း နှစ်လုံးကို မြင်တွေ့လိုက်ရသည်။ တောင့်တင်းကြံ့ခိုင်သည့် ဟင်္သပဒါးရောင် လေးထောင့်ခေါင်းလောင်း တိုင်ကြီးများပေါ်တွင် ရွှေရောင်ဖောင်းကြွ ကနုတ်ပန်းများဖြင့် ခြယ်မှုန်းထားပြီး တိုင်ထိပ်တွင်လည်း ရွှေရောင်ကြာဖူးကြီး တစ်ဖူးစီ တင်ကာ တန်ဆာဆင်ထားသဖြင့် ထင်ရှားပေါ်လွင်လျက်ရှိသည်။

ဂေါပကရုံးနှင့် ပို၍ နီးသည့် ခေါင်းလောင်းကို ဦးနန္ဒမာလာဘွဲ့တော်ရှိ လိန်ကုန်းရွာ ဘုန်းတော်ကြီး ဦးကျူက သက္ကရာဇ် ၁၂၅၄ ခုနှစ်တွင် ကြေးချိန် တစ်ထောင်၊ ခွက် ငါးဆယ့်ငါးပိသာ လေးဆယ်ကျပ်သား ရှိသော မဟာယဇ္ဈာခေါင်းလောင်းကြီးကိုသွန်းလောင်း လှူဒါန်းခဲ့ပြီး ဝေယျာဝစ္စကုသိုလ်အရာ၌ ကိုဒုန်းကြီး၊ ကိုမွန်း၊ ကိုအောင်ကျော်၊ မညို၊ မသစ်၊ မသောင်းမေတို့ ပါဝင်ကြောင်း သိရသည်။ ခေါင်းလောင်းတန်ဆောင်းမှာမူ အများပြည်သူလှူဒါန်းမှုဖြစ်သည်ဟု ဆိုသည်။



မဟာယဇ္ဈာခေါင်းလောင်းတော်

စေတီတော်သမိုင်း ကမ္ဘည်းကျောက်စာအနီးရှိ ခေါင်းလောင်းမှာမူ ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ဘုရားဒါယကာကြီး ဦးကုလား+ဒေါ်မင်းရာတို့ လှူဒါန်းသည့် ခေါင်းလောင်းဖြစ်ပြီး ကြေးချိန်ပိသာ ၂၆၀ ရှိသည်။

ဘုရားဒါယကာကြီး ဦးကုလားနှင့် ဒေါ်မင်းရာတို့သည် သက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် သာဓုဆံတော်ရှင် စေတီတော်ကြီးအား အသစ်တစ်ဖန် မွမ်းမံပြုပြင် လှူဒါန်းခဲ့ကြပြီးနောက် သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် ရွှေထီးတော်အထွတ် တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ထိုခေါင်းလောင်းတော်ကို သွန်းလုပ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထိုခေါင်းလောင်းတန်ဆောင်းကိုမူ ဘုရားဒါယကာကြီး ဦးဘရီ + ဒေါ်သန်းမေတို့၏မြေး ဦးဝိစာရလမ်းနေ ဦးမောင်မောင်သန်း၊ ဒေါ်စုစုသန်း၊ မြစ်မောင်အောင်ဇော်မြင့်၊ မခင်တိုးရင်၊ မောင်မျိုးကျော်၊ မသီတာအေး မိသားစုတို့က လှူဒါန်းထားကြောင်း သိရသည်။

ထိုနေရာသို့ ရောက်သည်တွင် စေတီတော်အား စာရေးသူတို့ ပူဇော်သည်မှာ လက်ယာရစ်တစ်ပတ်ပြည့်ပြီဖြစ်၍ ငါးရောင်းသော ကလေးများပြောသည့် တောင်ညီနောင်သို့ သွားရောက်ကြည့်ရှုလေ့လာရန် ဦးတည်ထွက်ခွာခဲ့ကြသည်။

သာဓုဆံတော်ရှင် စေတီတော်၏ မြောက်ဘက်တွင်ရှိသော ထိုတောင်ညီနောင်မှာ နှေးယခင်က ဘီလူးညီနောင် တောင်ညီနောင်ဟု တွင်ခဲ့ပြီး စေတီတော်သမိုင်းအရ ဘီလူးညီနောင်တို့ နေထိုင် ကျက်စားခဲ့ကြသည်ဟု အယူရှိကြသည်။

ထိုနေရာသို့ သွားရောက်ရန် မြောက်ဘက်စောင်းတန်းမှ စာရေးသူတို့အဖွဲ့ ဆင်းခဲ့ကြကာ ကန်ပတ်လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သာဓုကန်မြင်ကွင်း

စိမ်းစိုသာမောသည့် တောအုပ်တောတန်း

စေတီတော်သမိုင်းကမ္ဘည်းကျောက်စာနှင့် ဦးကုလား+ဒေါ်မင်းရာလှုဒါန်းသည့် ခေါင်းလောင်း

မိုးမရွာသဖြင့် ရာသီဥတုသာယာသည်ဟု ဆိုနိုင်သော်လည်း မွန်းမတည့်မီ နေပူရှိန်သည်ပင် ပြင်းထန်လျက်ရှိပေပြီ။ ကန်ရေပြင် ရေရိပ်ရေငွေ့နှင့် သစ်ရိပ်ဝါးရိပ်တို့သည်ပင် ပူပြင်းသည့် နေပူရှိန်ကို ဖြေလျှော့ပေးနိုင်စွမ်း ရှိဟန်မတူတော့ပေ။

လျှောက်လှမ်းခဲ့ကြသည့် လမ်းဘေးဝဲယာ အချို့နေရာများတွင် ဗေဒင်ဟောခန်းလေးများနှင့် စားသောက်ဆိုင်လေးများ ကြိုးကြိုးကြားကြား နေရာယူထားကြသည်ကို တွေ့ရသည်။

လက်ယာဘက်ခြမ်းတွင် မြင်တွေ့ရသည့် ပြာလဲ့လဲ့ကောင်းကင် ဖြူလွလွ တိမ်စိုင်တိမ်လိပ်များနှင့် သာဓုကန် ခေါ် လှေ့ကားကန်ရေပြင်ကျယ်ကြီးတို့ အချိုးအစား ကျနပြေပြစ်စွာ တည်ရှိနေပုံက ဆွတ်ပျံ့ကြည်နူးဖွယ် သဘာဝပန်းချီကားချပ်ကြီး တစ်ချပ်သဖွယ်ပင်။

လက်ဝဲဘက်ခြမ်းတွင်မူ စိမ်းစိုသာမောသည့် တောအုပ်တောတန်းတို့က နေရာယူထားသည်။ အတန်ကြာလျှောက်လှမ်းခဲ့ကြပြီးနောက် ရှေ့တူရွတွင် သစ်ရိပ်ဝါးရိပ် ကောင်းလှသော တောင်ညီနောင်ကို လှမ်း၍မြင်နေရပေပြီ။ စိမ်းညို့ညို့တောအုပ်တို့ လွှမ်းခြုံထားသည့် တောင်ညီနောင်မှာ ဝဲယာတစ်ဖက်တစ်ချက်တွင် ဟန်ချက်ညီစွာ တည်ရှိနေသည်။

(ဆက်ရန်)

မင်းဂုဏ်

စာကိုး

ကဂုသန္ဓမြတ်ဗုဒ္ဓ၏ ဇီဝမာနက သကေသဓာတုဝင် သာဓုဆံတော်ရှင်၊ ဟံသာဝတီ ဦးအုန်းကြိုင်။

❑

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်

ရွှေစက်တော်သွား တောအားသစ်

ဆောင်းကောင်းမြတ်

စာရေးသူသည် ဝန်ထမ်းဘဝတွင် နှစ် (၃၀) နီးပါး ဝန်ထမ်းဆောင်ခဲ့ပြီးမှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ ထို့ကြောင့် တာဝန်၊ ဝတ္တရား၊ အမိန့် စသည့် စကားလုံးများဖြင့် အတွေ့အကြုံတဝင်ရှိခဲ့သည်။ သို့သော် ရောဘူးပေါက်တာ မလိုချင်၊ ဆူတာပဲ လိုချင်သည် ဆိုသည့် အမိန့်ဆိုသော စကားလုံးဖြင့် အမိန့်ပေးခံရသူအတွက် မွန်းကျပ်သွားစေသော အခြေအနေမျိုးကို လက်ခံခဲ့သူတော့ မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ လူအများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည့် အားလျော်စွာ စည်းကမ်း၊ အမိန့် အာဏာ ဝန် ဝတ္တရားစသည့် စကားလုံးများနှင့် ဖွဲ့စည်းထားသော အဖွဲ့မှ တင်းလွတ်ရာ စာပေနယ်သို့ ရောက်ခဲ့ရသည့်အတွက် ဝမ်းသာကို ကျေနပ်နေမိသည်။

သို့သော် နေလာခဲ့ရသော ကာလများကြောင့် ဘဝ အသည် ခေါက်ရိုးကျိုးနေသည့် စာရွက်တစ်ရွက်နှယ် ရှိနေသေး ကြောင်းလည်း သတိပြုမိသည်။

လပြည့်ဝန်းမဂ္ဂဇင်းမှ အယ်ဒီတာချုပ်ဖြစ်သူ ဆရာ ဆင်ဂျက်ပွင့်(စက်မှု) မှ လပြည့်ဝန်းမဂ္ဂဇင်းတွင် ခရီးသွား အယ်ဒီတာအဖြစ် တာဝန်ယူ ဆောင်ရွက်ပေးဖို့ ပြောကြား လာစဉ်က စာရေးသူ အလွယ်တကူပင် ခေါင်းညိတ်ခဲ့မိသည်။ ဒါကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိ၍ လက်ခံခဲ့ခြင်း ဖြစ်သည်။

ကိုးနဝင်း ဘာသာရေးမဂ္ဂဇင်း စတင်ထူထောင်စဉ်က အဖွဲ့ဝင်အယ်ဒီတာအဖြစ် တောင်ဥက္ကလာ ကိုးနဝင်း ရုပ်ပွား တော်ကြီးအတွင်း နေ့မအိပ် ညမအိပ် လုပ်ခဲ့ဖူးသည်။ နောက် ၃၉ လမ်းအထက် မြင်းခြံစာပေတိုက်မှ ထုတ်ဝေသော အနန္တ ဂုဏ်ရည် ဘာသာရေးမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း စာပေလောကမှ ဆရာများ၊ ရေးဖော် ရေးဖက်များ၏ အကူအညီဖြင့် စာကောင်းပေကောင်းများ (စာမူများ)ရရှိအောင် တောင်းယူနိုင်ခဲ့သဖြင့် ကာလအတော် ကြာသည်အထိ အယ်ဒီတာဖြစ်ခဲ့သည်။

နောက် ဆရာမောင်ချစ်ညို (ပဲခူး)၊ စံရိပ်ငြိမ်ဆရာ တော် အရှင်ဇဝန (ပဲခူး) စီစဉ်သော စံရိပ်ငြိမ်ရသစုံမဂ္ဂဇင်း တွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူရစဉ်က မဂ္ဂဇင်း တစ်အုပ်လုံးကို တာဝန်ယူ၍ လုပ်နိုင်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

အထက်စက်တော်ဂုဏ်တော်

အထက်စက်တော်ဂု

ရသေ့ကြီးဦးဒန္တိဂုဗ်တုတော်

ဟုဆိုးတောင်မှဆုတောင်းပြည့်ဝတီ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်

ရွှေစက်တော်သွား တောအားသစ်

ဆောင်းကောင်းမြတ်

စာရေးသူသည် ဝန်ထမ်းဘဝတွင် နှစ် (၃၀) နီးပါး ဝန်ထမ်းဆောင်ခဲ့ပြီးမှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ ထို့ကြောင့် တာဝန်၊ ဝတ္တရား၊ အမိန့် စသည့် စကားလုံးများဖြင့် အတွေ့အကြုံတဝင်ရှိခဲ့သည်။ သို့သော် ရောဘူးပေါက်တာ မလိုချင်၊ ဆားတာပဲ လိုချင်သည် ဆိုသည့် အမိန့်ဆိုသော စကားလုံးဖြင့် အမိန့်ပေးခံရသူအတွက် မွန်းကျပ်သွားစေသော အခြေအနေမျိုးကို လက်ခံခဲ့သူတော့ မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ လူအများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည့် အားလျော်စွာ စည်းကမ်း၊ အမိန့် အာဏာ တာဝန် ဝတ္တရားစသည့် စကားလုံးများနှင့် ဖွဲ့စည်းထားသော အဆောက် ကင်းလွတ်ရာ စာပေနယ်သို့ ရောက်ခဲ့ရသည့်အတွက် ဝမ်းသာကို ကျေနပ်နေမိသည်။

သို့သော် နေလာခဲ့ရသော ကာလများကြောင့် ဘဝ သည် ခေါက်ရိုးကျိုးနေသည့် စာရွက်တစ်ရွက်နှယ် ရှိနေသေး ကြောင်းလည်း သတိပြုမိသည်။

လပြည့်ဝန်းမဂ္ဂဇင်းမှ အယ်ဒီတာချုပ်ဖြစ်သူ ဆရာ ဆင်ဂျက်ပွင့်(စက်မှု) မှ လပြည့်ဝန်းမဂ္ဂဇင်းတွင် ခရီးသွား အယ်ဒီတာအဖြစ် တာဝန်ယူ ဆောင်ရွက်ပေးဖို့ ပြောကြား လာစဉ်က စာရေးသူ အလွယ်တကူပင် ခေါင်းညိတ်ခဲ့မိသည်။ ဒါကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိ၍ လက်ခံခဲ့ခြင်း ဖြစ်သည်။

ကိုးနဝင်း ဘာသာရေးမဂ္ဂဇင်း စတင်ထူထောင်စဉ်က အဖွဲ့ဝင်အယ်ဒီတာအဖြစ် တောင်ဥက္ကလာ ကိုးနဝင်း ရုပ်ပွား တော်ကြီးအတွင်း နေ့မအိပ် ညမအိပ် လုပ်ခဲ့ဖူးသည်။ နောက် ၃၉ လမ်းအထက် မြင်းခြံစာပေတိုက်မှ ထုတ်ဝေသော အနန္တ ဂုဏ်ရည် ဘာသာရေးမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့စဉ်ကလည်း စာပေလောကမှ ဆရာများ၊ ရေးဖော် ရေးဖက်များ၏ အကူအညီဖြင့် စာကောင်းပေကောင်းများ (စာမူများ)ရရှိအောင် တောင်းယူနိုင်ခဲ့သဖြင့် ကာလအတော် ကြာသည်အထိ အယ်ဒီတာဖြစ်ခဲ့သည်။

နောက် ဆရာမောင်ချစ်ညို (ပဲခူး)၊ စံရိပ်ငြိမ်ဆရာ တော် အရှင်ဇဝန (ပဲခူး) စီစဉ်သော စံရိပ်ငြိမ်ရသစုံမဂ္ဂဇင်း တွင် တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူရစဉ်က မဂ္ဂဇင်း တစ်အုပ်လုံးကို တာဝန်ယူ၍ လုပ်နိုင်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အထက်စက်တော်ဂုဏ်တော်

အထက်စက်တော်ဂု

ရသေ့ကြီးဦးဘွဲ့ရှင်တုတော်



ပုဇွန်းတောင်ဓာတုဘုရားပြည့်ဝတော်

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်ကာလက အဖွဲ့ဝင်အယ်ဒီတာများ ဖြစ်ခဲ့သော [illegible]ဖြင့်စည်အောင် (ခရာတော)၊ ဆရာသတိုးနွယ်၊ ဆရာ [illegible]ကြီးသားတင်ဝင်းဦးတို့သည် တစ်ပတ်လျှင် တစ်ရက် [illegible]ထက်ပို၍ မလာနိုင်ကြပေ။ ထို့ကြောင့် တစ်ကိုယ်တည်း [illegible]ဆိုတ်၍ ရုန်းရန် ဆောင်ရွက်ခဲ့ရသည်။ ထိုအတွေ့အကြုံ [illegible]သည် စာရေးသူအတွက် လုံလောက်သော အားမာန်များ [illegible]ခဲ့ရသည်။

သို့သော် 'ခရီးသွားအယ်ဒီတာ' ဆိုသော စကားလုံး [illegible]သည် စာရေးသူအတွက် အဘယ်မျှ အကျိုးသက်ရောက်မှု [illegible]နည်း။ လွယ်ကူစွာပင် ခရီးသွားရင်း တွေ့ကြုံခဲ့ရသော [illegible]တွေ့အကြုံများ ရေးဖွဲ့ပေးရုံမျှဖြင့် တာဝန်ကျေပြီလားဟု [illegible]သည်း အမြဲတွေးတောနေမိသည်။ လပြည့်ဝုန်းမဂ္ဂဇင်းတွင် [illegible]ဒီ တာဝန်တစ်ခု ယူထားမိပြီ။ ထိုအခါ လပြည့်ဝန်းမဂ္ဂဇင်း [illegible]ကြီး၏ ရပ်တည်မှု၊ ရှေ့ဆက်ရမည့်ခရီးအခန်းကဏ္ဍ မဂ္ဂဇင်း [illegible]နှင့်တက်သမျှတို့သည် စာရေးသူတွင်အထိုက်အလျောက် [illegible]တာဝန်ရှိသည်ဟု ခံစားမိသည်။

ထို့ကြောင့် မဂ္ဂဇင်းနှင့်ပတ်သက်၍ ရောက်ရာအရပ် [illegible]မြို့နယ်တို့တွင် မဂ္ဂဇင်းအပေါ် စာဖတ်ပရိသတ် ဘယ် [illegible]ဘယ်မျှ စိတ်ဝင်စားမှု ရှိ၊ မရှိ၊ မည်သည့်အခန်းကဏ္ဍကို [illegible]ကြိုက်၊ မကြိုက်တို့ကို နည်းပရိယာယ် များစွာဖြင့် [illegible]လာစုံစမ်းရသည်။ ထိုသို့ လေ့လာမှုတို့ကို အလျဉ်းသင့်

အထက်စက်တော်ရာ ရွာဝင်း

အောက်စက်တော်ရာ

သည့် အခါတိုင်း အယ်ဒီတာချုပ်သို့လည်းကောင်း၊ တာဝန်ခံ အယ်ဒီတာသို့လည်းကောင်း အကျိုးအကြောင်း တင်ပြခဲ့ရ သည်။

တာဝန်ယူမှု စကားလုံးသည် တိုတောင်းသော်လည်း ထိုတာဝန်ယူရမှုသည် စေတနာထားလျှင် ထားသလောက် ကျယ်ပြန့်သည်။ တာဝန်သိသူသည် တာဝန်ပိသည်။ ဝန်ထမ်း ဘဝက လာခဲ့သူဖြစ်သောကြောင့် ပို၍ပင် ဝန်ထုပ်ဝန်ပိုး ကြီးသဖွယ် ကြီးမားလေးလံနေကြောင်း သိရှိနေခဲ့သည်။

ယခု ၃၁-၁-၂၀၁၅ ရက်နေ့တွင် မလွန်သို့ ခရီးထွက် ဖြစ်သည်။ လပြည့်ဝန်းမဂ္ဂဇင်းမှ စာရေးဆရာ မင်းဂုဏ်၏ 'ဂျာသိုလ်လည်းရ သုတစုံလင် ရွှေစက်တော်ခရီးစဉ်' စာအုပ် (၁၀၀)ကို မကွေးမြို့ ရွှေပြည်စိုး စာပေတိုက်တွင် ပို့ထားသည်။ တာဝန်ယူ ဆောင်ရွက်ပေးသူက ဆရာစွာန်(စွမ်းအင်)။ ထို့ကြောင့် သူနှင့် ဖုန်းလှမ်းခေါ်ပြီး မကွေးမှ စာအုပ်လက် ကျန် တချို့နှင့် မဂ္ဂဇင်းတို့ကိုမှ စာအုပ်တချို့ကို ထပ်ယူပြီး ရွှေစက်တော်ရာသိအမီ စာအုပ်ဆိုင်များ သွားတင်၍ မြေစမ်း ခရမ်းပျိုးခြင်းအတွက် ရန်ကုန်မှ မလွန်သို့ ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။

၃၁-၁-၂၀၁၅ ရက်နေ့ ရန်ကုန် အောင်မင်္ဂလာ အဝေး ပြေးဂိတ်မှ အောင်ဇမ္ဗူကားဖြင့် ညနေ ၄ နာရီခွဲ စထွက် သည်။ ဒီခရီးက စာရေးသူအတွက် အထူးအဆန်း မဟုတ် ဘူး။ မလွန်နှင့် ရန်ကုန်သည် စာရေးသူအတွက် ရေအိုးနှင့် ရေမူတ်သဖွယ်ဟာ ဖြစ်သည်။ မိုင် ၃၄၀ ဆိုပေမယ့် နောက် တစ်နေ့မနက် အချက်တက်ချိန်တွင် မလွန်သို့ ရောက်သွား သည်။ ညခရီးဖြစ်၍ ဝန်းကျင်ကိုတော့ လေ့လာခွင့်မရ။

ထူးထူးခြားခြား ဖြစ်သည်က စာရေးသူတို့ကား ဖြတ် ကျော်သွားတိုင်း အမြဲအိပ်မောကျနေသော နတ်မောက်မြို့ လေးက ဒီတစ်ခေါက်မှာ ရောင်စုံမီးတွေထွန်းညှိပြီး ခရီးသွား ကားတွေကို ကြိုဆိုနေသလို နေ့မအိပ် ညမအိပ်နဲ့ အလုပ်တွေ ရှုပ်နေပုံရသည်။

ညောင်- ပိုလ်ချုပ်ရာပြည့်ပွဲတော်အတွက် တစ်နိုင်ငံလုံး လှုပ်ရှားနေကြသလို နတ်မောက်သားတွေလည်း ပိုလို့ လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



မင်းဘူးမြို့ လမ်းဆုံ

နေကြရတာပါလား ဟူသော အတွေးက ဖျတ်ခနဲဝင်လာသည်။ အညာရဲ့ ဆောင်းက ရင်ထဲရောက်အောင် အေးလာသည်။ ခါတိုင်း နတ်မောက်မြို့မှာ ဝင်၍ လက်ဖက်ရည်သောက်နေက၊ ကားက ဒီတစ်ခေါက်မှာ ရပ်မပေးလို့ အတွေးနဲ့ ငေးမောရင်း ဖြတ်သန်းလာခဲ့ရသည်။

လေအန်ကုန်းအဖွဲ့မှ ထုတ်ဝေသည့် ဝိုလ်ချုပ် နှစ်(၁၀၀)ပြည့်မော်ကွန်းစာအုပ်တွင် ဆောင်းပါးတစ်ပုဒ်ကို ပါဝင်ရေးသားနိုင်ခဲ့သလို နတ်မောက်မြို့၏ ဝိုလ်ချုပ် နှစ်(၁၀၀)ပြည့် ထုတ်ဝေသော စာအုပ်တွင်လည်း ဆောင်းပါးတစ်ပုဒ် ပါဝင်ရေးသားခွင့်ရခဲ့သည်ကို ကျေနပ်နေမိသည်။

နတ်မောက်မြို့လေးကို ကျော်ပြီး မကွေးမြို့ဆီဝင်ရောဝတီမြစ်ကူးတဲ့တားပေါ်ကို ဖြတ်သန်းခဲ့ပြီး မင်းလှမြို့ကို ရောက်ကြောင်း သိခဲ့ရသည်။ နောက် ကားပေါ်တွင် လူက သိပ်မကျန်တော့။ အနည်းအကျဉ်းသာရှိသော ခရီးသည်များကို မလွန်ဈေးအထိ လိုက်ပို့သည်။

မင်းလှကားဂိတ်မှ ကြို၍ ဖုန်းဆက်ထားသဖြင့် သမီးနှင့်မြေးဖြစ်သူတို့က ဆိုင်ကယ်ဖြင့် လာကြိုနေကြသည်။ သမီးအချစ် မြေးအနှစ်ဟူသော စကားကို ပြေး၍သတိရသွားသည်။ သမီးတို့အိမ်ရောက်တော့ မိုးက စင့်စင်မလင်းသေး။ ဒီတော့ မြေးဖြစ်သူ စာကျက်နေသည့်နားတွင် တစ်ရေးမှေးလိုက်သည်။ ဖုန်းသံကြားမှ အိပ်ရာက နိုးသွားသည်။ သမီးလည်း အလုပ်သွားပြီ၊ သမက်လည်း အလုပ်သွားပြီ၊ ဘေးနားမှာ စာကျက်နေသော မြေးလည်း ကျောင်းတက်သွားပြီ။ ဖအေစားဖို့ ပြင်ဆင်ထားခဲ့သော စားပွဲတွင် စားစရာအပြည့်။

ဖုန်းဆက်သူက ဆရာစွာန်(စွမ်းအင်)။ သူက -

'ဆရာကောင်း အိပ်ရာက နိုးရင် မကွေးသွားနိုင်မလား။ တစ်ရက် နားဦးမလား' ဟု မေးသည်။ စာရေးသူက 'မနားဘူး၊ မကွေး ခရီးဆက်မယ်' ဟု ပြန်ပြောလိုက်သည်။

စာရေးသူက 'ဘာနဲ့သွားမှာလဲ၊ ဆိုင်ကယ်နဲ့လား၊ ဒါဆိုရင် အိမ်မှာ ထမင်းစားကြမယ်၊ ပြီးမှ နားနားနေနေ သွားကြတာပေါ့' ပဲပြောရာ ဆရာစွာန်က 'ဟုတ်ကဲ့၊ မကြာခင် ရောက်လာမယ်'ဟုပြောပြီး မျက်နှာသစ် ရေချိုးကာ လက်ဖက်ရည်တစ်ခွက် သောက်ရင်း စောင့်နေခဲ့သည်။

၁၀ နာရီ ထိုးသည်အထိ ရောက်မလာသေး။ ထို့ကြောင့် ရန်ကုန်မှ ဝယ်ယူသွားခဲ့သော ဂျာနယ်နှစ်စောင်နှင့် သတင်းစာနှစ်စောင်ကို ထုတ်ဖတ်နေမိသည်။ လက်ပန်းတောင်း ကိစ္စ၊ မိကျောင်းကန် သပိတ်အဖွဲ့၊ ရွှေပြည်သာစက်ရုံမှ သပိတ်သတင်း၊ လောက်ကိုင်က တိုက်ပွဲသတင်း၊ ငြိမ်းချမ်းရေး ယူကြမယ်ဆိုကာမှ ပစ်ကြ ခတ်ကြ သေကြပြေးကြ လွှားကြ စစ်ဘေးရှောင်ရတဲ့ ဒုက္ခသည်တွေ ဘဝ၊ ဟော ကျောင်းသားအဖွဲ့ကလည်း ရေနံချောင်းကျောင်းပြီး မကွေး ကံပြားရွာမှာ ညအိပ်နေပြီ၊ မနက်ဖြန် မကွေးမြို့တိုဖြတ်မည်။ အိုး သတင်းတို့သည် ကြည်နူးဝမ်းသာစရာ မရှိ။

ဖတ်မိသမျှ စိတ်အာရုံမှာ အားလုံးဟာ အနိဋ္ဌာရုံချည်းပါကလားဟု အတွေးပွားနေစဉ် အိမ်ရှေ့တွင် ကားတစ်စီးထိုးရပ်လာသည်။ ဟွန်းသံ ကြားရသည်။

ရုတ်တရက်မထမီ ဆရာစွာန်ပြောသည်က ဆိုင်ကယ်နှင့်လာမည်ဟု ပြောထားသည်။ ယခု ဟွန်းတီးသည့်ကားက စာရေးသူနှင့် မပတ်သက်ဟု သဘောထားမိသည်။ ဒါကလည်း အကြောင်းရှိသည်။ သမက်ဖြစ်သူက စက်ရုံနဲ့မော်တော်ယာဉ်ဌာနမှ တာဝန်ခံ၊ ထို့ကြောင့် စက်ရုံမှကားများ အိမ်သို့လာ၍ သမက်ဖြစ်သူထံ သတင်းပို့ကြခြင်းဟု နားလည်ကာ

လွှမ်းတော်ရာသီ ခရီးပန်းကျွတ်မျှ လမ်းပေါင်းအလု

www.burmeseclassic.com

www.burmeseclassic.com

နေလိုက်ခြင်း ဖြစ်သည်။ ထိုစဉ် ကားတံခါးဖွင့်ကာ ဆင်းလာသူက ဆရာစာနှင်(စွမ်းအင်) ဖြစ်သည်။

'ဆရာကောင်း မကွေးသွားမယ်လေ'၊ 'ဟာ ဆရာစာနှင်ပြောတုန်းက ဆိုင်ကယ်နဲ့ဆို၊ ဘယ်လိုဖြစ်ပြီး ကားဖြစ်သွားတာလဲ' ဟုမေးရာ 'ဆရာ့တောင်းရဲ့ ဘုန်းကံပဲ ပြောရမလား မသိပါဘူး၊ ဆရာတော်က မကွေးသွားရင် သူကားယူသွားပြီး သူကွန်ပျူတာလေး အပ်ထားတာ ရွေးခဲ့ပါ ပြောတာနဲ့ ကွန်တော်လည်း မောင်သိမ်မွေ့ (အထက်မင်းလှ - စာပေအတွင်းရေးမှူး) ကို ဝင်ခေါ်လာခဲ့တာ၊ 'ဒီမှာ မစားတော့ဘူး မကွေးရောက်မှ စားကြတာပေါ့' ဟု ပြောသဖြင့် စာရေးသူလည်း အသင့်ပြင်ထားသော လွယ်အိတ်ကို ကောက်လွယ်ကာ သမီးနှင့်မြေးကို 'အဖေ မကွေး သွားတယ်' ဟု စာရေးထားခဲ့ပြီး လာခေါ်သည့်ကားပေါ် တက်လိုက်ခဲ့သည်။

ဆရာတော်ကား ဆိုတော့လည်း အဲဃားကွန်းဖွင့်ဘေးရေတာ အဆင်ပြေသား၊ မလွန်ကထွက် မင်းလှမြို့ကို ဆင်ဘဲ ဖြတ်လမ်းကထွက်လျှက် မန်း(သံပရာကန်) ရေနံချက်စက်ခွဲတိုဖြတ်ပြီး ညောင်ပင်သာရွာ အဆင်းကို မောင်းနှင်ဆာရာ ကုန်းအဆင်းတ ယခင်လို မတ်စောက်မနေဘဲ အတော်အတန် နိမ့်ဆင်းပြီး လမ်းဘေးဝဲယာက အရင်ထက်ကျယ်ပြန့်နေသည်။ ချောင်းကောက်ရွာ ဝဲယာတစ်လျှောက် အောင်ကုန်းတွေ၊ ထုံးဖြူဖြူဖြူစေ့ကိတချို့၊ ရွှေရောင်တဝင်းနှင့် စေတီတချို့ကို နောက်ခံ ထန်းပင်တွေကြားမှာ တွေ့မြင်ရသည်က လှပသည့် ပန်းချီကား တစ်ချပ်နှယ် တွေးထင်မိသည်။



ဌာနက်တော် အပူတ်တရ စာရေးသူ

တချို့နေရာတွင် လမ်းများကို ပြုပြင်ဆဲ၊ တစ်ခါတစ်ရံ မောင်သိမ်မွေ့ မေးသမျှ ဖြေလိုက်၊ ဆရာစာနှင်မေးသမျှ ဖြေလိုက်နှင့် ကားတစ်စီးထဲတွင် လူသုံးဦးတည်း အလုပ်ရှုပ်နေသည်။ ကိုသောင်းလှိုင်(မောင်သိမ်မွေ့)က မကွေးလှမြင့်ထံ ဖုန်းဆက်သည်။ ရန်ကုန်မှ ကိုကောင်းမြတ် ပါလာသည်၊ မကွေးလာနေပြီတဲ့ ပြောသောအခါ မကွေးလှမြင့်က 'ဘာလဲ ကျောင်းသားတွေ လာကြိုတာလား' ဟု စသည်။

ဒီလိုနဲ့ ဧရာဝတီ မြစ်ကူးတံတားကို ဖြတ်ကျော်ပြီး မကွေးမြို့ထဲ ရောက်သွားသည်။ မကွေးမှာ နံနက်စာ စားကြပြီး ရွှေပြည်စိုးစာပေတိုက်သို့သွားကာ ဆရာမင်းဝင်း၏ စာအုပ်စာရင်း၊ လက်ကျန်တို့ကို စစ်ဆေးယူပြီး ရောင်းရငွေနှင့် ဘောက်ချာတို့ကိုပေး၊ လက်ကျန်စာအုပ်များ ကားပေါ် ပြန်တင်၊ မောင်သိမ်မွေ့နှင့် မကွေးမှ တစ်ပတ်တစ်ခါ ထုတ်ဝေသည့် ကျာနယ်တိုက်သို့ ဝင်သည်။

ကိစ္စပြီးသောအခါ မောင်သိမ်မွေ့က လက်ဖက်ရည်ဆိုင်ကို မောင်းခိုင်းပြီး အပူရှိန်ကို ခိုနားရင်း လက်ဖက်ရည်သောက်ကြသည်။ ထိုဆိုင်က ပဲပလာတာ ကောင်းသည်ဆို၍ စားကြသည်။ အပူရှိန်လေးလျော့မှ မကွေးက ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်သောအခါ စကုမြို့မှ ဆရာသန်းထွန်း (စကု) ဆီမှ ဖုန်းဝင်လာသည်။ မနက်ဖြန် မကွေးမြို့မှ တောင်တွင်းဘက်အထွက် ကမ္ဘာအေး ကပ်ကျော်စေတီကျောင်းသို့ လာခဲ့ရန် မှာသည်။ ဒီတော့လည်း အားနာနာနဲ့ပင် ဆရာစာနှင်ကို အကူအညီ ထပ်တောင်းရသည်။ သူကလည်း မနက် ၈ နာရီ အရောက်လာမည်၊ မကွေးရောက်မှ နံနက်စာ စားမည်ဟု အစီအစဉ် ဆွဲခဲ့ကြသည်။ ခရီးက နည်းနည်းပန်းသည်လား မသိ၊ ဒီညတော့ စောစောအိပ်ပစ်လိုက်သည်။

နောက်တစ်နေ့မနက် မလွန်မှ မကွေးခရီးစဉ်ကို ဆိုင်ကယ်ဖြင့် စတင်ထွက်ခဲ့သည်။ ဆိုင်ကယ်နောက်မှထိုင်လိုက်ရသဖြင့် ပတ်ဝန်းကျင်အလှအပကို ခံစား၍ သိပ်မရ။

မုဆိုးသူဃောက်တောင်မှ မုဆိုးကြီးရုပ်တု

www.burmeseclassic.com

[illegible] ကျွန်တော်တို့ ရွာကို ရောက်ခဲ့ကြသည်။ ရွာမှာ လေတာ [illegible] ရေစုတိုင်းရင်းသား [illegible] ဒီလို နှင့် စကားပြော [illegible] ကို [illegible] အစီအစဉ်တွေ့ခဲ့၊ ညတ်လ ၂၃ ရက်နေ့ [illegible] ရောက်သည်။ ဆရာတော်ကြီးက ဆံချခံရင်း စာရေးသူကို ဆုံးမသည်ကို နာယူရလေသည်။ ဆံတော်ချ ရေချိုးပြီး သည်နှင့် ဆရာတော်ကြီး သီတင်းသုံးသည့် ဓမ္မရေလိုဏ်ဂူ အတွင်း ပြန်လည်ကြွရောက်ပြီးမှ စာရေးသူတို့လည်း ကား လေးဖြင့် မလွန်သို့ ပြန်လည် ထွက်ခွာခဲ့ကြသည်။

၆-၁-၂၀၁၅ ရက်နေ့ မနက်ပိုင်း ၈ နာရီတွင် စာရေးသူနှင့် ဆရာစာနှိပ်တို့နှစ်ဦး ဆိုင်ကယ်တစ်စီး၊ စာအုပ်ထုပ် နှစ်ထုပ်နှင့် ရွှေစက်တော်ခရီးကို စတင် ထွက်ခွာခဲ့သည်။ ဆိုင်ကယ်နောက်က စီးရင်း တွေးမိသည်။ ၃၁-၁၂-၂၀၁၄ ရက်နေ့က စာရေးသူ ကျိုက္ခမိ၊ စက်ဘဲ၊ သံဖြူဇရပ်မှာရှိသည်။ ယခု ၆-၁-၂၀၁၅ ရက်မှာ မလွန်မှတစ်ဆင့် ရွှေစက်တော်သို့ ခရီးဆက်နေသည်။ ဩော်- သွားပါများ ခရီးရောက် ဆိုသော မောင်ပေါက်ကျိုင်းရဲ့စကားအတိုင်း ငါလည်း မောင်ပေါက်ကျိုင်းလက်သစ်များ ဖြစ်နေလေရော့သလားဟု တွေး ရင်း မြုံးနေမိသည်။

ဆောင်းကာလည်း ဆောင်းမာန်ကို မချသေး။ အေးစက် နဲ့ အစွမ်းပြ၊ နေ့လယ်ပိုင်းရောက်တော့ နွေကာလည်း မကြာခင်ကာလမှာ ဆောင်းထဲက အာဏာကို လွှဲပြောင်း ယူပြီး ပူခြောက်တိုင်းပူပြင်မဟဲ့လို့များ သဘောထားနေကြရော သလားမသိ၊ သဘာဝတရားကို ဘာကမှ အာဃာတမထားဘဲ ခွန်အားနဲ့ မာန်ကိုတင်းပြီး ဆိုင်ကယ်နောက် စာအုပ်ထုပ် နှစ်ထုပ်ကို ဘယ်ညာကိုင်ရင်း လိုက်နေမိသည်။ ရှေ့မှ မောင်း နှင်နေသော ဆရာစာနှိပ်က 'ဆရာကောင်း ရရဲ့လား၊ အဆင် ပြေရဲ့လား' ဟု မေးတိုင်း 'ရတယ် ကိုစာနှိပ်ရေ ရှေ့သာ ဂရုစိုက်မောင်း' ဟု ပြန်လည်သတင်းပို့နေရသည်။ မင်းဘူး ရောက်သည်အထိ ခရီးက အဆင်ပြေသည်။

မင်းဘူးအထွက် ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားဖို့ ရည်မှန်းထားပေမယ့် မင်းဘူးအထွက်တွင် ဆိုင်ကယ်က ရှေ့ဘီးတာယာကွဲသည့်အတွက် နီးရာ ဆိုင်ကယ်ပြင်ဆိုင်တွင် ကျွတ်အသစ်လဲလိုက်ရသည်။ နှစ်ယောက်သားခေတ္တ နားရင်း စကားတွေပြောကာ အချိန်တွေကို ဖြတ်လွှားခဲ့ရသည်။

www.burmeseclassic.com

ပင်ကွေး ရေတပ်စစ်တံတားကြီးကို ဖြတ်ကျော်ဝင်

ပြီး ရွှေစက်တော် တောင်တက်ခရီးကို စလိုက်ကြသည်။

အို- အရင်လို လုံးဝမဟုတ်တော့ပါကလား။ အတက်ခရီးမှာ ယခင်လို မမောကွက်တော့သလို အဆင်းကလည်း အရင်လို မစောက်တော့။ ချွေထားလိုက် သည့် ကားလမ်းတွေကလဲလည်း တစ်ဖက်ကို နှစ်လမ်းသွား။ ဘာအန္တရာယ်မှ မဖြစ်နိုင်တော့လောက်အောင်ပင် ကောင်းလှချေရဲ့။ ဘုရားဖူးခရီးသည်များအတွက် စိတ်ချမ်းသာစွာဖြင့် ဘုရားဖူးနိုင်အောင် စီမံဆောင်ရွက်ပေးကြသော တာဝန်ရှိပုဂ္ဂိုလ်များကို ရင်ထဲက ကျေးဇူးစကား ဆိုလိုက်မိပါရဲ့။

ရွှေစက်တော် ဒုတက်ခရီးမှာ ဘွားခနဲမြင်လိုက်ရသော အထက်စက်တော်ရာကို လျှပ်တစ်ပြက်ဖူးတွေ့လိုက်ရပြီး တောင်အဆင်းခရီးအဆုံးမှာ မန်းရွှေစက်တော် ခြေတော်ရာကို သုံးကြိမ် ဦးတိုက်ကာ စီးဆင်းနေသော (နမ္မဒါမြစ်) မန်းချောင်းကို တွေ့လိုက်ရသည်။ အမောဟူသမျှ လုံးဝချုပ်ငြိမ်းသွားကြသည်။

တံတားကို ဖြတ်ကျော်လိုက်သည်နှင့် ချောင်းဘေးက စားသောက်ဆိုင်မှာ နှစ်ယောက်သား အာဟာရ ဖြည့်ဆည်းလိုက်ကြသည်။ မိုင်(၆၀) စီးလာခဲ့သော ဆိုင်ကယ်ကို အနားပေးသည့်သဘောလည်း ပါသည်။ ခရီးသွား အယ်ဒီတာဆိုတော့လည်း ကာလ၊ ဒေသ အခြေအနေကို လေ့လာမိသည်။ စားရင်းသောက်ရင်းနှင့် တလွင်လွင် စီးဆင်းနေသည့် ရေပြင်ကို ကြည့်နေရသည်မှာ မန်းချောင်းသည် ရှေ့သို့စီးသွားသည်ဟု မထင်တော့ဘဲ စာရေးသူ ရင်တွင်းသို့ စီးဆင်းလာသည်ဟု ခံစားနေမိသည်။

ထမင်း စားသောက်ပြီးသောအခါ ပွဲတော်ဆိုင်ခန်းများဆီသို့ ထွက်လာခဲ့ကြသည်။ ကျောက်စလစ်လမ်း ဆိုပေမယ့် ဆရာစွာန်ရဲ့ ကျွမ်းကျင်မှုကြောင့် စီးရသည်မှာ ဟန်ချက်တောင် မပျက်ခဲ့။ ပွဲစေ့ခင်းရောက်သည့်အခါ ရွှေတည်းခိုခန်းကို အရင်ရှာရသည်။ ထိုတည်းခိုခန်းပိုင်ရှင်မှာ ဆရာမင်းဂုဏ်၏ စာဖြစ်သည်။

ထိုသို့ ရှာဖွေစဉ် မင်းလှသတင်းအဖွဲ့ အနီးကပ် စောင့်ရှောက်ရေးမှ သံတင်းသမား လူငယ်တစ်ဦးက စာရေး

www.burmeseclassic.com

တ္ထုတ်အသစ် လဲပြီးသောအခါ နေက အတော်လေးပူလာသည်။ ဝတ်လာသည့် အနွေးထည်တွေ ချွတ်လိုက်ရသည်။

ရွှေစက်တော်ရာသီတွင် ဆိုင်ကယ်တွေက အမျှင်မြေတ် မောင်းနှင်နေကြသည်။ သူတို့တစ်တွေဟာ အများအားဖြင့် လူငယ်တွေဖြစ်သည်။ ပြီးတော့ ခရီးလည်းကျွမ်းသည်။ ဆိုင်ကယ်စီးလည်း ကျွမ်းသည်။ ဒီတော့ သူတို့အတွက် အခန်းမကြီး။ သည်ခရီးဟာ သူတို့အတွက် ထမင်းစားရသောက်ခရီး ဖြစ်သည်။

စာရေးသူတို့နှစ်ဦးတွင် ဆရာစွာန်က ပင်စင်ယူစဉ်ပူနွေးနွေးဆိုတော့ သူက (၆၀)ကျော်၊ စာရေးသူက သူ့ထက် အသက်ကြီးသူ၊ ပြောရလျှင် နှစ်ယောက်စလုံးက မျက်မှန်ပါမှ မြင်ရသူတွေ၊ မမြင်မကန်းဆိုသော ဘဝ၊ မမြင်ဘူးလားဆိုတော့ မြင်တယ်၊ ကန်းနေလား ဆိုတော့လည်း မကန်းဘူး၊ မမြင်လည်းမဟုတ်၊ မကန်းလည်းမဟုတ်သည့်ဘဝ။ တစ်နည်းပြောရလျှင် ကိုယ်တိုင်က အကန်း သားကိုစမ်းတော့ မြားတန်းလန်းခ ဆိုသည့် သုဝဏ္ဏသာမဇာတ်တော်ထဲက ဒုက္ခဋ္ဌနဲ့ ပါရိကာတို့လို အဖြစ်မျိုး။ ဒါပေမဲ့ နှစ်ဦးစလုံး ရင်ထဲတွင် ဦးဝေါင်းစိမ်းနဲ့ မြင်းညိုရှင် ဇာတ်လမ်းထဲက တူရွင်းတောင် ခြေမှာ စစ်ရေး ကစားပြသည့် အလောင်းစည်သူမင်းလို ငါအိုသေး ဟူသောအတွေးနှင့် လူငယ်လေးများနှင့်အပြိုင် ရွှေစက်တော်ခရီးကို အပြင်းမောင်းနှင်နေကြသည်။

လေးပင်စခန်းကိုရောက်တော့ တစ်ခုခု စားမလားဆိုတော့ ဆည်တော်ရောက်မှ ဆီထမင်းနဲ့ငါးကြော် စားတော့မည်ဆိုပြီး မနားဘဲ ဆက်မောင်းကြသည်။ မင်းဘူးအထွက် ၁၄ မိုင် ကျော်သည်နှင့် တောရိပ်အောင်ရိပ်တို့က သန်းလာသည်။ တောင်ကုန်းပြေပြေ အတက်အဆင်းတွေကို တက်ရခြင်းကလည်း ကြည့်နူးစရာအကောင်းသား။ ဝဲယာတစ်ဖက် တစ်ချက်စီမှ တချို့တချို့သော သစ်တောလေးတွေ စိမ်းတော့စိမ်းလောင်းဖြင့် အားယူနေကြသည်။ တောင်ကုန်းကမူအထက် ၁၀ တစ်ပင်တွေက သူ့အရွက်တွေ ချွေပြ၊ တမာနဲ့ထနောင်းစင်တွေက နွေကိုမမှုချင်တဲ့ သဘောနဲ့ အန်တုပြီး စိမ်းစိုပြ၊ တစ်ခါ တစ်ခါ တကူးကူး ကူးဆိုသော ချိုးငှက်သံလေးတွေက ကြောက်ရမလိုပင် ဖြစ်ခဲ့။

တစ်စီးနဲ့တစ်စီး မျက်နှာချင်းဆိုင် ဖြတ်အသွားမှာ ပီးခနဲလေတိုးသံကလည်း ရင်ဖိုစရာ၊ ဆည်တော်မရောက်ခင် အဆင်းလမ်းက အန္တရာယ်ရှိသော်လည်း ဆရာစွာန်က ဆိုင်ကယ်ကျွမ်းသည်။ ပြီးတော့ စာရေးသူက သူ့ကို ယုံကြည်သည်။ အလုပ်ကိစ္စတစ်ခု နှစ်ဦး ယှဉ်တွဲလုပ်ကိုင်မှုတွင် တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှုသည်အဓိကဖြစ်သည်။ ဒီအတွက် ပီးစဉ်းမျှ နောင်တမရပေ။ သူကသာ စာအုပ်နှစ်ထုပ်နှင့် တိုယ်ကို စိတ်မချခြင်းဖြစ်သည်။ လက်ညောင်းလျှင် ခဏနားကြ၊ သည်လိုနှင့် ပုသိမ် မုံရွာလမ်း ၃၊ ၅ လမ်းကိုဖြတ်ကျော်

www.burmeseclassic.com

လွမိသားနှစ် တည်ခိုင်ဆောင်လူ့ ဘုရားရွာနှင်(ရွှမ်းအင်)နှင့် စာရေးသူတို့

သူတို့ကို လာရောက်မိတ်ဆက်သည်။ သူတို့က စာရေးသူတို့ ပုံစံကို ကြည့်၍ သတင်းမီဒီယာသမားတွေဟု ထင်ကာ ရွှေစက်တော်ဘွဲ့တော်အတွင်း ဖြစ်ပျက်သိကိစ္စတွေ လာမြောပြနေသည်။ ဒီတော့လည်း ခရီးသွားအယ်ဒီတာဘာဖြစ်ပြီး မဆိုင်ခရမ်းမှာ ပဲတန်းလန်းဝင်သီး၍ မဖြစ်ကြောင်း နားလည်အောင် ရှင်းပြခဲ့ရသည်။

ပြီးမှ ရွှေတည်းခိုခန်းမှ ကိုအောင်တိုမြတ်ကို ရှာတွေ့သည်။ အဲဒီမှာ ခေတ္တနားပြီး မန်းချောင်းရေကို တဝကြီးချိုးပစ်လိုက်သည်။ တဝကြီးသာ ပြောတာပါ ၁၅ မိနစ်ထဲက ပိုမချိုးနိုင်ခဲ့။ အအေးဓာတ်က လွှမ်းခြုံထားသည်။ ချောင်းရေက မလွတ်ပေးသေးတော့ ရေက ဒူးဆောင်းအထက်နားလောက်သာ ရှိသည်။ တချို့ နက်သောနေရာသည် ပေါင်လယ်ခန့်သာ ရှိသည်။

ရေချိုးရင်း တသွင်သွင် စီးဆင်းနေသော မန်းချောင်းရေစီးနှင့်အတူ မျောပါလာသည့် ရေညှိရေမွှေလေးများ၊ သေးသော ကျောက်စရစ်လေးများက ရေစီးအားကြောင့် မျောပါကြ၊ ကြီးမားသော ကျောက်တုံးများက ရေအောက်မှ နေ၍ ရေစီးအားကို အန်တုလို့ ဘာမျှမမှုတဲ့သဘောတွေကို လေ့လာကြီးနှင့်ယှဉ်ပြီး ကြည့်နေမိသည်။ ရေချိုးအပြီးမှာ စာအုပ်ကိစ္စ စီစဉ်ကြသည်။ နောက် ဓာတ်ပုံမှတ်တမ်းတွေ ရိုက်ကြသည်။ ပြီးမှ ဒေါက်စက်တော်ရာကို သွားရောက်မြော်သည်။ ဆိုရာသီ ရောက်ကို ခံနိုင်လောက်သော မှန်လုံမြင်ကြွယ်စ်ထားပြီး ပွဲတော်ရာသီတွင် ဖွင့်လှစ်ပေးထားသည်ကို တွေ့မြင်ရသည်။

တည်ခိုဆောင် ဆိုင်ခန်းများက ယခင်နှစ်များအတိုင်း အပြောင်းအလဲမရှိ ခင်းကျင်းပြသထားသည်။ စွေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဒေသထွက် သီးနှံများ၊ ဆေးဖက်ဝင်သီးနှံ၊ ပရဆေးမြစ်များက နှစ်စဉ် မြင်တွေ့နေကျ ရှုခင်းများသာ ဖြစ်သည်။

ပြောင်းလဲသွားသည်က သက္ကရာဇ်အသစ်နှင့် မုခ်ဦးပင် ဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွှေစက်တော်ဖွင့်ပွဲ မုခ်ဦးတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဘုရားပေါ်တက်သည့် ကားပေါ်သို့ တက်လိုက်သည်။ တစ်ဦးလျှင် ၃၀၀ ကျပ်၊ လူ ၂၀ တင်ပြီး တောင်တက်ခရီးကို ကျွမ်းကျင်စွာ မောင်းနှင်သွားကြသည်။ ကားဂိတ်အထက် ဂိတ်ဆုံးမှ ဆင်းပြီး မဟာမုနိတန်ဆောင်းအတွင်း ဦးခန့်ရသော်ကြီးပုံနှင့် ရုပ်ပွားတော်ပုံတို့ကို မှတ်တမ်းတင်ရိုက်ပြီး အထက်စက်တော်ရာသို့ တက်ခဲ့ကြသည်။

အထက်စက်တော်ရာပေါ်မှ မြင်တွေ့နေရသော တဲကျောင်းများ၊ ကွေ့ကောက်စီးဆင်းနေသော မန်းချောင်းအလှကို ဓာတ်ပုံရိုက်ပြီး မုဆိုးကောင်သို့ တက်ခဲ့ကြသည်။

အချိန်က ဆင်းရဲသည်။ ထို့ကြောင့် မုဆိုးတောင်ပေါ်တွင် အချိန်သိပ်မပေးဘဲ ဘုရားဝတ်ပြုပြီး ခရာနားကာ အဆင်းလေ့ကားအဆိုင်း ပြန်ဆင်းလာခဲ့ကြသည်။ တစ်ချက်မှားသွားသည်။ အတက်ခရီးသည် ပင်ပန်းမည်ဟု ထင်ခဲ့သော်လည်း အဆင်းလမ်းတွင် ဒူးက သိပ်မခိုင်ချင့်တော့။ လက်တန်းကို အားပြုဆင်းရသည်။ ဇရာသဘောပင်လား မသိ။

ပြန်အဆင်းတွင် ဆရာစွာန်က 'ဘယ်နှယ်လဲ ဆရာကောင်း၊ အထက်စက်တော်ရာက သင်္ဘောသီးသုပ်လေး စားရတာ ဘယ်နှယ်လဲ' ဟု မေးသည်။ တကယ်ကို စားလို့ကောင်းသည်ကို အမှတ်ရနေမိသည်။ တောင်ခြေ ဂေါပကရုံးနားအရောက် နာရီကိုကြည့်လိုက်တော့ ၅ နာရီထိုးပြီး အပြန်ခရီးကို တွက်ဆရသည်။

သည်တော့ ရွှေတည်းခိုဆောင်ကို သုတ်ခြေတင်ပြန်ပြီး အဆောင်မှ ကိုအောင်ကိုမြတ်ကို နှုတ်ဆက်ပြီး ရွှေစက်တော်အား အောက်ခြေမှ ရှိခိုးပူဇော်ခဲ့ပြီး မမှောင်ခင် အရောက်လှမ်းနိုင်ဖို့ ရွှေစက်တော်မှ အပြင်းမောင်းခဲ့ကြရသည်။

ပါဒစေတီတော် နှစ်ဆူနှင့် နမ္မဒါမြစ်တို့က စာရေးသူ၏ နောက်ဘက်တွင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့တော့သည်။

စောင်းကောင်းမြင့်

❑

www.burmeseclassic.com

စပါးရွှေကို ဧရာဝတီမှ
ဖျာပုံဒေသစည်ပြုတော်ဘုရားများ

ရှင်ဥဇ္ဇ(ဖျာပုံ)

ဖျာပုံမြို့ရှေးဟောင်းသမိုင်းဝင်ဆူတောင်းပြည့်
ပြည်လေးရှစ်သောသာစည်ဘုရားတို့

သာစည်ဘုရားကြီးမှာ မူလတန်ခေတ်းတော်ကြီးဘား၊ ဖျာပုံမြစ်ကြောင်းမှ မူးမြင်ရပုံ



နွားမန္တလိုကြီးတို့ကဲ့ခကြီး နောက်တစ်နေ့ သာစည်ဘုရားကြီးဘား တောင်ဘက်မှမူးမြင်ရပုံ

ဖျာပုံမြို့သည် မွန်ဘာသာ-ဖျာပုံ- ထမင်းစေ့မှ ဖျာပုံမြို့ ဟူသော အမည်ဖြင့် ခရိုင်မြို့ကြီး ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဖျာပုံမြို့မှ သာစည်မြတ်ဘုရားသမိုင်းကို ရေးသားပူဇော်ရမည်ဆိုပါလျှင် ဟံသာဝတီခေတ်နောက်ဆုံး နန်းကျဘုရင် သုရှင်တစာရွတ်ပိန့်စစ်ပြေးဒုစ္စာသည် သာသနာပြု မိဖုရားခေါင်ကြီးဖြစ်သော တလပရော်သမီတို့၏ ရာဇဝင်သမိုင်းကြောင်းကို လည်းကောင်း၊ ရာဇာမိရာဇ် အရေးတော်ပုံ ရာဇဝင်သမိုင်းကြောင်းကိုလည်းကောင်း လွန်ခဲ့သော နှစ်ပေါင်း (၄၀၀)ကျော်ခန့်က ကနုစိုတော၊ လမုတောများကြီးစိုးရာ ဤမြစ်ဝကျွန်းပေါ် ဧရာဝတီဒေသတွင် အခြေချနေထိုင်ခဲ့ကြသော မွန်လူမျိုးတို့၏ သမိုင်းကြောင်းကို လည်းကောင်း ချန်လှပ်၍ ရေးသားလျှင် ဖျာပုံမြို့မှ သာစည်မြတ်ဘုရားသမိုင်းသည် ပြည့်စုံလိမ့်မည် မဟုတ်ပေ။

သို့ရာတွင် လူသားတို့၏ ပြောင်းလဲဖြစ်စဉ် ရာဇဝင်သမိုင်းများနှင့်တကွ ဖျာပုံမြို့မှ သာစည်မြတ်ဘုရား သမိုင်းကို ရေးသားပူဇော်ရမည်ဆိုပါသော် ဆိုလိုရင်းကို ရောက်ခဲမည်ဖြစ်ပါ၍ မျက်မှောက်ခေတ်၊ ဖျာပုံ သာစည်မြတ်ဘုရားဖြစ်တော်စဉ် အကျဉ်းကို ရေးသားပူဇော်ပါမည်။

ဖျာပုံမြို့မှ သာစည်ဘုရားဘွဲ့တော်ခံ ရုပ်ပွားဆင်းတုတော်မြတ်ဘုရားကြီးကို လွန်ခဲ့သော မြန်မာသက္ကရာဇ် (၁၂၄၉)ခုနှစ်၊ ခရစ်နှစ် ၁၈၈၇ ခုနှစ်ခန့်တွင် ဖျာပုံရွာနှင့် ဆက်စပ်လျက်ရှိသော သာစည်ရွာမှ ကာလသားခေါင်းဆောင်များ ဖြစ်ကြသော ဦးလူငယ်နှင့် ဦးညွှတ်တို့ လူရွယ်နှစ်ဦး ရွှေဆောင်ဦးရွက်ပြုပြီး သာစည်ရွာ၊ ဖျာပုံရွာသား မိသားစုများနှင့် ရပ်နီးဝန်းကျင် ကျေးရွာသူကျေးရွာသားများ စုပေါင်းအားဖြင့် ဦးသျှောင်တော်မှ စမ္မခက်အထိ ဉာဏ်တော် ပေ(၃၀) အမြင့်ရှိတော်မူသော

www.burmeseclassic.com

သာစည်မြတ်ဘုရားကို တည်ထားကော်ရော် ပူဇော်ခဲ့ကြပါသည်။

သာစည်မြတ်ဘုရား ပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ရာ ဇာတ်သဘင်ပွဲများ၊ မျက်လှည့်ပွဲများ၊ ဘုရားပွဲ စျေးရောင်းသူ၊ ဘုရားဖူးရင်း ပွဲလာကြည့်သူများဖြင့် ကြက်ပျံမကျ စည်ကားခဲ့မေသည်။ ထိုခေတ်က နာမည်ကျော် ဇာတ်သဘင်များ ဖြစ်သည့် ဇာတ်မင်းသားကြီး တက်ခေတ်စိန်၊ ဇာတ်မင်းသားကြီး ရွှေနန်း တင်နှင့် နောင်ခေတ်များတွင် ဇာတ်မင်းသားကြီး စိန်အောင်မင်း၊ ရွှေမန်းသဘင် ဇာတ်အဖွဲ့ကြီးများလည်း လာရောက် ကပြဖျော်ဖြေခဲ့ကြပါသည်။

ဤသို့ဖြင့် နှစ်ပေါင်း ကာလကြာမြင့် ကြည်ညိုခဲ့ကြသော သာစည်မြတ်ဘုရားကြီးသည် ခရစ်နှစ် ၁၉၆၀ ခုနှစ်တွင် ရွေးလူကြီးများ ပြောခဲ့ကြသော နောင်အခါ သာစည်ဘုရားသည် ရေလယ်ဘုရားဖြစ်မည်ဟူသောအတိုင်း တဘောင် စကားအတိုင်း ရေလယ်ဘုရား ဖြစ်တော်မူရန် အကြောင်းက ဖြစ်ပေါ်လာလေသည်လား မပြောတတ် ပေ။

ပင်လယ်ဒီရေ အတက်ကြမ်း၍ မြစ်ရေတိုက်စားမှုကြောင့်ကာလမကြာမီ အချိန်အတွင်း သာစည်ဘုရားကြီးရှေ့ရှိ ပင်မ ဒါယကာ၊ ဒါယိကာမများ နေထိုင်ရာ ထင်းပွဲတန်းနှင့် သာစည်ရွာ ကမ်းပြိုး၍ ကွယ်ပျောက်သွားခဲ့ပြီး ရောဝတီမြစ်မှသည် ပင်လယ်တွင်းသို့ စီးဆင်းရာ ဗျာပုံမြစ်သည် ဘုရားရင်ပြင်တော်ရှေ့သို့ ရောက်ရှိခဲ့တော့၏။

တစ်ဖက် ကမ်းပြိုတစ်ဖက် သောင်ထွန်းဆိုသည့်အတိုင်း သာစည်ဘုရားကြီး၏ အရှေ့ဘက် ဒေးဒဲမြို့နယ် ဆားအိုးချောင်ရွာဘက်ကမ်းမှာ သောင်ထွန်းသဖြင့် ခြံပိုင်ရှင်များ မြေတိုးပွားခဲ့ကြသည်။

သာစည်ဘုရား ဝတ္တရားမြေနှင့် သာစည်ရွာမြေကား ဆုံးရှုံးခဲ့ရလေသည်။

သာစည်ရွာ ကွယ်ပျောက်သွားသောအခါ သာစည်ဘုရား တည်ရှိရာ နယ်မြေသည် ဗျာပုံမြို့ (၁၀)ရပ်ကွက် နယ်မြေဖြစ်ခဲ့ရသည်။ သာစည်ဘုရားနှင့် (၁၀)ရပ်ကွက် နယ်မြေကြားမှာ ပြည်သူ့ဆေးရုံခန်းထမ်းအိမ်ရာ အင်္ဂလိပ်ခေတ်က ဝန်ထောက်အိမ်ရာများသာ ရှိသဖြင့် လည်းကောင်း၊ (၁၀)ရပ်ကွက်ရှိ လူနေအိမ်ခြေများနှင့် အလှမ်းဝေးသောကြောင့် လည်းကောင်း သာစည်ဘုရားကြီး၏ အကျိုးကို ဆောင်ရွက်သူမရှိဖြစ်ခဲ့ရာမှ နောက်ဆုံး ဘုရားအို တန်ဆောင်းပျက်ဘဝ ရောက်ခဲ့ရ၏။

သာစည်ရွာနှင့် နယ်မြေစပ်လျက်ရှိသော ဗျာပုံရွာတောင်ပိုင်း၌လည်း တိလောကမာရဓိန် ရွာလယ် ဘုရားကြီး ရှိနေသောကြောင့် ဗျာပုံရွာတောင်ပိုင်းသားတို့မှာ သာစည်ဘုရားကြီးအား ပူဇော်သက္ကာရပြုနိုင်စွမ်း မရှိကြတော့ပေ။

ထိုထိုသော အကြောင်းကြောင်းကြောင့် သာစည်ဘုရားကြီးမှာ ကိုးကွယ်ဆည်းကပ်သူမဲ့နေချိန် ခရစ်နှစ် ၂၀၀၈ ခု မေလ (၂)ရက်နေ့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံလိုက်ရသော အခါ သာစည်ဘုရားကြီး၏တန်ဆောင်းအိုမှာ တစ်စမကျန် ပြိုပျက်သွားပြီး ပလ္လင်တော်နှင့် သာစည်ဘုရားကြီးမှာ လွင်ပြင်ကြီးထဲမှ ဘွားခနဲ ပေါ်ထွန်းကာ ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံတော်မူလှသော ပေါ်တော်မူဘုရားကြီးနှယ် ဗျာပုံမြစ်အတွင်းမှ လှေ၊ သမ္ဗန်၊ မော်တော်တို့ဖြင့် ခရီးသွားကြသော ဒေးဒဲမြို့နယ်သူ မြို့နယ်သား၊ ဗျာပုံမြို့နယ်သူ မြို့နယ်သား ခရီးသွားများ ရှိဦး ပူဇော်ခွင့်ရသဖြင့် သက္ကစ္စဂါရဝ အကျိုးတရား တိုးပွားခဲ့ကြရလေသည်။

တန်ဆောင်းတော်သစ် မတည်ဒါယကာ မရှိမဂုဏ်ရည်ဆရာတော်

၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နေ့ ညတွင် မရှိမဂုဏ်ရည် မဟာစည်သာသနာ့ဓိရိသာဆရာတော်သည် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဒုတိယမြောက်ညဉ့် တရားပြသရန် အချိန်စောင့်ဆိုင်းနေချိန် မုန်တိုင်း အထူးသတင်းကြေညာချက်ကြောင့် တရားပွဲဖျက်သိမ်းခဲ့ရပြီး ဗျာပုံမြို့မှာ မုန်တိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ ရလေတော့၏။

သို့သော်ငြားလည်း ဆရာတော်သည် ဒါယကာ၊ ဒါယိကာမ မိသားစုများကို ဦးဆောင်ပြီး နာဂစ်ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့လေသည်။ နာဂစ်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးနောက် ၂၀၀၈ ခု၊ မေလ (၂၉) ရက်နေ့တွင် ဆရာတော်သည် အမေရိကန်နိုင်ငံသို့ တရားပြသရန် ကြွရောက်ခဲ့လေသည်။

အမေရိကန်နိုင်ငံသို့ ရောက်သည်နှင့် တစ်မြို့မှတစ်မြို့သို့ ကူးပြောင်းသွားလာကာ တရားပြသရသဖြင့်ပင်ပန်းခြင်း၊ ဗျာပုံတွင်ရှိစဉ် နာဂစ်ကယ်ဆယ်ရေးလုပ်ငန်းကြောင့် ပင်ပန်းနွမ်းနယ်ခဲ့ရခြင်း စသော ပင်ပန်း ဆင်းရဲမှုဒဏ်ကြောင့် ဦးနှောက်သွေးကြောပါးရောဂါရှိသော ဆရာတော်မှာ ဦးနှောက်သွေးကြော ပေါက်ပွားသဖြင့် ဆေးရုံသို့ တက်ရောက် ကုသရလေတော့သည်။

ဆေးရုံ တက်ရောက်ခဲ့သော်လည်း ဦးနှောက်နှစ်ခုအကြား၌ သွေးခဲခြင်း၊ သွေးယိုစိမ့်မှု မရပ်ခြင်းကြောင့် ပါရဂူဆရာဝန်ကြီးများလည်း ဘာမှမတတ်နိုင်၊ လက်မှိုင်ချနေကြသည်။ ဤအတိုင်းဆိုပါမူ ဆရာတော်သည် ပျံလွန်တော်မူရပေတော့မည်။ ဦးနှောက်တွင် သွေးခဲခြင်းကြောင့် လက်ဝဲဘက်ခန္ဓာကိုယ်တစ်ခြမ်းမှာ အကြောသေသလို ဖြစ်သွားပြီး ပါးတစ်ခြမ်းရဲ့သွားလျက် လက်ယာဘက် မျက်လုံးလည်း ပိတ်မရတော့ချေ။

ထိုအချိန်၌ ဆရာတော်သည် ဝေဒနာကြားမှ ဝိပဿနာရှုပွားခန့်ရင်း ပြောသလိုဖြစ်နေစဉ် အိပ်မက်ဆန်ဆန် မြစ်ကမ်းပါးမှ အမိုးအကာမဲ့ ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

ထန်ဆူကို ဖူးတွေ့လိုက်ရသည်။ ဆရာဝေါ်ကို သမ္မန်နှင့် ဘုရားကြီးသို့ ပို့ပေးသူမှာ တပည့် ဆရာဝန်မနှင့် သူ၏ သူငယ်ချင်းဆရာဝန်တို့ ဖြစ်သည်။ လှေခရီးတွင် ဘုရားကြီး ဖူးမြော်နေကြသူများ တိုးသည်း တွေ့ရသဖြင့် ဆရာတော်က-

"ဒီဘုရားကြီးက ဘာဘုရားလဲ" ဟု မေးရာ တပည့်ဆရာဝန်မက-

"ဒီဘုရားကြီးက ဖျာပုံသာစည် ဘုရားပေါ့။ ဘုရား၊ တန်ခိုးကြီးတယ်၊ သစ္စာပြုပြီးဆုတောင်းရင် ရောဂါဝေဒနာ ပျောက်ကင်းစေတယ်၊ ဒါကြောင့် အရှင်ဘုရားကို ဘုရားဖူး လာပို့တာ" ဟု လျှောက်ထားလိုက်၏။

ဆရာဝန်မ လျှောက်ထားချက်အရ ဘုရားကြီးမှာ တန်ခိုးကြီးသည်ဟုသော်လည်း ဆရာတော် မြင်တွေ့ရသော မြင်ကွင်းမှာ စိတ်မချမ်းသာဖွယ်ရာ မြင်ပင်ရှုစွဲများ ရှိသည်။

"တန်ခိုးကြီးတယ် ဆိုပြီး တန်ဘောင်းတောင် မရှိပါလား"

ဟု ဆရာတော်က ပြောကြားရာ ဆရာဝန် တပည့်မက -

"နာဂစ်မုန်တိုင်းကြောင့် ပျက်သွားတာပါ ဘုရား" ဟုလျှောက်ထားသဖြင့် ဆရာတော်သည် ဖျာပုံ သာစည် ဘုရားကြီးအား ရှိခိုးပူဇော်ရင်း သစ္စာအဓိဋ္ဌာန်ပြုလိုက်လေသည်။

"ဘုရားတပည့်တော် ဘဝသံသရာအဆက်ဆက်မှ ဒီကနေ့ ဒီအချိန်ထိ သူတစ်ပါးအပေါ် ကံသုံးပါးတစ်ပါးမျှ ကျူးလွန်ဖူးသော အပြစ်ဝဋ်ကြွေးများရှိပါလျှင် ယခု မျက်မြင် ရှင်တော်ဘုရားအားဖူးမြော်ရသော ကောင်းသောကြောင့် ဝဋ်ကြွေးများ ကျေရပါစေအား လွှန်ကျူးခဲ့ဖူးသော ပုဂ္ဂိုလ်များကို သူ့ဘာတပည့်တော် ရှိခိုးတောင်းပန်ပါသည် အရှင်မြတ်ကြီးဘုရား"

ဆရာတော်သစ္စာပြု ဆုတောင်းသံကို ဆရာဝန်မ ကြားသွား၍ ဆရာတော်အား "ဘာတွေ ပြောနေတာလဲ ဆရာတော်" ဟု မေးသံကို ကြားလိုက်ရသည်။ ဆရာတော်လည်း မြောသလို အိပ်မက်မက်သလို ဖြစ်နေရာမှ သတိရခဲ့လေတော့သည်။

သတိရသည်နှင့် အိပ်မက်ထဲမှ ဘုရားကြီးကို မြင်ယောင်ကာ အာရုံပြုပူဇော်နေမိတော့သည်။

သို့သော် ဆရာဝန်ကြီးများက ဆရာတော်၏ နောက်ဆုံးဘဝ နေဝင်ချိန်ကို သတ်မှတ်လိုက်ကြပြီ။ လက်ရှိဦးနှောက်ထဲမှ သွေးခဲပမာဏနှင့် သွေးယိုစိမ့်မှုနှုန်းများအရ နောက် ၆ နာရီကြာလျှင် မရွှီမဝှက်ရည်ဆရာတော် ပျံလွန်တော်မူမည်။

ဆရာတော် သိလိုက်ရသော အချိန်က ည စနာရီ။ ထို့ကြောင့် သူ၏ နောက်ဆုံးအချိန်သည် နံနက်ပိုင်း ၂ နာရီ သို့မဟုတ် နံနက် ၃ နာရီ။

သေရမည့်အချိန်ကို အတိအကျ သိရသောအခါ ဆရာတော် ဒုတိယ အကြိမ် သစ္စာပြု ဆုတောင်းပြီး ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို ဝိပဿနာတရား ရှုမှတ်ပွားရင်း သေရမည့် နောက်ဆုံး အချိန်ကို ကုန်လွန်စေခဲ့သည်။ နံနက် ၃ နာရီထိုးပြီ။ ဆရာတော်ကား ပျံတော်မမူ။ ၄း၁၅ နာရီခန့်တွင် ဆရာဝန်ကြီးနှင့်တကွ ဆရာဝန်များ ရောက်ရှိလာကြသည်။

တောင်းသော လာခြင်းကား မဟုတ်၊ ပျံတော်မူနေသော ဆရာတော်၏ ဦးခေါင်းခွံကို ခွဲပြီး ဦးနှောက်ထဲမှ သွေးခဲပမာဏကို မှတ်တမ်းယူရန် လာခြင်းသာဖြစ်သည်။ သို့သော် ဆရာတော်က လန်းလန်းဆန်းဆန်း ပျံတော်မမူ။

ဆရာဝန်ကြီးများ အံ့ဩစရာဖြစ်သွားပြီး စမ်းသပ်စစ်ဆေးကြရာ ညဉ့်ဦးက ရှိနေသည့် သွေးခဲပမာဏ (၃. ၂) စင်တီမီတာသည် ယခု (၃. ၀) စင်တီမီတာသာ ရှိတော့သည်။ သွေးယိုစိမ့်မှုလည်း မရှိတော့ ရပ်သွားပြီ။ ဆရာတော် သိလိုက်ပါပြီ။ သူ့အတွက် အားထားမှီခိုရာသည် ဘုရား၊ တရား၊ သံဃာတော်များပါး အခြားမရှိလေပြီဟူ၍ ဆေးရုံတွင် နောက်ထပ် (၅)ရက် နေရစ်၏။

(၆)ရက်မြောက်နေ့တွင် စစ်ဆေးကြည့်ကြရာ သွေးခဲပမာဏ (၂. ၅)စင်တီမီတာသာရှိတော့သည်။ ဆရာတော် ဆေးရုံဆင်းပြီး အမေရိကန်မှာ ရှိနေစဉ် ဖျာပုံနာဂစ် ဗွီဒီယိုခွေ တပည့်တစ်ဦးက ပြ၍ ကြည့်လိုက်ရာ မထင်မှတ်ဘဲ အိပ်မက်ထဲက ဘုရားကြီးကို မြင်လိုက်ရလေရာ "ငါ့ရဲ့ ကျေးဇူးရှင်ဘုရား"ဟု နှုတ်က ရေရွတ်ရင်းမှ သတိရပြီး ဖျာပုံမြို့မှ ဒါယကာတစ်ဦးအား ဖုန်းဆက်ပြီး စုံစမ်းမေးမြန်းကြည့်တော့မှ ဖျာပုံ သာစည် ဘုရားကြီးမှန်း သိလိုက်ရလေတော့သည်။

ထို့အတူ ဖျာပုံ သာစည်မြတ် ဘုရားကိစ္စအဝဝ မှန်သမျှ ငါ့တာဝန်ဟု ခံယူကာ မရွှီမဝှက်ရည် ဆရာတော်သည် မကြည်အလျှူရှင်အဖြစ် ဦးဆောင်ကာ တန်ဆောင်းတော်အသစ်ကြီးနှင့် တကွ မြစ်ကမ်းပါးပြု၍ ဘုရား ရင်ပြင်တော် ပြုံကျယ်ကျယ်စီးခဲ့ရာ အနယ်နယ် အရပ်ရပ်မှ အလှူရှင်များ စုပေါင်းအားဖြင့် ဘိုးပိုင်အချိန်မီ စိုက်ထူပြီး ရင်ပြင်တော်ကို ပြုပြင်ပူဇော်နိုင်ခဲ့ပါသည်။

ထို့အတူ အကြီးအကဲ မြို့မိမြို့ဖနှင့် စေတနာရှင်တို့၏ မေတ္တာဖြင့် ဘုရားနောက်ကျောမှရေကန်ကို သဲနုန်းမြေဖြင့် ဖို၍ ကုန်းမြေပြင်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြပြီး ထိုကုန်းမြေတွင် ဘုရားပွဲ၊ တရားပွဲများ ကျင်းပကာ ဖျာပုံသာစည်မြတ်ဘုရားအား ပစ္စယာဓမ္မနှစ်ဌာနဖြင့် ပူဇော်လှူက်ရှိရာ ပြည်တွင်းပြည်ပ မြို့ရွာဒေသအသီးသီးမှ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလှုက် ရှိလေပြီ။

ရှေးဦးတည်စ သာစည်ဘုရားထက် ယနေ့ ဖျာပုံသာစည်မြတ်ဘုရား သာသနာခေတ်က ပိုမို ထွန်းလင်းတောက်ပလှုက် ရှိချေပြီ။

ရှင်ဥဏ္ဏ(ဖျာပုံ)

❑

www.burmeseclassic.com

www.burmeseclassic.com



ကျိုက္ထစီးဝေဂိတော်ကြီး

ကျိုက္ထစီးဝေတီတော်မှ ကြီးလေးကြီးအာရုံးဝေတီ

ဦးတိုး(တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ရတနာတံခွန်၊ ရတနာမွန်စာတည်းပွဲချုပ် ဦးထွန်းလွင်၏ ခေါ်ဆောင်မှုဖြင့် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းအနီး အတွင်းဘက် ခုနစ်မိုင်ခရီးမှ ဝေးကွာတဲ့တန်းရွာသို့ ဖေဖော်ဝါရီလ (၃) ရက် တနင်္ဂနွေနေ့တွင် ရောက်ရှိသွားခဲ့ပါသည်။

ဆရာဦးထွန်းလွင် (B.A. Bud: ဗွော်စဒိယ)သည် ယော်စဉ်က အဆိုပါ ကျောက်တန်းရွာ ဇာတိဖြစ်သဖြင့် တစည်တပန်း တော်တော်များများရှိနေကြောင်း တွေ့ရှိပါသည်။

ပဲခူးမြို့ အ. ထ. က (၁)၏ ကျောင်းခွဲ တွဖက် အ. ထ. က ကျောင်းတို့ အဆိုပါရွာ၌ ဖွင့်လှစ်ထားသဖြင့် ဆရာ၏တပည့် အ. ထ. က မြ ဆရာမ ခေါ်ခင်ဝင်းမို့နှင့် ဒေါ်သခင်များက ကြိုဆိုခဲ့ကြသည်။

စီစဉ်ထားသည့်ခဲ့ အတိုင်းပင် အ. ထ. က ကျောင်းသား ကျောင်းသူ (၁၀၀)ခန့်ကို ဆရာဦးထွန်းလွင်က ယခုနှစ် ဆယ်တန်းစာမေးပွဲဖြေရန် စာအုပ်များ လျှဝါန်းပေးသည်။ နံနက် ၁၁ နာရီခန့်တွင် ဆရာမ ခေါ်ခင်ဝင်းမို့ သီးသန့်အိမ်မှ နံနက်စာ အချိုပွဲများဖြင့် ကျွေးခဲ့ပေးခဲ့ပါသည်။

စာရေးသူသည် ကိစ္စပီစပ်ပြီးဆုံးသွားသဖြင့် ရွာထဲသို့ လိုက်လံကြည့်ရှုသည်။ စာရေးသူနှင့် အတူပါလာခဲ့သည့် ဆရာတော်(ခန်းနေ) ဦးဣန္ဒာစရိယမှာ အင်းစိန် အရှေ့ကြို့ကုန်းပြူးလွန်းတောရ စာသင်တိုက်တွင် သီတင်းသုံးရင်း ဇာတိရွာသို့ အလည်ပါလာခြင်း ဖြစ်သဖြင့် ဆရာတော်၏ အိမ်တွင် ခေတ္တနားနေခဲ့ကြသည်။

ရွာသည် ထူးခြားချက် ရှိနေပါသည်။ ပဲခူးမြစ်လက်တက် တစ်ခုသည် ရွာတိုပတ်ကာ စီးဆင်းနေ၍ ယခင်က မြစ်ကို ဖြတ်ကူးလျှင် လေ့၊ သမ္မန်များကို သာ အားကိုးသမှု ပြုခဲ့ရသော်လည်း ၂၀၀၉ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီဆိုသူက မြန်မာပြည်အတွက်(၄၈)စင်းမြောက် ကြိုးတံတား ထိုးပေးခဲ့၍ စာရေးသူအစအဆုံး လမ်းလျှောက်ကြည့်ခဲ့သည်။

ပဟာဂေါဓိညောင်ပင်ကြီး

ထိုနောက် ဘီလူးများသည် လည်း ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ ပဲခူးမြစ်ပေါ်မှ ယခု ကြိုးတံတားကမ်းပါးတွင် ဂဝံကျောက်များ

www.burmeseclassic.com

စိတန်းလျက်ရှိနေသည်ကို တွေ့မြင်နိုင်သည်။

ယခင်က ဤနေရာကို စိန်ဖလို့နိုဂုံးအရပ်ဟု ခေါ်တွင်ခဲ့သော်လည်း ယခုအခါ ကျောက်တန်းရွာအဖြစ် ထင်ရှားနေပေပြီ။ ကျောက်တန်းရွာသို့ သွားလိုသော် မီးရထားဖြင့် တိုက်ရိုက် ရောက်ရှိနိုင်ပြီး ပဲခူးကားစီးလျှင် ဆယ်မိုင်ကုန်းဆင်း၍ အတွင်းဘက် (၇)မိုင်ခန့်တို့ မော်တော်ဆိုင်ကယ်စီးသွားလျှင် ရောက်ရှိနိုင်ပါသည်။

ဟံသာဝတီနေပြည်တော်စံ မင်းဆက်များမှာ ၁၁၀၆ ခုနှစ် နောက်ဆုံးနန်းစံသည့် ဗြဟ္မဦးတိရာဇာအထိ (၃၉) ဆက်ရှိခဲ့သည်။ မြန်မာသက္ကရာဇ် ၁၈၇၃ ခုနှစ်၊ သာသနာတော်နှစ် ၁၃၆၉ ခုနှစ်တွင် ဟံသာဝတီ ပဲခူးမြို့၌ သမလမင်းပထမဆုံး နန်းစိုက်ခဲ့သည်။

နန်းစံမင်းများအနက် (၂၄)ဆက်မြောက် လိပ်မွတ်ထော်သည် ၈၁၄ ခုနှစ် နန်းတက်ပြီး နန်းသက် (၇)လမျှသာ ရှည်သည်။ (၃၀)ဆက်မြောက် သမိန်စက္ကဝေါသည် ၉၀၀ပြည့်နှစ် နန်းတက်ပြီး နန်းသက် (၅)လမျှသာ စံစားခဲ့ရသည်။ (၃၆)ဆက်မြောက် မင်းရဲဒီဗွသည် ၉၉၂ ခုနှစ် နန်းတက်ပြီး နန်းသက် (၇)လမျှသာ ရှည်သည်။

နန်းခံမင်းများ အနက် (၁၂)ဆက်မြောက် သက္ကရာဇ် ၃၄၄ ခုနှစ်တွင် အနုရာမမင်းမြတ်သည် ဟံသာဝတီရွှေနန်းကို တက်တော်မူပြီးနောက် သက္ကရာဇ် ၃၅၀-ပြည့်နှစ်လောက်တွင် ရွှေမော်တေစေတီကြီးအား မူလရှိရင်းစွဲဥာဏ်တော် (၁၀၄)တောင်ကို (၂၂)တောင် မြှင့်တင်တည်တော်မူပြီး တိုင်းခန်းလှည့်လည်ရာ၌ ယခု ကျောက်တန်းရွာသို့ ရောက်ရှိပြီး ခေတ္တရပ်နားတော်မူသည်။



ကျိုက္ကဖိုဘိုးဘိုးကြီး

အနုရာမမင်းသည် နိဂုံးရွာရှိ သူဌေး သူကြွယ်များနှင့် တိုင်ပင်၍ စေတီတစ်ဆူကို ဓာတ်ထားကိုးကွယ်ခဲ့ရာ ဖိနပ်တော်အခင်း (၃၆)တောင်၊ ဥာဏ်တော်အမြင့် သံတောင် (၄၃) တောင်၊ ဌာပနာတိုက်အနက် (၁၀) တောင်၊ အကျယ်ပတ်လည် (၅)တောင် ရှိ၍ သွားတော်ဓာတ်တစ်ဆူ၊ သရီရဓာတ်တော် တစ်လက်သွန်းတို့ကို ရွှေကြုတ် ငွေကြုတ်တို့၌ ထည့်သွင်းလျက် ပူဇော်ခဲ့သည်။

ထို့နောက် ကိုယ်လုံးတော်ပြည့် ရွှေချတော်မူပြီးနောက် ရွှေမော်တေစေတီတော်ကြီးနှင့် တစ်ချိန်တည်းမှာပင် ထီးတော်တင်လှူတော်မူသည်။ တလိုင်းတို့၏ ဘာသာစကားဖြင့် ကျိုက်မေးရုပ်တွဲတော်ကို မှည့်ခေါ်ခဲ့သည်။ အဓိပ္ပာယ်မှာ ရုပ်ပွားတော်ရား ဖြစ်သည်။

စေတီတော် ကုန်းတော်ပေါ်မှ ရေပုံ

www.burmeseclassic.com

www.burmeseclassic.com

ရက္ခစိုးနတ်ကြီးရုပ်တု

ကျိုက်မောရပ် စေတီတော်ဆည် နှစ်ပေါင်း(၉၀၀)ကျော်သောအခါ ပြုပြင်မည့်သူ မရှိဘဲ ပျက်စီးသွားရာ ခဲနှယ်ပိတ်ပေါင်းများ ပေါက်ရောက်၍ စေတီတော်ကြီး၏ အုတ်ပုံပေါ် တွင် နဘေပင်ပျို တစ်ပင်ပေါက်ရောက်လျက် ရှိကာ စေတီပျက်ဟောင်းအဖေါ် အရိပ်အာဝါသပေး၍ အုပ်မိုးထားခဲ့သည်။

နဘေပင်ပေါက်နေသဖြင့် နဘေရွှေထီးဘုရားဟု တွင်ပြန်သည်။ ၁၂၈၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၁၈ ခုနှစ်)တွင် ဝေါက်တန်းရွာသား ရဟန်းတစ်ပါး ဖြစ်သော အရှင်ဇဝနသည် ဒေသခံများ နှင့်တိုင်ပင်ပြီး စေတီဟောင်းအထက်၌ စေတီတစ်ဆူတည်ထားလိုက်ရာ ရွှေထီးတော်အစစ်ကို တင်လှူခဲ့သောကြောင့် နဘေရွှေထီး ဘွဲ့အမည် ပျောက်ပြီး ကျိုက္ကစီ ဟု ဘွဲ့ဖြင့် တွင်သွားသည်။ ရွှေထီးတော် တင်လှူခဲ့သဖြင့် ရွှေစေတီ ဟူ၍လည်း တွင်သည်။

၁၂၈၅-၈၇ တွင် ဦးစံညွှန့်နှင့် ဒေါ်ညိမ်းလှတို့က ပြုပြင်ပြီးနောက် ရွှေစေတီဘုရားဟု ဘွဲ့အမည်ထပ်မံပေးခဲ့သော်လည်း လက်ရှိ အခြေအနေတွင် ကျိုက္ကစီစေတီတော်ကြီး အဖြစ်နှင့်သာ ထင်ပေါ်နေပေသည်။

၁၂၉၂ ခုနှစ် (၁၉၃၀) ကဆုန်လဆန်း (၉)ရက် တနလ်ာနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ငလျင်ကြီး လှုပ်ခါသွား၍ စေတီတော်ကြီး ပြိုလဲသွားခြင်းမရှိသော်လည်း အင်္ဂတေများ ကွာကျကုန်သည်။

၁၃၂၃ ခုနှစ် (၁၉၆၁) တွင် ကျောက်တန်းရွာသူကြီး ဦးမောင်မောင်၊ နတ်ဆရာဦးမောင်ကြည်၊ မဟာဗောဓိ ဆရာတော်တို့ကို အမှုးထား၍ ရွှေကုန်သည် ဦးဌေးလှိုင်၊ ဒေါ်တင်မိသား၊ ဗိုလ်မှူးဝိန်မြို့ ကျားညီနောင် ဆေးလိပ်ခုံ ပိုင်ရှင် ဦးသန်းတင် တို့နှင့် ဒေါ်တင်အေး တို့၏ မတည်ငွေဖြင့် ကျိုက္ကစီစေတီ ဟောင်းကြီးမှ အင်္ဂတေများကို ခွာချပြီး အင်္ဂတေသစ်များဖြင့် မွမ်းမံ၍ ပြင်ဆင်သဖြင့် ၁၃၂၃ ခုနှစ် နတ်တော်လဆန်း (၁၂)ရက်နေ့တွင် ပြီးစီးသည်။

လက်ရှိ စေတီတော်ကြီးသည် အမြင့်သံတောင်မှာ ၁၂၁ ပေ၊ အတောင် ၈၀၊ ၂ပေ၊ လုံးပတ်တော်မှာ ပေပေါင်း ၂၅၆၊ အုတ္တောင့် ၁၇၀ နှင့် ၂ပေရှိသည်။ ထီးတော်မှာ ဘုံ (၉)ဆင့်ရှိသည်။ အမြင့် ၉ တောင် ပထမဘုံ ထိပ်ဝ ၅ တောင် ရှိသည်။ ရွှေဆည်းလည်း ပထမဘုံ၌ ၁၅ လုံး ရှိသည်။

နှစ်စဉ် တပေါင်းလဆန်း ဘုရားပွဲရှိပြီး စည်ကားလေ့ရှိကြောင်း သိရှိရသည်။ ကျိုက္ကစီစေတီတော်ကြီးမှာ ရှေးဟောင်းသမိုင်းဝင် ဘုရား ဖြစ်ကြောင်း ဂေါပကနှင့် ရပ်မိရပ်ဖများက မဟာဗောဓိ ညောင်ပင်ကြီးကို လက်ညှိုးထိုးမြဲ သက်သေထူကြသည်။

ညောင်ပင်ကြီး၏ ပင်စည်ကို လူခြောက်ယောက်ဖက် (၂၄)တောင်၊ ၃၆ ပေခန့် ရှိနေကြောင်း မျက်မြင်တိုင်းတာကြ၍ သိရှိသည်။ သက်တမ်းနှစ် (၁၀၀)ကျော် ရှိမည်ဟု ခန့်မှန်းရသည်။

ဦးတိုး(ဇကၠသိလ)

ကိုးကား

အရှင်အာစိဏ္ဏ ရေးသားသော ကျိုက္ကစီခေါ် ရွှေစေတီဘုရားကြီးသမိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့ဟောနဂဟ်ပျော် လွှမ်းမောက်စေတီတော်ဘုရားကြီးရဲ့

အောင်မြေ ကိုးဌာနနှင့် သိမ္မာတီဗွယိ

ကိုသက်(ဇီးကုန်း)



အောင်မြေ (၁)

မြတ်စွာဘုရားရှင်သည် မာရ်ဇင်းပါးကို အောင်မြင်တော်မူ၍ ဘုရားဖြစ်တော်မူရာ အပရာဇိတပလ္လင်နှင့် မဟာဗောဓိပင်တည်ရာ မြေမဟာသည် မြေတကာတို့၏ အထွတ်အထိပ် ပကတိ အောင်မြေ ဖြစ်ပါသည်။

ကမ္ဘာမြေကြီး စတင်ပေါ်ထွန်းရာတွင် ယင်းမြေမှ စတင် ဖြစ်တည်လာခဲ့ပြီးနောက် ကမ္ဘာပျက်သောအခါတွင် ယင်းမြေသည် နောက်ဆုံးမှ ပျက်စီးကြောင်း သုတ်မဟာဝါ အဋ္ဌကထာ ကျမ်းဝန်မှ တစ်ဆင့် သိရှိမှတ်သားရပါသည်။ ဘုရားရှင်တိုင်းသည် ယင်း ပကတိ အောင်မြေ၌သာ ပွင့်ထွန်း ပေါ်ပေါက်တော်မူကြောင်း ဖရိုက်ကြီး (ပုဋ္ဌဏသုတ်)တွင် ပါရှိလေသည်။

ဘုရား ပွင့်ထွန်း ပေါ်ပေါက်သော မြေမဟာ(၀ါ) ပကတိအောင်မြေမှာ ထူးခြားချက်များ တည်ရှိနေပါသည်။ ယင်းတို့မှာ. . .

(၁) မြေပြင်သည် စည်မျက်နှာ ပမာ ညီညာ ပြန့်ပြူးလျက်ရှိခြင်း၊

(၂) ယင်းမြေပြင်သည် မြက်ပင် အစ ရှိသော အပင်ကြီးငယ်များ ပေါက်ရောက်နိုင်ခြင်း မရှိဘဲ ကွက်လပ်ဖြစ်၍ နေခြင်း၊

(၃) မြေပြင်သည် ငွေရောင်အဆင်း ဖြူလင်းသော သဲတို့ဖြင့် ကြဖြန့်ထား သကဲ့သို့ ရှိခြင်း၊

(၄) မြေပြင်အနီးမှ မြက် ချုံနွယ် သစ်ပင်တို့သည် လက်ယာရစ်လှည့်၍ အောင်မြေကို မျက်နှာမူ ရွေးရှက ပေါက်ရောက်ကြခြင်း၊

(၅) ထို အောင်မြေပေါ်တွင် အင်အား သေးငယ်သော သတ္တဝါလေးများက အင်အားကြီးသော သတ္တဝါများ အပေါ် ပြန်လည်အနိုင်ယူခြင်း။ စသည်တို့ ဖြစ်ပါသည်။

ပကတိ အောင်မြေများသည် ဖန်တီးပြုပြင် လုပ်ယူမရသော ထူးခြားစွမ်းအင်ရှိသည့်မြေ အမျိုးအစားဖြစ်၍ ကမ္ဘာပေါ်တွင် အလွန် ရှားပါးသော မြေနေရာမျိုးလည်း ဖြစ်ပေသည်။

အထက်ပါ ပကတိ အောင်မြေ အမျိုးအစားတန်းဝင်သော မြေထူးမြေမြတ်ကို ရွှေဆံတော်စေတီတော်၏ အရှေ့ဘက်တည့်တည့် ဆယ်ထပ်ကြီး ဘုရား အနောက်တောင်ထောင့်အရပ်၊ (စနေထောင့်)စွန်း မူလပကတိစခန်း အောင်မြေ၊ ဇေယျပထဝီသိမ်တော်တွင် တွေ့နိုင်ပါသည်။

မှတ်ချက် - (တို့)သို့သော ပကတိအောင်မြေ ဟုရင်းဝင်သော

www.burmeseclassic.com

www.burmeseclassic.com

မြေမြေတ်မဟာ (၀၊) ပကတိအောင်မြေ ဦး ကြို့ပင်ကောက်မြို့ အရှေ့(၁၂)မိုင် အကွာ ကျစွာမင်းကြီးတည်ထားခဲ့သော ဒွေဟောင်းသမိုင်းဝင် ကျစွာရန်အောင် မြေ စေတီတော်ကြီးတွင် တွေ့ရှိနိုင်ပါသည်။)

အောင်မြေများကို သီးခြား ရှာဖွေမလိုဘဲ စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဘီမ်များတွင် အလွယ်တကူ တွေ့နိုင်ပါသည်။ ထူးခြားသော မြေမြတ်မဟာ ဘွင် နှောင်းလူတို့အပြစ်မရကြစေ သဲ့အပ်သော အစီအရင်များ ဆောင် ရွက်နိုင်ကြစေရန် ရွေးပညာရှိ သူတော် ကောင်းများ ကြိုတင် စီစဉ်နိုင်မှုများ ကြောင့် အောင်မြေအရပ်များ ရေရှည် တည်တံ့နိုင်ခဲ့ကြပါသည်။

အဓိဋ္ဌာန်ဝင်သူများ၊ စစ်ထွက် ပုဂ္ဂိုလ်များ၊ အိပ်မက်ဖြင့် ယကြာ မြွေများ၊ နက္ခတ္တဝေဒသုတေသီများစွာ ဖြစ်ပေါ်သည် အောင်မြေနှင့် မကင်းကြချေ။ အောင်မြေတွင် အောင်အတိတ် အောင် နိမိတ်ယူ၍ လောကီအလုပ်ရော လော ကုတ္တရာအလုပ်များကို အောင်မြင်စေ ပါသည်။

လောကကြီးတွင် မအောင်မြင် နိုင်သူဟူ၍ ရှိမည်မထင်ပါ။ အောင်မြင် ဆုံးကြား ချမ်းသာလိုသူများသာ ဖြစ် ကြပါသည်။ သို့ရာတွင် အောင်မြေ ဟု ခြေစုံရပ်ဆုတောင်းရုံမျှဖြင့် အဆင် မပြေနိုင်ပါ။ မအောင်မြင်နိုင်ပါ။ မိမိ ရွေးချယ်သည့် အဓိဋ္ဌာန်တစ်ခုကို အောင် မြင်စွာ ကျင့်ကြံပွားများ အားထုတ်နိုင် သူများအတွက်သာ အောင်မြေဌာန ဆုတောင်းများ ထူးခြားသော အကျိုးတရားကို ပေးနိုင်မည်သာ ဖြစ်ပါသည်။

ပြည်မြို့ ရွှေဆံတော်စေတီသည် ဘုန်းကြီးဘုရားများအနက် ထူးခြား သော စေတီတစ်ဆူဖြစ်သည်။ ရွှေဆံ တော်စေတီတွင် ဌာပနာ(၂)ထပ်၊ ထီး တော်(၂)ထပ်၊ ပွဲတော်(၂)ထပ် ရှိသကဲ့ သို့ အောင်မြေလည်း (၂)ထပ် ရှိလေ သည်။

အတွင်းအောင်မြေနှင့် အပြင် အောင်မြေ ဟူ၍ရှိရာ အတွင်းအောင် မြေကိုးနေရာမှာ ရွှေဆံတော်စေတီတော် ရင်ပြင်တော်နှင့် တစ်ပြေးညီရှိ၍ အပြင် အောင်မြေ ကိုးနေရာမှာ စေတီတော် ကြီး၏အောက်ခြေရှိ မြေပြင်တွင် အချို့ ရှိ၍ အချို့မှာ သုဒဿနတောင်၏ အလယ်ဆင့်များတွင် တည်ရှိသည်။

ယခု ရေးသား ဖော်ပြမည့် အောင်မြေကိုးဌာနမှာ အတွင်းအောင် မြေ (၀၊) အထက်အောင်မြေ ကိုးဌာန ဖြစ်ပါသည်။ ရွှေဆံတော်စေတီတော်၏ ရင်ပြင်တော်ပေါ်ရှိ နေရာအသီးသီးတွင် တည်ရှိသောကြောင့် အဓိဋ္ဌာန်ဝင်သူ များအတွက် သွားရေး လာရေးတွင် လွယ်ကူ အဆင်ပြေစေပါသည်။

(၁) ပထမ အာဒိ ဆုတောင်းပတ္ထနာ အောင်မြေမှာ ရင်ပြင်တော်ပေါ်ရှိ စက်ဦးစေတီတော်၊ တနင်္ဂနွေထောင့် ပြတိုက်နှင့် ဗျာဒိတ်ဘုရားအကြားရှိ စေတီဖြစ်ပါသည်။ အဓိဋ္ဌာန်ဝင်လိုသူ များသည် ပထမနေရာအတွက်ဖြစ်စေ အဦးဆုံး အမွှန်ဆုံး၊ ထိပ်ဆုံးဖြစ်လိုသော ကိစ္စရပ်များ၊ ရာထူးရာခံကိစ္စရပ်များ အတွက် ဆုတောင်း ပြည့်ဝစေသော အောင်မြေဖြစ်သည်။

ယင်းအောင်မြေတွင် အများ အားဖြင့် အရဟံဂုဏ်တော်(သို့) ပုဒိအာ ဘုရားဂုဏ်တော်အား ရည်မှန်း ပုတီး စိပ်ခြင်း စသည်ဖြင့် အဓိဋ္ဌာန်ဝင်လေ့ ရှိကြသည်ကို တွေ့ရပါသည်။

အလုပ်အကိုင်စာမေးပွဲ အတွက် အဓိဋ္ဌာန်လာဝင်သော တောင်တွင်းကြီး မြို့မှ စာရေးသူ၏ အသိတစ်ဦးမှာ အရဟံဂုဏ်တော်ဖြင့် ဤအမှတ် (၁) အောင်မြေတွင် အဓိဋ္ဌာန်အောင်မြင်ခဲ့ ရာ မျှော်လင့်မထားသော အစိုးရ အလုပ် ရခဲ့ဖူးကြောင်း စာရေးသူကို ပြောပြခဲ့သည်။

(၂) စိန္ဓာမယအောင်မြေ-တနင်္ဂနွေ ထောင့် ဂဠုန်ရုပ်ရှေ့ ဒွတ္တပေါင်မင်း လျှာသော ခေါင်းလောင်းဘေး၌ တည် ရှိသည်။ ဤ အမှတ်(၂) အောင်မြေ သည် နတ်မျက်စိကဲ့သို့ မြင်စွမ်းနိုင်သော အတိညာဉ်ပေါက် ဆုတောင်းနေရာဖြစ် ပါသည်။

ထိုအောင်မြေတွင် စိန္ဓာမကို ဂါထာကို ရွတ်ပွားပူဇော်သူများ ထူးခြား အကျိုးများသော နေရာ ဖြစ်ပါသည်။

(၃) ဝရပရိပုဏ္ဏာအောင်မြေ- သရေ ခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့သော ဆုတောင်းပြည့် ညီ နောင် ရှပ်ပွားတော်နှစ်ဆူ၊ အရှေ့ဘက် သို့ မျက်နှာမူသော ရှပ်ပွားတော်မှာ ညီတော်၊ အနောက်ဘက်သို့ မျက်နှာ မူသော ရှပ်ပွားတော်မှာ နောင်တော်၊ ငယ်သူက အရှေ့၊ ကြီးသူက အနောက် ဘက်မှ အဓိဋ္ဌာန် ဆုတောင်းကြသည်။

(၄) ခြေရာတစ်တောင် မောင်မဲ ခေါင် လိုဏ်ဂူ (၀၊) သစ္စာအဓိဋ္ဌာန် အောင်မြေ- အောင်မြေနေရာမှာ ရွှေ ဆံတော်စေတီ အရှေ့မှခံ အနီးဖြစ်၍ လိုဏ်ဂူတွင်းသို့ ဝင်ရောက်၍ အမျိုးသား များအတွက် ညာဘက်ခြေရာပေါ်တွင် လည်းကောင်း၊ အမျိုးသမီးများအတွက် ဘယ်ဘက်တွင်လည်းကောင်း အသီးသီး သစ္စာပြုအဓိဋ္ဌာန် ဆုတောင်းကြသည်။

စတုတ္ထအောင်မြေ ဖြစ်သော ခြေရာတစ်တောင် မောင်မဲခေါင်၏ အောင်မြေဂူမှာ စာရေးသူ ကိုယ်တိုင် အဓိဋ္ဌာန်ဝင်ဖူးသော နေရာဖြစ်သည်။

မောင်မဲခေါင် အဓိဋ္ဌာန်ဂူတွင် မှန်ကန်သော အချက်တစ်ခုတည်းပေါ် တွင် သစ္စာပြုအဓိဋ္ဌာန်ဆုတောင်းသူများ ထူးခြားစွာ အောင်မြင်ကြောင်း သိရပါ သည်။ လက်တွေ့ဖြစ်ရပ် အသေအချာ ရရှိထားပါသည်။

(၅) စတုသစ္စကရဏီအောင်မြေ - နောင်တော်ကြီးရှပ်ပွားတော် လိုဏ်ခံ စေတီတော်အတွင်း အရှေ့တောင် ဦးလူကလေးတန်ဆောင်းနှင့် ဦးကြွေလွှင် တန်ဆောင်းအကြား ခေါင်းလောင်း သုံးလုံးတန်းမှ ကပ်၍ဝင်ရသည်။ ဓာလ လေးပါး၊ သစ္စာလေးပါး၊ ဓာလကြီး

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းငြိ(၂)

ဒေါင်းငြိ(၃)

ဒေါင်းငြိ(၄)

ဒေါင်းငြိ(၅)

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းငြိုး(၄)

ဒေါင်းငြိုး(၅)



ဒေါင်းငြိုး(၀)

ဒေါင်းငြိုး(၆)

www.burmeseclassic.com

www.burmeseclassic.com

ဆေး အောင်ကိန်းဆင်ရာ အောင်မြေဌာနတစ်ခု ဖြစ်သည်။

(၅) ညောစခန်းအောင်မြေ-ပတ္တမြား အောင်မှက်ရှင်း ဝလက်ယှက် ဝလေးလုံး ရှုပ်ပွားတော်၊ စွယ်တော်တိုက်ရှေ့၊ သံတံတိုင်းအတွင်း ဓာတ်ယှက်၊ ဓာတ်တွဲ ဓာတ်သုဉ်းကိန်းဆင်ရာဌာန ဖြစ်သည်။

(၇) သတိပေးရာအောင်မြေ-သိကြား စောင်းပိုက်၊ မြောက်ဘက်အာရုံခံ မုခ်ဦး၏ အနောက်ဘက်၊ သံတံတိုင်းဝင်း အတွင်း သိဒ္ဓိအဓိဌာန် ညှိနှိုင်းသတိပေးရာ မလျှော့မတင်း စောင်းကြိုးညှင်း ဟူသော စကားနှင့်အညီ သတိပေးရာ အောင်မြေဌာန ဖြစ်သည်။

ထိုအောင်မြေနေရာတွင် အဓိဌာန်ဝင်၍ မထူးခြားသူများ၊ အဓိဌာန် မပြီးဆုံးသေးသူများအတွက် ဝင်ရောက် လေ့လာကျင့်ကြံသင့်သော အောင်မြေ နေရာတစ်ခု ဖြစ်ပါသည်။

(၈) မာန်ပြေ ရန်ပြေစခန်း အောင်မြေ - ပုံတော်ဦးစေတီတော်၊ ခြေသုံ့ထီးဆောင်း၊ ရန်ပေါင်းဖြိုခွင်း ခြေသုံ့လေးကောင်၌ ထီးဆောင်း၍ ဆုတောင်း အဓိဌာန်ပြုရပါသည်။

ရန်ရှိနေသူများ၊ အတိုက်အခံများနေသူများ၊ မဟုတ်မမှန်ဘဲ အစွပ်စွဲအဝေဖန် ခံနေရသူများ ရှိပါသည်။

ထိုသူများသည် ဤအဌမ အောင်မြေဌာနတွင် အောင်ခြင်းရှစ်ပါး ဂါထာတော်အား အဓိဌာန်ပုတီးစိပ်၍ ကျင့်ကြံ ပွားများပါက ဘေးရန်ကင်းဝေးခြင်း၊ အစစအရာရာ အဆင်ပြေခြင်း စသော အကျိုးတရားများ ရစေနိုင်မည့် အောင်မြေဌာနတစ်ခု ဖြစ်သည်။

(၉) သိဒ္ဓိရောပန စခန်းအောင်မြေ-အရဟံ သိဒ္ဓိ သိဒ္ဓိအရဟံ တစ်ဝဂူဘုရား အထက် မြောက်စောင်းတန်းဦး၌ ဓာတ်လှေကားအထွက် ဆုံစည်းရာ တောင်မြောက်တန်းနေသော ညီနောင်လိုဏ်ဂူဘုရား၊ နဝမမြောက် အောင်မြေ ဖြစ်သောနေရာတွင် အရဟံသိဒ္ဓိကို ပုတီးစိပ်၍ အဓိဌာန်ဝင်ရန် သင့်လျော်သည်။

အဓိဌာန်အောင်မြေ (၁၈)ဌာနရှိသော ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ရတနာသုံးပါးကို ကြည်ညိုလေးစားကြကုန်သော ကလျာဏ နွယ်ဝင် သူတော်စင်အပေါင်းတို့သည် မိမိတို့ စရိုက်ပါရမီ အသီးသီး အားလျော်စွာ သင့်လျော်သလို အဓိဌာန် ဝင်ရောက် နိုင်ကြပါသည်။

ပါရမီရှင်များအား အောင်မြေ (၉)ဌာနမှ ထာဝရလက်ကမ်းကြိုဆိုနေမည်ဖြစ်ပါကြောင်း။

ကိုသက်(ဒီးကုန်း)

ကျမ်းကိုး

(၁) အဂ္ဂပဒေသအောင်မြေ
အောင်ရဲတံခွန် (သီရိခေတ္တရာ)

www.burmeseclassic.com



ကျောဖြတ်ကြီး ဦးရေဝတ ပဏ္ဍိတကြားရတု ဘုရားပွဲတော်

မင်းဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

ဝါလကင်းလွတ် သီတင်းကျွတ်လ ရောက်သည်နှင့် မန္တလေးတိုင်း အမရပူရမြို့နယ် နန်းတော်ရာကွက်သစ် ရပ်ရှိ ဝိပဿနာ သန္တိသုခကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့သည့် ဆရာမြတ်ကြီး ဦးရေဝတအား ပူဇော်ပွဲတော်ကို သွားရောက်ရမည်ဟူသော အသိသညာက မနောအာရုံတွင် ဝင်ရောက်လာသည်။

မရွေးမနှောင်းပင် ဝိပဿနာ သန္တိသုခကျောင်းတိုက်မှ သီလရှင်တိုက်အုပ်ဆရာကြီး ဒေါ်မမွှန်မိုတက စာရေးသူ၏ ဇနီးအား ပွဲတော်သို့ လာရောက်မည့် နေ့ရက်၊ အချိန်တို့ကို မေးမြန်းလာကြောင်း သိလိုက်ရသည်။ ထို့ပြင် ယခုနှစ်သည် ပတ္တမြားရတုဖြစ်၍ စောစောလာစေလိုသည်ဟု Tiger Dance Group ၏ အကြီးအကဲဖြစ်သူက ပြောကြားကြောင်းလည်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်မှ ထွက်ခွာမည့် နေ့ရက်ကို ရွေးချယ်ကြရာ ၂၃-၁၀-၂၀၁၅ ရက်နေ့တွင် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။ ရထားစီးရသည်မှာ ဆန်ကောထဲ ဆီးဖြူသီးထည့်ကာ လိုမ့်သကဲ့သို့ အကြိမ်ကြိမ် ခံစားခဲ့ရဖူးသော်လည်း ယခုအခါ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းများကို ပြုပြင်လျက်ရှိသည် ဟူသော သတင်းစကားကို ယုံစားကာ အကောင်းမြင်မျှော်လင့်ချက်ဖြင့် မ. မ(မြန်မာ့မီးရထား) ကိုပင် အားပေးရန် ဆုံးဖြတ်ခဲ့ကြပြီး ရထားလက်မှတ် ဝယ်ယူရန် စီစဉ်ခဲ့ကြသည်။ ယခုနှစ်တွင် စာရေးသူ၏ ညီမဖြစ်သူလည်း ပူဇော်ပွဲတော်သို့ လိုက်ဖြစ်ခဲ့သည်။

ရထားလက်မှတ် ဝယ်ယူပြီးသည်နှင့် ၂၃-၁၀-၂၀၁၅ ရက်နေ့ ညနေ ၃ နာရီ အထူးအမြန်ရထားဖြင့် လာရောက်မည်ဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင်များထံသို့ အကြောင်းကြားခဲ့ကြသည်။

ရထားလက်မှတ် ဝယ်သည်မှ စကာ ၂၃-၁၀-၂၀၁၅ ရက်နေ့တွင် ရန်ကုန်-မန္တလေး အထူးအမြန်ရထား အထက်တန်းတွဲ အမှတ်-၂ ပေါ်ရှိ ထိုင်ခုံအသီးသီးသို့ အဆင်ပြေ ချောမွေ့စွာ ရောက်ခဲ့ကြသည်အထိ ညီ၊ ညီမများ၊ တူ၊ တူမများက ဂရုတစိုက် ပံ့ပိုးကူညီခဲ့ကြသည်။ အသက်အရွယ် ကြီးရင့်အိုမင်းလာသည့်အခါ ငယ်ရွယ်သူ ညီအစ်ကို မောင်နှမ ဆွေမျိုးအသိုင်းအဝိုင်းတို့၏ ဂရုတစိုက် ကူညီစောင့်ရှောက်မှု ခံရခြင်းနှင့် ပတ်သက်သည့် အကြောင်းအကျိုး ဆက်စပ်မှုကို ဆင်ခြင်စဉ်းစားသုံးသပ်မိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရထားထွက်ရန် ၅ မိနစ်အလို တွင် တူး တူမနှင့် မြေးများလည်း ရထားဘေးပေးခွာကာ လက်ပြန်ဝှေ့ဆော်ပြီး စကြိ အပြင်သို့ ထွက်သွားကြသည်။

ရထားတွဲမှာ တွဲဟောင်းဖြစ်သော်လည်း ထိုင်ခုံများကိုမူ အသစ်လဲထားသည်။ ဆိုဖာထိုင်ခုံနောက်မှိပေါ်တွင် အစိမ်းရောင်အစွပ်ကလေးများစွပ်ထားပြီး ပြတင်းပေါက်ခန်းစီးသစ်အစိမ်းရောင်လေးများဖြင့် သန့်ရှင်းသပ်ရပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုင်ခုံများမှာ ၂+၁ ခုခုံတန်းထားသဖြင့် ကျယ်ကျယ်ဝန်းဝန်းရှိသည်။ တွဲအနေအထားနှင့် ပတ်သက်၍ သင့်တင့်သည့် အနေအထား ရှိသည်ဟုပင် ဆိုရမည်။

ယခုအခေါက်တွင် ရထားစီးသည့် ခရီးသည်များမှာ ဝီရိယကောင်းကြသည်။ ရထားပေါ်တွင် စောစီးစွာပင် နေရာယူထားကြပြီး ဖြစ်နေသည်ကို တွေ့ရသည်။ တွဲပေါ်တွင် အများစုမှာ သက်ကြီးရွယ်အိုများဖြစ်သည်ကို သတိထားမိသည်။

၃ နာရီတိတိတွင် ရထားထွက်ခွာခဲ့သည်။ ရန်ကုန်ဘူတာကြီးမှ တာရိပ်ခိုင် ရွှေလှားကာ ရန်ကုန်-မန္တလေးအထူးအမြန် ရထားကြီး မောင်းနှင်ထွက်ခွာခဲ့သည်နှင့် တစ်ပြိုင်နက် စာရေးသူယည်း အနန္တငါးပါးကို ဦးထိပ်ပန်ဆင်ထာ ၅၂၈ သွယ် မေတ္တာဘာဝနာကို နောအာရုံဖြင့် ဖြန့်ကြက်ပို့သခဲ့သည်။

မေတ္တာပို့သပြီးနောက် ပေါ့ပါးဆန်းသော စိတ်အစဉ်ဖြင့် ပတ်ဝန်းကျင်တို့ အကဲခတ်ကြည့်မိသည်။ လမ်းဘေးဝဲယာမြင်ကွင်းများက တိုက်တာအဆောက်အအုံများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရသဖြင့် မွန်းကျပ်သက်သို့ ခံစားမိသည်။

ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာတွင် တရားမဝင် ဆောက်လုပ်ခြင်းများ၊ လိမ်လည်မှုများ ရှိနေသဖြင့် ဆွဲရှင်များ၊ ကြိုဖွိုင့်ဝယ်ထားကြသူများ စိတ်သောကရောက်နေကြသည့်သတင်းများကိုလည်းကြားသိရသဖြင့် 'လူအချင်းချင်း လှည့်ဖြားခြင်း ကင်းရှင်းကြပါစေ' ဟူ၍လည်းမေတ္တာပို့သဖြစ်ခဲ့သေးသည်။

ရထားမြန်နှုန်းမြင့်ကာ မော်ငး နေသော်လည်း ရထားတွဲမှာ ထူးထူးခြားခြား ခုန်ခြင်း၊ ခါခြင်းများ မရှိသေးသဖြင့် စိတ်သက်သာလျက်ရှိသည်။ လမ်းဘေးဝဲယာတွင် စိမ်းစိုသာမောသည့် လယ်တောပြင်ကျယ်ကြီးများကို တွေ့မြင်လာရသဖြင့်လည်းမွန်းကျပ်မှုများပြေပျောက်ခဲ့ပေပြီ။

သို့ရာတွင် မကြာမီပင် အရှေ့ဘက် ခေါင်းတွဲဆီမှ မီးခိုးလုံးများ မကြာခဏ အလိပ်လိုက်ထွက်လာသည်ကို တွေ့နေရသည်။ ဤဖြစ်စဉ်မှာ ပုံမှန်မဟုတ်၊ ချို့ယွင်းမှု တစ်စုံတစ်ခု ဖြစ်နေပြီဟု စာရေးသူ မှန်းဆမိသည်။ ဤသို့ဖြင့် ရွာသာကြီးဘူတာသို့ ရောက်သည်တွင် ရထားရပ်သွားသည်ကို သိလိုက်ရသည်။

နာရီကို ကြည့်လိုက်ရာ ၃ နာရီ မိနစ် ၄၀ ရှိပေပြီ။ ရထားဆက်မောင်း၍ မဖြစ်သောကြောင့် စက်ဖြင့်ဆရာ လှမ်းခေါ်ထားကြောင်း သတင်းကြားရသည်။ လမ်းခွဲများရှိသည့် ရွာသာကြီးဘူတာတွင် ရပ်ထားနိုင်သဖြင့် တော့်ပေသေးသည်။

မကြာမီပင် ရန်ကုန်မှလာသည့် မြို့ပတ်ရထားတစ်စီး လက်ဝဲဘက်လမ်းကြောမှ ရောက်ရှိလာကာ ရွာသာကြီးဘူတာတွင် ဆိုက်သည်။ ထိုရထားသည် ရွာသာကြီးတွင် ဂိတ်ဆုံးဟန်တူသည်။ ထို့နောက် ထိုရထားကိုပင် ခေါင်းတွဲပြောင်းချိတ်ကာ ရန်ကုန်ဘက်သို့ ပြန်လည် ထွက်ခွာသွားသည်ကို တွေ့ရသည်။

စာရေးသူတို့ စီးနင်းလာသည့် ရထားစက်ခေါင်းမှာ ပြင်၍မရသဖြင့် ခေါင်းတွဲလဲရမည်ဖြစ်ရာ ခေါင်းတွဲလွှတ်ပေးရန် တောင်းဆိုထားကြောင်း သတင်းရသဖြင့် စာရေးသူတို့လည်း ရထားပေါ်မှဆင်းကာ စကြိလမ်းပေါ်တွင် ခြေဆန့်လက်ဆန့် ဆင်းလျှောက်ရင်း ရွာသာကြီး၏ ညနေစောင်း ရှုခင်းအလှကို ကြည့်ရှုခံစားခဲ့ကြသည်။

မြသားကမ္ဘလာကဲ့သို့ စိမ်းစိုသာမော ကျယ်ပြောလှသည့် လယ်ကွင်းပြင်ကြီးအထက်တွင် နေစောင်းစ နေရောင်အောက်မှ ကောင်းကင်ပြာနောက်ခံထားကာ တရွေ့ရွေ့လွင့်မျောနေသည့် ဖြူလွလွတိမ်တိုက်များကို ကြည့်ရှုခံစားနေရသည်မှာ သဘာဝပန်းချီကားချပ်ကြီး တစ်ခုသဖွယ်ပင်။

ကွင်းပြင်ကျယ်ကြီးကို ဖြတ်ကာ ကြိမ်ဖန်များစွာ တိုက်ခတ်လာသည့် လတ်ဆတ်သန့်ရှင်းသော လေပြည်ညင်းကို ရှူရှိုက်နေရသဖြင့် ရထားရပ်ဆိုင်းနေရသည့် ဖြစ်ရပ်ကိုပင် ခေတ္တခဏာ မေ့လျော့နေမိသည်။

ရန်ကုန်ဘက်မှ ထွက်လာသည့် ရထားတစ်စင်း ရွာသာကြီးဘူတာသို့ ဆိုက်ရောက်လာသည်တွင်မှ သတိပြန်ရကာ ထိုရထားကို စူးစမ်းမိလိုက်သည်တွင် ရန်ကုန်မှ ညနေ ၅ နာရီက ထွက်ခွာလာသည့် မန္တလေး စာပို့ရထားဖြစ်ကြောင်း သိလိုက်ရသည်။

ထိုရထားသည် စာရေးသူတို့၏ မြင်ကွင်းကို ပိတ်ကာ ရပ်နားလာသည်ဖြစ်၍ စာရေးသူတို့လည်း မိမိတို့စီးနင်းလာသည့် ရထားတွဲပေါ်ပြန်တက်ကာ သက်သောင့်သက်သာ နားနေရင်း ခေါင်းတွဲအလာကို စောင့်ဆိုင်းခဲ့ကြသည်။ ထိုရထားသည်လည်း မကြာမီပင် မန္တလေးသို့ ဆက်လက်ထွက်ခွာသွားပေပြီ။ စာရေးသူတို့ကား စောင့်ဆိုင်းဆဲပင်။

၆ နာရီကျော်ကျော်တွင်မှ လဲလှယ် မောင်းနှင်မည့် စက်ခေါင်းရောက်ရှိလာသည်။ ၆ နာရီ မိနစ် ၃၀ တွင်မှ စတင်ထွက်ခွာနိုင်ခဲ့သည်။ ယခုလဲလှယ်မောင်းနှင်သည့် စက်ခေါင်းမှာလည်း သိပ်မကောင်းသဖြင့် အရှိန်လျော့ကာ ထိန်း၍မောင်းနှင်နေရသည်ဟုဆိုသည့်အလို ရထား ဆောင့်သည့်အခါ၊

www.burmeseclassic.com

www.burmeseclassic.com

ခါသည်ဒဏ်တို့ကို မူခါးသီစွာ မခံခဲ့ကြရပေ။

လင်ထွင်လည်း ဘူတာအတော်များများနီ ရပ်ခဲ့သဖြင့် မန္တလေးသို့ရထား အဝင် နောက်ကျမည်မှာ သေချာနေသည်။ သို့ဖြစ်၍ စာရေးသူတို့ရထား ပျက်နေသဖြင့် အဝင်နောက်ကျမည်ဖြစ်ကြောင်း ကျောင်းအကျိုးတော်ဆောင်များထံသို့ အကြောင်းကြားလိုက်ရသည်။

မန္တလေးဘူတာကြီးသို့ ဝင်ခါနီးတွင် နံနက် ၈ နာရီကျော်နေပေပြီ။ ထိုစဉ် ကျောင်းအကျိုးတော်ဆောင်ထစ်ဦးက စာရေးသူတို့၏ အခြေအနေကို မေးမြန်းလာသဖြင့် ဘူတာကြီးသို့ ဝင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဘူတာတွင် ဦးပဉ္စင်းသူရ လာကြိုမည်ဖြစ်၍ သတိထား ကြည့်ရှုရန် သတင်းပေးလာသည်။

သို့ဖြစ်၍ မန္တလေးဘူတာစင်္ကြံသို့ ရထားဝင်ရောက်သည်နှင့် သတိထားကာ ကြည့်ရှုခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဦးပဉ္စင်းသူရဂို စင်္ကြံပေါ်တွင် ဖူးတွေ့လိုက်ရသည်။

ရထား ရပ်သည်နှင့် အလုပ်သမား နှစ်ဦးဌားကာ ပစ္စည်းများကို သယ်စေခဲ့သည်။

"ကျောင်းက ကားတွေ မအားလို့ နီးစပ်ရာ ကားတစ်စီး ငှားခဲ့ရတယ်"ဟူသော ဦးပဉ္စင်းသူရ၏ မိန့်ကြားချက်ကို နားထောင်ရင်း ပျားပန်းခပ်မျှ များပြားလှသည့် လူအုပ်များကို တိုးဝှေ့ရှောင်ရှားကာ လိုက်ပါခဲ့ကြရာ ဦးပဉ္စင်း ငှားလာသည့် စူဇူကီးမိနီထရပ်ကားလေးရှိရာသို့ ရောက်ခဲ့ကြသည်။

ထိုကား မှောင်းသူမှာလည်း ကျောင်းတော်ကြီး၏ တပည့်ဒကာတစ်ဦးပင် ဖြစ်၍ ကျောင်းသို့အဝင်ခရီးမှာလည်း ချောမွေ့အဆင်ပြေခဲ့သည်။

ကျောင်းရှေ့ ရောက်သည်နှင့် "ပတ္တမြားရတု ပူဇော်ပွဲတော်" ဟူသော ကမ္ဘည်းစာတန်း ရေးထိုးထားသည့် ဝင်ပေါက်မုခ်ဦးကြီးကို တွေ့လိုက်ရသည်။



ဝိဃသနာသန္တိသုခကျောင်း ဝင်ပေါက်မုခ်ဦးနှင့် ကျောင်းအတွင်း မြင်ကွင်းအချို့

www.burmeseclassic.com

www.burmeseclassic.com

အသစ်တည်ဆောက်ပြီးသွားသည့် မိဂဒါဝုန်ကျောင်းတော်ကြီး

မိဂဒါဝုန်ကျောင်းတော်ကြီးအတွင်း မြင်ကွင်းများ

ကျောင်းပရိဝုဏ်အတွင်း ဝင်လိုက်မိသည်နှင့် ရင်တွင်းဝယ် ငြိမ်းအေးသည့် အရိပ်အငွေ့များ ခံစားလိုက်ရသည်။

သက်ဆိုင်ရာ အဆောင်မှူးများက စာရေးသူတို့အား အသိုးသီး နေရာစီစဉ်ပေးခဲ့ကြပြီးနောက် ခေတ္တခဏ နားခဲ့ကြပြီး ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)အား သွားရောက် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

ကျောင်းတော်ကြီးမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် စည်ပင်ဖွံ့ဖြိုးလျက် ရှိသည်ကို ဝမ်းမြောက်ကြည်နူးဖွယ်ရာ မြင်တွေ့ရသည်။ ယခုနှစ်တွင် ပတ္တမြားရတု ပူဇော်ပွဲတော်ဖြစ်သည့် အလျောက် အခမ်းအနားအပြင်အဆင်နှင့် အလှဆင်မီးမျိုးစုံ တပ်ဆင်ပူဇော်ထားသည်မှာ ပိုမိုထူးခြားနေသည်။

နှစ်ဖက်မိဘများအား အမှူးထားကာ ဒေါက်တာကျော်လင်းဦးနှင့် ဒေါက်တာကြည်ကြည်မျိုးတို့ လှူဒါန်းသည့် ယမန်နှစ်က ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ကြီးမှာလည်း ယခုအခါ အောင်မြင်စွာ ဆောက်လုပ်ပြီးစီးခဲ့ပြီး "မိဂဒါဝုန်ကျောင်းတော်ကြီး" အဖြစ် ဖြင့် တင့်တယ်ခမ်းနားစွာ ပေါ်ထွန်းလာခဲ့ပေပြီ။

ဗိနိုင်းပိုစတာ ကြော်ငြာတွင် ဖော်ပြထားသည့် အရွက်ဆွမ်း၊ နွေဆွမ်းနှင့် ညနေပိုင်း အချိုရည် အလှူရှင်များ စာရင်းအရ ပူဇော်ပွဲတော်မှာ သီတင်းကျွတ် လဆန်း ၇ ရက် (၂၀-၁၀-၂၀၁၅) မှ သီတင်းကျွတ် လပြည့်ကျော် ၃ ရက် (၃၁-၁၀-၂၀၁၅) အထိဖြစ်ကြောင်း သိလိုက်ရသည်။

ပင့်သံယာတော် ၅၅ပါး၊ကျောင်းရှိသံယာတော် ၂၅ ပါး၊ သီလရှင် ၂၄ပါးနှင့် ဆရာမြတ်ကြီးဦးရေတ (ဦးလှဘူး)၏ အနွယ်တော် ၅ ဦးတို့အတွက် အလှူရှင်များက သင်္ခါတရား ထက်သန်စွာ လှူဒါန်းထားသည့် ယပ်တောင်၊ ပဒေသာပင်များကိုလည်း တွေ့ရသည့် ယပ်တောင် တစ်ခုလျှင် အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com

လျော်ငြေရေးအစီအစဉ် မြင်ကွင်းများ

ကျောင်းတော်ဝင်းအတွင်း မြင်ကွင်းများ

ဝတ္ထုဌေးကျပ် တစ်သောင်းခွဲမှစကာ ကျပ် သုံးသောင်း၊ ငါးသောင်းဆုများ ပါဝင်ပြီး ကျပ်တစ်သိန်းဆုမှာ လေးဆု ပါဝင်ကြောင်း သိရသည်။

ကုန်းသာအဖွဲ့မှာ ကျောင်းသို့ အစောဆုံး ရောက်ရှိနေကြပြီး ကျောင်း အကျိုးတော်ဆောင်များနှင့် ပူးပေါင်း ကာ ဝေယျာဝစ္စကုသိုလ်များ ရယူနေ ကြသည်ကို တွေ့ရသည်။ ရန်ကုန်အဖွဲ့၊ ထိန်တောအဖွဲ့၊ မော်လမြိုင်အဖွဲ့တို့မှ လူစုံတက်စုံ မရောက်ရှိကြသေးသော် လည်း အလှူရှင်များ၊ ဒေသခံ ဧည့် ပရိသတ်များဖြင့်ပင် ပွဲတော်ကြီးမှာ စည် ကား သိုက်မြိုက်လျက် ရှိနေပေသည်။

ကျောင်းစည်းကမ်းအရ နံနက် ၅ နာရီတွင် နိဂြောဓရုံ ဘုရားကျောင်း ဆောင်တော်အတွင်း စုဝေးကြကာ ဘုရားဝတ်ပြုကြပြီးနောက် နာရီဝက်ခန့် တရားရွတ်ဖတ်ကြရသည်။ ပြီးမှ နံနက် အရုဏ်ဆွမ်းစားကြရသည်။သံဃာတော် များ၊ သီလရှင်များ၊ ဘဉ်းပေးသုံးဆောင် ပြီးမှ လူပုဂ္ဂိုလ်များ နံနက်စာ သုံးဆောင် ကြရသည်။

နောက်ပိုင်း နံနက် ၁၀ နာရီတွင် နိဂြောဓရုံဘုရားကျောင်းဆောင်တော် အတွင်း၌ စုဝေးကာ ဘုရားရှင် ကိုယ် တော်မြတ်အား ဆွမ်းတော် ကပ်လှူ ပူဇော်ကြသည်။ ဆွမ်းတော်ကပ်ပြီးသည် တွင် ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)က ဧည့်ပရိသတ်များအား နှုတ် ဆက် ဧည့်ခံစကား ပြောကြားသည်။

နံနက် ၁၁ နာရီတွင် သံဃာ တော်များနှင့် သီလရှင်များအား နေ့ ဆွမ်း ဆက်ကပ်သည်။ ပြီးလျှင် ဧည့် ပရိသတ်များအား နေ့လယ်စာ ဧည့်ခံ ကျွေးမွေးသည်။

နေ့လယ်စာ ဧည့်ခံကျွေးမွေးပြီး သည်တွင် အလှူရှင်များနှင့် ကြွရောက် လာကြသည့် ဧည့်ပရိသတ်များအား ဧည့်ဝတ်ပြုသည့်အနေဖြင့် အဆို၊ အက အနုပညာ ရှုစုံဖြင့် ဧည့်ခံဖျော်ဖြေခဲ့ ကြသည်။

www.burmeseclassic.com

ည ၇နာရီတွင် နိဂြောဓာရုံ
ကျောင်းဆောင်တော်အတွင်း၌ ဘုရား
ရှိခိုးကြပြီးနောက် ဝိပဿနာတရား
ကြီးချီနိုင်တွင် ဆရာကြီး ဒေါက်တာ
ချစ်ဆင်(ဒဿန)က ဆရာမြတ်ကြီး
ရေးထား ထံတော်ပါးတွင် ပညာသင်
ကြားလွှာဆည်းပူးခဲ့စဉ်က တွေ့ကြုံ
ခံစားခဲ့ရသည့် အတွေ့အကြုံများ
တရားဓမ္မများကို ညစဉ် ဟောကြား
ပြောကြားခဲ့သည်။

၂၅-၁၀-၂၀၁၅ ရက်နှင့် ၂၆-
၁၀-၂၀၁၅ ရက်နေ့များတွင် ရန်ကုန်၊
မြို့ထောနှင့် မော်လမြိုင်မှ ယောဂီအဖွဲ့
များ ခုံညီစွာ ရောက်ရှိလာကြသည်။
Tiger Dance Group လည်း ၂၆-၁၀-
၂၀၁၅ ရက်နေ့တွင် ရောက်ရှိလာသည်။
သို့ဖြစ်၍ ပူဇော်ပွဲတော်ကြီးမှာ
၂၅-၁၀ ရက်နေ့တွင် စည်ကားသိုက်မြိုက်လာကာ
၂၅-၁၀-၂၀၁၅ ရက်နေ့မှစကာ နေ့ရောညပါ Tiger Dance Group ၏ ဖျော်ဖြေ
ပေးသော အစီအစဉ်များ ပါဝင်လာသည်။ ဖျော်
ဖြေတင်ဆက်မှုများက ဆန်းသစ်လှပ
ပေါ်လွင်မွန်သဖြင့် ပရိသတ်များအကြိုက်
ပေးခြင်းတာ ဆုတော်ငွေ ဆီးမြှင့်မှုများ
ရရှိခဲ့ပြီး ရက်ရက်ရောရော ရှိလှသည်။
ပူဇော်ပွဲတော်၏ အဓိကနေ့ဖြစ်
သော ၂၈-၁၀-၂၀၁၅ ရက် သီတင်း
ကျွတ် လပြည့်နေ့တွင် နံနက် အရုဏ်
တက်ပြီးသည်နှင့် ဆရာမြတ်ကြီး
ကိုရောတ အဓိဋ္ဌာန်ဝင်ကာ တရား
ဟောဆုတ်တော်မူခဲ့သည့် လက်ဝါးတစ်
ဆောင်ရှူ ခေါ် ဓမ္မသိဒ္ဓိလိုက်ဂူအနီးတွင်
ရှုမြင်တော်ကြီး တည်ထားကိုးကွယ်တော်
မူခဲ့သော ဓမ္မသိဒ္ဓိစေတီတော်သို့ ဆရာ
ကြီး ဒေါက်တာချစ်ငယ်(ဒဿန) ၏
ဦးဆောင်မှုဖြင့် စုပေါင်းကာ သွားရောက်
ဖူးမြော်ခဲ့ကြသည်။ ထို့မှဆက်၍ ပုဂံ
ဒေသရှိ အနော်ရထာမင်းကြီး၏ မိဖုရား
ဖြစ်တော်မူခဲ့သည့် တည်ထားကိုးကွယ်ခဲ့သည့်
ဘုရားရှိစေတီတော်သို့လည်း သွား
ရောက် ဖူးမြော်ခဲ့ကြကြောင်းသည်။ ထို့
နောက် ကျောင်းသို့ ပြန်ခဲ့ကြသည်။



ပူဇော်ပွဲတော်ည မြင်ကွင်းများ

www.burmeseclassic.com

ကျောင်းသို့ ပြန်ရောက်ပြီး ရောဘ် ခြေစီစင် ပြင်ဆင် တင်သံ ထောင်များ ကြွရောက်တော်မူလာကြ သည်။ ထုခုနစ်တွင် တျမ်ဝန်းသည့် ဗီဝဒါဝုန် ကျောင်းဆောင်တော်ကြီး ဆောက်လုပ် ပြီးစီးသွားပြီဖြစ်၍ ပင့် သံဃာတော် ၅၅ ပါးတို့အား တစ်ချိန် တည်း တစ်နေရာတည်းတွင် တစ်ပြိုင် နက်တည်း ဆွမ်းဆက်ကပ်လှူဒါန်းနေ သည်ကို ဝမ်းမြောက်ကြည်နူးဖွယ် မြင် တွေ့ရသည်။

ဆွမ်းဆက်ကပ်ပြီးသည်နှင့် နဝ ကမ္မ ကျပ်ငွေ တစ်သောင်းငါးထောင်မှ ကျပ်ငွေ တစ်သိန်းအထိ ဗလာမပါ ကံစမ်းမဲများ ဆက်ကပ်ခဲ့ရာ ကံထူးသည့် သံဃာတော်တစ်ပါးအား ကျပ်ငွေ တစ် သိန်း ဆက်ကပ်ခွင့် ရလိုက်ကြောင်းနှင့် ကျန်သံဃာတော် ၅၄ ပါးတို့ကိုမူ ကျပ် တစ်သောင်းငါးထောင်ထက်မနည်းသော နဝကမ္မ ဝတ္ထုငွေများ မဲဖောက်ကာ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းနေသံဃာတော်များ၊ သီလရှင်များနှင့် ဆရာမြတ်ကြီး၏ အနွယ်တော်များကိုမူ နိဂြောဓာရုံ ကျောင်းဆောင်ရှေ့တွင် စုဝေးကာ ကံစမ်းမဲ အစီအစဉ်ကို ပျော်ပျော်ပါးပါး ဆင်နွဲခဲ့ကြရာ ကျန်ရှိသည့် ကျပ် တစ် သိန်း ဆုမဲ သုံးမဲကို သံဃာတော်တစ် ပါးက တစ်ဆု၊ သီလရှင်တစ်ပါးက တစ် ဆု၊ အနွယ်တော်တစ်ဦးက တစ်ဆုစီ အချိုးညီစွာ ကံထူးသူများအဖြစ် ရရှိခဲ့ ကြပြီး ကျန်ပုဂ္ဂိုလ်များမှာမူ အနည်းဆုံး ကျပ် တစ်သောင်းခွဲမှစကာ နဝကမ္မ ဝတ္ထုငွေများ ကံအချိုးကျ ခွဲတမ်းရရှိခဲ့ ကြသည်ကို ဝမ်းသာကြည်နူး လွန်မြင်ဖွယ် ရာ မြင်တွေ့ခဲ့ရသည်။

ထိုနေ့သည် ပူဇော်ပွဲတော်၏ ဖျော်ဖြေရေးအစီအစဉ် နောက်ဆုံးနေ့ ဖြစ်၍ Tiger Dance Group သည် နေ့ လယ်ပိုင်းတွင် လည်းကောင်း၊ ညပိုင်း တွင် လည်းကောင်း အားပါးတရ ကပြ ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။ ၂၉-၁၀-

ပူဇော်ပွဲတော်အတွင်း မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com



Tiger Dance Group ၏ စင်တင်ဖျော်ဖြေရေး ဥာဏ်မြင်ကွင်းများ

၂၀၁၅ ရက်နေ့တွင် နံနက်စာ စားပြီးသည်နှင့် Tiger Dance Group သည် ပုဂံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

ပြီးခဲ့သည့် နှစ်များက စာရေးသူတို့လည်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ခဲ့ကြသော်လည်း ယခုနှစ်တွင်မူ ထိုနေ့ညနေပိုင်းတွင် အမရပူရမြို့နယ် ဆင်ရွာ မြင်းမှူးကျေးရွာရှိ ဝေရောစန ကျောက်စိမ်းစေတီတော်ကို သွားရောက်ဖူးမြော်ပြီး ၃၀-၁၀-၂၀၁၅ ရက်နေ့ နံနက်စောစောတွင် အင်းဝနှင့် မင်းကွန်းဘက်သို့ သွားရောက် လေ့လာကြရန်နှင့် ညနေ ၃ နာရီ အထူးအမြန်ရထားဖြင့် ရန်ကုန်သို့ ပြန်ကြရန် စီစဉ်ထားကြသည်။

သို့ဖြစ်၍ ထိုအစီအစဉ်အတိုင်း ပင် အကောင်အထည်ဖော်ဖြစ်ခဲ့ကြသည်။

၂၉-၁၀-၂၀၁၅ ရက်နေ့ ညပိုင်းတွင် တရားပွဲလည်းမရှိ၊ ဖျော်ဖြေရေးအစီအစဉ်လည်း မရှိတော့ပေ။ ရပ်ထေးမှလာသည့် တပည့်ယောဂီ ဦးပရိသတ်အချို့လည်း အလှူအလှို့ နေရပ်အသီးသီးသို့ ပြန်သွားကြပေပြီ။ ၃၀-၁၀-၂၀၁၅ ရက်နေ့တွင် စာရေးသူတို့ အင်းဝဘက်မှ ပြန်ရောက်ချိန်တွင် ကျောင်းတော်ကြီး အတွင်း၌ ထူးထူးခြားခြား ပြောင်းလဲသွားသည်ကို သိမြင်ခံစားလိုက်ရသည်။ ယခင်ရက်များက ပူဇော်ပွဲတော်တွင် စည်စည်ကားကား ဖျော်ဖျော်ပါးပါး ပါဝင်ဆင်နွှဲရင်း ကုသိုလ်တရား ပွားများခဲ့ကြရာမှ ယခုအခါ ဆိတ်ငြိမ်အေးချမ်းသည့် ဝိပဿနာသန္တိသုခ ကျောင်းတော်ကြီး၏ အရိပ်အာဝါသအောက်သို့ ဝင်ရောက်ခို့လှုံလိုက်ရသည်မှာလည်း နှလုံးစိတ်ဝမ်းချမ်းမြေ့မှုကို ခံစားရသည်။

တောင်ထိပ်သို့ ရောက်ပြီးလျှင် တောင်အောက်သို့ ပြန်ဆင်းရမြဲဖြစ်သဖြင့် စာရေးသူတို့လည်း တောင်ထိပ် ရောက်ခဲ့ပြီးဖြစ်၍ တောင်အောက်သို့ ပြန်ဆင်းခဲ့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မမွေးမီဖိုးဖိုးဝုဝင်းပါက်

လိုဏ်ဂူတွင်း မြင်ကွင်းဆစ်ကွက်

ဓမွေးမီဦးစေတီတော်ရင်ပြင်

မမွေးမီဖိုးဖိုးဝုဝင်းပါက်

ပူဇော်ပွဲတော် ကာလအတွင်း စာရေးသူတို့အား အစစအရာရာ ကူညီစီစဉ်ပေးခဲ့ကြသည့် အကိုကြီးတော်ဆောင်များနှင့် ပူဇော်ပွဲတော် မှတ်တမ်းမှတ်ပုံများ ကူးပေးခဲ့သည့် ဝဏ္ဏ (မန်းတက္ကသိုလ်)တို့အား အထူးပင် ကျေးဇူးတင်ရှိကြောင်းနှင့် ဝိပဿနာသန္ဓိသုခကျောင်းတော်ကြီး၏ အရိပ်အာဝါသအောက် ဝင်ရောက်ခိုလှုံခဲ့ရစဉ်အတွင်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ခဲ့ရသည်များကို ပြန်လည်တသ သတိတရ ရှိနေမည် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

မင်းဂုဏ်

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလောင်းကြီးသည် အဆင်မာန် တက်တတ်ကြသည်၊ ဥစ္စာမာန်တတ် တတ်ကြသည်၊ ပညာမာန် တတ်တတ်ကြသည်၊ အမျိုးမာန် တက်တတ်ကြသည်၊ အလှဖြေအရံမာန် တက်တတ်ကြသည်။ ဤသို့ မာန်မာန အခုအခံထား ရှိကြသဖြင့် သံသရာဝယ် အတိတ်ဘဝ ဘဝများစွာတို့တွင် ကုသိုလ်ကောင်းမှု ကံပါရမီများ ဖြည့်ကျင့်ခဲ့ကာ ဧတဒဂ် ဆုပန်ခွင့်ရခဲ့ကြသည့် ပုဂ္ဂိုလ်များသည်ပင် ထိုမာန်မာန အခုအခံဖြစ်ပေါ် နေကြစဉ်အတွင်း ဘုရားနှင့် ဝေးနေတတ်ပါသည်။ တရားနှင့် ဝေးနေတတ်ကြသည်၊ မဂ်ဖိုလ်နှင့် ဝေးနေကြပေသည်။

ဂေါတမဘုရားရှင်၏ သာသနာဝယ် ဘုရားရှင်၏ တပည့်မ ဘိက္ခုနီတို့တွင် ဉာဏ်ပညာကြီးသည့်အရာဝယ် အသာဆုံး၊ အမြတ်ဆုံးအရာ၌ ထားရှိခြီးမြှင့်ခံရသူ ခေမာထေရီမကြီးသည် ပုထုဇဉ်ကာလ အစောပိုင်းအခိုက်တွင် အလှမာန်ယစ်ကာ ရုပ်အဆင်း၌ အပြစ်မြင်၍ ဟောတော်မူလေ့ရှိသော ဘုရားရှင်ထံ သွားရောက်ဖူးမြော်ခြင်း မပြုခဲ့ဘဲ ဘုရားနှင့်၊ တရားနှင့် ဝေးနေခဲ့ဖူးပေသည်။

စင်စစ်အားဖြင့် ခေမာမိဖုရားကြီးသည် ဧတဒဂ်ဆုပန် ဗျာဒိတ်ခံခဲ့ရသူဖြစ်ပေသည်။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်တွင် ခေမာထေရီလောင်းလျာ ခေမာမိဖုရားသည် ဟံသာဝတီပြည်၌ သူဌေးသမီးတစ်ဦး ဖြစ်ခဲ့သည်၊ ဘုရားရှင်၏ တရားကို နာကြားရသော် သဒ္ဓါတရားဖြစ်ရှိကာ သရဏဂုံတည်သူ ဥပါသိကာ ဖြစ်ခဲ့သူတည်း။

ထို့ကြောင့် မိဘတို့ကို ခွင့်ပန်၍ ဘုရားအမှုန်းပြုသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ဆွမ်းပြုစုလုပ်ကျွေး ဆက်ကပ်ခဲ့ပြီး ခုနစ်ရက်လွန်သောအခါ ပဒုမုတ္တရာဘုရားရှင်က သုဇာတာ ~~ဘေဒိမ်အား~~ ပညာဘေဒင်ရာထူးကို ~~ခန့်ထားတော်မူသည်ကို~~ ~~ကြွေကြွေနေသော~~ ~~အားကျကာ~~ ~~တစ်နှစ်ထပ်၍~~ **အဓိကာရ ဟောသူတုသိုလ်ပြုလျက် ပညာတေဒဂ် ဆုတို့ ပန်လျှောက်ခဲ့သည်။** ပဒုမုတ္တရာဘုရားရှင်ကလည်း ဗျာဒိတ်စကား မြွက်ကြားချီးမြှင့်တော်မူခဲ့သည်။

ထိုဘဝမှ စုတေခဲ့သော် လူပြည်၊ နတ်ပြည်တို့တွင်စုန်ဆန်ကျင်လည်ခဲ့ကာ ပါရမီပြည့်ကြောင်း ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးဖြည့်ကျင့်ခဲ့ပေသည်။

ဤသို့ကျင်လည်ခဲ့ရာတွင် ပဉ္စက နိပါတ် ဥရဂ်ဇာတ်၌ ဘုရားလောင်း ပုဏ္ဏား၏ဇနီး ပုဏ္ဏေးမအဖြစ် ခေမာထေရီလောင်းလျာကို တွေ့ရမည် ဖြစ်သည်။ ဗာရာဏသီပြည်၌ ငြဟ္မဒတ်မင်းမင်းပြုစဉ် ဂေါတမဘုရားလောင်းသည် ဗာရာဏသီပြည်၏ တံခါးရွာဝယ် လယ်လုပ်သူ ပုဏ္ဏားဖြစ်ခဲ့သည်။ ဇနီး ပုဏ္ဏေးမကား ခေမာထေရီလောင်းလျာသည် ရာဟုလာထေရ်လောင်းလျာ သားနှင့် ဥပ္ပလဝဏ်ထေရီလောင်းလျာ သမီးရှိသည်။ ကျွန်မဖြစ်သူ ခုဇ္ဇုတ္တရာလောင်းလျာနှင့် ခွေးမဖြစ်သူ အပါအဝင် အိမ်သား ခြောက်ဦးတို့ ချစ်ခင်စွာနေခဲ့ကြသည်။

ဘုရားလောင်းပုဏ္ဏားသည် မိမိ၏ မိသားစုဝင်တို့ကို ဒါနပြုစေသည်၊ သီလစောင့်ထိန်းစေသည်၊ သေခြင်း၌ အောက်မေ့ခြင်းကို ပြုစေသည်၊ မရဏာသတိကို နေ့ညဉ့်မလပ် မမေ့မလျော့ပွားများကြစေကုန်သည်။

တစ်နေ့သော် သားနှင့် အတူ အလုပ်လုပ်နေစဉ် တောင်ပို့တစ်ခုအနီးမှ အမှိုက်ပုံ မီးရှို့ရာ တောင်ပို့ထဲမှ မြွေကိုက်ခံရသဖြင့် သားဖြစ်သူ သေခဲ့သည်။ ငိုကြွေးပူဆွေးခြင်းမပြုဘဲ ပုဏ္ဏားသည် သား၏ရုပ်အလောင်းကို သစ်ပင်ရင်း၌ ထားပြီး ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏။ သေတတ်သော သဘောရှိသော ဝတ္ထုသည် သေ၏။ ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏။ သေခြင်းလျှင် အပြီးရှိတုန်း၏ဟု အနိစ္စကို ဆင်ခြင်လျက် အလုပ် ဆက်လုပ်ခဲ့သည်။

အနီးမှဖြတ်သွားသော အိမ်နီးချင်းကို ထမင်းလာပို့လျှင် တစ်ယောက် စာပို့ရန်၊ ကျွန်မ တစ်ဦးတည်းမဟုတ်ဘဲ မိသားစုဝင်အားလုံးလာရန် အမှာစကား ပါးလိုက်သည်။ ဇနီးခေမာထေရီလောင်း ပုဏ္ဏေးမသည် လင်ဖြစ်သူ၏ အမှာစကား ကြားလျှင် သားဖြစ်သူသေပြီဟု သိသော်လည်း တုန်လှုပ် ပူဆွေးခြင်း မဖြစ်ဘဲ မိသားစုများနှင့်အတူ လယ်ထဲသို့ သွားကြသည်။ မည်သူမျှ ငိုကြွေးခြင်း မပြု။ မရဏာသတိကိုပွားရင်း သား၏ ရုပ်အလောင်းရှိရာ အပင်ရင်းတွင် စားသောက်ကြပြီး သား၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။

ထိုသူတို့၏ သီလ အာနုဘော်ကြောင့် သိကြားမင်းသည် သီသွားခဲ့သော် ချီးမြှင့်ပူဇော်ရင်း တရားစကား ကြားနာရန် မိသားစု ရှိရာသို့ လာခဲ့သည်။ အကျိုးအကြောင်းကို မေးမြန်းရင်း မိသားစုဝင်တို့သည် ချစ်ခင်လှစွာသော မိသားစုဝင်တစ်ဦး သေဆုံးခြင်း၌ အဘယ်ကြောင့် မငိုကြပါသနည်းဟု မေးခဲ့သည်။ ဘုရားလောင်းပုဏ္ဏား၊ ဇနီး ပုဏ္ဏေးမ၊ သမီး၊ ခွေးမ၊ ကျွန်မတို့က အသီးသီး မိမိတို့၏ မငိုရသည့်အကြောင်းကို ပြန်ကြားပြောဆိုခဲ့ကြသည်။

ဤတွင် ခေမာထေရီလောင်းလျာ မိခင်ပုဏ္ဏေးမ၏ သားသေခြင်း၌ မငိုရခြင်းအကြောင်း ပြောဆိုခြင်းအား ဖော်ပြအပ်ပါသည်။ မိသားစုဝင်အားလုံး၏ ပြန်ကြားချက် တရားစကားများကို ငါးရာငါးဆယ်ဇာတ်တော်ကြီး ပဉ္စက နိပါတ် ဥရဂ်ဇာတ်တွင် အကျယ်ဖတ်ရှုကြည့်ရှုနိုင်ကြပါသည်။

မိခင်ဖြစ်လျက် သားဖြစ်သူ၏ သေခြင်း၌ မငိုရခြင်း အကြောင်းကို သိကြားမင်းအား မိခင်ပုဏ္ဏေး(ခေမာထေရီလောင်းလျာ)က ဥဒါဟာဖြင့် ပြောခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"အနဗ္ဓိတော့တော့ အာဂါ၊ ဘာသညာတော့ ကွတော့ ဂတော့။

ယထာဂတော့ တထာ ဂတော့၊ အတ္ထိ တာ ပရိဝေဒနာ"

"ငါ့ဇီသားသည် မခေါ်ဘဲ ထိုဘဝတစ်ပါးမှ ငါတို့၏အိမ်သို့လာ၏။ ခွင့်တောင်းဘဲ ဤလူ့ပြည်မှ ဘဝတစ်ပါးသို့ သွား၏။

အလိုအလျောက် လာသကဲ့သို့ သွားတဲ့အတူ အလိုအလျောက်သွား၏။ ထိုအလိုအလျောက် ဘဝတစ်ပါးလားရာ၌ ပြန်တွေ့ခြင်းသည်ကား အဘယ်အကျိုးရှိအံ့နည်း"

"ဒုယ္ဘဝံနော နဂဟာတိ၊ ဘာတိန် ပရိဒေဝိတံ။

တသ္မာဧတံ နသောစာမိ၊ ဧတ္တာ သော တံသဿ ယာ ဂတိ"

"မီးဖုတ်အပ်သော သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိ၊ ထို့ကြောင့် ထိုသားကို မစိုးရိမ်၊ ထိုသား၏ အကြောင်းဂတိသည်ရှိ၏၊ ထိုသားသည် ထိုဂတိသို့လား၏"

ဤသို့အားဖြင့် သိကြားမင်းသည် အလုံးစုံသော မိသားစုဝင်တို့၏ ထာရာစကားကိုကြား၍ ကြည်ညိုခြင်းရှိသောကြောင့် မိသားစုဝင်အား မမေ့မလျော့ မရဏသတိကိုပွားများ၍ ယခုမှစ၍ မိမိတို့လက်ဖြင့် အမှုပြုရန်မလိုတော့ဘဲ မိမိသိကြားနတ်မင်းက ရတနာခုနစ်ပါးကို ပေးမည်။ ဒါန သီလ ဘာဝနာ အလုပ်တို့ကိုသာ မမေ့မလျော့ပြုကြပါဟုပြော၍ ရတနာဥစ္စာများ ပေးထား နတ်ပြည်သို့ပြန်ခဲ့သည်၊

သတ္တကနိပါတ် ကုက္ကုဝဂ် မနောဇောတ်တွင် ခေမာထေရီလောင်းလျာသည် ဘုရားလောင်း ခြင်္သေ့မင်းနှင့် ယသောဓရာလောင်း ခြင်္သေ့မတို့၏သား ဇဂါတမဘုရားရှင် လက်ထက်တောင်းသောမိဘ်ဆွေနှင့် ပေါင်းဖော်သဖြင့် ဘုရားရှင်က ဆုံးမတော်မူရသော ရဟန်းလောင်းလျာ၊ မနောဇခြင်္သေ့၏ မယား ခြင်္သေ့မအဖြစ် တွေ့ရပါသည်။

ထိုစဉ်သော ရှေးကာလ၌ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားလောင်း ခြင်္သေ့နှင့် ယသောဓရာလောင်း ခြင်္သေ့မတို့တွင် ဥပ္ပလဝဏ်ထေရီလောင်းသမီး ခြင်္သေ့မနှင့် မနောဇဟူသော သားခြင်္သေ့တို့ မွေးခဲ့သည်။ အရွယ်ရောက်သော် သားခြင်္သေ့ မနောဇကို ခေမာထေရီလောင်းလျာ ခြင်္သေ့မနှင့် ယူစေသည်။ မနောဇခြင်္သေ့သည် မိဘ နှမနှင့် မယားကို ရှာမှေ့လုပ်ကျွေးခဲ့သည်။ တစ်နေ့တွင် မိမိထံ ခိုဝင်လာသော မြေခွေးကို လက်ခံခဲ့သည်။ မိဘတို့က မြေခွေးသည် ယုတ်မာ၏၊ သီလမရှိ၊ မကောင်းသည်ကို ဖြစ်စေသည်ဟု ပြောကာ လက်မခံရန်တားသော်လည်း မရ။

တစ်နေ့တွင် မြေခွေး၏စကား အရ မြစ်ဆိပ်သို့ ရေချိုးလာသော မြင်းကို သတ်စားခဲ့သည်။ မိဘတို့က မြင်းသည် မင်းတို့၏ ယာဉ်ဖြစ်၍ နောင် မြင်းကို မဖမ်းရန်နှင့် အန္တရာယ် ဖြစ်လိမ့်မည်ဟု တားမြစ်ကြသဲ့သည်။ မနောဇက မနာခံခဲ့ချေ။

မင်းသည် သူ၏မြင်းများ အန္တရာယ်ကင်းရန် နေရာအမျိုးမျိုး အစီအမံအမျိုးမျိုးပြုခဲ့သော်လည်း မဲနောဇခြင်္သေ့က ရန်ပြုမြဲ ပြုနေရာ လေးအကျော်အမော် တစ်ဦးကိုခေါ်၍ ခြင်္သေ့အား ပစ်သတ်ရန် စီမံတော့သည်။ လေးသမားသည် ခြင်္သေ့က မြင်းဆီသို့ အလာတွင် မပစ်ဘဲ မြင်းကိုယူပြီး ပြန်အထွက်တွင် ပစ်ခဲ့သည်။ ခြင်္သေ့သည် မြားဒဏ်ခံရကြောင်းသိလျှင် မြွေခွေး ထွက်ပြေးစွန့်ခွာသွားတော့သည်။ မနောဇ ခြင်္သေ့သည် ဒဏ်ရာကြီးနှင့် မြင်းကို မိသားစုရှိရာ လိုဏ်ဂုဟဝယ်သို့ ရောက်အောင်ယူခဲ့ပြီး လဲကျသေဆုံးသွားခဲ့သည်။

မနောဇ၏ ရုပ်အလောင်းကို ကြည့်၍ အမိ၊ အဖ နှမ၊ မယားတို့သည် ယုတ်မာသော အဆွေခင်ပွန်းကိုမှီ၍ အကျိုးယုတ်ရပေသည်ဟု သံဝေဂဖြစ်ခဲ့ကြသည်။

ဂေါတမဘုရားရှင်သည် ယုတ်မာသူတို့နှင့် ပေါင်းက ပျက်စီးတတ်ကြောင်း၊ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းရမည်ဖြစ်ကြောင်း ဇာတ်တော်အတွက် အဆုံးဂါထာကို ဟောတော်မူခဲ့သည်။

"နဟိယတိ ပုရိသော နဟိနာ သေဝီ၊ နစ ဟာယေထ ကဒါစိ တုလ္ယ သေဝီ။ သေဋ္ဌ မုပဂမံ ဥဒေကိ ခိပ္ပံ၊ တသ္မာ အတ္တာနော ဥတ္တိရိတရံ ဘဇေထ"

"ရဟန်းတို့-ယုတ်မာသော သူကို မှီဝဲသောယောကျ်ားသည် ယုတ်မာ၏၊ တူသောသူကို မှီဝဲသော ယောကျ်ားသည် တစ်ရံတစ်ဆစ်၌ မယုတ်မာရာ၊ မြတ်သောသူကို ဆည်းကပ်သော သူသည် လျင်စွာ သီလအစရှိသောကျေးဇူးတို့ဖြင့် ပွား၏၊ ထို့ကြောင့် မိမိထက် သီလ စသည်ဖြင့် လွန်မြတ်သောသူကို ဆည်းကပ်မှီဝဲကြကုန်လော့"

ဂါထာအဆုံးတွင် မနောဇခြင်္သေ့ဖြစ်ခဲ့သော မလိမ္မာသော ရဟန်းသည် သောတာပန်ဖြစ်၏။

ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်၌ ကျောက်မောင်းဆင်၍ ဘုရားရှင်အား လုပ်ကြံရာ မဇ္ဈောရဗြင်သော် အဇာတသတ်မင်း၏ ကြမ်းတမ်းဆိုးသွမ်းသော နာဠာဂီရိဆင်ကို အရက် တစ်ဆယ့်ခြောက်အိုးတိုက်ကာ မူးယစ်စေပြီး ဘုရားရှင် ဆွမ်းခံကြွတော်မူရာ လမ်းထဲသို့ ဆင်ကိုလွှတ်ပေးကာ ဘုရားရှင်အား နှင်းသတ်စေခဲ့ပြန်သည်။

ထိုအခါ ဘုရားရှင် ဆွမ်းခံကြွရာလမ်းတွင် မည်သူမျှ မနေရဲတော့ဘဲ အရှင်သာရိပုတ္တရာအစပြုသော တပည့်သာဝက အားလုံးက ဘုရားရှင်အား ပြန်နှင့်ရန် တောင်းပန်လျှောက်ထားခဲ့ကြသည်။ ဘုရားရှင်ကလက်မခံသဖြင့် အရှင်အာနန္ဒာထေရ်သည် ဘုရားရှင်၏ရှေ့တွင် ဝင်ရပ်ပြီး ဆင်သည် မိမိအား သတ်ပြီးမှ ဘုရားရှင်အား ထိခိုက်ရမည်ဟု ဘုရားရှင်အတွက် အသက်ပူန်

www.burmeseclassic.com

ရန် ပြုလုပ်ခဲ့သည်။ ဘုရားရှင်က သုံးကြိမ်တိုင် ဖယ်ရန် ပြောသော်လည်း အရှင်အာနန္ဒာက မဖယ်သဖြင့် တံနှိုးတော်ဖြင့် ဖယ်တော်မူခဲ့သည်။

ထို့နောက် မူးယစ်ရမ်းကားနေသော နာဠာဂိရိဆင်အား ရင်ဝယ်သားကဲ့သို့ မေတ္တာစိတ်ကို ဖြန့်ကြက်တော်မူကာ ဆင်ဆိုးအား နူးညံ့သိမ်မွေ့ ယဉ်ကျေးစေခဲ့ပါသည်။ ဤသို့ဖြင့် ဘုရားရှင်အတွက် အရှင်အာနန္ဒာထေရ်သည် အသက်စွန့်ကြိုးစားခဲ့သည်ကို ရဟန်းရှင်လူတို့ ပြောစမှတ် ပြုခဲ့ကြသည်။ တရားသဘင်၌လည်း ရဟန်းတို့ ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာကာ အကြောင်းကိုသိလျှင် ယခုငါတော် ဘဝတို့တွင်လည်း ဘုရားလောင်းအား အသက်စွန့်ကယ်ခဲ့ဖူးကြောင်း ဇာတ်တော်များကို ဟောကြားပေးတော်မူခဲ့သည်။

ထိုဖြစ်တော်စဉ်တို့တွင် ခေမာထေရီလောင်းလျာခေမာမိဖုရားကြောင့် အန္တရာယ်ဖြစ်ရသည့် ဘုရားလောင်းအား အရှင်အာနန္ဒာလောင်းလျာက အသက်စွန့်ကယ်ခဲ့ခြင်းကို သိရှိကြည်ညိုနိုင်ပါသည်။ ဇာတ်တော်ဖြစ်စဉ်များသည် တစ်ခုနှင့် တစ်ခု အတော်ပင် ဆင်တူနေသည်ကိုလည်း တွေ့ရပါမည်။

ထိုအထဲတွင် အသီတိနိပါတ်လာ စူဠဥမ္မဂ်ဇာတ်တွင်မူ ခေမာထေရီလောင်းလျာ မပါဝင်ဘဲ ဘုရားလောင်း ဟသ်မင်းသည် မုဆိုးကျောက်ဂွင်း၌ မိခင်ရစဉ် ဟသ်စစ်သူကြီးဖြစ်သူ အရှင်အာနန္ဒာလောင်းလျာ သုမုခစစ်သူကြီးက အသက်စွန့်ကယ်ခဲ့ရသည်။

ကျန်သော ဇာတ်တော်စဉ်သုံးခုတွင် ခေမာထေရီလောင်းလျာ ခေမာမိဖုရား၏ ပယောဂကြောင့် ဘုရားလောင်းသည် မုဆိုး၏အဖမ်းခံခဲ့ရသဖြင့် အရှင်အာနန္ဒာလောင်းလျာက အသက်စွန့်ကယ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ဝိသတိနိပါတ်လာ ရောမာဇာတ်တွင် ခေမာထေရီလောင်းလျာ ခေမာမိဖုရား၏ ချင်ခြင်းပြည့်စေရန် အဦးခံရသော မုဆိုး၏ကျောကွင်းတွင် အဖိခံရသော ဘုရားလောင်း ရွှေသမင်မင်းအား အရှင်အာနန္ဒာလောင်းလျာ ရွှေသမင်မင်း၏ ညီတော် စိတ္တသမင်က အသက်စွန့် ကယ်ခဲ့ရသည်။

လွန်ခဲ့သော ကာလတစ်ခုက ဘာရာဏသီပြည်တွင် အရှင်သာရိပုတ္တရာလောင်းလျာ ငြဟဒတ်မင်း အုပ်စိုးခဲ့သည်။ မင်း၏ ခေမာမိဖုရားကား ခေမာထေရီလောင်းလျာတည်း။

ထိုအခါက ဂေါတမ ဘုရားလောင်းသည် ဟိမဝန္တာအာရဝ်၌ ရောဟဏ ရွှေသမင်မင်းဖြစ်ခဲ့ကာ သမင်ရှစ်သောင်းခြံရံလျက် မျက်မခြင်မိဘတို့အား လုပ်ကျွေးမွေးမြူနေခဲ့သည်။ ညီတော် စိတ္တသမင်က အရှင်အာနန္ဒာလောင်းလျာဖြစ်သည်။ ညီမ သုတနာသမင်မကား ဥပ္ပလဝဏ်ထေရီ လောင်းလျာတည်း။ ဘာရာဏသီပြည်အနီး ရွာတစ်ရွာနေ မုဆိုးတစ်ဦးသည် ဘုရားလောင်း ရွှေသမင်ကိုမြင်ခဲ့ရာ သားဖြစ်သူ ဆန္ဒထေရ်လောင်းလျာ မုဆိုးအား အသိပေးထားခဲ့သည်။

တစ်နေ့၌ ခေမာထေရီလောင်းလျာ ခေမာမိဖုရားသည် အိပ်မက်မက်ခဲ့သည်။ ရွှေသမင်တစ်ကောင်သည် ရွှေအင်းပျဉ်၌ နေကာ သာယာကြည်ညိုဖွယ်အသံဖြင့် မိမိအား တရားဟောခဲ့သည်။ တရားဟောၿီး မပြီးမီ ရွှေသမင်ပြန်ထွက်သွားသဖြင့် ရွှေသမင်ကို ဖမ်းကြပါ၊ ဖမ်းကြပါဟု အော်ရင်း နိုးလာခဲ့ရသည်။ ရဲရွေများက မိဖုရားကြီး၏သမင်အဖမ်းခိုင်းခြင်းကို ကျိစယ်ပြက်ရယ်ခဲ့ကြသည်။ ခေမာမိဖုရားသည် တကယ့် ရွှေသမင်တစ်ကောင်၏ တရားကို နာကြားလိုသော ချင်ခြင်းဖြစ်ကာ ဆန္ဒပြည့်ရန် ဥပါယ်တံမျဉ်သုံး၍ နာဟန်ပြုခဲ့သည်။ မင်းကမေးရာ ရွှေသမင်၏ တရားကို နာယူလိုကြောင်း၊ နာယူခွင့် မရလျှင် သေရလိမ့်မည်ဖြစ်ကြောင်း မိဖုရားက လျှောက်တင်ခဲ့သည်။

မင်းသည် ရွှေသမင်အကြောင်းကို စုံစမ်းသော် ဖခင်ဖြစ်သူ အိသိပေးထားခဲ့သဖြင့် ဆန္ဒထေရ်လောင်းလျာ မုဆိုးထံမှ ရွှေသမင်အကြောင်း သိရသော် အဖမ်းခိုင်းခဲ့သည်။ သို့နှင့် မုဆိုးသည် ဟိမဝန္တာသို့ဝင်ကာ ရွှေသမင်ရေသောက်ဆင်းရာတွင် ကျောကွင်းထောင်ခဲ့သည်။ ဘုရားလောင်း ရောဟဏသမင်မင်းသည် ကျောကွင်း၌ အဖိခံခဲ့ရသည်။ ငယ်သားများ ကြောက်လန့်ပြေးလွှားကာ အန္တရာယ်မဖြစ်ရန် ကြိတ်၍ ရုန်းကန်ခဲ့ရာ အရေအသားအကြောတို့ဖြတ်ပြီး ကျောသည် အရိုးထိတိုင်ခဲ့သည်။ အခြားသမင်များ ရေသောက်ဆင်းပြီးမှ ပြင်းစွာအသံပြု၍ သမင်များ ပြေးသွားကြသည်။

ညီတော် အရှင်အာနန္ဒာလောင်း စိတ္တသမင်နှင့် နှမ ဥပ္ပလဝဏ်လောင်း သုတနာ သမင်မတို့သည် အစ်ကိုဖြစ်သူကို ပြေးနေရာတွင်မတွေ့၍ အန္တရာယ်ကြုံပြီဟုသိပြီး ဘုရားလောင်း ရွှေသမင်မင်းရှိရာသို့ ပြန်လာခဲ့ကြသည်။ ဘုရားလောင်းသည် ညီနှင့် နှမကို နှင်လွှတ်သော်လည်း နောင်တော်ဖြစ်သူနှင့်အတူ အသက်စွန့်နေပါမည်ဟု ပြန်ပြောကာ ထွက်မပြေးခဲ့ကြချေ။ မုဆိုးရောက်လာသော် နှမ သမင်ဗသည် သေဘေးကို ကြောက်၍ အနည်းငယ်သောအဝေးသို့ ပြေးမိခဲ့သော်လည်း ပြန်လာကာ အစ်ကို၏ဘေးတွင် နေခဲ့သည်။

ဆန္ဒထေရ်လောင်းလျာ မုဆိုးသည် ရွှေသမင်တို့ကိုမြင်သော် မေတ္တာစိတ်ဖြစ်ကာ ညီအစ်ကိုကဲ့သို့ မှတ်ထင်မိလျက် ရွှေသမင်ကို မစွန့်ဘဲ အတူနေကြသော သုံးဦးသားသည် ညီအစ်ကို နှမတို့ ဖြစ်ကြောင်းသိသော် မုဆိုး၏စိတ်သည် ပို၍ နူးညံ့သွားတော့သည်။ ဤတွင် ညီတော်အရှင်အာနန္ဒာလောင်း စိတ္တသမင်က မုဆိုးအား အစ်ကို့ ဇာတ်ရွှေသမင်သည် မျက်မခြင် မိဘတို့ကို လုပ်ကျွေးနေသူ ဖြစ်ကြောင်း နူးညံ့သောစိတ်နှင့် ကြင်နာသောပညာ

www.burmeseclassic.com

ကြောင်း အကျင့်သိလနှင့် ပြည့်စုံသူ ကြောင်း၊ ဤရွှေသမင်ကိုသတ်လျှင် သူဌေးသောသူကို သတ်သကဲ့သို့ဖြစ် ကြောင်း၊ ထို့အကြောင့် အသက်ငါး ဆယ်ကို တိုယ်စားပြုသူ အစ်ကို ရွှေ သမင်အား လွှတ်ပေးရန် ပြောခဲ့သည်။

မုဆိုးက မိဘကို လုပ်ကျွေးသော ရွှေသမင်အား ကြည်ညိုစိတ်ဝင်ကာ သူ၏ ဆုလာဘ်ကို အလိုမရှိတော့၊ သူ တောင်းအား မပြစ်မှားထိုက်ဟု ယူဆကာ ရွှေသမင်တို့အား လွှတ်ခဲ့ ရွှေသမင်အား ပြုစုကုသပေးရာ ရွှေသမင်၏ မေတ္တာစိတ် အာနုဘော်နှင့် ဘုရားလောင်း၏ ပါရမီတော် အာနုဘော်တို့ကြောင့် ဘုရားလောင်း ရွှေသမင်၏အနာ ပျောက်ကင်းသွားခဲ့သည်။

ဘုရားလောင်းက မုဆိုးအား မိမိ အား ဖမ်းရခြင်းကိုမေးရာ ခေမာမိဖုရား က တရားနာလိုသဖြင့် ဖမ်းရကြောင်းသို့ မုဆိုးကို မိမိအား မင်းထံခေါ်သွား ရန် ပြောခဲ့သည်။ မုဆိုးက မင်းတို့သည် ကြည်ညိုတတ်၍ စိတ်အလိုကို သိနိုင်ခဲ သည်ဖြစ်၍ ချမ်းသာရာသို့သာ သွားရန် ဆုံးမပေးခဲ့သည်။ ထို့အခါ ဘုရား လောင်းက မုဆိုးအား ချီးမြှင့်လိုသဖြင့် ဆောက်ကုန်းအား လက်ဖြင့်သပ်စေ ရွှေအဆင်းနှင့်တူသော အမွေးတို့ ကိုထားကာ မင်းနှင့် မိဖုရားအားပြပြီး ဘုရားဟောလော့ဟု ဆိုကာ မုဆိုးကို ဘွဲ့ရ မဟာရာဇ အစရှိသော ဓမ္မ ဆရာ ဆယ်ဂါထာကို သင်ပေးကာ သီလကိုဆောက်တည်စေပြီး မမေ့ ဆော်တည်ရန် ဆုံးမ၍ လွှတ် လိုက်သည်။

မုဆိုးသည် မင်းထံရောက်သော် ရွှေသမင်အမွေးတို့ကို ပြ၍ ညီတော်၊ ဆွေတော်တို့က အစ်ကိုအတွက် အသက် ရှည်း ရွှေသမင်မင်း၏ မိဘကို လုပ်ကျွေး သည့်ဂုဏ်၊ သီလဂုဏ်၊ ပညာဂုဏ်တို့ အား ချီးကျူးထုတ်ဖော် ပြောဆိုကာ ရွှေသမင်မင်း သင်ပေးလိုက်သော တရားဂါထာတို့ကို မင်းနှင့် မိဖုရား တို့အား ဟောခဲ့ရာ မိဖုရား၏ ချင်ခြင်း ပြေခဲ့သည်။ မင်းက ဆုလာဘ်များ ပေး သော်လည်း ဆန္ဒထေရ်လောင်းလျာ မုဆိုးသည် မယူဘဲ ဟိမဝန္တာသို့ဝင်ကာ ရဟန်းပြု၍ သမာပတ်ရှစ်ပါးတို့ကို ဖြစ် စေ၍ စုတေသော် ပြဟ္မာပြည်သို့ လားခဲ့ သည်။ မင်းသည်လည်း ဘုရားလောင်း ၏ အဆုံးအမ၌တည်ကာ နတ်ပြည်သို့ လားခဲ့သည်။ ဘုရားလောင်း ရွှေသမင် ၏ အဆုံးအမ ဩဝါဒသည် အနှစ်တစ် ထောင်ပတ်လုံး တည်ခဲ့သတည်း။

ဝိသတိနိပါတ်လာ စူဠဟံသ ဇာတ်နှင့် အသီတိနိပါတ်လာ မဟာ ဟံသဇာတ်တို့၌လည်း ခေမာထေရီ လောင်းလျာ ခေမာမိဖုရားတို့၏ အိပ် မက် ချင်ခြင်းကြောင့် ဘုရားလောင်း ရွှေဟင်္သာမင်းတို့သည် အဖမ်းခံခဲ့ရပြီး ဟင်္သာစစ်သူကြီးများဖြစ်ကြသော အရှင် အာနန္ဒာလောင်းလျာတို့က အသက်စွန့် ၍ ကယ်ဆယ်ခဲ့ရပုံကို တွေ့ရမည် ဖြစ်ပါသည်။

ဤဇာတ်တော်နှစ်ခုသည် ဖြစ်စဉ် တို့မှာ တူလုနီးပါးပင်ဖြစ်သည်။ အရှင် သာရိပုတ္တရာလောင်းလျာ ဗာရာဏသီ မင်းတို့၏ အမည်တို့သာ ကွဲပြားခဲ့သည်။ စူဠဟံသဇာတ်တွင် ဗဟုပုတ္တကမင်းဖြစ် ၍ မဟာဟံသဇာတ်တွင်မူ သံယမမင်း ဟု လာပါသည်။ ခေမာထေရီလောင်း မိဖုရားမှာမူကား ခေမာမိဖုရားပင်ဖြစ်ခဲ့ သည်။ မုဆိုးမှာလည်း ဆန္ဒထေရ် လောင်းပင်ဖြစ်သည်။ အသက်စွန့်ကယ် ခဲ့သော ရွှေဟင်္သာစစ်သူကြီးမှာလည်း သုမုခပင် ဖြစ်သော အရှင်အာနန္ဒာ လောင်းလျာ ဖြစ်သည်။ ဘုရားလောင်း ရွှေဟင်္သာမင်းတို့၏ အမည်မှာလည်း ဓတရဋ္ဌပင် ဖြစ်ခဲ့သည်။

ခေမာထေရီလောင်း ခေမာမိ ဖုရား အိပ်မက်မက်၍ ဘုရားလောင်း ရွှေဟင်္သာမင်း၏တရားကို နာနေစဉ် အိပ်မက်မှန်း၍ မိဖုရား တရားနာလို သော ချင်ခြင်းဖြစ်ပုံ၊ လင်ဖြစ်သူမင်း အား ပရိယာယ်ဖြင့် နာဟန်ပြု၍ ရွှေ ဟင်္သာမင်းတို့ ဖမ်းပေးရန် ပူဆာပုံ၊ မင်းဖြစ်သူက အမတ်တို့၏ အကြံဖေး ချက်အရ စိတ္တကူဠတောင်၌နေသော ဘုရားလောင်း ရွှေဟင်္သာမင်းနှင့် အခြံ အရံ ရွှေဟင်္သာတို့ လာရောက်ရန် ဖြား ယောင်းစည်းရုံးနိုင်မည့် ဘေးရန်မရှိ အေးချမ်းသာယာလျက် အစာရေစာ ပေါများသော ခေမာအမည်ရှိ အိုင်ကို ဖန်တီးခဲ့ပုံ၊ မုဆိုးတစ်ဦးကိုထားပြီး ရွှေ ဟင်္သာမင်းအား ကျော့ကွင်းထောင်၍ ဖမ်းမိပုံ၊ သုမုခရွှေဟင်္သာ စစ်သူကြီးက အသက်စွန့်၍ ထွက်မပြေးဘဲ မုဆိုးလာ သော် ဘုရားလောင်း ဝုဏ်ကျေးဇူးတို့ ကို ထုတ်ဖော်ပြ၍ မုဆိုးအား စိတ်နှုံးညံ့ စေပုံ (မဟာဟံသဇာတ်တွင်မူ မုဆိုးကို ခေမာမုဆိုးဟု ထည့်ထားသည်)၊ မုဆိုး က ဘုရားလောင်းအား ကြည်ညိုလေး စား၍ နှုံးညံ့သောစိတ်ဖြစ်ကာ မေတ္တာ သက်ဝင် ချစ်ခင်စွာ ဒဏ်ရာကိုပျောက် အောင် ပြုစုပုံ၊ ဘုရားလောင်း ဟင်္သာ မင်းတို့အား လွှတ်ပေးပုံ၊ ဘုရားလောင်း က မုဆိုးကို ချီးမြှင့်လိုရ၍ မင်းထံ အပို့ ခိုင်းပုံ၊ မင်းနှင့် မိဖုရားတို့အား တရား ဟောပြကာ မိဖုရား ချင်ခြင်းပြေပြီး ဘုရားလောင်းတို့အား ပြုစုကာ ပြန် လွှတ်ပေးပုံ စသည်တို့သည် ဖြစ်စဉ် အားလုံး တစ်ပုံစံတည်းဖြစ်ခဲ့သည်။

စူဠဟံသဇာတ်တွင် အရှင်အာ နန္ဒာလောင်း သုမုခ ရွှေဟင်္သာသည် ဘုရားလောင်းအား အသက်စွန့်ကယ် ပြီးနောက် မင်းနှင့်တွေ့ရာတွင် ထူးခြား စွာမပါတော့ဘဲ ဘုရားလောင်း ဓတရဋ္ဌ ရွှေဟင်္သာမင်းကသာ မင်းနှင့် ဆွေးနွေး ပြောဆို တရားဟောခဲ့သည်။ မင်းက သူ၏ တစ်ရာတစ်ပါးသော သားတော် မင်းသားတို့အား အဆုံးအမ ပေးရန် တောင်းပန်ခဲ့သဖြင့် ဘုရားလောင်းက ဆုံးမစကား ပြောပေးခဲ့သည်။

မဟာဟံသဇာတ်တွင်မူ အနည်း ငယ် တွဲပြားစွာ ပါရှိခဲ့သည်။ မင်းထံ သွားစဉ် ဘုရားလောင်း ရွှေဟင်္သာမင်း

www.burmeseclassic.com

သည် မိမိ၏ ပါကဟသ်ာမိဖုရားကို တမ်းတမြည်တမ်းခဲ့ရာ အရှင်အာနန္ဒာလောင်း သုမုခရွှေဟသ်ာက မိန်းမတို့၏ အပြစ်ကိုပြ၍ ဖြေသိမ့်ပုံနှင့် ဘုရားလောင်းက မိန်းမတို့၏ ဝဏ်ကို ဖော်ပြ၍ မကဲ့ရဲ့အပ်ကြောင်း ပြောခဲ့ပုံတို့ကို ဖတ်ရှုနိုင်ပါသည်။

ထို့ပြင် မဟာဟံသဇာတ်၌ သုမုခရွှေဟသ်ာ စစ်သူကြီးသည် မင်းထံ ရောက်သော် မင်းအား ပရိယာယ်ဖြင့် ဘေးမဲ့ဟန် ခေမာအိုင်ကို ဖန်တီးသဖြင့် သစ္စာမစောင့် မုသား ဆိုတတ်သူဖြစ်ကြောင်း ပြစ်တင်ရှုတ်ချကာ မုသားစကားဆိုခြင်း၏ အပြစ်ကို ပြကာ ရှက်စေခဲ့သည်။ မင်းက ယုတ်မာသော အကြံရှိ၍ ထိုသို့ ပရိယာယ်သုံးကာ ခေမာအိုင်ဖန်တီးရခြင်း မဟုတ်ကြောင်း၊ တရားနာယူလိုရှိ၍ဖြစ်ကြောင်း ပြန်ပြောခဲ့သည်။ ထို့နောက်မှ မင်းကို သုမုခစစ်သူကြီးသည် တရားစကားတို့ဖြင့် ဆုံးမခဲ့သည်။ ထိုအခါမှ မင်းက ရွှေဟသ်ာမင်း နှစ်ပါးကို လွှတ်ပေးကာ ဘုရားလောင်း ဟသ်ာမင်း၏ တရားကို မိဖုရားနှင့်အတူ နာခဲ့ကြသည်ဟု ပါရှိခဲ့ပေသည်။

ဘုရားလောင်း ရွှေဟသ်ာမင်း၏ တရားစကားများ၊ သုမုခ စစ်သူကြီး၏ တရားစကားတို့ကို အတ္ထုယ်တဝင် အသေးစိတ် နာယူလိုပါက ညောင်ကန်ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သော ငါးရာငါးဆယ်ဇာတ်တော်ကြီး ဝတ္ထု (၅) တွဲတွင် ဖတ်ရှုကြည့်ရှု ပူဇော်နိုင်ကြပါသည်။ ဤသို့အားဖြင့် အရှင်အာနန္ဒာ လောင်းလျာသည် ဘုရားလောင်းအား အသက်စွန့်ကယ်ခဲ့သော ဖြစ်စဉ်တို့၌ ခေမာထေရီလောင်းလျာ ပါဝင်ပတ်သက်ခဲ့ပုံတို့ကို တွေ့ရှိရမည် ဖြစ်ပါသည်။

မဟာနိပါတ်တော်လာ မဟာဇနက ဇာတ်တော်တွင်မူ ခေမာထေရီလောင်းလျာသည် သာမန်မြို့သူ မိန်းမ ငယ်တစ်ဦးအဖြစ် ရဟန်းပြုတော်ထွက်လာသော မဟာဇနကမင်းကြီးနှင့် တွေ့ခဲ့ပြီး မင်းကြီး၏ ရဟန်းအဖြစ် ဗိုဓိဆိုင် မြစေရန် သတိပေးစကားပြောဆိုခြင်းဖြင့် သီဝလိမိဖုရားကို မင်းကြီးက ပြန်စေရာတွင် အထောက်အကူ ဖြစ်စေခဲ့သည်။

မဟာဇနက မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်ကြွရာ၌ အသီးသီးသော သရက်ပင်သည် အကိုင်းအခက်အရွက်များ ပျက်စီးခဲ့ပြီး အသီးမသီးသော အပင်မှာ မပျက်စီးဘဲ စိမ်းစိုလန်းဆန်းနေသည်ကို တွေ့ရပြီး ပြည်စည်းစိမ် အင်္ဂြေအရဲတို့သည် ဘေးရန်ကြောင့်ကြဖြစ်စေကြောင်း သံဝေဂရကာ ရဟန်းပြုရှိ ဟိမဝန္တာသို့ ထွက်ကြွလာခဲ့သည်။

နန်းတော်မှစွဲထွက်ပြီး မကြာမီမှာပင် သီဝလိဒေဝီ မိဖုရားကြီး အမှူးပြုသော မိဖုရား၊ မှူးမတ်၊ ပြည်သူတို့သည် မဟာဇနကမင်းကြီး၏နောက်သို့ အစဉ်တစိုက် တကောက်ကောက်လိုက်ကာ တောမထွက်နိုင်အောင် တားခဲ့ကြသည်။

ဤသို့ ရဟန်းဝတ်ဖြင့် မိဖုရားအခြံအရံတို့နှင့် တုရွန်းရွန်းဖြစ်နေသဖြင့် မင်းကြီးက အမျိုးမျိုးတားမြစ်ခဲ့သော်လည်း မရဘဲ လိုက်မြဲလိုက်နေခဲ့ကြရာ အရှင်သာရိပုတ္တရာလောင်းလျာ နာရဒရှင်ရသေ့သည် စျာန်သမာပတ် အာဘိညာဏ်နှင့်ပြည့်စုံသူဖြစ်၍ ဘုရားလောင်း ဇနကမင်းကြီး၏ ရဟန်းပြုခြင်း၏ အန္တရာယ်မှကင်း၍ မပျက်ဘဲ ခိုင်မြဲစေရန် အဆုံးအမစကား ပြောကြားပေးခဲ့သည်။

ထို့အတူ စျာန်သမာပတ်နှင့် ပြည့်စုံသော အရှင်မောဂ္ဂလန်လောင်းလျာ မိဂါဇိန် ရှင်ရသေ့သည်လည်း မိဖုရားအခြံအရံတို့၏ ဖြားယောင်းမှုကြောင့် ရဟန်းပြုခြင်း၏ အန္တရာယ် မဖြစ်စေရန် ဘုရားလောင်း ဇနကမင်းကြီးအား ဆုံးမစကား ပြောပေးခဲ့ပြန်သည်။ ထို့နောက် ဘုရားလောင်းသည် ခွေးပါးစပ်မှ ကျကျန်ခဲ့သော အမဲသားပုံသကူကို ကောက်ယူ ဘုဉ်းပေးပြီး၍ သီဝလိမိဖုရားအား မိမိ၏ ရဟန်းပြုလိုသောဆန္ဒ မြဲမြံပုံကို သိစေခဲ့သည်။

မိဖုရား အခြံအရံတို့ကလည်း ပြောမရဘဲ နောက်မှပါလာရင်း ဘုရားလောင်း ဇနကမင်းကြီးသည် ထူးမြို့တောင်တံခါးဝသို့ ရောက်လာခဲ့သည်။ ထိုဓနရာ၌ သတို့သမီးငယ်တို့သည် ကလေးဘဝ စု၍ ထမင်းချက်တမ်းကစားနေကြသည်။ ထိုအထဲတွင် ခေမာထေရီလောင်းလျာ သတို့သမီးငယ်သည် ဆန်ပြာဟန်ပြုသော် လက်ကောက်နှစ်ကွင်း ဝတ်ထားသောဘက်မှ လက်ကောက်ချင်း ထိခတ်မိ၍ အသံထွက်သည်။ လက်ကောက်တစ်ကွင်းတည်း ရှိသောဘက်၌ ထိခတ်စရာ မရှိသဖြင့် အသံမဖြစ်ချေ။

ထိုအခါ ဘုရားလောင်းသည် လက်ကောက်အသံ ဖြစ်ခြင်း၊ မဖြစ်ခြင်းကို သတို့သမီးငယ်ကိုမေးပြီး သီဝလိမိဖုရားကို ပြန်နှင့်စေခဲ့ပုံကဲ့သို့ ခေမာထေရီလောင်းလျာ သတို့သမီးငယ်ကို လက်ကောက်အသံ မြည်ခြင်း၊ မမြည်ရခြင်း အကြောင်းရင်းကို မေးခဲ့သည်၊ ပါရမီရှင် ခေမာထေရီ လောင်းလျာ သတို့သမီးက သုံးဂါထာဖြင့် ဖြေခဲ့သည်။

"ကွမသို့ မေ သမဏဟတ္ထော၊
ပဋိမုက္ကာဒုနိဝရာ၊
သံယဉ္ဇဃတေသဒ္ဒေါ၊ ဒုတိယ
သေဝသာဂတိ"

"ရှင်ရဟန်း၊ ကျွန်ုပ်၏ ဤလက်တစ်ဖက်၌ ဝတ်ကုန်သော လက်ကောက်နှစ်ကွင်းတို့သည် ထိကြသောကြောင့် အသံသည်ဖြစ်၏၊ ထိုသို့ အသံဖြစ်ခြင်းသည်ကား နှစ်ခုမြောက်သော လက်ကောက်အားသာလျှင်ဖြစ်၏။" (အဖော်အဖက်ရှိခြင်း၏ ဓလေ့ဖြစ်၏)

"ကွမသို့ မေ သမဏဟတ္ထော၊
ပဋိမုက္ကော ဧကနိဝရော၊
သော အဒုတိယောနာ့ဇနတိ၊
မုနိဘူတောစ တိဋ္ဌတိ"

www.burmeseclassic.com

www.burmeseclassic.com

"ရှင်ရဟန်း၊ ကျွန်ုပ်၏ ဤလက်ဆောက်ခွံကား လက်ကောက်တစ်ကွင်း အဝတ်၏၊ ထိုလက်ကောက်သည် အလွန်းချင်း ထိခိုက်စရာ အဖော်မရှိသောကြောင့် အသံမဖြစ်၊ ရဟန်းသဖွယ် ဖြစ်၍သာလျှင်တည်၏။ (ကိလေသာကို ပယ်ပြီးသော ရဟန်းကဲ့သို့ အဖော်မရှိခြင်း၏ ဓလေ့ဖြစ်သည်)

"'ဝိဝါဒပတ္တော ဒုတိယော၊ တေနေကော ဝိဝဒိသတိ။

တသာတေ သဂ္ဂကာမသ၊ စတ္တာမုပရောစိတံ"

"ရှင်ရဟန်း၊ နှစ်ယောက်ရှိမှုကား ခြင်းခဲခြင်းသို့ ရောက်တတ်၏၊ တစ်ယောက်ထီးတည်း အဖော်မရှိသူသည် အဆင်းသူနှင့် ငြင်းခုံခြင်းကို ပြုအံ့နည်း၊ နှစ်ပြည်ကို အလိုရှိသော ထိုရှင်ရဟန်းအား အဖော်မူပါ တစ်ယောက်တည်း နေခြင်းကိုသာ နှစ်သက်တော်မူလော့။

ဤသို့ဖြေပြီး 'ယခု နောက်မှ တကောက်ကောက်လိုက်နေသူ မိန်းမသည် ခင်ပွန်းလော၊ နှမလော၊ ရဟန်းတို့မည်သည် စင်စစ် နှမငယ်ဖြစ်သော်လည်း အတူသွားခြင်း၊ အတူနေခြင်းငှာ လျော်ကွဲပတ်ပါတကား၊ ရှင်ရဟန်းသည် ဤမိန်းမနှင့် အတူနေဖန်များသဖြင့် မိန်းမကိုပို၍ ဖြစ်သော ရဟန်း၏ အန္တရာယ်သည် မကြာမြင့်မီ ရောက်လတ္တံ့' ဟု ပြောခဲ့သည်။

ဘုရားလောင်းက သီဝလိဒေဝီအား ပြစ်တင်ပြောဆို၍ ပြန်စေသော်လည်း မိဖုရားသည် ခကာတာခဲ့ပြီး ဘက်လိုက်ပြန်သည်။ ထူးကဲမြို့တွင်ဝင် အရှင်အာနန္ဒာလောင်းလျှာ လေးသမားနှင့် တွေ့ပြီး လေးသမားက အဖော်မိန်းမနှင့် မနေသင့်ကြောင်း ဆုံးမစကားပြောပြန်သည်။

ဘုရားလောင်းတော် မိဖုရားကြောင့် မိမိမည်သို့ ကဲ့ရဲ့ရွှတ်ချ ပြစ်တင်ခံရကြောင်း ပြော၍ မိဖုရားကို ပြန်ခိုင်းသော်လည်း နားမထောင်သဖြင့် နောက်ဆုံး မြက်ပင်ကိုဖြတ်ပြီး မိမိ၏ သံယောဇဉ်ပြတ်ခြင်းကို ထင်ရှားစေပြီး မိဖုရားနှင့် အခွေအရံ ပြည်သူတို့ကို ပြန်စေခဲ့သည်။

သီဝလိမိဖုရားလည်း ပြည်သို့ပြန်၍ အရှင်ရာဟိုလာလောင်း သားတော် ဒီဃာဝုမင်းသားတို့ မင်းစည်းစိမ်အပ်ကာ ဥယျာဉ်တွင် ရဟန်းပြုပြီး တရားကျင့်ရာ ပထမ စွာန်သမာပတ်ရလျက် စုတေသော် ပြဟ္မပါရိသဇ္ဈာဘုံသို့ ပြောင်းစံသည်။ ဘုရားလောင်းသည်လည်း အိမဝန္တာတွင် ကြောင့်ကြမဲ့ ရဟန်းတရားပွားကာ အဘိညာဉ်သမာပတ်တို့ကိုရပြီး လူတို့ထံ မသွားဘဲ အနှစ်သုံးထောင်ပတ်လုံး ဟိမဝန္တာတိုင် စွာန်၌ ဒွေ့လျော်ခဲ့သည်။ စုတေသော် ဝေဟပ္ဖိုလ်ဘုံသို့ ပြောင်းစံတော်မူသည်။

မဟာနီပါတ်တော်လာ ဝိဓူရဇာတ်တော်တွင်လည်း ဘုရားလောင်း ဝိဓူရသုခမိန်၏ တရားစကားကို နာလိုသဖြင့် ဥပါယိတ်မျှော်သုံးကာ လင်ဖြစ်သူ အရှင်သာရိပုတ္တရာလောင်းလျှာ ဝရုဏနဂါးမင်းကို ခေါ်ယူစေသည့် နဂါးမင်းမိဖုရား ဝိမလာဒေဝီအဖြစ် ခေမာထေရီလောင်းလျှာကို တွေ့ရှိရမည် ဖြစ်ပါသည်။

ယခင်ဘဝ၌ အဆွေခင်ပွန်းသုကြွယ်များဖြစ်ခဲ့ကြ၍ ယခုဘဝတွင် ဝရုဏနဂါးမင်းဖြစ်လာသူ အရှင်သာရိပုတ္တရာလောင်း ဂဠုန်မင်းဖြစ်လာသော အရှင်မောဂ္ဂလာန်လောင်း၊ သိကြားမင်းဖြစ်လာသော အရှင်အနုရုဒ္ဓါလောင်းနှင့် ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့ရှင် မနုဿတောရဗျမင်းဖြစ်လာသော အရှင်အာနန္ဒာလောင်း မင်းလေးပါးသည် လူ့ပြည်ရှိ မင်းဥယျာဉ်၌ သီလဥပုသ်ဆောက်တည်ရင်း ဆောက်လာကြကာ မိမိတို့၏ သီလမြတ်ခြင်းကို ဝိဓူရသုခမိန်အား ဆုံးဖြတ်စေရာ ဘုရားလောင်း သုခမိန်က မင်းလေးပါးတို့၏ သီလကို ထပ်တူပြု အဆုံးအဖြတ်ပြုသည်ကို အားလုံးက နှစ်သက် ဝမ်းမြောက်ကာ အသီးသီး ဆုများပေးအပ် ပူဇော်ခဲ့ကြသည်။

ဝရုဏနဂါးမင်းသည် နဂါးပြည် ရောက်သော် ဘုရားလောင်းအား ဆုအဖြစ် ပူဇော်ခဲ့သည့် ပတ္တမြားကို မတွေ့သဖြင့် မေးရာမှ နဂါးမင်းက ဘုရားလောင်း ဝိဓူရသုခမိန်ထံမှ တရားနာခဲ့ရ၍ အကုန်ကြည်ညိုး၍ ပေးခဲ့ကြောင်း၊ ဝိဓူရသုခမိန် ဂုဏ်ကျေးဇူးတို့အကြောင်းကို ခိုးကျူးပြောဆိုခဲ့သည်။

ထိုအခါ ခေမာထေရီလောင်းလျှာ နဂါးမိဖုရား ဝိမလာဒေဝီသည် ဝိဓူရသုခမိန်၏ တရားစကား နာလိုသည့် ဆင်ခြင်း ပြင်းစွာဖြစ်လာရကား၊ နာဟန်ပြုပြီး ဥပါယိတ်မျှော်သုံးကာ ဝိဓူရသုခမိန်၏ နှလုံးကို အလိုရှိကြောင်း ပြောကာ လင်ဖြစ်သူ ဝရုဏနဂါးမင်းအား ပူဆာ တောင်းဆိုခဲ့သည်။

နဂါးမင်း အခက်တွေ့နေစဉ် သမီးဖြစ်သူ ကိသာဂေါတမီ ထေရီလောင်း နဂါးမင်းသမီး ဣန္ဒနီတို့ ရောက်လာ၍ မေးသဖြင့် နဂါးမင်းသည် မယားအား ချစ်ခြင်းကိလေသာဖြင့် ရစ်သဖြင့် မရှက်မကြောက်နိုင်တော့ဘဲ မိခင်အသက်ကို ကယ်ရန် ဝိဓူရသုခမိန်ကို ခေါ်ဆောင်နိုင်မည့် လင်ကိုစွန့်ရန် ခိုင်းခဲ့ပါသည်။

နဂါးမင်းသမီးကလည်း လက်ခံပြီး ဟိမဝန္တာရှိ ကာဠတောင်ထိပ်ဝယ် ပန်းအခင်းပြုကာနေပြီး သီချင်းသီဖွဲ့ကာ ဝိဓူရသုခမိန်၏ နှလုံးကို တရားသဖြင့် ဆောင်ပေးနိုင်သူကို လင်အဖြစ်ပြုမည်ဟု သိစေခဲ့သည်။ ထိုအခါ ဝေဿဝဏ်နတ်မင်း၏တူ ပုဏ္ဏကဘီလူးစစ်သူကြီး (အဂ်္ဂလိမာလထေရ်လောင်းလျှာ) သည် ကဏ္ဍကမြင်းဖြစ်လာသည့် မနောမယသိန္ဓောမြင်းကိုစီး၍ ကာဠတောင်သို့ ရောက်လာ၍ အကြောင်းကိုသိခဲ့တော့သည်။ နဂါးမင်းသမီးနှင့် ရွေးက ဆုတောင်းအစဉ်အလျှဉ်ပါကြသဖြင့် ဆန္ဒညီကြ၍ ဖခင် နဂါးမင်းထံ သွားခဲ့ကြသည်။ နဂါးမင်းသမီးကို တောင်းရာ ဝိဓူရသုခမိန်၏ နှလုံးကို တရားသဖြင့် ဆောင်ယူပေးနိုင်လျှင်ရမည်ဟုဆိုသဖြင့်

www.burmeseclassic.com

ဦးရီးတော် ဝေဿဝဏ်နတ်မင်းအား ခွင့်ပန်ပြီး ရာဇဂြိုဟ်ပြည် ဝေပုလ္လတောင်ထိပ်ရှိ ကုမ္ဘဏ္ဍနတ်ဘီလူးစောင့်သော မနောဟရပတ္တမြားကို အရယူခဲ့သည်။ ထို့နောက် ဣန္ဒပတ္တနဂိုရ်ပြည်သို့ ထွက်ခဲ့သည်။

မိမိကိုယ်ကို အင်္ဂတိုင်း ဓာလစမ္ဘာနဂိုရ်ပြည်မှ လာသော ကစ္စည်းလုလင်ဟု အသွင်ပြောင်း၍ ကြွေအန်ကစားကြူးသော ကောရဗျမင်းရှိရာ တစ်ရာ့တစ်ပါးမင်္ဂဇာတို့ စုဝေးရာသို့သွားပြီး ပတ္တမြားကို ပြကာ ပတ္တမြား၏ ထူးခြားသော အာနုဘော်တို့ကို သိစေကာ လောင်းကြေးထပ် စိန်ခေါ်ခဲ့သည်။ ဓနဥယကောရဗျမင်းသည် မင်းအများရှေ့တွင် ကတိပြုပြီး မိမိ၏ကိုယ်၊ မိဖုရားထီးနန်းချန်၍ ကျန်မည်သည့်အရာမဆို ရယူနိုင်ကြောင်း ပြောကာ ကြွေအန်ကစားခဲ့သည်။ ကောရဗျမင်းတွင် အစောင့်နတ်သမီးရှိရာ အန်သီချင်းဆို၍ နတ်သမီး၏တန်ခိုးဖြင့် အန်ခတ်ရာတွင် အပြိုင်ခဲ့သည်။ ယခုတွင်မူ အန်ပစ်တင်၍ ပြန်အကျ ရှုံးမည်ကို နတ်သမီး၏ အာနုဘော်ကြောင့် သိသဖြင့် ဖမ်းယူခဲ့ရာ ပုဏ္ဏားက သည်အကြောင်းကိုကြည့်သော် သိလျှင် နတ်သမီးအား မျက်စောင်းထိုးကာ ကြောက်လန့်ပြေးစေခဲ့သည်။ ဤတွင် အန်ခတ်ရာ ကောရဗျမင်း ရှုံးတော့သည်။

သို့ဖြစ်၍ လောင်းကြေးအတွက် လိုရာတောင်းစေရာ ကစ္စည်းလုလင်အမည်ခံ ပုဏ္ဏကသည် မင်း၏ ရထနာအဖြစ် ယူဆရသည့် ဝိမုရသုခမိန်ကို တောင်းခဲ့သည်။ မင်းက ဝိမုရသုခမိန်သည် သူပိုင်မဟုတ်၊ မိမိ၏ကိုယ်အဖြစ်၊ ကိုးကွယ်မှီခိုရာအဖြစ် သတ်မှတ်ထားသဖြင့် မပေးနိုင်ဟု ဆိုသဖြင့် ဝိမုရသုခမိန်၏ အဆုံးအဖြတ်ကိုရယူခဲ့သည်။

သစ္စာပါရမီကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၊ ဒီပင်္ကရာဘုရား ရှင်ထံမှ ဗျာဒိတ်ရပြီးသည်မှစ၍ ဖြည့်ကျင့်လာသော ဘုရားလောင်းသည် အမှန်အတိုင်းပင် ဓင်း၏ကျွန်ဖြစ်၍ လောင်းကြေးအဖြစ် ယူနိုင်ကြောင်း ပြောခဲ့သည်။

သို့နှင့် ပုဏ္ဏကနောက်မလိုက်ပဲ မင်းအား လူ၏ဘောင်၌ ကျင့်ရာဆောင်ရာတို့ကို ဟောကြားပြီး၊ ပုဏ္ဏကကို မိမိ၏ အိမ်တွင် နှစ်ရက်၊ သုံးရက်ခန့် ကောင်းစွာနေစေပြီး ပြုစုကာ မယား၊ ဆွေမျိုးသားသမီးတို့နှင့် အခြွေအရံတို့အား ရာဇဝတ်မမည်သော မင်းခယောက်ျားတို့ကျင့်ရာ တရားအပါအဝင် မှာကြားဖွယ်ရာ ရှိသည်ကို မှာကြားဆုံးမကာ ပုဏ္ဏက၏ မြင်းမြီးကို ကိုင်လျက် လိုက်သွားခဲ့သည်။

ပုဏ္ဏကသည် ဘုရားလောင်းအား ကောတောင်သစ်ပင် ကျောက်တောင်တို့နှင့် ကိုက်မိစေကာ သတ်ရန်ကြံခဲ့သော်လည်း ဘုရားလောင်း မသေခဲ့။ သာဋ္ဌာဂိရိတောင်ထိပ်ရောက်သော် ခြောက်လှန့်ပြီး သတ်ရန်ကြံသော်လည်း မရ။ ထိုအခါ တောင်ထိပ်မှနေ၍ ခြေကိုင်ကာ ပစ်ချ သတ်ဖြတ်ခဲ့ပြန်သည်။ အကြိမ်ကြိမ်မစ်သော်လည်း မသေခဲ့ပြန်။ ထိုအခါ ဘုရားလောင်းက မိမိကို သတ်ရသည့်အကြောင်းမေးရာ ဝိမုရနှလုံးကို ရမှ နဂါးမင်းသမီးကိုပိုင်မည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ပုဏ္ဏက၏ စကားကို သိရလျှင် နဂါးဒိဖုရားသည် မိမိထံမှ တရားနာဖို့ကြောင်း သိခဲ့လိုက်သည်။ ဘုရားလောင်းသည် ပုဏ္ဏကအား သာမုနရတရားကိုဟော၍ နားလည်အောင် ရှင်းပြသောအခါ ပုဏ္ဏကသည် အသိတရားဝင်ကာ သုခမိန်ကို လွှတ်ပေးခဲ့သည်။ သာမုနရ တရားအကျဉ်းကို ဖတ်ရှုကြည့်ရှုကြည့်ကြပါဗို့။

"ယာတာနု ယာယိစ ဘဝါဟိ
မာဏာဝ၊ အလ္လဒ္ဓ ပါဏီ ပရိဝဇ္ဇယသု၊
မာစသု မိတ္တေသု ကဒါစိ ဒုဗ္ဘိ
မာစဝသဲ အသတီနံ နိဂစ္ဆေ"

"ကစ္စည်းလုလင်၊ သူတော်ကောင်းတို့ သမုဒ်အပ်သော သူတို့၌သာ တည်သောကြောင့် သာမုနရမဟုဆိုအပ်သော တရားသည် လေးပါးထူည်း။

(၁) 'ယာတာနုယာယိ'- တူသော ရှေးသူတော်ကောင်းတို့ သွားသော တရားလမ်းကို မယွန်းမကော့ မြောင့်မှန်စွာ လိုက်ခြင်းတစ်ပါး။

(၂) 'အလ္လဒ္ဓပါဏိ ပရိဝဇ္ဇယ'- တူသော စိုစွတ်သောလက်ကို ခြောက်သွေ့ပူလောင်အောင် မပြုခြင်းတစ်ပါး။

(၃) 'မိတ္တအဒုဗ္ဘိ' - တူသော ခင်ပွန်း၌ မပြစ်မှားခြင်း တစ်ပါး။

(၄) 'အသတီနံ ဓာနိဂစ္ဆေ'-တူသော ယုတ်မာသော မိန်းမတို့၏ အလိုသို့ မလိုက်ခြင်းတစ်ပါး လေးပါးတို့တည်း။

ပုဏ္ဏက နားမလည်သဖြင့် ဘုရားလောင်းက တစ်ဂါထာစီ အကျယ်ဖွင့်၍ ဟောကြားရှင်းလင်းခဲ့ပုံကို အရှင်ဦးဩဘာသဘြုစုသည့် ဝိမုရဇာတ်တော်ကြီးတွင် ဖတ်ရှုကြည့်ညှိနိုင်ပါသည်။

ပုဏ္ဏက လွှတ်မေးသော်လည်း နဂါးဒိဖုရား ခေမာထေရီလောင်း ဝိမလာဒေဝီ၏ချင်ခြင်းကို ဖြည့်ဆည်းပေးရန် မိမိကို နဂါးပြည်သို့ ပို့ဆောင်ခဲ့သည်။ နဂါးမင်းနှင့်တွေ့သော် လက်ရှိ စည်းစိမ်ခံစားရနိုင်ရန် မည်သို့သော ကောင်းမှုပြုခဲ့ရကြောင်းမေးရာ နဂါးမင်းက ဒေနကပြုခဲ့သည့် ကောင်းမှုတို့ကို ပြောပြခဲ့သည်။ သို့ဖြစ်လျှင် နောင်၌လည်း ဤစည်းစိမ်မျိုးရရန် မည်သို့အပေါ်တွင် မဆို အမျက်မထွက်ဘဲ သတိဖြင့်ထိန်း၍ သည်းခံခြင်း၊ ချစ်ခြင်းမေတ္တာပွားခြင်းကိုပြုလော့ဟု ဟောပြကြားခဲ့ရာ နဂါးမင်းနှစ်သက်ခဲ့သည်။ ထို့နောက် နဂါးဒိဖုရား ခေမာထေရီလောင်း ဝိမလာဒေဝီနှင့်တွေ့ခဲ့သည်။

ဘုရားလောင်းသည် ခေမာထေရီလောင်း ဝိမလာဒေဝီ နဂါးဒိဖုရားအား နဂါးမင်းနှင့် ပြောဆိုသကဲ့သို့ပင် အမျက်မထွက်ဘဲ သတိနှင့်ထိန်းကာ သည်းခံခြင်း၊ မေတ္တာစိတ်ထားခြင်းပြုရန် ပြောခဲ့သည်။ နဂါးဒိဖုရားလည်း သုခဒိနှင့် တရားစကားပြောကြားခွင့်ရအောင် ချင်ခြင်းငြိမ်းသတည်း။ ပုဏ္ဏကလည်း

www.burmeseclassic.com

နာဇီမင်းသမီးကိုရ၍ သုခမိန်ကို နေရပ်သို့ ပြန်ပို့ခဲ့သည်။

ဘုရားလောင်းသည် မင်းအစ ပြည်သူအားလုံးတို့အား အဆုံးအမပေး ရှင်း စုတေသော် တာဝတိံသာနတ်ပြည်သို့ လားခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာပေါင်းများစွာ ဘဝအဖုံဖုံတွင် ကျင်လည်ခဲ့ရင်း လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာ ထက်ဝယ် ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းလာသောအခါ ခေမာထေရီလောင်းလျာသည် အမျိုးကောင်းသမီးတစ်ဦးဖြစ်လာစဉ် ဘုရားရှင်အား ဆည်းကပ်၍ တရားနာရသော် သဒ္ဓါတရားကြီးများစွာ ဖြစ်ရှိကာ ဘိက္ခုနီပြုလုပ်၍ နှစ်ပေါင်း တစ်သောင်းကြာ မြတ်သောအကျင့်ကို ကျင့်သုံးသဖြင့် ကမ္ဘဋ္ဌာန်းအလုပ်အား ထုတ်သူ၊ ဗဟုသုတပြည့်ဝသူ၊ ပဋိစ္စသမုပ္ပါဒ်တရား၌ ကျွမ်းကျင်လိမ္မာသူ၊ သံစ္ဘာလေးပါး၌ ရဲရင့်သူ၊ သိမ်မွေ့စွာသော တရားအဟောကောင်း၊ ခမ္မကထိက ဘိက္ခုနီမဖြစ်၍ ဆုံးပါးသိက္ခာသာသနာကို လိုက်နာကျင့်သုံးခဲ့သည်။

ထိုမှ စုတေပြန်သော် နတ်ပြည်၊ လူပြည်တို့တွင် အလေးထား မြတ်နိုးခံရသော လူမိဖုရား၊ နတ်မိဖုရားအဖြစ် တို့၌သာ ကျင်လည်ခဲ့ရသည်။ တ္တာဖုန် ဤဘဒ္ဒကမ္ဘာဝယ် ကောဏဂုံမြတ်စွာဘုရားလက်ထက်တော်အခါ၌ ထိုခေမာထေရီလောင်းလျာသည် ဗာရာဏသီပြည်ဝယ် ကြွယ်ဝသော အမျိုးသမီးဖြစ်လာခဲ့သည်။ ဓနဥာနီ အမျိုးသမီး၊ သုမေဓာ အမျိုးသမီးတို့နှင့်အတူတကွ ဒါနပြုဖော် သူငယ်ချင်းမတို့ ဖြစ်ကြကာ သုံးယောက်သား ဒကာခံ၍ သံဃာ့အရာမ်၊ ကျောင်းတိုက်ကြီးနှင့် တကွ သံယိကကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိုမှ စုတေသော် လူပြည်၊ နတ်ပြည်တို့၌ အထက်တန်းကျကျ စံစားခဲ့ရသည်။

ထိုမှ ဤဘဒ္ဒကမ္ဘာတွင်ပင် ကဿပဘုရားရှင် ပွင့်လာသောအခါ ကာသိတိုင်းရှင် ဗာရာဏသီပြည် ကိကီမင်းကြီး၏အကြီးဆုံးသမီးတော် သမဏီမင်းသမီးအဖြစ် ခေမာထေရီလောင်းလျာသည် ဖြစ်လာခဲ့သည်။ ခေမာထေရီလောင်းလျာ သမဏီမင်းသမီးသည် ညီမများဖြစ်ကြသော ဥပ္ပလဝဏ်ထေရီလောင်း သမဂုတ္တာမင်းသမီး၊ ပဋာစာရာထေရီလောင်းလျာ ဘိက္ခုနီမင်းသမီး၊ ကိသာဂေါတမီထေရီလောင်းလျာ ဓမ္မာမင်းသမီး၊ ကုဏ္ဍလကေသီထေရီလောင်းလျာ ဘိက္ခုဒါယိကာမင်းသမီး၊ ဓမ္မဒိန္နာထေရီလောင်းလျာ သုခမွှေးမင်းသမီးနှင့် ဝိသာခါဒါယိကာမလောင်းလျာ သံဃာဒါမိကာမင်းသမီး တို့နှင့်အတူ ဘုရားရှင်၏ တရားနာရ၍ ကြည်ညိုကာ ဘိက္ခုနီမဝတ်ရန် ဖခင်မင်းကြီးက ခွင့်မပြုခဲ့သဖြင့် ညီအစ်မ ခုနစ်ယောက်လုံးတို့သည် အနှစ်နှစ်သောင်းကြာ 'ကေဋုမာရီပြဟ္မစရိယ' အဖျိုစင်ဘဝဖြင့် တစ်သက်လုံး ဥပုသ် သီတင်း ကျင့်သုံးခြင်း ပြုခဲ့ပြီး ကဿပဘုရားရှင်ကို အသက်ထက်ဆုံး ပစ္စည်းလွှဲပေးပါတို့ဖြင့် ပြုစုလုပ်ကျွေးဆည်းကပ်ခဲ့ကြသည်။

အထူးအားဖြင့် မင်းသမီးတို့၏ အစ်ကိုတော့ ကိကီမင်း၏ သားတော်ကြီး ပထဝိန္ဒရမင်းသားကား အရှင်ရာဟုလာလောင်းလျာ ဖြစ်ခဲ့ပါသည်။

ထို့ပြင်၊ ခေမာထေရီလောင်း သမဏီမင်းသမီးသည် ကဿပမြတ်စွာဘုရားထံမှ အလွန်အံ့သြကြည်ညိုဖွယ်ကောင်းသော မဟာနိဒါနသုတ္တန်ကို နာခဲ့ရပြီး၊ သဒ္ဓါတရားကြီးများစွာဖြစ်ရှိကာ လေ့လာသင်ကြား နှုတ်တက်ရအောင် ရွတ်အံသရဇ္ဈာယ်ခဲ့လေသည်။ ထိုဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်မိဖုရားဖြစ်ခဲ့သည်။

ခေမာထေရီ လောင်းလျာသည် နောက်ဆုံး ပစ္ဆိမဘဝတွင် ဂေါတမဘုရား ပွင့်ရာအခါတွင် သာဂလမြို့၌ မဒ္ဒရာဇမင်း၏ သမီးတော် ခေမာမင်းသမီး ဖြစ်လာခဲ့သည်။ အရွယ်ရောက်သော် ဗိမ္ဗိသာရမင်းကြီး၏ အလွန်ချစ်မြတ်နိုးသော မိဖုရား ဖြစ်လာ၍ ကိုယ်အဆင်း၌ အလွန် မာန်ယစ်သူ ဖြစ်ခဲ့သည်။

သို့ဖြစ်၍ ရုပ်၌အပြစ်တို့ပြ၍ တရားဟောတော်မူလေ့ရှိသည့် ဂေါတမဘုရားရှင်ထံသို့ အဖူးအမြော်မသွားရောက်ဘဲ နေခဲ့ရာ အခိုက်အတန့်အား ဖြင့် ဘုရားနှင့် ဝေးနေခဲ့သည်။ တရားနှင့် ဝေးနေခဲ့ပေသည်။ ထိုသို့ဖြစ်နေခြင်းကို သောတာပန် ဗိမ္ဗိသာရမင်းသည် မနှစ်သက်နိုင် ဖြစ်နေရကား ဘုရားရှင် စံနေတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ခေမာမိဖုရား သွားရောက်လိုစိတ် ဖြစ်လာစေရန် ဝေဠုဝန်ဥယျာဉ်၏ သာယာ နှစ်သက်ဖွယ် ဖြစ်ပုံတို့ကို သီချင်းဂါထာများ သီဖွဲ့စေကာ ခေမာမိဖုရားကြားအောင် သီဆိုစေခဲ့သည်။

ခေမာမိဖုရားသည် သီချင်းသံကြားရသော် ဥယျာဉ်သို့သွားလိုစိတ် ဆန္ဒ ပြင်းပြလာကာ မင်းထံခွင့်ပန်၍ သွားခဲ့သည်။ ဥယျာဉ်တွင် လှည့်လည် နေစဉ် သစ်ဝင့်ရင်း၌ ရဟန်းတရားပွားများ အားထုတ်နေသော ယော်ဂီရဟန်းပို့တစ်ပါးကိုမြင်၍ "နုပို့စဉ်အရွယ်၌ ကာမဂုဏ်ကို ခံစားပြီးမှ ကြီးရင့်သောအခါမှသာ ရဟန်းတရားကို အားထုတ်သင့်သည်' ဟု အမှားကြဲ ဆင်ခြင်ခဲ့ပြီး၊ ဆွမ်းခံမကြွဘဲ ခေမာမိဖုရား အလာကိုစောင့်၍နေသော ဘုရားရှင်နှင့် ပက်မင်းဖူးတွေ့လိုက်ရတော့သည်။

ဘုရားရှင်သည် တန်ခိုးတော်ဖြင့် ခေမာမိဖုရားထက် အဆဆ သာလွန်လှပသော မိန်းမငယ်ကို ဖန်ဆင်း၍ ကိုယ်တော်အား ယပ်ခပ်စေနေခဲ့သည်။ ခေမာမိဖုရားသည် ထိုမိန်းမငယ်၏ အလွန်ငယ် ငြိစွဲသွားကာ စိုက်ကြည့်နေစဉ်တွင် ဘုရားရှင်က တစ်ဆင့်ပြီး တစ်ဆင့် ရင့်ရော်အိုမင်းလာပုံကို ဖြစ်စေကာ နောက်ဆုံးရွတ်တွေ့ အိုမင်းအဆင်း ဖောက်ပြန် ဆုံဖြူသွားကျိုး၊ ညှင်းဆိုးမှည့်စွဲ တွန့်ကပ်ပိန်ခြောက်သော အရေအသား၊ အနိုးအကြောပြိုဗိုးရရိုင်းနှင့် ကုပ်ကိုင်းသော ကိုယ်ရှိလျက် ပျံ့

www.burmeseclassic.com

www.burmeseclassic.com

သက်ရှိမျိုးနွယ် တုန်တုန်ခိုက်ခိုက် မျက်ဖြူဆိုက်၍ လဲကျ သေဆုံးသွားပုံတို့ကို ခေမာမိဖုရားအား ပြောပြခဲ့သည်။ ထို အခါ ခေမာမိဖုရားသည် စိတ်သန္တာန်ဝယ် သံဝေဂဉာဏ် ထက်သန်စွာဖြစ်ရှိကာ ဤသို့ ဆင်ခြင်မိခဲ့သည်။

"ဓိရတ္ထု ရူပံ အသုစိ၊ ရဓမ္မော ယတ္ထ ဗာလိယာ"

"ဓာတ်လေးပါးဆောင်၍ ဤရုပ်ကောင်သည် ပင်ကိုယ်သဘောဝယ် မစင်ကြယ်ပါတကား၊ စက်ဆုပ်ရွံရှာဖွယ်သည် ဖြစ်စွာတကား။ ယင်းသို့ မစင်ကြယ် ထိုဖွယ်ဖြစ်သော ရုပ်ကောင်၌ ပညာအနှစ် အမိုက်မတို့သည် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကုန်၏တကား"

ထိုအခါ ဘုရားရှင်သည် ခေမာမိဖုရားအား တရားဂါထာတို့ကို ဟောတော်မူခဲ့သည်။

"အာတုရံ အသုစိ ပူတိ၊ ပဿ ခေမေ သမုဿယံ၊

ဥဋ္ဌဂန္ဓံ ပဋ္ဌဂန္ဓံ၊ ဗာလာနံ အဘိနန္ဒိတံ"

"ခေမာမိဖုရား၊ ကျင်နာခံခက်နှိပ်စက်ထသော၊ မစင်ကြယ် ထိုဖွယ်ရာဖြစ်ထသော ပုပ်ဟောင်ညှီလှောင်းမကောင်းသောအနံ့ရှိထသော အထက်သို့လည်း တစက်စက် ယိုထွက်ထသော အောက်သို့လည်း တစက်စက် ယိုထွက်ထသော မလိမ္မာသူ လူမိုက်တို့သည် လွန်စွာ စုံမက် နှစ်သက်မြတ်နိုးအပ်သော ခန္ဓာကိုယ်အတွင်းဘောကို စေ့စေ့ငုငု ကြည့်ရှုလော့"

"အသုဘာယ စိတ္တံ ဘာဝေဟိ၊ ကေဝဠံ သုသမာဟိတံ၊

သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလာ ဘဝ"

"မတင့်မစာယ် စက်ဆုပ်ဖွယ်ဟု စိတ်ဝယ်ထင်ပြင်ခြင်းအကျိုးငှာ တစ်ခုတည်းသော အာရုံရှိသော၊ ကောင်းစွာတည်ကြည်သော၊ ဘာဝနာစိတ်ကို ပွားစေလော့၊ ကာယကေဒ္ဌသဉ်းဖြစ်သော အောက်မေ့ခြင်းသတိသည် သင့်အား ဖြစ်စေလော့၊ ငြီးငွေ့ခြင်းများသည် ဖြစ်လော့"

"ယထာ ဣဒံ တထာ တေံ၊ ယထာ တေံ တထာ ဣဒံ။

အဗ္ဘန္တရေ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံ ဝိရာဇယ"

"ခေမာမိဖုရား၊ ဤ ငါထံကပ်ခိုမိန်းမကိုယ်သည် အိုမင်းရွတ်တွ ပျက်စီးရသကဲ့သို့ ထို့အတူ ထိုသင်၏ ကိုယ်သည် အိုမင်းရွတ်တွ ပျက်စီးရလတ္တံ့၊ ထိုသင်၏ကိုယ်သည် မသေခင် ခေတ္တမျှ တင့်တယ်လှပသည်ဟု ထင်ရသကဲ့သို့ ထို့အတူ ဤငါထံ ကပ်ခိုမိန်းမ၏ ကိုယ်သည် မသေခင် ခေတ္တမျှ တင့်တယ်လှပသည်ဟု ထင်ရသည်။ အတွင်းလည်းဖြစ်သော၊ အပလည်းဖြစ်သော ကိုယ်၌ တပ်မက်သော ဆန္ဒရာဂကို ပယ်စွန့်ဖြတ်တောက်လော့"

"အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။

တထော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ"

"လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန် သင္ကန်းအကောင်အထည် မရှိဟု ခွဲထုစပ်ဖန် အဖြစ်အပျက်ကိုရှုသော ဝိပဿနာဉာဏ်ကိုလည်း ပွားစေလော့၊ မိမိကိုယ်၌ ပုဂ္ဂိုလ်ငါခိုအောင်း မကောင်းဆိုးဝါး ထောင်လွှားသော မာန အစွဲကို စွန့်ပယ်လော့၊ ထိုသို့ မာနကို စွန့်ပယ်ခြင်းကြောင့် ဆယ့်တစ်မီးဟူ အပူခပ်သိမ်း အကုန်ငြိမ်းသည်ဖြစ်၍ နိဗ္ဗာန်တုတ်ချောက်ရောက်ရလတ္တံ့"

"ယေ ရာဂရတ္တာ နုပတန္တိသောတာ၊ သယံ ကတံ မက္ကဋကောဝ ဇာလံ။

ဧတမ္ပိ ဆေတ္ဝာန ပရိဗ္ဗဇန္တိ၊ အနပေက္ခိနော ကာမသုခံ မဟာယ"

"ပဉ်ကူကောင်သည် မိမိပြုအပ်သော ကွန်ရက်အသွင် ပဉ်ကူချည်မျှင်သို့ အစဉ်လျှောက်၍နေသကဲ့သို့ အကြင် သတ္တဝါတို့သည် ရာဂဖြင့် တပ်မက်မောကုန်၏။ ထိုသတ္တဝါတို့သည် မိမိသည် ပြုအပ်သော ကိလေသာအယဉ် ခန္ဓာ အစဉ်သို့ အစဉ်လိုက်၍ နေရကုန်၏။ ပညာရှိတို့သည် ကာမဂုဏ်ချမ်းသာကို ငဲ့ကွက်တွယ်တာခြင်း မရှိကုန်ဘဲ ဗယ်စွန့်ကုန်၍ ထိုကိလေသာအယဉ် ခန္ဓာအစဉ်ကိုလည်း တစ်စမ်းကျန် တွန်းလှန်ဖြတ်တောက်ကုန်၍ နိဗ္ဗာန်ထုတ်ချောက်သွားရောက်ကြကုန်၏"

ဤတရားဒေသနာကို ကြားနာရသော် ခေမာမိဖုရား၏ စိတ်ကြည်သာရွှင်လန်းခဲ့ကျန်း၍နေသည်ကို သိမြင်တော်မူကာ ဘုရားရှင်သည် မဟာနိဒါန်သုတ်ကို ဟောတော်မူလေသည်။

ထိုအခါ ခေမာမိဖုရားသည် ရှေးက ကဿပ ဘုရားရှင်လက်ထက်တော်တွင် သမဏီမင်းသမီး ဘဝ၌ မိမိလေ့ကျက်ခဲ့ဖူးသည်ကို အမှတ်ရကာ ထိုနေရာ၌ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့လေ၏။

ထို မဟာနိဒါနသုတ္တန်တရားတော်တွင် ပဋိစ္စသမုပ္ပါဒ်တရားတော်အား အနုလုံ ပဋိလုံ ပြည့်စုံစွာ ရှင်းလင်းဖွင့်ဆို ဟော်တော်မူခဲ့သည်။ ထို့ပြင် အတ္တပညတ်နှင့် နအတ္တပညတ်နှင့် ပတ်သက်၍ နားလည်အောင် ရှင်းပြထားပါသည်။

အတ္တကို မည်သို့သော အခြင်းအရာဖြင့် ရှုသင့်ကြောင်းကိုလည်း ဟောတော်မူခဲ့သည်။ ဝိညာဉ်၏ တည်ရာ (ဝိညာဏဋ္ဌိတိ) ခုနစ်ပါးတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြထားပါသည်။ လွတ်လပ်ခြင်း၊ လွတ်မြောက်ခြင်းဟူသော ဝိမောက္ခရှစ်ပါးကိုလည်း ရှင်းပြထားပါသည်။ သုတ်မဟာဝါ ပါဠိတော် မြန်မာပြန်ကျမ်းတွင် ဒုတိယမြောက်သုတ် အဖြစ် အကျယ်တဝင့် အသေးစိတ် ဖော်ရွေကြည်ညိုနိုင်ပါသည်။

သောတာပန် အရိယာဖြစ်ပြီးသောအခါ ခေမာမိဖုရားသည် ရှေးက ရုပ်မာနဖြင့် အထင်မှား အမြင်မှားခဲ့သည့်အဖြစ်ကို ဘုရားရှင်ခြေတော်ရင်း၌ ဝဝစင်းလျက် ငါးဂါထာဖြင့် ဟောကြားပန်လျှောက်ထား ကန်တော့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုဒွဝိဓာနနီကျမ်းမှ မဟာဝိသုဒ္ဓါ
ဆရာတော်ဘုရားကြီး ပြန်ဆိုပေးခဲ့
ထိုကန်တော့လွှာ ငါးဝါထာ
တို့ကို မင်းတွန်း တိုပိဋကဓရ
တော်ဘုရားကြီးက မဟာဗုဒ္ဓဝင်
ဆဋ္ဌမတွဲ ဒုတိယပိုင်း ခေမာထေရီ
အကြောင်းတွင် ပြည့်စုံစွာ ထည့်သွင်း
ပြုထားသည်။ ကြည်ညိုလိုသူတို့
ဖတ်ရှုလေ့လာနိုင်ပါသည်။

ဘုရားရှင်၏ သည်းခံခွင့်လွှတ်မှု
ရရှိပြီးနောက် ခေမာမိဖုရားသည်
ရဟန်းပြုရန်ခွင့်ပန်ခဲ့သည်။ မိဖုရား
အိမ်ဆာမင်ဖိုလ် ဆိုက်ရောက်ကြောင်း
သော မင်းကလည်း ကြည်ဖြူစွာ
သေးတာ ဘိက္ခုနီမှ ကျောင်းသို့
ောင်ရွှေ့ ရွှင်ရဟန်းမ ပြုစေခဲ့သည်။

ရဟန်းမအဖြစ်ကို ရရှိပြီးနောက်
သည်ငါးရက်မြောက်နေ့ဝယ် ခေမာ
ရဟန်းသည် ဥပုသ်ပြုရာ၌ ဝတ်ပြုရင်း
တောက်ထွန်းခြင်း၊ ဆီမီးငြိမ်း
ခြင်းများကိုမြင်၍ ထိတ်လန့်သံဝေ
တို့ ရသဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရ
အဖြစ်အပျက်ကို ခွာက်၍ တစ်ဖန်
သစ်ဆင်ခြင်ပြန်လျှင် ပဋိသန္ဓေဒါ
လေးပါး၊ အဘိညာဉ် ခြောက်ပါး
ဆန်ဆာဆင်အပ်သော အရဟတ္တ
ဖိုလ်သို့ ရောက်ရှိကာ ရဟန္တာ
ဖြစ်လေသည်။

ခေမာထေရီမသည် ပရိယတ်
နှစ်ရပ် စွယ်စုံလေ့လာသူဖြစ်
ဝိသုဒ္ဓိခုနစ်ပါးတို့၌ အထူးကျွမ်း
လိမ္မာသည်ပြင် ကထာဝတ္ထု ဆယ်
လည်း သူမတူအောင် ရဲရင့်သူ
အဘိမွှာနုဉ်၌လည်းအထူး
လိမ္မာသူ၊ ပဉ္စာရည်ထူးချွန်သူ
သည်။

ခေမာထေရီမသည် ကောသလ
တွင်း ဒေသစာရီ လှည့်လည်စဉ်
ဆုံနှင့် သာကေတမြို့ အကြား
ရောက်သောအရပ်၌ ပသေနဒိ
သလမင်းနှင့် တွေ့၍ မင်း၏
လျှောက်ထားမှုမြန်းချက်ကို ဖြေကြား
ပေးခဲ့သည့် အကြောင်းအရာဖြစ်သော
သဉ္ဇာယတန ဝဂ္ဂသံယုတ်ပါဠိ၊ အုပ္ပါ
ကတ သံယုတ် ခေမာသုတ်တော်ကို
ဖတ်ရှုကြည်ညိုကြည့်မည်ဆိုလျှင် ပညာ
စေတသိက်အရာနှင့် ထိုက်တန်လှပေသည်
ဟု လက်ခံ ကြည်ညိုနိုင်ကြမည် ဖြစ်
သည်။

သံယုတ်ပါဠိတော် မြန်မာပြန်
ကျမ်းတွင်လည်းကောင်း၊ မဟာဗုဒ္ဓဝင်
ကျမ်းတွင်လည်းကောင်း ခေမာသုတ်
အကျယ်ကို ဖတ်ရှုကြည်ညိုနိုင်ပါသည်။
တရားအပြည်းအနေဖြင့် ကောသလ
မင်းနှင့် ခေမာထေရီမတို့ ပဌမအဆင့်
မေးဖြေကြပုံကို ကြည်ညိုကြည့်ကြပါဖို့။

(မင်း) အရှင်မ - သတ္တဝါသည် သေ
သည်မှ နောက်၌ဖြစ်ပါသလော။

(ထေရီ) မင်းမြတ် - 'သတ္တဝါသည် သေ
သည်မှ နောက်၌ဖြစ်၏' ဟူသော ဤ
အချက်ကို မြတ်စွာဘုရား မဟောကြား
အပ်။

(မင်း) အရှင်မ - ထိုသို့ဖြစ်လျှင် သတ္တ
ဝါသည် သေသည်မှ နောက်၌ မဖြစ်
ဘူးလော။

(ထေရီ) မင်းမြတ် - 'သတ္တဝါသည် သေ
သည်မှ နောက်၌မဖြစ်' ဟူသော စကား
ကိုလည်း ဘုရားရှင် မဟောကြားအပ်။

(မင်း) အရှင်မ - သတ္တဝါသည် သေ
သည်မှ နောက်၌ဖြစ်သည်လည်းရှိ၊
မဖြစ်သည်လည်းရှိသလော။

(ထေရီ) မင်းမြတ် - 'သတ္တဝါသည် သေ
သည်မှ နောက်၌ ဖြစ်သည်လည်းရှိ၊
မဖြစ်သည်လည်းရှိဟူသောအချက်ကို
မြတ်စွာဘုရားရှင် မဟောကြားအပ်။

(မင်း) အရှင်မ - ထိုသို့ဖြစ်လျှင် သတ္တ
ဝါသည် သေသည်မှ နောက်၌ဖြစ်သည်
လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်
သလော။

(ထေရီ) မင်းမြတ် - 'သတ္တဝါသည် သေ
သည်မှ နောက်၌ဖြစ်သည်လည်းမဟုတ်၊
မဖြစ်သည်လည်းမဟုတ်' ဟူသောစကား
ကို မြတ်စွာဘုရားရှင် မဟောကြားအပ်။

ဤသို့ ပထမအဆင့် အမေး
အဖြေ ပြုပြီးနောက် ဆက်လက်၍ တစ်
ဆင့်ပြီးတစ်ဆင့် အမေးအဖြေပြုကာ
ခေမာသုတ္တန်တရားတော်ကို ဟောခဲ့
ရာ ကောသလမင်း လွန်စွာနှစ်သက်ခဲ့
သည်။

ထို့နောက် ကာလတစ်ခုတွင်
ကောသလမင်းသည် ဘုရားရှင်ထံ ချဉ်း
ကပ်ပြီး ခေမာထေရီမကို မေးခဲ့သည့်
အတိုင်း မေးခဲ့ရာ ဘုရားရှင်က ခေမာ
ထေရီမဟောကြားဖြေဆိုခဲ့သည့်အတိုင်း
(သဝေဠိဒ္ဒ်မ-မျှမကွဲ) တစ်ထပ်တည်း
တူညီစွာ ဖြေတော်မူခဲ့ရာ ကောသလ
မင်း လွန်စွာအံ့ဩခြီးကျူးခဲ့ရလေသည်။

လွန်ခဲ့သော ကမ္ဘာတစ်သိန်း
ထက်က ပဒုမုတ္တရဘုရားရှင်လက်ထက်
၌ ဗျာဒိတ်ခံခဲ့ရသည့်အတိုင်း ဂေါတမ
ဘုရားရှင် သာသနာတွင် ဉာဏ်ပညာ
ကြီးကြသည့် ဘုရားရှင်၏ တပည့်မ
အိမ္ဘုနီတို့တွင် အသာဆုံး၊ အမြတ်ဆုံး
အရာကို ခေမာထေရီသည် ချီးမြှင့်ခံခဲ့
ရပြီး ဆန္ဒဖြည့်ခဲ့ရပြီဖြစ်သည်။

ဂေါတမ ဘုရားရှင်သည်လည်း
ကောင်း၊ ခေမာထေရီမကြီးသည်လည်း
ကောင်း၊ ခန္ဓာချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်စံဝင်
တော်မူကြလေကုန်ပြီ။ ယခုအချိန်သည်
ဂေါတမဘုရားရှင် သနာသနာတည်တံ့
ထွန်းကားနေချိန်၊ ဗုဒ္ဓဘာသာဝင်
သူတော်ကောင်း အပေါင်းတို့သည်
ရှေးရှေးက နမူနာပြခဲ့တော်မူခဲ့ကြသော
အရိယာသူတော်ကောင်းကြီးများ၏ထုံး
နှလုံးပုံစံကို လိုက်နာကျင့်ကြံ အတုယူ
ကြကာ ဂေါတမဘုရားရှင်အဖြစ် စေလို
ဆုံးသော ဆန္ဒတော်ဖြစ်ဆည့် မဂ်ဖိုလ်
နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်အောင်
ကြိုးစား အားထုတ်ကြရမည် ဖြစ်ပေ
သည်။

ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း
၍ ထိုယိုစိတ်နှစ်ဖြာ ကျန်းမာချမ်းသာ
ကြပါစေ။

လင်းယုဉ်ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ရေးဟောင်း သမိုင်းဝင်
လောကမာရဇေယျစေတီတော်

ရွှေယဉ်နု

ကချင်ပြည်နယ်သို့ မရောက်ဖူးသော်လည်း ဗမာပြည်ရှိ ဘုရားစေတီပုထိုးများအကြောင်း ဖတ်ရှုလေ့လာရသည်မှာ ကျွန်ုပ်အတွက် ပျော်စရာကောင်းလှသည်။ ဗမာပြည်ရှိ ဘုရားစေတီပုထိုးများသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ရာဖြစ်ရုံသာမက ရှေးဟောင်းသုတေသနပညာရှင်များအတွက်လည်း အဖိုးတန်သော သုတေသနပြုစုရန် အရင်းအမြစ်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ဗမာပြည်ရှိ ဘုရားစေတီပုထိုးများကို ဖတ်ရှုလေ့လာရသည်မှာ ကျွန်ုပ်အတွက် ပျော်စရာကောင်းလှသည်။

ကချင်ပြည်နယ်သို့ မရောက်ဖူးသော်လည်း ကချင်ပြည်နယ်ရှိ ဘုရားစေတီများအကြောင်း ဖတ်ရှုလေ့လာရသည်မှာ ကျွန်ုပ်အတွက် ပျော်စရာကောင်းလှသည်။ အဲ့ကြောင်းဆိုလာတော့ မဖြစ်မနေ သွားဖြစ်သည်။ လာရင်းကိစ္စတွေ အချိန်နှင့်အမျှ ဆောင်ရွက်နေရင်း သွေးချင်းတို့၏ ပြည်နယ်အလှအပ သဘာဝတွေ၊ တိုးတက်ပြောင်းလဲမှုတွေ အခြားပသာဒတွေကို ငေးမောမိသည်။

သို့သော် ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့နှင့် ဘဝနာရှာရမည့် နေရာ ဌာနများသို့လည်း မမေ့မလျော့ ဧရာက်အောင် သွားရမည်။

မြစ်ကြီးနားမြို့ပေါ်မှ သီတာရပ်ကွက်၏ အနားတစ်ဖက်သည့် ဧရာဝတီမြစ်ကြီး၏ ကမ်းနဖူးပေါ်တစ်လျှောက်မှာ မေးတင်၍ အစပြု ဖြစ်တည်နေသည်။ ထိုကမ်းနဖူးထိပ်တစ်လျှောက်မြေအလျားကအစေးက သာသနာ့နယ်မြေဖြစ်သည်။ ဤသာသနာ့မြေပေါ်ရှိ ဘုရားစုံကို သွားရောက်ဖူးမြော်ခဲ့သည်။

ရှေးနှစ်ပေါင်း များစွာကပင် မြန်မာမင်းတို့ ထိုနေရာသို့ ကြွရောက်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ သာသနာ့အမွေဖြစ်သည်။ သရီရဓာတ်တော်စစ်များကို ပင့်ဆောင်ပို့ပေးခဲ့သည် သာသနာပြုခဲ့ဖူးသည့် ဟူသည့် သမိုင်းအထောက်အထားကို လွှမ်းသိမြင်နိုင်ခြင်းဖြင့် ဝမ်းသာကြည်နူး သာဓုခေါ်နိုင်ပါသည်။

ယခုရောက်ရှိ ဖူးမြော်ရသည်ကား မြန်မာသက္ကရာဇ်(၄၅၄)ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး တည်တော်မူထားခဲ့သည့် ရေးဟောင်း သမိုင်းဝင်လောကမာရဇေယျဆုတောင်းပြည့်စေတီတော်မြတ်ကြီး ဖြစ်ပါသည်။ (အလောင်းစည်သူမင်းကြီးသည် တိုင်းခန်း လှည့်လည်တော်မူရာ ဌာနတိုင်း၊ ဖောင်တော်ဆိုက်ကပ်သည့် ဒေသတွင် အိန္ဒိယပြည် မဂ္ဂါဓဒေသမှ အရှင်ပဲ့သကူမထေရ်မြတ်ကြီး ပင့်ဆောင်တော်မူခဲ့သော မြတ်စွာဘုရား၏ သရီရဓာတ်တော်များအား ဌာပနာတည်ထားသည်)

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် နန်းတက်သော ဆင်ဖြူရှင်မင်းကြီး၏ လက်ဝဲဝင်းတော်မှူးသည် ဤစေတီတော်ကြီးအား ထပ်မံမွမ်းမံပြုပြင်ခဲ့သည်ဟု သိရသည်။ မြစ်ကမ်းနဖူးပေါ်တွင် စေတီတော်ကြီးမှာ စံပယ်တော်မူသည်ဖြစ်၍ ၁၂၉၄ ခုနှစ်တွင် စေတီထောင်ကြီး၏ ကုန်းမြေကို ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပြိုပျက်မည့်ဆဲဆဲအခြေအနေသို့ ရောက်ခဲ့သည်။

ဆရာတော်ဦးဣန္ဒသဿနှင့် ခက်ချိဆရာတော် ဦးဥာဏာတို့ ကြီးမှူးသော နယ်သူနယ်သားဒေသခံများက စေတီတော်ကြီး၏ ဌာပနာများ ပြတ်တော်

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီးအရှေ့ဘက်ရှိ ဆုတောင်းပြည့်မုဒ်တော်မူဘုရားကြီး



ဆုတောင်းပြည့် လျှောင်းတော်မူဘုရားကြီး

များကို တူးဖော်ထိန်းသိမ်းပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ အလယ် (၅၀)ခန့် အကွာအဝေးမှပြောင်းရွှေ့ကာ စေတီတော်အသစ်ပြန်လည် တည်ထားကြခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ကာလတွင် စစ်ဘေး စစ်ဒဏ်ကြောင့် လူများအဆောက်အအုံများ အခြေအနေဘေးလုံး ပျက်စီးယိုယွင်းမှုများ ဖြစ်ကုန်ကြသည်။ သက္ကရာဇ် (၁၃၁၆-၁၇)ခုနှစ်တို့တွင် စေတီတော်ကြီးမှ ဓာတ်တော်မွေတော် ဆင်းတုတော်များကို မြစ်ကြီးနားမြို့ ဝန်းသိုဆရာတော်ကြီး ဦးစန္ဒိမာနှင့် တပည့်ဆရာတော်ဦးသောဘဏတို့မှ ကြီးမှူးပြီး ဒကာ၊ ဒကာမအပေါင်း စုပေါင်းလှူဒါန်းမှုတို့ဖြင့် လောကမာရ်အောင် စေတီတော်သစ်ကြီး အဖြစ် ထပ်မံ ပြုပြင်တည်ထားခဲ့ကြပြန်သည်။

အလောင်းစည်သူ မင်းကြီး၏ ကောင်းမှုတော် စေတီမြတ်ကြီးမှာ သဘာဝဘေးဒဏ် စစ်ဘေးဒဏ်တို့မှ လွတ်မြောက်ပြီး စတုတ္ထအကြိမ်ထိ ပြန်လည် တည်ထားပြီး ယခုအခါမြို့၏ ကျက်သရေဆောင် ရှေးဟောင်း အမွေသမိုင်းဝင် ဆုတောင်းပြည့် လောကမာရ်အောင် စေတီမြတ်အဖြစ် စံပါယ်တော်မူလျက် ရှိသည်ကို ကြည်ညိုစွာ ဖူးခွင့် ရရှိခဲ့သည်။ ဘုရားဥဒ္ဓတ်တော် (၇၅)ပေ (၁၀)လက်မ ရှိပါသည်။

လောကမာရ်အောင် ဆုတောင်းပြည့် စေတီတော်ကြီး၏ အရှေ့မျက်နှာချင်းဆိုင် သာသနာ့မြေတွင် ထပ်မံတည်ထားသည့် တင့်တယ်စွာသော တန်ဆောင်းကြီး အတွင်းဝယ် ဆုတောင်းပြည့် ကျောက်ဆင်းတု ရုပ်ပွားတစ်ဆူ ကြည်ညိုဖွယ် ဖူးမြင်ရပါသည်။ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးနှင့် ယှဉ်လျက် လက်ဝဲဘက်တွင် ရွှေအဆင်းပြည့် ရပ်တော်မူရုပ်ပွားတော်ကြီး တစ်ဆူကိုလည်း ကြည်ညိုစွာဖူးမြော်ခဲ့ပါသည်။

တန်ဆောင်း အသံစ်များတွင် ရှေးမြန်မာ့ အနုပညာလက်ရာများလို့

www.burmeseclassic.com

ရိုးရာမဟုတ် ဆက်လက်ထိန်းသိမ်းရန် ပြန်လည်ဖော်ဆောင်ထားသည်များမှာ အမျိုးဝုဏ်မပျောက် ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါ၏။

ရုပ်တော်မူ ရုပ်ပွားတော်ကြီး၏ လက်ယာသို့ ကွေ့လျှင် ဉာဏ်တော် အလျားပေ ၈၅ ပေ၊ အမြင့်ပေ ၂၅ နှင့် ပလ္လင်တော်အကျယ် အလျားပေ ၈၀၀ နှင့် ၉ လက်မရှိသော ထူးကဲ တင့်တယ် ကျက်သရေဆောင်သော ဆုတောင်းပြည့် လျောင်းတော်မူ ဘုရားကြီးတစ်ဆူကို တန်ဆောင်းကြီးအတွင်းဝယ် ဖူးမြင်ရပါသည်။

လျောင်းတော်မူဘုရားကြီး တည်ထားသည့် သမိုင်းကြောင်းကို အလှူခံဌာနနှင့် ဘုရားကြီး၏ ဂေါပကတို့ထံမှာ မေးမြန်းလေ့လာခဲ့ပါသေးသည်။

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ နာယကဆရာတော်ကြီး၏ ဦးဆောင်လှုံးညွှန်မှုဖြင့် (၂၅၊ ၄၊ ၂၀၀၈) နေ့တွင် အုတ်မြစ်စိုက်မဂ်လာအခမ်းအနား ပြုလုပ်ခဲ့သည်။ မြန်မာ့ရိုးရာ အနုလက်ရာရှင်စစ်စစ်များဖြင့် ဘုရားကြီးကို တည်ထားခြင်း ဖြစ်သည်။

လျောင်းတော်မူ ရုပ်ပွားတော်ကြီး၏ ဗိသုကာလက်ရာရှင်မှာ မန္တလေးမြို့မှ ဦးတင်အောင်(မြန်မာ့ရိုးရာ ပုန်းတော့ပညာရှင်)ဖြစ်သည်။ တန်ဆောင်းကြီးကို တာဝန်ယူတည်ဆောက်ခဲ့သည်မှာ ဦးစောင်မောင်စိုးနှင့် တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်သူ ဦးဆန်နီတင်ထွန်းတို့ ဖြစ်ကြောင်း၊ လှုပခဲ့ညာဉ်ပြောင်မြောက်ဃည့် မြန်မာ့အနုပညာလက်ရာစစ်များကို တွေ့မြင်ခဲ့ရသည်။

မြန်မာ့မြေပေါ်မှာ မြန်မာ့အမွေတွေကို ဒါနတွေ ပြုကြ၊ သာမုခေါ်ကြသည်မှာ မဆန်းပါပေ။

သို့သော် တိုင်းခြားက ည့်သည်တစ်စု ဒီနေရာသို့ နှစ်စဉ် လာရောက်၍ သာမုခေါ်ရကြသည်ဟု သိရသဖြင့် ထူးခြား ဆန်းကြယ်မှုလေး တစ်ခုကို

ဧစတီတော်ကြီးအရှေ့ဘက် ဆုတောင်းပြည့်ဆင်းတုတော်ကြီး

လည်း တွေ့မြင် သိရှိခဲ့ရပါသည်။

အကြောင်းမှာကား ဤ ဆုတောင်းပြည့် လျောင်းတော်မူဘုရားကြီး၏ ဒါယကာကြီးမှာ ဒုတိယကမ္ဘာစစ် အတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိ အမှုထမ်းခဲ့သည်။ ဂျပန်တပ်မတော်

လောကမာရ်အောင်ဆုတောင်းပြည့်စေတီတော်ကြီး မုဆိုးရေတွင်း စာရေးသူမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်လျှင်းတော်မှုတုရားကြီး၏ ဒါယကာ ကျွန်စစ်ပြုံးကြီးရပ်တု

(၂၆)မှ စစ်ပြန်ကြီးတစ်ဦး ဖြစ်ပါ
ဘုရားဒကာကြီး၏ အမည်မှာ
စစ်ဆူမိဆာကာဂူဆို ဖြစ်ပါသည်။
အခါ သူ၏ အသက်မှာ(၉၀)ကျော်
(၁၀၀)နီးပါး ရှိနေပြီ ဖြစ်ပါသည်။
စစ်အတွင်းကာလက မြန်မာ
တချင်ပြည်နယ်၌ တာဝန်ထမ်းခဲ့
စစ်ပြီး၍ မိခင်မြေ ကျပန်တွင်
ဆည်နေထိုင်လျက် ယခင်က နေရာ
အဖြစ်အပျက်များကို စိတ်စွဲနေ
စစ်အတွင်းက ကျဆုံးခဲ့ရသော
စစ်သားများနှင့် သေဆုံးသွားကြ
မြန်မာမှ တိုင်းရင်းသား အသိ
သူများကိုပါ ရည်စူး၍ ဧရာဝတီ
နှင့်အေးတွင် ကုသိုလ်ပြု ဘုရား
လှူဒါန်းလိုကြောင်း ဆန္ဒပြင်းပြစွာ
ကြောင်း ပြောပြလျှောက်ထားခဲ့သဖြင့်
သိုဆရာတော်ကြီးမှ လောကမာရ
ဆုတောင်းပြည့်စေတီတော်ကြီး
သွေ့ကွက်လပ်နေရာတွင် လျှောင်း
တော်မူ ဘုရားကြီးအား တည်ထားခွင့်
ပြုခဲ့ခြင်း ဖြစ်သည်ဟု သိရပါသည်။

ဘုရားဒကာကြီး မစ္စတာမစ်ဆူမိ
ဆာကာဂူဆို၏ အမှတ်တရ ပုံတူကို
ပြခန်းငယ်ကလေးတွင် တွေ့ခဲ့ရပါသည်။
သူနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရင်း
ကျဆုံးသွားခဲ့သူများ၏ ပုံများကိုလည်း
ဖော်ပြထား၍ ကုသိုလ်ပြု အမျှဝေပေး
ကြောင်း လေ့လာတွေ့ရှိရသည်။

အသက်အရွယ်ကြီးရင့်ပြီး ခရီး
ဝေးမသွားနိုင်တော့သောကြောင့် ဤ
ဒေသသို့ ကိုယ်တိုင် တစ်ခုစ် တစ်ခေါက်
မဧရောက်နိုင်တော့သော်လည်း စိတ်
အာရုံပြုအနုမောဒနာခေါ် နေပါကြောင်း
ဖုန်းဖြင့်အဆက်အသွယ်ပြုသေးကြောင်း
လည်း သိခဲ့ရသည်။ သူ၏ မျိုးဆက်မှ
မြေးမြစ်များကိုလည်း နှစ်စဉ်အလှည့်ကျ
မြန်မာပြည်သို့ စေလွှတ်ကာ ဧရာဝတီ
မြစ်ကမ်းနံဘေးရှိ လျှောင်းတော်မူဘုရား
မှာ အလှူအတန်းပြု သာဓုခေါ်စေရန်
လည်း မှာကြားထားသည်ဖြစ်ကြောင်း
ထူးခြားသည့် ရေစက် အဆန်းကလေး
တစ်ခုကိုပါ သိခဲ့ရပါသည်။

လောကမာရ်အောင်ဆုတောင်း
ပြည့် စေတီတော်မြတ်ကြီး၏ ရှေ့မုခ်
အထွက် လက်ဝဲဘက်တွင် ဧရေဝတီမြစ်
ဘက်သို့ တံတားထိုး အဆောင်ထုတ်
ထား၍ နဂါးရုံဘုရား၊ ရှင်သီဝလိနှင့်
ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ် ရုပ်တု
များ တည်ထားဆည်ကိုလည်း ကြည်နူး
စွာ ဖူးမျှော်ခဲ့ပြန်သည်။

အဆောင်ဝယ်ပေါ်မှ ဧရောဝတီ
မြစ်တစ်ဖျိုးကို ငေးမောရင်း အဝေးမှ ဗလ
မင်းထင်တံတားကြီးကို လှမ်းမြင်နိုင်
သည်။ ဧရောဝတီ၏ ဟိုဘက်ကမ်းရှိ
သောင်ကမ်းပါးတောင်ခြေ တောတန်း
များကိုကြည့်ရင်း ဟောင်းအတိတ်ဆီမှ
ဖောင်တော်ဆိုက်ပြီး သရီရဓာတ်တော်
သယ် ဘုရားတည်တော့မည့် ဘုရား
ဒကာ ပုဂံပြည့်ရှင်ကြီးအလောင်းစည်သူ
ကိုလိုလို၊ ကချင်မြေကို မမေ့နိုင်တဲ့
အဝေးမှ ဘုရားဒကာကြီး မစ္စတာမစ်ဆူ
မိဆာကာဂူဆို့ကိုလိုလို မြင်အောင် အာရုံ
ထား မေတ္တာပွား အမျှဝေနိုင်ပါသည်။

မြစ်ကြီးနားမြို့ သီတာရပ်ရှိ
သာသနာ့မြေပေါ်မှာပင် နှောင်းခေတ်
ပုဂံပြည့်ရှင်မင်းကြီး၏ ကောင်းမှုတော်
လောကမာရ်အောင် ဆုတောင်းပြည့်
စေတီတော်မြတ်ကြီးနှင့် ရုပ်တော်မူ
လျှောင်းတော်မူ တင်ပျဉ်ခွေ ရုပ်ပွား
တော်များကို ဝမ်းမြောက်ဝမ်းသာဖူးမြင်
ရပါသည်။ မြန်မာ့အနုပညာလက်ရာ
စစ်တို့ကိုလည်း တဒ္ဒံတသြ ချီးကျူးခဲ့
စားကြည့်ရှု လေ့လာခဲ့ရပါသည်။

ကချင်ပြည်နယ်ရောက်ရှိပါက
ဤသာသနာ့မြေသို့ ဝင်ရောက်ကြည်ညို
ဖူးမြော်နိုင်စေလိုသော ဆန္ဒဖြင့် ပုံဖော်
ဖော်ပြရခြင်း ဖြစ်ပါသည်။

လွှေယဉ်နု

❑

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း ရေ့ နှစ် ရှိခြင်းဖြစ်သော

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် တန်ကျေးရွာ ရေးဟောင်းလေးတစ် ကျောင်းတော်ကြီး

ရဲနုံသာအောင်ချမ်းက်

မကွေးမြို့က ကျွန်တော့်အိမ်ကို မင်းဘူးမြို့မှာနေတဲ့ စာရေးဆရာဦးမြင့်သိန်း ကားတစ်စီးနဲ့ ရောက်လာပါတယ်။ နေ့ချင်းပြန် ခရီးတစ်ခု လိုက်ခဲ့ပါ ခေါ်သဖြင့် ကျွန်တော် မမျှော်လင့်တဲ့ ခရီးတစ်ခု ထွက်ဖြစ်ခဲ့ပါတယ်။

ကားပေါ် ရောက်တော့ ကားမောင်းသူ လူငယ်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။ ဥပမိရုပ် ကောင်းကောင်း ရည်ရည်မွန်မွန်ရှိတဲ့ လူငယ်လေးတစ်ဦးပါ။ သူ့အမည်က ကိုမျိုးလို့ သိရပါတယ်။ မကွေးမြို့မှာ ထင်ရှားကျော်ကြားတဲ့ လက်နှစ်ဖက်ကဖီးနှင့် အအေးဆိုင်က မန်နေဂျာဖြစ်ကြောင်း သိရပါတယ်။

ဆရာဦးမြင့်သိန်းဟာ သီလဝဘာသာရေးမဂ္ဂဇင်းမှာ လစဉ်ပင်တိုင်ရေးနေတဲ့ စာရေးဆရာ မြင့်သိန်း (မိုး-၉၇) ဖြစ်ပါတယ်။ ကလောင်အမည်မှာ မိုး ၉၇ လို့တပ်ထားတာကတော့ မင်းဘူးမြို့ မိုးကုတ်ဝိပဿနာမဟာဂန္ဓာရုံသာကြီးဟာ အဖွဲ့ခွဲ အမှတ်(၉၇)ဖြစ်ပြီး ဆရာဦးမြင့်သိန်းဟာ ဓမ္မရိပ်သာကြီး အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ရင်း တရားအားထုတ်နေသူဖြစ်လို့ ဓမ္မရိပ်သာအဖွဲ့ခွဲ ၉၇ ကို အစွဲပြုပြီး ကလောင်အမည်ပေးခဲ့တာလို့ သိရပါတယ်။

အခုသွားမယ့် ခရီးဟာလည်း သီလဝဘာသာရေး မဂ္ဂဇင်းကြီးအတွက် သတင်းဆောင်းပါးရေးဖို့ ကိုယ်တိုင်ကွင်းဆင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အတွက် ဒေသန္တရ ဗဟုသုတရစေဖို့ ကုသိုလ်ပွားစေဖို့ လာခေါ်ခြင်း ဖြစ်ပါတယ်။ မကွေးဧရာဝတီမြစ်ကူး တံတားကြီးပေါ် ဖြတ်သန်းလိုက်ရင်ပဲ မြစ်ပြင်က ဖြတ်သန်းတိုက်ခတ်လာတဲ့ သန့်ရှင်းတဲ့ လေနုအေးကို တဝကြီး ရှူရှိုက်လိုက်ရလို့ လန်းဆန်းသွားပါတယ်။

မကွေးဘက်ကမ်းမှာရှိတဲ့ လူနေအိမ်တွေ၊ နှန်းထိုက်သူ ဟိုတယ်ကြီး မကွေးမြေသွန်စေတီတော်ကြီးနဲ့ ရွှေရင်မျှော်၊ ဆင်တောင်တောရတို့ တရိပ်ရိပ် ဝေးကျန်ခဲ့ပါတယ်။ မင်းဘူးဘက်ကမ်းက စက္ကိန်းတဲစေတီ၊ လူနေအိမ်တွေနဲ့ ဟိုအဝေးက မင်းဘူးဘုရားတို့ကို ထင်ထင်မြင်နေရတယ်။

"ဒီတံတားကြီးကို ၂၀၀၀ပြည့်နှစ်က စဆောက်တာ ၂၀၁၂ ခုနှစ်မှာ ပြီးတယ်၊ တံတားအရှည်က စ၉၈၉ ပေ ရှည်တယ်၊ တံတားကြီးမရှိခင် ကာလထဲက မင်းဘူးနဲ့ မကွေး ရောဝတီမြစ်ကို ဖြတ်ရတာ သိပ်ခက်ခဲရောက်တယ်၊ အချို့တွေ ကုန်တယ်၊ မကွေးဘက်ကို နေ့စဉ်နဲ့တက်ရ၊ ကျောင်းတက်ရသူလေးတွေဟာ ပဲ့ထောင်စက်လှေနဲ့ ဖြတ်ကြရတယ်၊ မိုးတွင်းကာလ မြစ်ရေမြင့်နေပြီး မိုးထေးလေတွေနဲ့ ရွံရွံစိုင်ကြတာပဲ၊ အန္တရာယ်

www.burmeseclassic.com

အသန်းတံခါးကို သံကောက်ချိတ်သော့ဖြင့် ဖွင့်/ပိတ်ပြနေပုံ



ကျောင်းလေးထဲကျောင်း ဘုန်းဘကဲကြောက် ကျောင်းထိုင်သရုတော် အရှင်အဂ္ဂသာမိက အသန်းဖွင့်ပိတ် သံကောက်ချိတ်သော့ကိုကိုင်၍ ဖွင့်ပိတ်ပြပုံ

လည်းများတယ်၊ မင်းဘူးနဲ့ မကွေးသွား တာ တစ်နာရီမက ကြာတယ်၊ နွေရာသီ မြစ်ရေကျပြီး သောင်တွေထွန်းတဲ့အခါ ပိုပြီးဒုက္ခရောက်တယ်၊ ပဲထောင်စက်လှေက သဲသောင်တွေ ကွေ့ပတ်မောင်းရတယ်၊ နှစ်နာရီနီးပါး ကြာတယ်။

နွေရာသီ ရွှေစက်တော်ဘုရားပွဲတော်ချိန်ဆိုရင် မင်းဘူးဘက်မှာရော မကွေးဘက်မှာရော သဲသောင်တွေပေါ်မှာ ကားတွေ လူတွေ ပွဲတော်တမျှ ကြိတ်ကြိတ်တိုး စည်ကားတယ်၊ မကွေး မင်းဘူးကို ကားဝွေ့ဖြတ်မို့ ထားဝယ် [illegible] ပေါ်က မြေတိုက်ရင် ၁၀မိနစ်တောင် မကြာဘူး၊ မကွေးနဲ့ မင်းဘူးက ၄ မိုင်ပဲ ဝေးတယ်၊ မင်းဘူးက အထက်မင်းလှကို ၁၄ မိုင်၊ မင်းဘူးက စလင်းကို ၃၉မိုင် ဆင်ဖြူကျွန်းကို ၄၅မိုင်၊ ကားလမ်းတွေ သိပ်ကောင်းတော့ ဆင်ဖြူကျွန်းက လူတွေ မကွေးကို ကားတွေ ဆိုင်ကယ်တွေနဲ့ နေ့ချင်းပြန်သွားကြတယ်"

ဆရာဦးမြင့်သိန်းက ကျွန်တော့်ကို ရှင်းပြပါတယ်။ မင်းဘူးမြို့ရောက်တော့ စလင်း ဆင်ဖြူကျွန်းကားလမ်းက ခွဲထွက်ပြီး အနောက်စူးစူးကို မောင်းသွားပါတယ်။ ရွာတွေ အဆက်မပြတ်တွေ့ရသလို စိမ်းစိမ်းစိုစို သစ်ပင်ရှုခင်းတွေ တွေ့ရတယ်။ မင်းဘူးက အနောက်စူးစူးကို မောင်းလာတဲ့ ကားလမ်းဟာ ပဒန်း-ငဖဲ-အမ်းကားလမ်းဖြစ်သလို ရွှေစက်တော်ဘုရားသွားရာ ကားလမ်းလည်းဖြစ်ပါတယ်။ ကားလမ်းက ကတ္တရာလမ်းမြောင့်ဖြူးညီညာသလို ကားကြီးကားငယ်တွေ မပြတ်သွားနေတာ တွေ့ရပါတယ်။ ၂၄ မိုင်ခန့် မောင်းလာတဲ့အခါ တောင်နဲ့မြောက် ဖောက်လုပ်ထားတဲ့ ပုသိမ်၊ မုံရွာကားလမ်းကြီးကို သွားဆုံပါတယ်။ ညာကိုကွေ့ပြီး ပုသိမ်-မုံရွာ ကားလမ်းပေါ် မြောက်ဘက် မုံရွာဘက် ဆီ ဦးတည်မောင်းလာပါတယ်။

www.burmeseclassic.com

ရွှေစက်တော်သို့ ၃ မိုင် ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်ကြီးကိုလည်း တွေ့ရတယ်။ ပုသိမ်-မုံရွာ ကားလမ်းကြီးဟာ ကျယ်ဝန်းပြီး ဖြောင့်ဖြူး ညီညာနေလို့ ကားကို အမြန်နှုန်းမြင့် မောင်းလာပါတယ်။ ကားလမ်းကြီးက အတော်လေး ကောင်းပါတယ်။ ကားလမ်းတစ်ဖက် တစ်ချက်မှာ စိမ်းစိုနေတဲ့ သစ်တောအုပ် တွေရှိပြီး ရွာဆက်တော့ ပြတ်တယ်။

ပုသိမ်-မုံရွာ အမြန်လမ်းမကြီး ဟာ ယာဉ်သွား ယာဉ်လာနည်းပုံပေါ်ပါတယ်။ အသွားအလာ ကားတွေ သိပ်မတွေ့ရဘူး။ မိုင် ၂၀ လောက်မောင်းလာတော့ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင် ၂၉၃ လောက်မှာ ကြီးအုံကြီးဝ ရေအားလျှပ်စစ်ရေလှောင်တမံ ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို တွေ့ရတယ်။ ပုသိမ်-မုံရွာ အမြန်ကားလမ်းမကြီးက ကြီးအုံကြီးဝ ရေလှောင်တမံသွားရာလမ်းဘက် ချိုးဝင်လိုက်တယ်။

ရေလှောင်တမံ ဆည်ကြီးကို ၈ မိုင်ခွဲ ဝေးတဲ့ယ်။ ၂ မိုင်နီးပါးမောင်းလာတော့ ကားလမ်းတစ်ဖက်တစ်ချက်မှာ သစ်တောတွေ ခုတ်ထားတာ ပြောင်သလင်းခါနေတာ တအံ့တသြ တွေ့ရတယ်။ ခုတ်ထားတဲ့ သစ်တုံးတွေကလည်း မြေပြင်ပေါ်မှာ အမြောက်အမြား အတုံးအရုံးပါပဲ။ ကျွန်တော် တအံ့တသြ ငေးကြည့်နေလို့ ဆဲရာဦးမြင့်သိန်းက -

"သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်တဲ့၊ သစ်ပင်တွေ သိန်းနဲ့ချီခုတ်လိုက်တော့. . . "

"ထောင်တစ်သက်ကျသွားရောလား"

ကျွန်တော့်အမေးကြောင့် . . .

"ဆယ်သက်မက ချမ်းသာသွားတာပေါ့ဗျာ ဟဲ ဟဲ ဟဲ"

ကားလမ်းတစ်ဖက် တစ်ချက် သစ်တွေ ခုတ်ထားတာ တစ်မိုင်လောက် ရှိပါတယ်။ ကျွန်တော့်ရင်ထဲ စိတ်မကောင်းဖြစ်မိလို့ ဟို အဝေးအနှောက်ဝိုးမတောင်တန်းကြီးနဲ့ စိမ်းစိုညို့မှိုင်းနေ



ကျောင်းတော်ကြီးအောက်ရှိ ကျွန်းသားတိုင်ရှည်ပေါင်း ၂၉၇ တိုင်အနက် အချို့ကိုတွေ့ရပုံ



ကျွန်းသားတိုင်ရှည်ကြီးပေါ်တွင် ၁၂တိုက္ကန်မ် ကျောင်းတော်ကြီးဆောက်လုပ်မှုမီးခြေကြီး ကမ္ဘည်းစာတိုင်



ကျောင်းအပေါ်ထပ်ရှိ တစ်သက်တစ်စပ်တည်ရှိနေသော ကျွန်းသားတိုင်ရှည်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ သစ်တောကြီးတွေကို ငေးကြည့်နေတယ်။ ကြီးအုံကြီးဝ ရေလောင်တမဲ့ သည်ကြီး ရောက်ဖို့ ၅ မိုင်လောက် အလိုမှာ ရွာလေးတစ်ရွာ တွေ့ရတယ်။

ရွာဦး ဘုန်းကြီးကျောင်းမှာ ဆွမ်းလေးတစ်ခု ထိုးထားပြီး အသံခဲ့တော်တာ သီချင်းသံတွေ ဝေလွင်နေတယ်။ မကွေးမြို့ပေါ်က ကားကြီး ဘယ်(၁၀)စီးခန့် တွေ့ရပြီး လူတွေ အတော်စည်ကားနေတယ်။ ပြုံးပျော်နေကြတယ်။ ဆောက်လုပ်ပြီးစ ရောနှံကြီးထဲကို ၄ လက်မရေပိုက်ထဲက ရေတို့ဖြူဖွေးဖွေးတွေက တဝေါဝေါ ကျနေတယ်။

ကျွန်တော်တို့ ကားလည်း ဝင် ရောက်ရပ်နားလိုက်တယ်။ ကျွန်တော့် ကို ဆရာဦးမြင့်သိန်းနဲ့ မန်နေဂျာ ကိုမျိုး တို့က လိုက်လံပြဆရင်း ရှင်းပြကြတယ်။

"ဒီရွာလေးဟာ ပွင့်ဖြူမြို့နယ် အဆုံး ကျွဲတံခါးကျေးရွာအုပ်စုက မင်း သင်းကန်ရွာလေးပါ။ အခုတော့ အိမ်ခြေ (၇၀)လောက်ပဲ ရှိတော့တယ်၊ ဒီနှစ် ဆွဲဦးအစမှာ ချောင်းရေ ကန်ရေတွေ ခန်းခြောက်ပြီး သောက်သုံးရေ ပြတ် သပ်ခဲ့ကြတယ်၊ တချို့ရွာကို စွန့်ခွာပြီး ပြောင်းရွှေ့သွားကြတယ်၊ ဒီရွာလေး သောက်သုံးရေ ပြတ်လပ်ပြီး အတိဒုက္ခ ရောက်နေတာသိရလို့ မကွေးမြို့ လက် နှစ်ဖက်ကဖီးနှင့် အအေးဆိုင်ပိုင်ရှင် ဦးကိုကိုနိုင်၊ ဒေါ်သင်းသင်းယုတို့က ရေစည်ကားတွေပေးပို့ လှူဒါန်းခဲ့တယ်၊ ရွာသူ ရွာသားတွေ အရေးပေါ် သောက်သုံးရေ ရကြပေမယ့် ရေရှည်မှာ ရေဘေး ဒုက္ခက မလွတ်မြောက်နိုင်ဘူး။

ဒါကြောင့် မကွေးမြို့က လက် နှစ်ဖက်ကဖီးနှင့် အအေးဆိုင်ပိုင်ရှင် ဦးကိုကိုနိုင်၊ ဒေါ်သင်းသင်းယုတို့ဟာ မကွေးမြို့က ဝေဠုဝန်ဆရာတော်ဘုရား ကြီးရဲ့ ဩဝါဒခံယူပြီး အောင်မမွှရက္ခိတ် ကျောင်းတိုက်ဆရာတော် အရှင်ပညာ ဝရရဲ့ ဦးဆောင်လမ်းညွှန်မှု ခံယူပြီး အဲဒီရွာလေးမှာ စက်ရေတွင်းတူးခဲ့တယ်။

မန်နေဂျာကိုမျိုးက အနီးကပ် ကြီးကြပ်ပြီး ခက်ခဲပင်ပန်းစွာ ပေ (၃၄၀) အထိ တူးခဲ့ရတယ်၊ ကျောက်ဖျာခံနေလို့ စိတ်ဓာတ်ကျနေကြရာက ၄ လက်မ ရေပိုက်နဲ့ ရေချိုရေသန့် ဖြူဖြူဖွေးဖွေး တွေ ပန်းထွက်လို့ ရေအောင့်ခဲ့တယ်၊ ရွာသူ ရွာသားတွေဟာ ရွှေတွေ ငွေတွေ စိန်တွေမလို ရေကိုသာ လိုနေကြတယ်။ ရေရလာတဲ့အတွက် ဝမ်းသာပျော်မြူး ကြတယ်"

ယနေ့တော့ စက်ရေတွင်းနဲ့ လှူဒါန်းဆမ္မ အစုစုကို ရေစုက်ချပွဲ ကျင်းပတာဖြစ်တယ်။ လုံသူအရောက် အပေါက်နည်းပြီး ဝေးလံခေါင်သီတဲ့ ရွာလေးကို ဝေဠုဝန်ဆရာတော်ဘုရား ကြီးကိုယ်တိုင်ကြွရောက်တော်မူတယ်။

ပဉ္စသံယာ(၂၅)ပါးက ပရိသတ် ကို သီလပေး ပရိတ်တရား ချီးမြှင့်ပြီး ရေစက်ချအနုမောဒနာတရားဟောကြား တော်မူတယ်။ ကြွရောက်လာကြတဲ့ ဧည့်ပရိသတ် အားလုံးကို မဇ္ဈိမမြို့ လက်နှစ်ဖက်ကဖီးနှင့် အအေးဆိုင်ပိုင် ရှင် ဦးကိုကိုနိုင်+ ဒေါ်သင်းသင်းယု မိသားစုက အစားအသောက်များနဲ့ ကျွေးမွေးဧည့်ခံတယ်။

ဦးကိုကိုနိုင်+ဒေါ်သင်းသင်းယု တို့ဟာ စက်ရေတွင်း၊ ရေနက်၊ ရေကန် အပြင် စာသင်ကျောင်း၊ ဆောက်လုပ် လှူဒါန်းပေးခြင်း၊ ဆရာမလေးအတွက် လစဉ်လစာငွေ ပံ့ပိုးထောက်ပံ့ပေးခြင်း၊ ရွာက ကလေးငယ်များထဲက ရှင်သာ မဏေ (၁၁)ပါး ရှင်ပြုပေးခဲ့ပါတယ်။ မကွေးတက္ကသိုလ်ပေါင်းစုံမှ စည်ဖြိုးသူ ဖောင်ဒေးရှင်း အဖွဲ့ဝင် တက္ကသိုလ် ကျောင်းသားတွေက အော်ဂင်တူရိယာ ဆောင်းဘောက်ကြီးများဖြင့် ကလေး ငယ်များအား ယဉ်ကျေးလိမ္မာသင်တန်း သီချင်းကဗျာများဖြင့် သိဆိုကပြဖျော် ဖြေပေးနေပါတယ်။

ကျွန်တော် ကြည့်နေရင်းက ရင်တွင်းမှာ မုဒိတာပွား ပီတိဝမ်းသာ ဖြစ်နေမိတယ်။

"ဒီရွာလေးမှာ သောက်ရေသုံးရေ ပြတ်လပ်ပြီး ဒုက္ခရောက်နေကြ တယ်၊ စိတ်ပိုင်းရော ရုပ်ပိုင်းရော ထိခိုက် ခံစားနေကြရတယ်၊ ဒီတွက်လပ်ကို ဖြည့် ဆည်းပေးကြတဲ့ အလှူရှင်တွေ လုပ် အားပေးသူတွေ စိမံကွပ်ကဲပေးသူတွေနဲ့ ဆရာတော် သံဃာတော်တွေရဲ့ ကျေးဇူး ကြီးလှပါတယ်၊ ကျွန်ုပ်က ဆင်ဖြူတွင်းမြို့ ကပ်၊ ဆင်ဖြူကျွန်းတဝိသားပါးမိုးကုတ် ဆရာတော်ဘုရားကြီး တရားတွေနဲ့ ဆင်ဖြူကျွန်းဆရာတော် ဦးဝမ္မသာရ တရားတွေ နာကြားရပြီး ရဟန်းဝတ်ပြီး တောထွက်ခဲ့တယ်၊ ဒီနယ်ထဲရောက် လာပြီး တစ်ပါးတည်း တောရ ဆောက် တည်နေခဲ့တာပါ။

ဟိုဘက်တောထဲမှာ သီတင်းသုံး အားတဲ့ရားအားထုတ်နေရင်း ဘာသာ ကိုးကွယ်မှု မရှိကြတဲ့ ရွာသူရွာသား အချို့တောထဲမှာ ကြုံရတယ်၊ ကျွန်ုပ်ကို ရန်ပြုသတ်ဖြတ် တိုက်ခိုက်မယ် -လုပ် လာလို့ သူတို့တွေ အကုသိုလ်မဖြစ်ရ အောင် ရှောင်လာရင်း ဒီရွာလေးရောက် လာခဲ့တာပါ၊ ဒီက ရွာသူ ရွာသားတွေက ကျောင်းဆောက်ပေးပြီး သီတင်းသုံးစေ ခဲ့လို့ ကျောင်းထိုင်ဖြစ်နေတာ၊ အခု တော့ ကိုရင်လေး ငါးပါးနဲ့ ကပ္ပိယကြီး ရှိပါတယ်၊ ကျွန်ုပ်က ဦးဣန္ဒကပါ"

ဆရာတော်ကို နှုတ်ဆက်ကာ ကန်တော့ရင်း ဆရာတော်ဦးဣန္ဒက မိန့်ကြားကာလည်း ကြားခဲ့ရတယ်။ ကား မောင်းတဲ့ မန်နေဂျာကိုမျိုးက -

"ဦးလေးတို့ကို အချိန်ရတုန်း အပြန်မှာ ရွှေဟောင်းလေးထပ်ကျောင်း ကြီး လိုက်ပို့ပေးမယ်၊ လာ သွားကြစို့"

ကိုမျိုးမောင်းတဲ့ ကားလေးဟာ မင်းလမ်း ကန်ကျေးရွာက လာလမ်း အတိုင်း ပြန်မောင်းလာတာ ပုသိမ်-မုံရွာ အပြန်လမ်းမကြီးပေါ် ပြန်ရောက်ပါ တယ်။ ဘယ်ဘက်ကိုကွေ့ပြီး မြောက် ဘက် မုံရွာဆီကို မောင်းလာလိုက်ဟာ ၅မိုင်လောက်ရောက်တဲ့အခါ သဲကန္တာရ ထဲက စိမ်းလန်းတဲ့ အိုအေစစ်တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

သလို အင်မတန်လှပသာယာတဲ့ ပန်းခြံဆန်လှတဲ့ မယ်ဇလီဆည်ကြီးကို တွေ့ရတယ်။ ဆည်ရေပြင်က တော်တော်ကျယ်ဝန်းတယ်၊ ပုသိမ် မုံရွာ ကားလမ်းက မယ်ဇလီ ဆည်ပေါ်ကနေ ကြီးတံတားကြီးနဲ့ ဖြတ်သန်းထားတယ်။

ဆည်ကြီးတည်ရှိရာ မယ်ဇလီရွာဟာ စနေနွေတိုင်း ရွေးနေ့ဖြစ်ပြီး အနီးအနားရွာတွေ ဝယ်သူ ရောင်းသူတွေနဲ့ စည်ကားတယ်။ ဆည်ပေါ်ဖြတ်ဆောက်ထားတဲ့ ပုသိမ်-မုံရွာ အပြန်ကားလမ်းမကြီးရဲ့ ကြီးတံတားထိပ်မှာ ကျောင်းတော်ရာသို့ (၂၂) မိုင်၊ ကံပြား (ဆင်)မိုင်၊ ရွှေစက်တော်သို့ (၂၄)မိုင်လို့ ရေးထားတယ်။

ကျွန်တော်တို့ ကားလေး ပြီးတဲ့တာကြီးပေါ်ဖြတ်ပြီး ညာဘက်ဆည်ဘောင်ပေါ်ကို ချီးကွေ့လိုက်တယ်။ ဆည်ဘောင်ပေါ်က အနည်းငယ်မောင်းလိုက်ရင်ပဲ ဆည်က ဖြန့်ဝေပေးတဲ့ လက်ခွဲရေမြောင်းဘောင်ပေါ် ရောက်သွားပြီး ငှက်ပျောတော၊ ထန်းတောတွေနဲ့ စိမ်းစိုနေတဲ့ ရွာဘက်ကွေ့လိုက်တဲ့အခါ အိုဟောင်းနေပြီဖြစ်တဲ့ ရွှေဟောင်း လေးထပ်ကျောင်းဝင်ကြီးထဲ ရောက်သွားပါတယ်။ အံ့သြလောက်စရာပါပဲ။

အင်တန်ကြီးပြီး ကျယ်ဝန်းတဲ့ ကျွန်းသားတွေနဲ့ ဆောက်လုပ်ထားတဲ့ ရွှေဟောင်းလေးထပ်ကျောင်းကြီးပေါ်တက်ခဲ့ပါတယ်။ ကျောင်းထိုင်ဆရာတော် အရှင်အဂ္ဂသာမိတာ သက်တော်ငယ်ငယ်ပဲ ရှိပါသေးတယ်။ ဒီလေးထပ်ကျောင်းကြီးရဲ့ (၇) ဆက်မြောက် ကျောင်းထိုင်ဆရာတော် ဖြစ်ပါတယ်။

ဆရာတော် အရှင်အဂ္ဂသာမိက လေးထပ်ကျောင်းကြီးတစ်ခုလုံး လိုက်လံပြသ ရှင်းလင်းပြောပြပါတယ်။ ကျောင်းကြီးအောက်ထဲ ဝင်ကြည့်တော့ ကျွန်းသားတိုင်ရှည်ကြီးတွေကို ၁၂ ပင် ၁၅ တိုင်တန်းတွေ့ရပြီး ကျောင်းပေါ်မှာ အခန်းတွေလည်း တွေ့ရတယ်။

သီဟိုဠ်းဘုရားကြီးနှင့် ဒုတိယ ကျောင်းအိုကြီး၊ လယ်ကိုင်းပြင်အလှ၊ ဆောက်အုံပြုံအလှ၊ ဆောပြုံအလှ

သီဟိုဠ်းလက်ထက် ကသာရိပ္ပမုန်အဖြစ် သန့်အပ်ခံရသော ဒုတိယကျောင်းအိုကြီး လယ်ကိုင်း အောက်ဘီး ဆောပြုံအပြင် ဦးအုန်းထော်နှင့် ဖယ်အန်းထော်နှံတို့ပဲ

ရွှေဟောင်း စာတိုက်သေတ္တာကြီးတွေ ရွှေဟောင်းပေစာ ပုရိုက်ထုပ်တွေ အများအပြား ထိန်းသိမ်းထားတာတွေ့ရတယ်။ ဒီရွှေဟောင်း ကျောင်းတော်ကြီးကို တစ်ပါးတည်း ရေရှည်ထိန်းသိမ်းနိုင်ဖို့ ခက်တဲ့အကြောင်း၊ နိုင်ငံတော်က ရွှေဟောင်းအမွေအနှစ်၊ ဘာသာရေးအမွေအနှစ်အဖြစ် ဝန္ဓတစိုက်လာပြီး ပြုပြင် ထိန်းသိမ်း ထောက်ပံ့ပေးဖို့လိုကြောင်း မိန့်ကြားတယ်။

ရွှေဟောင်းလေးထပ်ကျောင်းကြီးဟာ မကွေးတိုင်းဒေသကြီး ပွင့်ပြူမြို့နယ် ကန့်ကျေးရွာမှာတည်ရှိပါတယ်။ ရွှောက်တောမြို့နဲ့ နီးပါတယ်။ ဆရာတော် အရှင်အဂ္ဂသာမိက ဒီလေးထပ်ကျောင်းကြီးတည်ဆောက်ခွင့် အဓိန် စာရွက်လွှာ ပေရွက်ပေါ်မှာ ရေးထိုးထားတာကိုလည်း ထုတ်ပြတယ်။ ဟံသာဝတီမင်း လက်ထက် ၁၂၀၅ ခုနှစ်မှာ တည်ဆောက်ခွင့်ပြုကြောင်း ပေစာစာရွက်လွှာကို ဖတ်ခဲ့ရတယ်။ ဒီကျောင်းတော်ကြီးကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၇၂ နှစ် သတ္တရာဇ် ၁၂၀၅ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့တယ်။

သတ္တရာဇ် ၁၂၀၇ ခုနှစ်မှာ ဆောက်လုပ်ပြီးစီးခဲ့တယ်။ ကျွန်းသားတိုင်ရှည်ကြီးပေါင်း (၂၉၇)တိုင်နဲ့ဆောက်လုပ်ခဲ့တယ်။ အလှူရှင်က ကျောင်းဒကာ ဦးမိုင်း၊ ဒါယိကာမ ဒေါ်မော်တို့ ဖြစ်ကြတယ်။ ပထမ ကျောင်းထိုင်ဆရာ

လယ်ပြည့်ဝန်းမဂ္ဂဇင်း (အောက်တိုဘာလ၊ ၂၀၁၆)

www.burmeseclassic.com

လူယောင်း လေးထပ်ကျောင်းကြီး

ထော်ကြီးကတော့ ခင်ကြီးမေး (ခေါ်) ဦးဝဏ္ဏိတဖြစ်ပါတယ်။

ကြီးမားကျယ်ဝန်း ခိုင်ခံ့လှတဲ့ ဘုရားတော်ကြီးပေါ် လေ့လာကြည့်တော့ တစ်ချိန်က ရဟန်းသံဃာတွေ အများအပြား သီတင်းသုံးခဲ့မှာကို ခန့်မှန်းမိပါတယ်။

ဒုတိယ ကျောင်းဒကာကတော့ သီပေါမင်း ပါတော်မူပြီး လယ်ကိုင်းအောက်ဆိပ်၊ ဆောမြို့နယ် မြို့အုပ်ကြီး ဦးအန်ထော်နီ နဲ့ မယ်အန်ထော်နီ တို့က ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့တဲ့ အကြောင်း၊ ရွှေကျလှတဲ့ အဆောင်အယောင် အဝတ်အစားများနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံကိုလည်း မြင်တွေ့ခဲ့ရတယ်။

စိတ်ဝင်စားဖွယ်ကောင်းပြီး ထူးဆန်းအံ့သြဖွယ်ရာ တွေ့ရတာကတော့ ရွှေနှစ်ပေါင်း (၁၇၂) နှစ်က မြန်မာ့ဒီသုကာ လက်သမား အတတ်ပညာ အဆင့်အတန်းမြင့်မားခဲ့ပုံကို အခန်းတစ်ခါးသော့နဲ့ အခန်းတွင်းက မင်းတုပ်ချက်တွေ ဖြစ်ပါတယ်။

ဆရာတော်အရှင်အဂ္ဂသာမိက ပိတ်ထားတဲ့အခန်းတစ်ခုကို သံကောက်ချိတ်သော့နဲ့ လှည့်ဖွင့်ပြပါတယ်။ ပိတ်ပြပါတယ်။ အခန်းတွင်းက တံခါးမှာ မင်းတုပ်ကန့်လန့်ချက်ကို သစ်သားနဲ့ လက်သမားပညာ သုံးပြီး တပ်ထားတယ်။ အခန်းအပြင်ဘက် သော့ပေါက်ကနေ သံကောက်ချိတ် ထိုးသွင်းလှည့်လိုက်တဲ့အခါ အတွင်းက မင်းတုပ်ကန့်လန့်ချက်ဟာ ပွင့်/ပိတ်သွားတယ်။

ဒုကျောင်းကြီးရဲ့ ဘုရားခန်းမာလည်း ရွှေဟောင်းဆင်းတုတော်တစ်ဆူ ဖူးမြင်ခဲ့ရတယ်။ ဆရာတော် အရှင်အဂ္ဂသာမိက ဒီဆင်းတုတော်ဟာ မုန်းချောင်းထဲမှာ ရေ နှံကူးနေတဲ့ သစ်တုံးကို ဆယ်ယူပြီး ဆင်းတုတော် နှစ်ဆူထုလုပ်ခဲ့ကြောင်း၊ တစ်ဆူကတော့ ပျောက်ဆုံးသွားကြောင်း၊ ဒီဆင်းတုတော်ကို ကနီရွာထဲသို့ နှစ်စဉ် တန်ဆောင်မုန်းလဆန်း(၃)ဂုဏ်တွင် ပင့်ဆောင်ပြီး ဆုတောင်းပြည့်ပွဲတော် ကျင်းပလေ့ရှိကြောင်း ပြန်ကြားပါတယ်။

ရွာထဲမှာ (၇) ရက်ထားပြီး အပူဇော်ခံကြောင်း၊ ဆုတောင်းပြည့်ဝကြ၍ အနယ်နယ်အရပ်ရပ်မှလာရောက်ဖူးမြော် ဆုတောင်းကြကြောင်းလည်း သိရပါတယ်။ ရွှေဟောင်း လေးထပ်ကျောင်းတော်ကြီးရဲ့ (၇)ဆက်မြောက် ကျောင်းထိုင်ဆရာတော် အရှင်အဂ္ဂသာမိဟာ ဘကပညာရေးကျောင်း ဖွင့်ထားပြီး သာသနာရေး အာသာရေး ကလေးငယ်တွေရဲ့ ပညာရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိပြီး ရပ်ဝေးရပ်နီး ဘုရားဖူး အလှူရှင်များကိုလည်း ဖိတ်ကြားကြိုဆိုလျက် ရှိနေပါတယ်။

ကျွန်တော်ရယ်၊ ဆရာဦးမြင့်သိန်းရယ်၊ မန်နေဂျာလေး ကိုမျိုးရယ်၊ ဆရာတော်အရှင်အဂ္ဂသာမိကို ရှိခိုးဦးချရှုတ်ဆက်ပြီး လေးထပ်ကျောင်းကြီး တစ်ဝိုက် မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ပြီး ပြန်ခဲ့ကြပါတယ်။

အပြန်ခရီးကတော့ ရွှေဟောင်း လေးထပ်ကျောင်းကြီးထဲက ပြန်ထွက်ပြီး မယ်လေးညီတော်ကြီးမှ ဖြတ်ခဲ့တဲ့ ရေလွှဲမြောင်းကြီးရဲ့ မြောင်းဘောင် အတိုင်း မောင်းနှင်လာရာ မကြာခင် မင်းဘူး-စလင်း-ဆင်ပြေကွန်း ကားလမ်းဆုံရာ ရွှေဂုံတောကို ရောက်ပါတယ်။

ရွှေဂုံတောရောက်တော့ ညာကွေ့ပြီး ပွင့်ပြန်ဆီ ဦးတည်မောင်းနှင်ခဲ့ပါတယ်။ မင်းဘူးမြို့နဲ့ (၂၈)မိုင်တာဝေးပြီး မုန်းချောင်း၊ မန်းချောင်းတို့ကို ဘေလီတံတားများပေါ်က ဖြတ်သန်း မောင်းလာရာ ညနေ နေဝင်ဓမ္မ မင်းဘူးမြို့ကို ရောက်တယ်။

မင်းဘူးရောက်တော့ ဆရာဦးမြင့်သိန်း နေထိုင်ရာ အမှတ်(၉)၊ ပန်းပဲတန်းလမ်းမှာ ဆရာဦးမြင့်သိန်း ဆင်းနေခဲ့တယ်။ မန်နေဂျာကိုမျိုးက ကျွန်တော့်ကို တင်ဆောင်ပြီး မကွေးမြို့ကို မောင်းလာရာ မကွေး-ရောဝတီမြစ်ကူးတံတားကြီး ဖြတ်သန်းလိုက်တာနဲ့ မကွေးမြို့ကို ရောက်ပါတယ်။

ကားလေးဟာ တံတားထိပ်အဝိုင်းကို ပတ်ပြီး နတ်မောက်လမ်းအတိုင်းမောင်းရာက ဗိုလ်ချုပ်လမ်းနှင့် ဆုံရာ မီးပွိုင့်မှာရပ်ပြီး သိဂိါဂိရိရပ်ကွက်ရှိရာ ဗိုလ်ချုပ်လမ်းပေါ် ကွေ့လိုက်တယ်။ နတ်မောက်လမ်းနဲ့ ဗိုလ်ချုပ်လမ်း ဆုံရာထောင့်မှာတော့ မီးရောင်စုံထွန်းပြီး စည်ကားနေတဲ့ လက်နှစ်ဖက်ကဖီးနှင့် အအေးဆိုင်ကြီးကို တွေ့ရပါတယ်။

ကိုမျိုးက ကျွန်တော့်ကို အိမ်အထိ ပြန်ပို့ပြီး နှုတ်ဆက်သွားပါတယ်။ ကျွန်တော့်ရင်ထဲမှာ သာဓု သုံးကြိမ်ခေါ်မိပါတယ်။ မျက်စိထဲမှာလည်း ရွှေဟောင်းလေးထပ်ကျောင်းတော်ကြီးကို မြင်ယောင်နေမိပါတော့တယ်။

ရေနံ့သာအောင်ချမ်းငြေ

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

ဝေဒနာနုပဿနာကျင့်စဉ်

(ယခင်လမှ အဆက်)

ကိုင်း- ဒါဖြင့် ဒီလိုလုပ်ကြပေတော့။ ဒကာ၊ ဒကာမတို့ မျက်လုံးထဲမှာ ဒီကနေပြီး ကြည့်လိုက်တော့ အပြင်ဘက်မှာလည်း ဒကာ၊ ဒကာမတွေ ရှိတယ်။ နောက်မှာလည်း ဒကာ၊ ဒကာမတွေ ရှိတယ်။ ရှေ့မှာလည်း ဆရာဘုန်းကြီး ရှိတယ် (မှန်ပါ့ ဘုရား)။

ကြည့်လိုက်တဲ့အခါကျတော့ ဖျတ်ဆို မမြင်လား၊ ဘုန်းကြီး ကြွလာပဟေ့ ဆိုတော့ မမြင်လား (မြင်ပါတယ် ဘုရား)။ ဘာဝေဒနာပါလိမ့် (ဥပေက္ခာဝေဒနာပါ ဘုရား)။

ရှူလိုက်ကြသေးလား ဒကာ၊ ဒကာမတို့၊ မရှူပါဘူး၊ ခွာကျလိုက်တာမှ ရှူကိုမရှူဘူး။ ခက်လိုက်တဲ့ဖြစ်ခြင်းမှ သြော် ဘုန်းကြီးကြွလာလို့ ဝမ်းသာတာ ရှိတာပဲ (မှန်ပါ့ ဘုရား)။

ဝမ်းသာတော့လည်း ဝမ်းသာတာက ဘာဝေဒနာတဲ့ (သောမနဿဝေဒနာပါ ဘုရား)။ သောမနဿဝေဒနာ (မှန်ပါ့)။ အဲဒါကော ရှူလိုက်ကဲ့လား (မရှူလိုက်ပါ ဘုရား)။ ခင်ဗျားတို့ဟာ တကယ်ကျပ်ပါကလား၊ မရှိလို့ မရှူတာလား၊ ရှိလို့ မရှူတာလား (ရှိလို့ မရှူတာပါ ဘုရား)။

ဒါဖြင့် ရှိလို့ မရှူလို့ရှိရင် ဝေဒနာပစ္စယာ တဏှာ (မှန်ပါ့ ဘုရား)။ ကဲ- ဆက်သွားပြီ (မှန်ပါ့ ဘုရား)။ မဆက်ဘူးလား ကဲ (ဆက်ပါတယ် ဘုရား)။ ဝေဒနာပစ္စယာ (တဏှာ ပါ ဘုရား)။ သူက ဟောထားတာက ဝေဒနာနိရောဓာမှ ဘာတုံး (တဏှာနိရောဓောပါ ဘုရား)။

အဲဒါ ဝေဒနာရှုတော့မှ၊ ဝေဒနာက နိရောဓဖြစ်တော့မှ နောက်က ရှုတဲ့မဂ်က တဏှာနိရောဓောဖြစ်မှာကိုး (မှန်ပါ့ ဘုရား)။ မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

လပြည့်ဝန်းမဂ္ဂဇင်း (ဇလဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင် အခုတော့ ဝေဒနာပေါ်တာကိုလည်း ... သုခဝေဒနာပစ္စယာ တဏှာ၊ ဒုက္ခဝေဒနာပစ္စယာ ... ဥပေက္ခာဝေဒနာပစ္စယာ မောဟော, ဒီသုံးခုပဲ လှည့် ... (မှန်ပါ ဘုရား)။

ဒကာ၊ ဒကာမတွေ ဆရာကောင်းတဲ့ပညို့ တယ်လည်း ... သေးပါဘူး (မှန်ပါ့ ဘုရား)။ အရှုပ်ဆိုးတုန်း ရှိသေးတယ် (မှန်ပါ့ ဘုရား)။ ဒါ အပြစ်တင်တာလည်း မအော်က်မေ့ပါနဲ့ ... ဆိုးတာ ပြောတာ (မှန်ပါ့ ဘုရား)။ ဦးခင်မောင် အပြစ် ... တာလား။ ကိုယ်အရှုပ်ဆိုးတာလား (ကိုယ်အရှုပ်ဆိုးတာ ... ဘုရား)။

အဲ- နောက်လာလို့ရှိရင်ဖြင့် ဘာလာလာ မြင်တယ် ... ဖြင့် မြင်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ (မှန်ပါ့ ဘုရား)။ မရှုတတ် ... ဖြင့် မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ် ... တာ ပဋိစ္စသမုပ္ပဒ် ဆက်သွားတာပဲ (မှန်ပါ့ ဘုရား)။ ... ပေါ့ဘူးလား (ဆက်ပါတယ် ဘုရား)။

အဲဒီတော့ မြင်လို့ကိုပြန်တော့ မြင်တယ်၊ ခင်တယ်၊ ... တယ်၊ မြင်တယ်ဆိုတဲ့ ဥစ္စာက မြင်ရင် ဥပေက္ခာဝေဒနာ ... (မှန်ပါ့)။ ခင်တယ်ဆိုတာက ဝေဒနာပစ္စယာ (တဏှာပါ ... ဘုရား)။ ဟော- မြင်လို့ ခင်တာကိုးဗျ (မှန်ပါ့ ဘုရား)။

ကျွန်ုပ်က မျက်စိ မျက်နှာမြင် ခင်တယ်ဗျ၊ ခင်ဗျားတို့ ... လည်း နှုတ်တတ်တယ် ဒီဥစ္စာတော့ (မှန်ပါ့ ဘုရား)။ ဘာ ... ဖြစ်လို့ ဒီလောက် နှုတ်တတ်နေရတာတုံးဆိုတော့ အို (လော ... တတ်ပါ ဘုရား)။ ဒီလောက်တတ်ဟာ အပါယ်ကျတယ် ခင်ဗျား ... ဘာ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ဦးခင်မောင်- လောကွတ်ကြောင့် ဘာဖြစ်သတုံး ... (အပါယ်ကျပါတယ်)။ မြင်ရင် ကျွန်ုပ်က ခင်တတ်ပါတယ်၊ ဆွေ ... ဉာတကာလိုပဲ ဘယ်သူတွေ့တွေ့ ဒီလိုပဲ ခင်တတ်ပါတယ် ... ဆိုတော့ ရောင်းကောင်းအောင်လို့ ပြောနေတာ၊ လိမ်ပြစ်က ... တယ် သင့်သေးတယ် (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိ ... ပြီ ဘုရား)။ မလိမ်ပါဘူး၊ ရိုးရိုးခင်ပါတယ် ဆိုတော့လဲည်း ... ဏှာ၊ ဥပါဒါန်၊ ကံနဲ့ဇာတိ၊ ဇရာ၊ မရဏ ပေါ်လာတယ် ... (မှန်ပါ့)။ လိမ်ပြန်တဲ့အခါကျလို့ရှိရင်လည်း ဒကာ၊ ဒကာမတို့ ... သာဝါဒက်ကနေပြီး အပါယ်ပို့ပြန်တာပဲ (မှန်ပါ့)။

နို့ ဘယ်ဟာ့ကောင်းသေးတုံး (ဘယ်ဟာမှ မကောင်း ... ပါ)။ ရှုတာပဲ ကောင်းတယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ... ဘုရား)။ ဘာလုပ်ကြမယ် (ရှုတာက ကောင်းပါတယ် ဘုရား)။ ... ခဲ့ရတာင်းတင်း ရှုစမ်းပါ၊ ဒကာ ဒကာမတွေက စိတ်ပျက်တုန် ... ခိုးလို့ မရှုဘဲနေတာလား ခင်ဗျားတို့။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ကြားတယ်ဆိုရင် ... ထည်း ဥပေက္ခာဝေဒနာကလေး ပေါ်တယ်နော် (မှန်ပါ့)။ ... ကြားကြားချင်း တစ်ခါတည်း ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရ ... တယ် ဘုရား)။ နားထဲကို ဉာဏ်ထည့်ပြီးရှုလိုက် (မှန်ပါ့)။

နားထဲ ဉာဏ်ထည့်ပြီးရှုလိုက်တော့ ဖြစ်ပျက်ဆိုတော့ ဝေဒနာနိရောဓာဆိုတော့ ရှုတဲ့ဉာဏ်က တဏှာနိရောဓော သွားဖြစ်တယ် (မှန်ပါ့ ဘုရား)။ ဒီတဏှာလာမည့်နေရာ ဉာဏ် လာတာကိုး (မှန်ပါ့ ဘုရား)။ တဏှာလာမည့်နေရာ (ဉာဏ် လာပါတယ် ဘုရား)။

လာတော့ ဝေဒနာဖြစ်ပျက်ကိုမြင်မှ မင်္ဂလာလည်းပေါ် လာကိုး (မှန်ပါ့ ဘုရား)။ ဝိပဿနာက ပေါ်တော့ ဝေဒနာ နိရောဓော (တဏှာနိရောဓော)။ တဏှာနိရောဓော ဆိုတော့ တဏှာသည် မလာဘဲနဲ့ ချုပ်တယ် (မှန်ပါ့ ဘုရား)။ လာသေး ရဲ့လား (မလာပါ ဘုရား)။ ဘာဖြစ်လို့ မလာသတုံးဆိုတော့ ဒီရှုတဲ့ဉာဏ်က ဖျတ်ခနဲ အစားထိုးပစ်လိုက်တယ် (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

အဲ- ရှုတဲ့ဉာဏ်က ဖျတ်ခနဲ အစားထိုးလိုက်တဲ့အခါ ကျတော့ ဒီကလည်း ဝေဒနာကလည်း နိရောဓလည်းဖြစ် ပါရော၊ ဉာဏ်ကလည်း နိရောဓကိုလည်း မြင်လိုက်ပါရော ဆိုတော့ တဏှာ ဒီနေရာမှာ မလာဘဲနဲ့ ချုပ်သောကြောင့် တဏှာနိရောဓော (မှန်လှပါ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါ ပြီ)။ ဘာနိရောဓလဲ (တဏှာနိရောဓပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဝေဒနာမရှုလို့ရှိရင် ဝေဒနာ ပစ္စယာ တဏှာချည်းဖြစ်မှာပဲ (မှန်ပါ့)။ ဒုက္ခဝေဒနာ ပစ္စယာ ဇရါသော၊ ဥပေက္ခာဝေဒနာ ပစ္စယာ (မောဟောပါ ဘုရား)။ မောဟောဆိုတော့ ခင်ဗျားတို့ဥစ္စာက ဩော- ဒကာ၊ ဒကာမ တွေ မသိပြီဆိုမှဖြင့် အပါယ်သွားကြောင်းချည်း ဖြစ်နေတော့ (မှန်ပါ့ ဘုရား)။ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အဲ- ဒါကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မနေ လိုက်ပါနဲ့။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မှာရှာတယ် "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္မဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ" သေသေချာချာ မှာတာပဲ။

ဘိက္ခဝေ - ရဟန်းတို့၊ သတော - သတိရှိသည်ဖြစ် ၍၊ သမ္မဇာနော - ပညာနဲ့ ပြည့်စုံသည်ဖြစ်၍၊ ဝိဟရေယျ - နေရစ်ကြပါကွ၊ သတိပညာနဲ့ နေရစ်ကြစမ်းပါကွာ၊ မင်းတို့ အကုန် အပါယ်သွားကုန်မှာစိုးလို့၊ မပြောဘူးလား (ပြောပါ့ တယ်)။ ဘယ်သူက ပြောပါလိမ့် (ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ပြောပါတယ် ဘုရား)။

ဘုရားက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ" ကိုး။ ဘိက္ခဝေ - ရဟန်းတို့၊ သတော - သတိရှိသည်ဖြစ်၍၊ သမ္မဇာနော - ပညာရှိသည်ဖြစ်၍၊ ဝိဟရေယျ - နေရစ်ကြ ပါ။ သတိထားပြီး ပညာနဲ့ရှု၍ နေရစ်ကြပါလို့ ဘုရားက မှာ ဘူးလား (မှာပါတယ် ဘုရား)။

ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု... သာဓု... သာဓု။

◆

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာနုပဿနာ

၃၁-၁-၁၉၆၁ (မန္တလေးမြို့)

ဝေဒနာကမ္မဋ္ဌာန်းကို ဒကာ၊ ဒကာမတို့ ပြတော့မယ်၊ သတိထားပါ။ သောမနဿ ဝေဒနာက နှစ်မျိုး၊ သောမနဿ ဝေဒနာက ဘယ်နှမျိုးပါလိမ့် (နှစ်မျိုးပါ ဘုရား)။

ဒေါမနဿဝေဒနာကလည်း နှစ်မျိုးပဲလို့ မှတ်ထားလိုက်စမ်းပါ။ ဥပေက္ခာဝေဒနာကော နှစ်မျိုးပဲလို့ မှတ်ထားလိုက်စမ်းပါ ဒကာ၊ ဒကာမတို့။

ကိုင်း- ဒါ အားထုတ်ရမည့် တရားဖြစ်သောကြောင့် အသေကိုလွတ်အောင် လုပ်ရမည့်တရားက တဏှာသတ်မှ အသေလွတ်မှာဖြစ်လို့ 'ဝေဒနာပစ္စယာ တဏှာ'ဆိုတော့ ဝေဒနာမှ မသတ်ရင်လည်း အားလုံး၊ တရားတစ်ပွဲလုံး ဒကာ၊ ဒကာမတို့ တဏှာသေပါ့မလား (မသေပါ ဘုရား)။ ဝေဒနာပစ္စယာ (တဏှာပါ ဘုရား)။ ဟော- ဝေဒနာသာရှိရင် တဏှာလာမယ်၊ သေချာပလား (သေချာပါတယ် ဘုရား)။ ကိုင်း- ဘုရားကပဲ ဟောလိုက်တယ်၊ ဝေဒနာနိရောဓာ (တဏှာနိရောဓောပါ ဘုရား)။

ပြော- ဒါဖြင့် ဒကာ၊ ဒကာမတို့ ခုနကဖြေခဲ့တဲ့ ဆရာဘုန်းကြီး ပြောဆိုတဲ့ စကားအတိုင်း နိဗ္ဗာန်လိုချင်ရင် တဏှာသတ်မှ ရမယ်ဆိုတဲ့ဥစ္စာသည် ပြော- ဒီဝေဒနာကို မရှုလို့ ရှိရင် တဏှာကဖြင့် ဘယ်နည်းနဲ့မှ မသေဘူး၊ ဝေဒနာ ဝင်တိုင်းသာ သာယာနေကြမယ်ဆိုရင် ဝေဒနာ ပစ္စယာ ဘာလာမယ် (တဏှာလာပါမယ် ဘုရား)။

ကောင်းပြီ၊ ဝေဒနာကို ကျွပ်တို့က ဝိပဿနာ ရှုကြပါစို့ ဆိုတော့ ဝေဒနာနိရောဓော (တဏှာနိရောဓာပါ ဘုရား)။ ပြော- 'ဝေဒနာနိရောဓော တဏှာနိရောဓာ' ဆိုတော့ တဏှာသေချင်ရင် ဝေဒနာရှု ရှုင်းကြပလား (ရှုင်းပါပြီ)။ တဏှာ သေချင်ရင် (ဝေဒနာရှုရပါမယ် ဘုရား)။ ဝေဒနာ ရှုရမယ်ဆိုတာက ဒကာ၊ ဒကာမတို့ သဘောပါကြပလား (ပါပါတယ် ဘုရား)။

သို့သော် သက္ကပဉ္ဉသုတ်မှာ ဟောတော်မူတဲ့ ဝေဒနာသည် သောမနဿဝေဒနာကလည်း နှစ်မျိုး (မှန်ပါ)။ ဒေါမနဿဝေဒနာကော (နှစ်မျိုးပါ ဘုရား)။ ဥပေက္ခာ ဇီဝဒနာကော (နှစ်မျိုးပါ ဘုရား)။ နှစ်မျိုးလို့ မှတ်ထားစမ်းပါ ဒကာ၊ ဒကာမတို့ (မှန်ပါ)။ ဝေဒနာ ဘယ်နှမျိုးစီ ရှိပါလိမ့် (နှစ်မျိုးစီ ရှိပါတယ် ဘုရား)။

နှစ်မျိုးစီရှိပြီး သကာလနေတော့ ဒီဝေဒနာတွေကို ဒကာ၊ ဒကာမတွေ ရှေးတုန်းက ဘုန်းကြီးပြောခဲ့တာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုးတည်းပဲ ဟောခဲ့တယ်နော် (မှန်ပါ့)။

ဒီသက္ကပဉ္ဉသုတ်ကျပြန်တော့လည်း ခြောက်မျိုးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောပြန်တယ်။ ဝေဒနာတော့ စုလိုက်တဲ့အခါကျတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာပဲ ရှိပါတယ် (မှန်ပါ့)။ ဦးခင်မောင် ဘာရှိသတုံး (သုခ၊ ဒုက္ခ၊ ဥပေက္ခာပဲ ရှိပါတယ်)။ ပေါင်းလိုက်တော့ (သုခ၊ ဒုက္ခ၊ ဥပေက္ခာပဲ ရှိပါတယ်)။

သို့သော်လည်း သုခနဲ့ သောမနဿ အတူတူထားလိုက်၊ အဲဒီတော့ သောမနဿ ဝေဒနာကလည်း နှစ်မျိုးကွလို့၊ ဘုရားက ဒီနေရာမှာ ဟောထားတယ် (မှန်ပါ့)။ ဒေါမနဿ ဝေဒနာကော (နှစ်မျိုးပါ ဘုရား)။ ဥပေက္ခာ ဝေဒနာကော (နှစ်မျိုးပါ ဘုရား)။

ကောင်းပြီတဲ့၊ ဝေဒနာ အခုပြထားတော့ သောမနဿက နှစ်မျိုး၊ ဒေါမနဿက နှစ်မျိုး၊ ဥပေက္ခာက နှစ်မျိုးဆိုတော့ ဒကာ၊ ဒကာမတို့ ခြောက်မျိုးမနေဘူးလား (မှန်ပါ ဘုရား)။ ခြောက်မျိုးပေမယ့် သောမနဿဆိုတော့ သောမနဿချင်း အတူတူပါပဲ၊ ဒေါမနဿချင်းကော (အတူတူပါ ဘုရား)။ ဥပေက္ခာချင်းကော (အတူတူပါ ဘုရား)။ အတူတူပါပဲတဲ့။ သို့သော် ဘယ့်နှယ်ကြောင့် မြတ်စွာဘုရားသည် ဤနေရာမှ သောမနဿ နှစ်မျိုး၊ ဒေါမနဿ နှစ်မျိုး၊ ဥပေက္ခာ နှစ်မျိုး ထားပြီး ဟောပါလိမ့်မလဲလို့ ဆိုတဲ့ဥစ္စာက ဒကာ၊ ဒကာမတို့ ယနေ့ ရှင်းပြပါတော့မယ် (မှန်ပါ့)။

သောမနဿက ခင်ဗျားတို့ အပါယ်ကျစေတတ်တဲ့ သောမနဿတစ်မျိုး သဘောကျပလား (ကျပါပြီ)။ အပါယ်မကျစေတတ်တဲ့ သောမနဿက တစ်မျိုးပါ၊ အပါယ်ကျစေတတ်တဲ့ သောမနဿက (တစ်မျိုးပါ)။

ပြော- ဒါကြောင့် နှစ်မျိုးပြောလာတာကိုး (မှန်လှပါ)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ သောမနဿက အပါယ်ကျစေတတ်တဲ့ (သောမနဿတစ်မျိုး)၊ အပါယ်မကျစေတတ်တဲ့ (သောမနဿတစ်မျိုး)၊ ဘယ်နှမျိုး ရှိသွားပြီလဲ (နှစ်မျိုးပါ ဘုရား)။

က- ဒါဖြင့် သောမနဿကလည်း တစ်ခါ လုပ်ကြည့်စို့၊ အပါယ်ကျစေတတ်တဲ့ ဒေါမနဿက(တစ်မျိုးပါ)၊ အပါယ်မကျစေတတ်တဲ့ ဒေါမနဿက (တစ်မျိုးပါ ဘုရား)။

ဖြုန်းခနဲဆိုတော့ နားထဲမှာ ဆန်းသွားတယ် (မှန်ပါ့)။ ဒေါမနဿဆိုရင် အပါယ်ကျတာချည်းပဲလို့ ဒီလိုပဲ မှတ်ချင်မှတ်လိမ့်မယ်နော်၊ နောက် ရှင်းပြပါ့မယ်တဲ့။ ဒါ သေသေချာချာ မှတ်ကြပါ၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ ရှိပါသေးတယ် (မှန်ပါ့)။

ဥပေက္ခာကလည်း ဒကာ၊ ဒကာမတွေ ဒီအတိုင်းပဲ အပါယ်ကျစေတတ်တဲ့ ဥပေက္ခာတစ်မျိုး၊ အပါယ်မကျစေတတ်တဲ့ (ဥပေက္ခာတစ်မျိုးပါ ဘုရား)။ ဒါ သေသေချာချာ မှတ်ပါ။ ဒီတရားကို ယနေ့မှပဲစပြီး အရင် ဒကာ၊ ဒကာမတွေ နာနေတဲ့တရားနဲ့ ပြော- ဒါ သက္ကပဉ္ဉသုတ်မှာ ဟောပြန်လို့

www.burmeseclassic.com

ကားတိုးလို့ဆိုတာ ဒကာသစ်တို့၊ ဦးခင်မောင်တို့ တရား
ထိုး မှတ်ကြစမ်းပါ (မှန်ပါ့၊ ဘုရား)။
ကောင်းပြီ၊ ပြန်မေးရမယ် ဒကာ ဒကာမတို့၊ ခင်ဗျား
သောရာရွာတာ ဒီဝေဒနာတွေနဲ့ ရွာရမှာဖြစ်နေတော့
ထိုးမှာ ဝေဒနာချည်းပါပဲနော်၊ (မှန်လှပါ ဘုရား)။ အဲဒီ
ကာတို့ ဒကာ၊ ဒကာမတွေက သောမနဿဝေဒနာက
ဘယ်နှမျိုးပါလိမ့် (နှစ်မျိုးပါ ဘုရား)။ အပါယ်ကျစေ
တာ (တစ်မျိုးပါ ဘုရား)။ အပါယ်မကျစေတတ်တာ
ဘုရား)။
ဒေါမနဿကလည်း (နှစ်မျိုးပါ ဘုရား)။ အပါယ်ကျ
တတ်တာ (တစ်မျိုးပါ ဘုရား)။ အပါယ်မကျစေတတ်တာ
ဘုရား)။ ဥပေက္ခာကလည်း (နှစ်မျိုးပါပဲ ဘုရား)။
ယ်ကျစေတတ်တာက (တစ်မျိုးပါ ဘုရား)။ အပါယ်မကျ
တတ်တာက (တစ်မျိုးပါ ဘုရား)။ ဒီလိုကြည့်ပါ။ သိကြား
တော့ ဝေဒနာကို ဒီလိုခွဲတယ်၊ သတော်မကြံပလား (ပါပါ
ဘုရား)။
ဝေဒနာ ဘယ်ဘက်လှည့်နေသလဲ၊ သောမနဿပေ့
ယ်လည်း အပါယ်ကျတဲ့ သောမနဿ၊ အပါယ်မကျတဲ့
မနဿ။
ဒေါမနဿကလည်း အပါယ်ကျတဲ့ ဒေါမနဿ၊
ယ်မကျတဲ့ ဒေါမနဿဆိုတော့ ဦးခင်မောင်တို့ နားထဲ
ခပ်ဆန်းဆန်းဖြစ်ချင်လည်း ဖြစ်သွားမယ် (မှန်ပါ့)။
နဿဆို အပါယ်သွားတာချည်းပဲကွ၊ ဒီလိုယူလည်း ယူ
လိမ့်မယ်နော် (မှန်ပါ့)။ ဒီလိုမယူနဲ့ တဲ့။
ဥပေက္ခာထဲကလည်း အပါယ်ကျစေတတ်တဲ့ဥပေက္ခာ
(မှန်ပါ့)။ အပါယ်မကျစေတတ်တဲ့ (ဥပေက္ခာ) ဒီလို
ထူးလား (ရှိပါတယ် ဘုရား)။
ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ ယနေ့ ရှင်းပြီး
လာ ပြပါတော့မယ်။ ဒီ သောမနဿ ဒကာ၊ ဒကာမ
စဉ်းစားကြည့်စမ်း၊ ချောချောလှလှ ယဉ်ယဉ်ကျေးကျေး
ညည်းတဲ့ကလေးတွေ ကိုင်ရ တွယ်ရ မြင်ရတဲ့အခါကျတော့
ခင်တဲ့ သောမနဿ မလာဘူးလား (လာပါတယ် ဘုရား)။
သောမနဿ မလာဘူးလား (လာပါတယ် ဘုရား)။
အဲဒီ သောမနဿမျိုးကျတော့ ဘယ်လိုဆုံးဖြတ်ချက်
ချတုံးဆိုတော့ လိုချင်တဲ့ သောမနဿမျိုးဖြစ်တော့ ဒါ
ကောမဖြစ်သေးဘူးလား (ဖြစ်ပါတယ် ဘုရား)။ တရား
ကိုရှိရင် ပဋိစ္စသမုပ္ပာဒ် ဆက်ကြပေတော့ ဥပါဒါန်၊ ကံ၊
ဝိပါက ဆိုတော့ အပါယ် ဇာတိ၊ ဇရာ၊ မရဏပဲ ထား
ပါတော့ ဒကာ၊ ဒကာမတို့။
ကြော်- ဒီဒေါမနဿမျိုးကျတော့၊ လောဘ သောမန
ဿကျတော့ အပါယ်ကျစေတတ်တဲ့ သောမနဿမျိုး၊ ရှင်း
လား (ရှင်းပါပြီ)။ ဒါ အပါယ်ကျစေတတ်တဲ့ သောမန
ဿမျိုးဆိုတာ ဒကာ၊ ဒကာမတွေ ရှင်းပလား (ရှင်းပါပြီ
ဘုရား)။
ပြန်ပြောပါဦး၊ ဒါကလေးက ရှင်းသွားအောင်နော်
(မှန်ပါ့)။ ကိုင်း- အပါယ်ကျစေတတ်တဲ့ သောမနဿတစ်မျိုး၊
အပါယ်မကျစေတတ်တဲ့ သောမနဿ တစ်မျိုးရယ်လို့ နှစ်မျိုး
ဘုရားက ဟောထားတဲ့ဥစ္စာ၊ အပါယ်ကျစေတတ်တာက ဘာ
ပါလိမ့်မလဲလို့ ဒကာ၊ ဒကာမတွေကို ရှင်းလင်းပြီး ပြရလို့
ရှိရင်ဖြင့် သိကြားမင်းကို ဘုရားရှင်းပေးတဲ့အတိုင်း ဘုန်းကြီး
ရှင်းပေးနေတယ်ဆိုတာကိုလည်း ဒကာသစ်တို့၊ ဦးခင်မောင်
တို့ ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။
အပါယ်ကျစေတတ်တဲ့ သောမနဿက တစ်ခုသော
အာရုံကို စိန်ကလေး၊ ကျောက်တလေး၊ မြကလေး၊ တိုက်
ကလေး၊ ကားကလေး အစရှိသည် မြင်တဲ့အခါကျလို့ရှိရင်ဖြင့်
ဒီပုံကလေး သဘောကျလိုက်တာ၊ ဒါကလေးရချင်လိုက်တာ
ဆိုတော့ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ဦးခင်မောင် ရချင်တယ်ဆို
တာ ငြင်းဖို့လိုသေးလား (မလိုပါ ဘုရား)။ ဒါ ဘာသောမန
ဿလို့ ဆိုမတုံး (လောဘသောမနဿပါ ဘုရား)။
လောဘသောမနဿ ဆိုတော့ လောဘက တွဲမနေ
ဘူးလား (တွဲနေပါတယ်)။ လောဘဆိုတာ တဏှာပဲမဟုတ်
လား (တဏှာပါ ဘုရား)။ အဲ- တဏှာပစ္စယာ (ဥပါဒါန်ပါ
ဘုရား)။ ဥပါဒါန်ဖြစ်သွားပြီနော် (မှန်ပါ့)။ ဥပါဒါန်ပစ္စယာ
(ကမ္မဘဝါ)။ ကမ္မဘဝပစ္စယာ (ဇာတိပါ)။ ဇာတိပစ္စယာ (ဇရာ
မရဏပါ)။
ဇရာမရဏဆိုတော့ ဒကာ၊ ဒကာမတွေ ယဉ်ကျေးပြီး
သားတွေ ဖြစ်နေတော့ ဒီသောမနဿ ဖြစ်ကောင်း၊ မဖြစ်
ကောင်း (မဖြစ်ကောင်းပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။
ဒီသောမနဿသည်ကားလို့ဆိုရင် အပါယ်ကျမှာ ဖြစ်လေ
သောကြောင့် ဖြစ်ကောင်းပါရဲ့လား (မဖြစ်ကောင်းပါ)။ ရှင်း
ပြီနော် (ရှင်းပါပြီ ဘုရား)။
ကြော်- ဒါဖြင့် အပါယ်မကျစေတတ်တဲ့ သောမနဿ၊
နိဗ္ဗာန်ရောက်စေတတ်တဲ့ သောမနဿ ကျလာတော့လည်း
ဒကာ၊ ဒကာမတို့ ဒီလိုလုပ်ကြစို့၊ အာရုံကလေးတစ်ခု မြင်
လိုက်တယ်။ မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒကာ၊
ဒကာမတို့ အာရုံတစ်ခုကို ဒီတရားဓမ္မတွေ ခန္ဓာကိုယ်ထဲမှာ
ဝေဒနာဖြစ်စေ၊ စိတ်ဖြစ်စေ ဒကာ၊ ဒကာမတို့ ဘုန်းကြီး သင်
ထားတာက ဖြစ်ပြီးပျက်တယ်လို့ ရှုပါလို့ သင်ထားဘူးလား
(သင်ထားပါတယ်)။
အဲဒါကလေးတစ်ချက် မိလိုက်တဲ့အခါကျတော့လည်း
ဝမ်းမသာဘူးလား (ဝမ်းသာပါတယ် ဘုရား)။ ဟ- ဖြစ်ပျက်
တစ်ချက်တော့မိပြီ။ ဖြစ်ပျက်အနိစ္စတစ်ချက်တော့ မိပြီဆို
တော့ ဝမ်းမသာဘူးလား (သာပါတယ် ဘုရား)။ အဲဒီ ဝမ်း
သာကာမျိုးဆိုတော့ ဝိပဿနာနဲ့ ဝမ်းသာတာဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဒကာသစ်တို့၊ ဦးခင်မောင်တို့ ဖြစ်ကောင်းတဲ့ သောမနဿ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါက ဝိပဿနာအလုပ် လုပ်မှ ဖြစ်မှာပါကလား (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ ဘယ်လိုမှ ဖြစ်မှာပါလိမ့် (ဝိပဿနာအလုပ် လုပ်မှ ဖြစ်မှာပါ ဘုရား)။ အလုပ်လုပ်မှ ဖြစ်မှာပဲ ဆိုတာ့ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဒါဖြင့် ခုနက ကောင်းစားတာနဲ့ ဒီကောင်းစားတာနဲ့ မခြားနားဘူးလား (ခြားနားပါတယ် ဘုရား)။ ဒါဖြင့် လိုချင်ရချင်တဲ့ သောမနဿ ပဋိစ္စသမုပ္ပာဒ် ဆက်တယ် (မှန်ပါ့)။ တရားအားထုတ်လို့ ဝမ်းမြောက်တဲ့ သောမနဿမျိုး ကျလာတဲ့အခါကျလို့ရှိရင် တရားကို မြင်လိုက်လို့ ဝမ်းမြောက်ပြီး သကာလ ဩော်- ဖြစ်ပျက်ကလေးတွေ မြင်ရတာ အနိစ္စရှိလို့ အနိစ္စသိရတာ ဝမ်းမသာဘူးလား (ဝမ်းသာပါတယ် ဘုရား)။

အနိစ္စရှိ၍ အနိစ္စသိရတာ ဝမ်းသာတဲ့အခါကျလို့ရှိရင် ဖြင့် ဒီဝမ်းသာလုံးကျတော့ ဒကာ၊ ဒကာမတွေ ဘယ်နည်းနဲ့ သူ အပါယ်သွားဦးမလဲ (မသွားပါ)။ တရားထဲများ ဖြစ်ပျက်ကလေးတွေ မြင်လို့ ဖြစ်ပျက်ကလေးတွေ မြင်လို့၊ ဖြစ်ပျက်ကလေးတွေ မုန်းတဲ့ဉာဏ်ကလေးတွေ ရလို့၊ အဖြစ်အပျက် အဆုံးကလေးတွေ မြင်လိုက်လို့ ဝမ်းသာတာကော မရှိဘူးလား (ရှိပါတယ် ဘုရား)။ အဲဒီ ဝမ်းသာတာကလည်း သောမနဿပဲ မဟုတ်လား (မှန်ပါ့)။ ဒီသောမနဿကလေးကျတော့ ဒကာ၊ ဒကာမတို့ ဖြစ်ကောင်းပါတယ် (မှန်ပါ့)။ ရှင်းလား (ရှင်းပါတယ် ဘုရား)။

ဒါဖြင့် သောမနဿမှ ဘယ်နှမျိုး ထားပါလိမ့် ဘုရား က (နှစ်မျိုးထားပါတယ် ဘုရား)။ ဖြစ်ကောင်းတဲ့ သောမနဿ (တစ်မျိုးပါ ဘုရား)။ မဖြစ်ကောင်းတဲ့ သောမနဿ (တစ်မျိုးပါ ဘုရား)။ နှစ်မျိုးနော် (မှန်ပါ့)။ သောမနဿ ဘယ်နှမျိုးရှိပါလိမ့် (နှစ်မျိုးပါ ဘုရား)။ ဖြစ်ကောင်းတဲ့ သောမနဿ (တစ်မျိုးပါ ဘုရား)။ မဖြစ်ကောင်းတဲ့ (သောမနဿ တစ်မျိုးပါ ဘုရား)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့ လိုချင် ရချင်လို့ သောမနဿကျတော့ ဘယ်နှယ်ဆိုကြပါမယ် (မဖြစ်ကောင်းတဲ့ သောမနဿပါ) မဖြစ်ကောင်းတဲ့ သောမနဿ၊ အဘယ်ကြောင့် မဖြစ်ကောင်းသတုံးဆိုတော့ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကြီး လည်သောကြောင့် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။ ဘယ်နှယ်ကြောင့် မဖြစ်ကောင်းပါလိမ့် (ပဋိစ္စသမုပ္ပာဒ် စက်ရဟတ် လည်သောကြောင့်ပါ)။ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ် လည်သောကြောင့်ဆိုကာ ကျေနပ်ပလား (ကျေနပ်ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်ကောင်းတဲ့ သောမနဿကတော့ ဒကာ၊ ဒကာမတွေ တရားကလေးအားထုတ်လို့ အနိစ္စကလေး မြင်တဲ့အထွက် ဝမ်းသာ၊ ဒုက္ခကလေး မြင်တဲ့အထွက် ဝမ်းသာ၊ အနတ္တ မြင်တဲ့အထွက် ဝမ်းသာပြီးသကာလ ဒုက္ခအဆုံးကလေးများ မြင်လိုက်လို့ ဝမ်းသာရတဲ့အခါကော မရှိဘူးလား (ရှိပါတယ် ဘုရား)။

ဝမ်းထဲမှာ အေးချမ်းပြီးသကာလ ဝမ်းထဲမှာ ဝမ်းမြောက်လို့မဆုံး ဖြစ်နေတဲ့အခါကော မရှိဘူးလား (ရှိပါတယ် ဘုရား)။ အရင်က မတွေ့ဖူးတဲ့ အာရုံ၊ တစ်သံသရာလုံးက အနိစ္စမမြင်ဘူး၊ ဒီအနိစ္စတွေ မြင်ရလို့ ဝမ်းသာလိုက်တာ ဆိုတာမျိုးကျတော့လည်း ဒီဝမ်းသာလုံးကလေးက ဖြစ်ကောင်း မဖြစ်ကောင်း (ဖြစ်ကောင်းပါတယ် ဘုရား)။

ဒါဖြင့် ဘယ်နှယ်ကြောင့် ဖြစ်ကောင်းပါလိမ့်မလဲလို့ ဒကာ၊ ဒကာမတွေ အမေးထုတ်လို့ရှိရင် ပဋိစ္စသမုပ္ပာဒ်ဖြစ်တဲ့ သောမနဿဖြစ်သောကြောင့် ဘုရားက ဖြစ်ကောင်းတယ်တဲ့၊ သောမနဿက ဘယ်နှမျိုးပါလိမ့် (နှစ်မျိုးပါ ဘုရား)။ ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ။ ဒါဖြင့် ဝိပဿနာရှုပုံကိုတော့ နောက်မှ ပြောကြပါစို့။ ဒီခြောက်ခုကို ဘုရားဟောတဲ့အတိုင်း နည်းနည်းကလေး ရှင်းပါဦးမယ်နော် (မှန်ပါ့)။

ဒေါမနဿကလည်း ဒကာ၊ ဒကာမတို့ မဖြစ်ကောင်းတဲ့ ဒေါမနဿတစ်မျိုး၊ ဖြစ်ကောင်းတဲ့ ဒေါမနဿ (တစ်မျိုးပါ)။ ရှင်းပလား (ရှင်းပါပြီ)။ ဒေါမနဿကလည်း ဘာတဲ့ (နှစ်မျိုးပါပဲ ဘုရား)။ ဖြစ်ကောင်းတဲ့ (ဒေါမနဿ တစ်မျိုးပါ ဘုရား)။ မဖြစ်ကောင်းတဲ့ (ဒေါမနဿ တစ်မျိုးပါ ဘုရား)။

ဩော်- ဒေါမနဿပေမယ့် ဦးခင်မောင်ရေ ဖြစ်ကောင်း၊ မဖြစ်ကောင်း ရှိပါသေးလား (မှန်ပါ့)။ ဖြစ်ကောင်း၊ မဖြစ်ကောင်း ရှိသေးတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ကျေကျေနပ်နပ် သဘောကျပလား (ကျပါပြီ ဘုရား)။

ကိုင်း- ဒီသောမနဿ မဖြစ်ကောင်းတာကတော့ ဒီဘက်ကနေပြီးသကာလ ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်မြင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် မျက်နှာကလေး ယမ်းသွားလိုက်၊ မျက်စိကလေး ပါးကလေး ယမ်းပြီးသကာလ ကျောပေးနေလိုက်ဆိုတော့ ဒါဟာ ဖြစ်ကောင်း မဖြစ်ကောင်း စဉ်းစားစမ်းပါ (မဖြစ်ကောင်းပါ ဘုရား)။

အဲဒီ ဒေါမနဿကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရအနေနဲ့ ပဋိစ္စသမုပ္ပာဒ် ဆက်၊ မဆက် (ဆက်ပါတယ် ဘုရား)။ ဒါ ဖြစ်ကောင်း၊ မဖြစ်ကောင်း (မဖြစ်ကောင်းပါ ဘုရား)။ မဖြစ်ကောင်းတဲ့ ဒေါမနဿ ဆိုတာ ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဖြစ်ကောင်းတဲ့ ဒေါမနဿကို ဘုန်းကြီး ရှင်းပါတော့မယ်၊ ရှင်းပေးမယ်၊ မဖြစ်ကောင်းတာကတော့ လူတိုင်း သိပြီးသား ဆိုကြပါစို့နော် (မှန်ပါ့)။

ဖြစ်ကောင်းတဲ့ ဒေါမနဿကတော့ ဒကာ၊ ဒကာမတွေက အင်း. . . ဟင် ငါတို့သည် အပါယ်လားပါ။ တံခါး

www.burmeseclassic.com

www.burmeseclassic.com

သောတာပန်တည်ဖို့အလုပ်ကို ငါတို့သည် အနိစ္စ ဒုက္ခ ဖြစ်ပျက်တွေ ရှုပြီးသဲကာလ နေတယ်၊ မြင်ကို မြင်သေးဘူး၊ ဘုရားကလည်း ဟောထားတာ ဖြစ်ပျက် အရေးကြီးတယ်၊ ဖြစ်ပျက်မုန်းဖို့ အရေးကြီးတယ်။

ဒီဖြစ်ပျက်လွန်ဖို့ အရေးကြီးတယ်လို့ ဟောထားပါ ငါ့မှာတော့ မမြင်ဘူး၊ ခက်လေခြင်းဆိုတော့ ဒါလည်း ကြာမလဲ (ဒေါမနဿပါ)။ ဒေါမနဿပဲ (မှန်ပါ့)။ မနဿမျိုးကျတော့ ဖြစ်ကောင်းတယ် (မှန်ပါ့)။ ဒကာ၊ တို့ ဘယ့်နယ်ဆိုကြမယ် (ဖြစ်ကောင်းပါတယ် ဘုရား)။ အဲ- ဩော် အပါယ်လေးပါး တံခါးပိတ်တဲ့ အလုပ်ကြီး နေတော့ အပါယ်လေးပါး တံခါးဖိတ်ကြောင်းကိုပဲ ငါတို့ ကြားလို့ဆိုရင် မမြင်သေးဘူး၊ အနိစ္စ မမြင်သေးဘူး၊ ဖြစ် မမြင်သေးဘူး၊ ခက်လိုက်တာဆိုတဲ့ တစ်ခါတလေ မလာ သူးလား (လာဖါတယ် ဘုရား)။ အဲဒီ ဒေါမနဿမျိုးကျ ဘယ့်နယ်ဆိုကြမယ် (ဖြစ်ကောင်းပါတယ် ဘုရား)။ ကြာမလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒေါမနဿ ဘယ်နှမျိုးထားတြမယ် (နှစ်မျိုးပါ ဘုရား)။ ဖြစ်ကောင်းတဲ့ (ဒေါမနဿ တစ်မျိုးပါ ဘုရား)။ ကောင်းတဲ့ (ဒေါမနဿ တစ်မျိုးပါ ဘုရား)။ ရှင်းပြီနော် ကြီ။ အဲဒါသည်ကားလို့ ဆိုရင်ဖြင့်တဲ့ အဋ္ဌကထာဆရာ တွေထုတ်ပြီးသကာလ ပြတာကလေးကို နည်းနည်းမှတ် ကြတာပေါ့နော် (မှန်ပါ့ ဘုရား)။

ဘုရားလက်ထက်က ဟို -မဟာသီဝကိုယ်တော်ကြီး ရှိတယ်နော်။ မဟာသီဝ ကိုယ်တော်ကြီးဆိုတာက ဒကာမတို့ အင်မတန် စာပေကျွမ်းဂန် တတ်ကျွမ်းတဲ့ ကြီးလို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့)။ ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထုကို ထုတ်ပြတယ် (မှန်ပါ့ ဘုရား)။

ဖြစ်ကောင်းတဲ့ ဒေါမနဿဝတ္ထုကို ဒကာ၊ ဒကာမ တို့တိုကလေး မှတ်ကြရအောင်နော် (မှန်ပါ့ ဘုရား)။

မဟာသီဝကိုယ်တော်ကြီးသည်ကားလို့ဆိုရင် ကျောင်း ငါးရာလောက် စာချနေတဲ့ပုဂ္ဂိုလ်ကြီးပါပဲ၊ အင်မတန် ကျွမ်းဂန် တတ်ကျွမ်းတယ် (မှန်ပါ ဘုရား)။

သို့တပည့်တွေက တောတွင်းမှာ ရဟန္တာဖြစ်ပြီးသကာ နေကြလို့ တရားကျင့်ကြ ကြိုးကုတ်အားထုတ်တာနဲ့ တပည့်တွေက အဘိညာဉ်ပါရတာနဲ့၊ ငါတို့ဆုရာကြီးဟာ ဉာဏ်တီဝိုပြီးလေပလား၊ ရဟန္တာဖြစ်လေပလားလို့ သူတို့က အဘိညာဉ်နဲ့ ကြည့်လိုက်တယ်နော် (မှန်ပါ ဘုရား)။

ဆိုကဲ့သို့ အဘိညာဉ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ အာမုမဟုတ်သေးပါကလားလို့ ဆိုတာ သွားမြင်ကြတယ် (မှန်ပါ့)။ ဒါနဲ့ တောထဲဂုနေပြီး ရဟန္တာမထေရ်က ကောင်း ဆင်ကနေပြီး ကြွလာတယ်-ဦးခင်မောင်ရေ (မှန်လှပါ)။ ကြွ လာပြီးတော့ သူ့ရှေ့မှာပဲ ဝတ်ချ၊ ဝတ်ချပြီးသကာလ ငါ့ရှင် ဘာလုပ်လာသတုံးလို့မေးတော့ အနုမောဒနာတရားလေး တစ်ပုဒ်လိုချင်လို့ပါ ဘုရားလို့ လျှောက်လိုက်တယ်၊ ဟ- ငါ့ တပည့်ရှ ငါ့မှာ အချိန်အားမရှိဘူးလို့ အမိန့်ရှိတယ်။

ဒါဖြင့် ဘုရား ဆွမ်းခံသွားမည့်အချိန်၊ ဆွမ်းခံမထွက် ခင်ကလေး သပိတ်ကလေး ဘာလေးပိုက်ပြီး ခဏရပ်တဲ့ အချိန်ကလေးမှာ မေးပါရစေ၊ ဒီလိုလျှောက်တော့ ဒီအချိန် မှာလည်း မရဘူး၊ မအားဘူးလို့ ပြောလိုက်တယ်။

ဒါဖြင့် အိပ်ရာမှ ထထချင်းကော မရဘူးလား ဘုရား လို့ လျှောက်ပြန်တော့ မရဘူးကွ။ ဒီအချိန်မှာပဲ သုတ္တန်ဆောင် ပုဂ္ဂိုလ်၊ အဘိဓမ္မာဆောင်ပုဂ္ဂိုလ်တွေက သူ့အချိန်နဲ့သူ ပေး ထားလို့ အချိန်တွေ စေ့နေတယ်၊ ဘယ်အချိန်မှ မေးချိန်ကို မရနိုင်ဘူးလို့ ပြန်ပြောတယ် ဒကာသစ်ရေ့ အချိန်တွေ ကုန် နေတယ် (မှန်လှပါ ဘုရား)။ သူမှာ ဖြေနေရတဲ့အချိန်နဲ့ မအား တာပေါ့ဗျာ (မှန်ပါ့)။

ဒါနဲ့ တပည့်ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်က အရှင်ဘုရား ဒီလိုဖြင့် ဆေချိန်များမှ ရှိသေးရဲ့လားလို့ ငေါ့လုံးသုံးလုံးနဲ့ ပြောလိုက်တယ်၊ သဘောကျပလား (ကျပါတယ် ဘုရား)။ သေချိန်မှ ရှိသေးရဲ့လားဗျို့ ငေါ့လုံး သုံးလုံးနဲ့ ပြောလိုက်တယ်။ ပြောပြီးသကာလ သံဝေဝရစေတော့လို့ ဆိုပြီးသကာလ ဒကာသစ်ရေ ကောင်းကင်ပဲ သွားရှေ့ပျံတက်သွားတယ် (မှန် လှပါ ဘုရား)။

ကောင်းကင် ပျံတက်သွားတယ်တဲ့။ အဘိညာဉ်ရနေ တဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်နေတော့ ကောင်းကင်ပျံနိုင်တယ်လို့ ဒကာသစ်တို့ မှတ်လိုက်စမ်းပါ (မှန်လှပါ ဘုရား)။

အဲဒီလို ပျံပြီးသကာလ ဩော- ဒီပုဂ္ဂိုလ် တယ်ထူးတဲ့ ပုဂ္ဂိုလ်ပါကလား၊ ငါဆီ အနုမောဒနာတရား တောင်းလာတာ မှ ဟုတ်ပါရဲ့လား၊ သတိပေးမလို့ လာတာနဲ့တူတယ်၊ ငါက လည်းကွာ။ ဒီရဟန္တာဖြစ်ဖို့အလုပ်ဟာ မခဲယဉ်းပါဘူးဆိုပြီး ဆကာလ၊ သူလည်း ဒီပရိယတ်လုပ်ငန်းတွေကို စွန့်ပြီး သကာလ၊ ဒကာ၊ ဒကာမတို့ တောထဲသွားပြီး တရား အားထုတ်တဲ့အချိန်ကျတော့ သူစိတ်ထဲက ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ ပြန်လာမယ်ဆိုပြီး ၁၃ ရက်နေ့လောက်မှာ ဦးခင်မောင်ရေ တောထွက်သွားတယ် (မှန်လှပါ)။

သုံးရက်လောက် အားထုတ်ရင် ရဟန္တာဖြစ်ပါတယ်။ မခဲယဉ်းပါဘူးလို့ သူစိတ်ထဲမှာ အတော်ပဲ ဘဝင်မြင့်တယ် ဆိုတာ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့)။ သုံးရက် အားထုတ် ရင် ရပါသတဲ့၊ သူ ရဟန္တာဖြစ်ဖို့ ရလိမ့်မယ်လို့ ဧကန်ယူထား ပါတယ်နော် (မှန်ပါ့)။

(ဆက်ရန်)

ဓမ္မဒိန်

www.burmeseclassic.com

www.burmeseclassic.com

ဦးသုမင်္ဂလ (ဒယ်ဒုံးဆရာတော်)

ဟောကြားတော်မူသော တရားတော်

အပြုတ်ဆုံးတရား

(ယခင်လမှ အဆက်)

ဦးပဉ္စင်းတို့ ငယ်စဉ် ကလေးဘဝက ဟောဒီမိုးကုတ် မြို့မှာ ကျေးဇူးရှင်ဆရာတော် ဦးဓမ္မိဿရက ဒီမိုးကုတ်ရိပ်သာကြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ မိုးကုတ်မင်္ဂလာတိုက်ရိပ်သာမှာ ဝါတွင်းသုံးလ တရားလာဟောတဲ့အခါ အိမ်က ကက်ဆက်ကလေး သွားပို့ရတယ်၊ ခမည်းတော်ကြီးက တရားခွေတစ်ခွေ နှာရဖို့ကို အလွန်ခဲယဉ်းတယ်။ ပြီးတော့ ကက်ဆက်ကိုလည်း ဆရာတော်ဘုရားမှာ အဲဒီခေတ်က ခေတ်မမီတာလား၊ ပစ္စည်းမပြည့်စုံတာလား၊ အသိဉာဏ် လိုအပ်ချက်ကြောင့်လား မသိဘူး။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

သူများတာ ညှ လူခြေတိတ်ချိန်မှာ ကက်ဆက်နှစ်လုံးကို ရင်ချင်းပူပြီးတော့ ခွေကူးတာ။ Jack to Jack စနစ်ကို သူတို့မသိဘူး ဒီတော့ တရားခွေတစ်ခွေ ရဖို့ဆိုတာ အဲဒီခေတ်က ခက်တန် ခဲယဉ်းတယ်။

အခုခေတ်မှာ သူတော်ကောင်းတို့ Internet ကနေ Diamond ပြုပြီးတော့ ဘယ်မြို့က ဆရာတော်ကို နာချင်သလဲ နာလို့ မရဘူးလား (ရတယ်)။ ဒီနေ့ သီတဂူဆရာတော် ဘုရားကြီးတရား နာချင်တယ်၊ မရဘူးလား (ရပါတယ် ဘုရား)။ ပါချုပ်ဆရာတော်ဘုရားကြီးတရား နာချင်တယ်၊ မရဘူးလား (ရပါတယ် ဘုရား)။ ဒါမှမဟုတ်ရင် ဝန္ဓာရုံဆရာတော်ဘုရားကြီး ဟောခဲ့တဲ့ ဖဋ္ဌာန်းတရားတွေ နာချင်တယ် ဆိုရင် (ရပါတယ် ဘုရား)။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး တရားတွေ နာချင်တယ်ကွာ (ရပါတယ် ဘုရား)။ အလွယ်တကူ မရဘူးလား (ရပါတယ် ဘုရား)။

ဘယ်တရားနာနာ ကလစ်တစ်ချက်၊ ခလုတ်တစ်ချက် ပြင်ချင်ရဲ့ နာနိုင်ခွင့်ရနိုင်တဲ့ ယခုလက်ရှိ ဘဝအခြေဟာ အလွန်အလွန် အကောင်းဆုံး အခြေအနေကို ရနေပြီလို့မြောရင်း အခုသူတော်ကောင်းတို့တစ်တွေ အမြတ်ဆုံးသောကြားနာရခြင်းနဲ့လည်း ကြဲ၊ မကြဲ (ကြဲပါတယ် ဘုရား)။ ကောင်းပြီ။

နံပါတ် (၃) အမြတ်ဆုံးသော လာဘ်ရခြင်းပါ ဘုရား။ လာဘ်တွေလဲ၊ လာဘ်တကာ့လာဘ်ထဲမှာ ဘယ်လာဘ်ကောင်းဆုံးလဲ၊ ကျောက်အောင်တဲ့ လာဘ်လား၊ ချဲပေါက်တဲ့ လာဘ်လား၊ လာဘ်ဆိုတာ ဥစ္စာရတာ မဟုတ်လား။ အဲဒီတော့ ဥစ္စာတကာ့ ဥစ္စာထဲမှာ ဥစ္စာဆိုတဲ့ နေ့ရာမှာ သူတော်ကောင်းတို့တစ်တွေ အခုလောကမှာ စည်းစိမ်ဥစ္စာတွေ မရှာကြဘူးလား (ရှာပါတယ် ဘုရား)။ ဘာအတွက် ရှာတာလဲ၊ ဒီဘဝအတွက် ရိက္ခာဘဝစာ ရှာတာမဟုတ်ဘူးလား စားဝတ်နေရေးအတွက် ရှာတာမဟုတ်ဘူးလား။ ဒါဖြင့် တစ်ဘဝစာ ထောက်ရာတည်ရာ မှီရာရဖို့ ဒီဥစ္စာတွေကို (ရှာတာပါ ဘုရား)။

အခု မြတ်စွာဘုရား ပေးတာက မင်းကို တစ်ဘဝစာ ပေးတာလား၊ တစ်သံသရာလုံးအတွက် ပေးတာလား (တစ်သံသရာလုံးအတွက် ပေးတာပါ ဘုရား)။ အဲဒီသံသရာမှာ ခင်ဗျားတို့ ရင်းနှီးရမယ့် အရင်းအနှီး၊ ဥစ္စာ၊ သံသရာအတွက် အရင်းအနှီး ဥစ္စာရမှ ခင်ဗျားတို့ မြတ်မှာ။ အခု ကျောက်အောင်လို့ မြတ်ရုံနဲ့ သံသရာရိက္ခာ ရမလား (မရပါဘူး ဘုရား)။

စောစောက ပြောသလို ကျန်းမာရေး အာရောဂျ ရမှာလား၊ ဒါ အားလုံးသိထားတဲ့ကိစ္စ၊ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဆိုတာ ဒါ ကဏ္ဍတစ်ခု ဘဝတစ်ခုအတွက် ပြောတာ၊ ဒီဘဝ ကျန်းမာရေး ကောင်းနေရုံနဲ့ နောက်ဘဝ အတွက် အာမခံချက်၊ သံသရာအတွက် အာမခံချက် (မရှိပါဘူး ဘုရား)။ မရှိသေးဘူး။ အဲတော့ လာဘ်တကာ လာဘ်ထဲမှာ လာဘ်ဆိုတဲ့ဥစ္စာသည် သံသရာတစ်ခွင်လုံးမှာ အသုံးပြုရမယ့် ရိက္ခာ၊ သံသရာက လွတ်မြောက်ဖို့အတွက် အသုံးပြုရမယ့်ဥစ္စာ ဖြစ်မှာ အမြတ်ဆုံးဖြစ်မယ်။

ဒါကြောင့် သူတော်ကောင်းဥစ္စာ ရတနာ ခုနစ်ပါးရယ်လို့ ရှိပါတယ်။ သူတော်ကောင်းဥစ္စာ ဘာတွေလဲဆိုတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပ သူတော်ကောင်း ရတနာဥစ္စာ ခုနစ်ပါး။ အဲဒီ ခုနစ်ပါး ရှင်းကဲ့သာလျှင် အမြတ်ဆုံးသော လာဘ်၊ အခု ခင်ဗျားတို့ နေ့တိုင်း လာဘ်ရဖို့ မရှာဘူးလား (ရှာပါတယ် ဘုရား)။ ခင်ဗျားတို့ ရှာနေတဲ့ အဲဒီလာဘ်သည် သံသရာမှာ သုံးလို့ (မရပါဘူး ဘုရား)။ သံသရာထားလို့ အခုကြုံလာတဲ့ လောကဓံမှာ တောင် သုံးနိုင်မလား (မသုံးနိုင်ပါဘူး ဘုရား)။

လောကဓံကို ရင်ဆိုင်တော့မယ်၊ သံသရာခရီးကို အင်အားအပြည့်နဲ့ ခရီးဆက်ချင်တယ်ဆိုရင် နံပါတ် (၁) သဒ္ဓါတရား၊ သဒ္ဓါတရားဆိုတာ ဘုရားပေါ်မှာ ယုံကြည်မှု၊ တရားပေါ်မှာ ယုံကြည်မှု၊ သံဃာပေါ်မှာ ယုံကြည်မှု၊ ရတနာမြတ် သုံးပါးပေါ်မှာ ယုံကြည်မှု ခိုင်မြဲနေမှ၊ သရဏဂုံတည်သူမှ အပါယ်တံခါးပိတ်ပြီဆိုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုတဲ့ ဒုဂ္ဂတိဘုံတွေ ရောက်ဦးမလား (မရောက်ပါဘူး ဘုရား)။ မရောက်ရင် အဲဒါ သဒ္ဓါလာဘ်ကြီးသည် သူတော်ကောင်းတို့အတွက် အကောင်းဆုံးလာဘ်လို့ ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား)။

သဒ္ဓါတရား မခိုင်မြဲတဲ့ပုဂ္ဂိုလ်က ခင်ဗျားတို့အတွက် ဒယ်အိုးက အဆင်သင့်၊ အခု ဘုရားကိုယုံလား (ယုံပါတယ် ဘုရား)။ မေးရင်တော့ ဖြေမှာ၊ ဒါဖြင့် အရောင်းအဝယ်ထွက်တော့ မလိမ်ဘူးလား။ မိုးကုတ်သားတွေ၊ ကျွဲဝက မိုးကုတ်သားနော်။ ကျောက်ရောင်းတော့လည်း လိမ်၊ လိမ်စရာမလိုဘဲ လိမ်နေတာ။ ဦးပဉ္စင်းတို့လည်း အရောင်းအဝယ် လုပ်ခဲ့ဖူးပါတယ်။ တွင်းသား လုပ်ခဲ့ဖူးတယ်။ ကျောက်ရလာပြီ၊ အဲဒီခေတ်က ကျောက်ကောင်းပေါ့ဗျာ။ ဦးသုမင်္ဂလ များများမရဘူး၊ များများမရတော့လည်း ဘုန်းကြီးဖြစ်သွားတာပေါ့။

ဒီကျောက် မြို့ထဲမှာ ဒါ ဘယ်သူ့ခွင်၊ ဒီကျောက်က ဘယ်သူ့ဆီ သွားရောင်းရင် ခုနစ်သောင်းရတယ်။ တွင်းမှာ လာဝယ်တဲ့ သူငယ်ချင်းတွေက ရော့- ယူသွား၊ များတယ် နည်းတယ် မပြောနဲ့၊ ဘယ်သူ့ဆီ သွားရောင်း၊ ခုနစ်သောင်း ရမယ်၊ အဲဒီလို လုပ်စားလာတာ။ မရရင် ငါ ပြန်ဝယ်မယ်။ အဖွဲ့ထဲမှာ ကျောက်သွေးတတ်တဲ့လူလည်း ပါတယ်။ ကုန်သည်သားလည်း ပါတယ်။ အကုန်လုံးက ကျောက်ရောင်းတဲ့ ခွင်ကို အကုန်လုံးက သိတယ်။ ဒါပေမဲ့ အကုန်မလုပ်စားဘူး၊ အနားက သူငယ်ချင်းတွေနဲ့ မျှစားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်တွင်းက ထွက်တဲ့ကျောက်ကို အရှင်းများနေလို့ မကိုက်ဘူး၊ အလကားနေရင်း လိမ်နေတာ။ ငါ ဒီလောက်ရမှ ရောင်းနိုင်မယ်၊ မရရင် မရောင်းနိုင်ဘူး။ ငါ့ကျောက် ငါရောင်းတာ၊ ငါရောင်းချင်တဲ့ဈေးနဲ့ ရောင်းမှာပေါ့။ ဘာပြောနေစရာလိုသေးတုံး။ ခုနစ်သောင်းနဲ့ ဝယ်ပြီးတော့ ငါးသိန်း၊ သိန်းတစ်ရာရာမှ ရောင်းမယ်၊ ဧရရင် မရောင်းနိုင်ဘူး။ အရင်းများတယ် ပြောစရာ လိုသလား (မလိုပါဘူး ဘုရား)။ အပိုကို လိမ်တာ၊ ဟောဒီ မိုးကုတ်သားက၊ လိုသလား၊ အဲဒါတွေ။

ဘုရားကို ယုံတယ်ဆိုရင် ဘုရားစကားကို မြေဝယ် မကျ နားထောင်၊ ငတ်လို့ပဲ သေသေ၊ ကိုယ့်ရဲ့ မြတ်စွာဘုရား ရဲ့ အဆုံးအမ ဂုရားတော်တွေ အပေါ်မှာ ဘာမှ ဖောက်လွဲ ဖောက်ပြန် ပြုခြင်းမရှိဘူးဆိုမှ ဘုရားကို အကြွင်းမဲ့ယုံတာ။ တရားကိုရော ယုံလား (ယုံပါတယ် ဘုရား)။

အမှန်တကယ် တရားကို ယုံတဲ့လူက မကောင်းမှုလေးကို အနည်းငယ်မျှတောင် မလုပ်ရဲဘူး။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်။ မကောင်းတာ လုပ်ရင် မကောင်းကျိုးပေးမယ်၊ ယုံသလား (ယုံပါတယ် ဘုရား)။ တကယ် ခင်ဗျားတို့နှုတ်က ထွက်တဲ့အတိုင်း ယုံရင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို အသက်ပဲ အသေခံမယ် မလုပ်တော့ဘူး။

ဘယ်လောက်ယုံသလဲဆိုတာ ကိုယ့်ဟာကိုယ် စစ်ဆေး၊ အဲဒီ ယုံကြည်မှုကသာ ခင်ဗျားတို့ဘဝမှာတွက် ရိကွာ၊ ဘဝအတွက် ဥစ္စာ၊ အကြီးဆုံးသော လာဘ်၊ အဲဒီလာဘ် ရထားတဲ့လူက ဘယ်တော့မှ သုံးမကုန်တဲ့ လာဘ်ကိုရသွားပြီ။ ဘာဖြစ်တုံးဆိုတော့ ဘယ်သောအခါမှ ယုတ်ညံ့တဲ့ဘဝတွေ စိုကို မရောက်တော့ဘူး။ သဒ္ဓါအရေးကြီးလား၊ မကြီးဘူးလား (ကြီးပါတယ် ဘုရား)။ ဘုရားအပေါ် ယုံကြည်ခြင်း၊ တရားအပေါ်မှာ ယုံကြည်ခြင်း၊ သံဃာအပေါ်မှာ ယုံကြည်ခြင်း၊ သံဃာဆိုလည်း ဒါပဲ။ သံဃာ ဆိုတာ ဘုရားအမှုဋ္ဌာနိုတဲ့ အရိယာသံဃာ၊ အခု ဦးပဉ္စင်းတို့လည်း မြတ်စွာဘုရားရဲ့ အဆုံးအမအတိုင်း အတတ်နိုင်ဆုံး ညီညွတ်အောင် ကိုယ့်ကိုယ်ကို ကြိုးစားတယ်။

ကိုယ့်ရှေ့ ရောက်လာတဲ့ သံဃာ့အားလုံးကိုလည်း ဘုရားရဲ့ တပည့်သား သံဃာအဖြစ် ရှေကျင် မရှိဘူး၊ သုမမှာ မရှိဘူး၊ ဒွါရ မရှိဘူး၊ ဦးပဉ္စင်းစိတ်ထဲမှာ ဘာဂိုဏ်းမှ မရှိဘူး။ တွေ့တဲ့သံဃာကို သံဃာအမှတ်နဲ့ပဲ ကန်တော့တယ်။ စွန်းလွန်း၊ မဟာစည် မရှိဘူး။ ကျုပ်တို့စိစက်ထဲမှာ မရှိဘူး။ သူများတော့ ဓမ္မကထိကပဲ၊ သူကတော့ စာချဘုန်းကြီးပဲ၊ သာသနာ့တာဝန်ကို နိုင်ရာ ထမ်းဆောင်နေကြတာ။ ဘာမှ ခွဲခြားနေစရာ အကြောင်းမရှိဘူး။ သံဃာကို သံဃာအနေနဲ့ပဲ ပူဇော်တယ်။ အခု သူတော်ကောင်းတို့လည်း အဲဒီစိတ်ကလေး ထားကြပါ။

ဒီနေ့ ဂိုဏ်းပေါင်းစုံ ညီလာခံကြီး ကျင်းပတယ်။ တစ်နေ့ကို သူတို့ရဲ့ထုတ်ပြန်ကြေညာချက်တွေ ထုတ်ပြန်ချက်တွေ၊ တင်ပြချက်တွေ တစ်မျိုး တစ်မျိုးပြောင်းတိုင်း မဂ္ဂဇင်းတွေ၊ သတင်းဌာနတွေ ဦးပဉ္စင်းကို အချိန်ပြည့် ဖုန်းဆက်နေတာ။ ဦးသုမင်္ဂလ ဘယ်ဘုန်းကြီးက အဆိုတင်သွင်းပြန်ပြီ၊ အရှင်ဘုရား အမြင် ဘယ်လိုရှိသလဲ။ ဘာမှ မမြင်ဘူး၊ ဦးပဉ္စင်းက ဦးပဉ္စင်းကလေးပဲ ရှိသေးတယ်၊ ကလေးလေးပဲ ရှိသေးတယ်၊ ငယ်ပါသေးတယ်လို့။ ထေရ်ကြီး ဝါကြီး သံဃာတော်ကြီးများ သာသနာ့အကျိုးအတွက် သူတို့ထမ်းဆောင်နေကြတာ၊ တို့မှာ ဝေဖန်စရာအကြောင်းမရှိဘူးလို့။ ငါ့မှာ ဘုရားအဆုံးအမတွေကို ညီညွတ်အောင် နေနေရတာ မအား ဘူးကွယ်လို့ ရှင်းပြီလား။ အဲဒီတော့ -

"သံဃာကို ဝေဖန်နေကြမယ့်အစား အရိယာသံဃာလို့ ရည်မှန်းပြီး ပူဇော်ပြီးတော့ ကုသိုလ်ပွားနေရင် အမြတ်ဆုံးသော လာဘ်"

ရှင်းပြီလား (ရှင်းပါတယ် ဘုရား)။ ဦးသုမင်္ဂလတော့ ဝေဖန်ပါ။ ဘယ်သူ ဘာပြောပြော၊ သတိပေးတာနော်။ ကိုယ့်အသိလေး မတောက်တခေါက်နဲ့ သူများကို မဝေဖန်လိုက်ကြပါနဲ့ကွယ်၊ ဝန်လေးလွန်းလို့။ ဘုရားကို ဘုရားလို့ပဲ မြင်လိုက်၊ တရားကိုလည်း တရားလို့ပဲ မြင်လိုက်၊ သံဃာကို သံဃာလို့ပဲ မြင်လိုက်။ သံဃာကို ထက်လိုက်မပြိုင်နဲ့၊ အန်လည်း မတူနဲ့၊ ရှင်းတယ်နော် (ရှင်းပါတယ် ဘုရား)။

မာနလည်း မခံနဲ့။ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံတို့ သွားတဲ့အခါ သူတို့တွေ သံဃာတွေအပေါ်မှာ အရိုအသေ ပေးကြတာ ကြည့်ပြီးတော့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကို ပြောပြချင်လိုက်တာ၊ နေ့လယ် ၁၂ နာရီကျော်သွားရင် မြို့ထဲမှာ သံဃာတွေ မတွေ့ရဘူး။ တွေ့ရင်လည်း တွေ့တဲ့ပုဂ္ဂိုလ်က တကယ့်ကို အရိုအသေ ပေးနေတော့ မသွားရဲဘူး။ သံဃာ့လက်ထဲကပစ္စည်းကို အမျိုးသမီးလေးတွေ ကိုင်ဖို့ထားလို့ လက်ထဲက ပစ္စည်းကို လှမ်းပေးတာတောင် မယူဘူး။

ဦးပဉ္စင်းတို့ သွားတဲ့အခါ Immigration လေယာဉ်ကွင်းတွေမှာ ကြိုရတယ်။ သံဃာတွေ့ရင် အမျိုးသားတွေ ချက်ချင်း ပြေးလာတယ်။ V.I.P.ပေါက်ကနေ ခေါ်သွားတယ်။ ပတ်စ်ပို့ကို သူကိုယ်တိုင် စစ်ပေးတယ်။ ရိုရိုသေသေ လက်အုပ်ချီပြီးတော့ ကြွပါဘုရား။

လေယာဉ်ပေါ်မှာ အမျိုးသမီးလေးတွေ ရှိနေရင် ကိုယ့်ပတ်စ်ပို့ကို ဓောက်ကိုချပေးရတယ်။ ချပေးလိုက်လို့ ဒီက လက်လွှတ်မှ သူတို့က လာကောက်တယ်။ ကောက်ပြီး ကြည့်ပြီးရင် ပြန်ချပေးတဲ့နေရာ မြန်မာဝန်ထမ်းတွေနဲ့တော့ နည်းနည်းပဲ ကွာတယ်။ မြန်မာဝန်ထမ်းကတော့ ကိုယ့်ပတ်စ်ပို့ကို အင့် ရော့၊ အခု ကားဂိတ်တွေများ ဖွင့်လေ့ဟယ်ဂိုး၊ တာ- မယဉ်ကျေးလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာ သံယာတစ်ပါး ကားပေါ် တွေ့လိုက်တာနဲ့ လက်အုပ်ချီလေးချီပြီးတော့ ကြွပါဘုရား၊ ရှိသေလိုက်တာ၊ အဲဒါကို ကျွန်တော်ကွာနေတာကိုး။ ဒါကြောင့် သူတို့တိုင်းပြည် တိုးတာ၊ ယဉ်ကျေးလိုက်ကြတာ၊ ကျွင့်ဝတ်သိက္ခာကို လေးစားတတ်ကြတာ။ အခု ဒီမှာ တဘက်ဖြန့်မခင်းနဲ့ဆို ရောက်ခဲ့ပြီ ပစ်ချတယ်၊ ခြေထောက်လှမ်းကိုင်တယ်၊ မသင့်တော်ဘူး၊ ဝိနည်းအရ အပြစ်ရှိပါတယ်လို့ ပြောနေတာကို ကြားရဘူး၊ အသိအလိမ္မာ နည်းနေတယ်။ ဒီတော့ ခင်ဗျား ရောင့်ရဲထိုက်တဲ့ လောဘအပြည့်အဝ (မရပါဘူး ဘုရား)။ ရှေ့ ပြင်လိုက်ကြရအောင်။

သံယာဆိုတာ ဘုရားပြုစုရာလည်း မဟုတ်ဘူး၊ ဘုရားရဲ့ ညီနောင်တွေကို ပြောဖူးတဲ့ယဲ့။ ဘယ်ပါတီဘက်က ငါ ဘုရားပါတီဘက်ကလို့၊ သူတို့နိုင်ငံရေးနဲ့ ငါတို့နဲ့ ဆိုင်ဘူး၊ ငါတို့က ဘုရားသားတော်တွေလို့ ကိုယ့်ညီတွေ ကူတော့ ပြောပြတယ်။ အရှင်ဘုရား၊ တပည့်တော်တို့က မေးစရာလို့လားတဲ့၊ ပေးစရာမှ မလိုတာ၊ တို့ဟာ ဘုရားသားတော်လူအလုပ် လုပ်စရာမလိုဘူးလို့၊ လူမဟုတ်ဘူးလို့။ အနှောင့်အယှက်မှာထိုင်နေတာ လူလား၊ ဘာလဲ (သံယာပါ ဘုရား)။

သံယာ၊ ဘုရားသားတော်ဟာ သက်ကျသာကိုဝင်စွန်းယှက်ခြင်းနိုင်ငံမှာ သံယာတွေကို ဘယ်လောက်တန်ဖိုးထားလဲ၊ ဘိုလက်ခံနိုင်ငံမှာ ဘယ်လောက်တန်ဖိုးထားလဲ၊ မှတ်ပုံတင်ကိုင်စရာ မလိုဘူး။ သံယာ မှတ်ပုံတင်စစ်တဲ့နေရာ မရှိဘူး။ ကြုံတဲ့နေရာသွားး။ ရဟန်းရက်ချုပ် တစ်ခုပဲ သူတို့ရှိတယ်။ သန့်ဝါလည်းဆိုတာ အသိအမှတ်ပြုဖို့၊ ရဟန်းဖြစ်ကြောင်း ရဟန်းရက်ချုပ်လေ၊ အဲဒီတစ်ခုပဲ ကိုင်ရတယ်။

ဒီမှာတော့ မှတ်ပုံတင်တောင်းတာ မျက်နှာချွန်ခေါက်ခိုင်းနဲ့၊ ကိုယ်တော် မှတ်ပုံတင်ပြ၊ မယဉ်ကျေးလိုက်တာ၊ သူဆိုလ်တွေလား၊ အကုသိုလ်တွေလား (အကုသိုလ်တွေပါ ဘုရား)။ ဘုရား တရား သံယာမြင်လို့ မြတ်နေတာလား၊ ရှုံးနေတာလား (ရှုံးနေတာပါ ဘုရား)။ သူ့ရာထူးမျှား သူ ဘာထင်နေလဲ မသိဘူး။

အဲဒီတော့ တို့က မဲပေးစရာမလိုဘူး၊ မဲပေးချင်တယ်ဆိုရင် လူလုပ်လိုက်၊ အဲဒါ လူ့အလုပ်လို့။ ဒီပါတီကို ငါတို့က ကြိုက်လို့ မဲပေးရင် ဒီသံယာတွေဟာ ဆန္ဒဝင်ဖြစ်တော့ သော် ဟိုပါတီ မကြိုက်ဘူးလို့ ကန့်လန့်ဆန့်ကျင်ပြောရင် အသေဝတီ ဖြစ်တော့မယ်။ ဘယ်ပါတီ အုပ်ချုပ် အုပ်ချုပ် ကြပါစေပေါ့ဗျာ တို့တာဝန်၊ ဘယ်သူဘာက်ကမှ နေစရာမလိုဘူး လမ်းညွှန်ပေးရမှာ ငါတို့ဘုရားသားတော်တွေရဲ့ အလုပ်ဆိုင်း ဘာဖြစ်လို့ အောက်တန်းကျချင်သလဲ။ ကိုယ့်တပည့်တွေ မပြောတာပါ၊ ကျန်တဲ့လူတွေ မပြောဘူး။

ဒါဖြင့် တပည့်တော်က မြန်မာနိုင်ငံသားလည်းမဟုတ်၊ ဟုတ်တယ်လေ၊ တို့က ဘယ်နိုင်ငံသားမှ မဟုတ်ဘူး၊ ဘုရားသားတော်တွေ။ တပည့်တော်တို့က မှတ်ပုံတင်ထဲက ထုတ်ခံထားရတာ၊ အိမ်ထောင်စုဇယားထဲကိုက ထုတ်ခံထားရတာ။ ဟုတ်တယ်လေ၊ သင်္ကန်းဝတ်ပြီးတော့မှ ဒီအိမ်ထောင်စုနဲ့လည်း မဆိုင်ဘူး၊ ဆိုင်ချင်ရင် လူလုပ်လိုက်၊ အဖြေက ဒါပဲရှိတယ်။ အဲဒီတော့ သံယာကို သံယာအနေနဲ့ ခင်ဗျားတို့ ဖူးမြင်ချင်ရင် သံယာ့ဂုဏ်ကို ပူဇော်တတ်ဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ သံယာကလည်း သံယာ့ဂုဏ်ကို တန်ဖိုးထားရမယ်။ ကိုယ့်သံယာအလုပ် ကိုယ်လုပ်နေဖို့ပဲ ရှိတာပေါ့။ သဘောပါသလား (ပါပါတယ် ဘုရား)။

လူတွေ လိမ္မာရေးခြားရှိအောင်၊ အသိလိမ္မာပြည့်စုံအောင်၊ ဘုရားရှင်ရဲ့ တရားတော်တွေကို သိအောင်၊ ဝိပဿနာဉာဏ်တွေ ပွင့်ထွန်းအောင် ဟောပေးရမှာက သံယာ့အလုပ်၊ တို့တာဝန်။ စားထားတဲ့ ဆွမ်းတစ်လုတ် တာဝန်ကျေချင်ရင် ကိုယ့်အလုပ် ကိုယ်လုပ်။ ဒါဖြင့် သန္ဓါခိုင်မြအောင် ကြိုးစားဖို့ သင့်၊ မသင့် (သင့်ပါတယ် ဘုရား)။

သန္ဓါ ခိုင်မြရမယ်၊ စင်ကြယ်ရမယ်၊ ဒါလောက်ဆိုရင် နားလည်တော့နော်။ ဦးပဉ္စင်းမှာ အများကြီးပြောစရာတွေ ရှိတယ်။ ပြောပိုင်ခွင့်နဲ့ ပြောဖို့အချိန်ကလေးက အလွန်တို တောင်းနေတဲ့အတွက် ဒီနေ့ သူတော်ကောင်းတို့ကို ဟောပေးမယ်။ မနက်ဖြန် အနောက်ပိုင်းကို ဟောပေးမယ်၊ သန်ဘက်ခါ နေ့ရာတစ်နေရာ၌လေ၊ ဟောပေးပြီးရင် ဦးပဉ္စင်းဝန်ကောက်ကို ဒီအရိုး ပြန်ပြရပါဦးမယ်။ အထဲမှာ စတီးချောင်းနှစ်ချောင်း ထည့်ထားပါတယ်။ အဲဒါ သူတို့ ပြန်နုတ်ပေးမလား၊ မနုတ်ပေးမလား မသိဘူး၊ ပြန်သွားပြရဦးမယ်။ အဲဒီတော့ ဒီနှစ် ဦးပဉ္စင်းက သုံးရက်ပဲ ဟောပေးနိုင်မှာ ဖြစ်ပါတယ်။

အခု လာဘ်ဆိုတဲ့ နေရာမှာ သန္ဓါအကြီးမားဆုံး လာဘ်ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား)။ နောက်သီလ၊ သူတော်ကောင်းတို့ ကာယကံသီလ၊ ဝစီကံသီလ၊ မနောကံသီလ့၊ စောင့်ထိန်းဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ အဲတော့ သီလတရားသည် သူတော်ကောင်းတို့အတွက် တစ်ဘဝစာ တစ်သံသရာစာလား (တစ်ဆံသရာစာပါ ဘုရား)။ အေး- သီလအဆင့်အတန်းမြင့်မှ ဘဝတွေ မြင့်သထက်မြင့်မယ်။

ဒါကြောင့် ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး ဆိုထားတာတဲ့ စကားရှိတယ်။ 'ဘဝဖွန်ကာ်နှောင်းကောင်းထက်ကောင်းဖို့' အခု ခင်ဗျားတို့အဘဝတွေ နုပျိုတာလား၊ အိုမင်းလာတာလား (အိုမင်းလာတာပါ ဘုရား)။ ဒါဖြင့် တစ်နေ့ထခြား သေခါနီးလာတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ ဒါဖြင့် အချိန်တွေ နှောင်းနှောင်းလာခဲ့ပြီ။ အဲဒီ နှောင်းလာတဲ့အချိန်တိုင်းဟာ ဆုတ်ယုတ်လာရမှာလား၊ တိုးတက်လာရမှာလား (တိုးတက်လာရမှာပါ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

တိုးတက်ဖို့အတွက် ကိုယ်ပိုင်ဥစ္စာဆိုတာ သိလ။ ခင်ဗျားတို့ ရွာထားတဲ့ စိန် ရွှေ ငွေကို ပိုင်သလား (မပိုင်ပါဘူး ဘုရား)။ သေရင် ကိုယ့်နောက်ပါမလား (မပါပါဘူး ဘုရား)။ ယူသွားလို့ကော ရသလား (မရပါဘူး ဆုရား)။

အခု မအို၊ မနာ၊ မသေအောင်လို့ တားနိုင်သလား (မတားနိုင်ပါဘူး ဘုရား)။ အန္တရာယ်ကင်း ဘေးရှင်းနိုင်အောင်ကော တားနိုင်သလား (မတားနိုင်ပါဘူး ဘုရား)။ ဒီစည်းစိမ်ကြောင့်သာ အန္တရာယ် ဖြစ်လာနိုင်သေးတယ်။ ရန်သူမျိုး ငါးပါးဘေး။

ဒါဖြင့် သိလဆိုတဲ့ဥစ္စာ ဘယ်သူဖျက်ဆီးလို့၊ ဘယ်သူနှောင့်ယှက်လို့မှ (မရပါဘူး ဘုရား)။ ဒါဖြင့် သိလ တရား ဆည်းပူးခြင်းသာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်၊ မဖြစ် (ဖြစ်ပါတယ် ဘုရား)။ ဒါဖြင့် အကြီးများဆုံးလာဘ်လို့ ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား)။

ဒါကြောင့် သဒ္ဓါ၊ သိလ၊ သုတ အကြားအမြင်များခြင်းလည်း လိုအပ်တယ်။ အကြားအမြင် နည်းရင် နေရာတိုင်းမှာ အန္တရာယ်ဖြစ်မယ်။ မနေ့ညကပဲ ဦးပဉ္စင်းတို့ တရားဟောလို့ ညမှာ ဦးပဉ္စင်းတို့ ပျဉ်းမနား လယ်ဝေးမှာ ဝင်ပြီး တရားဟောပါတယ်။ ရန်ကုန်မှာ မနက်ပိုင်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ပူဇော်ပွဲ သစ္စာမဏ္ဍိုင်အသင်းကြီးနဲ့ မရမ်းကုန်းမြို့နယ်ထဲမှာ ဇမ္ဗူသီရိဝိမာန်မှာ ပူဇော်ပွဲကြီး ကျင်းပတယ်။

ပြီးတော့ နေ့လယ် ၂ နာရီလောက် ထွက်လာတယ်။ ညနေ ၆နာရီခွဲလောက်ကို ပျဉ်းမနားအဝင်မှာ ၁၉၇ မိုင်ပဲ၊ ကားကြီးတစ်စီး မှောက်ပြီးတော့ သေလိုက်ကြတာ။ လူ ၅၀ ကျော်လောက်က တစ်ဝက်လောက်တော့ ပြုတ်လိမ့်မယ် ထင်ပါတယ်။ မနေ့က ဆေးသွားတာ ၁၃ ယောက်လောက် သတင်းတက်လာတယ်။ အဲဒီတော့ ဆေးရုံကားတွေ ရှုပ်ယှက်ခတ်နေတာပေါ့လေ။

လမ်းမှာ ပြောလာတယ်။ ဒီလမ်းက လမ်းအကြောင်းရှာတာလည်း မှားနေတယ်။ ငါ အင်ဂျင်နီယာ မဟုတ်ဘူး။ ဒါပေမဲ့ လမ်းအကြောင်းလည်း မှားနေတယ်၊ လမ်းတည်ဆောက်တာလည်း မှားနေတယ်၊ အသုံးပြုထားတာတွေလည်း မှားနေတယ်။ အဲဒီတော့ အရာရာ မှားနေတယ်။ လမ်းလယ်ကောင် ပလက်ဖောင်းနဲ့ လမ်းလယ်ကျွန်းနဲ့ ကပ်နေတဲ့ အတွက် လမ်းနှစ်လမ်းလို့ ဆိုပေမယ့် လမ်းတစ်လမ်းပဲ သုံးလို့ရတယ်။ ကားတစ်ခုခု အတိမ်းအစောင်းဖြစ်ရင် ထိန်းကျောင်းလို့ မရဘူး။ ဒါကြောင့်မို့ ဒီလမ်း ခဏခဏ သေနေတာ။

နောက်တစ်ခါ လမ်းသည် မြေသားသေအောင်၊ ညီညွတ်အောင် မလုပ်ထားတဲ့အတွက် လမ်းသစ်ကြီးဖြစ်ပေမယ့် မညီမညာတဲ့ လမ်းမကြီးပေါ်မှာ မောင်းနေရလို့ ကားတွေကို အောက်ပိုင်းတွေ ဖျက်ဆီးခံရသလို ဖြစ်နေတဲ့အတွက် ထိန်းကွပ်ရတာ အင်မတန် ခက်ခဲတယ်။ ဘယ်နိုင်ငံမှာမှ ဒီလမ်းမျိုး မတွေ့ဖူးဘူး။

အဲဒါ ဘာဖြစ်လို့တုံးဆိုတော့ သူတို့မှာ ဘာဝဟူသုတမှ မရှိဘူး။ သုတ မရှိဘူး။ နောက် မောင်းနေတဲ့ လူတွေကလည်း ဒီလမ်းမျိုး မမောင်းဖူးဘူး။ ဘယ်လိုမောင်းရင် အန္တရာယ်ဖြစ်မယ်မှန်း မသိဘူး။ ပြောပြပေးမယ့်သူလည်း မရှိဘူး။ ဗဟုသုတ မရှိတာ။ သုတမရှိရင် ပျက်စီးတယ်ဆိုတာ အဲဒါ။

ခင်ဗျားတို့ဘဝတွေမှာလည်း ပြန်ကြည့်တော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ဖြစ်ကြပါရက်နဲ့ ခိုးစားသူများ ပေါနေခြင်းသည် သုတ အားနည်းနေလို့။ ဘုရားအဆုံးအမတွေကို ယုံယုံကြည်ကြည် နှစ်နှစ်ကာကာ လေ့လာဆည်းပူးခြင်း မရှိကြလို့။ ပြောတဲ့လူတွေကလည်း စနစ်တကျ သိရှိအောင် ပြောပြခြင်း မရှိလို့။ ဒါဖြင့် သုတသည် အမြတ်ဆုံးသော လာဘ်လို့ဆိုရင် မှားသလား (မမှားပါဘူး ဘုရား)။

ဗဟုသုတ မြင့်မားလေလေ၊ အကျိုးရှိအောင် နေနိုင်လေလေ၊ ဗဟုသုတ မြင့်မားလေလေ မြင့်မြတ်လာလေလေ၊ ရုရှားက ဇာဘုရင်အကြောင်း ဦးပဉ္စင်းတို့ လေ့လာဖူးတယ်။ ကမ္ဘာပေါ်မှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေအကြောင်း လေ့လာဖူးတယ်။ ရုရှား ဇာဘုရင် (၁၃)နှစ်သား တခြားတိုင်းပြည်တွေကို လိုက်ပြီးတော့ လေ့လာတယ်။ သူတို့ တိုင်းပြည်တွေမှာ ဘာတွေလုပ်နေလဲ၊ ဇာဘုရင်က ရေတပ်ကြီးကို စတင်ပြီးတော့ တည်ထောင်တယ်။ တစ်ကမ္ဘာလုံးက လူတွေက သူ့ကို အရှုံးလို့ပြောတယ်။ ဘာဖြစ်လို့တုံးဆိုတော့ သူလို ဗဟုသုတ တခြားလူတွေမှာ မရှိဘူး။ မရှိတော့ သူလုပ်နေတဲ့ အလုပ်အပေါ်မှာ အကောင်းမြင်နိုင်ခြင်း မရှိဘူး။ သုတ ကွာနေတယ်။ အကြားအမြင် သုတကွာနေတော့ ရှေ့ကို လာဘ်မြင်ခြင်း မရှိဘူး။ သူက လာဘ်မြင်စွာနဲ့ တခြားတိုင်းပြည်က စနစ်တွေ သူရအောင်ယူပြီးတော့ သူ့တိုင်းပြည်မှာ တဖြည်းဖြည်းနဲ့ တိုးထက်ပြီးတော့ ချမ်းသာသွားတော့မှ ဇာဘုရင် ကျော်ဇာရှင်ကြီး ဖြစ်သွားပြီ။

ဒီအတိုင်းပဲတဲ့ ဦးပဉ္စင်းတို့ သူတော်ကောင်းတို့တစ်တွေ ဒီဘဝမှာ အကြားအနာသံဆုံး ဘုရား၊ တရား၊ သံဃာ မြတ်စွာဘုရားရဲ့ အဆုံးအမ တရားတော်တွေ ရှိ၊ မရှိ (ရှိပါတယ် ဘုရား)။ အဲဒီ တရားတော်တွေကို ကိုယ်တိုင် ထဲထဲဝင်ဝင် သိအောင် လေ့လာမှတ်သားဖို့ လိုအပ်၊ မလိုအပ် (လိုအပ်ပါတယ် ဘုရား)။ အဲဒီ သုတပညာသည် သူတော်ကောင်းတို့ သံသရာအတွက် ရိက္ခာဖြစ်နိုင်၊ မဖြစ်နိုင် (ဖြစ်နိုင်ပါတယ် ဘုရား)။

(ဆက်ရန်)

www.burmeseclassic.com

www.burmeseclassic.com

ကျွဲထော်လုတ်ခွန်မင်္ဂီး ကျွဲဆင်းရာ တောင်ကုန်းငယ်မှ မော်တော်

ကရင်ပြည်နယ်မှ
ဘေးမဲ့သက်ပယ် အပန်းဖြေစခန်းသစ်

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)

ကရင်ပြည်နယ်၏ မြို့တော်ဘားအံမြို့အနီးဝန်းကျင်တွင် အပန်းဖြေစခန်းများစွာ ရှိပါသည်။

ဥပမာ ပြောရလျှင် ဒွဲကပင်တောင်ခြေ အနောက်ဘက်ခြမ်းမှ ကျုတံခွန်တောင် အပန်းဖြေစခန်း၊ ဒွဲတောင်တောင် အရှေ့ဘက်ခြမ်း ကွေ့တသောင်ဂူအနီးရှိ စိတ္တသုခရေတံခွန် အပန်းဖြေစခန်း၊ သထုံနှင့် ဘားအံကြား ကော်တော်ကားလမ်းဘေးမှ ဘုရင့်ညီဂူ ရေပူစမ်း အပန်းဖြေစခန်း၊ ဘားအံမြို့ ဝေါမှ ရှခင်းသာ အပန်းဖြေစခန်း စသည်တို့မှာ လူသိများပါသည်။

ရေတံခွန်များမှာလည်း မိုးတွင်းဟာလ ကုန်သွားလျှင် ရေကျဲအား အလွန်နည်းသွားသဖြင့် ရေတံခွန်အလှအားနည်းသွားလေ့ရှိပါသည်။

ယခု ကျွန်ုပ် ဖော်ပြမည့် အပန်းဖြေ စခန်းသစ်မှာ ကျုံထော်ရေတံခွန် အပန်းဖြေစခန်း ဖြစ်ပါသည်။ မွန်ဘာသာ အရေးအသားမှာ 'ကြုင်ထပ်' ဖြစ်၏။ ကြုင် - ကျုံ၊ ထပ် - ထော် ဖြစ်ရာ အသံထွက် ကျုံထော်ဖြစ်သည်။ ကြုင်-ကျုံ - ချောင်း၊ ထပ် - ထော် - ရွှေဖြစ်၍ မြန်မာလိုအဓိပ္ပာယ်မှာ ရွှေချောင်း - ရွှေထွက်သောချောင်း ဖြစ်ပါသည်။

ရှေးနှစ်ပေါင်းများစွာက ဤဒေသတွင် မွန်၊ ကရင်၊ တောင်သူ၊ ယွန်းစသည့် လူမျိုးစုများ နေထိုင်ခဲ့ကြဖူးသည်။ ထို့ကြောင့် အချို့ဒေသအမည်များမှာ မွန်ဘာသာစကား၊ အချို့ဒေသအမည်များမှာ ကရင်ဘာသာစကား၊ အချို့မှာ ယွန်းဘာသာစကား၊ အချို့မှာ တောင်သူဘာသာစကားများနှင့် ယခုတိုင် အမည်ခေါ်တွင်နေကြခြင်း ဖြစ်သည်။

ထိုကျုံထော်ရေတံခွန် အံပန်းဖြေ စခန်းသစ်မှာ နွေကာလနှင့် ဆောင်းကာလတို့မှာလည်း ရေအကျ အလွန်နည်းပါးသွားခြင်း မရှိဘဲ မိုးကာလမှာ ရေအကျအလွန်မဲကြမ်းပါ။ ရေစီးမသန်၊ ရေမအေးလွန်း၊ မနွေးလွန်း၊ ရေမနက်လွန်း၊ ရေမဲတိမ်လွန်း ဖြစ်၍ အပန်းဖြေသူများ အကြိုက်တွေ့နေကြပါပြီ။

အထူးသဖြင့် မြိုင်ကြီးဥဆရာတော်ဘုရားကြီး၏ သာသနာပြုနယ်မြေအတွင်းမှာ တည်ရှိသော ရေတံခွန်အပန်းဖြေစခန်းဖြစ်၍ ဘေးမဲ့သက်ပယ်နယ်မြေအဖြစ် သတ်မှတ်ထားပါသည်။ အရက်၊ ဘီယာ၊ ထန်းရည်၊ မူးယစ်ဆေးဝါး လုံးဝ မယူဆောင် မသုံးစွဲကြရန်

www.burmeseclassic.com



ကျူထော်ရေတံခွန်မကြီးနှင့် ရေတံခွန်အိုင်

သည်။ ရေတံခွန်ငယ် နှစ်ခုရှိသော စမ်းချောင်းများမှာ ရေတိမ်ပြီး ရေကြည်လင်လှသည်။ အရွယ်အစား ၃ လက်မခန့်မှ ၂ ပေခန့်အထိ အရှည်ရှိသော ငါးများ အုပ်စုဖွဲ့ ကူးခပ်မြူးထူးနေသည်ကို တွေ့မြင်ကြရသည်။

ရေတံခွန်မှာ မြန်မာအက္ခရာ 'ဝ' ပုံသဏ္ဌာန်ဖြစ်ပြီး မြောက်ဘက်မှတောင်ဘက်သို့ ကျဆင်းနေခြင်း ဖြစ်သည်။ ရေတံခွန်၏ အမြင့်ဆုံး အလယ်မှ ရေတံခွန်ကြီးမှာ ပေ ၃၀ ခန့်သာရှိပါသည်။ ရေတံခွန်၏ အနောက်ဘက်ခြမ်းမှာ အမြင့်ပေ ၅၊ ၁၀ ပေခန့်ရှိသော ရေတံခွန်ငယ်များ ဖြစ်ပြီး ရေတိမ်သဖြင့် ကလေးငယ်များနှင့် ရေမကူးတတ်သူများ ထိုနေရာတွင်ဆော့ကစားကြသည်။ ရေတံခွန်၏ အရှေ့ဘက်ခြမ်းမှာ အမြင့်ပေ ၂၀၊ ၁၅ ပေလောက်ရှိသော ရေတံခွန် လေးငါးခု ကျဆင်းနေသည်။ ထို နေရာမှာတော့ လူတစ်ရပ်မမီသော နေရာများ ရှိသဖြင့် ရေကူးတတ်သူများသာ ကားတာယာကျွတ်ဘောကွင်းများဖြင့် ဆော့ကစားနေကြသည်။

ရွှေတံခွန်၏ အလယ်ပိုင်းမှာ အမြင့်ပေ ၃၀ ဝန်းကျင် ရေတံခွန်ကြီး တစ်ခုနှင့် ရေထွန်း လေးငါးခု ကျဆင်းနေပါသည်။ ထိုရေတံခွန်မကြီးအနီးမှာ ကျောက်တုံးကြီးများရှိ၍ ရေကူးတတ်သူများ၊ ဘောကွင်းနှင့် သွားရောက်ဆော့



ကျူထော်ရေတံခွန်မကြီးမှ စီးဆင်းလာသော ရေတံခွန်ငယ်

ကျပ်တည်းစွာ တားမြစ်ထားပါသည်။ ထို့ကြောင့် မူးယစ်သောက်စား ရမ်းကားသူများ ကင်းရှင်းပြီး စိတ်ချမ်းသာစွာ အမန်းဖြေနိုင်ကြပါသည်။ ထို့ပြင် သက်သတ်မလွတ်သော ဟင်းလျာများ ထိုအပန်းဖြေစခန်းသို့ ယူဆောင်လာခြင်း၊ စားသောက်ခြင်းကိုလည်း တားမြစ်ထားပါသည်။

ထိုအပန်းခြေစခန်း ဝန်းကျင်မှာ သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း မပြုကြရပါ။ ထို့ကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ စံကားများခြင်းမျိုး လုံးဝမရှိဘဲ ပျော်ရွှင်ကြည်နူးဖွယ်ရာ နေရာထူးဖြစ်နေပါသည်။

ထိုဘေးမဲ့သက်ပယ် အပန်းဖြေစခန်းသစ်ဖြစ်သော ကျူထော်ရေတံခွန်မှာ ဘားအံမြို့၏ အရှေ့ဖြောက်ယွန်း ဘားအံမြို့မှ (၅၁)မိုင် ကွာဝေးသည်။ ကတ္တရာခင်း မော်တော်ကားလမ်းဖြစ်၍ အတော်ကောင်းပါသည်။ ဘားအံ-ရွှေဝွန်း-မြိုင်ကြီးဝူ ကားလမ်းအတိုင်း မြိုင်ကြီးဝူ-မဲသဝေါကားလမ်းဘေး၊ မြိုင်ကြီးဝူမြို့မှ အရှေ့ဘက် (၁၀)မိုင်ခန့်တွင် တည်ရှိပါသည်။ မော်တော်ကားဖြင့်သွားလျှင် ဘားအံမြို့မှ မြိုင်ကြီးဝူမြို့အထိ ကြာချိန် နှစ်နာရီခန့်ဖြစ်ပြီး မြိုင်ကြီးဝူမြို့မှ ကျူထော်ရေတံခွန် ကားရပ်နားစခန်းအထိ ကြာချိန် မိနစ် ၃၀ မျှသာ ဖြစ်သည်။

ကားရပ်နားစခန်းမှာ သက်သတ်လွတ် ဟင်းလျာများနှင့် ထမင်းဆိုင်၊ အသုပ်စုံဆိုင်၊ ကော်ဖီ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင် စသည်များ ရှိပါသည်။ ကရင်ပြည်နယ်၏ ရိုးရာအဖြစ် ငါးပိ၊ ထို့စရာ၊ မျှစ်တာလပေါဟင်း၊ မျှစ်ချို ဆူးပုပ်ဟင်းချို စသည်တို့မှာ စွဲမက်ဖွယ်ရာ အထူးစားကောင်းပါသည်။

ထို့ပြင် ကရင်ပြည်နယ် တောတောင်များမှထွက်သော ဝါနီချိုမျှစ်စိမ်း၊ တညင်းသီး၊ သစ်ခွပန်းဖင်များ၊ သစ်ကွင်း၊ သစ်ဖောက်နွယ်၊ နွယ်ကွင်းထိုး၊ ဂမုန်းပင်အမျိုးမျိုးတို့ကိုလည်း စားနှုန်းချိုသာစွာ ရောင်းချနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွဲထော်ရေတံခွန်အနီးရှိ ကားရပ်နားစခန်း

သည်။ ဘေးအန္တရာယ်ကင်းပြီး သာယာကြည်နူးဖွယ် နေရာထူးဖြစ်ပါသည်။

ရေတံခွန်အိုင်၏ အနေ့ာက်ခြမ်းတောင်ကုန်းငယ်မှာ ပေ ၅၀ ခန့်သာမြင့်သည်။ ထိုတောင်ကုန်းထိပ်တွင် မြို့ကြီးငူဆရာတော်ဘုရား ဦးဆောင်တည်ထားသောစေတီတော်တစ်ဆူရှိသည်။ တောင်ကုန်းအခြေမှ တောင်ကုန်းထိပ် စေတီတော်ရှိရာသို့ တောင်တက်လမ်း ဖောက်လုပ်ပေးထားသဖြင့် အခြို့တထိုစေတီတော် တောင်ကုန်းထိပ်သို့ တက်ရောက်ပြီး ဘုရားဖူးကြပါသည်။ ထိုစေတီတော်၏ ဘွဲ့အမည်ကို မရေးထားပါ။

ရေတံခွန်၏ တောင်ဘက် မနီးမဝေးတွင် ကျွဲထော်ကျေးရွာတည်ရှိပါသည်။ ထိုရွာဘေးမှာ ကျွဲထော်တုခေါ်သော စမ်းချောင်းလေး စီးဆင်းနေပါသည်။ ဤဒေသမှာ ယခုအခါ ကရင်တိုင်းရင်းသားများသာ နေထိုင်ကြသည်။ သို့သော် မြန်မာစကားကို ကောင်းစွာ နားလည်ပြောဆိုနိုင်ကြသည်။ ကျွဲထော်ရေတံခွန်စခန်းမှ ထိုင်းနယ်စပ် သောင်ရင်းမြစ်အနီး မဲသဝေါရွာသို့ မိုင် ၂၀ မျှသာ ကွာဝေးသဖြင့် ထိုင်းနိုင်ငံမှ လာကြသော ဧည့်သည်လည်း များပြားလှပါသည်။

ရန်ကုန်မှ ကျွဲထော်ရေတံခွန်သို့ နေ့စဉ် နေ့ချင်းပြန် ပို့ဆောင်ပေးသော ခရီးစဉ် ရှိသည့်အပြင် ဘားအံ-ကျွဲထော် ခရီးစဉ် မော်တော်ကားလည်း ပြေးဆွဲနေကြောင်း သိရပါသည်။

ကျွဲထော်ရေတံခွန်ရောက်ခါနီး ကြက်တူရွေးတောင်ခြေတွင် ကားလမ်းဘေးရှိ ကျောက်စာချပ်များစွာ စိုက်ထူထားသော သာသနာပြုနယ်မြေတစ်ခုကို တွေ့ရှိရသည်။ ဝိဋကတ်မြန်မာပြန်ကို ကရင်တိုင်းရင်းသားဘာသာဖြင့် ကျောက်စာရေးထိုးစိုက်ထူနေသော သာသနာပြုနယ်မြေ ဖြစ်ပါသည်။ ကျန်းမာရေးအရ အောက်ဆီဂျင်ပိုက် တပ်၍ အသက်ရှူနေရသော မြို့ကြီးငူဆရာတော်ဘုရားကိုယ်တိုင် ပါဝင်၍ ကျောက်စာရေးထိုးလျက်ရှိသည်ကို ဝင်ရောက်ဖူးမြော်နိုင်ကြပါသည်။ ကျောက်စာချပ်ပေါင်း ၂၀၀၀ ခန့် ရေးထိုးစိုက်ထူမည်ဟု သိရသည်။ ဒါနပါရမီရှင်များလည်း အလှူပါဝင်နိုင်ကြပါသည်။

စာဖတ်သူများအနေဖြင့် ကရင်ပြည်နယ်ရှိ ဘေးမဲ့သက်ပယ်အပန်းဖြေစခန်းသစ်ဖြစ်သော ကျွဲထော်ရေတံခွန်သို့ တစ်ခါ တစ်ခေါက် သွားရောက်နိုင်ကြစေရန် လမ်းညွှန်ဖော်ပြပေးလိုက်ပါသည်။ နယ်မြေဒေသ လုံခြုံအေးချမ်းနေပြီဖြစ်၍ ဝိုးရိမ်စရာ လုံးဝမရှိကြောင်းလည်း သိစေချင်ပါသည်။

ဆရာကြီးဘောင်မြို့ပင်

လက္ခဏာပေဒင်ပညာ သုတေသီ

ကျွဲထော်ရေတံခွန်အနီးရှိ ကရင်အမျိုးသမီးများတွင် ထုံးဖွဲ့ရန် ပြထားသော ဆံနွယ်ထိုး သစ်ပေါက်နွယ်၊ သစ်တံဆိပ်ဆွဲ သစ်ဟောက်အတူးအသန်းများ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဦးသာခါနှင့် ပတ်သက်၍ စဉ်းစားမြဲတိုင်း ဇေသာခဲ့ရာ အမှတ် - ၂ အမှတ် - ၄ ကြားတွင်၊ အမှတ် - ၅ ကို ဖယ်ထုတ်ဖော်ပြအပ်ပါသည်။]

◆

မိဂါရ သူဌေးကြီးသည် လွန်ဦးသော သူကြွယ်တို့ကိုခေါ်၍ ဝိသာခါ၌ -

"ချစ်သမီး၊ ငါသည် မသိရှိသာ ဖြစ်ပါ၏၊ သို့ရာတွင် ကျွန်မသည် ကြားဖူးပါတရား သိမြင် မြတ်စွာဘုရား၏ သာသနာတော်မြတ်၌ မတုန်သတ်ဝင်ယုံကြည်ခြင်းရှိသောသမီး ဖြစ်ပါသည်၊ ကျွန်မတို့ ရဟန်းသံဃာနှင့် ကွေကွင်း၍ ကျွေးကြပါ၊ ကျွန်မ၏ အလိုအားဖြင့် ရဟန်းသံဃာကို လုပ်ကျွေးခြင်းငှာ ရသည်ဖြစ်အံ့၊ နေပါမည်"

"ချစ်သမီး၊ သင်ချစ်သမီးသည် ယခုမှီငိုး သင်ချစ်သမီး၏ ရဟန်းတို့ကို လုပ်ကျွေးပါလော့"

ယောကျ္ဍမသူဌေးကြီးထံမှ လိုက်သွားရသဖြင့် ဝိသာခါမှာ မိဂါရ ကြွေးမိမှ မဆင်းသည့်အပြင် မြတ်စွာဘုရားနှင့် သံဃာတော်များကိုပင့်ကာ အိမ်တော်တွင်းသို့ကြွခဲ့ကြ၍ ကျွေးမွေးလေသည်။

အဝတ်မစည်းသော အစေလက တကွတွန်းရဟန်းတို့သည်လည်း မိဂါရ သူဌေးကြီး၏အိမ်သို့ မြတ်စွာဘုရား ကြွတော်မူသည့် အဖြစ်ကို ကြားရ၍ သွားပြီးလျှင် အိမ်၏နောက်ဖေးတံခါးပေါက်မှ ဝင်ရောက် နေကြလေသည်။

ဝိသာခါသည် မြတ်သောအလှူကို ဆက်ကပ်လှူဒါန်း၍ အလုံးစုံသော ပူဇော်သက္ကာရကို စီရင်အပ်ပြီးသည့်နောက် -

"ကျွန်မ၏ ယောကျ္ဍမ မိဂါရ သူဌေးကြီးသည် လာရောက်၍ သုံးလူတော်ထား သတ္တဉာဏ်မြတ်စွာဘုရားရှင်ကို ကျွေးသမှု ပြုပါလော့"ဟု သတင်းစကား ပါးလိုက်သည်။ ထိုအခါ သွားခြင်းငှာ အလိုရှိသော မိဂါရသူဌေးကြီးကို အဇီဝက တက္ကတွန်းတို့သည်-

"သူဌေးကြီး၊ သင်သည် ရဟန်းဂေါတမထံသို့ မသွားလေလင့်" ဟု တားမြစ်ကြလေကုန်၏။

ထိုအခါ မိဂါရသူဌေးကြီးက ဤသို့ တုံ့ပြန်မြောဆိုသည်။

"ငါ၏ခွေးမသည် မိမိကိုယ်တိုင်သော လုပ်ကျွေးသမှု ပြုစုလှူဒါန်းပါလော့ဟု စေလွှတ်ခေါ်ငင်သည် မသွားရှိ မကောင်း"

အစေလက တက္ကတွန်းများက ဝန်းရံပိတ်ဆို့ထားသည့်အတွက် မိဂါရသူဌေးကြီး အခက်ကြုံနေစဉ် ဝိသာခါထံမှ လူတစ်ယောက် ပြေးရောက်လာပြန်သည်။

"ကျွန်မ၏ ယောကျ္ဍမ မိဂါရသူဌေးကြီးသည် လာရောက်ပြီး မြတ်စွာဘုရား၏ တရားတော်တို့ နာကြားလှည့် ဖို့ အခေါ်လွှတ်ကြောင်းပါ သူဌေးကြီး ခင်ဗျာ"

"သွားရမည်၊ သို့သော် ခေတ္တ ဆိုင်းဦး"

အစေလက တက္ကတွန်းများသည် မိဂါရသူဌေးကြီး ထိုင်မည့်နေရာကို တင်းတိမ်များ ကာရံထားသည်။

"သူဌေးကြီး၊ ရဟန်းဂေါတမ၏ တရားကို နာယူလျှင် တင်းတိမ်အကာ၏ အပြင်ဘက်မှနေ၍ နာလော့"

မိဂါရသူဌေးသည် အစေလက တက္ကတွန်းများ တိုက်တွန်းသည့်အတိုင်း တင်းတိမ်အပြင်မှ တရားနာသော်ငြား မြတ်စွာဘုရား၏ တရားတော်သည် သပြေပင်ကြီး၏ ပင်စည်ကို ကိုင်ငင်၍ လှုပ်ဘိသကဲ့သို့ လည်းကောင်း၊ အမြိုက်ဟူသော မိုးကြိုးကို ရွာသွန်းချဘိသကဲ့သို့ လည်းကောင်း အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူသည်။

မိဂါရသူဌေးကြီးလည်း မြတ်စွာဘုရား၏ တရားတော်ပြီးဆုံးချိန်ဝယ် တင်းတိမ်အကာ၏ ပြင်ပ၌ နေလျက် သာလျှင် နည်းတစ်ထောင်းဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်၌ မတုန်မလှုပ် မြဲမြံခိုင်ခံ့သောသဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သုံးပါးသော သရဏဂုံတို့၌ ယုံမှားကင်းခြင်းကြီးကင်းလျက် တင်းတိမ်ထောင့်စွန်းကို မြွောက်တင်ပင့်ကာ ထွက်လာပြီးလျှင် ခွေးမဖြစ်သော ဝိသာခါ၏ သားမြတ်ကို ခံတွင်းဖြင့် ယူစို၍ -

"ယနေ့မှစ၍ သင်သည် ငါ၏ မိခင်မဟုတည်း"ဟု ဦးသာခါကို မိခင်အရာ၌ ထားလေ၏။

ဝိသာခါသည်လည်း ထိုအခါမှစ၍ 'မိဂါရမာတာ' ဟူသော အမည်ရလေ၏။

နောက်အဖို၌ သားငယ်ကို ရရှိသဖြင့်လည်း ထိုသားငယ်ကို မိဂါရ ဟူသောအမည် မှည့်လေသည်။

● မိဂါရ သူဌေးကြီးသည် ခွေးမ၏ သားမြတ်ကို စွန့်လွှတ်ပြီးလျှင် သွား၍ မြတ်စွာဘုရား၏ နှစ်ခုသော ခြေတော်တို့၌ ဦးခေါင်းဖြင့် ဝပ်စင်းလျက် ခြေတော်တို့ကို လက်တို့ဖြင့်သုံးသပ်ဆုပ်နယ်သဖြင့် လည်းကောင်း၊ ခံတွင်းဖြင့် နမ်းစုပ်သဖြင့် လည်းကောင်း-

"ဘုန်းတော် အလွန်တစ်ရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် မိဂါရပါတည်း" ဟု သုံးကြိမ်တိုင်တိုင် အမည်ကို လျှောက်ကြား၏။

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤမျှလောက်သောကာလ ပတ်လုံး ဤသာသနာတော်မြတ်အား ပေးလှူခြင်းသည် အကျိုးကြီးမြတ်လှပေသည်ဟု မသိပါ ဘုရား၊ ယခုအခါ၌ကား တပည့်တော်၏ ခွေးမကို့အပ်ပြု၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်ကင်းရပါပြီ ဘုရား"

ထိုမှ တစ်ဖန် ဆက်လက်၍ မိဂါရ သူဌေးကြီးသည် -

www.burmeseclassic.com

www.burmeseclassic.com

"ဤအိမ်သို့ ရောက်လာသော တပည့်တော်၏ ခွေးမ ဝိသာခါသည် တပည့်တော်၏ အကျိုးများခြင်းငှာ၊ စီးပွားတိုးတက်ခြင်းငှာ၊ ချမ်းသာကြီးခြင်းငှာ ရောက်လာပါသည် ဘုရား" ဟု ဆက်လက်လျှောက်ထားသည်။

ဝိသာခါသည် တစ်ဖန် မိုးသောက်သော နေ့၌လည်း မြတ်စွာဘုရားကို ပင့်ဖိတ်ပြန်၏။ ထို့နောက် တစ်ဖန် မိုးသောက်သောနေ့၌လည်း ဝိသာခါ၏ယောကျ်ားမ မိန်းမသူဖြစ်သော သူဌေးကတော်ကြီးသည် သေးတာပတ္တိ ဖိုလ်သို့ ရောက်သည်။

ထိုအခါမှစ၍ ထိုအိမ်သည် သာသနာတော်အား ဟင်းလင်းပွင့် သည့် တံခါးရှိသောအိမ်ဖြစ်လေ၏။ ထို့နောက် မိဂါရသူဌေးကြီးသည် ဤသို့ ကြံစည် စိတ်ကူး၏။

"ငါ၏ ခွေးမသည် ငါ့အား အလွန်လျှင် ကျေးဇူးများလှပေသည်၊ ထိုခွေးမအား ကြည်လင်နှစ်သက်သော အခြင်းအရာကို ပြုပေအံ့၊ ဤ ငါ၏ ခွေးမအား ယခုရှိသော ဤမဟာလတာ တန်ဆာသည် လေးလံလှသည်ဖြစ်၍ အခါခပ်သိမ်း ဆင်ယင်ခြင်းငှာ မတတ်ကောင်း၊ နေ့၌လည်းကောင်း၊ ည၌၌ လည်းကောင်း အလုံးစုံသော ဣရိယာပုတ်တို့၌ ဆင်ယင်ခြင်းငှာ လျောက်ပတ်သော တန်ဆာတစ်ခုကို ခွေးမအလို့ငှာ ပြုပေအံ့"

ခွေးမဝိသာခါ ပေါ်ပေါက်လွယ်ကူစွာ ဝတ်ဆင်သွားလာနိုင်စေရန် မိဂါရသူဌေးကြီး စိမ်ဆောတန်ဆာမှာ အဖိုးတစ်သိန်းထိုက်သည်။ 'ဃနမဋ္ဌက' တန်ဆာဟု ခေါ်သည်။ မိဂါရသူဌေးသည် မြတ်စွာဘုရားနှင့် သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကပ်ပြီးမှ ဝိသာခါကို နံ့သာရည် တစ်ဆယ့်ခြောက်လုံးဖြင့် ရေချိုးစေပြီးမှ ထိုဃနမဋ္ဌကတန်ဆာကို ဆင်ယင်ပေးသည်။

ဝိသာခါသည် ထိုအခါမှစ၍ အလှူပေးခြင်း အစရှိသော ကောင်းမှုတို့ကိုပြုလျက် မြတ်စွာဘုရား၏ အထံတော်မှ ရှစ်ပါးသော ဆုတို့ကို ရ၍ ကောင်းကင်ပြင်၌ လရောင်ပမာ လွန်စွာထင်ရှားသဖြင့် သားသမီးတို့ဖြင့် လွန်စွာထင်ရှား ကြီးပွားခြင်းသို့ ရောက်ရှိလေ၏။

ထိုဝိသာခါအား တစ်ကျိပ်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ်သော သမီးတို့သည် လည်းကောင်း ပေါက်ဖွားလေကုန်သတဲ့။ ထိုသား သမီးတို့တွင် တစ်ယောက် တစ်ယောက်အား တစ်ကျိပ် တစ်ကျိပ်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ် တစ်ကျိပ်သော သမီးတို့သည်လည်းကောင်း ပေါက်ဖွားပြန်ကုန်၏။

ထိုမြေးတို့တွင်လည်း တစ်ယောက် တစ်ယောက်အား တစ်ကျိပ် တစ်ကျိပ်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ် တစ်ကျိပ်သော သမီးတို့သည်လည်းကောင်း ပေါက်ဖွားပြန်ကုန်၏။

ဤသို့လျှင် ဝိသာခါ၏သားမြေးမြစ် အစဉ်၏ အစွမ်းဖြင့်ဖြစ်ကုန်သော သူတို့သည် ရှစ်ထောင်လေးရာနှစ်ဆယ် (၈၄၂၀) ဖြစ်ကုန်၏။

ဝိသာခါ၏အသက်ကား (၁၂၀) ရှည်၏။ ဦးခေါင်း၌ တစ်ခုသောဆံပင်ဖြူမျှလည်း မရှိ။ အမြဲမပြတ် (၂၆)နှစ်ရွယ်ကဲ့သို့ ဖြစ်လေ၏။ သားမြေးမြစ်တို့ဖြင့် ခြံရံလျက် ကျောင်းတော်သို့သွားသော ဝိသာခါကို မြင်ကုန်သည်ရှိသော် -

"ဤသူတို့တွင် အဘယ်သူသည် ဝိသာခါ ဖြစ်ပါသနည်း"ဟု မေးမြန်းကြကုန်၏။

သွားဆဲဖြစ်သော ဝိသာခါကို မြင်ရကုန်သောသူတို့သည် -

"ယခုအခါ အတန်ငယ်သွားပါစေဦး။ သွားဆဲသာလျှင်ဖြစ်သော ငါတို့၏ သခင်မသည် တင့်တယ်လှပေ၏" ဟု ကြံစည်မိကြကုန်၏။ ဤသို့လျှင် ဝိသာခါအား 'သွား၊ ရပ်၊ ထိုင်၊ လျောင်း' ခြင်းတည်းဟူသော ဣရိယာပုတ်လေးပါးတို့၌ ဤမည်သော ဣရိယာပုတ်မြင်မတင့်သောမည်သည် ရှိပေ၏ဟု ဆိုဖွယ်မရှိ။

ပဿေနဒိ ကောသလမင်းကြီးသည် "ဝိသာခါကား ဆင်ပြောင်ငါးရာတို့၏ အားအစွမ်းကို ဆောင်နိုင်၏" ဟူသောစကားကို ကြားရသဖြင့် ကျောင်းတော်သို့သွား၍ တရားနာပြီး ပြန်လာသောအခါကာလ၌ ဝိသာခါ၏ အားအစွမ်းကို စုံစမ်းလိုသည်ဖြစ်၍ ဆင်ပြောင်ကို လွှတ်စေလေသည်။

ထိုဆင်ပြောင်သည် နှာတောင်ကို ပင့်မြှောက်၍ ဝိသာခါရှိရာသို့ ပြေးသွား၏။ ထိုဝိသာခါ၏ အခြံအရံ မိန်းမငါးရာတို့တွင် အချို့သော မိန်းမတို့သည် ထွက်ပြေးကြကုန်၏။ အချို့သော မိန်းမတို့ကား ဝိသာခါကို ထက်ဝန်းကျင်တားဆီးကာကွယ်သော အခြင်းအရာကို စီရင်ကြကုန်သည်ဖြစ်၍ "ဤသို့ပြုကြကား အကြောင်းအသို့နည်း" ဟု မေးသည်။

"သခင်မ၊ မင်းကြီးသည် သခင်မ၏ အားအစွမ်းကို စုံစမ်းလိုသည်ဖြစ်၍ ဆင်ပြောင်ကို လွှတ်စေဘိသတဲ့"

"ဤဆင်ပြောင်ကိုဖြင့်၍ ထွေပြားသဖြင့် အဘယ်အကျိုးရှိအံ့နည်း အဆယ်သို့သော အခြင်းအရာဖြင့် ဆင်ပြောင်ကို ငါ ကိုင်ဖမ်းရအံ့နည်း"

ထိုသို့ကြံစည်မိသော် ဝိသာခါ အတွေးဝင်လာပြန်သည်။

"အကယ်၍ မြမြံစွာ ကိုင်သည်ဖြစ်အံ့၊ ထိုဆင်သည် ဆင်းရဲပန်းခြင်းသို့ ရောက်ရလတ္တံ့"

ထိုသို့ဆင်ခြင်မိသော ဝိသာခါသည် ဆင်ကို သနားသဖြင့် နှစ်ခုလက်ချောင်းတို့ဖြင့် နှာမောင်းကို ကာ တွန်းလိုက်လေသည်။

ဆင်ပြောင်ကြီးသည် မိမိ၏ကို တည်တံ့စွာ ဆောင်လျက် ရပ်ခြင်းငှာ မတတ်နိုင်ရကား မင်းရဲ့ ဆောင့်ကြောင့်ထိုင်လျက် လဲတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

များစွာသော လူအပေါင်းသည် အုတ်ကျက်ကျက် ကောင်းချီးပေးသည်။ ဝိသာခါသည်လည်း အခြံအရံများနှင့်တကွ အိမ်သို့ ချမ်းသာစွာ ပြန်လာသည်။ ထိုအခါ သာဝတ္ထိပြည်သား ဝိသာခါသည် များစွာသော မြေး များသော မြစ်ရှိ၏။ သားသမီးတို့သည် အနာရောဂါဝေဒနာမှ ကြာကုန်၏။ အလွန်မင်္ဂလာရှိသည် သတ္တိအပ်ကုန်၏။

ထိုမျှလောက်ကုန်သော သားသမီးများမြစ်တို့တွင် တစ်ယောက်သော သူလည်း အကြားဥ သေခြင်းသို့ ရောက်လေသော မရှိချေ။ သာဝတ္ထိပြည်သားတို့သည် မင်္ဂလာရှိသော ပွဲသဘင်တို့၌ ဝိသာခါကို ရှေးဦးစီရင်စေ၍ ကျွေးမွေးကြရကုန်၏။

ထို့အခါ တစ်ခုသော ပွဲသဘင်၌ လူများအပေါင်းသည် အဝတ်အဆင်အမြင့် တန်ဆာဆင်လျက် တရားခြင်းငှာ ကျောင်းတော်သို့ သွားလတ်သည်ရှိသော် ဝိသာခါသည်လည်း ဖိတ်ကြားအရပ်၌ သုံးဆောင်စားသောက်ပြီးလျှင် မဟာလတာတန်ဆာကို ဆင်ယင်ကြသော လူများအပေါင်းနှင့်တကွ ကျောင်းသွား၍ တန်ဆာကို ချွတ်ပြီးလျှင် ဆေးရုံအဝင်ဖြင့် အထုပ်ကိုထုပ်၍ ထားတော်မူသော အဖော်အလှော်မအား -

"ဤဘဏ္ဍာထုပ်ကို ယူခဲ့လော့"

ဟူ၍ ခေါ်ထားလေသည်။

ဝိသာခါသည် ကျောင်းတော်သို့ ရောက်သည်ရှိသော် ဤသို့သဘောရှိသော အကြံများစွာထိုက်သော ဦးခေါင်းဥ၌စွပ်၍ ပြန်နောင့်တိုင် ဆင်ယင်အပ်သော တန်ဆာကို ဆင်ယင်ဝတ်စားလျက် ကျောင်းတော်သို့ဝင်ခြင်းငှာ မသင့်လျော်သောကားဟု ကြံဖိသဖြင့် ထိုတန်ဆာတို့ကို ချွတ်၍ အထုပ်ကိုပြုပြီးလျှင် မိမိ၏ အောင်မှုကြောင့်သာဖြစ်ပေါ်လာသော ဝမ်းမြောင်းမီးအားကို ဆောင့်စွမ်းနိုင်သည့် အဖော်အလှော်၏လက်၌ ပေးအပ်လေသည်။

ထိုမိန်းမသည်သာလျှင် ထိုတန်ဆာကို ဆောင်ယူခြင်းငှာ စွမ်းနိုင်သောကြောင့် -

"အမိ၊ ဤမဟာလတာတန်ဆာကို ယူထားဦးလော့၊ မြတ်စွာဘုရား၏ အထံတော်မှ ပြန်လာသောအခါကျမှ ထိုတန်ဆာကို ဆင်ယင်ပေအံ့"ဟူဆိုထားပေးအပ်ထားသည်။

ဝိသာခါသည် မဟာလတာတန်ဆာကိုချွတ်ပြီး ယာနမဋ္ဌကတန်ဆာကို ဆင်ယင်လျက် မြတ်စွာဘုရား၏ အထံတော်သို့ ချဉ်းကပ်၍ တရားတော်ကို နာကြားသည်။ တရားနာပြီးသောအဆုံး၌ မြတ်စွာဘုရားကို ရှိခိုး၍ ထပြီးဖဲသွားလေ၏။

ဝိသာခါ၏ မဟာလတာတန်ဆာကို ယူသိမ်းထားသော ထိုမိန်းမသည်လည်း သတိလွတ်ကင်းသဖြင့် မဟာလတာတန်ဆာကို မေ့လျော့ခဲ့မိလေသည်။

တရားနာပြီးနောက် ပရိသတ်ဖဲလတ်သည်ရှိသော် တစ်စုံတစ်ခုသော ပစ္စည်းဥစ္စာသည် အကယ်၍ မေ့ကျန်ရစ်သည် ဖြစ်အံ့။ ထိုပစ္စည်းဥစ္စာကို အရှင်အာနန္ဒာမထေရ်သည် သိမှီးသိမ်းဆည်းထားနေကျ ဖြစ်သည်။

ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည် ထိုနေ့၌ မဟာလတာတန်ဆာကိုမြင်လျှင် မြတ်စွာဘုရားသို့ လျှောက်ထားသည်။

"အရှင်ဘုရား၊ ဝိသာခါသည် မဟာလတာတန်ဆာကို မေ့ရစ်၍သွားပါသည် ဘုရား"

"ချစ်သား အာနန္ဒာ၊ တင့်အပ်လျှောက်ပတ်သောအရပ်၌ ထားလော့"

အရှင်အာနန္ဒာသည် မဟာလတာ တန်ဆာကိုယူ၍ စောင်းတန်းနံပါး၌ ဆွဲခိုက်ထားလိုက်သည်။

ဝိသာခါသည်လည်း ကျောင်းဥပစာသို့ အရောက်၌ မဟာလတာတန်ဆာကို တစ်ဖန် ဝတ်ဆင်ရန် ပြင်ဆင်သည်။

"အမိ၊ မဟာလတာတန်ဆာကို ဆောင်ခဲ့လော့၊ ဆင်ယင်ဦးအံ့"

ထိုအခါကျမှ အဖော်အလှော်မသတိရသည်။

"သခင်မ၊ မမ့လျော့ခဲ့မိပြီ"

"ထိုသို့ဖြစ်မူ သွား၍ယူလာခဲ့လော့၊ ငါ၏အရှင်သခင် အာနန္ဒာမထေရ်မြတ်သည် ချီမ၍ တွာ်မည်သော အရပ်၌ အကယ်၍ ထားအပ်သည်ဖြစ်အံ့၊ မဆောင်ခဲ့လေလင့်၊ အရှင်မြတ်အားသာလျှင် ထိုတန်ဆာကို ငါသည် စွန့်လွှတ်လျက် လျူဒါန်းအပ်ပေပြီ"

ဤစကားကို မှာလိုက်ခြင်းမှာ တရားနာပရိသတ်တို့ မေ့လျော့ကျန်ရစ်ခဲ့သော ဘဏ္ဍာကို အရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်းမြဲဖြစ်သည်ဟု ဝိသာခါ သိပြီးဖြစ်၏။ ထို့ကြောင့် ဤကဲ့သို့ မှာကြားလိုက်ခြင်း ဖြစ်ပေသည်။

ဆင်ဖြူကျွန်းအောင်သိန်း

❑

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထေမဟိန်း

(နှံ့သာ)

မျိုးအပ်သော အသားကြီး (၁၀) မျိုးကို ဝေစားခြင်း

ဘုရားရှင်တော်မြတ်က ရဟန်းတော်နှင့် ရှင်သာမဏေများကို မစားအပ်သော အသားကြီး (၁၀) မျိုးကို ထုတ်ဖော် မိန့်ကြားခဲ့ပါသည်။

၎င်းအသားများကတော့ လူသား၊ ခွေးဆာ၊ မြင်းသား၊ ဆင်သား၊ သစ်သား၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ ဇောင်းသား၊ မြွေသား ဖြစ်ပါသည်။

ဆောင်ပုဒ်မှာ လူ၊ ခွေး၊ မြင်း၊ ဆင်၊ သစ်၊ ကျား၊ ခြင်္သေ့၊ ဝံ၊ ဇောင်း၊ မြွေမျိုး။

ဘုရားရှင်တော်မြတ်က အသားကြီး (၁၀) မျိုးကို မစားအပ် တားမြစ်တော်မူသော အကြောင်းရင်းမှာ -

လူသား သည် ဇာတ်တူသား ဖြစ်သောကြောင့် ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

ဆင်သား၊ မြင်းဟူး များကို မင်းတို့၏ အင်္ဂါဖြစ်ခြင်းကြောင့် ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

ဘုရားရှင်၏ လက်ထက်တော်ကာလ ဆင်၊ မြင်းတို့သည် ဆင်တပ်၊ မြင်းတပ်မှစ၍ စီးတော်၊ စီးတော် မြင်း စသည်ဖြင့် မင်းစသော အုပ်ချုပ်သူများအတွက် အလွန် အရေးပါလှသည်။ အုပ်ချုပ်သူတို့၏ ဆင်၊ မြင်း တစ်ကောင်ကို အလိုလိုသေ၍ဖြစ်စေ၊ ခိုးယူသတ်စားလိုလျှင်ဖြစ်စေ၊ ခိုးယူသူ၊ သတ်သူ၊ စားသူများကို အရေးယူအပြစ်ပေးရာတွင်

အလှူခံ ရဟန်းသာမဏေများပါ စားသူထဲတွင် ပါဝင်ကာ အပြစ်မကင်းရာ ရောက်သောကြောင့် မင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကိုမှ လွတ်ကင်းစေရန်နှင့် သူ
တစ်ပါးတို့အပြစ်တင်ခြင်းမှ လွတ်ကင်း
ရန်နှင့် ဘုရားရှင်က ဘုဉ်းပေးခြင်းမှ
ကြွေတော်မမူခြင်း ဖြစ်သည်။

ယခုအချိန်တွင် အုပ်ချုပ်သူ မင်း
တည်တို့၌ ဆင်၊ မြင်းတို့မှာ မင်း၏
အင်အားဖြစ် အရေးမပါသော်လည်း
ဘုရားရှင်၏ ပညတ်တော်မူချက်၊ (တား
မြစ်ချက်) ကို လိုက်နာသောအားဖြင့်
ဆင်သား မြင်းသားများကို ရဟန်းတော်
များနှင့် ရှင်သာမဏေများက ရှောင်
ကြဉ်ကြရသည်။

ခွေးသား၊ မြွေသားတို့ကို ရွံရှာ
စရာဖြစ်သောကြောင့် ဘုဉ်းပေးခြင်းငှာ
သင့်ပါ။ သစ်သား၊ ကျားသား၊ ခြင်္သေ့
သား၊ ဝံသား၊ အောင်းသားများကို စား
ခြင်း ဘုဉ်းပေးခြင်းဖြစ်ပါက ထိုခြင်္သေ့၊
သစ်၊ ကျား စသော သားကောင်တို့၏
အန္တရာယ်ပြုခြင်းဘေးမှ ကင်းဝေးစေရန်
ခြင်း၊ ဘုဉ်းပေးခြင်းငှာ ခွင့်မပြု။

အရည်ကင်္ခတင်
(တောရဆောက်တည်ခြင်း) နှင့်
အေးမဲ့

ထင်ရှားစေရန် သာဓက ပြရ
သော် ဘုရားရှင်တော်မြတ်လက်ထက်
ရဟန်းတော်များမှာ ဆိတ်ငြိမ်ရာ
တို့၌ လူသူတို့နှင့် ကင်းဝေးရာ တော
အောင်အရပ်သို့ ကပ်ရောက်၍ သီတင်း
သုံးတော်မူကြသည်။

ထိုသို့ သီတင်းသုံးရာတွင် သစ်၊
ကျား စသော တိရစ္ဆာန်တို့၏ ရန်ရှာခြင်းကို ရင်ဆိုင်တော်မူကြ
သည်။

ထိုသို့ရင်ဆိုင်ကြရသော ရဟန်း
တော်များမှာ ခြင်္သေ့၊ သစ်၊ ကျား
စသော အသားများကို စားသုံးမိလျှင်
ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါ
တို့၏ တိုက်ခိုက်ရန်ရှာခြင်း အန္တရာယ်
ကို ပို၍ ရင်ဆိုင်တော်မူကြရသည်။

ထိုသို့ ဖြစ်တော်မူကြသည်မှာ
ကြောင့်၊ ခွေး၊ ခါ စသော အချို့သော
သတ္တဝါတို့သည် မိမိတို့ပိုင်နက် နယ်မြေ
အတွင်း ဝင်ရောက်လာကြသော အခြား
သော ကြောင့်၊ ခွေး၊ ခါ စသည်တို့ကို
အသိုဖြင့် သိနိုင်ကြသည်။

ထို့ကြောင့် အသစ်ဝင်ရောက်
လာသော ကြောင့်၊ ခွေး၊ ခါ စသည်တို့ကို
ရန်သူ ဝင်ရောက်လာသော အနေ
အထားဖြင့် ရင်ဆိုင်ထိတ်ကြဲသော
ကြောင့် ကြောက်တည်သူ၊ ခွေးတည်သူ၊
ခါငှက်ထောင်သူများမှာ အလွယ်တကူ
ဖမ်းဆီးနိုင်ကြခြင်းဖြစ်သည်။

ဥပမာ- ခါငှက် ထောင်သူသည်
ခါငှက်ရှိသော တောသို့ ရောက်လျှင်
မိမိပါလာသော ခါငှက်ကို တွန်မြည်
စေခြင်းဖြင့် တောအုပ်တွင်းရှိ ခါငှက်
တို့သည် မြားပစ်သကဲ့သို့သော အရှိန်
အဟုန်ဖြင့် ရန်သူရှိရာ (ခါငှက် ထောင်
သူ၏ ခါငှက်ရှိရာ) သို့ ရောက်လာတတ်
သောကြောင့် ငှက်ထောင်သူ၏ပိုက်တွင်
အမိခံကြရသည်။

တောအုပ်တွင် ခါငှက်ကောင်
နှစ်ဆယ်ရှိလျှင် နှစ်ဆယ်၊ သုံးဆယ်ရှိ
လျှင် သုံးဆယ်ကုန်သည်အထိ ရောက်
လာတတ်ကြသည်။ ခါငှက်အဖို့များမှာ
ဒေါသကြောင့် အမိခံကြရ၍ ခါငှက်
အမျိုးများမှာ ရာဂကြောင့် အမိခံကြရ
ကုန်လေသည်။

ကြက်၊ ခွေး စသော တိရစ္ဆာန်
တို့သည်လည်း ထိုခါငှက်များ နည်းတူ
မိမိတို့၏ နယ်မြေအတွင်း အသစ်ဝင်
ရောက်လာသော ရန်သူတို့ကို တိုက်ခိုက်
ရန် လာကြရာတွင် လူတို့၏ ထောင်ဖမ်း
ခြင်းကို ခံကြရကုန်၏။

ထို့အတူ အနံ့ခံ အာရုံအား
တောင်းကြွေသော ခြင်္သေ့၊ သစ်၊ ကျား
စသော သတ္တဝါတို့သည်လည်း မိမိတို့
ပိုင်နက်နယ်မြေအတွင်း ဝင်ရောက်
လာကြသော အခြားသော ခြင်္သေ့၊ သစ်၊
ကျား စသော သတ္တဝါတို့ကို အနံ့
အာရုံဖြင့် သိရှိကြပြီး ရန်သူအဖြစ်
အနေဖြင့် တိုက်ခိုက်တတ်လေ့ရှိကြ
သောကြောင့် ခြင်္သေ့သား စားထားသူ
သည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သာ
မဏေဖြစ်စေ ခန္ဓာကိုယ်မှ ထွက်လာ
သော ခြင်္သေ့အမှတ်ဖြင့် တိုက်ခိုက်ရန်
ရှာခြင်းကို ခံရမည်သာဖြစ်သည်။ သစ်၊
ကျား စသော သတ္တဝါတို့၏ အသားကို
စားလျှင်လည်း အလားတူ အန္တရာယ်
ရှိသည်။

ဥပမာ- ခွေးသားကိုစားထားသူ
သည် ထိုသူစားထားသော ခွေးသား၏
အနံ့ကို ရရှိကြခြင်းကြောင့် မြို့ရွာ၊
ရပ်တွက်အတွင်းသို့ဝင်လာသော ထို
သူကို မိမိတို့၏ ပိုင်နက်မြင့်မ ရန်သူ
ခွေးများ ဝင်ရောက်လာသော်အနေဖြင့်
ရပ်ကွက်တွင်းရှိ ခွေးများက ဝိုင်းဝန်း၍
ရန်ရှာ ဟောင်တတ်ကြသကဲ့သို့၊

ထို့ကြောင့် သစ်သား၊ ကျား
သား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်း
သားများကို ထိုခြင်္သေ့၊ သစ်၊ ကျား
စသော သားကောင်တို့၏ ရန်ရှာခြင်း၊
အန္တရာယ်ပြုခြင်းဘေးမှ ကင်းဝေးစေရန်
စားခြင်းငှာ ဘုရားရှင် ခွင့်ပြုတော်
မမူခြင်းဖြစ်သည်။

ထို့အပြင် ထိုခြင်္သေ့၊ သစ်၊ ကျား
စသော သတ္တဝါတို့ နှစ်သက်သော
သမင်၊ ဒရယ် စသော သတ္တဝါတို့၏
အသားကို စားထားမိလျှင်လည်း ထို
စားထားသော အသား၏ အနံ့ကိုရရှိ
သော ခြင်္သေ့၊ သစ်၊ ကျား စသော
သတ္တဝါတို့သည် မိမိတို့၏အစာ သား
ကောင့်အမှတ်ဖြင့် ရန်ရှာတတ်ကြ
သောကြောင့် တောရဆောက်တည်
ကာ သီတင်းသုံးတော်မူကြသော အရှင်
မြတ်များက ယခုခေတ်တွင် အများ
အားဖြင့် (သက်သတ်လွတ်) စားတော်
မူကြခြင်း ဖြစ်ကြလေသည်။

လူတို့အနေဖြင့်မူ တည်းသီး၊
ဆူးပုပ်၊ ပိန္နဲသီး စသည်တို့ကို စားထား
ပါက ဆီးသွားစဉ်၊ ဝမ်းသွားစဉ် တို့၌
လည်းကောင်း၊ ချွေးထွက်လာသော
အခါတို့၌လည်းကောင်း မိမိတို့ စား
ထားသော အသီးအရွက်တို့၏ အနံ့ကို
သာ ဆတိပြု သိရှိနိုင်ကြသော်လည်း

www.burmeseclassic.com

အနုံအာရုံခံကောင်းသော ခွေး၊ ကြောင် တို့မှစ၍ ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါတို့သည် လူသားတို့၏ အနုံကို လည်းကောင်း၊ လူများက စားထား သော အသား၏အနုံကိုလည်းကောင်း ပေပေါင်းအတော်ဝေးဝေးမှပင် သတိပြု သိရှိတတ်ကြသည်။

သုသာန်ဓူတင်နှင့် ဘေးမဲ့

သုသာန်ဓူတင် ဆောက်တည် တော်မူကြသော အရှင်သူမြတ်များသည် လည်း အသားစားခြင်းကို ရှောင်ကြဉ် တော်မူကြသည်။

ပြိတ္တာဘုံသားတို့မှာ ထိုကဲ့သို့ သော အညီအဟောက်အနုံကို အလွန် နှစ်သက်ကာ ဓူတင်ဆောင် ပုဂ္ဂိုလ်တို့ အား ရန်ရှာတတ်၊ အနှောင့်အယှက် ပေးတတ်ကြခြင်းကြောင့် ဖြစ်သည်။

သုံးဆယ်မြို့ ဓမ္မသုခ ဘဒ္ဒန္တ အရှင်ဥာဏသည် သက်သတ်လွတ် ပတ္တပိုဏ်ဆွမ်းဖြင့် ဓူတင်ကျင့်ရာကို သာဓကပြရသော် ဆရာတော်ကြီးသည် ရဟန်းမဖြစ်မီ (၁၃၃၁) ခုနှစ်တွင် လူ အဖြစ်ဖြင့် တစ်နှစ်ကြို ကျင့်ပါသည်။

ဆရာတော်ကြီးသည် ၁၃၃၂ ခုနှစ်တွင် ရဟန်းစတင်ဖြစ်ပြီးကတည်းက အသက်နှင့်ခန္ဓာအား ဘုရားရှင်ထံ လှူ လျက် မိမိ၏ အသက်ခန္ဓာအား လုံးဝ ငဲ့ကွက်ခြင်းမရှိဘဲ အကျင့်သီလ စရဏ အားကိုသာ တိုး၍တိုး၍ နောက်မဆုတ် တမ်း ကျင့်တော်မူရာ စတုရာရက္ခတရား တော်ဖြစ်သော -

(က) ဗုဒ္ဓါနုဿတိဘာဝနာ
(ခ) မေတ္တာဘာဝနာ
(ဂ) မရဏဿတိဘာဝနာ
(ဃ) အသုဘဘာဝနာတို့ကို

တစ်ဆင့်စီ အချိန်ယူလျက် စူးစူး စိုက်စိုက် ကျင့်တော်မူပါသည်။

(င) ထိုမှတစ်ဆဲ့ဝှ် ဓူတင် (၁၃)မါး ကျင့်စဉ်အား ဆက်လက်ကာ အစဉ် အတိုင်း ကျင့်တော်မူရာ အထူးသဖြင့် သင်္ခါရ (၉) ခုတွင် တစ်နေရာ (၉) ရက် ဖြင့် စတင်ကျင့်တော်မူပါသည်။ ထိုမှ တစ်ဖန် (၉၉) သင်္ခါရမှာ သုဿာန်ဓူတင် အား ဆက်လက်၍ ကျင့်ကြံအားထုတ် လျက် တချို့သုသာန်တွင် (၂) ကြိမ်၊ (၃) ကြိမ် ပြန်ဝင်ပါသည်။

အထူးသဖြင့် သုသာန်ဓူတင်၊ ဗုဒ္ဓါနုဿတိဘာဝနာနှင့် မေတ္တာဘာ ဝနာ၊မရဏဿတိဘာဝနာနှင့် အသုဘ ကမ္မဋ္ဌာန်း အသုဘဘာဝနာ ဟူသော စတုရာရက္ခ ကိုယ်စောင့်တရား လေးပါး ကို နိုင်မြဲစေပြီးမှ ဝင်တော်မူသဖြင့် နာမ်လောက၊ ပရလောကသားများ၏ အနှောင့်အယှက်များ၊ အခက်အခဲ အမျိုးမျိုးများကိုပင် မေတ္တာဖြင့် ဒုအောင် ပွါရခဲ့သည့်အပြင် ဘဝ ဘဝက ဆွေမျိုး တော်များနှင့် မကျွတ်လွတ်သူ နာမ် လောကသားများကို ခန္ဓိပါရမီ၊ မေတ္တာ ပါရမီအစွမ်းဖြင့် ကျွတ်လွတ်စေလေ သည်။

ဆရာတော်ကြီးသည် တော၊ တောင်၊ ကျေးရွာ၊ မြို့နယ်အသီးသီးသို့ အကျင့်၊ သီလ၊ စရဏ၊ ဓမ္မအား အလေးအနက်ထား ကျင့်တော်မူသော ထူးခြားသည့်အကျင့်ကို အသီးသီးတွေ့ မြင်ကြလျက် နောက်မှ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စအား ရွာစဉ့်မပြတ် လိုက်လံ လှူဒါန်းကြလေသည်။

ဆရာတော်ကြီးသည် ကေစာ တစ်ပါးတည်းသာ ကျင့်၏။ သုံးလ (ရက် ၉၀) ပြည့်က ရွာသူ ရွာသားများက စုစည်း ကြိုဆိုကြလေသည်။

ဆရာတော်ကြီးသည် အလှူတွင် ငွေကြေးဝတ္ထု အလှူ လုံးဝလက်မခံ။ သယ်ဆောင်ယူငင်ရသည့် ဗလိဘောဇ အသုံးအဆောင်ပစ္စည်းကို စကျင့်သည့် အခ်ိန်မှ ယနေ့တိုင် လက်မခံ။ ဤ အကျင့်များကြောင့် မိမိထံ အားကိုးကြ သည်။ ရပ်ရွာမြို့နယ်အသီးသီးရှိ ဝေနေ ယျများအား ပတ္တပိုဏ်ဆွမ်း ခံကျွေး သဖြင့် ခက်ခဲသော ဆေးမတွေ့ ဝေဒနာ ဆိုး ဝေဒနာရှင်များစွာ ပျောက်ကင်းကြ လေသည်။

ရောဂါများစွာပျောက်သည့် ပတ္တပိုဏ်ဆွမ်း

အထူးသဖြင့် ဓမ္မသုခဆရာတော် ကြီး၏ ပတ္တပိုဏ်ဆွမ်းကို တမင် လာ ရောက်၍ ဆေးအာဟာရအဖြစ် လာ ရောက်စားသုံးကြသည့် မြို့နယ်အသီးသီး တွင် ရန်ကုန်၊ ပြည် စသည့်မြို့ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ကျေးရွာများပါ မကျန် နေ့စဉ်လူဦးရေ ရာဂဏန်းမျှကို မိမိ၏မေတ္တာ၊ သစ္စာ အစရှိသော ပါရမီ အဓိဋ္ဌာန်ခံ ဆွမ်းသပိတ်တစ်လုံးတည်း ဖြင့် အမျှဝေကျွေးရာ အနာရောဂါဆိုး တို့မှ လွတ်ကင်းချမ်းသာရာ ရကြလေ သည်။

အနယ်နယ်အရပ်ရပ်ရှိ ဝေနေယျ တို့၏ ဆရာမှန်၊ ဆေးမှန် မဲတွေ့နိုင်ဘဲ ခက်ခဲနက်နဲသော ရောဂါပြဿနာတို့ အား အဓိဋ္ဌာန်ဆွမ်းခံဆွမ်း၊ အဓိဋ္ဌာန် မေတ္တာရေ၊ အဓိဋ္ဌာန်ဆီ၊ အဓိဋ္ဌာန်ဆား စသည်တို့ကို အထူးသဖြင့် ဂါထာမမှုတ်၊ အင်းမမြုပ်ဘဲ သီးခြားဆေးမပါ မြက် ဗုဒ္ဓ၏ မူလ မေတ္တာသက်သက်ဖြင့် ပျောက်ကင်းချမ်းသာစေခြင်းဖြင့် ပို၍ လူသိများလာလေသည်။

ဆရာတော်ကြီးသည် တော၊ တောင်၊ သင်္ခါရ်စသည်များကို အဓိဋ္ဌာန် နှစ်ရှည်ကာလအတွင်း ထီးမဆောင်း၊ ဖိနပ်မစီး၊ လူနှင့် တိရစ္ဆာန်တို့ ပင်ပန်းခံ ကြရသော ဆိုက်ကား၊ နွားလှည်း၊ မြင်း လှည်း စသည့်ယာဉ်များ လုံးဝမစီးခဲ့ပါ။ ခြေကျင်ခရီးသာ အသွားများပါသည်။

သုသာန်ဓူတင် တည်ဆောက်က သက်သတ်လွတ် ဘေးမဲ့ပေးမှုရ

၁၉၈၉ ခုနှစ်က မုတ္တမကျွဲခြံ ဘုန်းကြီး ဦးကွန်ဒန်နှင့်အတူ မုဒုံမြို့နယ် ဘုန်းတော်ကြီး ဦးသိလတောရကျောင်း ၌ ခေတ္တနေကာ သုသာန်ဆင်း၍ ဓူတင် ဆောက်တည်ခြင်းကို လေ့လာနေစဉ် စိတ္တသုခ တောရကျောင်းမှ ကြုံလာ သော ဓမ္မဒူတ ဆရာတော်နှင့်ဆုံ၍

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် ကိုရင်ကြီးကို "မှားယွင်းမှု တစ်စုံတစ်ခုရှိသလော" ဟု မေးမြန်းရာ ကိုရင်ကြီးက -

"ဆွမ်းခံရာတွင် ပါလာသော အသားဟင်းများ စားထားမိသည်" ကို သိရှိရကြောင်း မဟုတ်မကျွံဒြဆရာတော်က အမိန့်ရှိသည်ကိုလည်း မှတ်သားရဖူးသည်။

ထိုသို့ဖြစ်ကြရသည်မှာ သုသာန်ဆောက်တည်နေသည်ကိုလည်း သူတစ်ပါးတို့ မသိစေလို၊ ဆွမ်းခံကြွစဉ်၌ ဘေးမဲ့စားနေသည်ကိုလည်း မဆိစေလိုသောကြောင့် "ဘေးမဲ့စားပါသလား" ဟု လျှောက်ထားသော်လည်း တာဝန်မကြီးကြစေရန် "ကြုံသလိုပဲ" ဟု မိန့်တော်မူသောကြောင့် ဆွမ်းလောင်းလှူကြသော ဒကာမများက -

မိမိတို့ရှိရာကို လောင်းလှူကြရာ အသားဟင်းများ ပါလာသော်လည်း ဆွမ်းစားသောအခါ အသားဟင်းများကို ပါ ဘုဉ်းပေးထားမိသောကြောင့် ထိုသို့ဖြစ်သည်ဟု မိန့်တော်မူသည်။

သုသာန်ဓူတင် တည်ဆောက်ကြကုန်သော ရဟန်း၊ ရှင်၊ လူ၊ သူတော်ကောင်းတို့သည် သတ္တဝါများ၏အသား ကို ဘေးမဲ့ပေးပြီး (သစ္စာသတ်လွတ်) ဘုဉ်းပေးခြင်း၊ စားသောက်သုံးဆောင်ခြင်းတို့ဖြင့် အထက်ပါဖော်ပြခဲ့သော တိရစ္ဆာန်နှင့် နာမ်လောက၊ ပရလောကသားတို့ လာရောက်နှောင့်ယှက် တိုက်ခိုက်ခြင်းတို့မှ ကင်းဝေးစေနိုင်ပါသည်။

ကျော်ဇော်ဟိန်း(နံ့သာ)

ကိုးကား

(၁) ဘဒ္ဒန္တဝဏ္ဏိတဆရာတော်၊ သံဖြူဇရပ်၏ သတိပြုဖွယ်ရာ ဘေးမဲ့အစားအစာ။

(၂) မြေလတ်မြတ်သူ-မှတ်တမ်းတင်ပူဇော်သည်။
သုံးဆယ်မြို့ ဓမ္မသုခ ကျောင်းတိုက်၏ ဦးစီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အရှင်ဉာဏာ၏ ထေရပွတ္တိအကျဉ်း။

www.burmeseclassic.com

www.burmeseclassic.com

စောင်မြင့်လန်းဆန်း မြတ်ပဒ္မာနှင့်

ထွန်းလွင်(ကြည့်မြင်တိုင်)

စာရေးသူ၏အိမ်တွင် အိမ်မြွေပို့ကလေး နှစ်ကောင်နှင့် အိမ်ကြွက် ငါးကောင်ခန့် ရှိပါသည်။

အိမ်မြွေငှက်ကလေး နှစ်ကောင်သည် စာရေးသူ နံနက် ဆွမ်းတော်ကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ အမွေးတိုင်နှင့် ဆီမီးတစ်သည့် အသံကြားလျှင် ဘုရားကျောင်းဆောင်အတွင်းမှ ထွက်လာကြပါသည်။ စာရေးသူ ဆွမ်းဖောက်ပဲ ထားသော ဆွမ်း၊ ပေါက်ပေါက်၊ ထန်းလျက်များကို လာစီရောက်၍ စားသောက်ကြပါသည်။

အိမ်ကြွက်ကလေးများကို စာ
ရေးသူ ထမင်းစားတိုင်း စာရေးစား
အောက်တွင် ထမင်းလက်တစ်ဆုပ်
ချကျွေးလေ့ရှိပါသည်။

သူတို့ကို အစာကျွေးရန် ဘ
မိနစ်အလိုတွင် စာရေးစားပွဲအောက်

www.burmeseclassic.com

www.burmeseclassic.com

ကိုဘက်ပြေးလိုက်၊ ဒီဘက်ပြေး
အသံပေးနေပါသည်။ စာရေးသူ
ဆွဲချင်ယောင် ဆောင့်နေပါလျှင်
နေသောလက်နှင့် ခြေထောက်
ဆော်သီများဖြင့် လာတိုပါသည်။
တော့ မကိုက်ပါ။ သူတို့ကို ကြည့်
ကြောက်ရွံ့ထွက်ပြေးသွား
ပြီမသက်စွာ ဖြန်ကြည့်နေပါ
စာရေးသူ၏ အဝတ်အစား၊
စာရွက်စာတမ်းများကို မည
အပြု ကိုက်ခြင်း၊ ချိုယူသွားခြင်း

သူတို့ကို အစာကျွေးသည်ဆို
အိမ်ရှိ အဝတ်ပလျှော်ဆပ်ပြာ
ကိုက်ခဲစားကြသဖြင့် မေတ္တာ
အစာကျွေးခြင်းဖြစ်ပါသည်။

တစ်နေ့တွင် စာရေးသူသည်
၁ နာရီ၌ စာဖတ်နေပါသည်။
သော် ပက်လက်ကုလားထိုင်
သို့ ရေနွေးကြမ်းပန်းကန်ခွံရှိသော
လေးတစ်ကောင် ခုန်ဆွ ခုန်ဆွနှင့်
နေသည်ကို အမှတ်မထင် တွေ့
ပါသည်။

အန္တရာယ် မရှိသည့် သတ္တဝါ
တစ်ကောင်ဖြစ်၍ အမှုမဲ့ အမှတ်မဲ့
လိုက်ပါသည်။ ခဏအကြာတွင် ဖား
သံကြား၍ ဘေးပတ်လည်ဆို
လိုက်မိပါသည်။ စာရေးသူထိုင်နေ
ပတ်လက်ကုလားထိုင်အောက်သို့
ဆုတ်နေသော ဖားကလေးကို အစာ
ကျွေးထားသည့် အိမ်တွင်းကလေး
သည် လိုက်ကိုက်နေသဖြင့် ဖားကလေး
အော်နေခြင်းဖြစ်ပါသည်။ သို့ပါ၍
အိမ်တွင်းကလေးကို မောင်းထုတ်လိုက်
ရသည်။

"အန္တရာယ်ဖြစ်မည့် သတ္တဝါ
ဆုတ်ပါဘူး။ မကိုက်ပါနဲ့၊ သွားသာ
နေပါစေ" ဟု ပြောရပါသည်။

သုံးရက်ခန့် အကြာတွင် ညနေ
၃ နာရီခွဲခန့် အချိန်၌ စာရေးသူသည်
အိမ်အဝင်ဝ တံခါးမကြီးအနီးဝန်းတွင် ပက်
လက်ကုလားထိုင်နှင့် စာဖတ်နေစဉ်
လူစိမ်လူပ်ရှားရှားနှင့် သတ္တဝါအသံတစ်ခု
ကြားလိုက်မိ၍ အိမ်တံခါးမကြီးဘေးသို့
ကြည့်လိုက်ရာတွင် အရွယ်မှာ တစ်
တောင်သာသာရှိပြီး အလုံးမှာ လက်မ
ခန့်ရှိသော မြွေကလေးတစ်ကောင်ကို
အိမ်ကြွက်ကလေးသည် မြွေ၏အမြီးစွန်း
ကို ကိုက်ထားသောကြောင့် မြွေမှာ
စာရေးသူနှင့် ငါးဖော်ခန့်အကွာမှ အိမ်
အပြင် ခြံစည်းရိုးဘက်သို့ ထွက်ပြေး
သွားခြင်းဖြစ်ပြီး အိမ်ကြွက်ကလေးမှာ
အမြီးစွန်းကို ကိုက်လျက် 'လိုက်ပါသွား
ခြင်းဖြစ်ပါသည်။ အထူးပင် အံ့သြဖွယ်
ကောင်းပါသည်။

စာရေးသူသည် တစ်သက်နှင့်
တစ်ကိုယ် မြင်လည်းမမြင်ဘူးပါ။ ကြား
လည်းမကြားဘူးပါ။ အိမ်ကြွက်ကလေး
တွေသည် စာရေးသူ အမှု အစာကျွေး
မွေးနေသဖြင့် ကျန်းမာ သန်စွမ်းပြီး
ကိုယ်လုံးကိုယ်ထည် ကြီးထွားနေပါ
သည်။

ခုနစ်ရက်ခန့်အကြာတွင် စာရေး
သူနှင့် ဇနီးသည်တို့သည် မြဝတီရုပ်မြင်
သံကြားမှ သတင်းများ ပြီးစီးပြီဖြစ်သဖြင့်
အိမ်ရှိဘုရားကို သောက်တော်ရေကပ်၊
အမွှေးတိုင်ပူဇော်၊ လျှပ်စစ်မီးပူဇော်၍
ငါးပါးသီလယူ၊ ပဋ္ဌာန်း (၂၄) ပစ္စည်း
ဓာရဏပရိတ်၊ စတိကြီးတစ်ဆယ့်သုံးပါး၊
သမ္မာဒွေဂါထာတော်များ ရွတ်ဆိုပြီး
အရပ်ဆယ်မျက်နှာ မေတ္တာပို့၊ သမ္မာ
ဒိဋ္ဌိဝန်တ်များ၊ သုံးဆယ့်ခုနစ်မင်္ဂလာတ်
များ၊ အနုမောဒနာကြဉာဏ်၊ အနုမောဒနာသတ္တဝါတို့
ကို မေတ္တာပို့ အမျှပေးဝေပြီးဆီး၍ စာရေး
သူသည် တံခါးမကြီးဘက်သို့ ထွက်
သည့်အချိန်တွင် တံခါးမကြီး၏ ခြေ
နင်္ကျာတွင် ခေါင်းတင်ပြီး ကိုယ်ထည်မှာ
ကျပ်ပြားလုံးခန့်ရှိသော ခွေ၍နေသည့်
မြွေကို လေးငါးခြောင်း၏ ဝီးရောင်
အောက်တွင် တွေ့လိုက်ရသဖြင့် တစ်
ကိုယ်လုံး ကျဉ်စက်နှင့် အတိုခံလိုက်ရ
သည့်ပမာ တုန်လှုပ်သွားပါသည်။

သို့ပါသော်လည်း ၎င်းမြွေသည်
မြွေဆိုးမဟုတ်ဘဲ ထရားနာနေသည့်
သူတော်ကောင်းမြွေ ဖြစ်ရမည်။ အမျှ
ဝေနေသည့်အချိန်တွင် သံခေါ်ဆိုမှု
၌ လာရောက်ခြင်းဖြစ်ရမည်ဟု ဆုံး
ဖြတ်ပြီး ရဲရဲတင်းတင်းဖြင့်၊

"ကဲ... သတ္တဝါလေးရေ အမျှ
တော့ ဝေပြီးပြီ၊ မင်း သာဓုခေါ်ပြီး ဝေး
ရာကိုသာ သွားပေတော့၊ ဘယ်သူ့ကိုမှ
လည်း အနှောင့်အယှက်မပေးနဲ့၊ ရန်
လည်းမမူနဲ့၊ ကိုယ့်ဘာသာကိုယ် လွတ်
ရာကျွတ်ရာကို သွားပေတော့"

ဟု အဆိုပါမြွေနှင့် သုံးပေခန့်
အကွာတွင် ရပ်၍ သူ့ကို စေ့စေ့ကြည့်
ကာ ပြောလိုက်ပါသည်။

ထူးခြားအံ့သြဖွယ်ကောင်းသည်
မှာ စကားအဆုံးတွင် တံခါးမကြီးခြေ
ကျော်ဘောင်တွင် ခေါင်းတင်ထားသည့်
ဦးခေါင်းသည် အောက်ဘက်သို့ ဖြည်း
ညင်းစွာ လျှောချပြီး အိမ်၏ခြံစည်းရိုး
ဘက်သို့ အသာအယာ ထွက်ခွာသွားပါ
သည်။

စာရေးသူသည် လက်နှိပ်မာတ်မီး
ကိုယူပြီး သူ၏သွားလမ်းဘက်ကို မီးထိုး
ပြပေးလိုက်ပါသည်။ စာရေးသူ၏ ဇနီး
သည် ကြောက်ကြောက်လန့်လန့်ဖြင့်
လိုက်ကြည့်နေပါသည်။

နောက်နှစ်ရက်ခန့် အကြာတွင်
စာရေးသူသည် နံနက်အိပ်ရာထ အချိန်
မှာ ၆ နာရီခွဲဖြစ်၍ ဘုရားခန်းတွင်
ဘုရားမီးပူဇော်ရန် မီးဓလုတ်ကိုဖွင့်စဉ်
ဘုရားကျောင်းဆောင်အတွင်းမှ စာရေး
သူကိုကြည့်ပြီး ကျောင်းဆောင်အပေါ်မှ
တစ်ဆင့် မျက်နှာကြက်ပေါ်သို့ ဖြည်း
ညင်းစွာ တက်သွားနေသော ကျပ်ပြား
လုံးခန့် အစိမ်းရောင်မြွေကို စာရေးသူ၏
ဦးခေါင်းနှင့် တစ်ပေခန့်အကွာတွင်
ရှိနေကြောင်း တွေ့ရှိရပါသည်။

စာရေးသူသည် သူတော်ကောင်း
မြွေကို မကြာခဏ တွေ့ရှိနေသဖြင့်
ကြောက်ရွံ့စိတ်မရှိသော်လည်း ဘုရား
စင်သို့ ရောက်ရှိနေသည့်အတွက် ညည
သည့်နေရာမှ ဝင်ရောက်လာခြင်းကို
မတွေးတောနိုင်အောင် ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ရက်တာ တရားနာလာသည့် ဧည့်ဖြစ်ရမည်ဟု မှတ်ချက်ချမိပါသည်။ နောက်ရက်များတွင်လည်း လာနေဦးမှာလားဟု ထင်ကြေးဖြင့် လက်နှိပ်ဓာတ်မီးကို အိပ်ရာဘေးတွင် ထားရှိပြီး မီးထိုးပြီးမှ ဘုရားစင်ရှိ မီးခလုတ်ကို ဖွင့်ပါသည်။ မီးခလုတ်နှင့် ဘုရားစင်မှာ တစ်ပေခန့်သာ ဝေးကွာသောကြောင့် မြွေကို လက်နှင့်ကိုင်မိမှာ စိုးရိမ်၍ ဖြစ်ပါသည်။

စာရေးသူစိတ်တွင် သံသယဖြစ်မိသည်မှာ မြွေသည် ဘုရားမီးခလုတ်ကို ဖွင့်စဉ်အချိန်၌ စာရေးသူကို တစ်ပေ အကွာတွင်ရှိနေစဉ်နှင့် ဘုရားကျောင်းဆောင်ပေါ် သို့ ဖြည်းညင်းစွာတက်သွားစဉ် နောက်ပြန်လှည့်၍ ကြည့်သွားသည်ကို ထူးခြားမှုတစ်ခုဟု မှတ်ချက်ချမိပါသည်။

ထိုသို့ နောက်တစ်နေ့ ညနေမှောင်စပျိုးသည့် အချိန်တွင် ခြံထဲ၌ သတ္တဝါများကို မေတ္တာပို့နေရင်း စာရေးသူ၏ဘေးမှ လေတွေ့တိုက်သလို ခံစားရပြီး သတ္တဝါတစ်ကောင် ပျံသန်းနေသည်ကို သိလိုက်ရပါသည်။ စိတ်ထဲတွင် လင်းနို့တစ်ကောင် ဝဲပျံနေသည်ဟု ထင်လိုက်ပါသည်။

သို့သော် စာရေးသူ၏ ဘေးတွင် ရှိသည့် သစ်ပင်မှ သစ်ကိုင်းတစ်ခုတွင် နားလိုက်ရာ အလွန်လှုပ်ခြီး ကြီးမား သည့် ဆင်လိပ်ပြာကြီးတစ်ကောင် ဖြစ်နေပါသည်။ သူသည် စာရေးသူကို ကြည့်နေပါသည်။ စာရေးသူသည် ဤမျှလောက် ကြီးမားသည့် ဆင်လိပ်ပြာကြီးကို မမြင်ဖူးမိ။

သို့ဘော်ချက်ချင်းပင် ဆင်လိပ်ပြာကြီးအား မေတ္တာပို့ အမျှဝေပေးလိုက်ပါသည်။ သူသည် တစ်ခဏမျှ စူးစိုက်ကြည့်နေပြီး စာရေးသူကို ဝဲပျံ၍ ထွက်သွားပါသည်။ စာရေးသူသည် တစ်ခါမျှ မမြင်ဖူးသော ဆင်လိပ်ပြာကြီးကို နီးနီးကပ်ကပ် တွေ့ကြုံလိုက်ရသောကြောင့် အလွန်ပင် ကျေနပ်ဝမ်းမြောက်မိကာ အမျိုးသမီးကိုပါ ပြောပြမိပါသည်။

နောက်တစ်နေ့ ညနေ ၆ နာရီခွဲတွင် စာရေးသူတစ်ဦးတည်း ဘုရားခန်းတွင် အမွေးတိုင်ပူဇော်နေစဉ် အတောင်ပံခတ်သံနှင့် လေတစ်ချက် တိုးဝှေ့သွားပြီး ဆင်လိပ်ပြာကြီးသည် ဘုရားစင်မျက်နှာကြက်တွင် လာရောက်၍ နားပါသည်။

သူနှင့် စာရေးသူသည် နှစ်ပေခန့်ပင် ကွာပါသည်။ မနေ့ကလာသွားသည့် ဆင်လိပ်ပြာကြီးမှန်း အနီးကပ်တွေ့ရ၍ သိရှိရပါသည်။ စာရေးသူသည် ချက်ချင်းဝင် မေတ္တာပို့ အမျှပေးဝေလိုက်ပါသည်။ သူသည် ခဏနေပြီး စူးစူးစိုက်စိုက်ကြည့်ပြီးနောက် ဘုရားခန်းမှ ပြန်ထွက်သွားပါသည်။

နောက်ရက်များတွင် ငါးရက်ခန့်ဆက်တိုက် ဒင်္ဂဠိဝိုင်းခန့် ဆင်လိပ်ပြာလေးများ မိုးချုပ်ပြီဆိုလျှင် ဘုရားခန်းသို့ ဝင်ရောက်ပျံသန်းလာကြဝါသည်။ ဆင်လိပ်ပြာလေးများသည် ဆင်လိပ်ပြာကြီးများနှင့် အရောင်အသွေးတူညီပြီး အလွန်လှပပါသည်။

စာရေးသူသည် အလွန်လှပပြီး ချစ်စရာကောင်းသော ဆင်လိပ်ပြာများ အနီးသို့တပ်ပြီး လက်ဖြင့် ကိုင်တွယ်ကြည့်ရာတွင် အကိုင်မခံဘဲနေပါသည်။ အနီးကပ်၍ ကြည့်သည်ကို မြန်လည်၍ စူးစူးစိုက်စိုက် ကြည့်နေပါသည်။ သို့ပါ၍ သူတို့လာသည့်ရက်တိုင်း မေတ္တာပို့ အမျှပေးဝေပါသည်။ ဆင်လိပ်ပြာကြီးက နှစ်ရက်၊ ဆင်လိပ်ပြာလေးများ ငါးရက် စုစုပေါင်း ခုနစ်ရက်ခန့်လာပြီး ယခုထက်တိုင် လာရောက်ခြင်း မရှိတော့ပါ။

သူတို့လာသည့်နှစ်သည် (၂၀၀၇) ခုနှစ်ကဖြစ်ပါသည်။ သူတို့လာပြီးသည့် နောက်ရက်များမှစတင်၍ ငွေကြေးများမှာ အပူတပြင်း ရှာစရာမလိုတော့ဘဲ ယနေ့ထက်တိုင် လွယ်လင့်တကူ လုပ်ငန်းများရရှိ၍ ငွေကြေးကိစ္စအတွက် အချမ်းသာချည်း မဟုတ်သော်လည်း အတော် အသင့် လှုနိုင်တန်းနိုင်ပြီး စုဆောင်းနိုင်သည်အထိ အဆင်ပြေပါသည်။

အိမ်မွေးသတ္တဝါများ ဖြစ်သည့် ကြောင်နှင့် ခွေးတို့သည် သခင်များ အပေါ် တွင် သစ္စာရှိကြသည်။ စောင့်ရှောက်တတ်ကြသည်။

အိမ်ကြွက်ကလေးသည် အဘယ်ကြောင့် သိတတ်သလဲ။ တိရစ္ဆာန်များသည် အစာကျွေးသော သခင်ကို စောင့်ရှောက်တတ်ပြီး အန္တရာယ်များမှ အကာအကွယ်ပေးတတ်သည်။ သစ္စာစောင့်သိ ရိုသေတတ်ကြသည်။ အသက်ကိုပင် ပေးဆပ်ပြီး သခင်အတွက် တာဝန်ထမ်းဆောင်ကြသည်။

လောဘ၊ ဒေါသ၊ မောဟတွေနှင့် ဖုံးလွှမ်းနေသော လူတို့သည်လည်း ပြုခဲ့ဖူးသော ကျေးဇူးရှင်၊ စောင့်ရှောက်အကူအညီ ပေးခဲ့ဖူးသော မိတ်ဆွေခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ကျင့်ဝတ်ဂုဏ်သိက္ခာများနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များအပေါ်တွင် မိမိတို့ အသိဉာဏ်ပညာများဖြင့် ကျေးဇူးမကန်းဘဲ တာဝန် ကျေပွန်နိုင်ကြပါစေ။

ထွန်းလွင် (ကြည့်မြင်တိုင်)

www.burmeseclassic.com

www.burmeseclassic.com

ထပ်ခဲ့သည်...

လွန်ခဲ့သော ၂၀၀၆ ခုနှစ်က ယခု ကြည်တော် ပညာအိမ်ရာတွင် ဗေဒင် နေသော တပည့်မ နန်းစုစုခိုင် စာရေးသူ၏ ရန်ကင်းတိုက်ခန်း တွင် ဗေဒင်ဟောခန်းသို့ ရောက်ရှိ အတွေးပုံရိပ်ကို ပြန်လည် မြင် ယောင်နေမိပါသည်။

"ဟာ - စုစုခိုင်ပါလား၊ လာ ပါး"

"အသုဘပို့လာရင်း ဒီဘက်ကို ရောက်သွားတာဆရာ"

"ဗေဒင်မဟောဘူးလား သမီး"

"ဟောပါတယ် ဆရာရဲ့၊ မနက် သုံးဦး ဟောခဲ့ရသေးတယ်"

"ဒါဖြင့် အအေးသောက်၊ နေက ပူပါဘိ"

"ဆရာရယ်... နွေပဲ၊ ပူမှာပေါ့ ဆိုတာ ခကာပါ၊ အခြားအပူတွေက ဝိုများတယ်၊ အပေါ်ယံကြော အပူကို သမီး ခံနိုင်ပါတယ်၊ ရင်ထဲက အပူသာ ခံရခက်တာ၊ လူ ဘဝက ခကာပဲ၊ တစ်ဦး နဲ့တစ်ဦး ဆယ်လောက်ပဲ ချစ်ချစ် တစ်နေ့ ခွဲခွာရမှာအမှန်ပဲ"

"ဩော်- သမီးကလည်း၊ ပဋိ သန္ဓေရှိသူတိုင်းဟာ တစ်နေ့ သေကြမှာ ပါဟာ"

"အဲဒါကြောင့် အသုဘမပို့ခင် သံယာတော်ငါးပါး ပင့်သေးတယ်၊ အဲဒီ မှာ ဆရာတော်တစ်ပါး ရွတ်ဆိုတဲ့ သံဝေဂ ကဗျာလေးက သိပ်မှန်တာပဲ ဆရာ"

"သမီးရွတ်လို့ရလား၊ ဘာတဲ့လဲ"

"ကိုယ့်ထက်ကြီးသူ၊ များဝိုလ်လူ၊ သေသူများလှပြီ၊ ကိုယ့်ထက်ငယ်သူ၊ များဝိုလ်လူ၊ သေသူများလှပြီ၊ ကိုယ်နှင့် ရွယ်တူ၊ များဝိုလ်လူ၊ သေသူများလှပြီ၊ လိမ္မာသောသူ၊ များဝိုလ်လူ၊ သေသူ များလှပြီ၊ မိုက်တွင်းနက်သူ၊ များဝိုလ်လူ၊ သေသူများလှပြီ၊ ဘုရားသော်မှ၊ မနေရ မြန်းကြွနိဗ္ဗာန်ပြည်၊ မသေခင်က၊ မြတ် ဒါန၊ ပြုမှသင့်တော်မည်၊ မသေခင်က မြတ်သီလ၊ စောင့်မှ သင့်တော်မည်။ မသေခင်က မြတ်ဓမ္မ၊ ကျင့်မှသင့်တော့ မည်... တဲ့"

ပြီးတော့ သံယာတော်ငါးပါးက ရွတ်ဆိုကြတာ ရှိသေးတယ်။

"အနိစ္စာ ဝတ သခါရာ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ တေသံ ဝူပ သမော သုခေါ။

ဒုက္ခဝတ သခါရာ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတ္ဝာ နိဂုဇ္ဈန္တိ တေသံ ဝူပ သမော သုခေါ။

အနတ္တာ, ဝတ သခါရာ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈ။

အနိစ္စမေ ပဉ္စက္ခန္ဓာ အနိစ္စာယ ပရိဿန္တိ။

www.burmeseclassic.com

www.burmeseclassic.com

မရဏန္တံ ဂမိတ္တာန ဂ္ဂမံကာယံ ခိပိဿန္တိ။

ဒုက္ခမေ ပဠုက္ခန္ဓာ ဒုက္ခာယ ပရိဿန္တိ။

မရဏန္တံ ဂမိတ္တာန ဂ္ဂမံကာယံ ခိပိဿန္တိ။

အနတ္တာမေ ပဠုက္ခန္ဓာ အနတ္တာယ ပရိဿန္တိ။

မရဏန္တံ ဂမိတ္တာန ဂ္ဂမံကာယံ ခိပိဿန္တိ. . . တဲ့။

"အဓိပ္ပာယ် သိလား သမီး"

"သိတယ်ဆရာရဲ့၊ ဒီလိုလေ"

"မေ-ငါ၏၊ ဂ္ဂမေ ပဠုက္ခန္ဓာ-ရုပ်ဝေဒနာ၊ သညာသင်္ခါရ-ဝိညဉ်ဟု ဆိုအပ်သော ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စ၊ ဖြစ်ပျက်တတ်လေသောကြောင့် အမြဲမနှိုးကြလေကုန်။

အနိစ္စာယ- မခြဲခြင်းကြောင့်၊ မရိဿန္တိ- သေကြရကုန်လတ္တံ့၊ မရဏန္တံ- သေခြင်းအဆုံးသို့၊ ဂမိတ္တာန- ရောက်သည်ရှိသော်၊ ဂ္ဂမံကာယံ- ဤခုနစ်လုံးမျှလောက်သော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို၊ ခိမိဿန္တိ- သုသာန်တစ သချိုင်းဝင် စွန့်ပစ်ကြရကုန်လတ္တံ့။

ဒုက္ခ- ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဖန်ဖန် နှိပ်စက်တတ်လေသောကြောင့် ဆင်းရဲကြလေကုန်၏။

အနတ္တ- ရုပ်နာမ်တရားတို့သည် မိမိအလိုအတိုင်း မဖြစ်နိုင်ဘဲ သူဖြစ်ချင်သလို ဖြစ်တတ်လေသောကြောင့် အစိုး မရကြလေကုန်"

"သမီးက ဒါတွေကို အလွတ်ဆိုတတ်တယ်နော်"

"အဖေမဆုံးခင်က သင်ပေးသွားတာလေ၊ ဘုရားရှိခိုးပြီး ရွတ်ဆိုရတယ်၊ အဲဒါကြောင့် မှတ်မိနေတာ ဆရာရဲ့၊ အင်း. . . ဘယ်နေ့ သေမယ်၊ ဘယ်အချိန် သေမယ်၊ ဘယ်နေရာ သေမယ်၊ သေပြီးရင် ကိုယ့်ရဲ့ ရုပ်အလောင်းကို ဘယ်မှာမျှုပ်မယ်ဆိုတာ မသိဘူးနော်"

"ဟုတ်တယ်လေ၊ သေခြင်းတရားက အချိန်တိုင်း အနီးကပ်မှာရှိတယ်၊ ဆရာတော်ကြီးတစ်ပါး ဟောကြားထားတာရှိတယ်၊ နက်ဖြန်နဲ့ နောက်ဘဝမှာ ဘယ်ဟာက အချိန်ကြာသလဲတဲ့"

"ဒါများဆရာရယ်၊ နောက်ဘဝက မြန်တယ်၊ နက်ဖြန်ဆိုတဲ့ အချိန်ရောက်ဖို့က နာရီ၊ မိနစ်တွေနဲ့တွက်ဦး၊ ကြာဦးမယ်၊ အချို့ဆိုရင် နက်ဖြန်မှာ ဘာလုပ်မယ် ပြောကြတယ်၊ နက်ဖြန် မရောက်ခင် သေရော၊ ဒါတွေကအများကြီးပဲ၊ မနက်က စွေးထဲမှာတွေ့လို့ ပြုံးပြသွားသေးတယ်၊ ညနေကျတော့ လူဘဝမှာ မရှိတော့ဘူး၊ ဒါမျိုး သမီး ကြုံဖူးတယ်"

"ဆရာတို့လို အသက်ကြီးသူတွေ သံဝေဂတရား ပိုရှိဖို့လိုတယ် သမီး"

"ငယ်ရွယ်သူလည်း သံဝေဂတရား ရှိရမှာပဲ၊ အသက်ကြီးတယ်၊ ငယ်တယ် မဟုတ်ဘူး၊ သေမင်းကခေါ်ရင် အခုချက်ချင်းလည်း လိုက်သွားရမှာ မဟုတ်လားဆရာ၊ အဲဒါကြောင့် ဆရာတော်ကြီးတွေက မသေခင် ဒါန်တွေ၊ သီလတွေ၊ ဘာဝနာတွေ ကြိုတင်လုပ်ထားကြလို့ ဆုံးမခဲ့ကြားတာလေ"

"အချို့က ငယ်ပါသေးတယ်ဆို သူတွေက များသား သမီးရဲ့"

"လူဘဝမှာ တရားမရှိရင် ပျင်းစရာကြီးလေ၊ ဒီခေတ်က ပျော်စရာတွေ အများသား ဆရာရဲ့၊ ဒီကြားထဲ သူများကို အကောင်းမမြင်၊ ကိုယ့်ကို အကောင်းထင်၊ ကိုယ်ချင်းစာနာစိတ်တွေလျော့တာကြည့်တော့၊ မှုခင်ဂျာနယ်တွေ ဖတ်ပြီးရင် ရင်ထဲသိပ်မငောင်းဘူး၊ ကြောက်စရာ၊ ထိတ်လန့်စရာတွေ၊ လူသားအချင်းချင်း ရက်စက်ကြတာတွေ၊ လူဘဝမှာ နေစရာတောင် အကော်ရှားသွားတယ်လို့ တွေးမိတယ်"

စာရေးသူသည် လွန်ခဲ့ဒသာ ၆-နှစ်ခန့်က တပည့်မ နန်းစုစုဦင်၏ စကားများကို ပြန်လည်ကြားယောင် သတိရနေမိပါသည်။

အရှင်ရဋ္ဌပါလ၏ ငြိမ်းအေးရွေ့ပြည်တရားတော်တွင့် -

ကျွန်ုပ်တို့သည် ဘဝခရီးသည်များ ဖြစ်၏၊ 'က' ဟူသော ပို့ဂို့တစ်ခုမှ 'ခ' ဟူသော ပို့ဂို့တစ်ခုသို့ သွားလာနေကြသော မျဉ်းကြောင်းပေါ်မှ ခရီးသည်ဖြစ်၏၊ လူတိုင်းသည် မျဉ်းကြောင်း 'က-ခ' ရှိကြစမြဲပင်၊ ထိုမျဉ်းကြောင်းများသည် ကိုယ်ပိုင်ဖြစ်၏၊ မည်သူနှင့်မျှ မရောယှက်၊ ထိုမျဉ်းကြောင်းသည် ဖြောင့်သလား၊ ကွေးသလား၊ ရှည်သလား၊ တိုသလား၊ ပုံသေဖော်မြူလာ မရှိနိုင်ချေ၊ ဖြောင့်ချင်ဖြောင့်မည်၊ ကွေးချင်ကွေးမည်၊ ရှည်ချင်ရှည်မည်၊ တိုချင်တိုမည်။

ကျွန်ုပ်သည် မွေးဖွားရာ 'က' မှ ခရီးထွက်လာခဲ့သည်မှာ ခရီးပေါက်လာခဲ့ပြီဖြစ်၏။ သေဆုံးရာ 'ခ' သည် လက်တစ်ကမ်းသာ နီးချင်နီးပေလိမ့်မည်။ ခပ်လှမ်းလှမ်းအဝေးတွင် ရှိချင်ရှိပေလိမ့်မည်။ မည်သူမျှ မပြောနိုင်ပေ။ 'က' ကတော့ မှန်မှားစွာ ကျန်ခဲ့ပြီ၊ စမ်းတဝါးဝါး လျှောက်သွားရင်း ပို့ဂို့ 'ခ' သည် နီးသလော၊ ဝေးသလော မမြင်မစမ်း ရှိနေဆဲ။ သို့သော် တစ်ခုတော့ သေချာ၏၊ 'ခ' ကို ရောက်ကို ရောက်မည်မှာမလွဲ၊ ရောင်လွဲ၍မရ၊ မျဉ်းကြောင်းပေါ်မှ ခုန်ဆင်း၍မရ။

ရှင်တော်ဘုရားပင်လျှင် ခန္ဓာကို စွန့်ပယ်ပြီး ပရိနိဗ္ဗာန်သို့ မျက်မှောက်ပြုတော်မူ၏။ ရဟန္တာတို့သည်လည်း အချိန်ကျလျှင် ပရိနိဗ္ဗာန်သို့ မျက်မှောက်ပြုတော်မူကြ၏။ ဆရာတော်ကြီးများ၊ ထေရ်ကြီး ဝါကြီးများသည်လည်း ခန္ဓာဝန်ကို ချတော်မူကာ တစ်ဘဝဇာတ်သိမ်းကြရ၏။

ရှင်ဘုရင်သေလျှင် နတ်ရွာစံသည်ဟုဆို၏။ စစ်သူကြီး၊ မှူးမတ်တွေလည်း ဘေးကြရ၏။

ဆရာဝန်၊ ဆေးဆရာ၊ သူနာပြုဆရာ၊ ဆေးဝါး ဖော်စပ်သူတို့လည်း သေရ၏။ သူဌေးသူကြွယ်၊ ဆင်းရဲသား၊ ရှေ့နေ ရှေ့ရပ်၊ ဝန်ထမ်းလူပေါင်းစုံ၊ ယုတ်စွအဆုံး သချိုင်းကုန်းတွင် ကျင်း

www.burmeseclassic.com

www.burmeseclassic.com

တူးရွေသော သုဘရာဇာလည်း မလွတ်၊ သူတောင်းစား၊ ပေဒင်ဆရာတို့လည်း မကျန်ပေ။

ရက်သား၊ လသားအရွယ်မှ (၃-၄-၅) နှစ် ကလေးအရွယ်လည်း သေ၏၊ (၁၃-၁၄-၁၅) နှစ် ပျိုမျစ်အရွယ်လည်း သေ၏။ (၂၀-၂၁-၂၂) အရွယ်ကောင်းများလည်းသေ၏။ (၄၀-၅၀-၆၀) လူလတ်လူကြီးအရွယ်လည်းသေ၏။ (၇၀-၈၀-၉၀) အဘိုးကြီး၊ အဘွားကြီးအရွယ်လည်းသေ၏။

သေပုံသေနည်းလည်း အမျိုးမျိုးရှိ၏။ အချို့က ဖျားနာပြီး သေ၏။ အချို့က ဝမ်းသွားပြီး သေ၏။ ရောဂါတူးစက်၍ သေ၏။ ကားတိုက်၍ သေ၏။ ရေနစ်၍ သေ၏။ ခေါင်းဖြင့် အထိုးခံရ၍ သေ၏။ ပိုင်းဝန်းညှင်းပန်းနှိပ်စက်၍ သေ၏။ မုဒိမ်းကျင့်၍ သေ၏။ လေယာဉ် ပျက်ကျ၍ သေ၏။ ပင်လယ်ထဲ သင်္ဘောပျက်၍ သေ၏။ စစ်ဘေး၊ စစ်ဒဏ်၊ ပုံးဒဏ်ဖြင့် သေ၏။ ဇတ်မွတ်၍ သေ၏။ အစာမှား၍ သေ၏။ အဆိပ်သောက်၍ သေ၏။ ဆေးမှားသောက်၍ သေ၏။

အချို့က မသေခင် ပေါင်ဖြတ်၊ ဒူးဖြတ် ဖြတ်ရ၏၊ ခွဲရစိတ်ရ၏၊ ခြေကျိုးလက်ကျိုးရ၏၊ မျက်လုံး ကွယ်ကြ၏၊ ကင်ဆာရောဂါ ဖြစ်၏၊ တလိမ်လိမ် တရှောင်ရှောင် ဖြစ်ကြ၏၊ ခါးနာ၏၊ ကျောနာ၏၊ အနာပေါင်းစုံ၊ ရောဂါပေါင်းစုံရ၏၊ ပြည်တည်သည်၊ သလိပ်ကပ်သည်၊ ပေါလိုက်သည့်အနိဋ္ဌာရုံများ။

လူတိုင်းသေသည်၊ အရွယ်ပေါင်းစုံသေသည်၊ အရွယ်မရွေး၊ လူမျိုးမရွေး ကြိုးငယ်မရွေး သေကြသည်၊ သေရသည့်အကြောင်းတွေလည်း အများကြီး ရှိကြသည်။

မိမိလည်း တစ်နေ့တွင် သေကို သေရမည်ဖြစ်၏။

လောကခရီးသည် အနေဖြင့် သေရမည့်ရက်ကို စောင့်ကြို ပြင်ဆင်ရန်သာ သင့်တော့ပြီ။

တရား၊ မာန၊ ဒိဋ္ဌိ ကင်းသင့်ပြီ။

လောဘ၊ ဒေါသ၊ မောဟတရား တွေ ကင်းသင့်ပြီ။

မွေးစက ဘာမျှမပါ။ သေသည့် အခါတွင်လည်း ဘာမျှမပါ။ ငွိုင့် 'က' နှင့် 'ခ' အကြား ရုပ်နာမ်နှစ်ပါးတို့၏ အမှုသာလျှင် ဖြစ်ခဲ့ချေ၏။

အနှစ်မရှိ။ အချင်းမရှိ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများသာတည်း။

ဝေယျဉ်း

ကိုးကား

အရှင်ရဋ္ဌပါလ၏ ငြိမ်းအေးရွှေပြည်တရားတော်မှ "ခရီးသည်ကို ကောက်နုတ် ပူဇော် တင်ပြလိုက်ရပါသည်။

(နေပြည်တော် ပညာအိမ်ရာတွင် ဇေဒင်ဟော်ပြောနေသော တပည့် ဆရာမ နန်းစုစုဦင်အတွက် အမှတ်တရ)

❑

ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

○ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ○ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ○ ကျန်းမာရေး အခြေအနေ သိရန် ○ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ○ လက်ထပ်မင်္ဂလာအခါရွေးရန် ○ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်မိုန်ခါရွေးရန် ○ ကလေး နာမည် ပေးရန် ○ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာရွေးရန် ○ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ○ နိုင်ငံခြားထွက် အလုပ်လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယကြာ၊ အင်းယကြာ၊ ရတနာဒီပံယကြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဗုန်းပြင့် ဗေဒင်ပေးနိုင်ပါသည်။ KBZ Bank A/c No - 0019600100036439

တောင်ဥက္ကလာဘက်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဖောခန်း - အမှတ် (၆)၊ ပိုးကောင်းဘုရား ပြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၂၅၀ ၄၄၇၁၂၂

ဖောခန်းဖွင့်ချိန် - ဗုဒ္ဓဟူး နံနက် (၉ : ၃၀) မှ ညနေ (၅ : ၄၅) နာရီထိ။

www.burmeseclassic.com

www.burmeseclassic.com

မြတ်မုဋ်ဆိုင်ရာ မတ်မွယ်မှတ်ရာ

ခရု(ကေတ)

မြတ်စွာဘုရားဟူသည်လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအုပ်ပေါင်းတို့၏ ကိုးကွယ်အားထားရာ၊ ရှိခိုးဦးခိုက်ရာ ဖြစ်သည်။ ထိုကဲ့သို့ လောကသုံးပါး၏ ရှိခိုးဦးခိုက်ခြင်းကို ခံယူတော်မူထိုက်ပြီး အားကိုးအားထားပြုနိုင်ရန်အတွက် ပြင်ဆင်ခဲ့ရသော၊ ဖြည့်ကျင့်ခဲ့ရသော အကြောင်းတရားများစွာ ရှိပါသည်။ ဘုရားတစ်ဆူဖြစ်ရန် မဆိုထားနှင့်၊ ဘုရားအလောင်းဖြစ်ရန်ပင် မလွယ်ပေ။ အကြောင်းအခြင်းအရာများစွာနှင့် ပြည့်စုံရန်လိုအပ်ပေသည်။ အချုပ်အားဖြင့်ဆိုရသော် ဘုရားတစ်ဆူဖြစ်ရန်အတွက် သာမန်လူသားဘဝမှသည် ဘုရားအလောင်းတော်ဘဝရောက်ရန် လိုအပ်ချက်များစွာရှိသည်။

ဤဆောင်းပါး၌ ထိုအချက်များနှင့်တကွ ဘုရားတစ်ဆူနှင့် ပတ်သက်၍ မှတ်ဖွယ်ရာများကို ပညာရှင်ကြီးများ ရေးသားပြုစုထားသော ကျမ်းအဆူဆူမှ ထုတ်နှုတ်၍ စုစည်းတင်ပြ ပူဇော်လိုက်ရပေသည်။

ပုဒ္ဓ = ဗုဒ္ဓသည် ပါဠိစကားဖြစ်သည်။ ဗုဒ္ဓကို ဘုရားဟု လူအများက ခေါ်ဝေါ်သုံးစွဲကြသည်။ ဗုဒ္ဓဆိုသည်မှာ သစ္စာလေးပါးကို သိရှိတော်မူပြီးသည်ဟု ပါဠိအဘိဓာန်၌ အနက်ဖွင့်ထားသည်။

ဘုရား (၂) မျိုး

(က) ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရား။

(ခ) သစ္စာလေးပါးကို အသီးအခြား သိတော်မူသော ပစ္စေကဗုဒ္ဓါဘုရား။

ဘုရား (၃) မျိုး

(က) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသောမညာဓိကဘုရား။

(ခ) ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသော သဒ္ဓါဓိကဘုရား။

(ဂ) တစ်ဆယ့်ခြောက်သင်္ချေ နှင့် ကမ္ဘာထစ်သိန်း ဖြည့်ကျင့်ရသော ဝီရိယာဓိကဘုရား။

ဘုရားဆုပန်ပုဂ္ဂိုလ်များ ပြည့်စုံရမည့် အင်္ဂါ (၈) ပါး

၁။ လူသားစင်စစ်ဖြစ်ရခြင်း။

၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း။

၃။ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏ အကြောင်းကောင်းမှု ရှိရခြင်း။

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း။

၅။ သာသနာ့ဝန်ထမ်း ရသေ့ရဟန်း ဖြစ်ခြင်း။

၆။ အဘိညာဉ်သမာပတ်ဟူသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံရခြင်း။

၇။ ဘုရားရှင်အား ကိုယ်၊ အသက်စွန့်လှူခြင်းဟု ဆိုအပ်သော လွန်ကဲသော ကုသိုလ်ကောင်းမှု ရှိခြင်း။

၈။ ဘုရားဖြစ်ကြောင်း ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ လွန်ကဲသော သမ္မာဆန္ဒ ရှိခြင်း။

ဘုရားဆုပန်နိုင်ရန် အကြောင်းရင်း (၄) မျိုး

၁။ ဘုရားဆုပန်မည့် ဒေယျကျမ်း မြတ်သည် ရှေးရှေးဘုရားရှင်တို့ထံ၌ အဓိကာရကောင်းမှုကုသိုလ်ထူးကို ပြုခဲ့ဖူးခြင်းတည်းဟူသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏ အားကြီးသော အကြောင်း၏ ပြည့်စုံခြင်း။

၂။ ပင်ကိုအားဖြင့် ကရုဏာ ဓာတ်ခံကြီးမားခြင်း၊ မိမိ၏ ကိုယ်နှင့် အသက်ကိုပင်စွန့်၍ သတ္တဝါတို့၏ဒုက္ခကို ပယ်ရှားလိုခြင်းဟူသော ကရုဏာ၏ ပြည့်စုံခြင်း။

၃။ ယောကျ်ားမြတ်သည် မိမိအလိုရှိအပ်သည့် ဘုရားအဖြစ်တည်းဟူသော အကျိုးပြီးစီးသည့်တိုင်အောင် အလွန်ကြာမြင့်စွာ အားထုတ်ရသော်လည်း ဝဋ်ဒုက္ခနှင့်တကွ သတ္တဝါတို့၏ စီးပွားအတွက် ခဲယဉ်းလှသောအကျပ်ပို့ဆိုကို ကျင့်ရ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှ မငြီးငွေ့ခြင်း၊ မကြောက်ခြင်းဟူသော လုံ့လနှင့်ပြည့်စုံခြင်း။

၄။ ယောက်ျားမြတ်သည် အစီးအပွား မဲ့မှ တားမြစ်၍ အစီးအပွားဌာန် ယှဉ်စေသည့် မိတ်ဆွေကောင်းကို ဖိုခိုဆည်းကပ်ခြင်းတည်းဟူသော မိတ်ဆွေကောင်း၏ ပြည့်စုံခြင်း။

ဘုရားဆုပန်နိုင်ရန် စွမ်းအားကြီး (၄) မျိုး

၁။ ယောက်ျားမြတ်သည် တူရားဌာန ရှိသေလေးစားသော ဓမ္မဂါရဝစိတ်ဖြင့် မိမိကိုယ်စွမ်းကို အမှီပြုကာ သဗ္ဗညုတဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေခြင်း။

၂။ ပြင်ပလောက သူတစ်ပါးကိုအမှီပြုကာ သဗ္ဗညုတဉာဏ်၌အလွန်အမင်း အမှန်အကန် စိတ်ညွတ်နေခြင်း။

၃။ အရဟတ္တမဂ်ဉာဏ် ရရှိဖို့ အားကြီးသော အကြောင်း၏ ပြည့်စုံခြင်းကို အကြောင်းပြု၍ အလွန်အမင်း၊ အမှန်အတန် စိတ်ညွတ်ခြင်း။

၄။ သဗ္ဗညုတဉာဏ်ကို ရစေနိုင်လောက်အောင် ပြောင်မြောက်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ဥပနိဿယအဓိကာရကုသိုလ်များကို ရှိရှိသေသေ အမြဲပြုကျင့်ခြင်း။

ဘုရားဆုပန်နိုင်သော အထောက်အပံ့ဓောင်း (၄) မျိုး

၁။ ဘုရားဆုပန်မည့် ယောက်ျားမြတ်သည် သက်တော်ထင်ရှား မြတ်စွာဘုရား ပြုအပ်သော တန်ခိုးပြာဋိဟာကို တိုယ်တိုင်ဖူးတွေ့ရသောအခါ မြတ်စွာဘုရား၏ အာနုဘော်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်ခြင်း။

၂။ ကိုယ်တိုင် ဘုရားရှင်ကို မဖူးတွေ့ရသော်လည်း မြတ်စွာဘုရား၏ အာနုဘော်အား သူတစ်ပါးထံမှ တစ်ဆင့် ကြားရသည်ကို အကြောင်းပြု၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်ဘတ်ခြင်း။

၃။ မြတ်စွာဘုရား၏ အာနုဘော်ကို တိုယ်တိုင်လည်းမမြင်ရ၊ သူတစ်ပါးထံမှလည်း မကြားရစေကာမူ မြတ်စွာဘုရား ဟောကြားတော်မူသော အာနုဘော်နှင့် စပ်သော တရားတော်တို့ကို ကြားနာရ၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်ခြင်း။

၄။ အထက်ဖော်ပြပါ အကြောင်းသုံးပါးမရှိသော်လည်း ဘုရားဆုဝန်လိုသော ယောက်ျားမြတ်သည် အလွန်မြင့်မြတ်သော နှလုံးဓာတ်ခံရှိသည်ဖြစ်၍ မြတ်စွာဘုရားတို့၏ အနွယ်အဆက်၊ ထုံးတမ်းစဉ်လာ ဓမ္မတာကို မကွယ်မပျောက်အောင် စောင့်ရှောက်လိုသော စိတ်ဖြစ်၍ တရားတော်ကို လွန်စွာရှိသေမှုဇော်လျက် ထိုဓမ္မဂရုစိတ်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်ခြင်း။

ဘုရားအလောင်းတို့၏ ထူးခြားသော အခြင်းအရာ (၄) ပါး

၁။ အမျိုးဇာတ်၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။

၂။ ကမ္မဋ္ဌာန်းတရား၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။

၃။ အသက်တော်၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။

၄။ အရပ်တော်ပမာဏ၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။

ဘုရားအလောင်းတော်တို့ ဖြစ်နိုင်သော ဘဝဌာန (၁၈)မျိုး

၁။ ပဒေသနေအားဖြင့် ကန်းသူ၊ နားပင်းသူ မဖြစ်ခြင်း။

၂။ အရူး မဖြစ်ခြင်း။

၃။ ခံတွင်းမှ သွားရည်ယိုသူ၊ ဆွံ့အသူ မဖြစ်ခြင်း။

၄။ လူရိုင်းတို့၌ မဖြစ်ခြင်း။

၅။ ကွန်မဝမ်း၌ ပဋိသန္ဓေမနေခြင်း။

၆။ နိယတမိစ္ဆာအယူရှိသူ မဲဖြစ်ခြင်း။

၇။ လိင်ပြောင်းလဲမှု မဲ့ရှိခြင်း။

၈။ ပဉ္စာနန္တရိယကံကို မကျူးလွန်ခြင်း။

၉။ နှုနာစွဲကပ်သူ မဖြစ်ခြင်း။

၁၀။ တိရစ္ဆာန်မျိုး၌ ဖြစ်သော်လည်း ငုံးထက်မငယ် ဆင်ထက်မကြီးသော သတ္တဝါဖြစ်ခြင်း။

၁၁။ ခုပ္ပဝါသိက နိဂ္ဂါမတက္ကိုက ပြိတ္တာဘုံဘဝတို့၌ မဖြစ်ခြင်း။

၁၂။ ကာလကဉ္စိက အသုရာတို့၌ မဖြစ်ခြင်း။

၁၃။ အဝီစိငရဲ၌ မဖြစ်ခြင်း။

၁၄။ လောကန္တရိက် ငရဲတို့၌ မဖြစ်ခြင်း။

၁၅။ ကာမာဝစရနတ်ပြည်တို့၌ မာရ်နတ် မဖြစ်ခြင်း။

၁၆။ ရူပဗြဟ္မာပြည်တွင် အသညသတ်ဘုံသုဒ္ဓါဝါသဘုံတို့၌ မဖြစ်ခြင်း။

၁၇။ အရူပဘုံတို့၌ မဖြစ်ခြင်း။

၁၈။ အခြားသော စကြဝဠာ တို့၌ ပြောင်း၍မဖြစ်ခြင်း။

ဘုရားလောင်းတို့၏ ဂုဏ်ကျေးဇူး (၁၀) ပါး

၁။ တပ်မက်မှုမရှိခြင်း။

၂။ ကပ်ငြိမှုမရှိခြင်း။

၃။ ပေးကမ်းနိုင်ခြင်း။

၄။ စွန့်လွှတ်နိုင်ခြင်း။

၅။ နောက်သို့ပြန်မဆုတ်ခြင်း။

၆။ သိမ်မွေ့နူးညံ့ခြင်း။

၇။ ကြီးကျယ်မြင့်မြတ်ခြင်း။

၈။ သိနိုင်ခဲခြင်း။

၉။ ရနိုင်ခဲခြင်း။

၁၀။ ဘုရားဖြစ်ကြောင်း ဗုဒ္ဓဓမ္မ အတ္ထ မရှိခြင်း။

ဘုရားလောင်းတို့၏ မြဲခြင်း(၅)မျိုး

၁။ ဘုရားအလောင်းတို့၏ အမိအဖ တို့သည်မြဲခြင်း။

၂။ သဗ္ဗညုတဉာဏ်တော်သည်မြဲခြင်း။

၃။ အဂ္ဂသာဝကတို့သည်မြဲခြင်း။

၄။ သားတော်သည်မြဲခြင်း။

၅။ အလုပ်အကျွေးသည်မြဲခြင်း။

ခရာ(ကေတ)

ကျမ်းကိုး

(၁) အရှင်မွေသာမိဘိဝံသ စီစဉ်နေသားသည့် ခေတိမိပါဠိပြန်မာအဘိဓာန်၊ (၂) မင်းလှစံခြင့်၏ စံခြင့်မှတ်စု၊ (၃) မိလိန္ဒပဉှာ၊ (၄) ဓမ္မဒီပဓာန် စာပေပညာရှင်များ ပြုစုသော ပိဋကသုံးပုံ သမ္ဘန်စုံ အဘိဓာန်။

❑

www.burmeseclassic.com

ကိုရဲဝင်းမြင့်၊ ဟန်း၊ ငွေနှင့်ရွှေကို ဆင်ခြင်နည်းသင်ခြင်း

"ကုင်းနိုင်ရင် ကင်းအောင်နေ၊ မကင်းနိုင်ရင် ကောင်းအောင်နေ၊ မကောင်းနိုင်လျှင် ကင်းအောင်နေ" ဆိုသော စာသားဝါကျလေးကို မှတ်မှတ်ထင်ထင် ရှိနေမိသည်။

ဘဝတိုတို့မှာ တစ်စုံတစ်ရာနှင့် ကင်းကင်းရှင်းရှင်း နေလိုသည့်အခါတိုင်း ထိုဆောင်ပုဒ် ဝါကျလေးကို သတိတရ ရှိမိတတ်သည်။ မိမိဘဝ၌ ကင်းကင်းရှင်းရှင်းနေလိုသော အကြောင်းအရာများစွာတို့ ရှိခဲ့ဖူးပါသည်။

ပစ္စည်း၊ မာတု၊ ဤနှစ်ခု၊ ဘိကျွေသေမင်း၊ ဓားနှစ်စင်း' ဟူသော နိယံဆောင်ပုဒ်ကို မှတ်သားနာယူပြီးသည့် နောက်တွင် ရဟန်းဘဝ၊ ရဟန်းအသက်ကို လျင်လျင်မြန်မြန် ထွက်ခွာသွားစေခိုင်သည့် ငွေရေးကြေးရေးနှင့် ပစ္စည်းလာဘ်လာဘ၊ ပြီးတော့ မာတုဂါမ အာရုံ၊ သည်နှစ်ခုလုံး ကင်းကင်းရှင်းရှင်း နေလိုခဲ့ဖူးသည်။

သည်နှစ်ခုက ရဟန်းကုပ်ပေါ်မှာ ဝဲနေပြီး ခုတ်ထစ်ခြင်း ခံရလျှင် ရဟန်းအသက် ဆုံးရှုံးနိုင်စေလို့ အမြဲသတိတရား လိုအပ်နေသည့် အရာမဟုတ်ပါလား။

ထိုသတိပေး ဆုံးမမှုကို နာယူပြီးသည့်နောက်၌ ငွေကြေး မက်မောသူ မဖြစ်လိုခဲ့။

တတ်နိုင်လျှင် ငွေရေးကြေးရေးနှင့် ကင်းနိုင်သမျှ ကင်းချင်ခဲ့သည်။ ယောကျ်ားထို့ ကုသိုလ်စိတ်ထားမြတ်ကို ချီးဖဲ့ဖျက်ဆီးပစ်နိုင်သည့် အရာများထဲတွင် ထိပ်ဆုံးမှ အနီးကပ် ရန်သူပမာ ရှိနေသည့် မာတုဂါမ အာရုံများနှင့် လည်း ရှင်အာနန္ဒာကို ဘုရားရှင် ဆုံးမထားသကဲ့သို့ ကင်းကင်းရှင်းရှင်း နေလိုခဲ့ဖူးသည်။

ရဟန်းဘဝ ရဟန်းတရားဖြင့် ဖြူဖြူစင်စင်၊ အပြစ်ကင်းကင်း နေသွားလိုသည့် ရဟန်းတော်တစ်ပါးအတွက် ပထမဦးဆုံး သတိဝိရိယ ကြီးစွာထားပြီး ရှောင်ရှားရမည့် အရာမှာ မာတုဂါမ အာရုံဖြစ်ကြောင်း၊ အထူးပြောဖွယ်လိုမည် မထင်ပါ။

ထိုအရာ နှစ်ခုနှင့် ကင်းကင်းရှင်းရှင်း နေနိုင်ခဲ့ပါရဲ့လား။ မိမိကိုးကို

www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းထုတ် မေးမိတိုင်း ခဏခဏ ကြုံနေလေ့ရှိသည့် စာမေးပွဲကလည်း ထိုမေးခွန်း တစ်ခုတည်းပင်ဖြစ်ခဲ့သည်။

ထိုကားနှစ်စင်းသည် မိမိလည်ပင်းထက်၌ အချိန်ကာလ များစွာ ရှိနေခဲ့ကြောင်း သိရသည့်အခိုက်တွင် မိမိတူးဖော်ခဲ့သော မိုက်တွင်းသည် တော်တော်နက်ခဲ့ပြီဖြစ်ကြောင်းသိလိုက်ရသည်။

ထက်လှစွာသော ကားနှစ်စင်းနှင့် မိမိသည် မကင်းနိုင်ခဲ့ပါတကား။ တစ်ခါတစ်ရံ သွက်နှံးကို ဖောက်ဝင်လိုက်သည့် ကားချက်များက စူးရှလှပါတကား။

ငွေရေးကြေးရေး အကြောင်းကို စဉ်းစားမိတိုင်း မင်းတုန်းမင်းလက်ထက် ခန့်အပ်ထားသော သာသနာရေး အမှုထမ်းများက ဆွမ်းဆန်တော် အစား အလုပ်သက်သာမှုကို ကြည့်၍ လွယ်လွယ်ကူကူ ခေါင်းဒင်္ဂါးများကို လှူကြရာမှ 'ပျိုတို့မောင် ဝါဝါဝတ်တို့ ခေါင်းခွပ်ခြင်းခံကြရပုံ' အကြောင်းကို ဆင်ခြင်သုံးသပ်မိသည်။

သင္ဘာယတနဝဂ္ဂ သံယုတ္တပါဠိတော် မဏိစူဠကသုတ်၌ -

'ရဟန်းတို့သည် ရွှေ၊ ငွေကို မည်သည့်အကြောင်းနှင့်မျှ မရှာမှီးအပ်၊ ရွှေငွေအပ်လျှင် မိန်းမလည်း အပ်တော့သည်၊ ရဟန်း မမည်တော့' ဟု ဟောတော်မူခဲ့၏။။

ထို ငွေကိုင်မှုကြောင့်ပင် ဒုတိယ သင်္ဂါယနာတင်၍ အရေးယူခဲ့ရသည်ကိုပင် မေ့လျော့နေကြလို့ သင့်ပါ့မလား ဆိုတာကိုပင် သတိတရ ရှိနေသည်။

ထို့အပြင် မမြဝဒအဋ္ဌကထာလာ မြတ်စွာဘုရားရှင်က ရှင်အာနန္ဒာပြောကြားခဲ့သည့် 'ပဿာနန္ဒအာသီဝိသော၊ ဝဿာမိဘန္တေယောရဝိသော' ဟူသော ဝါကျလေးကိုလည်း ဆင်ခြင်ပွားများမိသည်။

"အာနန္ဒာ၊ အဆိပ်တက် မြန်သည့် မွေးကို မြင်ပါရဲ့လား"

"မှန်ပါ အရှင်ဘုရား၊ ကြမ်းတမ်းသော အဆိပ်ရှိသည့် မွေးကို မြင်ရပါသည်"

ထိုဝါကျ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကို စာဖတ်သူ ဓမ္မမိတ်ဆွေများ ကြားဖူးပြီး ဖြစ်ပါလိမ့်မည်။ နာဖူးထပ်မံလို့ သဘောထားပြီး ထပ်မံအကြည်ညိုသစ္ဆေးပါသေးသည်။

ဝိုးရာသီ၏ နေ့ရက်များထဲက တစ်ရက်မှာ လယ်သမားတစ်ယောက် လယ်ထွန်နေသည်ဟုဆိုကြပါစို့။ အိမ်နီးနှိုင်ငံ သာဝတ္ထိမှ လယ်ကွင်းဖြစ်လို့ ထိုနေ့နံနက်ခင်းအချိန်မှာ ရဟန်း သံဃာတော်များကလည်း ဆွမ်းခံချိန်၊ ထိုနံနက်မတိုင်ခင် ညက သာဝတ္ထိမြို့တွင် ဝိုးမှုတစ်ခု ဖြစ်ပွားခဲ့သည်။ သာဝတ္ထိမြို့မှ ရေဆိုးစွန့်ထုတ်ရာ ချောင်းကြီးမှ ဝင်လာကြသည်ဟု အဋ္ဌကထာက ဆိုသည်။

ချစ်ဆွာကြွယ်ဝ၊ အာဏာလည်းရှိသည့် အိမ်တစ်အိမ်ကို ဥမင်လိုက်ခေါင်း ဖောက်ဝင်ပြီး ပစ္စည်းဥစ္စာ အဖြောက်အပြား ဝိုးယူကာ ရေငြွန်ပိုက်မှ ပြန်လှည့်ထွက်ခွာသွားကြသည်။

ဝိုးယူ၍ရလာသည့် ရွှေ ငွေများကို မနက်ဖြန် လယ်ထွန်မည့် လယ်ကွက်ထဲတွင် ခွဲဝေမှုပြုခဲ့ကြဆဲဆိုသည်။ သူဝိုးတစ်ယောက်က သူဝိုးအချင်းချင်း လှည့်ပတ်ပြီး တောင်တန်တစ်ထုပ်ကို သူ့ခါးပိုက်ထဲတွင် ဝှက်ယူခဲ့ပြီး ခွဲတမ်းထဲတွင် ထည့်မဝေခဲ့။

ကံဆိုးချင်တော့ ထိုထောင်ထုပ်က လယ်ကွင်းတဲတွင် ကျကျန်ရစ်ခဲ့လေသည်။

ထိုအဖြစ်အပျက်ကို နံနက်စောစောအချိန်တွင် မြတ်ဗုဒ္ဓကိုယ်တော်တိုင် သိခဲ့၊ မြင်ခဲ့သည်။ ထိုဆောင်တန်တစ်ထုပ်ကို အကြောင်းပြုပြီး လယ်သမားတစ်ယောက် တရားထူးရနိုင်မည့် အဖြစ်ကိုလည်း သိခဲ့၊ မြင်ခဲ့သည်။ တရားထူးရနိုင်မည့်အကြောင်းကို ထောက်၍ မြတ်ဗုဒ္ဓက လယ်သမားရှိရာသို့ ကြွသွားခဲ့သည်။

လယ်တောသို့ ကြွတော်မူလာသည့် ဘုရားရှင်ကို ရှိုးဦးဦးတင်ပြီး လယ်သမားကြီးက လယ်ခုတ်ထွန်နေသည်။ ဘုရားရှင်က ထောင်တန် တစ်ထုပ် ကျကျန်ရစ်သည့်နေရာသို့ သွားပြီး ရှင်အာနန္ဒာအား အမိန့်ရှိလိုက်သည်။

" ပဿအာနန္ဒ၊ အာသီဝိသော အဆိပ်တက်မြန်သည့်မွေးကို မြင်ရဲ့လား အာနန္ဒာ"

"ပဿာမိ ဘန္တေ ယောရဝိသော အဆိပ်တက်ကြမ်းသည့်မွေးကို မြင်ရပါသည် အရှင်ဘုရား"

ထို့စကားနှစ်ခွန်းကို လယ်သမားကလည်း ကြားလိုက်ရသည်။

အမေ့၊ အဖြေ တစ်ခုကို ပြုပြီးသည့် ဘုရားရှင်နှင့် နောက်ပါ ရဟန်းတော်များ ကြွလှမ်းသွားကြသည်။

လယ်သမားတ သူ့လယ်ထဲတွင် မွေးရှိနေသည်ဆိုသော ဘုရားရှင်စကားကို မှတ်သားကာ မွေးကိုသတ်ရန်အသွား၌ တကယ့်မွေးမဟုတ်ဘဲ မွေးနှင့်တူသည့် ငွေထုပ်ကို တွေ့လိုက်ရသည်။

ဘုရားရှင်က ငွေထုပ်ကို မွေးဟု ခိုင်းနှိုင်း ပြောကြောင်းသိခဲ့သော်လည်း မလိမ္မာ မပါးနပ်မှုကြောင့် ငွေထုပ်ကို မြေမှုန့်အုပ်ပြီး လယ်ဆက်ထွန်နေခဲ့သည်။

သိပ်မကြာမီ အချိန်အတွင်း သာဝတ္ထိမှ စုံထောက်ကျော်တို့ ဝိုးသားတို့၏ ခြေရာကိုကောက်ပြီး လိုက်လာကြသည်။ စုံထောက် မင်းချင်းတို့ရဲ့ ကျွမ်းကျင်မှုကြောင့် လယ်ကွက်ထဲမှ ခြေရာလက်ရာကြည့်ပြီး ဤနေရာတွင် ပစ္စည်းဥစ္စာ၊ ဘဏ္ဍာများ ခွဲဝေသွားသည်ကို သိသွားကြသည်။ ခြေရာကောက်လိုက်ရင်း လယ်သမားဝှက်ထားသည့် ငွေထုပ်ကိုလည်း တွေ့မြင်သွားကြသည်။ ညအချိန်တုန်းက သူဝိုးလုပ်ပြီး အခုမှ လယ်ထွန်ယောင်ဆောင်ပြနေသည် ဟူသော စွပ်စွဲချက်ဖြင့် လယ်သမားကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အရေးပါသည့် စကားကို အရာမရောက်သူ့ရှေ့မှာ မပြောသလို အရာရောက်သည့် စကားကို အရေးမပါသည့်လူရှေ့မှာ မပြောခဲ့သည့်အတွက်

ဘုရင့်ထံအပ်တော့ အာဏာပါးကွက်သားတို့ထံ အပ်နှံပြီး အမိန့်ထုတ်လိုက်ပုံက သတ်စေ။ ထိုခဏ၌ လယ်သမားက ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ပြောဆိုခဲ့သည့် စကားများကို အမှတ်ရသွားပြီး အာဏာပါးကွက်သားတို့ ရှေ့တွင် -

"ပဿအာနန္ဒာ အာသီဝိသော၊ ပဿာမိ ဘဂဝါ ယောရ ဝိသော"

ဟူသော အမေး၊ အဖြေစကားကို ခုမှသဘောပေါက်ခဲ့ပုံဖြင့် ကြိမ်ဖန်များစွာ နောင်တရရွတ်ဆိုရင်း ကြိုးစင်ရှိရာသို့ လိုက်ပါလာခဲ့သည်။

"ကယ်ပါ ယူပါ သနားမှါ... အသက်ကို ချမ်းသာပေးပါ"

ဟု မအော်ဟစ်ဘဲ မြတ်စွာဘုရားရှင်နှင့် အာနန္ဒာတို့ အမေး၊ အဖြေစကားကိုသာ အထပ်ထပ် ရွတ်ဆိုနေသည့် သူခိုးလယ်သမားကို အာဏာပါးကွက်သားတို့က နားမလည်နိုင်ဖေ။

ဘာကြောင့်များ သည်စကားကို အထပ်ထပ်ရွတ်နေရကြောင်း လယ်သမားကို အံ့သြလွန်းလို့ မေးသည်။ သေရမည့်အရေးဆိုတော့မှ လယ်သမားက ပါးနပ်သည်။ ရှင်ဘုရင်ရှေ့ရောက်မှ သူစကား အကြောင်းကို ရှင်းပြနိုင်မည်ဟူသတတ်။

အသက်ကို ဥဏ်စောင့်သလို လယ်သမားအနေဖြင့် အရေးပါသည့် စကားကို အရာမရောက်သူ ရှေ့မှာ မပြောသလို အရာရောက်သည့်စကားကို အရေးမပါသည့်လူရှေ့မှာ မပြောခဲ့သည့်အတွက် အာဏာပါးကွက်သားတို့ကလည်း ရှင်ဘုရင်ရှေ့တော်မှောက် ပြန်ခေါ်သွားခဲ့ရသည်။

သာဝတ္ထိဘုရင်က ထိုစကားအကြောင်း ရှင်းစေဆိုတော့မှ မနက်ကဖြစ်ပျက်ခဲ့သမျှ အလုံးစုံကို လယ်သမားက ဘုရားရှင်ကို သက်သေထူပြီး ရှင်းရှင်းလင်းလင်း ပြောပြသည်။ ဘုရင်ကလည်း ဘုရားရှင် မျက်နှာကြောင့် လယ်သမားကို ချမ်းသာပေးလိုက်သည်။ မြတ်ဗုဒ္ဓစကားတစ်ခွန်းသာ မရှိခဲ့ပါက လယ်သမား အသက်ထွက်လောက်ပြီ။ ညနေပိုင်းကျတော့ သာဝတ္ထိဘုရင်က လယ်သမားကိုခေါ်ပြီး မြတ်စွာဘုရားရှင်ထံ သွားကြသည်။ လယ်သမားနှင့် ပတ်သက်သည့် အဖြစ်အပျက်ကို မေးမြန်းလျှောက်ထားသည်။

အကယ်၍ လယ်သမားက ဘုရားရှင်ကိုသာ သက်သေမညွှန်းဆိုခဲ့လျှင် အာဏာပါးကွက်သားတို့ လက်ချက်နှင့် အသက်သေလောက်ပြီးဖြစ်ကြောင်း ဘုရင်က လျှောက်ထားသည်။

ဘုရားရှင်က ထိုအဖြစ်အပျက်ကို ရှင်းလင်းပြပြီးနောက် လယ်သမားနှင့်ဘုရင်ကို တရားဒေသနာ ဟောပြတော်မူသည်။

"အကြင်အမှုသည် ပြုလုပ်ပြီးနောက်ပိုင်း နောင်တ တရားဖြင့် ပူပန်ရသည်၊ မျက်ရည်ပြည့် မျက်နှာဖြင့် ငိုကြွေးပြီး အကျိုးတရားကို ခံစားရသည်၊ ထိုအမှုမျိုးကို ပြုမိခြင်းသည် မကောင်း"

ထောင်တန်ထုပ်ကို အကြောင်းပြုပြီး ဟောကြားခဲ့သည့် မြတ်ဗုဒ္ဓ ဒေသနာတော်ပင်။

ဤဇာတ်လမ်းတွင် လျင်မြန်သော အဆိပ်ရှိသည့်မွေး၊ ကြမ်းတမ်းသော အဆိပ်ရှိသည့်မွေးဆိုသည်က ငွေ၊ ငွေရေးကြေးရေး ဟူသော အကြောင်းအရာကို စဉ်းစားမိတိုင်း ဒီဇာတ်လမ်းက မိမိခေါင်းထဲ ရောက်ရောက်လာစမြဲပင်။

ငွေ(သို့) အဆိပ်။ လူတို့အတွက် အသုံးမတတ်သောအခါ အဆိပ်၊ အသုံးတန်ဖိုးထက် အစွဲတန်ဖိုး ဝင်လာလျှင် အဆိပ်၊ အသုံးနဲ့ အစွဲတို့ ကွဲပြားအောင် ခွဲခြားနိုင်ပေမယ့် ရဟန်းတော်များအတွက်မူ အချိန်မရွေး အဆိပ်သာ ဖြစ်သည်။ ထိုအဆိပ်ကိုမှ ချိုသည်ဟု ထင်မှတ်သူများထဲတွင် မိမိလည်း အပါအဝင် ဖြစ်နေသေးသည်။ ဓားသွားပေါ်က ပျားရည်စက်များကိုမှ ချိုသည်ဟု ထင်ချင်ချင်ပင်။

ဖြတ်သန်းခဲ့ပြီးသော ဘဝတစ်လျှောက်၌ မြောက်မြားစွာသော ရဟန်းတို့ကို တွေ့ဆုံခဲ့ဖူးပြီး ထိုအထဲမှာမှ လူသည်းခြေကြိုက် ငွေနောက်ကို ကောက်ကောက်ပါအောင် လိုက်နေတဲ့ ကြွက်လမ်းစဉ်ပုဂ္ဂိုလ်များ တွေ့ရသလို ငွေနှင့်သီးခြားကင်းကွာပြီး ငှက်လမ်းစဉ်ပုဂ္ဂိုလ်မြတ်များလည်း တွေ့ရှိကြည်ညိုခဲ့ရဖူးသည်။

"ရဟန်းဆိုတာ ငှက်လို ကျင့်ရမယ်၊ ကြွက်လို မကျင့်ရဘူး၊ ငှက်ဆိုတာ မိမိအတောင်ပံသာလျှင် ဝန်ရှိပြီး ပေါ့ပေါ့ပါးပါး သွားလိုရာ၊ ပျံလိုရာ အချိန်မရွေး သွားနိုင်၊ ပျံနိုင်ရမယ်၊ ကြွက်ဆိုတာမျိုးက တွင်းကို နက်နိုင်သမျှ နက်အောင်တူး၊ တွေ့ကရာ ရနိုင်သမျှ ရအောင် ကိုက်ဖြတ်ချီသယ်ပြီး ကောင်းသော၊ မကောင်းသော စုဆောင်းနေရတာနဲ့ တစ်ဘဝ ကုန်ရတယ်"

စသည်ဖြင့် ဝိနည်း သိက္ခာကို လေးစားပြီး အများမျက်နှာကို မကြည့်ဘဲ ဘုရားမျက်နှာကိုသာကြည့်၍ ပစ္စည်းလာဘ်လာဘတို့၌ နစ်မြုပ်မနေဘဲ မိမိအလုပ် (ရဟန်းတရား)ကိုသာ အားသွန်ကျင့်ဆောင်ရန် ဆုံးမတော်မူထားခြင်းကို သတိမပြတ်အောင် အားထင်းနေရသည်။

ပထမဦးဆုံး ငွေနှင့်ဝတ်သက်ပြီး ကြည်ညိုဖွယ်ရာ ဖြစ်ခဲ့ရသည့် ရဟန်းတော်များစွာထဲမှ မန်ကျည်းတော ဆရာတော်အကြောင်း ရေးပြလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

'နိဗ္ဗာန်ကိုရည်၊ ကုတ်နှင့်ကိ၊ ကြောက်သည်မရှိရာ' ဆိုထုံးကို လမ်းညွှန်ခဲ့သော ဆရာတော် ဖြစ်သည်။

ဆရာတော်ကြီးသည် ဌက်မြတ်လမ်းစဉ်အတိုင်း သူ့ဆီမှာ မည်သည့်အနှောင့်အဖွဲ့မျှ ချုပ်နှောင်ထားခြင်းမရှိဘဲ တစ်နေရာတည်းတွင် အတည်တကျ နေသည်မဟုတ်ပေ။ သွားလိုရာ ကို လွတ်လွတ်လပ်လပ် သွားနိုင်သည်။ သို့ပေမဲ့ ဝိနည်းသိက္ခာကို အလေးထားပုံတူတော့ အံ့ဩစရာ ကောင်းသည်။ သွားလေရာ သပိတ်၊ ဒုက္ကုဋ်သင်္ကန်းကြီးနှင့် ငွေကြေးကို စိုးစဉ်းမျှ အလှူခံပေ။

ဆရာတော်ကြီးမှာ ခရီးထွက်သည့်အခါ တစ်စုံတစ်ယောက်မျှ လှူဒါန်း ကပ်ဖွယ်မရှိလျှင် လိုင်းကားသမားစယ်ယာကို ပိုက်ဆံမကိုင်ပါကြောင်း ပြောစီးသည်။ မည်သို့မျှ ပြောပြ၍ မရလျှင် သူ့လွယ်အိတ်ထဲမှ ဗလာစာအုပ်၊ ဆပ်ပြာခဲ စသည်တို့ကို လိုင်းကားခအဖြစ် ပေးထားခဲ့သည်။

နောက်ထပ် ကြည်ညိုရသော ဆရာတော်ကြီးတစ်ပါးလည်း ရှိပါသေးသည်။ စာရေးသူတို့ မြို့က ပထမဦးဆုံး နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော်ကြီး ဖြစ်ခဲ့သော မြို့မဆရာတော်ဘုရားကြီး ဖြစ်သည်။ စာဖတ်သူတို့ အကြည်ညိုသစ်စေရန် တင်ပြလိုသည်။ ဆရာတော်ကြီး၏ ဝိနည်းသိက္ခာတော်ကို လေးစားကြသော ဒကာရင်း၊ ဒကာမအရင်းအချာများက ဆရာတော်ကြီး ကြွချီမည့်လမ်းကြောင်းတွင် ငွေလှူများ တမင်ချထားရာ . . .

"ဆရာတော်ကြီးက ဟဲ့ - စက္ကူတို့ဆိုတာတွေ လှည်းလိုက်ပါဦး" လို့ ပြောသည်။ ဒကာမများက -

"ဆရာတော်ဘုရား စက္ကူတွေ ဘာတဲ့လဲ၊ သေသေချာချာ ကြည့်ပါဦး" လို့ ထပ်မံလျှောက်ထားရာ -

"တိရစ္ဆာန်ပုံလေးတွေ ဆွဲထားတဲ့ ပုံတွေပါဟဲ့" လို့ ပြန်ဖြေတော်မူခဲ့သည်။ ဒကာမကြီးများက ထပ်မံ၍ -

"စက္ကူမဟုတ်ဘူး ဘုရား၊ နှစ်ဆယ့်ငါးကျပ်တန်တွေပါ ဘုရား၊ ဟောဒါက တစ်ဆယ်တန်လည်း ပါတယ်၊ ငါးကျပ်တန် ဆိုတာ ဟောဒီဟာပါ ဘုရား" လို့ အရဲတင်း၍ လျှောက်တင်ကြတဲ့အခါမှာတော့ -

"ဟင်း- ဟုတ်ကဲ့လား။ မသိပါဘူးကွာ၊ စက္ကူစုတ်တွေလို့သာ အောက်မေ့ပြီး အမှိုက်လှည်းခိုင်းတာပါ။ မထူးပါဘူး၊ အမှိုက်တွေပါပဲ" ဟု ပြောပြော ဆိုဆို နင်းလျှောက်သွားခဲ့ပုံလေး ပြန်စဉ်းစားမိတိုင်း ကြည်ညိုစိတ်ရင်းက ဌာပနာသဖွယ် တိန်းတည်လျက် ရှိနေသည်။

ထိုကဲ့သို့ ဝိနည်းတော်ကိုဦးထိပ်ထားကြသည့် ဆရာတော်များစွာ၏ ငွေမကိုင်ပုံမျိုးကို မိမိက အလွန်သဘောကျ အတုခိုးချင်သည်။ ကိုယ့်ကိုယ်ကိုယ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသလို သူတစ်ပါးကိုလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေပါ။ ကပ်ဖွယ်ကာရက မရှိလည်း ရသည်။ သူတို့ကို ဘယ်သူကမျှ သီးသန့် ဂရုတစိုက် ဝန်ဆောင်မှုပေးဖွယ်ရာ မလိုအပ်၊ ဘဝ၌ ဤသို့သော ကြည်ညိုဖွယ်ရာတန်းတော်မျိုးကိုလည်း တွေ့ကြုံ ဖူးလို့ လူဖြစ်ကျိုး၊ သာသနာကြုံကျိုး နဝံသည်ဟု ဥဒါန်းကျူးချင်သည်။

မည်သို့ဆိုပါစေ ငွေနှင့်ကင်းနိုင်ခြင်းသည် ကောင်းပါသည်။ ကင်းနိုင်ရင် ကင်းအောင်နေမှ ဗုဒ္ဓဝံသအန္တယ် သားကောင်း အာဇာနည် ရဟန်းမြတ် ဖြစ်ပေမည်။

ငွေကြေးနှင့်ပတ်သက်ပြီး "အသုံးနှင့်အစွဲ" ကို ကွဲပြားအောင် ခွဲခြားသတ်မှတ် ကျင့်ဆောင်သော အယူအဆကို မိမိလက်ခံထားသည်။ ငွေကို မက်မောအားကျဖွယ်ရာအဖြစ် လောကဌ် မထားအပ်။ ငွေဟူသည်မှာ လူတို့၏ အများကြိုက်လမ်းစဉ်ဖြစ်သည့်အတွက် အလိုရှိသည့်အခါ အသုံးပြုရန်မှတစ်ပါး ငွေကြေး၏ လွှမ်းမိုးမှုအောက်သို့ ရောက်ရှိမသွားဘဲ အာသာငမ်းငမ်းဖြင့် စုဆောင်းသိမ်းဆည်းခြင်းမျိုး မပြုသင့်။ ငွေမရှိလျှင်လည်း ရသည်။ ရှိသော် အသုံးပြုမည်။ အသုံးတန်ဖိုးထက် ကျော်လွန်ကာ အစွဲတန်ဖိုးအဆင့်ထိ မရောက်စေဘူးဟူသော အတွေးအခြင်မျိုး ဖြစ်သည်။ "သုံးတော့သုံး၊ မစွဲစေနဲ့" အဓိပ္ပာယ်မျိုး ဖြစ်သည်။

ဤအတွေးအခြင်က "မကင်းလျှင် ကောင်းအောင်နေ" ဟူသော အတွေးအခြင်မျိုး ဖြစ်မည်ထင်သည်။

ငွေကြေးကို မတတ်သာ၍ ကိုင်တွယ်သည် ဖြစ်စေ၊ ထိုငွေကြေးနှင့် ပတ်သက်ပြီး ကြီးမားသော လောဘဒေါသစေတနာ၊ ဒေါသစေတနာ၊ မောဟစေတနာ အကုသိုလ်အပြစ်တို့ မဖြစ်စေရ။ ဤသို့သော နှလုံးသွင်းမှုမျိုးကပင် ကောင်းအောင် နေနိုင်သည့် အတွေးအခြင်မျိုး ဖြစ်ပါလိမ့်မည်။

မတတ်သာ၍ မလွဲသာမရှောင်သာ ကိုင်တွယ်ရပါသည်ဆိုပေမယ့် မလွဲချင်၊ မရှောင်ချင် အဆင့်မှ မလွဲနိုင်၊ မရှောင်နိုင် အစွဲပြင်းသွားပုံတွေကို လယ်တီဆရာတော်ဘုရားကြီး၏ စကားကို မတန်မရာ ယူသုံးရလျှင် "ငရဲပြည်မှာ ထန်းပင်လုံးကြီးညွတ်မှ" သာသနာသမိုင်းမှာ ဘုရားရှင်မျက်နှာတော်ကို မကြည့်ရဲတော့တဲ့အထိ ကိုယ့်အဆင့် ကိုယ် သတ်မှတ် ရွေးချယ်သွားကြပါလိမ့်မည်။

အကယ်၍ တစ်စုံတစ်ယောက်က "ပဿအာသီဝိသော အဆိပ်တက်မြန်သော မြွေကို မြင်ပါရဲ့လား" ဟု မေးလာခြားအံ့။

ထိုအဆိပ်ပြင်းသော မြွေကိုပင် ကျွန်ုပ်တို့ ကောင်းမွန်စွာ ကိုင်တွယ် အသုံးပြုတတ်ဖို့ သင်ကြားကျင့်ဆောင်သွားဦးမည် မဟုတ်ပါလား။

ကိုအေးမင်း(ပဲခူး)

❑

www.burmeseclassic.com

www.burmeseclassic.com

သူခိုးကို ဓားရိုးကမ်းသောဝိန်းမ

မောင်မောင်ပိုးဒေါင်

'ကာမဂုဏ်အကြောင်းကို အဖန်ဖန် စဉ်းစားသူအား တဏှာသည် တိုးပွား၏။ ဤသူသည် မာရ်နတ်၏ ချုပ်နှောင်ခြင်းကို ခိုင်မြဲအောင်ပြုခြင်းဖြစ်၏'

(ဝိတက္ကမထိ) စသည့် ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စူဠဇနုဂ္ဂဟ ပဏ္ဍိတ ဖြစ်ခဲ့ဖူးသော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုအကြောင်းမှာ ပျိုမျစ်နုနယ် ရဟန်းငယ်တစ်ပါးသည် စာရေးတံခွသော အလှူဇရပ်၌ စာရေးတံယာဂုကို အလှူခံပြီး ဆွမ်းစားဇရပ်၌ ယာဂုကို သောက်၏။ ယာဂုသောက်ပြီး ရေမရှိသောကြောင့် အိမ်တစ်အိမ်သို့ကြွသွား၏။ ထိုအိမ်မှ မိန်းမပျိုသည် ရဟန်းငယ်ကိုမြင်လျှင် ချစ်ခင်စိတ်ဖြစ်ပေါ်၍ ပြုံးပြုံးရယ်ရယ်နှင့် နောက်တစ်ကြိမ် အလိုရှိလျှင် ဤအိမ်သို့ကြွလာပါဟု လျှောက်ထား၏။ ရဟန်းငယ်သည် သောက်ရေအလိုရှိလျှင် မိန်းမပျိုအိမ်သို့ သွား၏။

ဤသို့ဖြင့် မိန်းမပျိုနှင့် ရင်းနှီးလာ၏။ တစ်နေ့၌ ဆွမ်းကို ပေးလှူ၊ အံ့ဟု ရဟန်းပျိုကို အိမ်၌ထိုင်စေ၏။ သတို့သမီးသည် ရဟန်းပျိုအပါး၌မင်

www.burmeseclassic.com

ထိုင်နေ၍ "အရှင်ဘုရား၊ ဤအိမ်၌ လိုလေသေး မရှိပါ" ဟု လျှောက်ထား၏။ ရဟန်းပျိုသည် မိန်းမပျိုတို့၏စကားကို သာ ကြားယောင်၍ လူထွက်လိုစိတ် ဖြစ်လာ၏။

ရဟန်းတို့သိ၍ မြတ်စွာဘုရားထံ ခေါ်သွားကြ၏။ မြတ်စွာဘုရားက စိစစ်မေးမြန်းတော်မူပြီး -

"ဤမိန်းမ ဤသို့ ပြုခြင်းဌာန အံ့ဩဖွယ် မရှိ၊ ရှေးဘဝက ပညာရှိ ယောကျ်ားကို ဖောက်ပြားစွန့်ပစ်၍ ခဏမျှ တွေ့ရသော တစ်ယောက်သော ဦးသားယောကျ်ားကို စွဲလမ်းနှစ်သက်ပြီး ပညာရှိသူမြတ် ငယ်ပေါင်းယောကျ်ားကို သေစေခဲ့ပြီ" ဟု မိန့်တော်မူ၏။

ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ဇာတ်ကို ဟောကြားတော်မူ၏။

ဗာရာဏသီပြည်၌ ငြဟ္မဒတ်မင်းကြီး မင်းပြုသော ကာလဖြစ်၏။ ဘုရားအလောင်းတော်သည် သိကြားမင်းဖြစ်၏။ ယခု ရဟန်းပျိုသည် ဗာရာဏသီပြည်သား ပုဏ္ဏားဘဝ စူဠဓနုဂ္ဂဟ ပဏ္ဍိတဖြစ်၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာထံ အတတ်သင်ယူ၍ ဒိသာပါမောက္ခဆရာကြီးသည် ငါနှင့် ထပ်တူပင် ပညာရှိပေသည်ဟု သမီးကို ဆောင်နှင်းပေးအပ်၏။

စူဠဓနုဂ္ဂဟ ပဏ္ဍိတသည် လက်ထပ်ထိမ်းမြား ဇနီးမယားကို ခေါ်ယူ၍ ဗာရာဏသီပြည်သို့အသွား ခရီးအကြား၌ ကြမ်းကြုတ်သော ဆင်ကို မြားတစ်စင်းတည်းဖြင့် ပစ်သတ်ခဲ့၏။ မြားအစင်းလေးဆယ့်ကိုးခုကျန်၏။ နောက်တောအုပ်တစ်ခုသို့အဝင်တွင် ငါးဆယ်သော ဦးသားတို့နှင့်တွေ့၍ မြားဖြင့် တိုက်ခိုက်ပစ်သတ်၏။

မြားတို့ကုန်ခဲ့၍ ဦးသားအကြီး အမှူးတစ်ယောက် ကျန်သဖြင့် ထိုဦးသူအကြီးအမှူးကို ဝင်ရောက် လုံးထွေးမြေ၌ကျစေ၍ မယားအား သန်လျက်ကို ယူခဲ့လော့ဟု ပြောဆို၏။

ထိုမိန်းမသည် ရုတ်တရက် တွေ့မြင်ရသော ဦးသူအကြီးအမှူးကို စွဲလမ်းမိသဖြင့် သန်လျက်ကိုယူ၍ ဦးသူ၏ လက်၌ သန်လျက်ရိုးကိုထား၍ အသွားကို လင်ဘက်သို့ ပေး၏။ ဦးသူသည် သန်လျက်ကိုရ၍ စူဠဓနုဂ္ဂဟ ပဏ္ဍိတကို သတ်ပြီး ထိုမိန်းမကို ဆောင်၍ သွားတော့သည်။

ဦးသူသည် ဤသို့ကြံ၏။ လင်ယောကျ်ားကိုသတ်စေသော မိန်းမသည် အခြားယောကျ်ားတွေ့က ငယ်ပေါင်းလင်ကို သတ်စေဘိသကဲ့သို့ ငါ့ကိုလည်း သတ်စေလိမ့်မည်။ ဤမိန်းမဖြင့် ငါ့အား အုပ်ချယ်အကျိုးရှိအံ့နည်းဟုကြံ၍ လမ်းခရီးအကြား၌ မြစ်တစ်ခုကို တွေ့လေလျှင် ထိုမိန်းမ၏ဥစ္စာပစ္စည်းတို့ကိုယူ၍-

"ငါသည် ဤပစ္စည်းတို့ကို တစ်ဖက်ကမ်းသို့ ပို့ဆောင်ပြီး သင့်ကို လာခေါ်မည်"ဟု ပြောဆိုပြီး ပစ္စည်းများနှင့် တကွ တစ်ဖက်ကမ်းသို့ကူးသွားပြီး ထိုမိန်းမကိုထားကာ ခရီးဆက်၏။

တစ်ဖက်ကမ်းမှ မိန်းမသည် ထိုအဖြစ်ကိုမြင်၍

"ငါ့ကိုပြန်ခေါ်ပါ၊ တစ်ဖက်ကမ်း ရောက်အောင် ဆောင်ကြဉ်းပါ" ဟု အော်ဟစ်တောင်းပန်၏။

ဦးသား ယောကျ်ားက -

"အို- မိန်းမ၊ သင်သည် တစ်ကြိမ်တစ်ခါသာတွေ့ဖူးသော ငါ့အား ပေါင်းသင်းသလို ငယ်ပေါင်းလင်၏ အသက်နှင့် လဲလှယ်၍ ယူဘို၏၊ အသင့်ကို ငါပေါင်းသင်းနေသဖြင့် နောက်ထပ်တစ်ဖန် အခြားသော ယောကျ်ားကို တွေ့ပြန်ပါက ငါ့အသက်ကို သတ်ဖြတ်ကြွေယ် လဲလှယ်၍ ယူပြန်မည်ကို ငါကြောက်သဖြင့် သင်နှင့်ဝေးရာအရပ်သို့ ပြေးသွားတော့အံ့"ဟုလက်ဝတ်တန်ဆာဥစ္စာပစ္စည်းတို့ကိုယူ၍ ထွက်ပြေး၏။

ထိုမိန်းမမိုက်သည် အလွန်အလိုရမ္မက်ကြီးသည် ဖြစ်သောကြောင့် ဤသို့ပျက်စီးခဲ့ရ၍ ထိုင်၍သာ ငိုကြွေးနေ၏။

ထိုအခါ သိကြားမင်းသည် ထိုမိန်းမအဖြစ်ကို မြင်၏။ အလွန် အလိုရမ္မက်ကြီး၍ လင်ကြီးလည်းဆုံး၊ လင်ငယ်လည်းဆုံး ယူကျုံးမရ ငိုကြွေးနေသော ထိုမိန်းမကိုဆုံးမရန် မာတလိနတ်သားကို မြစ်အတွင်းမှ ငါးအဖြစ်ဆောင်စေ၍ ပဉ္စသီခနတ်သားအား ဂုဏ်အဖြစ်ဆောင်စေ၏။ သိကြားမင်းသည် မြေခွေးအဖြစ် ဆောင်၏။

သိကြားမင်း မြေခွေးသည် အမဲတုံးကို ကိုက်လျက် ထိုမိန်းမရှေ့သို့ ရောက်လျှင် မာတလိငါးသည် ရေမှ ခုန်တက်၍ မြေခွေး၏ရှေ့သို့ ကျ၏။ မြေခွေးသည် ခုန်တက်လာသော ငါးကို ဖမ်းရန် ပြေး၏။ ငါးသည် ရေထဲသို့ ခုန်ချ၏။ ဌက်သည် အသားတုံးကို ချီပြေး၏။ သိကြားမင်း မြေခွေးသည် အမဲတုံးလည်းဆုံး ငါးလည်းဆုံး၍ မသာယာသောမျက်နှာ ဖြစ်၍နေ၏။

ထိုမိန်းမသည် မြေခွေး၏အဖြစ်ကိုမြင်ပြီး အလိုရမ္မက်ကြီး၍ ပျက်စီးသောမြေခွေးသည် အမဲတုံးကိုလည်းမရ၊ ငါးကိုလည်းမရဟု ပြင်းထန်စွာ ရယ်ရွှင်လေ၏။ ထိုရယ်သံကိုကြား၍ သိကြားမင်းမြေခွေးက -

"အို- ရှင်မ၊ အသင်သည် လင်ကြီး၊ လင်ငယ် နှစ်သွယ်စလုံး ဆုံးရှုံးစိတ်ညှိုး ငိုသင့်သောအချိန်မှာ အာဃာတ်ကြောင့် ပြင်းစွာ ရယ်ဘိသနည်း" ဟု မေး၏။ ထိုမိန်းမက -

"ဟယ်- မြေခွေး၊ သင်သည် အဆင့်အခြင်းပညာမရှိ၍ ငါးကိုလည်း ဆုံး၊ အမဲတုံးကိုလည်း ဆုံး၍ စိုးရိမ်ငေးမှိုင်နေရပေသည်တကား" ဟု ပြောဆို၏။ ထိုအခါ မြေခွေးက -

"ယုတ်မာသော ဟယ် မိန်းမ၊ ကိုယ့်ကိုယ်ကိုယ် မမြင်၊ သူတစ်ပါး၏အပြစ်ကို ကဲ့ရဲ့စဖွယ် မြင်လွယ်လှချေတကား၊ အသင်သည်သာ မိဘ ဆွေမိုးများ လင်ယောကျ်ားကို လည်းကောင်း၊ လမ်း၌ တွေ့မြင်ရသော လင်ငယ်ကို လည်းကောင်း နှစ်ဦးစလုံး ဆုံးရှုံးရသည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ငါထက်ပင် သင်ကာ အဆတစ်ရာ တောင် ပိုပြီး စိုးရိမ်ငေးမှိုင်သင့်သည်" ဟု ပြောဆို၏။

ထိုမိန်းမသည် မြေခွေးစကားကို ကြား၍ "အသင်မြေခွေးပြောသည်မှာ မှန်ပေ၏၊ တကယ်ပင်စင်စစ် ငါ၏ ခင်ပွန်းအရှင် လင်ယောကျ်ားကို ရခဲ့သည်ရှိသော် ထိုလင်ကြီး၏နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလိုတော့သည်" တဲ့ ပြောဆို၏။

ထိုအခါသိကြားမင်း မြေခွေးက-

"ဟယ်- ယုတ်မာသော အကျင့်ရှိသော၊ သီလကင်းမဲ့သော မိန်းမယုတ်၊ အကြင်သူသည် အဖိုးမတန်သော မြေအိုးမြေခွက်ကို ခိုးသေးလျှင် ထိုသူသည် အဖိုးထိုက်တန်သော ရွှေခွက်ငွေခွက်ကိုလည်း မရ ရအောင် ကြံဆောင်ခိုးဝှက်တော့မည်သာတည်း၊ သင့်သည် ယုတ်မာသော မကောင်းမှုကိုပြုပြီးခဲ့ပြီ၊ ဤသို့ ယုတ်ယုတ်မာမာ ပြုခဲ့ဖူးသဖြင့် နောက်ထပ် အကြိမ်ကြိမ်သာ ဤသို့သော မကောင်းမှုကို ရဲရဲရင့်ရင့်ပြုမည်သာဖြစ်တော့သည်"

ဟု ပြောဆို၍ ထိုမိန်းမကို အရှက်ရစေပြီး မိမိစံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏။

"ချစ်သား ရဟန်း၊ ထိုအခါ၌ အသင်သည် စူဠဓနုဂ္ဂဟ ပဏ္ဍိတ ဖြစ်ခဲ့ဖူးပြီ၊ ထိုမိန်းမယုတ်သည် ယခုအခါ ဤသို့သော မိန်းမဖျိုဖြစ်ပြီး မြေခွေးအသွင်ဖြင့် ထိုမိန်းမကို နှိပ်ကွပ်ဆုံးမသော သိကြားမင်းသည် ငါဘုရားပင် တည်း" ဟု ဇာတ်တော်တိုပေါင်းတော်မူ၏။

"ချစ်သားရဟန်း၊ ထိုမိန်းမကို အကြောင်းပြု၍ဖြစ်သော ဘဝတဏှာကို ဖြတ်တောက်၍နေလေတော့" ဟု ထိုရဟန်းဖျိုကို ဆုံးမတော်မူပြီး တရားတော်ကို ဟောလိုတော် မူလိုသောကြောင့် -

"ကာမဝိတက် နှိပ်စက်ထသော၊ ရာဂထူပြောသော၊ တုင့်တယ်သည်ကို သာ မြင်တတ် ကြည့်တတ်သော သူအား တဏှာသည် အလွန်တိုးပွား၏။ ထိုသူသည် တဏှာအနှောင်အဖွဲ့ကို မြဲမြံအောင်ပြု၏။

အကြင်ရဟန်းသည် မိစ္ဆာဝိတက် ချုပ်ငြိမ်းရာ အသုဘဘာဝနာကို ပွားများခြင်း၌ ပထမစျာန်၌ မွေ့လျော်၏။ အမြဲတမ်း သတိရှိသည်ဖြစ်၍ အသုဘ အာရုံကိုပွား၏။ ဤရဟန်းသည် တဏှာ၏ ကင်းခြင်းကိုပြု၏။ ဤရဟန်းသည် မာရ်နတ်၏ အနှောင်အဖွဲ့ကို ဖြတ်၏"။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မောင်မောင်မိုးအောင်

မှီငြမ်း - ဓမ္မပဒဝတ္ထုကြီး ပဉ္စမတွဲ

အကြောပြင်ဆရာကြီး ဦးအေးထွန်း

(အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဖိနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကူညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

ဆွေးခြေးန် ➳ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြို့ပ၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း) **ဖုန်း** - ၀၉-၇၃၂၄၄၄၂၊ ၀၉-၂၅၀ ၁၅၄၀၅၅

www.burmeseclassic.com

ကြေးမုံပန်းတိုင်ကြီးသည်

နန္ဒာမိုးကြယ်

မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ပါ

လူတိုင်းပင် ဘဝတစ်ခု ဖြစ်တည်လာပြီ ဆိုကတည်းက ရည်မှန်းချက်ကြီးစွာ ထားရှိသည် ဖြစ်စေ၊ မထားရှိဘဲ အလိုက်သင့် မျောနေသည် ဖြစ်စေ နေ့စဉ်နေ့တိုင်း သူ့အတိုင်းအတာနှင့်သူ ရုန်းကန်လှုပ်ရှားနေကြရပေသည်။

ဤ၌ မိမိတို့ရုန်းကန်လှုပ်ရှားနေကြသည့် ကာလဝယ် မိမိကိုယ်မိမိ ဆန်းစစ်ကြည့်သူဟူ၍ လွန်စွာမှ နည်းပါးလှပေသည်။

အမှန်တကယ် မိမိ ဘာဖြစ်ချင်ပါသနည်း။

အမှန်တကယ် မိမိ ဘာလုပ်ချင်ပါသနည်း။

အမှန်တကယ် မိမိ ဘာလုပ်နိုင်ပါသနည်း။

ဒါတွေကို အများအားဖြင့်တော့ မဆန်းစစ်မိကြ၊ အလိုက်သင့်ပင် ကာလ ရေစီးနှင့်အတူ မျောပါနေကြသည်။ သေချာဂန မဆန်းစစ်မိကြ၍လည်း စမ်းတဝါးဝါးနှင့် (အခန့်မသင့်ပါက) လမ်းမှားသို့ပင် ဦးတည်မိကြပါသေး၏။ ဟိုမှာ ဝဲလည်၊ သည်မှာ ဝဲလည်ဖြင့် အလိုက်သင့် ဝဲသြဃဋ္ဌ ချာချာလည်ကာ တန်ဖိုးရှိသောအချိန်များ ပြန်းတီးကုန်ကြလေသည်။

စင်စစ် ဤသို့ဖြစ်ကြရသည်မှာ မိမိကိုယ်မိမိ ဆန်းစစ်ဝေဖန်ခြင်း ကင်းမဲ့သောကြောင့်ပင်။

ထိုသို့ ဆန်းစစ်ဝေဖန်ခြင်း ကင်းမဲ့သည့်အတွက် ရေရာ သေချာသော၊ မှန်ကန်သော ဆုံးဖြတ်ချက်ကို ချနိုင်စွမ်း မရှိတော့ပေ။ အချို့ဆိုလျှင် မိမိတို့ မည်သည့်ဝါသနာ ပါမှန်းကိုပင် ရှုတ်ခြည်း စဉ်းစား၍ မရအောင် ဖြစ်နေတတ်ကြသည်။

'ငယ်စဉ်အခါ ပညာရှာ' ဟူသော စကားရပ်နှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် တက်ကြသည်။ ဘာသာရပ်ဆိုင်ရာ ပညာတွေကို စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စာမေးပွဲ အောင်မြင်နိုင်ရေး အတွက် ဆည်းပူးကြသည်။ သက်ဆိုင်ရာ သင်တန်းတွေကိုလည်း လက်လွတ်မခံကြ။ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေ ဖတ်ကြ၊ အင်တာနက်ခေတ်ပေမို့ အင်တာနက်တွေ ဖွင့်ကြ၊ ချက်တင်ထိုင်ကြ၊ ဂိမ်းကစားကြ အားလပ်ခွင့်မရှိလောက် အောင်ပင် အရာရာအကြောင်းကြောင်းတွေက အကြားအလပ်မရှိ ဝင်လာကြသည်။

ဤ၌ မိမိဖြစ်ချင် လုပ်ချင် လုပ်နိုင်သည်တို့ကို ဆန်းစစ်ဖို့ လိုလာပေပြီ။ ဝေဖန်သုံးသပ်ဖို့ အရေးကြီးလာပေပြီ။ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ တိမ်းငဲ့ကြည့်ခြင်းပင်ဖြစ်၏။

စေ့စပ်သေချာစွာ ကြည့်လေ၊ ဆန်းစစ်လေ၊ ဝေဖန်သုံးသပ်လေ မိမိကိုယ်မိမိ သိလာပါလိမ့်မည်။

ထိုသို့ သိလာပြီဆိုပါက အောင်မြင်မှုဟူသည် အလှမ်းမဝေးတော့။

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာနှင့် အပ်စပ်သည့် လုပ်ငန်းကို လည်းကောင်း၊ ပညာရပ်ကို လည်းကောင်း တော်တည့်မှန်ကန်စွာ ရွေးချယ်လာနိုင်ပါလိမ့်မည်။ ထိုသို့ ရွေးချယ်မှု မှန်ကန်လာပြီဆိုပါက မိမိလုပ်ချင်သည်တို့ကို အကောင်အထည်ဖော်ဆောင်လာနိုင်ပါလိမ့်မည်။ ဝါသနာနှင့် အဖီစပ်သည့်အတွက်ကြောင့် စိတ်ဝင်စားမှုအရှိန် တိုးပွားလာကာ အကောင်အထည်ဖော် လုပ်နိုင်စွမ်းအားတို့ တိုးပွားလာပါလိမ့်မည်။

ပြင်းထန်သောဆန္ဒကို အရင်းခံလျက် အင်အားစိုက်ထုတ်မှု အရှိန်ကောင်းဖျင်ကောင်းသလောက် အခက်အခဲ များစွာကို ကျော်ဖြတ်နိုင်ပါလိမ့်မည်။ အရှုံးတွေကို သင်ပုန်းခြေနိုင်ပါလိမ့်မည်။

ထိုင်၍နေသူထက် ထ၍သွားသူ သာလျှင် ပန်းတိုင်ရောက်ဖို့ သေချာပါသည်။ 'ထိုင်နေအကောင်းသား၊ ထသွားမှကျိုး' ဟူသည့် အစွဲအလမ်းရှိသူသည် ဟိုမရောက် သည်မရောက် ဝဲဩဃသံသရာ၌ ဝဲလည်နစ်မွန်းသွားမည့်သူသာ ဖြစ်ချေ၏။ မည်သည့်ခရီးလမ်းမဆို အတွန်းအတိုက်များ၊ ခလုတ်ကန်သင်းများ၊ ချိုင့်ဝှမ်းကမ္ဘများ ရှိနေတတ်သည်ချည်းပင်။

အခက်အခဲကို အခက်အခဲဟု သဘောပေါက်ကာ အောင်မြင်စွာ ကျော်ဖြတ်နိုင်ဖို့ လုံ့လထုတ်ရမည်။ အဆီးအတားကို အဆီးအတားဟု နားလည်လျက် အောင်မြင်စွာ ဖယ်ရှားပစ်နိုင်ရေးအတွက် စွမ်းဆောင်ရမည်။ လဲပြိုလျှင် ပြန်ထဖို့ရာ အားထုတ်သူမှသာလျှင် ပန်းတိုင်ကိုရောက်၏။ ကံကိုသာယိုးမယ်ဖွဲ့သူအဖို့ရာတော့ သည်လိုပုံနှင့် မိုးကြိုးချုပ်ရမေလိမ့်မည်။

မိမိကိုယ်မိမိ မြင်သာ ထင်သာအောင် ကြည့်တတ်သူ၊ ကြည့်ပြီးသကာလ ဆန်းစစ်ဝေဖန် သုံးသပ်ကာ အားထုတ်တတ်သူမှသာလျှင် အောင်မြင်ခြင်းသော့ကို ဖွင့်နိုင်ပေလိမ့်မည်။

ရိုးရိုးသားသား မြောတပ်ပင့်စကား

လူတစ်ဖက်သားက မိမိအပေါ် မြောက်ပင့်စကား ဆိုလာခြင်းကို လူတိုင်းလိုလိုပင် ပါးစပ်ကသာ ထုတ်ဖော်မပြောချင်ရှိမည်။ စိတ်ထဲကမူ ကြိုက်နှစ်သက်လေ ရှိကြစမြဲပင်။ မြောက်ပင့်ပြောဆိုခြင်းဖြင့် မိတ်ဆွေတိုးပွားလာစေနိုင်ပြီး ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်းမှာမူ ရန်သူအဖြစ် ဖိတ်ခေါ်ရာ ရောက်ပေသည်။

ဤ၌ မြောက်ပင့်စကား ပြောဆိုခြင်းဝယ် မရိုးမသားလည်း ရှိနိုင်သလို ရိုးရိုးသားသားလည်း ရှိနိုင်သည်။ မရိုးမသား မြောက်ပင့်ခြင်းသည် 'အပေါစား ချီးမွမ်းစကား' ပင်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ လန်ဒန်ရှိ ဘောင်ဟမ်နန်း တော် နံရံ၌ ပဉ္စမမြောက် ကျော့ဘုရင်က ဆောင်ပုဒ်ခြောက်ခုကို ကမ္ဘည်းထိုးထားသည် ဟူ၏။ ထိုခြောက်ခုထဲမှ တစ်ခုကို ဖော်ပြရလျှင် -

"အပေါစား ချီးမွမ်းစကားကို မပြောပါရစေနဲ့။ ကြားလည်း မကြားပါရစေနဲ့။ အပေါစား ချီးမွမ်းစကားဆိုတာက မြောက်ပင့်စကားပါ" ဟူ၏။

မက္ကဆီကိုမြို့တော် တစ်နေ့ရာရှိ ဗိုလ်ချုပ်ကြီး အိုဘရယ်ဂွန်း၏ ကျောက်ရုပ်အောက်ခြေ၌လည်း ၎င်း၏ဒဿနထဲမှ စာပိုဒ်တစ်ပိုဒ်ကို ခတ်နှိပ်ထားပေသည်။

"သင့်ကို တိုက်ခိုက်မယ့် ရန်သူတွေကို မကြောက်ပါနဲ့။ သင့်ကို မြောက်ပင့်မယ့် မိတ်ဆွေတွေကို ကြောက်ပါ" ဟူ၍ ဆဝဆက်ဆံရေး နည်းနာတစ်ရပ်ကို ကောက်ချက်ချပြခဲ့သည်။

အမေရိကန် တွေးခေါ်ပညာရှင် အီမာဆင်ကမူ -

"မြောက်ပင့်တယ်ဆိုတာ တစ်ဖက်လူ သူ့ကိုယ်သူ ထင်နေတာကို ပြောတာမျိုးပဲ၊ ဘယ်ဘာသာစကားနဲ့ ပြောပြော ကိုယ့်အကြောင်းကိုသာ ပြောဖြစ်တတ်ကြတယ်၊ တခြား ဘယ်သူ့အကြောင်းကိုမှ ပြောချင်ကြတာ မဟုတ်ဘူး" ဟူ၍လည်း မြောက်ပင့်ခြင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ဖူးသည်။

လောကဌ လူတို့မည်သည် သူတစ်ပါးကို မြောက်ယင့်ပြောဆိုဖို့ထက် ကဲ့ရဲ့ပြစ်တင်ဆို့ရာသာ အလေးကဲလွဲ့ရှိစမြဲ။

သို့ဖြစ်၍လည်း ကွန်ပြူးရှပ်က-

"သင့်အိမ်နီးချင်းရဲ့ ခေါင်ဖိုးပေါ်က ဆီးနှင်းတွေကို အပြစ်မတင်ပါနဲ့။ သင့်အိမ် အဝင်တံခါးဝမှာ တင်နေတဲ့ အညစ်အကြေးတွေ ဆေးပစ်ပါဦး" ဟု ပြောဆို သတိပေးခဲ့ဖူးသည်။

ရိုးရိုးသားသား မြောက်ပင့်ပြောဆိုခြင်းကား ကိုယ်ကျိုးမဖက် ကောင်းကျိုးသက်သက် ဖြစ်၏။ တစ်ဖက်သားကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေ၏။ အမှန်အကန် ချီးမွမ်းစကားကို သူသူငါငါ လက်ခံကြ၏။ မရိုးမသား မြောက်ပင့်စကားကိုမူ လူတကာက ရွံရှာမုန်းတီးကြ၏။

သို့ဖြစ်၍ လူမှုဆက်ဆံရေး နယ်ပယ်၌ အသိုင်းအဝိုင်း အင်အားတိုးပွားလာစေရန်အတွက် တစ်ပါးသောသူ၏ ကောင်းကွက်ကလေးများကို တွေးတောကာ ဖြူစင်ဖြောင့်မတ်သည့် ချီးကျူးဂုဏ်တင်စကားကိုသာ ပြောဆိုသင့်လှပေသည်။

တစ်ဖက်စကားကို နားစိုက်ပါ

စကား ပြောဆိုနေကြသူတိုင်းပင် မိမိကိုယ်မိမိ စိတ်အဝင်စားဆုံးဖြစ်တတ်သည်မှာ နီယာမတရားဟု ဆိုနိုင်ကောင်းသည်။ မိမိ၏လိုဘ၊ မိမိ၏ပြဿနာကိုသာလျှင် မိမိစိတ်အဝင်စားဆုံး ဖြစ်နေတတ်သည်။ ထိုအချက်ကို သဘောပေါက်ပြီဆိုပါက မိမိအပေါ် တစ်ဖက်သားမှ စိတ်ဝင်စားလာစေရန်၊ တိမ်းညွတ်လာစေရန်အတွက် တစ်ဖက်မှပြောဆိုနေသော စကားတို့ကို နားစိုက်ထောင်ပေးဖို့ လိုသည်။ တစ်ဖက်လူ

www.burmeseclassic.com

ပြောချင်တာပြောစေရန်အတွက် အားပေးဖို့ လိုသည်။ သို့ဆိုလျှင် တစ်ဖက်သားအပေါ် စိုးမိုးနေမှန်းမသိ၊ စိုးမိုးသွားနိုင်မည်မှာ သေချာသည်။

တစ်ခါက ဝတ်စုံတစ်စုံ ဝယ်သွားခဲ့သော လူတစ်ယောက်သည် ဝတ်စုံရောင်းချခဲ့သော စတိုးဆိုင်သို့ ဝင်သွားကာ မိမိဝယ်သွားခဲ့သော ဝတ်စုံသည် ဆေးမခိုင်ကြောင်း၊ ထိသည်နှင့်ပင် ပွန်းသွားကြောင်း၊ အစွန်းအထင်းရှိနေကြောင်း ပြောဆိုလေ၏။ သို့ရာတွင် သူ့ခမျာ စကားကို ပြီးဆုံးအောင် ပြောဆိုခွင့်မရ။ အကြောင်းမူ အရောင်းစာရေးက စကားကိုဖြတ်၍ အတင်းကာရော ပြောဆိုနေသောကြောင့် ဖြစ်သည်။

"ဟေ့လူ ကျုပ်တို့ သည်လိုမျိုး ဝတ်စုံတွေ ရောင်းလာခဲ့တာ ခင်ဗျား တစ်ထည်တည်း မဟုတ်ဘူး၊ အစုံပေါင်း ထောင်နဲ့ချီသွားပြီ၊ ခင်ဗျားလိုမျိုး တစ်ယောက်မှ လာမပြောကြဘူး၊ ခင်ဗျား လာပြောတာ ပထမဆုံးအကြိမ်ပဲ၊ ဒါသက်သက် ကျုပ်တို့ဆိုင်ကို ကျောသလိုမောသလိုလုပ်တာ၊ ကောင်းကောင်းကြီး ပညာပေးရလိမ့်မယ်"

ဝတ်စုံဝယ်ခဲ့သူ တင်းသွားသည်။ ခွန်းတုံ့ပြန်ဖို့ လုပ်သော်လည်း ခွန်းတုံ့မပြန်သာ။ ဘာကြောင့်ဆို တစ်ဖက်ကောင်တာမှ အရောင်းစာရေးကလည်း သူ့လူဘက်မှ ဝင်ရောက်စစ်ကူပေးနေပြန်ပါပကော။

"ဒီလောက် စျေးနှုန်းနဲ့တော့ ဒါမျိုးဝတ်စုံပဲ ရမှာပေါ့လေ"

ဝတ်စုံဝယ်ခဲ့သူ၏ ဒေါသမှာ အရှိန်မြင့်တက်လာခဲ့ပြီ။ ပထမအရောင်းစာရေးက မချေမငံ ပြောဆိုဆက်ဆံသည်။ ဒုတိယ အရောင်းစာရေးက အပေါစားဝယ်သည့် သဘောမျိုး ပြောဆိုလာသည်။ သည့်အတွက် ဒေါသဖြင့် ပြန်လည်တုံ့ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဤတွင် ဖြစ်ရပ်အစအဆုံးကို ကြားသိလိုက်ရသော မန်နေဂျာက ကြားဝင်လာခဲ့သည်။

ထိုအခါ သူ ဘာလုပ်သည် ထင်ပါသနည်း။ ခက်ခက်ခဲခဲတော့ မဟုတ်။

ဇတ်စုံဝယ်သွားသူ၏ စကားအစအဆုံးကို စိတ်ဝင်တစား နားထောင်ပေးသည်။ ဤတွင် အရောင်းစျေးသည်က စကားဝင်ပြောမည် ပြုသည်။ သူ လက်ကာတားလိုက်ပြီး ဝယ်သူထံဘက်မှ ရပ်တည်လိုက်သည်။ ပြီးတော့ -

"မိတ်ဆွေ ဖြစ်ခဲ့တဲ့ကိစ္စ၊ ဝယ်သွားပြီးတော့ အရောင်းတွေလွှဲတဲ့ကိစ္စ ဒါတွေကို မသိတာအမှန်ပါ၊ ဒီတော့ မိတ်ဆွေ ဝယ်သွားခဲ့တဲ့ ဝတ်စုံနဲ့ပတ်သက်ပြီး ဘာများလုပ်ပေးရပါမလဲ၊ အားမနာတမ်းပြောပါ မိတ်ဆွေ"

သည်စကားက ဝတ်စုံ ဝယ်သွားသူ၏ ဒေါသကို ပြေအားသွားစေခဲ့ပါသည်။ ပထမတော့ ဝယ်သွားသော ဝတ်စုံကို ကြမ်းပြင်ပေါ် ပစ်ချကာ ဆောင့်နင်းပစ်မည်ဟု ကြံရွယ်ထားခဲ့သည်။ ယခုတော့ စိတ်ထားပြောင်းသွားခဲ့ပေပြီ။ ထို့မျှသာမက -

"လူကြီးမင်း အကြံပြုတာပဲ ကောင်းပါလိမ့်မယ်၊ ကျွန်တော်တော့ မပြောတတ်ဘူး" ဟူ၍ ဖြစ်လာသည်။

သည်တော့ မန်နေဂျာက -

"ဒါဖြင့် ဒီဝတ်စုံကို တစ်ပတ်လောက် ဝတ်ကြည့်ပါဦး၊ အဆင်မပြေရင် ပြန်လာခဲ့ပါ၊ ကျေနပ်အောင် လုပ်ပေးပါ့မယ်၊ ခုလိုမျိုး ကသိကအောက် ဖြစ်သွားခဲ့ရတာအတွက် ဝမ်းနည်းပါတယ်" ဟုပြောလိုက်သည်။

ဝတ်စုံဝယ်သူ ကျေနပ်စွာ ပြန်ထွက်သွားသည်။ နောက်တစ်ပတ်ရောက်တော့ ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြန်ရောက်လာပြီး ဝတ်စုံတစ်စုံ ထပ်ဝယ်သွားခဲ့သည်။

အနှစ်ချုပ်လိုက်တော့ တစ်ဖက်သား၏ စကားကို နားထောင်တတ်ခြင်းသည် အောင်မြင်ခြင်း တစ်စိတ်တစ်ဒေသ ဖြစ်ပေ၏။

နန္ဒာမိုးကြယ်

□

စာပေပါသနာရှင်များ မိမိစာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ။ ဘာသာရေး ဆောင်းပါးများ။ ဂန္ဓိရဝတ္ထုများ။ မုဆိုးဝတ္ထုများ။ ရသဝတ္ထုများ။ ဟာသများ။ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ။ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားဖြစ်ရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့မို့ဆိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်မှာလား၊ လမ်းဖောက်မှာလား

မင်းလှမင်းခေါင်

ကတိုးကော့နပ်သူဌေး ဦးနာအောက်
(၁၈၃၂-၁၉၁၃)

လူတိုင်း ခရီးသွားဖြစ်ကြသည်။ တချို့က ခြေကျင်လျှောက်ကြသည်။ တချို့က စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကိုယ်ပိုင်ကား၊ ဘတ်စ်ကား၊ မီးရထား၊ လေသင်္ဘောများဖြင့် သွားကြသည်။ တချို့ ပြည်စုံသူများက လေယာဉ်ဖြင့် သွားလာကြသည်။ မည်သို့ပင်ဖြစ်စေ၊ တစ်နေရာမှ တစ်နေရာသို့ သွားလာခြင်းကို ခရီးသွားသည်ဟု ဆိုကြသည်။

ခရီးသွားရန်အတွက် လမ်းတွေ့ကလည်း အသင့်ရှိသည်။ သွားရမည့် ခရီးစဉ်အတွက် မည်သို့သော အစီအစဉ်ဖြင့် သွားမည်နည်း။ လမ်းလျှောက်၍ သွားရမည့် ခရီးရှိသလို ယာဉ်တစ်မျိုးမျိုးကိုစီး၍ သွားရမည့်ခရီးရှိသည်။ စာရေးသူ ပြောလိုသည်မှာ သူများဖောက်ပေးထားသောလမ်းကို လျှောက်လှမ်းမှာလား (သို့မဟုတ်) ကိုယ်တိုင် လမ်းတစ်ခုဖောက်မှာလားဟု တိုးတက်ကြီးပွားအောင်မြင်လိုသော လူငယ်များကို မေးလိုခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အစီအစဉ်ဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာရေးအတွက် လမ်းတံတားများ တည်ဆောက်ပေးထားသလို လိုအပ်သည့် ဒေသများတွင် ဆက်သွယ်ရေး လွယ်ကူစေရန် လမ်းတံတားများ ထပ်မံတိုးချဲ့ ဆောက်လုပ်နေသည်ကိုလည်း နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များတွင် ဖတ်ရှုရ၍ သိနေရသည်။

နိုင်ငံတော်မှ ဖောက်လုပ်ပေးထားသော လမ်းများကို လျှောက်လှမ်းရသည်မှာ လွယ်ကူသည်။ သို့သော် မိမိဘဝတစ်ခု အောင်မြင်တိုးတက် ကြီးပွားအောင် လျှောက်လှမ်းရမည့် ကိစ္စတွင်မူ ဘယ်လမ်းကို လျှောက်လှမ်းမည်နည်း။ ဘယ်ကဲ့သို့ လျှောက်လှမ်းကြမည်နည်း ဟူသော ကိစ္စအတွက် အလေးအနက်ထား၍ စဉ်းစားကြရပေတော့မည်။ လမ်းလျှောက်ကြသူတိုင်း အောင်မြင်မှုမရကြသလို လျှောက်လှမ်းသူတိုင်းလည်း ပန်းတိုင်မရောက်သည်ကို မြင်တွေ့နေရသည်။

ကောင်းပါပြီ။ ဤသို့ဆိုလျှင် ဘဝတစ်ခုအတွက် တိုးတက်ကြီးပွားအောင်မြင်အောင် ဘယ်လိုလျှောက်လှမ်းကြမည်နည်း။ မိမိတစ်ဦးချင်းဘဝအတွက် တိုးတက်အောင်မြင်အောင် ပြုလုပ်ခြင်းသည် အနာဂတ်နိုင်ငံတော်အတွက်လည်း အထောက်အကူပြုသွားသဖြင့် ကျွဲကူးရေပါသဘော သက်ရောက်သည်ကို သတိပြုသင့်ပေသည်။

လမ်းလျှောက်ရင်း ပန်းတိုင်သို့ ရောက်သွား (စာရေးသူ၏ မိတ်ဆွေ) သူတစ်ဦး၏ ကျင့်စဉ်လေးတစ်ခုကို သတိပြုမိသဖြင့် လက်ဆင့်ကမ်း မျှဝေပေးလိုက်ပါသည်။

စာရေးသူ၏ မိတ်ဆွေသည် အိပ်ရာမှထလျှင် အမှတ်တမဲ့ မထပါ။ အိပ်ရာမှထမည်ဆိုလျှင် နမောတဿ ဘဂဝါတော အရဟတော သမ္မာသမ္ဗုဒ္ဓဿကို သုံးကြိမ်ရွတ်ဆိုသည်။ ပြီးလျှင် သရဏဂုံသုံးပါးကို ရွတ်ဆိုပူဇော်ပြီးမှ အိပ်ရာကထသည်။ နောက်ရေတစ်ခွက်ကို သောက်သည်။ နောက် ရေအိမ်သာတက်သည်။ နောက် ဂျာနယ် သို့မဟုတ် သတင်းစာတစ်စောင်ကို ဖတ်သည်။ ပြီးမှ မျက်နှာသစ်သည့်ကိစ္စကို စတင်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သူမျက်နှာသစ်သည့် အလုပ်သည် စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ ပထမဦးစွာ သူ့ခြေနှစ်ဖက်ကို ဒူးဆစ်အထက်မှ နေ၍ အေးသွားအောင် လောင်းချသည်။ ပြီးမှ ရေတစ်ခွက်ကို ခပ်ယူလိုက်ပြီး လက်နှစ်ဖက်ဖြင့် ရွေ့တက်ကို ရိုအေးစွာကိုင်ပြီး အရှင်ဘုရား တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့အား အရှင်ဘုရားကို လျှဒါန်းပါ၏။ ထို့အပြင် ဘုရားတပည့်တော်၏ မျက်နှာသစ်မည့်ရေအား သောက်တော်ရေအဖြစ် ဆက်ကပ်လှူဒါန်းပါ၏။ အရှင်ဘုရား (၃၁) ဘုံ ကျင်လည်ကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ ဤရေကဲ့သို့ အေးမြကြည်လင်ကြပါစေ။

မပြစ်မှားသင့်သော အဆွေခင်ပွန်းကြီး (၁၀) ပါးအား ပြစ်မှားမိခဲ့သည် ရှိသော် ခွင့်လွှတ်ပါရန် ပန်ကြားပါ၏။ အနန္တစကြဝဠာအတွင်း၌ ကျင့်ကြံအားထုတ်ကြကုန်သော အရိယာသူတော်စင် အပေါင်းတို့ သင်တို့ပေးပို့သော မေတ္တာကို ကျွန်ုပ်ခံယူပါ၏။ ကျွန်ုပ်၏ မေတ္တာကိုလည်း ပေးပို့ပါ၏။ ခံယူတော်မူကြပါကုန်လော့။ သတ္တဝါများအားလုံး ကျန်းမာချမ်းသာကြပါစေ။

ကျွန်ုပ်သည် သရဏဂုံ (၃)ပါး နှင့်တကွ အနန္တငါးပါးကို သေတစ်မန်သက်ဆုံး ဆည်းကပ် ကိုးကွယ်ပါ၏။ အထူးသဖြင့် မိခင်၊ ဖခင် နှစ်ပါးအား နံနက်တိုင်း ရှိခိုးပူဇော်ပါ၏။ အထူးသဖြင့် မိခင်ကြီး၏ ခြေဖဝါးအစုံကို အာရုံပြုရှိခိုးပါ၏။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းအားလည်း ရှိခိုးပူဇော်ပါ၏။

ဤကောင်းမှုအစုစုအား အမျှပေးဝေပါ၏။ ဤကောင်းမှုကြောင့် ဘုရားတပည့်တော်သည် နိဗ္ဗာန်မရမီ ကာလအတွင်း တိုးတက်ကြီးပွားအောင်မြင်သူတစ်ဦးဖြစ်အောင် အားထုတ်ကြီးမှန်းနိုင်သူ ဖြစ်ရပါလိုလှ၏။

ဤကဲ့သို့ ဆုပန်ပြီးမှ သွားတိုက်သည်။ နောက် ကိုယ်လက်လေ့ကျင့်ခန်း (၃) မိနစ်ခန့်ပြုလုပ်သည်။ နောက် ရေချိုးသည်။

ထိုကိစ္စများသည် စာရေးသူ၏ မိတ်ဆွေတစ်ဦး၏ နေ့စဉ်ဝတ္တရားမျှက်လုပ်ဆောင်မှုဖြစ်သည်။

သူ၏ လုပ်ဆောင်ချက်သည် (၁၀) မိနစ် မကြာလှပေ။ သို့သော် ရည်မှန်းချက်များက လွန်စွာမှ တန်ဖိုးရှိသည်ကို သတိပြုမိသည်။ အထူးသဖြင့် သူသည် ဆုတောင်းသူ မဟုတ်၊ ဆုပန်သူ ဖြစ်သည်။ လောကကြီးကို ဖြတ်သန်းကြသူများသည် ဆုတောင်းကြသူသာ များသည်၊ ဆုပန်ကြသူက ရှားသည်။

အောင်မြင်တိုးတက်ကြီးပွားသူတို့သည် ဆုတောင်းကြသူများမဟုတ်ပေ။ ဆုပန်ကြသူများသာ ဖြစ်သည်ကို သတိပြုမိသည်။ ကောင်းပါပြီ။ လူငယ်များကို တိုးတက်ကြီးပွား အောင်မြင်ချင်သလား ဟုမေးလျှင် "ဟုတ်ကဲ့၊ တိုးတက်အောင်မြင်ကြီးပွားချင်ပါသည်" ဟု အားလုံးဖြေကြလိမ့်မည်။

"ဟုတ်ကဲ့" ဟု ဖြေဆိုရုံမျှဖြင့် ဘာအောင်မြင်တိုးတက်ကြီးပွားပါမည်လား။ ပျားရည်အကြောင်းပြောရုံဖြင့် ပါးစပ်မှာ ချိုမလာပါဟူသောစကားကို သတိပြုသင့်သည်။

အောင်မြင်တိုးတက် ကြီးပွားလိုသောလူငယ်များအတွက် အကောင်းဆုံး အကြံဉာဏ်တစ်ခု ပေးချင်ပါသည်။ အဓိကသော့ချက်၊ အောင်မြင်ကြီးပွားလိုစိတ် ပြီးရင် "ဝီရိယ"သည် အောင်မြင်ကြီးပွားတိုးတက်လိုသော သူတစ်ဦးအတွက် အလိုအပ်ဆုံးကိစ္စဖြစ်သည်။

သီလ၊ သမာဓိအား ကြီးမားတော်မူခဲ့သော သာမညဆရာတော်ကြီး၏ အဆုံးအမကို ဘဝင်ကျစွာ လက်ခံ၍ လိုက်နာကျင့်သုံးခဲ့ဖူးသည်။

ဆရာတော်ကြီး၏ အမြဲတမ်း အဆုံးအမမှာ "မမျင်းနဲ့" ဟု ပါဠိမပါ၊ လိုရင်းတိုရှင်း ဆုံးမခဲ့သည်ကို ကြည်ညိုမိသည်။

"ဝီရိယဝတော ကိနာမမဇ္ဈန သိဇ္ဈတိ" ဝီရိယ အားကြီးသူအတွက် မအောင်မြင်သောအရာမရှိဟု မြတ်ဗုဒ္ဓ၏ အဆုံးအမကို နာကြားဖူးခဲ့သည်။ ဗုဒ္ဓ၏ အဆုံးအမတို့သည် လူသားများအတွက် အလွန်ပင် အကျိုးရှိသော အဆုံးအမများ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် တစ်နေ့တာ (၂၄) နာရီအတွင်း (၃) နာရီခန့်သာ အိပ်စက်လဲလျောင်းသည်ဟု ဗုဒ္ဓစာပေများတွင် ဖတ်ရှုရသည်။ မည်မျှ ဝီရိယစွမ်းအားကို အသုံးချသွားသည်ကို ဖတ်ရှုကြည့်ရှုရသည်။ ထိုဝီရိယအားကြောင့် လောကတွင် အထွတ်အထိပ် ရောက်ရှိခြင်း ဖြစ်ပေလိမ့်မည်။

အမေရိကန်လူမျိုး သောမတ် အက်ဒီဆင် တစ်နေ့လျှင် ပျမ်းမျှ (၃/၄) နာရီသာအိပ်သည်ဟု သိရသည်။ သူ၏ ဝီရိယ ကြိုးပမ်း အားထုတ်မှုကြောင့် ယနေ့ လူသားအားလုံး အမှောင်ကို ဖောက်ခွင်း၍ လျှပ်စစ်အလင်းရောင်ကို ရယူပိုင်ဆိုင် ခံစားခဲ့ရသည်။

အလားတူပင် ကမ္ဘာကျော် သူဌေးကြီးဟင်နရီဖို့ဒ်သည်လည်း လုံလဝီရိယ ကြီးမားသူဖြစ်သည်။ အသက် (၂၈)နှစ် အရွယ်တွင် စက်ရုံ တစ်ရုံ၌ လက်ထောက်အင်ဂျင်နီယာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ တစ်ဖက်တွင်လည်း လက်မှုပညာသင် ကျောင်း၌ ကျောင်းဆရာ ဝင်ရောက် လုပ်ကိုင်သည်။ အားလပ်ချိန်တွင် နာရီပြင်သည်။ မအားလပ်သည့် ကြားမှပင် မော်တော်ကားကို တီထွင်နိုင်ဆည်။ မနားမနေ ရွေ့ကြီးစွာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး လုပ်ငန်းရှင်ကြီး ဖြစ်လာခဲ့သည်။

လုံလ၊ ဝီရိယ ရှိသည့်သူများအတွက် အောင်ပွဲခွဲတွဲနိုင်သည်ဟု တရုတ်ပညာရှိ လီအန်ချော (၁၈၇၃-၁၉၂၉)က မိန့်ကြားခဲ့သည်ကို ဖတ်ရှုခဲ့ဖူးသကဲ့သို့ စာဆိုရှင် အရှင်မဟာ

www.burmeseclassic.com

သီလဝံသကလည်း 'မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ အရိုးစွဲအောင်၊ တဖောင်ဖောင်လျှင်၊ သန်းခေါင်ညဉ့်နက်၊ သင်္ကျက်သမျှ၊ စစကုန်စေ နေ့ကိုအလွတ်၊ ရွတ်ခိုင်းစေ' ဟု ဆိုဆုံးမကာ လမ်းညွှန်ခဲ့လေသည်။

ဝိရိယစွမ်းအားကြောင့် ငါဘုရားမှလွဲလျှင် ဝိရိယအရာတွင် အသာဆုံးဖြစ်သူသည် အမြတ်ဆုံးဖြစ်သည်။ "အာရဒ္ဓဝီရိယ" ဆုအဖြစ် တေဒင်ပေးအပ်ခဲ့သည်ကို တင်ပြလိုပေသည်။

ဘုဉ်ဘုရားရှင်လက်ထက် စမ္ဘာနဂိုရ်မြို့တွင် ဥပသေဒ္ဓိ သူဌေးကြီးတွင် သားတစ်ဦး မွေးဖွားသည်။ "သောဏ" သတို့သား မည်၏။ "သောဏ" သည် စီးပွားဥစ္စာ ပြည့်စုံပြီး အဆင်းရုပ်ဝါကလည်း သူမတူအောင် ချောမောလှပ၏။ ခြေဖဝါး၊ လက်ဖဝါးတို့သည် ခေါင်ရန်းပန်းကဲ့သို့ နီမြန်းသော အဆင်းရှိ၏။ အသားအရေသည် အကြိမ်တစ်ရာ ဖွပ်ထားသော ဝါဂွမ်းသကဲ့သို့ နူးညံ့သည်။ လောကီစည်းစိမ်ကို နတ်စည်းစိမ်တမျှ ခံစားရသူ ဖြစ်သည်။

တစ်နေ့တွင် မိတ်ဆွေဖြစ်သူ ဘုရင် ဗိမ္ဗိသာရမင်းကြီးက "လောကတွင် ဘုရားပွင့်တော်မူပြီ" ဟု သတင်းစကား ပါးလိုသည် ကြားရသည်နှင့် သောဏရင်ထဲတွင် ကြည်ညိုစိတ်များ ဖြစ်ပေါ်လာပြီး ဘုရားသာသနာတော်ဝင်လိုစိတ်၊ ဘုဉ်ကို ဖူးမြော်လိုစိတ်တို့ ပြင်းပြလေတော့သည်။

အမိအဘတို့ထံ ခွင့်ပန်တောင်းသော် အမွေဆက်ခံမည့် သားသမီးမရှိ၍ ခွင့်မပေးချေ။ သောဏလည်း ရဟန်းမဝတ်ရလျှင် အစာမစား၍ အသေခံမည်ဟုဆို၍ စကားအတိုင်း ပြုလုပ်လေလျှင် မိခင်ဖခင်တို့မှာ သား အသက်သေမည်စိုး၍ ခွင့်ပြုလိုက်ကြရလေသည်။

ရဟန်းဖြစ်သွားသော အချင်း သောဏသည် ဘုဉ်ထံမှ ကမ္မဋ္ဌာန်းတရား နာယူပြီး ယင်းတိုက်သုသာန်၌ တရားအားထုတ်ကျင့်ကြံသည်။ အိပ်ခြင်းကို ပယ်လျှက် ထိုင်လျက်၊ ရပ်လျက်၊ သွားလျက်ဖြင့်သာ လုံ့လပြုသည်။ ကြမ်းတမ်းသည့် မြေပြင်တွင် နုသော ခြေဖဝါးဖြင့် လာရာသည်ဖြစ်ရာ ဖူးရောင်ပေါက်ပြဲ၍ သွေးခြင်းခြင်းနီမျှ ကျလေသည်။ ဝါတွင်းသုံးလပတ်လုံး အားထုတ်သော်လည်း ရဟန်းကိစ္စမပြီး၊ ဈာန်သမာပတ် အဆင့်ပင် မရသဖြင့် ဘုဉ်က မလျှော်မတင်း စောင်းကြိုးညင်းသကဲ့သို့ လုံ့လပြုသောအခါ အရဟတ္တဖိုလ်သို့ ဆိုက်တော့သည်။

သောဏမထေရ်၏ ဝိရိယကို ဘုဉ်က ချီးမြှင့်သောအားဖြင့် အာရဒ္ဓဝိရိယ တေဒင်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်ကို ဘုဉ်ဝင်စာပေများတွင် လေ့လာဖတ်ရှုကြည်ညိုနိုင်လေသည်။

ဘုဉ်လက်ထက်တော်မှ ဝိရိယ၊ ဇွဲတို့ကြောင့် တေဒင်ရခဲ့သော ရဟန်းတော်များ ရှိသကဲ့သို့ပင် မြန်မာနိုင်ငံ ဘုဉ်သာသနာတော်တွင် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ဖြစ်မနေ ရအောင်ကြိုးစားမည်ဆိုသော စိတ်ဖြင့် ကြိုးစားအားထုတ်ခဲ့သဖြင့် ဝိဇ္ဇ၀ ဘိသံးပုံကို အာဂုဆောင်နိုင်တော်မူခဲ့သော မင်းကွန်းဆရာတော်ကြီး အပါအဝင် ရဟန်းတော်မြတ်များ မြောက်များစွာ ထွက်ပေါ်ခဲ့သည်မှာ ဝိရိယနှင့် ဇွဲ၊ လုံ့လ တို့ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ကျွဲကျောင်းသား လယ်လုပ်သား တူလီခေါင်း၊ သစ်ခေါင်းဘဝမှ သိန်းတစ်ရာကျော် ချမ်းသာလာသူ၊ မြန်မာပြည် မီးသင်္ဘောကုမ္ပဏီကို တည်ထောင်၍ ဗြိတိသျှပိုင် ဧရာဝတီမီးသင်္ဘောကုမ္ပဏီနှင့် ယှဉ်ပြိုင်သူ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦးအကြောင်း တင်ပြလိုပါသေးသည်။

သူ့ အမည်မှာ ဦးနာအောက် ဖြစ်သည်။ ၁၈၃၂ ခုနှစ်၊ မေလ (၁၇) ရက် ကြာသပတေးနေ့တွင် ဘားအံမြို့နာကော့ပွန်း သူကြီးအုပ်စု၀င် ခရဲရွာတွင် မွေးဖွားသည့် မွန်လူမျိုးတစ်ဦးဖြစ်သည်။

မွေးချင်း ငါးယောက်တွင် တတိယမြောက် သားဖြစ်ပြီး ငယ်နာမည်မှာ မောင်အောက် (အော့) ဖြစ်သည်။ ခရဲရွာ၊ မဲခရက် မွန်ဘုန်းတော်ကြီးကျောင်းတွင် မွန်စာပေနှင့် ဂဏန်းသင်္ချာ သင်ရသည်။ မိဘများက ဆင်းရဲ၍ ငယ်စဉ်က ကျွဲကျောင်းရသည်။

အရွယ်ရလာသောအခါ သံလွင်မြစ်အနီး သံခဝိုင်ရွာသူ မရွှေမှုတ်နှင့် အကြောင်းပါ၍ လယ်လုပ်ရသည်။ ဇနီးသည် ကွယ်လွန်သည့်အခါ ခယ်မဖြစ်သူ မရွှေရုပ်နှင့် ယောကျ္ဃများက အိမ်ထောင်ချပေးသည်။

(၃၅) နှစ်တွင် ကတိုးကော့နှပ်ရွာသစ်တုန်သည် ဦးထော်ထံတွင် ကူလီအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အလုပ်ကြိုးစား၍ ကူလီခေါင်းဖြစ်လာသည်။ ထိုစဉ် ဒုတိယဇနီး ကွယ်လွန်ရာ ကတိုးကော့နှပ်သူ မစာအုပ် (မကျာအု) နှင့် ထပ်မံအိမ်ထောင်ပြုသည်။

အလုပ်ကြိုးစားမှုကြောင့် ပြန်စတစ်စ ငွေစုမိလာသည်။ အသက် (၅၀) အရွယ်တွင် သူဌေးဦးထော်ထံမှ ခေါင်းခွေခေါ် သီစ်ခေါင်းအလုပ်ကို ခွဲ၍ ခွင့်တောင်းကာ ကိုယ်ပိုင်လုပ်ကိုင်သည်။

ကရင်နီနယ်စပ်တွင် သစ်လုပ်ငန်း လုပ်ကိုင်ပြီး သူ၏ သစ်လုံးတံဆိပ်မှာ (၃၃၃) ဖြစ်သည်။ နောက် အင်္ဂလိပ်စစ်သားများထံမှ အိန္ဒိယအဝတ်အထည်များကို ဝယ်ကာ အင်္ဂျားအထမ်းသမားများဖြင့် ကယားပြည်နယ်၊ ကန္တာရဝတီ၊ လွိုင်ကော်၊ ဒေါ်လခဲ၊ ကြယ်ဖိုးကြီး၊ နောင်ပုလဲနှင့် ဒွေတောင်ဒေသများသို့ သွားရောက် ရောင်းချခဲ့သည်။

ဦးနာအောက်သည် တတိယဇနီး ကွယ်လွန်ပြီးနောက် ယိုးဒယားကြိုးပိုင်းများကို အခွန်ဆောင်၍ ဆင်ကောင်ရေ (၄၀)ကျော်ဖြင့် သစ်လုပ်ငန်းကို တိုးချဲ့ရာ ထိုခေတ်ကာလက ငွေသိန်း (၅၀) ကျော် ချမ်းသာလာသည်။

သစ်လုပ်ငန်း အောင်မြင်လာသောအခါ ကတိုးကော့နှပ်သို့ ပြန်၍

www.burmeseclassic.com

www.burmeseclassic.com

ဘုရားစေတီ၊ သိမ်၊ တန်ဆောင်း၊ ကျောင်း ဇရပ် ဆောက်လုပ်လှူဒါန်းသည်။ ဘုရားပွဲကျင်းပ၍ စတုဒိသာ အလှူခံပေးသည်။

၁၉၇၈ ခုနှစ်တွင် မန္တလေးမဟာဗိသုဒ္ဓါရုံတိုက်တွင် သီတင်းသုံးနေသော မွန်ဆရာတော် ဦးပညာဓမ္မကို ကတိုးကော့နှပ်သို့ ပင့်ဆောင်၍ ပရိယတ္တိ သာသနာ ပြန့်ပွားရန် ကျောင်းတိုက်၊ စာသင်တိုက်များ လှူဒါန်းလေသည်။

ဦးနာအောက်သည် ချစ်တီးကုလား၊ ဘာသူကုလားများနှင့် ယှဉ်ပြိုင်ကာ ငွေချေးလုပ်ငန်း၊ စပါး အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ပထမတွင် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း လူယုံတော် ဦးငယ်၏ ကြိုးစားမှုကြောင့် နောက်ပိုင်းတွင် လုပ်ငန်းများ အောင်မြင်လာခဲ့သည်။

ဦးနာအောက်၏ စတုတ္ထမြောက် ဇနီးမှာ ကတိုးကော့နှပ်သူ မဖြူ (မိဖြူ) ဖြစ်သည်။

ဦးနာအောက်သည် အင်္ဂလိပ်စာကောင်းစွာမတတ်မြောက်သော်လည်း စီးပွားရေးတွင် စည်းကမ်းရှိခြင်း၊ ဇွဲလုံလဝီရိယရှိခြင်း၊ အကြံအစည်ကောင်းမွန်ခြင်းတို့ကြောင့် အောင်မြင်ခဲ့ခြင်း ဖြစ်သည်။

၁၉၀၀ ပြည့်နှစ်တွင် ဧရာဝတီမီးသင်္ဘောကုမ္ပဏီ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ယှဉ်ပြိုင်ရန် တူဖြစ်သူ သူဌေး ဦးရွှေလေး၏ အကူအညီဖြင့် စကော့တလန်နိုင်ငံ၊ မက်ကီးအင်ဘက် စတားကုမ္ပဏီမှ နှစ်ဖာပ်သင်္ဘော (၃) စင်း၊ တစ်ထပ်သင်္ဘော (၂) စင်းတို့ကို ဝယ်ယူခဲ့ပြီး မုတ္တမတွင် သင်္ဘောကျင်းတစ်ခု တည်ဆောက်ကာ မြန်မာ့မီးသင်္ဘောကုမ္ပဏီကို တည်ထောင်၍ ဗြိတိသျှပိုင် ဧရာဝတီ မီးသင်္ဘောကို အပြိုင်ပြေးဆွဲနိုင်ခဲ့သည်။

ဦးနာအောက်ပိုင် မီးသင်္ဘော အမည်များမှာ - (၁) အောင်သီတာ (၂) အောင်မင်္ဂလာ (၃) အောင်မာလာ (၄) အောင်ဒီပါ (၅) အောင်စကြာ (၆) အောင်သိန်း (၇) အောင်တပ်တို့ဖြစ်၍ တစ်ထပ်သင်္ဘောအမည်များမှာ အောင်လေယျနှင့် အောင်နိဗ္ဗာန် ဖြစ်ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

မီးသင်္ဘောစီးခကို ဧရာဝတီကုမ္ပဏီ၏ တစ်ဝက်သာဖြစ်သော ဒိမှတစ်ပဲ၊ ထိုမှ ၄ ပဲ၊ ၂ ပဲ၊ ၁ ပဲအထိ လျှော့ချ၍ နောက်ဆုံးတွင် အခကြေးငွေမယူဘဲ ခရီးသည်များကို မျက်နှာသုတ်ပဝါတစ်ထည်စီ အလကားပေး၍ ဆောင်ရွက်ရာ (၄) နှစ်အတွင်း မီးသင်္ဘောလုပ်ငန်းကို ရပ်တန့်လိုက်ရပြီး သင်္ဘော (၉) စင်းကို ငွေ (၆) သိန်းဖြင့် ဧရာဝတီသဓတ်ကုမ္ပဏီသို့ ရောင်းချခဲ့ရသည်။

ဦးနာ့အောက်ကို အလုပ်သမားများက အလွန်လေးစားသဖြင့် အနိုင်အောက်ဟု ခေါ်ရာမှ ဦးနာ့အောက် အမည်တွင်လာခြင်းဖြစ်သည်။ 'အနိုင်' အဓိပ္ပာယ်မှာ မြန်မာလို 'ဘကြီး' ဟု အဓိပ္ပာယ်ရသည်။

သားသမီး မထွန်းကားသဖြင့် အမွေခံ ဦးမွန်ကို သစ်လုပ်ငန်း၊ ဦးထွန်းရင်ကို ဆန်စက်လုပ်ငန်း၊ ဦးရွှေလိပ်ကို သင်္ဘောလုပ်ငန်းများ စနစ်တကျလွှဲအပ်ခဲ့သည်။

ဆင်းရဲသားဘဝ၊ ကျွဲကျောင်းသားဘဝ၊ လယ်ကူလီဘဝမှ သိန်းတစ်ရာကျော် ချမ်းသာလာပြီး ဗြိတိသျှပိုင် ဧရာဝတီမီးသင်္ဘောများ အပြိုင်စီးပွားရေးယှဉ်ပြိုင်ခဲ့သော တိုင်းရင်းသားလုပ်ငန်းရှင် သူဌေးတစ်ဦးအဖြစ် သမိုင်းဝင်ခဲ့ပြီး အသက် (၈၁)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့လေသည်။

ဆင်းရဲသား၊ အင်္ဂလိပ်စာမတတ်၊ လယ်သမား၊ လယ်ကူလီဘဝမှ ဤကဲ့သို့ ဘာကြောင့် ဦးနာအောက် အောင်မြင်ခဲ့သလဲ။ ဇွဲ၊ ဝီရိယ၊ ကြိုးစားဿာဃုတ်မှု၊ ရည်မှန်းချက် ကြီးမားမှုသည် လူတစ်ဦးအတွက် အောင်မြင်သော နေရာသို့ တွန်းပို့လိုက်သော အင်အားများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် လူငယ်များ အမှန်တကယ် ကြီးပွားတိုးတက် အောင်မြင်ချင်ပါသလား။ စာရေးသူ မိတ်ဆွေကဲ့သို့ အလေ့အကျင့်လုပ်ပါ။ သောမတ်အက်ဒီဆင်တို့ကဲ့သို့ လည်းကောင်း၊ သူဌေးကြီး ဟင်နဖို့ဒ်ကဲ့သို့ လည်းကောင်း၊ ဗုဒ္ဓလက်ထက်မှ သောဏမထေရ်မြတ်ကဲ့သို့လည်းကောင်း ကြီးစွာသော လုံ့လဆောင်မည်ဆိုပါလျှင် စာမတတ်သော လယ်ကူလီဘဝမှ ဗြိတိသျှ ဧရာဝတီမီးသင်္ဘောကုမ္ပဏီကြီးကို ယှဉ်ပြိုင်ဝံ့သော မွန်သူဌေးကြီး ဦးနာအောက်ကဲ့သို့ ယနေ့လူငယ်များ ဘာ့ကြောင့် မဖြစ်မှာလဲ။

ကြိုးစားအားထုတ်သမျှ အောင်မြင်မှုတို့သည် လည်းကောင်း၊ ကြီးပွားတိုးတက်မှုတို့သည် လည်းကောင်း ရှေ့လက်တစ်ကမ်းအကွာတွင် ရှိနေသည်။

သို့သော် လူငယ်များကို သတိပေးလိုသည်မှာ အောင်မြင်ကြီးပွား တိုးတက်သူများသည် ဆုတောင်းတတ်ကြသူများ မဟုတ်ပါ။ ဆုပန်သူများဖြစ်သည်ကို သတိပြုကြဖို့ လိုပါလိမ့်မည်။

အထူးသဖြင့် ရေးလိုသည်မှာ စာရေးသူ အထက်မှာရေးခဲ့သလို - ပျားရည်အကြောင်း ပြောရုံဖြင့် ပါးစပ်မှာ ချိုမလာပါ ဆိုသော စကားလေးကို သတိပြုဖို့ အကြံပေးပါရစေ။

မိမိကိုယ်တိုင် သူများဖောက်ထားသော လမ်းကို လျှောက်လှမ်းခွင့် ရှိသလို မိမိကိုယ်တိုင် လမ်းသစ်တစ်ခု ဖောက်ကြမှာလား။

မင်းလှမင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

ပန်း - ချို ဆွေ မြင့်

ဆွေကြည်အေး

သောကကမ္ဘာမှာ တစ်ညတာ

ကျွန်မရေးတဲ့ "ခေါင်းလောင်းကလေး ရေကူးတက်တယ်"၊ သျှိ(အင်္ဂြိဳင်း)ရေးတဲ့ "ဘူးထဲကရေ"၊ ဝါဝါထင်လင်းရေးတဲ့ "လွမ်းလိုက်တာ ဖေဖေရယ်"၊ တာချီလိတ်က စာရေးဆရာနန်းလွန်းလီကြိုင်ရေးတဲ့ "အခြေခံ စုဒ္ဓဘာသာကျင့်ထုံး မြန်မာဆိုင်ရာ အမေးအဖြေများ" စတဲ့ စာအုပ် (၄) အုပ်။ စာရေးဆရာ (၄) ယောက်စုပြီး အင်းဝစာအုပ်တိုက်မှာ စာအုပ်မိုးဆောင်ပွဲ လုပ်ဖို့ ကျွန်မနဲ့သျှိ တောင်ကြီးကနေ ရန်ကုန်ကို စက်တင်ဘာ(၈)ရက်နေ့ မနက်မှာ ရောက်ကြပါတယ်။

အခါတိုင်းဆို ကျွန်မက (၂၃) လမ်းက အမှတ်ဆီမှာ တည်းနေကျ။ ဒီတစ်ခါကျော့ တစုတစည်း တည်းဖြစ်အောင်ရယ်၊ ၁၄ လမ်းမှာ နေတဲ့ ဝါဝါနဲ့လည်း နီးအောင်ရယ် MGM Hotel မှာ သျှိနဲ့ ကျွန်မက တစ်ခန်း၊ ဆရာနန်းလွန်းလီကြိုင်က တစ်ခန်း တည်းကြပါတယ်။

ရေးချိန်းပြီးတာနဲ့ တစ်ပြိုင်တည်း နောက်တစ်နေ့အတွက် လိုအပ်တာ တွေကို အပြေးအလွှား စီစဉ်ကြရပါတယ်။ စက်တင်ဘာ(၉)ရက်နေ့ မနက်စေ့ ၁၀ ခေါ်မှာတော့ ကျွန်မတို့အခန်းကို ဆရာမ ဟန်သီဇင်(မြနန်းရှင်) ရောက်လာပြီး စာရေးကောင်းသလောက် အလှပြင်ရာမှာ ကျွမ်းကျင်တဲ့ ဆရာမ ဟန်သီဇင်က သျှိကို အရင် အလှပြင်ပေးပါထယ်။ ကျွန်မကို ပြင်မပေးခင်မှာ မျက်နှာသစ်၊ ဝတ်ထားတဲ့ စိန်နားကပ် အငေယ်ကို နားက ဖြုတ်၊ အကြီးနဲ့ လဲဝတ်။ ဝတ်မယ့် ဝတ်စုံကို အိတ်ထဲက ထုတ်နဲ့ တစ်ယောက်တည်း အလုပ်တွေကို ရှုပ်လို့။

မဇင် (ဟန်သီဇင်)က ကျွန်မတို့ အလှပြင်ပေးပြီး အင်းဝစာအုပ်တိုက်ကို ရောက်တော့ မနက်(၁၀)နာရီခွဲနေပြီ။

အခမ်းအနား မစောင်မှာ ကျွန်မက လက်ပွေ့အိတ်ထဲက ရတနာဘူးကို ထုတ်၊ ပုလဲဆွဲကြိုးကိုယူ၊ နဂိုက ဝတ်လာတဲ့ ပုလဲတီနမ်ဆွဲကြိုးကို ဖြုတ်၊ ဘူးထဲထည့်။ ပုလဲဆွဲကြိုးကို ပြောင်းဆွဲ ရတနာထည့်ထဲတဲ့ဘူးကို လက်ပွေ့အိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ထည့်ပြီး အိတ်ကို ချွေးမလတ်ချမ်းမြေ့ဆီမှာ အပ်ထားလိုက်ပါတယ်။

အခမ်းအနား စတဲ့အခါမှာတော့ စာရေးဆရာ တက္ကသိုလ် သျှင်သီရိက ဆရာနန်းရွှေလီကြိုင်ရဲ့ စာအုပ်အတွက် မုဒိတာစကား ပြောကြားပါတယ်။ ကျွန်မရဲ့ စာအုပ်အတွက် ဆရာချစ်ဦးညိုရေးပေးတဲ့ မုဒိတာ စာလွှာကို ဆရာမ ဟန်သီဇင်က ဖတ်ကြားပြီး ဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)က ကိုယ်တိုင် မုဒိတာစကားခွီမြွှင့်ပါတယ်။

ဆရာမသျှီ(အင်ကြင်း)ရဲ့ စာအုပ်ကို ဆရာမ ဒေါ်ကြူကြူသင်း၊ ဆရာမ ဝါဝါထင်ဝင်းရဲ့ စာအုပ်ကို ဆရာကြီး တက္ကသိုလ်စံနှင်က မုဒိတာစကား ခွီးမြှင့်ကြပါတယ်။

ကျွန်မတို့ (၄)ယောက်ရဲ့စာအုပ် မိတ်ဆက်ပွဲကို သတင်းစာဆရာကြီး ဦးသာဘန်း၊ စာရေးဆရာကြီးများ ဖြစ်ကြတဲ့ မကြွယ်ကြွယ်၊ တင်ရီမ (ညောင်ဦး)၊ ရွှေကူမေနှင်း၊ စိမ့် (ပညာရေး)၊ စာရေးဆရာ မှော်ဝန်းကြည်မြတ် တို့တစ်တွေ ကြွရောက် ခွီးမြှင့်ကြလို့ ဝမ်းသာလှပါတယ်။

နယ်မှာနေတဲ့သူမို့ ကျွန်မ မသိတဲ့ မမှတ်မိတဲ့ ဆရာ ဆရာမတွေလည်း ရှိဦးမှာပါ။ ဖိတ်ထားတဲ့ သူငယ်ချင်းတွေ ဆွေမျိုးတွေ အားလုံးလိုလို လာကြတဲ့အတွက် ပျော်စရာလည်း ကောင်းပါတယ်။

MRTV-4 ကလာပြီးအင်တာဗျူးတဲ့အတွက် အသီးသီး ဖြေကြားကြပြီး ညနေ ၃ နာရီလောက်မှာ အခမ်းအနားက အောင်မြင်စွာ ပြီးစီးခဲ့ပါတယ်။

တစ်နေကုန် သွားလာလှုပ်ရှားအလုပ်များကြ။ ညကျမှ ဟိုတယ်ကို ပြန်ရောက်တော့ လူတွေလည်း ပင်ပန်းနေကြပါပြီ။ ရေချိုးပြီးတော့ လက်ဝတ်လက်စားတွေကို ချွတ်။ နားကပ်အကြီးကို အမြဲတစေ့နေကျ။ ၁၉၇၈ ခုနှစ်ကတည်းက မေမေဆင်ထားတဲ့ နားကပ်အင်္ကယ်ကို ပြန်ဝတ်ဖို့ ရှာတဲ့အခါမှာတော့ နားကပ်ကလေးကို ရှာမတွေ့ဘော့ပါ။

လက်ဝတ်လက်စား ထည့်တဲ့ဘူးထဲမှာ အပြန်ပြန်အလှန်လှန် ရှာပေမယ့် ကျန်တဲ့ပစ္စည်းအားလုံး စုံပေမယ့် နားကပ်ကလေးကိုတော့ မတွေ့။

ကျွန်မ ဇောချွေး ပြန်လာပါပြီး သေသေချာချာ ပြန်စဉ်းစားကြည့်လိုက်တော့ အင်းဝစာအုပ်တိုက်က စားပွဲပေါ်မှာ ကျွန်မရဲ့ လက်ပွေ့အိတ်ထဲက ဒီဘူးကို ထုတ်၊ ပုလဲဆွဲသီးပါတဲ့ ဆွဲကြိုးကို ဖြတ်ထုတဲ့မှာ နားကပ်ကလေးတွေများ ချိတ်ပါသွားပြီး ပြုတ်ကျခဲ့လေသလား။

အဲဒီလိုဆိုရင်လည်း တစ်ဖက်ပဲ ပျောက်သင့်တာပေါ့။ အခုတော့ နှစ်ဖက်စလုံးဆိုတော့ ဘာပဲစဉ်းစားစား မရတော့ပါလို့။

သျှီကို ပြောမပြသေးဘဲ ကျွန်မတစ်ယောက်တည်း ကိုတ်ပြီးရှာနေတာကို သျှီက သတိထားမိသွားပြီး သိသွားတဲ့အခါမှာတော့ အိပ်ရာပေါ်မှာ လှဲမနေနိုင်တော့ဘဲ ကူရှာပါတော့တယ်။

မှန်တင်ခုံ၊ ရေချိုးခန်း၊ ကျွန်မရဲ့ လက်ပွေ့အိတ်၊ အဝတ်အိတ်၊ ခုတင်ပေါ် ခုတင်အောက် နေရာအနှံ့ရှာကြပေမယ့် မတွေ့ပါဘူး။ နှစ်ထောက်စလုံးမှာတော့ စိတ်မောလူမောပေါ့။

သျှီက . . .

"ခဏနေဦး မမဆွေ၊ ကိုသားကြီး (နက္ခတ်နှင့် ဗေဒင်ဝါသနာရှင်၊ တောင်ကြီးမှ ကာလီမဉ္ဇူရွှေပန်းထိမ်နှင့် ရွှေဆိုင်ပိုင်ရှင်)ဆီကို ဖုန်းဆက်ကြည့်ဦးမယ်"

ဆိုပြီး ဖုန်းဆက်ပြီး မေးပါတယ်။

သဘောကောင်းပြီး ပညာမာနလည်း မထား၊ ကျွန်မတို့ နှစ်ယောက်စလုံးနဲ့လည်း ခင်နေတဲ့ ကိုသားကြီးက . . .

"မပျောက်ပါဘူး၊ ခုတင်အောက်နဲ့ ခုတင်ဘေးမှာ ရှာကြည့်ပါ"

ဆိုလို့ ခုတင်အောက်နဲ့ ခုတင်ပတ်ပတ်လည်မှာ ရှာကြပြန်ပါတယ်။

မတွေ့တဲ့အတွက် နှစ်ယောက်သား ခုတင်ကြီးကို မနိုင်မနင်းနဲ့ မရွှေ့ပြီး ရှာကြပြန်ပါရော။ သျှီ့ခုတင်ကိုတော့ မမကြဘဲ လက်နှိပ်ဓာတ်မီးနဲ့ပဲ ထိုးပြီး ရှာကြပါတယ်။

ဒွဲမလျှော့ကြဘဲ ည ၉ နာရီကျော်တဲ့အထိ ရှာကြပေမယ့် မတွေ့တဲ့အတွက် နှစ်ယောက်စလုံးလည်း ခြေကုန်လက်ပန်းကျကုန်ကြပါပြီ။ မနက်ဖြန် မနက်ဆိုလျှင် အင်းဝစာအုပ်တိုက်ကို သွားပြီး စာရင်းရှင်း။ စာပေဒဿဓာန်နဲ့ (၂၃)လမ်းအိမ်ကိုသွား။ နေ့လယ် ၁၂ နာရီ မတိုင်ခင် ဟိုတယ်ပြန်ပြီး Check-out လုပ်။

ညနေကားနဲ့ တောင်ကြီးကို ပြန်ကြမှာမို့ ဟိုတယ်က ဖထွက်ခင် တွေ့မှဖြစ်မှာပါ။

သျှီက ဘုရားရှိခိုး၊ တရားထိုင်နေရာကနေ ၁၀ နာရီ ထိုးခါနီးမှာတော့-

"ဓဇင်ကို လှမ်းမေးမှ ဖြစ်ဖယ်၊ မမဆွေ" လို့ပြောတဲ့အတွက် . . .

"ကောင်းပါ့မလား သျှီရယ်၊ မနက်တုန်းက သူတစ်ယောက်တည်း လာပြီး ကျွန်မတို့ကို အလှပြင်ပေးထားတာ၊ မယုံကြည်လို့ မေးတယ် ထင်နေပါ့မယ်"

ဆိုတော့ သျှီက အားရပါးရ ရယ်ပြီး . . .

"မမဆွေကလည်း မဇင်က ပါရမီ ဓာတ်ခံ အားကောင်းသူပါ၊ ဒါကြောင့် မေးမှာ"

လို့ ရှင်းပြပြီး မဇင်ဆီကို ဖုန်းလှမ်းဆက်ပါတယ်။

မဇင်က ခဏစဉ်းစားပြီး . . .

"ရှိပါတယ် မပျောက်ပါဘူး၊ စက္ကူကလေးနဲ့ ထုပ်လို့၊ သေသေချာချာ ရှာကြည့်ပါဦး" လို့ ဖြေပါတယ်။

ကျွန်မလည်း အားတက်သွားပြီး လက်ပွေ့အိတ်နဲ့ ဝတ္ထုစာအုပ်တွေ ထည့်ထားတဲ့ အိတ်ရော အဝတ်အိတ်ကိုပါ ထပ်ပြီး စေ့စေ့စပ်စပ် ရှာပေမယ့် မတွေ့တဲ့အခါမှာတော့ စိတ်ဓာတ် ကုန်သော

www.burmeseclassic.com

ပါပြီ။ လူကလည်း ပင်ပန်းလွန်းလို့ အိပ်ချင်လှပါပြီ။ သျှိက...

"ရှာစရာဆိုလို့ အမှိုက်ခြင်းပဲ ကျန်တော့တယ် မမဆွေ"

လို့ ကျွန်မခုတင်နဲ့ သူခုတင်ကြားက စားပွဲနားမှာရှိတဲ့ အမှိုက်ခြင်းကို လက်ညှိုးထိုးပြပြီး အိပ်ပျော်သွားဝါတော့တယ်။

အမှိုက်ခြင်းကို လှမ်းကြည့်လိုက်တော့ ဆီးထုပ်အခွံ၊ ဘီစကွတ်မုန့်ထုပ်အခွံ။ အချိုရည်ဘူးခွံတွေနဲ့ စက္ကူစုတ်တွေပဲ မြင်တဲ့အတွက် . . .

"အမှိုက်ခြင်းထဲကို ကျွန်မ ဘာမှ မထည့်ရသေးဘူး သျှိရဲ့၊ ရှိမှာ မဟုတ်ပါဘူး၊ အခု အိပ်ချင်လှပြီ၊ မနက်ကျမှပဲ ရှာတော့မယ်"

လို့ပြောပြီး လှဲအိပ်လိုက်ပါတော့တယ်။ တကယ်တမ်းတော့ အိပ်လို့ မရပါဘူး။ မေမေဝယ်ပေးတဲ့ နားကပ်။ မေမေပေးတဲ့ အမွေမို့ နှမြောတာထက် စိတ်မကောင်းတာက ပိုပါတယ်။

မေမေက. . .

"သမီး ဒီစိန်လေးတွေက အသန့်လေးတွေ၊ အုန်းထို့ ဇေးတို့ (မေမွေးမိတ်ဆွေ စွေးချီ Hရုံမှ အထည်ကုန်သည်ကြီး ညီအစ်မ)တို့ ကိုယ်တိုင် စိန်ထုပ်ထဲက ရွေးပေးပြီး Order လုပ်ခိုင်းထားတာ၊ ပန်းထိမ် ဦးချစ်မောင်ရဲ့လက်ရာ၊ နောင်တစ်ချိန် ဒီထက်ကြီးတာ ဝယ်ဖြစ်ရင်တောင် ဒါလေးကိုတော့ ရောင်းမပစ်နဲ့နော်"

လို့ သေသေချာချာမှာထားခဲ့ရက်နဲ့ ကျွန်မရဲ့ နမော်နမဲ့နှိုင်းပြီး ပျာယာခတ်တဲ့အတွက် ပျော်ရလေခြင်းဆိုပြီး ယူကျုးမရ နှမြောတသံသနဲ့ ခတ်တော်နဲ့ အိပ်လို့မရပါဘူး။ သတိထားပြီး တရားမှတ်တော့မှ အိပ်ပျော်သွားလိုက်တာ မနက် (၅)နာရီထိုးမှ နိုးပါတော့တယ်။

တချွတ်ချွတ် အသံကြောင့် သျှိလည်း နိုးသွားကပါပြီ။ မျက်နှာသစ်ပြီး ဘုရားရှိခိုးနေချိန်မှာ ကျွန်မမှာတော့ နောက်ဆုံးမျှော်လင့်ချက်အနေနဲ့ အမှိုက်ခြင်းကို မပြီး မီးဆောင်းအောက် အလင်းရောင်ရှိရာကို ရွှေ့ပြီး အမှိုက်တွေကို တစ်ခုချင်းထုတ်ပြီး သေသေချာချာ ရှာပါတော့တယ်။

ပထမဆုံး ထွက်လာတာက ဆီးထုပ်ပလတ်စတစ်အိတ်အခွံ။ ပြီးတော့ ဘီစကွတ်မုန့်ထုပ်အခွံ။ အချိုရည်ဘူးခွံ ခုနစ်ခု။ တစ်ရှူးစက္ကူ အဟောင်းတွေ။ ဟော- စက္ကူထုပ်ကလေး။ တစ်ရှူးစက္ကူနဲ့ လျှော်ဆေးဆုမ်ခေါ်ထုပ်ထားတဲ့ စက္ကူထုပ်ကလေး။ ဘာလေးပါလိမ့်။ ဖြေကြည့်လိုက်မယ်။ အမယ်လေး တွေ့ပါပြီ။ ကျွန်မရဲ့ နားကပ်ကလေး။

ဝမ်းသာအားရနဲ့. . .

"သျှိရေ တွေ့ပြီ တွေ့ပြီ နားကပ်ကလေး၊ တစ်ရှူးနဲ့ ထုပ်လို့"

လို့ အော်လိုက်မိတော့ ဘုရားရှိခိုးနေတဲ့ သျှိခမျာ ကမန်းကတမ်း ထလာပြီး. . .

"ဘယ်မှာလဲ ဘယ်မှာလဲ မမဆွေ"

ဆိုပြီး အမှိုက်ခြင်းနားကို အုပြေးအလွှား ရောက်လာပါတယ်။

"ဟယ်တော့် တစ်ရှူးနဲ့ ထုပ်ထားကာပါလား။ မင်ငြောတာမှန်လိုက်တာနော် မမဆွေ၊ နားကပ်ကို ဘာလို့ တစ်ရှူးနဲ့ ထုပ်ထားတာလဲဟင်"

"မသိတော့ပါဘူး သျှိရယ်၊ မနက်က အပြေးအလွှားနဲ့ဆိုတော့ တစ်ခုတော့ရှိတယ်၊ ကျွန်မက အလှူအတန်းသွားစရာရှိလို့ နားကပ်ပြောင်းဝတ်ရင် ဝတ်နေကျ ဒီနားကပ်ကို ချွတ်၊ ဆပ်ပြာရေနဲ့ စိမ်၊ တိုက်ချွတ်ဆေးကြောပြီးမှ သိမ်းလေ့ရှိတာ၊ ဝတ်ထားတာကြာတော့ အနှံ့ရှိနေမှာစိုးလို့ တခြားဟာတွေနဲ့ ဒီအတိုင်းရောပြီး သိမ်းလေ့မရှိဘူး။

မနက်တုန်းက အသန့်ရှင်းရေးမလုပ်အားတော့ ပြန်လာမှ ဆေးမယ်ဆိုပြီး တစ်ရှူးနဲ့ ထုပ်လိုက်မိသလား မပြောတတ်ပါဘူး၊ ပစ္စည်းတွေ ဟိုရွှေ့ ဒီရွှေ့နဲ့ အထုပ်ကလေးကို တိုက်မိပြီး ခုတင်ဘေးက အမှိုက်ခြင်းထဲ ကျသွားတာ ထင်ပါရဲ့။

မင်းရော ကိုသားကြီးပါ ဧတော်လိုက်ကြတာ၊ လှမ်းမေးဖို့ သတိရတဲ့သျှိကိုရော ကျေးဇူးတင်လိုက်တာ"

"ဟုတ်ပါ့ မမဆွေရယ်၊ အမှိုက်ခြင်းထဲသာ မရှာမိဘဲ လက်လျှော့ပြီး ပြန်သွားကြရင် ဟိုတယ်သန့်ရှင်းရေးလုပ်တဲ့ လူတွေလည်း အမှိုက်တွေကို ဒီအတိုင်းပစ်လိုက်မှာပဲ၊ ဘယ်သူမှလည်း မတွေ့၊ အကျိုးလည်းမရှိဘဲ အဖိုးတန် ရတနာလေးခမျာ မြေကြီးထဲပြန်ရောက်သွားတော့မှာ"

လို့ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြောနေတဲ့အတွက် ကျွန်မလည်း. . .

"ဟုတ်ပါတယ် သျှိရယ်၊ သျှိတို့ကိုတွန်းလွှန်းလို့သာ အမှိုက်ခြင်းကို ရှာဖြစ်တာ၊ တွေ့မယ်လို့ လုံးဝ မထင်တော့တာ၊ နောက်များဆို ပျာယာခတ်တော့ဘူး၊ အလှလည်း မမက်တော့ပါဘူး၊ သတိတစ်ချက် လွတ်လိုက်တာနဲ့ သောက ရောက်လိုက်ရတာ တစ်သည်းပါပဲ"

ကျွန်မရဲ့ စကားအဆုံးမှာတော့ သျှိရဲ့ အပြုံးမျက်စောင်းက ကျွန်မဆီကို အရှိန်အဟုန်နဲ့ ရောက်လို့လာပါတော့တယ်။

ဆွေကြည်အေး

❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဦးအောင်မျိုးသူက ကားကို ကားပါကင်၏ ထောင့်အကျဆုံး သစ်ပင်တစ်ပင်၏အောက်တွင် ရပ်လိုက်သည်။

ကား၏တန်ဖိုးက ကြီးလေသဖြင့် မတော်တဆဖြစ်မှုကို ရှောင်ရှားလိုဟန် တူသည်ဟု ရတနာဦးက ဆင်းလိုက်သည်။ စားသောက်ဆိုင်ဝသို့ အနည်းငယ် လမ်းလျှောက်ရသည်။ ရှခင်း မြင်ကွင်းကောင်းသော နေရာတစ်ခုကို ရွေးချယ်ထိုင်ကြသည်။ ထိုနေရာမှ ကန်တော်ကြီးရေပြင်၊ စိမ်းညို့ညို့တောင်တန်း၊ ခပ်ဝေးဝေးမှ ရွှေတိဂုံဘုရားတို့ကို ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့နေရသည်။

"သုံးဆောင်လိုတာမှာပါ။ . . ဒီမှာ မီနူးရှိတယ်"

"ဆရာ အဆင်ပြေသလိုမှာပါ။ ကျေးဇူးတင်ပါတယ်"

ဦးအောင်မျိုးသူက အနီးရှိစားပွဲထိုးကို မီနူးကြည့်ပြီး လှိုတာမှာသူည်။ စားပွဲထိုး ထွက်မသွားမီ ဖျော်ရည်နှစ်ခွက်ချပေးရန် မှာသည်။

"ကျွန်တော်တို့ကုမ္ပဏီမှာ လက်ထောက်မန်နေဂျာ ခန့်နိုင်တယ်၊ နောက်တော့ လုပ်ရည်ကိုင်ရည်ပေါ် မူတည်ပြီး ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်မှာပါ။ ပေးစကားနဲ့ အခြားစရိတ်၊ ဆုကြေး စတာတွေက ဒါရိုက်တာအဖွဲ့ အတည်ပြုပြီးရင် သိရမှာပါ။ ကျွန်တော် အသေးစိတ်ပြောရင် မပြည့်မစုံဖြစ်မယ် ထင်လို့ပါ၊ သုံးဆောင်ပါဦး"

ဦးအောင်မျိုးသူက စားပွဲထိုးလာရောက်ချပေးသော ဖျော်ရည်ကို ကြည့်ပြီး မြောသည်။ ဦးအောင်မျိုးသူက တစ်ခွက်ယူပြီး ရတနာဦးကို တစ်ခွက်ပေးသည်။

"ကျွန်တော်တို့ ကုမ္ပဏီက မရတနာဦး သိပြီးဖြစ်တဲ့ အတိုင်းပဲလေ၊ နိုင်ငံတကာ အခြေစိုက်ပါ၊ နိုင်ငံနှစ်ဆယ်ကျော်မှာ ရှိပါတယ်။ နိုင်ငံခြားသင်တန်းလေ့လာရေး၊ လွှဲပြောင်းတာဝန်ထမ်းဆောင်မှု ဆိုတာတွေတော့ရှိတယ်၊ စဉ်းစားပေါ့။ မှန်ကန်တဲ့ ရွေးချယ်မှု ဖြစ်ပါစေဗျာ. . . ကဲ"

ဦးအောင်မျိုးသူက သူဖန်ခွက်ကို ကုမ်းပေးသဖြင့် ရတနာဦးက သူဖန်ခွက်နှင့် အသာထိလိုက်သည်။ ဦးအောင်မျိုးသူက မော့သောက်သဖြင့် သူမကလည်း တစ်ကျိုက်သောက်ချလိုက်သည်။ ပူရှူရှူ ချိုမြမြ ခပ်သင်းသင်းအရသာမို့ 'ဘာအရည်လဲ' ဟု မေးလိုလှသည်။ အုပ်မုန်း၊ ထုမှုန်းသိသွားမည်စိုးသဖြင့် မမေးဝံ့ချေ။ ပါးစပ်ဖို့ဒေါ်လေးတွေကတော့ နီသွားလေသည်။

"မရတနာဦး မျှော်မှန်းထားတာထက် နိမ့်နေရင်တော့ အခြားကုမ္ပဏီရွေးပါ၊ ကျွန်တော် ကူညီနိုင်တာက မန်နေဂျာလိုတဲ့ ကုမ္ပဏီတစ်ခုရှိတယ်၊ ပိုင်ရှင်နဲ့ ရင်းနှီးပါတယ်၊ လျှို့ဝှက်အကူအညီတောင်းထားလို့ သိတာပါ။ လေ့လာချင်ရင် သွားကြည့်ပေါ့၊ သူကတ်ကဒီမှာပါ"

ရတနာဦးက ဖတ်ကြည့်ပြီး မှတ်သားထားလိုက်သည်။ ကတ်ကို ပြန်ပေးစဉ် စားပွဲထိုးက ဟင်းလျာများလာချပြီး ပြင်ဆင်ပေးသည်။ ဦးအောင်မျိုးသူ၏ ဖျော်ရည်ခွက်က ကုန်လုပြီဖြစ်သည်။

"ကဲ. . . သုံးဆောင်ပါ၊ ကျွန်တော့်ကို စိတ်ရှည်ရှည်နဲ့ စောင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဦးအောင်မျိုးသူက စတင်စားသုံးပြီဖြစ်သဖြင့် သူ့မလည်း စတင်စားရသည်။ ထမင်းနှင့် ဟင်းလျာများက ပူနွေးသည်လား၊ အခန်းနေရာက နွေးထွေးသည်လား မသိချေ။ ပူနွေးနွေး ရှိန်းဖိန်းဖိန်းဖြစ်နေသည်။ အနီးရှိဖျော်ရည်ကို တစ်ကျိုက်ထပ်မံသောက်လိုက်သည်။ တစ်ကိုယ်လုံးရှိသွေးတို့ ဆူပွက်လာသလို ခံစားရသည်။ ရတနာဦး မသောက်ဝံ့တော့ချေ။ စားနေသော အစားအစာများမှာ အနည်းအကျဉ်းသာ ဖြစ်သော်လည်း အရသာမသိသလို ဖြစ်နေသည်။ ဤသို့ဖြင့် စားသောက်ပွဲပြီးလေသည်။ မှောင်ရိပ်သန်းလာပြီမို့ အိမ်ပြန်လိုလှပြီ။ ဦးအောင်မျိုးသူက ငွေရှင်းလိုက်သည်။

"ကဲ. . . သွားကြစို့နော်"

နှစ်ဦးသား ဆိုင်အတွင်းမှ ထွက်လာကြသည်။ အေးဆေးဆိတ်ငြိမ်သော ဆိုင်ဖြစ်၍ လူရှင်းသည်။ ကားသုံးစီးခန့် သာရှိသည်။ သူတို့ကားက ချောင်ကျသော မှောင်ရိပ်တွင် ရပ်ထားသည်မို့ လျှောက်လှမ်းရသည်။ ဦးအောင်မျိုးသူက ယာဉ်မောင်းနေရာသို့ မစ္စည်းများ တင်ပြီး ရတနာဦးထိုင်မည့် အခန်းဘက် သို့လာသည်။ ကားတံခါးကို ဖွင့်ပေးသည်။

ရတနာဦးက ကားအတွင်းသို့ ဝင်မည်အပြုံ၌ ယိုင်သွားသဖြင့် ဦးအောင်မျိုးသူက ထိန်းလိုက်သည်။ ခါးကို ဆွဲလိုက်သဖြင့် ကားတံခါးကို ကိုင်ထားသူ ဦးအောင်မျိုးသူဘက်သို့ ယိုင်သွားသည်။ လိုသည်ထက် ပိုသည်ဟုထင်ပါသည်။

"အို"

အာမေဋိတ်သံလေး ထွက်သွားသည်။ ထို့နောက် ဦးအောင်မျိုးသူ၏ ရင်ခွင်အတွင်းသို့ ရောက်သွားသည်။ မွတ်သိပ်သော အနမ်းများက မရပ်မနား ကျရောက်လာသည်။ ယောင်ရမ်းပြီး တွန်းဖယ်မိသည်လား၊ ဖက်မိသည်လား မပြောတတ်ပါပြီ။ သတိထားမိသော အခါ ရတနာဦးမှာ ပက်လက်လှန်ထားသော ကားထိုင်ခုံပေါ်တွင် ရောက်နေလေသည်။

"ထင်ထားတာထက် ပိုလှတယ်၊ သိပ်ချစ်တယ်. . . သိပ်ချစ်တယ်ကွယ်"

ရတနာဦးက တွန်းလှန်ရုန်းကန်သော်လည်း အားမရှိသလိုဖြစ်နေသည်။ ပထမဆုံးအကြိမ် တွေ့မိခြင်းဖြစ်၍ ပူထူရှိန်းဖိန်းနေသည်မှအပ ဘာတစ်ခုမှ သတိမထားမိပေ။ ကျေနပ်သလို၊ မကျေနပ်သလို ဖြစ်နေသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

သတိဝင်လာသောအခါ အိမ်အိပ်ခန်းထဲသို့ ရောက်လာခဲ့လေသည်။

◆

"ပြန်လာတာ နောက်ကျတယ် ရတနာရယ်၊ အခုမှ စိတ်အေးရတယ်"

ဘွားဘွားနှင့်ဒေါ်လေးက ခြံဝမှ ဆီးကြိုသည်။ ဒေါ်လေးက တံခါးဖွင့်ရင်း ပြောသည်။ ရတနာဦးက ဘာမျှ ပြန်မပြောနိုင်။ အိမ်အတွင်းသို့ ဂျာန္ဒေမျက်လှမ်းဝင်လာခဲ့သည်။

"အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့... ဒေါ်လေး"

အိမ်ပေါ် ရောက်သည်နှင့် ဒေါ်လေးက ဖြစ်စဉ်အစအဆုံးကို မေးသည်။ ရတနာဦးက ဦးအောင်မိုးနှင့် တွေ့ခဲ့ပုံမှ အစချီ ပြောပြခဲ့သည်။ အကြောင်းအရာ အားလုံးစုံသည်။ ညနေပိုင်း စားသောက်ပွဲနှင့် ကားပေါ်က အင်တာဗျူးကိုတော့ မပြောချေ။ ဒေါ်လေးက စဉ်းစားသုံးသပ်လျက်ရှိသည်။

ရတနာဦးသည် နောက်တစ်နေ့ အိပ်ရာနိုးသည့်အခါ အသိအာရုံများ လန်းဆန်းတက်ကြွလျက်ရှိသည်။ ယခင်ကကဲ့သို့ သွက်လက်ဖျတ်လတ်ဆဲ ဖြစ်သည်။ မနေ့က အဖြစ်အပျက်များကို ပြန်လည်စဉ်းစားသည်။ မိမိ၏အားနည်းချက်ချော်မှုသည် အမှားအယွင်းများစွာ ဖြစ်ခဲ့သည်ဟု ထင်မိသည်။

"ရတနာ... နိုးရင် လာပါဦး သမီးရယ်"

ဒေါ်လေး၏ အသံဖြစ်သည်။ အသံက တစ်ခုခုကို မကျေလည်သကဲ့သို့ဖြစ်သည်။ ရတနာဦးသည် မျက်နှာသစ် ဘုရားရှိခိုးသည်။ ပြီးမှ ဒေါ်လေးထံ သွားဖြစ်သည်။ ဒေါ်လေး၏အကြည့်က ရတနာဦးကို အကဲခတ်နေသကဲ့သို့ ရှိသည်။ သို့သော် ရတနာဦး ကြိုက်နှစ်သက်သော ထမင်းပူ ပဲပြုတ်ဆီဆမ်းနှင့် အကြော်ပန်းကန်ကိုတော့ အသင့်ပြင်ထားသည်။ ရတနာဦးက ထိုးစဉ်အတိုင်း ဒေါ်လေးကို မွှေးမွှေးပေးပြီး ထမင်းပူပူနှင့် ပဲပြုတ်ဆီဆမ်းကို စားလိုက်သည်။

"မနေ့က အဖြစ်ကို ပြန်ပြောပါဦး သမီးရယ်.. ဝမ်းသာရအောင်ပါ"

ရတနာဦးက အကြော်တစ်ခုကို ဝါးရင်း ပြောသည်။ ကုမ္ပဏီရုံးသို့ သွားသည်မှ အစပြု၍ တွေ့ကြုံရသည်များကို အသေးစိတ်ရှင်းပြသည်။ သို့သော် နောက်ဆုံးဖြစ်စဉ်တော့ မပါချေ။

"ကုမ္ပဏီထဲ မရောက်ခဲ့ဘူးပေါ့"

"ချိန်းတဲ့လူနဲ့တွေ့တော့ မရောက်တော့ဘူး၊ ဒေါ်လေး ဒီအင်တာဗျူးက ပိုပြီးလွတ်လပ်တယ်၊ ပြည့်ပြည့်စုံစုံ သိရတယ်၊ စတွေ့တွေ့ချင်း ရိုက်နှိုးတော့ ပိုပြီး ကျေနပ်တာပေါ့။ ဒါကြောင့် အခြားကုမ္ပဏီကိုလည်း ချိတ်ပေးတာ ဖြစ်မှာ ဒေါ်လေးရဲ့"

ရတနာဦးက လန်းဆန်းတက်ကြွစွာ ပြောဆိုမှုကို ဒေါ်လေးက ဖြည်းလေးစွာ ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး ရတနာ၊ တစ်ခုခု လွဲနေတယ်လို့ ဒေါ်လေးထင်တယ်"

"ရှင်"

ရတနာဦးက တုန့်တြိဖြင့် အာမေဋိတ်သံ ပြုမိသည်။

"သမီးက ကျောင်းသားလောကမှာ ကျင်လည်တာပါ၊ အခုမှ ကလေးကြီး အဆင့်ရှိသေးတယ်၊ ဒေါ်လေးက အဲဒီအဆင့်ကို ကျော်ပြီး ရုံးမှာ လုပ်တာ ဆယ်စုနှစ် နှစ်ခုကျော်တော့မယ်"

"ဒီနေ့ သမီးပြောတဲ့ ကုမ္ပဏီကို ဒေါ်လေးနဲ့ သွားကြည့်ရအောင်"

"သူ့ချိန်းတဲ့ရက်မှ မဟုတ်ဘဲ ဒေါ်လေးရဲ့... ဘယ်ကောင်းပါ့မလဲ"

"သမီးရဲ့ လူကြီးမင်းက လက်ခံနိုင်မယ့်စကား ရှိပါတယ်၊ ဒေါ်လေး တာဝန်ယူ ပြောပါ့မယ်၊ ဆယ်နာရီလောက် သွားကြတာပေါ့"

ရတနာဦးမှာ ငြင်းရန် အခွင့်မသာခဲ့ချေ။ ရတနာဦးနှင့် ဒေါ်လေးတို့သည် ဦးအောင်မိုးသူ၏ ကုမ္ပဏီရုံးခန်းသို့ အတူသွားခဲ့ရသည်။ ရတနာဦးသည် ကုမ္ပဏီရုံးရှိရာသို့ရောက်လျှင် ဦးအောင်မိုးသူ၏ကားကို တစေ့တစောင်း ရှာကြည့်သည်။ မတွေ့ရသဖြင့် မရှိဟုဆင်ပြီး ဝမ်းသာသွားသည်။ ဒေါ်လေးကို ပြောပြသော်လည်း ဒေါ်လေးက လက်မခံချေ။ စုံစမ်းရေးဌာနသို့ အရောက် သွားကြသည်။

"အုပ်ချုပ်မှုဝါရိုက်တာ ဦးအောင်မိုးသူဆိုတာ ရှိပါသလားရှင့်"

"ဟုတ်ကဲ့... ရှိပါတယ်ရှင့်"

တာဝန်ခံ မိန်းကလေးက ယဉ်ကျေးစွာ ပြန်ကြားသည်။ ရတနာဦးက ဖျော်သွားသည်။ ဒေါ်လေးက ခပ်တည်တည်နေသည်။

"တွေ့ပါရစေရှင့်"

"ထိုင်ပါရှင့်... ကျွန်မ ဆက်သွယ်လိုက်ပါ့မယ်"

မိန်းကလေးက အင်တာကွန်မှ တစ်ဆင့် ကိုယ်ရေးအရာရှိထံ ဆက်သွယ်ဟန်တူသည်။ မကြာမီ ပြန်ကြားသည်။

"ကြိုတင်ချိန်းဆိုထားတာ ရှိပါသလားရှင့်"

"မရှိပါဘူး၊ အရေးကြီးကိစ္စရှိလို့ပါ"

မိန်းကလေးက ကိုယ်ရေးအရာရှိသို့ ဆက်လက်အကြောင်းကြားသည်။ အတန်ကြာလျှင် ခွင့်ပြုလိုက်ဟန် တူလေသည်။ မိန်းကလေးက သူမ နောက်ဘက်တွင်ရှိသော ဓာတ်လှေကားသို့ လိုက်ပို့သည်။ တတိယထပ်ရှိ ရုံးခန်းသို့ ညွှန်လိုက်သဖြင့် တူရိန်နှစ်ယောက် တက်သွားကြသည်။ ဓာတ်လှေကားဝတွင် ရုံးကူမိန်းကလေးတစ်ဦးက လာရောက်ကြိုဆိုပြီး ရုံးခန်းသို့ ခေါ်သွားသည်။ ကိုယ်ရေးအရာရှိ၏ မှန်ခန်းတွင် ခေတ္တထိုင်ရသည်။

ကိုယ်ရေးအရာရှိက ခမ်းနားလှပသော ကျွန်းတံခါးကြီးကို တွန်းဖွင့်ပြီး ဝင်သွားလေသည်။ ခေတ္တကြာလျှင် ပြန်ထွက်လာပြီး ပြုံးရွှင်စွာဖြင့် ရတနာဦးကို ဝင်ခွင့်ပြုသည်။

www.burmeseclassic.com

ဒေါ်လေးနှင့် ရတနာဦးတို့က နှုတ်ခန်းတွင်းသို့ ဝင်သွားကြသည်။ ကျွန်းတဲ့ခင်းမကြီးက ပြန်ပိတ်သွားသည်။နှုတ်ခန်းအတွင်း ခဲ့ညားဝင့်ထည်သော စားပွဲကြီးတစ်လုံး၊ အဆင့်မြင့် ရုံးသုံးပစ္စည်းကိရိယာများနှင့် ပရိဘောဂအချို့ကို တွေ့ရသည်။ ဆံစအနည်းငယ်ဖြူနေသော အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦးက စားပွဲနောက်တွင် ထိုင်လျက်ရှိသည်။

"ထိုင်ပါခင်ဗျား၊ ကျွန်တော်က ဦးအောင်မိုးသူပါ"

မျက်မှန်နှင့် ပြုံးခြီသော မျက်နှာပိုင်ရှင် လူကြီးက သို့ကိုယ်သူ မိတ်ဆက်သည်။ ရတနာဦး ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားသည်။ ဒေါ်လေးသာ လက်ဆွဲပြီး ထိုင်ရန် ခေါ်မသွားလျှင် ပိုင်းခန်းလဲကျသွားမည်မှာ သေချာလေသည်။

"ဘုရား. . . ဘုရား. . ဘယ်လို ဖြစ်တာဝါလိမ့်" ဟု တွေးမိသည်။

"တွန်တော် ဘာများ ဆောင်ရွက်ပေးရပါ့မလဲ ခင်ဗျာ"

ထိုလူကြီး၏အမေးကို ရတနာဦးက မပြောနိုင်ခဲ့။ ဒေါ်လေးက ကွန်ပျူတာစမှ ထုတ်ထားသည့် စာရွက်ကို ထုတ်ပြသည်။ ဖြစ်စဉ်အကျဉ်းချုပ်ကို ရှင်းပြသည်။ ဦးအောင်မိုးသူက စိတ်ပါဝင်စားစွာ နားထောင်ပြီး ပြုံးသည်။

"ဒီမှာ အမ်ဒီ နှစ်ယောက်ရှိပါတယ်၊ တစ်ဦးက ပြည်တွင်း၊ တစ်ဦးက ပြည်ပပါ၊ ပြည်ပအမ်ဒီက, နိုင်ငံခြားသွားတာနှစ်လလောက်ရှိပါပြီ နိုင်ငံခြားသားပါ၊ ကျွန်တော်က ပြည်တွင်း အမ်ဒီပါ။ လောလောဆယ် ဒီမှာ လူမလို့သေးပါဘူး၊ လိုအပ်ရင် အကြောင်းကြားပါ့မယ်၊ လိပ်စာပေးထားခဲ့ပါ၊ ကျွန်တော် ကူညီနိုင်တာ ဒီလောက်ပါပဲ"

ဦးအောင်မိုးသူက အချက်ပေးရှိုက်သည်ဟု ထင်သည်။ ကိုယ်ရေးအရာရှိ ဝင်လာသဖြင့် ထိုလူနှင့် ပြန်လည်လိုက်ပါသွားရလေသည်။ ကိုယ်ရေးအရာရှိထံတွင် နောင်ဆက်သွယ်နိုင်ရန် လိပ်စာပေးပြီး ပြန်လာခဲ့ကြသည်။

အပြန်ခရီးတွင် တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြချေ။ အိမ်ရောက်သည်အထိ နှုတ်ဆိတ်နေစီကြသည်။ ရတနာဦးက အပြစ်ရှိသူပီပီ ရင်တုန်ပန်းတုန် ဖြစ်ရသည်။ မိမိကိုယ်မိမိ လည်လှုပ်ထင်သော်လည်း မလည်သေးသည်မှာ သိသာသောကြောင့် ဖြစ်လေသည်။ နောက်ဆုံးဖြစ်စဉ်လေးကို တွေးပြီး ရင်တုန်နေမိသည်။

"ကဲ. . ရတနာ၊ ဖြစ်စဉ်အားလုံးကို သိပြီနော်၊ ဒေါ်လေးကို အမှန်အတိုင်း မထိမ်မချန်ပြောပြသင့်တယ်၊ အချိန်မီလုပ်သင့်တာ လုပ်ရတာပေါ့"

ရတနာဦးသည် မပြောလျှင် မဖြစ်တော့သည့် အနေအထားဖြစ်လာသဖြင့် ဒေါ်လေးကို ဖွင့်ဟနေသည်။ မေမေ မရှိကတည်းက ဒေါ်လေးသည် မေမေဖြစ်နေသည့် မဟုတ်ပါလား။

သည်တစ်ခါ တုန်တုန်ချည်ချည် ဖြစ်သွားသည်က အပျိုကြီးဖြစ်သည်။ ဒေါ်လေးမှာ ဖျော့တော့စိတ်ပျက်သော ပုံစံဖြင့် ထိုင်ခုံတွင် လျော့တိလျော့ရဲ ထိုင်မိလေပြီ။ အမှန်တကယ်လည်း စိတ်ပျက် ပူဆွေးသောအသွင် ရှိလေသည်။

"ရတနာရယ်. . . စောစောက ဘာလို့မပြောတာလဲ၊ သေချင်တာပဲ"

ဒေါ်လေးက အားငယ်သံဖြင့် ဖျော့တော့စွာ မြောသည်။ ရတနာဦးက ဒေါ်လေးကို မဝံ့မရဲကြည့်ရင်း ပြောသည်။

"သမီး ဘာမှမဖြစ်ပါဘူး ဒေါ်လေးရဲ့၊ ငါးထပ်သားကယ်လို့မေ့ပါ"

"ဘာငါးထပ်သားလဲ. . . ငါးထပ်သားနဲ့ ရိုက်လိုက်လို့လား"

"မဟုတ်ဘူးဒေါ်လေးရဲ့ ဒီလိုပါ"

နားသို့ကပ်၍ တိုးတိုးလေးပြောသည်။ ပြီးတော့ ပြသည်။ ဒေါ်လေးသည် ရတနာဦး၏ အပြောနှင့်အပြုကို ကြားသိပြီးနောက် ပြုံးလာနိုင်သည်။ ရတနာဦးကိုလည်း အားပါးတရ ဖက်ပြီး နမ်းရှုပ်လိုက်သည်။

"တော်သေးတာပေါ့. . . တတ်လည်းတတ်နိုင်တဲ့ သမီးရယ်"

◆

မေလဲ့ရည်က ပြောပြရင်း ရယ်သည်။ ကြည့်လဲ့ရည်မှာ အဓိပ္ပာယ်ပေါက်သဖြင့် ရယ်ရခက်၊ ငိုရခက်ဖြစ်နေသည်။ အတန်ကြာမှ စိတ်ရှုပ်တန်ဖြင့် ပြောသည်

"နင်ပြောတာ သိပ်မရှင်းဘူး၊ ငါ့ကို သေချာရှင်းပြပါဦး"

သည်တော့မှ မေလဲ့ရည်က ဟုတ်ပေသားပဲဟူသော မျက်နှာပေးဖြင့် ရှင်းပြသည်။ ကြည်လဲ့ရည်က စိတ်ဝင်စားစွာ နားထောင်သည်။

"ရတနာဦးဟာ မေလဲ့ရည်ကို အဲဒီကုမ္ပဏီက ပြန်အဆင်းမှာ ရတနာဦးပြလို့ အိတ်နဲ့ ဖိုင်တွေ ပို့ပေးတဲ့သူကို တွေ့တယ်၊ အဲဒီကလေးကလည်း ရတနာကို မှတ်မိတယ်၊ သေသေချာချာ မေးကြည့်တော့ မည်သူ့ကိုမဆို ကုမ္ပဏီလာသူ မှန်သမျှမှာ အဆင်မပြေရင် ဝန်ဆောင်မှု အခဲ့ပေးရသူပါလို့ ဆိုတယ်၊ စုံစမ်းရေးဌာနက ကွပ်ကဲမှုနဲ့ လုပ်ရသူလို့ သိရတယ်၊ အဲဒီနေ့က လာတဲ့ လူကြီးမင်းကို သူတို့ မသိပါဘူး၊ ရုံးကိစ္စနဲ့ လာတွေ့ပြီး ပြန်ဆင်းလာသူလို့ နားလည်ထားပါတယ်၊ ယခင်ကလည်း မတွေ့ကြုံဖူးကြောင်း သိရတယ်"

မေလဲ့ရည်က အသေးစိတ် တစ်ချက် ရှင်းပြသည်။ သူမ၏ ယူဆချက်ကိုလည်း ပြောပြသည်။

"ရတနာတွေ့တဲ့ ဦးအောင်မိုးသူဆိုတာက ရတနာဦးကို ချိန်းဆိုထွားပြီး သူနည်းသူ့ဟန်နဲ့ ဒီကုမ္ပဏီမှာ ဟိတ်ဟန်ပြ လာစောင့်နေဟန် တူပါတယ်၊ ရတနာဦး လာတာမြင်တော့ အဲဒီလူက ကုမ္ပဏီက ဝန်ဆောင်မှုပေးတဲ့လူကို သူ့စာရွက်စာတမ်းတွေ၊ ဖိုင်တွေပို့ခိုင်းပြီး သူက နောက်က လိုက်မယ်၊ ပြီးတော့ ရတနာဦးကို အမှတ်မထင်တွေ့ပြီး အချိန်မရတန် အကြောင်းပြ၊ ဟိုဝန်သည်ထွက် လုပ်ပြီး တိတ်ကြီးဟန်ဆောင်

www.burmeseclassic.com

ပြောပြတော့ ရတနာဦးက အမ်ဒီစစ်စစ်လို့ ထင်ဟန်တူပါတယ် မမရယ်၊ ရတနာဦးက သူ့ရဲ့ဆင်ကွက်တွေကို မသိရှာဘူးလေ"

"အင်း. . . ပြောပါဦး"

"ရတနာဦးက ဒုနောင်တစ်ချိန်မှာ သူ့ဆရာဖြစ်တဲ့လူဆိုတော့ မလှန်ရဲတာနဲ့ ဇီကာနေရပါတယ်လို့ ပြောတယ်၊ ကုန်သွယ်ရေးရုံးမှာ တစ်နာရီလောက် ကြာမယ်ဆိုတော့ အချိန်က ညနေစောင်းလေ၊ ချိန်းကတည်းက ညနေ သုံးနာရီဆိုတော့ အချိန်က အတော်ကုန်နေပြီ၊ ဒီနေရာမှာ ရတနာက တစ်ကွက်သာသွားတယ်၊ လိုသော်ရှိ မလိုသော်ရှိပေါ့ သူ့ဆရာ အံပေါ်တက်တုန်း သူက ရွှေဘုံသာတစ်ဝိုက်ကိုသွားတယ်၊ စတိုးဆိုင်တစ်ခုမှာ သူလိုချင်တဲ့ ပစ္စည်းဝယ်တယ်၊ အဲဒီဆိုင်မှာပဲ အမျိုးသမီး ရေအိမ်မှာ လိုအပ်တာ စီစဉ်ပြင်ဆင်တယ်၊ ပြီးမှ ကားဆီကို ပြန်လာပြီး အသင့်စောင့်နေလိုက်တာပါ၊ ကျန်တာက မမတို့ သိတဲ့အတိုင်းပဲလေ"

ကြည်လဲ့ရည်က မရှင်းသဖြင့် မေလဲ့ရည်ကို ရှင်းအောင် ထပ်မေးရသည်။

"ဟုတ်ပါပြီ၊ ရတနာပြောတဲ့ ငါးထပ်သားက ဘာလဲ"

မေလဲ့ရည်က ရယ်သည်။ သည်မေးခွန်းအတွက် ဝုဏ်ယူစွာ ဖြေလိုဟန်လည်းရှိသည်။

"ရတနာက တစ်ကွက်သာတယ်ဆိုတာ အဲဒါလေ မမရဲ့၊ ရတနာက ကားမှာစောင့်ရင်း စဉ်းစားတယ်၊ လူကြီးမင်း လုပ်ငန်းပြီးမယ့်အချိန်နဲ့ မှောင်စပျိုးမှာ အချိန်ကိုက်ဖြစ်နေတယ်၊ ဒီအတိုင်း ထွက်သွားဖို့ကလည်း မသင့်ဘူး၊ သူ့စိတ်ထဲမှာ ဘယ်လိုရှိမှန်း မသိရတော့ ကြိုတင်စီစဉ်ဖို့မို့ တော်မယ်လို့ စဉ်းစားပြီး ရွှေဆံသာဘက်က စတိုးဆိုင်ကို သွားတယ်၊ အတွင်းခံဘောင်းဘီ ငါးထည် ဝယ်တယ်၊ ဆိုင်ရှင်ကို ရေအိမ်ခဏသုံးလိုကြောင်း ခွင့်တောင်းပြီး ရေအိမ်ဝင်တယ်၊ အဲဒီမှာ ရတနာက အတွင်းခံဘောင်းဘီငါးထည် ထပ်ဝတ်တယ်၊ ပါးပါးလေးဆိုတော့ သိပ်ပြီး မသိသာဘူးလေ"

ကြည်လဲ့ရည်က စိတ်ပါဝင်စားစွာ နားထောင်သည်။ မေလဲ့ရည်က အားပါးတရ ဆက်ပြောသည်။

"ကုန်သွယ်ရေးရုံးပြီးတော့ စားသောက်ဆိုင်ကို ခေါ်သွားတယ်လို့ ဆိုတယ်၊ ကားကို မှောင်ရိပ်ကျတဲ့နေရာမှာ ရပ်တော့ ရတနာက စိုးရိမ်သွားတယ်၊ ဒါပေမဲ့ ကြိတ်ပြီး သတိနဲ့နေရတယ်၊ သူတို့က်တဲ့ အချိုရည်က ဝူရှိန်းရှိန်းမို့ တစ်ငုံ ပဲသောက်တယ်၊ အရက်လား၊ ဆေးလား တစ်ခုခုဖြစ်မှာပေါ့။ အဲဒီဆိုင်က သူ့လက်စွဲဆိုင်ဖြစ်မှာ သေချာပါတယ်၊ အစားအသောက်ကိုလည်း သတိနဲ့စားပြီး ပြန်ထွက်လာကြတယ်၊ ကားရှိရာရောက်တော့ ရတနာ မျှော်မှန်းသလို ဖြစ်လာတာယ်၊ အဲဒီဦးအောင်မျိုးသူက သူကြွေရွယ်ချက်အတိုင်း အောင်မြင်ဖို့ အားထုတ်တယ်၊ ရတနာက ရုန်းကန်လှုပ်ရှားရင်း လွတ်မြောက်ဖို့ ကြိုးစားတယ်၊ အချိန်အတန်ကြာတော့ ဦးအောင်မျိုးသူက လက်လျှော့သွားတယ်၊ ရတနာက ကြိုတင်စီစဉ်ထားတဲ့ အတွင်းခံဘောင်းဘီ ငါးထပ်ကို ရှင်းရတာ စိတ်ပျက်သွားဟန် တူပါတယ်၊ ရတနာက အိမ်ကိုဘေးမသိ ရန်မဖစ်ဘဲ ပြန်ရောက်ရအောင် ချိုသာယဉ်ကျေးစွာ ချော့မြူပြောဆိုတယ်၊ ဒီလူကလည်း ကျေနပ်အားရစွာ တဟားဟားရယ်ပြီး ပြန်ဖို့ခက်ခဲတယ်လို့ ဆိုတယ်၊ ဒါပါပဲ"

ကြည်လဲ့ရည်သည် မေလဲ့ရည်၏ စကားကို စိတ်ပါဝင်စားစွာ နားထောင်ရာမှ တဖြည်းဖြည်း ပြုံးလာနိုင်သည်။ သမီး ရတနာဦး၏ ပါးနပ်မှုကိုလည်း ကြိတ်၍ ကျေနပ်မိသည်။

"နောက်ပိုင်း အလုပ်လျှောက်တာ၊ ဖေ့စ်ဘွတ်ခ်မှာ ဆက်သွယ်တာ၊ အင်တာဗျူး လုပ်တာမှန်သမျှ အသိပေးခိုင်းလို့ အသိပေးပါတယ်"

"ဒါဖြင့် ဘယ်လိုဖြစ်တာလဲ"

မေလဲ့ရည်က ရှဲ့တွန့်တွန့်ဖြစ်သွားသည်။ သို့သော် ရှင်းပြရမည်ကို ရှင်းပြလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ရုတ်တရက် ပျောက်သွားတာပဲ မမရဲ့၊ သင်တန်းသွားရင်း ပြန်မလာတော့ဘူး၊ ရတနာက အချိန်ကို အလဟဿ ကုန်စေချင်လို့ ကွန်ပျူတာသင်တန်းကျောင်းမှာ အချိန်ပိုင်းနည်းပြ လုပ်တယ်လေ၊ ကျောင်းကို သွားစုံစမ်းတော့လည်း သင်တန်းဆင်းတော့ ပြန်သွားတယ် ဆိုတာသိရတယ်"

"ရဲမတိုင်ဘူးလား"

"ရဲစခန်းမှာ လူပျောက်မှုနဲ့ အမှုဖွင့်ထားတယ်၊ အဖြေမသိရသေးဘူး"

"ခဏခဏ လာရောက်စစ်ဆေးမေးမြန်းတာကို ဖြေရလို့ အလွတ်ရနေပြီ"

"အဲဒီတော့. . . "

"မမ သိမှဖြစ်မယ်လို့ ယူဆပြီး မမကို အကြောင်းကြားရတာပါ"

ကြည်လဲ့ရည်သည် ဖြစ်ပြီးသောပြဿနာအတွက် မည်သူ့ကိုမျှ အပြစ်မတင်လိုပေ။ အကောင်းဆုံးလုပ်နိုင်မည့် နည်းလမ်းကိုရှာသည်။ သေချာသည်က ငွေမရှိ အပေါင်းအသင်းမရှိ အဆက်အသွယ်မရှိ ကြံစည်အားထုတ်မှု မရှိဘဲနှင့် ထိုကိစ္စမှာ ဖြစ်မလာနိုင်သည်ကို နားလည်သည်။ ထို့ကြောင့် ပထမခြေလှမ်းအဖြစ် လွန်ခဲ့သော ဆယ်နှစ်က ကျင်လည်ဆက်သွယ်ခဲ့သည့် သူငယ်ချင်း မိတ်ဟောင်းများကို ဆက်သွယ်ရန် ကြံစည်သည်။

အသက်အရွယ်သည် ရင့်ကျင်မှုကို အထောက်အကူပြုသည်။ ငယ်စဉ်ကဆိုလျှင် သမီးလေကြောင့် ပြာလောင်ခက်နေမည် ထင်သည်။ ယခုမူ အေးဆေးတည်ငြိမ်စွာ လုပ်သင့်သည်များကို တစ်ဆင့်ချင်းလုပ်သည်။ အိမ်တွင်ရှိသောစာရွက်စာတမ်း၊ ကွန်ပျူတာ လိပ်ပြာများကို စိစစ်စုံစမ်းသည်။ မထူးခဲ့။

www.burmeseclassic.com

မိမိတို့ထက် အချက်အလက်တော်တော်များများကို သိနိုင်မည့် ရဲစခန်းသို့သွားသည်။ ကြည်လဲ့ရည်က မေလဲ့ရည်နှင့်အတူ အမှုစစ်အရာရှိကို တွေ့ဆုံမေးမြန်းသည်။

"မထူးသေးဘူးဗျ၊ ရတနာဦးအလုပ်လုပ်တဲ့ ကွန်ပျူတာကျောင်းကို ရောက်တယ်၊ သူနဲ့ တွဲဖက်ဆရာမ ဒေါ်ကြည်ကြည်မိုးအပြင် ရင်းနှီးသူတဝန်ရှိသူ ငါးဦးလောက်မေးကြည့်တယ်၊ အေးဆေးတည်ငြိမ်ပြီး ရွှမ်းရွှမ်းမရှိဘူးလို့ဆိုတယ်၊ ကြည်ကြည်မိုးကတော့ ယောကျ်ားလေးမိတ်ဆွေတစ်ဦးနဲ့ ဖုန်းပြောတာရှိတယ်လို့ ပြောတယ်၊ ကျောင်းသားတွေကိုလည်း တွေ့ကြည့်တယ်၊ ထူးခြားမှု မရှိဘူး၊ စိတ်ရှည်သဘောကောင်းတဲ့ ဆရာမပါလို့ ပြောတယ်၊ ခက်တာ အနှံတီသမီးက အိမ်နဲ့ကျောင်းကလွဲပြီး အပေါင်းအသင်းနည်းတယ်၊ သင်တန်းမှာ သွားသွားလာလာ မရှိဘူးလို့ သိရတယ်၊ စိတ်မလျော့ပါနဲ့၊ ကျွန်တော်တို့ ကြိုးစားပါမယ်၊ အန်တီတို့လည်း ခံစံးပါ၊ ထူးရင် ပြောပါ"

ရဲဝန်းမှ အပြန်တွင် မေလဲ့ရည်က ကြည်လဲ့ရည်ကို စိမ်းတို့သားအမိလာသွားကြောင်း၊ လိုအပ်သမျှ ကူညီမည် ပြောကြောင်းနှင့် စိမ်းက ငွေချုံးသိန်း ကန်တော့သွားကြောင်း ရှင်းပြသည်။

ကြည်လဲ့ရည်က သူငယ်ချင်းတို့သားအမိကို ကျေးဇူးတင်မိသည်။ သို့သော် မုန်တိုင်းစံခါစ ဘဝလေးကို ဒုက္ခမပေးလိုချေ။ ကိုယ့်ပြဿနာကို ကိုယ်တိုင်ဖြေရှင်းလိုသည်။ မေလဲ့ရည်ပါရှိစဉ် သင်တန်းသို့ ဆက်ဝင်သည်။

ထိုကွန်ပျူတာသင်တန်းသည် မေလဲ့ရည်က ရတနာဦးကို လွှဲခဲ့သော သုံးနှစ်က အပ်ခဲ့သော သင်တန်းဖြစ်သည်။ ကွမ်းကျင်မှုနှင့် ရင်းနှီးမှုကြောင့် သင်တန်း၏ လိုအပ်ချက်အရ အချို့ပိုင်းနည်းပြလုပ်နေခြင်းဖြစ်သည်။ မေလဲ့ရည်နှင့် ရင်းနှီးကျွမ်းဝင်သောကြောင့် သိလိုသည်များကို အားပါးတရ စုံစမ်းမေးမြန်းခဲ့သည်။

"စိတ်မကောင်းပါဘူး၊ ရတနာဦးက အေးဆေးတည်ငြိမ်တဲ့ သူလေးပါ၊ ဘာမှ ပြောင်းလဲမှုမရှိဘူး၊ ထူးခြားတာ ရှိရင်လည်း ပြောပါဟယ်၊ ရဲကိုလည်း ဒီအတိုင်း ပြောရတာပဲ ညီမရယ်"

ကျောင်းအုပ်ကြီးမှ စိတ်မကောင်းစွာဖြင့် ပြောသည်။ ကျောင်းအုပ်ကြီး၏ စီစဉ်ပေးမှုဖြင့် လုပ်ဖော်ကိုင်ဖက် နည်းပြအချို့၊ ကျောင်းသူ ကျောင်းသား အချို့တို့ကို မေးမြန်းခွင့်ရသည်။ ထူးထူးခြားခြား မရှိချေ။ ကြည်ကြည်မိုးနှင့် ဆုံရာတွင် ထူးခြားမှုတစ်ခု သိလာရသည်။

"သိပ်တော့ မသေချာဘူး၊ သမီးနဲ့ အတူပြန်ကြတုန်း ဖုန်းဝင်လာတယ်၊ ကျွန်မက လွတ်လွတ်လပ်လပ် ပြောနိုင်အောင် ခပ်ခွာခွာ လျှောက်လိုက်တယ်။

ရတနာဦးက တိုးတိုးပြောရာကနေ အသံနည်းနည်းကျယ်ပြီး -

'ဟဲ့... ငပိုင် ကိုယ့်ပြဿနာကိုယ်ရှင်း၊ ငါ့ကိုမခေါ်နဲ့၊ လာတွေ့လည်း အရေးစိုက်မှာ မဟုတ်ဘူး၊ ငါ့ကို အပြစ်မဆိုနဲ့၊ ဒါပဲ' လို့ဆိုပြီး ပြောသံကြားတယ်၊ ဒီကိစ္စကို ရတနာကလည်း ထိပ်ပြီး မပြောပြဘူး၊ ကျွန်မကလည်း မမေးမိဘူး၊ သူကိုယ်ရေးကိုယ်တာ ကိစ္စပဲလေ"

"ငပိုင်တဲ့လား"

"ဟုတ်တယ် ထင်တယ်၊ ငပိုင်လား၊ နို့ဉ်လား ဘိပ်မသဲကွဲဘူး"

"ရဲကို မပြောဘူးလား"

"မသေချာလို့ မပြောဘူး၊ အခုမှ သတိရလို့ ပြောမိတာပါ"

ကြည်လဲ့ရည်က မေလဲ့ရည်ကို အပြန်ခရီးတွင် စူးစမ်းကြည့်သည်။ မေလဲ့ရည်က ရေရေရာရာ မသိချေ။ သို့သော် သူသိသမျှကိုတော့ ပြောသည်။

"အနိုင်တော့ မသိဘူး၊ ငပိုင်ဖြစ်ခဲ့ရင် သက်ပိုင်ဆိုတဲ့ ကလေးတော့ရှိတယ်၊ ရတနာနဲ့ ဆယ်တန်းအတူတက်ခဲ့တာပဲလေ၊ သက်ပိုင်က ဆေးစွဲနေတယ်၊ ပတ်ချွေနှပ်ချွေနဲ့၊ အပြော အဆို က ကန့်ကလန့်နိုင်ပေမယ့် မိန်းကလေးတွေ ကျလောက်တယ်၊ ရတနာကို အပေါင်းအသင်းမလုပ်ဖို့ပြောထားတယ်၊ ရတနာလည်း နားထောင်ပါတယ်"

"သက်ပိုင်က ဘယ်မှာနေတာလဲ"

မေလဲ့ရည်က ခေတ္တစဉ်းစားပြီး လိပ်စာကို ပြောပြသည်။ ကြည်လဲ့ရည်တို့ အိမ်အပြန်ခရီးနှင့် မဝေးလှသဖြင့် ဆက်ဝင်ကြသည်။ အိမ်တွင် သက်ပိုင်ကို မတွေ့ရချေ။ မိခင်ဖြစ်သူနှင့်သာ တွေ့ရသည်။ ကြည်လဲ့ရည်က အကျိုးအကြောင်းပြောမည်ဟု ကြံစည်နေဆဲတွင် သက်ပိုင်ရောက်လာသည်။ သက်ပိုင်ဆိုသူက နှစ်ဆယ်ကျော်မျှသာရှိသေးသည်။ ဖြူဖြူသန့်သန့် လူချော ဖြစ်သည်။ သက်ပိုင်သည် ကြည်လဲ့ရည်နှင့် မေလဲ့ရည်တို့ကိုမြင်လျှင် မျက်နှာပျက်ဟန်ရှိသော်လည်း ချက်ချင်းပြုံးရွှင်ဖော်ရွေစွာ နှုတ်ဆက်သည်။

"အန်တီတို့ပါလား၊ ဇမ်းကြဲလို့ အလည်ဝင်တာနဲ့တူတယ်၊ ဒါက ကျွန်တော့် မေမေပါ"

"သိပြီးပါပြီ၊ သမီးကိစ္စသိချင်လို့ လာတာပါ"

မေလဲ့ရည်က အားမနာသည့်ဟန်ဖြင့် ဒဲ့ဒိုးပြောချလိုက်သည်။ သက်ပိုင်သည် သူမေမေဘေးရှိ ထိုင်ခုံတွင် ထိုင်ချပြီး ပြုံးရွှင်စွာပြောသည်။

"ရတနာ ဘာဖြစ်လို့လဲ အန်တီရဲ့"

"ရတနာဦး ပျောက်နေလို့၊ မောင်သက်ပိုင်များ သိမလားလို့ပါ"

ကြည်လဲ့ရည်က တစ်ဆက်တည်း ပြောရင်း အမူအရာကို အကဲခတ်သည်။ သက်ပိုင်က မျက်နှာတစ်ချက်မျက်ခြေ။ အံ့အားသင့်သော အမူအရာနှင့် ကြည်လဲ့ရည်ကို ပြန်မေးသည်။

"မသိဘူး အန်တီ၊ စိတ်မကောင်းပါဘူး အန်တီရယ်၊ ရတနာဦးက အေးအေးဆေးဆေးပါ၊ ဘယ်တုံးက ပျောက်တာလဲ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com

"မပျောက်ခင် မောင်သက်ပိုင်နဲ့ ဖုန်းပြောကြေတယ်လို့ ဆိုရတယ်၊ ဘာကိစ္စများပါလိမ့်"

ကြည်လဲ့ရည်က သက်ပိုင်၏ အမေးကို မဖြေချေ။ သူသိလိုသည်ကို သာမေးသည်။ ကြည်လဲ့ရည်၏ အပြောသည် သက်ပိုင်ကို အနည်းငယ်တုန့်လှုပ်သွားစေသည်ဟု ထင်သည်။ သို့သော် သက်ပိုင်က ဆေးချနေသူပီပီ သည်မျှလောက်တော့ မမှုချေ။ သူမမေးရှေ့ရှိ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကိုငဲ့ပြီး အေးဆေးစွာ ပန်းကန်လုံးထဲသို့ ထည့်လိုက်သည်။ ပြီးမှ ပြောသည်။

"တစ်ခါတော့ ဆက်ပါတယ်၊ ရတနာက ဖုန်းမကိုင်ဘူး အန်တီရဲ့"

"ရတနာဦးက ကိုယ့်ပြဿနာကိုယ်ရှင်းဆိုတာ ဘာကို ပြောတာလဲ မောင်သက်ပိုင်"

သက်ပိုင်က အံ့သြသွားဟန်ဖြင့် ကြည်လဲ့ရည်ကို တစ်ချက်ကြည့်သည်။ ထို့နောက် ရေနွေးကြမ်းကို မော့သောက်ပြီး အေးအေးစွာ ပြောသည်။

"ကျွန်တော် မသိဘူး အန်တီ၊ ကျွန်တော့်ကိုတော့ မပြောဘူး၊ ဒါပေမဲ့ သား စိတ်မကောင်းပါဘူး၊ သူငယ်ချင်းကို ဝိုင်းရှာပေးပါမယ်"

"အေးကွယ် လူလေးရယ်၊ ဝိုင်းကူရှာပေးပါဦး၊ သမီးဆိုတော့ ပူပန်နေမှာပေါ့၊ ကိုယ်ချင်းစာပါတယ် ညီမရယ်"

သက်ပိုင်၏မေမေက ဝင်ပြောသဖြင့် ကြည်လဲ့ရည်က စိတ်ကိုထိန်းချုပ်လိုက်သည်။ ဆက်ပြောလျှင် တင်းမာလာရန်သာ ရှိမည်။ တိတိကျကျ စစ်ဆေးလိုက ရဲကို သတင်းပေးရန်သာ ရှိမည်ဟု တွေးလိုက်မိသည်။ ထိုအချိန်တွင် သက်ပိုင်က ပိုမိုကောင်းမွန်သော အကြောင်းပြချက်ကို ပိုင်ပိုင်နိုင်နိုင် ပြင်ဆင်ထားပြီး ဖြစ်ရောမည်ဟု ယူဆလိုက်မိသည်။

ကြည်လဲ့ရည်သည် အပြုံးမပျက်၊ သက်ပိုင်တို့ သားအမိကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ သည်တစ်ညတော့ မေလဲ့ရည်နှင့် အတူအိပ်ပြီး ဆွေးနွေးတွေးတောရပေဦးမည်။

◆

ကြည်လဲ့ရည်သည် နောက်တစ်နေ့တွင် မေမေနှင့် မေလဲ့ရည်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူတစ်ပါး အိမ်သို့ နံနက်စောစော ည့်သည်လုပ်ရမည်မှာ မသင့်ဟု ယူဆမိသော်လည်း မတတ်နိုင်ပြီ။ အလုပ်လမ်းရှိ ထူးမြောင်းတစ်အိမ်သို့ရောက်သောအခါ ဝမ်းသာအားရကြိုဆိုသည်။ ပန္ဒာနှင့်ာ ည့်ခံပြီး ရွှေဟောင်းနှောင်းဖြစ် ပြောကြသည်။ ကြည်လဲ့ရည်က ရွှေဟောင်းနှောင်းဖြစ်ထက် လတ်တလော်ပြဿနာက အနေကြီးသည်မို့ အင်တင်တင်ဖြစ်သည်။ ထူးမာ၏ခင်ဗျန်၊ ဒို့အောင်သော်က ရိပ်မိဟန်ဖြင့် မေးသည်။ ကြည်လဲ့ရည်က ဖြစ်ကြောင်းတုန်စင်ရှင်းပြသည်။ အကြံတောင်းသည်။

ထူးမာတို့ ဇနီးမောင်နှံက အကြံမပေးနိုင်။ ကူညီလိုသော်လည်း လမ်းစရှာမတွေ့သဖြင့် အခက်ကြုံရသည်။ ထူးမာက တစ်ခို်နက သူတို့စိုးမိုးခဲ့သော 'ချစ်စရာဖိုတို့သို့ သွားကြရန် အကြံပြုသည်။ ထိုနေရာက လူစုံသည်။ မိတ်ဟောင်း၊ သူငယ်ချင်းဟောင်းများနှင့် ဆုံနိုင်လေသည်။ ထိုဆိုင်ဝိုင်ရှင် အောင်နိုင်မင်းကား အေမိလစ်၏ အပေါင်းအဖော်ဖြစ်သည်၊ လူရည်လည်သူမို့ တစ်စွန်းတစ်စ အကူအညီ ရတန်ကောင်း၏ဟု ယူဆပြီး ထူးမာနှင့် ကြည်လဲ့ရည်တို့ သွားဖြစ်သည်။

ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းတစ်ခု၏ ပထမထပ်တွင် ရှိသည်။ တိုက်ခန်းကျယ်ကြီးတွင် ဖွင့်ထားသော 'ချစ်စရာဖိုတို့'သည် လွန်ခဲ့သော ဆယ်နှစ်က အဆင့်အပြင်နှင့် လုံးဝခြားနားနေသည်။ ခေတ်ပေါ် ဓာတ်ပုံပစ္စည်း ကိရိယာ၊ ပရိသတ်၊ ဆက်တက်၊ ဒီဇိုင်းမှအစ အံ့မခန်း ပြောင်းလဲသွားသည်။ မပြောင်းလဲသည်က အောင်နိုင်မင်း ဖြစ်သည်။ ဝမ်းဘဝ်အားရကြိုဆိုပြီး ကြည်လဲ့ရည်၏ ခေါင်းတုံးကို ပွတ်သည်။ ကြည်လဲ့ရည်က အောင်နိုင်မင်း၏ ဆံပင်ကို ဆောင့်ဆွဲပြီး နားရွက်လိမ်ပစ်လိုက်သည်။

"ဒါက ငါ့သား. . ဒီမှာ ငါ့မယား နဲ့ပါတ်ဝမ်း"

ထူးမာနှင့် ကြည်လဲ့ရည်တို့က အောင်နိုင်မင်း၏ အရွှန်းဖက် မိတ်ဆက်ပေးမှုကို ရယ်လိုက်ကြသည်။ အခန်းတွင်းမှ ထွက်လာသော ဇနီး ညွှန်ကြားဖြူနှင့် တစ်ဦးတည်းသောသားဖြစ်သူ ဗိုမိုရ နောင်တို့ကို ထွေ့ရသည်။ မူလကတည်းက သိပြီးသားတွေမို့ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ထူးမာက သူတို့ကို ကြည့်ပြီး ပီတိဖြစ်နေသည်။ ကြည်လဲ့ရည်က ပြောသည်။

"ဗိုးစိုးက ကြီးလာလိုက်တာကွယ်"

"နှစ်ဆယ့်ငါးနှစ်ရှိပြီ. . . ဘွားဘွားရဲ့လို့ ပြောလေကွာ"

စိုးမိုးနောင်က ရယ်နေသည်။ နေသားတကျ ထိုင်ပြီးသောအခါ ထူးမာက စပြီး လိုရင်းကို အစပျိုးသန်းသည်။ ကြည်လဲ့ရည်က အသေးစိတ် ရှင်းပြရသည်။ အောင်နိုင်မင်း စဉ်းစားသည်။ သူ၏ စဉ်းစားဟန်က ထူးမာတို့ဇနီးမောင်နှံကဲ့သို့ မဟုတ်ချေ။ ခပ်ပေါ့ပေါ့ ပျော်ပျော်သာ ဖြစ်သည်။

"ရန်ကုန်က ရွှမ်းတယ်ကြည်လဲ့ရဲ့၊ နင့်လို လှနေအောင် မလေ့ကျင့်ဘဲ ဘာကြောင့် အူတူတူ ထိုင်းတိုင်းတိုင်း ပုံမျိုးသွင်းထားရလဲ"

"ငါက သီလရှင်လေ. . . ခေတ်တွေပြောင်းတာ ဘယ်သိပါ့မလဲ"

"ကွန်ပျူတာ ဆရာမဆိုတော့ မည့်ပါဘူး၊ ကြည်လဲ့သမီးက ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးများ ဖြစ်နေမလား၊ အုပ်ထိန်းသူရှေ့မှာ ကုပ်ချောင်းချောင်းနဲ့ ကွယ်ရာမှာ တကယ့်ကျားဖြစ်နေရင် ကွက်ဗျောက်လှုပ်ရှားတာ အိမ်က ဘယ်သိပါ့မလဲ"

"ငါလည်း လေ့လာပြီးပါပြီ၊ သမီးရဲ့အကျင့်စာရိတ္တကို အာမခံပါတယ်"

www.burmeseclassic.com

ကြည်လဲ့ရည်က ဖျော့တော့သော လေသံဖြင့် ပြောသည်။ အောင်နိုင်မင်းမှာ ကြည်လဲ့ရည်၏ အသံကြောင့် စိတ်မချမ်းမသာ ဖြစ်သော်လည်း လမ်းစတော့ရှိသည်ဟု တွေးမိသည်။ ထိုအခိုက် သားဖြစ်သူ စိုးမိုးနောင်က ဝင်ပြောသည်။

"ကွန်ပျူတာ ဆရာမဆိုတော့ လက်သရမ်းမှာပဲ"

"ဟေ့... ဘာလဲကွ၊ မင်းပြောပုံက"

အောင်နိုင်မင်းက စိုးမိုးနောင်၏ အပြောကို မကြိုက်သဖြင့် ဝင်ဟန့်သည်။

"ကွန်ပျူတာ ရှိနေတော့ သားလည်း ကလိနေတာပဲ၊ ကွန်ပျူတာ ဆရာမဆိုတော့ သူလည်း ကွန်ပျူတာတွေ့ရင် ကလိချင်မှာကို ပြောတာပါ၊ အဲဒီအချက်က အားသာချက်ဖြစ်မှာ ဖေဖေရဲ့"

စိုးမိုးနောင်၏ အပြောကို သိပ်ပြီး မရှင်းလင်းပေ။ စိုးမိုးနောင်က မျက်မှောင်ကုတ်နေသော သူ့ဖေဖေကို ဂရုမစိုက်ဖြစ်တော့။ ကြည်လဲ့ရည်ကိုသာ သိလိုသည့် အချက်များကို မေးသည်။

"အန်တီလေးဆီမှာ အဲဒီညီမရဲ့ ဓာတ်ပုံမရှိဘူးလား"

"ရှိတာပေါ့... ဒီမှာ"

ကြည်လဲ့ရည်က အသင့်ပါလာသော အိတ်အတွင်းမှ စာနှင့်ဓာတ်ပုံတချို့ကို ထုတ်ပြသည်။ စိုးမိုးနောင်က ရတနာဦး၏ ဓာတ်ပုံများကို တစ်ခုချင်း ကြည့်ပြီး ဘေးဖယ်ထားသည်။

"အန်တီလေးနှင့် ညီမလေး နှစ်ဦးထဲ သိမယ့်ပုံ မရှိဘူးလား"

"အဲဒီပုံ အားလုံးဟာ သူ့အမေနဲ့ သူသာမက တစ်လောကလုံးသိတယ်"

အောင်နိုင်မင်းက ဓာတ်ပုံများကို ကြည့်ပြီး စိုးမိုးနောင်၏ အမေးအဖြန်းထူနေပုံကို စိတ်မရှည်ဟန်ဖြင့် ပြောသည်။ ကြည်လဲ့ရည်က မည်သို့ပြန်ဖြေရမည် မသိဖြစ်နေသည်။ ရှိသမျှပုံ အားလုံးကို အယ်လ်ဘမ်နှင့် ပြလိုက်သည်။

စိုးမိုးနောင်က စေ့စေ့စပ်စပ်ကြည့်ပြီး ဓာတ်ပုံတစ်ပုံကို လက်ထောက်ပြသည်။

"ဒီပုံက ဘယ်သူ့ပုံလဲ"

"ရတနာ ငါးနှစ်သမီးက ရိုက်ထားတဲ့ပုံ စိုးစိုးရဲ့"

"ဒီပုံသုံးမယ်"

ကြည်လဲ့ရည်က ခေတ္တအသုံးပြုလိုသည်ဆိုသော ဓာတ်ပုံကို ခွာပြီး စိုးမိုးနောင်သို့ပေးသည်။ မည်သို့ဆောင်ရွက်မည်ကို မေးလိုလှသော်လည်း မမေးမိချေ။ စိုးမိုးနောင်က ကြည်လဲ့ရည်၏ လက်မှ လက်စွပ်ကို ကြည့်ပြီး မေးလိုက်သည်။

"အန်တီလေး လက်စွပ်ကို ညီမလေး တွေ့ဖူးလား"

"အန်တီအပျိုကတည်းက မေမေပေးထားတာ၊ သမီး တွေ့ဖူးမယ် ထင်တာပဲ"

ကြည်လဲ့ရည်က မိမိ၏ မသေချာမှုကို အားမလိုအားမရဖြစ်နေသည်။ သို့သော် စိုးမိုးနောင်က ခေါင်းခါပြသည်။

"ပြဿနာမဟုတ်ပါဘူး၊ အန်တီလေး ခဏချွတ်ပေးနော်၊ ကျန်တာဖေဖေတာဝန်ပဲ၊ ဒီလက်စွပ်ထဲမှာ တောဒီဂါးနှစ်သမီး ညီမလေးရဲ့ပုံကို ရှင်းရှင်းလင်းလင်း ထည့်ချင်တယ်၊ ပုံကြီးခဲ့မယ်၊ ဘယ်လောက်ကြာမလဲ၊ ဘယ်ဇောရမလဲ"

"အံမယ် ဒစ်ဂျစ်တယ်ခေတ်မှာ ငါ့ကို လာစမ်းသေးတယ်၊ ခဏစောင့် ငါလုပ်လိုက်မယ်"

အောင်နိုင်မင်းက သူ၏အလုပ်ခန်းသို့ ဝင်သွားသည်။ စိုးမိုးနောင်က သူ၏အခန်းသို့ ခေတ္တပြန်သွားသည်။ ကျန်ရှိသော ညွှန်ကြားမှု ဟူမာန်နှင့် ကြည်လဲ့ရည်တို့သုံးဦးမှာ ယခုမှ စကားပြောဖြစ်သည်။ ဟူမာန့်ဉ ညွှန်ကြားမှုက အေမီလင်းကို အသိပေးသင့်ကြောင်း ပြောသည်။ ကြည်လဲ့ရည်က ဒုက္ခမပေးလိုကြောင်း ရှင်းပြသည်။ ဟူမာန့်ဉ ညွှန်ကြားမှုက အေမီလင်းကို အကြောင်းကြားရန် ပြင်ဆင်နေစဉ် ကြည်လဲ့ရည်က ကန့်ကွက်သဖြင့် ဖုန်လိုက်ရသည်။ ထိုစဉ် အောင်နိုင်မင်း ပြန်ထွက်လာသည်။

"ရပြီ... ကြည့်ပါဦး"

စိုးမိုးနောင်က ထွက်လာပြီး ကြည့်သည်။ စိတ်ကျေနပ်ဟန်ဖြင့် သူ၏ ဖေဖေကို ခီးမွမ်းသည်။

"တော်တယ်၊ ဒါကြောင့် ဖေဖေက ဓာတ်ပုံဆရာ ဖြစ်တာပဲ"

စိုးမိုးနောင်က ပြောပြောဆိုဆို သူယူလာသော စာရွက်တွင် ထိုပုံကို ကပ်လိုက်သည်။ လက်စွပ်ကို ကြည်လဲ့ရည်သို့ ပြန်ပေးရင်း သူကပ်လိုက်သော စာရွက်ကို ပြလိုက်သည်။

တွေ့လိုသော ရတနာ

(ပုံ)

မိသားစု ရတနာဆိုင်

ဖေ့စ်ဘွတ်ခ်.....

"ဒီအတိုင်း ကျွန်တော် ဖေ့စ်ဘွတ်ခ်မှာ အံသုံးပြုလိုက်မယ်၊ ကံဆိုးကံကောင်းပေါ့၊ ညီမလေး တွေ့ပါစေလို့ ဆုတောင်းနေဗျ"

အောင်နိုင်မင်း အပါအဝင် အားလုံးက စိုးမိုးနောင်၏ စိတ်ကူးကို လေးစားချီးကျူးကြသည်။ ကြေစည်မှုကို ဖြစ်နိုင်ချေများသည်ဟု အောင်နိုင်မင်းနှင့် အားလုံးက လက်ခံလိုက်ကြသည်။ ငါးနှစ်သမီးအရွယ် ရတနာဦး၏ခေါင်းပေါ်တွင် ကြည်လဲ့ရည်၏ လက်စွပ်မှ ကျောက်ပွင့်က အချိုးအစားအလိုက် တင်ထားသကဲ့သို့ ရှိသည်။ ကာယက်ရှင်မြင်လျှင် ထင်းခနဲသိသာသည့် ပုံစံဖြစ်သည်။ ကြည့်မိရန့်သာ လို့လေသည်။

× × × × ×

ကြည်လဲ့ရည်နှင့် တူးမာတို့က ပြန်သွားကြသည်။ နေအိမ်ဆိုင်ခန်းတွင် အောင်နိုင်မင်းတို့ မိသားစုသာရှိသည်။ မိခင်တစ်ဦးပီပီ ကိုယ်ချင်းစာနာစိတ်ဖြင့် စပြောသည်။

"ရတနာဦးကို ကြီးမှုပေးကြိမ် တွေ့ဖူးတယ်၊ သူ့ခေါ်လေးနဲ့ ဒီကိုလာ

www.burmeseclassic.com

ဖူးတယ်လေ၊ အမေတူသဲမီးပဲ၊ ချော်ချော်လှလှလေးဆိုတော့ ကြည်လဲ့ရည်မှာ ယူကြုံးမရဖြစ်နေမှာပဲ ကိုအောင်ရယ်"

"တို့လည်း တက်နိုင်သမျှ ကူညီတာပဲလေ၊ စိတ်မကောင်းပါဘူး၊ တခြားနည်းလမ်းရှိရင်လည်း စီစဉ်ကြတာပေါ့။ ကြည်လဲ့ရည်နဲ့အေမီလင်းက တစ်ခွန်က လမ်းပေါ်က ငါဘဝကို ဆွဲတင်ချီးမြှင့်ကြသူတွေပါ၊ ဖြူမပြောလည်း ကိုယ့်မှာ ခံယူချက်ရှိပါတယ်"

"ကိုအောင်ပြောမှ သတိရတယ်၊ မမကြည်လဲ့ရည်က မအေမီလင်းကို အကြောင်းမကြားစေချင်ဘူး၊ ဒုက္ခမပေးလိုဘူးလို့ ပြောတယ်၊ သူနည်းနဲ့သူ ကြိုးစားရာမယ်လို့ ပြောတယ်"

အောင်နိုင်မင်းက စဉ်းစားသည်။ အေမီလင်း သိသင့်သည်ဟု ဆင်သည်။ ကြည်လဲ့ရည် နှင့် အေမီလင်းလည်း အောင်နိုင်မင်းတို့နှင့် ရင်းနှီးမှုမရှိစဉ်ကတည်းက ဆွေမျိုးရင်းချာပမာ နေခဲ့ကြသူများ ဖြစ်သည်။ တစ်ဦး၏ဘဝကို တစ်ဦးကနားလည်သည်။ကြင်နာသည်။ ကိုယ်ချင်းစာတရားရှိကြသည်။ သီလရှင် မဝတ်မီကပင် အေမီလင်းက အောင်နိုင်မင်းကို တိတ်တဆိတ် မှာခဲ့သည်။ ကြည်လဲ့ရည်ကို ကူညီရန်နှင့် လိုအပ်သည်များရှိက အသိပေးရန် ဖြစ်သည်။ မည်သည့်ပြဿနာမျှမရှိ၍ ပြောရန်မရှိသော်လည်း ယခုမူ အကြောင်းကြားရန်ရှိလာသည်။ အကြောင်းကြားသင့်သည်ဟု အောင်နိုင်မင်းက ခံယူသည်။

"မအေမီလင်းကို ကိုအောင် ပြောပြလိုက်မယ် ဖြူ"

"ကောင်းတာပေါ့ ကိုအောင်ရယ်"

အောင်နိုင်မင်းက အေမီလင်းထံ တယ်လီဖုန်းဆက်သည်။ အေမီလင်းက မေမြို့တွင် ရှိမနေချေ။ သူ့ရွာသို့ ခေတ္တပြန်လာသည်ဟု သိရသည်။ နောက်ငါးရက်ခန့်ကြာမှ အဆက်အသွယ်ရသည်။ ခရီးရောက်မဆိုက်မို့ ဖုန်းနာသော်လည်း ပြောရသည်။

"ကြည်လဲ့ရည်မှာ အခက်အခဲရှိနေလို့ ဆက်တာပါ"

"ကြည်လဲ့က မယ်သီလရှင်ဝတ်သွားပြီလေ. . . ဘာဖြစ်လို့လဲ"

"သူသမီးလေ၊ တစ်ဦးတည်းရှိတဲ့ သမီးလေးရတနာဦး ပျောက်သွားလို့ပါ"

"ဘယ်လိုဖြစ်တာလဲ"

အောင်နိုင်မင်းက သူသိရှိသမျှကို ရှင်းပြသည်။ ဆောင်ရွက်မှုများကိုလည်း ပြောပြသည်။ ကြည်လဲ့ရည်တ မအေမီလင်းကို မသိစေလိုကြောင်းလည်း အသိပေးလိုက်သည်။ မအေမီလင်းမှာ အပူအပင်မရှိစေလိုသောကြောင့်ဟု သိရသည်။

"ရတနာက ငါ့သမီးလေ၊ တို့နှစ်ယောက်လုံးရဲ့ သမီးပဲ၊ သူဝူသလို ငါလည်းပူတာပဲပေါ့၊ ငါလာခဲ့မယ် သူ့ကို မပြောနဲ့၊ နောက်မှတွေ့မယ်၊ ဤမျှ ဆိုလျှင် လုံလောက်ပြီ" ဟု ထင်သည်။

အောင်မင်းနိုင်၏ ဆက်လုပ်နိုင်မည့်ကိစ္စများ ပို၍ခဲယဉ်းသည်။ တစ်ချိန်က တရင်းတနှီးရှိခဲ့သော ကိုးတစ်ရာ၊ ကြောင်ရိုင်း၊ ဝဏ္ဏာတို့ကို သတိရမိသည်။ မကိုးတစ်ရာ မြလွင်မှာ ပြဿနာရှာတတ်ပြီး ဖြစ်လျှင် ဝိုင်းအာဆွမ်းကြီးလောင်းတတ်သောကြောင့် သူ၏ အမည် မြလွင်တွင် ကိုးတစ်ရာပါသည်၊ ကြောင်ရိုင်းမောင်မောင်မှာ ရန်ကုန်မြို့တွင်း ဖြုတ်ပွဲ၊ ချိတ်ပွဲ၊ လစ်ထွက်ပွဲကျားတွင် သူက အတော်များများပါသည်။ ပြဿနာဖြစ်ပြီးလျှင် လျင်မြန်စွာ လစ်ပြေးတိမ်းရှောင်နိုင်သူဖြစ်လည်း ဝဏ္ဏာက အနုသမားဖြစ်သည်။ ဆေးရောင်း၊ လောင်းကစားနှင့် အည့်စားဒုစရိုက်လုပ်ငန်းများတွင် ကျက်စားသူဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က တည်းက အဆက်အသွယ် ပြတ်နေသော်လည်း အောင်နိုင်မင်းက တစွန်းတစ သိနိုင်ရန် ဆက်သွယ်ကြည့်သည်။

ဆယ်နှစ်ဆိုသော ကာလမှာ အလွန်ပြောင်းလဲသွားသည်။ တဏှာ ဒိဋ္ဌိ၊ ဒိဋ္ဌိတဏှာကြဲ မိတ်ဆွေများသည် ဣန္ဒြေသိက္ခာရှိရှိ ရပ်တည်နေကြသည်။ အခု၌ 'စည်းအပြင်ကလူ'များနှင့် မပတ်သက်သကဲ့သို့ အခု၌ ရှင်းလင်းစွာ ရပ်တည်နေကြသည်။ သတင်းစကားက သူတို့လိုင်းနှင့် မဆိုင်သောကြောင့် ဘာမျှ မသိရချေ။ အောင်နိုင်မင်းက ထပ်မံကြံစည်နေစဉ် အေမီလင်းက ရန်ကုန်ဆင်းလာသည်။

◆

အေမီလင်းက အောင်နိုင်မင်း၏ အိမ်တွင် တည်းသည်။ ဤအချက်ကို ကြည်ခြင်းအားဖြင့် ရတနာဦး ပျောက်ဆုံးမှုကိစ္စကို ဦးတည်လှုပ်ရှားမည်ဟန် ပေါ်လွင်နေသည်။ အောင်နိုင်မင်းက ကျေးဇူးရှင်ဆိုသည်ထက် မောင်နှမအရင်းကဲ့သို့ ချစ်ခင်ရင်းနှီးမှုရှိသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုသည်။

အေမီလင်းက ဖြစ်စဉ်ကိုနောက်တစ်ကြိမ်မေးသည်။ အောင်နိုင်မင်းက ကြည်လဲ့ရည် ပြောပြသည်က စ၍သူတို့ မိသားစု ဈုပ်ကိုင်ခဲ့သမျှကို ရှင်းပြသည်။ အေမီလင်းအကြိုက်ဆုံးမှာ သားဖြစ်သူ စိုးမိုးနောင်၏ ဖေစ်ဘွတ်ခ် အစီအစဉ်ဖြစ်သည်။ ကျန်သည်များကို စိတ်ပါဝင်စားမှု မရှိချေ။ အနည်းငယ်စဉ်းစားပြီး တစ်နေရာသို့ တယ်လီဖုန်းဆက်သည်။

"ဦးဇော်ထိုက်လား"

တစ်ဘက်က မည်သို့ပြန်ပြောသည် မသိချေ။ အေမီလင်းက မာကြောင်း သာကြောင်း နှုတ်ခွန်းချေပြီး လာတွေ့လိုကြောင်း ပြောသည်။ သူတို့ နှစ်ဦးချိန်းဆိုပြီးနောက် ဖုန်းချလိုက်သည်။ အေမီလင်းက အောင်နိုင်မင်းကိုကြည့်ပြီး ပြောသည်။

"ကြည်လဲ့ရည်ကို ခေါ်လိုက်ပါ၊ ငါရောက်နေတာ မပြောနဲ့နော်၊ ဒီနေ့မင်းရယ်၊ ငါရယ်၊ ကြည်လဲ့ရည်ရယ် တို့သုံးဦးသွားတွေ့ဖို့ လူတစ်ယောက် ရှိတယ်"

အောင်နိုင်မင်းက နားလည်ကြောင်း ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့အခန်းမှနေ၍ ကြည်လဲ့ရည်ကို ဆက်

www.burmeseclassic.com

www.burmeseclassic.com

သွယ်သည်။ ကံအားလျော်စွာ အဆက်အသွယ်ရသဖြင့် ဆင့်ခေါ်လိုက်သည်။

"ဖေဖေ. . . ဖေဖေ"

"ဟေ. . ဘာဖြစ်လို့လဲ"

စိုးမိုးနောင်က သူ့အဖေ အောင်နိုင်မင်းကိုခေါ်ရင်း ပြေးဝင်လာသဖြင့် အံ့သြစွာ မေးလိုက်သည်။ စိုးမိုးနောင်၏ မျက်နှာမှာ တစ်စုံတစ်ရာ အောင်မြင်မှု ရသူကဲ့သို့ ရွှင်လန်းဝမ်းမြောက်စွာ ရှိနေသည်။

"ကျွန်တော့် ဖေဖေ့ဘွတ်ခ်မှာ လိပ်စာတစ်ခု ဝင်လာတယ်"

"ဟုတ်လား"

အောင်နိုင်မင်းက ဝမ်းသာအားရဖြင့် စိုးမိုးနောင်၏ နောက်သို့ လိုက်သွားသည်။ စိုးမိုးနောင်၏အခန်းတွင်းကား ရှုပ်ပွနေသည်။ သို့သော် တစ်နေရာသို့ ဖွင့်ထားသော ကွန်ပျူတာတွင် တစ်စုံတစ်ခုကို တွေ့ရသည်။ အောင်နိုင်မင်းက ဝမ်းသာအားရ အနီးကပ်ကြည့်မိသည်။ အောင်နိုင်မင်းက ဝမ်းသာအားရ အနီးကပ်ကြည့်မိသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဟိုတယ်တစ်ခု၏ လိပ်စာ ဖြစ်လေသည်။

"အဲဒီလိပ်စာကို ကူးထားလိုက်သားရေ မအေမီလင်းကို ပြောပြရဦးမယ်"

"မပြောနဲ့တော့၊ ငါ သိတယ်၊ ငါမှတ်ထားပြီးပြီ"

ဘယ်အချိန်က အောင်နိုင်မင်း၏ နောက်တွင် ရောက်နေမှန်းမသိရသော အေမီလင်းက ပြောသည်။ အေမီလင်းသည် ဝမ်းသားအားရဟန် မပြချေ။ အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် ရှိလှသည်။ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် အောင်နိုင်မင်းကို ပြောသည်။

"တို့. . တို့မှာ သွားတွေ့တဲ့အခါ တစ်စွန်းတစ်စ မသိစေနဲ့. . . ကြည်လဲ့ရည်ကိုလည်း မပြောနဲ့၊ ပြီးပြည့်စုံပြီး သေချာမှ သိပါစေ၊ မင်းသားကိုလည်း ပြောထား. . . ဟုတ်ပြီနော်"

"စိတ်ချပါ မမရယ်. . . ကျွန်တော်က မမပြောတို့အတိုင်း လိုက်နာနေကျပါ"

အေမီလင်းက ထပ်မံ၍ စကားမဆိုချေ။ ညှို့ခန်းသို့ ပြန်သွားပြီး ကြည်လဲ့ရည် အလာကို စောင့်နေသည်။ တစ်နာရီသာသာခန့် အကြာတွင် တံခါးခေါက်သံ ကြားရသည်။ အေမီလင်းက အခန်းထောင့် အကွယ်တွင် ထိုင်နေသည်။ အောင်နိုင်မင်းက တံခါးကို ထဖွင့်သည်။

"တက္ကစီနဲ့ လာထာပဲ အောင်နိုင်မင်းရယ်၊ ကားလမ်းတွေ ပိတ်ကျပ်နေလို့ ကြာသွားတယ်၊ ဘာထူးလဲ"

ကြည်လဲ့ရည်က အခန်းတွင်းသို့ လှမ်းကြည့်ရင်း ပြောသည်။ တစ်စုံ တစ်ရာကို မျှော်လင့်ထားဟန် တူသည်။ အောင်နိုင်မင်းက မိခင်တစ်ဦး၏ မျှော်လင့်ချက်ကို စာနာမိဟန်နှင့် ပြောသည်။

"ထူးတာပေါ့. . . ညှို့သည် တစ်ယောက်ရောက်နေလို့"

"ဘယ်သူလဲ"

ကြည်လဲ့ရည်က အခန်းတစ်ခုလုံးကို ဝေ့ဝိုက်ကြည့်သည်။ အေမီလင်းက မနေနိုင်ချေ။ အခန်းထောင့်အကွယ်မှ ထွက်ပြီး လူလုံးပြသည်။

"ဟာ- အေမီ ဝမ်းသာလိုက်တာ"

ကြည်လဲ့ရည်က အေမီလင်းကို ဝမ်းသာအားရ ပြေးဖက်သည်။ အေမီလင်းကလည်း အားပါးတရ ပြန်ဖက်သည်။ အတော်ရင်းနှီးချစ်ကြည်ဟန် တူလေသည်။

"ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

"ရန်ကုန်မရောက်တာကြာလို့ အလည်လာတာပါ"

"မဖြစ်နိုင်ဘူး၊ အောင်နိုင်မင်း လက်ချက်ဖြစ်ရမယ်. . အေမီလင်းကို နားနားနေနေ ရှိပါစေလို့ ပြောထားရက်နဲ့၊ နင်ကတိမတည်ဘူး"

"အေမိက လဲ့ချင်လို့ပါ ကြည်လဲ့ရယ်၊ ငါ့သူငယ်ချင်း ပိန်သွားတယ်၊ တို့ . . . မတွေ့တာကြာပြီနော်"

"ဆယ်နှစ်စွန်းပြီပေါ့"

ကြည်လဲ့ရည်တ အေမီလင်း၏ လက်ကိုဆွဲပြီး ထိုင်ခုံရှိရာတွင် ထိုင်လိုက်ကြသည်။ ကြည်လဲ့ရည်၏ မျက်နှာက ရွှန်းလဲ့တောက်ပြောင်နေပြီး တခဲ့ဝေနှာများကို မမြော်သွားသလို ရှိသည်။ လှိုက်လှိုက်လဲ့လဲ့ ဝမ်းသာဟန် ဆည်း ပေါ်လွင်လေသည်။

"ရတနာအကြောင်း သိပြီးပါပြီ၊ တို့နှစ်ယောက်ရဲ့ သမီးလေးပဲ၊ အတတ်နိုင်ဆုံး ကြိုးစားကြတာပေါ့၊ အားမငယ်ပါနဲ့ ကြည်လဲ့ရယ်"

ကြည်လဲ့ရည်က အေမီလင်း၏ ပါးလေးတစ်ဖက်ကိုနမ်းရင်း ပြောသည်။

"ဝမ်းသာလိုက်တာ. . . အေမီရယ်၊ ကျေးဇူးတင်ပါတယ်"

အေမီလင်းက ပြုံးပြုံးလေး နေသည်။ ထိုစဉ် အောင်နိုင်မင်းက အေမီကို အသင့်ဖြစ်ကြောင်း အေမီလင်းက ကြည်လဲ့ရည်ကို သူ၏ အစီအစဉ် တစ်စွန်းတစ်စကို သိရှိနိုင်ရန် ရှင်းပြသည်။

"တို့သုံးယောက် သွားကြမယ်၊ လူတစ်ယောက်ကို တွေ့ဖို့ရှိတယ်. . အဲဒီလူအကြောင်း နောက်မှ ပြောကြတာပေါ့၊ ဟိုရောက်ရင် ငါက အခြေအနေကြည့်ပြီး ပြောစရာရှိတာ ပြောမယ်၊ နင်တို့နှစ်ယောက်က တစ်ခွန်းမှ မပြောဘဲ ထိုင်နေကြပါ၊ ပြောစရာရှိတာ မှန်သမျှ ကိုယ်ပဲပြောမယ်၊ ဟုတ်ပြီနော်"

ကြည်လဲ့ရည်နှင့် အောင်နိုင်မင်းတို့က ခေါင်းညိတ်ပြကြသည်။

"အိုကေ၊ ကဲ- သွားကြစို့"

တိုက်ခန်းအောက်ထပ် လမ်းပေါ်တွင် ရပ်ထားသော အေမီလင်း၏ ကားပေါ် သို့ တက်ကြသည်။ အေမီလင်းက ကျွမ်းကျင်သူပီပီ နေကာမျက်မှန် တပ်ပြီး သူမ၏ စူပါဆလွန်းကားကို ကိုယ်တိုင်မောင်းသည်။ ကြည်လဲ့ရည်က အေမီလင်း၏ ဘေးထိုင်ခုံတွင် ထိုင်ပြီး အောင်နိုင်မင်းက နောက်ခန်းတွင် ထိုင်သည်။ ကားလေးက ကန်တော်ကြီးကို ပတ်ပြီး ကရဝိတ်ကို ကျော်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးစိန်လမ်းသို့ မရောက်မီ လမ်းထစ်ခုသို့ ချိုးဝင်ပြီး ခြံကျယ်ကြီးတစ်ခု၏ရှေ့တွင် ရပ်လိုက်သည်။ ကားဟွန်းသံဖြင့်အချက်ပေးပြီး နောက် ခြံတံခါးပွင့်လာသည်။ အေမိလင်းက ခြံအတွင်းသို့ ဖြည်းညင်းစွာ ဘီးလှိမ့်ဝင်လာသည်။ ပေါ်တီကို အောက်တွင် ကားကိုရပ်ပြီး ဆင်းလိုက်ကြသည်။

"ကြိုဆိုပါတယ် မမ. . ကြွပါ"

"ဦးဇော်ထိုက် ရှင်နော်၊ ဧည့်သည်တွေ ပါတယ်"

အသက်ငါးဆယ်ခန့်ရှိ ဒုရဲထောင်ထောင်မောင်းမောင်း၊ ထွားထွားကြိုင်းကြိုင်းရှိသော တိုင်းရင်းသားကြီးတစ်ဦး၏ နှစ်လိုမှုယ် ဆီးကြိုမှုကို အေမိလင်းက မကျေနပ်ဟန်ဖြင့် ပြန်ပြောသည်။ ကျန်လူများကိုလည်း ဧည့်ဝတ်ကျေပွန်စွာ လူစေ့နှုတ်ဆက်သည်။

"အိုး. . မမကလည်း၊ မမမို့ မမလို့ခေါ်တာ စိတ်ဆိုးရသေးလား မမရယ်၊ မမက ကျွန်တော့်ကျေးဇူးရှင်ပါ"

"ထားပါတော့၊ ရှင့်ကို မပြောချင်ဘူးနော်"

"ကိစ္စကိုတော့ ပြောမှဖြစ်မှာမို့ပေါ့ဗျ၊ ထိုင်ပါ။ အပူလား. . အအေးလား"

အေမိလင်း ဖျော်ရည်သုံးခွက်မှာလိုက်သည်။ ကြည့်လဲ့ရည်တို့က အပြုံးလေးနှင့် နေကြသည်။ ဦးဇော်ထိုက်က ပြုံးပြုံးရယ်ရယ် ဆက်ဆံသော်လည်း အလွန်အကဲးပါးဟန် တူသည်။ ပါးရည်နဝ်ရည်လည်း ရှိပေမည်။ ခန္ဓာကိုယ်နှင့် မလိုက်အောင် သွတ်လက်ဖျတ်လက်ဟန် ရှိသော်လည်း မျက်ရိပ်မျက်ကဲ မျက်လုံးများနှင့်သာ အလုပ်လုပ်နေသကဲ့သို့ ရှိသည်။

"စိတ်မရှိနဲ့နော်၊ မြင်ဖူးသလိုပဲ"

"မြင်ဖူးမှာပေါ့။ အေမီသူငယ်ချင်း ဆရာမ ကြည့်လဲ့ရည်လေ၊ နဗ်မှာ တုန်းက အတူတူနေကြလို့ ရောက်ဖူးတွေ့ဖူးတာဖြစ်မှာပါ။ မတွေ့တာ ကြာလို့ မမှတ်မိတာ ဖြစ်မှာပေါ့"

"ဟုတ်ပြီ၊ မှတ်မိပြီ၊ ဟိုကလေး လေး မေမေမို့လား။ ဘယ်လိုဖြစ်ပြီး ခေါင်းတုံးထားရတာလဲ၊ အရင်က လှပတဲ့ရုပ်ရည်ကို မနည်းရှာယူရတယ်"

"သိလှချင် ဝတ်လိုက်လို့ပါ"

ကြည့်လဲ့ရည်က ပြုံး၍ ပြောသည်။ ကြည့်လဲ့ရည်က စကားရှည်မည်စိုးသဖြင့် အေမိလင်းက လာရင်းကိစ္စကို ပြောသည်။ ကြည့်လဲ့ရည်၏ သမီးရတနာဦး ပျောက်သည့်ကိစ္စကို သိသမျှ အသေးစိတ်ရှင်းပြသည်။ စိုးမိုးနောင်၏ ဖေ့စ်ဘွတ်ခ်ကိစ္စမှ လွဲ၍ ကျန်သော လုပ်ဆောင်ချက်မှန်သမျှကို သိရှိစေသည်။ ဦးဇော်ထိုက်က ငြိမ်သက်စွာ စဉ်းစားသည်။

"အင်း. . သမီးက ပညာတတ်ဆိုတော့ လွယ်လွယ်နဲ့ ဒုက္ခမရောက်ပါဘူး။ သွေးဆောင်ဖို့လည်း မလွယ်ဘူး၊ ရင့်နှီးတဲ့ လူတစ်ယောက်ရဲ့ ဆင်ကွက်ထဲ ဝင်သွားတယ်နဲ့ တူတယ်"

ဦးဇော်ထိုက်က သူ၏ သုံးသပ်ချက်ကို ပြောပြသည်။ လူတစ်ဦးစီကို စေ့စေ့စပ်စပ်. အကဲခတ်သည်။ ပြီးမှ ဖြည်းလေးစွာ ပြောသည်။

"ရန်ကုန်မြို့က အကြီးကြီး၊ မြန်မာပြည်ကလည်း အကျယ်ကြီးပဲနော်၊ စိတ်ညစ်စရာပဲ"

ကြည့်လဲ့ရည်၏ မျက်နှာက ညှိုးငယ်သွားသည်။ ရွာတော့်မည့် မိုးကဲ့သို့ ညို့လာသည်။ အေမီလင်းက ဤအပြောနှင့် ဤအချက်ကို မကြိုက်ပေ။ အေမီလင်း၏ မျက်နှာက တင်းသွားပြီး ပါးစပ်က တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။ တိုင်းရင်းသား ဘာသာစကားနှင့်မူ စကားတစ်လုံး၊ နှစ်လုံး ထွက်သွားသည်။ ဦးဇော်ထိုက်က လက်ကာပြီး ပြုံး၍ ပြောသည်။

"ဆရာမက ကျွန်တော်တို့ ဒေသးသားပဲ၊ ဆရာမ ရင်သွေးဖောလည်း ကျွန်တော်တို့ ရေမြေမှာ မွေးခဲ့တာဆိုတော့ ကျွန်တော်တို့ သမီးလေးပါပဲ၊ ကျွန်တော်ကြိုးစားကြည့်မယ်လေ. . . အခုိန်တော့ မေးပါဦး"

သည်တော့မှ အေမီလင်း၏ မျက်နှာက ဖြေလျော့သွားသည်။ သွေးရောင်လွှမ်းသည်။ အေမီလင်းသည် ကြည့်လဲ့ရည်၏ မျက်နှာကို အညှိုးမခံသော ချစ်သူငယ်ချင်းကောင်း ဖြစ်လေသည်။

ဦးဇော်ထိုက်က ဧည့်ဝတ်ကျေပွန်စွာ ခမ်းခမ်းနားနား ဧည့်ခံလိုက်သော်လည်း အေမီလင်းက လက်မခံချေ။ လာရင်းကိစ္စကိုသာ ဝိုင်ပြင် အောင်မြင်အောင် လုပ်ဆောင်ပေးပါရန် ထပ်လောင်း မေတ္တာရပ်ခံသည်။ ဦးဇော်ထိုက်က အေမီလင်း၏ အားပါမှုကို အသိအမှတ်ပြုဟန်ဖြင့် တလေးတစား ပြောသည်။

"မမပြောတာကို မှတ်သားထားပါ့မယ်"

"တစ်ခုရှိတယ် ကိုအောင်နိုင်မင်းရဲ့ သားလေးက သူ့ရဲ့ဖေ့စ်ဘွတ်ခ်မှာ လိပ်စာတစ်ခုရထားတယ်၊ ဦးဇော်ထိုက် အသုံးလိုမယ်ထင်ရင် ယူထားပါလား"

အေမီလင်းက အောင်နိုင်မင်း၏ သား စိုးမိုးနောင်က ကြည့်လဲ့ရည်၏ ငါးနှစ်သမီးလေးပုံကို ဖေ့စ်ဘွတ်ခ်တွင် ထည့်သွင်းကြေညာပုံ အစအဆုံး ပြောပြသည်။ နှစ်ဆယ်ကျော်အရွယ်ပုံကို ထည့်လျှင် ရိပ်မိမည်စိုးရွံ့၍ ကာယကံရှင်သာ သိနိုင်မည့် ကလေးအရွယ်ဓာတ်ပုံကို အသုံးပြုရကြောင်း ရှင်းပြသည်။ ယခုထွက်လာခါနီးတွင် ဖေ့စ်ဘွတ်ခ်၌ လိပ်စာတစ်ခု တွေ့ကြောင်း ပြောပြသည်။ ဦးဇော်ထိုက်သည် ဤအချက်ကို သဘောကျဟန် ရှိသော်လည်း ဂရုမပြုဟန်ဖြင့် အေမီလင်း ပေးသော လိပ်စာကို လိုလိုပိုပို ယူထားလိုက်သည်။

"ကျွန်တော်လည်း ကြိုးစားကြည့်ပါ့မယ်. . . စိတ်ချနော် ဆရာမ"

"ကျွန်မတို့ ပြန်မယ်"

"စိတ်ချပါ မမရယ်၊ ကျွန်တော်တို့ ဆက်သွယ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

အေမီလင်းက ဆက်လက်ပြီး စကားမရှည်လိုဟန်ဖြင့်ထွက်လာသည်။

ကြည်လဲ့ရည်တို့ နှစ်ဦးကလည်း ဦးဇော်ထိုက်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ရလေသည်။

◆

အပြန်ခရီးတွင် ကိုယ့်အတွေးနှင့်ကိုယ်မို့ စကားမပြောဖြစ်ကြချေ။ ကြည်လဲ့ရည်က ဖေစ့်ဘွတ်ခ်မှ ထူးခြားချက်တစ်ခုကို သိလိုက်ရဖြင့် ဝမ်းသာနေဟန်ရှိသည်။ အေမီလင်းတ ကားကို ဂရုတစိုက်မောင်းသည်။ အောင်နိုင်မင်းက အေးအေးဆေးဆေး ထိုင်လိုက်လာရာမှ မအောင့်အီးနိုင်ဟန်ဖြင့် စကားစသည်။

"ဦးဇော်ထိုက်က မအေမီလင်းကို လေးစားတယ်နဲ့ တူတယ်၊ မမ . . . မမနဲ့ ထပ်နေတာပဲ"

အေမီလင်းက နောက်ကြည့်မှန်မှတစ်ဆင့် အောင်နိုင်မင်းကို အကဲခတ်သည်။ ပြီးမှ အေမီလင်းက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ရှင်းပြသည်။

"ဦးဇော်ထိုက်က အေမီတို့အရပ်ကပဲ၊ ဆွေမျိုးစပ်ဝင်ရင် တော်လောက်တယ်၊ အေမီငယ်စဉ်က သူနဲ့ သူညီမက ပြုစုစောင့်ရှောက်ထိန်းကျောင်းတယ်၊ သူတို့ရဲ့ ဆုံးမသွန်သင်မှုတွေနဲ့ လူဖြစ်လာရတယ်၊ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် အေမီက ကိုယ့်အဘိုးကြီးနဲ့ အကြောင်းပါပြီး သူသွားရာနောက် လိုက်သွားရတယ်၊ ဒီနေရာမှာ ဦးဇော်ထိုက်ရဲ့ အစီအမံတွေ ပါသင့်သလောက် ပါတယ်လေ"

အေမီလင်းက ထိုစဉ်က သူ့ဘဝအကြောင်းကို အထိုက်အလျောက်သိပြီး သူမှား ဖြစ်သဖြင့် ထပ်မံမပြောတော့ချေ။ ကားကို ကန်တော်ကြီးပတ်ပြီး ရွှေတိဂုံဘုရားရှေ့ လမ်းမကြီးအတိုင်း မြို့ထဲသို့ ဦးတည်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

"တစ်နေ့တော့ ဦးဇော်ထိုက် ပြဿနာဖြစ်တယ်၊ သူက ရိုးရိုးသားသားပါ၊ အေမီတို့ဘေသက သိတဲ့အတိုင်း ကျောက်စိမ်းထွက်တယ်၊ ဦးဇော်ထိုက် အဆွယ်ကောင်းလို့ တရုတ်ပြည်ဘက် ကျောက်ပို့ရာက တစ်ချို့မှာ မိတယ်၊ ပစ္စည်းရော လူရောပဲ၊ တောသူ တောင်သားဆိုတော့ ကူမယ့် ကယ်မယ့်လူ မရှိဘူး၊ ဒီအချိန်မှာ အေမီကို သူတို့ရှာတွေ့သွားတယ်၊ အေမီကို အကူအညီတောင်းတယ်၊ အေမီက ငယ်တုန်းက ဆိုတော့ အချိန်မဆိုင်း အဘိုးကြီးကို ပူဆာတယ်၊ အဘိုးကြီးက တတ်နိုင်သမျှ ကြိုးစားတယ်"

အေမီလင်းသည် ကားတမြို့တဝင်လာပြီး ယာဉ်ကြောချုပ်သဖြင့် ဂရုတစိုက် မောင်းနေရသည်။ ခေတ္တစကားဖြတ်ပြီး ကားကို ဂရုစိုက်ရသည်။ ဆုံးလေ ပတ်ပြီး မဟာဗန္ဓုလလမ်းအတိုင်း ပန်းဆိုးတန်းသို့ ဦးတည်သည့်အခါ အေမီလင်းက ဆက်ပြောသည်။

"ဦးဇော်ထိုက်ရဲ့ ဖြစ်စဉ်နဲ့ သူ့အပေါ်စွဲချက်မှာ အံ့အားနည်းချက်တစ်ခု ရှိတော့ အဲဒီအချက်ကနေ ဦးဇော်ထိုက်ကို ဝင်ကူတိုက်နိုင်ခဲ့တယ်၊ ပစ္စည်းတော့ မရဘူး၊ လုံခြုံတယ်၊ ပစ္စည်းက အကုန်လုံး သူ့ပစ္စည်း မဟုတ်တော့ ပြဿနာမဟုတ်ပါဘူး၊ အဲဒီအချိန်ကစပြီး အေမီတို့ ကျေးဇူးဆပ်တဲ့ အနေနဲ့ နေတာလေ၊ အဘိုးကြီးလူတွေက အေမီကို မမဆိုလို့ သူကလည်း မမ လုပ်နေတာ၊ ကြည်လဲ့ရောက်လာတဲ့အထိ တွေ့တဲ့အတိုင်းပဲလေ၊ အခုတော့ ဒါတွေမလိုတော့ပါဘူး၊ ဒါပေမဲ့ သူကတော့ မမပဲလေ"

"အခုတော့ သာလုပ်သလဲ၊ ကြည့်ရတာ အခြေခိုင်သလိုပဲ"

အေမီလင်းက အောင်နိုင်မင်းကို မကြည့်ဘဲ မြောသည်။

"အခုတော့ သူတ္တ အရောင်းအဝယ် ကုန်သည်ကြီးပေါ့၊ ဟုတ်တာရော၊ မဟုတ်တာရော အကုန်လုပ်တယ်၊ မြေပေါ် မြေအောက် အဆက်အသွယ်ရှိကယ်၊ နိုင်ငံခြားဆယ်လောက်မှာ သူ့လုပ်ငန်းခွဲ အဆက်သွယ်ရှိတယ်၊ ဆရာကြီးဖြစ်နေပြီနဲ့ တူပါတယ်၊ တို့ဘဝတွေတောင် ဒီလောက်ရင့်ကျက်လာမှတော့ ဖြစ်သင့်ပါတယ်လေ"

အေမီလင်းဆီ ရယ်ပြီး ပြောသဖြင့် အောင်နိုင်မင်းက သဘောပေါက်စွာ ပြုံးမိလေသည်။ ကြည်လဲ့ရည်ကမူ ပြုံးရွှင်စွာ နေထိုင်သော်လည်း စိတ်က အခြားတစ်နေရာသို့ ရောက်နေဟန်တူသည်။

"ကဲ . . ရောက်ပြီ၊ သိပ်လည်း စိတ်မညစ်ပါနဲ့၊ ကြည်လဲ့ရည်က အေမီလည်း ရှိနေတာပဲ၊ အစွမ်းကုန်ကြိုးစားပါ့မယ်၊ ပျော်ပျော်နေနော် သူငယ်ချင်း"

အေမီလင်းက ကြည်လဲ့ရည်ကို အားပေးသည်။ ကြည်လဲ့ရည်က ခေါင်းညိတ်ပြသည်။ ပြီးတော့ သူတို့သုံးဦးသားက အောင်နိုင်မင်း၏ တိုက်ခန်းဆီသို့ အတူတက်သွားကြသည်။

ခရီးရောက်မဆိုက်ပင် အောင်နိုင်မင်း၏မိသားစုက အကျိုးအကြောင်း မေးသည်။ အေမီလင်းက အကျဉ်းချုံးပြီး သိသင့်သည်လောက်ကိုသာ ပြောပြလိုက်သည်။ စိုးမိုးနောင်က သူ၏ ဇာစ်ဗွတ်ခ်လိပ်စာတို့ ယူထားလိုက်ကြောင်း သိရသဖြင့် ကျေနပ်သည်။ သို့သော် ထိုလိပ်စာကို ဆက်သွယ်ရန် တစ်စွန်းတစ်စ မသိရသဖြင့် မကျေမလည်ဖြစ်ရသည်။

"ဒီနေ့တော့ ဒီလောက်နဲ့ နားရအောင်၊ နောက်နေ့မှာ ရဲစခန်းကို သူသင်တန်းကျောင်းတို့ ဖြစ်နိုင်ချေရှိတဲ့နေရာ၊ အဆက်အသွယ်ရှိမယ့် နေရာတွေ ဆက်ကြတာပေါ့၊ သူငယ်ချင်းရယ်၊ ဟုတ်ပြီနော်"

"အားနာလိုက်တာ အေမီရယ်"

"နိုး . . . နိုး ကြည်လဲ့နဲ့ ကိုယ်တို့အတူတူ မွေးကျွေးလာကြတာလေ၊ ကိုယ့်သမီးပဲ၊ အားနာတယ်ဆိုတဲ့ စကားက နောက်ဆုံးဖြစ်ပါစေနော်"

(ဆက်ရန်)

နေမှုန်း

www.burmeseclassic.com

ဘိုဘို

ကျော်ဇာ

ဒေါ်သန်းသန်း

၁၉၈၄ ခုနှစ်ခန့်က ဖြစ်ပါသည်။

ကျွန်တော်သည် အစ်ကိုကြီး ဦးမောင်မောင် နေထိုင်ရာ အထက် ချင်းတွင်းဒေသ မော်လိုက်မြို့သို့ တစ်လခန့် အလည်အပတ် သွားရောက်ပြီး ကျွန်တော်၏ ဇာတိနေမြေ မြို့သာသို့ အပြန်ခရီး ဖြစ်ပါသည်။

ထိုစဉ်က မြို့သာသည် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင်၊ ငါန်းဇွန်မြို့နယ်တွင် ပါရှိသည်။ ယခုမူ မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ဟု ပြောင်းလဲသွားကြောင်း သိရပါသည်။

မြို့သာ မော်လိုက် ခရီးစဉ်မှာ ဤသို့ဖြစ်ပါသည်။ မြို့သာမှ မိုင် ၂၀ ကွာဝေးသော တံတားဦးမြို့သို့ လိုင်းကားနှင့် လာရမည်။ ထိုမှ အင်းဝမီးသွေးတိုက်လေဆိပ်သို့ မြင်းလှည်း ဖြင့် သွားရမည်။ စက်လေ့ သို့မဟုတ် ငှက်သမန်ဖြင့် စစ်ကိုင်းဘက်သို့ ကူးရမည်။ ဟိုဘက်ကမ်းရောက်လျှင် ဆိုက်ကား စီး၍ စစ်ကိုင်းမြို့တွင်းသို့ လာရမည်။ ထို့နောက် မန္တလေးမှ ထွက်လာသော မုံရွာကားကို စောင့်၍ စီးရမည်။

စစ်ကိုင်းမှ မိုင် ၇၀ခန့်ဝေးသော မုံရွာသို့ ရောက်လျှင် မော်လိုက်သို့ ရောက်မည့် အညာကြီးဆန် (ဟုမ္မလင်း ခန္ဓီးမြို့များအထိရောက်သည်) သင်္ဘော လက်မှတ် ကြိုတင်တန်းစီ ဝယ်ယူ၍ ထွက်မည့်ရက်ကို တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် စောင့်ရမည်။

သင်္ဘောထွက်လျှင် နှစ်ညအိပ် သုံးရက် လမ်းတွင် ကြာမြင့်ပြီး မော်လိုက်မြို့သို့ ရောက်ရှိမည် ဖြစ်ပါသည်။

ယခုမှာ ထိုခရီးစဉ်၏ အပြန်လမ်း ဖြစ်ပါသည်။ မုံရွာမြို့သို့ သင်္ဘော ဆိုက်ကပ်သည်မှာ နေမြင့်သွား၍ ကျွန်တော် တံတားဦးကားဝိတ်သို့ ရောက်သော် နေ့လယ် ၃ နာရီခန့် ရှိပြီဖြစ်ရာ ကားမမီတော့ပါ။

ထိုစဉ်က မန္တလေး မြို့သာ၊ တံတားဦး မြို့သာ လိုင်းကားများမှာ တစ်နေ့လျှင် တစ်စီးစီးသာ ရှိပါသည်။ ခေါက်ပြန် မြို့သာ တံတားဦးကားသည်

www.burmeseclassic.com

နေ့လယ် ၁၂ နာရီနှင့် ၃ နာရီခန့်တွင် ပြန်လည် ထွက်ခွာလေ့ရှိပြီး မန္တလေးမြို့သာ ညအိပ် အဆင်းအတက်ကား မှာလည်း မန္တလေးမှ ၉ နာရီခန့်တွင် ထွက်ခွာလာလေ့ရှိရာ တံတားဦးသို့ ၁ နာရီ ၂ နာရီခန့်တွင် ရောက်ရှိ ဖြတ်သန်းလေ့ရှိရာ မြို့သာသွားလိုသူအဖို့ ဤကားနှစ်စီးမှ မမီလျှင် နောက်နေ့ အထိ ကားစောင့်ရမည် ဖြစ်ပါသည်။

မန္တလေးကားကို စုံစမ်းကြည့်သောအခါ အစောကြိုးကတည်းက သွားနှင့်ပြီ ဟုသိရသည်။ ဆယ်ခါရံ တစ်ခါသာ ရှိတတ်သော ကြားကား တစ်စီးတလေနှင့် ကြုံမည်လားဟု စောင့်စားနေစဉ် ကိုယ်ထည်တောင့်တောင့်၊ အရပ်မြင့်မြင့် ရုပ်ရည်သန့်ပြန့်ခြင်းမရှိ၊ လက်လုပ်လက်စား လူတန်းစား ဖြစ်ဟန်ရှိသူ လူတစ်ဦး ရောက်လာပြီး ကျွန်တော့်အနီးတွင် လာထိုင်ပါသည်။

သူသည် ထိုစဉ်က ခေတ်စားသော မြင်းခြံဆင်မင်း ဆေးပေါ်လိပ်ကို အနီးရှိ ကွမ်းယာဆိုင်မှ ဝယ်ယူကာ မီးညှိ ရှိုက်ဖွာလိုက်ပြီး ကျွန်တော့်ကို လာရောက် မိတ်ဖွဲ့စကားပြောပါသည်။

သူသည် မြို့တော်ချစ်ဖွယ်ဇာတ် အုပ်ဖွဲ့မှ ကားဆွဲတစ်ယောက် ဖြစ်သည်။ ဇာတ်အဖွဲ့သည် မနေ့ညမှစ၍ မြို့သာတွင် ရုံပွဲကပြလျက် ရှိပြီဖြစ်သော်လည်း သူသည် ထိုစဉ်က ကားမမီလိုက်သဖြင့် ယနေ့မှ နောက်က လိုက်ရခြင်း ဖြစ်သည်။

ဇာတ်ပိုင်သည် တစ်ရက်ထက် ကျန်းမာရေးကိစ္စမှ လွဲ၍ အလုပ်ပျက်၍ မရပါ။ အလုပ်ထုတ်ပယ်ခြင်းခံရမည် ဖြစ်၍ နောက်ကျလျှင် နောက်ကျပါစေ ယနေ့ညတော့ ရောက်အောင်သွားရမည်။ သူ့ရော ကျွန်တော်ရော အဖော်ရရန် ခြေကျင်ပြန်ကြမဲ့ည်။ သူနှင့် လိုက်ခဲ့ပါဟု ပြောပါသည်။

ကျွန်တော် စဉ်းစားပါသည်။ ယခုပင်လျှင် နေအတော်စောင်းနေပြီ။ မိုင် ၂၀ ခရီး ခြေကျင်ပြန်မည်ဆိုပါက တစ်နာရီ ၃ မိုင်နှုန်းနှင့် တွက်လျှင် လမ်းခရီးတွင် ၇ နာရီကျော် ကြာမည်။ မြို့သာသို့ အချိန်ကောင်း မရောက်နိုင်ပြီ။

ကျွန်တော့်တွင် ပါရှိသော ဝန်စည်စလယ်များကိုလည်း ကြည့်ပါ။ မော်လိုက်ကို တစ်ခေါက်သွားရန် မလွယ်ကူသဖြင့် ရောက်သည့်အခိုက် ရက်ကြာကြာနေတတ်လေ့ရှိရာ အနွေးထည်များ အပါအဝင် ရှိသမျှ အဝတ်အစား အကုန်ထည့်သွားသည်ဖြစ်၍ ခရီးဆောင်အိတ်ကြီး တစ်လုံးအပြည့် ပါရှိသည်။

သင်္ဘောပေါ်တွင် ညဉ့်အိပ်ညဉ့်နေဖြစ်၍ အိပ်ရာလိပ်ယူဆောင်ခဲ့ရသည်။ ချင်းတွင်းအထက်ပိုင်းဒေသသည် အအေးဓာတ်ရှိ၍ စောင်အထူပါထည့်လိပ်ခဲ့ရသည်။ အခ်ကိုကြီးမှလည်း အထက်ပိုင်း လက်ဆောင် ခေါပုတ်၊ ပေါင်းထင်းကျည်၊ ရွှေနီဌက်ပျော့၊ ငါးကျည်းခြောက်၊ ငါးချဉ် အစရှိသည်တို့ ထည့်ပေးလိုက်သော ကြိမ်ခြင်းကြီးကြီး တစ်ခြင်း စသည်ဖြင့် ပါရှိရာ ကျွန်တော် သယ်နိုင်မည်မှာ တစ်ခုသာ။ ပစ္စည်းက သုံးမျိုး ဖြစ်နေပါသည်။

ထို့အပြင် ကျွန်တော်သည် ငယ်စဉ်မှစ၍ ယနေ့အချိန်တိုင် နာရီနှင့် လက်ဝတ်ရတနာတို့ ဝတ်ဆင်ခြင်းကို ဝါသနာပါသူဖြစ်၍ ထိုစဉ် တန်ဖိုးကြီးမြင့်လှသော ဗိုင်ခွက်လေးလုံးပါ စီတီဇင် ဓာတ်ခဲနာရီ (ယနေ့အချိန်တိုင် မော်ဒယ်သစ်များဖြင့် ထွက်ရှိနေသေးပြီး ပေါက်ဈေး တစ်သိန်း နှစ်သောင်းခန့် ရှိပါသည်) မန္တလေး ဝိန့်စိန့်မှ ဝယ်ယူသော တစ်ကျပ်သား ရွှေဆွဲကြိုး တစ်ကုံး၊ ခန္ဓီးထွက် ကျောက်စိမ်း၊ ဟုမ္မလင်း နောက်ဘိုအောင် ဒေသထွက် လက်ကျင်ရွှေဖြင့် မော်လိုမ်မြို့ ဦးကြည် စိန်ရွှေပန်းထိမ်တွင် ပြုလုပ်ခဲ့သော ငါးမူးသား လက်စွပ်တစ်ကွင်းတို့ ဝတ်ဆင်ထားသည့်အပြင် အစ်ကိုကြီး ဦးမောင် မောင်နှင့် မရီး ဒေါ်ညွှန့်ရီ (မောနှင်းစတားကဖေး၊ မော်လိုက်ဈေး မြောက်ဘက်တန်း) တို့မှ အဖေဝင်းနှင့် အမေကောင်းတို့အား ကန်တော့လိုက်သော ငွေတစ်သောင်းကျပ်လည်း ကျွန်တော်၏ အဝတ်အစားအိတ်တွင် ပါရှိနေပါသည်။

သို့ပါ၍ လူစိမ်းတစ်ယောက်နှင့် လူသူကင်းပြတ်သော ခေတောလမ်းခရီးတွင် အချိန်မတော်သော ညကာလတွင် အတူ ခရီးမသွားရဲပါ။ သို့သော် ကျွန်တော်သည် ပွဲကြိုက်တတ်သူ ဖြစ်ပါသည်။

ကျွန်တော်တို့ မြို့သာတွင် ရုံပွဲများ မကြည့်ရသည်မှာလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ထို့အပြင် ချစ်ဖွယ်ဇာတ်ဖြစ်၍ ပို၍ ကြည့်ချင်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ရုပ်ရှင်မင်းသား ကျော်ဟိန်းကို အထူးနှစ်သက်ပြီး ကျော်ဟိန်းကေ၊ ကျော်ဟိန်း စတိုင် ဝတ်စားဆင်ယင်သူဖြစ်၍ ချစ်ဖွယ်သည် ကျော်ဟိန်းနှင့် ရုပ်ရော အသံရော တူသည်ဟု ကြည့်ဖူးသော သူများက ပြောပြထားသောအခါ ကျွန်တော်သည် ယနေ့ည မြို့သာသို့ အရောက်ပြန်လိုလှပါသည်။

ထိုအချိန်မှာပင် ကျွန်တော်တို့ မြို့သာသားများဖြစ်သော ဦးစောရွှေ၊ ကိုမြင့်အေးနှင့် ဦးမြသောင်းတို့ ရောက်လာကြပါသည်။ သူတို့သည် မြို့သာမြို့ ဝါကြိမ်စက်မှ အစိုးရ အလုပ်သမားများ ဖြစ်ကြကာ စစ်ကိုင်းမှ ဝွမ်းများ ပို့ပြီး ပြန်လာခြင်း ဖြစ်ကြောင်း သိရပါသည်။

"အေးမင်းစံ၊ မင်းလည်း ကားမမီလိုက်ပဲကိုး၊ ငါတို့ကတော့ ခြေကျင်ပြန်မှာ၊ လိုက်ချင် လိုက်ခဲ့"

ဟု ဦးမြသောင်းမှ ပြောရာ -

"ကျွန်တော်လည်း ပြန်ချင်တာပေါ့ဗျာ၊ ဒီမှာ ပစ္စည်းတွေက များနေတော့ မနိုင်ဘူး ဖြစ်နေလို့"

"ကဲ- ဒါဆို သွားကြမယ်ကွာ၊ အချိန်သိပ်မရှိဘူး" ဟု ပြောပြောဆိုဆို ကျွန်တော်၏ အိပ်ရာလိပ်ကို လိုမြင့်

www.burmeseclassic.com

အေးမှ ကောက်ထမ်းပြီး ရှေ့မှ ထွက်သွားကြသဖြင့် ကျွန်တော်လည်း မတ်တတ်ရပ်လိုက်ရာ ဧည့်သည် လူစိမ်းမှ "ငါလည်း မင်းတို့နဲ့လိုက်မယ်" ဟုဆိုကာ ကျွန်တော်၏ ကြိမ်ဆွဲခြင်းကြီးကို ဆွဲလိုက်ပါသည်။

ရှေ့မှ သွားကြသော လူသုံးယောက်မှာ အလုပ်သမားများဖြစ်၍ မည်သည့် ဝန်စည်စလယ်မျှ ပါမလာကြဘဲ ပုဆိုးတစ်ထည်စီသာ ပခုံးပေါ်တွင် ပါရှိကြပါသည်။ ကျွန်တော်တို့သည် ကျောက်ကြမ်းကားလမ်းမကြီး အတိုင်း လျှောက်လာခဲ့ကြပါသည်။

ဧည့်သည် လူစိမ်းမှာ စွပ်ကျယ်လက်စကနှင့်ဖြစ်ကာ ခြေထောက် တစ်ဖက်ကလည်း သိပ်မသန်ပါ။ ကျွန်တော်၏ ဆွဲခြင်းကို ကူ၍ဆွဲလာသည် ဖြစ်သောကြောင့် ကျွန်တော်မှာ ထိုသူကို စောင့်၍ မှေးခေါ် နေရပါသည်။

ဤသို့ဖြင့် နေရောင် ကွယ်ပျောက်၍ ညိုအစ်ကို မသိကသိအချိန်သို့ ရောက်လာသောအခါ ခရီးတစ်ဝက်ကျော် ရောက်လာပြီး ရေစကြိုဘုရားလမ်းခွသို့ ရောက်လာပါသည်။

"ကားလမ်းအတိုင်းသွားရင် ပို ဝေးတယ်၊ ဖြတ်လမ်းက သွားရအောင်" ဟု ဆိုကာ ဦးမြသောင်းမှ ဦးဆောင်၍ ရေမြို့လမ်းခွအတွင်းသို့ ဝင်လိုက်ပါသည်။ ကျွန်တော်သည် ကားလမ်းမကြီးအတိုင်း မြင်မြင်ထင်ထင် သွားလိုသော်လည်း ၎င်းတို့သည် လမ်းခွအတွင်း ပြောပြောဆိုဆို ဝင်ရောက်သွားကြပြီဖြစ်ရာ သူတို့နောက်သို့ လိုက်ရုံမှအပ အခြားရွေးချယ်စရာ မရှိပြီ။

လမ်းခွမှ တစ်မိုင်ခန့် ဝင်မိလျှင် ရေမြို့ဘုရားသို့ ရောက်ပါသည်။ ရေမြို့ဘုရားသည် သမိုင်းဝင်တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော်လည်း လူသူမနီးသော တောကြီးထဲတွင် ဖြစ်ရာ ဘုရားမီးပူဇော်ထားရှိမှု မဆိုထားနှင့် လူတစ်ဦးတစ်ယောက်မျှ မရှိဘဲ မှောင်မည်းတိတ်ဆိတ်လျက်ရှိပါသည်။

လဆန်း ၅ ရက်ခန့် လရောင်ကလေးမှာလည်း မှုန်ရေရေးသာ ရှိပါသည်။

ဤအချိန်တွင် မြို့သာမှ လူသုံးယောက်မှာ မိုးချုပ်နေပြီဖြစ်၍ သုတ်ခြေတင်လျက်ရှိရာ တဖြည်းဖြည်းနှင့် ဝေးကွာသွားပြီး အစအနပင် မတွေ့ရတော့။ ကွယ်ပျောက်သွားပါသည်။ အစပထမတွင် အသံပေး၍ ပူးထိုးရာ ၎င်းတို့အထံမှ ပူးထူးသံ ပြန်၍ပြုသော်လည်း နောက်ပိုင်းတွင် ပူးထူးသံပင် မကြားရတော့ပါ။ လူချင်းကွဲသွားပါတော့သည်။

ကြည်းတော့ ဒေသသည် ရွာဆက်ဝေးသောကြောင့် ကားလမ်းမကြီးပေါ်မှာပင် လမ်းသွား ကားလာမရှိသည် ဖြစ်ရာ ဤတောတွင်း လူသွားလမ်းကလေးဆိုလျှင် တစ်နေကုန်၍မျှ လူတစ်ဦးတစ်ယောက်သော်မှ အသုံးပြုသွားလာခြင်း ရှိမည်မဟုတ်ပါ။

တန်ဆောင်းမုန်းလ ဖြစ်၍ ဝါးပင်၊ ပြောင်းပင်၊ ပဲပင်နှင့် ချဉ်ပွန်ပိတ်ပေါင်းများ ထူထပ်လျက်ရှိရာ မကြာမီ လမ်းရာပျောက်သွားကာ ဘယ်လိုက်ရမှန်းမသိ ဖြစ်နေပါသည်။ ထိုအချိန်တွင် အဖော်လူစိမ်းကို သတိပြုမိရာ ခြေထောက်မှာ ထော့နင်း ထော့နင်း မဖြစ်တော့အပြင် မည်သည့်နေရာတွင်ဝှက်၍ ယူဆောင်လာသည် မသိရသော နှစ်ခဲထိုး ဓာတ်မီးတစ်လက် ထုတ်ကိုင်လိုက်သည်ကို တွေ့ရပါသည်။

ကျွန်တော်တို့သည် လဲ ဝင်သွားပြီဖြစ်၍ အရှေ့အနောက် တောင ခြောက် မခွဲခြားတတ်တော့ကာ မျက်စိလည်လျက် ရှိပေပြီ။

လူစိမ်းကိုလည်း ကျွန်တော် စိုးရိမ်လာမိသည်။ ကျွန်တော့်တွင် ပါရှိခဲ့သော ရွှေငွေတို့သည် ကျွန်တော့်ကို ခြောက်လှန့်ကြပြီ။

အကာအကွယ်မဲ့သော ဌာနတို့တွင် ရွှေငွေ ဥစ္စာပစ္စည်းတို့သည် ရန်သူကို ဖိတ်ခေါ်သည်နှင့် အထူတူပင် ဖြစ်ကြောင်းတွေးမိကာ ကျွန်တော် ခေါင်းကြီးသွားမိသည်။ ထို့ကြောင့် လူစိမ်းသည် ကျွန်တော့်အပေါ်တွင် မကောင်းသော အကြံအစည်များ မတွေးတောနိုင်ရန် စာပေအကြောင်း၊ ဇာတ်သဘင်အကြောင်း ရောက်တတ်ရာရာတို့ကို အဆက်မပြတ် ပြောလာခဲ့ရာ လူစိမ်းသည် အားလုံး သူ့အသိ သူ့အတတ်ချည်းဖြစ်ကာ ဖြီးဖြန်းလျက် ဖော်လိုလိုက်နေသည်ကို တွေ့ရပါသည်။

ထိုအချိန်က ကျွန်တော်တို့အိမ်တွင် ဥစ္စာကြက်များ မွေးမြူထားသည်ဖြစ်၍ ကျွန်တော်မှ ကြက်မွေးမြူရေးအကြောင်းသို့ စကားလမ်းကြောင်း ဖြောင်းလိုက်ပြန်ရာ လူစိမ်းသည် သူလည်း ယခုလက်ရှိမှာပင် ရွှေဘိုရှိ သူ၏ဦးလေး၏ ကြက်ခြံကို တာဝန်ယူ၍ ထိန်းသိမ်း စောင့်ရှောက်နေရသည်ဟု ပြောပြန်သဖြင့် ကျွန်တော်က. . .

"အဲဒီမှာ စပ်ပြီးသား ကြက်စာတစ်ပိဿာကို ဘယ်ဈေးလောက်ရှိသလဲဗျ" ဟု ရုတ်တရက် မေးမြန်းလိုက်ရာ. . .

"အေးကွာ အခုဈေးတက်သွားလို့ တစ်ပိဿာ ၂၅၂လောက် ဖြစ်နေတယ်"

"ဒါဖြင့် ကြက်ဥဈေးကော ဘယ်လောက်ရှိသလဲ၊ ဖောက်သည် ဘယ်ဈေးပေးရသလဲဗျ"

ဟု ကျွန်တော်က မေးမြန်းရာ-

"အေးကွာ သိပ်မရပါဘူး။ တစ်လုံးမှ ငါးမူးပါ" ဟု ဖြေပြန်ပါသည်။

အမှန်မှာ ထိုစဉ်က ကြက်စာဈေးမှာ တစ်ပိဿာ ငါးကျပ်၊ ကြက်ဥဈေးမှာ တစ်လုံး တစ်ကျပ် ဖြစ်၍ ထိုသူ၏ စကားတို့မှာ မှားယွင်းလျက်ရှိရာ ယုံကြည်မှု ပို၍ကင်းမဲ့လာရပြီး ထိုသူအား စိတ်မချနိုင်ရတော့ကြောင်း တွေးမိလာသည်။

ဤသို့ဖြင့် ကျွန်တော်လည်း စကားဆက်စရာ စဉ်းစားနေသေး၍ ခေတ္တ စကားစ ပြတ်သွားရာ ထိုသူမှ-

www.burmeseclassic.com

"မင်းဆွေခြင်းကြီး ကိုင်ရတာ လေးလွန်းလို့ ညောင်းလှပြီ၊ ရော့ မင်းဆွေခြင်း တစ်လှည့်သယ်၊ ငါ အိတ်လွယ်ခဲ့မယ်၊ အဲဒီအိတ် ငါ့ကိုပေး"

ဟုပြောလိုက်သောဒုဒ္ဓါဒါ ဤလူသည် လူကောင်း မဟုတ်နိုင်ဟူသော ကျွန်တော်၏ ထင်မြင်ယူဆချက်တို့ မှန်ကန်ကြောင်း ခိုင်မာ၍ လာပေပြီ။

ထိုအခါ ရန်ထမင်းကျွန်တော် ဤသို့ တွေးလိုက်မိသည်။ ဤအိတ်ကို အသာတကြည် မပေးဘဲနေပါက ဤအိတ်အတွင်းတွင်ငွေသော်လည်းကောင်း၊ အဖိုးတန်ပစ္စည်းတစ်ခုခုသော် လည်းကောင်း ပါရှိသည်ဟုံ့ တွေးထင်ယူပေမည်။

ကျွန်တော်သည် တောလမ်းခရီးတွင် ဤလူစိမ်းနှင့် နှစ်ယောက်တည်း ရှိရလို့မ်မည်ဟု မသိခဲ့ရ၍ ကားဆိပ်တွင် ကျွန်တော့်မှာ ရွှေတောကျောက်တောတို့နှင့် နီးသော မော်လိုက်မှ ပြန်ခဲ့ကြောင်း ပြောမိခဲ့သည်။

ကျွန်တော့်တွင် လက်ဝတ်လက်စားများလည်း ပါရှိနေသည်ဖြစ်၍ အထင်ကြီးမည်မှာ သေချာသည်ဖြစ်ရာ ကျွန်တော့်အား လုယက် တိုက်ခိုက်ပေတော့မည်။ သို့ဖြစ်၍ ကျွန်တော်သည် အိတ်ထဲတွင် အဝတ်အစားများသာ ပါလေတန်ဖြင့်...

"ရော့ဟု ခင်များလွယ်ခဲ့၊ ကျွန်တော် ခြင်းယူခဲ့မယ်" ဟုဆိုကာ အလွယ်တကူပဲ သဲလွယ်ပေးလိုက်ပြီး...

"ခင်ဗျားက ဓာတ်မီးနဲ့ဆိုတော့ ရှေ့ကသွားဗျာ၊ ကျွန်တော် နောက်က လိုက်မယ်"

ကျွန်တော့်အိတ်တွင် ဇစ်သော့ မပါလာခဲ့သဖြင့် သွားရင်း လာရင်း ငွေများကို နှိုက်ယူနိုင်သောကြောင့် ထိုသူအား ရှေ့မသွားစေခြင်း ဖြစ်ပါသည်။ ထိုအချိန်တွင် ခပ်ဝေးဝေးဆီမှ ကားသံသဲ့သဲ့ ကြားလိုက်ရပါသည်။

ဤလမ်းတွင် သွားသော ကားများမှာ ဂျီအမ်စီ၊ ချက်ပလက် စသော သုံးတန်လော်ရီကားများသာဖြစ်ပြီး ကုန်များကို မနိုင်မနင်း တင်ဆောင်ထားသည့်အတြင် မတ်စောက်သော တောင်ကုန်းငယ်များကို ဖြတ်ကျော်ရသည် ဖြစ်ရာ အတက်များတွင် ဂီယာကြိုးဖြင့် ဇီဇာကုန်နင်းရသဖြင့် ညအဖို့ မဆိုထား နှင့် နေခင်းဘက်များမှာပင် ကားသံကို အဝေးမှ ကြားရတတ်ပါသည်။

ကျွန်တော်တို့မှာ လမ်းပျောက် လျှက် ရှိသည့်အပြင် မျက်စိပါ လည်နေသည်ဖြစ်၍ ကားလမ်းမရှိရာသို့ မမှန်းဆနိုင်ခဲ့ ဖြစ်နေရာမှ ကားသံလာရာဘက်သို့ မှန်းဆကာ ထွက်လာခဲ့ကြပါတော့သည်။

ကျွန်တော်တို့သည် ယာခင်းများအတွင်း တိုးဝင်ဖြတ်သန်းလိုက်၊ တောခုံ ဆူးခုံများအား တိုးလိုက်ဖြင့် နောက်ဆုံးတွင် ကားလမ်းကြီးကို တွေ့ရှိရပါတော့သည်။ ချွေးဒီးဒီးကျ၍ မောဟိုက်ပင်ပန်းလျက်ရှိပါသည်။ ရေလည်း ဆာလျက်ရှိပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် ကားလမ်းပေါ် ရောက်သော အခါ အမောဖြေသည့် သဘောဖြင့် ထိုင်ချလိုက်ကြပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့ နှစ်ယောက်သည် စကားစ ပြတ်သွားပြီး တိတ်ဆိတ် ငြိမ်သက်လျက်ရှိရာ စိတ်တွင် ပို၍ ချောက်ချားလာပါသည်။ လဝင်သွားပြီဖြစ်၍ ကြယ်ရောင် ဝိုးတဝါး၏ အောက်တွင် ကျွန်တော်သည် ထိုသူအား မသိမသာ အကဲခတ်ကြည့်ရာ ထိုသူသည် အဓ္ဓောင်ထဲတွင် ကျွန်တော့်အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၍ လန့်သွားမိသည်။ လက်နှိပ်မာတ်မီးထောင် ဝှက်၍ ယူလာနိုင်သေးရာ မားတစ်ချောင်း ပါလာရန်မှာလည်း ခဲယဉ်းမည် မဟုတ်ပေ။ ထိုသူသည် ရှတ်တရက် ကျွန်တော့်ကို လုပ်ကြံတိုက်ခိုက်လာနိုင်သော အနေအထားတွင် ရှိနေပါသည်။

ထို့ကြောင့် ကျွန်တော်သည် မသိမသာ ထိုသူနှင့် ခပ်လှမ်းလှမ်းသို့ နေရာရွှေ့၍ ထိုင်လိုက်ကာ လမ်းပေါ်မှ ကျောက်ခဲနှစ်လုံးကို ဆုပ်ကိုင်ထားလိုက်ပါသည်။ ထိုသူနှင့် ကျွန်တော့်ရင်ဆိုင်တိုက်ခိုက်ရန် မဖြစ်နိုင်ပါ။ ကျောက်တုံးအား ဘဲဥနှင့် ထုသည်သို့သာ ရှိမှုပ်သည်။

ထိုစဉ်က ကျွန်တော်၏အသက်မှာ ၂၀ ခန့်သာ ရှိသေးပြီး ကိုယ်ဟန်သေးသွယ်ကာ သိမ်မွေ့နုနယ်သူ တစ်ဦးဖြစ်ပါသည်။ ထိုသူမှာ အသက် ၄၀ ခန့် ထွားကျိုင်းသော ကိုယ်ခန္ဓာနှင့် ကြမ်းတမ်းသောရုပ်သွင် သူခိုး၊ ကြမ်းပြီးပုံစံပေါက်နေသူ ဖြစ်ပါသည်။

ထိုသူသည်လည်း အကြံထုတ်နေဟန်, တူပါသည်။ စကားတစ်လုံးမျှ ထွက်မလာဘဲ တိတ်ဆိတ်လျက်ရှိရာ ကျွန်တော့်အနားသို့ လှမ်းထိုင်ရာ ကျွန်တော်သည် ထပ်မံ၍ နေရာရွှေ့၍ ထိုင်ပြန်သောအခါ ထိုသူလည်း ရွှေ့လိုက်လာပြီး...

"ဟေ့ကောင် ဘာလုပ်တာတုံး၊ ငြိမ်ငြိမ်ထိုင်စမ်း၊ ကွန်ဒြေကို မရဘူး"

ဟု ကျွန်တော့်ကို ငေါက်ငန်းပါတော့သည်။

ကျွန်တော် မည်သို့ လုပ်ရပါမည်နည်း။ မိမိမှ လက်ဦးမှု ရယူကာ တိုက်ခိုက်ရမည်လား၊ ရုတ်တရက် ထွက်ပြေးရ ကောင်းလေမလား။ သို့သော် နှစ်လမ်းစလုံး လွတ်မြောက်နိုင်မည် မဟုတ်ပါ။

ယခုအချိန်တွင် ကျွန်တော့်တွင် ပါရှိခဲ့သော ဥစ္စာများအား မခင်တွယ်တော့ပါ။ စွန့်လွှတ်နိုင်ပါသည်။ အသက်သာ ချမ်းသာရာရလိုပါသည်။ သေရမှာကို ကြောက်ပါသည်။ ကျွန်တော့်တွင် မည်သည့် ဥစ္စာပစ္စည်းမျှ မပါရှိခဲ့ပါက ထိုသူသည် ကျွန်တော့် အပေါ်တွင် တ္ဆိသို့ ပြုမူမည် မဟုတ်ပေ။

ကျွန်တော်သည် ပါတဲ့ ပစ္စည်းတွေ အကုန်ယူပါ။ ဘယ်သူကိုမှ မတိုင်ပါဘူး၊ မပြောပါဘူးဟု တောင်းပန်ရလေမည်လားဟု တွေးနေမိပြီး ကြောက်

www.burmeseclassic.com

ခွဲတုန်လှုပ်လျက် ဇောချွေးများပြန်၍ လာပါသည်။

ထိုစဉ် ထိုသူသည် ကျွန်တော်၏ အိတ်ကို ဇစ်ဆွဲဖွင့်လိုက်ပြီး . . .

"မင့် အိတ်ထဲက မုန့်ထုပ်တွေ ဘာတွေ မပါဘူးလား၊ကွ"

ဟု မေးသလိုလို ပြောသလိုလို ဖြင့် အိတ်အတွင်းသို့ လျှောက်နှိုက်နေသော်လည်း ကျွန်တော် ဘာမှမပြောရဲပါ။ အသံ ငြိမ်နေရပါသည်။ ထိုသူ အိတ်သို့ အာရုံစူးစိုက်နေစဉ် ရုတ်တရက် ထပြေးမည်ဟု ဟန်ပြင် လှုပ်ရှားလိုက်ရာ. . .

"ဟေ့ကောင် ပြောနေတာမရဘူးလား၊ ဘာဖြစ်နေတာတုံး"

ဟု ဆိုကာ ကျွန်တော်၏ လက်ကောက်ဝတ်အား ဆောင့်ဆွဲလိုက်ပါသည်။

ထိုအချိန် ကျွန်ုပ်တော်၏ ထိတ်လန့်ကြောက်ရွံ့မှုတို့သည်ကား စာဖွဲ့၍ မပြတတ်အောင်ပင် ဖြစ်ပါသည်။

မကြာမီ ငါသည် သေခြင်းတရားကို လက်တွေ့ သိမြင်ရတော့မည်ဟု တွေးကာ ဝမ်းနည်း၍ လာမိပြီး မျက်ရည်များ ကျလာပါသည်။

ရှောင်လွှဲ ရုန်းထွက် လွတ်မြောက်ရန် လမ်းစမရှိနိုင်သော အကျဉ်းအကျပ်တွင်းသို့ ကျရောက်လျက်ရှိပါပြီ။ အားကိုး အားထားစရာ နွယ်တစ်ပင် မြက်တစ်မျှင်မျှ ဆုပ်ယူ ဆွဲကိုင်စရာ မရှိပါပြီ။ အမှောင်ထဲတွင် ထိုသူအား ကြည့်လိုက်ပြန်ရာ လောဘ ဒေါသတို့ဖြင့် ထိုသူ၏ မျက်နှာတွင် အရောင်များ ထွက်နေသည်ကို တွေ့လိုက်ရ၍ ကျွန်တော်ပို၍ လန့်သွားမိသည်။

ကျွန်တော်၏ မျက်စိထဲတွင် ကျွန်တော်ခင်မင်လေးစား တန်ဖိုးထားရသော ရွှေပြည်တန်၊ ထို့နောက် အဖေ အမေ အစ်ကို အစ်မများ၊ ဆွေမျိုးများ၊ သူငယ်ချင်းများ၏ မျက်နှာများကို တန်းစီ မြင်ယောင်လာပြီး မျက်ရည်များ ထပ်ကျလာပါသည်။

ထိုစဉ် အရှေ့ဆီမှ မီးရောင် တစ်ခုကို လှမ်းမြင်လိုက်ရပါသည်။ ထိုမီးရောင်မှာ ကျွန်တော်တို့ဆီကို လာနေသည်ဖြစ်၍ မကြာမီ ဝါးတစ်ရိုက်ခန့် အနီးထိ ရောက်လာပြီး ရပ်တန့်သွားပါသည်။

အဘိုးကြီးတစ်ဦးသည် မှန်အိမ်ကို ကိုင်ဆွဲထားပါသည်။ မြေပေါ်တွင် လမ်းလျှောက်လာခြင်းဖြစ်၍ နောက်တွင် နွားလှည်းကပ်ပါလာပြီး လှည်းပေါ်တွင် လူမည်မျှ လိုက်ပါလာသည်ကို မှောင်ရိပ်ကွယ်နေသဖြင့် မမြင်ရပါ။

လှည်း၏ ထမ်းပိုးနှင့် နွားနှစ်ကောင်၏ ဦးခေါင်းပိုင်းတို့ကိုသာ မြင်ရပါသည်။ အဘိုးအိုသည် မှန်အိမ်ကို လမ်းပေါ်တွင်ချလိုက်ပါ၊ ၍ ဦးဦး ထိပ်တွင် ချိတ်၍ ယူဆောင်ခဲ့သော ခွဝေါက်ဖြင့် နွားများ ပခုံးသက်သာစေရန် လှည်းဦးဘုတ်ကို ထောက်လိုက်သော်လည်း နွားများကို ထမ်းပိုးမမချတော်ပါ။

လှည်းပေါ်မှ လူများလည်း တစ်ယောက်မျှ ဆင်းမလာသည့် အပြင် အချင်းချင်း စကား ပြောဆိုသံကိုမျှ မကြားရ။ ဆေးလိပ်မီးသော်မျှ မတွေ့ရပါ။ ခဏကြာလျှင် နွားများမှ အပေါ်သွားသံတို့ကို ကြားရပါသည်။

ကျွန်တော်သည် အဘိုးအိုကို တွေ့လိုက်သည်နှင့် စမ်းသာသွားမိသည်။ ထိုသူသည် နွားလှည်းနှင့် ဝေးဝေးသို့ရောက်ရန် ခပ်သွက်သွက် အပြေးတစ်ပိုင်း ထသွား၍ ကျွန်တော်လည်း နောက်မှ ဒီအောင် ဓနည်းလိုက်ရပါသည်။

ခဏကြာသော် ကျွန်တော်တို့သည် နွားလှည်းနှင့် ဝေးသွားပြီထင်၍ နောက်သို့ လှည့်ကြည့်ရာ အဘိုးအိုနှင့် နွားလှည်းတို့သည် ကျွန်တော်တို့နောက်မှ ပါရှိ၍ လာသည်ကို တွေ့ရပါသည်။ ကျွန်တော်မှာ ဝမ်းသာမိသော်လည်း လူစိမ်းသည် မကျေမချမ်း ဖြစ်နေသည်ကို တွေ့ရပါသည်။

ထိုအခါ လူစိမ်းသည် အဘိုးအိုနှင့် နွားလှည်းတို့ ကျွန်တော်တို့အား ကျော်တက်သွားစေရန် ဖြည်းဖြည်းကလေး လမ်းလျှောက်ပြန်ပါသည်။ အချိန်အတော်ကြာသည်အထိ ထိုသို့သွားနေသော်လည်း အဘိုးအိုနှင့် နွားလှည်းသည် ကျော်တက်မသွားဘဲ နောက်မှ ဖြည်းဖြည်းချင်းသာ လိုက်၍ လာနေသည်ကို တွေ့ရပြန်ပါသည်။

ကျွန်တော်သည် မီးအိမ်ရှင် အဘိုးအိုနှင့် နွားလှည်းတို့သည် ကျွန်တော့်အတွက် အားကိုးရာဖြစ်၍ မျက်ခြည်မပြတ်တွေ့မြင်နေရသဖြင့် ဝမ်းသာ၍ နေပါသည်။

ဤသို့ဖြင့် လူစိမ်းသည် ကျွန်တော်တို့နှင့် အဘိုးအို၊ နွားလှည်းတို့ မျက်ခြေဖြတ်ရန် နှေးလိုက် မြန်လိုက် ရပ်လိုက်ဖြင့် အမျိုးမျိုး ခရီးနှင်ခဲ့သော်လည်း မီးအိမ်ရှင်အဘိုးအိုနှင့် နွားလှည်းတို့သည် ကျွန်တော်တို့နောက် ဝါးတစ်ရိုက်ခန့်မှ ထက်ကြပ်မကွာ လိုက်ပါ၍ နေပါသည်။

ဤသို့ဖြင့် လူစိမ်းနှင့် ကျွန်တော်၏ စိတ်အာရုံသည် အဘိုးအိုနှင့် နွားလှည်းတို့ အပေါ်တွင် ကျရောက်လျက်ရှိနေကြ၍ ပတ်ဝန်းကျင်နှင့် ခရီးတာတို့ကို သတိမပြုမိဘဲ ဖြစ်သွားခဲ့ရာ မြို့သာနှင့် ၂ မိုင်ခန့်သာ ဝေးတော့သော ရွာသစ်ရွာကလေး၏ ရွာတံခါးသို့ ရောက်လာကြပါသည်။

ကားလမ်းသည် ရွာထွင်းမှ မဖြတ်ပါ။ ရွာဘေးမှ ဖြတ်သွားပါသည်။ ထိုစဉ်က ငါးနှင့် မြို့သာဒေသတို့သည် နွားခိုး၊ ဓားပြ၊ လူပိုက်တို့ ပေါများလှသော အချိန်ကာလဖြစ်၍ ရွာများတွင် ကင်းစောင့်ကြသောအလေ့ ရှိပါသည်။

အချိန်သည်လည်း ညဉ့်မနက် သေး ည(၁၀)နာရီခန့်သာ ရှိပါ ၁ည်။ ကင်းသမားများသည် ကျွန်တော်တို့၏ ခြေသံများကို ကြား၍ . . .

"ဟေ့ ဘယ်သူတွေလဲ ရပ်" ဟု ပြောကာ အားကောင်းလှသော ဓာတ်

www.burmeseclassic.com

ငါးကောင့်ထိုးဓာတ်မီး ငါးလက်ခန့်နှင့် လှမ်းထိုးကြပါသည်။

ကျွန်တော်သည် ဝမ်းသာသွားပြီး ကင်းသမားများ အနီးသို့သွားကာ ကျွန်တော်သည် မြို့သာမှ ဖြစ်ကြောင်း ဤလူစိမ်းနှင့် ဤခရီးကို အတူတူ လာခဲ့ကြခြင်းဖြစ်ကြောင်း၊ ကျွန်တော်၏ အိတ်မှာ ထိုသူထံတွင် ရှိကြောင်းတို့ကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ပါသည်။ ထိုသူသည် ရပ်လျက် ခပ်လှမ်းလှမ်းတွင် ချန်ရစ်ခဲ့သည်ဖြစ်၍ ကင်းသမား နှစ်ယောက် ခေါ်ဆောင်ခဲ့ပြီး. . .

"ကဲ- ခင်ဗျားလည်း ကျွန်တော့် အိတ် လွယ်လာရတာ လေးလှပြီ၊ ကျွန်တော့် ဘာသာ လွယ်တော့မယ် ပေးတော့ဗျာ"

ဟုဆိုကာ ပြောပြောဆိုဆို အိတ်ကို ဆွဲယူရာ ထိုသူမှ အိတ်ကိုင်းကို လွှတ်မပေးသေးဘဲ . . .

"ရပါတယ်ကွာ၊ ငါ လွယ်ခဲ့ပါ့မယ်၊ နှစ်ခုကြီး မင်းဘယ်နိုင်မှာတုံး"

"ကျွန်တော် မလိုက်နိုင်တော့ဘူး၊ ခြေထောက်တွေ နာလှပြီ၊ ဒီရွာမှာ ကျွန်တော့်သူငယ်ချင်း တိုင်းကျော်ရှိတယ်၊ ဒီကောင့်ကို လှည်းနဲ့ လိုက်ပို့ခိုင်းတော့မယ်"

ဟုပြောကာ အိတ်ကို ဇွတ်ဆွဲလိုက်ပါသည်။

လူစိမ်းသည် ကင်းသမားများပါနေ၍ အိတ်ကို မပေးချင်ဘဲပေးလိုက်ရဟန် တူပါသည်။

"လှည်းငှားမနေတော့နဲ့၊ သိပ်မှ မဓဝးတော့တာ၊ တို့ ဆက်လျှောက်သွားရအောင်" ဟု ပြောနေသေးသော်လည်း ကျွန်တော်သည် ကျွန်တော်၏ အိတ်ရပြီဖြစ်၍ ငွေများကို စဉ်းကြည့်ရာ ရှိသေးရ၍ ဘာမှ ပြန်မပြောတော့ဘဲ ကင်းတဲဆီသို့ လိုက်လာခဲ့ပါသည်။

ကင်းသမားတစ်ဦးသည် ရွာထဲသို့ သွား၍ တိုင်းကျော်အား ခေါ်ယူရာ တိုင်းကျော်သည် မြို့သာပွဲခင်းသို့ ရောက်နေကြောင်း သိရသည်။

ရွာထဲမှ အခြားနွားလှည်း တစ်စီးစီးအား ငှားရမ်းပေးရန် ပြောကြားသော်လည်း ရွာထဲရှိ နွားလှည်းအများစုသည် မြို့သာပွဲခင်းသို့ ရောက်နေကြ၍ ဖြစ်၍ ယနေ့အဖို့ လှည်းငှား၍ မရနိုင်ဟု သိရကာ ကင်းသမားများမှ ယနေ့ညတွင် ဥက္ကဋ္ဌ၏ အိမ်တွင်သာ အိပ်သွားပါ။ လိုက်လံပို့ဆောင်ပေးမည်ဟု ပြောကြပါသည်။

ထိုစဉ် ကျွန်တော်သည် လူစိမ်းအား သတိရမိ၍ လှည်းကြည့်ရာ သူသည် အပေါ့သွားသလိုလိုနှင့် အမှတ်တမဲ့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည့်အပြင် မီးအိမ်ရှင်အဘိုးအိုနှင့် နွားလှည်းတို့ကိုလည်း ကင်းသမားများက ဓာတ်မီးနှင့် ထိုးလိုက်သော အချိန်မှာပင် အာရုံပြောင်းပြီး မမျှောလိုက်သွားမိသည်။

အမှန်ဆိုလျှင် ကျွန်တော်တို့ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော မီးအိမ်ရှင် အဘိုးအိုနှင့် နွားလှည်းတို့ ရွာဖျိပ်သို့ ဖြတ်ကျော်မည်ဆိုပါက ကင်းသမားများ၏ ခေါ်ယူစစ်ဆေးခြင်းကို ခံယူရမည်ဖြစ်သော်လည်း ကျွန်တော် ကင်းသမားများနှင့် ရှိခဲ့ပြီးသော တစ်နာရီခန့် အချိန်ကာလအတွင်း အဘိုးအိုနှင့် နွားလှည်းကို မတွေ့ရှိလိုက်သေးပါ။

လှည်းငှားလိုက်မည့်သူက မရှိ၊ ကိုယ့်ရွာနှင့် နီးနေခါမှ ဤရွာတွင် ညမအိပ်ချင်၊ ထို့ကြောင့် ကျွန်တော် အခက်တွေ့နေစဉ် ရွာထဲမှ ကာလသား (၂၀) ခန့် ထွက်လာကြပါသည်။

မြို့သာသို့ ပွဲကြည့်သွားကြမည်ဟု သိရသဖြင့် ကင်းသမားများမှ ကာလသားခေါင်းထံ ကျွန်တော့်အား စောင့်ရှောက် ခေါ်ယူသွားရန် အပ်နှံလိုက်ပါသည်။

ကာလသားတို့သည် တောရွာတောခလေ့ ညခရီးဖြစ်၍ တုတ်တို၊ တုတ်ရှည်၊ လေးခွ စသည်တို့ကို ကိုင်ဆောင်လာကြသည်ဖြစ်ရာ လူစိမ်း၏ ရန်ကို မှုစရာမရှိတော့ပြီဖြစ်၍ ကျွန်တော်သည် ကာလသားများနှင့်အတူ လိုက်လာခဲ့ပါတော့သည်။

ကာလသားများမှ ကျွန်တော်၏ ဆွဲခြင်းနှင့် အိတ်ကို ၎င်းတို့ ကိုင်ဆောင်လာသော တုတ်ရှည်ဖြင့် လျှို၍ နှစ်ယောက်စီ ထမ်းခဲ့ကြပါသည်။

ဤသို့ဖြင့် မြို့သာရွာဦး ကုက္ကို ပင်တန်းသို့ ရောက်လာရာ ကျွန်တော့်ထံသို့ လိုက်လာကြသော အဖေနှင့် အိမ်နီးနားချင်း လူငယ် လူရွယ် (၁၀)ဦး ခန့်တို့ကို တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်လျက် တွေ့ရပါသည်။

အဖေသည် . . .

"လူလေး အေးမင်းစံ၊ တော်သေးတာပေါ့ကွာ၊ မင်းတော့ အသတ်ခံရပြီလို့ထင်ပြီး စိတ်ပူလိုက်ရတာ၊ မင်းအမေနဲ့ မင်းအစ်မတွေတော့ အိမ်မှာ ငိုနေကြတယ်"

ဟုပြောပြီး ကာလသားများထံမှ ကျွန်တော်၏ပစ္စည်းများကို လက်လွှဲရယူလိုက်ကြပါသည်။

"ဒီနေ့ ညနေ မိုးချုပ်နေပါပြီ၊ မြသောင်းက အိပ်ရာလိပ်ကြီး ထမ်းပြီး အိမ်ထဲ ဝင်လာတယ်၊ ဟော့ကောင် အဲဒါ ဘာတုံးဆိုတော့ ခင်ဗျားသား အေးမင်းစံရဲ့ အိပ်ရာလိပ် ကျုပ်ကူသယ်လာတာလို့ပြောတယ်၊ အခု ငါ့သားကရော ဆိုတော့ ဇာတ်ထဲကလို့ ပြောတာပဲ သူ့အသိနဲ့တူတယ်၊ အဲဒီလူနဲ့ နောက်မှာ ကျန်ခဲ့တယ်လို့ပြောတော့ ငါတို့ စိတ်ပူသွားတာပေါ့ကွာ၊ မင်းတို့ကောင်တွေ ငါ့သားကို စောင့်မခေါ်ဘဲနဲ့ လူစိမ်းနဲ့ ထားခဲ့ရသလား၊ ငါ့အသားသာ တစ်ခုခု ဖြစ်လို့ကတော့ မင်းတို့ သေပြီသာမှတ်လို့ ကြိမ်းပစ်ခဲ့ပြီး မင်းဆီ လိုက်လာတာ တော်ပါသေးရဲ့ကွာ"

ဟု အဖေမှ ပြောပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ ကျွန်တော့်မိသားစုသည်လည်း ဝမ်းသာပျော်ရွှင်လျက် ဆူညံနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်းများ၊ ဆွေမျိုးများ ရောက်လာကြကာ မေးကြ မြန်းကြဖြင့် ကျွန်တော်တို့ အိမ်တွင် စည်ကားလျက် ရှိပါသည်။

အိမ်ရောက်ပြီး ခဏကြာလျှင် အဖေသည် ကျွန်တော့်ကို ခေါ်ပြီး ဇာတ်ရုံဆီသို့ ထွက်ခဲ့ပါသည်။

ဇာတ်အဖွဲ့မှ မန်နေဂျာအား ခေါ်ယူ၍ ကျွန်တော်ပြောသော လူစိမ်း၏အကြောင်းကို စုံစမ်းရာ မန်နေဂျာမှ ကျွန်တော် ပြောသော လူစိမ်းမှာ ဤဇာတ်အဖွဲ့တွင် ပါဝင် လုပ်ကိုင်ခဲ့ဖူးသည်မှာ မှန်ကန်သော်လည်း စာရိတ္တ မကောင်း၍ ထုတ်ပယ်ထားသည်မှာ ကြာပြီ ဖြစ်သည်။

ထို့အပြင် ဤဇာတ်အဖွဲ့ ရောက်ရှိရာ မြို့ရွာများသို့ လိုက်ကာ ဇာတ်အဖွဲ့မှဖြစ်သည်ဟုဆိုပြီး ခိုး ဆိုး လုယက်မှုများ ကျူးလွန်လျက်ရှိ၍ မိမိတို့ ဇာတ်အဖွဲ့မှလည်း ထိုသူကို တွေ့ရှိပါက မှတ်လောက်သားလောက်အောင် ရိုက်နှက်ဆုံးမပြီး ရဲလက်သို့ အပ်လိုကြောင်း တို့ကို ပြောပြလိုက်ပါသည်။

"တော်ပါသေးရဲ့ ကံကြီးလို့ပါလား၊ တကယ့်ကို မတွေးဝံ့စရာပါလား" ဟု ကျောချမ်းနေမိသည်။

ဤသို့ဖြင့် အချိန် နာရီ တို့သည်လည်း တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ရာ အထက်ပါ အဖြစ်အပျက်တို့သည်လည်း အတိတ်တွင် ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့ပေပြီ။

၁၉၈၇ ခုနှစ်တွင် ကျွန်တော်တို့ မိသားစုသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ မြို့သာဆို့ မရောက်ဖြစ်သော နှစ်များစွာလည်း ကုန်လွန်ခဲ့ရပါသည်။

သာမန်မိသားစု ဘဝပုံစံဖြင့် စားဝတ်နေရေးတို့ကို ရှုန်းကန်လှုပ်ရှား၍ ကျရာဘဝ ကျရာအခန်းတို့မှ ကျင်လည်နေခဲ့ကြရာမှ ၁၉၉၉ ခုနှစ်တွင် ကျွန်တော်တို့ နေအိမ်၌ ရွှေက်လူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ပွင့်ထွန်းတော်မူခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ရွှေက်ကူ (မယ်တော်ကြီး ခေါ်ခင်ခင်ထွေး)သည် ရာသက်ပန် ဥပါ၊ ရာသက်ပန် အသားငါးလွတ် စားသုံးသည် ဖြစ်၍ သိဒ္ဓိရှင် မဟိဒ္ဓိရှင် ပုဂ္ဂိုလ်များ၏ စောင့်ရှောက်ခြင်းကို ခံယူရလျက်ရှိရာ ရဲဖန်ရဲခါ ထိုပုဂ္ဂိုလ်တို့သည် မယ်တော်ကြီးထံ နာမ်ကိန်း၍ လမ်းညွှန်ပြောကြားလိုသည်များကို ပြောကြားတတ်လေ ရှိပါသည်။

တစ်နေ့တွင် ရွှေက်ကူ ဘုရားခန်းမှာပင် ည့ေသည်အချို့လည်း ရှိနေပါသည်။ မယ်တော်ကြီးသည် ည့ေသည်များနှင့် စကားပြောနေဆဲမှာပင် ပုဂ္ဂိုလ်တစ်ပါး ကြွရောက်ကာ မယ်တော်ကြီးအား နာမ်ကိန်းပါတော့သည်။

မယ်တော်ကြီးသည် ခွေလဲကျသွား၍ ထိုအချိန် စကားပိုင်းတွင် အတူရှိနေသော စဉ့်ကိုင်မြို့ ခေတ်ဆန်သူ စားဥယျာဉ်ပိုင်ရှင် ခေါ်မြင့်မြင့်မှ ပွေ့ယူထားလိုက်ပါသည်။

ထို့အခါ ကြွရောက်လျက်ရှိသော ပုဂ္ဂိုလ်မှ "ရေပေးပါ ရေပေးပါ" ဟု ပြောသဖြင့် ကျွန်တော်သည် ရေယူ၍ ပေးလိုက်သောအခါ . .

"ငါမြေး အဘကို မသိဘူးလား၊ အဘကို မမှတ်မိဘူးလား" ဟု ဆိုပြန်ရာ . . .

"အဘ မည်သည့်ပုဂ္ဂိုလ်ပါလဲ၊ ကျွန်တော် မသိပါ။ မည်သည့် ပုဂ္ဂိုလ်ဖြစ်သည်ကို အဘမှ မိန့်တော်မူပါ"

"အေး၊ အဘဟာ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က မင်းရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ မီးအိမ်ရှင် အဘဘိုးသာအောင်လို့ ခေါ်တယ်၊ မင်းဟာ အဘနဲ့ ပဌာန်းဆက်လည်း ရှိတယ်၊ တစ်ချိန်မှာ သာသနာပြု ပုဂ္ဂိုလ်ဖြစ်မှာမို့ဖို့ အဘက မင်းကို ကယ်ခဲ့တာ၊ အဲဒီအချိန်တုန်းက အဘဟာ မွန်ပြည်နယ် တောနက်ကြီး တစ်ခုထဲက လိုဏ်ဂူကြီးထဲမှာ တရားထိုင်နေတာ မင်း ဒုက္ခရောက်နေတာကို မြင်လို့ ရောက်လာခဲ့တာပဲ၊ အဘဟာ တောထဲ တောင်ထဲမှာ ဒုက္ခရောက်နေသူတွေကို ကယ်တင်ဖိုးသိလို ညလုပ်ငန်းလုပ်ကိုင်သူတွေကိုလည်း ကူညီပေးတယ်"

ဟု ရှည်လျားစွာ မိန့်ကြားရာ-

"ဟုတ်ပါပြီ အဘရယ်၊ အဘကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အဘရဲ့ ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ကျွန်တော် ဘာလုပ်ပေးရမလဲ ဆိုတာကို မိန့်ကြားပေးပါ"

ထိုအခါ ကြွရောက်နေသော မီးအိမ်ရှင် အဘဘိုးသာအောင်မှ . . .

"အေး၊ ငါ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အမြတမ်း ညတိုင်း ငါ့အတွက် မှန်အိမ်လေးတစ်လုံး မီးထွန်းပြီး ဘုရားကို လှူဒါန်းပါ၊ တကယ်လို့ မင်းမှာ ဒုက္ခဖြစ်ဖြစ်၊ အခက်အခဲဖြစ်ဖြစ် တွေ့ခဲ့ရင် မှန်အိမ်ထွန်းပြီး ငါ့ကို တိုင်တည်လိုက်ပါ၊ မင်းကို ငါစောင့်ရှောက်မယ်"

ဟု မိန့်ကြားပြီး မယ်တော်ကြီးထံတွင် ကိန်းလျက်ရှိသော နာမ်ကို ပြန်လည် ရုပ်သိမ်းကာ ထွက်ခွာသွားပါတော့သည်။

ထိုနေ့ ထိုအချိန်မှ စ၍ ကျွန်တော်သည် အဘဲမီးအိမ်ရှင် ဘိုးသာအောင်အတွက် ရည်မှန်း၍ မှန်အိမ်တစ်လုံး ညစဉ် မီးထွန်းကာ လှူဒါန်းပူဇော်၍ ပေးခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

ဘိုဘို(ရွှေက်ကူ)

❑

www.burmeseclassic.com

www.burmeseclassic.com



အိုး လုပ်သူသည် အိုးကို ကွဲအောင်၊ ပျက်စီးအောင် ရိုက်ခဲတ်ခြင်း မဟုတ်။ လှပတင့်တယ် ကောင်းမွန်စေရန် ရိုက်ခတ်ခြင်းဖြစ်သည်။ အိုးလုပ်သူသည် အမိအဖ၊ အိုးသည် သမီးသား။

ထို့အတူ အမိအဖတို့၏ အဆုံးအမကို မရရှိပါက ကိုယ်နှုတ် အမူအရာ ကြမ်းတမ်းတတ်၏။ အမိအဖတို့၏ အဆုံးအမကို ကောင်းစွာ ခံယူရရှိသူသည် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးလိမ့်မည်။

လိမ္မာယဉ်ကျေးသော သားသမီးသည် ဒေးပြုသော အမိအဖနှင့် ဆရာကောင်းသမားကောင်းတို့၏ အရိပ်၌ ငြိမ်းချမ်းသာယာစွာနေထိုင်ရတတ်လေသည်။

▲

တန်ခူး ကဆုန် ဆွေ့ဆွေ့ခုန်
နယုန်မိုးသေး မြက်သားမွေး
သည်စာဆိုက ရှိပြီးသား။

ထပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

မှန်သည်၊ တန်ဖူးလ ဆိုလျှင် ပူလောင်လွန်းလှ၏။ သည်တော့ ပင်လယ် ရေတို့သည် ရေခဲ ရေငွေ့တွေ ပြန်ကုန်သည်။ ပူလောင်လွန်းသော ကြောင့် ငါးကြီးတို့က ရေနက်ထဲ၌သာ ပျော်ပါးသွားလာလှုပ်ရှားကြ၏။ သည်လို ပူလောင်လွန်းသော အခါမှ ကိုပင်လယ်သားတို့က ရာသီရင့် ခါနှဲဟု ခေါ်၏။

ရာသီရင့်ခါနှဲ၌ ပင်လယ်ရေတို့မှာ ရဲရဲနီနေ၏။ နေဝင်ခါနှဲ တိမ်တောက် သည့်အခါ၌ ရဲရဲနီနေသော ပင်လယ်ရေထဲသို့ ရွှေရောင်တောက်ပနေသော နေလုံးကြီး ခိုဝင်သွားသောအခါ ပင်လယ်သည် တဖိတ်ဖိတ်နှင့် ပတ္တမြားရောင် တောက်တော့၏။

ဝန်းကျင်အလုံးကို ခိုသွေးရောင် ဆန်းထူးဘိသကဲ့သို့ စွေးစွေးနီကုန်၏။ အချို့ဆိုလျှင် ရွှေနီရောင်ပေါက်ပြီး ပင်လယ်၏ အလှကစာဖွဲ့၍ ပင်မကုန်။

ပင်လယ်ပြင်သည် ပူပြင်းလွန်းသော နေရောင်ကြောင့် ဆားပွင့်သည့် နေရာ ပွင့်ကုန်ပြီ။ ဆားပွင့်တို့သည် နေရောင်ကြောင့် စိန်ရွှောင်လိုပင် မျက်စိကျိန်းမတတ် တောက်ပတတ်၏။

နေ့ခင် ချက်ထားသော ပင်လယ်ရေသည် မျက်ထောင့်နီကြီးနှင့် နှင်းဆီနီလို နီမြန်းနေတတ်၏။ လေအဝှေ့တွင် ဆားငန်မာတ်နှင့် ရောထွေးကာ သွေးညှီနံ့လို အနံ့တစ်မျိုးပင် နံလာတတ်သည်။

သည်အချိန်မျိုး၌ သည်လို အနံ့တွေ သင်းပျံ့လာပြီဆိုလျှင် ပင်လယ်သားတို့က ဧးဖမ်းခြင်းလုပ်ငန်းကို ခေတ္တ ရပ်တန့်၍ အိမ်ပြန်လာတတ်ကြသည်။

စင်စစ် ပင်လယ်ပြင်၌ သောင်ထွန်းတတ်သော နေရာအချို့ ရှိ၏။ ထိုနေရာ၌ ပင်လယ်သားတို့က ဖမ်းဆီး၍ ရသော ငါးများကို ပင်လယ်သောင်၌ ကြမ်းခင်းဖြူလုပ်ပြီး ငါးလှန်းခြင်း၊ ငါးခြောက်ခြင်း စသည့် အလုပ်များကို လုပ်ကြသည်။

မည်သို့ဆိုစေ ပင်လယ်သောင်သည် ကမ်းဝေးသော ပင်လယ်ပြင်၌ ပေါ်ထွန်းလေ့မရှိ။ ကမ်းနှင့် ခပ်လှမ်းလှမ်းရှိသော နေရာများ၌သာ သောင်ပေါ်တတ်သည်သာ။

ယခု ရာသီရင့်ခါနှဲလွန်လျှင် ရာသီနုချိန်သို့ ပြန်ရောက်တော့မည်။

ရာသီခါနှဲက နယုန်လ။ နယုန်မိုးသေး မြက်သားမွေးဟုဆိုသော်လည်း ပင်လယ်ပြင်၌ လှိုင်းထန်တတ်၏။ မိုးဦးလေဦး မိုးလှိုင်းလေ မြူးတတ်သည်။ အကြမ်းဆုံးရာသီသို့ ရောက်တော့မည်။

ပင်လယ်နွားသိုးသည် ချိုမပါဘဲ တွေ့ရာမြင်ရာကို ရမ်းသုန်းဝှေ့တတ်၏။ ထို့ကြောင့် ပင်လယ်သားတွေက မိုးဦးလေဦး မလာခင် လုပ်ငန်းသိမ်း၍ အိမ်ပြန် အနားယူတတ်ကြသည်။ မိုးလေမှန်မှန် ပင်လယ်ပြင်သို့ ပြန်သွားပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြသည်မှာ မမှာတာပင်။

မှန်သည်။ ရာသီဆိုသည်က နှလွန်းလျှင်လည်း မကောင်း၊ ရင့်လွန်းလျှင်လည်း မဟန်။ မနုမရင့် ပုံမှန်အချိန်ကို သိရှိဖို့လိုသည်သာ။

▲

သည်အချိန်ကို ကျွန်းဖိုကြီး စောင့်နေသည်မှာ ကြာပြီ။ ပူလောင်လွန်းသော ဒဏ်ကြောင့် ပင်လယ်ကျောက်ဆောင်ကြီးတစ်ခုဘေး ချိုက်တောထဲ၌ ကပ်မြောင်ပြီး နေပူဒဏ်ကို ခိုလှုံနေရ၏။ ပင်လယ်ကမ်းစပ်တစ်နေရာရှိ လှမုတောတက်သို့လည်း မကြာမကြာ ခေါင်းပြူကြည့်ရသည်မှာ အမောပင်။

မိုးလေးတဖွဲဖွဲနှင့် ပင်လယ်လှိုင်းတွေ တဝုန်းဝုန်း တက်လာသောအခါ ကျွန်းဖိုကြီးစိတ်မှာ မရိုးမရွ ဖြစ်လာသည်။ ထို့ကြောင့် အစဉ်ငြိမ်သက်နေသော အမြီးကိုထောင်၍ ရေပြင်ကို တဖြန်းဖြန်း ရိုက်ပစ်လိုက်သည်။ ကျယ်လောင်စူးရှသော ဖိုသံပေး၍ ရေပြင်ကို တဖြန်းဖြန်း ရိုက်ပစ်လိုက်သည်။ ရေပြင်ကို ဝဲကြီးပမာ လှည့်ပတ်၍ အစွမ်းပြတော့၏။

ကျွန်းဖိုကြီး ဝန်းကျင်ရှိ ရေပြင်သည် ဝဲကတော့ ထိုးနေပြီ။ အလိုမကျမှုနှင့် ရောထွေးပြီး ဒေါသလှိုင်းတို့ ထန်လေပြီ။

ပင်လယ်ကမ်းစပ်ရှိ လှမုတောထဲ၌ အသိုက်လုပ်နေသော ကျွန်းမသည် ကျွန်းဖိုကြီး၏ အလိုကို သိပြီးသား။ ကျွန်းဖိုကြီး စိတ်ဆိုးသည်ကို မြင်ရ၍ စိတ်မချမ်းသာ။

ယခုလည်း သူ့အတွက် အလုပ်လုပ်နေသည်ကို သိပါလျက်နှင့် "မင်းလာရင် မြန်မြန်လာ၊ မလာရင် ငါ့အဆိုးမဆို နဲ့၊ ငါ တခြားထွက်သွားတော့မယ်" ဟူသောသဘော။

ကျွန်းဖို၏ စိန်ခေါ်သံသည် ပင်လယ်ဝဲဂယက်နှင့် သက်သေထူသည်။

ကြည့်စမ်း၊ မိုးကလည်း တစ်မျိုး၊ တဖွဖွရွာနေရာက တဝေါဝေါနှင့် သဲသဲမဲမဲ ရွာချလိုက်သည်။ ထိုအခါ ပင်လယ်လှိုင်းတို့သည် တဝေါဝေါအော်သံပေး၍ တလိပ်လိပ် ထိုးတက်လာသည်။

"အမယ်လေး၊ လှိုင်းကြီးနဲ့များ ကျွန်းဖိုကြီး မျောပါသွားရင် ဒုတ္ထ ဒုက္ခ၊ ကျွန်းဖိုကြီးရေ ကျုပ်လာပြီ၊ ကျုပ်လာပြီတော့"

ဟု ကျွန်းမကြီးက အော်ဟစ်ပြီး လှမုတောစပ်က ဝေါခနဲ ရေထဲသို့ အရှိန်ပြင်းစွာနှင့် ထိုးဆင်းလိုက်လေသည်။

ကျွန်းဖိုကြီးသည် သူ့အနားရောက်လာသော ကျွန်းမပါးဖြူကြီးကို ဆီးကြို့ပွေ့ဖက်လိုက်လေသည်။ ထို့နောက်နှစ်ဦးသား "လုံးထွေးယှက်လိမ်ကာ ဟိုးအဝေးဆီသို့ ကူးခပ်သွားကြလေကော့သည်။

ပင်လယ် လှိုင်းခေါင်းဖြူတို့သည် ကျွန်းဖို၊ ကျွန်းမတို့၏ အဖြစ်သည်းမှုကို မကြည့်ရက်သဖြင့် ဖြူလွလွသော လှိုင်းအိတို့ဖြင့် လွှမ်းခြုံ ဖုံးကွယ်ပစ်လိုက်လေတော့သည်။

www.burmeseclassic.com

ပင်လယ်လေညင်းက တသုန်သုန်နှင့် မြူးကြွစွာ တိုက်ခတ်နေချေသည်။

"ဟေး ကျစ်တူး၊ ဟိုမှာ ကျွန်းဖို တုံးကြီး ပင်လယ်ထဲမှာ မျောနေတယ်ဟေ့"

ပင်လယ်ကမ်းစပ်ရွာလေးဆီမှာ ကလေးတစ်ဦး၏အော်ပြောသံကို ကြားရ၏။ ထို့ကြောင့် ရွာထဲရှိ ကလေးအချို့ ပြေးထွက်လာကြ၏။ ပြီးလျှင် ကျွန်းဖို တုံးကြီး မျောသွားရာဘက်သို့ ဝိုင်းကြည့်လိုက်ကြသည်။

"ကျွန်းတုံးကြီး၊ ကျွန်းတုံးကြီး လေ့ဖောင်လုပ်လို့စီး", ဟု အော်သူ အော်ကြသည်။

"ဟာ တစ်တုံးတည်း မဟုတ်ဘူး နှစ်တုံးကွ နှစ်တုံး"

"အေး ဟုတ်တယ်၊ ပထမ တစ်ခု တည်း အခုမှ နှစ်ခု ဖြစ်သွားတာယ်၊ ဒါဆိုရင် ကျွန်းဖို ကျွန်းမ ဖြစ်မှာပေါ့"

"ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ ဟော ဟော ပူးသွားပြန်ပြီ၊ တစ်တုံး တည်း ဖြစ်သွားပြန်ပြီဟေ့၊ လှိုင်းတွေ ထဲကို ထိုးတက်သွားတာ လှိုလိုက်တာ"

ပင်လယ်ကမ်းစပ်တွင် ကလေး တစ်အုပ်မှာ သူတို့ ထင်ရာမြင်ရာကို ပြောဆိုလျက် ဆူညံနေသည်။

ဘောင်းဘီတိုလေးများ ကိုယ်စီ ဝတ်၍ မိုးရေထွက်ချိုးရင်း ပင်လယ် ဘက်သို့ ကြည့်ပြီး ပျော်ရွှင်စွာနှင့် အော်ဟစ်နေကြခြင်းပင်။

"ဟေ့ကောင်တွေ သိပ်မဆူနဲ့၊ အဲဒါ မိကျောင်းကြီးနှစ်ကောင် ပူးနေတာကွ၊ မိကျောင်းတွေ မိတ်လိုက်ရင် ဒီလိုပဲလို့ တို့အဖေက ပြောဖူးတယ်ကွ"

"ဒါဆို့ရင် ဟန်ကျတာပဲ၊ မကြာခင် လမုတောကြီးဘက်ကို သွားကြည့်ရင် မိန္ဒကျောင်းပေါက်စနှလေးတွေ တွေ့ရမယ် ထင်တယ်ဟေ့"

ဟု ဝမ်းသာအားရ ပြောသူ ပြောကြသည်။

ကလေးအချို့မှာ...

"မိုးရွာရင် မိုးရေချိုးမယ်၊ မေမေ လာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီး ခွဲစားမှယ်" ဟုအော်ဟစ် ပြေးလွှားနေ ပြန်သည်။ ပျော်ရွှင်နေကြသည်။

ကလေးတွေ၏ အော်သံဟစ်သံ တို့ကို ကျွန်းဖို ကျွန်းမတို့ ကြားမည် မဟုတ်ချေ။ ပျော်ရွှင် မြူးထူးစွာနှင့် ပင်လယ်လှိုင်းစီး၍ အဝေးဆီသို့ လွှင့် မျောသွားကြလေသည်။

ပင်လယ်ကမ်းစပ်မှ ပြင်လှရွာ သားကလေးများ ရေချိုးရင်း ပျော်ရွှင် နေကြလေသည်။

▲

ပင်လယ်ကမ်းစပ် လမုတောထဲ၌ ဗျိုင်းအုပ်ကြီး နေရာက်နေသည်။ ငါး ကောက် ဖားကောက် အစာရှာဖွေ စားသောက်နေသော ဗျိုင်းအုပ်က ဆယ့်လေးငါးကောင်။ ဗျိုင်းက သေး သေးဗျိုင်း မဟုတ်၊ ခြောက်တောင်ဗျိုင်း အုပ် ဖြစ်သည်။

ခြောက်တောင် ဆိုသည်မှာ နှုတ်သီးအရှည်က တစ်တောင်၊ တောင်ပံ နှစ်ဖက်က တစ်ဖက် တစ်တောင်ဆို တော့ နှစ်တောင်၊ ခြေထောက်နှစ် ချောင်းက နှစ်တောင်၊ သူခန္ဓာကိုယ်က တစ်တောင်၊ ပေါင်းလိုက်လျှင် ခြောက် တောင်ရှိသော ဗျိုင်းကြီးများပင်။

သည်ဗျိုင်းကြီးများ သည်နေ ရာသို့ရောက်နေသည်မှာ အကြောင်း ရှိပြီ။ မိကျောင်းပေါက်ကလေးများကို ရှာဖွေစားသောက်ရန် ရောက်လာခြင်း ပင်တည်း။

မှန်သည်။ မိကျောင်းကြီးသည် လမုတောစပ်၌ အသိုက်လုပ်သည်။ သူ၏ အသိုက်ထဲ၌ ဥပေါင်း လေးငါး ဆယ်ကို ဥပြီး သစ်ရွက်သစ်ခက်များနှင့် ဖုံးဖိပြီး မိကျောင်းဥဆွဲကို မလှမ်းမကမ်း မှ စောင့်ရှောက်သည်။ မေတ္တာပို့သည်။ မိကျောင်းငယ်လေးများ ဥမှ ပေါက်လာ သောအခါ ကုန်းပေါ်သို့တက်လာပြီး သူ့သားသမီးများကို စောင့်ရှောက် တော့၏။

ငှက်ကြီးများ၏ ရန်က ကာကွယ်ရ၏။ ဗျိုင်းကြီးများ ခရုစုပ်ငှက် များနှင့် ငှက်ကြီး ဝန်ပိုတို့မှာ ဥမှ ထွက်စပြုသော မိကျောင်းပေါက်လေးများ ကို လိုက်လံရှာဖွေ ထိုးဆိတ်စားသောက် ပစ်ကြလေသည်။

မိကျောင်းပေါက်လေးများမှာ ပုတ်သင်ညိုလေးအရွယ်မို့ ခြောက် တောင်ဗျိုင်းကြီးတို့ အကြိုက်၊ ငှက်ကြီး ဝန်ပိုတို့၏ အစာ။ ခရုစုပ်ငှက်ကြီးတို့ ကလည်း အုပ်လိုက်၊ အုပ်လိုက် လမုတောထဲ၊ တို့ကိတောထဲသို့ ပြေးဆင်း သွားပြီး မိကျောင်းပေါက်လေးများကို လိုက်လံ ထိုးသုတ်စားသောက်ပစ်တတ် ကြ၏။

မည်သို့ဆိုစေ၊ မိကျောင်းပေါက် လေးများ၏ အသက်ရှင်သန်ရေးမှာ မလွယ်။ အန္တရာယ် အလွန်များ၏။ ဒီကြားထဲ လူသူရန်ကလည်း ကြောက်ရ သေး၏။ လူတွေကလည်း မိကျောင်း ပေါက်လေးများကို လိုက်လံ ဖမ်းဆီး တတ်သည်မို့ မိကျောင်းမကြီးမှာ သား သမီးဇောကပ်၍ လမုတောစပ်မှ မခွာ တော့။

ယခုလည်း ခြောက်တောင် ဗျိုင်း နှင့် ကျွန်းမကြီးတို့ တွေ့ကြုံပြီ။ ကျွန်းမ ကြီးကလည်း သူ့ပါးစပ်ကို အစွမ်းကုန် ဖြဲ၍ ဗျိုင်းအုပ်ကြီးကို ခြောက်လှန့်သည်။ ပြီးလျှင် သူ့အမြီးကြီးနှင့် သစ်ကိုင်း ခြောက်များကို တဖုန်းဖုန်း တဖြောင်း ဖြောင်း ရိုက်နှက်သည်။ ထို့နောက် ဥမှ ထွက်စ မိကျောင်းပေါက်လေးများကို သူ့ကိုယ်လုံး လက်တို့နှင့် ထိန်းသိမ်း၍ သူ၏ ဝမ်းဗိုက်အောက်သို့ ဆွဲဆွဲသွင်း သည်။

ထို့ပြင် အသိုက်ထဲက မိကျောင်း ပေါက်လေးများကို ထိန်းရင်း ကျောင်း ရံင်းနှင့် ရေစပ်သို့ ရောက်အောင် တရွေ့ရွေ့သွားပြီး ရေထဲသို့ ချပေးလိုက် လေသည်။

မိကျောင်း ပေါက်စလေးများ သည် မိကျောင်းမကြီး ချပေးလိုက်သော

www.burmeseclassic.com

ရေစပ်မှ ပြန်ထူးခုန်ပေါက်ကာ ရေထဲသို့ ဆင်းကြရသည်မှာ သဘ်ာဝပင်တည်း။

ခက်သည်ကား ကျွန်းဖိုကြီး။

သူက ပါးစပ်ကြီးဟ၍ ရေစီးက စောင့်နေပြန်သည်။ ရေစီးထဲ၌ မျောပါလာသော မိကျောင်းငယ်လေးများကို စားသောက်ပစ်ပြန်၏။ ဤသည်တို့ကြောင့် ကျွန်းမကြီးမှာ ပျာလောင်ခတ်နေတော့၏။

ကုန်းပေါ်၌ ထားလျှင်လည်း ငှက်ကြီး ဗျိုင်းကြီးတို့၏ ရန်က တစ်မှောင့်။ ရေချပြန်လျှင်လည်း ကျွန်းဖိုကြီး၏ ရန်က မအေးပြန်။

ဒီကျွန်းဖိုကြီးက တစ်မျိုး။ ကျွန်းမကြီးကိုသာ ချစ်သည်။ ကျွန်းမကြီး မွေးသော သားသမီးများကို မချစ်။ သူ့အစာလို သဘောထားသည်။

မည်သို့ဆိုစေ ကျွန်းမကြီးက စိတ်ခိုင်ခိုင်ထား၍ လုပ်စရာရှိသည်တို့ကို ပြတ်ပြတ်သားသား လုပ်သည်။ ပထမဦးဆုံး ငှက်ဆိုးတွေကို ခြောက်လှန့်ပစ်သည်။ လမုတောထဲ၌ သားစိတ်မွန်ပြီး ဝုန်းဒိုင်းကြဲပြီ။

မှန်သည်။ သည်လို အချိန်ဆိုလျှင် မိကျောင်းလေးတွေ ပေါက်တော့မည်ဆို့သည်ကို ပင်လယ်သား ဂျစ်တူးတို့ သိကြသည်။ ထို့ကြောင့် ကလေးအုပ်စုမှာ ရွာမြောက်တက် လမုတောရှိရာသို့ လူကြီးတွေ မသိအောင်သွားကြ၏။ မိကျောင်းပေါက်စုနေလေးများကို ကြည့်ရှုရန် ရောက်ရှိနေကြပြီ။

ဗျိုင်းအုပ်ကလည်း လမုတောရှိရာသို့ အုပ်ဖွဲ့ဆင်းလာသည်ကို သူတို့မြင်တွေ့နေရ၏။ ထို့ကြောင့် ကလေးငယ်များမှာ လောက်ဆွဲခွ ကိုယ်စီကိုင်၍ မိကျောင်းပေါက်လေးများကို ကြည့်ရှုရင်း ကံကျော့ငှက်ခြောက်တောင့် ဗျိုင်းများပင် ပစ်ခတ်နိုင်သည် မဟုတ်ပါလား။

မှန်သည်။

သျှောင်ပေစူး၊ ဂျစ်တူး၊ ပူစူး၊ ဗိုက်ပူနှင့် ချက်စူတည်း ဟူသော ကလေးတစ်သိုက်မှာ လမုတောထိပ်ရှိ ကမ်းပါးယံဆီသို့ ရောက်ရှိနေကြပြီ။

တောင်ကမ်းပါးယံထက်မှ ထိုင်၍ကြည့်လျှင် လမုတောကိုလည်း မြင်ရ၏။ ပင်လယ်ကိုလည်း မြင်ရ၏။ပင်လယ်ငှက်ကြီးတို့၏ လှပသော ပျံဝဲမှုကိုလည်း မြင်တွေ့ရသည်သာ။

ပြီးတော့ အေးမြပြိမ်းချမ်းသော ပင်လယ်လေညင်းကိုလည်း တဝကြီး ရှူရှိုက်ရ၏။

"ဟေ့ကောင် ဂျစ်တူး၊ မနက်ဖျန်ရင် စောစောထတ္တဲ့၊ သျှောင်ပေစူးတို့လည်းပါမယ်၊ လမုတောဘက်သွားရအောင် ငှက်ပစ်ဖို့ လောက်ဆွဲခွလည်း ယူခဲ့"

ဗိုက်ပူက ကစားရင်း မှာကြားထားခဲ့သည်။ ထို့ကြောင့် ဂျစ်တူး စိတ်ဝင်စားနေ၏။ ထို့ပြင် ကျွန်းဖိုကြီးက **ကျွန်းမကြီးတို့** ကိုက်သတ်စားသောက်ပစ်သော မိကျောင်းတိုက်ပွဲမျိုးလည်း ကြည့်ရမည်ဟု ဆိုသည်။

မိကျောင်းထီးကြီးက မိကျောင်းမကြီးကို ဝါးမျိ စားသောက်ပစ်သည့် ပွဲမျိုးမှာ တစ်သက်နှင့်တစ်ကိုယ် ကြုံဖူးမြင်ဖူးဖို့ မလွယ်။ ယခု ထူးဆန်းတာတွေ မြင်ရမယ်မှာ ဗိုက်ပူက အပြောကောင်း၍ ဂျစ်တူး ညက တစ်ညလုံး အိပ်မပျော်။

သည်စကားတွေကို ဗိုက်ပူက ခုံညင်းထိုးရင်း အာပေါင်အာရင်း ခပ်သန်သန်နှင့် ပြောကြားခဲ့သည်မဟုတ်ပါလား။

ထို့ကြောင့် ယနေ့ စောစောစီးစီး ပင် ဂျစ်တူး အိပ်ရာက နိုးပြီ။

ဟိုလိုလို သည်လိုလို အိမ်သာတက်သလိုလုပ်ပြီး သူ့အမေပေါင်းထားသော ကောက်ညှင်းပေါင်း လက်တစ်ဆုပ်နှိုက်ယူပြီး လစ်ထွက်လာခဲ့သည်။ လောက်ဆွဲခွနှင့် လောက်စာလုံးများ ထည့်ထားသော လွယ်အိတ်ကိုမူ ညကတည်းက ခြံစည်းရိုးတိုင်မှာ ချိတ်ထားခဲ့သည်မို့ အဆင်သင့် ဖြုတ်ယူခဲ့ရုံသာ။

သူ့ရွာထိပ်သို့ ရောက်သောအခါ ပူစူး၊ ဗိုက်ပူနှင့် ချက်စူတို့လည်း ရောက်ရှိနေကြပြီ။ သျှောင်ပေစူးကိုမူ မတွေ့ရ။

မည်သို့ဆိုစေ အစားမက်သော ဗိုက်ပူသည် သူတို့အားလုံးစားဖို့ ထမင်းကြမ်းတွေကို ဆားဖြူးပြီး ဖက်နှင့်ထုပ်၍ လွယ်အိတ်ထည့်၍ ယူပါသည်။ ပူစူးက ရေဘူးတစ်ဘူးပါလာသဖြင့် အားလုံး အဆင်ပြေသွားသည်။ ဂျစ်တူး၊ ပူစူး၊ **ဗိုက်ပူနှင့် ချက်စူတို့ ကလေး(၄)ဦးမှာ ရွာနှင့် အတော်အလှမ်းဝေးသော လမုတောဆီသို့ နံနက် ၈ နာရီလောက် ကတည်းတ ရောက်ရှိနေကြပြီ။**

လမုတောစပ်ဆီမှ တဝုန်းဝုန်းနှင့် မြည်နေသော အသံကြီးကို ကြားရ၏။ ထို့ကြောင့် ဂျစ်တူးတို့တလေးတစ်အုပ်မှာ လမုတောအတွင်းသို့ မဆင်းဖြစ်တော့။ တောအစပ်၌ရှိသော ဧတောင်ကမ်းပါးယံဆီသို့ တက်ပြီး ကမ်းပါးယံပေါ်တွင် အကျအနုထိုင်၍ လမုတောဆီသို့ စိုက်ကြည့်နေကြသည်။

ညင်းသွဲ့သော ပင်လယ်လေသည် ကလေးများဆီသို့ ဖြတ်သန်းတိုက်ခတ်နေလေသည်။

ဗျိုင်းကြီး တစ်အုပ်သည် လမုတောဝန်းကျင်သို့ ပျံဝဲလာကြသည်။ လမုတောထဲ၌ သူတို့၏ အစာရှိဟန်တူ၏။ သူတို့ရောက်စက ကြားခဲ့ရသော အသံလာရာဆီသို့ စူးစိုက်ကြည့်လိုက်ကြသည်။ ထိုအခါ ကလေးအားလုံးပင် မျက်လုံးများ ပြူးကျယ်သွားကြ၏။ အကြောင်းမူ လမုတောစပ်၌ ကြီးမားသော အမြီးကြီးထောင်၍ ရေစပ်ကို တဝုန်းဝုန်းရိုက်နှက်နေသော မိကျောင်းကြီး တစ်ကောင်ကို မြင်ရ၏။

မိကျောင်းကြီး၏ ဦးခေါင်းထက်၌ တစ်စုံတစ်ခုသည် ရစ်ပတ်နေ၏။ ထို့ကြောင့် မိကျောင်းကြီးမှာ အမြီးသာလှုပ်နိုင်ပြီး သူ့ခေါင်းမှာ လှုပ်ရှား၍ မရဘဲ လူးလွန့်နေခြင်း ဖြစ်၏။

မြင်ကွင်းက ထူးဆန်းသော မြင်ကွင်းပင်။ ကြီးမား မည်းပြောင်သော

www.burmeseclassic.com

www.burmeseclassic.com

မြွေကြီးက မိကျောင်း၏ ဦးခေါင်းကို အစွမ်းကုန် ရစ်ပတ်နှောင့်ဖွဲ့ထားသော ခြင်္ကပ်ပင်ဝတ်ဦးသည်။

"ဟာ ဟာ မြွေကြီးကွဲ အကြီးကြီးပဲ၊ မြွေကြီးက မိကျောင်းကြီးခေါင်းကို ရစ်ပတ်ထားတယ်ဟေ့၊ သေသေချာချာကြည့် သေသေချာချာကြည့်"

ဟု ပူစူးညွှန်ပြရာသို့ စူးစိုက်ကြည့်လိုက်ကြသည်။

မှန်သည်။ ကြီးမားသော မြွေကြီးတစ်ကောင်သည် ရေစပ်၌ ရှိသော မိကျောင်းကြီး၏ဦးခေါင်းကို သူ၏ကိုယ်လုံးကြီးနှင့် ရစ်ပတ်ထား၏။

သူ၏ဦးခေါင်းကို ပါးပျဉ်းခွက်ပြီး မိကျောင်းကြီး ခေါင်းနှင့်ယှဉ်၍ တဦးဦး တရွှန်ရွှန်းနှင့် အော်ဟစ်ခြောက်လှန့်ရင်း မိကျောင်းကြီး၏ နှာခေါင်းပေါက်နှင့် မျက်လုံးများဆီသို့ သူ၏ အဆိပ်ခွေးများကို မှုတ်ထုတ်လျက်ရှိသည်။

ဤသည်တို့ကြောင့် မိကျောင်းကြီးမှာ မြွေဆိပ်တွေ မွန်ပြီး မျက်လုံးများပင် ရီဝေ၍ ရေစပ်၌ လူးလွန့်နေခြင်း ဖြစ်သည်။ သူ၏ လှုပ်ရှား၍ ရသော အမြီးကိုသာ လှုပ်ရှားပြီး ရေစီးကြောင်းသို့ ရောက်အောင် ချန်းကန်သည်။ သူ့ကိုယ်ကို လူးလိမ့်၍ ရွှဲရေထဲ၌ မြွေကြီးကို နှစ်သက်ရန် ကြိုးစားချွန်းကန်နေသည်မို့ သည်မျှ တဝုန်းဝုန်းနှင့် ဆူညံနေခြင်းပင်။

ထူးဆန်းသည်မှာ မိကျောင်းကြီး၏ သန်မာသော လက်နှစ်ဖက်ကိုပါ မြွေကြီးက ချုပ်ကိုင်ထားနိုင်စွမ်း ရှိသည်ကို မြင်ရ၏။

"ဟာ မိကျောင်းကြီးတစ်ကောင်မှော့၊ အဲဒါ မိကျောင်းမကြီး၊ ကျွန်းမကြီး ဖြစ်မယ်" ဟုလည်း ပြောကြပြန်သည်။

"မိကျောင်း သေးသေးလေးတွေလည်း အများကြီးပဲဟေ့၊ သို့လော်နဲ့ ဝိုက်ထဲ ဖမ်းထည့်ပြီး ရေထဲကို ယက်ချနေတယ်ဟေ့" ဟုလည်း ဆိုကြပြန်သေးသည်။

မှန်ပါသည်။

ပုတ်သင်ညိုလေးများလို ရွှစိတက်နေသော မိကျောင်းပေါက်ကလေးများမှာ အကောင်သုံးလေးဆယ်ခန့်မျှ ရှိမည်ထင်ရ၏။ မိကျောင်းမကြီးဘေးဌိုဝိုင်းအုံ၍ ဖက်တွယ်နေကြသည်။

မိကျောင်းမကြီးသည် သူ့သားလေးများကို ဝါးမျိုစားသောက်ပစ်ရန် ရောက်ရှိနေသော ကမ်းစပ် ရေစီးကြောင်း၌ မိကျောင်းဖို (ကျွန်းဖို)ကြီးနှင့် ကြီးမားသော တောမြွေဟောက်ကြီးတို့ သတ်ပုတ်နေချိန်ကို အခွင့်ကောင်းယူပြီး ရုတ်ခြည်းပင် သူ့သားငယ်များကို ရေစီးကြောင်းထဲသို့ အတင်းမောင်းချတွန်းချပစ်သည်။

မိကျောင်းလေးတွေမှာ ရေထဲသို့ ပြုန်းခနဲ မဆင်းတတ်ဘဲ ပြန်ပြန်တက် လာသည်မို့ သူ့ဆိုယ်လုံးကို ဂငယ်သဏ္ဌာန် ခွေ၍ မိကျောင်းငယ်များကို တစ်ကောင်ချင်း ရေထဲသို့ တွန်းချလိုက်လေတော့သည်။

မည်သို့ပင်ဆိုစေ မိကျောင်းပေါက်လေးတို့၏ အန္တရာယ်မှာ မသေးလှ။ ငှက်ကြီး၊ ဗျိုင်းကြီးတို့၏ ရန်အပြင် အထူးသဖြင့် မိကျောင်းငယ်လေးများ ရေအဆင်း၌ စားသောက်ပစ်ရန် ပါးစပ်ကြီးဟ၍ ကိုက်သတ်ဝါးမျိုတတ်သော မိကျောင်းဖိုကြီးနှင့် ငါးကြီးများ၏ ရန်ကလည်း ကြီးမားလှသည်သာ။

ယခုတော့ အားလုံးအဆင်ပြေပြီ။ ငှက်ကြီး၊ ဗျိုင်းကြီးတို့မှာ တောကြီးမြွေဟောက်ကြီးနှင့် မိကျောင်းဖိုကြီးတို့၏ မထင်မှတ်သော တိုက်ပွဲကြောင့် လံ့ဖျပ်ကြ၏။

လမုတောထဲသို့ မဆင်းရဲဘဲ လေထဲ၌သာ ပျံဝဲနေခဲ့။ မိကျောင်းဖိုကြီးနှင့် တောကြီးမြွေဟောက်တို့မှာ ဘတစ်ပြန် ကျားတစ်ပြန် သတ်ပုတ်နေခဲ့။

သည်လိုအခြိန်အခါမျိုးမှာ ကြုံခဲပေစွ။ သူဥမှ ပေါက်သမျှ မိကျောင်းငယ်လေးများ အန္တရာယ်အမျိုးမျိုးတို့ကြောင့် သားတစ်ခါပေါက်တိုင်း ပေါက်တိုင်း အနည်းဆုံး အကောင်နှစ်ဆယ် အစိတ်ခန့် သေဆုံးကြရသည်သာ။

သည့်အတွက် ကျွန်းမကြီး၏ ရင်ထဲ၌ အသည်းကျွမ်းအောင် ခံစားရသည်သာ။ သင်းတို့က ကိုယ်မမွေးရတိုင်း သားသမီးချင်း ကိုယ်ချင်းမစာကြ။ ယခုတော့ ကောင်း၏။ ရက်စက်သော ကျွန်းဖိုကြီး ယခုတော့ သင်းလည်း ဝဋ်လည်ပြီ။ မြွေကြီးက အစားဝမ်းသော သူ့ပါးစပ်ကြီးကို မိတ်ထားချေပြီ။ ဝမ်းသာလိုက်တာ။ တို့သားလေးတွေကို သင်း မစားနိုင် တော့ဟူတွေးပြီး ပီတိပင် ဖြစ်ရ၏။

မည်သို့ဆိုစေ သားပေါက်ချိန် ရောက်တိုင်း ရောက်တိုင်း မိကျောင်းမကြီး၏ ရင်၌ မချမ်းသာ၊ ဂျစ်တူးတို့ အခေါ် ကျွန်းမကြီးမှာ သားသမီးဇော ကြောင့် ဝမ်းနည်းဖက်လက်ဖြစ်ရသည်။ သောကတွေ ပင်လယ်ဝေရသည်။ သားသမီးများစွာ ပေါက်သော်လည်း ဆယ်ကောင်ပြည့်အောင်ပင် အဖတ်မတင်ချင်။

သည်သားသမီးတွေ အတွက် ကျွန်းမကြီးအဖို့ အရာရာကို ရင်ဆိုင်ကျော်လွှားနေရ၏။ မိကျောင်းဖိုကြီး၏ ဖွင့်ဟထားသော ပါးစပ်ကြီးကို မိမိ၏ ဦးခေါင်းနှင့်ထိုး၍ ပိတ်သွားအောင် လုပ်သင့်လျှင်လည်း လုပ်ရမည်။

"ကလေးတွေကို မစားပါနဲ့၊ ကျုပ်ကိုသာ စားပါတော်" ဟုပြောပြော ဆိုဆိုနှင့် မိကျောင်းဖိုကြီး၏ ဖြထားသော ပါးစပ်ထဲသို့ သူတစ်ကိုယ်လုံးပင် တိုးဝင်ရန် စီစဉ်ထားပြီးပင် ဖြစ်လေသည်။ ထိုအခါ မိကျောင်းဖိုကြီးမှာ မိမိကို ဝါးစားခြင်းမပြုဘဲ သည်းခံခွင့်လွှတ်မည်ဟု ထင်သည်။

သို့တည်းမဟုတ်ဘဲနှင့် "နင့်သားတွေအတွက် ငါ အစားခံချင်တဲ့ကောင်မ လာခဲ့" ဟူ၍ ဒေါသတကြီးနှင့် ကိုက်သတ် ဝါးမျိုလိုက်လျှင်လည်း ဝါးမျိုပါစေတော့။ သူ့အသက် တစ်ချောင်းနှင့် သားသမီးများ၏ အသက်ပေါင်းများစွာ

www.burmeseclassic.com

ကိုလဲ၍ သူပင် အသေခံတော့မည်ဟု စောစောကတည်းကပင် ရင်မောစွာနှင့် ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်သည်။

ယခုတော့ မထင်မှတ်ဘဲနှင့် အန္တရာယ်ဆိုးတစ်ခုက ကင်းလွတ်သွားသည်မို့ "သားတို့၊ သမီးတို့ လာကြ လာကြ၊ အခုနေတုန်း ရေစီးကြောင်းထဲ ရောက်အောင် မြန်မြန်ဆင်းကြ၊ လွတ်ရာကျွတ်ရာကို ပြေးကြ ပြေးကြ" ဟု ပြောလည်းပြော ရေထဲသို့ တွင်တွင် တွန်းချပစ်လိုက်လေတော့သည်။

ယခုတော့ အရာရာသည် မေတ္တာကြီးမားသော ကျွန်းမကြီးဘက် မှအသာရသွားပြီ။ သားတို့ကို ကိုက်ခဲ့ဝါးမြိုမည့် ငှက်ကြီးတို့မှာလည်း မြွေကြီးနှင့် မိကျောင်းဖိုကြီးရန်ကြောင့် လမုတောထဲသို့ မဆင်းရဲ။ သူ့သားသမီးများကို ဝါးမျိုပစ်သော ကျွန်းဖိုကြီး၏ ပါးစပ်တိုလည်း မြွေကြီးက ရစ်ပတ်ထားသည်မို့ သူ့ပါးစပ်က ဟ၍ မရတော့ချေ။

သည်အချိန်သည် ကျွန်းမကြီး အတွက် အချိန်ကောင်း အခွင့်ကောင်း။ ထို့ကြောင့် သည်အခွင့်အရေးကို ကျွန်းမကြီးက ဝိုင်ဝိုင်နိုင်နိုင်ပင် အသုံးချပစ်လိုက်သည်။

"သားတို့၊ သမီးတို့ ပြေးကြ ပြေးကြ" ဟု ပြောပြီး လွှတ်သည်။ တစ်ကောင်မကျန် ရေစီးကြောင်းထဲသို့ မရောက် ရောက်အောင် လွှတ်ပေးလိုက်လေတော့သည်။ သူ့သားသမီးလေးများ ရေစီးကြောင်းထဲ၌ ပျော်ရွှင်စွာ မြူးထူးစွာ ကူးခပ်သွားသည်ကို မျက်စိတစ်ဆုံးကြည့်ပြီး ကျွန်းမကြီးက ဝမ်းသာအားရ ဖြစ်နေလေတော့သည်။

ကျွန်းမကြီးမှာ ဖြစ်ခါငြိုဖြစ်ခဲလှသော သားသမီးများ၏ ကုသိုလ်အတွက် ဝမ်းသာပီတိ ဖြစ်နေလေတော့သည်။

"သားတို့ တောထဲမှာ အန္တရာယ်တင်းသလို ရေထဲမှာလည်း ငါးကြီးထွေရဲ့ အစာမဖြစ်အောင် ကိုယ့်ကိုယ် ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကွယ်" ဟု ရင်ထဲက အသည်းတလှိုက်လှိုက်နှင့် ဆုတောင်း မေတ္တာပို့သလိုက်လေသည်။

ရုတ်တရက် အစာမရသော ခြောက်တောင်ဗျိုင်း တစ်အုပ်သည် အဝေးဆီသို့ ပျံထွက်သွားကြပြန်လေပြီ။

▲

"ဟိုမှာ ဟိုမှာ မိကျောင်းမကြီးက ဟိုမြွေကြီးကို ကိုက်တော့မယ်ကွ"

မှန်ပါသည်။ မိကျောင်းမကြီးသည် သူ့သားငယ်များ ရေချခြင်း အလုပ်ပြီးသွားသည်မို့ သေဘော်ပြီဟု ဆိုရမည်ပင်။

ကျွန်းဖိုကြီး၏ ဦးခေါင်းကို နာလန်မထူနိုင်အောင် ရစ်ပတ်ထားသော မြွေကြီးကို ကိုက်သုတ်ရန် သူ့ပါးစပ်ကို ဖြဲ၍ ရေစပ်သို့ ဆင်းလာသည်။ ကျွန်းဖိုကြီးကို ကျွန်းမကြီးက ကယ်တော့မည်။ မြွေကြီးကစ်ကောင်နှင့် မီကျောင်းနှစ်ကောင် တိုက်ပွဲကို ရင်သပ်ရှုမောစွာ ကြည့်ရှုရပေဦးမည်။

မှန်သည်။

ကျွန်းဖိုကြီးကို ရစ်ပတ်ထားသော မြွေကြီးအား ကျွန်းမကြီးက ကိုက်သတ် ဝါးမျိုပစ်တော့မည်။ သူ့ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲ၍ မြွေကြီးနှင့် ကျွန်းဖိုကြီးရှိရာသို့ အားမာန်အပြည့်နှင့် ဝေါခနဲ ဆင်းသက်လာပြီ။

အဖြစ်အပျက်တို့မှာ မထင်မှတ်ဘဲ အစီစဉ်တကျ ဖြစ်ပေါ်နေ၏။

ထို့ကြောင့် ဂျစ်တူးတို့ လူငယ်လေးတွေမှာ အံ့သြ ထူးဆန်းစွာနှင့် ပါးစပ်အဟောင်းသားဖြစ်ပြီး စိုက်ကြည့်နေကြသည်။ ဗျိုင်းကြီးတို့ကိုလည်း လေးခွနှင့်ပစ်ရန်ပင် သတိမရကြတော့။

ရုတ်ခြည်းပင် မြွေကြီးက ကျွန်းဖိုကြီးနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးသတ်ပုတ်နေရာမှ မြွေကြီးက ကျွန်းဖိုကြီး၏ ဦးခေါင်းကို လွှတ်ပစ်လိုက်သည်။ ထို့နောက် ကျွန်းမကြီးကို ဆက်လက်၍ ရင်မဆိုင်ရဲတော့။

လမုတောကြီးဆီသို့ ဝေါခနဲ တောတိုးသံပေးပြီး ထွက်ခွာသွားလေတော့သည်။

မြွေကြီး၏ ထွက်ခွာသွားရာ လမ်းတစ်လျှောက်တွင် တောဟိသံကြီးကိုပါ အသည်းယားဖွယ် ကြားလိုက်ရလေသည်။

စင်စစ် မြွေကြီးမှာ နှစ်ကောင်နှင့် တစ်ကောင်မို့ အနှံးခဲပြီး ရင်ဆိုင်ရန် မလိုဟု ဆုံးဖြတ်လိုက်မာန်တူ၏။

မည်သို့ဆိုစေ မြွေကြီးစတ်ကွင်းမှ လွတ်ထွက်သွားသော မိကျောင်းကြီးမှာ မျက်စိမျှားပင် မြင်ဟန်မတူတော့။ တောကြီးမြွေဟောက်၏ ပြင်းထန်သော အဆိပ်များ မွန်၍ လူးပါပြီး ကျန်ရစ်ခဲ့သည်ကို အသည်းယားဖွယ်ရာ မြင်လိုက်ရလေသည်။

ခဏအကြာတွင် မိကျောင်းကြီးသည် မိကျောင်းဖိုကြီးကို သူ၏ ဝါးစပ်နှင့် ညင်သာစွာ ကိုက်ချီ၍ ရေနက်ထဲသို့ ဆွဲခေါ်သွားလေသည်။ ထို့နောက် မိကျောင်းနှစ်ကောင်မှာ လူးလိမ့်၍ အဝေးဆီသို့ ကူးခပ်သွားသည်ကို ဂျစ်တူးတို့ ရင်မောစွာနှင့် မြင်တွေ့လိုက်ကြရလေသည်။

လှိုင်းလုံးကြီးတို့မှာ တလိပ်လိပ် တက်ပြီး မိကျောင်းကြီး နှစ်ကောင်ကို တယုတယပင် လွှမ်းခြုံလိုက်လေတော့သည်။

▲

"ဖြန်း ဖြန်း ဖြန်း"

ဂျစ်တူး၏ ကျောဖြင်ပေါ် သို့ တုတ်ချက်က တဖြန်းဖြန်း ရောက်လာသည်။

"ဟင်- နင်တို့မိဘတွေကို တော်တော်ဒုက္ခပေးတဲ့ကလေးတွေ၊ ဒီလောက် အန္တရာယ်များတဲ့ နေရာကို ဘာလာလုပ်ကြတာလဲ၊ ကဲ လာချင်ဦး၊ ကဲ လာချင်ဦး"

"ငါတို့ မိဘတွေမှာ နင်တို့ ပျောက်လို့ တစ်ရွာယုံးကို မူးဒေနာက်အောင် လိုက်ရှာရတာဟဲ့"

www.burmeseclassic.com

"ကဲ- ပြောစမ်း ပြောစမ်း. . . ဒီလောက်ဝေးလံပြီး အန္တရာယ်များတဲ့ နေရာကို ဘယ်သူခေါင်းဆောင်လုပ်ပြီး ခေါ်လာတာလဲ၊ ကမ်းပါးစွန်းက မတော်တဆ ပြုတ်ကျရင် မိကျောင်းစာ ဖြစ်မယ်၊ အသေဆိုးနဲ့ သေမယ်၊ တောက်ငါထပ်ရိုက်ရရင် သေတော့မယ်"

ဂျစ်တူးအဖေ၏ မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်နေ၏။

အဖသည် တစ်ခါမျှ သည်လောက် ဒေါသမဖြစ်ဖူးချေ။ မျက်စိမျက်နှာတွေလည်း ပျက်နေ၏။ ထို့ပြင် သူ၏ မျက်လုံးအစုံ၌ မျက်ရည်စများပင် ရစ်ဝဲဝေဆိုနေ၏။

နံနက် စောစောကတည်းက သားဖြစ်သူ ဂျစ်တူးတစ်ယောက် အိမ်က ပျောက်သွား၍ တစ်ရွာလုံးမူးနောက် အော်လိုက်ရှာရသည်။

သူ့အပေါင်းအသင်းများ အိမ်သို့ ရောက်သောအခါ သူတို့ မိဘများကလည်း ဂျစ်တူးတို့အိမ်သို့ ဆွေးသည်ဟု ထင်ကြသည်။

တချို့ကလည်း ဝိုက်ပူတို့အိမ်သို့ သွားဆော့သည်ဟုထင်ဖြီး ငြိမ်နေရာမှ နောက်ဆုံး၌ ကလေးလေးဦးစလုံး ရှာမတွေ့၍ မိဘများ မျက်ကလူးဆန်ပျာဖြစ်ကုန်သည်။

ဟိုရွာသည်ရွာနှင့် လူစုခွဲ၍ ရှာပုံတော်ဖွင့်ကြသည်။

နောက်ဆုံး ရွာဦးကျောင်းဆရာတော်ထံလည်း ရောက်၏။ ပင်လယ်ထဲပင် ကျသေသလိုလိုနှင့် အမျိုးမျိုး ထင်ကြေး ပေးနေကြ၏။

တော်သေး၏။ ဆရာတော်က ကလေး လေးယောက် လမုတောကြီး ဘက်သွားသည်ကို ကျောင်းပေါ်က မြင်လိုက်သည်ဟု ဆိုသဖြင့် ဒီနေရာသို့ ဂျစ်တူးတို့ အဖေ၊ ဝိုက်ပူ အဖေ၊ ပူစူး အဖေနှင့် ချက်စူတို့ အဖေပါ အဖေတစ်သိုက် အုပ်ဖွဲ့၍ တုတ်တစ်ချောင်း စီ ကိုင်ပြီး အမောတကော ရောက်ရှာခြင်းပင်။

ကလေးတွေမှာ ခုနစ်နှစ်ခန့်မျှသာ ရှိသေးသည်မို့လည်း သည်မျှ စိတ်ပူပန်နေကြခြင်းပင်တည်း။

"ဂျစ်တူးက မိကျောင်းပေါက်လေးတွေ ကြည့်ချင်တယ်ဆိုလို့ အဟင့် ဟင့် . . . အဲ အဲဒါ"

"အဲဒါ နင်တို့နဲ့ ဘာဆိုင်လဲ"

"နောက်သွားဦးမလား သွားဦးမလား"

"ဖြန်း ဖြန်း"

"မ . . . မသွားတော့ပါဘူးဗျ၊ ကြောက် ကြောက်ပါပြီ ကြောက်ပါပြီ အဖေရဲ့"

"ဘာအခုမှ ကြောက်ပါပြီလဲ၊ လူလေးထွေက လက်တောက်လောက် ရှိသေးတယ်၊ ဘာခြေရှမ်ချင်တာလဲ၊ ရှည်ချင်တဲ့ ခြေတောက် ရှည်ဦးဟ ရှည်ဦးဟ"

ဝိုက်ပူက ငိုယိုရင်း ထစ်ထစ်ငေါ့ငေါ့ ပြောသည်။ သူက ပြောလေသူ့ အဖေက ရိုက်လေ။ ဝါးခြမ်းပြားကြီးက တဖြန်းဖြန်းနှင့် သူတစ်ကိုယ်လုံး အရှိုးရာတွေ ထပ်ထပ်ကြမ်းနေတော့၏။

ထို့အတူ ဂျစ်တူး၏ ကျောဖေါသို့လည်း သူ့အဖေ၏ တုတ်ချက်တွေ ကလည်း သွက်လက်စွာ ကျရောက်နေသလို ပူစူးအဖေ၏ လက်သံကလည်း ပြင်းလှ၏။

ဖြောင်းခနဲ ဖြောင်းခနဲ နားရင်း အုပ်သံတို့မှာ ဝါးခြမ်းပြားသံတို့နှင့် နေရာထွေး၍ ဂီတသံစုံ တီးဝိုင်းမှ အသံအတိုင်း ထွက်နေကြလေသည်။

ကလေးများမှာ သူ့ထက်ငါ အော်ဟစ်ငိုယိုနေကြလေသည်။ သူတို့တစ်တွေ သည်မျှနာကျင်အောင် တစ်ခါဖူးမျှ အရိုက်အနှက် မခံရဖူးခဲ့။

သည်မျှ နာကျင်သော အရသာကို မလိုအပ်ဘဲ ခြေရှုပ်ချင်ကြသည်မို့ အသည်းခိုက်အောင် ခါးသီးစွာ ခံစားလိုက်ရ၏။

ကြည့်စမ်း။

ဂျစ်တူးတို့ ကလေးများ၏ သံပြိုင် အော်ဟစ်ငိုရှိုက်သံမှာ လမုတောတစ်ခုလုံးပင် ဟိန်းစည်၍ ထွက်ပေါ်လာသည်။ ထို့ကြောင့် အစာကောက်ရန် တောထဲသို့ ဆင်းလာသော ဒုက်ကြီး ဝန်ပိုကြီးပင် လန့်ဖျပ်၍ အဝေးဆီသို့ ပြေးသန်းသွားလေသည်။

တစ်ဆက်တည်းမှာပင် လမုတော၏ ဟိုမှာဘက်ရှိ တောနက်ဆီမှ တောဟီသံတစ်ခုကိုလည်း အသည်းယားဖွယ်ရာ ကြားလိုက်ရလေသည်။

"အဲဒါ နင်တို့ သေမင်း နားလည်လား နားလည်လား"

ဟု ဖေဖေက မြည်ပြန်၏။

ဖေဖေ့မျက်လုံးအစုံ၌ မျက်ရည်တွေ ဝဲနေ၏။ ထို့အတူ မေးကြောကြီးများ ထောင်နေသော ဂျစ်တူး၏ အဖေ။

ဂျစ်တူးက ငိုရှိုက်ရင်းမှ. . .

"ဒီ ဒီ တစ်ခါတည်းပါ အဖေရယ် နောက်ဆိုရင် အဖေ မကြိုက်တဲ့ သားမ မလုပ်တော့ပါဘူး ဖေဖေရယ်"

ဟု ငိုရှိုက်ပြောဆိုကာ သူ့အဖေ ဆွဲခေါ်ရာနောက်သို့ ကောက်ကောက် ပါအောဝံ လိုက်ပါသွားလေတော့သည်။

ပြည်ပန်းပို့

www.burmeseclassic.com

www.burmeseclassic.com

ရေယာဉ်မှူးခေါင်း ကားကြမ်း ခဏိုးသည်

ထိုစဉ်က မြန်အောင်၊ မင်းဘူး၊ မန်းရေနံမြေ၊ ထောက်ရှာပင် ရေနံမြေတို့မှ ရေနံများ ရရှိနေသေးသည်။ ကျွန်ုပ်တို့၏ ပီအိုင်စီဌာနရှိ တွန်းသုတော်များ ဖြစ်ကြသော ကွဲ၊ ကြဲ၊ ဆင်၊ ပြောင် တွန်းသင်္ဘောများသည် စီပီရေနံတွဲများကို စုန်ချည် ဆန်ချည်တွန်း၍ ရေနံချက် စက်ရုံများကို ပို့ပေးနေကြရသည်။

တစ်နေ့သ၌ သံပရာကန် ရေနံချက် စက်ရုံသို့ ရေနံ သွားပို့ရင်းက ကျွန်ုပ်တို့ ဆင်ပြောင်ကြီး စက်ချိုင့်ယွင်း သွားသည်။ ထို့ကြောင့် ဧရာဝတီ အနောက်ဘက်ကမ်း အထက်မင်းလှ တွင် ဆင်ပြောင်ကြီးသင်္ဘောကို ရပ်ထားရသည်။ ရေယာဉ်မှူးက အာတီနှင့် ရုံးချုပ်ကို အကြောင်းကြား သတင်းပို့သည်။

ချိုယွင်းသွားသော စက်ပစ္စည်းကို စက်ဘက်ဆိုင်ရာများက မြုပြင်ကြသည်။ မြုပြင်၍မရ။ စက်ပစ္စည်းက အသစ်လဲတပ်ရမည်ဟု စက်ဆရာက ပြောသည်။ စက်ပစ္စည်းမှာ ရန်ကုန်၌သာ ရရှိနိုင်သည်။ ထို့ကြောင့် ကုန်းလမ်းက ရန်ကုန်ကို အမြန်ဆင်းပြီး စက်ပစ္စည်းသွားယူရန် အကြောင်းဖြစ်လာသည်။

ရေယာဉ်မှူးက ရန်ကုန်ဆင်းကြမည့် စက်ဆရာနှင့် ကျွန်ုပ်တို့သုံးယောက်အား ခေါ်ပြောသည်။ လိုင်းကားနှင့် ဆိုလျှင်ကြာမည်။ ခရီးဝေးဖြစ်သဖြင့် သက်တောင့်သက်သာလည်း ရှိချင်မှရှိမည်။ ထို့ကြောင့် ရန်ကုန်မှ အထက်မင်းလှကို ရောက်နေသော သူအသိတစ်ယောက်၏ ကားသည် မနက်ဖြန် ရန်ကုန်ပြန်ဆင်းမည်။ ထိုကားနှင့် မနက်ဖြန် မနက်တွင် လိုက်သွားကြပါဟုဆို၏။

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဆရာ"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

သစ်ယာကောက်ရွာသား လှဝေကို ရေယာဉ်မှူးက တစ်ချက်ကြည့်ပြီး မေးသည်။

"အမေ့ကို ငွေနည်းနည်း ပေးထားခဲ့ချင်လို့ပါ ဆရာ၊ ကျွန်တော် ဒီနေ့ပဲ ဟိုဘက်ကမ်း ကူးသွားလိုက်ပါ့မယ်၊ မနက်ကျတော့ ဆရာ့အသိ ကားကို သစ်ယာကောက်ကပဲ စောင့်မယ်ဆရာ၊ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ် မနက်ဖြန်ညနေ မှင်းတို့ ရန်ကုန်ရောက်သွားမှာပဲ"

ရေယာဉ်မှူးက "ဖြစ်ပါတယ်" ဆိုစကားကြောင့် လှဝေက ကျွန်ုပ်ကို မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးနေသည်။

www.burmeseclassic.com

အမှန်က သည်ကောင် သစ်ယာကောက်ရှိ သူ့အမေကို ငွေပေးချေင်းသည်က နည်းနည်း၊ သူ့ကောင်မလေးနှင့် တွေ့ချင်နေသည်က များများ ဆိုသည်ကို ဓာတ်သိမို့ ကျွန်ုပ်က အတပ်သိ နေသည်။

"ဆရာ့အသိကားက လူချောင်ပါ့မလား၊ ကားက ဘာအမျိုးအစားလဲ"

"ချောင်ပါတယ်၊ သူတို့ညီအစ်ကို နှစ်ယောက်တည်းရယ်၊ ကားက ဂျစ်ကား၊ ဒီလမ်းက သူတို့သွားနေလာနေကျမို့ စိတ်ချလို့ ကျွန်တော်က ထည့်ပေးလိုက်မှာ၊ ကားနံပါတ်တော့ ကျွန်တော်လည်း အမှတ်တမဲ့ပဲ၊ ခု ခင်ဗျား ကျွန်တော်တို့နဲ့ လိုက်ခဲ့၊ သူတို့နဲ့ တွေ့ပေးလိုက်မယ်"

စက်ဆရာ၏အမေးကို ရေယာဉ်မှူးက ပြန်ပြောသည်။

"လှဝေ"

"ခင်ဗျာ ဆရာ"

"မင်းတို့ အဆင်သင့်လုပ်ထားနှင့်၊ ငါ ရေယာဉ်မှူးနဲ့ လိုက်သွားမယ်၊ ပြန်လာတာနဲ့ သာဝတ္ထိကူးမယ်"

"ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့"

လှဝေက စက်ဆရာနှင့် ရေယာဉ်မှူးတို့ ဆင်းသွားကြသည်ကို မေးတစ်ချက် ထိုးပြကာ "ဝိုင်လိုက်လေ" ဟူသော သဘောနှင့် ကျွန်ုပ်ကို ရယ်ပြသည်။

"မင်းတတော့ ဗိုက်ထဲ ဘုရားပွဲလှည့်နေပြီပေါ့ ဟုတ်လား"

"ဒါပေါ့ သူငယ်ချင်းရာ၊ ဆင်ပြောင်ကြီး မလိုက်တာလေ ဟဲ ဟဲ"

သည်လိုနှင့် စက်ဆရာပြန်လာသောအခါ ကျွန်ုပ်တို့က မင်းလှမှ သာဝတ္ထိ၊ သာဝတ္ထိက ရောဝတီကို ဇက်နှင့်ကူး၍ ကျောက်ချက် ညောင်ပင်သာဘက် ရောက်လာကြသည်။ ကျောက်ချက်တွင် ကျွန်တော်တို့ ဌာနဆိုင်ရာ စခန်းရှိသဖြင့် ခဏရပ်နားပြီး လှဝေအမေနှင့် သူ့ရည်းစားရှိရာ သစ်ယာကောက်ကို ရောက်လာကြသည်။

လှဝေက သူတို့ရွာရောက်တုန်း ပြုစုပါရစေပြောပြီး လွတ်လွတ်လပ်လပ် ဖြစ်အောင်ဟု ပြောကာ အိမ်ထမင်းပင် မကျွေးဘဲ ဆိုင်ထမင်း ကျွေးသည်။

သဘောကောင်းသော သူ့အမေက အတင်းကျွေးပါရစေ ပြောသည်ကိုပင် လက်မခံဘဲ ဆိုင်ထဲ ခေါ်လာ၏။

ကျွန်ုပ်တို့ကလည်း "အမေပင်ပန်းပါတယ်၊ နေပါ" ဟု ပြောထားခဲ့ရသည်။

စားသောက်ပြီးကြချိန်မှာ စိုးချုပ်စပြုနေပြီး လှဝေက သူ့ကောင်မလေးတို့ အိမ်ဘက်ထွက်သွားပြီး စက်ဆရာနှင့် ကျွန်ုပ်ကို သူ့အမေအိမ်သို့ လွှတ်လိုက်သည်။

ကျွန်ုပ်တို့မှာလည်း နည်းနည်းထွေလာကြသဖြင့် လှဝေအမေကို အားနာစွာနှင့် စောစောစီးစီးပင် စကားဖြတ်၍ အိပ်ရာဝင်လိုက်ကြသည်။

လှဝေ အမေကလည်း -

"လူခဲလေးတို့ ခရီးပန်းလာကြမှာပေါ့၊ အိပ်ကြ အိပ်ကြ" ဟု ဆိုသဖြင့် အိုကေ ဖြစ်သွားသည်။

❋

မနေ့ညက လှဝေတယ်အချိန် သူ့ကောင်မလေးဆီက ပြန်ရောက်လာသည်ကိုပင် ကျွန်ုပ်ကား မသိလိုက်။ သည်နေ့ မနက်မှာလည်း သူကပင် စက်ဆရာနှင့် ကျွန်ုပ်ကို နှိုးသည်။ ကျွန်ုပ်တို့ နိုးလာတော့ ဧည့်ခန်းက စားပွဲပေါ်တွင် အင်္ဂေတထောင်းထောင်း ကောက်ညှင်းပေါင်း ပန်းကန်ပြားနှင့် ပဲပြုတ်ဆီဆမ်း၊ အကြော်ပန်းကန်၊ လက်ဖက်ရည်၊ ရေနွေးကြမ်းအိုးတို့က ဆီးကြိုနေသည်။

ကျွန်ုပ်တို့ စားသောက်ပြီး လှဝေအမေကို နှုတ်ဆက်ကာ အထက်မင်းလှမှ ဆင်းလာမည့် ရေယာဉ်မှူး၏ အသိကားကို ထွက်စောင့်နေလိုက်ကြသည်။ ကျွန်ုပ်တို့ ကားလမ်းမပေါ် ရောက်သော အချိန်မှာ နေပင် မထွက်သေး။

"ဆရာ ဘယ်လိုလဲ၊ ၇ နာရီပဲ ထိုးတော့မယ်၊ မင်းလှက ကား မပေါ်မလာသေးပါလား"

ကားလမ်းမတွင် သုံးယောက်သား မတ်တတ်ရပ် စောင့်နေကြရင်းက သူ့လက်က နာရီကို မြှောက်ကြည့်ကာ လှဝေက စက်ဆရာကို မေးသည်။

"လာမှာပါကွာ၊ သူ့ဌေးတွေဆိုတော့ ခုအိပ်ရာက ထခါစပဲ ရှိသေးသလားမှ မသိတာ၊ လာပါလိမ့်မယ်၊ မနေ့က ငါသေသေချာချာ ဒီနေရာကို စောင့်မယ်ဆိုတာ မှာထားခဲ့တာပဲ"

"လူတွေက အခြေကြီးကြီးလားဗျ စက်ဆရာ"

"မကြီးပါဘူးကွာ၊ အင်မတန် သဘောကောင်းပါတယ်၊ ရေယာဉ်မှူးနဲ့ ငါ့ကို ဟုတ်ဟုတ်သလဲပါပဲ လာမှာပါ"

ကျွန်ုပ်က စိုးရိမ်၍ မေးသည်ကို စက်ဆရာက "လာမှာပါ" ဟု ပြောပြီး ကားလာမည့်ဘက်လှမ်းကြည့်နေသည်။

စက်ဆရာသာ မဟုတ်၊ လှဝေနှင့် ကျွန်ုပ်တို့ကလည်း အထက်မင်းလှက ဆင်းလာမည့် ရေယာဉ်မှူးအသိ ဂျစ်ကားကို မျှော်ငေးကြည့်နေကြသည်။

စက်ဆရာပြောသည်မှာ မှန်ပါသည်။

မကြာမီမှာပင် ဂျစ်ကားတစ်စီး လာနေသည်ကို သုံးယောက်စလုံး မြင်နေကြသည်။

"ဟိုမှာ လာပြီ"

ဟု ပြောကာ စက်ဆရာက လက်ပြထား၏။

သို့သော် ကားဒေါ ကျွန်ုပ်တို့ အနားတွင် ရပ်မလိုလိုနှင့် ရှေ့သို့သာ မောင်းသွားကာ သစ်ပင်ရွာစွန်ဘက် ကားလမ်းအတိုင်း မောင်းထွက်သွားပြီး မြင်ကွင်းထဲက ပျောက်ကွယ် သွားလေသည်။

"ဟင်- စက်ဆရာ ဘယ်လိုလဲဗျ၊ ကားက ရပ်မပေးဘဲ မောင်းထွက်သွားပါလား၊ ဒီကား မဟုတ်ဘူးလား"

"အေးလေဗျာ၊ ဘယ်လိုပါလိမ့်"

www.burmeseclassic.com

"ကားကတော့ ဒီကားအမှန်ပဲကွ၊ မနေ့ကပဲ အရောင်နဲ့ ကားနံပါတ် ငါမှတ်လာတာပဲ၊ ဘယ်လိုမှ မမှားနိုင်ဘူး၊ တို့လက်ပြတားတာများ မမြင်မိလို့လား"

ကျွန်ုပ်နှင့် လှဝေ၏ စကားကို စက်ဆရာက အုံဩသလို ပြန်ပြောသည်။

"မနေ့က ကျွန်တော်တို့ လူသုံးယောက်ဆိုတာကော စက်ဆရာ သေသေချာချာ မှာခဲ့ရဲ့လား"

"မှာခဲ့ပါတယ်ဗျာ၊ ဒီနေရာက စောင့်မယ်၊ ကျွန်တော်တို့ လူသုံးယောက်ပါ ဆိုတာလည်း သေသေချာချာ ပြောခဲ့ပါတယ်၊ ဘယ်လိုပါလိမ့်"

"စောစောက မောင်းသွားတဲ့ ကားကတော့ အမှန်ပဲနော် ဆရာ"

"ဟုတ်ပါတယ်ကွာ၊ ကားနံပါတ်ပါ ငါမှတ်ထားပါတယ်ဆို၊ ဘာလို့ မရပ်ခဲ့တာလဲ မသိဘူး"

"ရန်ကုန်သားတွေ ဆိုတော့ အခြေ ခပ်ကြီးကြီးထင်တယ်၊ ရေယာဉ်မှူးရှေ့မို့ အားနာလို့သာ လိုက်ပါ ပြောပေမယ့် မလိုက်စေချင်လို့ တမင်မောင်းသွားတာ ဖြစ်မယ်ထင်တယ်"

"ဖြစ်နိုင်တယ်ကွ၊ သူတို့ကလည်း အထက်မင်းလှ ဘကီစွန့်နဲ့ လာလဲဆိုတာ မနေ့က စက်ဆရာလည်း မမေးမိခဲ့ဘူးထင်တယ်"

"ဘကီစွလဲဆိုတာတော့ ကျွန်ထော်လည်း မမေးမိခဲ့ဘူးဗျ၊ တို့က ရန်ကုန် လိုက်ရဖို့ပဲ အရေးကြီးတာဆိုတော့ သူတို့ ကိုယ်ရေးကိုယ်တာ ဘယ်မေးလို့ ကောင်းမလဲနော်"

"အေးဗျာ မလိုက်စေချင်ရင်လည်း မနေ့ကပဲ အပြတ်ပြောလိုက်ပေါ့ဗျာ၊ ဘာ အားနာစရာရှိလဲ၊ မင်းလှ ရန်ကုန်ကားရှိနေတာပဲ၊ ကျုပ်တို့ဘာသာ ကျုပ်တို့ လိုင်းကားနဲ့ သွားမှာပေါ့"

"မဟုတ်သေးပါဘူး စက်ဆရာနဲ့ သူတို့နဲ့ ခွဲနိုးခွဲက်တစ်ခုခုတော့ လွဲကြပြီထင်တယ်၊ ကားနံပါတ်လည်း မှန်တယ်ဆို ဒီလောက်လက်ပြတားနေတာ သူတို့ မြင်တာပဲဗျ၊ ကားရပ်ရမှာပေါ့"

"အေးကွ ဘယ်လိုလဲဟ၊ ငါလည်း စဉ်းစားတောင် မရဘူးကွာ၊ လှဝေရာ"

ကျွန်ုပ်ကမူ အတော်စိတ်ဓာတ် ကျသွားသည်။

ကျွန်ုပ်တို့ ရေယာဉ်မှူးကလည်း မသေချာဘဲတော့ ပြောမည်မဟုတ်။ မည်သည့်ကားပိုင်ရှင် သူဌေးပဲဖြစ်ဖြစ် ရေယာဉ်မှူးကလည်း လူရှိသေ ရှင်ရိုသေ နေတတ်ထိုင်တတ်အောင် ပြောဆိုတတ်သူပင်။ ဘယ်လိုဖြစ်သည်ကို ကျွန်ုပ်လည်း စဉ်းစားမရ၊ ရွာခဲ့ဖြစ်သော လှဝေကမူ...

"တဲ့ ဘာမှ မပြောနဲ့တော့၊ ကျွန်တော်တို့ ကျောက်ချက်ပြန်ဆင်း"

"ဟာ ဟို ဟိုမှာ ပြန်လှည့်လာတယ်၊ စောစောက ကားပဲ"

ကျွန်ုပ်နှင့် စက်ဆရာတို့ စကား မဆုံးမီမှာပင် လှဝေက ဟိုမှာ ပြန်လှည့်လာတယ်ဆိုသဖြင့် ကျွန်ုပ်တို့လည်း လှမ်းကြည့်လိုက်ကြရာ စောစောကမှ ကျွန်ုပ်တို့ရှေ့က ဖြတ်မောင်းသွားသော ကားသည် အမှန်တကယ်ပင် ပြန်လှည့်လာလေသည်။

လှည့်လာရုံတင်မက ဤတစ်ခါတော့ ကျွန်ုပ်တို့ရှေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက်ကို ထိုးရပ်ပေးလာပါလေသည်။ ထိုးရပ်လာရုံမက...

"စက်ဆရာ ဦးကျော်စံတို့ အဖွဲ့ ဟုတ်ပါတယ်နော်" ဟု ကားမောင်းလာသူ ပုဂ္ဂိုလ်ကြီးက မေးလာသည်။

"ဟုတ်ပါတယ်၊ ခင်ဗျား၊ ကျွန်တော်တို့ ဆင်ပြောင်ကြီးက ဦးမောင်ကျော်ရဲ့ လူတွေပါ၊ မနေ့ကလည်း ဆရာတို့နဲ့ တွေ့ခဲ့"

"ဘယ်နယောက်လဲဗျ၊ ရန်ကုန်လိုက်မှာက"

စက်ဆရာ စကားမဆုံးမီ ကားပေါ်ပါသူ နောက်တစ်ယောက်က မေးလာပြန်၏။

"ကျွန်တော်တို့ သုံးယောက်ပါခင်ဗျား၊ ဆရာတို့ကလည်း နှစ်ယောက်ဆိုလို့ ကျွန်တော်တို့"

"ဟုတ်ပါတယ် ခင်ဗျား၊ ကားပေါ် ကြွကြပါ"

ဒုတိယ မေးသူ၏ စကားသံမာမာကို သိပ်အစာမကြေချင်သော ကျွန်ုပ်သည် ကားမောင်းလာသူ ပုဂ္ဂိုလ်ကြီးက "ကားပေါ်ကြွကြပါ" ဟုဆိုသော်လည်း မကြည်မသာနှင့်ပင် ကားပေါ်တက်လိုက်လာရသည်။

ကျွန်ုပ်တို့ သုံးယောက်ကားပေါ်ရောက်သည်နှင့် ကားကလည်း မောင်းထွက်လာခဲ့၏။

ကျွန်ုပ်တို့သုံးယောက်မှာ ကားသမား နှစ်ယောက်ကို အကဲခတ်ရင်း တိတ်တိတ်ဆိတ်ဆိတ်ဖင် လိုက်လာကြသလို ကားသမားနှစ်ယောက်ကလည်း ကျွန်ုပ်တို့အား ဘာမှမမေးဘဲ ငြိမ်သက်စွာပင် ပါလာကြသည်။

ဆစ်ရာကောက်ရွာကို လွန်၍ အတော်ကလေးကြာမှ ကားမောင်းနေသူက ကျွန်ုပ်တို့နောက်ကို တစ်ချက်လှည့်ကြည့်သည်။ ကျွန်ုပ်တို့ကလည်း သူဘာများပြောလေမလားဟု အကဲခတ်နေကြသည်။

"ဆရာဦးကျော်စံတို့ ခင်ဗျား"

"ဟုတ် ဟုတ်ကဲ့"

"ဘယ်လိုမှတော့ မအောက်မေ့ကြနဲ့ဗျာ၊ စောစောက ဆရာတို့လက်တားတာကိုလည်း ကျွန်တော် မြင်ပါတယ်၊ ကားကို ရပ်မလိုလို လုပ်ပြီးမှ မောင်းထွက်လာကြတာနဲ့ ဆရာတို့တော့ ကျွန်တော်တို့ကို မေတ္တာပို့မိကြမှာပဲ ထင်တယ်...ဟဲ ဟဲ"

"မဟုတ်ရပါဘူးဗျာ၊ တစ်ခုခု ကိစ္စအရေးကြီးမှုရှိလို့ ကိစ္စရှိရာကို အရင်သွားတယ် ထင်ကြ..."

"ဟုတ်တယ်ဗျ၊ အရေးထကြီး ကိစ္စဆိုတာ တခြားတော့မဟုတ်ပါဘူး၊ ဆရာတို့ဟာ လူသားစစ်စစ် ကောင်ဟုတ် မဟုတ်စမ်းကြည့်တဲ့ သဘောနဲ့ တမင်

www.burmeseclassic.com

ကားကို မောင်းပြေးကြည့်တာပါ။ ခုတော့ အမှန်တကယ် လူတွေ့"

"ဟာ ကျွန်တော်တို့ကို လူစစ်စစ် ဟုတ် မဟုတ်"

"ဟဲ ဟဲ ဟဲ ဟဲ အဲဒါက ဒီလို ဗျ၊ ဒီခရီးက ကျွန်တော်တို့ သုံးလတစ်ခါ သွားလာနေကျပါ။ ဆရာတို့ကို ရှင်းအောင် ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ခြောက်လလောက်က ဒီလို အခုလိုပေါ့ဗျာ၊ မင်းလှက ကျွန်တော်ထို့ ရန်ကုန်ပြန်ဆင်းလာကြတယ်။

သစ်ရာကောက် အလွန်လောက်မှာ အဘွားကြီးတစ်ယောက်ကို ကောင်ကလေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်က တစ်ဖက် တစ်ယောက်စီ တွဲလို့ ကျွန်တော်တို့ကားကို လမ်းမအလယ်ထွက်ပြီး အတော်ဝေးဝေးကပင် တားနေကြတယ်။

ကားကို ရပ်ပေးလိုက်တော့ အဘွားကြီးရုပ်က အရိုးပေါ် အရေတင်ဗျ၊ ချောင်းကလည်း တဟွပ်ဟွပ်ဆိုးနေသေးတယ်၊ တစ်ချက်တစ်ချက် အဘွားကြီးချောင်းဆိုးလိုက်တာအသက်တောင် ပါသွားတော့မလား ထင်ရတယ်၊ အဲဒါတောင်တွင်းကြီး ဆေးရုံတင်ချင်လို့ ကူညီပါဆိုတော့ ကျွန်တော်တို့ကလည်း လမ်းကြုံသားပဲ၊ အမေကလည်း တောင်တွင်းကြီးက သောက်ရေအိုး ကောင်းတယ်၊ သဲရေအိုး တစ်လုံး ဝယ်ခဲ့မါလို့ မှာလိုက်တာကိုး။

အဲဒါနဲ့ လူမမာ အဘွားကြီးနဲ့ သားသမက်လား သမီးချွေးမလား မေးတော်တောင် မမေးမိကြပါဘူးဗျာ၊ သနားတာနဲ့ ကားပေါ် ခေါ်တင်လာကြတယ်"

ရှေ့ဆိုင်မှ ကားကြီးတစ်စီး မီးထိုးပြီးလာနေသဖြင့် ကားဆရာက ကားရှိန်ကို လျှော့ပြီး၊ လမ်းကြောင်း ဖယ်သဖြင့် စကားခဏပြတ်သွားသည်။

ကျွန်တစ်ယောက်ကမူ ကျွန်ုပ်တို့ မျက်နှာကို ကွက်ကြည့် ကွက်ကြည့် လိုက်ပါလာ၏။

"အတော်လေးကြာလာတော့ ချောင်းဆိုးပါလာတဲ့ အဘွားကြီးက တဝေါ်ဝေါ် ကားပေါ်မှာ အန်ပါလေရောဗျို့၊ ကားမောင်းနေရင်းက ကျွန်တော် နောက်ကို လှည့်ကြည့်လိုက်တော့ သုံးယောက်စလုံး ကိုယ်ခန္ဓာကြီး သုံးခုက ကားပေါ် အငြိမ်သားကြီးဗျ၊ ကြောက်လိုက်တာ မမြောပါနဲ့တော့ဗျာ၊ ကားတောင် လမ်းဘေးထိုးကျမလို ဖြစ်သွားတယ်။

နေ့ခင်းကြီးနော်၊ နေတောင် မွန်းမတည့်တည့် အချိန်ကြီး၊ ကားကို သတိထားမောင်းပြီး နောက်ကို လုံးဝ လှည့်မကြည့်ဝံ့တော့ဘူးဗျ၊ ဒါပေမဲ့ ငါလည်ပင်းများ နောက်ကနေ ညှစ်လိုက်လေမလားနဲ့ တစ်ကိုယ်လုံး ကြက်သီးထပြီး တုန်နေတယ်၊ ဒါပေမဲ့ သတိတော့ မလွတ်ဘူးဗျ။

ကားကို သတိထားမောင်းပြီး

ညီလေးကို မသိမသာ တံတောင်နဲ့ တွက်လိုက်တယ်၊ မျက်လုံးနဲ့လည်း နောက်ကို ကြည့်ပါဆိုတဲ့ သဘော အရိပ်ပြလိုက်တော့ ညီလေးကလည်း နောက်ကို လှည့်ကြည့်လိုက်တယ်၊ သူ ဘယ်လို မြင်ရလဲဆိုတာတော့ ခု ဆရာတို့ မေးသာကြည့်ကြတော့ဗျာ"

ကားမောင်းနေသူ သူ့အစ်ကို က မေးသာကြည့်ကြတော့ဗျာဆိုသဖြင့် ကျွန်ုပ်တို့ သုံးယောက်စလုံး သူ့ညီဆီသို့ အကြည့်ရောက်သွားကြသည်။

ကျွန်ုပ်တို့ပင် မမေးလိုက်ရ၊

သူ့ညီဆိုသူက. . .

"အစ်ကိုကြီး အရိပ်အခြေပြတာနဲ့ ကျွန်တော်က လူမမာအဘွားကြီး ချောင်းဆိုးရင်း အသက်ပါသွားပလားလို့ နောက်ကို လှည့်ကြည့်လိုက်တော့ စောစောက ကားပေါ် တက်လိုက်လာကြတဲ့ လူသုံးယောက် မရှိကြတော့ဘူးဗျ၊ ဒီလောက်အရွိန်နဲ့ မောင်းနေတဲ့ ကားပေါ်က ဘယ်လိုပုဝ် ဆင်းကျန်ခဲ့ကြတယ်ဆိုတာ ခုထိ ကျွန်တော့် တွေးမရဖြစ်သွားတယ်၊ အဲဒါကြောင့် နောက်ဝိုင်း ဘယ်လူတားတား ကားကြုံကို မတင်ရဲဘူး ဖြစ်သွားကြတာ။

ခု ဆရာတို့ကတော့ ဆရာဦးမောင်ကျော်လူ၊ ပြီးတော့ မင်းလှတုန်းကပင် ကြုံပြောထားတာမို့ တင်ရဲတာ၊ ဒါတောင် ခေါင်းမပါတဲ့ လူသုံးယောက်ကို မြင်ဖူးထားတဲ့ အစ်ကိုကြီးက ဆရာတို့ကို လူစစ်စစ် ဟုတ်မဟုတ် စမ်းသပ်စစ်ဆေးပြီးမှ တင်ခေါ်လာရဲတာ၊ ဘယ်လိုမှမအောက်မေ့ကြပါနဲ့ ဆရာဦးမောင်ကျော်နဲ့ စော့ရင်လည်း ဒီလို ဒီလို့ ကြောင့်ဆိုတာ ပြောပြလိုက်ကြပါဗျာ"

သူတို့ ညီအစ်ကို နှစ်ယောက်၏ စကားကို ကြားကြရတော့မှ ကျွန်ုပ်တို့ မှာလည်း. . .

"အိုး ဟိုး. . . ဒါကြောင့်ကိုး" ဟု သဘောပေါက်မိလိုက်ကြလေသည်။

ဝေယ်လင်းခေါင်

❑

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ထွန်းမြန်

ဒီချစ်သည် ဖြစ်ခဲ့ပါမလား



ဒိတ်မှ ထွက်စကတည်းက ချစ်ဆွေ စိတ်မှာ စနိုးစနောင့်နိုင်လှသည်။ နေ့စဉ် တစ်နေ့လုံး နံနက်အရုဏ်တက်မှ မိုးကြီးစုံးစုံးချုပ်သည်အထိ ကားမောင်းရသောကြောင့်လည်း အညောင်းတွေ မိကာ ခန္ဓာကိုယ် ညောင်းညာကိုက်ခဲနေမည် ဖြစ်သည်။ အိပ်ပျက်လွန်သောကြောင့်လည်း ခေါင်းတွေက မကြည်လင် ထိုင်းထိုင်းမှိုင်းမှိုင်းနိုင်သည်။

ဆည်နေ့ကျမှ ဘာဖြစ်သည်မသိ၊ ကားစက်ခေါင်းတွင် ထိုင်မိကတည်းက ကားမောင်းချင်စိတ် သိမ်မရှိလှ။ သို့သော် ကိုယ့်နားရက်မဟုတ်၍ ကိုယ်ပဲ အလှည့်ကျမောင်းရမှုပ်မည်။ ဂိတ်မှကားစထွက်ကတည်းက အာရုံရိုမိတွင် တစ်ချက် တစ်ချက် သူ့ဇနီးချောလေး ဝင်းမာပုဂ္ဂ ကွက်ခနဲ ကွက်ခနဲ မြင်လာတတ်သည်။ ဒါတင်မဟုတ်၊ အစာတောင်းသော ကြောင်မလေး တစ်ကောင်ဖို့ ညောင်စာစာ အသံကလေးနှင့် နှုတ်ခမ်းစူစူ၊ မူတူတူဟန် ကလေးကလည်း အထင်းသား။

"ဟွန်း- သူများကျတော့ ပြောတတ်လိုက်တာ၊ သူကျတော့ ကောင်မတွေက သူ့ပေါင်မေါ်တက်ထိုင်တော့မယ့် အတိုင်းပဲ"

ဒါက ကုန်စိမ်းစျေးကြီးတစ်ဦး သူ့အနီးတွင် အထိုင်ခိုင်းမိသောနေ့။

"ဟ- တို့နေ့စဉ်ယောက်ကြွားမှာပဲလင်းမြွေစည်းကြီး ခြားထားပါတယ်ဟာ၊ သူက ကုန်ကြိုစျေးသည်မတစ်ဦးပါ"

"ဒါဖြင့် သတင်းစာကရောသူ့ဟာလား၊ ရှင့်ဟာလား"

"ဟာ- ဝင်းမာကလည်း စက်ခေါင်းအနီးမှာ သူလာထိုင်ရတော့ စက်က ပူတယ်မ ဟုတ်လား၊ သတင်းစာယူပြီးယပ်ခတ်တာပါဟာ၊ နေပူလှတဲ့ နွေခင်းကြီးဆိုတော့..."

"ဩော်... သူ့ဘာသာသူ ယပ်ခတ်တာမဟုတ်ဘူးရှင့်၊ ရှင့်ဘကိုပဲ မျက်နှာလှည့်ပြီး စကားတွေလည်း တတွတ်တွတ်ပြော၊ ရှင့်ကို ယပ်ခတ်ပေးနေတာလေ"

"ဟာ- မဟုတ်နိုင်ပါဘူးဟာ"

"ရှင်... မငြင်းပါနဲ့၊ အဲဒီနေ့က ဝင်းမာ နောက်ပေါက်က တက်လာပြီး ရှင်မမြင်အောင် အသားရုပ်ကြည့်နေပြီး မှ (၇)စျေးကျတော့ ဆင်းနေခဲ့တာ၊ ရှင်တို့ အဖြစ်သည်းနေတာတွေ မမြင်ချင်လို့ ရှင်ကလည်း ကားသာမောင်းနေပေမယ့် မျက်လုံးနဲ့စိတ်က သူ့ဆီမှာ၊ ကားမောင်းရင်း သူနဲ့ စကားတွေပြောရတာလည်း အမောပဲ"

"ဟာ- ဝင်းမာက စွပ်စွဲပြန်ပြီကွာ၊ တို့က ကားသမားပါ၊ မိုးလင်းကမိုးချုပ်အထိ တကုပ်ကုပ်နဲ့ မောင်းနေရတော့ ခရီးသွားည့်သည်တွေနဲ့ လိုက်လျောညီထွေ ဆက်ဆံရတာ တို့အလုပ်ပါ"

"ဒီလိုဆို လမ်းဘေးက ကွမ်းယာထုပ်ပေးတဲ့ ကွမ်းယာသည်မနဲ့ကော ပရောပရီနဲ့"

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကိုချစ်ဆွေသည် သူ့မိန်းမ အဖြစ်သည်းပုံတွေကို ကြည့်ပြီး သဘောကျသလို တစိမ့်စိမ့်ရယ်နေမိသေး၏။ ပြီးမှ. . .

"ရက်စက်လိုက်တာ ဝင်းမာရယ်၊ နင်က ငါ့ကိုမြင်တာနဲ့ စွပ်စွဲလိုက်၊ သမုတ်လိုက် လုပ်နေတာပဲလား"

"စွပ်စွဲရတယ်တော့၊ မုန့်သာ ဝေစားနိုင်မှာ သိလား၊ နောက်ဆို ကားပေါ်မှာ ဝင်းမာပါ ထိုင်လိုက်ခဲ့မယ်၊ ဒါပဲ"

ချစ်ဆွေသည် ပြုံးတုံ့တုံ့လုပ်နေလိုက်၏။

ရင်ထဲကတော့ ကြည်နူးစိတ်တွေ ပျံလိုင်ချိန်နေသည်။ စင်စစ်တော့ သူ့ဇနီးသည် သူ့ကိုချစ်လို့ ပြောတာမှန်းလည်း သိသည်။ ဒါကြောင့် ဝင်းမာကို အစစအရာရာ အလိုလိုက်ရသည်။ ဝင်းမာသည် သူ့ထက် အသက်(၈)နှစ် (၉)နှစ်ခန့် ငယ်ရုံမက ချောလည်းချော သည်၊ လှလည်း လှသည်။

ဝင်းမာ၏ မိဘများမှာ ကလေးများပြီး လုပ်လုပ်စားစာ ချိချိုတုံ့တုံ့နိုင်သောကြောင့် ဝင်ငွေကောင်းသော ချစ်ဆွေလို ကားသမားကြီးနှင့် ပေးစားလိုက်ကြခြင်းဖြစ်သည်။ ဒါကြောင့် ချစ်ဆွေကို ကားသမားတိုင်းက ဖိုးကံကောင်းဟု နောက်တတ်ပြောင်တတ်ကြ၏။

"ဟိုး. . ဆရာ၊ ဟိုး. . . ဟိုး နောက်မှာ တစ်ယောက်လိုက်ဦးမယ်၊ လာနေပြီ"

ကားမှတ်တိုင်တွင် အတန်ကြာအောင် ရပ်ပြီးခါမှ ကားထွက်စရှိသေး စပယ်ယာလေးအသံက ပေါ်လာပြန်သည်။ ကားဆရာက ဘီးလှိမ့်စပြုနေသော ကားကို အရှိန်လျှော့ကာ ရပ်ပေးလိုက်၏။

"အမယ်လေးဟဲ့. . တော့်ကား ထဲမှာဖြင့် ဒီလောက်လူတွေ ငါးပိသီပုံငါးချဉ်သိပ်သလို မွန်းကျပ်နေတဲ့ဟာကို၊ ကားသမားတွေက လောဘကြီးလွန်းတယ်၊ ခရီးသည်တွေရဲ့ ဒုက္ခကို မကြည့်ဘူး"

"သက်သောင့်သက်သာ စီးချင်ရင် ကိုယ်ပိုင်ကားစီးပေါ့ဗျ"

"ပိုက်ဆံ မချမ်းသာလို့ပေါ့ဟဲ့၊ နို့မို့ဆို ဒီလိုကျပ်မိတ်နေတဲ့ ငရဲပြည်ပို့မယ့်ကားကို ဘယ်စီးပျို့မလဲ၊ အယ်. . ထွီ. . -နံလိုက်တဲ့ လူနံ့ကလည်း ဘယ်သူများ မသေခင်က ပုပ်သလဲ မသိဘူးတော်"

ညစာစာနိုင်သော မိန်းမကြီး အသံကြောင့် တချို့ပြုံးကြ၏။ တချို့မဲ့ကြသည်။

"ကဲ. . ကဲ အဒေါ်ကြီး၊ စကားတွေ သိပ်မပြောနဲ့ မောနေမယ်၊ ဟို ဘက် တိုးဦးဗျ"

စပယ်ယာကောင်လေးက မိန်းမကြီးကျောကို တွန်းချတိုးခိုင်း၏။

"ဟဲ့- အတင်းတွန်းမနေနဲ့ဦး၊ ငါ့ရှေ့မှာ ဘုန်းကြီးတစ်ပါးနဲ့"

စောစောက နောက်ပိုင်းတွင် ပိုက်ဆံလိုက်တောင်းနေသဖြင့် ဘုန်းကြီးတစ်ပါး လူကြားထဲ ညှပ်နေသည်ကို မမြင်မိ။ ခု အိညောင့် အိညောင့်နိုင်သော မိန်းမကြီး ပြောလာလေမှ ဘုန်းကြီး ထိုင်ဖို့ သီးသန့်နေရာကလေးဆီ လှမ်းကြည့်သည်။

"သံယာတော်များကို ဦးစားပေးပါ" ဟူသော ဆေးနှိန့်ရေးသားထားသော စာတန်းကလေးကို တွေ့ပေါ်ပြားသို့သော် ထိုထိုင်ခုံကလေး တစ်နေရာ စာမှာတော့ဖြင့် ခပ်ချောချော မိန်းကလေးတစ်ယောက် ခပ်တည်တည်နှင့် ထိုင်နေ၏။ ဘုန်းကြီးဘက်ကိုပင် လှည့်မကြည့်၊ မသိချင်ယောင်ဆောင်နေတာများလား၊ သူ့မျက်လုံးက ဒရိုင်ဘာကို သာလျှင် ကြည့်နေ၏။ ကားဆရာကိုပဲ သူ့ယောကျ်ားများ မှတ်နေသလားပဲ။

စပယ်ယာကောင်လေးမှာ လူကြားထဲ ကားခတိုးတောင်းရင်း ရှေ့ကို ရောက်လာကာ ထိုမိန်းကလေးကို မြင်သွား၏။ သူ ကားခမပေးသေးပါလား။ သူ့ကိုယ်မှာတော့ ရွှေသီးအောင်ဝတ်ထားပြီး ဟိတ်ကြီးဟန်ကြီးနှင့် ပိုက်ဆံပေးမစီးဘဲ ခပ်တည်တည် စီးသည့်သူတွေလည်း ရှိမှန်းသိသည်။ ကားခ မရသေးမှန်း သိသော်လည်း ပြောရမှာ အခက်။ ဒါကြောင့်. . . . .

"ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပဲဗျာ၊ ဘုန်းကြီးကို နေရာထိုင်ခင်းကလေးပေးဖို့ သတိရကြပါဦး၊ ပိုက်ဆံရှိတဲ့ လူတွေပဲဗျာ၊ ဒရိုင်ဘာအနီးမှာ တစ်ရာလောက်ပိုပေးပြီး စီးရင်လည်း ရတာပဲဗာ"

စပယ်ယာကလေး၏ စကားကြောင့် ထိုမိန်းတလေးမှာ ဘုန်းကြီးကို အတွက် နေရာဖယ်ပေးပြီး စပယ်ယာကောင်လေးကို ခပ်မိုက်မိုက်ကြည့်သည်၊ ပြီး. . အံကို မသိမသာကြိတ်လိုက်၏။

"ကိုယ့်ယောကျ်ားကားပဲ ပိုက်ဆံပေး စီးရဦးမလား"

ထိုအသံကြောင့် ချစ်ဆွေ ကားမောင်းရာက လှည့်ကြည့်သည်။

"ဝင်းမာ ဒီကိုလာ၊ ဒီမှာ ဘစ်ဦးဆင်းလိမ့်မယ်"

ဟု လှမ်းပြောစဉ် မီးစိမ်းရာက ရုတ်တရက် မီးရောင်ပြောင်းသွားသဖြင့် ချစ်ဆွေကားဘရိတ်ကို ဆောင့်ချိန်ခဲ့လိုက်ပါသော်လည်း ကျမ်းဖြစ်နေသော ဘရိတ်ကြောင့်လော မသိပေ၊ ကားစတီယာတိုင်မှာ ညာဘက်သို့ ကွေ့ဆင်းသွားပြီး မီးတိုင်ကို ဒုန်းခနဲ ဝင်ဆောင့်တော့၏။

"အား. . အား အမယ်လေးရှင့်၊ အို. . . အို. . . အား သေပါပြီတော်"

မနေ့မနှောင်းမှာတဲ့ ယာဉ်ထိန်းရဲနှင့် မထသမှ လိုင်းကြပ်တချို့ ရောက်လာကြ၏။

ချစ်ဆွေခါင်း၌ ထိခိုက်ဒဏ်ရာ ရထားသဖြင့် မျက်လုံးကို စွင့်စွင့်လေး ဖွင့်နိုင်ရုံလောက်သာ ဖွင့်ကာမော့ကြည့်နေ၏။ သူ၏အမြင်အာရုံမှာဖြင့်-

"ယာဉ်မောင်းသူများ သတိပြုရန်၊ သင်အိမ်ပြန်လာချိန်ကို သင့်မိဘ၊ ဇနီး၊ သားသမီးများက စောင့်ကြိုနေကြသည်"

www.burmeseclassic.com

ဤစာတန်းကလေးက အပြင်အာရုံတွင် ပေါ်လိုက် ပျောက်လိုက် ဖြစ်နေပေ၏။

"ဟာ.. ချစ်ဆွေဘယ်လိုဖြစ်ရတာလဲကွာ၊ မင်းကားမောင်းတဲ့ သက်တမ်းမှာ တစ်ခါမှ ဒီလိုမတော်မတာ မဖြစ်ခဲ့ဖူးဘဲနဲ့၊ ခုမှ ဒီလိုဖြစ်ရတာ"

ချစ်ဆွေကို သိနေသော မထသလိုင်းကြပ် ကျော်လင်းသည် ဝင်းမာလက်ပေါ်မှ ချစ်ဆွေကိုကြည့်ရင်း စာနာစကားဆို၏။ ပြီး ဝင်းမာမျက်နှာကို စေ့စေ့ငင ကြည့်သည်။ ပြီးမှ သက်ပြင်းချ၏။ အကြောင်းမူကား ဝင်းမာ၏ အကြောင်း သိသော်ကြောင့်ပင်။

ဝင်းမာခမျာမှာတော့ ကိုချစ်ဆွေခေါင်းကို ထူမပွေ့ချီထားရာက ပါးပြင်ပေါ်တွင် မျက်ရည်ဉများ စီးဆင်းနေသည်။ ရင်မှာ လေးလဲလျက် ဆို့နင့်နေ၏။ နှုတ်ခမ်းကို ပြုတ်လုမတတ် ဖိကိုက်ထားပြီးကာမှ...

"ဒါ ငါ့ကြောင့်... ငါ့ကြောင့်၊ ငါအသုံးမကျလို့၊ ငါ့ယောကျ်ားဟာ ငါစားဖို့ ဝတ်ဖို့ ဒီလိုသက်စွန့်ဆံဖျား ရှာနေတာပါလား"

❖

"မောင်လေးရယ် ... မမတို့ အဆက်ဖြတ်လိုက်ကြပါစို့နော် ကြာကြာဆက်နေလို့ မသင့်တော်ဘူး၊ အချစ်ဆိုတာ ဆားငန်ရည် သောက်ရသလိုတော်မပြေဖြစ်တတ်တာ၊ မမမှာကလည်း လင်ရှိမယားဆိုတော့"

ဝင်းမာသည် ခိုင်မာသော ဆုံးဖြတ်ချက်ကို ချပြီးဖြစ်နေ၍ သူ့မျက်နှာကိုပင် မကြည့်ဘဲ အားတင်းကာ ပြောချလိုက်၏။

"ဗျာ ...မမမှာ ယောကျ်ားရှိတယ် ဟုတ်လား"

ဒေါသကြောင့်လား မသိ၊ စော်လွင်စကားသံမှာ မာကျောနေ၏။ စော်လွင်စကားသံကြောင့် သိမ်ဇရပ်တစ်ခု၌ ဘုရားဝတ်ပြုနေသူ တစ်ဦးက လှည့်ကြည့်၏။

ဝင်းမာ သိသည်။ သည်နေရာသည် ဘုရားပေါ်တွင် ချစ်သူတို့ နေထိုင်ဖို့နေရာမဟုတ်မှန်း သိသည်။ ထို့ကြောင့် ဘုရားအနောက်ဘက်မုခ်အတိုင်း ဆင်းခဲ့၏။

"မညာပါနဲ့ မမရယ်၊ မညာပါနဲ့၊ မမနဲ့ တွဲလာတာ တစ်နှစ်ပဲ ပြည့်တော့မယ်၊ မမအိမ် လာလည်တိုင်း မမယောကျ်ားကို တစ်ခါမှ ဖြူသလား၊ မည်းသလား မမြင်ပါလား"

"ဟဲ့- ဘယ်တွေ့မလဲ၊ ဝင်းမာယောကျ်ားက မနက်ဝေလီဝေလင်းက စပြီး အလုပ်သွား၊ ည၌နက်သန်းခေါင်မှ ပြန်လာရတဲ့ ဥစ္စာ"

"အို ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် မမနဲ့ မခွဲနိုင်တော့ဘူး၊ နောက်မဆုတ်တော့ဘူး၊ ဒါပဲ"

အလယ်ပစ္စယာ အရောက်တွင် သူ ဝင်းမာ၏လက်မောင်းအိုးကို ဆောင့်ဆွဲကာ တင်းကျပ်စွာဆုပ်ကိုင်ထားပြီးမှ ပြောသည်။

လှေကားထစ်များမှ အောက်သို့ တစ်လှမ်းချင်းဆင်းနေသော ခြေကို ရပ်ပစ်သည်။ သူ့မျက်နှာကို စေ့စေ့ကြည့်သည်၊ သူ့မျက်နှာသည် ဒေါသစိတ်ကြောင့်လား ရမ္မက်ဇောကြောင့်လား မသိ နီကြင်ကြင် မည်းတဲတဲနိုင်လှ၏။ ထိုစဉ် ရွှေတိဂုံစေတီတော်ဆီမှ ဆည်းလည်းသံလွင့်လွင်ကို ကြားရသည်။

"မင်းက ဘွဲ့ရပြီးခါစ ကျောင်းသားပဲ ရှိသေးတာ၊ အလုပ်တောင် မည်မည်ရရ မရှိသေးဘူးမဟုတ်လား"

"ဗျာ- ကျွန်တော် ကဗျာရေးစာတတ်တယ်၊ သီချင်းစပ်တတ်တယ်"

"အမယ်လေး၊ အလုပ်အကိုင်ကြီးပဲနော်"

"မခနဲ့ပါနဲ့ မမရယ်... မမထမင်းစတေ့စေရပါဘူး"

"ဟား.. ဟား.. ရယ်ရတယ်၊ မင်းမှာ အဲဒီလိုစိတ်ထားရှိရင် ဝင်းမာထက်သာတဲ့ မိန်းမတွေ အများကြီး ရနိုင်တာပဲ၊ လင်ရှိမယားကျတော့ မင်းတို့ အန္တရာယ်လည်းများတယ်၊ နောက်ပြီး ကာမေသုမိစ္ဆာစာရက်ထိုက်မှာ မင်းမကြောက်ဘူးလား၊ ဒု-သ-နု-သောလေ၊ ငရဲအိုးကြီးထဲကို ဆင်းရမှာ၊ ဝင်းမာလည်း အဲဒါကြောက်လို့ ဘာပဲဖြစ်ဖြစ် လူဆိုတာ မှားနေမှန်းသိရင် အမှန်ပြင်ရရတယ်၊ ပြီးတော့ ဝင်းမာယောကျ်ားကလည်း ကားမောင်းရတာ စိတ်မဖြောင့်ဘူးတဲ့"

စော်လွင် ငိုင်ကျသွား၏။

မတ်တတ်ရပ်လျက်နှင့် တောက်ဆစ်ရွဲကြိုးပမာ ဖြစ်နေ၏။

"ကောင်းပြီလေ၊ သစ်စိမ်းခိုး ခိုးသလိုတော့ ရုတ်တရက်ကြီး ဖြတ်မပစ်လိုက်ပါနဲ့၊ မမရဲ့ ကိုယ်ပွားလေးတစ်ခုတော့ အမှတ်တရပေးခဲ့ပါနော် နော်"

သူသည် ဝင်းမာလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လာပြန်၏။

သူ့ကို ဘာစကားမှ တုံ့ပြန်မပြောဖြစ်။ ကိစ္စရပ်တိုင်း၌ အမှားသို့မဟုတ်လျှင် အမှန်ပဲရှိသည်ဟု သိလိုက်သည့်နောက် ဝင်းမာခြေလှမ်းတို့မှာ ပို၍သွက်လက်လာလေသည်။ဆိတ်ငြိမ်၍ အရိပ်ကောင်းသော လူသူရှင်းသော သည့်နေရာသည် ချစ်သူနှစ်ဦးအတွက် အကောင်းဆုံးဖြစ်နိုင်သည်ဟု ယူဆ၍လည်းဖြစ်သည်။

"ကဲ... ထိုင်" ဟု ဝင်းမာကပင် စတင်စကားဆို၏။

သစ်ဖြစ်ဆုံကြီးအနီးတွင် သူတို့နှစ်ဦးထိုင်လိုက်ကြသည်။ ထိုင်လိုက်မိသည့် ခဏနှင့်ပင် စော်လွင် ညာဘက်လက်သည် ဝင်းမာပခုံးထက်တွင် ကျရောက်လာ၏။

ဝင်းမာမှာ သူ့လက်ကို ပုတ်ချရမည်လား၊ ဒါမှမဟုတ် အခါခါတွင်းလို ငြိမ်ခံနေရမည်လားဟု တွေးလျက်နှင့် မဝေခွဲနိုင်ပါ။ သူတို့ရှေ့ ဆယ်ပင်အုပ်အုပ်ကြီးဆီ လှမ်းကြည့်တော့ ဝင်းမာအမြင်အာရုံတွင် ကန်တော်ကြီးစောင်းတစ်နေရာ တောအုပ်ညိုညိုတစ်ခုကိုပင် မဆီမဆိုင် မြင်ယောင်လာသည်။

www.burmeseclassic.com

ပြီး အသံတစ်သံ၊ ခေတ်မောင်းက ရုပ်ရှင်ကားတန်ခုမှ သီချင်းသံပင်။

"ချော့သံလိုလို ဖြူးသံလိုလို ကလူသံလိုလို အလိုလိုက်မိပါရဲ့×××ကန်တော်ကြီးတစ်ကန်ရဲ့ တောအုပ်အောက်ဝယ်"

ဝင်းမာ ခေါင်းကို ခါယမ်းကာ ချက်ချင်း မှတ်တတ်ထရပ်ပစ်လိုက်၏။ ပြတ်သားရဲခိုင်ဖို့ စိတ်ကိုတင်းသည်။

"ဝင်းမာဟာ အမျိုးကောင်းသားယုမိုးပိပိ မိမိလင်အငိုပါမှာ သစ္စာရှိရမယ်၊ မင်းနဲ့ ဒီနေ့ဟာ နောက်ဆုံးပဲ၊ နောင်ကို ဘယ်တော့မှ မဆက်ဆံကြေး၊ အိမ်ကိုလည်း နောက်မလာနဲ့၊ မင်းနဲ့ လုံးဝ. . လုံးဝကို မတွေ့နိုင်တော့ဘူး၊ အေး- မင်းဆန္ဒအတိုင်း ဓာတ်ပုံတစ်ပုံတော့ တွဲရိုက်ပေးခဲ့မယ်၊ ဒါကို ရောင့်မတက်နဲ့ဦး၊ ငါ့ယောကျ်ားဟာ မင်းကို အချိန်မရွေး ထောင်ချနိုင်တယ်ဆိုတဲ့ သက်သေပဲ၊ ကဲ. . . ဝင်းမာသွားမယ်၊ မလိုက်ခဲ့နဲ့တော့"

ဝင်းမာသည် ပြတ်သားစွာပြောလျက် ပန်းခြံထဲမှ ခပ်သွက်သွက် လှမ်းထွက်လာခဲ့လေသည်။ စောလွင်သာလျှင် ဝင်းမာ၏ကျောပြင်ကို ငေးကြည့်နေရင်း အသိရခက်သော မိန်းမတစ်ယောက်ပဲဟု တွေးနေမိလေသည်။

*

ယာဉ်တိုက်မှုဖြစ်ပြီး တစ်ပတ်လောက် အနားယူပြီးခါမှ ချစ်ဆွေ အလုပ်ပြန်ဝင်သည်။ ထိုနေ့မှာပင် ကို ကျော်လင်းကို ချစ်ဆွေဖြစ်ကြောင်းကုန်စင်ပြောပြခဲ့သည်။ ချစ်ဆွေမှာ စောလွင်သည် ကျော်လင်း၏ညီမှန်း မသိသော်လည်း ကျော်လင်းမှာ စောလွင်နှင့်တွဲရိုက်ထားသော ကောင်မလေးမှာ ချစ်ဆွေ၏ မိန်းမမှန်း သိနေပေသည်။

ထို့ကြောင့် နှစ်ကောင်စလုံးကို ကျွန်တော်ဆုံးမပေးပါ့မယ် ကိုချစ်ဆွေ ဟု ဝန်ခံကတိပြုခဲ့ရသည်။ နောက်တစ်နေ့တွင် ကျော်လင်းသည် စောလွင်ကို ရှေ့သို့ခေါ်ယူ ဆုံးမခဲ့သည်။

"ဒီမှာ ငါညီ၊ ငှါညီဟာ အသိဉာဏ်ရှိတဲ့ ပညာတတ်တစ်ယောက်ပါ၊ အဲဒီလို မင်း ပညာတတ်တစ်ယောက် ဖြစ်လာဖို့ကို အဖေတို့၊ အမေတို့ ဘယ်လောက် လူအင်အား၊ ငွေအင်အား ပုံအောစိုက်ထုတ်ပေးရသလဲဆိုတာ မင်း အသိပဲ၊ အေး. . မင်းဟာ အသိမဲ့သူတွေလို ကလေးချွေးလို နေထိုင်သွားမယ် ဆိုရင်တော့ မင်းသင်ထားတဲ့ ပညာတွေကို နှမြောဖို့ မကောင်းဘူးလား၊ လူ့ဘဝဆိုတာ မိမိ အသိဉာဏ်က မိမိရဲ့ကိုးကွယ်ရာ အစစ်ပါ၊ အသိဉာဏ်မဲ့လို့ ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲရမှာပါ၊ ကိုယ့် အကျင့်စရိုက်ကြောင့် မိဘမျိုးနိုး ဂုဏ်သိက္ခာ မထိခိုက်စေပါနဲ့"

စောလွင် ခေါင်းငုံ့ကာ နားထောင်နေပြီးမှ . . .

"ကောင်းပါပြီ အစ်ကို"

ဟု ဝန်ခံလျက် ထွက်ခွာလာခဲ့လေသည်။

သို့သော်လည်း စောလွင်သည် ဝင်းမာနေ အိမ်သို့လာခြင်းဖြစ်၏။ ဝင်းမာမှာတော့ သူနှင့် ဓာတ်ပုံတွဲရိုက်ပေးမိသည့်နောက် တွေးမိရင်း ရှက်နေ၍ အိမ်ပြင်မထွက်ပါတော့။ စောလွင်ကိုလည်း လုံးဝအတွေ့မခံတော့ပေ။

စောလွင်မှာ အတော်မှုန်၍လာပါသည်။ ဝင်းမာသည် အိမ်တွင် ဘယ်သူမှမရှိတုန်း စောလွင် မူး၍လာသောကြောင့် ရှက်၍လား၊ ကြောက်လွန်း၍လားတော့မသိ အသားများပင် ဆတ်ဆတ်တုန်နေလေသည်။ ပါးပြင်၌ မျက်ရည်များ စီးအန်နေသည်ကြားမှ . . .

"သွားပါတော့. . သွားပါတော့"

ဟု သူ့ကျောပြင်ကို တွန်းလျက် နှင်ထုတ်နေ၏။

"သွားပါ့မယ်. . . သွားပါ့မယ်၊ ဒီနေ့လာတာ ကျွန်တော်နောက်ဆုံးပါ၊ ဟောဒီရင်ထဲက ခံစားချက်တွေကို ဖွင့်ဟပြချင်လို့"

"အို. . . မလိုဘူး မလိုဘူး၊ ဝင်းမာ ကြောက်တယ်၊ ဝင်းမာ ယောကျ်ား ဒီနေ့အလုပ်မဆင်းဘူး၊ ကားအုံနာဆီသွားတာ ပြန်လာလိမ့်မယ်၊ သွားပါ၊ သွားပါ၊ သွားပါတော့"

စောလွင်သည် ထိုင်ရာကထရင်း သီချင်းဆို၏။

"ချစ်သူသာ ပျော်နိုင်ပါစေ×××သည်လင် သည်သား သည်ယောကျ်ားနှင့်လေ××× ထာဝရ ထာဝရ မေတ္တာထား အချစ်များစွာနှင့်နေ×××မောင့်အဖို့တော့လေ အရှက်ဖြေတေးပေမယ့် မျက်ရည်ကလေးတွေဝေ××× အလွမ်းတေးပေမယ့်လည်း ပန်းကလေးကို မွေးစေ××× နှုတ်ခွန်းဆက်ပါရဲ့ နှုတ်ခွန်းဆက်ခဲ့ပါရဲ့ အချစ်သက်သေ×××"

"သွားပါတော့၊ သွားပါတော့"

ဝင်းမာသည် သူ့ကျောပြင်ကို ထုရိုက်ကာ အိမ်ရှေ့သို့ တွန်းထိုးပစ်လိုက်၏။ သူထွက်ခွာသွားသောအခါ ဝင်းမာ ငိုင်လျက် ငိုမိနေသည်။

သို့သော် အကြားအာရုံမှာတော့ ဖြင့် . . .

"ငါတူမရယ်၊ ကိုယ့်ယောကျ်ားကို သနားပါ။ ကိုယ့်ယောကျ်ား ကားမောင်းနေရတဲ့ လုပ်ငန်းဟာ အသက်အန္တရာယ်နဲ့ အနီးကလေးပါ၊ ကားမောင်းနေရတဲ့ လုပ်ငန်းကို ခဏလေး သတိလစ်သွားရင် ခဏလေးနဲ့ မတော်တဆတွေဖြစ်တတ်တာ၊ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ ငါတူမတို့က ယောကျ်ား စိတ်ချရအောင် အနေအထိုင် ဆင့်ခြင်မှ ယောကျ်ားက စိတ်ချောင့်ဖြောင့် ကားမောင်းနိုင်မှာပါ၊ တချို့မိန်းမတွေဆိုရင် ကိုယ့်ယောကျ်ား အန္တရာယ်ကင်းအောင် ဆုတောင်းပေးနေကြရတာ"

မ. ထ. သ လိုင်းကြပ် ကိုကျော်လင်း စကားများက ဝင်းမာ နားစည်တွင် အဖန်ဖန် ကြားယောင်နေပါတော့သည်။

မောင်ဆွေမွန်

www.burmeseclassic.com

ကျွန်တော်နဲ့ ကျေးဇူးကြောင်

ကျောင်းပေါင်းစုံ ယှဉ်ပြိုင်ကစား ရမည့် ဘောလုံးပွဲအတွက် ကျွန်တော့်ကို ရွေးလိုက်သည်ဆိုသောအခါ ကျွန်တော် အံ့လွန်ပျော်သွားရ၏။

ကျောင်းသားလူငယ်တစ်ထောင် ကျော်ထဲမှ (၁၈)ယောက်မျှသာ ရွေး သော ကျောင်း ဘောလုံးအားကစား အဖွဲ့တွင် ပါဝင်အရွေးခံရဖို့ ဆိုသည်မှာ လွယ်ကူလှသည်မဟုတ်ပါ။ ရှားရှားပါး ပါး ရွေးချယ်ခံရသည့် ကိစ္စဖြစ်၏။ ကျောင်း၌ ကျွန်တော့်ထက် စီနီယာကျ သူများ အများအပြား ရှိနေရဲ့မက ကျွန်တော့်အခန်း၌ ကျွန်တော်သည် လူသစ်ဖြစ်သလို အများနှင့်မတူနိုင် သောသူလည်း ဖြစ်၏။

ကျွန်တော်က ဆင်းရဲနွမ်းပါးသူ ဖြစ်သည်။ အဘိုး ကျေးဇူးကြောင့်သာ ကျောင်းနေရခြင်း ဖြစ်သည်။ ကြုံရာ ကျပန်း အလုပ်များလုပ်၍ အဘိုးက ကျွန်တော့်ကို ကျောင်းထားခဲ့သည်။

ပညာမရှိ၍ သူတစ်ပါးဝန်ထမ်း ဖြစ်နေရသော သူဘဝလို ကျွန်တော့်ကို မဖြစ်စေရဟု ဆိုသည်။ ကျွန်တော် ပညာတတ်ကြီး ဖြစ်ရမည်။ ဘွဲ့ထူး ဂုဏ်ထူးတွေ ရရှိစေရမည်ဟုပြောသည်။ သို့ကြောင့်ပင် ဆင်းတောင့်ဆင်းရဲ ခက် ခက်ခဲခဲကြားမှ မဖြစ်မနေ ကျောင်း ထားခဲ့ခြင်းဖြစ်၏။

အဘိုးကျေးဇူးကြောင့် ကျောင်း နေ့နေရသည့် ကျွန်တော်သည် ပညာ ရေးအတွက်မို့သာ ကြိုးစားပန်းစား ကျောင်းတက်နေရသော်လည်း အများ နည်းတူ နေနိုင်သူမဟုတ်ဘဲ ကျောင်း အဝတ်အစားပင် များများမရှိခဲ့။

အများတကာ ထမင်းစားချိန်၌ ကျောင်းမလာခင် အဆာခံ စားလာ သော နံနက်စာမှလွဲ၍ စားရသူ မဟုတ်။ ရေအဝသောက်၍ ဝိုက်မှောက်နေရသူ ဖြစ်သည်။ နောက်ပြီး ဒီကျောင်းသို့ ကျွန်တော် ရောက်လာခဲ့သည်မှာ လေးငါးလ လောက်ပင် ရှိဦးမည်။ အဖေနှင့်အမေ နယ်တွေလုရင်း ဇာတ်ခေါင်းတွေ ကွဲခဲ့ သည် ဆိုကတည်းက ကျွန်တော့်ကို အဘိုးက ခေါ်ယူမွေးစားခဲ့၏။

အဘိုးမှာ ကျွန်တော့် အဖေ ဘက်မှ တော်စပ်သူ ဖြစ်သည်။ ပြည်မြို့ ဆံတော်ရပ်၌ တစ်ယောက်တည်းနေပြီး ကြုံရာကျပန်းလုပ်သည့် ပုခုံးထမ်း ခြေ ကျင်သမား ဖြစ်သည်။

အစတော့ အဖေက ကျွန်တော့် အတွက် စရိတ်ထောက်သေးပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ အိမ်ထောင်ထပ်ပြုသွား သဖြင့် မထောက်တော့ချေ။ အမေက လည်း အဖေ့နည်းတူ နောက်အိမ် ထောင်ပြုသွားသည့်အခါ ကျွန်တော် သည် အဘိုး၏ မွေးစားသားဘဝ အပြီး အပိုင် ရောက်ခဲ့ရတော့သည်။

အဘိုးက ကျွန်တော့်ကို ပြည်မြို့ အမှတ်(၁)အထက်၌ ကိုးတန်းအောင် သည်အထိ, ကျောင်းထားခဲ့၏။

ကျွန်တော် ၁၀ တန်းအတက်၌ အသက်အရွယ် ကြီးပြင်းဖြစ်သော အဘိုး သည် ဆွေမျိုးတွေရှိရာ သူ၏ဇာတိဖြစ် သည့် ပေါင်းတည်သို့ အပြီးအပိုင်ပြောင်း လာခဲ့သည်။ ပေါင်းတည်၌ ကျွန်တော့် ကို ကျောင်းဆက်ထားခဲ့သည်။

ကျောင်း၌ လည်းကောင်း၊ အတန်းထဲ၌လည်းကောင်း ကျွန်တော် က မော်ကြွားနေနိုင်သူ မဟုတ်။ အများ နည်းတူ ဥတ်နိုင် စားနိုင်သူ၊ သုံးနိုင် ဖြုန်းနိုင်သူ မဟုတ်။ သိမ်ငယ်ညှီးနွမ်း စွာဖြင့် နေထိုင်ရင်း စာကိုသာ ကြိုးစား ပမ်းစား သင်ကြားနေရသူ ဖြစ်လေ၏။ တစ်နည်းဆိုရပါလျှင် ကျောင်း၌ လူ တော သူတော မဝင်ဆံ့သူ။

ထိုနေ့က ကျောင်းပေါင်းစုံ အား ကစား ဘောလုံးပြိုင်ပွဲအတွက် ကျွန် တော့်ကို ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအားကစားကော်မတီမှ ရွေး ချယ်လိုက်သည် ဆိုသောအခါ ကျွန် တော် အလွန်ပျော်သွားရ၏။

လူမရွေးခင် ဘောလုံးဝါသနာ ပါသူများကို ကျောင်းဘောလုံးကစား ကွင်း၌ အဖွဲ့လိုက် ကစားစေသည်။ ထိုမှ သင့်တော်သူများကို ပဏာမရွေးကာ ထိုရွေးချယ်ထားသူတွေကို အဖွဲ့အသီး သီး ဖွဲ့ပြီး ထပ်ကစားစေသည်။ ထို အထဲမှ ဆန့်ခါတင် ရွေးလိုက်ခြင်းဖြစ် သည်။

အဘိုးက မြေးဖြစ်သူ ကျောင်း ဘောလုံးအသင်းမှာ အရွေးချယ်ခံလိုက် ရသည် ဆိုသောအခါ ဂုဏ်ယူဝမ်းသာ မဆုံး ဖြစ်သွားသည်။ လူတွေ့တိုင်း လူကြုံတိုင်း ဂုဏ်ယူစွာ ပြောဆိုရသည် မှာ မမောနိုင် မပန်းနိုင်။

"ဆင်းရဲတာ ချမ်းသာတာကို ပဓာနမထားဘဲ လူမှန် နေရာမှန် ရွေး တတ်သူတွေလည်းရှိပါတယ် လူကံလေး ရယ်" ဟုလည်း အားတက်သရော ပြော ပါသည်။

❋

ညနေတိုင်း ကျောင်းဆင်းပြီဆို သည်နှင့် ကျွန်တော်တို့ ကျောင်း ဘောလုံးကွင်း၌ ဘောလုံး လေ့ကျင့်ကြ ရသည်။

ဘောလုံး ကစားသူတွေထဲတွင် အားလုံးလိုလို ချမ်းသာကြသူတွေ၊ အရာရှိ အရာခံကြီးတွေ၏ သားသမီး တွေလိုလို ချည်းဖြစ်ပြီး ကျွန်တော် ထစ်ယောက်သာ ဆင်းရဲနွမ်းပါးသူ၏ သား ပါသည်။ အများက ဘောလုံး ကန်အကျိ၊ ဘောင်းဘီ၊ ခြေအိတ်၊ ဖိနပ် တို့နှင့်ဖြစ်၏။ အားလုံး ဝတ်စုံလှလှ လေးတွေကို ဝတ်ဆင်၍ ကစားကြ သည်။ ထိုအထဲတွင် ကျွန်တော်က ပုဆိုး ခါးတောင်းကျိုက်နှင့်၊ ခြေဗလာနှင့် စွပ် ကျယ်ချိုင်းပြတ်ဝတ်လို့ . . .

ဘောလုံးကစားချိန်တိုင်း သူတို့ ၏မိဘတွေက ကားတွေနှင့်၊ မော်တော် ဆိုင်ကယ်တွေနဲ့ အသီးသီး ရောက်လာ ကြသည်။ သူတို့၏ သားသမီးတွေကို အားပေးသည်။ အားကစားနည်းပြနှင့် တိုင်ပင်ပြီး လိုအပ်တာတွေ ပြောဆို သင်ပြသည်။ ခေတ္တနားချိန်၌ အမော ပြေ သူတို့၏သားသမီးတွေကို အချိုရည် တိုက်ကြသည်။ တဟေးဟေး တဟား ဟားနှင့် ပျော်နေကြသည်။

ကျွန်တော့်မှာတော့ လိုက်လာ အားပေးမည့်သူ မရှိ။ အဘိုးကလည်း မအား။ သူတို့လို အချိုရည်သောက်နိုင် ဖို့ငေးစွာ၊ ဘောလုံးကန်အကျိ၊ ဘောင်းဘီ မင် မဝယ်နိုင်။ ကျောင်းမှငုတ်ပေးမည် ဆို၍ အနည်းငယ် စိတ်သက်သာသလို ဖြစ်မိသော်ကလည်း သူတို့အားလုံးကိုကြည့် ပြီး ဝမ်းနည်းမနေမိ၏။

သူတို့ကို အားကျနေမိသော စိတ်က ကျွန်တော့်ကို ဝမ်းနည်းစေပါ သည်။ အဖေနှင့်အမေကို သတိရစေ ပါသည်။ ကျွန်တော့်မှာ သူတို့လို အဖေ၊ အမေတွေ ရှိနေမည် ဆိုပါလျှင် . . . ဆိုသည့်အတွေးက ရင်ထဲ အမြဲမွန်းကျပ် ဆို့နစ်စေပါသည်။

ယခုတော့ ကျွန်တော့်မှာ အဖေ၊ အမေရှိပေမယ့် ဓာတ်ခွဲတပြားစီ။ ကျွန် တော်နှင့်က ဘဝတွေ ခြားနေသလို ဖြစ်သည်။

ဆရာကြီးနှင့် ကျွန်တော်တို့အဖွဲ့ ထဲမှ မြသွေးက ကျွန်တော့်ကိုကြည့်ပြီး စာနာစိတ်မကောင်းစွာဖြင့် သူ သောက် သော အချိုရည်တို့ တစ်ဝက် တစ်ဝက် ချန်လာပေးသည်။ဆရာကြီးက သကြား လုံးပေးသည်။ ကျွန်တော်က မြသွေး ချန်လာပေးသော အချိုရည်ကိုလည်း မသောက်နိုင်။ ဆရာကြီး ပေးသည့် သကြားလုံးကိုလည်း မမြိုမကျ။

နားထဲမှာ . . .

"အိုး ကောင်လေးကလည်းကွာ၊ ဘောလုံးကစားတာ အားကစားဝတ်စုံ လေးမှ မဝယ်နိုင်ဘူးလား၊ မသိဘူး၊ ပုဆိုးခါးတောင်းကျိုက်နဲ့ ဖြစ်နေလိုက် တာ၊ ဒါဆိုရင်လည်း ဝင်,မကစားနေ ပါနဲ့တော့ကွာ" ဆိုသည့် အသံများနှင့်

"ဘယ်ဝယ်နိုင်မှာလဲ ဒက်ဒီရယ်၊ အဲဒီကောင်က အဖေ၊ အမေ ရှိတာ မဟုတ်ဘူး၊ ဟို အနှိပ်သည်အဘိုးကြီးက မွေးစားထားထာတဲ့" ဆိုသော အသံ တွေကိုကြားပြီး ငိုချင်စိတ်ပေါက်နေ၏။

ကျွန်တော်သည် အဲဘိုးကိုတော့ ထိုအကြောင်းတွေကို တစ်ကြိမ်တစ်ခါမျှ ပြောမပြခဲ့ပါချေ။ အဘိုး စိတ်မချမ်း မသာ ဖြစ်သွားမှာကို စိုးသဖြင့် လုံးလုံး မျိုသိပ်ခဲ့၏။ ကျွန်တော် ပြောပြခဲ့သည် များကတော့ အဘိုး စိတ်ချမ်းသာစရာ များတွေချည်း ဖြစ်ပါသည်။ အဘိုး သိသမျှသည် အကောင်းတွေချည်း ဖြစ် ပါ၏။ သို့သော် အဘိုးကွယ်ရာ၌တော့ ကျွန်တော် မျက်ရည်ကျမိခဲ့ရပါသည်။

www.burmeseclassic.com

ငိုခဲ့မိရပါသည်။ ဒီလိုနှင့်ပင် ဘောလုံးပွဲတွေ စတေ့မည့်ရက်က တဖြည်းဖြည်း နီးလာပြီဖြစ်သည်။

❋

ဘောလုံးပွဲက စစချင်း ယမန်နှစ်က ဒိုင်းယူခဲ့သည့် (-----)ပြိုင်နယ်မှ အသင်းနှင့် ကွင်းဖွင့်ပွဲအဖြစ် ကစားရမည် ဖြစ်၏။ နာမည်ကြီးအသင်းနှင့် ကစားရမည်မို့ ရွှေထားသော (၁၈) ယောက်မှ ကျောင်းအုပ်ဆရာကြီးက ထပ်ရွေးရာ အဓိက (၁၁)ယောက်၌ ကျွန်တော်ပါလာခဲ့သည်။ ကျွန်တော်က ကွင်းလယ်ကစားသမား ဖြစ်သည်။

ပွဲမကစားခင် တစ်ရက်အလို၌ ဆရာကြီးနှင့် အားကစားကော်မတီက အားကစားဝတ်စုံတွေ ထုတ်ပေးသည်။ အင်္ကျီ၊ ဘောင်းဘီ၊ ခြေအိတ်၊ ဖိနပ် အစုံပါသည်။ ကျောင်းခန်းမကြီးထဲတွင် ထုတ်ပေးခြင်းဖြစ်ပြီး ကျောင်းအုပ်ကြီးက အမှာစကားပြော၏။ ထိုပွဲသို့ ဒေကျောင်းလက်ရွေးစင်အဖွဲ့သားတို့၏ မိဘတွေလည်း တက်ကြွသည်။

"ဟေ့- မင်းက ရုတ်နာဆန်စက်က ကိုရဲနိုင်းသားလား၊ မင်းက ကော မြနန္ဒာ ဆန်စပါး၊ပဲ ရောင်းဝယ်ရေးပွဲရုံက ကိုထွန်းနိုင်သား မဟုတ်ယ်၊ ဟိုဟာက ဦးဝန်ထောက်ကြီးသားလေ၊ သူကတော့ မြို့နယ်မှူးသားဂေါ့"

စသည်ဖြင့် တစ်ဦး၏ ဂုဏ်ပုဒ်များကို ထုတ်၍ တစ်ဦးက မေးကြ စမ်းကြ ပြောကြ ဆိုကြနှင့် ညံနေသည်။ အားလုံး အရောင်အဆင်းတွေနှင့်။

ကျွန်ထော့်ကိုတော့ မည်သူကမျှ အရေးတယူ မလုပ်ကြ။ မေးမြန်းခြင်း မပြုကြကြ၊ မသိကျိုးကျွန်နေကြ၏။

သို့သော် မသိမသာတော့ လှမ်းလှမ်း ကြည့်သွားကြသည်။ သူတို့၏ မျက်ဝန်းများတွင် ရိုးသားစွာကြည့်သည့် မျက်ဝန်းကနည်း၍ အထင်သေး အမြင်သေးသည့် မျက်ဝန်းတွေက များသည်။ တကယ်တော့ ဘောလုံး စတင်လေ့ကျင့်သည့် အချိန်ကတည်းက ကျွန်တော့်ကို သူတို့သိပြီးသားတွေပင်ဖြစ်၍ အရောင်အဆင်း မဲ့နေသော ကျွန်တော့်ဘဝကို သူတို့ မြင်ကြပြီးဖြစ်သည်။

"မင်း အဘိုး လိုက်မလာဘူးလား"

ကျောင်းဘောလုံး လက်ရွေးစင်များထိုင်သည့် ခုံများ၌ ကုပ်ကုပ်လေး ထိုင်နေသော ကျွန်တော့်ကို ဘေးချင်းယှဉ်ထိုင်နေသည့် မြသွေးက လှမ်းမေးသည်။

"ငါ မခေါ်ပါဘူး မြသွေးရာ၊ ဒါပေမဲ့ အဘိုးက ငါ ကျောင်းဘောလုံးလက်ရွေးစင်အဖြစ်အရွေးခံရတဲ့အတွက် သိပ်ဝမ်းသာ သိပ်ဂုဏ်ယူနေတာကွ၊ သူပါ လိုက်မယ့်ပြောလို့ မနည်းဆားခဲ့ရတယ်၊ ငါ အဘိုးကို ဘယ်နည်းနဲ့မှ စိတ်မဆင်းရဲစေချင်ဘူးကွာ"

ကျွန်တော်က စိတ်မကောင်းစွာ ဆိုလိုက်၏။

မြသွေးက သဘောပေါက်စွာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"အေး.. ့ . အေး ငါ သိပါတယ်ကွာ၊ ဒါပေမဲ့ သောင်းထွဋ်ရာ မင်းစိတ်ဓာတ်မကျပါနဲ့၊ သစ်ငုတ်ပြင့်တုံမြက်မြင့်တုံတို့မှ မှန်းကင်းတစ်လှည့် ထင်းတစ်လှည့်တို့ ဆိုတာတွေ မင်း ကြားဖူးမှာပါ၊ ဘဝဆိုတာ တစ်သမတ်တည်း ရပ်နေတာ မဟုတ်ပါဘူး၊ အနိမ့်အမြင့် အတက်အကျတွေနဲ့ ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေတယ်၊ တစ်နေ့ အနိမ့်ဆုံး လူဟာ အမြင့်ဆုံး မရောက်ဘူးလို့ မပြောနိုင်သလို အမြင့်ဆုံးလူကလည်း အနိမ့်ဆုံး မရောက်ဘူးလို့ ဘယ်သူကမှ မပြောနိုင်ပါဘူး၊ ဘာမှ မင်း အားမငယ်ပါနဲ့"ဟုလည်း အားပေးစကား ဆိုပါသည်။

မြသွေး၏စကားများက ကျွန်တော့်အတွက် အားဆေးများဖြစ်သည်။ ကျွန်တော်ကိုယ်၌လည်း ထိုအတိုင်းပင် ခံယူထားခဲ့၏။

သို့သော် ပုထုဇဉ်လည်းဖြစ် နုနယ်သော အရွယ်လည်း ဖြစ်နေသေးသော ကျွန်တော်သည် အကြွင်းမဲ့ခံနိုင်ရည်မရှိသည်ကတော့ အမှန်ပါပင်။

"ကျေးဇူးတင်ပါတယ် မြသွေးရာ"

ကျွန်တော်က မြသွေးကို ကျေးဇူးတင်စကား ဆိုလိုက်ပါသည်။ တကယ်တော့ မြသွေးသည် ကျွန်တော့်အတွက် နွယ်တစ်ပင် မြက်ထစ်ပင်ပင် ဖြစ်ခဲ့ပါ၏။

ထိုနှစ်က ဘောလုံးပွဲတိုင်း၌ ကျွန်တော်တို့အသင်း ရှုံးပွဲမရှိ အနိုင်ရခဲ့ကာ နောက်ဆုံး ဒိုင်းဆုကြီးကို ရရှိအောင်ပွဲခံနိုင်ခဲ့သည်။

ထို့အတူ ကျောင်းပေါင်းစုံ ဘောလုံး အကဲဖြတ်ဒိုင်အဖွဲ့နှင့် သက်ဆိုင်ရာမှ ကျွန်တော့်ကို အကောင်းဆုံး ကစားသမားတစ်ယောက်အဖြစ် ရွေးချယ်ခဲ့ကြသည်။

❋

ဆုပေးပွဲနေ့တွင် ဘောလုံးကွင်းကြီး တစ်ကွင်းလုံး ဆုရရှိကြမည့် ဘောလုံးအသင်းမျာ်း၊ အသန့်ရှင်းဆုံးဆု ရရှိမည့်သူများ၊ ၎င်းတို့၏ မိဘညီအစ်ကို မောင်နှမများ၊ အခြား ကြွရောက်လာကြသော ပရိသတ်များ၊ ဆုချီးမြှင့်ကြမည့် သက်ဆိုင်ရာမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ စသည်တို့ဖြင့် ပြည့်လျှံနေသည်။ လူအုပ်ကြီး၏ အသံတို့ဖြင့် အုတ်အုတ်ကျက်ကျက်လည်း ဖြစ်နေ၏။

အသံချဲ့စက်မှ အစီအစဉ် ကြေညာနေသံများ၊ ဆုပေးပွဲ၌ ဧည့်ခံဖြေဖျော်နေကြသည့် ဂီတ အနုပညာရှင်တို့၏ အသံများကြောင့်လည်း ဘုဝဂ် ညံမျှ ရှိလေ၏။

အားလုံး ဆုရရှိမည့်၊ ဆုယူကြမည့်သူတို့ငယ်၏ နောက်၌ အပြုံးကိုယ်စီ ဝေနေကြသော မိဘတွေ ညီအစ်ကို မောင်နှမတွေ ရှိနေကြသော်လည်း ဘောလုံးအကောင်းဆုံးဆု ရရှိသည့် ကျွန်တော့်နောက်မှာတော့ အဘိုးမှလွဲ၍ မည်သူတစ်ယောက်မျှ ပါမလာ။

www.burmeseclassic.com

www.burmeseclassic.com

အဘိုးသည် ယနေ့ ကျွန်တော်တို့ ဘောလုံးအသင်း ဒိုင်းယူမည့်နေ့ဖြစ်သလို မြေးဖြစ်သူ အကောင်းဆုံး ဘောလုံးသမားဆု ယူမည့်နေ့ ဖြစ်သဖြင့် မည်သို့မျှ တားမရတဲ့ "အဲဒါမှ ငါ့မြေးကွ" ဟုဆိုကာ ကျွန်တော်တို့နောက်ဆုံးဗိုလ်လုပွဲကစားရာ ဘောလုံးကွင်းထဲသို့ လိုက်လာ အားပေးခဲ့ခြင်းဖြစ်သည်။ အဘိုးသည် ကျွန်တော့်ကို ကြည့်ပြီး အားမာန်တို့တက်ကြွနေသည်။

ကျွန်တော်သည် ဒီလို ပွဲကြီးပွဲကောင်းမျိုး၌ အများနည်းတူ အဖေနှင့် အမေကို ကျွန်တော်နှင့်အတူ ရှိနေစေချင်သည်။ ကျွန်တော့်နောက်မှ လိုက်လာ အားပေးနေစေလိုသည်။

သားကိုကြည့်၍ ဂုဏ်ယူစေချင်သည့် ကျွန်တော်ကလည်း သူတို့သား အောင်ပွဲဆင်နိုင်ခဲ့သဖြင့် ပြုံးပန်းဝေနေကြမည့် အဖေနှင့်အမေ၏မျက်နှာတွေကြည့်ပြီး ခွန်အားတွေဖြစ် ပီတိတွေဝေချင်သည်။

ယခုတော့ ကျွန်တော့်နောက်မှာ အဘိုးတစ်ယောက်တည်း။

ကျွန်တော့်တို့ ကျောင်းဘောလုံးအသင်း ဒိုင်းဆုကြိုးယူ၊ ပြီးတော့ ဒုတိယရသည့် အသင်းနှင့် တတိယရသည့် အသင်းတို့ ဆုယူကြသည်။ ဘောလုံးအသင်းတွေ ပြီးတော့ အကောင်းဆုံးဘောလုံးသမားဆုရသော ကျွန်တော် သီးသန့်ဆု တက်ယူရသည်။

ကျွန်တော် ဆုယူပြီး ဆင်းလာတော့ အဘိုးက လူအုပ်ထဲမှ ပြေးထွက်ကြိုသည်။ ကျွန်တော့်ကိုကြည့်ပြီး အဘိုးဝမ်းသာဝမ်းနည်း ဖြစ်နေသည်။

အဘိုး၏ မျက်ဝန်း၌ အားရွှင်လန်းမှုနှင့် ညှိုးနွမ်းအားငယ်မှုတို့ ရောစွက်နေသည်။ အဘိုးသည် ကျွန်တော့်ကို ဖက်ပြီး...

"တင့်ဆွေနဲ့ ခင်ခင်တို့ရေ... မင်းတို့သားလေးကို အားပေးလှည့်ကြစမ်းပါဦးတော့ကွာ" ဟုဝမ်းနည်းဝမ်းသာ ဖြစ်နေသည့် တုန်တုန်ယင်ယင် အသံကြီးဖြင့် အော်လိုက်သည်။ နောက် ကျွန်တော့် ကျောပေါ်သို့ အဘိုး၏မျက်ရည်များ တပေါက်ပေါက် ကျလာကြသည်။

ထို့အတူ ကျွန်ုပ်တစ်ကလည်း အဘိုးကို တင်းကျပ်စွာ ပြန်ဖက်ထားရင်း မျက်ရည်များ မဆည်နိုင်အောင် စီးကျလာပါတော့တ်။ ကျွန်တော်တို့မြေးအဘိုးတွေ လူတောထဲမှာပင် မှန်ရောင်နိုင်ဘဲ ငိုချလိုက်မိကြသည်။

မှန်ရာကို ဝန်ခံရပါလျှင် ထိုနေ့က ကျွန်တော်သည် ဆုရရှိသဖြင့် ဟော်ရွှင်နေရမည့်အစား မိဘမဲ့ သားစာစ်ယောက်အနေဖြင့် အဖေနှင့်အမေကို မျှော်လင့်တမ်းတရင်း လုံးဝ မဟော်ဝိုက်နိုင်ဘဲ ပိုမိုချစ်ခင်အားငယ်နေမိပါတော့သည်။

တကယ်တော့ ကျွန်တော့်ဘဝက ရေငေးသည့်ကြာပင် ဖြစ်ပါတော့၏တကား။

နေဝန်းနီ

သားသမီးအတွက် တစ်သက်တာစိတ်ချမ်းသာစေရန်

- ကျန်းမာ သန်စွမ်း၊ ဉာဏ်ပညာ ထက်ပြက်ထူးချွန်၊ သွက်လက် ချက်ချာ၊ ဆရာမိဘ ပြောစကား နားထောင်၊ လိမ္မာယဉ်ကျေး၊ အောင်မြင်-ကျော်ကြား၊ ချမ်းသာကြီးပွား၊ အကျင့်စာရိတ္တ ကောင်းမွန်၊ မိဘကျေးဇူး ပြန်ဆပ်နိုင်မည့် သားသမီးကောင်းများ မွေးဖွားရရှိရန် မိခင်ကိုယ်ဝန် ခွဲစိတ်မွေးဖွားမည့် နေ့ရက်ကောင်း၊ အချိန်အခါကောင်း (ဆရာဝန် သတ်မှတ်ပေးသောအချိန်ဇာလအတွင်း) ရွေးချယ်ပေးနိုင်ပါတယ်။
- ဘေးဥပဒ်အန္တရာယ်ကင်း၊ အပျော်အပါး အသောက်အစားမမက်၊ အပေါင်းအသင်း မမှား၊ ပညာ ကြိုးစား၊ အလုပ်အကိုင် စီးပွား တိုးတက်အောင်မြင်၊ အချစ်ရေး အိမ်ထောင်ရေး ကံကောင်း၊ ချမ်းသာ ကြွယ်ဝ၊ မိဘ မောင်နှမတို့ကို စောင့်ရှောက်ကူညီပေးနိုင်သော သားသမီးကောင်းဖြစ်ဖို့ နာမည်မှန်၊ နာမည်ကောင်း ရွေးချယ်ပေးနိုင်ပါတယ်။

ဆရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)

လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၈၄၃၊ ဦးစီစာရင်းမင်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

ဖုန်း-၅၀၆၂၂၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၃၀၁၇၀၀၅၅၊ ၀၉-၇၃၀၀၁၆၂၂၄၊ ၀၉-၂၅၂၃၀၆၆၇၅၊

ဖုန်း-၅၀၄၄၄၀၀၈၊ ၀၉-၇၉၅၆၀၇၄၇ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

ပုံစံတူသို့အားကိုးမသွားလေခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကို ပိတ်လိုက်ကာ သီရိမွန် တသိမ့်သိမ့် ငိုရှိုက်မိပြန်သည်။

ဤစာအုပ်ကို ဖတ်လိုက်တိုင်း သီရိမွန်ရဲ့ အဖြစ်က ထိုသို့ ငိုကြွေးရသည်ချည်း။

မင်းခန့်ညား သေဆုံးရခြင်းမှာ မြေအောက်မှော်ဂိုဏ်းအဖွဲ့ကို ယုံကြည်မိ၍ တတိယအဆင့်ဝင် မှော်ဆရာဖြစ်စေရန် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားရခြင်းဟု စာအုပ်ထဲတွင် ရေးသားထားသော်လည်း သီရိမွန်၏ အတွေးထဲတွင်တော့ မိမိကြောင့် သေဆုံးသွားရသည်ဟူ၍သာ တွေးတောရင်း ကိုယ့်ကိုယ်ကိုယ် မုန်းတီးနေတုန်း။ (၂၀၁၃၊ ဖေဖော်ဝါရီလထုတ် လပြည့်ဝန်းမဂ္ဂဇင်းမှ 'အိပ်မက်လေလား ဝိုးတဝါး')

အမှန်ဆို သီရိမွန် သူ့အချစ်ကို လက်ခံခဲ့သင့်သည်။ သူက ငေးငေးငိုင်ငိုင်နှင့် စကားကို မပွင့်တပွင့်ဆိုတတ်ပေမယ့် တစ်ဖက်သားကို ထိခိုက်နစ်နာအောင် တစ်ခါမျှ လုပ်တတ်သူမဟုတ်သလို သီရိမွန်ကိုလည်း စွဲစွဲနစ်နစ် ချစ်မြတ်နိုးနေမှန်းကို သီရိမွန် မသိမဟုတ်၊ သိသည်။ သိလျက်သားနှင့် ထိုနေ့က သီရိမွန် သူ့မေတ္တာကို ငြင်းဆန်ခဲ့မိသည်။ အရာအားလုံးဟာ သီရိမွန်ရဲ့ အမှားတွေချည်းသာ။

မင်းခန့်ညားရဲ့ မိသားစုဖြစ်တဲ့ အန်တီမာလာနှင့် ရင်နှေးမိုးဆိုတာကလည်း သီရိမွန်အတွက် ကိုယ့်မိသားစုဝင်လို ရင်နှီးကျွမ်းဝင်နေသူတွေ။ မင်းခန့်ညား ဆိုတာကလည်း အမှန်တော့ သီရိမွန်နှင့် ငယ်ငယ်ကတည်းက အတူတကွ ကြီးပြင်းခဲ့ရသူ။ တစ်ယောက်နှင့် တစ်ယောက်က ရင်းမဖွင့်ဖြစ်ခဲ့ကြပေမယ့် ငယ်ချစ်ဦးတွေဟုဆိုလျှင် မမှား။ ယခုမျှားတော့ သီရိမွန်ရဲ့ မူမှု၊ ခေါင်းမာမှု၊ အတ္တဆန့်မှုတွေက မင်းခန့်ညားကို သေဆုံးစေခဲ့ရပြီ။

ဤစာအုပ်ငယ်လေး သီရိမွန်၏ လက်တွင်းသို့ ရောက်ရှိလာခဲ့တာ လွန်ခဲ့သော သုံးနှစ်ကျော်ကာလကတည်းက။ သီရိမွန်က စာသိပ်ဖတ်တတ်သူမဟုတ်၍ စာအုပ်ဆိုင်တွေ ဘာတွေ ဝင်ကြည့်ခဲလှသည်။ ထိုနေ့က မှတ်မှတ်ရရ စာအုပ်ဆိုင်တစ်ဆိုင်ရှေ့က အဖြတ် 'ဆောင်းဦးနှင်းပန်း' ရေးသားတဲ့ 'မှော်ဆရာ'ဆိုတဲ့ စာအုပ်ကြော်ငြာငယ်တစ်ခုကို တွေ့လိုက်ရသည့်အခိုက် သီရိမွန်ရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားခဲ့ရသည်။ စာအုပ်မျက်နှာဖုံးပုံက သီရိမွန်ရဲ့ အာရုံတွေကို ဆွဲဆောင်ညှို့ယူထားလိုက်ပြီ။

"ဟင်. . . အစ်ကို၊ အစ်ကိုပုံပါလား"

ဟုတ်သည်။ စာအုပ်မျက်နှာဖုံးပုံက တိုက်အိုကြီးထဲတွင် သစ်သားထိုင်ခုံတစ်လုံးပေါ်၌ ခြေထောက်ချိတ်ကာ စတိုင်ကျကျ ထိုင်နေတဲ့ အကျီအနက်၊ ဘောင်းဘီအနက် ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်ပုံ။ ပန်းချီလက်စွမ်း ပြောင်မြောက်မှုကြောင့် တိုက်အိုကြီး၏ မှန်ချပ်ဆီမှ လျှံထွက်ကျဆင်းနေတဲ့ အလင်းရောင်ဖြင့် အမျိုးသား၏ မျက်နှာကို ပြတ်သားထင်ရှားစွာ ရေးဆွဲဖော်ပြထားခြင်းကြောင့်သာ မင်းခန့်ညား၏ ပုံဖြစ်မှန်း သီရိမွန် သိလိုက်ရခြင်းဖြစ်သည်။ ချက်ချင်းပင် ဆိုင်အတွင်းသို့ ဝင်ကာ ထို'မှော်ဆရာ' ဟူသော စာအုပ်ကို ဝယ်ယူပြီး အိမ်သို့ရောက်သည်နှင့် တန်းဖတ်မိသည့်အခါမှ ထိုစာအုပ်ဟာ မင်းခန့်ညား၏ အကြောင်းကို စာစီကုံးထားသော စာအုပ်မှန်း သီရိမွန် သိလိုက်ရသည်။

စာအုပ်ထဲတွင် အမည်နာမတွေကွဲလွဲစွာ ဖော်ပြထားသော်လည်း အဖြစ်အပျက်တွေကတော့ ထပ်တူထပ်မျှ။ မင်းခန့်ညားက သီရိမွန်ကို အွန်လိုင်းမြေအောက်ဂိုဏ်းအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြကာ သီရိမွန်ကို ရင်ဖွင့်ပုံ၊ သီရိမွန်က ခါးခါးသီးသီး ငြင်းဆန်ခဲ့ပုံတွေကို လှပသေသပ်တဲ့ အရေးအသားတွေနဲ့ စီကုံးသိဖွဲ့ထားတာကို ဖတ်ရတဲ့အခါတိုင်း သီရိမွန်ရဲ့ အသည်းနှလုံးကို ဓားနှင့် အထပ်ထပ်ခွဲနေသလို နာကျင်ခံစားခဲ့ရသည်။

"ချစ်သူနှစ်ဦးကြားမှာ အမှန်တော့ နားလည်မှုနဲ့ ယုံကြည်မှုဆိုတာ အင်မတန်လိုအပ်တဲ့ အရာပါ။ အချစ်ဆိုတဲ့ Sim card လေးကို ဒီနားလည်မှုနဲ့ ယုံကြည်မှုဆိုတဲ့ အလွှာနှစ်ဖက်ပါတဲ့ Handset ထဲကို ထည့်လိုက်မှသာ နှစ်ဦးနှစ်ဖက်ကို ကောင်းကောင်းဆက်သွယ်ပေါင်းစည်းပေးနိုင်မှာပါ။ ရိုးသားမှုဆိုတာကတော့ Battery လေး တစ်ခုလိုပေါ့။"

စာအုပ်ကို သီရိမွန် ပိတ်လိုက်မိသည်။ နောင်တ တရားနှင့် သောကတွေက သီရိမွန်ရဲ့ နှလုံးသားကို တင်းနစ်ဘောလုံးလို ရိုက်ပုတ်ကစားနေကြ၍ နာကျင်လွန်းလှပြီ။

"သီရိ အမှားကြီး မှားခဲ့ပါပြီ အစ်ကို"

အမှန်ဆို သီရိမွန် မင်းခန့်ညားရဲ့ စကားလုံးတိုင်းကို ချစ်သူကောင်းပီသစွာ ယုံကြည်ခဲ့သင့်သည်။ နောက်ပြီး မင်းခန့်ညားအပေါ် ချစ်နေတဲ့ သီရိမွန်ရဲ့အချစ်တွေကိုလည်း ရိုးရိုးသားသား ဖွင့်ပြောပြခဲ့သင့်သည်။ အခုတော့ အရာရာက သီရိမွန်ကို ချန်ထားရစ်ခဲ့ပြီ။ တွေးရင်းတွေးရင်းနှင့် အသိစိတ်တွေက အတိတ်ကို ဖျတ်ခနဲ ရောက်ရှိသွားသည်။

◆

ထိုနေ့က သီရိမွန်ကို စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံဖို့ မင်းခန့်ညားက ချိန်းဆိုခဲ့သည်။ ထိုစားသောက်ဆိုင်ကို သီရိမွန် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသဖြင့် အတော်ပင် ရှာယူခဲ့ရသေးသည်။

ဆိုင်သို့ရောက်တော့ မင်းခန့်ညား ချိန်းဆိုထားရာ အခန်းသို့ စားပွဲထိုးလေးတွေရဲ့ ပို့ဆောင်ပေးမှုဖြင့် ရောက်ရှိလာခဲ့ရ၏။ ကောင်လေးတွေက သီရိမွန်ကို အခန်းရှေ့တွင် ထားရစ်ခဲ့ကာ

www.burmeseclassic.com

ထွက်ခွာသွားကြောင်းဖြင့် သီရိမွန်လည်း အခန်းတံခါးကို ကိုယ် တိုင်ကိုယ်ကျ ဆွဲယူဖွင့်လိုက်သည်။

"ဟင်"

မြင်လိုက်ရတဲ့ အရာတွေက သီရိမွန်ကို အရမ်းကို အံ့အားသင့်သွားစေခဲ့သည်။ အို. . . ဘာတွေလဲ။ ဘာအဓိပ္ပာယ်လဲ။ သီရိမွန် အံ့သြခြင်းနှင့် မယုံနိုင်ခြင်း ဟူသော ခံစားချက်တွေကို တစ်ပြိုင်နက် ခံစားလိုက်ရ၍ နေရာ၌ပင် မလှုပ်မယှက် ရပ်တန့်နေလိုက်မိသည်။

"သီရိ အရမ်းထိတ်လန့်သွားလား၊ လာလေ ဝင်ခဲ့ပါ"

စားပွဲထိပ်တွင် ထိုင်နေသော မင်းခန်ညားက ထိုသို့ ခပ်အေးအေးခေါ်လိုက်တော့မှ သီရိမွန် အခန်းတွင်းသို့ မဝံ့မရဲ ဝင်လာလိုက်သည်။ အမှန်ဆို ထိုအရာတွေကို မြင်ကတည်းက သီရိမွန် အော့အန်ချင်နေပြီ။ ကြည့်ဦးလေ၊ လူ အရိုးခေါင်းတစ်ခုကို စားပွဲထိပ်တွင် တင်ပြီး ဖယောင်းတိုင်ထွန်းထားသလို ခက်ရင်းတွေ၊ ဇွန်းတွေကလည်း အရိုးနဲ့ လုပ်ထားတဲ့ဟာတွေ။ နောက်ပြီး ဘာမှန်းမသိတဲ့ ကြွေးခွက်တွေ၊ အရိုးခေသေးသေးလေးတွေကို စားပွဲအလယ်မှာ စုံပြုံတင်ထားသေးရဲ့။

ဒေါသ အရိပ်အဓွန့်တွေနှင့် အတူ သီရိမွန် မင်းခန်ညားကို ခပ်စူးစူး စိုက်ကြည့်လိုက်တော့ မင်းခန်ညားကတော့ သူမဟုတ်သလို ပုံစံမျိုးနှင့် သီရိမွန်ကို တည်ငြိမ်စွာငေးကြည့်နေသည်။ သီရိမွန် ဒေါသထွက်ပြေပေါ့၊ သီရိမွန် မျှော်လင့်တာက နှင်းဆီပန်းပွင့်ဖတ်တွေ ကြဲပက်ထားပြီး ဖယောင်းတိုင်တွေထွန်းညှိထားတဲ့ အခန်းတစ်ခန်း။ ယခုများတော့ အရိုးစုတွေ ဖြန့်ကြက်ထားပြီး ရွံစရာအတိ။

"အစ်ကို၊ ဒါ ဘာသဘောလဲ။ သီရိကို မွေးနေ့မှာ ခေါ်နောက်တာလား"

"မဟုတ်ပါဘူး သီရိရယ်၊ အစ်ကို သီရိကို ဖွင့်ပြောစရာ ရှိလို့ပါ"

သီရိမွန်က ဒေါသတကြီး မေးလိုက်ပေမယ့် မင်းခန်ညားကတော့ တည်တည်ငြိမ်ငြိမ် ပြုံးပြုံးရွှင်ရွှင် ပြန်ဖြေလိုက်သဖြင့် သီရိမွန်လည်း ဒေါသကို ထိန်းလိုက်ပြီး မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ပြောလေ၊ ပြောစရာရှိတာကို ပြောပါ၊ သီရိ နားထောင်နေပါတယ်"

"အစ်ကို ဒီစကားတွေ မပြောခင် သီရိကို တောင်းဆိုချင်တာက သီရိ ကိုယ့်ကို ယုံကြည်ပေးပါ၊ သီရိရဲ့မယုံကြည်မှုဟာ ကိုယ့်အတွက် ခွန်အားတစ်ရပ်ပါ"

မေတ္တာအဖြည့်နှင့် ငေးစိုက်ကြည့်နေရင်း တောင်းဆိုနေတဲ့ မင်းခန်ညားရဲ့ စကားလုံးတွေကြောင့် သီရိမွန်၏ နှလုံးအိမ် လှုပ်ရှားသွားခဲ့ရသည်။ ဒေါသတကြီး စူးစူးရှရှ ကြည့်နေမိရာမှ မျက်လွှာချလိုက်ပြီး . . .

"သီရိ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ သီရိက မိန်းမသားဆိုတာလေးကိုတော့ နားလည်ပေးပါ"

သူ ဖွင့်ပြောတော့မည်ဆိုတာကို သီရိမွန် သိလိုက်ရပြီမို့ မိန်းကလေးပီပီ ထိန်းပြောလိုက်ရပေမယ့် အမှန်တော့ သီရိမွန်ကိုယ်တိုင်လည်း သူနည်းတူ စိတ်တွေ လှုပ်ရှားနေပြီ မှုတ်တ်လား။

"တကယ်တော့ ကိုယ်က မှော်ဆရာတစ်ယောက်ပါ"

မင်းခန်ညားရဲ့ စကားအဆုံးမှာတော့ သီရိမွန်ရဲ့ အံ့သြမှုက အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့ရသည်။

ဘယ်လို. . . အမှန်ဆို သီရိမွန် မျှော်လင့်ထားတာက 'တကယ်တော့ ကိုယ်က သီရိကို ချစ်မိနေတာ ကြာပါပြီ' ဟူ၍။

ယခုတော့ မှော်ဆရာတဲ့။

သီရိမွန် သူ့ကို တံအံ့တသြ ငေးကြည့်နေရာမှ တစ်စုံတစ်ခုကို သဘောပေါက်လိုက်ပြီး. . .

"ဩော်- ဘာလဲ၊ အစ်ကိုက သီရိကို မျက်လှည့်ပြမလို့လား၊ ပြလေ သီရိကြည့်ချင်ပါတယ်"

သီရိမွန်ရဲ့ စကားကြောင့် မင်းခန်ညားက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး . . .

"မဟုတ်ဘူး သီရိ၊ အဲဒီလို မျက်လှည့်ဆရာမျိုးကို ပြောတာ မဟုတ်ဘူး၊ တကယ့် မှော်ပညာကို တတ်ကျွမ်းတဲ့ ဆရာ၊ တကယ့်မှော်ဆရာကို ပြောတာ"

"ဘယ်လို"

"သီရိ မယုံနိုင်ဘူးဆိုတာကို အစ်ကို သိပါတယ်၊ အစ်ကို ကိုယ်တိုင်လည်း ဒီအဖြစ်အပျက်တွေကို ဘယ်သူ့ကိုမှ ဖွင့်ပြောပြခဲ့တာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီနေ့တော့ အစ်ကို ပွင့်ပွင့်လင်းလင်း ပြောမှ ဖြစ်တော့မယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်ကတည်းက အွန်လိုင်းကတစ်ဆင့် ဒီမှော်ပညာတွေကို အစ်ကို သင်ယူနေခဲ့တာပါ၊ အခုဆို အစ်ကိုက တော်တော်ကို ကျွမ်းကျင်ပိုင်နိုင်နေပြီမို့ တတိယအဆင့် မှော်ဆရာအဖြစ်ကို တက်လှမ်းခွင့်ရတော့မယ်၊ ဒါပေမဲ့ တတိယအဆင့် အတွက်ပေးဆပ်ရမယ့်အရာက အစ်ကို့ကို ဝေခွဲရခက်စေတယ်၊ ရွေးချယ်ရမယ့် ဆုလာဘ်က နှစ်ခုဖြစ်နေတယ်၊ တစ်ခုက သီရိ၊ တစ်ခုက တတိယအဆင့် မှော်ဆရာ"

မင်းခန်ညားက စကားကို ထိုနေရာတွင်ရပ်ပြီး သီရိမွန်ကို ခပ်ဆွေးဆွေး ကြည့်လိုက်ပေမယ့် သီရိမွန်ရဲ့ အမှုအရာကတော့ ဆန့်ကျင်ဘက်ဆန်စွာ တင်းမာခက်ထန်နေသည်။ သီရိမွန် မျှော်မှန်းထားသည်က ကဗျာဆန်တဲ့ ချစ်ခွင့်ပန်မှုတစ်ခု၊ ယခုတော့ အဓိပ္ပာယ်မဲ့တဲ့ စကားတွေကို အနှစ်မဲ့စွာ ပြောဆိုနေတဲ့ မင်းခန်ညားကို သီရိမွန် ဒေါသထွက်စွာ စိုက်ကြည့်လိုက်ပြီး . . .

"အစ်ကို ဘာတွေဖြစ်နေတာလဲ၊ ဘာလဲ၊ သီရိကို ကန့်လန့်တိုက်တဲ့ သဘောလား၊ သီရိ ဒါမျိုးတွေကို အယုံအကြည် မရှိဘူးလို့ ပြောဖူးလို့ အစ်ကို က တမင်ရွဲတာလား"

"မဟုတ်ဘူး သီရိ၊ အစ်ကို အခု ပြောနေတာတွေက တကယ်ပါ၊ ကိုယ်

www.burmeseclassic.com

နောက်နေတာ မဟုတ်သလို အဓိပ္ပာယ် မရှိတာတွေလျှောက်ခပြောနေတာလည်း မဟုတ်ပါဘူး၊ အစ်ကိုဟာ တကယ်ပဲ မှော်ဆရာတစ်ယောက်"

"တော်တော့ အစ်ကို၊ သီရိ တအားစိတ်ဆိုးတယ်၊ ဒီနေ့မှာ သီရိရဲ့ မွေးနေ့လေ၊ အမှန်ဆို အစ်ကိုက သီရိ စိတ်ကျေနပ်မယ့် စကားလုံးတွေကို ရွေးချယ်ပြောသင့်တယ်၊ အခုတော့ အစ်ကိုက သီရိ မကြိုက်တာတွေကိုမှ ရွေးပြောနေထယ်ဆိုတော့ သီရိကို စိတ်ဒုက္ခပေးချင်တဲ့ သဘောပေါ့၊ သီရိ သီရိ မျှော်လင့်ထားတာက . . . "

သီရိမွန် စကားကို ရှေ့မဆက်တော့ဘဲ အံကိုသာ ကြိတ်ထားလိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီး. . .

"တော်ပြီ အစ်ကို၊ သီရိ ပြန်တော့မယ်၊ အစ်ကိုရဲ့ မှော်ဆရာဇာတ်လမ်းကို မြီးကောင်ပေါက်မလေးတွေကိုပဲ သွားပြောပြလိုက်တော့"

"ခဏ ခဏနေပါဦး သီရိရယ်၊ အစ်ကို ပြောတာ တကယ်ပါ၊ သီရိ ယုံကြည်ပေးပါ၊ အစ်ကိုရဲ့ ရွေးချယ်မှုဟာ သီရိပဲ ဖြစ်ပါရစေ၊ ဘာဖြစ်လို့လဲ ဆိုတော့ အစ်ကိုက သီရိကို မှော်ပညာတွေထက် ပိုချစ်လို့၊ အစ်ကို့ဘဝမှာ သီရိကို အချစ်ဆုံးမို့လို့"

ကြားလိုက်ရတဲ့ စကားတွေကြောင့် မတ်တတ်ထရပ်ပြီး အပြင်ထွက်ရန် ပြင်နေတဲ့ သီရိမွန်ရဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားရသည်။ သီရိမွန် အမျှော်လင့်ဆုံး စကားတစ်ခွန်းကို မင်းခန့်ညား၏ နှုတ်ဖျားက ထွက်ကျလာခဲ့ပြီ ဖြစ်သော်လည်း ဒေါသရဲ့ ဖုံးလွှမ်းဖိနှိပ်မှုကြောင့် ကြည်နူးစိတ်အဟုန်က မြင့်တက်မလာခဲ့။

ဒေါသထွက်လွန်း၍ ထထွက်သွားချင်သည်ဆိုပေမယ့် ဘာပဲပြော ပြော သီရိမွန်ကိုယ်တိုင်ကလည်း မင်းခန့်ညားကို တနိုပြန် မေတ္တာသက်ဝင်နေသူမို့ အခွင့်အရေး တစ်ခုလောက်တော့ ပေးသင့်သည်ဟု ယူဆမိတာကြောင့် . . .

"အစ်ကို မဟုတ်တဲ့အကြောင်းကို စကားမဆက်ဘဲ ရိုးရိုးသားသား ချစ်ခွင့်ပန်မယ် ဆိုရင်လည်း သီရိစဉ်းစားပေးမှာပါ၊ မဖြစ်နိုင်တဲ့ ဒီမှော်ဇာတ်လမ်းကို ရှေ့မဆက်ပါနဲ့တော့နော်"

"မဟုတ်ဘူး သီရိ၊ အစ်ကို သီရိဆီက ချစ်ခွင့်ရချင်လို့ ဒီဇာတ်လမ်းကို ဖန်တီးနေတာ မဟုတ်ဘူး၊ အစ်ကို တကယ်ပြောနေတာပါ၊ အစ်ကိုက မှော်ဆရာတစ်ယောက်ပါ၊ တတိယအဆင့်ကို ရောက်ဖို့အတွက် အစ်ကို့အသက်ကို စတေးရတော့မှာ၊ ဒါပေမဲ့ အစ်ကို စဉ်းစားလိုက်တော့ အစ်ကို သီရိကို မခွဲချင်ဘူး၊ သီရိကို မခွဲချင်သလို အစ်ကို တတိယအဆင့်မှော်ဆရာလည်း ဖြစ်ချင်တယ်၊ အစ်ကို့ အလွန်ရွေးရခက်နေလို့ သီရိဆီကို ရောက်လာခဲ့တာပါ၊ တောင်းပန်ပါတယ်၊ သီရိ ကိုယ့်ကို ယုံကြည်ပေးပါ၊ အစ်ကို့ကို ယုံကြည်ပြီး အဲဒီလမ်းကို မရွေးဖို့ တားဆေးပါဟယ်း"

မင်းခန့်ညားရဲ့ စကားဆုံးတော့ ဒေါသကြောင့် ဘဖျပ်ဖျပ်တောက်နေတဲ့ သီရိမွန်ရဲ့ မျက်လုံးတွေ မှေးမှိန်သွားခဲ့ရသည်။ မင်းခန့်ညားကို အလွန်အမင်း စိတ်ပျက်တဲ့အမူအရာနှင့် ငေးကြည့်လိုက်ရင်း . . .

"အစ်ကိုက တော်တော်ကြောဗိတဲ့ လူတစ်ယောက်ဆိုတာ သီရိ အခုမှပဲ သိတော့တယ်၊ သီရိ ဒီလိုလူမျိုးကို ဘဝလက်တွဲဖော်အဖြစ် မရွေးနိုင်ဘူး၊ သီရိကို စိတ်ချမ်းသာမှုလေးတောင် မပေးနိုင်တဲ့သူ တစ်ယောက်ကို သီရိ ဘယ်လက်ခံနိုင်ပါ့မလဲ"

ပြောစရာစကား ကုန်ပြီမို့ သီရိမွန် လှည့်ထွက်ရန် ပြင်လိုက်သည်။

"သီရိ သီရိ ခဏလေးပါ၊ အစ်ကို သီရိ ယုံအောင်ပြပါ့မယ်၊ ဦး မျောက်စေ"

မင်းခန့်ညားက သီရိမွန်ကို အော်ဟစ်ပန်းတားလိုက်ရင်း တစ်ဆက်တည်းမှာပဲ ဂါထာတစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဆိုလိုက်ရာ စားပွဲပေါ်က ပစ္စည်းတွေအားလုံး ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ထိုအခြင်းအရာကို အခန်းအပြင်သို့ ခပ်သွက်သွက် ထွက်ခွာသွားတဲ့ သီရိမွန်တစ်ယောက် မမြင်တွေ့သွားခဲ့ပါ။

ထိုတစ်နေ့လုံး သီရိမွန် ဒေါသတကြီးနှင့် အရာရာကို အလိုမကျဖြစ်ကာ စိတ်တိုနေခဲ့ရပေမယ့် နောက်တစ်နေ့ မိုးအလင်းမှာ ကြားလိုက်ရတဲ့ သတင်းတစ်ရပ်က သီရိမွန်ကို သွေးယွက်သွားစေခဲ့သည်။

"မင်းခန့်ညား အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပြီ"

ကြားလိုက်ရသော သတင်းကို မယုံနိုင်လွန်း၍ ဆေးရုံသို့ အသည်းအသန် ပြေးကြည့်တော့ မင်းခန့်ညား၏ ဖြူဖျော့ဖျော့ ရုပ်အလောင်းကိုသာ တွေ့မြင်လိုက်ရသဖြင့် သတင်းစဉ်မှန်ကြောင်း သိရှိခဲ့ရသည်။ ထိုအချိန်မှစ၍ မင်းခန့်ညား၏ ဘဝသည်လည်း နောင်တ တရား၏ လောင်းရိပ်အောက်ကနေ ဘယ်ကိုမျှ ထွက်ခွာ၍မရ။ ထိုစဉ်က အဖြစ်အပျက်တွေကို အသေအချာ သိခွင့်မရ၍ မင်းခန့်ညားတစ်ယောက် မိမိအမျှစ်ကို မရသဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်း ဖြစ်မည်ဟု ထင်မြင်ထားမိသော်လည်း ယခုတော့ ဤမှော်ဆရာစာအုပ်ရဲ့ ကျေးဇူးဖြင့် သီရိမွန် အကြောင်းစုံကို သိခွင့်ရခဲ့ဖြို့ မဟုတ်ပါလား။

"အစ်ကို့ရေ၊ သီရိလေ အခု မှော်ပညာ တကယ်ရှိတယ်ဆိုတာကို ယုံကြည်နေပါပြီ၊ အစ်ကို သီရိဆီကို ပြန်လာခဲ့ပါတော့နော်၊ သီရို မှားခဲ့တာတွေ အတွက် တောင်းပန်ပါတယ်"

သီရိမွန် တစ်ကိုယ်တည်းရေရွတ်ရင်း (၁၀၃)ကြိမ်မြောက် ဖတ်နေတဲ့ စာအုပ်ကို ပိတ်ကာ ထိုင်နေရာမှ ထလိုက်သည်။ ဘာကြောင့်မှန်း မသိ၊ အရင်နေ့တွေထက် သည်နေ့တွင် သီရိမွန်၏စိတ်၌ ကြည်လင်သာယာနေသလို

www.burmeseclassic.com

ခံစားနေမိသည်။ မင်းခန့်ညားနှင့် မကြာမီပင် ပြန်တွေ့ရတော့မလို။ မှန်တင်ခဲ့ရှေ့တွင် ထိုင်လိုက်ပြီး မင်းခန့်ညား အမြတ်နိုးဆုံးဖြစ်တဲ့ ဆံကေသာလေးကို ဖြီးသင်ရှင်းလင်းရင်း . . .

"အစ်ကို၊ အစ်ကိုဆုံးပြီးကတည်းက သီရိ ဆံပင်မည့်ပ်တော့တာ ခုဆိုလေးနှစ်ပြည့်လို့ ဆံပင်အရှည်တောင် တံကောက်ကွေးကျော်တော့မယ်၊အစ်ကို ပြောဖူးတယ်လေ၊ သီရိက ကျစ်ဆံပြီးလေး နှစ်ဖက်နဲ့ဆို ကလေးမလေးလိုပဲ ချစ်စရာ ကောင်းတယ်ဆို၊ အစ်ကို ပြန်လာရင် အစ်ကို မြင်ချင်တဲ့ ပုံစံလေး ဖြစ်နေအောင် သီရိ အမြဲ ကျစ်ဆံပြီး ကျစ်ထားတယ် သိလား"

သီရိမွန် မှန်တင်ခဲ့ရှေ့တွင် ထိုင်ကာ ဆံပင်ရှည်တွေကို ဖြီးသင်ရှင်းလင်းရင်း တစ်ကိုယ်တည်း ထိုစကားတွေကို တတွတ်တွတ် ဆိုနေပြန်သည်။ ဤအပုံက သီရိမွန် နိစ္စဓုဝ ပြုလုပ်နေကျအလုပ်။ ညနေ ၆ နာရီဆို သူမ ဆံပင်တွေကို ရှင်းလင်းမည်။ ပြီးလျှင် အခန်းအလယ်က စားပွဲပေါ်၌ အမြဲလိုလို ထားရှိသည့် လူအရိုးခေါင်းပေါ်တွင် မင်းခန့်ညား ပြုလုပ်ခဲ့တဲ့ ပုံစံအတိုင်း ဖယောင်းတိုင်အမည်းတစ်တိုင်ကို ထွန်းညှိပြီး မင်းခန့်ညား ပြန်လာစေရန် ညဉ့် ၁၁ နာရီထိုးအထိ ထိုင်ရာမှမထဘဲ ဆုမွန်ကောင်းတောင်းမည်။ သီရိမွန် ယုံကြည်နေမိသည်က သူမ ထိုသို့ ပြုလုပ်နေလျှင် မင်းခန့်ညား တစ်နေ့မဟုတ် တစ်နေ့ ဧတာ့ သူမထံသို့ ပြန်ရောက်လာလိမ့်မည် ဟူ၍။

◆

လက်သန်းလုံးသာသာခန့်ရှိတဲ့ ဖယောင်းတိုင်လေးဖြစ်သော်လည်း ကျစ်လျစ်သိပ်သည်းပြီးအထွန်းခံတဲ့ဖယောင်းတိုင်အမျိုးအစားဖြစ်တာကြောင့် ညနေ ၆ နာရီခွဲကတည်းက ထွန်းညှိထားပေမယ့် ည ၁၁ နာရီခွဲ အချိန်အထိ အရည်မပျော် မီးမသေဘဲ တစ်လက်မကျော်ကျော်လောက် ထွန်းရှိနေသေးသည်။

ထို ဖယောင်းတိုင်လေးတွေကို သီရိမွန်၏ အသိတစ်ယောက်က အမေရိကားမှနေ ပို့ပေးနေခြင်းဖြစ်ပြီး ဤနိုင်ငံတွင် အလွယ်တကူ မဝယ်ယူနိုင်သော ဖယောင်းတိုင် အကောင်းစားလေးများ။

သီရိမွန်၏ မှာယူမှုကို မိတ်ဆွေဖြစ်သူက . . .

"အမေရိကန်မှာ ဒီဖယောင်းတိုင်တွေကို ဟောလိုဝင်းဒေးမှာ အထွန်းများကြတာ၊ ဒါတွေကို မင်းက ဘာလုပ်ဖို့ မှာနေရတာလဲ" တဲ့။

သီရိမွန်' အကြောင်းပြချက်မပြောဘဲ ပို့ပေးဖို့သာ တောင်းဆိုခဲ့တာကြောင့် မိတ်ဆွေဖြစ်သူကလည်း အလိုက်တသိပင် ထပ်မမေးတော့။ သီရိမွန် ယုံကြည်သည်။ သီရိမွန် ဒီလိုသာ နေ့စဉ်စောင့်မျှော်နေလျှင် မင်းခန့်ညား တစ်နေ့နေ့တော့ ပြန်လာလိမ့်မည်။ ထို အခါကျ သူ့ကို သီရိမွန် အနားကနေ ထွက်သွားခွင့်မပြုတော့ဘဲ ဖက်တွယ်ထားမည်။ ထိုသို့သော အတွေးတွေဖြင့် စောင့်မျှော်နေခဲ့သည်မှာ ယခုဆို သုံးနှစ်ကျော်စွန်း၍ လေးနှစ်ပင် ပြည့်တော့မည် မဟုတ်ပါလား။

ရုတ်တရက်ဆိုသလို ဖယောင်းတိုင်မီးလေးက ဟုပ်ခနဲငြိမ်းသွားသဖြင့် ငိုက်မျဉ်းမလို ဖြစ်နေတဲ့ သီရိမွန်ရဲ့ အာရုံတွေ နိုးကြားသွားခဲ့ရသည်။

ထူးဆန်းလိုက်တာ၊ ဤအခန်းတွင် လေအလွန်လုံခြုံသော အခန်းဖြစ်၍ ဖယောင်းတိုင်မီးငြိမ်းစေဖို့မဆိုထားနှင့် လေပြည်လေညင်းလေးသဲ့သဲ့ပင် တိုးဝင်တိုက်ခတ်၍မရ၊ မင်းခန့်ညား ဆုံးပါးသွားပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးတဲ့အနေဖြင့် မိဘများနှင့် အတူမနေဘဲ၊ နယ်မြို့လေးရှိ အိမ်ကြီးတစ်လုံးတွင် သီရိမွန်တစ်ယောက်တည်း နေထိုင်ခဲ့ပြီး မင်းခန့်ညား ပြန်အလာကို စောင့်မျှော်နေခဲ့သည့် လေးနှစ်တာကာလအတွင်း ဖယောင်းတိုင်ထွန်းခြင်းအမှုကို နေ့စဉ်ပြုလုပ်ခဲ့သော်လည်း ယခုလို ဖယောင်းတိုင်မီး တစ်ခါမှ မငြိမ်းသေဖူးခဲ့။

ဖယောင်းတိုင်မီး ငြိမ်းသွားပေမယ့် အခန်းထောင့်တစ်နေရာတွင် ထွန်းထားသော ခပ်မှိန်မှိန်မီးလုံးမှ ဖြာကျလာတဲ့ ဝါကြင်ကြင်အလင်းရောင်ကြောင့် ပတ်ဝန်းကျင်သည် မှောင်မည်းမသွားဘဲ ရှင်းရှင်းလင်းလင်း မြင်တွေ့နေရသေးသည်။ အလင်းရောင်ဖျော့ဖျော့ ကျန်ရှိနေသေးတဲ့ အခန်းထေယ်လေးကို ဝေ့ဝဲကြည့်ရှုလိုက်ချိန်တွင် မယုံကြည်နိုင်ဖွယ် ဖြစ်ရပ်တစ်ခုကို တွေ့ကြုံလိုက်ရသည်။

". . . "

သီရိမွန် ဘာစကားကိုမျှ မဆိုမိဘဲ ခပ်တောင့်တောင့်ထိုင်နေရင်း မြင်လိုက်ရတဲ့ အရာကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ သီရိမွန်၏ မလှမ်းမကမ်းရှိ ထိုင်ခုံ၏ပတ်လည်မှ မီးခိုးလုံးများ ဝေါထွက်လာသောကြောင့် ဖြစ်သည်၊ မီးခိုးဝင်လာစရာ လေပေါက်မရှိပါဘဲ ထိုထိုင်ခုံပတ်လည်တွင် မီးခိုးလုံးဖြူဖြူများ ရုတ်တရက် ပေါ်ပေါက်လာခြင်းသည် သမားရိုးကျဖြစ်ရပ် မဟုတ်နိုင်ပေ။ သီရိမွန်၏ နေရာ၌ အခြားမိန်းကလေး တစ်ယောက်သာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့လျှက် ထွက်ပြေးသွားနိုင်ပေမယ့် သီရိမွန်ကတော့ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း မရှိဘဲ ထိုင်ခုံတွင် ဆက်ထိုင်နေပြီး လုံးဝိုးလုံးတွေ အလယ်မှ ထိုင်ခုံကိုသာ မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိသည်။

တဖြည်းဖြည်းနှင့် မီးခိုးလုံးတွေက ထိုင်ခုံကိုပင် မမြင်တွေ့နိုင်လောက်အောင် ဖုံးလွှမ်းအုပ်မိုးသွားတော့သည်။

◆

"အစ်ကို"

မီးခိုးလုံးများ လွှမ်းပြယ်သွားသည့်အခါ သီရိမွန် ကြိုတင်တွေးတောမျှော်လင့်ထားသည့်အတိုင်း ထိုထိုင်ခုံတွင် မင်းခန့်ညားကို ထိုင်လျက်သားတွေ့မြင်လိုက်ရ၏။

"သီရိ"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို၊ အစ်ကို ပြန်လာတယ် နော်၊ အဲ့ကို သီရိဆီ ပြန်လာတယ် နော်"

ထိုစကားကိုဆိုရင်း သီရိမွန် ထိုင်ရာမှ ထပြီး မင်းခန့်ညားဆီသို့ ပြေးဝင်လာလိုက်သည်။ မင်းခန့်ညားကတော့ တည်ငြိမ်ရင့်ကျက်တဲ့ အမူအရာဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။ သီရိမွန်၏ သန္တာန်တွင် မာန်မာနထွေ၊ ခေါင်းမာမှုတွေ မရှိတော့သဖြင့် ဘာကိုမျှ ဟန်မဆောင်တော့ဘဲ ကလေးမလေးတစ်ယောက်လို မင်းခန့်ညားရဲ့ ရင်ခွင်တွင်း သို့ ပြေးဝင်တိုးရင်း ခါးကိုလည်း တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်သည်။ သူမ အနားမှနေ မင်းခန့်ညား နောက်တစ်ကြိမ် ထွက်ခွာသွားမည်ကို သီရိမွန် အလွန်အမင်း ကြောက်ရွံ့နေမိပြီ။

"အစ်ကို သီရိအနားက ဘယ်ကိုမှ မသွားပါနဲ့တော့နော်၊ သီရိ မှားပါတယ် အစ်ကိုရယ်၊ အမှန်ဆို သီရိ အစ်ကို့ကို ယုံကြည်ခဲ့သင့်တယ်၊ သီရိသာ အစ်ကိုပြောတဲ့အတိုင်း တားခဲ့မိရင် အစ်ကို သေရမှာမဟုတ်သလို သီရိနဲ့လည်း ဝေးရမှာ မဟုတ်ဘူး၊ တကယ်တော့ သီရိကိုယ်တိုင်လည်း အစ်ကို့ကို ဟိုးငယ်ငယ်လေးကတည်းက သိပ်ချစ်ခဲ့တာပါ၊ အားလုံးဟာ သီရိရဲ့အမှားတွေပါ အစ်ကိုရယ်"

မင်းခန့်ညားကို တိုး၍ပွေ့ဖက်ရင်း မိမိပြောလိုရာကို တတွတ်တွတ် ဆိုနေမိသည်။ မင်းခန့်ညားကတော့ သီရိမွန်ရဲ့ ဆံနွယ်တွေကို ညင်သာဖွဖွ ပွတ်သပ်ဆော့ကစားရင်း . . .

"မဟုတ်ဘူး သီရိ၊ သီရိထင်သလို မဟုတ်ဘူး၊ သီရိရဲ့အမှား မဟုတ်ပါဘူးကွယ်၊ အမှန်တော့ အစ်ကို့ရဲ့ ရူးသွပ်မှုအတ္တဆန်မှုတွေကြောင့် သီရိနဲ့ကိုယ် ဝေးခဲ့ရတာပါ၊ သီရိ မတားခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေစရာ မလိုပါဘူး၊ သီရိနေရာမှာ အခြား မိန်းကလေးတစ်ယောက်ဆိုရင်လည်း ဒီလိုပဲ ပြုမူမိမှာပဲ။

ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူက လှလှပပ ကြည်ကြည်နူးနူးလေး ချစ်ခွင့်ပန်တာကိုပဲ ခဲ့ချင်မှာပေါ့။ မဖြစ်နိုင်တဲ့ ရူးနှမ်းနှမ်းအကြောင်းတွေ လာပြောပြီး ချစ်ခွင့်ပန်တာမျိုးကို ဘယ်သူက လက်ခံချင်ပါ့မလဲ၊ နောက်ပြီး အဲဒီနေ့က သီရိရဲ့ မွေးနေ့လေ၊ အမှိုးခေါင်းတွေ ပဉ္စလက်မစွည်းတွေ ပြည့်နှက်နေတဲ့ အခန်းတစ်ခန်းနဲ့ မကြိုဆိုခဲ့သင့်ဘူး။

ဒါကြောင့် ဖြစ်ခဲ့သမျှ အားလုံးဟာ သီရိကြောင့် မဟုတ်ပါဘူး၊ နောက်ပြီး သီရိ အခုလို စောင့်မျှော်နေတဲ့ အတွက် အစ်ကို လုပ်စရာရှိတဲ့ကိစ္စတွေကို လွတ်လွတ်လပ်လပ် လုပ်လို့မရဘူးဖြစ်နေတယ်၊ အစ်ကို့ နောက်ဆံမတင်းခင်တော့ဘူး သီရိရယ်၊ ဘဝတွေက ခြားသွားခဲ့ပြီလေ၊ အစ်ကို့ကို သီရိ တကယ် ချစ်တယ်ဆိုရင် ဒီဘဝမှာ ပျော့ပျော့ရွှင်ရွှင် နေပါ့မယ်လို့ အစ်ကို့ကို ကတိပေး၊ ဒါမှလည်း အစ်ကို စိတ်သက်သာနိုင်မှာ"

သူမ ဆံနွယ်တွေကို ယုယုယယ ပွတ်သပ်ပေးရင်း ထွက်ခွာခွင့် တောင်းဆိုနေတဲ့ မင်းခန့်ညား၏ စကားကြောင့် သီရိမွန် ခေါင်းကို အကြိမ်ကြိမ် ခါယမ်းမိလိုက်သည်။

"အို- အစ်ကို့ကို ဘယ်ကိုမှသွားခွင့် မပြုတော့ဘူး၊ တောင်းပန်ပါတယ် အစ်ကိုရယ်၊ သီရိကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်၊ သီရိ မခံစားနိုင်လို့ပါ"

သီရိမွန် တောင်းပန်စကားဆိုရင်း မျက်ရည်တွေ ပြိုကျလာပြန်သည်။ သီရိမွန် ရူးသွပ်စွာနှင့် တပ်မက်မျှော်လင့်နေခဲ့တဲ့ ဒီညကို သီရိမွန် လက်လွတ်ဆုံးရှုံးမခံနိုင်။ မင်းခန့်ညားကို ဘယ်နည်းနှင့်မှ သီရိမွန်၏ အနားကနေ ထွက်သွားခွင့်မပြု၊ ချစ်ခြင်းဝေဒနာရဲ့ အစွယ်အပွားဖြစ်တဲ့ အထီးကျန်ခြင်း၏ နှိပ်စက်မှုကြောင့် သီရိမွန် ရူးမတတ်ဖြစ်နေခဲ့ရသည်မှာ ရက်လတွေကြာခဲ့ပြီဖို့ သီရိမွန် နောက်တစ်ကြိမ် တစ်ယောက်တည်း ကျန်ခဲ့ရမှာကို အရမ်းကြောက်နေမိပြီ။

မင်းခန့်ညားက သီရိမွန်၏ ပါးပြင်ထက်မှ တလိမ့်လိမ့်စီးကျလာတဲ့ မျက်ရည်စတွေကို တယုတယ သုတ်ဖယ်ပေးလိုက်ရင်း . . .

"မထားခဲ့ပါဘူး သီရိရယ်၊ မထားခဲ့ပါဘူး၊ ဒီမှာ ကြည့်စမ်း"

မင်းခန့်ညားက လက်ဖဝါးပြင်ကို ဆန့်တန်းဖြန့်ပြလိုက်သဖြင့် သီရိမွန် ကြည့်လိုက်မိသည့်အခိုက် မျက်တောင် တစ်ခစ်အတွင်း၌ပင် စောစောက ဘာမျှမရှိတဲ့ လက်ဖဝါးပြင်ထက်တွင် ဘူးငယ်လေးတစ်ဘူး ပေါ်လာသည်။ ဘူးငယ်လေးကို ဖွင့်လှစ်လိုက်တော့ ပလက်တီနမ် လက်စွပ်လေးတစ်ကွင်း။

"ဒီလက်စွပ်လေးကို အစ်ကို့ရဲ့ ကိုယ်စား သီရိနဲ့အတူ ထားခဲ့မယ်၊ ဒီလက်စွပ်လေးရှိနေရင် အစ်ကိုရှိနေသလိုပဲပေါ့၊ သီရိ ဘာမှဝမ်းနည်းကြေကွဲနေစရာ မလိုဘူး၊ နောက်ပြီး ခုလို မြို့ပြင်က အိမ်ကြီးမှာ တစ်ယောက်တည်းမနေပါနဲ့ သီရိရယ်၊ အစ်ကို့ကို စိတ်ပူအောင် မလုပ်နဲ့တော့နော်၊ အရင် အိမ်ကိုပြန်ပြီး အိမ်မှာ အန်တီတို့ ဦးတို့နဲ့ ဟိုအရင်ကလို ပျော်ပျော်ရွှင်ရွှင်နေ၊ သီရိမှာ ဘာအပြစ်မှ မရှိခဲ့တဲ့အတွက် ဘာကိုမှ နောင်တရနေစရာလည်း မလိုဘူး။

ထာကယ်တော့ လူဘဝ ဆိုတာ တိုတိုလေးပါ၊ အဓိပ္ပာယ်မရှိတာတွေနဲ့ ကုန်ဆုံးမခံဘဲ အစ်ကို့ကိုယ်စား တခြား လူတွေရဲ့ စိတ်ချမ်းသာမှုကို ရှာဖွေပေးလိုက်ပါ၊ လူအများရဲ့ စိတ်ချမ်းသာမှုကို ရှာဖွေပေးမယ့်သူဆိုတာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာနေဖို့ လိုတယ်လေ။

ဘဝမှာ အရေးကြီးဆုံးက စိတ်ချမ်းသာမှုဆိုတာ သီရိ မမေ့ပါနဲ့၊ ဒီလက်စွပ်လေး သီရိရဲ့လက်မှာ ရှိနေသမျှ ကာလပတ်လုံး သီရိအနားမှာ အစ်ကို ရှိနေသလိုမျိုး သီရိ ခံစားရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုက တတိယအဆင့် မှော်ဆရာတစ်ယောက်လေ"

မင်းခန့်ညား၏ စကားတွေကို နားထောင်ရင်း သီရိမွန်ရဲ့ နှလုံးကြောင်ကြေ

www.burmeseclassic.com

တွဲမူတွေ လျော့ပါးသွားသလို ခံစားလာရသည်။ စောစောက ဝိမိ၏ ရှေ့မှ မင်းခန့်ညား ပြန်လည်ပျောက်ကွယ်သွားမည်ကို သေမလောက် ကြောက်ရွံ့နေမိပေမယ့် ယခုများတော့ ဝိမိအနားတွင် မင်းခန့်ညား တစ်သက်တာလုံး တည်ရှိနေတော့မည်ဟု နက်နက်ရှိုင်းရှိုင်း ယုံကြည်နေမိပြန်သည်။

လက်စွပ်လေးကို ငုံကြည့်နေမိစဉ် သီရိမွန်၏ နှုတ်ဖျားပြင်ကို မင်းခန့်ညား က မြတ်မြတ်နိုးနိုး နမ်းရှိုက်လိုက်သဖြင့် သီရိမွန် မျက်လုံးတွေကို မှေးစင်းရင်း ကျေကျေနပ်နပ် ခံယူလိုက်မိသည်။

"ဟင်"

မျက်လုံးတွေ ပြန် အဖွင့်တွင် သီရိမွန်၏အနား၌ မင်းခန့်ညားဝင်ရှိတော့။ ဖယောင်တိုင်မီးသည်လည်း မငြိမ်။ သီရိမွန် ကိုယ်တိုင်ကလည်း ထိုင်ခုံတွင် ထိုင်ကျက်သား။ ဒါဆိုစောစောကအကြောင်းအရာတွေက ငိုက်မြည်းပြီး မြင်မက်သည့် အိပ်မက်တွေလား၊ သီရိမွန် တွေးကြောက်သွားမိသည်။ ထိတ်လန့်စိုးရွံ့စွာနှင့် လက်ချောင်းတွေကို ငုံကြည့်လိုက်တော့ ညာဘက်လက်သန်းကြွယ်တွင် တင့်တယ်စွာ ဆင်မြန်းနေသည့် လက်စွပ်ထဲလေးတစ်ကွင်း။

"သီရိ ကျေနပ်ပါပြီ အစ်ကိုရယ်၊ အစ်ကို နောက်ဆံမတင်းဘဲ နေလို့ရပါပြီ၊ စိတ်ချပါ၊ သီရိ အစ်ကို့ကိုယ်စား လူအများ စိတ်ချမ်းသာအောင် ကူညီပေးပါ့မယ်၊ သီရိ့ကိုယ်တိုင်လည်း ပျော်ပျော်ရွှင်ရွှင် နေပါတော့မယ်"

သီရိမွန် ခပ်တိုးတိုး ရေရွတ်လိုက်ပြီး အိုးခေါင်းပေါ် မှ ဖယောင်းတိုင်မီးကို ငြိမ်းလိုက်သည်။ တစ်စုံတစ်ယောက်က ကုစားပေးလိုက်သလိုမျိုး သီရိမွန်ရဲ့ နှလုံးသားဒဏ်ရာတွေက ရွတ်ခြည်းကို လျော့ပါးပျောက်ရှသွားခဲ့ရပြီဖို့ အိုးခေါင်း။ ဖယောင်းတိုင် စသည့်အရာတွေ အားလုံး သီရိမွန်အတွက် မလိုအပ်တော့။ ညဉ့်ခန်းစားပွဲပေါ်တွင် တင်ထားခြင်းကို မင်းခန့်ညား နှစ်သက်ပုံမရတဲ့ အရိုးခေါင်းကြီးကိုလည်း စားပွဲအောက်သို့ ပစ်ချထားလိုက်၏။ နာရီကို ကြည့်လိုက်တော့ ၁၁ နာရီခွဲ။

စိတ်လက် ပေါ့ပါးသွားသော ကြောင့်လား မသိ၊ ဒိုက်ဆာသလိုလို ရှိသဖြင့် ထမင်းစားခန်းသို့ ဝင်လာလိုက်မိသည်။

"ဟာ- ဒါ မဖြစ်နိုင်တာပဲ"

ထမင်းစားခန်းအတွင်းသို့ ဝင်လာလိုက်သည့်အခိုက် မြင်လိုက်ရတဲ့ အရာတွေကြောင့် သီရိမွန် တအံ့တသြ ရေရွတ်လိုက်ရင်း အပြုံးမျက်နှာဖြင့် မျက်ရည်ရစ်ဝဲသွားခဲ့ရသည်။

တွေ့မြင်လိုက်ရသည်က တစ်ခန်းလုံး နှင်းဆီပွင့်ဖတ်များ ပြန့်ကြဲနေပြီး အခန်းအလယ်ရှိ စားပွဲပေါ်တွင်တော့ ကိတ်မုန့်တစ်လုံး။ စားပွဲရှိရာဆီသို့ သီရိမွန် တစ်လှမ်းချင်းစီ လျှောက်လှမ်းလိုက်သည်။

ဘာတွေမျှား နေထားလိမ့်မလဲဆိုတဲ့ သိချင်စိတ်ကြောင့် ရင်ခုန်သံတွေ ဆူညံလျက်။

ကိတ်မုန့်ပေးမှ စာတန်းကို တွေ့မြင်လိုက်ရသည့်အခါ သီရိမွန်၏ ပါးပြင်ပေါ်သို့ မျက်ရည်စက်တွေ ရွာကျလာရပါတော့သည်။ ကိတ်မုန့်ပေါ်၌ ရေးထိုးထားသည့် စာတန်းက . . .

"ပျော်ရွှင်သော မွေးနေ့လေးကို ဝိုင့်ဆိုင်နိုင်ပါစေ သီရိ"

ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်ကျလာခဲ့ပေမယ့် ယခင်ကလို ရင်နာလွန်းလို့ ကျလာတဲ့မျက်ရည်တွေ မဟုတ်တော့။ ချစ်သူရဲ့ သိတတ်မှုကြောင့် ကြည်နူးပျော်ရွှင်လွန်းလို့ကျတဲ့ ဝမ်းသာမျက်ရည်မျိုး။

သီရိမွန်ကိုယ်တိုင် မေ့လျော့နေသည်က ယနေ့မှာ သီရိမွန်၏ (၂၂)နှစ်ပြည့် မွေးနေ့။

ဂျိုင်းနွန်းကို

❑

www.burmeseclassic.com

www.burmeseclassic.com

စန္ဒသူရိယမြို့တော်နှင့် ထူးဆန်းသည့်ရှေ့စာ

စန္ဒသူရိယမြို့တော်တဲ့...

အမည်ကလေးက ထူးထူးဆန်းဆန်း။ သည်အမည်ကလေး ကြားလိုက်ရကတည်းက ကျွန်မ မနေနိုင်မထိုင်နိုင်အောင် ဖြစ်မိသည်။ အဘွားပြောပြသဖြင့် ထိုနေရာမှာ ဘယ်အရပ်မှာရှိသည်ကို ကျွန်မ သိချင်လှသည်။

အဘွားမှာ ပုံပြောကောင်းသူ ဖြစ်သည်။ ငယ်စဉ်ကတည်းက အဘွား၏ ပုံပြင်ထဲတွင် ကြီးပြင်းခဲ့ရသူ ဖြစ်ပါသည်။ အဘွားက ထူးထူးဆန်းဆန်း ပုံပြင်များကို ပြောသလို တစ္ဆေသရဲ ပုံပြင်များကိုလည်း ပြောတတ်သည်။ ကျွန်မသည် မြစ်ဝကျွန်းပေါ်ရှိ မြို့ကလေး တစ်မြို့တွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ကျွန်မတို့မြို့မှ အိမ်များမှာ အနည်းငယ် ခြေတံရှည်သည်။ ကြမ်းပြင်ကိုလည်း အနည်းငယ် ကျဲကျဲခင်းထားသည့် အတွက် ကြမ်းပေါက်များရှိသည်။ အဘွားက တစ္ဆေ၊ သရဲအကြောင်း ပြောပြီဆိုလျှင် ကြမ်းပေါက်ထဲမှ သရဲက လက်မည်းကြီးနှင့် နှီက်မည်စိုးသဖြင့် ကြမ်းတစ်ပြင်တည်း၌ ကျပ်ကျပ်တည်းတည်း ထိုင်ခဲ့ရသည်။

ထို့အတူပင် နှင်းမွေးလွန်း၊ မင်းနန္ဒာ ပုံပြင်ပြောလျှင်လည်း မျက်ရည်မဆည်နိုင်အောင် ငိုမိသည်။ အဘွားပြောသည့် ပုံပြင်ထဲတွင် စီးမျောသွားခြင်းမှာ အဘွားက ပုံပြောကောင်းသူ ဖြစ်သောကြောင့်ပင်။ ပုံပြင်နားထောင်သူ ကျွန်မကလည်း အဘွားပြောသည့် ပုံပြင်များကို ရင်ဘတ်ဖြင့် နားထောင်သောကြောင့် ပုံပြင်တွင် ပါဝင်သည့် ဇာတ်ကောင်များနည်းတူ ရင်နှင့်အမျှ ဝမ်းနည်းခဲ့ပါသည်။

အဘွားပြောသည့် ဇာတ်လမ်းထဲတွင် ကျွန်မ အလွန်ကြိုက်နှစ်သည့် အကြောင်းမှာ စန္ဒသူရိယ မြို့တော်

www.burmeseclassic.com

ဖြစ်ခဲ့သည်။ မြတ်စွာဘုရားရှင်သည် ထိုနေရာသို့ ရောက်ရှိခိုက်တွင် တစ် ခြိန်၌ ထိုနေရာတွင် မြေပေါ်သို့ စုံ့စုံ့ပေါ်ထွက်လာသော တောင်ကြီးပေါ် လတ္တံ့ဟူ၍ ဗျာဒိတ်တော်ထားခဲ့သည်။ နှစ်ပေါင်းများစွာ ကြာသော အခါ ပုပ္ပားတောင်ဟူ၍ မြေပေါ်သို့ စုံ့စုံ့ပေါ်ထွက်လာခဲ့သည်။

အဘွား ပြောပြသည့် ဂန္ဓိရ ဆန်သော မြို့တော်၏ အမည်သည် ထိုမြို့ကို တည်ခဲ့သော မင်းသမီး 'စန္ဒ' နှင့် ဘုရင် 'သူရိယ' တို့ကို အစွဲပြု၍ မှည့်ခေါ်ခဲ့ခြင်းအကြောင်း ပြောပြခဲ့ပါသည်။

"အဲဒီမြို့တော်က ဘယ်နားရှိသလဲ အဘွား"

"အဲဒီမြို့တော်ဟာ ပဲခူးဖို့မတော ကြီးထဲမှာ ရှိတယ်ကွဲ့"

"အဘွား တကယ်ရှိတာလား၊ ပုံပြင်လား"

"တကယ်ရှိခဲ့တာ သမီးရဲ့"

"သမီးကို တကယ်ရှိတဲ့ မြို့တော် အကြောင်းပဲပြောတာ"

"အဲဒီမြို့တော်ဟာ ဥက္ကံမြို့အနီးမှာရှိတဲ့ တဖူးလှမြို့တော်ဟောင်းဘက်ကသွားရင် ရောက်တယ်ကွဲ့၊ အရင်တုန်းက အဘွားတို့က ဥက္ကံမြို့မှာနေတာ၊ အဘွားတို့ရဲ့ အမျိုးတွေဟာ တဖူးလှရွာမှာနေတယ်ကွဲ့၊ အဲဒီရွာကိုသွားလည်ရင်း တဖူးလှမြို့ဟောင်းကြီးထဲသွားပြီး ကစားခဲ့ကြတယ်၊ အဲဒီမှာ မြို့နိုးကြီး တွေရှိသလို ဘုရားငုတ်တိုတွေလည်းရှိတယ်။

ဘုရားငုတ်တွေထဲက တံခွန်မှာ ဌာပနာတိုက်တာ ပေါက်နေတော့ အဲဒီအထဲမှာ ဌာပနာထားတဲ့ ငွေဒင်္ဂါးတွေကို တွေ့ရတယ်၊ အဘွားတို့ ငယ်ငယ်က အဲဒီငွေဒင်္ဂါးတွေကို ထွေခင်းကူစားခဲ့ကြတယ်၊ ကစားပြီးရင်တော့ ပြန်ထားရတယ်၊ အိမ်ကို ယူလာလို့တော့ မရဘူး"

"အဲဒီငွေဒင်္ဂါးတွေကို အိမ်ကိုယူလာရင် ဘာဖြစ်သလဲ အဘွား"

"ဟာ. . . တစ်ကိုယ်လုံး ယားတာမှ ဘယ်လိုယားမှန်းမသိဘူး၊ ကုတ်လို့ကိုမနိုင်ဘူး၊ ရေချိုးလည်း ယားတာ မပျောက်ဘူး၊ အဘွားတို့ကလေးတွေ ယားပြီဆိုရင် အဘွားတို့ရဲ့ အဘိုးကသိတယ်၊ 'ကလေးတွေတော့ ငွေယားသိုက်က ငွေဒင်္ဂါးတွေ ယူလာကြတယ်နဲ့တူတယ်၊ ငွေမောင်းရေ. . . ငွေဒင်္ဂါးတွေကို ငွေယားသိုက်ကို ပြန်ပို့ပေးလိုက်လို့ ပြောတယ်၊ ပြန်ထားတာနဲ့ အယားလည်း နင်နေငါသွားဆိုသလို ပျောက်သွားတော့တာပဲ"

"အဘွားရယ် အဘွားပြောတဲ့ စန္ဒသူရိယမြို့တော်အကြောင်းကို သမီး အရမ်းစိတ်ဝင်စားတာပဲ၊ အဘွားပြောပြပါ အဘွားရယ်"

"စန္ဒသူရိယမြို့တော်အကြောင်းက စိတ်ဝင်စားဖို့ကောင်းသလို အဘွားနဲ့ ဘဝတစ်ခုမှာ ဆက်စပ်နေတယ်လို့ ထင်တယ်"

ထိုစကားကို ကျွန်မ အရှုပ် ရောက်လာသောအခါမှ ပြောပြခဲ့သည်။

"ဘယ်လို ဆက်စပ်နေတာလဲ အဘွား"

"အဘွား အသက် ၂၀ လောက်မှာ စန္ဒသူရိယမြို့ဟောင်းထဲကို ရောက်သွားခဲ့တယ်၊ သမီးတို့ငယ်ငယ်တုန်းက မပြောပြခဲ့ဘူး၊ ဒါပေမဲ့ အခုလို သမီးက

အကြောင်းပင် ဖြစ်ပါသည်။ ရှေးလူကြီးများက မြို့ရွာအမည်ပေးရာတွင် သူသမိုင်းကြောင်းနှင့်သူ ရှိသည်။ တချို့ သမိုင်းကြောင်းမှာ များစွာ ထူးခြားဆန်းကြယ်လှပေသည်။

မြန်မာနိုင်ငံရှိ ပုပ္ပားတောင်ကြီးသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က သာမန် မြေပြင်သာ

www.burmeseclassic.com

ချင့်ချိန်နိုင်တဲ့အရွယ် ရောက်လာလို့ အဘွားရဲ့ဖြစ်ရပ်မှန်ကို ပြောပြတာ"

"ဟင်... အဘွားအဖြစ်ကလည်း ထူးထူးဆန်းဆန်း"

"ဟုတ်တယ် သမီးရယ်၊ ဘဏ်လောက်ထူးဆန်းသလဲဆိုရင် အဘွားဟာ အဲဒီမြို့ဟောင်းထဲကနေ ရုပ်တုတစ်ခုရရှိခဲ့တယ်"

"အဲဒီရုပ်တုကလေးရော ရှိသေးလား အဘွား"

"ရှိတယ်သမီး၊ အဘွားရဲ့အခန်းထဲက ဗီရိုထဲမှာ ကဲ့... ကဲ့ သမီးလည်း အဘွားအခန်းထဲတို့ လိုက်ခဲ့"

"ဟုတ်ကဲ့ အဘွား"

အဘွားသည် ကျွန်မကို သူမ၏ အခန်းထဲသို့ခေါ်သွားပြီး တစ်ပေခန့်ရှိ ရုပ်တုကလေးတစ်ခုကို ပြသခဲ့သည်။

ထိုရုပ်တုမှာ အမျိုးသမီးတစ်ဦး နန်းဝတ်၊ နန်းစား ဝတ်ဆင်ထားပြီး မတ်တတ်ရပ်နေဟန် ရုပ်တုကလေး ဖြစ်သည်။ ထိုရုပ်တုမှာ အလွန်ပင် လက်ရာမြောက်လှသဖြင့် ကျွန်မသည် လက်ထဲမှမချနိုင်အောင် ကိုင်ထားပြီး သေသေချာချာ ကြည့်လိုက်သောအခါ ရွှေစင်ဖြင့် ထုလုပ်ထားသည့် ရွှေစင်ရုပ်တု ဖြစ်နေသည်။

ရုပ်တု၏ အောက်ခြေရှိခုံပေါ်တွင် 'စန္ဒဒေဝီမင်းသမီး' ဟူ၍ စာတန်းရေးထိုးထားသည်။

"အဘွား... ဒါက စန္ဒဒေဝီမင်းသမီးဆိုပါလား"

"ဟုတ်တယ်ကွဲ့၊ အဲဒီ စန္ဒဒေဝီမင်းသမီးဆိုတာ စန္ဒသူရိယမြို့တော်ကြီးကို တည်ခဲ့တဲ့ မင်းသမီးလို့ အဘွားသိနေခဲ့တယ်"

"အဘွားက ဘယ်လိုသိတာလဲ"

"ပြောရရင် အရှည်ကြီးပါပဲ၊ ဇာတ်လမ်းအစက ဒီလိုကွဲ့"

ဤသို့ အစခံကာ ထူးဆန်းသော စန္ဒသူရိယမြို့တော်ကြီးအကြောင်း ကြားသိခဲ့ရပါသည်။

*

လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်ခန့်က ဥက္ကံမြို့နယ် အတွင်းရှိ ဇရပ်လှရွာတွင် အဘွား ခေါ်လပြည့်တို့ မိသားစုနေထိုင်ခဲ့ကြသည်။ အဘွားတွင် ကိုကဆုန်နှင့် ကိုနယုန်ဟူသော အမ်ကို နှစ်ယောက်ရှိသည်။ ၎င်းတို့မိသားစုမှာ လယ်သမားများဖြစ်သော်လည်း လယ်ယာသိမ်းချိန် နွေအခါတွင် ပဲခူးရိုးမဆီသို့ သားအဖ သုံးယောက် အမဲလိုက်သွားခဲ့ကြသည်။

ပဲခူးရိုးမကြီးထဲတွင် မျက်စိလည်လမ်းမှားသွားသည့် မုဆိုးတစ်ဦးမှာ စန္ဒသူရိယမြို့ဟောင်းဆီ ရောက်သွားကာ အုတ်ကျိုး အုတ်ပုံမှားအကြားမှ ရွှေဒင်္ဂါးများရရှိခဲ့ကြောင်း ပြောပါသည်။ ထိုသတင်းကြောင့် မုဆိုးတော်တော်များများမှာ ရွှေဒင်္ဂါးများကို လိုချင်သဖြင့် ထိုမြို့ဟောင်းကြီးအား အမဲလိုက်ရင်း ရှာဖွေခဲ့ကြပါသည်။

ထို သူများထဲတွင် အဘွား ခေါ်လပြည့်၏ဖခင် ဦးကြည်နှင့် အစ်ကို နှစ်ယောက်လည်း ပါဝင်ခဲ့ကြသည်။ သားအကြီးမှာ ကဆုန်လတွင် မွေးသဖြင့် မောင်ကဆုန်ဟူ၍လည်းကောင်း၊ နယုန်လတွင်မွေးသည့် သားအငယ်ကို မောင်နယုန် ဟူ၍လည်းကောင်း မှည့်ခေါ်ခဲ့သည်။ အငယ်ဆုံးသမီးမှာ တော်သလင်းလတွင် မွေးသဖြင့် လအမည် မှည့်ခေါ်ရန် မကောင်းသောကြောင့် လပြည့်နေ့တွင် မွေးဖွားသည်ကိုအစွဲပြု၍ 'လပြည့်' ဟူ၍ အမည်မှည့်ခေါ်ခဲ့ပါသည်။

အစ်ကို နှစ်ယောက်ကြားတွင် ကြီးပြင်းခဲ့သည့် လပြည့်မှာ မိန်းမ မဆန့်ဘဲ အစ်ကိုများကဲ့သို့ လေး၊ မြား ပစ်ရာတွင် ကျွမ်းကျင်လှပေသည်။ မုဆိုးတစ်ဦးမှ စန္ဒသူရိယ ဟူ၍ အမည်ထိုးထားသည့် မုခ်ဦးကြီးကို တွေ့ရှိပြီး ထိုမြို့ဟောင်းကို တွေ့ခဲ့သည်ဟု ပြောသံကြားကတည်းကပင် ထိုမြို့ဟောင်းသို့ လပြည့် အလွန်ပင် သွားချင်ခဲ့သည်။

"အစ်ကိုကြီးတို့ ဒီတစ်ခါ မို့မထဲ သွားရင် လပြည့်လိုက်ခဲ့မယ်"

"တောပစ်သွားပါတယ်ဆိုမှ မိန်းကလေးက ဘာလိုက်လုပ်ရမှာလဲ"

"မိန်းကလေးလည်း မြားပစ်ကျွမ်းပါတယ် အစ်ကိုတို့ရယ်"

"မလိုက်ပါနဲ့ဟာ၊ ဒီလိုတောပစ်သွားတယ်ဆိုတာ မိန်းကလေးအလုပ်မဟုတ်တာ"

အကြိမ်ကြိမ်အခါခါပြောသော်လည်း လပြည့်မှာ မိန်းကလေးဖြစ်နေ၍ မလိုက်ရပေ။ ၎င်းတို့သားအဖမှာ တောသွားတိုင်း မြို့တော်ဟောင်းကို လိုက်ရှာခဲ့ကြသည်။ သို့သော် သူတို့နှင့် ကံမဆုံလေးလားမသိ။ မြို့တော်ဟောင်းနှင့်တူသည့် အုတ်ခဲကျိုးပဲ့ပင် တစ်လုံးမျှ မတွေ့ပေ။ သည်လိုနှင့်ပင် နောက်ထပ် တောသွားရန် စီစဉ်နေစဉ် လပြည့် အိပ်မက်တစ်ခု မက်ခဲ့သည်။ အိပ်မက်ထဲတွင် မြို့ဟောင်းသို့သွားသည့် လမ်းကြောင်းကို ရှာဖွေတွေ့ရှိပြီး ထိုမြို့တော်ဟောင်းအတွင်းသို့ ရောက်ခဲ့သည်။ ထိုမြို့ဟောင်းအတွင်းရှိ လူအများမှာ နန်းတက်နန်းစား ဝတ်ဆင်ထားပြီး သူမအလာကို မျှော်လင့်စောင့်စားနေကြောင်းနှင့် သူမမှာ စန္ဒဒေဝီမင်းသမီးဖြစ်ကြောင်း ပြောပြခဲ့သည်။

ထိုအိပ်မက်မက်ပြီးနောက် ဖခင်နှင့်အစ်ကိုတို့ကို အိပ်မက်အကြောင်း ပြောပြခဲ့သည်။ အစ်ကိုနှစ်ဦးမှာ မြို့ပွက်အတွင်းမှ ရွှေဒင်္ဂါးများကို ယူလိုသောလောဘဇောရှိသည့်အတွက် မြို့ဟောင်းသို့သွားရာလမ်းကိုသိသည်ဟုပြောသော လပြည့်ကို ခေါ်ဆောင်သွားခဲ့သည်။

လပြည့်တို့အုပ်စု ရိုးမတောင်ပေါ်သို့ တက်သွားခဲ့သည်။ ရိုးမတောကြီးအတွင်းသို့ တစ်ခါမျှမရောက်ဖူးသော်လည်း ၎င်းတောကြီးထဲရှိ သစ်ပင်များ ချောက်ကမ်းပါးများမှာ အိပ်မက်ထဲကအတိုင်း ဖြစ်သည်။ ၎င်းတို့အုပ်စုမှာ သွားရင်း သွားရင်း လျှို့မြောင်ကြီးတစ်ခုကို တွေ့ခဲ့သည်။

"အဖေ... အဖေ သမီးတို့ ဒီလျှို့မြောင်ကြီးထဲ ဆင်းသွားရမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ, . . , လျှိုကြီးက အနက်ကြီးပဲ၊ ဘယ်လိုဆင်းမလဲ"

"သမီး သိတယ်၊ ဟိုးဘက်ကဆင်းရင် နိမ့်ဆင်းသွားပြီး လျှိုထဲကို ရောက်သွားလိမ့်မယ်"

လပြည့်မှာ လှေးယခင်ကသွားဖူးသည့် လမ်းသဖွယ် မျက်လုံးထဲမှာ လမ်းကြောင်းကို သိနေခဲ့သည်။ လျှိုကြီးထဲသို့ အရောက်တွင် အတော်အတန် ကျယ်ဝန်းသည့် လူဝင်ပေါက်သဖွယ် အပေါက်ကြီးတစ်ခုကို တွေ့ရှိရသည်။

"အဖေ. . . အဲဒီအပေါက်ကြီးထဲက သွားရမယ်"

"အဲဒီအခေါင်းပေါက်ကြီးတွေထဲမှာ မြွေကြီးတွေ ဝင်ခွေနေတတ်တယ်၊ သတိထားသွားကြ"

ငင်းတို့သားအဖသည် အခေါင်းပေါက်ကြီးအတိုင်း ဝင်လာရာ မကြာမီ အခေါင်းပေါက်အဆုံးတွင် မြေနီလမ်းကလေးကို တွေ့ရှိရသည်။

"ဒီတောင်ပေါ်မှာ ဒီလိုမြေနီလမ်းရှိမယ်လို့ တစ်ခါမှမတွေးဖူးဘူး"

"အဖေ. . . ဒီမြေနီလမ်းဆုံးရင် မြို့ပျက်ကြီးဆီ ရောက်တော့မယ်"

"အေး၊ မြို့ပျက်ကြီးရောက်ရင်တော့ ဟိုမုဆိုးလို ရွှေဒင်္ဂါးတွေရှာကြမယ်"

ငင်းတို့အုပ်စုသည် မြေနီလမ်းဆုံးကာနီးတွင် အုတ်ကျိုးအုတ်ပဲ့များကို တွေ့ရှိရသည်။ လပြည့်ဇာစိတ်ထဲက သိနေသည်။ ထိုအုတ်ကျိုးအုတ်ပဲ့များ ကျော်လွန်ပါက စန္ဒသူရိယမြို့ပျက်ကြီးသို့ ရောက်ပေမည်။ ငင်းတို့မှာ ရှေ့သို့ ခရီးဆက်နေစဉ် လေပြင်းများ တိုက်ခတ်လာခဲ့ပါသည်။ ထို့ကြောင့် လပြည့်ဇာ အဖေမှ

"သားတို့၊ သမီးတို့ လေကြမ်းတွေတိုက်နေပြီ၊ ရှေ့ဆက်သွားလို့ မဖြစ်ဘဲတော့ဘူး၊ လူဝင်ပေါက်ကို ပြန်သွားမှဖြစ်မယ်၊ နောက်ကြောင်းပြန်လှည့်ကြစို့"

ဤသို့ပြောနေစဉ် လေပြင်းတိုက်ခတ်ရာ သစ်ပင်ကြီးများပင် ယိမ်းနွဲ့ကာ ကနေသကဲ့သို့ဖြစ်ပြီး သစ်ပင်ကြီးများမှ သစ်ကိုင်းများ ကျိုးကျလာပါသည်။ လပြည့်လည်း ပြေးမိပြေးရာပြေးရင်း 'စန္ဒသူရိယမြို့တော်' ဟု ကမ္ဘည်းထိုးထားသည့် မုခ်ဦးကြီးအနီးသို့ ရောက်ရှိလာပါသည်။ ထိုနေရာအနီးတွင် အုရားငုတ်တိုတစ်ခုကို တွေ့ရှိရသည်။ လေပြင်းတိုက်ခတ်မှု အတော်ငြိမ်သွားသဖြင့် အုရားငုတ်တိုအနီး၌ မောပန်းနွဲ့ ထိုင်ချလိုက်သည်။

မကြာမီ အုရားငုတ်တို နံဘေးမှ ဘုန်းတော်ကြီးတစ်ပါး ထွက်လာသဖြင့် လပြည့်လည်း ကြောက်လန့်ကာ နောက်ဆုတ်ရန် ထလိုက်သည်။

ထိုအခါ ဘုန်းတော်ကြီးမှ

"မကြောက်ပါနဲ့ . . .မလေး၊ ဘုန်းကြီးဟာ ဒီမြို့ပျက်ထဲမှာ သီတင်းသုံးနေတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ၊ ခုနက လေပြင်းတွေတိုက်တုန်းက ဒီမြို့ပျက်ကြီးအတွင်းကို မှတ်စီလည် လမ်းမှားလာတာလား"

BURMESE CLASSIC

"တင်ပါဘုရား"

"ဒါဆိုရင် အခြားအဖော်တွေရော ပါသေးလား"

"တင်ပါဘုရား"

"အင်း. . . ဒီမြို့ပျက်ကြီးဆီ ရောက်တုန်း ဒီမြို့ပျက်ကြီးအကြောင်း သိချင်ရင် ပြောပြမယ်၊ ပြီးရင် အဖော်တွေဆီ ပြန်လိုက်ပို့ပေးမယ်"

"တင်ပါဘုရား၊ တပည့်တော်မလည်း ဒီမြို့ပျက်ကြီးအကြောင်း သိချင်ပါတယ်၊ ပြောပြပါဘုရား"

"ဒီမြို့တော်ကြီး တည်ခဲ့တာ နှစ်ပေါင်း နှစ်ထောင်ကျော်ခဲ့ပြီပေါ့၊ နန်းချခံရလို့ အလွန်စိတ်မချမ်းမသာဖြစ်နေတဲ့ မင်းသားလေး 'သူမိုယ' ဟာ အများသူငါ မသိအောင် သူဆင်းရဲအဝတ်အစားဖြင့် မြို့ပြင်သို့ ထွက်ခွာလာခဲ့တယ်၊ ထိုသို့သွားရင်း မြို့ပြင်သို့ရောက်ရှိသွားခဲ့တယ်၊ ထိုမှဆက်သွားရာ မြို့နှင့်ဝေးကွာသော တောအုပ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိခဲ့တယ်။

တောအုပ်ကြီးအတွင်းမှာ မြက်စားနေတဲ့ မြင်းတစ်ကောင်နဲ့ မျောက်တစ်ကောင် အချင်းများနေတာ တွေ့ရှိခဲ့တယ်၊ မြင်းက မျောက်ကို နှင့်လို့ သာမည မျောက်မျိုး မဟုတ်ဘူး၊ ငါဟာ ကောင်းကင်ကိုပျံနိုင်တဲ့ 'သိန္ဓောမြင်း' ဖြစ်တယ်လို့ ပြောတယ်၊ အဲဒီအခါမှာ မျောက်က ငါလည်း သာမန်မျောက် မဟုတ်ဘူး၊ ငါ့လက်ထဲမှာရှိတဲ့ တုတ်နဲ့ ရှေခြစ်လိုက်ရင် အစားအစာဆို အစားအစာ၊ အဝတ် အစားဆို အဝတ်အစား ရမယ်၊ နောက်ဆုံး နန်းတော်ကြီးပုံ ရှေခြစ်လိုက်ရင် ငါဟာ ဘုရင်ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဘုရင်ဆိုတာ လူသားနဲ့ပဲ ထိုက်တန်တာမို့ ငါကတော့ သရက်သီး ငှက်ပျောသီးတွေပဲ ရှေခြစ်ပြီး စားတယ်တဲ့။

အဲဒီတုတ်ချောင်းကို ငါလိုချင်ရင် ဘယ်လို လုပ်ရမလဲလို့ မြင်းက မေးလိုက်တယ်၊ အဲဒီအခါ မျောက်က ငါ အိပ်တုန်း ခိုးမှ ရမှာမျေ့လို့ ပြန်ပြောလိုက်တယ်၊ မျောက်ကလည်း ငါ မင်းကျောကုန်းပေါ် စီးချင်ရင်ရော ဘယ်လို လုပ်ရမလဲလို့ ပြန်မေးလိုက်တယ်၊ အဲဒီအခါမှာ မြင်းက ငါ့အရိပ်ကိုနင်းရင် ငါ့ကျောကုန်းပေါ် ရောက်သွားမှာပေါ့လို့ ပြန်ပြောလိုက်တယ်။

မင်းသားလေးလည်း အဲဒီအကြောင်းတွေ မှတ်ထားပြီး နေ့တုတ်မြင်းမြက်စားနေစဉ် မြင်းရဲ့အရိပ်ကို နင်းလိုက်တာ မြင်းရဲ့ကျောကုန်းပေါ် ရောက်သွားခဲ့တယ်၊ မျောက်အိပ်နေတုန်း တုတ်ချောင်းကို ခိုးယူခဲ့လို့ တုတ်ချောင်းကိုလည်း ရခဲ့တယ်၊ ဒါနဲ့မြင်းစီးပြီး ကောင်းကင်က ပျံလာတုန်းမှာ ဘို့ခုနစ်ဆင့်မှာ ထားတဲ့ မင်းသမီးလေး စန္ဒဒေဝီကိုတွေ့တော့ ချစ်ကြိုက်သွားပြီး အဆောင်ကို ညတိုင်းသွားခဲ့တယ်၊ အဲဒီအကြောင်းကို စန္ဒဒေဝီရဲ့ ဖခမည်းတော် ဘုရင်ကြီးသိသွားလို့ ဝိုင်းဖမ်းတဲ့အခါ စန္ဒဒေဝီလေးကို မြင်းပျံနဲ့ ကောင်းကင်ယံမှာ ပျံသန်းခေါ် ဆောင်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ နီးမခေတာကြီးထဲ ရောက်လာတဲ့အခါကျမှ မြင်းပျံကို ဆင်းသက်ခဲ့တဲ့အတွက် စန္ဒဒေဝီရဲ့ ခမည်းတော်တပ်သားတွေဟာ မဖမ်းနိုင်တော့ဘဲ မျက်ခြည်ပြတ်သွားခဲ့တယ်။

အဲဒီမှာ မင်းသမီးက ဆာတယ်လို့ပြောလို့ မင်းသားက မြေပြင်မှာ တုတ်ချောင်းနဲ့ ရေခြစ်လိုက်တာ စားစရာတွေ အများကြီး ပေါ်လာတယ်၊ မင်းသမီးလည်း အလွန်ပဲ အံ့အားသင့်သွားခဲ့တယ်၊ မင်းသားလေး သူရိယဟာ တုတ်ချောင်းနဲ့ကြောင်း ရှင်းပြတော့ မင်းသမီးလေးက ဥယျာဉ်တွေ၊ ရေကန်တွေ၊ နန်းတော်ကြီးတွေနဲ့ လူအများစည်ကားလှတဲ့ မြို့တော်ကြီးပုံ ဆွဲပါလို့ ပြောလိုက်တယ်။

မင်းသားလေးကလည်း ခမ်းနားကြီးကျယ်တဲ့ နန်းမြို့ကြီးတစ်မြို့ပုံ ရေးဆွဲလိုက်တာ ပဲခူးရိုးမတောကြီးအတွင်းမှာ 'နန်းမြို့ကြီးတစ်မြို့' ပေါ် ပေါက်လာခဲ့တယ်၊ အဲဒီမြို့တော်ကြီးကို စန္ဒဒေဝီရော သူရိယမင်းသားလေးအမည်ပါ ပါစေချင်တဲ့အတွက် 'စန္ဒသူရိယမြို့တော်' လို့ အမည်ပေးခဲ့တယ်။

မင်းသားလေးနဲ့ မင်းသမီးတို့ဟာ ဒီမြို့တော်ကြီးမှာ ပျော်ရွှင်စွာ ပေါင်းသင်း နေထိုင်ခဲ့တယ်။

နောင်ကြာတဲ့အခါမှာ သဘာဝဥတုဒဏ်ကြောင့် မြို့ပျက်ကြီးအဖြစ်သို့ ရောက်ရှိသွားခဲ့တယ်၊ မင်းသားလေးဟာ မတ်ခွက်မလွတ်တဲ့ဘဝနဲ့ မြို့ပျက်ကြီးထဲမှာ သူ့ရဲ့ဝိညာဉ်ဟာ ရှိနေတုန်းပဲ့ မင်းသမီးကလေးကတော့ လူ့ဘဝကို ကူးသွားတယ်တဲ့"

"တော်တော် စိတ်ဝင်စားဖို့ကောင်းတဲ့ အဖြစ်အပျက်ပါပဲ"

"ကဲ- ဒကာမလေးနဲ့ စကားပြောရတာ အချိန်အတော်လင့်သွားပြီ၊ ဘုန်းကြီး ဖြတ်လမ်းကနေ လိုက်ပို့ပေးမယ်"

"တင်ပါ့ဘုရား"

"ဩော်. . . ဒကာမလေး လည်း ဒီမြို့ကြီးကိုရောက်ခဲ့တဲ့ အထိမ်းအမှတ်အနေနဲ့ မင်းသမီးလေး စန္ဒသူရိယရဲ့ ရုပ်တုကလေးကို ပေးလိုက်မယ်"

"တင်ပါ့ဘုရား"

ဘုန်းတော်ကြီး လှမ်းပေးလိုက်သည့် စန္ဒသူရိယ၏ ရုပ်တုကလေးကို ယူဆောင်ပြီး ဖြတ်လမ်းအတိုင်းပြန်လာရာ လှိုဏ်ကြီး၏အပြင်ဘက်တွင် အဖေနှင့် အစ်ကိုနှစ်ဦး အိပ်မော်နေသည်ကို တွေ့ရှိရသည်။

"ကဲ- ဒကာမလေး မိသားစုတွေနဲ့ ပြန်တွေ့ရပြီဆိုတော့ ဘုန်းကြီး ပြန်တော့မယ်"

"တင်ပါ့ဘုရား"

ထိုသို့ပြောဆိုပြီးနောက် အဖေနှင့် အစ်ကိုတို့အား နှိုးနေစဉ် ဘုန်းတော်ကြီးလည်း ပျောက်ကွယ်သွားခဲ့သည်။ မကြာမီ အဖေနှင့်အစ်ကိုနှစ်ဦး နိုးလာခဲ့သည်။

"ဟင်. . . ညီမလေး လပြည့်ဘယ်လိုပြန်ရောက်လာတာလဲ"

"လေပြင်းတွေကြားထဲမှာ နင့်ကို စိတ်ပူပြီး ရှာလိုက်ရတာဟာ"

"ညီမလေး စန္ဒသူရိယမြို့ပျက်ကြီးဆီ ရောက်သွားတယ်၊ ဘုန်းကြီးတစ်ပါးနဲ့တွေ့ပြီး ဒီကြွေးရုပ်ကလေးကို ပေးလိုက်တယ်"

"အစ်ကိုတို့လည်း လေပြင်းတိုက်လို့ထွက်ပြေးရင်း ငါညီမပျောက်သွားလို့ လိုက်ရှာတာ ဘယ်လိုဖြစ်ပြီး ဒီနားရောက်လာတယ်မသိဘူး၊ ဒီနားလည်း ရောက်ရော အိပ်မွေ့ချခံလိုက်ရသလို အိပ်မော်သွားတာပဲ"

"ကဲ. . . က အတော်လည်း မိုးချုပ်ပြီ၊ တောင်အောက်ပြန်ဆင်းကြစို့"

ၦင်းတို့အားလုံး တောင်အောက်သို့ ပြန်ဆင်းလာခဲ့ကြသည်။ သို့သော် မိုးခချုပ်သွားပြီဖြစ်၍ အမှောင်ထုစိုးမိုးလာသဖြင့် ထိုတစ်ညတာအဖို့ သစ်ပင်ကြီး တစ်ပင်အောက်တွင် အိပ်စက်ခဲ့ကြသည်။ နံနက်မိုးလင်း၍ ကြည့်လိုက်သောအခါ

"ညီမလေး. . . ထစမ်း ထစမ်း"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရ"

"ညီမလေးရဲ့ အရုပ်က ရွှေရုပ်ကြီးပဲ၊ ဝင်းထိန်နေတာပဲ"

"ဟုတ်ပါရဲ့ အစ်ကိုရယ်၊ အဖေကြည့်ပါဦး၊ မနေ့ညနေက ကြေးရောင်ဖြစ်နေတဲ့ အရုပ်က အခုတော့ ရွှေရုပ်ကြီး ဖြစ်နေပြီ"

"အင်း . . . . အချိန်ကလည်း မနည်းဘူး၊ အနည်းဆုံး တစ်ပိသာလောက်ရှိမယ်ထင်တယ်"

"ဒါဆို တန်ဖိုးဘယ်နည်းမလဲ"

"သမီးကတော့ ဘယ်လောက်တန်ဖိုးကြီးကြီး မရောင်းဘူး အဖေနဲ့ အစ်ကိုတို့ရယ်"

"ဘာဖြစ်လို့လဲဟ"

"သမီးဟာ ဘဝတစ်ခုမှာ အဲဒီမြို့တော်က မင်းသမီးဖြစ်ခဲ့တယ်လို့ထင်တယ်၊ နောက်ပြီး အမှတ်တရပေးခဲ့တဲ့ ပစ္စည်းမို့လို့ မရောင်းနိုင်ဘူး အဖေ"

"ဒါကတော့ ညည်းသဘောပဲ"

အဘွား လပြည့်မှာ ထိုအရုပ်ကလေးကို ကိုင်တွယ်ပွတ်သပ်ပြီး စန္ဒသူရိယမြို့တော်အကြောင်း ပြောပြခဲ့သည်။ ဘွားလပြည့်သည် ထိုအကြောင်းစုံကိုပြောပြပြီး မကြာမီ သေဆုံးသွားခဲ့သည်။ ဘွားလပြည့် သေဆုံးသွားပြီးနောက် ထိုရုပ်တုကလေးကို တစ်အိမ်သားလုံး ရှာကြည့်သောအခါ ထိုအရုပ်မှာ ပျောက်ခြင်းမလှပျောက်နေပါသည်။

ထိုရုပ်တုနှင့်ပတ်သက်ပြီး တစ်အိမ်သားလုံး အံ့သြခဲ့ကြသည်။ ကျွန်မတို့အိမ်တွင် သူခိုးမရှိပါ။ ဖေဖေ မေမေနှင့် ကျွန်မ၊ ညီမလေးသာရှိသည်။

ဘွားလပြည့်နှင့်အတူ ထူးဆန်းစွာ ပျောက်ဆုံးသွားသည့် ရုပ်တုကလေးနှင့် စန္ဒသူရိယမြို့တော် အကြောင်းမှာ ကျွန်မ မိသားစုအတွက် မမေ့နိုင်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါတော့သည်။

ရိုရိုငွေး

❑

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေကလေးရဲ့ ဖေဖေ

တင်မိုးခိုင်

လမ်းဘေး တစ်ဖက်တစ်ချက်မှ ရွာခင်းများကို ကြည့်ရင်း သူစီးလာသော လိုက်(တ်)အော့စ်ကားသည် မြေပြန့်ကို နိမ့်ဆင်းဖြတ်ပြေး မောင်းနှင်စပြုပြီကို သတိထားမိသည်။ လက်ပံပွင့်၊ ပေါက်ပွင့်တို့က ရဲရဲနီစွေး၊ သရက်ဖူးတို့က ပင်လုံးကျွတ်မျှ ဖွေးဖွေးရွရွ၊ ထနောင်းရွက်သစ်တို့က စိမ်းမြနုလွင် အညာဒေသ၏ နွေဦးအလှက သူ့ကို ကမ်းလှမ်း ကြိုဆိုလျက်။

ပန်းပြီတော်က အပြန်မှာ သူ့ကို မျှော်နေကြသူ များစွာ ပြင်စာကို ရောက်ပြီ၊ ထုံးဘိုကို ရောက်ပြီနဲ့ လက်ကိုင်ဖုန်းဖြင့် သတင်းပေးပြောရင်းကနေ ဖေဖေ၏ ဇာတိရွာကို တဖြည်းဖြည်း နီးလာပြီဆိုသော အသိဖြင့် ရင်ထဲမှာ ဝမ်းသာသလို လွမ်းဆွတ်သလို ကြည်နူး သလို ဘာရယ်လို့ မည်မည်ရရ မသတ်မှတ်နိုင်သော ခံစားမှုက နွေးနွေးမြမြ လွှမ်ခတ် ပုတ်ခတ်နေ၏။

လမ်း၏ ညာဘက်မှာ ဖျတ်ခနဲ တွေ့လိုက်သော ဆိုင်းဘုတ်တစ်ခုကို ဖတ်မိတော့ 'ဆော့က်တောဝ' တဲ့။

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်ကစည်းက တည်ရှိခဲ့သောရွာ။ ဖေဖေပြောဖူးသော 'ဆဲတောက်ပေါလ့ ဆောက်တောဝ' လို့ စာချိုးရှိခဲ့သော ရွာပဲ။ ဒါဆို ဖေဖေ့ရွာနှင့် နီးလာပြီပေ့ါ။

သည်လိုနှင့် သူသည် လမ်း၏ ညာဘက်နံဘေးမှ ဆိုင်းဘုတ်အမှတ်

www.burmeseclassic.com

www.burmeseclassic.com

အသားများကို သေသေချာချာကြည့်သည်။ ဖတ်သည်။ ကားဆရာကိုလည်း ဖြည်းဖြည်း မောင်းစေသည်။

သူ မမှတ်မိတော့။ လွန်ခဲ့သော ဆယ်စုနှစ် သုံးခုလောက်က မြင်ကွင်းတွေက အခုအချိန်မှာ မြောင်းလဲသွားခဲ့ပြီ။ ကားသည် မြစ်ယေတံတားကို ကျော်ဖြတ်လာခဲ့သည်။ တံတားကို လွန်ခဲ့ပြီ။ ဘည်ဘက်ထိပ်မှာ ဆိုင်ခန်းတွေ မတွေ့ရတော့။ လမ်းသစ် တိုးချဲ့ဖောက်လုပ်နေသော လုပ်ငန်းခွင်ကို မြင်ရ၏။ သူ ဆုံးဖြတ်လိုက်သည်။

"ရပ်လိုက်တော့ ဦးလေး၊ ကျွန်မ ဒီမှာပဲ ဆင်းတော့မယ်"

"အိမ်အထိ လိုက်ပို့မယ်လေ၊ အချိန်ရပါတယ်"

အိမ်ကိုလည်း သေသေချာချာ မသိဘူး ဆိုသောအခါ ကားသမားကြီးက သူ့ကို အံ့ဩဟန်ပြုသည်။ သူ ဘာမှ ပြန်ရှင်းပြမနေတော့။ သူ့အထုပ်အပိုးများကိုသာ ကားပေါ်မှ သယ်ချစစ်ဆေးသည်။ အားလုံး လေးခု။

ကားထွက်သွားပြီးတော့ သူ လက်ကိုင်ဖုန်းနှင့် ဆက်သွယ်လိုက်သည်။ တံတားထိပ် ရောက်နေပြီ ဖြစ်သော သူ့ကို တစ်ခါမျှ မမြင်ဖူးသည့် ဇမ်းကွဲ မောင်နှမများက လာကြိုကြတော့မည်။

ခရီးသွားကားများက အထုပ်အပိုးများ အလယ်မှာ ထီးတည်း ရပ်နေသော သူ့ကို ခရီးသွားမည့်သူ မှတ်ထင်ကာ ရပ်တန့် အော်ခေါ်နေ၏။

"မန္တလေးကို မန္တလေးကို"

ကားတွေ လေးငါးစီးလောက် ဖြတ်မောင်းသွားပြီးနောက် အဖြူရောင် လိုက်ထရပ်ကားတစ်စီးသည် ဖြည်းဖြည်းညင်သာ မောင်းလာရာက သူ့ရှေ့ အရောက်မှာ အလိုက်သင့် ရပ်တန့်သွား၏။ တား နောက်ခန်းတွင်းမှ အညာမူ အညာသွေး အမျိုးသမီး နှစ်ယောက် ဆင်းလာသည်။

ကြီးကြီးဒေါ်သန်းမေ (ဖေဖေ့အစ်မ)၏ သမီးများ သူ၏ ညီအစ်ဇဝမ်းကွဲများ ဖြစ်သည့် သောင်းသောင်းနှင့် ခင်ဌေးရီ။ သူနှင့် ဖုန်းအဆက်အသွယ် ရထားပြီးသူများ။

သူတို့၏ မျက်နှာများက ဇမ်းမြောက်ဝမ်းသာဟန် အမူအရာများ လွှမ်းခြုံရစ်သိုင်းကာ နှုတ်ဆက်ကြဆိုပြီး အထုပ်အပိုးများကို ကားပေါ် သို့ တစ်ယောက်တစ်လက် ဆွဲယူသယ်ပို့၏။

ကားသည် လမ်းမကြီးပေါ်မှ လမ်းသွယ်တစ်ခုသို့ ချိုးကွေ့ပြီးနောက် မကြာမီ ခြံဝင်းကျယ်တစ်ခုအတွင်းသို့ တိုးဝင်မောင်းနှင် ရပ်တန့်လေသည်။

မန်ကျည်းပင်၊ သရက်ပင်၊ သီးသီးပင်တို့ဖြင့် သစ်ရိပ်များ စိမ်းညို့အုပ်ဆိုင်းနေသော ဘိုးဘွားတို့၏ အင်္ဂေ့အသက်များ လိမ်းကျံ စွန်းထင်းရာ သည်မြေ သည်လေကို တည်မီမှုန်ရိုက် လိုက်ရှုလေလား။ သူသည် ဖေဖေ့ကို တမ်းတမ်းတတ အောက်မေ့ လွမ်းဆွတ်မိဆွားသည်။ ဖေဖေ ငယ်ငယ်က သွားလာဆော့ကစား မွေးဖွားခဲ့ရာ ဒုဋ္ဌဝတီ မြစ်ကမ်းနံဘေးက ရွာကလေး။ မြစ်လောင်း တဲ့လေ။

အခုမှ မြင်တွေ့ဖူးကြသော မောင်နှမတစ်တွေ ပြောကြဆိုကြ၊ မေးကြ မြန်းကြ၊ တော်စပ်ပုံတွေ့၊ နာမည်တွေ့၊ သူ့အာရုံမှာ မနည်းစွဲမှတ်နေရသည်။ ကြီးကြီးဒေါ်သန်းမေ၏ သားသမီးတွေချည်းက ခုနစ်ယောက်ရှိ၏။ မျိုးဆက်သစ်ဖြစ်တဲ့ တူတော်မောင်တွေတောင် ဘွဲ့ရသူ၊ အိမ်ထောင်ပြုပြီးသူတွေ ရှိနေပြီ။

သူ့ကို တည်ခင်းကျွေးမွေးသော ထမင်းပွဲကလည်း သူ့အကြိုက် အညာစာလေးတွေ။ မန်ကျည်းရွက် ချဉ်ရည်၊ ပဲကြီးနှပ်၊ နွားနို့ခဲချက်၊ ခရမ်းချဉ်သီးပုန်ထွေးဖော် ဖွယ်ရာမြိုင်ဆိုင်လို့။ ကြက်သား၊ ဝုတ်သား၊ ငါး၊ ပုစွန်ထုပ်ဆီပြန် ဟင်းတွေ ပါပေမယ့်လည်း သူက သားငါးများကို ခံတွင်းမတွေ့တတ်။

သူနဲ့တွေ့တော့ မောင်နှမတစ်တွေ ဖျော်နေကြသည်မှာ အံထင်အရှား။ မရှိတော့ပြီဖြစ်သော မိဘများ ကိုယ်စား ကျန်မိုးဆက်တို့ ချစ်ကြည်စွာ တွေ့ဆုံမှုက မဂ်လာရှိပါ၏။

နောက်နေ့တွေ ရောက်တော့ အနီးဝန်းကျင်မှာ ပထမရက် စစ်ကိုင်း၊ နောက်နေ့ အင်းဝ၊ နောက်တစ်ရက် မန္တလေး၊ ကျောက်ဆည်၊ ဘုရားစုံဖူးရအောင် လိုက်ပို့ကြသည်မှာ မမောနိုင် မပန်းနိုင်။

သူလုည်း ဖေဖေ့ကို ရည်စူးကာ အလှူဒါနတွေ ပြုဖြစ်ခဲ့သည်။ သူငယ်စဉ်က ဖေဖေ့စကားတွေနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ ရွှေစာရံဘုရားကို ဖူးမြော်ရစဉ်မှာ ဖေဖေ့ကို အထူးလွမ်းဆွတ်လှ၏။

ဖေဖေ၏ သွေးသားရင်းချာ မောင်နှမ ခြောက်ယောက်မှာ ဖေဖေ့ညီမ ဒေါ်ချောနှင့် ဖေဖေ့ညီ ဦးလေးကို အုန်းမောင်တို့သာ ဘက်ရှိထင်ရှားရှိတော့သည်။ ယခုအခါ ဒေါ်ချောက (၈၂)နှစ်၊ ဦးလေးကိုအုန်းမောင်က (၈၀)။ ဦးလေး ကိုအုန်းမောင်၏ ဆက်သွယ်ပေးမှုဖြင့် သူ၏ လက်ကိုင်ဖုန်းနံပါတ်ကို မြစ်လောင်းမှ မောင်နှမများ သိရှိကာ သူ့ကို ဆက်သွယ် ဖိတ်ခေါ်လာခဲ့သည်။

သူကလည်း လွန်ခဲ့သော နှစ်ပေါင်း မျှားစွာကတည်းက ရောက်ဖူးချင်နေခဲ့သော မြစ်လောင်းကို ထီတွေ့ခံစားဖို့ စိတ်ကူးရှိပါသည်။

ဦးလေး ကိုအုန်းမောင်က သူ့ဓိသားစုနှင့်အတူ တသားမှာ ရှိနေသည်။ မြစ်ယေမှာရှိနေသည့် သံုးအဒေါ် ဒေါ်ချောကိုတော့ တစ်ရက်မှာ သူ သွား၍ တွေ့ဆုံ ဂါရဝပြုခဲ့သည်။

တစ်ညမှာ သောင်းသောင်းက သူတို့အမေ ထိန်းသိမ်းထားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း (၇၅)နှစ်ကျော်တာတာ်ပုံ သုံးပုံကို သူ့အားပေးအပ်သည်။ သည်တာတ်ပုံတွေကို တွေ့ရဖို့ သူ မြစ်လောင်းအထိ ရောက်လာခဲ့ရခြင်း ဖြစ်၏။ မှုန်ဘောင်သွင်းထားသော တာတ်ပုံကြီးတွေက နှစ်ကာလရှည်ကြာခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

လည်း အဖြူအမည်း ဓာတ်ပုံဆေးသားများကဲ့ အခုတိုင် ပြတ်သားကောင်းပွန်ဆဲ။

ဖေဖေတို့ မောင်နှမ တစ်စုတ်၏ ရွှင်ပြုံးသမင်လာ အမှတ်တရစုပေါင်း ဓာတ်ပုံ၊ ရှင်လောင်းလှည့်ပုံနှင့် အလှူမင်္ဂလာ မဏ္ဍပ်ရှေ့မှာ ရိုက်ထားသော ပုံများ။

ဖေဖေ (၆)နှစ်သားအရွယ်က ရှင်လောင်းပုံလေးကို ချစ်စဖွယ် လွမ်းစဖွယ် တွေ့တော့

"ဟယ်- ဖေဖေက ချစ်စရာလေး" လို့ ဆွန္နတ်မှ လွှတ်ခနဲ ထွက်သွားရာ သောင်းသောင်းတို့က ဝိုင်းရယ်ကြသေး၏။

သည်ဓာတ်ပုံတွေကို သူ အခုမှ မြင်ဖူးခြင်း ဖြစ်သည်။ ဖေဖေတို့ ငယ်ငယ်က ရှင်ပြုပွဲအကြောင်းကို သူ အလယ်တန်းကျောင်းသူ အရွယ် လောက်က ဖေဖေ ပြောပြခဲ့ဖူးလို့ မှတ်မိနေပါသေးသည်။

ဆင်မကြီး ကျောင်းအမကြီး မငွေစိန်နှင့် ရှင်လောင်းလှည့်ပုံ၊ ရှင်ပြုအလှူမှာ စိန်ပေဒါနှင့် ဆိုင်းခဲပုံ၊ ဆိုင်းကို ဝဲဆိုင်း၊ ယာဆိုင်း အပြိုင်တီးပုံ၊ ဖေဖေ ပြောပြခဲ့ ဆိုပြခဲ့ဖူး၍ ဆိုင်းနောက်ထတို့၏ အဆိုအပြောများကို သူ အခုထိ ကြားယောင် မှတ်မိနေ၏။

"စိန်ပေဒါ လူပုံကိုသာ ကြည့်ကြပါတော့ ခင်ဗျာ"

"အသားနက်တယ်လို့ အများက သက်သက်မဲ့ သရော်တာပါ။ ကျွန်တော် မခံနိုင်ဘူးဆရာ"

"ဟေ့ ညီစိမ့်ရေ့ သူ မခံနိုင်ဘူးတဲ့"

"သူ မခံနိုင် မင်းခံပေါ့ကွာ"

ပရိသတ်က ဝေါခနဲ ရယ်ကြသည်တဲ့။

ဖေဖေက သံနေ သံထားဖြင့် ဟန်ပါပါ ဆိုပြောပြရာ သူတို့ မောင်နှမတွေ ပျော်ရွှင်ရယ်မောခဲ့ကြသည်။

○

ဘွားဘွား အသက်ပေးခဲ့ရသည့် မွေးရပ်မြေကို ဖေဖေ စွန့်လွှတ်ခဲ့သည်။ ဖေဖေသည် အမွေစုကိုပင် မယူခဲ့။ မမက်မောခဲ့။ တာဝန်ဖြင့် ခရီးသွားရင်း ဖြတ်သန်းသွားရလျှင်တောင် ရန်ကုန်-မန္တလေး ကားလမ်းနံဘေးက ရွာကလေးကို ဖေဖေ မျက်နှာလွှဲနေလေ့ရှိခဲ့တာ သူတို့ တစ်မိသားစုလုံး အသိပါ။

ဆွေမျိုးများက ဖေဖေ့အား မွေးရပ်မြေကို စိမ်းကားသည်ဟု ဝေဖန်ပြောဆိုခဲ့ကြသည်။ ဆွေမျိုးများက ဖေဖေ့ဆီ လာရောက်တွေ့ဆုံသည်ကို ဖေဖေက ကြိုဆိုလက်ခံသော်လည်း ဆွေမျိုးသားချင်းများထံ သွားရောက် လည်ပတ်ခြင်းမျိုး မရှိခဲ့ပေ။

ဒါပေမဲ့ ဖေဖေ့ရင်ထဲမှာ မြစ်လောင်းရွာကလေး ရှိနေသည်။ သူတို့ မသိခဲ့ကြလို့ပါ။ သမီးဖြစ်သော သူက သာ့ ဖေဖေ့နှလုံးသားမှ ဇာတိမြေ အလွမ်းကို မြင်နေခဲ့ရသည်။

ဖေဖေ ပြောပြခဲ့လို့သာ သူသည် မြစ်လောင်းကို သိခဲ့ရသည်။ ရွှေစာရံကို သိခဲ့ရသည်။ အမေကြီးအိဆိုတဲ့ ဖေဖေ့အဘွားကို သိခဲ့ရသည်။ ဆင်မကြီး ကျောင်းအမကြီး မငွေစိန်ကို သိခဲ့ရသည်။

ဖေဖေက မဲ့ပြောခဲ့နှင့် သည်လို ရှေ့ဟောင်းနှောင်းဖြစ်တွေကို သူ ဘယ်လိုလုပ် ဆင့်ပွား ခံစားသိနိုင်မလဲ။ အတိတ်က ပုံရိပ်တွေကို ပြောပြနိုင်ခြင်း ဆိုသည်မှာ နှလုံးသားမှာ စွဲထင်နေလို့သာ ပြောပြလို့ရသည် မဟုတ်ပါလား။

ဖေဖေသည် သားသမီးများအား ငယ်ဘဝတွေကို ပြန်ပြောင်းပြောပြစဉ်က ဘွားဘွား ကွယ်လွန်ရပုံကို မျက်ရည်များဖြင့် ပြောခဲ့ခြင်း ဖြစ်သည်။

အခုလည်း သောင်းသောင်းတို့က သူတို့အမေ ပြောပြခဲ့သည့် ဘွားဘွား အသက်ကုန်ဆုံးရပုံကို ပြောနေပြန်ပြီ။ သိပြီးသား အကြောင်းအရာပေမဲ့လည်း သည်ဖြစ်စဉ်ကို ကြားရလေတိုင်း ပြန်လည်တွေးတောမိတိုင်း မှာ သူ မချိတင်ကဲ ရင်နင့်ကြေကွဲရ၏။

ဘိုးဘိုး ခရီးသွားနေချိန်မှာ-

"ဟောတိုက ရွာထိပ် ကုက္ကိုပင်ကြီးအောက်မှာပေါ့"

သဲနုတ်သဲ သုံးချက်ဆင့် ပစ်လိုက်သံသည် သူနားစည်မှာ အခုပင် ညံသွားသလို ကြားယောင်လာသည်။ ဘွားဘွားကို ရဲဘော်ဖြူတို့က ပစ်ခတ်ခဲ့သည့် နေရာ။

"အထွန်းရယ် မလုပ်ပါနဲ့... အထွန်းရယ် မလုပ်ပါနဲ့"

မျက်နှာသိ ရန်သူအား ဘွားဘွားက တောင်းပန်တိုးလျှိုးသံကို ကြားကြရသည်တဲ့။ သွေးဆာနေသော လက်နက်ကိုင်များက ဖေဖေတို့ ညီအစ်ကို ကိုပါ လိုက်လံ ပစ်ခတ်၍ ထွက်ပြေးပုန်းရှောင်ခဲ့ကြရသည်ဟု ဖေဖေက ပြောပြခဲ့ဖူးသည်။

လွတ်လပ်ရေး ရပြီးစမှာ မြန်မာတစ်ပြည်လုံး လောင်ကျွမ်းခဲ့သည့် ပြည်တွင်းစစ်မီး၏ ဒဏ်သင့်သော သားကောင်များတွင် ဖေဖေတို့ မိသားစုပါဝင်ခဲ့၏။ ဘွားဘွားကွယ်လွန်တော့ အသက်(၄၀)သာ ရှိသေးသည်။ အမိမဲ့သွားသော ဖေဖေတို့ မောင်နှမတစ်တွေသည် ငယ်ဘဝမှာ လောကဓံကို ကြုံကြိုက်ခံကာ ရုန်းကန်ခဲ့ကြရသည်။ ဘိုးဘိုးကလည်း နောက်အိမ်ထောင် ပြုသွားခဲ့ဖြန်သည်။

သည်လိုနှင့် ဖေဖေသည် ဇာတိမြေနှင့် ဝေးကွာခဲ့သည်။ ဝန်ထမ်းဘဝမှာ နစ်မြုပ်ကဲ့ ထားရာနေ စေရာသွားဘဝဖြင့် တိုင်းပြည်၏ နိုင်ငံရေးခေတ်အမျိုးမျိုးမှာ ရှင်သန်ဖြတ်သန်းသွားခဲ့သည်။ နိုင်ငံဝန်ထမ်းဘဝဖြင့် ကျင်လည်ရင်း အိမ်ထောင်ရက်သားက၊ သားသမီးများပွားစီးကာ အနှစ်လေးဆယ်နီးပါး တာဝန်ထမ်းဆောင်ပြီးချိန်မှာ ဖေဖေ့အသက် ခြောက်ဆယ်တိုင်ခဲ့ပြီ။ ဖေဖေ့အငြိမ့်စားယူပြီးစမှာပင် သူ အိမ်နှင့် ခွဲခွာရဖို့ အကြောင်းဖန်လာပါသည်။

○

www.burmeseclassic.com

ဖေဖေက သူ့ကို အသိုက်ထဲက ငှက်ပေါက်စလေးလို သဘောထားနေသည်ကို သည်တော့မှ သိရ၏။ သူ ကျောင်းဆရာမဘဝမှာ စေလိုရာစေရာထူးတိုး တာဝန်ထမ်းဆောင်တော့ ကချင်ပြည်နယ် ဧရာဝတီမြစ်ကမ်းနံဘေးမှ ရွာကလေးသို့ တာဝန်ကျ၏။ သူ ခရီးမထွက်ခင်မှာ ဖေဖေသည် သူ့ကို စကားပင် မပြောနိုင်လောက်အောင် စိတ်ထိခိုက်နေခဲ့သည်။

အညိုရောင်နယ်မြေဟု သတ်မှတ်သော လုံခြုံရေးအရ ညနေ ၆ နာရီမှ မနက် ၆ နာရီအထိ ရထားခုတ်မောင်းခွင့် မရှိသော ဒေသကိုသွားဖို့ တက်ကြွ ပြင်ဆင်နေသည့် သမီးကို ဖေဖေက အားပေးခြင်းလည်း မမည်၊ တားဆီးခြင်းလည်း မပီစွာ။

"ငါ့သမီးက တကယ်သွားတော့မှာလား"

"သွားမှာပေါ့ ဖေဖေရဲ့၊ သမီး သွားချင်လို့ လျှောက်လွှာတင်ခဲ့တာပဲ"

သည်နောက်မှာ ဖေဖေ သူ့ကို ဘာမှ မပြောသာတော့။ မမေမေကသာ သူ့အတွက် လိုအပ်သည့် ပစ္စည်းလေးမျိုးကို လက်ဆွဲကြိမ်ခြင်းကြီး တစ်လုံး အပြည့် စုံစိုနဖာ စုဆောင်းဖြည့်ဆည်းပေးနေသည်။ ထင်းရှူးဆီ၊ နန္တင်းမှုန့်က အစ။

သည်လိုနှင့် သူသည် စေလိုရာ စေခရီးကို ကားတစ်တန်၊ ရထားတစ်တန်၊ စက်လေ့တစ်တန်ဖြင့် ပေါ့ပါးလွတ်လပ်ပျော်ရွှင်စွာ ထွက်ခွာခဲ့လေသည်။

တစ်ခါမှ အိမ်နှင့် ခွဲ၍မသွားဖူးသော သမီးဖြစ်သူကို စိတ်မချသော ဖေဖေသည် အဝေးရောက် သမီးဆီသို့ စာရေးခဲ့လေသည်။ ဒါပေမဲ့ ထိုစာသည် သူ့ထံသို့ ရောက်မလာခဲ့ပါ။ စာတိုက်မှ ထည့်လိုက်သော စာသည် အယ်နေရာမှာ ဘယ်လိုမျှောက်ရှုသွားသည် မသိ။

သူကတော့ အိမ်နှင့် တစ်ခါမျှ မခွဲဖူး၍ တစ်သက်လုံး ဖေဖေ့စာကို မရဖူးသဖြင့် ထိုစာလေးအား သိပ်ကို နှမြော်လှပါသည်။ နွေကျောင်းပိတ်ရက် အိမ်ပြန်မှသာ မေမေက ပြောပြ၍ ဖေဖေ့ သူ့ဆီသို့ စာရေးကြောင်း သိရခြင်းဖြစ်သည်။ မဖတ်လိုက်ရသော စာထဲမှ အကြောင်းအရာများအား မေမေ့ကို ပြန်မေးရသည်။

"သမီး ဖေဖေက သမီးကို ငှက်ကလေးလိုပဲတဲ့၊ သမီးဆီက စာလာတော့ အစစ အဆင်ပြေတဲ့အကြောင်း သိရလို့ သမီးဖေဖေက ဝမ်းသာနေတယ်၊ သမီးကို အဝေးကို လွှတ်လိုက်ရတာဟာ အသိုက်ထဲက အပြင်ကို တစ်ခါမှ မထွက်ဖူးတဲ့ ငှက်ကလေးကို လွှတ်လိုက်ရသလိုပဲတဲ့၊ ငှက်ကလေးက အသိုက်ထဲက ထွက်သွားရင် အပြင်မှာ သူ့ဟာသူ ပျံမှပျံတတ်ပါ့မလားလို့ စိုးရိမ်သလို ဖေဖေစိုးရိမ်ခဲ့ရတာ၊ အခုတော့ ငှက်ကလေး ပျံတတ်သွားပြီတဲ့"

ဖေဖေ့ နေ့တဲ့စာကို မဖတ်ရမေမယ့် စာထဲက အကြောင်းကလေးကို သိလိုက်ရလို့ သူ ကျေနပ်ပျော်ရွှင်သွားသည်။ ချစ်ဖို့ကောင်းလိုက်တဲ့ ဖေဖေ။ ပြီးတော့ ဖေဖေက သူ့ကို ငှက်ကလေးတဲ့၊ သူ ရယ်ချင်သွား၏။

အသက် (၃၅)နှစ် ရှိနေပြီဖြစ်တဲ့ အထက်တန်းပြ ဆရာမကြီးကို များ ဖေဖေက ငှက်ကလေးတဲ့ လေ။

သမီးကို ငှက်ကလေး ဆိုတော့ ဖေဖေက ငှက်ကလေးရဲ့ ဖေဖေပေါ့။

○

သူ အဝေးရွှေ့ တာဝန်ထမ်းဆောင်နေဆဲ ကာလမှာပင် မေမေ ရုတ်တရက် ကွယ်လွန်သွားသည်။ သည်အခါမှာ သူ အိမ်သို့ပြန်ရောက်လာပြီး ဖေဖေ့ အနားမှာပဲ နေသည်။ သူ လုပ်ငန်းခွင် တိုးတက်မှုကို ဖေဖေ့ စိတ်ချမ်းသာမှုနှင့် လဲလိုက်ရသည်။ သမီးကြီး ဖြစ်ရတဲ့ သူ့အဖို့ ရှောင်လွှဲငြင်းပယ်လို့ မရတဲ့ တာဝန်ဝတ္တရားတွေနဲ့ ဘဝမှာ အပြောင်းအလဲတွေ ဆိုးကွေ့ မြန်ဆန်လွန်းလှတဲ့ ကာလများပါပဲ။

မေမေ ကွယ်လွန်ပြီး တစ်နှစ်နှင့် ရှစ်လအကြာ။

သည်မှာပဲ သူ့ဘယ်လိုမှ ဖေ့မရနိုင်သော ဝါဆိုလ၏ နံနက်ခင်းတစ်ခုကို ထိတ်လန့်တုန်လှုပ်စွာ ကြုံတွေ့လိုက်ရသည်။

ဖေဖေ ကွယ်လွန်ပြီဆိုင်သော အခါ သူ့ မယုံကြည်နိုင်ဖြစ်ခဲ့ရသည်၊ မနက်အိပ်ရာက နိုးထခါစ ဖေဖေနှင့်သူ အိမ်ရှေ့ခန်းမှာ စကားပြောနေချိန်၊ သူက မီးဖိုခန်းသို့ ဖေဖေ့အတွက် နံနက်ခင်းစာကို သွားအယူ၊ ငါးမိနစ်သာသာ အချိန်အတွင်း အိမ်ရှေ့ခန်းကို သူ ပြန်ရောက်တော့ ဖေဖေသည် သူ့ကို ဘာမပြော ညာမပြော ထားရစ်ခဲ့ကာ ထွက်ခွာသွားနှင့်လေပြီ။

သည်မှာပင် သူ တအံ့တသြဖြစ်ရ၏။ သေခြင်းတရားက ဒါလေခက်တောင် မြန်ဆန်သလား၊ သေခြင်းနှင့် ရှင်ခြင်းတု့ နီးကပ်လွန်းလှချည့်။ ဖေဖေ ကွယ်လွန်သွားပြီဟု ပြောကြသူများ၏ စကားကို သူ လက်မခံနိုင် ဖြစ်ရသည်။ လာရောက် ကြည့်ရှုစမ်းသပ်သော ဆရာဝန်၏ မှတ်ချက်ကိုလည်း မှားယွင်းမှုတစ်ခုဟု သူ ယူဆလိုက်၏။

ဦးခေါင်း ခိုင်ခိုင်မတ်မတ်ရှိလျက် မျက်လုံးတို့က ပွင့်လျက်သား။ ပါးစပ်ဟကာ ထိုင်လျက် အံ့နေအထား ရှိနေသော ဖေဖေ၏ သက်မဲ့ခန္ဓာကို ဖက်ကွယ်ထားသော သူသည် အတွေးတွေ ဝေဝါးထွေးရွှမ်းလျက်ရှိသည်။

ဖေဖေ ဘယ်ရောက်သွားတာလဲ၊ ဖေဖေ့ အသက်က ဘယ်လို ထွက်သွားတာလဲ။ အခုလေးတင်ဆိုတော့ သိပ်ဝေးဝေးလံလံကို ရောက်ဦးမှာ မဟုတ်သေးဘူး။

ဖေဖေ ဒီအခန်းထဲမှာပဲ ရှိနေဦးမှာပဲနော်။ ဖေဖေ ဆုံးသွားပြီလို့ သူတို့က ပြောနေကြတယ်။ မဟုတ်ဘူးနော် ဖေဖေ၊ ဖေဖေ သတိမေ့နေတာပါ။ ဖေဖေ သတိပြန်ရလာဦးမှာ၊ သူတို့ ပြောတာကို သမီးမယုံဘူး၊ မယုံတာ

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပါဘူး။ သူတို့ ပြောတာတွေ ဟုတ်ကို မဟုတ်တာပါ။

ဖေဖေ့ ရှပ်အင်္ကျီလက်တိုအနားစသည် လေအင်္ဂလိပ်မှာ တဖျပ်ဖျပ် လှုပ်ခါနေ၏။ ဘေးက စားပွဲပုလေးပေါ် ရှိနေသည့် သူသယ်ဆောင်လာခဲ့သော စတီးလင်ပန်းထဲမှာ ဖေဖေ့အတွက် ကော်ဖီဝန်းကန်၊ ကြက်ဥ မကျက်တကျက်ပြုတ်၊ ဆားခွက်တို့က စားသုံးသူမဲ့ ငြိမ်သက်အေးစက်။

သူ ငေးမောရင်း ငိုကြွေးဖို့ သတိမရ။ မီးဖိုခန်းကို သူမသွားခင်က ဖေဖေနဲ့ စကားပြောနေခဲ့ရသည့် အချိန်ကာလလေးကို ပြန်တမ်းတ တွေးတောနေသည်။ ဟာကြာသေးလို့လဲ။ ခုနလေးတင်ကပဲဗာ။

ဖေဖေနဲ့ စကားပြောရင်းက ဖေဖေ့လက်ချောင်းလေးတွေကို သူ ဆုပ်ကိုင်ကြည့် ရာမှာ "ဖေဖေ့လက်တွေ အေးနေတယ်နော်" ဆိုတော့ ဖေဖေက "မျက်နှာသစ်တုန်းက ရေထိထားလို့ပါ" လို့ ပြန်ပြောခဲ့သည်။

သူက ဖေဖေ့ လက်ကလေးတွေကို နွေးစေရန် သူလက်နှင့် ဆုပ်ထွေးပေးနေခဲ့သည်။

ဒီအချိန်မှာ မီးဖိုခန်းထဲက-

"ဦးလေးအတွက် ကော်ဖီဖျော်ပြီးပြီ မလဲ့ရေ" လို့ အသံပြုတော့ -

"ဖေဖေ ခဏနော်၊ သမီး သွားယူလိုက်ဦးမယ်" လို့ ဖေဖေ့ကို သူပြောပြီး လာခဲ့သည်။ အဲဒါ သူ ဖေဖေ့ကို နောက်ဆုံး ပြောခဲ့ရတဲ့စကားပါပဲ။

ဖေဖေ၏ နှလုံးသွေးကြောကျဉ်းရောဂါက ဖေဖေ့ကို သူ့အနီးမှ စောစီးစွာ ခေါ်ဆောင်ကွေကွင်းစေခဲ့ပါသည်။

○

ဖေဖေ တိမ်းပါးသွားသည်မှာ အနှစ် (၂၀)ရှိခဲ့ပါပကော။

ဝန်ထမ်းလစာလေးဖြင့် သားသမီး (၆) ယောက်ကို ပညာသင်ပေးကျွေးမွေးပြုစုခဲ့သော ဖေဖေ၊ အုပ်ဝင်ငွေဆိုလို့ ဝါသနာအရ စာပေရေးသားခြင်းဖြင့် ရရှိသော စာမူခလေးတွေကိုသာ တန်ဖိုးထား ဂုဏ်ယူခဲ့သော ဖေဖေ။

အခုလည်း သူကိုယ်တိုင် မြတ်နိုးခုံမင်နေခဲ့သော စာပေရတနာသည် ဖေဖေ့ဆီက ရခဲ့သော အမွေအနှစ် အစစ်ပါပင်။ ဖေဖေ့နှလုံးသားထဲက စာပေမျိုးစေ့ကို သမီး၏ နှလုံးအိမ်မှာ စိုက်ပျိုးမွေးမြူပေးခဲ့ပြီး ဖေဖေ့နှလုံးအိမ်ထဲက ဇာတိမြေအလွမ်းကို သမီး၏ အသွေးအသားထဲရောက်အောင် စိမ့်ဝင်စီးဆင်းစေခဲ့ပြန်သည်။

သူ့ဘဝကို သူနှစ်လိုပျော်ပိုက်သည်နှင့်အမျှ သည်ဘဝလေးမှာ ရှင်သန်မွေ့လျော်စေဖို့ လေ့ကျင့်ပြက် ဖော်ဆောင်ပေးခဲ့သော ဖေဖေ့ကို သူ အခါခါ ကျေးဇူးဦးတင်ပါသည်။

"ရန်ကုန်နဲ့ မြစ်လောင်း မဝေးပါဘူး၊ လာချင်ရင် အနီးကလေးပဲ မကြာမကြာ လာခဲ့ပါ"

သူ ပြန်ခါနီးမှာ နှုတ်ဆက်တော့ ဝမ်းကွဲမောင်နှမများ၏ ရင်တွင်းစကားက သူ့ခန္ဓာအနှံ့ စိမ့်ဝင်စီးပြန့်သွား၏။

ဖေဖေ့ကို မမေ့သောအားဖြင့် ဖေဖေ မွေးဖွားကြီးပြင်းရာ ဇာတိမြေကို သူနဲ့ စိမ်းပြတ်စေးကွာ မနေအောင် ကြိုးစားမည်။

ဖေဖေ ကွယ်လွန်ပြီးနောက်မှာ ဖေဖေ ဘယ်မှာလဲ၊ ဖေဖေ ဘယ်မှာလဲ နှင့် သူ သိပ်သိချင်နေခဲ့သည်။

အခုတော့ သူ သိနေပြီ။

ဖေဖေသည် သူ့ရင်ထဲမှာ အမြဲရှိနေ၏။

တင်မိုခိုင်

❑

စာပေများ ထောက်ခံအားပေး

စာပေ ပါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရွှေဟောင်းဘုရားသမိုင်းကြောင်းများ။ ဘာသာရေး ဆောင်းပါးများ။ ဂန္ဓိရဝတ္ထုများ။ မှော်ဝတ္ထုများ။ ရသဝတ္ထုများ။ ဟာသများ။ အရွှေတိုင်းအနောက်တိုင်း ဆေးပညာရပ်များ။ ထူးခြားဆန်းကြယ်သောပြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့မို့တို့တက်
နှစ်အောင်ဖြင့်စစရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာပြီးများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

ဆက်သွယ်ရန်
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာပြိုနယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

ဟိုနိုင်းမစိ

ဖို့ဂုန်းဆီ

မနက်အရုဏ်တက် ဒေါ်တင်မေ တစ်ယောက် ရေးရောင်းမထွက်ခင် ချက်ပြုတ် လုပ်ကိုင်ပြီး ညကကျန်တဲ့ ထမင်းကြမ်းနှင့် ငါးပိချက်ကို ဝမ်းပြည့်အောင် ဖြည့်လိုက်သည်။ သားသမီး သုံးယောက် မွေးထားပေမယ့် သမီး နှစ်ယောက်ကလည်း စီးပွားရေးအဆင် မပြေ၊ ကလေးတွေ အမျှားကြီးရှိတော့ ငွေကြေးကျပ်တည်းစွာ ရုန်းကန်လုပ်စား နေကြရသည်။

အိမ်ခြင်းကပ်လျက် သားငယ် ဖြစ်တဲ့ သန်းဇော်မှာ လက်သမားဆရာ ဆိုတော့ သူ့မိသားစုတွေ စားဝတ်နေရေး ချောင်လည်ခဲ့ကြသည်။ သားကြီး မိဘနှင့် ထမင်းအိုးအတူ ချက်စားသော်လည်း ချွေးမဖြစ်သူကတော့ ယောကျမ အပေါ်ကို စေတနာမရှိဘဲ ငြိုငြင်ခဲ့သည်။

ချွေးမက ဒေါ်တင်မေရှေ့မှာ မျက်နှာကစိမ်းမျိုး၊ နောက်ကွယ်ရောက် ရုံ ပေါက်မတွေကို သူကျွေးဖွားရတယ်လို့ ရပ်ကွက်ထဲ အတင်းပြောလိုက်နဲ့ သားအလုပ်က အမြဲတမ်း အဆင်မပြေတော့ မိဘဖြစ်ပြီး ပိုက်ဆံလည်း မပေးနိုင်၊ ထမင်းတစ်နပ်စားရတာလည်း လည်ချောင်းထဲ မျိုမကျခဲ့ပါ။

လပြည့်ဝန်းမဂ္ဂဇင်း (ဇဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားဖြစ်သူ ဦးသောင်းက လည်း ခြေထောက် မကောင်းတော့ အလုပ်ထွက်မလုပ်နိုင်တာ ကြာလှပြီ။ ဝမ်းရေးအတွက် ဒေါ်တင်မေ ဘယ်သားသမီးကိုမှ ဒုက္ခမပေးချင်တာကြောင့် လုပ်ကိုင်စားဖို့ သူများဆီအတိုးနဲ့ ငွေချေးပြီး မုန့်လုပ်ရောင်းခဲ့သည်။ အသက် ၆၅ နှစ် ကျော်လာပေမယ့် ဘဝမှာ အပူအပင်များစွာ ဆင်းရဲ ပင်ပန်းမှုတွေနဲ့ လောကဓံတရားကို ခါးစည်းခံခဲ့ပြီးတာ ကြာပြီ။ ဒီကြားထဲ သမီးကြီးတို့ လင်မယားက တခြားမြို့ကိုသွားပြီး စီးပွားရှာချင်စာယ်လို့ ပြောလာတော့ . . .

"ကလေးတွေကို အမေ့ဆီမှာ ခဏလောက်ခေါ်ထားပေးပါလား။ သမီးစားစရိတ်ကို လတိုင်းမှန်မှန်ပို့လိုက်မယ်၊ ဟိုမှာ လုပ်ငန်းအဆင်ပြေလို့ အိမ်ဆောက်ပြီးသွားရင် အမေ လာနေပေါ့"

"အေးပါ။ သမီးတို့အဆင်ပြေဖို့ပဲ အရေးကြီးတယ်၊ အမေနဲ့ ကလေးတွေ အတွက်ကို စိတ်မပူနဲ့"

ထမင်းစိုးကကြီးလာတာကြောင့် ဒေါ်တင်မေတစ်ယောက်တည်းဝင်ငွေနဲ့ စားဝတ်နေရေး ရပ်တည်လို့မရတော့ ရပ်ကွက်ထဲ အသိဆိုင်မှ အကြွေးတွေများခဲ့ပြီ။ တစ်မြို့တစ်ရွာကို အလုပ်ကြောင့် ပြောင်းနေတဲ့ သမီးကြီးတို့ လင်မယား ပိုက်ဆံပို့မယ်ပြောပြီး နှစ်လ ရှိသွားသော်လည်း ငွေမပို့ခဲ့ပေ။

ဒေါ်တင်မေ သမီး ဖြစ်သူတို့ ဘာမှမပြောပေမယ့် သားငယ်သန်းဇော်ကတော့ . . .

"အစ်မ သူ့သားသမီးတွေကို လာမခေါ်သေးဘူးလား။ အမေ ဘယ် အခွံန်ထိ ရှာကျွေးနေမှာလဲ"

"သူစိမ်းမှမဟုတ်တာ၊ အမေ့မြေးတွေ ကျွေးထားရတာပဲ၊ သူတို့အလုပ် အဆင်ပြေမှ ကလေးတွေကို ခေါ်နိုင်မှာပေါ့၊ ပြောမနေတော့နဲ့"

"မောင်နှမတွေထဲမှာ မိဘကို ဒုက္ခပေးတာဆိုလို့ အစ်မတစ်ယောက်ပဲ ရှိတယ်"

သမီးမွေးထားတဲ့ ကလေးတွေ ဒေါ်တင်မေ လုပ်ကိုင်ကျွေးနေတာကို သားငယ် သန်းဇော်က သူ့အစ်မကို အပြစ်တင်ပြောဆိုခဲ့သည်။ အတိုးပေးစရာတွေ ရှိတာကြောင့် ဝနက်ကျရင် စျေးထဲမှာ ရွှေရင်အေးလုပ်ရောင်းပြီး ညနေစောင်းရောက်တော့ အိမ်ရှေ့မှာ အမိုးထိုးကာ အကြော်ရောင်းခဲ့သည်။

နေဝင်မိုးချုပ် ဒေါ်တင်မေစျေး ရောင်းရတာ ပင်ပန်းတဲ့ကြား အိမ်ပြန်ရောက်တော့ မြေးအဘိုးတွေ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြဘဲ စကားများ ဆူညံသဲတွေကြောင့် စိတ်ညစ်ရတာ တစ်မျိုး၊ အငယ်ဆုံးမြေး နိုင်ဝင်းက နေ့တိုင်းမုန့်မှိုးအပြင် သူလိုချင်တာကို အတင်းပူဆာတော့ အဆင်မပြေတဲ့ကြား ဒေါ်တင်မေဝယ် ပေးခဲ့သည်။ သမီးကြီးလစဉ်ပို့ကိုက်ဆံမှန်မှန်ပို့မပေးဘဲ အပိုဝင်ငွေမရှိတာကြောင့် မြေးသုံးယောက်ကို တာဝန်ယူရတဲ့ စားစရိတ်ကြီးပေမယ့် ကျွေးနွေးထားခဲ့သည်။

♦ ♦ ♦

လတွေကြာသွားတော့ ငွေကြေးစုမိကြတဲ့ သမီးကြီးတို့လင်မယား ကိုယ့်မြို့မှာပဲ ပြန်လာကြပြီး အရင်သက်ငယ် အိမ်ကို ဖျက်ကာ တိုက်ဆောက်နေခဲ့သည်။ စီးပွားရေးအဆင်ပြေတဲ့ သမီးကြီးဆီမှာ ဒေါ်တင်မေတို့ လင်မယား နှစ်ယောက် တစ်လှည့်ပြန်မှီခိုပြီး အေးအေးဆေးဆေး နေသွားရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း တကယ်တမ်းလက်တွေ့ဘဝမှာ ကိုယ်ဖြစ်ချင်သည့် ဆန္ဒနှင့် တစ်ထပ်တည်း ကျဖို့ဆိုတာ ခက်ခဲလွန်းလှသည်။ သမီးကြီးတို့အိမ်မှာ လိုက်နေတယ်ဆိုပေမယ့် အခန့်သားထိုင်မနေဘဲ မိုးလင်းလာရင် ချက်ပြုတ်ပြီး တစ်အိမ်လုံးအဝတ်တွေကို လျှော်ဖွပ် လုပ်ကိုင်ပေးခဲ့သည်။

ဆောက်လုပ်ရေး ကန်ထရိုက်လုပ်နေတဲ့ သမက်ဖြစ်သူက ဝင်ငွေကောင်းတာကြောင့် သမီးကြီးနှင့် မြေးတွေကလည်း ပိုက်ဆံကို နှမြောရမှန်းမသိ သုံးနေခဲ့ကြသည်။ မိဘတွေကို သမီးကြီးက ကျွေးမွေးထားသော်လည်း တခြားလိုအပ်တဲ့ အသုံးစရိတ်ကိုတော့ မပေးခဲ့ဘူး။

ဒေါ်တင်မေတို့ လင်မယားဘဝက အေးအေးငြိမ်ငြိမ်နေရမယ့်ကံဇာတာ မပါဘူးလို့ ပြောရတော့မှာပဲ လောကဓံတရားနှင့် ကြုံရဖန်များလာတဲ့ ဒေါ်တင်မေ ခံနိုင်ရည်ရှိခဲ့ပြီ။

ဒေါ်တင်မေ သူ့ခွန်အားနှင့် လုပ်ကိုင်နေသေးတာကြောင့် မတော်ခင်တော့ ဘဝရပ်တည်ရေးအတွက် ရွှန်းကန်လှုပ်ရှားရဦးမယ်။ အသက်ကြီးပေမယ့် သွားနိုင်၊ လာနိုင်တာကြောင့် သော့ခတ်ထားတဲ့ အိမ်ဟောင်းလေးမှာပဲ လင်မယား နှစ်ယောက် ပြန်နေကြပြီး ဒေါ်တင်မေ စျေးရောင်းလုပ်ကိုင်ခဲ့သည်။ မိဘအပေါ်မှာ သိတတ်နားလည်မှုရှိတဲ့ သားငယ် သန်းဇော်ကတော့ . . .

"သားတို့ တစ်လှည့်တာဝန်ယူပါမယ်၊ အမေတို့ ဘာမှမပူပါနဲ့" လို့ပြောခဲ့သည်။

သားဖြစ်သူကတော့ ကိုယ့်မိဘတွေမို့ အိမ်မှာခေါ်ထားချင်သော်လည်း ခွေးမက အကြောင်းအမျိုးမျိုးပြ ပြောခဲ့သည်။

"ကိုဇော်အလုပ်က ပိုက်ဆံမှာနည်းနည်းပဲဝင်တော့ အိမ်စရိတ်တွေနဲ့ တစ်လကို အလျှဉ်မိအောင်ချွေတာပြီး စားနေရတာ၊ အမေ့မှာ သားသမီးဆိုလို့ ကိုဇော်တစ်ယောက်တည်း ရှိတာလား၊ အစ်မကြီးတို့ကလည်း ပိုက်ဆံရှိရက်သားနဲ့ ကိုယ့်မိဘတွေကို ပြန်ကြည့်ဖို့ကောင်းတာပေါ့"

"မိဘတွေကို ကျွေးထားတာလောက်တော့ ငါတို့လည်း ဟတ်နိုင်ပါတယ် မြို့ရှင်ရာ၊ အစ်မကြီးကို တွက်ကတ်ပြောမနေပါနဲ့"

"အရင်တုန်းက အဆင်ပြေခိုန်က အမေတို့ကို ကျွေးထားတာပဲမဟုတ်လား။ ပိုလျှံတုန်းက မြို့ငှ ဘယ်နှခါပြော

www.burmeseclassic.com

ဖူးလို့လဲ၊ နောက်ပြီး ကိုဇော်အမေက ဆေးလိပ်အမြဲသောက်နေတော့ တော်ကြာ ကလေးတွေ ရောဂါရနေမှဖြင့်"

သားငယ်နှင့် ချွေးမတို့ပြောဆိုနေကြသည့် စကားတွေကို ဒေါ်တင်မေကြားလိုက်ရတော့ စိတ်ထဲမကောင်းဖြစ်မိသွားသည်။ ဘယ်ချွေးမက ယောကျ်ားနားဝင်အောင် လှည့်ပတ်ပြောခဲ့သည်။

"လောလောဆယ် မြို့ငှါတို့မှာ အဆင်မပြေသေးတော့ မိဘတွေရဲ့ စားဝတ်နေရေးမပူရအောင် အစ်မကြီးကပဲ လုပ်ကိုင်ပေးဖို့ကို ပြောလိုက်ဖေါ့။ သူတို့လည်း အမေတို့ကို ပစ်မထားလောက်ပါဘူး"

နောက်ဆုံးတော့ ဇနီးစကား နားယောင်တဲ့ သားငယ်ကလည်း သူ့အစ်မဆီသွားပြီး မိဘတွေကို တာဝန်ယူစောင့်ရှောက်ဦးလို့ ပြောခဲ့သည်။

သူစိမ်းလည်း မဟုတ်ဘဲ ကိုယ့်မိဘကို ကျွေးမွေးရတာ ကိုယ့်ကုသိုလ်ဟု သားသမီးတွေရဲ့စိတ်ထဲ တစ်ယောက်မှ စဉ်းစားမယ့်လို့ မရှိပါလား။

ပိုက်ဆံရှိတဲ့ သမီးကြီးကလည်း မိဘတွေကို ပေးကမ်းကျွေးရတာကို သားသမီးတွေအတွက်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြစ်နေတာလဲသမိ။ ယခုလည်း အကြောင်းအမျိုးမျိုးပြ ပြောလာတဲ့ စကားကြောင့် ဒေါ်တင်မေရင်ထဲ မကောင်းဖြစ်မိသည်။

"သမီးတို့လည်း လတိုင်း ငွေအကုန်အကျတွေများနေလို့ အမေတို့ကို ပြန်ကြည့်နိုင်သေးမှာ မဟုတ်တော့ မောင်လေးနဲ့ အတူသွားနေပါလား"

"သားဆီမှာလည်း မနေချင်ပါဘူးကွယ်၊ အမေ့မှာ စုဆောင်းထားတဲ့ ပိုက်ဆံရှိတော့ တစ်ဝမ်းတစ်ခါးအတွက် ဘာပူစရာလိုလဲ၊ ဈေးပြန်ရောင်းလို့ရတာပဲ၊ သမီးတို့ဘာသာ အဆင်ပြေအောင်နေပါ"

မိဘကို ထောက်ပံ့သည့်ငွေကား သားသမီးအနေနဲ့ သူတို့စီးပွားရေးတွေ ထိခိုက် နစ်နာသွားလောက်တဲ့ ကိစ္စလည်းမဟုတ်။ နေရေးအတွက်ကို မပူရသော်လည်း နေ့စဉ်စားသောက်စရိတ်တို့ အတွက် ဝင်ငွေမရှိဘဲ ရပ်တည်ဖို့ဆိုတာ မလွယ်ကူဘူး။

ဒေါ်တင်မေအနေနဲ့ ဈေးရောင်းတဲ့အလုပ်က ခက်ခဲ ပင်ပန်းလှသည်လည်းမဟုတ်။ ကိုယ့်ဘာသာ ရှာဖွေစားသောက်ရမယ့်ကက ရှိနေပြန်တော့ ဘယ်သားသမီးကိုမှ အားမကိုးဘူးလို့ ဆုံးဖြတ်ထားခဲ့သည်။

သားငယ်သန်းဇော်ကတော့ သူ့အစ်မကို မိဘတွေပြန်မကြည့်ကောင်းလားဆိုပြီး အပြစ်စကားပြောနေတာကြောင့် ဒေါ်တင်မေ သားနှင့်သမီးကြား ဖျန်ဖြေဝင်ပြောလိုက်သည်။

"အစ်မယောကျ်ားဝင်ငွေကောင်းနေတာကို မိဘကိုကန့်တော့်ရတဲ့ပိုက်ဆံလောက်နဲ့ မွဲမဆွံ့ပါဘူး၊ အမေပဲ အစ်မသားသမီးတွေ ဈေးရောင်းပြီး လုပ်ကိုင်ရှာကျွေးထားတာကို သိတတ်ရင် ကောင်းမယ်"

"နင် ဘာမှမသိဘဲ မပြောနဲ့၊ လုပ်ငန်းက ငွေရုပေမယ့် ပြန့်ကုန်သွားတာ များနေတယ်၊ လက်ထဲ ပိုက်ဆံအမြဲမရှိတော့ အမေတို့ကို ဘယ်လိုလုပ် ပေးနိုင်မှာလဲ၊ မိဘတွေက ကိုယ့်သားသမီး အပေါ်ကို စောင့်ရှောက်ရှာဖွေ ကျွေးထားတဲ့ ကျေးဇူးတရား အစ်မ နားလည်တယ်"

"သူစိမ်းနဲ့ တခြားလူတွေ အစ်မအိမ်မှာ ဝင်ထွက်စားသောက်နေတာကျတော့ ကုန်တယ်လို့မပြောဘဲ အဖေနဲ့အမေကို လိုအပ်တဲ့အသုံးစရိတ်ပေးရတာများ ဘာလို့ ညည်းညူပြောနေတာလဲ"

"အမေမွေးထားတဲ့ သားသမီးတွေက ငါတစ်ယောက်တည်းမှ မဟုတ်တာ၊ မိဘတွေကို နှင်လည်း တစ်လှည့်ခံ ခေါ်ထားလို့ရတာပဲ"

"ကျွန်တော့်မှာ အစ်မလိုပိုက်ဆံရှိခဲ့ရင် အဖေနဲ့အမေကို အေးအေးဆေးဆေး ကျွေးထားနိုင်တာပေါ့၊ အလုပ်အမြဲမရှိတော့ ကိုယ့်မိသားစုတောင် ကျပ်တည်းနေတာကြာပြီ"

ဒေါ်တင်မေကတော့ သူတို့လင်မယားအတွက်နဲ့ သားသမီးတွေစိတ်ညစ်ပြီး တစ်ယောက်စီစစ်ခွန်း စကားများနေတာကို မလိုလားဘူး။

"သားငယ်မှာလည်း ကလေးတွေများတော့ ရုန်းကန်လုပ်ကိုင်နေရတာကို အမေသိတာပေါ့၊ ဒီလိုပဲ သမီးကြီးဘက်ကကြည့်ရင် အခက်အခဲဖြစ်နေချိန်မှာ ဘယ်အပိုဝင်ငွေရှိမလဲ၊ မောင်နှမတွေ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင် ပြောဆိုမနေတော့နဲ့"

မိဘအပေါ်မှာ သားသမီးတွေ ဘယ်လောက်ပဲ နားလည်သိတတ်မှုမရှိရင်လည်း နားလည်ခွင့်လွှတ်ပေးနိုင်ခဲ့သည်။ ဒေါ်တင်မေ ကိုယ့်သားသမီး အဆင်ပြေနေရင် ဝမ်းသာနေပေမယ့် သူတို့ဆီက ရရှိမယ့် အကျိုးကျေးဇူးကိုတော့ မမျှော်လင့်ခဲ့ပါဘူး။

သမီးကြီးက မိဘကိုပြန်မကြည့်ပေမယ့် သားငယ်ကတော့ အရင်လို စိတ်မျိုးမဟုတ်လို့ တစ်ခါတလေ အလုပ်အဆင်ပြေတဲ့အခါ သားဖြစ်သူက ဒေါ်တင်မေကို သုံးဖို့ပိုက်ဆံပေးပေမယ့် မယူရက်ပါ။

"သားသမီးတွေဆီက ပိုက်ဆံကို မလိုချင်ပါဘူးကွယ်၊ ဖြစ်နိုင်ရင် အမေကတောင် ပြန်ပေးချင်တာ"

"အဖေလည်း အလုပ်မလုပ်နိုင်တော့ အမေတစ်ယောက်တည်းဝင်ငွေနဲ့ လောက်ပါ့မလား"

"အမေတို့အတွက် စိတ်မပူပါနဲ့၊ နောင်လိုအပ်ရင် သားကိုပြောမှာပေါ့"

ဒေါ်တင်မေကတော့ ဘယ်လောက်ပဲ ဆင်းရဲကျပ်တည်းနေပါစေ သားသမီးတွေ အပူသောက မမေးသည့် မိဘကို ပြုစုလုပ်ကျွေးဦးမှာ တန်ဖွန်းမမြောခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဈေးရောင်းတဲ့အလုပ်က ဒေါ်တင်မေအတွက် မပင်ပန်းပေမယ့် ကြာလာတော့ ကျန်းမာရေးမကောင်း ဖြစ်လာခဲ့သည်။ ရော်ဂါဆိုတာလဲဉီး ခုတစ်မျိုး၊ တော်ကြာတစ်မျိုး။ နေထိုင်မကောင်းဖြစ်လိုက်၊ ပြန်သက်သာလိုက် အလက်ကလည်း ၇၀ နီးပေမယ့် ရုန်းကန်ရတုန်းပါ။

သားသမီးက မကောင်းရှာတဲ့ ဒေါ်တင်မေဘဝမှာ တစ်ယောက်တည်း အထီးကျန်စွာ နေရမယ့်အကြောင်းကို ပါလာပြန်တော့ လေဖြတ်နေတဲ့ ခင်ပွန်းဖြစ်သူက ဆေးကုပေမယ့် နောက်ဆုံးတော့ သူကိုထားပြီး လောကကြီးထဲက ထွက်ခွာသွားခဲ့သည်။

ဒေါ်တင်မေ ကိုယ့်ကျန်းမာရေးအခြေအနေကြောင့် အရင်လိုဈေးထွက်မရောင်းနိုင်တော့ သားသမီးအိမ်လိုက်နေပြီး ဒုက္ခပေးချင်ဘူး။ သမီးကြီးကလည်း မိခင်ကို သူတို့နှင့်အတူလာနေဖို့ တစ်ခွန်းမှမပြော။

သားဆီးနချင်ပေမယ့် ဈေးမကြာလာရင် ယောက္ခမကိုမကြည်ဖြူမှာစိုးလို့ ဆွေမျိုးတွေရှိတဲ့ တောမှာသွားနေဖို့ ဆုံးဖြတ်ခဲ့သည်။ သားသမီးတွေကလည်း သူတို့မိသားစုအရေးကိစ္စပဲ စဉ်းစားပြီး မိခင်ကိုတော့ ပြုစုလုပ်ကိုင်ပေးဖို့ တစ်ယောက်မှသတိမရခဲ့ဘူး။

ရေနုန်ကိုလိုက်နေကြသော်လည်း ရေဆန်ကိုတက်ဖို့ ကြိုးစားချင်သူရှားပါးလှသည်။

ဒေါ်တင်မေ အိုမင်းမစွမ်းဘဝရဲ့နောက်ဆုံးခိုနိ သားသမီးတွေအနားမှာပြုစုမယ့်လူမရှိဘဲ ဆုံးသွားခဲ့ရသည်။

◆ ◆ ◆

ဝဋ်ဆိုတာ လည်တတ်သောသဘောရှိသည်။ မမြင့်တစ်ယောက် ငွေကြေးအဆင်ပြေပေမယ့် မိဘတွေက မုန့်လုပ်ရောင်းပြီး ဆင်းရဲစွာ နေရတာကို သိရက်သားနဲ့ ပြန်မကြည့်တဲ့အပြစ်ကြောင့် နောင်တစ်ခိုန် ကံတူအကျိုးပေးအတိုင်း ဖြစ်လာခဲ့သည်။

လုပ်ငန်း အရင်လိုမလုပ်ကိုစိုရတော့ စီးပွားရေးလည်းအဆင်မပြေတဲ့ကြား သားသမီးထွေ ပိုက်ဆံအသုံးအစွဲကြီးတာကြောင့် စိတ်ညစ်ခဲ့သည်။ သမီးကြီးဖြစ်သူကလည်း ပိုက်ဆံရှိတဲ့လူနဲ့ ယူသွားပေမယ့် မိဘကိုတော့ပြန်မကြည့်ခဲ့ဘူး။

ယောကျ်ားဖြစ်သူ အလုပ်နားထားရတာကြောင့် ဝင်ငွေမရှိတော့ စားဝတ်နေရေးအတွက် အကြွေးတွေတင်လာခဲ့သည်။ သမီးကြီးကလည်း မိဘတွေ ကျပ်တည်းနေတာကို သိရဲ့သားနဲ့ ပိုက်ဆံသွားချေးခဲ့ရင် -

"သမီးယောကျ်ားငွေ ဆိုတော့ အမေအတိုးပေးမှရမယ်နော်"

သားနိုင်ဝင်းဆွေ ပေမယ့် ရတဲ့ပိုက်ဆံကို မိဘတစ် ပြန်မပေးသဲ အကုန်သုံးဖြုန်းပြီး အပေါင်းအသင်းတွေနဲ့ လည်ပတ်နေခဲ့သည်။

တစ်ခိုန်က မိဘတို့အပေါ်မှာ သားသမီးဝတ္တရား ကျေပွန်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့သော ကိုယ်မွေးတဲ့ သားသမီးတွေကလည်း ကိုယ့်အပေါ် ထပ်တူညီစွာ မသိတတ်တာ မဆန်းပါဘူး။

ဒေါ်မြင့် သားသမီးတွေ ရှိပေမယ့် ဘယ်သူကမှ မလုပ်ကျွေး မပြုစုခဲ့တာ သံသရာလည်တယ်လို့ပဲ ပြောရမှာပေါ့။ ကိုယ့်သားသမီးတွေရဲ့ ကိစ္စတွေနဲ့ အခိုက်ကုန်နေပြီး မိဘကိုတော့ ဂရုတစိုက်မပြုစု မလုပ်ကျွေးခဲ့တာတွေ ဒေါ်မြင့် နောင်တရလို့မဆုံးနိုင်ဘူး။

စီးပွားရေး အဆင်မပြေတော့ ဝင်ငွေမရှိတဲ့ကြား ယောကျ်ားဖြစ်သူ ကျန်းမာရေးမကောင်းတာကြောင့် ကုန်ကျစရိတ်တွေ များလာခဲ့သည်။

ဒေါ်မြင့်တို့လင်မယား သူများကိုပေးစရာ အကြွေးတွေပိုများလာပြီး အိမ်ကိုရောင်းပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

ပိုက်ဆံရှိပြီး ပြေလည်တဲ့သမီးကြီးကို အိမ်ရောင်းလိုက်ရင် ကိုယ့်သားသမီးဆိုတော့ သူတို့အိမ်မှာ ပေးနေလောက်တယ်လို့ ထင်ခဲ့မိသည်။

ဒေါ်မြင့် စိတ်ကူးထားတာတွေ ဖြစ်မလာဘဲ-

"သမီး အိမ်ကိုဝယ်နိုင်ပါတယ်၊ ဒါပေမဲ့ အမေတို့ တခြားမှာငှားနေကြပေါ့။ ရောင်းပြီးတဲ့အိမ်မှာ အမေတို့ နေလို့မရဘူး" လို့ ပြောခဲ့သည်။

သမီးကြီး စကားတွေကြောင့် ဒေါ်မြင့် ရင်ထဲမှာ ဆို့နင့်နေအောင် ခံစားလိုက်ရပြီး ကျလာတဲ့မျက်ရည်တွေ ထိန်းထားခဲ့သည်။ ကိုယ့်မိဘတွေလည်း သားသမီးထောက်ပံ့မှု မယူစဲ့ နေလာခဲ့ရတယ် မဟုတ်လား။

ဒေါ်မြင့်တို့ လင်မယားလည်း ဘယ်သားသမီးကိုမှ အားမကိုးတော့ဘဲ ကိုယ့်ဘဝကိုယ်ရုန်းကန်ရင်းမယ်၊ အိမ်ကိုရောင်းလို့ ပိုတဲ့ငွေနဲ့ အိမ်ငှားနေပြီး ဝမ်းရေးအတွက် နောက်ဆုံး ဒေါ်မြင့် မုန့်လုပ်ရောင်းကာ နေထိုင်ခဲ့ရသည်။

သားသမီးတွေကို လိုလေသေး မရှိအောင် ပြုစုစောင့်ရှောက်ခဲ့ပြီး ကိုယ့်မိဘကိုတော့ နေထိုင်မကောင်းဖြစ်နေလည်း ဆေးကုပေးရမှန်းမသိဘူး။ လုပ်ကိုင်ရှာဖွေလို့ရတာမှန်သမျှ ကိုယ့်သားသမီးအတွက်ပဲစဉ်းစားပြီး မိဘကိုတော့ မပါခဲ့ဘူးလေ။

အမေဆိုတာ သားသမီးတွေရဲ့ ခိုကိုးအားထားရာဖြစ်သလို သားသမီးတွေဆိုတာဟာလည်း အမေရဲ့ ခိုကိုးအားထားရာ ဖြစ်နိုင်ပါစေလို့ နောင်တမျှားစွာနဲ့ ဆုတောင်းနေမိသည်။

မိုးနှင်းဆီ

❑

www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်းကြီးရေယျဝတီ၊ ကျည်ပြန်ဒဏ်ရာ တောဖိုးကာယော်ဝင်း

ကိုဖိုးထောင်က မနေ့က ညနေက တောစပ်တွင် ကြောင်လာထောင်ထားသော သံညှပ်အား အိမ်မှ ဝေလီဝေလင်း ထလာ၍ ဖော်ခဲ့ခြင်း ဖြစ်သည်။

သံညှပ်မိနေသော တောကြောင်တစ်ကောင်ကို ဝါးလုံးစွန်းတွင် တွဲလောင်းချည်၍ ထမ်းလာခဲ့လေသည်။

"ဟာ- ဖိုးထောင်တောင် တောထဲက ပြန်လာပြီပဲကွ၊ မင်းထမ်းလာ တာ တောကြောင်လား"

"ဟုတ်တယ်ဗျ၊ တောစပ်ဘေးမှာ ကြောင်သွားထားတဲ့ ခြေရာတွေ့တာနဲ့ မနေ့က ညနေက လာထောင်ထားခဲ့တာလေဗျာ"

"မင်းရလာတဲ့ ကြောင်က ကြောင့်ပြောက်ပဲကွ"

"ဟုတ်တယ်၊ ဒီကြောင်က ဝဖီးနေတော့ အချိန် ရှစ်ပိသာလောက်တော့ ထွက်မှာပဲဗျ"

"မင်း အဲဒီကြောင်ဖျက်ရင် ငါ့အိမ်အတွက် ငါးဆယ်သား ပို့ပေးလိုက်ပါကွာ၊ တောကြောင်သား စားဖူးတယ်ရှိအောင် ချက်စားကြည့်ရမှာပဲကွ"

ကိုဖိုးထောင်တွင် ကြောင်ထောင်သော နင်းထောင်ချောက် နှစ်ခု ရှိ၏။ နင်းထောင်ချောက်က သံနှံသည်။

သံညှပ် ထောင်တော့်မည် ဆို လျှင် သံညှပ်၏နံဘေးနှစ်ဖက်မှ မောင်းနှင်ခုပေါ်သို့ ခြေနှစ်ဖက်နှင့် တက်နင်းချမှ မောင်းကွေးကျပြီး အလယ်မှ ညှပ်နှစ်ခုက ဘေးတစ်ဖက်စီ လန့်ကျလာသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

ထိုအခါမှ အလယ်က လျှာပြား အစွန်းတွင် လျှာတံကလေးနှင့် ပိုက်ပြီး လျှာပြားတွင် ကလန်ထားလျှင် မောင်းတင်ပြီး ဖြစ်သည်။ ထိုမောင်းတင်ထားသော သံညှပ်ကို တောကြောင် အမြဲလျှောက်နေကျလမ်းတွင် မြေကြီး နည်းနည်းတူးယက်ပြီး ထည့်ရသည်။

သံညှပ်မှ သံကြီးကို အနီးအနား ရှိ သစ်ပင်တွင် မြဲမြဲချည်ထားရသည်။ ကြောင်မိလျှင် ရှေ့လက်ကိုသာ မိသည်။ ကြောင်သံညှပ်မိပြီး ထွက်ပြေးသွားခဲ့လျှင် သံညှပ်ပါမသွားစေရန် သံကြိုးနှင့် ချည်ထားရခြင်း ဖြစ်သည်။

တောကြောင်ထောင်လျှင် တစ်ခါတစ်ရံ တောခွေးအကို မိနေတတ်၏။ တစ်ခါတစ်ရံတွင် ယုန်မိတတ်၏။ ချေလည်း တစ်ခါတလေ မိလေသည်။

ကိုဖိုးထောင်က မုဆိုးဖြစ်သည့် အတွက် သူတွင် သားကောင်ကြီးများ ပစ်ခတ်နိုင်သော လိုင်စင်နှင့် ကိုင်သည့် သေနတ်တစ်လက်ရှိ၏။ တောကြက် ထောင်သော ညှတ်လည်းရှိ၏။ ချိုး၊ စာကလေးများ ဖမ်းသော ပိုက်လည်း ရှိသည်။

မိုးတွင်းဘက်တွင် လယ်ကန်သင်းများတွင် တွင်းနှင့်နေ ၁၁ ငါးရှဉ့် ထောင်သည့် ငါးရှဉ့်ပုံး၊ ငါးထောင်သည့် ငါးပုံးများလည်း ရှိ၏။ သူ့အချိန်ကုန်သည် နှင့်အညီ သားငါးများ ရှာဖွေခဲ့လေသည်။

ရွာထဲတွင် ကိုဖိုးထောင်အိမ်က တော့ အမြဲပင် သားငါးဟင်းမပြတ် စားနိုင်ခဲ့၏။ အစိုမရသည့်အခါ အခြောက် လှန်းသားသည့် သားခြောက်များ ရှိသဖြင့် မီးဖုတ်၍ ကြော်၍ ခပ်သေး သေး ဝိုင်းပြီး ဟင်းချက်၍ ဖြစ်စေ စားသောက်နိုင်လေသည်။

"ဖိုးထောင်ရေ မင်းတောစပ်က စပါးရိတ်ပြီးသား လယ်ကွက်တွေထဲ ညှတ်တန်းမသွားဘူးလားကွ"

"ငါလည်း ဟင်းကောင်းမစားရတာ ကြာနေပြီကွ၊ တောကြက်သားလေး ဘာလေး ချက်စားချင်တယ်ကွာ၊ တောကြက်သားက အိမ်ကြက်လို မဟာဘူးကွ၊ သိပ်နူးညံ့တယ်လေ"

"အဲဒီ တောစပ်က လယ်တွက် တွေထဲကို တောကြက်ရော ဆင်းလို့ လား ဟာ"

"ဟာ အခုလို ညနေစောင်းဆို ရင် တောစပ်ကနေ ထွက်လာပြီး လယ်ကွက်ထဲက အုန်းနေတဲ့ စပါးစေ့လေးတွေ လာရှာစားကြတာလေကွာ ငါ တစ်ခါ တွေ့ခဲ့တာတော့ လေးငါးကောင်အုပ် တစ်အုပ် ဆင်းစားနေတာကွ"

"အေးဗျာ၊ ခင်ဗျား အသွန်း ကောင်းတာနဲ့ နက်ဖြန် ညနေတက် ကျုပ် ညှတ်သွားတန်းမယ်ဗျာ"

"မင်း တောကြက် ရလာရင် လည်း ငုံကို အသံပြုဦးဟေ့၊ မေ့နေ နဲ့ကွ"

ကိုဖိုးထောင်လည်း နောက် တစ်နေ့ ညနေ ၃ နာရီလောက်တွင် ညှတ်တစ်ဖုံကိုယူ၍ ဟောစ်ရှိ လယ်ကွင်းသို့ လာခဲ့၏။ လယ်ကွင်းထဲရောက် လျှင် ညှတ်ကွင်းကလေးများကို တန်း၍ ခြေမှာစိုက်လေသည်။

'အင်း ညှတ်တန်းဟော့ ပိုက်လို့ ပြီးပြီ၊ ငါ ခပ်လှမ်းလှမ်းက ချုံတစ်ခုထဲ ဝင်ထိုင်စောင့်ကြည့်နေမှပဲ'

ညှတ်တန်းထားပြီး တစ်နာရီခန့် အကြာတွင် တောထဲမှ ကြက်တစ်အုပ် လယ်ကွင်းထဲသို့ ခြေးတင်လာကြလေ သည်။

"ဟာ တောကြက်အုပ်တော့ ကွက်နားရောက်လာကြပြီ"

ဟာ ဟော တချို့ကြက်က ညှတ်ကွင်းထဲ ပုံပြီး ဝင်နေကြပါလား"

"ဖလပ် ဖလပ် ဖလပ်"

"ဟော တစ်ကောင်တော့ ညှတ် တစ်ကွင်းမှာ မိပြီ"

"ဟော နောက်ထပ်တစ်ကောင် မိပြန်ပြီ"

ကျန်သောကြက်များက ညှတ်ထဲ မဝင်ကြဘဲ ဘယ်ကာ ပေးသဲသို့ ပျံသွားကြလေသည်။

ကိုဖိုးထောင်လည်း ညှတ်တွင်း တွင် လည်ဖင်းကို ညှတ်တွင်းမိခဲ့သော ကြက်နှစ်ကောင်ကို ချုံထဲမှ အသွင့် အမြန် ထွက်ကာ ပြေးကောက်လေ သည်။ လျင်လျင်မြန်မြန် သွားမကောက် ၌ မဖြစ်ပေ။ ညှတ်ကို မြေမှာ စိုက် ထားသည်မှာ သိပ်နက်လှသည် မဟုတ်။ ကြက်ခုန်ပြီး ပျံပြေးလျှင် ညှတ်တွင်းပါ တန်းလန်းပါသွားမည်ဖြစ်သည်။

တောကြက်မ နှစ်မကာင်ရသည် နှင့် ညှတ်ပြန်သိမ်းကာ ပြန်လာခဲ့လေ သည်။ တောကြက်က အကောင်ပေး ပေမယ့် အသားကျစ်ပြီး နူးညံ့၏။ ဟင်း ချက်စားပါက နူးညံ့၍ စားကောင်းပေ သည်။ တောကြက်နှစ်ကောင်ကို လွယ် အိတ်ထဲ ထည့်ကာ ပြန်လာခဲ့ရာတွင် လယ်ကွက်ဆုံးခါနီးကွင် ငါးမြွေကြီး တစ်ကောင်ကို တွေ့လေသည်။

"ဟာ လင်းမြွေကြီးပဲ၊ ရှည်လဲ ရှည်၊ ကြီးလည်းကြီးတယ်၊ ငါ ရိုက်ယူ သွားပြီး ရွာထဲက ဦးစံတင်ကို သွားပို့ရင် သူ့ အိမ်ကြက်တစ်ကောင် ရမှာပဲ"

○

"ဗျို့ ဦးစံကင် ခင်ဗျားအကြိုက် ကျုပ် ခိုက်ယူလာတယ် ဗျို့"

"ဟာ ဟုတ်လား၊ အင်္ကာင် တော်တော်ကြီးလားဟေ့"

"ဟာ ကြီးလည်းကြီး၊ ရှည်လည်း အရှည်ကြီးပဲဗျ၊ ကျုပ်ကို တောကြက် တစ်ကောင် ပေးရမယ်နော်"

"ဟာ ဟုတ်ပါကွာ၊ တော်တော် ကြီးတဲ့ လင်းမြွေကြီးပဲကွ၊ ဟောဟို အိပ်တန်းမှာ မင်းကြိုက်တဲ့ ကြက်တစ် ကောင် ဝင်ဖမ်းယူသွားဟေ့"

ဦးစတင်က လင်းမြွေရခဲ့လျှင် သူ့ထဲသို့ လာပို့သည်နှင့် သူ့အိမ်ကြက် တစ်ကောင်ပေးကာ လဲယူတတ်လေ သည်။

"ငါ့အိမ်သားတွေက မြွေသား မစားကြသေးလေကွာ၊ ဒီလင်းမြွေကို ဟချို့ကို ချက်စားမယ်ကွာ၊ တချို့ကို

www.burmeseclassic.com

မီးကင်ပြီး အခြောက်လုပ်ထားမယ်၊ ဒီလင်းမြွေကို ငါ တစ်ယောက်တည်း တစ်ပတ်လောက် စားနိုင်မှာပဲဟေ့"

"ခင်ဗျား လင်းမြွေကို ချက်စားရတာ ကောင်းရဲ့လားဗျာ"

"ဟာ ဘယ့်နှယ့်မေးပါလိမ့် ဖိုးထောင်ရဲ့၊ လင်းမြွေသားက ကြက်သားအတိုင်းပဲကွ၊ မီးမြှိုက်ပြီး ခေါင်းနားကအောက်ကို ဆွဲချလိုက်ရင် အသားမြွောင်းချည်းပါလာခဲ့တာကွ၊ ကြောရိုးက ကျန်နေခဲ့တယ်လေ၊ အဲဒီ လင်းမြွေအသားချည်းကို ဆီပြန်ချက်စားလို့က တော့ ကောင်းမှ ကောင်းပဲဟေ့"

"မင်း ငါမြွေသားဟင်းချက်ပြီးရင် လာမြည်းကြည့်ပါလားကွ"

"ဟာ တော်မါပြီဗျာ၊ ကျုပ်မစားရဲပါဘူး"

"မင်းကလည်း မုဆိုးလုပ်နေပြီး တယ်ခက်တဲ့ကောင်ပဲကွ"

"ကဲ ကဲ ကျုပ်သွားပြီဗျာ"

ကိုဖိုးထောင်လည်း အိပ်တန်းမှ ကြက်မတန်းမလေးတစ်ကောင်ဖမ်းကာ အိမ်သို့ ပြန်ခဲ့လေသည်။

○

တစ်နေ့တွင် တောလည်ရာမှ ပြန်လာရာတွင် ချောင်းထဲအတိုင်း လာခဲ့လေသည်။

"ဟော ဟိုရှေ့က ချောင်းကွေ့သဲနုန်းခုံကြီးမှာ ကိုထွန်းရွှေ မြေပဲခင်းကြီး စိုက်ထားပါလား၊ ပဲပင်တွေကို စိမ်းပြီး ဆွတ်နေလိုက်တာ၊ ဒီလူတော့ မြေပဲတော်တော်ရမှာပဲ၊ ပဲခင်း ပတ်လည်ကို နွားတွေ မဝင်နိုင်အောင် ခြံကာထားတာလည်း လုံနေထာပဲ၊ တော်တော် အဖင်ပန်းခ်ပြီး လုပ်ထားတဲ့ လူပဲ၊ ဟင်း ပဲခင်းထဲမှာ ပဲပင် လေးငါးဆယ်ပင်လဲပြီးညှိုးကျနေပါလား၊ လူများ ဝင်နုတ်စမ်းကြည့်တာများလားပဲ"

ကိုဖိုးထောင်လည်း ခြံတန်းငုံဝင်ကာ ကြည့်လေသည်။

'ဟာ တောဝက်ခြေရာတွေ့တယ်၊ ဒါဆိုရင် တောဝက်က မြေပဲဥ ရှိမယ် ထင်ပြီး လာဝင်တူးစမ်း ထားတာပဲ ဖြစ်မယ်၊ ဝက်ခြေရာ ကြည့်ရတာတော့ ဝက်အကောင်ကြီးကြီးပဲ"

မြေပဲပင်မှ ပဲဥကလေးများမှာ နုနေသေးသည်ကို တွေ့ရသည်။နောက် နှစ်ပတ်လောက်ကြာလျှင် ပဲဥတလေးများ ရင့်လာကြမည်သာပင်။

"ငါ နောက်နှစ်ပတ်လောက်ကြာရင် ဒီမြေပဲခင်းမှာ ညဘက်လာချောင်းပြီး ဝက်ပစ်မယ်ဆိုရင် တောမလည်ရဘဲနဲ့ နီးနီးနားနားမှာ စောင့်ရနိုင်မှာဖဲ့"

ကိုဖိုးထောင် တောဝက်ပစ်ခတ်ရေး တွေးကာ ပြန်လာနေသည်။ ထိုသို့ လာနေရင်းမှ သူ တစ်ခု စဉ်းစားမိခဲ့လေသည်။

'ဟာ ဒီမြေပဲခင်း စိုက်ထားတဲ့ ချောင်းခုံရဲ့ မြောက်ဘက်မှာက ဘီလူးရယ် တောပဲ'

ထိုဘီလူးရယ်တောက နာမည်ကိုက ဘီလူးရယ် ဖြစ်သည်။

ဘာကြောင့် ဘီလူးရယ်တောဟု အမည်ပေးခဲ့ရသလဲ လူကြီး သူမများအား မေးမြန်းကြည့်မိလေသည်။

'ဒီတောက တောထဲဝင်သွားရင် တောက ရှည်လည်းရှည်၊ တောလည်း နက်လာတယ်လေ၊ ဒီတောထဲကို ဝါးခုတ် ထင်းခုတ်သူတွေ ဝင်ခုတ်ကြတယ်၊ တချို့က ဒ်တောနက်ထဲမှာ မီးသွေး ညှိအိပ်ဖုတ်တာတို့၊ ပျဉ် ညှိအိပ်ဆွဲတာတို့၊ စက်တုံး ထမ်းပိုးတုံး ညှိအိပ်ပြီး ခွဲကြတာတို့ လုပ်ကြတယ်လေ။

ဒီလိုလုပ်ကြတဲ့ လူတချို့ဟာ ညဘက်ကြီးမှာ အသံအောအောကြီးနဲ့ တဟားဟားရယ်မောသံကြီးကို ကြားကြရသတဲ့၊ ရယ်သံကြီးဟာ ကြားရပြီး ဘာကောင်ရယ်လို့ အကောင်အထည် မတွေ့ကြရဘူးတဲ့၊ ပထမတော့ တောခြောက်တယ် ထင်ကြသတဲ့။

တစ်ညကုန် နှစ်ည၊ သုံးည ဆက်တိုက် ရယ်မောသံကြီး ပေးပေးနေလို့ စောထဲ ညအိပ်လုပ်ကိုင်နေကြသူတွေလည်း ညအိပ်ပြီး ဆက်မလုပ်ရဲကြတော့တာနဲ့ ပြန်လာခဲ့ကြသတဲ့ကွ။

အဲဒီလို အသံအောအောကြီးနဲ့ ရယ်သံကြီး ကြားခဲ့ကြလို့ ဒီတောကို ဘီလူးရယ်တောလို့ ခေါ်ခဲ့ကြတာပဲ။

အရင်တုန်းကတော့ ဒီတောကြီးက သစ်ပင်၊ ဝါးပင်တွေလည်း ပေါ၊ တောလည်း နက်တယ်လေ၊ အခုတော့ ဝင်ခုတ်သူတွေ များလာခဲ့တော့ တောက ပါးသွားခဲ့ရပြီး တောပါးပေမယ့် ဒီတောထဲကို အဖော်မပါဘဲ တစ်ယောက်တည်း သွားဝံ့သူကတော့ ခပ်ရှားရှားပဲဟေ့၊ နောက်တစ်ခု ထူးခြားတာ ရှိသေးတယ်ကွ"

"ဘာများပါလိမ့်ဗျာ"

"ဒီဘီလူးရယ် တောထဲကိုဝင်ပြီး အမဲလည်ရင် သားကောင်တွေလို့ ပစ်ခဲ့ရပေမယ့် လိုက်ရှာရင် ဘယ်တော့မှ မတွေ့ရဘဲ ဆုံးခဲ့တာချည်းပဲတဲ့ကွ"

"ချက်ကောင်းကို မထိမှန်လို့ များလားဗျာ"

"ဟာ သားကောင်ကို ပစ်လိုက်တဲ့နေရာကို သွားကြည့်ရင် ချက်ကောင်းကို ထိမှန်ပြီး ထွက်ကျခဲ့တဲ့ သွေးကွက်ကြီးကိုတောင် တွေ့ကြတာလေ၊ ဟိုနား တွေ့နီး၊ ဟိုးရှေ့နား တွေ့ရနီးနဲ့ တော့ နက်ထဲသာ တဖြည်းဖြည်း ရောက်လာတယ်၊ ပစ်လိုက်တဲ့ အကောင်ကို အစအနတောင် မတွေ့ဘူးတဲ့ကွ"

ကိုဖိုးထောင်လည်း နှစ်ပတ်အကြာတွင် ပဲခင်းမှ ဝက်ချောင်းပစ်ရန် ညနေဘက် ထွက်လာခဲ့သည်။

'ငါ ဝက်ချောင်းပစ်မှာက ဒီမှာဘက်မှာပဲ၊ ဘီလူးရယ်ဘက်မှ မဟုတ်တာပဲ'

ကိုဖိုးထောင်လည်း လိုရမည်ရ ပစ္စည်းခဲ့ကို ထည့်ယူလာခဲ့သည်။

ပဲခင်းသို့ ရောက်လျှင် ပဲခင်း အစပ်က ချောင်းကမ်းအစွန်း၏ ချုံအောက်မှာ နေရာယူခဲ့သည်။ လဆန်းရက်ဖြစ်၍ လရောင်က လင်းနေ။ ပဲခင်းထဲ တောဝက်ဝင်စားလျှင် မည်း

www.burmeseclassic.com

www.burmeseclassic.com

မည်း အကောင်ကို တွေ့မြင်နိုင်မည် ဖြစ်သည်။

ဝက်ထိုင်ချောင်းခဲ့သည်မှာ ညဉ့် နက်လာခဲ့ပြီး ဝက်ဝင်သည်ကို မတွေ့ ရသေးပေ။

"တစ် တီ တူး၊ တစ် တီ တူး"

"ဟော- ဒါ တစ်ကောင်ကောင် တွေ့လို့ တူစ်ဗီတူး ငှက် ထအော်တာ ပဲ၊ ဟာ ပဲခင်းထဲ တောဝက်ကြီး ဝင်လာ နေပြီပဲ"

ကိုဖိုးထောင်လည်း ကျည်ထိုးပြီး အသင့်ချိန်ထားနေသည်။ တဖြည်းဖြည်း ပဲခင်း အလယ်နားရောက်မှ ပစ်ရန် စောင့်ဆိုင်းနေသည်။

'ဟင်'

'ဟာ'

'တောဝက်ကြီးလည်း မဟုတ် တော့ပါလား၊ လေးဖက်တွားနေရာ ကနေ မည်းမည်းကြီး မတ်တတ်သွား နေတာပါလား'

'အင်း- သင်းကတော့ ငါ့ကို ခြောက်ပြနေပြီပဲ၊ တွေ့ကြသေးတာပေါ့ ကွာ'

ကိုဖိုးထောင်လည်း သေနတ် တွင် ထိုးထားသော ကျည်ငှက် အသံ မကြားအောင် အသာအယာ ပြန်ထုတ် လိုက်သည်။

ပြီးမှ သူ့အကျီအိတ်ထဲမှ ကျည် ပြန်ကို ထုတ်ယူကာ သေနတ်ထဲထည့်ပြီး မောင်းကျိတ်တင်ခဲ့လေသည်။

သရဲ တစ္ဆေ ခြောက်လှန့်လာ လျှင် ရိုးရိုးကျည်နှင့် ပစ်က မထိမှန် နိုင်ချေ။ ထို့ကြောင့် ကျည်ပြန်နှင့် လဲ ထည့်ရခြင်း ဖြစ်သည်။

ကျည်ပြန်က သားကောင်ကို ပစ်စဉ်တွင် သားကောင်၏ ကိုယ်ထဲ ဝင်နေသော ကျည်ဖူးကို ဖျက်သည့်အခါ တွင် ပြန်ထုတ်ယူပြီး ကျည်ဆန်တစ်ခု၏ ထိပ်တွင် ပြန်တပ်ထည့်ထားခြင်း ဖြစ် သည်။ ထိုကျည်ပြန်နှင့် ပစ်ခတ်ပါလျှင် ဘယ်သရဲတစ္ဆေမျှ မခံနိုင်ဘဲ ထိမှန် လေသည်။

မတ်တတ် မတ်တတ်နှင့် မည်း မည်းသဏ္ဌာန်ကြီးမှာ ပဲခင်းအလယ်သို့ ရောက်လာလေသည်။

'ကဲ- ငါနဲ့ ကိုက် ၅၀ လောက်ပဲ ဆေးတော့တယ်၊ ငါသေကွင်းကို အသေ အချာချိန်ပြီး ပစ်မှပဲ'

"ဒိုင်း"

သေနတ်သံကြီးမှာ တောသံပေး ကာ အသံကျယ်ကြီးနှင့် ထွက်သွားခဲ့ လေသည်။

ပဲခင်းထဲမှ ထိုမည်းမည်းကောင် ကြီးလည်း ချက်ကောင်းကို ထိမှန်သွား ခဲ့ကာ ဒယီးဒယိုင်နှင့် ပဲခင်းထဲမှ ထွက် ကာ ဘီလူးရယ်ထောထဲဘက်သို့ ပြေး ဝင်ပျောက်ကွယ်သွားခဲ့တော့သည်။

'ဒီမည်းမည်း အကောင်ကြီး ချက်ကောင်းကို ထိသွားခဲ့လို့ သိပ်ဝေး ဝေး သွားနိုင်မှာမဟုတ်ဘူး၊ ငါ မီးထိုးပြီး ဝင်ရှာမှပဲ၊ တော- ရွှေမှာ မည်းမည်း အကောင်ကြီး မြေပြင်မှာလဲနေပါလား။

ဟင်- တောဝက်ကြီးပဲ၊ ပဲခင်းထဲ ဝင်လာခဲ့တုန်းက မတ်တတ် မတ်တတ်နဲ့ ဝင်လာခဲ့လို့ ငါ ရင်ဝကို သေချာချိန်ပြီး ကျည်ပြန်နဲ့ ပစ်ထည့်လိုက်တာပါ။ အခု တော့လည်း တောဝက်ကြီးဖြစ်ပြီး သေ နေတာပါလား'

ကိုဖိုးထောင် 'ထိုသေနေသော တောဝက်ကြီး၏ ရင်ဝကို ကြည့်ခဲ့သော အခါ ရင်ဘတ်ကြီးပွင့်ပြီး အူများပင် ထွက်ကျနေသည်ကို တွေ့မြင်အံ့ဩခဲ့ရ လေသည်။

"အင့်- ငါ့ကို တစ်ခါက မုဆိး တစ်ယောက်က သရဲတစ္ဆေ ပူးကပ်ပြီး ဖာန်ဆောင်လာခဲ့ရင် ကျည်ပြန်နဲ့သာ ပစ်လိုက်ဟဲ့၊ သေတဲ့အခါမှာ သရဲ၊ တစ္ဆေရယ်လို့ မတွေ့ရဘဲ ပုတ်သင်ညှိ လို၊ ရှူးပျံကြီးလို ကိရဏ္ဍာန်တစ်ကောင် ကောင် အသွင်နဲ့ သေနေတာတွေ့ရ တတ်တယ်တဲ့"

ယခု ကိုဖိုးထောင်တွေ့မြင်နေရ သော တောဝက်ကြီးမှာ သူပစ်လိုက်စဉ် က ဝက်ကြီး မဟုတ်ဘဲ မတ်တတ် မတ် တတ်နှင့် မည်းမည်းအကောင်ကြီး ဖြစ် သည်။

ပစ်လို့ထိမှန်ခဲ့တော့လည်း မတ် တတ် အနေအထားနှင့်ပင် ဒယီးဒယိုင် နှင့် ဘီလူးရယ်တောထဲသို့ ဝင်သွားခဲ့ ခြင်း ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဝက်ကြီးအသွင်နဲ့ တွေ့ခဲ့ပြီး သူအတွက် ထိုတော်ဝက်ကြီး ကို ရခဲ့သဖြင့် ရွှာသို့သယ်ယူပြီး ပေါ်ကာ ရောင်းခဲ့လျှင်တော့ သူအတွက် တွက် ခြေကိုက်မည်ကဆိုတော့ အသေအချာပင် ဖြစ်လေတော့သတည်း။

တင့်ထူး(ဒေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com

အလင်းထဲက အမှောင်
အမှောင်ထဲက အရ

နှင့်သီရိကျော်သရေ

တစ်ဖက် ကားလမ်းဘက်ဆီသို့
ပြေးဝင်ကူးမည့် ကျွန်မ၏ ခြေလှမ်းများက
တုံ့ခနဲ ဖြစ်သွားရသည်။

ကျွန်မ လက်ရှိရောက်နေသော
အခြေအနေသို့ ဖြတ်ကူးလာမည့် တစ်ဖက်
ကား[illegible]က် ဖောင်းပေါ်တွင်
[illegible] ဘပ်ထားသော လူတစ်

ယောက်ဆီမှ အကြည့်တို့တို့ ကျွန်မ မခွာနိုင်ဖြစ်သွားရ
သည်။

ဆောင်းနှင်းနက်ခင်းလေးက နေရောင်ခြည်ဖြူလေး
သာ ယှက်ဖြာနေတာမို့ အအေးဓာတ်တို့ မလွှင့်ပြယ်သေး။
စူးရှသော နေရောင်ခြည်ဒဏ် ကာကွယ်ဖို့အတွက်လား
ကျွန်မတို့ နေကာမျက်မှန်တပ်ကြရသည်ပဲ။ အံ့ခုတော့သူက
ဘယ်လိုလူပါလိမ့်။

လပြည့်ဝန်းမင်္ဂဇင်း (လေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

ဇော်ဆင်ထားတာကလည်း ဂျင်းဘောင်းဘီ အပြာရင့်လေးနှင့် စပို့ရှပ် အစိမ်းရောင်လေး၊ လက်ထဲကလည်း တုတ်ရှည် တစ်ချောင်း။ တစ်ဖက်လက်မှာတော့ ဟမ်းဖုန်း တစ်လုံး။ ကားအသွားအလာ ကျဲသွားတာမို့ ထိုသူ ရှိရာ ပလက်ဖောင်းဘက်ဆီသို့ ကျွန်မ ကူးလာခဲ့သည်။

ထိုသူကတော့ ဟမ်းဖုန်းထုတ်ကာ ဖုန်းဆက်နေသည်။ သူဘေးနားသို့ ကျွန်မ ရောက်သွားချိန်ထိ သူ ကားလမ်း မကူးရသေး။ ဖုန်းတစ်လုံးနှင့် ဟန်ရေးပြ ကောင်းတုန်း။ သူလက်ထဲက ဖုန်းကို ကျွန်မ အမှတ်မထင် လှမ်းကြည့်လိုက်တော့ မိုးမိုးကိုးပက်ဖုန်းလေး တစ်လုံးသာ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

သူဘေးနားက အဖြတ်၊ သူမွက်နှာကို ကျွန်မ အမှတ်မထင် လှမ်းကြည့်လိုက်တော့ သူနှုတ်ခမ်းတွေ ပြုံးနေတာကို သတိထားလိုက်မိသည်။ သူဘာတွေ သဘောကျစရာ တွေ့လာပါလိမ့်။ ဒါ ကျွန်မနဲ့ မဆိုင်ဘဲလေ။

ကျွန်မနဲ့ ဆိုင်တာက ကျွန်မရဲ့ အချစ်တော်ခွေးကလေး မင်းသားနှင့် လမ်းလျှောက်ဖို့ပဲလေ။ ကားလမ်း ဖြတ်ကူးစဉ်က ပွေ့ချီထားသော မင်းသားလေးတို့ ကျွန်မ ပလက်ဖောင်းပေါ် သို့ အသာအယာချပေးလိုက်သည်။

ကျွန်မ လက်ထဲမှာတော့ ညာဘက်က မင်းသားလေးရဲ့ ကိုယ်သိုင်းလက်ပတ်ကြိုး၊ ဘယ်ဘက်ကတော့ အခြားခွေးကြိုးများ ရှန်မှ ကာကွယ်ရန် အတွက် ကိုင်ဆောင်ထားသော တုတ်ရှည် တစ်ချောင်း။

မင်းသားလေးက ရှိုင်းအမျိုးအစားမို့ အကောင် သိပ်မကြီးသည့် အတွက် လမ်းမှာ တွေ့ရတတ်သော လမ်းဖျော်ခွေးကြီးများက ရန်ပြန်ပုန်းကြသည်။

တစ်ကောင်တလေဆိုတော့ "ဟွန်း" ဆိုပြီး ဟောက်ဟမ်း၊ ခြောက်လှန့်လွှတ်လို့ ရပေမယ့် သုံးလေးငါးကောင် တွဲမိပြီ ဆိုရင်တော့ အုပ်စုတောင့်သွားတာမို့ "ဟဲ့ ရွှေး" လောက်နှင့် မရတော့။

တုတ်ပြခြောက်လှန့်မှပဲ အဆင်ပြေတာမို့ တုတ်ရှည် တစ်ချောင်းကို ဆောင်ထားရခြင်းပါ။ ထိုသူလည်း ကျွန်မကဲ့သို့ပင် ခွေးခြောက်ရန် တုတ်ဆောင်လာပုံရသည်။

ကျွန်မလည်း မင်းသားလေးနှင့် လမ်းလျှောက်ဖို့ ကိစ္စရှိနေတာမို့ မင်းသားလေးနှင့် အတူ သူဘေးမှ ဖြတ်လျှောက်ခဲ့တော့သည်။

◆

မင်းသားလေးကို မနက်တစ်ခေါက်၊ ညတစ်ခေါက် ကွန်မ လမ်းလျှောက် ထွက်ပေးရသည်။ လမ်းလျှောက် ထွက်သည့် အချိန်ကျမှပဲ မင်းသားလေးခမျာ ရှူးရှူးပေါက်၊ အိမ်သာတက် လုပ်ရတော့သည်။

ခါတိုင်းနေ့တွေဆိုရင် ညနေ ၅ နာရီခွဲလောက်မှာ ကျွန်မ လမ်းလျှောက်ပေးပေမယ့် ဒီနေ့ကတော့ အလုပ်ကိစ္စတွေ ရှုပ်နေတာမို့ ၆ နာရီခွဲကျော်မှပဲ လမ်းပေးလျှောက်ဖြစ်သည်။ ဆောင်းတွင်း ရောက်နေပြီမို့ ဆောင်းညချမ်း၏ လေနုအေးက စိမ့်စိမ့်လေး ဖြစ်နေသည်။

ချမ်းတတ်သော ကျွန်မက အနွေးထည်ကောက်စွပ်လာသလို ချစ်သော မင်းသားလေးကိုလည်း အင်္ကျီလေး ဝတ်ပေးထားခဲ့သည်။ အမွေးရှည်သော မင်းသားလေးက အမွေးတွေအပြင် အင်္ကျီလေးပါ ဝတ်ဆင်လာတာမို့ ခွေးခွေးထွေးထွေး ရှိနေသလို အနွေးထည်၊ ဘောင်းဘီရှည်အပြင် ဦးထုပ်လေးပါ ဆောင်းထားခဲ့ကျွန်မသည်လည်း အအေးဒဏ် မခံရတော့။

သို့ပေမဲ့ သုတ်ခနဲ သတ်ခနဲ ထိုက်ခတ်တတ်သော ဆောင်းလေတို့က အကာအကွယ်မရှိသော မျက်နှာပြင်နှင့် လက်ချောင်းလေးများကို ကလူကျိစယ် နေတာမို့ ထိုနေရာလေးတွေကတော့ အအေးဒဏ်ခံနေရသည်။ မင်းသားလေးနှင့်အတူ လျှောက်နေကျ လမ်းလေးပေါ်တွင် လမ်းလျှောက်နေကြသည်။

ဒီလမ်းလေးက လူသွားလူလာ ရှင်းသော်လည်း အိမ်ခြံဝင်းများမှ ထွန်းညှိထားသော မီးလုံးများ၊ လမ်းမီးတိုင်များက ပြည့်စုံစွာ ရှိနေတာမို့ အန္တရာယ်ကင်းသလို ကျွန်မခံစားမိ၍ ဒီလမ်းလေးမှာ လျှောက်ဖြစ်ခြင်းပါ။ ဒီလမ်းလေးရဲ့ အဆုံး လမ်းခွဲအတွေ့ဘက်တွေကတော့ မှောင်ရိပ်ကျတာမို့ အဲဒီ ဘတ်တွေဖက်ကို ကျွန်မနဲ့ မင်းသားလေးတို့ ဆက်မသွားကြ။

ဒီနေ့ကျမှပဲ မင်းသားလေးက လမ်းဆုံးထိ လျှောက်နေတာမို့ ထွန်မသည်လည်း သူ့အလိုကျအတိုင်း ကြိုးလေးကို အသာပြေလျော့ပေးလိုက်ရင်း လျှောက်သွားလေသည်။

လမ်းဆုံးအတွေ့နား အရောက်မှာတော့ မင်းသားလေးမှာ သမမပ် စုစုလေးများ အောက်သို့ အသာတိုးဝင်ကာ အိမ်သာတက်ဖို့ ဟန်ပြင်နေတာမို့ ကျွန်မသည် လမ်းလျှောက်လက်စ ခြေလှမ်းများကို ရပ်တန့်လိုက်ရသည်။

အိမ်သာတက်ရန် မင်းသားလေး အချိန်ယူနေစဉ် အကွင်းမှာပဲ မျက်မှန်းထဲသို့ စကားပြောသံများဝင်ရောက်လာတာကို သမှတ်မထင် ကြားလိုက်ရသည်။

"ကိုကြီးနော် ဘာအကြောင်းမြွက်မှ မီး မလိုချင်သူး ကိုကြီးက မီးကုန်သလို မခုစပါဘူး။ မီးက်တော့ ကိုကြီးကို ခုစ်လိုက်ရတာ"

ခဲနဲ့လွန်းသော အသံလိုင်းတို့ကြောင့် အသံလာရာကို ကျွန်မ မျက်လုံးများက ရှာဖွေလိုက်သည်။ အကွေ့အကောက် ခေါင်းပြူကြည့်လိုက်တော့မှပဲ မှန်ပြူမီးရောက်နေတာကြောင့် မြင်နေကြောသူကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ချမ်းအေးလွန်းသော ဆောင်းည ချမ်းမှာ မအေးသည့်အလား ပေါင်ရင်းနှီးပါးလောက်သာရှိသော စကပ်တိုလေး ဝတ်ဆင်ထားသည့် မိတ်ကပ်မျက်နှာ မလေးနှစ်ယောက်ကို ကျွန်မ တွေ့လိုက်ရသည်။ သူတို့ထဲမှ တစ်ယောက်က ဖုန်းပြောနေခြင်းပါ။

ဖုန်းစကားပြောနေတာမို့ တစ်ဖက်မှ ပြန်ပြောသံများကိုတော့ ကျွန်မ မကြားရ။

"ကိုကြီး မိန်းမကြီးကို ကိုကြီး သိပ်ကြောက်နေတယ် မဟုတ်လား၊ ဘာ- ကိုကြီး သမီးကြီးက ဟော့ပေါ့စားချင်လို့ မိသားစုတွေ တော့ပေါ့သွားစားကြမလို့ ဟုတ်လား"

"....."

"ကိုကြီးနော် မီး ပြောပြီးသားနော်၊ ဘာ အကြောင်းပြချက်မှ မလိုချင်ပါဘူးဆို၊ ကိုကြီးတို့ အိမ်နားမှာ မီးရောက်နေတာနော်"

"....."

"ဟင်း ဟင်း ဟင်း... သိပ်ကြောက်မသွားပါနဲ့ ကိုကြီးရယ်၊ ကိုကြီးဆီ မီးမလာပါဘူး။ ကိုကြီးမလာရင်တော့ ကိုကြီးတို့ တစ်အိမ်ကျော်က အဘိုးကြီးဆီ ဖုန်းကောက်ဆက်လိုက်တာနဲ့ သူကငေါက်ဆို ထထွက်လာမှာ၊ မီးကို သူသဘောကျနေတာ ကိုကြီး သိတယ်နော်၊ မီးက ကိုကြီးကိုပဲ ချစ်လို့"

"....."

"အင်းလေ၊ အတိုးကြီး မြေးက မီးနဲ့ အသက်သိပ်မကွာတာ သိသားပဲ၊ အဲဒီကောင်မက မြောက်ကြွ မြောက်ကြွ လုပ်လွန်းနေတာ ကြည့်မရတော့ဘူး၊ ကိုကြီးသာ ခုထွက်မလာရင် အဲဒီကောင်မကို ကြည့်မရတာနဲ့ ရောပြီး သူတို့မိသားစုတွေ ဖရိုဖရဲဖြစ်အောင် လုပ်ပစ်လိုက်မှာ ကိုကြီးက ထရားခံဖြစ်နေမှာနော်... ဟင်း ဟင်း"

ကြားရ ကြားရ နားဝ မသက်သာဆိုသလို ကျွန်မ ခံစားလိုက်ရသည်။

"....."

"ဟား ဟား အလုပ်အရေး တကြီးပေါ်လာလို့ ဒီသားစုတွေ ဟော့ပေါ့ထွက်စားမယ့် အစီအစဉ်ကို ဖျက်ပြီး မီးနဲ့ ဟိုတယ်သွားကြမယ် ဟုတ်လား၊ ဟင်း ဟင်း မီးက ကိုကြီးကို ဒါကြောင့် ချစ်ရတာ၊ ဗွ ဗွ တွေ့တဲ့အခါကျမှ ကိုကြီးကို နတ်ပြည်ပို့ပေးမယ် ခစ်ခစ်၊ ကဲ မြန်မြန် ထွက်လာတော့ မီးစောင့်နေတယ်နော်၊ ဒါပဲ"

ဖုန်းပြောနေသူ မိန်းကလေးက ဖုန်းလေးကို သူမ၏အိတ်လေးထဲ ထည့်လိုက်သည်။

"ဟ- ယမင်းရယ် ပိုင်လှချည်လားဟ"

"ဟင်း ဟင်း ဒါကအကင်းပဲရှိသေးတယ်၊ ဒါနဲ့ နှင့်ယောကျ်ားက ဘယ်တော့ ပြန်လာမှာလဲ ချစ်စုရဲ့"

"ရှေ့လ ပြန်လာမယ်တဲ့ဟယ်၊ သူ ပြန်လာရင်တော့ ငါလည်း ခုလို လိမ့်ချင်တိုင်း လိမ့်လို့မရတော့ဘူးဟ"

"အဓယ်လေးဟယ်၊ တွေးပူမနေစမ်းပါနဲ့၊ နင် ထွက်လို့ရအောင် ယမင်း ကြံပေးပါ့မယ်၊ တောဟိုမှာ နင့်ဘဲလေး ကားလာပြီ ဒိုးတော့၊ ငါလည်း ကိုကြီးကား လာခေါ်ရင် ဒိုးတော့မယ် ဘိုင်"

"ဘိုင်"

ချစ်စုဆိုသည့် မိန်းကလေးမှာ သူ့အားလာခေါ်သော ကားလေးပေါ်တက်ပြီး အမှောင်ကမ္ဘာဆီသို့ ဦးတည်သွားနေပြီ။

ယမင်းဆိုသည့် မိန်းကလေးသည်လည်း ပျော်ရွှင်အေးချမ်းနေသော မိသားစုလေး တစ်စုအား ဖရိုဖရဲ ဖြစ်အောင် လုပ်ပစ်ဖို့အတွက် အမှောင်ထဲမှာ ရပ်စောင့်နေသည်။

သက်ပြင်းမော တစ်ချက်ကို ကျွန်မ လေးပင့်စွာ မှုတ်ထုတ်လိုက်မိတာမို့ ပင့်သက်လေပူတို့က အေးစက်နေသော ကျွန်မ၏ နှာခေါင်းပေါက်နားက အသားဝိုင်များကို လာရောက်ထိခတ်သွားသည်။

မင်းသားလေးကလည်း အိမ်သာတက်ပြီးပြီမို့ ကျွန်မတို့ နှစ်ဦးသား မှောင်ရိပ်ကျရာ အကွေ့လမ်းလေးအား ကျော့ခိုင်းပြီး မီးရောင်ထိန်ထိန်လာရာ လမ်းအတိုင်းသာ ပြန်လာခဲ့ကြတော့သည်။

◆

ဒီမနက်တော့ ၆ နာရီ မထိုးခင်မှာပဲ ကျွန်မနှင့် မင်းသားလေးတို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

မနက်ပိုင်းဆိုလျှင် လမ်းမကြီးရှိ ပလက်ဖောင်းပေါ်မှာ လျှောက်နေကျမို့ တစ်ဖက်လမ်းသို့ ကားလမ်းကူးခဲ့ကြသည်။

ကားလမ်းကူးစဉ်က ပွေ့ချီလာသော မင်းသားလေးကို လမ်းမပေါ်သို့ ကျွန်မ အသာအယာ ချပေးလိုက်ပြီး လမ်းလျှောက်ခဲ့ကြသည်။

"ဟင်"

ကျွန်မနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသူကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာမို့ ကျွန်မ အံ့ဩသွားရသည်။

"သူ"

ဟုတ်ပါ့ဆည်။ ယခင်နေတုန်းက တွေ့ခဲ့ရသောသူ၊ နေရောင် မစူးသော ဆောင်းနံနက်ခင်းမှာ နေကာမျက်မှန် တပ်ထားပြီး ကီးပက်ဖုန်းလေးကို ဟန်ပါပါနှင့် ပွတ်သပ်နေတာမို့ သူ့ကို ကျွန်မ မှတ်မိနေခြင်းပါ။ အခု သူ၏ လမ်းလျှောက်ပုံကို မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရတာမို့ ကျွန်မ အံ့ဩလွန်းစွာ "ဟင်" ခနဲ အာဏမသိုက်သံ ထွက်သွားခြင်းပါ။

ညာဘက် လက်မှ ကိုင်ထားသော တုတ်ရှည်လေးကို လမ်းအတိုင်း ဘယ်ညာအလိုက် လွှဲကာ ထိတို့ရင်း လမ်းလျှောက်လာတာမို့ ကျွန်မ မှင်တက်စွာ ငေးကြည့်နေမိသည်။ ခြေလှမ်းများက မြင့်မားသော ပလက်ဖောင်းအစွန်းဘက်သို့ ဦးတည်စဉ်မှာပဲ တုတ်ရှည်ဖျားလေးက ပလက်ဖောင်းစွန်းကို ထိခတ်မိတာမို့ သူ ခြေလှမ်းကို အတည့်အတိုင်း ပြန်ဖြစ်သွားသည်။

www.burmeseclassic.com

ပလက်ဖောင်း အကွေ့နေရာကို တုတ်ရှည်လေးအားတိုးဖြင့် သူ လျှောက်လှမ်းလာသည်မှာ သာမန်လူ လမ်းလျှောက်နေသလိုပါပဲ။

ကျွန်မ ရပ်နေရာသို့ သူရောက်လာသည့်အချိန်မှာ သူ့အကျီရင်ဘတ်မှ စာသားကို ကျွန်မ တွေ့လိုက်ရသည်။

"ဟင် ဒါ ဒါ မျက်မမြင် အနှိပ်စင်တာကပဲ"

ကျွန်မ စိတ်ထဲမှပဲ ခပ်တိုးတိုး ရေရွတ်မိလိုက်ခြင်းပါ။

ဟော ခုမှပဲ ကျွန်မ ဘေးဘက်ရှိ ထမင်းကြော်ဆိုင်လေးတွင်းမှ သူတို့ အနှိပ်စင်တာမှ အပေါင်းအသင်းများ ထမင်းကြော်စားနေကြတာကို သတိပြုလိုက်မိသည်။

သူတို့ လုပ်ခွင့်ဖြင့် သူတို့ဘာသာ ရှာဖွေစားသောက်ရင်း အမှောင်ထဲမှာ အလင်းကို ရှာဖွေတွေ့ရှိနေသူတွေပါလား။ စားသောက်နေကြပုံတွေက တကယ့် လူကောင်းအတိုင်းပါပဲ။

ထူးခြားတာလေးကတော့ နေကာမျက်မှန် ထပ်ဆင်ထားတာလေးပါပဲ။ သူတို့ ပုံစံလေးတွေက တက်ကြွ ရွင်လန်းနေကြသည်။ မနက်စာ အားဖြည့်ပြီးသည်နှင့် လုပ်ငန်းခွင်ဝင်ရန် အသင့် အနေအထား ပုံစံလေးတွေ။ ထိုအချိန်မှာပဲ ကျွန်မဘေးရှိ သူက ဖုန်းလေးကို အထုတ်မှာ ဟန်ချက်ပျက်သွားတာမို့ သူလက်မောင်းကို ဖျတ်ခနဲလှမ်းကိုင်ပြီး ထိန်းပေးမိလျက် ဖြစ်သွားသည်။

"အာ ရောက်လာပြီ၊ သားက ကားလမ်းကူးဖို့ အခုပဲ ဖုန်းဆက်တော့မလို့"

ကျွန်မ ရင်ထဲမှာ ဝမ်းသာခြင်း။ ဝမ်းနည်းခြင်းဆိုသည့် ဆန့်ကျင်ဘက် ခံစားမှု နှစ်မျိုးကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။

ဝမ်းသာခြင်းဆိုတာက အမြင်အာရုံ ဆုံးရှုံးနေပေမယ့် ဘဝကို အဆုံးမခံတဲ့ ကြံ့ကြံ့ခံကာ လောကဓံကို အပြုန်တိုက်ခမ်းလေးဖြင့် အနိုင်တုရင်ဆိုင်နေသော သူဇီတ်ဓာတ်(မျက်မမြင်အားလုံး၏ စိတ်ဓာတ်)ကို ဂုဏ်ယူစွာ ဝမ်းသာမိခြင်း ခံစားချက်။ ဝမ်းနည်းမိတာကတော့ ကမ္ဘာလောကဓါတ်၊ အလှဘရား၊ ချစ်ခင်ရသူများ၏ မျက်နှာများကို မြင်တွေ့ခွင့် မရရှာသော သူတို့လေးတွေ၏ ဘဝ ကံကြမ္မာ။

ကျွန်မ ခံစားချက် နှစ်မျိုးနှင့် အတူ ပြုံးမိရင်း . . .

"အာဘ မဟုတ်ပါဘူး၊ အစ်မပါကွယ်၊ ကားလမ်းကူးပေးမယ်နော်"

ထိုအချိန်မှာပဲ သူ့အဘိုးသူက ရောက်ရှိလာပြီး သူ့လက်ကို တွဲကာ ကားလမ်းကူးသွားချေပြီ။

ကျွန်မသည်လည်း မင်းသားလေးနှင့်အတူ ဆက်လက်လမ်းလျှောက်ရင်း မနေ့ညက တွေ့ခဲ့ရသော မိန်းကလေး နှစ်ယောက်ကို ပြန်လည် မြင်ယောင်လိုက်မိတော့သည်။

နှင်းသီရိကျော်သရေ

❑

အင်းဂလိပ်ဘိုးဘိုးကြီးနန်း အကြားအမြင်ဆရာမကြီး ဒေါ်ကြည်ကြည်မို့

စီးပွားရေးတွေ့ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောကျ်ား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ● အောင်မြေဆာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိပ်ဘိုးဘိုးကြီးနန်း လမ်းညွှန် ● ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

● (ဝိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ●

ရှေ့ဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။

လှိုင်သာယာမြို့နယ်၊ မုန့်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၆၁၁၁၈၃၇၇

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းရေးချီခြင်း

သပိတ်ကျင်း ကျောက်ကျောက်တွန်း

အခု ကျွန်တော် တင်ပြချင်တဲ့ ဇာတ်လမ်းက အတွေးစိတ်ကူးနဲ့ဖွဲ့သော ဇာတ်လမ်းမဟုတ်ဘဲ စာကယ်ဖြစ်ရပ်မှန် နေရာမှန်အတိုင်း ကျွန်တော်ကိုယ်တိုင် ပါဝင်ကြုံတွေ့ခဲ့ရသော ဇာတ်လမ်းပါ။

ထိုဖြစ်ရပ်အား သိမီလိုက်ကြသော ကျွန်တော်နှင့် သက်တူရွယ်တူ သူများ၊ ၆၀ ကျော်၊ ၇၀ သမားများ ခွတ်မိကြလိမ့်ဦးမည်ဖြစ်ပါသည်။ ဖြစ်ရပ်ကတော့ ကြာခဲ့ပါပြီ။ တိတိကျကျ ဆိုရလျှင် လွန်ခဲ့သောနှစ်ပေါင်း ၅၅ နှစ်က ဖြစ်ပါသည်။ နေရာဒေသကတော့ ထိုခေတ်အခါက မြန်မာပြည်တွင် တစ်ခုတည်းသာရှိသော မြင်းခေါင်းတံဆိပ် ဘီလပ်မြေစက်ရုံကြီးရှိရာ သရက်ခရိုင် သရက်မြို့မှာဖြစ်ပါသည်။

လွန်ခဲ့သော ၅၅ နှစ်သည် ခရစ် ၁၉၆၀ ပြည့်နှစ်ဖြစ်သည်။ ကျွန်တော် ဖိုးကျော်သည် ဘူမိရူပဗေဒ ဌာနစိတ်တွင် တာဝန်ထမ်းဆောင်နေသူ ဝန်ထမ်းတစ်ဦးဖြစ်ပေရာ သရက်မြို့ ဝိတောက်ပင် ရေနံမြေသို့ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ရပါသည်။

ဝိတောက်ပင် ရေနံမြေတွင် ခေတ်မီအီလက်ထရွန်နစ်စက်ကိရိယာများအသုံးပြု၍ ဘူမိရူပဗေဒဆိုင်ရာ တိုင်းတာမှုများ (Geophysical Investigation) ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်၏ အသက်လည်း ၂၃-၂၄ သာရှိသေးသည့် အားကောင်းမောင်းသန်အရွယ် ဖြစ်ပါသည်။

လင်ပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဘူမိရူပဗေဒ တိုင်းတာရေး အဖွဲ့၏ ခေါင်းဆောင်သည် ကိုလှထွန်း (ပွင့်လန်း-သတ္တုတွင်း၊ အမျိုးသားစာပေဆု)ဖြစ်သည်။

ပိတောက်ပင် ရေနံမြေသည် သရက်-မင်းတုန်း ကားလမ်းဘေးရှိ ပိတောက်ပင်ရွာအနီးတွင်ရှိ၍ သရက်မြို့မှ ခုနစ်မိုင်ဝေးသည်။ နွေရာသီ၏ အပူပြင်းဆုံးလများဖြစ်သော မတ်၊ ဧပြီလများတွင် ပင်လယ်နှင့်နီးသော မြို့တော် ရန်ကုန်လိုနေရာမျိုးပင် အပူရှိန်ပြင်းလှပေရာ ဤဒေသအဖြစ်သည့် ပိတောက်ပင်ရေနံမြေတွင် နေ့လယ်ပိုင်း ကွင်းဆင်း တိုင်းတာရေးလုပ်ငန်းများ မဆောင်ရွက်နိုင်အောင် ပူလှ၏။

ပူလွန်းသောကြောင့် ရွာမှလွတ်ကျောင်းထားသည့် နွားအုပ်များပင် ထိန်းကျောင်းသူ တောင်းဘွိုင်မပါဘဲ အရိပ်ကောင်းသော သစ်ပင်ကြီးများအောက်ဝင်ရောက်ခိုလှုံရင်း နားနေကြရ၏။

တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒုက္ခအပေးဆုံးမှာ နေပူရှိန်သာမကဘဲ ဇီးခွဲ(ဆီးခွဲ)၊ ဆူးရစ်ခွဲ။ ထောင်မှည့်ခွဲများပေါ် နွယ်တက်နေသော ခွေးလေးယားပင်များမှ ကတ္တီပါအမွေးရောင်ရှိသည့် ခွေးလေးယားသီးများ ဖြစ်၏။ နေပူပူ လေအငွေ့တွင် လွင့်ပါလာကာ လူကို ကပ်ငြိငြိုးကုတ်ခြစ်မဆုံးအောင် ယားယံစေ၏။ တော်ခွဲခုတ်ရသူ လုပ်သားများကို ဒုက္ခအပေးဆုံးဖြစ်၏။

အပူရှိန် ပြင်းပြမှုကြောင့် နေ့လယ်ပိုင်းအလုပ်ချိန်ကို ရပ်နား၍ ညပိုင်းသို့ ပြောင်းလဲလိုက်ရပါသည်။ မနက် ၆ နာရီမှ ၁၀ နာရီအထိနှင့် ညနေ ၆ နာရီမှ ညပိုင်း ၁၀ နာရီအထိ နှစ်ပိုင်းခွဲ၍ အလုပ်ဆင်းရာ အပူသက်သာ၍ အလုပ်လည်း ထွင်ကျယ်ပါသည်။ ညပိုင်း အလုပ်ဆင်းရာတွင် ဇရုန်ဆီသုံးအောက်လင်းမီးအိမ်ကြီး နှစ်လုံးဖြင့် ဆင်းကြရပါသည်။

နေပူရှိန်ပြင်းပြသလို သောက်သုံးရေကလည်း ရှားသေး၏။ ပိတောက်ပင်ရွာ၏ အနောက်တက်ရှိ တောင်ကြားတစ်ဖက်ပိတ် ကန်လေးမှရေကို ကျွန်တော်တို့ ဘူမိရူပဗေဒအဖွဲ့ရော၊ ရွာကပါ ချွေချွေတာတာ သုံးကြရပါသည်။

တစ်နေ့တွင် ပိတောက်ပင်ရွာ၏ တောင်ဘက်နားတွင် တိုင်းတာမှုများ ဆောင်ရွက်နေခိုက် မနီးမဝေးတွင် မြက်စားနေကြသော နွားအုပ်တွင်းမှ နွားနှစ်ကောင် ဝေ့ကြရင်း ကျွန်တော်တို့ အလုပ်လုပ်နေရာဘက်သို့ ပြေးဝင်လာရာမှ လုပ်ငန်းခွင်သုံး ကွန်ပတ်စ် (Compass) ကို ဝင်တိုက်မိကာ မှန်ကွဲသွား၏။ ထိုမှန်ကို အစားထည့်ရန် သရက်မြို့တွင် မရှိသဖြင့် ကျွန်တော်ပင် ပြည်မြို့သို့ သွားရပါသည်။

ပြည်မြို့တွင် လိုအပ်သည့်ကိစ္စများ ပြီးစီးသောအခါ သရက်သို့အပြန် ခရီးတွင် ပြည်နှင့်သရက်မြို့ ပြေးဆွဲနေသော ကားတို့သင်္ဘောဖြင့် ပြန်ခဲ့ပါသည်။ ရေလမ်းခရီးဖြင့် မသွားဖူးသေးသဖြင့် သင်္ဘောဖြင့် ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ ကံအားလျော်စွာပင် သင်္ဘောပေါ်တွင် သရက်မြို့မှ ဦးမောင်မောင်နှင့် ဆုံပါသည်။ သရက်မြို့ပေါ်တက်သည့်အခါ နှင့် ရုံးချုပ်မှတာဝန်ဖြင့် လာကြသူများ တစ်ထောက်နားရန်ဌာနလမ်းတွင် အိမ်တစ်လုံး ငှားထားပါသည်။ ထိုအိမ်ပိုင်ရှင်သည် ယခုသင်္ဘောတွင်ဆုံသော ဦးမောင်မောင်ဖြစ်၏။

ရေလမ်းခရီးတွင် သင်္ဘောစီးပူးခြင်းသည် ယံခုပထမဆုံးအကြိမ် ဖြစ်၏။ ရထား၊ ဘားများနှင့်စာသော် အနေးကွေးဆုံးဟုထင်၏။ ပျင်ရိပြင်းငွေ့ဖွယ် မြစ်ကြောင်းတစ်လျှောက် ဦးမောင်မောင်နှင့် စကရဗယ် (Scrabble) ကစား၍ လိုက်ပါခဲ့ကြ၏။

ကျွန်တော်တို့စကရဗယ်ကစားသည်ကို ခရီးသည်အချို့က လာရောက်ကြည့်ကြ၏။ လာရောက်ကြည့်သူများတွင် ပြည်ရွှေဆံတော်ဆုရားဖူးရာမှ ပြန်လာကြသော ကြင်စဉ်းမောင်နှံစုံထွဲပါ၏။ သူတို့စုံတွဲကြည့်ရသည်မှာ လက်ထပ်ပြီး လပိုင်းလောက်သာ ရှိသေးပုံရ၏။ ကြင်နာယုယလိုက်ကြပုံမှာ ချိုးလင်းပြာငှက်မောင်နှံပင် အနှုံးပေးရမည်ထင်၏။

ကျွန်တော်ဖိုးကျော်သည် တောတောင်အနှံ့ခြေဆန့်ရသူဖြစ်၍ ချိုးလင်းပြာငှက်တို့နှင့် ဆုံဖူး၏။ ဖိုနှင့်မတို့ သွားအတူ၊ စားအတူဖြစ်သလို သစ်ကိုင်းထက်တွင် နားရာ၌ပင် တစ်ကောင်နှင့် တစ်ကောင် ကြားလေမဝင်အောင် ပူးကပ်ထိုင်(နား)၏။ ယခုကိုလူချောတို့ အတွဲလည်း ချိုးလင်းပြာငှက်အနှုံးပေးရလောက်ပါသည်။ ကိုလူချောကလည်း သူ့ဇနီးက လုံကြီးပေါက်လှ ညိုချောလေးမို့ အချစ်ပိုပုံထင်၏။

နေပူရှိန် ပြင်းပြလှသော နွေနှောင်းကာလ ယခုလိုအချိန်များတွင် အညာဒေသသည် မိုးသက်လေပြင်းများ တိုက်ခတ်လေ့ရှိ၏။

ကျွန်တော်တို့စီးလာသောကူးတို့သင်္ဘောလည်း တအိအိမြွှင့် ရေဆန့်ခရီး နှင့်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် သရက်မြို့အော်ကနားရှိ ပိသလေးရွာနား ရောက်လာ၏။ ထိုအချိန်တွင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ရာဟူထောင့်ဆီမှ ညိုမှောင်လာပြီး လေပြင်းများတိုက်ခတ်လာပါသည်။ လေတိုက်နှုန်းသည် တစုတစ ပြင်းထန်လာပြီး သရက်မြို့ ကမ်းနားဘက်မှ တစ်မိုင်ခန့် ကျယ်သော သဲသောင်ပြင်အား ဖြတ်တိုက်လာရာ သဲဖုန်လုံးများ အလိပ်လိုက် ကြွတက်ကာ ဘာကိုမျှမမြင်ရအောင် သဲမုန်တိုင်းဖြစ်သွားပါသည်။

သင်္ဘောပေါ်မှ ခရီးသည်များလည်း ဟိုသည်ပြေးလွှားလှုပ်ရှားခြင်းပင် မပြုနိုင်ဘဲ မျက်လုံးထဲ၊ နှာခေါင်းထဲ သဲများမဝင်ရန် အဝတ်ဖြင့်အုပ်သူအုပ်၊ လက်ပါးဖြင့်ပိတ်သူပိတ် ပတ်ဝန်းကျင်ဝဲယာလည်း ဘာကိုမျှ မမြင်နိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

စောစောက နေပူနေသဖြင့် သင်္ဘော်၏ အနောက်ဘက်ခြမ်းတွင် ချထားသော တာလပတ်မိုးကာကြီးအား အင်အားပြင်းထန်သော လေလုံးကြီးက ဆောင့်တိုက်ရာ "ဝုန်း"ဟူသောမြည်သံကြီးနှင့်အတူ သင်္ဘောတစ်စင်းလုံး သိမ့်သိမ့်ခါ၍ မြစ်လယ်ဘက်သို့ လှုပ်ကျသွားရာ သင်္ဘောပေါ်ရှိ ခရီးသည်များကို မြစ်ထဲ သွန်ချလိုက်သည့်အလား ဘုရားတချိန်ပင် မရဘဲ ကမ္ဘာပျက်သလို ကူးကြ ခပ်ကြရင်း ကယ်ပါ ယူပါ အော်ကြတော့သည်။

ကူးကြ ခပ်ကြသော်လည်း သဲမုန်တိုင်းကြောင့် တောင်၊ မြောက်၊ အရှေ့၊ အနောက် ဘယ်ကိုမျှ မမြင်နိုင်ကြဘဲ မျက်နှာမူရာ ကူးကြခြင်းဖြစ်၏။ အများစုက သင်္ဘောလဲကျရာ မြစ်လယ်ဘက်သို့ကူး၏။ အချို့က မြစ်ကိုစုန်၍ ကူး၏။ ကျွန်တော် ဖိုးကျော်လည်း သမ္မဒ္ဓေရွတ်ရင်း ထင်ရာကူးရာက ပုံးလွတ်တစ်လုံး မျောလာသည်ကို ရ၍ တွယ်ဖက်ကူးခပ်ရင်း ကမ်းနားရောက်သွား၏။

သင်္ဘောမှောက်သော နေရာသည် တမ်းနှင့်ပေ ၅၀၀ခန့်သာဝေး၏။ မြစ်နား ချောင်းနားနေသူများ၍ ကူးမည်ဆိုက အလွယ်ပင် ကူးနိုင်ပါသည်။ သဲမုန်တိုင်းကြောင့် မကူးသင့်သော နေရာကူးမိ၍ အချို့သေ၊ အချို့ပျောက်ဆုံးဖြစ်ကြရ၏။ စာရင်းချုပ်သော် လူ ၁၀ ဦးခန့်သေ၊ ပျောက်ကြရ၏။ သေသူများထဲတွင် ကြင်စဦးမောင်နှံမှ ညီချောလေး ပါသွား၏။ ညီချောလေး၏ အလောင်းကို နောက်တစ်နေ့မှ သရက်မြို့အောက်ဘက် အတော်လှမ်းသော ဘွက်ကြီးချောင်းဝတွင် တွေ့ရ၏။

"သင်္ဘောက မထင်မှတ်ဘဲ ဝုန်းဆို အေးစောင်းလဲကျသွားတော့ ကျွန်တော့်မိန်းမနဲ့ ကွဲသွားကြတယ်၊ သူက ရေမကူးတတ်ဘူး၊ ဒါကြောင့် ကျွန်တော်လည်း အပြင်းအထန် ကူးခတ်ရှာတော့ မိန်းကလေးတစ်ယောက် တွေ့တာနဲ့ ဖမ်းဆွဲပြီး ကမ်းဘက်ကို ခက်ခက်ခဲခဲ ဆယ်ခဲ့ရတယ်၊ ကမ်းပေါ် ရောက်မှ ကျွန်တော့်မိန်းမ မဟုတ်မှန်းသိရတော့ တစ်ကျောပြန်ကူးပြီး ရှာပေမယ့် မတွေ့ရတော့ဘူးဗျာ"လို့ပြောပြီးငိုနေတဲ့ ကိုလူချောရဲ့ ဖြစ်အင်ကို မမြင်ရက်တော့လို့ ထိုနေရာက ထွက်ခဲ့ပါတော့တယ်။

သရက်လို ခရိုင်မြို့လေးမှာ သင်္ဘောမှောက်တဲ့သတင်းဟာ တစ်မြို့နယ်လုံး ပျံ့နှံ့သွားပါသည်။ သတင်းကြားလျှင်ကြားချင်း ဝိတောက်ပင်ရေနံမြေမှာ ကျန်ခဲ့ကြတဲ့ ကိုပွင့်လန်း(ကွယ်လွန်)၊ ကိုဝိုးမြင့်(ကွယ်လွန်)နှင့် သန်းဖေတို့ ညတွင်းချင်း ကွင်းသုံးနစ်ဆန်း ထရပ်ကားလေးနဲ့ ရောက်လာကြပါသည်။

သူတို့လည်း ကျွန်တော့်ကိုတွေ့မှ သက်ပြင်းချနိုင်ကြ၏။

ဤသည်ကိုပင် ကျွန်တော် ဖိုးကျော်က -

"ဟေ့ ငါမသေဘူး၊ ရောကူးတတ်တယ်" လို့ နောက်လိုက်ပါသေးသည်။ အိမ်ရှင်ဦးမောင်မောင်လည်း မသေမမျောကို ပြန်ရောက်လာမါသည်။

ဝိတောက်ပင်ရေနံမြေမှာ တိုင်းတာရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေသော ဆိုက်စမစ်ဆာဗေးအဖွဲ့ (Seismic Survey) ထပ်ရောက်လာသဖြင့် သူတို့အဖွဲ့နှင့်ပူးတွဲ၍ ထုံးတောင်၊ ပျားရည်စက်တောင်၊ နှတ်မီးတောင်၊ တုံပါးပွတ်အထိ လိုက်ပို့ကာ ဆိုက်စတစ်ဆာဗေး လုပ်ရပြန်ပါသည်။

သေသောသူကြောရင်မေ့ ဆိုတဲ့ စကားအတိုင်း ဝိသာလေးရွာနားမှာ သင်္ဘောမှောက်ခဲ့တဲ့ ဖြစ်ရပ်ဟာလည်း သုံးလလောက်ကြာတော့ မေ့မေ့ပျောက် ပျောက်ဖြစ်ကုန်ကြပါပြီ။ ကျွန်တော် ဖိုးကျော်လည်း တစ်နေ့မှာ လမ်းမတော်က ဗမာ့ခေတ်ဓာတ်ပုံတိုက်ကို လိုင်စင်ပုံရိုက်ဖို့ ရောက်ခဲ့ပါသည်။ ဓာတ်ပုံရိုက်တဲ့ စတူဒီယိုခန်းထဲမှာ အတွဲတစ်တွဲ ဓာတ်ပုံရိုက်နေလို့ စောင့်နေရပါသည်။

ခဏကြာတော့မှ တစ်ယောက်လက် တစ်ယောက်တွဲလို့ ပီတိဖုံးဆဲ့အပြုံးတွေနဲ့ ထွက်လာကြပါသည်။

အမျိုးသားကို မြင်ဖူးသလိုလို ရှိတာကြောင့် သေသေချာချာ ကြည့်လိုက်တော့မှ သင်္ဘောမှောက်စဉ်က သူ့ဇနီး ညီချောလေးပါသွားလို့ ရှိုက်ကြီးတငင် ငိုပွဲဆင်ခဲ့တဲ့သူ ဖြစ်နေပါသည်။ ခုတော့လည်း ပီတိဖုံးတဲ့အပြုံးတွေလိုင်လို့။ ကျွန်တော်ဖိုးကျော်လည်း အာသွက်လှသွက်

"ဟို ညီလေး၊ ဝိသာလေးရွာနားမှာ သင်္ဘောမှောက်စဉ်က မင်းပါတယ် မဟုတ်လား"ဆိုတော့ သူတို့နှစ်ယောက်စလုံး အံ့အားသင့်သလို ပြန်ကြည့်ရင်း-

"ဟုတ်တယ် အစ်ကိုရေ အစ်ကိုရော လမ်းတစ်လျှောက်လုံး သင်္ဘောပေါ်မှာ စကရပယ် ကစားလာတဲ့သူ မဟုတ်လား" ဆိုရင်း နောက်ကြောင်းများ ပြန်ပြောဖြစ်ကြ၏။

ယခုလည်း သူ့ချစ်သူ 'ခင်မာဝင်း'နှင့် နှစ်ဦးသဘောတူ ရုံးတက်လက်ထပ်အပြီး ဓာတ်ပုံဝင်ရိုက်ခြင်းဖြစ်ကြောင်း၊ ခင်မာဝင်းသည် အခြားသူမဟုတ်ဘဲ သင်္ဘောမှောက်စဉ်က မောင်ခလာ (မေခုလာမဟုတ်)လုပ်၍ သက်စွန့်ဆံဖျား ကယ်ယူခဲ့ရသော ကျေးဇူးရှင်မလေး ဖြစ်ကြောင်းပါ ပြောသဖြင့် မိန်းကလေးခင်မာဝင်းက -

"ကိုလေးနော် ရှက်စရာကြီး၊ ဘာပြုလို့ပြောရတာလဲ"ဆိုကာ ကိုလူချော၏ ကျောပြင်အား ငြောအသွင် ထုလိုက်ပါသတည်း။

ကျွန်တော်ဖိုးကျော် ကိုယ်တိုင် ပါဝင်ခဲ့သော လွန်ခဲ့သည့် ၅၅ နှစ်က ထူးခြားဆန်းကြယ်သော ဖြစ်ရပ်မှန်အား ရေးသား တင်ပြခြင်း ဖြစ်ကြောင်းပါ ခင်ဗျာ။

သပိတ်ကျင်း ကျော်ကျော်ထွန်း

❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၉)

ဒီလိုနှင့် စာသင်နှစ်တစ်နှစ် ကုန်ဆုံးလို့ မေဇင်လည်း ပုသိမ်ပြန်လာခဲ့သည်။

ပုသိမ်အိမ် ရောက်ပြီး ညနေထမင်းဝိုင်းကျတော့ ဒီဆရာလေး ကိုဌေးအောင်အကြောင်း ပြန်ပြောပြမိသည်။ အမေနှင့် ညီမလေး ဝေဇင်တို့ အံ့သြမဆုံး စုတ်တသပ်သပ်။

"ဩော်- ဒီသူငယ်နှယ်"

အမေက ချီးကျူးမှတ်ချက်ပြုသည်။

"ယောက်ျားပီသပြီး ဆရာစိတ်တကယ်ရှိတဲ့ ကျောင်းဆရာကောင်းတစ်ယောက်ပဲ"

"အင်းနော်၊ သူ့မို့ မိကျောင်းတွေငါးတွေ မကြောက်တယ်"

ဝေဇင်ကလည်း မှတ်ချက်ပြုသည်။

"မိကျောင်းတွေ ငါးတွေ အသာထားဦး ဝေဇင်ရဲ့၊ ရေနစ်သေတော့မလို ကို ဖြစ်သွားတာတဲ့"

"အဲဒီ ဆရာလေးက ပြောပြတာလား မမ"

"ဟင့်အင်း၊ ဆရာလေးက ပြောမပြဘူး ကျန်တဲ့သူတွေ စိတ်မကောင်းဖြစ်ကြမှာစိုးလို့၊ သူ့ကို သွားဆယ်တဲ့ သဘောကန်ကူးတို့သမှား ကိုသာဒင်ပြန်ပြောပြတာ၊ ဒီရေဆွဲအားနဲ့ ပင်လယ်ထဲ မျောပါတော့မှာတဲ့လေ"

"ဟုတ်ပါရဲ့၊ ပင်လယ်ထဲသာ မျောပါသွားလို့ကတော့ တွေးတောင် မတွေးရဲတော့ဘူးနော် မမ"

ဝေဇင်က ပခုံးလေးနှစ်ဖက်ကုန်းရင်း အတွေးနှင့်ပင် ကြောက်နေသည်။

"အဲဒါ ကျောင်းဆရာပီသတဲ့ ဆရာစိတ်ဓာတ်ပဲ ညီမလေးရဲ့၊ ဆရာ့ဝတ္တရားငါးပါးကို ရသေးလား"

"ဟင့်အင်း မမ မေ့တော့တော့ဖြစ်၊ ဟင်း ဟင်း"

"ခုမှ ဆယ်တန်းအောင်ပြီးရှိရှိသေးတယ်၊ ဆရာ့ဝတ်၊ မိဘဝတ်၊ တပည့်ဝတ်တွေ မရတော့ဘူးလား"

"ဟုတ်၊ အဲ- ရောကုန်ပြီမမရဲ့"

"နားထောင် ဆရာ့ဝတ်ဆိုတာ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပံမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ တဲ့၊ အဲဒီဝတ္ထရားငါးပါးထဲမှာမှ ဆရာလေး ကိုဌေးအောင်က ဘေးရန်ဆီးကာဆိုတဲ့ ဆရာ့ဝတ်ကို မရည်ရွယ်ဘဲ အလိုအလျောက် ပြုကျင့်မိရက်သားဖြစ်သွားရတာပဲ ညီမလေးရဲ့၊ ကိုယ့်တပည့်လေးတွေ ဘေးအန္တရာယ် မကျရောက်စေဖို့ သူ အတတ်နိုင်ဆုံး စောင့်ရှောက်ခဲ့တာလေ"

"ဒါဆိုတော့လည်း ဟုတ်သားပဲ၊ ဆရာဆိုတာ မြင့်မြတ်တဲ့လူပေါ့နော်"

"ဆရာတိုင်းတော့ မဟုတ်ဘူး ညီမလေးရဲ့၊ ကျောင်းဆရာထဲမှာမှ ဆရာပီသတဲ့သူ မပီသတဲ့သူ အမျိုးမျိုး ရှိတာပေါ့၊ နေရာတိုင်း ဌာနတိုင်းမှာ အကောင်းနဲ့အဆိုး ဒွန်တွဲနေတာပါပဲလေ၊ မမလည်း ဒီလောကထဲရောက်မှ ကျောင်းဆရာဘဝကို သိရတာလေ၊ ဒီအထဲမှာမှ မမတို့လို အငှားဆရာနဲ့ အစိုးရခန့်ဆရာက တန်းတစ်ခုလို ကွာနေတာ ညီမရဲ့"

"ဘယ်လိုကွာတာလဲဟင် မမ"

"အစိုးရခန့် ဆရာ ဆိုတာက အစိုးရကခန့်တဲ့ တရားဝင်ဆရာလေ၊ အစိုးရ၌လခစားပေါ့၊ မမတို့လို အငှားဆရာ ဆိုတာကတော့ ဒေသခံ ရွာခံတွေထဲက သင်ကြားပေးနိုင်တဲ့သူမရှိမှ အပြင်က ငှားတာ၊ ကျောင်းကော်မတီက ငှားတာပေါ့ဟယ်၊ ရွာထဲက ပိုက်ဆံစုကောက်ပြီး လခပေးတာပေါ့။

အစိုးရ လခစား တရားဝင်ဆရာဆိုတာ ခံစားခွင့်တွေရှိတယ်၊ ဆရာမဆိုရင် မီးဖွားခွင့်ပါ ပါတာပေါ့၊ လုပ်သက်ခွင့်တို့၊ ရာထူးတိုးတာတို့၊ နောက်ဆုံး အသက် (၆၀)ပြည့်ရင် ပင်စင်လစာ ခံစားခွင့်ရတာတို့ ရှိတာပေါ့။

ခါပေမဲ့ သင်ကြားရေးအပိုင်းမှာတော့ မမတို့က သူတို့ထက်ပိုပြီး အားစိုက် ကြိုးစားရတယ်၊ ဒီအငှားဆရာသင်ပြတာ မကောင်းဘူးဆိုတဲ့သတင်းထွက်မသွားအောင် အမြဲတမ်းကြိုးစားလေ့လာ ဖတ်မှတ်နေရတယ်၊ ကိုယ်အသင်အပြကောင်းမှ ကျောင်းသားထွေ့တတ်မယ်လေ၊ တာဝန်ရှိတဲ့ လူကြီးတွေကလည်း အသင်အပြကောင်းတဲ့ဆရာမပဲ လိုချင်မှာပဲလေ"

"ဟုတ်သားပဲနော်၊ အဲဒါဆိုလည်း မမရယ် တရားဝင်ဆရာမ လုပ်ပါလားလို့"

"အဲဒါကတော့ ညီမလေး နားလည်အောင် ရှင်းပြရတော့မှာပေါ့၊ ဒီလိုကွဲ့၊ တရားဝင်ဆရာ ဖြစ်ဖို့ဆိုရင် ပညာရေးဌာနက သူမြို့နယ်အလိုက် လစ်လပ်မှုရှိတဲ့ နေရာရယ်၊ ခန့်ထားပိုင်ခွင့်ရှိတဲ့ နေရာတွေရယ်အတွက် ကြေညာပြီး အလုပ်ခေါ်တော့မှ လျှောက်လွှာတင်ရေးဖြေဝင်၊ အောင်မှ လူတွေ့ နှုတ်ဖြေဝင်၊ အဲဒီလိုတွေဖြေပြီး အောင်မှ အလုပ်က ရတာ။

လူသုံးလေးရာ ဝင်ဖြေပေမယ့် အလုပ်နေရာက နှစ်ဆယ် အစိတ်လောက်ပဲ ခန့်ဖို့ ရှိချင်ရှိတာ၊ ဒီကြားထဲ သက်ဆိုင်ရာ မြို့နယ်၊ ပါတီကောင်စီ လူကြီးတွေရဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း ခန့်ရမယ့် လူဦးရေက ပါသေးတယ်၊ တကယ့်အရည်အချင်း အစစ်အမှန်နဲ့ အောင်လို့ ရမယ့်နေရာလပ်က ထက်ဝက်လောက်တောင် မကျန်ချင်တော့ဘူး"

"ဩော်- ဒီလိုလား"

"အေး- ဒီလိုပဲ ညီမရေ့ အစိုးရအလုပ် တစ်နေရာရဖို့ဆိုတာ လွယ်တဲ့မဟုတ်ဘူး၊ စောစောက မမပြောပြတဲ့ ဆရာလေး ကိုဌေးအောင် တို့ဆိုရင် အလုပ်အတွက် ဝင်ဖြေတာ လူ ၃၄၀ ထဲမှာ ၂၄ ဦးပဲ အောင်တာတဲ့"

"ဩော်- နည်းနည်းလေးနော်၊ အောင်တာက"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့လည်း မမတို့လိုအငှား ဆူရာကျတော့ လစာက အစိုးရခန့် ဆရာထက် ပိုရတယ်၊ စားရေး နေရေး ကိုလည်း ရွာက ဖြည့်ဆည်းပေးတယ်လေ၊ မမရတဲ့လစာ အသားတင် မေမေ့ကို ပြန်အပ်နိုင်တာ ကြည့်"

"ဟုတ်သားပဲနော်"

တကယ်တမ်း ပြန်လည်ဆန်းစစ်ကြည့်တော့ လောဘဓံတရား၏အလှည့် အပြောင်း အချိုးအကွေ့ထွင် မေဇင်တို့ မိသားစု ဖရိုဖရဲနှင့် ဒုက္ခဝေခဲ့ရသည်။ တစ်ခါနက မေဇင့်ဖေဖေ ဦးစိုးမြင့်ရှိစဉ်က ဘည်ပြိမ်အေးချမ်းသော ဘဝလေးကို တမ်းတမိရသည်။ ဦးစိုးမြင့်က ပုသိမ်မြို့ တိုင်းသ/မ အသင်းစုမှ အရာထမ်းတစ်ဦး ဖြစ်သည်။ မေဇင် ဆယ်ဘဲနှံး အောင်မြင်ပြီးတော့ ပုသိမ် အသင်းကောလိပ် ဆက်တက်ရသည်။

ညီမလေး ဝေဇင်က ရှစ်တန်းပဲ ရှိသေးသည်။ မေဇင် ပထမနှစ်ဖြေပြီး အောင်စာရင်းမထွက်ခင် ဖေဖေ့ရုံးကိစ္စ ဖြင့် ရန်ကုန်သွားရင်း 'တိုးအေး'သင်္ကေတ နှစ်မြုပ်သည့်အထဲတွင် ဖေဖေ ပါသွားခဲ့ရသည်။

အားကိုးရာ ရွှေတောင်ကြီး ပြုပြီမို့ မေဇင် ကျောင်းဆက်မတက်နိုင်တော့ဘဲ စာပေစာယူသင်တန်း (Correspondence) သို့ ပြောင်းလိုက်ရသည်။ ပြီးတော့ မေမေနှင့်အတူတိုင်ပင်ပြီး ဓနိတန်းလမ်းထဲက တိုက်ခိုအိမ်လေးကို ရောင်းချကာ ငဝန်ကျန်းသာ(ဒ)လမ်းထဲက မြေကွက်လွတ်ဝယ်ပြီး သွပ်မိုးပျဉ်ထောင် သုံးပင်နှစ်ခန်း အိမ်လေးတစ်လုံး ဆောက်ကာ ပို့လွှဲသည့်ငွေနှင့် အိမ်ရှေ့စတိုးဆိုင်လေး စည်ခင်းရောင်းချသည်။

ဖေဖေ့ နာရေးတုန်းက လာရောက် ကူညီ နေထိုင်ပေးသူ ဆွေမျိုးနီးစပ်ထဲက ညီမဝမ်းကွဲလေးတစ်ဦးမှာလည်း မိဘများ မရှိရှာကြတော့ဘဲ ဟို ဆွေမျိုး ဒီဆွေမျိုးနှင့် တောမှာကဝ်နေ ကြရာကျပန်းလုပ်ကိုင်စားနေသည်ဖို့ မြန်မလွတ်တော့ဘဲ မေမေနှင့်အတူ နေထိုင်နိုင်ရန် ခေါ်ထားလိုက်ရတော့သည်။

ပြီးတော့ သူငယ်ချင်း သီရိထွန်း၏ စာရေးအကြောင်းကြားမှုဖြင့် (ရရာအလုပ်လုပ်ရန် စဉ်းစားနေဆဲ) ရွှေသာမြေမြို့နယ် ဝင်လယ်ကိုင်းခြေ ရွာလေးတစ်ရွာဖြစ်သည့် သဘောတန်တော့ရွာ (တွဲဖက် အလတ)ကျောင်းတွင် အငှား အလယ်တန်းပြ ဆရာမအလုပ်အား တစ်လ (၂၅၀)ကျပ်ဖြင့် ဝင်ရောက်လုပ်ဖြစ်သွားတော့သည်။ [ထိုစဉ်က အထက်တန်းကျောင်း-ဘုံ၏ လစာမှာ (၄၅၀) ကျပ် ရှိ၏။]

သို့မှသာ ဖေဖေ့ပင်စင်လစာ၊ အိမ်ဆိုင်လေးဝင်ငွေနှင့် မိသားစု စားလောက်ရုံသာသာရှိသည်မှ ညီမလေး ဝေဇင်၏ ပညာရေးအတွက် လုံလုံလောက်လောက် ထောက်ပံ့နိုင်တော့သည်။

(၁၀)

ဒီနေ့လည်း သဘောကန်က ခေါ်လေးက စာရေးမှာထားသဖြင့် သွားရမည်။ ဟိုတစ်ပတ်ကတည်းက ခေါ်လေးက စာရေးပြောသည်။ ဒီဝါဆိုလပြည့်နေ့တွင် သဘောကန်ကျောင်း၌ ဝါဆိုသင်္ကန်းလည်း ကပ်မည်။ ဥပုသ်ဆွမ်းလည်း တော်မည်။ သူလှူဒါန်းထားသော ပလ္လင်အတွက်လည်း ရေစက်ချမည်။ လာခဲ့ဝါတဲ့။ သို့နှင့် သူလည်း သဘောကန်ကျောင်းမှာ ဝါဆိုသင်္ကန်းတစ်စုံ ဆည်လှူမည်ဟု အကြောင်းပြန်တော့ ခေါ်လေး ဝမ်းသာသည်။

သို့ကြောင့် ဆရာလေးကိုငွေးအောင် သဘောကန်ဘက်ကူးပြီး ရွာထဲက ခေါ်လေးအိမ်ကို အရင်ဝင်တော့ ခေါ်လေးတို့မိသားစု ဘုန်းကြီးကျောင်းသွားနှင့်ကြပြီ။ ဘုန်းကြီးကျောင်းသို့ လိုက်ရင်း ဆရာမလေး ခေါ်မေဇင်မိုးနှင့် ခေါ်သီရိထွန်းတို့ငနေသော အိမ်လေးကို ကြည့်လိုက်တော့ တံခါးပိတ်ကာ သော့ခတ်ထားသည်။

"ဘယ်မျှား သွားကြပါလိမ့်"

ဒီသဘော့ကန်ရွာဘက်သို့ ကူးလာခြင်း၏နောက်ရည်ရွယ်ချက်တစ်ခုမှာ မေဇင်မိုးနှင့် ဆုံတွေ့လိုခြင်းပင်။ စာအုပ်နှစ်အုပ်လည်း ယူလာသည်။ ကြုံတုန်း ယူလာရင်း ပေးမည်။ စကားလက်ဆုံလည်း ပြောခွင့်ရလိမ့်မည်တဲ့ မျှော်လင့်စိတ်လေးဖြင့် ရင်ခုန်လာခဲ့ရသည်။ အခုတော့ မျှော်လင့်စိတ်လေး ပျောက်ကွယ်ရပြီမို့ စိတ်မှာ နွမ်းလျလို့သွားရတော့သည်။

"ဩော်- ဆရာလေး၊ ဒီဘက်ကမ်းမှာ ဥပုသ်ယူမလို့လား"

ရွာခံတစ်ဦးက နှုတ်ဆက်သည်။

"ဟုတ်ကဲ့ ဦးစိန်တို့၊ ခေါ်လေးကလည်း မှာထားတယ်လေ"

"ဩော် ဩော်- သွား သွား ဆရာလေး၊ သီလပေးတော့မယ် ထင်တယ်"

ဘုန်းကြီးကျောင်းလေ့ကား ခြေရင်း ရောက်တော့ . . .

"ဩကာသ : . . "

ဩကာသ ကန်တော့ချိန်း စဆို နေလေပြီ။

ကျောင်းဓေါ် သို့ ကပျာကယာလှမ်းတက်ပြီး ခေါ်လေးတို့ ထိုင်နေရာ ပလ္လင်ခြေရင်းနားထိ တိုးလျှိုးပြီးရောက် အောင် လှမ်းကာ နေရာယူပြီး ဦးချလိုက်သည်။

သီလယူပြီး နောက်ဆုံး အာမဘန္တေမဆိုခင် ဦးမချခင် . . .

"ဤဥပုသ်သီလကို တစ်ထိုင် ဥပုသ်သာ ဆောက်တည်ပါမည် ဘုရား၊ အာမဘန္တေပါ အရှင်ဘုရား"

ရှစ်ပါးသီလနှင့် ဥပုသ်စောင့် ဘည်ရခြင်းသည် သူအဖို့ခက်ခဲလှသည်။ တစ်နေ့တာလုံး ပြည့်မီအောင် ဥပုသ်မစောင့်တည်နိုင်ဘဲနှင့် အာမဘန္တေကို လွယ်လွယ်မဆိုချင်။ ဘုရားနှင့်သံဃာကို သူမလိမ်ချင်။

ဂေါပကအဖွဲ့က ဝါဆိုသင်္ကန်းများကို တစ်ဦးချင်းစီ သဟတ္ထိကဒါန

www.burmeseclassic.com

မြောက်စွာ တပ်လှူနိုင်စေဖို့ စီစဉ်ဆောင်ရွက်နေချိန် ခေတ္တလေးမှာ နေရာပြင်ထိုင်ရင်း ကျောင်းအတွင်း မျက်လုံးဝေကြည့်လိုက်တော့မှ ဒေါ်လေးတို့၏ရှေ့နား ညာဘက်ယွန်းယွန်းတွင် ရွာခံလူကြီးမျှားနှင့် ထိုင်နေသော. . .

"ဟော- ဆရာကြီးလည်း ဒီကို ရောက်နေတာကိုး"

သဘော့ကန်ကျောင်းအုပ်ကြီးက ပြုံးပြရင်းခေါင်းညိတ်ပြသည်။ ဆရာကြီး နောက်နားမှာက လက်ထောက်ဆရာ ကိုခင်မောင်ဦးနှင့် ကိုသိန်းအောင်တို့ ထိုင်နေသည်။ သူတို့မှာလည်း . . .

"ကိုဌေးအောင် နောက်ကျတယ်နော်၊ ဒီမှာ ဒေါ်လေးက မျှော်လည်း မျှော် မေးနေတာ"

"ဟုတ်တယ် ကိုသိန်းအောင်၊ ကူးတို့ စောင့်နေရတာနဲ့"

အဲဒီတော့မှ ဒေါ်မယ်ဇင်က လှည့်ကြည့်ပြီး . . .

"အဲမယ်ကွယ် ငါတူကြီး လာဖြစ်သွားပဲ၊ ဒေါ်လေး မျှော်နေတာကွဲ၊ ဆရာမလေးတို့ကတောင် မေးနေသေးတယ်"

"ဟုတ်လား၊ ဘယ်သူ ဒေါ်လေး"

သေချာစေရန် ပြန်မေးမိသည်။

"ဆရာမလေး နှစ်ယောက်လေ"

ဒေါ်လေးက မြောပြီး ရှေ့ဘက် ပြန်လှည့်သွားသည်။

"ဆရာလေး"

မတိုးမကျယ် ခေါ်သံကြောင့် နောက်လှည့်ကြည့်တော့မှ သူ့နောက်နား တစ်ယောက်ကျော်လောက်တွင် ထိုင်နေသော ဆရာဇလေး မေဇင်မိုးနှင့် ဆရာမလေး သီရိထွန်းတို့က ပြုံးပြရင်း နှုတ်ဆက်သည်။

"ဩော်- ဆရာမတို့လည်း ဒီကို ရောက်နေကြတာကိုး"

ဝမ်းသာသွားသံမှာ ဆိမ်းမရစွာ။

တစ်ဦးချင်းစီ သက်နှံးကပ်လှူပြီးတော့မှ စာကျက်ဝိုင်းဖွဲ့ဖြစ်ကြတော့သည်။

"ဒီမှာကြဲတုန်း စာအုပ်နှစ်အုပ် ယူလာခဲ့တယ်"

ကိုဌေးအောင်က ပြောရင်းလှမ်းပေးလိုက်သည်။

"ကျေးဇူးပဲ ဆရာလေး၊ ကျွန်မတို့လည်း ဖတ်စရာ ကုန်နေတာနဲ့ အတော်ပဲ"

မေဇင်မိုးက ဆိုသည်။

"ဟုတ်တယ် ကိုဌေးအောင်၊ ဒီနေ့တောင် ကူးတို့ဆိပ်ဆင်းပြီး စာအုပ်ပို့ပေးမလို့ အခု ကိုဌေးအောင့်ရောက်လာတော့ အတော်ပဲ"

"ကျွန်တော်မြန်မှ ပေးလိုက်လေ"

"ဟုတ်ကဲ့"

တရားနာ၊ ရေစက်ချ အစီအစဉ်များပြီးတော့ သံဃာတော်များအား ဆွမ်းဆက်တပ်ရန် ပြင်ဆင်ကြစဉ် သူတို့ကျောင်းဆရာတစ်စုက ကျောင်းခေါင်းရင်း သံဃာစင်ရှေ့နားရှိ ပြတင်းပေါက်တွင် စကားဝိုင်း ပြန်ဖွဲ့ကြသည်။ တရားနာ ပရိသတ် အတော်များများမှာ တစ်နေကုန် ဥပုသ်သီလ စောင့်ထိန်းရန် ရည်ရွယ်ကြဟန် မရှိ။ အလှူလျှို့ပြန်ရန် ပြင်ကြသည်။

"ဥပုသ်သည်များ ကျောင်းဝင်းထဲက ဇရပ်တွေ အဆောင်တွေမှာ တစ်နေကုန် နေလို့ရတယ်နော်"

"ဥပုသ်ဆွမ်းလည်း ကျွေးမွေးမယ့် အစီအစဉ် ရှိပါတယ်၊ မပြန်ကြပါနဲ့ဦး၊ ဒီနေ့မြောက်အောင် ဥပုသ်ဆွမ်းလေး ချီးမြှင့်ပေးသွားကြပါ"

ခန်းနေ ဦးဇင်းကြီးတစ်ပါးက ကြေညာပေးသလို ဥပုသ်ဆွမ်းအလှူရှင် ဒေါ်မယ်ဇင်ကလည်း ဆော်သြစည်းရုံးသည်။ ပြီးတော့ . . .

"ဒီက ဆရာကြီးတို့တစ်တွေ ဥပုသ်ဆွမ်းစားပြီးမှ ပြန်ကြပါနော်"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးတော့ ဥပုသ်သည်များအတွက် ဆွမ်းဝိုင်းတွေ ပြင်ကြသည်။ စားပွဲဝိုင်း ဆယ်ဝိုင်းစာ ပြင်ရသည်။ ကိုဌေးအောင်တို့ကျောင်းဆရာ ခြောက်ဦးက သီးသန့်တစ်ဝိုင်း ဖြစ်သွားရသည်။

ဆရာကြီးတို့ ခေါင်းရင်းဘက်တွင် နေရာပေးရသည်မို့ ဆရာကြီး၏ ဝဲယာတွင် ဆရာဦးခင်မောင်ဦးနှင့် ဆရာကိုသိန်းအောင်တို့ နှစ်ယောက်က နေရာယူဖြစ်သွားရသည်။ ခြေရင်းဘက် ခြမ်းတွင်တော့ ဆရာဦးခင်မောင်ဦးဘေးတွင် ကိုဌေးအောင်က ထိုင်ရပြီး ဆရာမလေးဒေါ်မေဇင်မိုးက ဆရာလေး ကိုဌေးအောင်နှင့် ကပ်လျက် နေရာကျပြီး ဆရာမလေး ဒေါ်သီရိထွန်းက ဆရာဦးသိန်းအောင်နှင့် ကပ်လျက် နေရာကျသည်။ အတူတူ တစ်ဝိုင်းတည်း လက်ဆုံစားခွင့် ကြုံရုံမျှမက ဘေးချင်းယှဉ်၍ပင် ကျလိုက်သေးတော့သည်။

ဆရာကြီး ဦးအုန်းမောင်ကို တစ်ယောက် တစ်ခွန်းစီ ဦးချကြတော့ . . .

"ဆရာတို့တစ်တွေ ဝိုင်းထည့်လိုက်တာ ထမင်းတောင်ပျော်သွားပြီဗျို့"

သူ့ကို ကိုယ်နှင့်နီးရာ ဟင်းခွက်များမှ ခပ်ယူလှမ်းထည့်ပေးကြ အပြန်အလှန်ပင်။ ကြည်နူးပျော်ရွှင်ဖွယ်ကောင်းလှသော ထမင်းစားဝိုင်းလေးတွင် တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှုတွေဝိုကြသည်။ ပြီးတော့ ရင်ခုန်တိမ်းမူးဖွယ် ကောင်းလှသော မေဇင်မိုး၏ ခန္ဓာကိုယ် သင်းပျံ့ပျံ့ ကိုယ်သင်းနံ့သည် ကျန်းမာရေးကောင်းမွန်သော သားကောင်း မိခင်လောင်း မိန်းမပြတ်တစ်ဦးဟု သိသာစွာ။

"ဆရာ ကိုဌေးအောင် ထမင်းစားကောင်းရဲ့လား"

ဆရာကြီး ဦးအုန်းမောင်က စိတ်နှင့် ထမင်း မကပ်လည်ကို သတိပြုမိပုံရလေသည်။

"ဩော်- ဟုတ်ကဲ့၊ ကောင်းပါတယ်ဗျာ"

"ဆရာ့ ကြည့်ရတာ တစ်ချက်တစ်ချက် တွေတွေသွားလို့ ကိုယ့်အိမ်က မိသားစုထမင်းဝိုင်းကို ပြန်သတိရနေသလားလို့"

www.burmeseclassic.com

"ဟုတ်ကဲ့ ဆရာကြီး၊ ဟုတ်တော့ ဟုတ်တယ်၊ ကိုယ့်အိမ်က ထမင်းဝိုင်းတော့ မဟုတ်ဘူး၊ ရွာမှာ နေ့တိုင်းစား နေရတဲ့ ထမင်းဝိုင်းလေးကို နှိုင်းယှဉ်ပြီး သတိရသွားမိလို့ပါ"

"ဩော် ဩော်- ဘယ်လိုယှဉ်ပြီး သတိရသွားလို့လဲ ဆရာလေးရဲ့"

ကိုသိန်းအောင်က ထောက်ပေးသည်။

"ဒီလိုပါ ဆရာရယ်၊ ရွာမှာက ကျောင်းသားအိမ်တွေကို အလှည့်ကျ လည်စားရတယ်လေ၊ ကောင်းကောင်းလည်း ချက်ပြုတ်ကျွေးကြရှာပါတယ်၊ ဒါပေမဲ့ အပြဲတမ်း တစ်ယောက်တည်းပဲ ခင်ဗျ၊ ခြောက်ကမ်းကပ်နဲ့၊ ရွာသူရွာသား အိမ်ရှင်တွေက အတူတူ ဝင်စားဖို့ ခေါ်လို့မရဘူး၊ ကျောင်းဆရာနဲ့ ထမင်းကို တစ်ဝိုင်းတည်းမှာ ဝင်မစားကောင်းဘူး လို့များ ခံယူထားကြသလားပဲ"

"ဟုတ်တယ်ဗျာ၊ သူတို့စာစ်တွေက ကျောင်းဆရာဆိုတာ အင်မတန် လေးစား နေရာပေးကြတဲ့ ရွာခလေ့ပေါ့ဗျာ၊ ကျွန်တော်လည်း ကျောင်းဆရာ ဖြစ်ကတည်းက ဒီအနော်က်ကမ်းခြေ ရွာတွေပဲ လည်ပြောင်းနေတာ၊ မြို့ပေါ် ပြန်မပြောင်းတာ ကြာပြီ၊ ဒီကမ်းခြေ ဒေသခံတွေနဲ့ တပည့်တွေကို သံယောဇဉ် ဖြစ်နေပြီကိုးဗျာ"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒါကြောင့် ဒီအလှူမှာ ခုလို ဝိုင်းဖွဲ့စားသောက်ရတာကို ကောင်းနေတာခင်ဗျာ"

"ဒီလိုပဲပေါ့ ဆရာလေးရယ်၊ ခုလို တစ်ဝိုင်းတည်း ဆုံစွဲခွင့် စားခွဲဖွင့် တွေ့မြေ့ခွင့်ရတယ် ဆိုတာဟာလည်း ကျွန်တော်တို့အားလုံး ရှေးက ကံအကျိုးဆတို့တွေ ပါလာကြလို့နေမှာပေါ့၊ ဖြောရမယ်ဆိုရင် မိသားစုထမင်းဝိုင်းပေါ့၊ ဩာရေမိသားစု ထမင်းဝိုင်းပေါ့ဗျာ"

"ဟုတ်တာပေါ့ ခင်ဗျာ"

"ဟုတ်တယ်နော်၊ သမီးတို့တစ်ဆွေတာ ပညာရေးဝန်ထမ်းမိသားစုတွေ ခဲ့ပါနော်"

"ဒါမျိုဲ့ ဆရာလေးတို့ရယ်၊ စိတ်ထားတတ်ရင် အိမ်အလွမ်းပြေပါတယ်၊ ဒီမှာရှိတဲ့ ဝန်ထမ်းမိသားစုအချင်းချင်း ရိုင်းရိုင်းပင်းပင်း ချစ်ချစ်ခင်ခင် နေကြမယ်ဆိုရင် ဇာတိမြေ အိမ်နဲ့ ဝေးနေရပေမယ့် သူ့သည်မြေလို့ ခံယူထားတဲ့ အလုပ်အိမ်မှာ နေမျော်ကြရမှာပါကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဆရာကြီး စကားကြားရတာ ကျွန်တော် အားရှိသွားရပါပြီ ဆရာကြီးရယ်"

မည်သို့ပင် ဆိုစေကာမူ ဇာတိမြေနှင့် ဝေးရာဒေသတွေမှာ မိဝေး ဘဝေး မိသားစုနှင့်ဝေးကွာလျက် တာဝန်ထမ်းဆောင်နေကြရသော ဝန်ထမ်းများသည် အိမ်လွမ်းဒဏ် ခံကြပါပေသည်။ ယခုလို နားလည်စာနာတတ်သူ၊ ကြီးကဲသူများက ဖြေသိမ့်ပေးခြင်း၊ ဖေးမကူညီခြင်း၊ စာနာနားလည်မှုပေးခြင်းဖြင့် ရောက်ရာဒေဝ ကျရာတာဝန်များနှင့် ကျင်လည်ရာ နေပျော်ကြရပါလိမ့်မည်။

(၁၀)

ဆရာလေး ကိုဌေးအောင်အဖို့ မနှစ်ကတည်းက အတွေ့အကြုံရပြီးလေသမို့ သွားရေး လာရေးမှာ ချင့်တွက်တတ်လေပြီ။ ခြောင်းသာနှင့် သဘောကန် ကျွန်းခြောင်းရွာများကြားရှိ ကမ်းရိုးတန်း ရွာများထွင်လည်း ရွာစဉ်တစ်လျှောက် မသိသူ မရှိတော့ပြီ။

တေးလံ ခေါင်သီသော ကျေးရွာများတွင် ကျောင်းဆရာဟူသည် ကျေးရွာ၏ အကိုးကွယ်ခံ၊ အပူဇော်ခံ ရွာသီးဆရာဓတ်ပြုံးလျှင် ရွာမှီ ရွာဖများနှင့် တစ်တန်းတည်းထား နေရာပေး လေးစားခံရသော ပုဂ္ဂိုလ်များပင် ဖြစ်ရှေ့သည်။

ထို့အပြင် ဆရာလေး ကိုဌေးအောင်က အရက်သေစာ ဓနိရည်မဆိုထားဘို့ ဆေးလိပ်ပင်မသောက်၊ ကွမ်းလည်း မစားတတ်။ ရှားပါးပုဂ္ဂိုလ် တစ်ယောက် အနေဖြင့် အခင်ခင် အလေးစား ပို့ကြလေသည်။ မနှစ်က ဝါကျွတ်ပြီးကတည်းက ကမ်းရိုးတန်းရွာများတစ်လျှောက်မှာ အာဝါဟဝိဝါဟ ပြုကြလေသည့် ကျေးလက်ရိုးရာ မင်္ဂလာဆောင်များတွင်လည်း ဖိတ်ကြားမှုအရ လိုက်လံ ဧည့်ခံသီဆို တီးခတ်ပေးတတ်သူမို့ ပိုပြီး လူသိများထင်ရှားလေသည်။

ရွှေသာမြေပြို့နယ်၏ အနောက်ဘက်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် အနောက်ရိုးမ တောင်တန်းတောင်စွယ် တောင်ခြေဒေသတစ်ဝိုက်ရှိ ကျေးရွာများ၏ ဓလေ့မှာ မိမိတို့ရွာသို့ ရောက်ရှိလာသော ကျောင်းဆရာများကို ရွာမှာ ပျော်စေရန် အတတ်နိုင်ဆုံး ဝိုင်းဝန်းဖြည့်ဆည်းပေးကြသည်။ မိသားစုမပါ၊ ရဿာ ကျောင်းဆရာ၊ ဆရာမများ ထမင်းချက်စားစရာမလို၊ တစ်နေ့ တစ်အိမ်ကျ ရွာထဲ လှည့်လည်စားရသည်။ အလှည့်မကျဘဲ လမ်းကြုံဝင်လာမိ၍ ထမင်းကျွေးခွင့် ကြုံရလျှင်လည်း အနီးအိမ်များက ဝမ်းပန်းတသာဂုဏ်ယူတတ်ကြသည်။

နီးစပ်ရာလူက အလှည့်ကျ ထမင်းစားရမည့် အိမ်သို့ပြေးပြီး သတင်းပို့တတ်သည်။ ထိုအခါတွင်လည်း အဆိုပါ ဒုအိမ်က ဆရာ့လေးရောက်နေသည့် အိမ်ဆီသို့ ဟင်းခွက်များ ပို့ပေးတတ်လေသည်။

ဤသို့အပြင် ဆရာလေးအတွက် တစ်လလျှင် ဆန် (၁၀)ပြည် ပေးနိုင်စေရန် ကျေးရွာလူကြီးများက စီမံထားပါသည်။ စာသင်နှစ်ကုန်ဆုံးပြီး ရွှေသာမြေကို ပြန်ခါနီးတော့ စုဆောင်းရရှိသမျှ ဆန်များကို မိမိအား ထမင်းကျွေးခဲ့သည့် အိမ်များထဲမှ နွမ်းပါးသည့်အိမ်များအား ဝေငှပေးဖြစ်ခဲ့လေသည်။

ဒီ ... ထုတ်ရက်သည် တနလ်္ဂနေ့ကျသဖြင့် ဆရာလေးကိုဌေးအောင်တစ်ယောက် ရွှေသာမြေ ပညာရေးမှူးရုံးသို့ မြန်၍ လစာထုတ်ရန်နှင့် ကျောင်းကိုစွမ်းများ တင်ပြရန် နံနက်

www.burmeseclassic.com

အဆာပြေ စားပြီးကတည်းက ကျွန်း ချောင်းမှ ထွက်လာခဲ့သည်။

သဘော့ကန်ရွာဘက် ကူး၍ အဒေါ်ဖြစ်သူ ဒေါ်မယ်ဇင့်အိမ်သို့ ဝင်နှုတ်ဆက်ကာ အလာပသလွှာပ ပြောဆိုကြရင်း ခေတ္တနားသည်။ ရွာထဲမှ လူငယ် ကာလသားများလည်း ဆရာလေး ရွှေသာမြေပြန်မည်ကြား၍ရောက်လာကြသည်။

"ဆရာလေး ဂိတာကြိုးတစ်စုံ လောက် ဝယ်ခဲ့ပေးပါခင်ဗျာ"

"ကျွန်တော့်ဖို့ မင်းအောင်ရဲ့ မီးရီးသစ်နဲ့ သီချင်းစာအုပ် ဝယ်ခဲ့ပေးပါခင်ဗျာ"

"စိုင်းထီးဆိုင်ရဲ့ တေးပေါင်းချုပ် ရရင် လိုချင်တယ် ဆရာလေးရယ်"

ရွာထဲမှ လူငယ်များစဲသွားတော့ အဒေါ်ဖြစ်သူမှ . . .

"ငါးခြောက်ဖုတ်နဲ့ ထမင်းစား သွား၊ မင်းဟာက ချောင်းသာကျမှ ထမင်းစားရမှာ"

အဒေါ်ဖြစ်သူ ကျေနပ်စေရန် ထမင်းစားရသည်။ ထမင်းစားနေစဉ် . .

"ဆရာလေး ရှိလားဟင်၊ ရောက် နေတယ် ကြားလို့"

ဆရာမလေး အဒေါ်မေဇင်မိုး၏ အသံ။

"ဟုတ်ကဲ့ ရှိပါတယ်၊ ဩော် ဆရာမ လူကြုံမှာမလို့လား"

"လူကြုံတော့ လူကြုံပဲ ဆရာလေး၊ မှာဖွဲ့မဟုတ်ဘူး၊ လိုက်ချင်လို့"

"ဘယ်လို ဆရာမ"

ဆရာလေးကိုဌေးအောင်က နားမရှင်းဟန်ဖြင့် ဖွင့်မေးပြုမိရသည်။

"ကျွန်မ ဆရာနဲ့ လူကြုံလိုက် ချင်လို့ပါ၊ အမေ နေမကောင်းဘူး ကြားလို့၊ ပြန်ကြည့်ချင်လို့ပါ"

ဆရာလေး ကိုဌေးအောင် အံ့သြသွားမိရသည်။ သွားရမည့်ခရီးက နီးနီးမဟုတ်၊ ကုန်းကြောင်းခရီး။ ပင်လယ်ကမ်းရိုးတန်း (ကျိုင်အတိုင်း) သောင်ပြင်ပေါ် လျှောက်ရမည်။

အနည်းဆုံး ၁၅ မိုင်တော့ရှိမည်။ ကိုယ်တစ်ယောက်တည်း သွားမည့် ခရီးမို့ ကိုယ့်ခြေလှမ်းသွား ကိုယ့်လျှောက်အားနှင့် မိုးမချုပ်မီတော့ ချောင်းသာရွာကို ရောက်ရမည်ဟု တွက်ဆထားသည်။ ဆရာမလေးကို ခေါ်ရမည်ဆိုလျှင် မိမိ သွားမည်ဟု ရည်ရွယ်ထားသည့် အချိန်ထက် ပိုစောထွက်မှ ဖြစ်တော့မည်။

"ဆရာမ လျှောက်နိုင်ပါ့မလား၊ စက်လှေပတ်နဲ့ကျမှ ချောင်းသာကိုသွားပါလားဗျာ"

"ကြိုးစားပြီး လိုက်ရမှာပေါ့ဆရာလေးရယ်၊ စက်လှေပတ်သက် တနလာနေ့ကျမှ ဆရာလေးရဲ့ ကျွန်မ အမေ့ကို စိတ်ပူလို့၊ ညီမလေးကလည်း မလုပ်တတ် မကိုင်တတ်နဲ့"

"ဟုတ်ပြီလေ၊ ဒါဆိုလည်း ဝန်လေး မပါစေနဲ့၊ ပေါ့ပေါ့ပါးပါးနဲ့မှ ဆရာမ လျှောက်နိုင်မှာ့ ရောဘူးနဲ့ အဝတ်ကို ထစ်စုံလောက်ပဲယူ၊ ချောင်းသာမှာ ညအိပ်ဖို့ အဆာပြေစားဖို့ တစ်ခုခုလည်း ထည့်ယူ၊ ကျွန်တော်ကထော့ ကောက်ညှင်းထုပ်တစ်တွဲ ထည့်ယူလာတယ်"

"ဒါဆို ကျွန်မ ပြန်ပြီး ပြင်ဆင်လိုက်ဦးမယ်၊ ဆရာ စောင့်နေပေးနော်"

"ဟုတ်ကဲ့ပါဗျာ၊ စောင့်နေပါ့မယ်၊ ဆရာမရေ ဦးထုပ်တော့ဆောင်းလာနော်၊ နေပူမယ်"

ဘယ်လိုပင် မြန်အောင်ပြင်ပြင် နာရီဝက်ခန့်ကြာမှ ဆရာမလေးဒေါ်မေဇင်မိုး ကြွမ်ဆွဲခြင်းလေး ကိုင်ဆွဲရင်း ပြန်ရောက်လာသည်။

(၁၂)

ဆရာလေး ကိုဌေးအောင်နှင့် ဆရာမလေးဒေါ်မေဇင်မိုးတို့နှစ်ယောက် သဘော့ကန်ရွာက စထွက်တော့ နံနက် ဆွမ်းခံပြန် ချိန်ပင် နီးနေပေပြီ။ မိခင်အတွက် သောမာဖြစ်နေသော ဆရာမလေးကို တိုဌေးအောင်၏ လူကြုံခေါ်လာလိုက်ပါသည်။ ချောင်းသာကို မိုးမချုပ်မီ ရောက်နိုင်ပါ့မလားဟု ကိုဌေးအောင် စိုးရိမ်မိသည်။

"ဆရာမ အမေရဲ့သတင်း ဘယ်လိုရလဲ"

"မနေ့ည နေက ပုသိမ်က စေ့းဝယ်ပြန်အဖွဲ့တွေ လာပြောတာဆရာ၊ ကျွန်မ ဘယ်လိုပြန်ရပါ့မလဲလို့ တစ်ည လုံး သောကဖြစ်နေတာ၊ ဒီမနက် ဆရာပြန်မယ်ဆိုတာ သိရတာနဲ့ အတော်ဖြစ် သွားရတာ"

"ဒါဆို ကျွန်တော်သာ ဒီနေ့ လစာထုတ်ပြန်ဖို့ မရှိဘူးဆိုရင်"

"ကျောင်းက ထွေ/လုပ်သားနဲ့ ကျွန်မတို့ခေါင်းရင်းအိမ်က တစ်ယောက်ယောက် လိုက်ပို့ပေးမယ်လို့တော့ ရှိပါတယ်၊ ဒါပေမဲ့ အားနာစရာပေါ့ ဆရာရယ်၊ ခုလို ဆရာနဲ့ လူကြုံလိုက်ခွင့်ရတာ ပိုကောင်းတာပေါ့"

"ဆရာမ အရင်ကော ဘယ်လောက်ဝေးဝေး လမ်းလျှောက်ဖူးလဲ"

"အုန်းချောင်းရွာ အသိအိမ် အလှူကို လမ်းလျှောက်လိုက်ဖူးတယ်"

'အင်း . . တစ်ဂျိုင်ကျော်ကျော် သုံးမိုင်လောက်တော့ လျှောက်ဖူးတယ်ပေါ့'

ကိုဌေးအောင် စိတ်ထဲကပဲပြောမိသည်။ ဒီအတိုင်းဆိုရင် ချောင်းသာအထိ ၁၅ မိုင်ခရီးကို ဆရာမလေး လမ်းလျှောက်နိုင်ဖို့ မလွယ်ပါပေ။

ပင်လယ်ကမ်းရိုးတန်း တစ်လျှောက် လျှောက်လှမ်းရသော ကုန်းကြောင်းခရီး (၀၊) ဘင်္ဂလားပင်လယ်အော်၏ အရှေ့ဘက် အနားသတ် ကမ်းစပ်မျဉ်းကွေးများအတိုင်း လျှောက်လှမ်းရသော ခရီးပါပေ။ ပင်လယ်ကမ်းစပ်ဒို့ ကျိုင်ဆိုသည်မှာ ဂငယ်ပုသဏ္ဌာန် ကမ်းရိုးတန်း သောင်ပြင်ရှည်ကြီးပင်ဖြစ်တော့သည်။ ကျိုင်တစ်ခု၏ အရှည်မှာ အနည်းဆုံး တစ်မိုင်ခွဲမှ သုံးမိုင်ကျော် လေးမိုင်ထိ ရှည်လျားလှသည်။

ထိုကျိုင်များကို ဖြတ်သန်းရာတွင် ဒီရေကျချိန် ဖြတ်သန်းခွင့် ကြုံရလျှင်

www.burmeseclassic.com

ခရီးတာ တိုတောင်းပေသည်။ ဒီရေကျချိန်ဆိုလျှင် လေးကိုင်းသဏ္ဌာန် ကမ်းရိုးတန်းအတွင်း ဒီရေမှားမရှိသောကြောင့် ဧည့်အတွင်း သောင်ပြင်ပြန့်ကို အဖြောင့်အတိုင်း ဖြတ်သန်းလျှောက်လှမ်းနိုင်ပေသည်။

ဆိုရပါလျှင် စက်ပိုင်းခြမ်းမျဉ်း တွေးများအတိုင်း မဟုတ်တဲ့ အချင်းဖြတ်မျဉ်းကြောင်းအတိုင်း တည့်တည့်ဖြတ်သန်းခွင့် ရခြင်းပင်။ လေးမိုင်ခန့်ရှိသော ဧရိယာတစ်ခုကို ဒီရေကျချိန် ဖြတ်သန်းခွင့်ရလျှင် သုံးမိုင်မရှိတရှိသာ ဖြတ်သန်းရပေမည်။

သဘောကန်မှ ချောင်းသာရွာအထိ ထိုကဲ့သို့သော ဧရိယာများမှာ လေးငါးဧရိယာမျှရှိသည်။ သောင်ပြင်ပြန့်အတိုင်း မဟုတ်တဲ့ သွားရလျှင် အတွင်းဘက်ကျကျ သောင်ပြိုင်ပြန့်အဆုံး၊ ဒီရေရောက်နိုင်ဆုံးနေရာ ကမ်းစပ်၏ အနှားသတ်တစ်လျှောက်သည် အုန်းခြံများ၊ ခင်တန်းများ၊ ချဉ်နှယ်ပိတ်ပေါင်းများ အကြားလမ်းဟူ၍ သီးသန့်မရှိဘဲ တိုးဝှေ့ရှောင်ကွင်းသွားရပေမည်။ ထို့ထက်ပို၍ ရှင်းရှင်းလင်းလင်း သွားလိုလျှင် အုန်းတောများထဲမှ ဖြတ်သန်းရမည်။ ခရီးပိုဝေးသည်။

"ဒါဆို မုသိမ်ကနေ ဒီကိုလာတာ သွားတာ ပြန်တာကျတော့ကော စက်လှေနဲ့ပဲ လာတာလား"

"ဟုတ်တယ် ဆရာ၊ မေဇင်ချောင်းသာကနေ ရက်ပတ်နဲ့ထွက်တဲ့ စက်လှေနဲ့ပဲ လာတာ"

"ဒါဆိုရင်တော့ ဆရာမလျှောက်နိုင်ပါ့မလားဗဲ"

"ရပါတယ် ဆရာရယ်၊ မေဇင်ကြီးစားပြီး မိအောင်လိုက်ပါ့မယ်"

"ဩော်- ကျွန်တော့်ကိုမိအောင် လျှောက်စေချင်လို့ မဟုတ်ပါဘူး၊ ဆရာမက ခရီးဝေး လမ်းမလျှောက်ဖူးဘူးဆိုလို့ ပြောရိုမ်းလို့ပါ"

"ဒီလိုပဲ ကြီးစားလျှောက်ရမှာပေါ့ ဆရာရယ်၊ အမေ့အတွက် သောက စိတ်ဟာ မေဇင့်အတွက် အင်အားဖြစ်ရမှာပေါ့"

စကားပြောရင်းက ဆရာမလေးက သူကိုယ်သူ မေဇင်တို့ နွှတ်ထွက်နာမ်စား သုံးနှုန်းသည်ကို သတိပြုမိလိုက်သည်။ စကားပြောရသည်မှာလည်း တရင်းတနှီးဟန် ပါလာသည်။

သဘောကန်ရွာက စတွဲက်ပြီး နောက်ပိုင်း တစ်နာရီကျော်လာတော့ ဆရာမလေး အသက်ရှူသံတွေပြင်းလာသည်ကို သတိပြုမိ၍ တိုးဖွေးအောင် စကားမပြောတော့။ ဆရာမလေး၏ နဖူးဆီစပ်တို့တွင် ချွေးဥလေးများ သီးနေပေပြီ။ အောက်နှုတ်ခမ်းလွှာနှင့် မေးစေ့လုံးလုံးလေးကြားတွင်လည်း ချွေးဥလေးတွေ စို့နေပေပြီ။ ဝက်ဇေ ~~ရောက်တော့ . . .

"ဆရာ ရွာထဲဝင်ဦးမလားဟင်"

"မဝင်တော့ဘူးလေ ဆရာမ၊ ဆရာမ ဝင်ချင်လို့လား"

"ဟင့်အင်း ဆရာ၊ မဝင်ချင်ပါဘူး၊ အုန်းချောင်းကျရင်သာ ခဏတော့ ဝင်ချင်တယ်"

"ဟုတ်ပြီလေ၊ အုန်းချောင်းကျ ဝင်တာပေါ့"

ကော်သေရွာကို ဖြတ်ကျော်ချိန်တွင် ဆရာမလေးခြေလှမ်းတို့ နှေးစပြုလာပြီ။ ဆရာမလေး ဒေါ်မေဇင်ဝိုးအနေဖြင့် ယခုလို သွားလာကျွမ်းကျင်မရှိသည့်အတွက် အတော်အားတင်း လျှောက်လှမ်းနေရမှန်း ကိုဌေးအောင် ရိပ်မိပါသည်။ ပြီးတော့ လက်ထဲက ဆွဲခြင်းကလည်း ကြာလေ လေးလေ ဖြစ်သည်မို့ ဆရာမလေးခမျာ ဆွဲခြင်းကို တံတောင်ကွေးချိတ်လျက် ခါးစောင်းတင်ရပေတော့သည်။

ကျောင်းသွား ကြော့်ကြော့် ကျောင်းပြန်မော့မော့ ဆိုသည့် ကျောင်းသွား ကျောင်းပြန် ကြွကြွရွရွ ဆရာမလေး စတိုင်မရှိနိုင်ပါလေတော့။ လုံချည်ကိုလည်း ခြေသလုံးထက်ဝက်ခန့် တိုတိုဝတ်ရပါလေပြီ။

ဆရာမလေး၏ ဆွဲခြင်းထဲတွင် အဝတ်တစ်စုံ၊ ဖုံးစောင် တစ်ထည်၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာသေးသေးတစ်ခဲ၊ ရေတစ်ဘူးတို့ အပြင် ပုသိမ်အိမ်မှ မိခင်ကြီးအတွက် ငါးခြောက် တစ်ထုပ်နှင့် ပုစွန်ခြောက် တစ်ထုပ်တို့ ပါဝင်သည်။ ပုစွန်ခြောက်နှင့် ငါးခြောက် နှစ်ခုပေါင်း အလေးချိန် သည်ဝင်လျှင် တစ်ပိသာနီးပါးရှိသည်။

ဆရာလေး ကိုဌေးအောင်က တော့ သည်လောက်ဆို သည်ခရီးကို သွားလာနေကျပေမို့ ချောင်းသာတွင် ညအိပ်လဲရန် အဝတ်ပို့တစ်စုံနှင့် ဖူစောင်၊ သွားပွတ်တံနှင့် သွားတိုက်ဆေး ရေတစ်ဘူးနှင့် လမ်းတွင် စားသောက်ရန် ကော်ဇော်ညှင်းထုပ်တစ်ထုပ်တွဲသာ ပါသည်။ ထိုအရာအားလုံးသည်လျင်းကျောပိုးအိတ်အသေးတစ်လုံးတွင် ထည့်ယူရုံနှင့် အဆင်ပြေသည်။

နှေးကွေးစပြုလာသော ဆရာမလေး၏ ခြေလှမ်းတို့ကို ဧည့်သည်အနေဖြင့် ဆရာလေးလည်း ခြေလှမ်းတို့တို နှေးပေးလိုက်ရသည်။

(၁၃)

အုန်းချောင်းရွာကို ရောက်တော့ မွန်းလွဲ ၁ နာရီကျော်ပေပြီ။

"ဆရာ မေဇင့်အသိအိမ် ခဏဝင်ချင်တယ်၊ ခဏလေးစောင့်ပေးပါနော်၊ Please Excuse Me"

"ရပါတယ်၊ ဝင်ပါ"

မနှစ်က လာခဲ့ဖူးသည်ဆိုသော (မင်္ဂလာဆောင် လုပ်ခဲ့သည်) အိမ်သို့ နှစ်ယောက်သား ဝင်ကြတော့ . . .

"ဩော်- ဆရာမလေးပါလား"

"ဆရာလေး ကိုဌေးအောင်လည်း ပါတာပဲ၊ လာလာ ထိုင်ကြပါ"

ဆရာလေး ကိုဌေးအောင် ထိုင်လိုက်ချိန်မှာပဲ ဆရာမလေး မေဇင်ဝိုးက အိမ်ရှင်အမျိုးသမီးနှင့် အိမ်တွင်းထဲသို့ ဝင်လိုက်သွားသည်။ ကြာမီ အမျိုးသမီး ပြန်ထွက်လာပြီး ကြဲသကာ၊ ထန်းလျက်

www.burmeseclassic.com

နှင့် ပင်ကြီးလော်ပန်းကန်များ လာရောက် ချပေးကာ ပြည့်ခဲ့သည်။

"ဆရာလေး အမော်ဖြေရင်း ရေ နွေးနဲ့ မြည်းပါဦး"

"ဟုတ်ကဲ့၊ ကလေးစွေ့ စာလိုက် နိုင်ရဲ့လား"

ကလေးများက သဘော့်ကန် ကျောင်းတွင် တက်ကြရသည်။

"ဟုတ်ကဲ့ ဆရာလေး"

ဆရာလေးကိုဌေးအောင် လည်း ကြံသကာစားလိုက်၊ ရေနွေးကြမ်း သောက်လိုက်၊ ပင်ကြီးလော်ဝါးလိုက်ဖြင့် ဆရာမလေး ဒေါ်မေဇင်မိုးကို စောင့်ရင်း စားသောက်နေလိုက်သည်။

ဇနီး ဆရာမလေးတော့ ရေ အိမ်တက်နေပြီ ထင်ပါရဲ့ဟု အတွေး ရောက်ရသည်။ အတန်ငယ်ကြာတော့မှ ဆရာမလေး အိမ်နေ့ခေါက်ဘက်မှ ထွက် လာသည်။ မိန်းမတို့သဘာဝပဲ ထင် သည်။ မျက်နှာမှာ သနပ်ခါးထပ်လူးလာ သည်။ ပါးကွက်ကြီးများ အက်လို့ပင်။

"အသားမဲည်းမှာ ကြောက်လို့ . . . ဟင်းဟင်း"

ဝင်ထိုင်ရင်း အရှက်မြေပြေသည်။

"ဆရာမလေးလည်း သောက်ပါ စားပါဦး၊ ထမင်းစားပြီးမှ ပြန်ကြနော်"

"မဟုတ်ဘူး မထွေးရဲ့၊ ထမင်း စားပြီးမှ ပြန်ဖို့လည်းမဖြစ်ဘူး၊ မေဇင် တို့က ချောင်းသာအထိ သွားရမှာ"

"ဘယ်လို ဆရာမဲ့လေး"

"ဒီလိုပါ. . . "

မေဇင်မိုးက ရှင်းပြလိုက်သည်။

"ဩော်- ဒါဆို ဆရာမလေး လျှောက်နိုင်ပါ့မလား၊ အဝေးကြီးကို"

"လျှောက်ရမှာပေါ့ မထွေးရယ်၊ ဆရာလေးနဲ့ လှည်းလိုက်ခွင့်ရတာကိုပဲ တော်လှပြီ"

"ဩော်- မိဘကို ဖိုးရိမ်တဲ့စိတ်နဲ့ လိုက်လာတာ နည်းတဲ့ဇွဲတော့ မဟုတ် ပေဘူး ဆရာလေးရေ"

"ဟုတ်တယ် မထွေးရေ၊ ဆရာ မလေးက ဇွဲတော့အခတ်သား"

အုန်းချောင်းရွာက ထွက်တော့ မွန်းလွဲ ၃ နာရီခွဲကျော်ပေပြီ။

ခရင်ဝါးချောင်းရွာကို ဖြတ် ကျော်ချိန်မှာ မွန်းလွဲ ၃ နာရီခန့် ရှိပေ ပြီ။ ခရီးတစ်ခုလုံး၏ ထက်ဝက်ဖြစ်သော မကျီးရွာချောင်း ကူးတို့ကို အကြာကြီး မစောင့်ရဘဲ ဖြတ်ကူးခွင့်ရဖို့လိုပေသည်။ ကုန်သွားသော ရေဘူးများကိုလည်း မကျီးရွာရောက်မှ ဖြည့်ကြရပေတော့ မည်။

(ဆက်ရန်)

ကိုကြီးတေ(သာပေါင်း)

ဆရာဦးပိုင်ဇနောင် (ဝိဇ္ဇာဘွဲ့)

လက္ခဏာဗေဒင်တောခန်း

တိုက် (၄၀)၊ အခန်း (B-1)၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ပြောက်ဒဂုံပြို့နယ်။

ဝဂ္ဂဗုဒ္ဓဂဏ၊ ဇရာဂုသဂုဝ ၂၄ ဝဂ္ဂ- ဥတုဂုဏ်ဒဂုဏ်

- ပြည်ပ နိုင်ငံခြား ပညာသင် ရွေးချယ်ခံရဖို့။
- ပြည်ပ သွားရောက်လုပ်ကိုင်ခွင့် စာမေးပွဲကို အမှတ်များများရရှိ အောင်မြင် ရွေးချယ်ခံရစေဖို့။
- နိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံးရောက်လာစေဖို့။
- မိမိသွားဖို့ လျှောက်ထားမဲ့သော (သို့) ရည်မှန်းထားသော ပြည်ပနိုင်ငံကို အခက်အခဲမရှိ လွယ်ကူအဆင်ပြေစွာ အမြန်ဆုံးသွားရောက်ဖို့။
- ပြည်ပ နိုင်ငံခြား ရောက်ရှိနေသူ အမြန်ဆုံးပြန်လာစေဖို့။

နိုင်ငံခြား သင်္ဘောသားသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံးတက်ရဖို့ နိုင်ငံခြား သင်္ဘောသားဟောင်းများ လိုင်းကောင်း၊ သင်္ဘောကောင်းမှာ လစာကောင်းဖြင့် အမြန်ဆုံး ပြန်တက်ရဖို့ နိုင်ငံခြားသင်္ဘောမှာ အစစအရာရာ အဆင်ပြေပြီး ဘေးရန်ကင်း ကျန်းမာစွာဖြင့် စာချုပ်သက်တမ်း ပြည့်သည်အထိ ခိုင်မြဲစွာလုပ်ကိုင်ရဖို့ နိုင်ငံခြားသင်္ဘောဆိုင်ရာ အဆင့်ရာထူးတိုး (ဖရေးဖြေ၊ လက်တွေ့) စာမေးပွဲများ အခက်အခဲမရှိ တစ်ကြိမ်တည်းနဲ့ ဖြေဆိုအောင်မြင်ဖို့။ [နှည်းလမ်းကောင်းများရှိပါတယ်]

www.burmeseclassic.com

www.burmeseclassic.com

ယိုကြည်မှု

ကောင်းမြတ်ရေး

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

လွန်ခဲ့သောနှစ် နွေရာသီတစ်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မဟာမြိုင်အိမ်ရာရှိ ကျွန်တော့်အိမ်ရှေ့သို့ လှုပခဲ့ညားသည့် ကားသစ်တစ်စီး ထိုးရပ်လာပါသည်။ ကားပေါ်မှ ဆင်းလာသူမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် အတော်အသင့် တုတ်ခိုင်သော အသက်ငါးဆယ်ခန့် လူရွယ် တစ်ယောက်ကို တွေ့လိုက်ရသည်။

လူရွယ်မှာ ဥပဓိရုပ်ကောင်းမွန်ပြီး ချမ်းသာ ကြွယ်ဝသော အဆင့်ဖြစ်ဟန်တူသည်။

ထိုလူရွယ်မှာ ကျွန်တော့်အိမ်ရှေ့ အမှီးသို့ ခပ်ယိုယို အနေအထားမျိုးဖြင့် တိုးကပ်လာပြီး -

"ဦးကောင်းစံတို့အိမ်ဟုတ်ပါသလား ခင်ဗျား"

ထိုလူ၏ အမေးစကားသံကြောင့် ကျွန်တော် စာဖတ်နေရာမှ ထလာပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။ ထိုလူမှာ ကျွန်တော့်အား မြင်တွေ့သွားသဖြင့်အားရဝမ်းသာ ဖြစ်သွားကာ -

"ဟာ. . . အစ်ကိုကြီး၊ ညီလေး သန့်ဇင်အောင်လေ၊ အစ်ကိုကြီး မမှတ်မိတော့ဘူးလား၊ အဲ့စ်ကိုကြီးက အရင်အတိုင်း နုပျိုနေတုန်းပဲ အစ်ကိုကြီးရဲ့၊ အားလုံး နေကောင်းကြတယ်နော်"

"ဟာ. . . ညီလေး သန့်ဇင်အောင်၊ အားလုံး နေကောင်းကြပါတယ်ကွာ၊ အစ်ကိုကြီးသာ

www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်ရလာတော့ မျက်စိက တော့ အရင်လို မှကောင်းတော့ဘူး၊ ခပ်လှမ်းလှမ်းဆို လူလုံးမကွဲချင်ဘူးကွာ၊ အဲဒါကြောင့် ကိုယ့်ညီကို ချက်ချင်း မမှတ်မိတာ ခွင့်လွှတ်နော်၊ မမျိုးနဲ့ ကလေးတွေကော နေကောင်းကြတယ် မဟုတ်လား၊ မတွေ့တာလည်း ကြာကြပြီလေကွာ"

"ဟုတ်ကဲ့ အစ်ကိုကြီး အားလုံး နေကောင်းကြပါတယ်၊ မမျိုးလည်း ပါတယ်၊ မျိုးရေ. . . ဒီမှာ အစ်ကိုကြီးနဲ့ တွေ့ပြီ၊ အရွယ်တော့ အရင်လို နုပျိုလှပနေတုန်းပဲဟေ့"

သန့်ဇင်အောင်က ကွားပေါ် တွင်ကျန်နေသော သူ့ဇနီး မမျိုးဘက် သို့ တစ်ခါတည်း လှမ်းပြောလိုက်သဖြင့် မမျိုးပါ ကျန်တော့်အနီးသို့ ရောက်ရှိ လာပြီး ရယ်ရယ်မောမော်ဖြင့် -

"အစ်ကိုကြီးက အရင်အနှစ် နှစ်ဆယ်ကလို နုပျိုနေတုန်းပဲ၊ ကျန်းမာ ရေးကောင်းတယ်နော် အစ်ကိုကြီး"

"ကျန်းမာရွှေးကတော့ နှာစေး၊ ခေါင်းကိုက်တာကလွဲပြီး သွေးတိုး၊ ဆီး ချို၊ နှလုံး ဘာရောဂါမှမရှိဘူး၊ ချက်ခြင်း မှန်တာလောက်ပဲ၊ မင်းတို့ အိမ်ထောင်တက် ကြီးလေကွာ. . . လာ လာ

www.burmeseclassic.com

သန့်ဇင်အော[illegible]နှိုးမောင်နှံကို အိမ်ပေါ်သို့ခေါ်[illegible]ဝိုင်ခဲများတွင် ဝင်ထိုင်ကြသည်။

အမှန်တော့ ဒေါ်[illegible]အောင်နှင့် ကျွန်တော့်မှာ ခြေမြန်ဘဝရင်း တစ်ခုတွင် တာဝန်အတူ ထမ်းဆောင်ခဲ့ကြသော သဘော်သဖော်များပင်ဖြစ်ခဲ့ကြသည်။ အတူတာဝန်ထမ်းဆောင်ခဲ့သည်ဆိုသည်ထက် သန့်ဇင်အောင်မှာ ကျွန်တော့်တပ်ခွဲမှ တပ်စုမှူး အရာရှိတစ်ယောက်လည်းဖြစ်သည်။

ထိုစဉ်က သန့်ဇင်အောင်မှာ မမျိုးနှင့် အိမ်ထောင်ကျခါစဆိုသော်လည်း မမျိုးမှာ တက္ကသိုလ်ဆရာ တစ်ယောက် ဖြစ်နေသဖြင့် ကျွန်တော်တို့ တပ်ရင်းတွင် အချိန်ပြည့် လာရောက်နေထိုင်နိုင်ခြင်း မရှိပေ။ တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေး ပြန်နားချိန်ကျမှ မမျိုး ခွင့်ယူကာ တပ်ရင်းသို့ လိုက်လာလေ့ရှိသည်။

ထိုအခါမျိုးတွင် အရာရှိငနဖိုမ်းမအားမလပ်ဖြစ်နေတတ်သဖြင့် သန့်ဇင်အောင်နဲ့ မမျိုးကို ကျွန်တော့်ကလေးတွေအိပ်သော အခန်းအား အပိုင်စားပေးထားခဲ့ရသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့မိသားစုက သန့်ဇင်အောင်တို့ ဧနီးမောင်နှံအား မိသားစု ညီရင်းအစ်ကိုလို ချစ်ခင်ရင်းနှီးခဲ့ကြသည်။

"နေပါဦး ညီလေးရဲ့၊ ဒီမဟာမြို့မှာ တခြားဘယ်သူတွေရှိနေသေးလို့လဲ၊ ဘာကိစ္စများ အရေးကြီးနေလို့လဲကွာ"

"ဒီလို အစ်ကိုကြီးရဲ့၊ ကျွန်တော် အခု လာတဲ့ကိစ္စက တစ်မြန်နေ့က ကျွန်တော် အိပ်မက်တစ်ခုမက်တယ်၊ အဲ့လုံးက ထင်ထင်ရှားရှားပဲ အစ်ကိုကြီး အိပ်မက်ထဲမှာ သူတော်စင်အဘဘိုးမင်းခေါင်နဲ့တွေ့တယ်၊ သူတော်စင်အဘက အဘပြောသွားသလဲဆိုတော့ ကမ္ဘာပျက်ပေမယ့် သာသနာဖက်တဲ့ မြန်မာတွေအတွက် ဘာအခက်အခဲမှ မရှိရဲလေအောင် သာသနာပြုကိစ္စတောင်းခံဖို့ အုန်းငှက်ပျော ပြင်ပြီး မေတ္တာဗာတ်၊ သစ္စာဗာတ်၊ မဟာဗာတ် တွေဖွင့်ဖို့ မဟာမြို့ရင် သာသနာ့မြေကို လာခဲ့လို့ အဘက အိပ်မက်ထဲမှာ ပြောသွားတယ် အစ်ကိုကြီး။

အဲဒီအိပ်မက်ထဲမှာ ကျွန်တော် ကွက်ကွက်ကွင်းကွင်း အမြင်နော်၊ တသွင်သွင့်စီးဆင်းနေတဲ့ ချောင်းမကြီး တစ်ခု ကမ်းဘေး မထင်မရှား တည်ရှိနေတဲ့ ရှင်ဥပဂုတ် ကိုယ်တော်ရယ်၊ အဘ ဘိုးမင်းခေါင်ရုပ်တုနဲ့ အစ်မ မြနန်းနွယ် ရုပ်တုတွေ တွေ့ရတယ်၊ ပြီးတော့ မြို့ပြတစ်ခုရဲ့ ပုံရိပ်ပဲ၊ ကျွန်တော့် မျက်စိထဲမှာ မြင်တွေ့လိုက်ရတာက အဲဒီ ရှင်ဥပဂုတ် နေရာနဲ့ သိပ်မဝေးတဲ့ နေရာမှာ တိုက်တွေ လေးငါးထပ်အမြင့် တွေ့ရတယ်။

ကျွန်တော့်စိတ်ထဲက မဟာမြို့ရင် သာသနာ့မြေဆိုတာ သူတော်သူမြတ်တွေ တရားရှာမိုးတဲ့ မုဆွာ ကသာဘုက် က မဟာမြို့ရင်တောကြီးများ ပြောသွားတာလား၊ ဒါဆို လေးငါးထပ်မြင့်တဲ့ တိုက်ကြီးတွေ မရှိနိုင်ဘူးလို့ တွေးမိပြီး တခြားလူတွေလည်း မေးကြည့်ရသေးတယ် အစ်ကိုကြီး၊ တချို့သိတဲ့လူတွေက မြောက်ဒဂုံ ငမိုးရိပ်ချောင်းဘေးက မဟာမြို့ရင်အိပ်ရာကို အရင်သွား၊ အဲဒီနားမှာ ရှင်ဥပဂုတ် သာသနာ့မြေကို သွားကြည့်ဦးဆိုလို့ အစ်ကိုကြီးကလည်း မဟာမြို့ရင်မှာနေတယ်ဆိုတော့ အတော်ပဲဆိုပြီး လာခဲ့တာ။

အဲဒီနေရာကို သွားကြည့်ချင်တယ်၊ အိမ်မက်ထဲမှာ ဖြစ်တဲ့အတိုင်းဟုတ်၊ မဟုတ် သွားကြည့်ချင်တယ်၊ လိုက်ပြပေးပါလား အစ်ကိုကြီး"

"ဒီကိစ္စတော့ မပူနဲ့ ညီလေး၊ အစ်ကိုကြီး အကုန် လိုက်ပြပေးမယ်ကွာ"

▼

၁၉၈၉-ခုနှစ် မိုးနှောင်းရာသီ၊ ကျွန်တော်တို့ တပ်ရင်း တစ်ရင်းလုံး ကယားပြည်နယ်အတွင်းသို့ စစ်ဆင်ရေး ဝင်ရောက်ခဲ့ရသည်။ ထိုစစ်ဆင်ရေးတွင် ကျွန်တော့်တပ်ခွဲမှာ ပွန်ချောင်းအရှေ့ဘက်ကမ်းရှိ ကေအင်ယူ နွားမောင်ခိုအရောင်းအဝယ်လုပ်နေသည့် နွားပွဲစခန်းတစ်ခုအား ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။ တိုက်ခိုက်ရမည့် အခန်းမှာ ယခင်စခန်းမဟုတ်ဘဲ ဗမာပြည်တွင်းမှ နွားမောင်ခိုပို့သူများအား ထိုနေရာတွင် ထိန်းထားပြီး တစ်ဖက်နိုင်ငံမှ နွားကုန်သည်များအား ခေါ်ယူကာ နွားပွဲစေးသဘော ရွှေပြောင်းသတ်မှတ်ထားသောနေရာဖြစ်သည်။ ကျွန်တော်တို့က လည်း သတင်းအကိအကျ ရထားသဖြင့် ထိုနေ့တွင် ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။

ထို နွားပွဲစေးသို့ ကေအင်ယူခေါင်းဆောင်ပိုင်းမှ လာတတ်ကြောင်းနှင့် ထိုခေါင်းဆောင်နှင့်အတူ အင်အား ခုနစ်ဆယ်ခန့်ပါလာတတ်ပြီး လက်နက်ကြီး ၅၇ မမ တစ်လက်၊ လောလောင်ချာ ငါးလက်ခန့် ပါတတ်ကြောင်း သတင်းရလာသည်။

ထိုနေရာ၏ မြေအနေအထားမှာ လူတစ်ရပ်ခန့်မြင့်သော ကျောက်ပုံကြီး အများအပြားရှိနေသဖြင့် သူတို့ဘက်က နေရာယူပစ်ခတ်နိုင်ပြီး ကျွန်တော်တို့ စစ်ကြောင်းအား ဒုက္ခကောင်းကောင်း ပေးနိုင်သော နေရာဖြစ်နေသည်။ မြေပုံတွင်လည်း ထိုတောင်နှကြောတစ်ခုလုံး ကျောက်တောင်ဖြစ်ကြောင်း တွေ့နေရသည်။

ကျွန်တော့်တပ်ခွဲမှာ ညလုံးပေါက် ချီတက်ပြီး မနက် ၄ နာရီလောက်ကပင် ရန်သူနှင့် ကိုက်နှစ်ရာအထိ ချဉ်းကပ်ထားပြီး နှင်းကွဲ၍ သေချာစွာ မြင်တွေ့ရမှ စတင်တိုက်ခိုက်ရန် စောင့်ဆိုင်းနေခဲ့ကြသည်။ မနက် ၇ နာရီလောက်မှာ နှင်းများ တဖြည်းဖြည်း ကွဲပြယ်လာသဖြင့် စတင်တိုက်ခိုက်ကြပါသည်။

ကျွန်တော်တို့တပ်ခွဲမှာ အစွမ်းကုန် ပစ်အားသုံးပြီး တိုက်ခိုက်နေသော်လည်း ရန်သူမှာ လုံးဝပစ်အားလျော့

www.burmeseclassic.com

www.burmeseclassic.com

မသွားဘဲ ကျောက်တောင်ကျောက်ပုံများမှ နေရာယူပစ်ခတ်လျက်ရှိနေလေသည်။ ထိုကဲ့သို့ ရန်သူမှ ပြန်လည်ပစ်ခတ်နေစဉ် ကျွန်တော့်တပ်ခွဲခုံးနေရာသို့ လေးဆယ် မမ ဗုံးပစ်လောင်ချသီးများ တစ်လုံးပြီးတစ်လုံး ခပ်ကျဲကျဲကျရောက်ပေါက်ကွဲလာပါသည်။

ထိုသို့ ရန်သူမှ မိမိနေရာသို့ ပစ်ချ (ဆပ်စ်ဖားယား) ပြုလုပ်နေခြင်းမှာ အကြောင်းတစ်ခုတော့ ရှိနေမည်ဟု ကျွန်တော် စဉ်းစားမိလိုက်သည်။ ထိုအချိန်တွင်ပင် အခြားတစ်ဖက် ကုန်းကြောမှ ဝိုလ်ကြီးသန့်ဇင်အောင် ကျွန်တော့်ထံ ရောက်ရှိလာပြီး-

"အစ်ကိုကြီး . . . ဒီနေရာက အမြန်ရွှေ့ပါ။ တခြားခပ်လှမ်းလှမ်း တစ်နေရာသို့ အမြန်ရွှေ့ပါ အစ်ကိုကြီး၊ ရန်သူက ဒီနေရာကို လက်နက်ကြီးတွေနဲ့ စုပစ်ပစ်တော့မယ်၊ မယုံမရှိနဲ့ တကယ်ပါ။ ကျွန်တော့်ကို အဘလာပြောနေပြီ၊ မြန်မြန်ရွှေ့ရအောင် လာပါအစ်ကိုကြီး"

သန့်ဇင်အောင်မှာ အလွန်အမင်းပြီးရိမ်ပူပန်စွာဖြင့် လာရောက်ပြောဆိုသည့်အပြင် ကျွန်တော့်လက်မောင်းအား ဆုပ်ကိုင်ကာ အတင်းဆွဲခေါ်နေပါသည်။

ကျွန်တော် နေရာရွှေ့လျှင် တစ်ယောက်တည်း ရွှေ့သွား၍မရပါ။ ကျွန်တော့် ရုံးအဖွဲ့ထွင် ဆေးအဖွဲ့၊ ဆက်သွယ်ရေးစက် အဖွဲ့၊ စက်လက်နှင့် လောင်ချာအဖွဲ့ အားလုံးပါလာမှ ဖြစ်ပါမည်။ ထို့ကြောင့် ရုံးအဖွဲ့အားလုံးကို ပထမဆုံး အမြန်ရွှေ့ရပါသည်။

ပြီးမှ ကျွန်တော်နှင့် သန့်ဇင်အောင်တို့ ဖရွှေ့လာပြီး နှစ်မိနစ်ခန့်အကြာတွင် ကျွန်တော်နေခဲ့သော ကုန်းကြောတစ်လျှောက် ငါးဆယ်ခွန် (၅၇) မမလက်နက်ကြီးနှင့် လောင်ချာဗုံးသီးများ အဆက်မပြတ် ကျရောက်ပေါက်ကွဲပါတော့သည်။ တစ်ကြောလုံး ထယ်ထိုးထားသလို နွေးကြွားဘဲသည်။ ကျွန်တော်နဲ့ တပ်ခွဲခုံး ကံကောင်းသွားဝါသည်။ ယခုတိုင် သန့်ဇင်အောင်အား ကျေးဇူးတင်နေမိသည်။

ထိုကဲ့သို့ ရန်သူက စုပုံပစ်ခတ်ပြီး တစ်နာရီခန့်အကြာ မနက် ၁၀ နာရီခန့်တွင် ရန်သူများ ဆုတ်ခွာသွားကြသည်။

တိုက်ပွဲ ပြီးသွားသောအခါ သန့်ဇင်အောင် ပြောပြခဲ့သည်မှာ တိုက်ပွဲဖြစ်ပွားနေချိန်အတွင်း မိမိတို့ရင်ဆိုင်နေရသော အခက်အခဲများအား တူညီဖြေရှင်းပေးပါရန် သူတော်စင် အဘဘိုးမင်းခေါင်အား အဓိဌာန်ဖြင့် ပြောကြားတိုင်တည်လိုက်ပြီး၊ မကြာခင်မှာ သူတော်စင်တစ်ယောက် ကျွန်တော့်အာရုံထဲ ရောက်ရှိလာပြီး -

"မင်းတို့ ဒီနေရ . . . အမြန်ရွှေ့ပါ။ ရန်သူက ဒီနေရာကို စုပြုပစ်ခတ်ဖို့ စီစဉ်နေပြီ၊ လူသတ္တဝါတွေ အသက်ဆုံးရှုံးဖို့ကိစ္စ အဘ ကြည့်မနေနိုင်ဘူး။ မင်းတို့ အမြန်ရွှေ့ပါလို့ လာပြောသွားတယ်။ အဲဒါကြောင့် ကျွန်တော်က အစ်ကိုကြီးနဲ့ တပ်ခွဲခုံးကို အရမ်းစိုးရိမ်သွားပြီး မဖြစ်မနေ နေရာရွှေ့ဖို့ လာပြောရတာပေါ့ အစ်ကိုကြီး"

ထိုစဉ်က သန့်ဇင်အောင်ပြောခဲ့သော စကားများ ကျွန်တော့်နားထဲမှာ ကြားယောင်နေမိသေးသည်။

▼

ကျွန်တော်နှင့် သန့်ဇင်အောင်တို့ ဇနီးမောင်နှံ စီးလာသော ကားလေးမှာ မဟာပြိုင်အိခ်ရာ တောင်ဘက်ခြမ်းရှိ ဈေးလေးနားက ရှင်ဥပဂုတ္တ သာသနာ့မြေဟု သတ်မှတ်ထားသောနေရာသို့ ရောက်ရှိလာခဲ့ကြသည်။

အားလုံး ကားပေါ်မှဆင်းကာ သာသနာ့မြေအထွင်းရှိ 'သစ္စာဆောင် အဓိဌာန်အောင်' ဗုဒ္ဓရုပ်ပွားတော်အား ဦးချဖူးမြော်ကြည်ညိုကြပြီး ဓမ္မာရုံထဲတွင် စံပယ်နေသော ရှင်ဥပဂုတ္တရုပ်တုတော်မှာလည်း ဒီနေရာသို့ ထူးခြားစွာ ရောက်ရှိလာပြီး စတင် သီတင်းသုံးခဲ့ပုံ၊ အများမြည်သူ လာရောက်ကြည်ညိုကြိုပုံနှင့် ရှင်ဥပဂုတ္တ ကိုယ်တော်အား ယုံကြည်စွာ ပုတီးစိပ်သူများ ထူးထူးခြားခြား အောင်မြင်ကြပုံများကို သန့်ဇင်အောင်နှင့် မမျိုးတို့ ဇနီးမောင်နှံအား ကျွန်တော်က ရှင်းပြပေးသဖြင့် ဘာသာရေး ကိုင်းရှိုင်းသူ ဇနီးမောင်နှံတို့မှာ အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး ပို၍ပင် တြည်ညြိုသဒ္ဓါ ပွားများသွားကြလေသည်။

ထို့နောက်မှာ ရှင်ဥပဂုတ္တ ဓမ္မာရုံမှ ဆွတ်လာခဲ့ကြပြီး သာသနာ့မြေ ပရဝုဏ်အတွင်း တစ်နေရာတွင် ဟင်္သာပျဉ်ခွေ ရုပ်ပွားတော်သုံးဆူအား ဖူးမြော်ကြည်ညိုရင်း ရုပ်ပွားတော်များ စတင်တည်ထားခဲ့ပုံများကို ကျွန်တော်မှ ရှင်းပြပေးလိုက်ပါသည်။

"ဒီရုပ်ပွားတော်တွေ တည်ထားကိုးကွယ်ခဲ့ကြတာလည်း သူတို့ဘာနဲ့သာ အဓိဌာန်ပြုမှုတွေ အတိုက်အလျောက် အောင်မြင်ခဲ့ကြလို့ တည်ထားခဲ့ကြတာ ဖြစ်တယ်။

ရုပ်ရှင်သရုပ်ဆောင် မြတ်ကောအောင်ဟာ သူ့အိမ်နဲ့လည်း မဝေးတော ဒီရှင်ဥပဂုတ္တမထေရ် ရုပ်ပွားတော်ရေမှာ ပုတီးလာစိပ်ရင်း အကယ်ဒမီ ရွှေစာရုပ်တုကို သူ့အာရုံထဲမှာ ခဏ ခဏ မြင်တွေ့ရပြီး မကြာသော ကာလ အကယ်ဒမီပေးပွဲ သူ့ရွှေစင်ရုပ်ရရှိခဲ့ခြင်းအတွက် ဒီလိုတရ ရုပ်ပွားတော်က တည်ထားခဲ့တဲ့အကြောင်း သူ့အေဂျင်းမောင်လူကလေးက အစ်ကိုကြီးဂ ရှင်းပြခဲ့ဖူးတယ်ကွ။

ပြီးတော့ ဦးမောင် လူကလေးငယ်သားစုကပဲ ဒီဘက်က အစ်မတော် မြနန်းနွယ်ရုပ်တုနဲ့ နဂါးမယ်တော်ဂလည်း ဒီသာသနာ့မြေ တိုးတက်စည်ပင်သာယာလာရေးအတွက် ခုနစ်ရာသားသမီး ယုံကြည်သူတွေကို ကူညီစောင့်ရှောက်နိုင်အောင် လှူးဒါန်းပြုလုပ်ထားခြင်းဖြစ်တယ် ညီလေး။

ပြီးတော့ ဒီမှာ အဘဘိုးမင်းခေါင်ရုပ်တုတော်၊ ဒါကတော့ အဘဘ

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုသူ ခုနစ်ရက်သားသမီးတွေရဲ့ လောကီအရေးအရာမှာ ကူညီပေးပြီး၊ တစ်ဖက်တစ်လမ်းက လူသတ္တဝါတွေရဲ့ သာသနာ့ပြုလုပ်ငန်းတွေ အောင်မြင်ရေးအတွက် ရည်ရွယ်လှူဒါန်းထားတာ ဖြစ်တယ်ညီလေး။

ဒါနဲ့ ညီလေး အိပ်မက်ထဲမှာ မြင်တွေ့လိုက်ရတဲ့ မထင်မရှား သာသနာ့ပြေဆိုတာ ဒီနေ့ရာများ ဖြစ်နေမလား စဉ်းစားကြည့်ပါဦး ညီလေးရာ"

"ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော် အိပ်မက်ထဲမှာ အဘန်တွေ့တဲ့ နေရာဟာ ဒီနေရာအမှန်ပဲ၊ ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ဒီနေရာရဲ့ သမိုင်းအစကို အစ်ကိုကြီး ပြောပြလို့ လည်း ရင်ထဲက လှိုက်လှိုက်လဲ့လဲ့ ဝမ်းမြောက် ကြည်ညို သာဓုခေါ်ပါတယ် အစ်ကိုကြီး"

သန့်ဇင်အောင်တို့မှာ တိုသို့ပြောဆိုပြီး ဝင်းအပြင်တွင် ရပ်ထားခဲ့သော ကားရှိရာသို့ လျှောက်သွားကာ သူ့ဘဝတည်တစ်ယောက်နှင့်အတူ ကားဖေါက အုန်းငှက်ပျောပွဲများကို ယူလာသည်။

အုန်းငှက်ပျောပွဲနှင့်အတူ ရွှေပိန်းချထားသော ပြည်တောင်း တစ်တောင်းလည်း ပါလာသည်။

ကျွန်တော်လည်း အခုလို အဘအတွက် ပွဲတင်သည်ကို တစ်ခါမှ မမြင်ဖူးသဖြင့် တစ်နေရာက ရပ်ပြီး စိတ်ဝင်စားစွာ ကြည့်ရှုနေမိသည်။

သန့်ဇင်အောင်တို့ ဇနီးမောင်နှံမှာ အဘ့ရုပ်တုရှေ့တွင် အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပြီး အုန်းပွဲ၊ ငှက်ပျောပွဲများကို အဘထံ ဆက်ကပ်ကြသည်။

ထိုအုန်းပွဲ၊ ငှက်ပျောပွဲအကြားတွင် ရွှေပိန်းချထားသော ပြည်တောင်း အား-ချထားပေးသည်ကို တွေ့ရသည်။ ပြီးမှ ဇနီးမောင်နှံမှာ အဘရှေ့တွင် ဖျာခင်းထိုင်ကြပြီး လိုသော ဆုကို တောင်းကြသည်။

ထိုသို့ ဆုတောင်းနေကြသည်မှာ နာရီဝက်ခန့်ကြာမှ ပြီးစီးသွားပါသည်။

သူတို့ဇနီးမောင်နှံ၏ လုပ်ဆောင်ချက်များကိုကြည့်ပြီး ကျွန်တော် အလွန်ပင် စိတ်ဝင်တစားဖြစ်မိသည်။

ကျွန်တော်တို့ တပ်ထဲတွင်ရှိနေစဉ်ကပင် သန့်ဇင်အောင်မှာ အဘဘိုးမင်းခေါင်၏ ဓာတ်ပုံကို ခေါင်းရင်းမှာထားပြီး ရေနွေးကြမ်း မပြတ်ကပ်ရတာနဲ့ အမွှေးတိုင်ထွန်းရတာနဲ့ အတော်ပင် အလုပ်ရှုပ်နေတတ်သဖြင့် တခြားအရာရှိများက သူ့အား ဘိုးတော်သန့်ဇင်အောင်ဟူ၍ပင် ခေါ်ခဲ့ကြသေး၏။ ယခုတော့ သန့်ဇင်အောင်တစ်ယောက် တကယ်ပင် ဘိုးတော်ဖြစ်နေပြီလားဟု တွေးနေရင်းမှ

"ညီလေး... အစ်ကို မသိလို့ ပွင့်ပွင့်လင်းလင်း တစ်ခုမေးကြည့်မယ်နော်၊ ဒါကလည်း အဘကို မရိုသေမလေးစားလို့ တမင် မေးတာတော့ မဟုတ်ဘူး၊ အစ်ကိုကြီးသိသလို တခြားကြည်ညိုလေးစားသူတွေလည်း ပြောပြလို့ရအောင်ပေါ့။

အခု အဘကို ပွဲဆက်တဲ့နေရာမှာ ရွှေပိန်းချထားတဲ့ ပြည်တောင်း တစ်လုံးတွေ့ရတယ်၊ အဲဒါက ဘယ်လို အဓိပ္ပာယ်လဲကွာ၊ အဲဒါ အစ်ကို့ကို ရှင်းပြပေးပါဦး"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် သိသလောက်တော့ ရှင်းပြပေးပါ့မယ်၊ ကျွန်တော် အခုလို အဘဘိုးမင်းခေါင်ကို ပွဲဆက်တော့ အစ်ကိုကြီး အနေနဲ့ ဒီကောင်ဟာ ဘုဒ္ဓဘာသာဖြစ်ရက်နဲ့ နတ်လိုလို၊ ဘိုးတော်လိုလိုကောင်ပဲလို့ မြင်ချင်မြင်နေမှာပေါ့။

ကျွန်တော်တို့ မိဘဘိုးဘွားတွေ ကျွန်တော်အပါအဝင် အားလုံး ဘုဒ္ဓဘာသာတွေပါ၊ အမှန်တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ဘုဒ္ဓဘာသာမှာ အမြတ်ဆုံးရတနာသုံးပါးကို ကိုးကွယ်ကြသူတွေပါ၊ ဘာသာကိုးကွယ်မှုနဲ့ ယုံကြည်မှုဆိုတာ မတူကြပါဘူး၊ ကိုးကွယ်တာက အနှိုင်းမဲ့၊ အတုမရှိတဲ့ ဘုဒ္ဓနဲ့ ဘုဒ္ဓရဲ့ သဓ္ဓာလေးပါးတရားတော်ကို အစဉ်အမြဲ လိုက်နာကြည်ညိုသူတွေ ဖြစ်ကြပါတယ်။

အဲဒီလို လိုက်နာ ကြည်ညိုနိုင်ဖို့ အခြေခံအကျဆုံးကတော့ 'ဇိနတော အောဝါ သီလတော သုခိတာ၊ ဘာဝနာတော နိဗ္ဗုတာ' ဆိုတဲ့ ဒီအချက်သုံးချက် ပြည့်စုံမှသာလျှင် ဘုဒ္ဓ သာသနာတော် ထွန်းလင်းတောက်ပလာမှာဖြစ်သလို သာသနာ့နှစ်ငါးထောင် မကဘဲ ဓနာင်နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲသွားမယ်ဆိုတာ ဘုဒ္ဓဘာသာဝင် အားလုံး လက်ခံထားပြီး ဖြစ်ပါတယ် အစ်ကိုကြီး။

အဲဒါကြောင့် ကျွန်တော်တို့ ဘုဒ္ဓဘာသာဝင်တိုင်းဟာ မရှိလို့မလှူ၊ မလှူလို့မရှိ မဖြစ်ရလေအောင် 'ဒါနတော အောဝါ' အလှူဒါန များများလုပ်နိုင်လေ စည်းစိမ်ဥစ္စာ တိုးပွားလာလေပေါ့။ စည်းစိမ်ဥစ္စာ ရှိမှလည်း အလှူဒါန ကျောင်းကန် ဘုရား တည်ဆောက်လှူဒါန်းနိုင်မှာမဟုတ်လား အစ်ကိုကြီး။

ဒါကြောင့် ကျွန်တော်တို့မှာ လှူနိုင်ဇနန်းနိုင် ဒါနပြုနိုင်ဖို့အတွက် ကံ၊ ဉာဏ်၊ ဝီရိယကို ကြိုးစားရှာဖွေကြရတယ်၊ ကြိုးစားရှာဖွေတိုင်း ရနိုင်သလား ဆိုတော့ ကံချင်းမတူကြတဲ့အတွက် လူတိုင်းမရနိုင်ပါဘူး။

ကံနိမ့်၊ ကံမြင့်ဆိုတာ ရှိနေတော့ ကံမြင့်၊ ကံပွင့်ဖို့ တစ်ဖက်က သာသနာတော်ကို ချီးမြှောက်နိုင်ဖို့ အတွက် ကိုယ်ယုံကြည်ရာ သာသနာပြု အစဉ်အလာ ကောင်းခဲ့ကြတဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေထဲမှာ ချဉ်းကပ်ပြီး အကြံဉာဏ်ယူ တောင်းခံခဲ့ကြတယ်။

ဒါကြောင့်လည်း ပုဂံသာသနာကစပြီး အခုခေတ် သာသနာအထိ ဘုရားတည် ကျောင်းဆောက်ပြီး နေလိုလို ထွန်းတောက်ခဲ့တာ အစ်ကိုကြီး အမြင်ပဲ မဟုတ်လား။

www.burmeseclassic.com

ကျွန်တော်တို့ကလည်း ပုဒ္ဓ အာဏာဝင်တွေ ဖြစ်တဲ့အတွက် သာသနာ ထွန်းလင်းတောက်ပနေတဲ့ ခေတ်ကြီးမှာ အခုဘဝအတွက်ရော၊ နောင် ဘဝအတွက်ပါ ဘုရားဒကာ၊ ကျောင်း ဒကာဖြစ်ချင်တယ်၊ ရွေးအထက်ကျော် ကာလကလည်း အကျင့်သီလနဲ့ ပြည့်စုံ တဲ့ ရဟန်းပုဂ္ဂိုလ်၊ သူပုဂ္ဂိုလ်တွေက သူ့ နည်းသူ့ဟန်နဲ့ ဘုရားတည် ကျောင်း ဆောက် အများအကျိုး၊ သာသနာ အကျိုး ဆောင်ရွက်ခဲ့ကြတယ်။

တချို့ ပုဂ္ဂိုလ်ဆိုရင် ဘဝဇာတ် သိမ်း ခန္ဓာငြိမ်းသွားပြီးတာတောင်မှ ၄ ခြားဘဝတစ်ခုက်နေပြီး ဘုရားတည် ကျောင်းဆောက် သာသနာပြုလုပ်ငန်း လုပ်ကိုင်နေသူတွေအတွက် ကူညီစောင့် ရောက်နေတုန်းပဲလို့ ယုံကြည်ထားကြ တယ် အစ်ကိုကြီး၊ ဒါကြောင့်လည်း အဘတို့လို သာသနာပြု အစဉ်အလာ ကောင်းခဲ့တဲ့ ပုဂ္ဂိုလ်တွေထဲမှာ အုန်း၊ ဌက်ပျောပွဲထိုးလို့ အကူအညီတောင်းခံ ကြတယ်ပေါ့ အစ်ကိုကြီး။

အဲသည်လို အုန်း၊ ဌက်ပျော တင်ပြီး တောင်းခံတယ်ဆိုတာဓလည်း အုန်းတ တနင်္ဂနွေနဲ့-နေဓာတ်၊ ဌက် ပျောတ တနလာနဲ့-လဓာတ်၊ နှစ်ခုစလုံး ဟာ အလင်းဓာတ်၊ အပွင့်ဓာတ်၊ သစ္စာ ဓာတ်၊ မေတ္တာဓာတ်တွေ၊ ကောင်းတဲ့ အတိုက်နိမိတ်တွေဖြစ်တယ်လို့ ခံယူ ထားကြတယ်။

ဒါကြောင့် ရှေးက သာသနာပြု ပုဂ္ဂိုလ်ဖြစ်ခဲ့တဲ့ အဘရွှေ့မှာ အုန်း၊ ဌက်ပျောတင်ပြီး ဆုဘဓောင့်ရှောက်ပါ၊ အဘ မဲစပါဆိုပြီး တောင်းခံတဲ့သဘော ခါ အစ်ကိုကြီး။

အဲဒီလို ဘာကူညီပါ ညာကူညီ ပါဆိုပြီး ကြုံတဲ့အခါ၊ သတိရတဲ့အခါ၊ ဒါမျိုးက တောင်းခံနေမယ့် အစား အဘရွှေ့မှာ အမြဲရှိနေအောင်၊ အဘ ဦးတွေ့ နေရအောင် ဇတ္တောင်းလေး တစ်လုံးကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ချုပ်နိုင်းခဲ့ ကိုယ့်နာမည်ရေးပြီး အဘ ရွှေ့မှာ တောင်းခံထားခဲ့ရင် စောစောက ပြောတဲ့ နေဓာတ်၊ လဓာတ်၊ မေတ္တာ ဓာတ်၊ သစ္စာဓာတ်၊ အလင်းဓာတ်၊ အပွင့်ဓာတ်တွေ ကူးစက်လာပြီး တိုး တက် အောင်မြင်လာမှာ အမှန်ပဲလို့ ယုံကြည်ထားတ်ယ် အစ်ကိုကြီး။

ဒါပေမဲ့ တောင်းခံတိုင်း ရလာ သလားလို့ မေးစရာရှိပါတယ်၊ တစ်ခု တော့ ရှိတာပေါ့၊ ပင့်တိုင်း မကြွတဲ့ တောင်းခံတိုင်း မရတာတွေလည်း အများကြီး ရှိပါတယ်။

ဒါကလည်း တောင်းခံသူအဲနေနဲ့ စိတ်ပုပ်၊ စိတ်ယုတ်၊ သီလမစင်ကြယ် တာရယ်၊ သရဏဂုံ မတည်တံ့ရယ် ကိုတော့ အဘက လုံးဝ သတောမကျ ဘူး၊ ဘယ်လိုပဲ တောင်း ငင်းခံ မရနိုင်ဘူးလို့ သိရတယ်၊ သီလစင်ကြယ် သူ သရဏဂုံတည်သူဆိုရင် အခက်အခဲ တစ်စုံတစ်ရာ ကြုံတွေ့နေရလို့ စိတ် ထဲက အဘကို တမ်းတလိုက်ရုံနဲ့ အဘ ကြွလာပြီး စောင့်ရှောက်သွားတတ် တယ်။

အဲဒါတော့ ညီလေး ကိုယ်တွေ့ ပါ။ တပ်ထဲတုန်းကလည်း အခက်အခဲ ကြားက အကြိမ်ကြိမ်လွတ်မြောက်ခဲ့ တာ အစ်ကိုကြီး မှတ်မိဦးမှာပါ။

နောက်မကြာသေးသော ဒီနှစ် ဖေဖော်ဝါရီလတုန်းကလည်း အိမ်နားက အဖွဲ့တွေနဲ့ ရွှေစက်တော်ဖွင့်ပွဲ ဘုရားဖူး သွားကြတယ်၊ ရွှေစက်တော် ဘုရား ရောက်ခါနီး ခုနစ်မိုင်လောက်အလို ည ၁၂ နာရီမှာ ကားပျက်ပြီး ဘယ်လိုမှ ပြင်မရဖြစ်နေတုန်းမှာ ကျွန်တော်က ကားပေါ် ပါတဲ့ အဖွဲ့တွေကို ကိုယ့်ဘာ သာကိုယ် ရတဲ့ ဘုရားစာတစ်ခုခု ရွတ် ဖတ်ခိုင်းလိုက်တယ်၊ ကျွန်တော်လည်း အရပ်လေးမျက်နှာကို ဦးချပြီး အဘကို နှုတ်နဲ့ တိုင်တည်လိုက်ပါတယ် အစ်ကို ကြီး။

အဘခင်ဗျား. . . သားတို့ သမီး တို့ ရွှေစက်တော်ဘုရားဖူး သွားရင်း ကားပျက်လို့ အခက်အခဲကြုံတွေ့နေရ ပါတယ်၊ သားတို့ကို မေတ္တာထားပြီး ကူညီမစပေးပါ အဘခင်ဗျား'

ကျွန်တော်က အဲဒီလိုတိုင်ထည် လိုက်တော့ တကယ်အံ့သြစရာကြီးပဲ အစ်ကိုကြီးရယ်၊ နှစ်မိနစ်လောက်ပဲကြာ မယ်ထင်တယ်၊ လမ်းရဲ့မြောက်ဘက်ခြမ်း တောအုပ်ထဲက ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ဆင်း ကြီးတစ်ကောင် ထွက်ချလာတယ်။

အားလုံးက တောဆင်ရိုင်းကြီး ကားနားကပ်လာတော့ တုန်နေအောက် ကြောက်လန့်ပြီး ကားပေါ်မှာ ပြားပြား ဝပ်နေကြတယ်၊ ဆင်ကြီးက ကားရှေ့ နားကပ်ပြီး လမ်းကိုဖြတ်လိုက်တော့ အားလုံးကြောက်ကြောက်နဲ့ ခေါင်း ထောင်ကြည့်ကြတော့မှ ဆင်မပေါ်မှာ အဘဖြစ်နေတယ်၊ အားလုံးက . . .

'အဘရယ် သားတို့၊ သမီးတို့ ကယ်မပေးပါ အဘရယ်' လို့ ထအော် ရင်း ဦးချကြတယ်၊ ကျွန်တော်လည်း ဆင်ပေါ် လှမ်းကြည့်လိုက်တော့ ဆင် ပေါ်မှာ တကယ့်အဘ ဖြစ်နေတယ် ပင်နီတိုက်ပုံ ရင်ဘတ်ပါ၊ ပုဆိုးကွက် ကြားကြီးနဲ့ ဆင်စီးပြီး တဖြည်းဖြည်း တောထဲဝင်သွားတာ မြင်တွေ့လိုက်ရ တယ်၊ ကျွန်တော်ဆို အိပ်မက်တစ်ခုက လန့်နိုးသွားသလို ကြက်သီးမွေးညင်းထ ပြီး ခံစားကျန်ခဲ့တယ်၊ မြောရင်း အရ တောင် ကြက်သီးတွေ ထသေးတယ် အစ်ကိုကြီး။

အဘဖြတ်သွားပြီး သိပ်မကြာ လိုက်ပါဘူး၊ နောက်ကကားတစ်စီး လာ နေတာတို့ စက်သံရော၊ မီးရောင်ပဲ လှမ်းမြင်လိုက်ရတယ်၊ ခဏကြာတော့ ကျွန်တော်တို့နားကို ဆလကအဖွဲ့က လမ်းကားကြီးရောက်လာတယ်၊ ကျွန် တော်တို့က အကူအညီတောင်းတော့ သူတို့ စက်ပြင်ဆရာကလည်း အလွယ် တကူ ထူးဘောက်ကိုင်ပြီး ကျွန်တော်တို့ ကားကို ဖွင့်ကြည့်တယ်။

'ခင်ဗျားတို့ကား ဘာမှမဖြစ်ဘူး အခုစက်နှိုးကြည့်ပါ' ဆိုလို့ ကျွန်တော် စက်ဖွင့်နှိုးလိုက်တော့ ဘာမှမဖြစ်ဘူး

www.burmeseclassic.com

အကောင်းပကတိ၊ အံ့သြစရာကောင်းလိုက်တာ အစ်ကိုကြီးရယ်၊ အဲဒါကြောင့် ကျွန်တော် အဘကို ယုံကြည် ကြည်ညိုခဲ့တာပါ"။

▼

သန့်ဇင်အောင်နှင့် မမျိုးတို့ ပြန်လည် ထွက်ခွာသွားသောအခါ ကျွန်တော့်မှာ အဘဘိုးမင်းခေါင်ရုပ်တုရှေ့တွင် ငူငူကြီးရပ်နေခဲ့ပြီး အဘ၏ဘဝတစ်စိတ်တစ်ဒေသကို စဉ်းစားသတိရလာမိလေသည်။

အဘ၏အမည်ရင်းမှာ ဦးဘိုးအောင်ဖြစ်ပြီး ပုပ္ပါးတောင်မကြီး အရှေ့မြောက်ဘက် စင်မြင့်ရွာ၌ ဦးအောင်ပု၊ ဒေါ်မင်းသစ်တို့မှ ၂-၅-၁၈၈၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။

မွေးချင်း ၎င်းယောက် အနက် ဒုတိယသားဖြစ်ပြီး ငယ်စဉ်ကမင် ရှင်သာမဏေဝတ်ဖြင့် နေလာကာ ရဟန်းတက်သောအခါ ရှင်အာစိဏ္ဏာဘွဲ့ကို ရရှိခဲ့သည်။

ရဟန်း (၁၀) ဝါ အရတွင် အောကဲပြည် အောက်ရွာသို့ လှည့်လည်ခရီးထွက်နေခဲ့ပြီး ဇာတိစင်မြင့်ရွာသို့ ပြန်လည်ရောက်ရှိနေထိုင်ခဲ့သည်။

အဘသည် ရဟန်း (၁၃) ဝါ အရတွင် ရဟန်းဝတ်ဖြင့် ခရီးထွက်သွားခဲ့သည်။

ထိုသို့ ခရီးထွက်ဆွားရာ နှစ်ပေါင်း (၃၀) ကြာသည်အထိ မေးမြန်းစုံစမ်းမရဘဲ ရှိနေခဲ့သည်။ ၁၉၃၉-ခုနှစ် မတ်လတွင် ပုပ္ပါးတောင်ကလပ်တွင် လူဝတ်ကြောင်ဖြင့် ရောက်ရှိလာကြောင်း ကြားရသဖြင့် ဆွေမျိုးသားချင်းများ သွားရောက်တွေ့ဆုံ မေးမြန်းကြရာ အဘမှာ လုံးဝစကားမပြောဘဲ တုံ့ဏှိဘာဝဖြင့် နေသည်ကိုသာ တွေ့ကြရသည်။

အဘမှာ အနှစ်သုံးဆယ် (၃၀) ကြာ ပျောက်ဆုံးနေခဲ့စဉ် ကချင်ပြည်နယ်ဘက်တွင် ရောက်ရှိလှည့်လည်သွားလာနေထိုင်ခဲ့ကြောင်းကို ကြားသိခဲ့ရသည်။

၁၉၁၈-ခုနှစ်က မိုးညင်းမြို့နယ်၊ နမ္မားခရုချောင်းရွာတွင် နေထိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ သွားလာနေစဉ် ဆင်းရဲဒုက္ခရောက်သူများအား ကယ်တင်ကူညီပေးခြင်း စသည်တို့ကို ပြုလုပ်ပေးနေခဲ့သော်လည်း အဘမှာ ထူးထူးခြားခြားသူများနှင့်မတူ လူထူးလူဆန်းတစ်ယောက်လို ဖြစ်နေသဖြင့် ၁၉၂၆-ခုနှစ်တွင် ကသာမြို့၌ မသက်မှုဖြင့် အဖမ်းခံခဲ့ရသည်။

ထိုကဲ့သို့ ခဏခဏ အဖမ်းခံနေရသဖြင့် အဘကိုသိသူ ရွာသားများက လူထူးလူဆန်းတစ်ယောက်ဖြစ်ကြောင်း သွားရောက်ပြောဆိုကြသဖြင့် လွတ်ပေးခဲ့ကြောင်း၊ ၁၉၃၇-ခုနှစ်တွင် ကသာမြို့စိန်စေတီ၌ ကုမ္ပဏီမင်္ဂလာစေတီကို တည်ထားခဲ့ပြီး ကချင်ပြည်နယ်မှ ထွက်ခွာပျောက်ကွယ်သွားခဲ့သည်။

၁၉၃၉-ခုနှစ်၊ မတ်လတွင် ပုပ္ပါးတောင်ကလပ်သို့ ပြန်လည်ရောက်ရှိလာပြီး သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေခဲ့သည်။ ထိုသို့ လုပ်ဆောင်နေရင်း ၅-၉-၁၉၅၂ ခုနှစ်တွင် ယခုဘိုးမင်းခေါင်ဓာတ်နန်းတည်ရှိရာ ပုပ္ပါးတောင်ကလပ်ခြေရင်း၌ ကွယ်လွန်သွားကြောင်း မှတ်သားဖူးပါသည်။

ကျွန်တော့်စိတ်ထဲက အဘ၏ဘဝပုံရိပ်ကို သိရှိရပြီးတဲ့နောက်မှာ အဘသည် ၁၉၅၂-ခုနှစ်က ကွယ်လွန်သွားခဲ့သော်လည်း ငယ်စဉ်ဘဝကစပြီး မရှိဆင်းရဲဒုက္ခရောက်နေသူများအပေါ်မှာ သနားညှာတာ ကူညီတတ်သော စိတ်နှင့် သာသနာပြုလုပ်ငန်းများတွင်လည်း အားကြိုးမာန်တက် မြင့်မြတ်သော စိတ်ရှိသူဖြစ်ကြောင်း နယ်သူနယ်သား များနှင့် သူ့တပည့်များ သိရှိခဲ့ကြသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အဘမှာ ငယ်စဉ်ကစပြီး ကွယ်လွန်သည်အထိ သာသနာပြုလုပ်ငန်းနှင့် သူတစ်ပါးအပေါ် ကူညီလိုသောစိတ်ဓာတ်များ၊ နှစ်ပေါင်းများစွာ အဘ၏ အာရုံထဲတွင် လွှမ်းမိုးဖြစ်တည်နေခဲ့သည်မှာ ယုံမှားစရာ မရှိပါ။ အဘ၏ ဘဝမီးငြိမ်း ခန္ဓာသိမ်းသည်အထိ ထိုစိတ်ဓာတ် ထိုအာရုံများမှာ ပြောင်းလဲခြင်းမရှိဘဲ တစ်ဆက်တည်း ရှုပ်ခန္ဓာမှ ထွက်ခွာခဲ့ရသည်။ သို့သော်လည်း အခြားဘဝတစ်ခုတွင် ပဋိသန္ဓေမရဘဲ နာမ်လောကထဲသို့ စီးမျှောဝင်ရောက်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။

သို့ကြောင့် လူ့ဘဝမှ တစ်ဆက်တည်းပါလာသော ထိုစိတ်၊ ထိုအာရုံတို့မှာလည်း နဂိုမူလအတိုင်း ဆက်လက်လူပ်ရှားနေမည်မှာလည်း အမှန်ပင်ဖြစ်သည်။

ထို့အတူပင် အဘအား ကြည်ညိုလေးစားသူ၊ သာသနာပြုလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်သူ၊ စိတ်ကောင်းရှိပြီး တတ်နိုင်သမျှ သီလမြဲသူတို့က အခက်အခဲ တစ်စုံတစ်ရာကြောင့် အဘအား တိုင်တည်တောင်းခံပါက တောင်းခံတိုင်တည်သူ၏ အာရုံထဲသို့ ရောက်ရှိလာကာ ကူညီပေးသွားခြင်းဖြစ်ကြောင်း ကြုံဖူးသူများ၏ ပြောပြခြင်းကြောင့် သိရှိခဲ့ရသည်။

စာရေးသူ ကျွန်တော်ကိုယ်တိုင်မှာလည်း ၁၉၈၉-ခုနှစ်က တိုက်ပွဲတစ်ခုတွင် စောစောကမှ မြန်သွားသော သန့်ဇင်အောင်၏ ဆွဲခေါ်မှုကြောင့် အသက်ဘေးမှ အံ့သြဖွယ်ရာ လွတ်မြောက်ခဲ့ဖူးပါသည်။

သို့သော် . . . တစ်ခုတော့ရှိပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် နာမ်လောကအပေါ် ယုံကြည်ကြရာတွင် ဘိုးဘွားစဉ်ဆက် နှစ်ပေါင်းရှည်ကြာ ကိုးကွယ်လာခဲ့သော ဘာသာတရား၏ အဆုံးအမနှင့် ကိုးစွယ်ဆည်းကပ်မှုတို့အပေါ်တွင် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ပေါ် ရန်လည်း အလွန်ပင်အရေးကြီးပါသည်။

ဘာသာတရား၏ အဆုံးအမဖြစ်သော ဘုရား၊ တရား၊ သံဃာ အမြတ်ဆုံးရတနာ သုံးပါးအား အထူးအလေးထားပြီး 'ဒါနတော ဘောဂဝါ-သီလတော သုခီတာ-ဘာဝနာတော နိဗ္ဗုတာ' ဟု ဆိုအပ်သော လောကီလောကုတ္တရာနှစ်ဖြာသော အဆုံးအမနှင့် လျော်ညီစွာ လောဘမပါသော အကျိုးစီးပွား ရရှိရန် အတွက်လည်း အမှန်ပင် လိုအပ်လှပါသည်။

နောက်အဲတွေးတစ်ခုက လူ့ဘဝဆိုသည်မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ အကြောင်းတရားများကိုသာ မှီခိုအားထားနေရသူများဖြစ်သဖြင့် အကြောင်းတရားကောင်းအောင် အမြဲပြုပြင်ဖန်တီးနေကြရသည်။

အကြောင်း ကောင်းမှလည်း အကျိုး ကောင်းကြမည် မဟုတ်ပါလား။ လောကၠ ရှုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ရူပ်ဓာတ်နှင့် နာမ်ဓာတ် နှစ်မျိုးရှိသည် အနက် ရူပ်ဓာတ်အပေါ်တွင် နာမ်ဓာတ်က သာလွန်အစွမ်းထက်မြက်လွှမ်းမိုးထားနိုင်ကြောင်း တွေ့ရသည်။ နာမ်ဓာတ်ထဲတွင်လည်း 'မနောဝိညာဏ်' စိတ်ကသာ ဝိုမိုအစွမ်းထက်မြက်ပြန်သည်။

ထို့ကြောင့် စိတ်သည် သင်္ကရှိသတ္တဝါအားလုံးနှင့် သြဇာသလောက လောကကြီးတစ်ခုလုံးကို သြဇာသက်ရောက် လွှမ်းမိုးနိုင်ကြောင်း သိဓာထင်ရှားနေပေသည်။

သို့ကြောင့်လည်း လူသားများသဏ္ဌာန်၌ စိတ်ကောင်းစိတ်မြတ်များထားရှိမွေးမြူပြီး မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်သော ကုသိုလ်တရားများပွားများစေသော ကိုယ်ယုံကြည်ရာ (မိမိတို့ဘာသာတရားနှင့် မဆန့်ကျင်သော) ကောင်းမှုတစ်ခုခုအား ပွားများခြင်းသည် ကောင်းသောအကျိုးတရားရရှိရေးအတွက် အကြောင်းတရားကောင်းအား ဖန်တီးပြုပြင်နေခြင်းလည်း ဖြစ်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် သီလကိုလုံခြုံအောင် ထိန်းသိမ်းနိုင်ကြမည်ဆိုလျှင် လူသားအားလုံး အတွက်လည်းကောင်း၊ သာသနာတော်၏ အကျိုးစီးပွားဖြစ်သော ဘုရားတည်ကျောင်းဆောက် ကုသိုလ်ပြုကြရာတွင်လည်းကောင်း လိုရာဆန္ဒပြည့်ဝကြမည်မှာ အမှန်ပင်ဖြစ်သည်ဟု တွေးဆမိပါသည်။

ညီလေး သန့်ဇင်အောင်တို့ ဇနီးမောင်နှံတို့ ယုံကြည်ထားမှုမှာလည်း ဒါနတော ဘောဂဝါ - သီလတော သုခီတာ- ဘာဝနာတော နိဗ္ဗုတာ ဟု ဆိုသည်မှာ မြင့်မြတ်သော ဓမ်းညွှန်မှုတစ်ခုပင်ဖြစ်သည်။

လော်ကီလူသားတို့ အရေးအရာမှာ မိမိတို့၏လောဘ ပေါ်လွင်ထင်ရှားလိုသောဆန္ဒ ပေါင်းစပ်ပါဝင်နေသော ယုံကြည်မှုတစ်ခုဖြင့် ကြိုးပမ်း ဆောင်ရွက်နေမှုမှာ ကောင်းမွန်မှန်ကန်သော်ငြားလည်း မိမိတို့၏ စင်ကြယ်သော ဗုဒ္ဓဘာသာတရားတော်နှင့် ရောနှော်ပြီး အလွန်အကျွံ သွေဖည်မသွားရန် ယုံကြည်မှုဟာ အရေးကြီးကြောင်း ရေးသား ဖော်ပြလိုက်ပါသည်။

ရည်ညွှန်းချက်

ချစ်ညီ သန့်ဇင်အောင်နှင့် မမျိုးတို့အတွက်။

သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု

ကောင်းစံဟိန်း(ပန်နေဝန်း)

❑

www.burmeseclassic.com

www.burmeseclassic.com

စိန်ဝင်းမော်
တကယ့်ကိုတော်ကြီး

ဆာဆစ်ဒ်နီစမစ်သည် 'စာရေးဆရာကြီး ကွန်နယ်ဒိုင်း၏ ဇာတ်ကောင်ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ဟုမ်း၏ ခြေရာကို နင်းခဲ့သည်။ ဖြစ်ရပ်မှန် မှုခင်းများက စိတ်ကူးယဉ် ဇာတ်လမ်းထက်ပို၍ သည်းထိတ်ရင်ဖိုဖွယ် ဖြစ်ကြောင်းကိုလည်း မကြာခဏ သက်သေထူခဲ့သည်။

ကိုင်ရှိမြို့ရှိ တရားရေးဝန်ကြီး ဌာန ဆေးပညာဆိုင်ရာ ဌာနစုတွင် ဆရာဝန်ငယ် တစ်ယောက်က ခို်ပ်ပိတ်ထားသော ပါဆယ်ထုပ်လေးကို လက်ခံရရှိခဲ့သည်။ အထဲတွင် အရိုးသုံးခြောင်း ပါရှိ၏။ ရဲအစီရင်ခံစာအရ ခန်းခြောက်နေသော ရောတွင်းပျက်ထဲမှ တွေ့ရှိခဲ့ရသည်ဟု ဖော်ပြထားသည်။

အစီရင်ခံစာတွင် ရေတွင်းထဲသို့ ကျသွားသော တိရစ္ဆာန်တစ်ကောင်၏ အရိုးများ ဖြစ်ဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။ သို့သော် ကျေးဇူးပြု၍ စစ်ဆေးပေးပါရန်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

မကြာမီ ကာလအတွင်း နယူးဇီလန်နိုင်ငံသား သေးသေးသွယ်သွယ်နှင့် စမစ်က အစီရင်ခံစာနှင့်အတူ အသင့်ရှိနေပြီ။ အရိုးတွေက် အသက် (၂၃)နှစ်နှင့် (၂၅)ကြားရှိ အမျိုးသမီးတစ်ယောက်၏ အရိုးများဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးလခန့်က ဖဲဆုံးခဲ့ကြောင်း၊ အနည်းဆုံးတစ်ကြိမ်မျှ ကိုယ်ဝန်ဆောင်ခဲ့ဖူးကြောင်း၊ ခြေထောက်နင်းလမ်းလျှောက်ခဲ့ကြောင်း၊ အိမ်လုပ်ပြောင်းချော သေနတ်ကျည်ဖူးဖြင့် အသတ်ခံခဲ့ရကြောင်းနှင့် သေနတ်ဖြင့် အပစ်ခံရပြီးနောက် ခုနစ်ရက်မှ ဆယ်ရက်ခန့် အသက်ရှင်နေခဲ့ကြောင်း ဖော်ပြထားသည်။

ရဲတစ်ဦးက ဒေါ်တေ့တော့မေးသည်။

"သေဆုံးသူရဲ့ မျက်လုံးအရောင်ကိုများ မှန်းဆလိုပါသေးသလား"

"အညိုရောင်လို့ ကျွန်တော် ထင်တယ်"ဟု ဒေါက်တာစမစ်က ပြောသည်။ ရဲက အမှုကို စုံစမ်းသည်။

အဲ့အားသင့်ဖွယ်ပင် ကိုယ်ထည်သေးသေး၊ ကလေးတစ်ယောက် မိခင်ဖြစ်ကာ ခြေထောက်နင်းလျှောက်သော အိုဂျစ်အမျိုးသမီးတစ်ယောက် လွန်ခဲ့သော သုံးလခန့်က ပျောက်ဆုံးကြောင်း ပေါ်ပေါက်ခဲ့သည်။ ဆက်လက် စုံစမ်းပြီးသောအခါ ထိုအမျိုးသမီး၏ ဖခင်ကို ဖမ်းဆီးခဲ့သည်။

ဖခင်ဖြစ်သူက သေနတ်ပြောင်းတိုက်နေစဉ် မတော်တဆ ကျည်ထွက်၍ သမီးဖြစ်သူကို သေလုမြောပါး ဒဏ်ရာရစေခဲ့ကြောင်း ဖြောင့်ချက်ပေးသည်။

ရဲက ဒေါက်တာစမစ်၏ ထူးခြားသော တွေးခေါ်ဆင်ခြင်ပုံကို မေးမြန်းသောအခါ သူက . . .

"လွယ်ပါတယ်၊ ရိုးရိုးစဉ်းစင်းလေးပါ" ဟုပြောသည်။

အရိုးနှစ်ခုမှာ တင်ပါးဆုံရိုးများဖြစ်ကြောင်း၊ တတိယအရိုးမှာ တင်ပါးဆုံရိုး နှစ်ခုကြားမှ တြိဂံပြီးညောင်းရိုးဖြစ်ကြောင်း၊ ၎င်းတို့မှ တင်ဖါးဆုံ ဖြစ်လာကြောင်း၊ 'ထိုအရိုးများ၏ အခြေအနေက အသက်၊ လိင်နှင့် ကလေးမွေးခဲ့ကြောင်း ဖော်ပြသည်။

အရိုးတစ်ခုက အခြားတစ်ခုထက်ပို၍လေးကြောင်း၊ ထိုသည်က ခြေထောက်နင်းမှုကို ဖော်ပြကြောင်း၊ အရိုးတစ်ခုထဲတွင် အိမ်လုပ် ပြောင်းချော သေနတ်၏ ကျည်ဖူးတစ်ခု နစ်မြုပ်နေကြောင်း၊ ဒက်ရာ၏ အနားသတ်များက အရိုးများဆက်နေဆဲကိုက် ရက်အနည်းငယ်မျှ အသက်ရှင်နေခဲ့ကြောင်း ညွှန်ပြသည်၊ မျက်လုံး အညိုရောင်။

"အင်း- သူမက အိဂျစ်သူ ဖြစ်မယ်၊ အိဂျစ်သူတွေက မျက်လုံး အညိုတွေလေ" ဟု တခစ်ခစ် ရယ်လျက်ပြောသည်။

၁၉၂၀ ဝန်းကျင်တွင် ဖြစ်ပွားခဲ့သော ဤအမှုဖြင့် ဆရာဝန်ငယ်မှာ ခေတ်သစ်မှုခင်း ဓာတ်ခွဲခန်း ပါရဂူဖြစ်လာရန် ခရီးရှည်ကို လျှောက်လှမ်းလာခဲ့ပါတော့သည်။ သူ၏ပုံစံက စိတ်ကူးယဉ် ဇာတ်ကောင် စုံထောက်ကြီး ရှာလော့ဟုမ်းနှင့် ဆင်တူယိုးမှားရှိသည်ဆိုက တိုက်ဆိုင်မှု မဟုတ်ပါ။ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွင် ဆရာဝန်က (ထို အချိန်တွင် ဆာဆစ်ဒ်နီစမစ် ဖြစ်နေပြီ) ရေးခဲ့သည်။

ယနေ့ မျက်မှောက်ကာလတွင် ရာဇဝတ်မှု စုံစမ်းဖော်ထုတ်ရေးမှာ သိပ္ပံပညာဖြစ်လာခဲ့ပါပြီ။ ဤအခြင်းအရာက ပုံသေကားချပ်မဟုတ်။ အပြောင်းအလဲက ရှာလော့ဟုမ်း၏ သြဇာလွှမ်းမိုးမှုအပေါ်တွင် များစွာ မူတည်သည်။ (ရှာလော့ဟုမ်းဝတ္ထုကို ရေးခဲ့သူ) ကွန်နယ်ဒွိုင်းက ရှာရှားပါးပါး ပြိုင်စံရှားစွာ တကယ့်ဖြစ်ရပ်ဘဝကို သူစိတ်ကူးယဉ် ဇာတ်များတွင် ဖြစ်ပေါ်စေခဲ့ပါသည်။

ဖြစ်ရပ်မှန်နှင့် စိတ်ကူးယဉ် ဇာတ်လမ်းတို့မှာ အံ့ဖွယ်နီးစပ်မှုရှိသည်။ ရှာလော့ဟုမ်းနှင့် သူ၏ တကယ့်ဘဝ အဆင့်တူ ပုဂ္ဂိုလ် ဆာဆစ်ဒ်နီတို့မှာ အံဒင်ဘာ့ဂ် တက္ကသိုလ်ထွက်များ ဖြစ်ကြပါသည်။ ဆာအာသာကွန်နယ်ဒွိုင်းက ဆေးသိပ္ပံဗဟုသုတမှ ဒေါက်တာဘဲလ်ကို သူ၏ဝိဇ္ဇာ (တစ်ဖက်ကမ်းခပ်သူ) အဖြစ် စံထားခဲ့သည်။ ဒေါက်တာဘဲလ်၏ လုပ်ဖော်ကိုင်ဖက် ဟာဗေးလဟစ်တ်လ်ဂျန်က ဆစ်ဒ်နီစမစ်ကို ပညာသင်ပေးခဲ့၏။

ဆာဆစ်ဒ်နီစမစ်က တက္ကသိုလ်၏ ပါမောက္ခဌာနမှူး၊ ပါမောက္ခချုပ် ဖြစ်လာခဲ့သည်။ သူ၏ မယုံနိုင်စရာ စုံစမ်းထောက်လှမ်းရေး လုပ်ရပ်က အငြိမ်းစားယူပြီးသည့်တိုင် တစ်ကမ္ဘာလုံးရှိ ဦးနှောက်ရှုပ်နေသော ရဲများထံမှ စာများက ဝိုင်းဝန်းရောက်ရှိစေခဲ့သည်။

သူ၏ ပညာရပ်နယ်ပယ်ကား မှုခင်း ဆေးပညာဆိုင်ရာပင်တည်း။ ဆေးပညာနှင့် ဥပဒေပိုင်းဆိုင်ရာတို့ကို ဆက်စပ်ပေးခဲ့သည်။ ရဲများက သက်သေခံ အချက်အလက် အထောက်အထားများကို ရှာဖွေစုစည်းခဲ့ပြီး မှုခင်း ဆေးပညာဆိုင်ရာ ပညာရှင်က ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ကာ အမှု၏ ခက်ခဲသော အဖြေကို ဖော်ထုတ်ဆုံးဖြတ်ပေးသည်။

ကိုင်ရိုမှပြန်လာပြီး အီအင်ဘာ့ဂ် တက္ကသိုလ်တွင် မှုခင်း ဆေးပညာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မကြာမတင်မှာပင် စုံထောက်ငယ် တစ်ယောက်ဖြစ်သည့် ဝီလီက ပြဿနာတစ်ခုဖြင့် ချဉ်းကပ်လာခဲ့သည်။

မီးခဲသေတ္တာ ဖွင့်ဖောက်ခံရပြီး တစ်ခုတည်းသော သဲလွန်စမှာ အခင်းဖြစ်နေရာတွင် တွေ့ရသော လက်သည်းခွံခန့်ရှိ သားရေအမိုင်းစင်ယလေးတစ်ခုသာပင်။ ဆာဆစ်ဒ်နီက ထိုသဲလွန်စကို အမျိုးမျိုး စမ်းသပ်သည်။ နှိုက်နှိုက် ချွတ်ချွတ် စူးစမ်းလေ့လာသည်။ အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်သည်။ ဓာတ်မှန်ရိုက်ကြည့်သည်။ ဓာတုဗေဒနည်းဖြင့် စမ်းသပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် သူက ပြောသည်။

"သားရေစက ယောကျ်ားစီး ရှူးဖိနပ်က ဖြစ်ကြောင်း၊ ဆိုက်မှာ ၉.၅ ဖြစ်ကာ အနက်ရောင် ဖြစ်ကြောင်း၊ နှစ်နှစ်ခန့် ဝတ်ဆင်ခဲ့ပြီး ဖြစ်ကြောင်း အင်္ကျီလုပ်ဖြစ်ပြီး ပိုင်ရှင်အနေဖြင့် မကြာမီက ထုံးဖြူးထားသော ကွင်းမြေတွင် လျှောက်လှမ်းခဲ့တယ်"

ထိုအချက်အလက်များဖြင့် စုံထောက် ဝိလီက လူဆိုးများ ကျက်စားလေ့ရှိသော အရက်ဆိုင်သို့ သွားရောက်ခဲ့သည်။ သံသယရှိသောလူတစ်ယောက်ထံ ချဉ်းကပ်သွားကာ "ခင်ဗျား ထုံးဖြူးထားတဲ့ ကွင်းပြင်ကို ဘာလုပ်ဖို့ လျှောက်သွားနေတာလဲ" ဟုမေးသည်။

"အဖေအိုကြီးရဲ့ လယ်ယာလုပ်ငန်းကို သွားကူလုပ်ပေးနေတာပါ"

စုံထောက်က ထိုလူကို ရဲစခန်းသို့ ခေါ်သွားကာ သူ၏ ရှူးဖိနပ်ကို ဆာဆစ်ဒ်နီထံ ပို့လိုက်သည်။

ဆာဆစ်ဒ်နီက သဲလွန်စဖြစ်သော သားရေစသည် ထိုဖိနပ်မှ ဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။

ထိုအထောက်အထားဖြင့် ရင်ဆိုင်ရသူတာ ဖြောင့်ချက်ပေးရတော့၏။

"လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ဘဝထဲကို အဏုကြည့်မှန်ပြောင်းနဲ့ စူးစမ်း ကြည့်ရတာ မတရားဘူး" ဟု သူက ရဲကို ပြောလိုက်သေးသည်။

ဆာဆစ်ဒ်နီစမစ်ကို နယူးဇီလန်နိုင်ငံ ရော့စ်စာဂ်မြို့တွင် ၁၈၈၃ ခုနှစ်၌ မွေးဖွားခဲ့သည်။ ရွှေသတ္တု ရှာဖွေသူတစ်ဦး၏ သားဖြစ်သည်။ အီဒင်ဘာ့ဂ် ဆေးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ သူက ဆေးကုသမှုကို စွန့်လွှတ်ကာ အီဒင်ဘာ့ဂ်တက္ကသိုလ်တွင် နေရာလပ်ရှိသော မှုခင်းဆေးပညာ လက်ထောက်အဖြစ် တစ်နှစ်လျှင် ပေါင် (၅၀) ဖြင့် လုပ်ကိုင်ခဲ့သည်။

ပထမကမ္ဘာစစ်ကြီး ပြီးလုလုတွင် သူက နယူးဇီလန် တပ်မတော်တွင် အမှုထမ်းခဲ့သည်။ ထိုစဉ် အီဂျစ်နိုင်ငံ၌ ရဲမှုခင်း ဓာတ်ခွဲခန်းတည်ထောင်ရန် မှုခင်း ဆေးပညာရှင်တစ်ဦး လိုအပ်ကြောင်း သိရသဖြင့် လျှောက်ထားခဲ့ရာ ထိုအလုပ်ကို ရရှိခဲ့သည်။

အီဂျစ်ကား မှုခင်းဆေးပညာရှင် တစ်ဦးအဖို့ စိတ်ဝိုင်းကျပင်။ တစ်နှစ်လျှင် တရားခံ မဖော်ထုတ်နိုင်သော လူသတ်မှု (၁၀၀၀)ကျော်ရှိသည်။ နိုင်ငံရေးနှင့် ဆက်နွယ်သော လူသတ်မှုများမှာ ၁၉၂၀ပြည့်နှစ်များတွင် များပြားစွာပေါ်ပေါက်ခဲ့သည်။

ရဲမှူးက သတ်ဖြတ်သွားသည့် ဂိုဏ်းများကို သိသော်လည်း သက်သေအထောက်အထား ဖော်မရဖြစ်နေသည်။ စမစ်က ရင်ခွဲစစ်ဆေးချိန်တွင် ရရှိသော ကျည်ခွံများနှင့် ရဲက ပေးအပ်သော ကျည်ခွံများကို စစ်ဆေးခဲ့ရာ သံသယကင်းစွာပင် ကို့လ်တ်(Colt)၊ ဘရောင်နင်(Browning) နှင့် မော်ဆာ(Mauser) သေနတ်များမှ ပစ်ခတ်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။

အားလုံးမှာ သေနတ်ပြောင်း အချင်း (.၃၂)ဖြစ်၏။ ထို့ပြင် စမစ်က သိပ္ပံနည်းကျ ဖော်ထုတ်ချက်အရ သေနတ်တစ်လက်မှ ပစ်ခတ်ခဲ့သော ကျည်ဆန်များသည် လူ၏ လက်ဖွေးရာကဲ့သို့ သီသာထင်ရှားကြောင်း တွေ့ရှိခဲ့သည်။

"သေနတ်တွေကိုသာ ရှာနိုင်ရင် အဲဒီ သေနတ်တွေနဲ့ပစ်ကြောင်း ကျွန်တော် သက်သေထူနိုင်တယ်" ဟု သူ အထက်လူကြီးများကို တင်ပြသည်။

ထို့နောက် ၁၉၂၄ ခုနှစ်၊ ဆိုက်စပ်စပ် နိုဝင်ဘာလ တစ်နံနက်ခင်းတွင် ဇာတ်လမ်းဆန်သော အမှုတစ်ခုက စမစ်၏ အယူအဆမှန်ကြောင်း သိသာသေထူခဲ့ရုံမျှမက လူကိုပါ နေ့တွင်းချင်း ကမ္ဘာကျော်စေခဲ့သည်။

ဒြတိန်၏ ဆူခန့်နိုင်ငံဘုရင်ခံချုပ် ဆာလီစတက်ပါရှားက အခမ်းအနား တစ်ခုမှ အိမ်သို့ ကားဖြင့်ပြန်လာစဉ် လူနှစ်ဦးသည် ရုတ်တရက် သူ့ကားဘေး သို့ ကပ်လာကာ ပစ္စတိုသေနတ်ဖြင့် ကျည်ကုန်ပစ်ခတ်ခဲ့သည်။

နောက်နေ့တွင် ပါရှား သေဆုံးသောအခါ ၎င်း၏ကိုယ်ပေါ်မှ ရရှိသော ကျည်ခွံများကို စမစ်က သူ့ဓာတ်ခွဲခန်းသို့ အလျင်အမြန်ယူလာကာ အဏုကြည့်မှန်ပြောင်းဖြင့် စစ်ဆေးတော့သည်။

ကျည်ဆန်များကား စောစောပိုင်း လူသတ်မှုများတွင် အသုံးပြုခဲ့သော ကျည်ဆန်များနှင့် တူညီနေသည်။

ရဲက မသက်သံ့များကို ဖမ်းခဲ့သည်။ သို့သော့် သေနတ်များကိုကား ရှာမရ။ ထိုအခိုက် တိုက်ဆိုင်မှုမှာ ရဲက ညီအစ်ကို နှစ်ယောက်ကို စစ်ဆေးမေးမြန်းနေစဉ် သစ်သီးခြင်းတစ်လုံးကို ကန်မိသည်။ ပြန့်ကျဲနေသော သစ်သီးများအောက်တွင် ပစ္စတိုသေနတ်နှစ်လက်ကို တွေ့ရှသည်။ ကို့လ်တ်တစ်လက်နှင့် ဘရောင်နင် တစ်လက်။

ဆာဆစ်ဒ်နီက သေနတ်များကို ရယူကာ ကို့လ်တ်သေနတ်ဖြင့် ဂွမ်းထုပ်ဘေထဲသို့ ပစ်သည်။ ကျည်ခွံများကို ဆွဲထုတ်ကာ အဏုကြည့်မှန်ပြောင်းဖြင့် ကြည့်သည်။ စမင်တံဖြင့် အသေးစိတ် စစ်သည်။

သူက ကိုယ်ကို မတ်လိုက်ကာ ရဲကို ကြည့်လိုက်ပြီး -

"လူကြီးမင်း၊ စံတက်ပါရှားကို ပစ်သတ်ခဲ့တာ ဒီသေနတ်ပဲ" ဟု ပြောလိုက်သည်။

တရားခွင်တွင် အစိုးရရှေ့နေက ဒေါက်တာစမစ်ကို မေးသည်။

"ခင်ဗျား ဒီသေနတ်နဲ့ ပစ်ခဲ့တယ်ဆိုတာ လုံးဝ ဟုတ်ပါတယ်လို့ ပြောနိုင်ပါသလား"

"ပြောနိုင်ပါတယ်" ဟု စမစ်က ပြန်လည် ပြောကြားကာ ဓာတ်ခွဲခန်း ပစ္စည်းများကို ပြသတော့သည်။ သူက နှိုင်းယှဉ်ချက်များကို ရှင်းလင်းပြောကြား အပြီးတွင် တရားသူကြီးက ဒေါ်ရားခံ

www.burmeseclassic.com

ရှေ့နေကို ပြန်လှန် မေးခွန်းထုတ်လို သလားဟု မေးရာ ရုတ်တရက် ဆိတ် ငြိမ်သွားသည်။

ရှေ့နေက ဆရာဝန် ပုံစံဇယား များ၊ သေနတ်များ၊ ကျည်ခွံများကို ကြည့်ကာ ခေါင်းကို ဖြည်းလေးစွာ လှုပ် ခါသည်။ မေးစရာ မရှိတော့။ စမစ်က သူ၏ အဓိကအချက်ကို သက်သေထူ ခဲ့ပါပြီ။

ထိုအမှုက ရွှောကြားလှ၏။ တစ်ကမ္ဘာလုံးမှ သူ၏ သိပ္ပံပညာသစ်ကို မေးမြန်းစူးစမ်းကြသည်။ မကြာပါခဲ့။ အီဒင်ဘာ့ဂ်မှ အလုပ်ခန့်သည့် သံကြိုး စာ ရောက်လာသည်။

အီဒင်ဘာ့ဂ်တွင် ပါမောက္ခစမစ် ၏ ပို့ချချက်များက ခန်းမကို ပြည့်လျှံ နေစေသည်။ ဟန့်ပန် ၊ သရုပ်ဆောင် ကောင်းလှသော စမစ်က နေ့စဉ် သင် ခန်းစာများအဖြစ် တရားရုံး အမှုတွဲများ ကို သုံးကာ ပွဲကျစေသည်။

တစ်နေ့တွင် စာသင်ခန်းသို့ သူက တရားရုံးမှ တိုက်ရိုက်ရောက်ရှိ လာခဲ့သည်။

"ဒီနေ့၊ သင်ခန်းစာကတော့ အကဲခတ်တတ်ခြင်း၊ မြင်တတ်ခြင်းတို့ရဲ့ စွမ်းအားပဲ၊ ဆရာ အခုပဲ လူသတ်တရား ခံကို အမိန့်ချတဲ့ဆီက ပြန်လာခဲ့တယ်၊ အမှုက တရားရုံးကို မထင်ဘဲ ပြီးသွား တော့မလို့၊ ရဲအရာရှိက ဒီအမှုဟာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံမှုလို့ အထင်ပြုတယ်၊ အဲဒီလူက သူလယ် ထဲမှာ တွေ့ရတာ၊ ခေါင်းတစ်ခြမ်းက ပွင့်ဝင်နေတယ်၊ ခေါင်းမှာ ဦးထုပ် ဆောင်းထားတယ်၊ အိမ်လုပ်ပြောင်း ချော သေနတ်က သူ့လက်မောင်းကို မှီရက် တွေ့ရတယ်။

ဆရာက ရဲကို ပြောလိုက်တယ်၊ ဒီအမှုဟာ လူသတ်မှုပဲ၊ မည်သူမျှ ခေါင်း တစ်ခြမ်း ပွင့်ထွက်ပြီး ဦးထုပ်ပြန် ဆောင်းနိုင်ဘူး၊ ဒီအပြင် အဲဒီလူကို ဆွဲ လှည့်လိုက်ရင် သူ့ဘောင်းဘီမှာ ပေါင်း စင်တွေနဲ့ ပြည့်နေမှာယ်၊ ဒါက ဘာကို ပြသလဲဆိုတော့ အဲဒီလူကို သူ့ဆင်ဝင် ကနေ ဆွဲယူလာပြီး ဒီမှာ ချထားတာ၊ ဒီအပြင် ဒီလူက သေနတ်နဲ့ မပစ်ရခင် ကတည်းက သေနေပြီ၊ သူ့ကို ပုဆိန်နဲ့ ပေါက်သတ်ခံရတာ၊ ဒီလိုလေ..."

သို့နှင့် စမစ်က စာခုံနောက်မှ ပုဆိန်တစ်လက်ကို ယူလိုက်ကာ ခေါင်း ပေါ်သို့ မြှောက်လျက် တံခါး၏ ထုပ် ပေါ်သို့ ရိုက်ချလိုက်ရာ လက်ခုပ်သံများ ညံသွားတော့၏။

ဆာဆစ်ဒ်နီ၏ ထင်မြင်ယူဆ ချက်အရ ခြောက်ပစ်ကင်း အပြစ်ဆို ဖွယ် မရှိသော မှုခင်းဟူသည် မရှိ။ ဒါပေမဲ့ မပြည့်မစုံ လိုအပ်ချက်ရှိတဲ့ အကဲခတ် ရှုမြင်မှုတွေရှိခဲ့သည်၊ မည်သူ တစ်ဦး တစ်ယောက်မှ ဘစ်နေရာရာကို ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း ပြုရာမှာ အရေးပါတဲ့ သဲလွန်စ (ဥပမာ လက်ဖွေ ရာ)မချန်ခဲ့ဘဲ မရှိဘူး၊ အဲဒီ လက္ခဏာ တွေကို ရှာပါ၊ တရားခံမိပြီပဲ။

အားလပ်ချိန်များတွင် ဆာဒေး ဗစ်ဆစ်ဒ်နီက ရှေ့ဆောင်မှုခင်း ဆေး ပညာစာအုပ်များ ကိုယ်တိုင်ရေးအုပ်ထုတ် များကို ရေးသည်။

Mostly Murder စာအုပ်မှာ အီဒင်ဘာ့ဂ်တွင် အများသဘောအကျ ဆုံး စာအုပ်ဖြစ်ခဲ့သည်။ ဂေါက်ကစား ခြင်း၊ မိသားစု ပျိုးထောင်ခြင်းနှင့် ရက္ခ ဗေဒ ဝါသနာကို ဆက်လက်လေ့လာ သည်။ ရှယ်ရိုင်ဝိုင်အပြင်းစား၏ အရည် အသွေးကို စိတ်ဝင်စားခြင်းမှသည် ကာရန်မဲ့ကဗျာများ ရေးစပ်ခြင်း အပါ အဝင်။

ရှားလော့ဟုမ်း နည်းတူ ဆာ ဆစ်ဒ်နီက အရာရာတိုင်းတွင် ထူးချွန် သူ တစ်ဦးပါပေ။

(R.D.Classie Reads ပါ James Stewart Gordow ရေး Real Life Sherlock Holmes ကို ဆီလျော်အောင် ပြန်ဆိုသည်။

စိန်ဝင်းမော်

ကျွန်တော်တို့ရဲ့

စာပေ ပါဝါနာရှင်များ ပိုမိုခံစားနိုင်ရန်

ဒီတွုံးကော်ဝိထာရှ် ထပ်ပြည့်ဝန်းမဂ္ဂဇင်း

တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်

မရွေးချယ်သော စာမူများကို ပြန်ထည်း ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တ ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြ ရန် မေတ္တာရပ်ခံပါသည်။

ရွေးဟောင်းဘုရားသမိုင်းကြော၊ များ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ဓီ ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုမှ ဟာသများ၊ အရှေ့တိုင်းအနောက်တို ဆေးပညာရပ်များ၊ ထူးခြားဆန်းကြ သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင် သည်။

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မိုးတိုးတက်

စေအောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာမှုများ

ထည့်သွင်းနိုင်ပါသည်။

အပြူးအမည်း
တစ်ပျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အပြူးအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသ

ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာကျေးရွာနယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com



ဆောရမတစ်ယောက် ကလေးကို ပေးသည်

"အူဝဲ. . အူဝဲ. . အူဝဲ"

စူးစူးဝါးဝါး အော်ငိုလိုက်တဲ့ ကလေးငိုသံကြောင့် ကိုမိုးလတ် တစ်ယောက် ဆတ်ခနဲ ထိုင်ရာက ထလိုက်မိရဲ့။ အနားမှာရှိနေတဲ့ ဆေးရုံဝန်ထမ်း အပေါက်စောင့်ကောင်လေးက ကလေးငိုသံကို မျက်မှောင်ကြုတ်လို့ စူးစိုက်နားစွင့်နေပါတယ်။

"အူဝဲ. . အူဝဲ. . အူဝဲ"

ဆေးရုံ ခွဲစိတ်ခန်းအတွင်းက ကလေးငိုသံက အဆက်မပြတ်။ ဒုတိယ အကြိမ် ကလေးငိုသံ ကြားလိုက်ပြီးတဲ့နောက် ဆေးရုံဝန်ထမ်း ကောင်လေးတာ. . .

"အစ်ကို၊ အဲဒါ မိန်းကလေးသံဗျ မိန်းကလေး"

"မင်းကလည်းကွာ အသံကြားရုံနဲ့ ကျားလား မလား ခွဲပြီး သိတာယ်လို့ ဟုတ်ပါ့မလားကွာ"

"သေချာတယ် အစ်ကို၊ ကျွန်တော်ဆေးရုံမှာ အလုပ်လုပ်တာ သုံးနှစ်ရှိပြီ၊ မိန်းကလေးမှ မိန်းကလေး၊ အစ်ကိုက ဘာလေးလို့ချင်တာလဲ"

"ငါ့မှာ သားလေး ရှိတယ်ကွ၊ မိန်းကလေး လိုချင်တာ"

အဲဒီအချိန်က အခုလို မတိုးတက်သေးတော့ ကျားလား မလားဆိုတာ မွေးတော့မှသာ သိရတာလေ။

"အစ်ကို ခဏလေးစောင့်"

ဆေးရုံဝန်ထမ်းလေးက ပိုးသတ်ပေါင်းတင်ထားတဲ့ ခွဲစိတ်ခန်းဝတ်စုံကို ဝတ်လိုက်ပြီး ခွဲစိတ်ခန်းအတွင်း ဝင်သွားပါတော့တယ်။

ခဏအကြာမှာတော့ ပြန်ထွက်လာပါပြီ။ Mask အုပ်ထားလို့ မျက်နှာကိုတော့ အကဲခတ်လို့မရဘူး။ အနားရောက်တော့မှ Mask ကို ဖြုတ်လိုက်ပြီး. . .

"မိန်းကလေး အစ်ကိုရေ . . . မိန်းကလေးဗျ"

ကိုမိုးလတ် ကျေနပ်ပီတိဖြစ်သွား ပုံက မျက်နှာမှာအထင်းသား၊ ဖုံးမရိုင်ဖိမရ။ ပီတိနဲ့အတူ နှလုံးအိမ်အတွင်းက ယိုစိမ့်လာတဲ့ မေတ္တာစွမ်းအင်က မမြင်ရသေးတဲ့ သမီးလေးအပေါ် လွှမ်းခြုံထားသလို ထင်လိုက်မိရဲ့။ ခဏအကြာမှာ ဆရာမတစ်ယောက် ကလေးကို'ပွေ့ခြီလို့ ထွက်လာပါတယ်။ အနှီးဖြူနဲ့ အုပ်ထားလို့ သမီးလေးကို မမြင်ရသေးပါဘူး။

"ကိုမိုးလတ် ဒီမှာ သမီးလေး"

ကိုမိုးလတ် ခပ်သွက်သွက် ပြေးကြည့်လိုက်ပါတယ်။

အနှီးကို ဆရာမလေးက လှစ်ပြလိုက်တော့ ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ် မျက်နှာဝိုင်းလေး ပါးပြင်မှာ မျက်ရည်စီးကြောင်း နှစ်ကြောင်းနဲ့ မျက်နှက်ဝန်းက ဘယ်ကိုကြည့်နေမှန်း ကိုမိုးလတ် မသိ။

"ဝါး"

အံမယ် ကိုမိုးလတ် ကြည့်နေတုန်း သမ်းပြလိုက်သေးတော့။

www.burmeseclassic.com

www.burmeseclassic.com

ဆရာမလေးက အနှီးကို ပြန်ဖုံးပြီး မာတ်လေ့ကားအတွင်းဝင်သွားပါပြီ။

မကြာတော့ဘူး မိခင်က ထွက်လာတော့မှ . . .

သြော် သမီးလေး၊ သမီးလေး၊ ငါ့ဘဝထဲကို တိုးဝင်လာတဲ့ သမီးလေး။

⁂

ကိုမိုးလတ်ရဲ့ ဘဝထဲကို တိုးဝင်လာတဲ့ သမီးလေးက တစ်နေ့တခြား ပိုမို ချစ်စရာကောင်းလာသလိုပဲ။ အသက် တစ်နှစ် ရှစ်လလောက်မှာတော့ မတ်တတ် ပြေးနေပြီ။ မပီကလာပီကလာနဲ့ စကားပြောနေပြီ။

"ပေပေကြီး၊ အဲဒါ ဘာရဲ့"

တွေ့ကရာ မြင်သမျှကို မေးတတ်ပြီ။ အဲဒီအချိန်ကစပြီး သမီးက အဖေ့ကို ဆေးကုပေးတော့တာ။

မှတ်မှတ်ရရ သမီးလေးကို ထိန်းနေတဲ့ တစ်နေ့ပေါ့။

ကိုမိုးလတ် ပက်လက်ကုလားထိုင်ပေါ်မှာထိုင်ပြီး သမီးလေးကို ရင်ခွင်မှာပွေ့ချီရင်း ချော့မြဲနေပါတယ်။ သမီးလေးကလည်း တခစ်ခစ် ရယ်နေတော့ အားမလိုအားမရနဲ့ ဖြစ်လာပြီး ပါးလေးကို လိမ်ဆွဲလိုက်ပါတယ်။

"နာပွားပီ နာပွားပီ"

မျက်နှာလေးမဲ့ပြီး သမီးလေး မြောလိုက်တော့ ကိုမိုးလတ် ပျာပျာသလဲ ဖြစ်သွားပါတယ်။ သမီးလေးပါးကို ပွတ်ပေးရင်း. . .

"ဖေဖေကြီးက ချစ်လို့ စတာ သမီးရဲ့၊ ဖေဖေ့ပျောက်အောင် မန်းပေးမယ်"

ပြောပြောဆိုဆို့နဲ့ သမီးလေးပါးကို ပါးစပ်နဲ့ ကပ်ပြီး. . .

"ဦး. . ဖွ. . ဦး. . ဖွ"

လို့ ရွတ်ပေးလိုက်တယ်။ သမီးလေးက အုံကြွဟန်နဲ့ ကိုမိုးလတ်ကို ကြည့်လိုက်ပြီး. . .

"ပျောက်တွားပီ" တဲ့။

ပြီးတော့ တခစ်ခစ် ရယ်ရင်း သဘောတွေကျလို့။

အဲဒီနေ့ကစပြီး အဖြေပါးကို လာလိမ်ဆွဲလိုက်ရင် အဖေက. . .

"နာသွားပြီ၊ နာသွားပြီ"

လို့ ပြောလိုက်တာနဲ့ သမီးလေးက အဖြေပါးနားတို့ ပါးစပ်လေးကပ်ပြီး

"ဦး. . ဖ. . ဦး. . ဖ"

နဲ့ မန်းပေးတတ်ပါတယ်။

"ပျောက်သွားပြီ"

လို့ ကိုမိုးလတ်က ပြောတော့ သမီးလေးက သဘောတွေကျလို့။ ခိုးခိုး ခစ်ခစ် ရယ်လိုက်သေး။ သြော် သမီးလေး ဆေးကုပေးတာ ဟော်စရာကောင်းလိုက်တာ။ ကိုမိုးလတ်ရင်မှာ ကြည်နူးမှု တသိမ့်သိမ့်နဲ့။

⁂

သမီးလေး ကျော် ပါပြီ။

ကျောင်းနေစအရွယ်မှာ သမီးလေးက အရွယ်ကလေးတွေနဲ့ ကစားတိုင်း ကစားနည်းနှစ်မျိုးနဲ့ ကစားနေတတ်တာကို တွေ့ရလေ့ရှိပါရဲ့။

အရွယ်ကလေးတွေကို တန်းစီရင်း သူ့ရဲ့ ဂါဝန်ကြားမှာ လက်ကိုင်ပဝါလေး ညှပ်ပြီး စာသင်နေတာ။ လက်ထဲမှာလည်း ပေတံတစ်ချောင်းနဲ့ မမောနိုင် မပန်းနိုင် စာသင်တော့တာ။ ပထမတော့ သမီးလေး အိုက်တင်ကို ဘာလို့ အဲဒီလို လုပ်နေတယ်ဆိုတာ ကိုမိုးလတ် မသိသေးဘူး။

နောက်ပိုင်းမှ သိရတယ်။ သူ့အတန်းပိုင်ဆရာမက ခါးမှာ လက်ကိုင်ပဝါ ညှပ်ထားတာကိုး။ အိမ်ပြန်ရောက်တာနဲ့ စာသင်တော့တာပဲ။ ကျောင်းမှာ ဆရာမလုပ်ရှားမှု မှန်သမျှ သူက အိမ်မှာ ပြန်လုပ်တော့တာ။

ဒုတိယ ကစားနည်းကတော့ အရွယ်ကလေးတွေကို ဆေးကုတာ။ သမီးလေးက ချူချာတယ်။ ဆေးခန်းကို ခဏခဏ ရောက်ရတယ်လေ။ ဒီတော့ သမီးလေးက ဆရာဝန်တွေရဲ့ အပြုအမူကို စူးစမ်းမိနေဟန်တူရဲ့။

အရွယ်ကလေးတွေကို တန်းစီပြီး ဆေးကုပေးတယ်။ တစ်ခါတစ်ခါတော့

"ပေပေကြီးကို ဆေးကုပေးမယ်"

ဆိုပြီး ကလေးကစားတွဲ့ နားကြပ်နဲ့ ကိုမိုးလတ် ရင်ဘတ်ကို လာထောက်ပြီး နားထောင်တတ်တယ်။ ပြီးတော့မှ ဆေးထိုးပိုက်ကို ဆွဲယူပြီး တင်ပါးကို ဆေးထိုးပေးတော့တာ။

"ပေပေကြီး သက်သာသွားပြီလား" တဲ့။

သမီးလေး ဆေးကုပေးတာ စိတ်ချမ်းသာလိုက်တာ။

⁂

အချိန်ရာသီက တရွေ့ရွေ့။

သမီးလေး မြတ်သော်စင်တောင်မှ မဟာဝိဇ္ဇာဘွဲ့ရပြီး ဆရာမတို့ဖြစ်နေပြီ။

တစ်မနက် အိပ်ရာက အထမှာ ကိုမိုးလတ် လက်တစ်ဖက်မ့လှုပ်တော့။

"သမီး သမီး၊ အဖေ့လက် လှုပ်မရ"

ကိုမိုးလတ်စကားကို ဆုံးအောင် မပြောနိုင်။ စကားသံတွေကလည်း မပီသတော့။

သမီးလေးက အဖေ့ကိုတစ်ချက် ကြည့်လိုက်ပြီး. . .

"ဆေးရုံသွားရမယ် အဖေ၊ ချက်ချင်း သွားနိုင်မှ တော်ကာကြမယ်"

"လက်တစ်ဖက်ပဲ မလှုပ်တာ၊ မလိုသေးဘူး ထင်ပါတယ်၊ တစ်အိမ်လုံး အလုပ်ရှုပ်ကုန်မယ် သမီးရဲ့"

ကိုမိုးလတ်က ပျာလေး အားလေးနဲ့ ပြောနေပေမယ့် မရဘူး။

သမီးရော ဆားရော အမေရော ဝိုင်းပြီး ဆေးရုံပို့ကြတယ်။ အစစ အရာရာ သမီးကပဲ ဦးဆောင်သွားတာ ဆေးရုံကို အရောက်ဦးလို့ နှစ်ပတ်သုံးပတ်လောက်မှာ ကိုမိုးလတ် အင်္ဂါအနေ ပြန်ကောင်းလာပါတယ်။ လက်လည်း လှုပ်နိုင်ခဲ့ပါတယ်။

တကယ်လို့ ဆေးမြီးတိုနဲ့ ကုနေရင် ကောင်းချင်လည်း ကောင်းနိုင်တယ်။ ဘယ်တော့မှ လက်တစ်ဖက် မလှုပ်မရှားလည်း ဖြစ်သွားနိုင်တယ်တ

www.burmeseclassic.com

ဆေးရုံတက်တာကတော့ ပျောက်ဖို့ အသေချာဆုံးလို့ ဆရာဝန်ကြီးက ပြောတယ်။

အင်း- အာပဲဖြစ်ဖြစ် သမီးလေး ဆေးကုပေးတာနဲ့ ကိုမိုးလတ် ချမ်းသာရာရခဲ့တာကတော့ အမှန်ပါပဲ။

✻

အသက်အရွယ် ကြီးရင့်သွားတဲ့ အခါမှာ ဒုတိယကလေးဘဝကို ပြန်ရောက်သွားတယ်လို့ ရှိတ်စပီးယားက ပြောဖူးပါတယ်။

ဒုတိယကလေးဘဝကို ရောက်ပြီလို့ ပြောမရသေးပေမဲ့ သမီးလေးရဲ့ ကလေးဘဝကိုတော့ ကိုမိုးလတ်ရောက်နှံနမသိ ရောက်နေပြီလေ။

"အဖေ၊ အဲဒီအကြီ အခုချွတ်ခဲ့တဲ့၊ အဖေ မနေ့ကတည်းက ဝတ်ထားတာ"

ဘယ်မှမသွား ချွေးမထွက်နဲ့ ဘာအနှံ့အသတ်မှ မရှိပေမယ့် သမီးလဲခိုင်းတော့လည်း မနေသာဘူး။

"ဟာ မလိုင်လုံးတွေ မှစားနဲ့လေ အဖေရဲ့၊ အသက်ကြီးလာရင် အချိုအဆိမ့် လျော့မှပေါ့၊ ဆရာဝန်ကလည်း အဖေ့ကို မတည့်ဘူးလို့ ပြောထားရတယ်သားနဲ့"

အခုတော့ အဖေက သား ဖြစ်နေပုံပါ။ သမီးက အမေတစ်ယောက်လိုပါပဲ။ မတည့်တာဆို လုံးဝမစွဲးဘူး။ စားချင်ပေမယ့် ကိုမိုးလတ်က သမီးလေးပြောရင် နားထောင်နေကျ။

"သွေးစစ်ထားတဲ့ အဖြေရလာပြီ အဖေ၊ ယူရစ်အက်စစ်က (၅၅၈၊ ၄) တဲ့၊ ယောကျ်ားတစ်ဇယောက်က ယူရစ်အက်စစ် (၁၈၀) က်နေ (၄၂၀)ထိပဲ အများဆုံးရှိရမှာ၊ အဖေ့မှာ ယူရစ်အက်စစ်မျှးနေတယ်၊ ကလီစာတွေ မစားနဲ့၊ မြိုလုံး၀ ရှောင်ရမယ်၊ ဆရာဝန်က ယူရစ်အက်စစ်အတွက် ဆေးထိုးပေးလိမ့်မယ်"

ကိုမိုးလတ်သမီး ဆရာမကြီးကအားလုံးကို လေ့လာပြီး အဖေ့ကို ဆေးကုပေးနေတာ။

"ခရစ်တနီလည်း များနေတယ်၊ (၁၀၇.၇)တဲ့ အမှန်က (၅၀)ကနေ (၁၀၄)ပဲ ရှိရမှာ"

သမီး ဆေးကုပေးတာလေ။ မတည့်တာတွေ မစားအောင် သွေးထဲမှာ ပို့နေတာတွေ လျော့ကျအောင်၊ လိုနေတာတွေ ပြည့်လာအောင် အမျိုးမျိုးပါ။ ကိုမိုးလတ် စိတ်ထဲက ဝိတိများတစိမ့်စိမ့်။

✻

မောင်မိုးလတ်၊ ကိုမိုးလတ်၊ အခုတော့ ဦးမိုးလတ်။ ရာသီက တရွှေ့ရွှေ့နဲ့ အချိန်ကုန်မှန်းမသိ ကုန်ခဲ့တာ။

အရွယ်လေး ရလာတော့လည်း မမြဲတဲ့ တရားသဘောအတိုင်း ခန္ဓာကိုယ်ကြီးမှာ ယိုယွင်းမှုတွေက များနေပြီကော။ နှလုံးသွေးကြော ကျဉ်းနေတာကို အမျိုးမျိုး ဆေးသောက်၊ ဆေးစားနဲ့ ဆရာဝန်ပြနဲ့ ဆေးကုသနေဆဲမှာပဲ တစ်မျိုး ဖြစ်လာပြန်ရော။

လိပ်ခေါင်းရောဂါ။ ထိုင်ရခက်ထရခက်နဲ့ တိုးလို့တွဲလဲ အတော်ဆိုးဆိုး ဝါးဝါး ခံရခက်လိုက်တာ။ အိမ်နားက ဆရာဝန်နဲ့လည်း ပြနေတာပါပဲ။ တစ်နေ့တော့ အခံရခက်လို့ သမီးကို ပြောပြမိတယ်။

"သမီးရယ် အဖေ နေရတာတော်တော်. ဆိုးနေတယ်၊ ထိုင်လို့ကို မရဘူး၊ ဘုရားရှိခိုးတာတောင် ခက်ခက်ခဲခဲ"

"ဟာ အဖေကလည်း စောစောက ပြောရောပေါ့၊ သမီး On Line က နေပြီး အမေရိကားက ဆရာဝန်ကြီး ဒေါက်တာတင့်ဆွေဆီကို လှမ်းမေးထားတာ အခု လုပ်ပေးမယ်၊ ခဏလေး စောင့်"

သမီးက ရေနွေးအိုး တစ်လုံး ဖာည်လိုက်တယ်။

ရေနွေးဆူမဲတော့ အိမ်သာခွက်ထဲကို့ထည့် ရေအေး စပ်ပါတယ်။ ပြီးတော့ ဆားနည်းနည်းနဲ့ မုန့်ဖုတ်ဆော်ဒါရောပြီး မွေလိုက်တယ်။

"အဖေ ချပြီ၊ ဒီမှာ ရောက နွေးနွေးလေး ဒီခွက်ပေါ်ကို ထိုင်ချပြီး ခဏစီမံပေးထားနော်၊ အဖေ ချက်ချင်း သက်သာသွားမှာ"

ဦးမိုးလတ်က သူ့သမီးကို စိတ်ချတယ်။ သမီးက အမြဲဆေးကုပေးနေတာမဟုတ်လား။ ရေချိုးခန်းထဲဝင်ပြီး ခုံပေါ်မှာ တင်ထားတဲ့ အိမ်သာခွက်ပေါ်ကို ထိုင်ချလိုက်တယ်။

"အောင်မယ်လေးဗျ သေပါပြီ"

အသံမျိုးစုံအော်ရင်း အတင်းထလိုက်တာ။ ထုံးစံအတိုင်း တော်တော်နဲ့လဲည်း ထမရတော့ မျက်ရည်တောင် ဝဲလာတယ်။

"အဖေ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သမီးက ရေချိုးခန်းတံခါးကို တွန်းဖွင့်ရင်း ဝင်လာပြီး ကိုးရိုးကားရားဖြစ်နေတဲ့ ဦးမိုးလတ်ကို ထူပေးလိုက်တယ်။

"ပူလိုက်တာ သမီးရယ်၊ ရေနွေးက အရမ်းပူတာပဲ"

"သမီး စမ်းကြည့်တော့ မပူပါဘူး အဖေရဲ့"

ပြောပြောဆိုဆိုနဲ့ ရေထပ်ထည့်ပေးတယ်လေ။

"ရလောက်ပါပြီ၊ ဖြန်ထိုင်နော်"

ဦးမိုးလတ် ခပ်ကြောက်ကြောက်နဲ့ ထိုင်ရပြန်ရော။ ဒီတစ်ခါတော့ အပူဒဏ်ကို ခံနိုင်ပါပြီ။ နောက်တစ်နေ့ ဆရာဝန်နဲ့ ချိန်းထားလို့ ဆေးခန်းရောက်ပါတယ်။

"ဟာ- ဆရာကြီး၊ ဆရာကြီး လိပ်ခေါင်းက ဘယ်ရောက်မှန်းတောင် မသိဘူး၊ ပျောက်သလောက်တောင် ဖြစ်နေပြီ" တဲ့။

ဦးမိုးလတ်က ဘာမှ ပြန်မပြောခဲ့ဘူး။ ပြုံးရုံလေး ပြုံးပြလိုက်ပါတယ်။ စိတ်ထဲကတော့...

"သမီး ဆေးကုပေးသည်" တဲ့။

တောင်တွင်းကိုရင်ညီ

❑

www.burmeseclassic.com

www.burmeseclassic.com

ချစ်မင်းသား ကမ္ဘာနဂိုမြို့ပေါက်ဇာ ပန်းတျာမင်းသမီး

ကျွန်ုပ်တည်ထောင်သော ပန်းကမ္ဘာဇာတ်အဖွဲ့ကြီးသည် ခနဖြူမြို့၌ ကပြတင်ဆက်ပြီးသည့်နောက် အောက်ပိုင်း ရန်ကုန်နှင့် နီးကပ်သော ဝါးတစ်ရာကျေးရွာသို့ ပွဲကူးခဲ့ရ၏။ ဝါးတစ်ရာကျေးရွာ၌ ကျွန်ုပ်တို့၏ ဇာတ်အဖွဲ့မှာ ကပြခဲ့ဖူးခြင်း မရှိချေ။ ထို့ကြောင့် တစ်ရက် ကြိုတင်၍ ပွဲကူးလာခဲ့၏။

ဝါးတစ်ရာကျေးရွာမှာ လှိုင်မြစ် (ဝါးတစ်ရာမြစ်)နှင့် ယုန်သလောက် ချောင်း (ခေါ်) ဝက်လာချောင်းပေါက်ဝတို့ ဆုံစည်းရာဘေးတွင် တည်ရှိသော ရွာကြီးဖြစ်၏။ အိမ်ခြေထောင်ကျော် ရှိ၍ စီးပွားရေး အသင့်အတင့် ကောင်းမွန်သော အိမ်ထောင်စုများ ရှိကြောင်း အိမ်ကြီး အိမ်ကောင်းများကိုကြည့်၍ မှတ်ချက်ချမိ၏။ ဝါးတစ်ရာကျေးရွာနေ လူတို့မှာ လယ်ယာ ကိုင်းကျွန်း စိုက်ပျိုးလုပ်ကိုင်သူများ ရှိသကဲ့သို့ ငါးဖမ်းခြင်းဖြင့် အသက်မွေးသူများလည်းရှိကြ၏။

တစ်နည်းအားဖြင့် ဝါးတစ်ရာ ကျေးရွာသည် ကုန်စည် ကူးသန်းရောင်းဝယ်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် အစစအရာရာ စည်ပင်တိုးတက်နေသော ရွာကြီးတစ်ရွာဟု ဆိုနိုင်လောက်ပေ၏။

ကျွန်ုပ်ကား စပ်စုတတ်သူပီပီ ဝါးတစ်ရာကျေးရွာ မြေပေါ် ခြေချမိ

www.burmeseclassic.com

သည်နှင့် ပတ်ဝန်းကျင်အနေအထားကို လေ့လာကာ တစ်ကိုယ်တည်း မှတ်ချက်ပေးနေမိလေ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့မှာ ရေလမ်းမှ ပွဲကူးခဲ့ရသဖြင့် ပင်ဝန်းခြင်းအလျင်းမရှိဘဲ သက်သက်သာသာရှိကြ၏။ ဝါးတစ်ရာ မော်တော်ဆိုပ်မှနေ၍ ဇာတ်ရုံရှိရာသို့ စက်ပိစ္စည်းများကို လှည်းဖြင့် တစ်ဆင့်သယ်ယူကြရ၏။ ဇာတ်ခုံကား ကျွန်ုပ်တို့ရောက်သည့်အချိန်တွင် တည်ဆောက်ဆဲဖြစ်ရာ ဇာတ်ပစ္စည်းအချို့ကို စုပုံရုံပင် ထားကြရ၏။

ထို့ကြောင့် ကျွန်ုပ်မှာ ဇာတ်ပွဲ ငှားသူ ကန်ထရိုက် ကိုမြင့်သောင်းခေါ်ရာနောက်သို့ လိုက်ခဲ့ရာ ဝါးတစ်ရာရွာအတွင်းသို့ ရောက်ခဲ့ရ၏။ ပွဲငှားကိုမြင့်သောင်းမှာ စိတ်သဘောထား ကောင်းမွန်ဖြူစင်သူ တစ်ဦးဖြစ်မှန်း ဆက်ဆံကြည့်မှ သိရ၏။ သူ၏ဇနီးသည်ကလည်း အေးဆေး၍ ဖော်ရွေပျူငှာကာ ကျွန်ုပ်အား ဂယက်ဖြင့် ဧည့်ခံကျွေးမွေးကြလေ၏။

ကိုမြင့်သောင်းတို့ ဇနီးမောင်နှံမှာ လူဝယ်များဖြစ်သော်လည်း ဘာသာရေး၊ သာသနာရေး ဦးစားပေး ဆောင်ရွက်ကြသူများဖြစ်မှန်း သတိထား ကြည့်မိ၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့ ဝါးတစ်ရာ ကျေးရွာသို့ လာခဲ့ရခြင်းမှာ ဝါးတစ်ရာ ကျေးရွာရှိ မင်းဗန္ဓု ဘုရားပွဲတော်၌ ဇာတ်ပွဲကရန်ဖြစ်လေ၏။ မင်းဗန္ဓုဘုရား ပွဲတော်မှာ နှစ်စဉ်ကျင်းပနေကျ ဘုရားပွဲတော်ဖြစ်၍ အလွန်စည်ကားလှသည်ဟု သိရ၏။ ဘုရားပွဲတော်ကို သုံးရက် ကျင်းပလေ့ရှိရာ ကျွန်ုပ်တို့အဖွဲ့မှာ ထို သုံးရက်တိုင်အောင် ဈာပေးကြရမည်ဖြစ်၏။

ကျွန်ုပ်တို့ဇာတ်အဖွဲ့အား လာရောက် ငှားရမ်းသူမှာ ကိုမြင့်သောင်း ဖြစ်သော်လည်း သူကား ဂေါပကအဖွဲ့ဝင် မဟုတ်ပေ။ ဘုရားဂေါပကအဖွဲ့ဝင် လူကြီးများမှ အားကိုးတကြီးဖြင့် ခွင့်ပြုစေသူသာဖြစ်မှန်း သိရပြန်လေ၏။

မည်သို့ဆိုစေ ကိုမြင့်သောင်းတို့ ဇနီးမောင်နှံနှင့် ရင်းနှီးစပ်မင်ခွင့်ရခြင်းမှာ ကျွန်ုပ်တို့အတွက် အလွန်အကျိုးများလှ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့ ဝါးတစ်ရာကျေးရွာသို့ စတင်ရောက်ရှိစဉ်ကပင် ကျွန်ုပ်အား ထမင်းခေါ် ကျွေးရုံမျှမကဘဲ ကျွန်ုပ်၏ ဇာတ်အဖွဲ့သူအဖွဲ့သား များစားသုံးရန်ကိုလည်း ဟင်းစားများ စီမံပေးခဲ့သည့် ကျေးဇူးကား ကြီးမားလှပေ၏။ မည်သည့်ပွဲငှားက်ထရိုက်မှ ဇာတ်အဖွဲ့အား ထမင်းကျွေးရိုး ထုံးစံမရှိပေ။ တစ်ခါတစ်ရံ ဘုန်းကြီးပျံ့ မယ်ဇော်ပျံပွဲများနှင့် တိုက်ဆိုင်ပါက ပွဲငှားအဖွဲ့က ထမင်းကျွေးလေ့ရှိ၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့အနေဖြင့် ဇာတ်ရုံ၌သာ ကပြလေ့ရှိရာ ဇလာပွဲ ကပြခြင်းမရှိခဲ့ပေ။ တစ်ခါတစ်ရံ ရင်းနှီးကျွမ်းဝင်သော ပွဲငှားသူတို့နှင့် ဆုံ၍ ဘုရားပွဲ၊ ဘုန်းတော်ကြီးပျံပွဲတို့၌သာ လျှင် ဇလာပွဲ ကပေးလေ့ရှိ၏။ ယခုလည်း ပွဲငှားကိုမြင့်သောင်း၏ ချိုးပြသောစကားကြောင့် ဝါးတစ်ရာကျေးရွာရှိ မင်းဗန္ဓုဘုရားပွဲတော်တွင် ဇလာပွဲ ကပေးရန် ရောက်လာခဲ့ခြင်းဖြစ်လေ၏။

ကျွန်ုပ်အနေဖြင့် ဤဝါးတစ်ရာ ကျေးရွာသို့ တစ်ခါဖူးမျှ ရောက်ရှိခဲ့ဖူးခြင်း မရှိချေ။ သို့သော် ဝါးတစ်ရာကျေးရွာမြေပေါ်သို့ ခြေချမိသည်နှင့် ကျွန်ုပ်၏ စိတ်ထဲ တစ်မျိုးဖြစ်ကာ ကြက်သီးမွေးညှင်းများ ထသွားမိလေ၏။ ပြီးနောက် ကိုမြင့်သောင်းမှ ဝါးတစ်ရာကျေးရွာအတွင်းသို့ လိုက်လံပြသသည့်အခါတွင်ကား ကျွန်ုပ်မှာ ဤနေရာသို့ အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ဖူးသူ တစ်ဦးပမာ အားလုံးကို မှတ်မိနေသလို ရှိလေ၏။ ကျွန်ုပ်ကိုယ်တိုင်ပင် အံ့အားသင့်ကြီး သင့်ရ၏။ ထိုအခါ ကျွန်ုပ်အိပ်မက် မက်စဉ်အခါက စိတ်စွဲလမ်းခဲ့မိသော အိပ်မက်ထဲမှ မြင်ကွင်းများ ဖြစ်လေမလား ဟူ၍ပင် ဇဝေဇဝါ တွေးမိပြန်လေ၏။

"ကျွန်တော်တို့ ဒီနယ်က ကမ္ဘက် ကချော်နယ် မဟုတ်ဘူး ဇာတ်ဆရာရဲ့၊ ပုဏ္ဏာရိကဆိုတဲ့ မွန်မင်းက ခရစ်နှစ် (၇၅၄) ခုနှစ်လောက်မှာ ရမ္မာနာဂရာမြို့ကြီးကို ဒီနေရာမှာ တည်းခဲ့တယ်လို့ ဟံသာဝတီ (၃၂) မြို့မှတ်တမ်းမှာ အဆိုရှိတယ်၊ နောက်ပြီး ဟံသာဝတီနိုင်ငံတော်ကို သိမ်းမြန်းအုပ်ချုပ်ခဲ့တဲ့ မွန်ဘုရင် မဟူရာ (ခေါ်) ရွာဇာဓိရာဇမင်းကလည်း မြန်မာသက္ကရာဇ် (၇၀၀) ပြည့်နှစ်မှာ အင်္ဂပူမြို့ကြီးကို ဖားအိုင် (အင်္ဂပူ၊ အင်းမ)ဆိုပြီး ချဲ့ထွင်ခဲ့ပြန်တယ်၊ အဲဒီအခါမှာ ရမ္မာနာဂရာမြို့ကြီးရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လှိုင်မြစ်အနောက်ဘက်ကမ်းက ထန်းတစ်ပင်၊ ကျွန်းငှာ၊ ပဒန်၊ ကစင်၊ ညောင်တုန်းနဲ့ တာကေးနယ်များကိုပါ ဖားအိုင်မြို့ကြီးအတွင်းနယ်မြေခံရွာများအဖြစ် သိမ်းသွင်းခဲ့တယ်လို့ ဆိုတယ်"

ကိုမြင့်သောင်းက ဝါးတစ်ရာကျေးရွာအတွင်းသို့ လမ်းလျှောက်လိုက်ပြရင်းမှ ကျွန်ုပ်အား ဇာတ်ကြောင်းကုန်စင် ရှင်းပြနေလေ၏။ ကျွန်ုပ်ကား လမ်းလျှောက်ရင်းမှ ကိုမြင့်သောင်းပြောသံမျှ စိတ်ဝင်တစား နားစိုက်ထောင်ကာ ငြိမ်နေမိ၏။

"ဟောဟိုက ရွာလေးက သံဒင်းရွာလို့ခေါ်တယ်လေ၊ အဲဒီ ရမ္မာနာဂရာမြို့ကြီး တည်ထောင်ပြီးခါနိုက်က' သူရဲစိန်အမတ်ငယ်ထင်ကို ဂုဏ်ပြုမြှောက်စားသောအားဖြင့် သူ့ရဲ့ဇာတိရွာကို ငဒွဲထင်ရွာလို့ သမုတ်စေခဲ့တယ်၊ အခုတော့ သံဒင်းရွာလို့ ခေါ်လာကြတာပေါ့လေ၊ ဒီလိုပါပဲ အဲဒီအချိန်က ဘုရင့်ရေတပ်မတော်မှာ လော်ကားထောင်မှူးကြီး အဖြစ် အမှုတော်ထမ်းခဲ့တဲ့ မင်းဗန္ဓုဆိုတာလည်း ရှိခဲ့တယ်။

အဲဒီတုပ်မှူးကြီး မင်းဗန္ဓုဟာ သူ့ရဲ့ရေတပ်မတော်သားများနဲ့ စုပေါင်းပြီး လှိုင်မြစ် (ဝါးတစ်ရာမြစ်)ရယ်၊ ယုန်သလောက်ချောင်း (ခေါ်) ဝက်လာချောင်းပေါက်ဝတို့ဆုံရာ မြစ်ကမ်းနဖူးမှာ စေတီတော်ကြီးတစ်ဆူကို တည့်ခဲ့ကြတယ်၊ ကာလကြာညောင်းပြီး မြစ်

www.burmeseclassic.com

www.burmeseclassic.com

ကမ်းပါးရေတိုက်စားရာ ကမ်းပါးပြိုတာကြောင့် စေတီကြီးလည်း ပြိုပျက်ခဲ့ရတယ်၊ အဲဒါကြောင့် ရွာရဲ့ အတွင်းပိုင်းအရှေ့ဘက်ကုန်းတွင်းပိုင်းရွှေ့ပြီး စေတီတော်ကြီးကို အသစ်ပြန်လည် တည်ဆောက်ခဲ့ကြပြန်တယ်၊ စေတီတော်ကြီးရဲ့ ဘွဲ့တော်ကိုလည်း မင်းဗန္ဓုလို့ မှည့်ခေါ်ကြတယ်၊ အခု ဇာတ်ဆရာတို့ ပွဲကရမှာ အဲဒီမင်းဗန္ဓုစေတီတော်ကြီးရဲ့ ဘုရားပွဲတော်ပေါ့"

ကိုမြင့်သောင်းရှင်းပြီမှ ကျွန်ုပ်မှာ မင်းဗန္ဓုစေတီတော်ကြီးနှင့် ပတ်သက်၍ အနည်းငယ်မျှ သိရှိသွားရတော့၏။

ကျွန်ုပ်နှင့် ကိုမြင့်သောင်းတို့နှစ်ဦး ဇာတ်ရုံသို့ ပြန်ရောက်ချိန်တွင် ဇာတ်ခုံမှာ တည်ဆောက်ပြီးစီးနေရုံမျှမက ကျွန်ုပ်၏ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားများပင် ဇာတ်ရုံအတွင်း၌ နေရာယူခင်းကျင်းထားရှိကြပြီးဖြစ်လေ၏။

ကျွန်ုပ်လည်း ကိုမြင့်သောင်း ပြန်သွားပြီးနောက် ဇာတ်ရုံအတွင်းသို့ ဇင်္ကာ ဇာတ်အဖွဲ့သူ၊ အဖွဲ့သားတို့၏ နေထိုင်စားသောက်မှုတို့ကို အကဲခတ်ကြည့်ရှုပြီးနောက် ကျွန်ုပ်အတွက် သတ်မှတ်ထားသော အခန်းအတွင်းသို့ ဝင်ကာ ကျောခင်း၍ ဘန္ဓယူလိုက်တော့လေ၏။

ပွဲကရက် မဟုတ်သော့ကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အဖွဲ့သူ၊ အဖွဲ့သားတို့မှာလည်း အေးဆေးစွာ အနားယူကြရ၏။ ပွဲဈေးတန်းမှာလည်း ပွဲမကသေးသောကြောင့် လူသွားလူလာကင်းရှင်းကာ တစ်ယောက်စ၊ နှစ်ယောက်စ သာလျှင် မြင်ကြရ၏။ ဈေးသည်မှာလည်း တစ်ဦးစ၊ နှစ်ဦးစသာလျှင် ရှိလေ၏။ လဆန်း (၁၃) ရက်ညဖြစ်သောကြောင့် လရောင်မှာလည်း ညဥ့်နက်သည်နှင့် ပို၍ထွန်းလင်းတောက်ပလျက်ရှိ၏။

ကျွန်ုပ်မှာ ညဥ့် ၁၀ နာရီထိုးနေဆည့်တိုင် အိပ်မပျော်နိုင်ဘဲရှိလေ၏။ ထို့ကြောင့် ဇာတ်ရုံထဲမှ ဇာတ်ရုံအပြင်သို့ထွက်ကာ ညကာလ၏ သဘာဝရှုခင်းကို ငေးမောကြည့်ရှုနေမိ၏။ ထိုအခါ ကျွန်ုပ်၏စိတ်ထဲတွင် မင်းဗန္ဓုစေတီတော်ပရဝုဏ်သို့သွားကာ စောင်းတီးချင်စိတ်ဖြစ်ပေါ်လာပြန်၏။ **ကျွန်ုပ်သည် စောင်းကို ကောင်းစွာ တီးခတ်နိုင်သူဖြစ်၏။ ကျွန်ုပ် ရောက်လေရာအရပ်တို့၌လည်း သာယာဖွယ်ကောင်းသည့် ညဦးအခါ ရောက်တိုင်း စောင်းတီးလေ့ရှိလေ၏။**

ယနေ့ညတွင်လည်း လရောင်က မပြည့်မတင်းလင်းလက်ထေနေသည့်အပြင် မြောက်လေကလည်း ဖြည်းဖြည်းညင်းညင်း တိုးဝှေ့တိုက်နေပြန်သည်မို့ ကျွန်ုပ် ရင်တွင်းရှိ အနုပညာခံစားချက်တို့ ပွင့်အန်ထွက်ကျလာမိ၏။ ထို့ကြောင့် ဇာတ်ရုံအတွင်းသို့ ပြန်ဝင်၍ စောင်းကိုယူပြီးလျှင် မင်းဗန္ဓုဘုရားရင်ပြင်တော်ပေါ်သို့ ကျွန်ုပ်တစ်ယောက်တည်းတက်လာခဲ့မိတော့လေ၏။ စေတီတော် ရင်ပြင်တော်ပေါ်တွင် လူသူကင်းရှင်းလျက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ကျွန်ုပ်သည် စေတီ၏အနောက်ဘက် ကြာသပတေးထောင့်သို့သွားကာ နေရာတိုင်ခင်းတစ်ခုကိုရွေး၍ ထိုင်ပြီး သည့်နောက် စောင်းတီးခြင်းအလုပ်ကို စလေ၏။ ကျွန်ုပ်သည် စောင်းကြိုးများကို ထိခတ်ကစားရင်းမှ အလိုအလျောက် ထွက်ပေါ်လာသည့် တေးသီချင်းများကို ကျွန်ုပ်မှလိုက်၍ ညည်းတွားနေမိပါလေ၏။

'ဧရွှေပြည်တော်သည်×××မောင်
မယ်စုံညီ×××မြန်း×××ဘယ်ဝယ်မှန်းဆ
×××လွမ်းနိုင်ငြီ×××လွမ်းနိုင်ပြီ×××မြေ
ညီညီ ခင်းပါလို့×××သဲငွေပြန်×××ကိန်း
×××လွမ်းပုံကို မဖန်တီးနိုင်×××မြိုင်ကြီး
သေလာင်း×××ဖော်ကွာဆူဆွေးစေတို့
လေး'

ကျွန်ုပ်မှာ စောင်းကိုတီးရင်း တေးသီချင်းကို မှိန်း၍သီဆိုနေမိရာ မျက်လုံးမှာ မှေးစင်းထားမိလေ၏။

သို့သော့် ကျွန်ုပ်တီးခတ်နေသော စောင်းခတ်သံများကား လွဲချော်ခြင်းအလျှင်းမရှိချေ။ ကျင့်သားရပြီးသား စောင်းသမားတစ်ယောက်၏ လက်ကျသံပမာနှယ် ဝိပြင်လှမှန်း ကျွန်ုပ်ကိုယ် ကျွန်ုပ် သတိထားမိ၏။ ထိုစဉ် မြောက်လေ တစ်ချက်က ခပ်ပြင်းပြင်းလေးတိုးဝှေ့တိုက်ခတ်လိုက်သည်မို့ မှိန်းထားသည့် ကျွန်ုပ်မျက်လုံးမှာ ဖျတ်ခနဲ ဖွင့်ကြည့်မိလိုက်၏။

ထိုအခါ တွန်ုပ်၏ မျက်လုံး၌ မြင်တွေ့နေရသည့် ပုံရိပ်ကို ကျွန်ုပ်မှာ **အံ့အားသင့်သွားသဖြင့် ခေါင်းကိုခါယမ်းကာ မူမှိတ်တွေဝေမှုကို ဖျောက်ဖျက်ပစ်လိုက်၏။ ပြီးနောက် ကျွန်ုပ်ရှေ့မှ ပုံရိပ်ကို နောက်တစ်ခါ အေးဆေးစွာ ထပ်ကြည့်လိုက်မိ၏။**

မြစိမ်းရောင် မင်းသမီးလေး တစ်ပါး ကျွန်ုပ်အနား ရောက်ရှိနေသလားဟုပင် မှတ်ထင်မိ၏။ ထိုမင်းသမီးလေးသည် ကျွန်ုပ်၏ စောင်းတီးခတ်သံနှင့် ကျွန်ုပ်၏ တေးသီချင်းသီဆိုမှုတို့ကို ငြိမ်၍နားထောင်နေရှာ၏။

ထိုမင်းသမီးလေး ဝတ်ဆင်ထားသည့် အဝတ်အစားတို့မှာ ရှေးခေတ်နန်းဝတ်နန်းစား အဝတ်အစားများဖြစ်၏။ ထို့ပြင် နက်မှောင်၍ ရှည်လျားသော ဆံနွယ်စတို့ကို သူ၏ ဘယ်ဘက်ရင်ဘတ်ပေါ်သို့ ဖြေလျော့ချထားသည်မှာ ယဉ်စစဖြင့် ချစ်စဖွယ်ကောင်းလှ၏။ ကျွန်ုပ်မှာ ကျွန်ုပ်၏ဇာတ်ထဲမှ ဇာတ်မင်းသမီးတစ်ဦးက ဇာတ်အဝတ်အစားများဝတ်ကာ ကျွန်ုပ်ရှိရာလာ၍ သီချင်းလာနှာထောင်နေသည်လားဟု မှတ်ထင်ပြီး ကျွန်ုပ်ရှေ့မှ မင်းသမီးကို သေချာစွာ အကဲခတ်ကြည့်ရှုမိပြန်၏။

ထိုစဉ် ကျွန်ုပ်နှလုံးခေါင်းဝ၌ စံပယ်ပန်းရနံ့ မွှေးပျံ့ကြိုင်လှိုင်လာလေ၏။ ထိုရနံ့ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထသွားမိ၏။ မြစိမ်းရောင်မင်းသမီးလေးကား ကျွန်ုပ်ရှေ့၌ ငြိမ်ထိုင်လျက် ကျွန်ုပ်အား စိုက်ကြည့်

www.burmeseclassic.com

ကာ ကျွန်ုပ်သိဆိုနေသော သီချင်းသံနှင့် တီးခတ်နေသော စောင်းသံတို့ကို စိတ်ဝင်တစား နားထောင်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်မှာ သီဆိုနေသော တေးသီချင်းကို အပြီးသတ်သွားစေရန် တစ်ပိုဒ်ချင်း၊ တစ်ပိုဒ်ချင်း ဆက်၍ သီဆိုတီးခတ်နေမိ၏။

ကျွန်ုပ်သည် တေးသီချင်းကို သီဆိုတီးခတ်စဉ်တိုင်း ခံစားချက်အပြည့်ဖြင့် သီဆိုတီးမှုတ်တတ်လေ့ရှိရာ ထို အခါတိုင်း မျက်လုံးကို မှိန်း (မှိတ်) ထားလေ့ရှိ၏။ ယခုလည်း ခံစားချက်အပြည့်ဖြင့် တေးသီချင်းကို သီဆိုတီးမှုတ်ရာ မျက်လုံးကို မှေးစင်းထားခဲ့၏။ မကြာမီ တေးသီချင်းဆုံးသွား၏။ တီးခတ်သီဆိုမှုတို့မှာလည်း ပြီးဆုံးသွားသဖြင့် ကျွန်ုပ်၏ မျက်လုံးများပွင့်လာကာ အရာရာကို သဲကွဲစွာ မြင်တွေ့နေရ၏။ ထိုအခါမှ သတိတရဖြစ်ကာ စောစောက ကျွန်ုပ်ရှေ့၌ ထိုင်၍နားထောင်နေသော မြစိမ်းရောင်မင်းသမီးလေးကို သွား၍ သတိရမိလေ၏။

ထိုမြစိမ်းရောင် မင်းသမီးကား ကျွန်ုပ်၏အရှေ့တွင် ယခုမရှိတော့။ ကျွန်ုပ်စိတ်ထဲ သက်ဝင်း ဖြစ်မိ၍ ဘေးဘီဝဲယာသို့ လှည့်ပတ်ကြည့်ရှုသော်လည်း မင်းသမီးလေး၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ချေ။ ထို့အခါ ကျွန်ုပ်ကိုကျွန်ုပ် ထင်မှတ်မှားခြင်းဟု သံသယဝင်ကာ ထိုနေရာမှထ၍ ဇာတ်ရုံသို့ ပြန်လာခဲ့မိ၏။ စေတီတော်ရင်ပြင်ပေါ်၌ကား ကျွန်ုပ်တစ်ယောက် တည်းသာလျှင် ရှိချေ၏။

ညဉ့်သန်းခေါင်ယံ ကျော်လွန်ပြီဖြစ်၍ ဖြာယှက်ကျနေသော လ၏ အလင်းရောင်ကြောင့် လောကမြေပြင်သည် ဝိုပြင်စွာ ကြည်လင်သန့်စင်လှပ်ရှိ၏။ ထိုလရောင်ကြောင့်ပင် အရာရာကို သဲကွဲစွာ မြင်တွေ့နိုင်လေ၏။

ထို့အတူ မြောက်လေတိုးအေး ကလည်း တသွေးသွေး ဖြူးနေပြန်ရာ ထိုညသည် လွန်စွာသာယာဖွယ်ကောင်းသော ညတစ်ညဟု တင်စားရပေတော့မည်၊

"မောင်တော်စက္ကူ . . . ခုလို နှမတော်နဲ့ တွေ့ဆုံရတဲ့ ဖျော်ရွှင်ချမ်းမြေ့ပါစ မောင်တော်"

"ဘယ့်နယ်ပြောလိုက်တာလဲ နှမတော်ရယ်၊ မောင်တော်လို အညတြ စောင်းသမားတစ်ယောက်ကို ဂုဏ်သတင်းကျော်ကြား ပကာသနမေါ်လွှားတဲ့ ရွှေမင်းသမီးတစ်ပါးက ခုလို လက်ခံတွေ့ဆုံခွင့်ပေးတာကိုကပဲ မောင်တော် စက္ကူအတွက် ကြည်နူးဝမ်းသာရပါတယ် နှမတော်ရှင်စောမယ်ရယ်"

"အို . . . မောင်တော်ရယ်"

နှမတော် ရှင်စောမယ်က စက္ကူ၏ရင်ခွင်ဆီသို့ ခေါင်းတိုးဝင်ကာ ဖို့တွယ်လိုက်သဖြင့် စက္ကူကလည်း ရှင်စောမယ်ကို ပိုင်းဖက်ထားလိုက်မိ၏။ စက္ကူနှင့် ရှင်စောမယ်တို့နှစ်ဦးသားမှာ လပြည့်ညရောက်တိုင်း ချိန်းဆိုကာ တွေ့ဆုံလေ့ရှိ၏။

ရှင်စောမယ်ကား ရမ္မာနဂရာမြို့တော်ကြီးဆီမှ နာမည်ကျော်ကြား လူသိများ၍ ဘုရင့်ရွှေနားတော်ပေါက် ကချေသည် ရွှေမင်းသမီးတစ်ယောက်ဖြစ်၏။ စက္ကူမှာကား ရမ္မာနဂရာမြို့တော်ဝန်းကျင်ရှိ မင်းဗန္ဓု၏လှေတပ်မှ လှော်ကားသားများ (လှေထိုးသား၊ လှေလှော်သားများ) စခန်းချ တပ်စွဲနေထိုင်ရာ လှော်ကားရွာတွင် နေထိုင်သူ သာမန်အရပ်သားမျှသာဖြစ်၏။ စက္ကူ၏ဖခင်မှာ ကျွမ်းကျင်သော လှေထိုးသားကြီးတစ်ဦးဖြစ်၏။

စက္ကူသည် ကွာ မင်းကြီး၏ ကောင်းမှုကြောင့် ဘုရင့်နန်းတွင်း၌ စောင်းတီးပညာဖြင့် ဖျော်ဖြေခွင့်ရသော၊ စောင်းဆရာကြီး ဝဇီရထံတွင် စောင်းပညာသင်ခွင့်ရခဲ့၏။ စောင်းဆရာကြီး ဝဇီရမှာ စက္ကူ၏ဖခင် လှေထိုးသား ဦးဝက္ကူ၏ မွေးစားဖခင်ဖြစ်၏။ ထို့ကြောင့်ပင် စက္ကူမှာ စောင်းဆရာကြီး ဝဇီရထံ၌ စောင်းပညာသင်ယူရုံမျှမက တစ်ခါတစ်ရံ နန်းတွင်းသို့တိုင်အောင် ဆရာကြီးနှင့် အတူလိုက်ပါခွင့်ရခဲ့၏။

မင်းသမီး ရှင်စောမယ်ကား နန်းတွင်း၌ အလွန်ထင်ပေါ်ကျော်ကြား၍ နန်းတွင်းသူ၊ နန်းတွင်းသားတို့ ကြိုက်နှစ်သက်သော ကချေသည်တစ်ဦးဖြစ်၏။ လွန်စွာအကအောင်းသော မင်းသမီးဟူ၍ ကဇီပွန်းတပ်ကြ၏။ ထို့ကြောင့် တပ်မှူးလေး သီဟကျော်စွာက မင်းသမီးလေး ရှင်စောမယ်ကို မျက်စိကျလေ၏။ ရှင်စောမယ်ကား တပ်မှူးလေး သီဟကျော်စွာထက် စောင်းသမားလေး စက္ကူကို ပို၍စိတ်ဝင်စား၏။ ပို၍တွယ်တာ၏။

ထို့အတူ စောင်းသမားလေး မောင်စက္ကူသည်လည်း ကချေသည်မလေး ရှင်စောမယ်ကို တစ်ခါမျှ တွေ့ကြုံဆုံစည်းရုံမျှဖြင့် ချစ်ခင်စွဲလမ်းမိခဲ့ရ၏။ စက္ကူနည်းတူ ရှင်စောမယ်သည်လည်း စက္ကူကို တွေ့ရုံမျှဖြင့် ရင်ခုန်ခဲ့ရသည်ကို စက္ကူနှင့် ရှင်စောမယ်တို့ နောက်တစ်ကြိမ် ဆုံသည့်အခါတွင် စက္ကူ သိခွင့်ရခဲ့ပါ၏။

ထိုသည်လိုနှင့် စက္ကူနှင့် ရှင်စောမယ်တို့နှစ်ဦး ချစ်သူဖြစ်ခဲ့ကြကာ လပြည့်ညရောက်တိုင်း ချိန်းဆို၍ တွေ့ဆုံမိကြ၏။

"မောင်တော်ရယ် . . . ရှင်စောမယ်ကို တောင်းရမ်းဖို့ မောင်တော် မကြိုးစားတော့ဘူးလားဟင်"

"နှမတော်ရယ် . . . မောင်တော်ကဖြင့် နှမတော်နဲ့ အခုပင် အတူနေလိုက်ချင်ပါဘိတော့၊ ဒါပေမဲ့ မောင်တော်ရဲ့ ဖခင်နဲ့ မွေးစားဘိုးဘိုးက ခေတ္တခဏစောင့်ပါလို့ မောင်တော်ကို တားမြစ်နေလို့ပါ။ မောင်တော့်အပေါ် စိတ်မဆိုးပါနဲ့ နှမတော်ရယ်"

"မောင်တော်ကို နှမတော် ယုံကြည်ကိုးစားရှိပြီးသားပါ၊ သို့ပေမယ့် တပ်မှူးလေး သီဟကျော်စွာရဲ့အရေးကသွေးမအေးဘူးမောင်တော်၊ နှမတော်ရဲ့ ဖခင်နဲ့ မယ်တော်တို့က တပ်မှူးလေးနဲ့

www.burmeseclassic.com

အလုပ်အကျွေးတွေလေ၊ တပ်မှူးလေး အမိန့်ကို နာခံမိမှာ နှမတော် စိုးထိတ်လှုပ်ယ် မောင်တော်ရယ်။ မောင်တော်ရော နှမတော်အတွက် မစိုးရိမ်မိဘူးလားဟင်"

"တယ်နှယ်ရှိစ နှမတော်ရယ်၊ မောင်တော်က နှမတော်ရဲ့ ချစ်သူပေပဲ၊ နှမတော့်ကို စွန့်လွှတ်ရမယ့်ကိစ္စ မစိုးရိမ်ဘဲ ရှိပုံမလားကွယ်၊ သို့သော်ငြား မောင်တော်တို့အဝင်က အညာတြိမို့ ကျောက်တိုင်ကို ခေါင်းနဲ့တိုက်ရမယ့် ကိစ္စတော့ မောင်တော် မဝံ့တာအမှန်ပဲ နှမတော်၊ ကဲပါလေ . . . မောင်တော်ရဲ့ဖခင်နဲ့ မွေးစားဘိုးဘိုးတို့ကို မောင်တော် နားဝင်အောင် ဖြည်းဖြည်းချင်း ပြောပြပြီး ရှင်စောမယ်ကို လာပြီးခေတာင်းရမ်းခိုင်းပါမယ်"

ညက ဝင်းဝင်းလက်လက် သာသည်သို့ ချစ်သူနှစ်ဦး၏ ချစ်ခြင်းမေတ္တာတို့သည်လည်း နွယ်ယှက်ကာ ရစ်ပတ်ခြုံသိုင်းလျက်ရှိချေ၏။ ထိုညကား နှစ်ဦးသား ရင်ခုန်ခဲ့ရသော ညတစ်ညသာလျှင်ဖြစ်၏။ မည်မျှကြာအောင် သာယာဖွယ် အာရုံကြောဌ် နစ်မျောနေမိကြသည်မသိ၊ လူပ်နှိုးမိချိန်တွင် အရုဏ်တက်ချိန် ဖြစ်နေလေပြီ။

"ရှင်စောမယ်"

"မောင်တော်. . . မိုးလင်းအား ကြီးလုပြီ၊ နှမတော်ကို မြို့တွင်းရောက်အောင် အမြန်လိုက်ပို့ပေးပါတော့နော်"

"ကောင်းပြီ နှမတော်"

စက္ကသည်သာ ပန်းဆက်သမား ကိုဗျတ္တပမာနှယ် ရှင်စောမယ်ကို ရမ္မာနဂရာမြို့တော်ကြီးဆီမှ ကြိုပို့ရသူဖြစ်ခဲ့၏။ စက္ကမှာ လှေထိုးသားကြီး၏ သားပီပီ လှေကိုကောင်းစွာလှော်ခတ်နိုင်၊ ထိုးနှိုင်းသူဖြစ်ရကား ရှင်စောမယ်ကို နေအလင်းခြောင် ဖြာမထွက်မီ ရမ္မာနာဂရာမြို့တော်ကြီးဆီသို့ အရောက်ပို့ဆောင်နိုင်ခဲ့ပါ၏။

သို့သော် စက္ကနှင့် ရှင်စောမယ်တို့ ခွဲခွါနှုန်းဆိုတွေ့ဆုံကြသည့် သတင်းကား မလိုတမာ သူယုတ်မာတို့၏ အပိုစကားကြောင့် တပ်မှူးလေး သီဟကျော်စွာ နားထဲပါး အရောက် ပေါက်ကြားခဲ့ပါလေ၏။

တပ်မှူးလေး သီဟကျော်စွာမှာ ဧရာတပ် တပ်မှူးကြီး မင်းဗန္ဓု၏ လက်အောက်မှ တပ်မှူးလေးတစ်ဦးဖြစ်၏။ ဘုရင့်ရေတပ်တော်ထွင် တပ်မှူးကြီး မင်းဗန္ဓုက ဦးစီးပြီး ရေတပ်တော်တွင်ရှိသည့် ဖောင်တော်၊ လှေတော်၊ ကတ္တူးလွန်းကြင်၊ သားလှေ၊ ဒုက်လှေ၊ သမ္ဗန်တော်၊ လှော်ကားတော် စသည်ဖြင့် အုပ်စုဖွဲ့ကာ အုပ်စုလိုက် တပ်မှူးတစ်ဦးထာဝန်ယူကြီးကြပ်ရ၏။ တပ်မှူးလေး သီဟကျော်စွာကား လှော်ကားတော် (တိုက်လှေကြီးများ) ကို ကြပ်ရသော တပ်မှူးလေးတစ်ပါးဖြစ်၏။

ထို့ပြင် ဘုရင်နှင့်တကွ တပ်မှူးကြီး မင်းဗန္ဓုကိုယ်တော်တိုင် ယုံကြည်စိတ်ချ အားကိုးရသူဖြစ်၍ ဂုဏ်သတင်းကျော်ကြားကာ ဩဇာတိက္ကမရှိ၏။ ရှင်စောမယ်၏ မိဘနှစ်ပါးမှာ တပ်မှူးလေး သီဟကျော်စွာ၏ အိမ်၌ အလုပ်အကျွေးပြုရသူများဖြစ်လေရာ တပ်မှူးလေး၏ အစီအမံနှင့်ပင် ရမ္မာနဂိုရိမြို့တွင်း၌ နေထိုင်ခွင့်ရခဲ့ခြင်းဖြစ်၏။

ထို့အပြင် ရှင်စောမယ် တစ်ယောက် ကချေသည်အဖြစ် မြို့တွင်းနှင့် နန်းတွင်းထိတိုင်- ကခွင့်ရခဲ့သည်မှာလည်း တပ်မှူးလေး သီဟကျော်စွာ၏ ကျေးဇူးပင်ဖြစ်၏။ ထို့ကြောင့် ရှင်စောမယ်၏ မိဘနှစ်ပါးကိုယ်တိုင်က ရှင်စောမယ်အား တပ်မှူးလေးထံ အပ်နှံရန် စဉ်းစားဆုံးဖြတ် သဘောတူပြီးသား ဖြစ်ခဲ့ကြ၏။

"တပ်မှူးလေး အမိန့်တော် အတိုင်း ကျွန်တော်မျိုးတို့ နာခံပါ့မယ်၊ တပ်မှူးလေး စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်တော်မူပါ"

"အင်း. . . ကျွပ်ကလည်း ယခင်ကတော့ အေးအေးဆေးဆေးမှ ဒီကိစ္စကို စီစဉ်ဖို့ပါ၊ သို့သော်လည်း ဦးမင်းတို့သမီးက စိတ်မချစရာလမ်းကြောင်းတွေ သွေဖည်နေတာမို့ ကျွပ် ခုလို အမြန်စီစဉ်လိုက်ရတဲ့အပေါ် ကျွပ်ကို နားလည်ပေးကြပါ"

မြို့တွင်းသို့ ရှင်စောမယ်ရောက်သည့်အချိန်တွင် မင်္ဂလာပွဲဆင်နွှဲရန် ပြင်ဆင်ပြီးလေပြီ။ ရုန်းမထွက်သာပြီမို့ ရှင်စောမယ်တစ်ယောက် တပ်မှူးလေး သီဟကျော်စွာ၏ လက်ထပ်ထိမ်းမြားခြင်း ကမ်းလှမ်းမှုကို လက်ကမ်း၍ ခေါင်းညိတ်ကာ ဆင်နွှဲလိုက်ရ၏။ ထို့ကြောင့် ရှင်စောမယ်မှာ ကချေသည်မင်းသမီးလား ဘဝမှ တပ်မှူးလေး ကတော်အဖြစ် အဆောင်အယောင်၊ အခေါ်အဝေါ်တို့မှာ ချက်ချင်းပြောင်းလဲသွားရ၏။ ဂုဏ်ဒြပ်မြင့်မားသွားရ၏၊ သို့သော် ရှင်စောမယ်ကား ထိုဘဝင့် မပျော်ပိုက်ချေ။ သည်အတွက် ရှင်စောမယ်တစ်ယောက် အဆောင်တော်တွင်ဝင်ကာ ကျိတ်ပုန်းလေး ငိုနေရှာ၏။

ထိုသို့ တပ်မှူးလေး သီဟကျော်စွာနှင့် ရှင်စောမယ်တို့ လက်ထပ်ထိမ်းမြားလိုက်သည့် သတင်းကလည်း ရမ္မာနဂိုရိမြို့တွင်းဆီမှ ပျံ့နှံ့၍ လှော်ကားကျေးရွာနေ စောင်းသမားလေး စက္ကသို့ ရောက်ရှိသွားလေ၏။ စက္ကအနေဖြင့်ကား ဘာမျှမတတ်နိုင်။ အားမတန် မာလျှော့၍ ပူဆွေးသောက ဖြစ်ရုံမှတစ်ပါး အခြားမရှိပါလေ။

"သားရယ် . . . ဘဘတို့ဘဘတွေက နိမ့်ကျလွန်းတာမို့ ကိုယ်းမထိုက်တန်တဲ့အရာ မှန်သမျှကို မမျှော်မှန်းတာ အံ့ကောင်းဆုံးပါပဲကွယ်၊ အဲလို ဥပေက္ခာပြုလိုက်ရလို့လည်း ဝမ်းနည်းပူဆွေးမနေနဲ့၊ ပူဆွေးသောကမှ သမျှဟာ မိမိကိုယ်ကို ပြန်နှိပ်စက်တဲ့ အရာတွေပဲကွယ်"

ဖခင်ဖြစ်သူ၏ စကားကို နာထောင်ရင်း စက္ကတစ်ယောက် အံကြိတ်၍ လက်သီးကိုဆုပ်ကိုင်ကာ သူ၏ ခံစားချက်တို့ကို မြေလျှော့ပစ်လိုက်၏။ သေသော် သူ၏အတွေးအာရုံထဲတွင်တာ

www.burmeseclassic.com

ကချေသည်မလေး ရှင်စောမယ်၏ ရုပ်လွှာက ဖျောက်ဖျက်၍မရအောင် ထင်ကျန်ရစ်နေဆဲ ရှိလေ၏။ သည်လိုနှင့်ဖင် နေ့မှညရောက် မိုးချုပ်ပျောက်၍ နံနက်မိုးသောက်ခဲ့ရသည့် ရက်များလည်း မနည်းတော့ပေ။

"ဟေ့. . . တပ်မှူးလေး ကြွလာတယ်ဓဟ့"

"ဟေး. . . ကိုယ်တော်လေး ကြွလာတဲ့ယ်ဟေ့"

ပြောဆိုပြေးလွှားသံများကား လှော်ကားလေတပ်စခန်းအတွင်း လှုပ်ခတ်သွား၏။ လှေထိုးသားကြီး ဦးဝဏ္ဏသည်လည်း တပ်မှူးလေး၏ အမိန့်နာခံရန် အသင့်ပြင်ဆင်ထား၏။ မကြာမီ တပ်မှူးလေး သီဟကျော်စွာ လှေတပ်စခန်းအတွင်း ဝင်ရောက်လာ၏။

"လှေထိုးသားကြီး"

"အမိန့်တော် နာခံလျက်ပါ တပ်မှူးလေး"

"ကျုပ်ရဲ့ ကြင်ရာတော် ရှင်စောမယ်တစ်ယောက် မောင်မင်းတို့စခန်းကို ရောက်လာတယ်ထင်ပါ့"

တပ်မှူးလေး၏ စကားကြောင့် လှေထိုးသားကြီး ဦးဝဏ္ဏ စုဉ်းစားရ ကျပ်သွားသည်။ ဒူးထောက်ခေါင်းငုံ၍ အမိန့်တော်နာခံနေလျက်မှ သူ့အနီးရှိ လှေထိုးသား ငမော့ကို မျက်လုံးဖြင့်စွေကြည့်ကာ အသံတိတ်မေးလိုက်၏။ ငမော့ကလည်း မျက်လုံးဖြင့်ကြည့်၍ အဖြေပြန်ပေးလိုက်၏။ အဓိပ္ပာယ်မှာ သူတို့ဘာမျှမသိနားမလည်ကြောင်းသာ ဖြစ်ကြ၏။

"အမိန့်တော်ကို အမြန်လျှောက်တင်ကြစမ်း"

"မှန်လှပါ တပ်မှူးလေး၊ တပ်မှူးလေး၏ ကြင်ရာတော်ရှင် ကျွန်တော်မျိုးတို့စခန်းကို မလာရောက်တာ အမှန်ပါ တပ်မှူးလေး"

"ဒါဆိုရင် သင်တို့စခန်းမှာနေတဲ့ အညာကြောင်းသမား မောင်စက္ကရော ဘယ်မှာလဲ"

"မှန်လှပါ၊ ရှေ့တော်မှောက်ခစားရောက်ရှိနေကြောင်းပါ တပ်မှူးလေး"

ဦးဝဏ္ဏက အလျင်အမြန်ဖြေဆိုကာ သားတော်စက္ကကို ရှေ့တော်သို့တိုး၍ ခစားစေလိုက်၏။ ထို့စဉ် -

"တပ်မှူးလေး. . . တပ်မှူးလေး၊ ကြင်ရာတော် ရှင်စောမယ်ကို တွေ့ရှိခဲ့ကြောင်းပါ ဘုရား"

လှေတပ်သားတစ်ဦးက တပ်မှူးလေး၏ရှေ့မှောက် ဝင်ရောက်ခစားရင်း မှ အလျင်အမြန် လျှောက်တင်လိုက်၏။

ထိုစကားကြောင့် တပ်မှူးလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ -

"မောင်မင်း. . . အကြောင်းစုံကို ငါ့ကိုအမြန်လျှောက်တင်စမ်း"

"မှန်လှပါ. . . ရှင်စောမယ် တစ်ယောက် ယုန်သလောက်ချောင်းအတွင်းမှာ ရေနစ်သေဆုံးနေကြောင်းကို ယခုပင် တွေ့ရှိခဲ့ရကြောင်းပါဘုရား"

"ဘယ်လို. . . မောင်မင်း၊ ကျုပ်ရဲ့ကြင်ရာတော် ရှင်စောမယ် ရေနစ်သေဆုံးတော်မူပြီ၊ ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ ဒါမဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

တပ်မှူးလေး သီဟကျော်စွာ၏ အော်ဟစ်ကြွေးကြော်သံက လှော်ကားလှေတပ်စခန်းအတွင်း ပဲ့တင်ထပ်သွား၏။ ထိုနည်းတူစွာ စောင်းသမားလေး စက္ကတ်၏ ရင်တွင်း၌လည်း မီးစနှင့်အတို့ခံလိုက်ရသည်ကဲ့သို့ နာကျင်စွာ ခံစားနေရသည်ကိုကား စက္ကမှလွဲ၍ မည်သူမျှ မသိပါပေ။

"မှန်လှပါ၊ စိတ်အေးအေးထား၍ လိုက်လံကြည့်ရှုစစ်ဆေးတော်မူပါ တပ်မှူးလေး"

"တောက်"

ပြင်းရှသော ဒေါသသံနှင့်အတူ ပြန်လှည့်ထွက်သွားသော တပ်မှူးလေး၏ မျက်စောင်းက အညာကြောင်းသမားလေး စက္ကတ်၏နှလုံးသားကို ထိခိုက်ကြမ္မသွားစေပါ၏။ တပ်မှူးလေးအဖွဲ့ ဟိုးဝေးဝေးသို့ ရောက်သွားပါမှ စက္ကတစ်ယောက် ရှိက်ကြီးငင်ငင် ငိုကြွေးရရှာ၏။ လှေတော်သားများကမူ စက္ကတ်အဖြစ်ကို ကိုယ်ချင်းစာ၍ စိတ်မကောင်းဖြစ်ကြ၏။ ထိုနေ့ တစ်နေ့လုံး စက္ကတစ်ယောက် ရှင်စောမယ်၏အကြောင်းကို ဝေဝဲပျော်ရင်း မိုးစုံးစုံးချုပ်ခဲ့ရလေ၏။

"မောင်တော်စက္က. . . နှမတော် မောင်တော်အပေါ် ထားတဲ့ မေတ္တာနဲ့ သစ္စာတရားကို မြောင်တော်ယုံပြီမဟုတ်လား၊ နှမတော် ဘယ်ဘဝကို ရောက်ရောက်ဟောဒီသံသရာတစ်လျှောက်လုံး မောင်တော်ကလွဲလို့ နှမတော် ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး မောင်တော်၊ ဒါဟာ နှမတော်ရဲ့ သစ္စာစကားပါ။

နှမတော်ရဲ့ သစ္စာစကားကို မောင်တော်စက္က ယုံကြည်တယ်ဆိုရင် သံသရာတစ်ကွေ့ကွေ့မှာ မောင်တော်နဲ့ နှမတော်တို့ အတူတွေ့ဆုံပြီး ပျော်ပါးသင့်ရပါစေလို့ မောင်တော် ဆုတောင်းပေးပါနော်၊ နှမတော့် မောင်တော်နဲ့ဆုံတွေ့ဖို့ ရောက်ရာဘဝက စောင့်မျှော်နေပါ့မယ် မောင်တော်"

"နှမတော် ရှင်စောမဇ်. . . နှမတော်. . . မောင်တော်ကို မထားခဲ့ပါနဲ့"

"ဟဲ့သား . . . မင်း ဘာတွေ ယောင်အော်နေတာလဲကွယ်၊ ကောန္တ အိပ်မက် မက်နေတာနဲ့တူတယ်၊ မင်း စိတ်အစွဲတွေကို ဘေးဖယ်ပြီး ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားနေလိုက်ပါသားရယ်၊ အဲဒါမှ ငါ့သားစိတ်ဝမ်း အေးချမ်းသွားလိမ့်မယ်"

"ဟုတ် . . . ဟုတ်ကဲ့ပါ ဘဘ၊ သား ဘဘပြောသလို ကြိုးစားပါ့မယ်"

ဖခင်ဖြစ်သူကို ပြောမယ့်သာ ပြောလိုက်ရသည်။ စက္ကတ်၏ နှလုံးသားထဲတွင်တော့ ရှင်စောမယ်က ဖျောက်ဖျက်၍မရသေး။

အိပ်မက်ထဲထိတိုင် ခွဲခွာ၍မရသော ရှင်စောမယ်၏ နှလုံးသား စကားများက စက္ကတ်၏ နားနှစ်ဖက်၌ စွဲထင်ကျန်ရစ်နေခဲ့သည်မှာ တစ်ဘဝသရာ မကတော့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၃၁) ဘုံ ကျင်လည်ရသော သတ္တဝါများထဲတွင် စကားရော၊ ရှင်စောမယ်ရော ပါဝင်ကြရသည်သာ။

သို့သော် များပြားပွေလီလှသော သံသရာကြောတွင် မည်သို့မည်ပုံ မျော်ခဲ့သည်ကိုကား စကားရော ရှင်စောမယ်ပါ မသိနိုင်။ သို့ရာတွင် တစ်ခါတစ်ရံက သစ္စာပြုခဲ့သော သစ္စာစကား၏ ပုံတင်သံများကမူ လောကကြီးအတွင်းတွင် မြည်ဟည်း ကျန်ရစ်နေဆဲရှိ၏။

ထိုသစ္စာစကား ပုံတင်သံများက ပင် တစ်ခါတစ်ရံက ချစ်သူနှစ်ဦးဖြစ်ခဲ့ဖူးသော စကားနှင့် ရှင်စောမယ်တို့နှစ်ဦးအား ဘဝပေါင်းကို ပြန်၍ သတိရစေခဲ့ပါ၏။

"ဒီလောက်ဆိုရင် မောင်တော် ယုံလောက်ပါပြီနော်၊ ရှင်စောမယ် မောင်တော်ကို ဘယ်ဘဝရောက်ရောက် မျှော်လင့်နေတယ်ဆိုတာ မောင်တော် ယုံရဲလားဟင်၊ ဖြစ်နိုင်ရင် ရှင်စောမယ်နဲ့ မောင်တော်တို့ အတူတကွ ပေါင်းသင်းနေချင်ပြီ မောင်တော်၊ ရှင်စောမယ် ရှိရာကို မောင်တော် လာခဲ့ပါလားဟင်၊ ရှင်စောမယ် စောင့်ကြိုနေပါတယ်၊ လာပါ မောင်တော်ရယ်... လာနော်၊

မောင်တော်နဲ့ ရှင်စောမယ်တို့ ခွဲခွာခဲ့ကြရတဲ့ နှစ်ပေါင်းဟာ တစ်ထောင့်နှစ်ရာ စွန်းခဲ့ပါပြီ မောင်တော်ရယ်၊ ဆက်ပြီး နှမတော် မောင်တော်နဲ့ ခွဲမနေပါရစေနဲ့တော့၊ နှမတော် အပေါ်မှာ ချစ်အား မပြယ်သေးဘူးဆိုရင် နှမတော်ဆီ မောင်တော် လာခဲ့ပါနော်၊ နှမတော် မောင်တော်ကို လာပြီးစောင့်ခေါ်နေတာ။

နှမတော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါနော်၊ မောင်တော်... မောင်တော် စကား၊ လာ... လာခဲ့နော်"

"အေး... အေး ဟော့ဒီမှာ ကျားခြေရာ တွေ့တယ်၊ ဇာတ်ရုပ်ထဲ ကျားဝင်သွားပြီနဲ့တူတယ်၊ ဇာတ်ထဲက လူတွေစစ်ကြည့်ဦး၊ ကျားဆွဲတာ ဘယ်သူပါသွားသလဲလို့"

"ဟာကွာ- ဒီလောက်ပြေပြန့်ကြီးမှာ ကျားလာတာ မဖြစ်နိုင်ဘူး၊ ဒီခြေရာတွေက ကျားခြေရာတွေဖြစ်မယ်ဆိုရင်လည်း ဒီကျားဟာ နို့နို့ကျား မဖြစ်နိုင်ဘူး"

"ဇာတ်ဆရာ... ဦးဇာတ်ဆရာ၊ ဇာတ်ရုပ်ထဲ ကျားဝင်လို့တဲ့၊ အဲဒါ ထပြီး ကြည့်ပါဦး"

တစ်ယောက်တစ်ပေါက် အော်ဟစ်ဆူညံသံများကို ကြားနေရသော်လည်း ကျွန်ုပ်မျက်လုံးများမှာ လေးလံနေဆဲဖြစ်၍ ထရန် ဝန်လေးနေမိ၏။ ထိုစဉ် ထပ်မံ၍ ကျွန်ုပ်အား အော်ခေါ်လှုပ်နှိုးနေမှုကြောင့် ကျွန်ုပ်မှာ အိပ်နေရာမှ မှန်ဝါးဝါးဖြင့် ထထိုင်ကာ ပတ်ဝန်းကျင်ကို ကြည့်နေလိုက်မိ၏။

ကျွန်ုပ်ရှေ့တွင် ဇာတ်သူဇာတ်သားတချို့ ရပ်သူရပ်၊ ထိုင်သူထိုင်ကာ ကျွန်ုပ်အား ကြည့်နေကြ၏။ အချို့သူတို့ကား ကျွန်ုပ်နှင့် မလှမ်းမကမ်း တစ်နေရာတွင် စုပြုံကာ ဝိုင်းငုံကြည့်နေကြ၏။ ထို့ကြောင့်

"နေပါဦး၊ ဟိုလေ ဘာကိုဝိုင်းအုံပြီး ကြည့်နေကြတာလဲ"

ဟူ၍ စူးစမ်းကာ မေးကြည့်လိုက်၏။

"ဇာတ်ရုပ်ထဲဝင်လာတဲ့ ကျားခြေရာကွက်ကို ကြည့်နေကြတာလေ"

"မဖြစ်နိုင်တာဗျာ"

"မဖြစ်နိုင်ဘူးဆိုရင် ဇာတ်ဆရာကိုယ်တိုင် သွားပြီးကြည့်လိုက်ပါ"

ကျွန်ုပ်မှာ စိတ်မြန်သူပီပီ လူများဝိုင်းအုံကြည့်နေရာသို့ ချက်ချင်းထသွားကာ လေ့လာ စူးစမ်းကြည့်လိုက်၏။ ကြောင်ခြေရာသဏ္ဌာန်ထက်ကြီးသော ခြေရာကွက်နှစ်ကွက်ကိုကား နှာခေါင်းလင်းစွာ မြင်တွေ့လိုက်ရ၏။ ထိုခြေရာကွက်တို့မှာ ကျားခြေရာတွက်အစစ်ဖြစ်သည်မှာ မြဖစ်သည်ကိုကား ကျွန်ုပ်ကိုယ်တိုင် ဆုံးဖြတ်၍မရခဲ့။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ ရန်ကုန်သားစစ်စစ်ဖြစ်၍ ကျားခြေရာစစ်စစ်ကို တစ်ခါဖူးမျှ မြင်ဖူးခဲ့ခြင်း မရှိသောကြောင့် ဖြစ်၏။

"ကဲပါဗျာ... ဒါဟာ ကျားခြေရာဆိုလည်း ကျားခြေရာပေါ့၊ ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မယ်၊ ဘာပဲဖြစ် ဖြစ် ကျွန်တော်တို့ ဇာတ်အဖွဲ့သားတွေ လူစုံတက်စုံ မှီ မရှိဆိုတာကဘဲ အရေးကြီးပါ၊ တယ်၊ ဖိုးခွားရေ... ဇာတ်ထဲကလူတွေ လိုက်စစ်ကြည့်ကွာ၊ ပြီးရင် ငါ့ကိုလာပြော ကြားလား"

ကျွန်ုပ်က စကားနည်းရန်စဲသည့်သဘော စကားကြောဖြတ်ကာ ကျွန်ုပ်စေခိုင်းနေကျ ကားဆွဲကရင်းနှီး ဖိုးခွားကို ခိုင်းလိုက်၏။ ဖိုးခွားမှာ ကျွန်ုပ်၏ စေခိုင်းချက်ကို ဆောင်ရွက်ရန် ကျွန်ုပ်အနီးမှ ထထွက်သွားသဖြင့် ကျွန်ုပ်လည်း အခြားကိစ္စများ ဆောင်ရွက်ရန် ထိုနေရာမှ ဇာတ်ရုံအပြင်ဘက်သို့ ထွက်ခဲ့မိလေ၏။ ဇာတ်ရုံအပြင်ဘက်၌ ရောင်နီသန်းကာ နေခြည်နုနုက ဖြာထွက်လင်းလက်၍ တောက်ပနေလေပြီ။

◆

"ကိုမြင့်သောင်းရေ... ညက တော့ ရမ္မာနဂိုရိမ်မြို့ ဟောင်းက ရာဇဂင် ဟောင်းကြီးကို အိပ်မက်မက်ခဲ့ရတာ ကျုပ်ကိုယ်ကျုပ်တောင် စဉ်းစားရခက်နေတယ်၊ ပြီးတော့ အဲဒီရာဇဂင်ဟောင်းကြီးထဲက အညာကြောင်းသမား စကားဆိုတာ ကျုပ်ကိုယ်တိုင်ဖြစ်နေတာက ပိုပြီးအံ့သြဖို့ကောင်းတယ်၊ ဒီထက်ပိုပြီး အံ့သြစရာကောင်းတာက..."

စကားပြောနေရင်းက တံတွေးသီးသွားသည်မို့ ခေတ္တရပ်လိုက်ရ၏။

"ဇာတ်ဆရာ. ဆက်ပြောလေ၊ ဆတ်တင့်ဆဲ့ မလုပ်နဲ့နော်၊ ဇာတ်ဆရာ ဇာတ်လမ်းက ကျွန်တော့်တို့ ဝါးတစ်ရာ ကွေးရွာသားတွေတောင် မျက်စိလည်စရာဖြစ်နေပြီ"

ကိုမြင့်သောင်းက ဝင်ထောက်ပြောဆိုရင်း ကျွန်ုပ်၏ စကားဆက်ကို စောင့်မျှော်နေရှာ၏။ ထို့ကြောင့် ကျွန်ုပ်က စကားဆက်ပြောရပြန်၏။

www.burmeseclassic.com

"မနေ့ညက ကျုပ် မင်းဗန္ဓုစေတီ ရင်ပြင်ပေါ်မှာ စောင်းတီးနေတုန်း တွေ့လိုက်ရတဲ့ မြစိမ်းရောင်မင်းသမီးဟာ ကျုပ်ရဲ့အိပ်မက်ထဲမှာ ကချေသည် မင်းသမီးလေး၊ ရှင်စောမယ် ဖြစ်နေတာပဲ၊ ကျုပ်ကို စောင်းသမားစက္ကအဖြစ် ဒီနေ့ထိ သူ မှတ်မိသေးတာရယ်၊ စွဲလမ်းစောင့်မျှော်နေသေးတာရယ်ဟာ ကျုပ်အတွက် အတော်အံ့သြထိတ်လန့်ဖွယ်ဖြစ်ရပ်ဆန်းတစ်ခုပဲဗျာ၊ ဒီလိုအဖြစ်မျိုးတွေ ခင်ဗျားတို့ ကြုံခဲ့ဖူးသလား"

"ကျွန်တော်တို့ ကြုံခဲ့ဖူးတာတော့ ဆရာ့အဖြစ်နဲ့ မတူဘူး၊ ဟောဒီ မင်းဗန္ဓုစေတီပေါ်ကို ကိုးကွယ်တက်တဲ့ ခြေရာတွေတော့ မကြာခဏ တွေ့ရတတ်တယ်၊ လူကြီးတွေကတော့ အဲဒါ တကယ့် ကျားအစစ် မဟုတ်ဘူးတဲ့၊ မေတ္တာဘာဝနာပွားပြီး အမျှအတန်းပေးဝေဖို့ အမြဲတမ်း မှာတယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ညက ကျုပ်ရဲ့ဇာတ်ရုံထဲကို ကျားဝင်တယ်ဆိုတာလဲညီး တကယ့်ကျား မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ပြောတဲ့ ကျားပဲဖြစ်ရမယ်၊ ဒါဆိုရင် ဒီမင်းဗန္ဓုစေတီတော်ကြီးမှာ"

"ဟုတ်တယ်ဆရာ၊ ဒီမင်းဗန္ဓုစေတီတော်ကြီးဟာ ရှေးသမိုင်းဝင်စေတီတော်ကြီးတစ်ဆူဖြစ်တာကြောင့် ရှေးရာဇဝင်ကြောင်းတွေနဲ့ ဆက်နွယ်နေမယ် ဆိုတာတော့ ကျွန်တော်တို့ ယုံကြည်တယ်၊ ဘာကြောင့်လဲဆိုရင် ဟောဒီ ကျွန်တော်တို့ ဝါးတစ်ရာကျော်ရှာကြီးဟာ ရမ္မာနဂိုရ်မြို့ဟောင်းကြီး အတွင်းမှာ ရှိနေခဲ့လို့ပဲ၊ အဲဒါကြောင့် ဆရာမက်ခဲ့တဲ့ အိပ်မက်ဟာ ဟော်ဒီ ရမ္မာနဂိုရ်မြို့ဟောင်းမှာ တကယ်ဖြစ်ဗျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုဆိုတာတော့ ကျွန်တော်တို့ ငြင်းလို့ရမယ် မထင်ဘူး။

ဒီတော့ ဒီရှာက ရှာလူကြီး ဘကြီးပြူးပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်၊ အဲဒါက ဘာလဲဆိုတော့၊ မင်းဗန္ဓုစေတီတော်ကြီးဟာ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီး ဖြစ်တာကြောင့် ရှေးရာဇဝင်ကြောင်းတွေနဲ့ အမှန်တကယ် ဆက်စပ်နေမယ်၊ ပြီးတော့ ရမ္မာနဂိုရ်မြို့ဟောင်းက လူဟောင်းတွေနဲ့လည်း တစ်နည်းတစ်ဖုံ ဆက်စပ်နေတယ်၊ အဲဒါကြောင့် ဒီစေတီတော်ကြီးကို ဝိုင်းဝန်းစောင့်ရှောက်ကြသူတွေ ရှိကြလိမ့်မယ်၊ အဲဒါတွေကို မလေးမစား မလုပ်ကြပါနဲ့တဲ့"

ကိုမြင့်သောင်းက စကားကို ရှည်လျားစွာ ပြောလိုက်ရသဖြင့် မောသွားဟန်ရှိကာ ခေတ္တနား၍ ကျွန်ုပ်ကို ဒီအကဲခတ်ကြည့်လိုက်ရာ ကျွန်ုပ်အကြည့်နှင့် မျက်လုံးချင်းဆုံသွားရ၏။

"အေးဗျာ၊ ကျုပ်အတွက်တော့ အခြားအံ့သြစရာတွေထက် နှစ်ပေါင်းတစ်ထောင့်နှစ်ရာကျော် ကြာခဲ့တဲ့တိုင် စောင်းသမားလေး စက္ကကို မေ့မရနိုင်သေးတဲ့ ကချေသည် ပန်တျာမင်းသမီးလေး ရှင်စောမယ်ရဲ့ နှလုံးသား သစ္စာစကားကို ကျွန်တော် အံ့သြလို့မဆုံးပါဘူးဗျာ၊ အဲဒီ နှစ်ပေါင်းထောင်ကျော်တဲ့ အထိ ရှင်စောမယ်ရဲ့ ဝိညာဉ်က ဟောဒီ ရမ္မာနဂိုရ်မြို့ဟောင်းနေရာမှာ ရှိနေသေးတာကလည်း ပိုပြီးထူးဆန်းနေတယ်၊ အေးလေ- ကျုပ်အတွက်တော့ မယုံနိုင်စရာဖြစ်ပေမယ့် ယုံကြည်လက်ခံလောက်တဲ့ ဇာတ်လမ်းတစ်ပုဒ် ရလိုက်တာတော့ အမြတ်ပဲဗျို့"

"အင်း . . . ဒီဇာတ်လမ်းမှာ အလိုအလျောက် မင်းသားဖြစ်သွားတဲ့ ဇာတ်ဆရာကို ကျွန်တော်က ပိုပြီး သံသယဖြစ်မိတယ်၊ ဇာတ်ဆရာ ခဏလေးနော်၊ ကျွန်တော် ဇာတ်ဆရာအသားကို ခဏကိုင်ကြည့်ပါရစေ"

ကိုမြင့်သောင်းက ကျွန်ုပ်အား ခွင့်ပန်စကားပြောဆိုပြီး ကျွန်ုပ်၏လက်မောင်းကို ဆွဲကိုင်ပြီးနောက် အနည်းငယ် ဆိတ်ကြည့်လိုက်၏။

"အား. . . နာတယ်ဗျ"

"အင်း. . . ဒါဆိုရင် ဇာတ်ဆရာလူစင်စစ်ဖြစ်တာ ကျွန်တော်ယုံပါပြီ"

"အမယ်လေးလေး. . . ဘာလဲ၊ ခင်ဗျားက ကျုပ်ကို လူမစစ်ဘဲ နတ်ဖြစ်နေတယ်လို့ ထင်တာပေါ့လေ၊ ဟုတ်လား၊ ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

ကျွန်ုပ်၏စကားကြောင့် ကိုမြင့်သောင်းက အားပါးတရ ရယ်မောသကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်လည်း သဘောကျနှစ်သြိုက်မိကာ အားပါးတရ ရယ်မောမိပါတော့သည်။

ထိုစဉ် မင်းဗန္ဓုစေတီတော်မြတ်ကြီးထဲပါးမှ ဆည်းလည်းသံလွင်လွင်က မပြတ်လှုပ်ခတ်သံကို ကြားလိုက်ရရာ ကျွန်ုပ် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ကြက်သီးမွေးညင်းများ ထသွားပါတော့သည်။

ချစ်မင်းဘွဲ့

❑

www.burmeseclassic.com

www.burmeseclassic.com

HIV ပိုးတွေ ထွန်းအောင်ရင်

မော်လမြိုင် ရန်ကုန် ရထားကြီး ငမိုးရိပ်တံတားကို ဖြတ်ပြီးသည်နှင့် ကျွပ် စင်ပေါ်က အိတ်ကို ဆွဲချလိုက်တယ်။ မကြာခင် ရန်ကုန်ဘူတာကြီးကို ရောက်တော့မယ် မဟုတ်လား။

အမှန်တကယ်တော့ ကျွပ် ဒီခရီးကို ကသုတ်ကရက် ထွက်လာဖို့ မဟုတ်ခဲ့ပါ။ သိတင်းဝါကျွတ်လောက်မှ လာဖို့ ပြင်ဆင်ထားတာ။ ဟိုကောင် လုပ်တာနဲ့ ကျွပ် ခရီးထွက်ဖြစ်သွားခဲ့တာ။ ဟိုကောင် ဆိုတာ ကျွပ်သား တော့်မောင်ကို ပြောတာပါ။ မနေ့က ကျွပ် သူငယ်ချင်း ထွန်းအောင်ဆီက ခေါ်လာတယ်။

"အောင်မြင့်ရေ၊ မင်းသား ကျော်မောင်တော့ မိန်းမယူလိုက်ပြီ"

"ဘာ- ကျော်မောင် မိန်းမယူလိုက်တယ်၊ ဒီကောင်ကွာ"

"သူငယ်ချင်း၊ မင်းသားမိန်းမယူလိုက်တယ်ဆို၊ မင်း ဒီလောက်ထိ စိတ်ဆိုး ဒေါသဖြစ်စရာ မလိုဘူးလေကွာ၊ ဘာဖြစ်လဲ အချိန်တန်အရွယ်ရောက်လို့ ယူတာ ယူပါစေပေါ့ကွာ"

"မင်းမသိဘူး ထွန်းအောင် ဒီကောင့်ကို ငါအတန်တန် ပြောထားရက်နဲ့ ဒီတစ်သက် မင်းအိမ်ထောင်ပြုဖို့ မစဉ်းစားနဲ့လို့ ငါပြောတုန်းက စိတ်ခိုပါအဖေ၊ ကျွန်တော် အဖေ့စကား နားထောင်ပါ့မယ်ဆိုပြီး ခုတော့ တောက်"

"သူငယ်ချင်းရေ ဒေါသတွေ ဒီလောက်တောင်ထွက် မနေပါနဲ့၊ မင်း ဘာဖြစ်ချင်လဲ၊ ငါ ဘာလုပ်ပေးရမလဲ"

"ငါ မနက်ဖြန်ရထားနဲ့ ရန်ကုန် လာခဲ့မယ်၊ ထွန်းအောင် ဒီကောင်နဲ့ ငါ တွေ့မှ ဖြစ်မယ်"

ကျွပ် ဖုန်းချလိုက်ပြီး ခရီးကို ထွက်ဖြစ်ခဲ့တာပါ။

www.burmeseclassic.com

ကျပ်တို့သားအဖ အကြောင်းကို ပြောပြချင်ပါတယ်။

ကျပ်နာမည်က ဦးအောင်မြင့်ပါ။ ရေကျောင်းအုပ်ကြီးဘဝနဲ့ သက်ပြည့်ပင်စင်စား တစ်ယောက်ပါ။ သတုံခရိုင် မေါင်မြို့နယ်ထဲက ရင်းငြိမ်ဆိုတဲ့ ရွာလေးဟာ ကျပ်ရဲ့ ဇာတိကျေးရွာလေးပါ။

ကျပ်ဇနီး ဆုံးသွားတာ ကြာပါပြီ။ အရွယ်ရောက်နေပြီဖြစ်တဲ့ သားသမီး (၃)ယောက်ရှိတယ်။

သမီးအကြီးက ကျပ်သူငယ်ချင်း ထွန်းအောင်ရဲ့သားနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်မှာ နေတယ်။ သမီးလတ်က ရွာမှာ ကျောင်းဆရာမ လုပ်ပြီး ကျပ်နဲ့ အတူတူနေတယ်။

ကျပ်သား ကျော်မောင်ကတော့ အငယ် ဆုံး အဆိုးဆုံးကောင်ပေါ့။ ကျပ်ကို တော်တော်ဒုက္ခပေးတဲ့ကောင်။ မိဘများက သိပ်ခက်တယ်၊ ဆိုးတဲ့ သားသမီးကို ပို့ချစ်ကြတယ်။ ပို ဂရုစိုက်ကြတယ်။

မနှစ်ကဆို ဒီကောင် ကျော်မောင် လုပ်လို့ ကျပ်အနှစ်နှစ် အလစ်စုဆောင်းထားတဲ့ ပိုက်ဆံ ကုန်ပါရောလား။ ဒီကောင့်ကို ကျပ်သူငယ်ချင်း ထွန်းအောင်ရဲ့ ကားဝပ်ရှော့မှာ ပညာလေး တတ်ပါစေတော့ဆိုပြီး လွှဲခဲ့တဲ့ (၅)နှစ်လောက်က ပို့ထားခဲ့တာ။

မနှစ်က ရွာကို မမာမကျန်းဖြစ်ပြီး ပြန်လာတယ်လေ။ ပိန်ပြီးမည်းလို့ အများက မှတ်ကျား။ ဝမ်းတွေလည်း သွားနဲ့။

ကျပ်မသက်တာနဲ့ မော်လမြိုင် အထူးကုဆေးခန်းမှာ ဆေးစစ်ကြည့်တော့ ဒီကောင့်ဆီမှာ H.I.V ပိုး တွေ့ရတယ်။ AIDS အဆင့်တော့ မရောက်သေးဘူး။ ကျပ်လည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး။

ဆေးခန်းက ဆရာဝန်ကြီးရဲ့ အကူအညီနဲ့ ရန်ကုန်က NGO အဖွဲ့ကိုသွားပြပြီး သင်ဆေးခန်းမှာ ဆေးကုတယ်။ ဆေးဖိုးပါးခ အခမဲ့ဆိုပေမယ့် သွားလာစရိတ်တွေ စောက်တော်ကုန်ကျသွားတယ်။ နောက်တော့ ဆေးခန်းကပေးတဲ့ ART ဆေးတွေ သောက်ပြီး ကျပ်သား နာလန်ပြန်ထူလာခဲ့တာပါပဲ။

ဆေးကုသပေးတဲ့ အဖွဲ့ကိုလည်း ကျပ် ကျေးဇူးတင်မိပါတယ်။

ဒီကောင့်ကိုပေးတော့ သူမဟုတ်တာ ဘာမှမလုပ်ပါဘူးတဲ့။ သူလက်မောင်းမှာ ဆေးမင်ကြောင် ထိုးမိတာက ဖြစ်တယ်လို့ ပြောတာပဲ။

ဘယ်လိုကြောင့်ပဲ ဖြစ်ဖြစ်ပါ။ ကျပ်တို့ မိဘတွေဘက်က ငွေကုန်လူပန်းတော့ ဖြစ်ရတာပါပဲ။ ဒီကောင် ကျန်းမာရေး ပြန်ကောင်းလာတော့ ထွန်းအောင်တို့ဆီ အလုပ်သွားပြန်လုပ်မယ် ပြောတယ်။

တော်သေးတာက ဒီကောင့်ရောဂါကို ကျပ်တို့ရွာက ဘယ်သူမှ မသိလိုက်တာရယ် ပြန်ပြန်ပြီးပြီး ကျန်းမာလာတာကိုပဲ ကျပ် ဝမ်းသာနေမိတယ်။

ဒီကောင် ရန်ကုန်ပြန်မယ်လုပ်တော့ သားကို ကျပ် တိုးတိုးတိတ်တိတ် ကျိတ်ပြီး မှာလိုက်ပါတယ်။

"မင်းမှာ ဒီရောဂါရှိနေတယ်ဆိုတာ မင်း သိတယ်နော်"

"သိပါတယ် အဖေရယ်"

"မင်း အိမ်ထောင်ပြုဖို့ မစဉ်းစားနဲ့တော့၊ သူများ သားသမီးကို ရောဂါ အမွေမပေးနဲ့၊ ငါ ဆိုလိုတာကို မင်း သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် အဖေရယ်၊ သား အဖေ့စကား နားထောင်ပါ့မယ် စိတ်ချပါ"

ဒီကောင် ခုလို ကျပ်ကို အဖြေပေးခဲ့တာ ခု ကျပ်စကား နားမထောင်တာကို ကျပ်ဒေါသ မဖြစ်ရဘူးလားဗျာ။ ကျပ်ဒီကောင့်ကိုတွေ့ရင် ပါးတွေ နားတွေ ပိတ်ရိုက်ပြီးကို ပြောဦးမှာ။

ကျပ်နောက်ကြောင်းတွေ ပြန်တွေးနေချိန်မှာပဲ ရထားက ရန်ကုန်ဘူတာကြီးထဲ ဝင်နေပါပြီ။ ရထားပေါ်ကဆင်း နံပါတ်(၆) စင်္ကြံကို ပြောင်း၊ လက်မှတ်ဝယ်ပြီး ကျပ်သမီးကြီးရှိရာ အုတ်ကျင်းတူတာကို မြို့ပတ်ရထားပဲ ဆက်စီးခဲ့တယ်။

❋

"အခု နင့်မောင် ဘယ်မှာလဲ၊ သွားခေါ်စမ်း သမီး"

"မောင်လေး ခရီးဘူး အဖေ၊ အေးအေးဆေးဆေး နားပါဦး အဖေရယ်၊ အဖေ ဒီစာကို ဖတ်ပြီးရင် အဖေသိချင်တာတွေ အားလုံးသိသွားမှာပါ"

သမီးကြီး ကမ်းပေးသော ကျော်မောင့်စာကို ကျပ် ချက်ချင်း ဖောက်ဖတ်လိုက်မိတယ်။

'သို့ . . .

မင်္ဂလာပါ အဖေ'

"စောက် မမင်္ဂလာဘူးကွ၊ စောက်ကြီး စောက်ကျယ်နဲ့"

'သားစာကို ဆုံးအောင်ဖတ်ပြီးရင် အဖေ စိတ်ဆိုးပြေသွားမှာပါ၊ အဖေ ဒီစာကို ဖတ်နေတဲ့အချိန်မှာ သားရွာကို ရောက်နေပါပြီ'

"သမီး ဒီကောင် ရွာကို ဘာသွားလုပ်တာလဲ"

"အဖေ စာကို ဆက်ဖတ်ပါ၊ အဖေ သိလိမ့်မယ်"

'သားဘဝမှာ သားကိုအထောက်အကူပေးနိုင်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ တွေ့ပြီး လက်ထပ်လိုက်ခြင်း ဖြစ်ပါတယ်'

"မလုပ်သင့်တဲ့ ကိစ္စပဲ၊ သူများသားသမီးကို ဒီကောင် ဒုက္ခပေးတာပဲ၊ သမီးတို့ သိသိချင်း မတားကြဘူးလား"

ကျပ်က သမီးကြီးကို လှမ်း၍ အပြစ်တင်တော့ . . .

"အဖေ စာကိုသာ ဆုံးအောင် ဖတ်ပါဦး"

'အဖေ ပြောပြောနေတာလေ၊ ရွှေတိဂုံဘုရားကြီး မဖူးရတာလည်း ကြာပြီ၊ ဦးနာတာလည်း ပြုချင်တယ်၊ သူငယ်ချင်းနဲ့ သမီးကိုလည်း တွေ့ချင်တယ်၊ မြေးတွေကိုလည်း သတိုနေ

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုလို့ အဖေ့ဆွေမျိုးတွေ ပြည့်အောင်သား စီစဉ်လိုက်တာပါ'

"ငါ့ဆွေမျိုးတွေနဲ့ သူ ဝိန်းမယူတာနဲ့ ဘာဆိုင်လို့လဲ"

'ကျော်မောင် မိန်းမယူလိုက်ပြီလို့ ဦးလေးထွန်းအောင် ဖုန်းဆက်မယ်။ အဖေ့ကို ဖုန်းအိမ်က လာပြောတော့ အဖေ သားကို ဒေါသထွက်မယ်။ မိဘစကားနားမထောင်ရကောင်းလားလို့ ဆိုပြီး ရိုက်နှက်ချင်စိတ်တွေနဲ့ အဖေ ချက်ချင်း ရန်ကုန် လိုက်လာတော့မယ် ဆိုတာ သားသိတယ်လေ။

အဖေ ရန်ကုန်ရောက်တော့ သားစာကို ဆုံးအောင် ဖတ်ပြီးရင် အခြေအနေ အရပ်ရပ်ကို သဘောပေါက်ပြီး ကျေနပ်သွားလိမ့်မယ်'

"ငါက ဘာကို ကျေနပ်ရမှာလဲ"

'အဲဒီအခါကျတော့ အဖေ့သမီးကြီးနဲ့ မြေးတွေကို တွေ့ရမယ်။ အဖေ့သမက်က အဖေ့ ဦးနှောတာကို နာမည်ကြီး ဆေးခန်းတစ်ခန်းမှာ သွားပြဖို့ စီစဉ်ပေးလိမ့်မယ်။ သားသမီး မြေးတွေနဲ့ အတူတူ နောက်ရက်တွေမှာ ရွှေတိဂုံဘုရားကို အစ်မကြီးက ပို့ပေးလိမ့်မယ်။

နောက်- အဖေ့သူငယ်ချင်း ဦးလေးထွန်းအောင်က သူ့အိမ် လည်း တစ်ညလောက် လိုက်အိပ်ဖို့ အဖေ့ကို ခေါ်သွားမယ်။ အဖေနဲ့ နှစ်ယောက် သား ရွေးဟောင်းနှောင်းဖြစ်တွေ ပြောကြရင်း ညနက်မှ အိပ်ကျမယ်။'

"အဲမာ မင်းက သိနေလိုက်တာ ထွာ"

'နောက်ရက်မှာ အဖေစားချင့်တဲ့ ဒန်ပေါက်ထမင်းဆိုင် တစ်ဆိုင်ကို ခေါ်သွားပြီး ထမင်းကျွေးမယ်။ ငယ်ငယ်က အကြောင်းတွေ ပြန်ပြောကြမယ်။ အဖေ စိတ်ချမ်းသာမယ်။ ပြန်လည်နုပျိုသွားသလို ခံစားရမယ်။ ဒါတွေဖြစ်စေချင်လို့ သားတာ စီစဉ်ပေးလိုက်တာပါ။

အဖေ ရန်ကုန် မရောက်တာ ကြာပြီမို့ အေးအေးဆေးဆေး နေပါအေး။ ရွာမှာ ကျန်ခဲ့တဲ့ အစ်မလေး အတွက်လည်း နောက်ဆံမတင်းနေပါနဲ့။ သားတို့ လင်မယား ထာဝန်ယူပေးထားပါ့မယ်။

အဖေ ချစ်တဲ့သား ကျော်မောင်'

"ဘာ အဖေချစ်တဲ့သားလဲ၊ မင်းစာက ငါ့စိတ်ချမ်းသာမှုကို မပေးနိုင်ဘူး၊ ငါကလည်း မင်းကို ခွင့်မလွှတ်နိုင်ဘူး၊ မင်းက ရောဂါသည်၊ သူများ သားသမီးကို ရောဂါပေးဖို့ ငါက ကျေနပ်ရမှာလား"

ကျွပ် မကျေမနပ်နဲ့ ဒီကောင့်ကို စိတ်ထဲက ကြိမ်းဝါးနေတာကို အရိပ်အခြည်ကြည့်နေတဲ့ သမီးကြီးက...

"အဖေ အဲဒီစာဖတ်ပြီးရင် သူ စာရေးတာ မပြည့်စုံလို့ ဒီစာကိုပါ ပေးပါလို့ မှာသွားတယ်"

"မဖတ်တော့ဘူးသမီးရာ၊ အဖေ ဒီကောင့်ကို တော်တော်ဒေါသ ထွက်နေတယ်၊ မနက် ရွာကိုပြန်မယ်၊ ဒီကောင့်ကို အပြန်ဆုံးတွေ့မှ ဖြစ်မယ်"

"အဖေ မဖတ်ရင် သမီးပဲ ဖတ်ပြတော့မယ်"

သမီးကြီးက စာကို ထုတ်ပြီး...

"အဖေ သားကို ဒေါသတွေနဲ့ မကြည့်နေပါနဲ့"

သမီးလက်ထဲက စာကို ကျွပ် မကျေမချမ်းကြည့်နေရာက ချက်ချင်း မျက်နှာလွှဲလိုက်မိတယ်။

'သားအခု လက်ထပ်ယူလိုက်တဲ့ အမျိုးသမီးဟာ သားလိုပဲ ART ဆေးသောက်နေရသူ တစ်ယောက်ပါ။ သူ့အမျိုးသားက ဆုံးသွားပါပြီ။ သားသမီး မရှိပါ။ သဘောသားဖြစ်တဲ့ သူ့အမျိုးသားဆီက ဒီရောဂါကို သူ ရခဲ့တာပါ။ သားတို့နှစ်ယောက် ဆေးထုတ်ရာက ခင်မင်ရင်းနှီးလာခဲ့ပြီး အထီးကျန်နေတဲ့ သူ့ဘဝနဲ့ ခြောက်သွေ့နေတဲ့ သားတို့ ဘဝကို ပေါင်းစပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

သက်ဆိုင်ရာ ဆရာဝန်တွေနဲ့ ဆွေးနွေး တိုင်ပင်ပြီးပါပြီ။ သူ့မှာ ယောကျ်ားဘက်က ကျန်ရစ်ခဲ့တဲ့ ငွေကြေးဥစ္စာ တော်တော်များများ ရှိပါတယ်။ သားက ငွေမက်၍ ယူတာ မဟုတ်ပါ။ ဒါပေမဲ့ သားက သူအားကိုး ထိုက်သူ တစ်ယောက်ဖြစ်အောင် နေသွားမှာပါ။ အရင်ကလို သားမမိုက်တော့ပါ။ နောက်ပြီး သားတို့ သားသမီး လုံးဝယူမည် မဟုတ်ပါ။ အဖေ နားလည် ခွင့်လွှတ်ပေးပါ ခင်ဗျာ။

သား'

ကျွပ် ဘာမပြောရတော့မှာလဲ။ နားလည်ပေးရတော့မှာပေါ့။ ခွင့်ပြုပေးရတော့မှာပေါ့။

"သမီးရေ၊ အဖေ တစ်ပတ်လောက်နေမှ ပြန်ခဲ့တော့မယ်လို့ ညည်းမောင်ကို ဖုန်းဆက်လိုက်တော့"

သမီးကြီး၏ ပီတိအပြုံးများက ကျွပ်ဒေါသများကို လွင့်စဉ်ပြေပြိမ်းသွားခဲ့တယ်ဆိုတာကို ကျွပ်ဝန်ခံပါတယ်။

ထွန်းအောင်ရင်

❑

www.burmeseclassic.com

www.burmeseclassic.com

သင်ခန်းစာပို့ချ

မိုးမြင့်မောင် (သာရဏဝါ)

မောင်ရင်ထွေးဆိုသည့် ကလေးငယ်က သူ့ကိုတွေ့လိုက်သည်နှင့် လှမ်းလာသည့်ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

ပြီးနောက် သူ့ကို ပါးစပ်ကလေး အဟောင်းသားနှင့် ကြောင်ကြည့်နေပြီး ကာမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ကလေးက သူလက်ထဲတွင် ရှိနေသော ကြွပ်ကြွပ်အိတ် အထုပ်လေးကို နောက်သို့ ဆတ်ခနဲ ပို့လိုက်၏။

ရုတ်ခြင်း၊ ကြောက်ခြင်းများ ရောပြွမ်းသော မျက်နှာငယ်လေးကို သူ ပြုံးပြီး ကြည့်လိုက်၏။

"ဘယ်ကပြန်လာသလဲ မောင်ရင်ထွေး"

ကလေးငယ်သည် သူ့အမေးကို မဖြေနိုင်ဘဲ နေရာတွင်ပင် မလှုပ်မယှက် ရပ်နေ၏။

ကလေးငယ်ကို နွေးထွေးစွာ ပြုံးပြရင်း မျက်နှာမူရာဘက်ဆီသို့ အေးဆေးဆေး ဆက်လျှောက်သွားသည်။

"ဆရာ မြစ်ဆိပ်ကိုပဲလား"

သူ့အတွေးနှင့်သူ လျှောက်လာစဉ် သောင်ပြင်မှပြန်လာသည့် အပေါ်ပိုင်း ဗလာကျင်းထားသည့် ရွာသားတစ်ယောက်က သူ့ကို ဦးညွှတ်ပြီး နှုတ်ဆက်သည်။ လူချင်းတေးနေသဖြင့် အရက်နံ့မရသော်လည်း မျက်နှာအနေအထားနှင့် လမ်းလျှောက်လာပုံက ဒီလူသောက်စားထားပြီဖြစ်ကြောင်း သူ သိလိုက်၏။

သူပင်ကိုပုံစံအတိုင်း ပြုံးပြရင်း "ဟုတ်ကဲ့ပါ" ဟု ပြန်လှန် နှုတ်ဆက်လိုက်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ သိပြီးပြီလား။ ဝင်းဘိုကြီး အလောင်း မခေါက်မှာသွားပေါ့တယ်"

ဒီသတင်းကိုလည်း ကျောင်းမဆင်းခဲမှာပင် သူသိခဲ့ပြီး ဖြစ်သည်။ ရေငုပ်ကျွမ်းကျင်သည့် အင်းပရိရွာသား ဝင်းဘိုကြီး ရေနစ်သေသည့်သတင်းက ရွာထဲမှာရော ကျောင်းမှာပါ ပြောရ မဆုံးနိုင်သော သတင်းထူး။

"မတော်နိုင်ဘူးပေါ့ဗျာ၊ သတ္တဝါတွေဆိုတာက ကံစီမံရာကို ခံကြရတာပဲ မဟုတ်လား"

အမှန်တကယ် သူ ပြောချင်သည်များကတရားသဘောများမဟုတ်။ သို့သော် ပကတိအားဖြင့်မူ သူစကား ကလည်း အမှန်ပင်။

တိုက်တိုက်ဆိုင်ဆိုင် သူတို့၏ ဝဘက် ကိုက် ၃၀၀ ခန့်တွင်ရှိနေသော ရွာသချိုင်းကုန်းဆီသို့ အကြည့်ရောက် မိသည်။ သောင်ပြင်တွင် ကုတ္တိုပင်ကြီး တစ်ပင်နှင့် အုတ်ဂူ တစ်လုံးထည်းသာ ရှိနေသော သချိုင်းမြေက လွမ်းမောဖွယ်ရာ ပန်းချီကားတစ်ချပ်နှင့်တူသည်ဟု သူခံစားမိသည်။

တစ်လုံးတည်းသာ ရှိနေသော အုတ်ဂူလေးသည်၊ ဘဲကျော်မြင့် ၏ အုတ်ဂူ။ ဘဲကျော်မြင့်ဆိုသူက ဒီရွာတွင် ဘဲအကြီးအကျယ်မွေးပြီး ချမ်းသာစွာ နေခဲ့သူ။ အရက်သောက်ပြီး အကျိုးဖျက်ဖြင့် အိပ်ပျော်သွားစဉ် အသက်ပါ ဝါသွားခဲ့သူ။

ဒီသချိုင်းမြေ၌ ဖုတ်ကြည်း မြှုပ်နှံထားသူများထဲတွင် အချိန်မတိုင်မီ တွယ်လွန်ခဲ့သူများ၊ မသေသင့် မသေထိုက်ပါပဲ သေဆုံးခဲ့သူများ မည်မျှရှိနေပြီနည်း ဟူ၍လည်း တွေးနေမိသည်။

♦

"ဟေ့- တို့ဆရာ အကြော်စား ဟေ့၊ ခုံကို အပြင်ထုတ်ပေး"

မြစ်ဆိပ်က အကြော်တဲရှေ့ သူ ရောက်မိလိုက်သည်။ သူက အကြော်တဲဟု ဆို စွဲစွဲမြဲမြဲ မှတ်ထားသော်လည်း ဒီ အကြော်တဲလေးမှာ မျိုးစုံရသည်။

ဒီမြစ်ဆိပ်က လှည်းကူးနိုင်သည့် ကူးတို့ဆိပ် မဟုတ်သော်လည်း ဝန်ပေါ် သွားလာသူများ အများဆုံး အသုံးပြုသည့် ကူးတို့ဆိပ်။ ရွာထဲမှာ အကြော်ဆိုင်များ ရှိသော်လည်း သူတကတော့ မြစ်ဆိပ်ရှိ ဒီအကြော်တဲဆီသို့ ရက်ခြား ဆိုသလို လာဖြစ်ခဲ့သည်။

ရွာထဲကထွက်ပြီး စိုက်ခင်း စိမ်းစိမ်းစိုစိုနှင့် ပန်တင်လှသော သောင်ပြင်ကြီးကိုဖြတ်ပြီး မြစ်ဆိပ်သို့ လမ်းလျှောက်ရသည်ကို သူ နှစ်သက်သည်။

"ဆရာ ရပြီ၊ အေးအေးဆေးဆေးထိုင်နော်"

ဆိုင်ရှင်အမျိုးသမီးက သတိပေးလိုက်မှ မြစ်တစ်ဖက်ကိုကျော်ပြီး လှေတန်းကျွန်းကြီးရွာဘက်သို့ ငေးမော နေမိသည်ဟု သူ ထိုင်ခုံတွင် ထိုင်လိုက်မိသည်။

"ဆရာတဲ့"

"နွားသင်းကွပ်တဲ့ဆရာပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ ဝက်သင်းကွပ်တာ"

သူ့ကို တိုက်ရိုက်စော်ကားလာသည့် စကားများဆိုသည်မှာ သေချာသည်။ သူ မသိမသာ တစ်ချက်ငဲ့ကြည့်ပြီး အနေမလုပ်ဘဲ နေလိုက်၏။

အရက်သမားများက သူ့ မမြင်ဖူးသောလူများ ဖြစ်နေပြီး ဟိုဘက်ကမ်းက လူများ ဖြစ်ဖို့များသည်။ ရွာခံများဆိုလျှင် သူ့ကို စပ်၊ နောက်ခံမည် မဟုတ်။

ဒီနေရာကိုလာသည်ကပြဿနာ ဖြစ်ဖို့မဟုတ်။ အရက်သမားများနှင့် လည်း စကားပြောချင်စိတ် မရှိ။

"သောက်တဲလည်း ကြည့်သောက်ဦး၊ ဝင်းဘိုကို ကြည့်စမ်း၊ တို့ မျက်စိရှေ့တင်"

ဆိုင်ရှင်အမျိုးသမီးက သဘော မဆိုးဟု မှတ်ချက်ပြုရမည်။ အရက်ရောင်းသည်ဆိုသော်လည်း အရက်သမားကို အသောက်မကြူးစေရန်သတိပေးဖော်ရသည်။

စီးကရက်ဘူးများတွင် "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်" ဆိုသည့် စာတန်းလေး ရိုက်နှိပ်ထားသကဲ့သို့။

"ဒီကောင်ကြီးက လွန်ပါတယ်ဗျာ၊ အဲဒီနေ့က ဖွားနှင်းကြိုင်ချောင်းကျိုးထဲမှာ သူတို့အဖွဲ့တွေ ငါးလိုက်ဖမ်းပြီး ကင်လိုက်၊ အရက်နဲ့မြည်းလိုက် လုပ်နေတာ၊ အဲဒါကို ဒီအင်းထဲက ငါးတွေက ဘဲခွေစော်နံတယ်ဆိုပြီး မြစ်ထဲမှာ ပုစွန်တုပ် ငုပ်မယ်ဆိုပြီး တစ်ယောက်တည်း ထဲသွားတာတဲ့၊ သေချင်လို့ကို သွားတာဗျာ"

"အေး ဟုတ်တယ် ဟုတ်စာယ်၊ တို့ရွှေတင်ပဲလေ၊ မြစ်ထဲကို ဗိုင်ဇင်ပစ်ချလိုက်တာ တစ်ခါတည်း ပေါ်မလာတော့ဘူး"

"ရေကူးတတ်ရက်သားနဲ့"

ဝင်းဘိုအလောင်းရသည့်သတင်းကို ကြားပြီးဖြစ်သော်လည်း မည်သို့မည်ပုံ သေဆုံးရသည်ကို သူ အသေးစိတ် မသိသေး။

ဆိုင်ရှင်နှင့် အရက်ဝိုင်းက လူတချို့ ပြောနေသည့်စကားများကို နားစိုက်ထောင်လိုက်မိသည်။

"အလောင်းရတော့ သူ့ပုဆိုးခါးပုံစထဲမှာ ပုစွန်တုပ်သုံးကောင် ဒီအတိုင်း ပါလာတယ်တဲ့"

"ဟဲ့- သူ့ကို သတ္တဝါကြီးတစ်ကောင်က ဆူးတုတ်ကြီးနဲ့ရိုက်ပြီး မြစ်ထဲအတင်းဆင်းခိုင်းလို့ ဆင်းရပါတယ်ဆိုပြီး ဝင်ပူးပြီး ပြောသတဲ့"

ဆိုင်ရှင်အမျိုးသမီးစကား ကြားလိုက်ရတော့ သူပြုံးပြီး မသိမသာ ခေါင်းညိတ်မိသည်။

♦

ခြံဝိုင်း သေးသေးလေးအတွင်း သူဝင်ထာသည်ကို တွေ့လိုက်ဆည်နှင့် အိမ်ရှင်အမျိုးသားက အားနာသွားဟန်ဖြင့် အိမ်ကြမ်းပြင်အဆင့်မှ အောက်သို့ ဆင်းပြီး မတ်တတ်ရပ်ကြိုလိုက်သည်။

"ကျွန်တော့်ကို အားမနာပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အာ- မဟုတ်တာ ဆရာရယ်၊ ရာ ကျွန်တော့်ဆီ ဘာကိစ္စ"

အိမ်ရှင်အမျိုးသား မေးသည်ကို ဖြေသေးဘဲ ခြံအတွင်းရော အိမ်းတွင်းကိုပါ ခြုံငုံကြည့်လိုက်သည်။ ခြံတွင်း သရက်ပင်ငုတ်တွင် ခွိတ်ဆွဲကားသော ငါးဖမ်းပိုက်တန်းများ၊ ငါးဘင်မြှားများကို တွေ့ရသည်။ ယင်းပစ္စည်းများကိုမူ ဖရိုဖရဲနှင့် ခြံထဲအနှံ့ တွေ့သည်။ အရှည် ၁၅ ပေခန့် ထောင်ဘ်ထားသော ဝါးလုံးတွင် နီးကြိုးသိုင်းကားသော လှမ်းခါစ ငါးရံ့ခြောက်များ ကောင်းကင်ပြာနောက်ခံတွင် ယင်းတလောင်းလောင်းနှင့်။

"ကလေးကိုတော့ အရက် မဝယ်ပါနဲ့ဗျာ"

"ဗျာ"

ရုတ်တရက် တုံးတိတိ ပြောချဲ့ကသော သူစကားကြောင့် အိမ်ရှင်အမျိုးသား ကြောင်စီစီဖြစ်သွားသည်။

"ဩော်- ဒီလိုပါ၊ မောင်ရင်ထွေးလေးကို အရက်မဝယ်ခိုင်းပါနဲ့လို့ ပြောတာ"

"ဆရာ့ရယ်"

"စိတ်မရှိပါနဲ့၊ ခင်ဗျားတို့ကို နားလည်ပါတယ်၊ နားလည်ဆို ကျွန်တော်လည်း အရင်က အရက်သမားပါပဲ"

"ဗျာ"

အိမ်ရှင် ဒုတိယအကြိမ် ထပ်မံအမေးခံတိုပြုမိသည်။ တစ်ရွာလုံးကလေးစားသမှု ပြုနေရသည့် ဒီကျောင်းဆရာသည် အရက်သမား ဖြစ်ခဲ့သည်ဟုသည်မှာက မယုံကြည်နိုင်စရာ။

"ကျွန်တော်လည်း အဖေ့အတွက် အရက်ဝယ်ပေးရင်း အရက်ကို သိမသာ မြည်းစမ်းလာရင်းက အရက်သမား ဖြစ်သွားတာပဲ"

♦

အပြင်ဘက်တွင် မိုးဖွဲဖွဲမျှသာ ရွာနေသော်လည်း ပြတင်းမှန်များအနီး၌ ခရီးသည်များက ပြတင်းမှန်များကို စုလိုက်ကြသဖြင့် ကားထဲတွင် လေလုံကာ အိုက်စပ်စပ်နှင့်။ ခရီးသည်များ ပြည့်နေခြင်း မရှိသော်လည်း စိုထိုင်းထိုင်း အဝတ်နံ့များ၊ လူတို့၏ချွေးနံ့များနှင့် ခရီးသည်များမှာ မသက်သာရှာ။

ခရီးသည်များထဲတွင် မြင့်စိန်ကမူ သူ့ဆီက ထူးထူးခြားခြား အနှံ့တစ်မျိုး ထုတ်လွှင့်နေသည်။

"အရက်စော်ကလည်း နံလိုက်တာ၊ ဒီလိုအခွံနှံကြီးမှာများ"

ယုဇနပလာဇာရွှေက တက်လာသည့် မြင့်စိန်တစ်ယောက် ယာဉ်နောက်လိုက် ရိပ်မိမည်စိုးသဖြင့် ဟန်ဆောင်ကောင်းခဲ့သော်လည်း ကားထဲတွင်တော့ ဟန်မဆောင်နိုင်တော့။ သူ့ခေါင်းကို မနည်းထူမတ်နေရသည်။ ယာဉ်နောက်လိုက်က ယာဉ်နောက်ပိုင်းသို့ အတင်းဝင်ခိုင်းသဖြင့် မြင့်စိန် တစ်ယောက် တဖြည်းဖြည်း တိုးဝင့်လာခဲ့သည်။

ခရီးသည်များက သူ့ကိုကြည့်ပြီး နှာခေါင်းရှုံ့ကြသည်ကို မြင့်စိန် သတိပြုမိသည်လည်း ရှိ၏။ မပြုမိသည်လည်း ရှိ၏။

"အလဲ့ . . . တယ်ဟုတ်"

ရီဝေဝေဖြစ်နေသည့် မြင့်စိန် တဒင်္ဂအားဖြင့် မျက်လုံးများ ပြူးကျယ်သွားသည်။ ယာဉ်နောက်ဆုံးရှိ ခြောက်ယောက်တန်းထိုင်ခုံအလယ်တွင် ထိုင်နေသော စုံတွဲတစ်တွဲ။ ကားတစ်စီးလုံးတွင် သူတို့နှစ်ဦးတည်း ရှိသည့်နှယ်။ အသက်ငယ်ငယ်များ မဟုတ်ကြ။ အမျိုးသားက လူကြမ်းမင်းသားများပင် ထိုင်ရှိခိုးရမည့် ရုပ်မျိုး။ ခေတ်ရှေ့ပြေးကာ ဆင်ယင်ထားသည့် သူ့အဖော် အမျိုးသမီးက ဆံပင်ကျဲကျဲနှင့်။ အမျိုးသမီး၏ အပေါ်နှုတ်ခမ်းနှင့် နှာခေါင်းသည် အချိုးညီစွာလန်နေသည်။

"ဟေ့ကောင်- ဘာကြည့်တာလဲ"

အမျိုးသားက မြင့်စိန်ကို စူးစူးရဲရဲကြည့်ပြီးမေးသည်။ မြင့်စိန်က သူ့ကို မေးသည်ဟု မထင်။ ပြန်မဖြေမိဘဲ မျက်နှာတစ်ဖက်သို့ လွှဲလိုက်သည်။

"ဟေ့ကောင်- မင်းကိုမေးနေတာ၊ မင်း ငါ့မိန်းမကို ဘာဖြစ်လို့ကြည့်တာလဲ"

အမျိုးသားက မတ်တတ်ထရပ်ပြီး မြင့်စိန်၏ပခုံးကို ကိုင်လှုပ်ပြီး မေးသည်။

မြင့်စိန်တ ခေါင်းယမ်းပြသည်။ သူက အရက်သောက်ထွေးသော်လည်း သတိတော့ရှိသည်။ သူ့အနေဖြင့် မျက်စိရှေ့ကစုံတွဲကို ကြည့်မိလိုက်သည်- မှန်သော်လည်း မိန်းမတစ်ယောက်တည်းကို ကွက်မကြည့်မိတာတော့ သေချာ၏။

"သူတောင်းစား၊ အရက်စော်ကို နံနေတာပဲ"

အခြေအနေမဟန်မှန်းသိသဖြင့် မြင့်စိန်က ကားရှေ့ပိုင်းသို့သွားရန် ပြင်လိုက်သည်။ မသွားမီ တစ်ချက်မျှ စုံတွဲဆီသို့ အကြည့်ရောက်မိပြန်သည်။

"အံမယ် ကြည့်ပြန်ပြီ"

"ခွပ်"

အချောင်သက်သက် ခံလိုက်ရခြင်းပင်။ မြင့်စိန်၏ ဘယ်ဘက်ပါးက ပူခနဲဖြစ်သွားသည်။

"ကြည့်ဦးလေကွာ၊ ကြည့်. . . ဒီလောက်ကြည့်ချင်တာ"

"ခွပ်"

"အာ"

"ငမူးက လာလာချည်သေး"

"ခွပ်"

မြင့်စိန် အချောင်သက်သက် အထိုးခံလိုက်ရသည်က လက်သီးသုံးချက်။ သူ ပြန်မခုခံနိုင်။ ရီဝေဝေဖြစ်နေသဖြင့် သူတွင် ခွန်အားမဲ့သကဲ့သို့ဖြစ်နေသည်။ ဘေးလူများကို မျက်နှာငယ်လေးနှင့် အကူအညီရလိုရခြား ကြည့်မိ၏။

မျက်နှာစိမ်းများက အသားလွတ် ထိုးနေသည့် တစ်ဖက်လူ၏ အပြုအမူကို လက်ခံချင်ပဲ မရသော်လည်း သူဘက်တွင်လည်း ရှိမနေသည့်ပုံ။

မတရား ခံနေရမှန်းသိအောင် အော်တစ် ပြောလိုက်ချင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com

အရက်သောက်ထားသဖြင့် သူဘက်က တစ်ပန်း ရှိုးနေသည်ကိုတော့ သိနေသည်။

"ဒီကောင် အရက်သမား၊ ကြာကူလိ"

မြင့်စိန်ကိုထိုးကြိတ်သည့် အမျိုးသားက သူလုပ်ရပ် တရားမျှတကြောင်း အခြားသူများအား ထင်မြင်စေလိုပုံရ၏။ ထပ်မံ ထိုးရန်ပြင်သည်။ သူ့အဖော် အမျိုးသမီးကလည်း တားဆီးရကောင်း မှန်း မသိ။

ဘီလူးသဘက်ထက် ကြမ်းတမ်းဟန်ရှိသည့် ဒီအမျိုးသားကို မြင့်စိန် အကြောက်ကြီး ကြောက်နေပြီ။ သူ့ခြေလှမ်းများကို ကားရှေ့ပိုင်းသို့ ရွှေ့စေသော်လည်း ခြေထောက်များက တုံ့ဆိုင်းနေ၏။

တစ်ဖက်လူ၏အကြည့်က "မင်းငါလုပ်တိုင်း ခံရမယ့်ကောင်ပါကွာ" ဟူသောအကြည့်မျိုး။

သူစိုးရိမ်သည့်အတိုင်းပင် လူစိမ်း၏ ဘယ်ဘက်လက်က သူ့အင်္ကျီရင်ဘတ်ကို လာဆွဲပြီး ညာဘက်လက်သီးကို မြင်သည်။

"ဒီမှာ ခင်ဗျား တော်လောက်ပြီ"

ဖြူဆွတ်ဆွတ် စပို့ရှပ်အင်္ကျီဝတ်သူတစ်ယောက်။ သူက ကားရှေ့ပိုင်းကနောက်သို့ တိုးလာပြီး ဖြစ်စဉ်ကို စပြီဆိုကတည်းက ကြည့်နေသူ။

"ခင်ဗျားကို ဘာမှလည်း မြန်မလုပ်ဘဲနဲ့ ဒီလောက်နဲ့ တော်ပါတော့၊ ဘာမှမြန်မလုပ်တဲ့သူကို အများရှေ့မှာ လူစွမ်းကောင်းလုပ်ပြဖို့ မသင့်ပါဘူး"

"တောက်- မင်းက"

မြင့်စိန်ကို ထိုးကြိတ်နေသူက တောက်ခေါက်လိုက်၏။

နိုင်လိုမင်းထက် လုပ်လိုသူတို့၏ သဘောသဘာဝအရ အမှန်တရားကို အလွယ်တကူ လက်ခံချင်ပုံမရ။

"ခင်ဗျား ရှေ့ကိုသွား"

စပို့ရှပ်အင်္ကျီဖြူ ဝတ်ထားသူက မြင့်စိန်၏နောက်ကျောကို တွန်းကာ ကားရှေ့ဘက်သို့ တွန်းထိုးခေါ်သွားရန် ကြိုးစားသည်။

"ဟေ့ ဟေ့"

"ဟေ့လူ မလုပ်နဲ့လေ"

"ဟယ်"

"အ"

မြင့်စိန်ဘက်က ရုပ်တည်ပေးသူ၏ ဝဘက်လက်မြင်အောက်သို့ ခြောက်လက်မအသွားရှိ ဓားမြှောင်တစ်ချောင်းက အဆုံးအထိ ဝင်ရောက်သွားခဲ့ပြီး နောက် ကားပေါ်တွင် သွေးဖျက်ထိတ်လန့်ဖွယ်ရာ အခင်းအကျင်းတစ်ခုက မလိုလားအပ်စွာ ဖြစ်ပေါ်လာတော့သည်။

"ဟုတ်တယ်၊ ကျုပ်လိုတန့်ဖိုးမရှိတဲ့ အရက်သမားတစ်ယောက်ကြောင့် ကြားထဲက အဖိုးတန်လူတစ်ယောက် အသက်ဆုံးခဲ့ရတယ်၊ သူက ပညာတတ် လူငယ်တစ်ယောက်ပါ။ သူ့ညီဝမ်းကွဲ တစ်ယောက်အတွက် (၁၀)တန်း အမှတ်စာရင်းသွားထုတ်ပြီး အပြန်မှာဖြစ်တာ၊ အဲဒီတုန်းက ကျွန်တော် (၁၀)တန်းကို လေးကြိမ် ကျပြီးနေပြီ၊ ဘယ်လောက်မှား ရင်နာစရာကောင်းလိုက်သလဲ"

မောင်ရင်ထွေးတို့အဖေက သူ့ရှေ့က အရက်ထည့်ထားသည့် စတီးသောက်ရေခွက်လေးကို စူးစူးနစ်နစ် ကြည့်နေသည်။

"ကျွန်တော့်ဘဝမှာတော့ တစ်သက်လုံး မေ့ဖျောက်လို့မရတဲ့အဖြစ်ပဲ၊ သူ့မိဘတွေခမျာ ယူကျုံးမရပေါ့ဗျာ၊ ကျွန်တော် တကယ်ပဲ နောင်တရမိတယ်၊ ကျွန်တော့်ကြောင့် ကြားချောင်သေခဲ့ရတဲ့ သူ့အတွက် အချည်းနှီးမဖြစ်စေရအောင် ကျွန်တော် လူကောင်းလူတော်ဖြစ်အောင်နေရမယ်၊ ကြိုးစားရမယ်လို့ ဆုံးဖြတ်လိုက်တယ်"

အရက်သမား ကိုယ်တွေ့အဖြစ်အပျက်ကို ပြန်လည်ပြောပြနေချိန်တွင် သူ့စိတ်ထဲ မသက်သာလှ။ ထိုစဉ်က မြင်ကွင်းကို ပြန်လည်မြင်ယောင်မိသည်။

အရက်သမားဖြစ်သော သူ နိုင်လိုမင်းထက်လုပ်နေသည်ကို ဖော်မရသည့်လူများတ ဖားဆုတ်ရှင် သည့် လူကို တားဆီးနိုင်ရန် ကြိုးခဲ့သော်လည်း အရာမထင်ခဲ့။

"မောင်ရင်ထွေးလေးတာ တော်ပါတယ်၊ ခင်ဗျားဟာ ဒီသားစားဝတ်နေရေးအတွက် ကြိုးစားနေတဲ့ အဖေတစ်ယောက်ပါ။

ကျွန်တော်ဟာလည်း ကျွန်အဖေအတွက် အရက်၊ ဆေးဝယ်ပေးပြီး အရက်ရော် ဆေးလိသောက်တတ်ခဲ့တာပါ၊ မိဘတွေစည်းနိုင်ဖို့ပါ"

သူ ဘာဆိုလိုသည်ကို မောင်ထွေး၏အဖေ သဘောပေါက်လေပြီထင်သည်။

ဆရာဦးမြင့်စိန် တစ်ယောနှုတ်ဆက်ပြီး မောင်ရင်ထွေးတို့အိမ်ပြန်ထွက်လာခဲ့သည်။

"ဟေ့ မူးလည်းမူးတယ်၊ လည်းထူးတယ်၊ တို့ ကိုကြီးကျော့"

ရေကာတာလမ်းမအတိုင်း ဘိုကြီး အသုဘအိမ်သို့ သွားနေကာလသားတစ်သိုက်၏ မူးမူးရူးရူ အော်ဟစ်သံများကတော့ ဆရာဦးစိန်ကို ငေ့ာင်နေသည်လား ဆိုသည် မသိနိုင်တော့။

ရိုးမြင့်မောင် (သာရဂု)

❑

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးမိုးသစ်

ကြေးဝါးဒဏ်ခြင်း

ဦးစိုးမိုးဆည် ဝန်ကြီးဌာနတစ်ခု၏ ခုံးချုပ်၌ အရာရှိငယ်တစ်ဦး ဖြစ်သည်။ တာဝန်ကျလုပ်ကိုင်ရသော ဌာနသည် အုပ်ချုပ်ရေးဌာနဖြစ်၏။ အုပ်ချုပ်ရေးဌာနဖြစ်သည့် စီမံခန့်ခွဲရေးဌာနအောက်မှာ မော်တော်ယာဉ်ဌာနစိတ် ရှိသည်။

မော်တော်ယာဉ် ဌာနစိတ်၏ မော်တော်ယာဉ်မှူးလည်း ဖြစ်သည့်အပြင် ကားများ၏ ဆီခွဲတမ်းကို ကိုင်တွယ်ရသည်ဆိုတော့ လက်ဖျား ငွေသီးနေသည်မဟုတ်။

မော်ထော်ယာဉ်မှူး ဖြစ်သော ဦးစိုးမိုးနှင့် ယာဉ်မောင်းများ ဆက်ဆံရေး ပြေပြစ်ညီညွတ်ကြသည်။ ပြဿနာမရှိ။

ဦးစိုးမိုးကိုယ်တိုင်၌လည်း လုပ်သက် အနှစ်(၄၀)ကျော် အတွေ့အကြုံ ရှိပြီး အငယ်တန်းအဆင့်မှ အရာရှိငယ် ရာထူးအထိ အဆင့်ဆင့် တိုးတက်လာခဲ့ပြီး အလုပ်တာဝန်ကို ကြိုးစား ထမ်းဆောင်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ အုပ်ချုပ်မှု ကောင်းမွန်ခြင်းကို အထက်လူကြီးများက သဘောကျ နှစ်ခြိုက်၏။ ခုံး ဝန်ထမ်းများနှင့်လည်း အထက်အောက် ပြေလည်စွာ ပေါင်းသင်းနိုင်၏။ နာမည် ကောင်းရ ဝန်ထမ်းတစ်ဦး ဖြစ်၏။

အသက် (၆၀) နှစ် နီးလာပြီး ပင်စင်စာရင်းဘဝရောက်တော့မည့်တတိယ အရွယ်တိုင်အောင် သူ့ရုပ်က အိုမင်းရင့်ရော်သည့်ပုံ မရှိ၊ နုပျိုလန်းဆန်း၍ အသက် (၅၀) အရွယ်ခန့်ထင်ရအောင် အရွယ်တင်၏။

ငယ်စဉ်က အားကစားလိုက်စားခဲ့ပြီး မြို့နယ်အဆင့်အထိ ဘောလုံးလက်ရွေးစင် ဖြစ်ခဲ့ဖူး၏။ အသက် (၅၀) အရွယ်တိုင်အောင် ကျန်းမာရေးကို

www.burmeseclassic.com

www.burmeseclassic.com

လိုက်စား၏။ အစားအသောက် အနေ အထိုင် မစ၍ ကိုယ့်ကိုယ်ကိုယ် ကိုရိုက်ခြင်း၊ သိချင်းဂီတ အဆိုဘတ်ဒွဲလည်း အားသန်၏။ စိတ်ပျိုကိုယ်နှုံဖြစ်နေ၏။

မိသားစုဘဝများလည်း သားသမီး (၄) ယောက်နှင့် မြစ်များရနေသည့်တိုင် အိမ်ထောင်ရေးကို သာယာခြင်းမြေ့အောင် ထားနိုင်၏။ အထက်တန်းမိသော်အိမ်ထောင်ရေးဘဝကို ထူထောင်ထားနိုင်၏။ ဇနီးဖြစ်သူအပေါ် အစစအရာရာ လိုက်လျောပေးနိုင်သော စိတ်ရှည် သည်းခံမှု မေတ္တာကြီးမားမှုတို့ဖြင့် အိမ်ထောင်ရေးဘဝကို တည်ဆောက်ထားနိုင်၏။

ဘာသာရေးကို လေ့လာလိုက်စား၏။ ကျင့်ကြံ အားထုတ်မှုတော့ ကောင်းစွာမလုပ်နိုင်သေး၊ ဦးစိုးမိုးဘဝမှာ ဘာများလိုအပ်ပါသနည်း။

+

ဝန်ထမ်းဘဝ၌ အကြံအဖန်ခေါ်ခေါ်၊ လစာအပြင် အောက်စိုက်ကောင်းသော သူဘဝမှာ ရရှိသောငွေကို ဦးစိုးမိုးက စနစ်တကျသုံးတတ်၏။ စုဆောင်းတတ်၏။ အပေါ့အပါးတို့ဖြင့် ငွေကို အလေအလွင့်မခံ။

သို့သော်လည်း သူ့ စိတ်ဝန်းကျင်၊ သူ့ရုံးဌာန၏ လုကြီးများ ဖက်ရှင်ခေါ်မလား၊ ပေါ်ပြူလာဖြစ်စေသော အမူအကျင့် ခေါ်မလား၊ အသက် (၆၀)ပြည့် ပင်စင်စားပြီး လက်ရှိရုံးမှယားအပြင် အငယ်အနှောင်းများဖြင့် အိမ်ထောင်သစ် ထူထောင်နေကြခြင်းပင် ဖြစ်လေသည်။ ထိုပတ်ဝန်းကျင် ထုံးဓလေ့များကြားမှာ ဦးစိုးမိုးကတော့ မပါဝင်။

ပင်စင် စားပြီးမှ မယားကြီးကို ခွဲသမျှ စည်းစိမ်ဥစ္စာ ပေးထားခဲ့ပြီး ကမ္ဘာ့ကျော်ဝန်ထမ်းဘဝကို ခံယူ၍ အိမ်ထောင်သစ် ထူထောင်သူများကိုတော့ သုက္ခရရှုတ်ချတ်တ်၏။

နေ့စဉ် ဖုန်ဆင်းခြင်း၊ ရုံးဖယ်ရီကားများ၊ ဝန်ထမ်းများပို့ဆောင်ပြီး ဌာနမြို့နယ်ရောက်ချိန် ယာဉ်မောင်းများနှင့် စုစည်းမိတတ်၏။ နောက်တစ်နေ့ အတွက် ကြိုတင်လုပ်ဆရာများ၊ ဝန်ထမ်းကြိုရန်၊ ရုံးသုံးရန်ကားများ ဘီဒွဲတပ်ခြေပေးရသည့်အထိ မိုးချုပ်တတ်၏။ ဦးစိုးမိုး အစောဆုံး အိမ်ပြန်ချိန် ည (၈) နာရီကျော်ဖြစ်၏။

ယာဉ်မောင်းများက သူတို့ဆရာ ဦးစိုးမိုးကို အလုပ်ပင်ပန်းသည် ဆိုပြီး အလှည့်ကျ ပြုစုကြ၏။ စားသောက်ဆိုင် တစ်ဆိုင်မှာ ဘီယာလေးသောက်ရင်း စားကောင်းဖွယ်ရာတို့ဖြင့် ညှဉ်း၏။ စားသောက်ဆိုင် အဆိုကျော်မလေးများ၏ တေးသံသာကို ခံစားရင်း စိတ်လှုပ်ရှားစေ၏။ ဦးစိုးမိုးကို အဆိုကျော်မလေးများထံ ပန်းကုံးစွပ်စေ၏။

သည်လို နှစ်ဦး နေ့စဉ်ရက်အက် ကြာလာတော့ စားသောက်ဆိုင်မှ အဆိုကျော်မလေး မေဖြူစိုးနှင့် သဘောရိုးတွယ်လာခဲ့၏။

+

"ဦးနော်၊ သမီးကို မေ့မသွားနဲ့၊ သမီးက ဦးကို တွယ်တာနေပြီနော်"

မေဖြူစိုးငဲ့ပေးသော ဘီယာကို သောက်ရင်း ဦးစိုးမိုး ဟဲခနဲ ရယ်လိုက်သည်။ ပန်းကန်ထဲမှ ဇက်ရင်းဖြင့် ထိုးစိုက်ပြီး ပုစွန်ချဉ်စပ်ကြော်လေးကို သူ့ပါးစပ်ထဲသို့ အသင့်ထည့်ပေးသော မေဖြူစိုး၏ ဖြူဖွေးသွယ်လျသောလက်ကို ဆပ်ကိုင်လိုက်သည်။

"မေစိုး၊ ကိုကြီးနဲ့ ထိုက်ခဲ့တော့"

အာလေးလျှာလေးနှင့် ဦးစိုးမိုး ပေါက်နေပြီ။ မေဖြူစိုး ပန်းပိုင်ပိုင်လေးကို ကျူးဖက်ထားရင်း ပါးချင်းထိကပ်လျက်-

"ဦး တကယ်ခေါ်မှာနော်"

"အေးပါကွာ မေစိုးကလည်း တကယ် ခေါ်နေတာ"

ဦးစိုးမိုး အဖြေစကားကြောင့် မေဖြူစိုး ဝမ်းသာသွားရသည်။ သည်နေ့ည ရည်သည်အလာကျသည်။ ဆိုင်ရှင်၏ သတ္တမွတ်ကြားသာရမည်၊ ညကြေးမကိုက်သေး။

မေဖြူစိုး သွက်လက်စွာဖြင့်

"ဒဂ စောင့်နော်"

ပြော၍ အဝတ်လဲခန်းဘက် ထွက်သွားသည်။

"ဆရာ ဘယ်ပို့ပေးရမလဲ၊ ဆရာ့ဒိန်းမကြီး သိလို့ ပြဿနာတက်နေဦးမယ်"

တပည့်ကျော်က စိုးရိမ်တကြီး သတိပေးလေသည်။

"ငါထပည့်ကလည်း မင်းဆရာ အကြောင်း သိသားနဲ့၊ ဒီကောင်မလေးက ခိုက်လောက်တယ်။

တွန်းမာရေးအတွက်ဟု၊ အိမ်က မိန်းမက နှလိုးရောဂါသမားကွ၊ ချုပ်တည်းနေရတာမို့၊ အာဒါဟာ၊ ဝိဝါဟ အတွက်ကွာ၊ တည်းခိုခန်း တစ်ခုကို ပို့ပေးထားခဲ့၊ မနက်ကျမှ လာခေါ်တော့ကွာ"

ဦးစိုးမိုးတစ်ယောက် မေဖြူစိုးနှင့် ထိတွေ့ဆက်ဆံမှု များလာသည့် အခါ တပည့်ကျော်များက သတိပေးလာသည်။

"ဆရာ ကျွန်တော်တို့ ပို့က်ဆံကုန်လို့ ခြောတာမဟုတ်ဘူးနော်၊ ကျွန်တော်တို့က တစ်ယောက်က် တစ်လှည့် ဒကာခံကြတာ၊ ဆရာ့ခွဲတမ်းတွေ အိမ်မရောက်ဘဲ မေဖြူစိုးဆီရောက်နေတာ၊ ဆရာ့ဖိန်းမကြီး အော်စီကျယ်ကို ကျွန်တော်တို့ ကြောက်တယ်နော်။

တစ်နေ့ကတော့ ကျွန်တော့်ကို မေးနေသေးတယ်၊ နင်တို့ဆရာ သူလုံးပေါက်ချည်း အလုစ်လုပ်နေရသလား။ ပင်စင်သွားခါနီး ဒါလောက်ပစ်ပန်းနေရင် ပင်မန်းတဲ့ အလုပ်ဒဏ်နဲ့ ပင်စင်မစားရတဲ့ သေသွားဦးမယ်လို့ပြောတယ် ဆရာ"

တပည့်ကျော်စကားကြောင့်

"ဟေ့ကောင် ထွန်းမောင်၊ မင်းလည်း ငါ့အကြောင်း သိသားပဲ၊ အိမ်ကိစ္စကို ပြေလည်အောင် လုပ်ဆောပါတယ်ကွာ၊ မင်းတို့ကို မေးရင် လူညံ့တဲ့သာ ဖြေလိုက်ကြ"

www.burmeseclassic.com

"ဆရာ မေဖြူစိုးက ကြေးစားနော်၊ အဆက်ကြီးမှ အသည်းကွဲ ဇတ်လမ်း ခင်းနေရမယ်၊ အငယ်အဖြစ်ယူရင်လည်း ယူထုံးလိုက်ပါလား၊ တစ်လ ငါးသောင်းလောက် ထောက်ပံ့ကြေးပေးရင် ရနေတာပဲ"

"ဒီကောင့်၊ ငါအချဉ်မဟုတ်ဘူးကွ၊ ပင်စင်စား အသက် (၆၀) ကျော်မှ မိန်းမတစ်ယောက် ဆပ်ယူပြီး ခုက္ခမခံတော့ဘူး၊ မေဖြူစိုးက ရှင်းပါတယ်၊ သူလိုချင်တာ ငါပေးတယ်၊ ငါလိုချင်တာ သူပြန်ပေးတယ်၊ စွဲနှစ်ယောက် အပေးအယူ မျှတပါတယ်။

ငါ ပင်စင်သွားတော့လည်း သူနောက်တစ်ယောက် ထပ်ရှာမှာပေါ့ကွာ၊ မေဖြူစိုးက လှတယ်၊ လွယ်တယ်၊ လည်တယ်ဆိုတာ သိတယ်၊ ဒါပေမဲ့ ကြေးစားတော့ မဟုတ်ဘူး"

ဦးစိုးမိုးက စကားကို အဆုံးသတ်လိုက်သည်။

ဦးစိုးမိုး ခေါင်းငိုက်စိုက်ကျနေသည်။ အထက်လူကြီးများရှေ့မှာ ပြန်ဖြေရန် စကားမရှိ၊ ဌာနရဲ့ အထွေထွေမန်နေဂျာက -

"ကိုစိုးမိုး၊ ခင်ဗျားလည်း ပင်စင်သွားရတော့မယ်၊ တိုင်စာက အဲတွင်းသိကတိုင်ထားတာ၊ ဝန်ကြီးထိရောက်ရင် ခင်ဗျားဒုက္ခရောက်လိမ့်မယ်၊ ဦးဆောင်ညွှန်ကြားရေးမှူးက ဒီမှာပဲ ရှင်းလိုက်ပါဆိုလို့၊ ဆီတွေ တော်တော်ကွာနေတယ်၊ ဂါလန်ပေါင်း မနည်းဘူး၊ ကားတွေကို ဆီခွဲတမ်းချရာမှာလည်း မမျှတဘူး။

ယာဉ်မောင်း တစ်ယောက်ကို အပြစ်မရှိဘဲ ဖယ်ရိကားပေါက ချထားတယ်လို့ တိုင်စာမှာ ပါတယ်၊ ဌာနရဲ့ ရန်ပုံငွေ အသုံးစရိတ်တွေ အထက်လူကြီး ခွင့်မပြုဘဲ သုံးတာများတယ်လို့ ပါတယ်။

ခင်ဗျား ခွင့်လေးလက်နဲ့ ဆက်မလုပ်ဘဲ အနားယူတော့ဗျာ၊ ကျွန်တော်တို့ ခင်ဗျားရဲ့ ကောင်းမွန်စွာလုပ်ဆောင်ချက်တွေကို ထောက်ထားပြီး ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု အကျယ်မလုပ်တော့ပါဘူး၊ အခုဟာက ပါးစင်နယ်ကိုယ်ရေးကိုယ်စာ အတွက်မဲ့ စစ်ဆေးပေးတာပါ၊ ရှင်းလင်း ချေပချက်ကိုတော့ ခင်ဗျား အသေးစိတ် ရေးတင်ပေးပါ"

ဦးစိုးမိုးက အရေးယူခံရခြင်းကို တပည့်ကျော် ထွန်းမောင်အား ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"ဒီကောင့် လက်ချက် ဆရာ၊ ကျွန်တော် သတိပေးထားသားပဲ၊ ဆရာ ကျားပြီးသွားဆွဲလိုက်တာပဲ"

တပည့်ကျော်ရဲ့ ကရုဏာသံ စကား၊ လွန်ခဲ့တဲ့ ရက်သတ္တပတ်က စနေနေ့ ခွဲတမ်းဝေကြရာမှာ -

"ခင်ဗျားကြီး လွန်တယ်ဗျာ၊ ကျွန်တော့်ကိုပေးတာ မဲနည်းဘူးလား"

ယာဉ်မောင်း သန်းအေးက ပေါက်ကွဲပြနေသည်။

"ဟေ့ကောင် မင်းကိုတန်ရာတန်ကြေးပေးတာပဲ၊ ဆင်အစာ ဆိတ်စားလို့ မရဘူးလေတွာ၊ ငါပေးတာ မနည်းပါဘူး"

သန်းအေး ခွဲတမ်းပိုက်ဆံကို လွှင့်ပစ်လိုက်သည်။

"မယုံဘူးဗျာ၊ ခင်ဗျား ကျွန်တော့် အကြောင်း သိရမယ်"

သန်းအေး မြောမြောဆိုဆိုလှည့် ထွက်သွားသည်။ ဦးစိုးမိုး ရုက်ပြုံးလေးပြုံးလိုက်သည်။

ယာဉ်မောင်း အားလုံးက -

"ဗိုက်ရိုင်းတယ် ဆရာ၊ အရင် မော်တော်ယာဉ်မှူးက သူ့ဆရာ၊ ဒီကောင် ဆရာ့ကို သက်သက်စော်ကားတာ"

ဦးစိုးမိုး၏ သတ်ကွက်က လှပပါသည်။

သန်းအေးကို ကားပေါ် မှချလိုက်သည်။ အကြောင်းပြချက်က တာဝန်မဲ့မှု၊ ဝန်ထမ်းဖယ်ရှိ အကြိုအပို့ အခွံနှိမ်မှန်၊ အမိန့်မနာခံမှုများဖြင့် ပြစ်ဒဏ်ပေးလိုက်သည်။

ဦးစိုးမိုး လောကဓံတရားကို သိသည်။ ဝန်ထမ်းလောကဆိုသည်မှာ အတိုက်အခိုက်ရှိစမြဲ၊ သူ့လူကိုယ့်လူ၊ ဆရာမွေး တပည့်မွေး အုပ်စုလိုက် ပညာသားပါပါ တိုက်ခိုက်ကြစမြဲ။

အခု သူခံလိုက်ရပြီး သူ့အထက် မန်နေဂျာကလည်း ရုံးရန်ပုံငွေကို ဟာကွက်လုပ်၍ တိုင်သည်။ ရန်ပုံငွေကို ရှာပေးရတာက သူ၊ တချို့အလုပ်ကိစ္စ အသုံးစရိတ်များ၊ ဝန်ထမ်းရေးရာများအတွက် သတ်မှတ်ထားသော ရန်ပုံငွေဖြင့် မလုံလောက်၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှာရသည်။

ရန်ပုံငွေကွာဟချက်ကို သူ့ကိုယ်ပိုင်ငွေဖြင့် စိုက်လျော်ပေးရလေသည်။ သူ့ရမည့် ပင်စင်လုပ်သက် ဆုကြေးငွေ တစ်ဝက်လောက် ကုန်သွားပြီ။

သူ ခြေငြိမ်နေလိုက်ရသည်။ အသက်အရွယ် အတွေ့အကြုံများအရ မတုန်မလှုပ် နေပြလိုက်သည်။ ခွင့်လေးလထိုင်ခါနီး အလုပ်နှင့်ဒဏ်၊ ဒီမိန်နှင့်အလုပ် အခွံနှိမ်မှန်ပြန်သည်။ တပည့်ကျော် ထွန်းမောင်က ဝတ္တရားမပျက် ဆရာ့အလိုဆန္ဒများ ဖြည့်ဆည်းပေးစမြဲ။ ဦးစိုးမိုး စားသောက်ဆိုင်သို့ မရောက်တော့ မေဖြူစိုးကို သတိမရ၊ ပြီးတာတွေ ပြီးပြီပဲ။

လုပ်ပိုင်ခွင့်မရှိလျှင် ချဉ်းကပ်သူများ ရှောင်ရှားကုန်သည်။ အရာရာကို အခွင့်အရေးနှင့် လဲလှယ်ကြသူများချည်း၊ ခင်မင်မှုသံယောဇဉ်ဖြင့် တပည့်ကျော် ထွန်းမောင်တစ်ယောက်သာ သူ့အနားမှာ ကျန်တော့သည်။ ထွန်းမောင်ကိုလည်း သူ မနှိပ်စက်ချင်၊ သည်လိုနှင့် ဦးစိုးမိုး ခြေငြိမ်နေခဲ့သည်။

သို့သော်လည်း ကြမ္မာဝိပါက် နောက်ပိုးတက်သည် ဆိုရမလားဘဲ။ တစ်နေ့မှာ သူ့ထံ မေဖြူစိုးက ဖုန်းဆက်သည်။ သူ့အထက် မန်နေဂျာမက -

"ဦးစိုးမိုးရေ၊ ဒီမိန်းကလေးကရှင့်ကို တော်တော်လွမ်းနေပုံရတယ်၊ ဖုန်းဆက်တာ လေး၊ ငါးခါ ရှိနေပြီ"

www.burmeseclassic.com

www.burmeseclassic.com

မန်နေဂျာမရဲ့ ငေါ်တော့်တော့် အပြောကို မကျေနပ်သော မျက်နှာပေး ဖြင့် ဘကြည်ကြည်ရင်း ဦးစိုးမိုး မော်တော်ယာဉ်ဌာနဘက် ထွက်လာခဲ့သည်။

အဆင်သင့်ပင် တပည့်ကျော် ထွန်းမောင်က -

"ဆရာ. . . မေဖြူစိုး လိုက်လာတယ်၊ ခုံးဝမှာ ကျွန်တော်နဲ့တွေ့လိုက်လို့ ဆရာပင်စင်သွားပြီလို့ ပြောလိုက်တယ်၊ အိမ်လိပ်စာမေးလို့ မသိဘူးပြောလိုက်တယ် ဆရာ"

"အေးကွာ၊ ဘယ်သူပြောလိုက်လဲမသိဘူး၊ ဖုန်းနံပါတ်သိပြီး ငါ့ဆီ ဖုန်းဆက်တာ လေးငါးခါရှိပြီလို့ မန်နေဂျာမ ပြောလို့ ဒီဘက်ထွက်လာတာ၊ ညနေမင်းဖယ်ရီပို့ပြီးအပြန် မေဖြူစိုးဆီ သွားလိုက်ကြရအောင်"

ထွန်းမောင်က ခေါင်းညိတ်ပြလိုက်သည်။

+

သူ့ရှေ့မှာ မေဖြူစိုး မူနေသည်။ ဦးစိုးမိုး ဘိယာမသောက်၊ လိမ္မော်ရည်သာ သောက်နေသည်။ လှပဖြူဖွေး အပြစ်ကင်းစင်လွန်းသော မေဖြူစိုး၏ မျက်နှာလေးကို စိုက်ကြည့်နေမိသည်။

ကလေးမက ရုပ်တစ်ပက်ပြီး ဘဝ်ပက်၊ သုံးပက် သောက်မြီးနေပြီ ခေါင်းပေါ် က ပန်ကာလေကြောင့် ဝိုမူးနေသည်။

ဦးစိုးမိုးနှင့် ကိုယ်ချင်းထိလျက် ထိုင်နေသည်။

"သမီးကို ဦးက ပစ်ထားတော့ မှာလား"

အာလေးလျှာလေးနှင့် စကားသံက ထွက်မေါ်နေသည်။

"ဦးရဲ့မိန်းမကြီးကို ကွာပစ်လိုက်တော့၊ မေစိုးကို လက်ထပ်ပါ၊ ဦး ပင်စင်လစာနဲ့ မလောက်ရင် မေစိုးလုပ်ကွေးမယ်၊ ဘိမှမဟုတ်ရင် ဦးနဲ့ မေစိုးရဲ့ တွယ်စာမှု သံယောဇဉ်ကို ပြတ်စဲလိုက်ဖို့ လျှော်ကြေးမေးပါ"

ဦးစိုးမိုး အံ့အားသင့်သွားသည်။ မေဖြူစိုးစကားသံကို စတီတစ်ဝင်ပေါ် က သီချင်းဆိုသံကြောင့် သေးစားပွဲဝိုင်းများက ကောင်းစွာမကြားရ။

"မေစိုး-ဦးပြောမယ်နော်"

ဦးစိုးမိုး အောက်ကျိုး၍ ပြောလိုက်သည်။

"ဦးလည်း ပင်စင်သွားတော့မှာ၊ ဝင်ငွေမရှိတော့ဘူး၊ သမီးက ငယ်ရွယ်သူပါ၊ ဦးလို အဘိုးကြီးနဲ့ လက်ထပ်ရင် ဒုက္ခတွေ ကြုံရမယ်၊ ဦးကို မေ့လိုက်ပါ၊ ကလေးရယ်"

ဦးစိုးမိုးအသံက တုန်ရီအက်ကွဲနေသည်။

"ခစ် ခစ်. . . ခစ်"

မေဖြူစိုး ဦးစိုးမိုးကို လှောင်ရယ်ရယ်လိုက်သည်။

"ဘာလဲ မေ့ပစ်ရမယ် ဟုတ်လား၊ ရပါတယ်၊ မေဖြူစိုးကို ကြေးစားထင်လို့လား၊ မေစိုးက ကြေးစားမဟုတ်ဘူးနော်၊ လောကမှာ ဘာမှအလကားမရဘူး၊ တန်ရာတန်ကြေးတော့ ခွဲခွာပေးပါ၊ မရရင်တော့ ဦးမိန်းမကြီးကို ဖြစ်ကြောင်းကုန်စင် လာပြီးရင်ဖွင့်လိုက်မှာ"

မေဖြူစိုးစကားကြောင့် ဦးစိုးမိုး ခေါင်း မိုက်ခနဲမူးသွားရင်း ကမ္ဘာကြီး ချာလပတ်ယမ်းသွားသည်ဟု ခံစားလိုက်ရသည်။

"တန်ကြေးကတော့ မများပါဘူး ဦးရယ်၊ သိန်း (၁၀၀) ထည်းပါ"

သိန်းထွန်းသစ်

❑

စီးပွားရေးလုပ်ငန်းရှင်များ မိမိလုပ်ငန်းပို့ဆို့တိုးတက်စေဖို့ကြိုးစားရန် လမြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

ဦးကျော်မြင့်မုန့်

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာပြိုနယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၄၅၄၇၉၃၀

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ ဆက်ဆက်)

နယ်သာလန်နိုင်ငံ၊ အင်မစ်တာဒမ်မြို့မှ ပြန်ထွက်လာခဲ့ပြီး ခရီးဆက်လက်နင်ခဲ့ရာမှာ နေအရှိန် ၄၅ မိနစ်ခန့်အကြာမှာတော့ နယ်သာလန်အထွင်းမှာပဲရှိတဲ့ အူးထရစ် (Utrecht) မြို့ကို ရောက်ရှိလာခဲ့ပြန်ပေါ့။

နယ်သာလန်နိုင်ငံ၊ အူးထရစ်မြို့

အူးထရစ်မြို့ဟာ နယ်သာလန်အလယ်ပိုင်း အူးထရစ်ပြည်နယ်ရဲ့ မြို့ရုံတော်ဖြစ်ပါတယ်။ the Kromme Rijn ကနေ ခွဲထွက်ကာ ရိုင်းပြစ်အောက်ပိုင်းရဲ့ လက်ခွဲတွေဖြစ်တဲ့ the Oude Rijn နဲ့ Vecht ဖြစ်စေတွေကို ဖြတ်သန်းစေခဲ့တဲ့နေရာမှာ တည်ရှိပါတယ်။

အူးထရစ်ဟာ ပထမဆုံးအနေနဲ့ ရောမခေတ်မှာ တစ်ခုအဖြစ် တည်ရှိခဲ့ပြီး ဒီအသိုက်အဝန်းဟာ ၆၉၀ခု တွေမှာ ဘုရင်ဝီလျံအုပ်ချုပ်ခဲ့ကြတဲ့ the Habsburg ဆက်ခံရောက်ရာ တစ်ခု ဖြစ်လာပါတယ်။ ဆီလျော်တွေက the Habsburg ကို လွှဲပေးရတဲ့ ၁၅၂၇ ခုအထိ အူးထရစ်ကို အုပ်ချုပ်ခဲ့ကြတယ်။ ၁၅၇၉ ခုမှာတော့ ဒါဟာ the Union of Utrecht ကို လက်မှတ်ထိုးခဲ့ရာ နေရာ(စပိန်ကိုဆန့်ကျင်တဲ့ ဒတ်ချ်ပြည်နယ်ရဲ့ မဟာမိတ်ဖြစ်လာပါတယ်။ ၁၇၁၃ ခုကနေ ၁၇၁၅ ခုအတွင်းမှာ မြို့တွင်းသော် သဘောတူစာချုပ်တွေကို ဒီမြို့မှာ အပြီးသတ် ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ စပိန်စစ်ပွဲ ဖြစ်ခဲ့တွေကို အဆုံးသတ်စေခဲ့တဲ့ အဲဒီစာချုပ်တွေကိုခြုံပြီး အူးထရစ် ငြိမ်းချမ်းရေး (the Peace of Utrecht) အဖြစ် ထင်ရှား လူသိများခဲ့ပါတယ်။

အူးထရစ်ဟာ စီးပွားကူးသန်းမှု၊ ကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာငွေကြေးနဲ့ သယ်ယူပို့ဆောင်ရေးတွေမှာ ပဟိုဏ်ကဲလည်း ဖြစ်ရဲ့။ အဓိကထုတ်ကုန်တွေမှာ စက္ကူပစ္စည်း၊ အိုစားအစာ၊ သတ္တုထည်၊ ဓာတုပစ္စည်း၊ အဝတ်အစား၊ ပရိဘောဂနဲ့ ပုံနှိပ်ပစ္စည်း ထုတ်လုပ်ခြင်းတွေလည်း ရှိနေပါတယ်။

အလားတူပဲ ခရီးသွားလုပ်ငန်းနဲ့ တည်ဆောက်ရေးတွေဟာလည်း မြို့ရဲ့ စီးပွားရေး အခြေခံရာမှာ အရေးပါရဲ့ ၂၀၀၄ ခု ခုနှစ်မှန်းခြေအရ လူဦးရေ ၂၅၅၀၀၀ ဦးရှိတဲ့ ဒီမြို့မှာ အူးထရစ်ပြည်နယ်တက္ကသိုလ် (the State University) (၁၆၃၆)၊ အူးထရစ် (the Conservatory) (၁၉၄၇) နဲ့ အူးထရစ်ပြည်နယ် မြေမဲကွန်ပြူတာ (the State Archive) စသည်တို့လည်း ရှိတယ်။ စိတ်ဝင်စားစရာနေရာတွေထဲမှာ ပါဝင်တဲ့ ဗဟိုပြတိုက် (the Central Museum) မှာ ၁၅ရာစုမှ ၁၉ရာစုအတွင်း အူးထရစ် အနုပညာရှင်များရဲ့ လက်ရာတွေရှိနေပြီး အူးထရစ်ပြည်နယ် အနုပညာနဲ့ သိပ္ပံအသင်း (the Society of Arts and Sciences) ပြတိုက်မှာတော့ ရောမကြေး (pre-Roman) ရောမနဲ့ အလယ်ခေတ် အစောပိုင်းပစ္စည်းတွေ ပြသထားပါတယ်။ နယ်သာလန်မီးရထား (the Railway Museum) ပြတိုက်နဲ့ ခင်ဗွင့် ခု ဟာရီကိန်းမုခ်တိုင်းကြောင့် ဆိုးဆိုးဝါးဝါး ပျက်စီးသွားတဲ့ ခုဋ္ဌ ၁၆ ရာစု ပရိုတက်စတင့် ကသီဒရယ် (cathedral) ဘုရားတော်ကျောင်းလည်း ရှိပါသေးတယ်။

(De Haar Castle) (Kasteel de Haar)

အူးထရစ်ပြည်နယ်ထဲက ရဲတိုက် အများအပြားဟာ ခုနှစ်ရာစောက်စောစောကတည်းက တည်ရှိခဲ့ကြတာပါ။ အူးထရစ် မြို့ပြင်လေးနားမှာပဲရှိတဲ့ ဒီဟားရဲတိုက် (De Haar Castle)ကို ၁၁၆၅ ခုမှာ ပထမဆုံးတည်ဆောက်ခဲ့တယ်။ ၁၅ ရာစုမှာ ကြီးမားတဲ့ခံတပ်ကြီးကို တည်ဆောက်ခဲ့ပြီး အဲဒါရဲ့ ခမ်းနားလှတဲ့ ဥယျာဉ်ကြီးဟာ ပြင်သစ်က the Chateau de Versailles နဲ့ ယှဉ်နိုင်ပါရဲ့။ ၁၅ နဲ့ ၁၉ ရာစုအတွင်းမှာ ခံတပ်ဟာ ပျက်စီးသွားပြီး နှစ်ကြိမ်တိုင် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ ရဲတိုက်ရဲ့ အများစုဟာ ၁၉ ရာစုက မီးကြောင့် ပျက်စီးခဲ့ရတာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာ ပြန်လည်ထိန်းသိမ်းတောင့်ရှောက်ခဲ့ကြပါတယ်။

အဲဒီနောက် ဘယ်လဂျီယံနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ရ ပြန်တယ်။ ဘယ်လဂျီယံမှာ တစ်နှစ်ကို ရက်ပေါင်း ၂၀၀ကျော် မိုးရွာရဲ့ ရာဇဝင်ရှည်ကြာလှမျှသတဲ့။ ဘယ်လဂျီယံမှန်ရယ်လို့ မှန်လုံးတန်းရွာနဲ့ ဆင်ရွာအင်ဒို့စ်နိုင်ငံမို့ ကျောက်မှကိုရတနာ လောကမှာမရှည်း နာမည်ရပါတယ်။ ဒါ့အပြင် ဘယ်လဂျီယံကိုဘော်ဖွေ့ကလည်း ကမ္ဘာကြီးလှပါရဲ့။

လူဦးရေ ၁၀ သန်းခန့်ရှိသော နိုင်ငံဖြစ်ပြီး ကမ်းခြေပိုင်း၊ အလယ်ပိုင်းနဲ့ တောင်ပိုင်းရယ်လို့ နိုင်ငံကို သုံးပိုင်း ပိုင်းခြားထားပါတယ်။ ဘယ်လဂျီယံမှာ ဖလင်းစ် (Flemish) နဲ့ ပြင်သစ်ကအဓိကအားဖြင့် အသုံးပြုကြပြီး ဂျာမန်စကားလည်း သုံးကြတယ်။

ဘယ်လဂျီယံနိုင်ငံရဲ့ မြို့တော်ဟာ ဘရပ်ဆဲလ် (Brussel) ဖြစ်ပြီး လူဦးရေဟာ ၂၀၀၁ ခု ခန့်မှန်းခြေရ ၉၅၄၇၅၅ ဦး ရှိပါတယ်။ ကွယ်တို့ရဲ့ ကားကြီးဟာ ဘရပ်ဆဲလ် မြို့ကဲ့ဦးတည်ပြီး ဆင်ကလိကဆွဲကိန်ခွာလာကြတာပါ။

လပြည့်ဝန်းမဂ္ဂဇင်း (မေဇော်ဝင်းလ၊ ၂၀၁၆)

www.burmeseclassic.com

(ယခင်လမှ ဆက်ဆက်)

နယ်သာလန်နိုင်ငံ၊ အင်မစ်တာဒမ်မြို့မှ ပြန်ထွက်လာခဲ့ပြီး ခရီးဆက်လက်နင်ခဲ့ရာမှာ နေအရှိန် ၄၅ မိနစ်ခန့်အကြာမှာတော့ နယ်သာလန်အထွင်းမှာပဲရှိတဲ့ အူးထရစ် (Utrecht) မြို့ကို ရောက်ရှိလာခဲ့ပြန်ပေါ့။

နယ်သာလန်နိုင်ငံ၊ အူးထရစ်မြို့

အူးထရစ်မြို့ဟာ နယ်သာလန်အလယ်ပိုင်း အူးထရစ်ပြည်နယ်ရဲ့ မြို့ရုံတော်ဖြစ်ပါတယ်။ the Kromme Rijn ကနေ ခွဲထွက်ကာ ရိုင်းပြစ်အောက်ပိုင်းရဲ့ လက်ခွဲတွေဖြစ်တဲ့ the Oude Rijn နဲ့ Vecht ဖြစ်စေတွေကို ဖြတ်သန်းစေခဲ့တဲ့နေရာမှာ တည်ရှိပါတယ်။

အူးထရစ်ဟာ ပထမဆုံးအနေနဲ့ ရောမခေတ်မှာ တစ်ခုအဖြစ် တည်ရှိခဲ့ပြီး ဒီအသိုက်အဝန်းဟာ ၆၉၀ခု တွေမှာ ဘုရင်ဝီလျံအုပ်ချုပ်ခဲ့ကြတဲ့ the Habsburg ဆက်ခံရောက်ရာ တစ်ခု ဖြစ်လာပါတယ်။ ဆီလျော်တွေက the Habsburg ကို လွှဲပေးရတဲ့ ၁၅၂၇ ခုအထိ အူးထရစ်ကို အုပ်ချုပ်ခဲ့ကြတယ်။ ၁၅၇၉ ခုမှာတော့ ဒါဟာ the Union of Utrecht ကို လက်မှတ်ထိုးခဲ့ရာ နေရာ(စပိန်ကိုဆန့်ကျင်တဲ့ ဒတ်ချ်ပြည်နယ်ရဲ့ မဟာမိတ်ဖြစ်လာပါတယ်။ ၁၇၁၃ ခုကနေ ၁၇၁၅ ခုအတွင်းမှာ မြို့တွင်းသော် သဘောတူစာချုပ်တွေကို ဒီမြို့မှာ အပြီးသတ် ဆုံးဖြတ်ချက်ချခဲ့ကြတယ်။ စပိန်စစ်ပွဲ ဖြစ်ခဲ့တွေကို အဆုံးသတ်စေခဲ့တဲ့ အဲဒီစာချုပ်တွေကိုခြုံပြီး အူးထရစ် ငြိမ်းချမ်းရေး (the Peace of Utrecht) အဖြစ် ထင်ရှား လူသိများခဲ့ပါတယ်။

အူးထရစ်ဟာ စီးပွားကူးသန်းမှု၊ ကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာငွေကြေးနဲ့ သယ်ယူပို့ဆောင်ရေးတွေမှာ ပဟိုဏ်ကဲလည်း ဖြစ်ရဲ့။ အဓိကထုတ်ကုန်တွေမှာ စက္ကူပစ္စည်း၊ အိုစားအစာ၊ သတ္တုထည်၊ ဓာတုပစ္စည်း၊ အဝတ်အစား၊ ပရိဘောဂနဲ့ ပုံနှိပ်ပစ္စည်း ထုတ်လုပ်ခြင်းတွေလည်း ရှိနေပါတယ်။

အလားတူပဲ ခရီးသွားလုပ်ငန်းနဲ့ တည်ဆောက်ရေးတွေဟာလည်း မြို့ရဲ့ စီးပွားရေး အခြေခံရာမှာ အရေးပါရဲ့ ၂၀၀၄ ခု ခုနှစ်မှန်းခြေအရ လူဦးရေ ၂၅၅၀၀၀ ဦးရှိတဲ့ ဒီမြို့မှာ အူးထရစ်ပြည်နယ်တက္ကသိုလ် (the State University) (၁၆၃၆)၊ အူးထရစ် (the Conservatory) (၁၉၄၇) နဲ့ အူးထရစ်ပြည်နယ် မြေမဲကွန်ပြူတာ (the State Archive) စသည်တို့လည်း ရှိတယ်။ စိတ်ဝင်စားစရာနေရာတွေထဲမှာ ပါဝင်တဲ့ ဗဟိုပြတိုက် (the Central Museum) မှာ ၁၅ရာစုမှ ၁၉ရာစုအတွင်း အူးထရစ် အနုပညာရှင်များရဲ့ လက်ရာတွေရှိနေပြီး အူးထရစ်ပြည်နယ် အနုပညာနဲ့ သိပ္ပံအသင်း (the Society of Arts and Sciences) ပြတိုက်မှာတော့ ရောမကြေး (pre-Roman) ရောမနဲ့ အလယ်ခေတ် အစောပိုင်းပစ္စည်းတွေ ပြသထားပါတယ်။ နယ်သာလန်မီးရထား (the Railway Museum) ပြတိုက်နဲ့ ခင်ဗွင့် ခု ဟာရီကိန်းမုခ်တိုင်းကြောင့် ဆိုးဆိုးဝါးဝါး ပျက်စီးသွားတဲ့ ခုဋ္ဌ ၁၆ ရာစု ပရိုတက်စတင့် ကသီဒရယ် (cathedral) ဘုရားတော်ကျောင်းလည်း ရှိပါသေးတယ်။

(De Haar Castle) (Kasteel de Haar)

အူးထရစ်ပြည်နယ်ထဲက ရဲတိုက် အများအပြားဟာ ခုနှစ်ရာစောက်စောစောကတည်းက တည်ရှိခဲ့ကြတာပါ။ အူးထရစ် မြို့ပြင်လေးနားမှာပဲရှိတဲ့ ဒီဟားရဲတိုက် (De Haar Castle)ကို ၁၁၆၅ ခုမှာ ပထမဆုံးတည်ဆောက်ခဲ့တယ်။ ၁၅ ရာစုမှာ ကြီးမားတဲ့ခံတပ်ကြီးကို တည်ဆောက်ခဲ့ပြီး အဲဒါရဲ့ ခမ်းနားလှတဲ့ ဥယျာဉ်ကြီးဟာ ပြင်သစ်က the Chateau de Versailles နဲ့ ယှဉ်နိုင်ပါရဲ့။ ၁၅ နဲ့ ၁၉ ရာစုအတွင်းမှာ ခံတပ်ဟာ ပျက်စီးသွားပြီး နှစ်ကြိမ်တိုင် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ ရဲတိုက်ရဲ့ အများစုဟာ ၁၉ ရာစုက မီးကြောင့် ပျက်စီးခဲ့ရတာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာ ပြန်လည်ထိန်းသိမ်းတောင့်ရှောက်ခဲ့ကြပါတယ်။

အဲဒီနောက် ဘယ်လဂျီယံနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ရ ပြန်တယ်။ ဘယ်လဂျီယံမှာ တစ်နှစ်ကို ရက်ပေါင်း ၂၀၀ကျော် မိုးရွာရဲ့ ရာဇဝင်ရှည်ကြာလှမျှသတဲ့။ ဘယ်လဂျီယံမှန်ရယ်လို့ မှန်လုံးတန်းရွာနဲ့ ဆင်ရွာအင်ဒို့စ်နိုင်ငံမို့ ကျောက်မှကိုရတနာ လောကမှာမရှည်း နာမည်ရပါတယ်။ ဒါ့အပြင် ဘယ်လဂျီယံကိုဘော်ဖွေ့ကလည်း ကမ္ဘာကြီးလှပါရဲ့။

လူဦးရေ ၁၀ သန်းခန့်ရှိသော နိုင်ငံဖြစ်ပြီး ကမ်းခြေပိုင်း၊ အလယ်ပိုင်းနဲ့ တောင်ပိုင်းရယ်လို့ နိုင်ငံကို သုံးပိုင်း ပိုင်းခြားထားပါတယ်။ ဘယ်လဂျီယံမှာ ဖလင်းစ် (Flemish) နဲ့ ပြင်သစ်ကအဓိကအားဖြင့် အသုံးပြုကြပြီး ဂျာမန်စကားလည်း သုံးကြတယ်။

ဘယ်လဂျီယံနိုင်ငံရဲ့ မြို့တော်ဟာ ဘရပ်ဆဲလ် (Brussel) ဖြစ်ပြီး လူဦးရေဟာ ၂၀၀၁ ခု ခန့်မှန်းခြေရ ၉၅၄၇၅၅ ဦး ရှိပါတယ်။ ကွယ်တို့ရဲ့ ကားကြီးဟာ ဘရပ်ဆဲလ် မြို့ကဲ့ဦးတည်ပြီး ဆင်ကလိကဆွဲကိန်ခွာလာကြတာပါ။

လပြည့်ဝန်းမဂ္ဂဇင်း (မေဇော်ဝင်းလ၊ ၂၀၁၆)

www.burmeseclassic.com

ကျူးလစ်ပန်းခင်းမှ သံမဏိအကြမ်းပြုတိုက်သို့

ကိုအောင်မြင့် (မဟာဝိဇ္ဇာရွေး-သု)

www.burmeseclassic.com

www.burmeseclassic.com

ဘရပ်ဆဲလ်မြို့ အဝင်တာ အဏုမြူပြတိုက်ကြီး

ဘရပ်ဆဲလ်မြို့ကို မဝင်ခင် ကားလမ်းဘေးမှာတော့ တည်ဆောက်ပုံ ထူးထူးခြားခြားနဲ့ ဆန်းပြားလှတဲ့ သံမဏိလုံးကြီးတွေ မိုးကောင်းကင် လေထဲမှာ ဆိုင်းနေတာကို မြင်တွေ့လိုက်ရတယ်။ အတော်လှမ်းလှမ်းကတည်းက မြင်လာရပေမယ့် နီးကပ်လာလေ သံမဏိလုံးကြီးတွေက ကြီးလာလေပါပါ။ ဒါဟာ အက်တမ်အဏုမြူ ဖွဲ့စည်းပုံအတိုင်း တည်ဆောက်ထားတဲ့ (Atom Museum) ပြတိုက်ကြီးပါ။

သံမဏိလုံးကြီးတွေကို ရှင်းရှင်းလင်းလင်း မြင်ရအောင် အောက်ခြေမှာ မြက်ခင်းကျယ်ကြီး ပြုလုပ်ထားပါတယ်။ အဲဒီမြက်ခင်းစပ်မှာ ကားရပ်ပြီး သွားရောက် ကြည့်ကြရတယ်။ အက်တမ်အလုံးကြီး ကိုးလုံးကို စတီးလ် သံမဏိရောင် လက်လက်ထအောင် ပြုလုပ်ထားပြီး အဲဒီအလုံးကြီးတွေကို သံမဏိချောင်းကြီးတွေနဲ့ ဆက်သွယ်ထားပါတယ်။ အလုံးကြီးတွေက ပြခန်းဆောင်များဖြစ်ပြီး ယင်းတို့ကိုဆက်သွယ်ထားတဲ့ သံမဏိအချောင်းတွေက ပြခန်းတွေဆီကို တက်ရောက်ရတဲ့ ရွှေ့လျားစက်လှေကားတွေပဲ ဖြစ်ပါတယ်။



ဘယ်လဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မှာ ၁၉၅၈ ခုက ကျင်းပခဲ့တဲ့ ကမ္ဘာ့ပြပွဲ(the World's Fair) အတွက် သတ္တုမော်လီကျူးတစ်ခုကို ကိုယ်စားပြုတဲ့ အဆောက်အအုံကြီးကို စတီးလ်နဲ့ အလူမီနီယံတွေ သုံးပြီး တည်ဆောက်ခဲ့တာပါ။ ၁၀၂ မီတာ - ၃၃၅ ပေမြင့်တဲ့ ဒီ Atomium အဆောက်အအုံဟာ ပြပွဲရဲ့ သင်္ကေတတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဧည့်သည်တွေဟာ သံမဏိအလုံးကြီး (the spheres)တွေထဲက ပြခန်း (exhibitions) တွေကို အလုံးတစ်လုံးနဲ့တစ်လုံးကြား ဆက်သွယ်ထားတဲ့ ပိုက်လုံးကြီး(tubes)တွေ အတွင်းမှာ ရှိနေတဲ့ လှေကားတွေကိုဖြတ်ပြီး သွားရောက်နိုင်ပါတယ်။ အပေါ်ဆုံးက သံမဏိအလုံးကြီးထဲမှာတော့ စားသောက်ဆိုင်တစ်ဆိုင်နဲ့ ရှုမျှော်စင်(viewing deck)တွေ ရှိနေရဲ့။

ဒါပေမဲ့ ကိုယ်တို့အဖွဲ့ဟာ ပြတိုက်ထဲကို ဝင်ရောက်ကာ အသေးစိတ်လေ့လာပြီး ခံစားရတာမဟုတ်ဘဲ သံမဏိလုံးကြီးတွေနဲ့ ခပ်လှမ်းလှမ်းမှသာ သံမဏိလုံး ပြတိုက်ကြီးကို နောက်ခံထားပြီး ဓာတ်ပုံရိုက်ကြရုံသာပါ။ အဏုမြူပြတိုက်ကြီးရဲ့ မြက်ခင်းပြင်ကျယ်ကြီးအဆုံး လမ်းရဲ့တစ်ဖက်ခြမ်းတွင်တော့ ရေကန်နဲ့ ပန်းစိုက်ခင်းဖြစ်ပြီး အဲဒါတွေရဲ့ နောက်မှာတော့ လှပကြီးမားတဲ့ ဘုရားကျောင်းကြီးနဲ့ အမိုးပေါ်မှာ ရုပ်တုတွေရှိတဲ့ အဆောက်အအုံကြီးတစ်ခု ရှိတယ်။ ပန်းခင်းကြီးက လှပလွန်းလို့ အဲဒီနေရာမှာ ဓာတ်ပုံတွေ ရိုက်ကြပြီး ခရီးသွားကားကြီး ပြန်လည်ထွက်ခွာခဲ့ပါတယ်။ ဘယ်လဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ကိုပေါ့။

ကျယ်ပြောပြီး သစ်ပင်ကြီးတွေ တန်းစီစိုက်ထားတဲ့ လမ်းမကြီးတွေကို ဖြတ်သွားပြီး မကြာခင်မှာ တစ်ဆက်တည်း ရှိနေတဲ့ ဘရပ်ဆဲလ်ကိုရောက်သွားတယ်။ မြို့ဟာ the Senne မြစ်ပေါ်မှာတည်ရှိပြီး သစ်ပင်ရိပ်တွေနဲ့ ရိပ်သာလမ်းမကြီး (boulevards)တွေ၊ ခမ်းနားထည်ဝါတဲ့ ပန်းဥယျာဉ်တွေ၊ ဝင့်ကြွားလှပတဲ့ အဆောက်အအုံတွေ၊ ဘုရားကျောင်းကြီးတွေနဲ့ ခံ့ခံ့ညားညား ရှိနေပါတယ်။ ဒီမြို့မှာ တန်ဖိုးနည်းအိမ်ရာတွေ၊ ရေအောက်ဥမင် ကားလမ်းတွေလည်း ရှိနေပါသတဲ့။

ဘရပ်ဆဲလ်မှာပဲ နေ့လယ်စာစားကြတယ်၊ ထူးမခြားနား တရုတ်စာပဲပေါ့။

ဘယ်လဂျီယံနိုင်ငံနဲ့ မြို့တော် ဘရပ်ဆဲလ်ရဲ့ သမိုင်းကြောင်း

ဘရပ်ဆဲလ်ဟာ ပြင်သစ်လို (Bruxelles) ဖြစ်ပြီး ဘယ်လဂျီယံနိုင်ငံရဲ့ အလယ်ပိုင်းမှာရှိကာ မြို့တော်ရဲ့ အကြီးဆုံးမြို့ကြီးပါ။ မြို့အမည်ဟာ စိမ့်မြေ (the marsh) ကရွာလို့ အဓိပ္ပာယ်ရတဲ့ ဒတ်ခ်ျစကား (Broekzelle)က ဆင်းသက်လာတာဖြစ်ပြီး အေဒီ ၇ ရာစုမတိုင်မီ the Senne ချိုင့်ဝှမ်းက စိမ့်မြေမှာ Gallic-Roman တွေ အခြေချမှုကနေ မြို့အဖြစ် တိုးတက်လာခဲ့တယ်။

၁၂ ရာစုမှာ ကုန်သွယ်ရေးနဲ့ လက်မှုပညာတွေ ဖွံ့ဖြိုးလာတယ်။ ဘရပ်ဆဲလ် ကုန်သွယ်ရေးနဲ့ လုပ်ငန်းတွေဟာ the Brabant မြို့စားတွေရဲ့ ၁၃၁၂-၅၆ ခုက အမိန့်စာပါ အခွန်တွေကို တင်းကျပ်စွာ ကန့်သတ်တဲ့ ပြဋ္ဌာန်းချက်တွေကနေ အကျိုးဖြစ်ထွန်းခဲ့တယ်။ လူတွေက အုပ်ချုပ်သူတွေကို စကားတင်းဆိုကြပေါ့။ ၁၃၈၃ ခုမှာ Brabant နယ်စားပိုင်နယ်မြေမြို့တော် Leuven ကို ဘရပ်ဆဲလ်နဲ့ အစားထိုးခဲ့တယ်။ ဆက်လက်ပြီး နောက် ၄ ရာစုအတွင်းမှာ အစိုးရလုံးစိုက်ရာဖြစ်လာခဲ့တယ်။

၁၄၃၀ ခုမှာ Brabant ကို Burgundy မြို့စားပိုင်နယ်မြေထဲ သိမ်းသွင်းခံရပြီး ၁၄၇၇ ခုမှာ ဩစတြီးယား (the Habsburgs)ရဲ့ လက်အောက်ခံဖြစ်လာပြီး မြို့ဟာ ၁၅၃၀ ခုမှာတော့ နယ်သာလန်မြို့တော် ဖြစ်ပြန်တယ်။ နောက် ရာစုနှစ် တစ်စိတ်မှာ ပရိုတက်စတင့်ဝါဒဟာ (the Habsburg)

www.burmeseclassic.com

www.burmeseclassic.com

မိုးနွယ်ရ စပိန်လက်ခွဲတွေ အမွေခံတဲ့ ဘရပ်ဆဲလ်နဲ့ အနီးအပါးက နယ်သာလန်မြို့ကြီး များစွာကို ရောက်လာတယ်။ နောက်ပိုင်းမှာ ဘာသာရေးပဋိပက္ခဟာ ဆူပူအုံကြွမှုနဲ့ အထွတ်အထိပ်ကို ရောက်သွားရဲ့။ ၁၅၆၇ ခုမှာ Alba တတိယမြို့စား လုပ်နေတဲ့ အုပ်ချုပ်ရေးမှူး Fernando Álvarez de Toledo ကို တော်လှန် ရုပ်ရှားသူတွေ နှိမ်ကွပ်ဖို့ နယ်သာလန် ပို့လိုက်တော့ ဘရပ်ဆဲလ်မှာ ဌာနချုပ်ဖွင့်တယ်။ တုန်လှုပ် ချောက်ချားစေတဲ့ အုပ်ချုပ်ရေးတော်လ အကျိုးဆက်တွေကြောင့် ဗလီးပေါ်ရှိ မျှားစွာ မြို့များ ကုပ်မဖြစ်ခဲ့ရကြောင်းပါ။

ဘရပ်ဆဲလ်ဟာ အောင်ပွဲရ ဒတ်ချ်နဲ့ နယ်သာလန် ပေါင်းလိုက်တဲ့ ၁၅၇၆ ခုတိုင်အောင် စပိန်ထိန်းချုပ်မှုအောက်မှာ နေခဲ့ရတယ်။ ၁၅၈၅ ခုမှာ မြို့ကို စပိန်တပ်ကသိမ်းခဲ့ပြီး အီတလျံဝိုလ်ချူပ်ကြီး Alessandro Farnese နဲ့ Habsburg တို့ အောက်ကို ပြန်ရောက်သွားခဲ့တယ်။ ၁၆၉၅ ခု ပြင်သစ်တွေ နယ်သာလန်ကို ကျူးကျော်စဉ်အတွင်း ဘရပ်ဆဲလ်ဟာ အမြောက်တွေနဲ့ ဆိုးဝါးစွာ ပစ်ခတ်ခံရတယ်။ ၁၇၉၂ ခု ပြင်သစ်တော်လှန်ရေးမှာ ပြင်သစ်တပ်က မြို့ကို သိမ်းပိုက်ပြီး ၁၈၁၅ ခု နပိုလီယံစစ်ပွဲပြီးတဲ့ထိ ပြင်သစ် ထိန်းချုပ်မှုအောက်မှာ ထားခဲ့တယ်။ ဘရပ်ဆဲလ်ဟာ ဘယ်လဂျီယံ လွတ်လပ်ရေးရဲ့ တော်လှန်ရေးဗဟိုချက် ဖြစ်လာပြီး ၁၈၃၀ ခုမှာ အသစ်ထူထောင်တဲ့ ဘယ်လဂျီယံမင်းနိုင်ငံရဲ့ မြို့တော်ဖြစ်ခဲ့တယ်။

ဒီယင်နာစာချုပ် (၁၈၁၅) သက်တမ်းမှာ ဘရပ်ဆဲလ်ဟာ မော်ဒန်ဘယ်လဂျီယံနဲ့ နယ်သာလန်တို့ပါဝင်တဲ့ နယ်သာလန် ဘုရင့်နိုင်ငံမြို့တော် ဖြစ်လာတယ်။

ပထမကမ္ဘာစစ်အတွင်း ဂျာမန်တွေက ဘရပ်ဆဲလ်ကို ၁၉၁၄ ခု ဩဂုတ်ကနေ ၁၉၁၈ ခု နိုဝင်ဘာအထိ သိမ်းထားခဲ့တယ်။ ဒုတိယကမ္ဘာစစ်မှာ မြို့ဟာ ဂျာမန်တွေလက်ထဲ ၁၉၄၀ ခု မေလကနေ ၁၉၄၄ ခု စက်တင်ဘာထိ ရောက်ရပြန်တယ်။ ၁၉၇၀ ခုကနေ ၁၉၉၃ ခုအတွင်း ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲဖြစ်စဉ်က ဖက်ဒရယ်အစိုးရတစ်ရပ် ဖွဲ့စည်းပြီး ဒတ်ချ်စကားပြော ဖလီးမစ်ဒေသ Flanders နဲ့ ပြင်သစ်စကားပြော Wallonia တို့နဲ့အတူ ဘယ်လဂျီယံကို ဖက်ဒရယ် ဒေသသုံးခုထဲက တစ်ခုဖြစ်စေခဲ့တယ်။ ဒါကြောင့် ဘရပ်ဆဲလ်မှာ ဘာသာစကား နှစ်မျိုး သုံးစွဲပါတယ်။



လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

ဘရပ်ဆဲလ်မြို့တော်က the Cité Berlaymont ဟာ ဥရောပသမဂ္ဂ (European Union) (EU)ရဲ့ ဇာတိအိမ်နဲ့ နိုင်ငံအချင်းချင်း သဘောတူစာချုပ်တွေ သဘော်မှတ်ပြဋ္ဌာန်းရာ ဥရောပကော်မရှင်ရဲ့ ဌာနချုပ်ရှိရာဖြစ်ပါတယ်။ ဘရပ်ဆဲလ်ဟာ မြောက်အတ္တလန္တစ်စာချုပ်အဖွဲ့ (the North Atlantic Treaty Organization) - နေတိုး (NATO)နဲ့ ဘယ်လဂျီယံ၊ နယ်သာလန်နဲ့ လူငယ်ဘတ် လုပ်ပိုင်ခွင့်တွေကို ကိုယ်စားပြုတဲ့ တုန်သွယ်နေ အကျိုးတူအုပ်စု (Benelux)တို့အပါအဝင် နိုင်ငံတကာ အသင်းအဖွဲ့များစွာရဲ့ အဖွဲ့ချုပ်နှံတွေ အခြေချရာ ဌာနေပါ။

ဘရပ်ဆဲလ်ဟာ ဒဂုံ ရာစု ဂေါသစ်အဆောက်အအုံ စိန့်မိုက်ခယ်နဲ့ (Gudule)ဘုရားကျောင်းတွေက မှန်ရောင်စုံပြတင်း (Stained-glass windows)တွေကြောင့်လည်း ထင်ရှားလှရဲ့။ အခြားအရေးပါတဲ့ ခရစ်ယာန်အသင်းတော်အဆောက်အအုံတွေဟာ Notre Dame de Finistere နဲ့ Saint Jacques sur Coudenberg တို့ပါ။ မှတ်သားလောက်ဖွယ် လောကီရေးရာ အဆောက်အအုံတွေမှာ ဂေါသစ်စတိုင် the Hôtel de Ville။ ၁၅ ရာစု တော်ဝင်နန်းတော်၊ ၁၈ ရာစု Palais de la Nation၊ ၁၉ ရာစု Palais de Justice နဲ့ the Bourse တို့ ပါဝင်ကြပါတယ်။ ဘရပ်ဆဲလ်ဟာ အဲဒါရဲ့ ချစ်စရာဗိသုကာ အတွက် ထင်ရှားလှသီများတယ်။

ယဉ်ကျေးမှုသိပ္ပံတွေမှာ ဘရပ်ဆဲလ် the Free University (၁၈၃၄)၊ the École Royale Militaire (၁၈၃၄)၊ ၁၉၂၀ ခုကတည်းက ဒတ်ချ်စကားပြောနဲ့ ပြင်သစ်စကားပြော တက္ကသိုလ် ၂ ခု၊ စာပေ၊ အနုပညာနဲ့ ဆေးဝါးအကယ်ဒမီတွေ၊ တော်ဝင်စင်္ကြည်တိုက်နဲ့ တော်ဝင်အနုပညာ (Fine Arts) ပြတိုက်တို့လည်း ပါဝင်ခဲ့ကြတယ်။

ဘရပ်ဆဲလ်မှာ ဘယ်လဂျီယံမီးရထားစနစ်၊ ထူးခြားခန့်ညားသွယ်ဝိုက်တဲ့ ကုန်တွင်းရေလမ်း ပြည်ထွင်းကွန်ရက်တွေနဲ့ ပင်လယ်သို့ ထွက်ပေါက်ဒေသ ဆိုကြတယ်။ မြို့ရဲ့ ဆိပ်ကမ်းဧရိယာအား မြောက်ဘက် Vilvoorde အနီးမှာ စာရင်းရှိတယ်။

အဓိကမှီကုန်တွေမှာ အိမ်ရှင်သုံး သံ၊ စက္ကူ၊ ကျောက်၊ ကျောက်မီးသွေး၊ ဓာတုပေါင်းစုံ၊ စက်နဲ့ သယ်ကြားတို့ ပါဝင်ကြတယ်။ သွင်းကုန်တွေကတော့ ဓာတ်သတ္တု၊ စားအုန်းဆီနဲ့ ကော်ဖီတွေပေါ့။ မြို့ဟာ ဘရပ်ဆဲလ်ဇာ (Brussels lace) လို့ခေါ်တဲ့ အကောင်းစားဇာ ထုတ်လုပ်မှုနဲ့ ဂုန္တာန် (tapestry) ရက်လုပ်ခြင်းအတွက်လည်း အဆိုးနန်းတော်ကြာကြာ လူသိများခဲ့တယ်။ ပုံနှိပ်လုပ်ငန်း၊ အရက်နဲ့ ယမကာချက်လုပ်ခြင်း၊ သကြားချက်ခြင်း၊ သံနဲ့ ကြေးသွန်းခြင်း၊ အထည်အလိပ် ထုတ်လုပ်ခြင်း၊ အီလက်ထရွန်နစ်ပစ္စည်းနဲ့ ပရိဘောဂစက်ရုံတွေလည်း ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘရပ်ဆဲလ်မြို့ထဲ အရောက်မှာတော့ မြို့တော်ရဲ့ အကျော်ကြားဆုံး ဂရင်းပဲလေ့ရင်ပြင် (the Grand-Place)ရဲ့ ဘေးမှာ ကားရပ်ကာ ဆင်းကြည့်ကြတယ်။ ရင်ပြင်ပတ်လည်မှာ စွေးဆိုင်တွေ၊ အဆောက်အအုံကြီးတွေနဲ့ ဘုရားရှိခိုးကျောင်းတွေရှိရဲ့။ အဆောက်အအုံများရဲ့ နဖူးစည်း၊ အနားသတ်နဲ့ ထောင့်ပိတ်တွေမှာ ရွှေချထားလို့ ထည်ဝါခမ်းနားနေပါတယ်။ အသေးစိတ်တန်ဆာဆင်ထားတဲ့ ဂေါသစ်ပြင့်မိုရ်ပိတ် (Facade)တွေနဲ့ မြို့တော်ခန်းမ (the Hôtel de Ville) (Town Hall)က ဒီဇရီယာတစ်ပိုဂ်မှာ လွှမ်းမိုးထားရဲ့။

ဒါဟာ မြို့ကို ပြင်သစ်ဘုရင် လူဝီ ၁၄ (Louis XIV) အမြောက်တွေနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့တုန်းက ရင်ပြင်ပေါ်မှာ ရှင်သန်ကျန်ရစ်ခဲ့တဲ့ တစ်ခုတည်းသော အဆောက်အအုံပါ။ ရင်ပြင်ပတ်လည်က မီးတိုင်များမှာ အဖြူ ပန်းရောင်၊ အနီနဲ့ ခရမ်းရောင်ပန်းလေးတွေ လုပ်လိုလုပ်လဲ ဖူးပွင့်နေကြတဲ့ ပန်းဆိုင်းတွေ ချိတ်ဆွဲထားတာကတော့ အတော်လှရဲ့။

ရင်ပြင်အစပ်တွေမှာ ကဖေးဆိုင်တွေ ရှိပြီး ဆိုင်ရှေ့တွေမှာလည်း ပန်းပွင့်ရောင်စုံနဲ့ ပန်းပင်တွေအပြင် နွယ်ပင်နဲ့ သစ်ခက်တွေကိုလည်း တန်းလန်းချထားလိုက်သေးရဲ့။ ရင်ပြင်ရဲ့ လေယာဉ်ကဖေးတွေမှာ ထိုင်နေကြတဲ့ လူတွေကလည်း အများအပြားပါ။

ဘရပ်ဆဲလ်ရဲ့ အချက်အချာက ဒီဂရင်းပဲလေ့စ်ရင်ပြင်မှာ အရောင်အသွေးစုံတဲ့ ပန်းစွေးလည်းရှိပြီး စွေးဝယ်သူတွေ စုပြုံကျရောက်လေ့ ရှိပါသတဲ့။ ရင်ပြင်အလယ်မှာတော့ စီးပွားဖြစ် ပန်းချီဆရာတွေ၊ ပန်းချီကား ရောင်းသူတွေ၊ ပန်းချီဆွဲနေသူတွေ အများကြီးရှိနေရဲ့။ ဆရာမနဲ့အတူ လက်တွေ့ ပန်းချီဆွဲနေတဲ့ ကလေးတစ်အုပ်ကား အာရှသား တရုတ်လေးများ ဖြစ်ပါလိမ့်မယ်။ ကလေးတွေရဲ့ နောက်ကနေ ရပ်ပြီး ကြည့်မိတော့ သူတို့ရဲ့ ခဲခြစ်လက်ရာမှာပင် အကော်ကောင်းနေလို့ အံ့သြရတယ်။

ရောက်ခဲ့သမျှ ဥရောပမြို့ကြီးတွေမှာ ဘရပ်ဆဲလ်က အနည်းငယ် ညစ်ပတ်ဟန့်တွေ့ရတယ်။ လူမျိုးလည်း စုံလှရဲ့ အထူးသဖြင့် လူမည်းတွေ အများဆုံးတွေ့ရတယ်။ ပါကစ္စတန်ဘက်မှ ဝင်လာသူတွေကြောင့် လမ်းဘေးဆိုင်လေးတွေ ပိုများလာပြီး ခါးပိုက်နှိုက်လည်း ပေါလှသတဲ့။ ရောပြီး စကားလာပြောလာရင် သတိထား၊ တစ်ခုခုလုပ်လိမ့်မယ်လို့ လမ်းညွှန်ကကြိုပြီး ပြောထားပါတယ်။

ပြောတဲ့အတိုင်းပဲ ရင်ပြင်မှာ လမ်းလျှောက်နေတုန်း လူမည်းကပြားလေးတစ်ဦးက ကိုယ်တို့ ဟိုတယ်ရှေ့မှာရပ်မိတော့ ကတ်ပြားလေးတစ်ခုကို လှမ်းကောက်ပြီး ကျခဲ့တာလား၊ ကြည့်ပါဦးလို့ ကတ်လေးထိုးပြပြီး မေးလာရဲ့။ အရောမဝင်ဖို့ ပြောထားပေမယ့် သူ တကယ်ကောက်ရပြီး၊ ကူညီချင်တဲ့ စိတ်နဲ့ မေးတာလားလို့လည်း တွေးမိပြန်ပေါ့။ မလှမ်းမကမ်း ရောက်တော့ လူအုပ်ဆဲမှာ သူ့ကိုလှမ်းရှာကြည့်ရာ သူ့အဖော်တွေနဲ့ ရယ်မောစကားပြောနေတာကို တွေ့လိုက်ရတယ်။ တော်သေးရဲ့၊ မပတ်သက်မိလို့။

ရင်ပြင်ဘေး ဆိုင်တန်းများမှ ဘေးက လမ်းကြားလေးထဲသို့ ဆက်လက်လျှောက်ဝင်သွားစဉ် အဝန်းမှာပဲ တိုက်နံရံရဲ့ လူလက်တစ်ဖောင်လောက်နေရာမှာ နံရံကပ်စင်လေးနဲ့ ကပ်ပြီးတင်ထားတဲ့ ရွှေရောင်ပြေးနေသော ခဝဲညီညီရုပ်တုတစ်ခုကို တွေ့ရပါတယ်။ လဲလျောင်းနေတဲ့ အဲဒီလူပုံရိုက်ဟာ သူတော်စင်တစ်ပါးပါး ဖြစ်ဟန်ရှိရဲ့။ ရုပ်တုရဲ့ ရှေ့မှာတော့ ရုပ်တုကို ဝန်းပတ်၊ ရင်ပတ်၊ ချက်ပတ်၊ ခြေသလုံးပတ်နဲ့ ဆုတောင်းနေကြသူတွေကလည်း တစ်ပုံတစ်ပင်ကြီးပါ။

မန္တလေး မဟာမြတ်မုနိဘုရားဝင်းထဲက ကြေးရုပ်ကြီးတွေလိုပဲ အနာရောဂါ ကင်းဝေးအောင် အဓိဋ္ဌာန်ရင်း ဆုတောင်းနေကြခြင်း ဖြစ်ပါတယ်။ သူတို့မှာလည်း ဒီလိုအတွေး၊ ဒီလိုအယူအဆတွေလည်း ရှိသကိုး။

ဘရပ်ဆဲလ်ရဲ့ အထင်ရှားဆုံး ရေပန်း (Fountain)

ဘရပ်ဆဲလ်ရဲ့ ဒီဂရင်းပဲလေ့စ် ရင်ပြင်ကနေ ခြေလှမ်း အနည်းငယ်ဆက်လက်လျှောက်လာရာ လမ်းအဆုံး ကတ်ဝဲဘက်ခြမ်းမှာ ခရီးသွားများ အုံခဲနေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်တွေရဲ့ ရှေ့ တိုက်နံရံမှာတော့ နှစ်တောင် ခန့်ရှိတဲ့ ကလေးရုပ်မည်းမည်းလေး တစ်ခု ရှိနေပါတယ်။ သူငယ်ပါကို သူကိုင်ကာ ရှူးပေါက်နေပုံပါ။ သူ့ရှေ့ပန်းကန်ရေးပန်းလေးများ ထွက်ကျနေပါတယ်။ အဲဒီနေရာမှာ အရုပ်ကလေးကို ဓာတ်ပုံဝိုင်းရိုက်နေသူတွေကလည်း တိုးမပေါက်ပါဘူး။ ကြည့်နေရင်း ခဏအကြာမှာတော့ ရေပန်းဟာ ရုတ်တရက် အရှိန်မြင့်ကာ ကော့ထက်လာပြီး လူအုပ်ကြီးကို ပန်းခြလိုက်တော့ လန့်အော်သူတွေ၊ ပျော်ပြုံးသွားသံတွေရဲ့ ရယ်သံတွေနဲ့ ဆူညံသွားပေါ့။ သကြန်၊ ရေသွက်သလိုပေါ့။

ဒါဟာ သူငယ်တော်ရှူးပေါက် (Manneken-Pis) ကြေးရုပ်တုငယ်လေးဖြစ်ပြီး ရေပန်းတစ်ခုလို လုပ်ထားတာပါ။

Encarta Encyclopedia, Paolo Koch/Photo Researchers, Inc.

ဒီကြေးသွန်းရုပ်တုလေးဟာ အဲဒီတော်လေး လူကြိုက်များပြီး မြို့ရဲ့ အမှတ်သင်္ကေတအဖြစ်လည်း စဉ်းစားထားကြလို့ အတော်လေး မေါ်ပြူလာဖြစ်ရဲ့။ ဒီကလေးရုပ်လေးကို မြို့သူ မြို့သားအားလုံးက ချစ်ကြသတဲ့။

ဒီအရုပ်လေးရဲ့ သမိုင်းကြောင်းကတော့ သူဟာ အညာကြ ကလေးငယ်လေးသာ ဖြစ်ပေမယ့် ရန်သူတွေ စနက်ဖ်ဖြတ်ပြီးထားခဲ့တဲ့ ဝိုင်းအပေါ်ကို အမှတ်တမဲ့ သေးပန်း မီးရာက ဝုံးမပေါက်ကွဲတော့ဘဲ မြို့ကို ပျက်စီးမှုမှ ကာကွယ်လိုက်လို့ ကလေးငယ်ဟာ မြို့ကို ဝုံးဒဏ်ကနေ ကင်းဝေးစေခဲ့ပါသတဲ့။ အမှတ်တမဲ့ ပြုလုပ်ချက်ကနေ အမှတ်တရဖြစ်သွားခဲ့ခြင်းပေါ့။

မူလက အဲဒီကလေးငယ်လေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဘရပ်ဆဲလ်မြို့ဝန်ဟောင်း ဂျာမ် ဒူကွေစနွိုင် (Jérôme Duquesnoy)က စတင်ထုလုပ်ခဲ့တာပါ။ ဒီ (the Manneken-Pis) ရုပ်လေးဟာ ၁၉ ရာစုအစောပိုင်းမှာတော့ အဆိုးဝါးဆုံးပြီး အစိတ်စိတ်အမြွာမြွာနဲ့ ကြေကွဲစရာလည်း ဖြစ်ခဲ့ပါတယ်။ သူခိုးလက်ကပြန်ရတော့ အစအနဖြစ်နေရွာရဲ့။ အဲဒီအရုပ်အပိုင်းအစတွေကိုပဲ ပြန်သုံးပြီး ပုံသွန်းခဲ့ကာ ယနေ့တွေ့ရတဲ့ ကြေးရုပ်ကလေးကို ပြန်ပုံဖော်ထားတာပါ။

အစဉ်အလာအရ (the Manneken-Pis) ရုပ်လေးကို ထူးခြားတဲ့ပွဲလမ်းသဘင်တွေရှိတိုင်း လိုက်ဖက်အောင် ဝတ်ဆင်ပေးကြလို့ သူမှာလည်း ရာဂျိတဲ့ အဝတ်အစားတွေအောင် စုဆောင်းစီနေပါပြီတဲ့။ ဒီရုပ်တုလေးကို အကြောင်းပြုပြီး သေးပေါက်နေတဲ့ ကလေးရုပ်လေးတွေ၊ စားစရာတွေ၊ အမှတ်တရပုံတွေကို တစ်လမ်းလုံးက ဈေးဆိုင်တွေမှာ ရောင်းချနေကြပါတယ်။ ဒီကလေးရုပ်လေးနဲ့အတူ အကျုပြု၊ ဂြိတ်မှ သံမဏိလုံးကြီးများ တွယ်ဆက်ထားပုံကိုလည်း အမှတ်တရ ပြုလုပ်ရောင်းချနေသေးရဲ့။

ည နေစာ စားပြီးတဲ့အခါ စားသောက်ဆိုင်အေးမှာ နွေဟောင်းပစ္စည်းဆိုင်တွေလို့ ဆိုင်ရှေ့ရပ်ကြည့်တော့ ဗုဒ္ဓဆင်းတုတော်များကို တွေ့ရပါတယ်။ ဥရောပတစ်ခွင်မှာတော့ ဘုရားဆင်းတုတွေဟာ အတော်ရေပန်းစားနေရဲ့။ ပလက်ဖောင်းဘေး ကားလမ်းပေါ်မှာတော့ ငှက်တို့ဟော်ရာ ရေကန်သာ (Swan Lake) ဘဲလေးကပွဲ ကြော်ငြာရှိနေပါတယ်။ အခွင့်များသောရာဇပြင့် ဘဲ့လေးကပွဲလည်း ကြည့်လိုက်ချင်ပါရဲ့။

ဘရပ်ဆဲလ်ရဲ့ ညကိုတော့ မာကျူရီ (Mercure Hotel) ဟိုတယ်မှာ တည်းခိုကြရတယ်။ ဟိုတယ်ရှေ့မှာ ကားရပ်နားစရာနေရာမလပ်လို့ တစ်လမ်းကျော်မှာဆင်းကာ အိတ်ဆွဲပြီး လမ်းလျှောက်ဝင်ရပေါ့။ သီးပါတဲ့ ခရီးဆောင်အိတ်ကို ဒါကြောင့် သုံးကြတာပဲလို့ ကောင်းကောင်းနားလည်လိုက်မိပါတယ်။

ညရောက်တာနဲ့ ရောက်တုန်းရောက်ခိုက် ဘရပ်ဆဲလ်ရဲ့ ညအလှကို ခံစားဖို့ လျှပ်စစ်ကား (Trans) စီးကာ ရင်ပြင်ဆီကို ပြန်သွားကြပြန်တယ်။ ရင်ပြင်မှာ မီးစုံဖွင့်တဲ့ အချိန်တစ်ခုရှိပြီး အဲဒီအချိန်မှာ အဆောက်အအုံတွေဟာ အလွန်လှတယ်လို့ သိရပေမယ့် စောင့်ကြည့်ဖို့လည်း အချိန်မမီခဲ့တော့ပါဘူး။ ရင်ပြင်ဘေး မလှမ်းမကမ်းက လမ်းထဲမှာတော့ စတိတ်ရှိုးပွဲအတွက် ပြင်ဆင်နေတယ်ဆိုတာ သိလိုက်ရတယ်လေ။ ညဘက် မီးရောင်တွေနဲ့ လှပနေတဲ့ ဈေးဆိုင်တန်းများမှာ လမ်းလျှောက်ကာ ကလေးသေးပေါက်ရုပ်ဘောင်ကို ပြန်သွားပြီး ညအလှနဲ့ ဘယ်လိုများရှိမလဲဆိုတာ ကြည့်ကြပြန်တယ်။ ညဘက်ဖြစ်တဲ့တိုင် အရုပ်လေးရှေ့မှာ လူတွေ မစဲသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကတော့ ရင်ပြင်ရှိရာကို ပြန်သွားကြတယ်။ ဘဒီကမ္ဘ စတဲတဲ့ရိုးရိုးရှိတဲ့လမ်းကို ခေးမြန်းပြီး ခွိတားတဲ့သွားတယ်။ ပန်းအဆုံးမှာတော့ အဆင့်ဆင့် နိမ့်ဆင်းသွားတဲ့ ပန်းခြံကြီးရှိပြီး ပန်းခြံရဲ့အဆုံး အနိမ့်ပိုင်းမှာတော့ စတီးတိုရိုးစင်မြင့်ရှိမါတယ်။ ပန်းခြံပေါ် ခပ်မြင့်မြင့်နေရာကနေ ရပ်ကြည့်ရင်းသည်း စတီးတိုစင်ကိုမြင်နိုင်ရဲ့။

စတီးတိုရိုးကို ပန်းခြံပေါ်က စီးပြီးကြည့်နိုင်ပေမယ့် လက်မှတ်ဝယ်ပြီး ရဲထဲဝင်ကြည့်သူတွေလည်း အများကြီးပါ။ ခွဲဝင်ခကတော့ တစ်ဦးလျှင် ၈ ယူရိုလို့ သိရတယ်။

စင်မြင့်ပေါ်မှာ မှုတ်ထုတ်ထားတဲ့ပိုးခိုးလုံးတွေ အကြားအကောဲ့ ဆောင်းတိုပြား၊ ရှပ်အင်္ကျီဖြူများကိုသာ ခပ်ရိုးရိုးတတ်ဆင့်ရင်း သီဆိုကြတဲ့ အဆိုတော်နဲ့ တီးခတ်သူတွေကို တွေ့ရပါတယ်။ ဆဲရည်အဆိုတော်တွေ၊ အရမ်းလွန်လွန်ကဲကဲ ဝတ်ဆင် ဖြေဖျော်သူတွေကိုလည်း မတွေ့ရတော့ အံ့သြမိရဲ့။ ပွဲကြည့်သူ လူငယ်များကလည်း သရုပ်ပျက်ဝတ်ဆင်မှုမရှိဘဲ ဂီတကိုသာ ခံစားဖို့ လာရောက်ကြပုံ ပေါ်နေကြပါတယ်။ ဘီယာဘူးကိုင်ပြီး ပွဲကြည့်ဖို့ ဝင်သွားသူတွေရှိပေမယ့် အတော်လေး အေးဆေးကြရဲ့။

ပွဲခင်းကနေ ကုန်ပေါ်ပြန်တက်ခဲ့တော့ စားသောက်ဆိုင်တန်းလေးတွေမှာ လူစည်နေပါပြီ။ ရေခဲမုန့်၊ ဘီယာ၊ အအေးစုံ၊ အာလူးကြော် စတာတွေကို ၄ ယူရို၊ ၅ ယူရိုအတွင်းသာ ပေးကြရတာပါ။ ရဲကား၊ ကြတ်ခြေနိကားတွေလည်း ပွဲခင်းအပြင်ဘက်မှာ အသင့်စောင့်နေတာ တွေ့ရပေမယ့် ရှုတ်ရှုတ်သဲသဲဖြစ်တာတော့ မရှိပါဘူး။ အမူးသမားတစ်ယောက်သာ ကားမှတ်တိုင်မှာ သီချင်းအော်ဆိုနေတာတွေ့ရတယ်။ အခြေအနေက သိပ်မဆိုးဝါး၊ လမ်းသွား လမ်းလာတွေကို အနှောင့်အယှက်မဖြစ်တဲ့ ဖြေဖျော်နေသလိုအဆင့်သာသာပါ။

အပြန်မှာလည်း လျှပ်စစ်ကားကိုပဲ ပြန်စီးခဲ့တယ်။ အလာတုန်းက ဝယ်ခဲ့တဲ့ ကားလက်မှတ်မှာ အသွားအပြန် စီးနိုင်လို့ လက်မှတ်ထပ်ဝယ်ရန်လည်း ခလိုဘူးတဲ့၊ ကောင်းလိုက်တာ။ ကားကတော့ သုံးစီးတွဲဆက်ထားတဲ့ ရထားလို အတွဲပိုက်ကြီးပါ။ လေးမတ်တိုင် ပြန်စီးခဲ့ရတယ်။ တားပေါ်မှာ အပြန်ခရီးကို မမှားရအောင် မှတ်မေးဒီမေးလုပ်ကြတော့ ဒေသခံလူငယ်တစ်ဦးက ဆင်းရမယ့်မှတ်တိုင်ကို အသေအချာ ပြောပြရှာရဲ့။ သူကနေတော့ ဆုံးမှတ်တိုင်မြေကမ္ဘာမှာ ဆင်းသွားဖို့ မဆင်းခင်မှာ လိုက်မဆင်းနဲ့နော်၊ ခင်ဗျားတို့အင်းရမှာ ရှေ့မှတ်တိုင်မှပါ ဆိုပြီး စိုးရိမ်ပူပန်စွာနဲ့ သတိပေးသွားပါသေးတယ်။

ပြော-ကမ္ဘာတစ်လွှားမှာ လူသားအားလုံးဟာ ညီအစ်ကို မောင်နှမတွေချည်းပါပါ။ ဘိုးဘေးနှလုံးသားနဲ့သာ နေကြရင် ကမ္ဘာကြီးဟာ နှစ်လို့စရာကောင်းလှရဲ့။

နောက်နေ့ ဩဂုတ်လ ၁၁ရက်(တနင်္ဂနွေ)မှာတော့ ဘယ်လက္ခိယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ကနေ ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ စတင်ခရီးထွက်ခဲ့ပါတယ်။ ဆရာမောင်ဝံဃ ဆုံးဦးပြီလို့ မိုတယ်မှမဆွက်ခင် သိလိုတ်ရလို့နှမြောစိမ်းနည်းသွားမိရဲ့။ ဒီမိုကရေစီအင်အားစုတွေအတွက်၊ စာပေနယ်အတွက် လက်တစ်ဖက် ပြုတ်တာပါ။

၅ နာရီကျော်မှ တားဆက်စီးခဲ့ရမယ်တဲ့။ ရထားနဲ့သွားရင်တော့ ၁ နာရီကျော်ကျော် ခရီးဆာဖြစ်ပါသတဲ့။ မနက် ၉နာရီခွဲလောက်မှာ လယ်ကွင်းကျယ်ကြီးတွေကျော်ပြီး ပြင်သစ်နယ်စပ်ကို ဖြတ်ရတယ်။ နယ်စပ်ဖြတ်ကျော်တာလည်း မပေးရ၊ မှတ်ပုံတင်၊ ပတ်စ်ပို့လည်း မပြရပါဘူး ပြော-ကောင်းလေစွ။ (ဆက်ရန်)

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရွှေ-၁၃)

စာကိုး။ Encyclopædia Britannica, 2014. Microsoft ® Encarta ® 2009.

❑

လှပြည့်ဝန်းမဂ္ဂဇင်း (ပေဖော်ဝါရီလ၊ ၂၀၁၅)

www.burmeseclassic.com

www.burmeseclassic.com

Vigen Myanmar

မိသားစုများနှင့်တွေ့ဆုံခြင်း

ဦးဇော်ဝင့်(ဒေါက်ဂူ)



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ကိုသီဟ"

"မင်္ဂလာပါ ကိုဉာဏ်ပွင့်"

"Vigen Myanmar အကြောင်းလေး ပြောပြပေးပါဦး"

"ကျွန်တော့် နာမည်က သီဟဝင်းထိန်ပါ။ Vigen Myanmar မှာ အထွေထွေမန်နေဂျာတာဝန် ထမ်းဆောင်နေပါတယ်။

Vigen Myanmar အကြောင်း မပြောခင် ကိုရီးယား နိုင်ငံမှာရှိတဲ့ Global Vigen ကုမ္ပဏီအကြောင်း အရင်ပြောရမှာပါ။ Global Vigen ကုမ္ပဏီဟာ ကျန်းမာရေးအထောက်အကူပြုတဲ့ စက်ပစ္စည်းတွေကို တစ်ကမ္ဘာလုံးကို ဖြန့်ဖြူးနေတာပါ။ အဲဒီလို ဖြန့်ဖြူးလာတာလည်း အနှစ်(၂၀)ကျော်ပါပြီ၊ နိုင်ငံပေါင်း ၆၀ ကျော်ကို ဖြန့်ဖြူးပြီး ဖြစ်ပါတယ်၊ ဖြန့်ဖြူးတာတွေ အောင်မြင်တဲ့အတွက် လူတွေ အကျိုးရှိအောင် ပရဟိတလုပ်ငန်းတွေကိုပါ ပြုလုပ်ပေးချင်လို့ ဖြန့်ဖြူးထားတဲ့ နိုင်ငံတွေမှာ အခမဲ့ စင်တာတွေဖွင့်ပြီး အကျိုးပြုပေးနေတာပါ။ ငွေကြေး မတတ်နိုင်တဲ့လူတွေ၊ စက်ပစ္စည်းကို အခမဲ့ သုံးလို့ရအောင် အလှူပုံစံမျိုး လုပ်ပေးတာပါ"

"မြန်မာနိုင်ငံကို ဘယ်လိုကြောင့် စိတ်ဝင်စားဖြစ်တာလဲ"

"၂၀၁၁ ခုနှစ်မှာ Global Vigen ကုမ္ပဏီရဲ့ ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဆရာကိုကိုကြီးလို့ မြန်မာပြည်သူတွေ သိနေကြတဲ့ ကျွန်တော်တို့ဆရာ မစ္စတာချဲက မြန်မာပြည်ကို လာပြီးတော့ လေ့လာကြည့်ခဲ့ပါတယ်၊ လေ့လာတဲ့အခါ မြန်မာပြည်မှာ ဆေးဘက်ဆိုင်ရာ နည်းပညာတွေ နောက်ကျနေတာကို တွေ့ခဲ့ပါတယ်၊ ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်တဲ့အတွက် ငွေကြေးမတတ်နိုင်လို့ ဆေးဝါးမကုနိုင်တဲ့သူတွေ အများကြီး ရှိတယ်ဆိုတာ သိသွားပါတယ်၊ အဲဒီအခြေအနေတွေကို ကိုရီးယား ခံုးချုပ်မှာ ပြန်တင်ပြခဲ့ပါတယ်။

Global Vigen ကုမ္ပဏီရဲ့ အစီအစဉ်တွေထဲမှာလည်း အာဖရိကနိုင်ငံလို ငွေကြေးမတတ်နိုင်တဲ့ နိုင်ငံတွေမှာ အခမဲ့ စင်တာတွေဖွင့်ဖို့ အစီအစဉ်တွေ ရှိပါတယ်၊ ဒီလိုနဲ့ မြန်မာပြည်မှာလည်း အခမဲ့စင်တာတွေဖွင့်ဖို့ တာဝန်ပေးလိုက်ပါတယ်၊ မစ္စတာချဲဟာ ရန်ကုန်ရောက်တဲ့အခါမှာ ကျွန်တော်နဲ့ ဦးကျော်ကျော်ထွန်းနဲ့ ဆုံဖြစ်ခဲ့ပါတယ်၊ ဆရာကလည်း ဒီလို လုပ်ချင်ကြောင်း ပြောပါတယ်၊ ကျွန်တော်တို့ကလည်း အရမ်းကောင်းတယ်ပေါ့ဆိုပြီး စတင်တည်ထောင်ဖြစ်ခဲ့တာပါ"

"ဌာနံတိုင်မှာပဲ စတင်လုပ်ဖြစ်ခဲ့တာလား"

"စတင်တည်ထောင်ခဲ့တဲ့ နေရာကတော့ မြေနီကုန်းစမ်းချောင်းရဲ့ ရှိုင်းကွန်ဒိုမှာပါ။ အဲဒီမှာပဲ ခံုးချုပ်အနေနဲ့ ကုမ္ပဏီဖွဲ့စည်းခဲ့တယ်၊ ဖွဲ့စည်းပြီး စက်တစ်လုံးကို စတင်ပြီး မြန်မာပြည်ကို သွင်းခဲ့တယ်။

အဲဒီစက်ကို ကျွန်တော်တို့ကိုယ်တိုင် သုံးကြည့်တယ်၊ ဆရာကိုကိုကြီးကလည်း သရုပ်ပြပြီး ကျွန်တော်တို့ကို Training တွေပေးတယ်၊ ပြီးတော့ ဝန်ထမ်းတွေ ခေါ်တယ်၊ ဝန်ထမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း သုံးလလောက် Training ပေးတယ်၊ စာမေးပွဲ စစ်တယ်၊ ပထမဆုံး အနေနဲ့ အဲဒီမှာ ဖွင့်ဖြစ်ခဲ့တာပါ"

"ကိုသီဟတို့ အရင်ဆုံး အစမ်းသပ်ခဲ့ရတာပေါ့"

"တုတ်ပါတယ်၊ ကျွန်ုပ်တို့ အရင်ဆုံး အစမ်းသပ်ခဲ့ရတာ၊ စက်ပေါ်တက် အဝေးထိန်းခလုတ်ကို ကိုယ်တိုင် ကိုင်ပြီး သုံးခဲ့ရတာ၊ အယူးအစမ်းပေါ့။ Roller တုံးက တော့ ဘောက်မှာ အပေါ်တက်လိုက် ဗောက်ဆင်းလိုက်နဲ့ဆိုတော့ စစချင်းတော့ ပြောက်ဟာပေါ့။

ကျွန်တော်တို့မှာ ဘာရောဂ၌ မရှိဘူးပေါ့နော်၊ တကယ်တမ်း သုံးကြည့်တော့ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ဖြစ်သွားတယ်၊ ပင်ပန်းနွမ်းနယ်မှုတွေလည်း ပျောက်သွားတယ်၊ အလုပ်လုပ်တဲ့အခါကျတော့လည်း ထဲထဲဝင်ဝင် အလုပ်လုပ်နိုင်တယ်၊ အဲဒီစက်အပေါ် ယုံယုံကြည်ကြည် ဖြစ်သွားတာပေါ့၊ အဲဒီစက်ကတော့ ဆရာ အခုတွေ့နေရတဲ့ Top and Top စက်ပါပဲ။

စဖွင့်တုန်းကဆို ခုလို တယ်လီဖုန်းဘုတ်ကင် မဟုတ်သေးဘူး၊ မနက်ပိုင်း တန်းစီရတာ၊ လူတွေက အစောကြီး ကတည်းက လာကြတယ်၊ မနက် ၂ နာရီလောက်ကတည်းက တန်းစီနေတာ၊ ကျွန်တော်နဲ့ ကိုကျော်ကျော်ထွန်းက မနက် ၅ နာရီလောက် အရောက်သွားကြရတယ်၊ ညဆိုရင် ၈ နာရီလောက်မှ ပြန်ရတယ်၊ ၁၀ နာရီလောက်မှ အိမ်ပြန်ရောက်တယ်၊ သာမန်အားဖြင့်ဆိုရင် အရမ်းပင်ပန်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ဒီစက်ကို အဲဒီကတည်းက နေ့တိုင်း သုံးတဲ့ အခါကျတော့ ပင်ပန်းမှုဆိုတာ သိပ်မခံစားရဘူး၊ အလုပ်ကို ပိုပြီးထိရောက်အောင် လုပ်နိုင်တာ တွေ့ရတယ်"

"ဘယ်ရောဂါတေးနာရှင်တွေ အဆာမှာနည်းလဲ"

"ရောဂါပေါင်းစုံ ဝေဒနာရှင်တွေ လာကြတယ်၊ ရောဂါတွေ ပျောက်သွားတာကိုလည်း မျက်မြင်တိုင်တွေ့ တွေ့ရတယ်၊ ဒီလိုနဲ့ပဲ ဒီလုပ်ငန်းလည်း တွင်တွင်ကျယ်ကျယ် အောင်အောင်မြင်မြင် ဖြစ်လာတာ၊ လူသတင်း လူချင်းဆောင်ပြီး လာတဲ့လူတွေ အများကြီးဖြစ်လာတယ်၊ အခုဆိုရင် စင်တာပေါင်း ၁၆၃ ခုတောင် ဖြစ်နေပြီ။

ရန်ကုန်မှာဆိုရင် ကမာရွတ်၊ လသာ၊ သဃ်နန်းကျွန်း၊ တာမွေ၊ ပုဇွန်တောင်တို့မှာ စင်တာတွေ ဖွင့်ထားတယ်၊ ရွှေဥံတိုင်မှာကတော့ ရုံးချိုပ်ပေါ့။ မန္တလေး၊ ရှမ်းပြည် လားရှိုး၊ တာချီလိတ်၊ ပဲခူး၊ မော်လမြိုင်၊ ပြည်မြို့တွေမှာလည်း စင်တာတွေ ဖွင့်ထားပြီးပြီ"

"ကိုသီဟတို့ စလုပ်တုန်းက အောင်မြင်မယ်လို့ ယုံကြည်မိသလား"

"အမှန်အတိုင်း ပြောရရင် စင်တာမဖွင့်ခင် Training တွေ ပေးတဲ့အချိန်တုန်းက ဒီလောက်အောင်မြင်မယ်လို့ မထင်မိဘူး၊ ဘာကြောင့်လဲဆိုတော့ မကြုံဖူးသေးဘူးလေ၊ ဆရာကိုကိုကြီးကတော့ ပြောပါတယ်၊ ဖွင့်ပြီဆိုတာနဲ့ စင်တာရှေ့မှာ လူတွေ တန်းစီနေလိမ့်မယ်၊ အချင်းချင်းတန်းစီကြလာမှတ်ယူကြနဲ့ ရန်ဖြစ်တဲ့အထိ ဖြစ်လိမ့်မယ်လို့ ပြောပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လက်မှတ်လုကြလိမ့်မယ် ဆိုတာကတော့ ကျွန်တော်က သိပ်မယုံဘူးပေါ့နော်၊ ဒါက ဆန်ပေးတာမှ မဟုတ်တာလေ၊ တကယ်ဆာမ်းဖွင့်တော့ ဆရာကိုကြီး ပြောတဲ့ အတိုင်းပဲ တန်းစီရင်းနဲ့ စကားများ ရန်ဖြစ်တာတွေ ရှိတယ်"

"စတွင်ဟုန်းက စက်တယ်နလုံးနဲ့ ဈေးဖြစ်ခဲ့တာလဲ"

"မဖွင့်ခင် Training ပေးတုန်းကတော့ စက်တစ်လုံးတည်းပါ၊ အဲဒီအချိန်ကတည်းက ဘေးအခန်းကလူတွေ လာသုံးကြတယ်၊ သင်တန်းနည်းပြဆရာမတွေရဲ့ အမျိုးတွေလည်း လာသုံးနေကြတယ်၊ တစ်နေ့မှာ ၁၅ ယောက်ပဲ လုပ်ပေးနိုင်တယ်၊ အဲဒါကို စောင့်ပြီး လုပ်ကြတာ၊ မဖွင့်ခင် သုံးလလောက်ကတည်းက လူတွေက တော်တော်ကို သိနေကြပြီ။

စဖွင့်တုန်းကတော့ စက်အလုံး ၃၀ နဲ့ ဖွင့်ခဲ့တဲ့၊ စဖွင့်တဲ့ ပထမဦးဆုံးနေ့မှာပဲ လာတဲ့လူတွေ အပြည့်ဖြစ်သွားတယ်၊ လူအယောက် ၄၅၀ အပြည့်ဖြစ်သွားတယ်၊ အဲဒီအချိန်ကတည်းက အခုချိန်ထိ လူအပြည့်ဖြစ်နေတာ၊ စက်အလုံး ၃၀ ဆိုတော့ တစ်နေ့ လူ ၄၅၀ သုံးလို့ရတယ်၊ မနက် ၈ နာရီကနေ ည နေ ၆ နာရီအထိ Section ၁၅ ခုရှိတယ်၊ One Section ကို လူ ၃၀ သုံးလို့ရတော့ တစ်နေ့လုံးဆိုရင် လူအယောက် ၄၅၀ ပေါ့၊ စင်တာခွဲတွေမှာတော့ စက်အလုံး ၂၀ စီထားပေးထားပါတယ်၊ ဒီတော့ တစ်နေ့ကို လူအယောက် ၃၀၀ သုံးလို့ရတာပေါ့"

"အဲဒီ Top and Top စက်အကြောင်းလည်း ပွင့်ပြပေးပါဦး"

"အဲဒီ Top and Top စက်မှာ Global Vigen တုပွကို က ထုတ်လုပ်တဲ့ ဟိုက်ဂိုးယားဆိုတဲ့ ကွန်ပေါင်းတစ်မျိုးနဲ့ ဆုံးထားတာပါ၊ အဲဒါကို အဓိကထားထားတယ်၊ ဟိုက်ဂိုးယားဆိုတာ ကျွန်းမာရေးအတွက် အကျိုးရှိတဲ့ တွင်းထွက် ၁၉ မျိုးကို စုပေါင်းပြီး နာနိုအဆင့်ရောက်အောင် နာနိုနည်းပညာနဲ့ အရမ်းမွှန်အောင် လုပ်ထားပြီး ၁၉ မျိုးကို ပေါင်းစပ်ထားတာ၊ အဲဒီ ဟိုက်ဂိုးယားကွန်ပေါင်းက ဘယ်လိုအစွမ်းရှိသလဲဆိုတော့ ဒီအတိုင်းထားတဲ့ အနေအထားမှာကို အလင်္ကထရီမဂ္ဂနက်စနစ်ဝေဖန်တွေ ထွက်တယ်၊ အဲဒီအလင်္ကထရီမဂ္ဂနက်တစ်ဝေဖန်က ဘယ်လိုအဆင့်ထိ ရှိသလဲဆိုတော့ အနီအောက်ရောင်ခြည် အဆင့်ရှိတယ်၊ အနီအောက်ရောင်ခြည်မှာတောင် လှိုင်းရှည်အဆင့် ရှိတယ်။

အနီအောက်ရောင်ခြည်ရဲ့ ကောင်းကျိုးတွေကတော့ လူခန္ဓာကိုယ်အတွက် အများကြီးပေါ့၊ အဲဒီ ဟိုက်ဂိုးယားကို သုံးတဲ့အတွက် အနီအောက်ရောင်ခြည်ရဲ့ ကောင်းကျိုးတွေကို ကျွန်တော်တို့ ရတာဓမ္မပေါ့"

"အဲဒီ ဟိုက်ဂိုးယားကို ဒီစက်မှာ ဘယ်လိုတပ်ဆင်ထားတာလဲ"

"Top and Top စက်မှာ ဟိုက်ဂိုးယားကို Roller ပုံစံ တပ်ထွင်ထားတာ၊ စက်ပေါ်မှာ ပက်လက်လှန်လိုက်ရင် ကျောရိုးမ တစ်လျှောက်ကို Roller နဲ့ အပေါ်အောက်သွားလို့ ရအောင် တပ်ဆင်ထားတာ၊ ခလုတ်ဖွင့်လိုက်တာနဲ့ ဟိုက်ဂိုးယား Roller ကို လျှပ်စစ်ကနေ အပူပေးတယ်၊ အဲဒီတော့ အနီအောက်ရောင်ခြည် ထွက်လာရော။

လှိုင်းရှည်အနီအောက်ရောင်ခြည်ကို မျက်လုံးနဲ့မမြင်ရဘူး၊ လှိုင်းလတ်နဲ့ လှိုင်းတိုကိုတော့ မြင်ရတယ်၊ အနီအောက်

www.burmeseclassic.com

www.burmeseclassic.com

ရောင်ခြည်နဲ့ ခြေဆုံး ခေါင်းဆုံး မာဆတ်လုပ်ပေးတာပေါ့။ ၃၇ မိနစ်အတွင်းမှာ ပထမဆုံး ၁၆ မိနစ်က မာဆတ်လုပ်ပေးတယ်၊ ကျောရိုးဆစ် တစ်ဆစ်ချင်းကိုလည်း တစ်မိနစ်လောက်စီ မာဆတ်လုပ်ပေးတယ်၊ တစ်ကြိမ်သုံးတိုင်း သုံးတိုင်း အဲဒီလို လုပ်ပေးတယ်"

"ဘာတွေကိုတွေ့ရက်သလဲ ကိုသီဟ"

"ဒါကျတော့ ဆေးပညာဆိုင်ရာ အဝိုင်းတွေ ပါလာတာပေါ့။ လူနာတွေကိုယ် အာရုံကြောတွေက ကျောရိုးမကနေ သွားတာမို့။ ကျောရိုးဆစ်တွေကနေ အာရုံကြောတွေ ခွဲထွက်သွားပြီး အင်္ဂါရုပ်တစ်ခုချင်းစီကို သွားတာပေါ့။ ဟိုက်ဂျီးယား Roller က ကျောရိုးဆစ် တစ်ခုချင်းကို လှုပ်ဆော်ပေးတယ်၊ ကျောရိုးဘေးက ကြွက်သားတွေကိုလည်း နှိပ်နယ်ပေးတယ်၊ သွေးလည်ပတ်မှု ကောင်းသွားအောင် အာရုံကြော ဖိနေတာ ညှပ်နေတာတွေကိုလည်း ဖြေပေးတယ်၊ ခါးရိုးစောင်းနေတာတွေ ညှပ်နေတာတွေ ရှိရင်လည်း နှိပ်နယ်ရင်းနဲ့ ဖြေပေးသွားတာ၊ ဒီတော့ သွေးလည်ပတ်မှုတွေ ကောင်းလာတယ်၊ ခုခံစွမ်းအားတွေ တက်လာတယ်၊ အဲဒီ ကောင်းကျိုးနှစ်မျိုးအဓိက ရတယ်၊ အဲဒီနှစ်ခုကြောင့် အမေရိကန်နိုင်ငံက FDA၊ ကိုရီးယား FDA၊ ထိုင်းနိုင်ငံ FDA လက်မှတ်တွေ ရလာတယ်။

ဒီစက်က ဘယ်ရောဂါအတွက် ကောင်းသလဲဆိုရင် ရောဂါအမည်တပ်ပြောဖို့တော့ ခက်ပါတယ်၊ ကောင်းကျိုးနှစ်ချက် ပြောရလိမ့်မယ်၊ သွေးလည်ပတ်မှု ကောင်းပါတယ်၊ ခုခံစွမ်းအားကို တိုးတက်စေပါတယ်၊ ကမ္ဘာကိုက သိပ္ပံနည်းအရ အဲဒီအချက် နှစ်ချက်ကို လက်ခံထားတာပါ။ အဲဒီနှစ်ချက်ကြောင့် ကျန်တဲ့ အစွယ်အပွား ကောင်းသွားတဲ့ အချက်တွေက အများကြီးပါ။

ဥပမာဆိုရင် နားလေးတဲ့လူ နားပြန်ကြားသွားတယ်၊ ချွေးမနို့က ဆရာဝန်ကြီးတွေ လက်မြှောက်ထားတဲ့ မျက်စိတစ်ဖက်ကွယ်တဲ့သူဆိုရင် မျက်စိပြန်မြင်သွားတယ်၊ ကင်ဆာဖြစ်နေတဲ့သူတွေ ကင်ဆာဆဲလ် ပျံ့နှံနှုန်း ရပ်တန့်ပြီး လူအသိုင်းအဝိုင်း ပတ်ဝန်းကျင်နဲ့ အံဝင်ခွင်ကျ ဖြစ်သွားတယ်၊ အဲဒီတစ်ယောက်ဆိုရင် 'ဂီတတီခါးလေး ဖွင့်ပါဦး' ပြောင့်ပွဲမှာ ပထမဆုရသွားတယ်၊ အဲဒီလိုမျိုး ထူးဆန်းတာတွေ တွေ့ရတယ်။

ဒါပေမဲ့ ဒီစက်ဟာ ကင်ဆာမျောက်တဲ့စက်၊ မျက်စိကွယ်တဲ့လူတွေ ပြန်ကောင်းတဲ့စက်၊ နားမကြားတဲ့လူတွေ ပြန်ကောင်းတဲ့စက်ပါလို့ ကျွန်တော်တို့ မပြောပါဘူး"

"အဲဒီ Top and Top စက်အကြောင်း သက်ပြောပေးပါ ကိုသီဟ"

"ဒီစက် လှုပ်ပေးတာက ခုခံစွမ်းအား ကောင်းအောင် လုပ်ပေးတယ်၊ အာရုံကြောတွေ ပြန်ရှင်သန်လာအောင် လုပ်ပေးတယ်၊ ဒီနှစ်ခုနဲ့ ပတ်သက်တာတွေ အကုန်ကောင်းသွားမှာပဲ၊ စက်မှန်မှန်သုံးရင်း ဆီးချိုသမားတွေလည်း ဆီးချိုထိန်းသွားနိုင်တယ်၊ ဆေးပုံမှန်သောက်ဖို့တော့ လိုတာပေါ့၊ ဒါမျိုးတွေ ကြုံတွေ့နေရတော့ ကျွန်တော်တို့လည်း ဒီစက်ကို ပိုပြီး ယုံကြည်လာတယ်၊ ရောဂါ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီစက်ကို နေ့တိုင်းသုံးတယ်။

အဲဒီစက်က ကျောရိုးမကြီး အပေါ်ဆုံးဆစ်ကနေ အောက်ဆုံးဆစ်အထိ နောက်ခြေဖျားအထိ အပေါ်အောက်ကို ဟိုက်ဂျီးယားအနီအောက်ရောင်ခြည်နဲ့ နှိပ်နယ်လှုပ်ဆောင်ပေးတာ၊ ဒါကြောင့် ဦးနှောက်နဲ့ အာရုံကြောကိုလည်း သက်ရောက်မှုတွေ ရှိပါတယ်၊ လေဖြတ်တဲ့လူတွေဆိုရင် ဒီစက်ကို သုံးရင်း တော်တော်လေး သိသိသာသာ ကောင်းလာတယ်၊ အချို့ဆိုရင် လက်မောင်းကပ်နေလို့ အလှူအတန်းတောင် မသွားဘဲ အိမ်တွင်းပုန်းနေတာ၊ ဒီစက်ကို သုံးရင်းနဲ့ တဖြည်းဖြည်း ကောင်းလာလိုက်တာ ပဝါလေးခြုံလိုက်ရင် တကယ့်လူကောင်းအတိုင်းပဲ"

(ဆက်ရန်)

ဥာဏ်ပွင့် (စက်မှု)

❑

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားခေါင်းဆောင်

ဦးလှပြုအောင်ဆန်း၏ကား

ဒေါင်ဘုန်းမြင့် (က

နဝင်းစက်ကို အခြေခံ၍ ပေါ
ဘားသော ဟောစာတမ်းဖြစ်သည်။
ဓာရုကာသည် သတ်သော ဂြိုဟ်၊
ရကာသည် ကယ်တင်ပေးသောဂြိုဟ်၊
ဂြိုဟ်သည် အားကောင်းသောဂြိုဟ်၊
ဂြိုဟ်သည် မကောင်းသော်ဂြိုဟ်
၍ သိရပါမည်။

အောင်ဆန်း သည်
မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး
ဖြစ်ပြီး၊ မြန်မာနိုင်ငံသား တိုင်းရင်းသား
အားလုံးတို့၏ အဲထူးအားကိုးအားထား
ယုံကြည်လေးစားခံရသောခေါင်းဆောင်
တစ်ဦးဖြစ်လေသည်။ ဗိုလ်ချုပ်အောင်
ဆန်း၏ အပြောအဆို လုပ်ရည်ကိုင်ရည်
စွမ်းရည်သတ္တိများသည် လွန်စွာ ထူးခြား
ပြောင်မြောက်သကဲ့သို့ ဗိုလ်ချုပ်၏
အခြေခံ မွေးဇာတာထဲ၌လည်း ထူးခြား
သော ဂြိုဟ်အပူး ဖြစ်မြင် အယှဉ်များ
ရှိနေပါသည်။

ယင်း ထူးခြားချက်များမှာ ၅-
တန်း ၁၀- တန့်အိမ်ရှင် သောကြာဂြိုဟ်
မှအပ ကျန်ဂြိုဟ်များသည် မြေဓာတ်
နှင့် လေဓာတ် ရာသီအိမ်များတွင် စုရုပ်
နေသည်ကို တွေ့ရမည်ဖြစ်သည်။

ပထဝီမြေရာသီအိမ်တွင် လင်
နှင့်စန်း ပူးနေသောကြောင့် ဇာတာရှင်
သည် မြေထုကဲ့သို့ တည်ငြိမ်ခိုင်မြဲသော
စိတ်ဓာတ်မျိုး ရှိခြင်း၊ ဆုံးဖြတ်ချက်
ချပြီးလျှင် မပြောင်းမလဲ တစ်သမတ်
တည်း မဖြစ်မနေ ဆောင်ရွက်တတ်ခြင်း၊
ဆင်းရဲသား ပြည်သူအများဘက်မှ ရဲရဲ
ရင့်ရင့် ရပ်တည်ပေးတတ်ခြင်း၊ ရာထူး
ဂုဏ်သိမ် မနှအဆောင်အယောင်များကို
မမက်မောဘဲ စွန့်လွှတ်နိုင်ခြင်း၊ မိမိ
အကျိုးယက် တိုင်းပြည်နှင့်လူမျိုး အကျိုး
ကိုသာ ဆောင်ရွက်တတ်ခြင်း၊ ပြည်နယ်
ပြည်မ ဆင်းရဲချမ်းသာ ကျောသား
ရင်သား မခွဲခြားဘဲ မျှမျှတတ ဆက်ဆံ
တတ်ခြင်း၊ ယုံကြည်မှုများကို အာရုံ
စူးစိုက်ပြီး မဆုတ်မနစ် အောင်မြင်
ပြီးမြောက်သည်ထိ ကြိုးစားဆောင်ရွက်
တတ်ခြင်း၊ ရိုးသားဖြောင့်မတ် ကတိ
စကား တည်ခြင်းများကို ဖြစ်စေခဲ့ခြင်း
ဖြစ်ပါသည်။

လင်အိမ်ရှင် ဂြိုဟ် စနေအပါ
အဝင် ဂြိုဟ်အများအပြားသည် ဝါယော
ခံ လေရာသီအိမ်ထဲ ရောက်ရှိနေကြ
သောကြောင့် ဇာတာရှင်သည် နိုင်ငံရေး၊
စစ်ရေး၊ လွတ်လပ်ရေး လှုပ်ရှားမှုများ
တွင် လေဓာတ်ဆန်ဆန် မနားမနေ
ပါဝင်လှုပ်ရှားခဲ့ခြင်း၊ နိုင်ငံ့လွတ်လပ်ရေး
အတွက် နေ့မအား၊ ညမအား ကြဲစည်
ဆော့ရွက်ခဲ့ခြင်း၊ အရေးကြီးသော
မဟာဗျူဟာများတွင် နှောင့်နှေးခြင်းမရှိဘဲ
လျင်လျင်မြန်မြန် ဆုံးဖြတ်ဆောင်ရွက်
တတ်ခြင်းများတွင် အောင်မြင်ခဲ့သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com





၃-တန်၊ ၁၂-တန် ရာသီအိမ်ရှင် ဂြိုဟ် ကြာသပတေးနှင့် ၆-တန်၊ ၉-တန် သခင်ဂြိုဟ် ဗုဒ္ဓဟူးသည် လဂ်မှ ၂-တန် ကဏ္ဍမွဘာဝတွင် ပူးစံနေကြပြီး လဂ်နှင့် ၂-တန်အိမ်ရှင်ဂြိုဟ် ဥစ္စာဝင်းစီးထားသောကြောင့် နိုင်ငံသူ နိုင်ငံသားများ၏ ယုံကြည်အားကိုးမှုနှင့် မေတ္တာကို ခံယူနိုင်ခြင်း၊ နိုင်ငံရေး စစ်ရေး အမျိုးသားရေးနှင့် စာပေလောကများတွင် အောင်မြင်ခဲ့ခြင်းများကို ဖြစ်စေခဲ့သည်။

ထို့ပြင် စကားအရာ၌ အများပြည်သူတို့၏ ရင်ထဲ ရောက်အောင် ထိထိမိမိ ဟောပြောစည်းရုံးနိုင်ခဲ့ခြင်း၊ တရားသဖြင့် လုပ်ဖော်ကိုင်ဖက်များအပေါ် ဩဇာညောင်းခြင်းများ ဖြစ်ခဲ့ရသည်။

တုတ်ထိုးတိုးပေါက် ရှင်းရှင်းဘွင်းဘွင်း ပြောဆိုစာတ်ခြင်းသည် စကားနှင့်-ပညာဂြိုဟ်များဖြစ်ကြသော ကြာသပတေးနှင့် ဗုဒ္ဓဟူးဂြိုဟ် မင်းနှစ်ပါးကို ရာဟုအမောင်ဂြိုဟ်က အနီးကပ် ငုံထားသောကြောင့် ဖြစ်လေသည်။

ဓိုလ်ချုပ်၏ဇာတာတွင် ၃-တန် အိမ်ရှင် ကြာသပတေးဂြိုဟ်နှင့် ၉-တန် သခင် ဗုဒ္ဓဟူးဂြိုဟ်သည် လဂ်မှ ၂-တန် ရာသီအိမ်တွင် အံ့သာနီးကပ်စွာ ပူးယှဉ်နေပြီး မဏာရလဂ်ကို ဥစ္စာအင်္ဂါက ပူးထားကာ နဝင်းဇာတာတွင် လဂ်သည် အင်္ဂါနဝင်းကိုပင် စီးထားသောကြောင့် အလွန်အားကောင်းသော လဂ်ကို ဖြစ်စေပါသည်။

ထို့ကြောင့် ဇာတာရှင်သည် ခြွန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့ခြင်း ဖြစ်သည်။

၉-တန်အိမ်ရှင်ဂြိုဟ် ဗုဒ္ဓဟူးနှင့် သခင်ဂြိုဟ် စနေရာသီအိမ်ခွင်း လဲသွယ်နေခြင်း၊ လဂ်သခင်ဂြိုဟ် နဝင်းစတ်တွင် ဥစ္စာဝင်းစီးနေခြင်းတို့ကြောင့် ဇာတာရှင်သည် လူမင်သေသော်လည်း နာမည်မသေဘဲ၊ အစဉ်အမြဲ လေးစားဂုဏ်ပြုခံရခြင်း၊ အများပြည်သူတို့၏ ချစ်ခင် လေးစားခြင်းကို အစဉ်အမြဲ ဆက်သတ်ရရှိနေခြင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုများကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး လွတ်လပ်ရေးနှင့် ပထမအဆင့်ကို အခိုင်အမာ တိုးတက်ရရှိစေနိုင်ခဲ့သည်၊ တနလ်၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေဂြိုဟ်များသည် အရေးပါသော ဇာတ်ကောင်များဖြစ်ကြပါသည်။

ကောဇာ ကြာသပတေးဂြိုဟ်သည် တူရာသီ ရာသီကိန်းအိမ်သို့ ရောက်ရှိပြီး နဝင်းစတ်တာမှ နိစ္စဘင်္ဂ ရာဇ တနင်္ဂနွေနှင့် ဥစ္စာနေဂြိုဟ်တို့နှင့် ပူးလျက် မူလဇာတာ ရာသီအိမ် ၂-တန်မှ တနင်္ဂနွေနှင့် ကြာသပတေးဂြိုဟ်မင်းကို ၅-တန်အမြင်နှင့် မြင့်သော ၁၉၄၆-ခုနှစ်ထဲတွင် ဘုရင်ခံ ဆာဟူးဘတ်ရန်၏ ကြားဖြတ်အစိုးရအဖွဲ့ထဲတွင် ဒု-ဥက္ကဋ္ဌ အဖြစ် ဧာဝန်ယူနိုင်သည်ထိ မြန်မာနိုင်ငံ၏ အခြေအနေကို အောင်မြင်တိုးတက်စေနိုင်ခဲ့သည်။

ဓိုလ်ချုပ်၏မူလဇာတာတွင် အိမ်ထောင်ရေးနှင့်ဆိုင်သော ပထနီအိမ်ရှင် တနလ်ဂြိုဟ်သည် အလွန်အားကောင်းသော လဂ်နှင့်အတူ စံမြန်းနေရသောကြောင့် အမျိုးကောင်း သမီးနှင့် ကောင်စွာ အိမ်ထောင်ပြုနိုင်ခဲ့သော်လည်း ပထနီအိမ်ရှင် တနလ်သည် အားကောင်းသော အင်္ဂါပါပ အပူဂြိုဟ်နှင့် အပူးခံရပြီး အိမ်ထောင်ရေးနှင့်သော ပထဝီ ၇-တန် ရာသီအိမ်ကို အိမ်မှ စနေနှင့် မရဏာအိမ်မှ ဂ် အမောင်ဂြိုဟ်တို့က ညှပ်၍ ဘောင်ခံထားရသောကြောင့် သာယာအိမ်ထောင်သက်ကို အလွန်တိုတောစေခဲ့ခြင်း ဖြစ်ပါသည်။

လဂ်မှ ၇-တန် ပထနီအိမ် ဂြိုဟ် တနလ်သည် နဝင်းစတ်ဇာတွင် လဂ်မှ ၂-တန်အိမ် မိမိအိမ်မှ ဘန်ကောင်းသော လာဘအိမ်၊ မူဇာတာတွင် အားကောင်းသော နှင့်ပူးလျက် မိမိ၏ပထနီအိမ်ကိုမြင် ပုတ္တရသားသမီးတို့နှင့် ပတ်သက် လဂ်မှ ၅-တန်အိမ်တွင် ဥစ္စာဂြိုဟ်အ ရရှိထားသောကြောင့် အသက်ဘ အရည်အချင်း ပြည့်စုံသော သမီးရတ ခေါ်အောင်ဆန်းစုကြည်ကို မွေး သွန်စင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အနာ ခေါင်းဆောင်အဖြစ် အမွေပေးနိုင်ခဲ့ ဖြစ်ပါသည်။

နက္ခတ်ဗေဒင် အယူအဆမ အရ လဂ်ကို ပါပဂြိုဟ်ခေါ် အပူဂြိုဟ် များနှင့် ပူးခံရလျှင်ဖြစ်စေ၊ အင်္ဂါဂြိုဟ် ပူးယှဉ်ခံရလျှင်ဖြစ်စေ၊ အသက်နှင့် ပ သက်သော ၆-တန် အာရီရန်အိမ်၊ တန် ပထနီအိမ်၊ ၈-တန် မရဏာအိမ်၊ ဂြိုဟ်များကို ရာဟု အမောင်စီးခံရလ ဖြစ်စေ၊ အသက်သေဆုံးခြင်းအကြော တရားကို ဖြစ်စေနိုင်သည်ဟု ဆိုသ

အချို့ကျမ်းများတွင် ကြာ ပတေးနှင့် သောကြာဂြိုဟ် ကိန်းရာ

www.burmeseclassic.com

www.burmeseclassic.com

အိမ်၏ အိမ်ရှင်ဂြိုဟ်များ ဖြစ်လာခဲ့လျှင် သေခြင်းတရားကို ဆိုးဝါးစေနိုင်သည်ဟူ၏။

အကယ်၍ ကိန်းရာသီအိမ်၏ အရှင် သခင်များဖြစ်သည့်ပြင် ၂-တန့် ကဏ္ဍမွ စီးပွားဓနအိမ်နှင့် ၁၂-တန့် ဘာယ ပျက်စီးစေတတ်သော အိမ်တွင် ရပ်၍ အားကြီးလာလျှင် ဇာကာရှင်အား ထိုဂြိုဟ်ဒသာစားသော အခြိန်ကာလ တွင် အသက်နှင့် ခန္ဓာကို အန္တရာယ် အလီလီ ကျရောက်စေနိုင်သည်ဟု ဆို သည်။

ဗိုလ်ချုပ်၏ မူလဇာတာတွင် ဘာယအိမ်ရှင်ဂြိုဟ် ကြာသပတေးသည် လဂ်မှ ၂-တန့်အိမ်တွင် မရဏအိမ်ရှင် ဂြိုဟ်ဖြစ်သော တနင်္လာဂြိုဟ်မင်းနှင့် ပူးယှဉ်လျက် အမျောင်ဂြိုဟ်ဖြစ်သော ရာဟုဂြိုဟ်ကြတ်ခြင်းကို ခံနေရသည်။ ယင်းကို ပညာအလင်းဖြင့် အစင် အကြယ် ဆင်ခြင်ရလျှင် ကြာသပတေး ဂြိုဟ်သည် မကောင်းသော မရဏ ဂြိုဟ်စစ်စစ် ဖြစ်နေတော့သည်။

သို့ဖြစ်၍ ဇာတာရှင်ဗိုလ်ချုပ် သည် အသက် ၃၃-နှစ် အရောက် မာရဏဂြိုဟ် ကြာသပတေး၏ ထူလ နှစ်ကြိုးဒသာနှင့် ကြာသပတေး အန္တရ နှစ်ငယ်ဒသာ၊ ကြာသပတေး ဒသာ စုံစားခိုက်ကြုံသော ၁၉၄၇-ခုနှစ် ဇူလိုင် လ ၁၉-ရက်နေ့တွင် အတွင်းဝန်များရုံး တွင် အစိုးရဝန်ကြီးအဖွဲ့နှင့် အစည်း အဝေး ကျင်းပနေစဉ် မမျှော်လင့်ထား ဘဲ မသမာသူလူတစ်စု၏ လက်ချက်ဖြင့် လုပ်ကြံခံရ၍ အသက်ဆုံးရှုံးခဲ့ရခြင်း ဖြစ် လေသည်။

လဂ်အိမ်ရှင်ဂြိုဟ် စနေသည် ၆-တန့် အာရီရန်အိမ်တွင်ရပ်ခြင်း၊ ၈-တန့် မရဏအိမ်ဟုဝ် ကိတ်အမျောင်ဂြိုဟ်က ညှိုထားခြင်းနှင့် အရေးပါသော ၅-တန့်၊ ၁၀-တန့် အိမ်ရှင်ဂြိုဟ် သောကြာသည် ၁၂-တန့် မကောင်းသော ဘာယအဖျက် အိမ်မှ တိုက်ထားခံရခြင်းကြောင့် ဇာတာ ရှင်၏ဘဝသည် အတိုက်အခိုက် အခက် အခဲ အမျိုးမျိုးတို့ကို ကျော်ဖြတ်ခဲ့ရပြီး လွတ်လပ်ရေးကြိုးပမ်းမှုများတွင် နောက် ဆုံးပန်းတိုင်ရောက်သည်ထိ ဆောင်ရွက် မသွားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

၇-တန့်အိမ်ရှင် တနင်္လာဂြိုဟ် နှင့် ၁၁-တန့်အိမ်ရှင် အင်္ဂါဂြိုဟ် ၈-တန့် ရာသီအိမ်တွင် လဂ်နှင့်ပူးနေခြင်းသည် ကောင်းသောဒုက္ခိုးဆက်များကို ဖြစ် စေသည်မှန်သော်လည်း ကျန်းမာရေး နှင့် ပတ်သက်လျှင် အားနည်းစေတတ် သည်။

အထူးသဖြင့် ဦးခေါင်းပိုင်းကို အစိုးရသော အင်္ဂါဂြိုဟ်ကြောင့် ဦးနှောက်အာရုံကြောများကို အားနည်း ထိခိုက်စေတတ်သည်။ မကြာမကြာ မူးဝေစေတတ်သည်။ စိတ်မြန်စိတ်တို စေတတ်သည်ဟူ၍ ဖြစ်လေသည်။

ထို့ကြောင့် ဇာတာရှင်သည် အနည်းငယ် စိတ်မြန်သူဖြစ်နိုင်သော် လည်း ဖြူစင်သော မေတ္တာနှလုံးသား ပိုင်ရှင် ဖြစ်ပါသည်။

ကမ္ဘာသုံးပြက္ခဒိန် လထစ်လ၏ ၁၃-ရက်နေ့တွင် မွေးဖွားကြသူများကို ၁၃-ဂဏန်းပိုင်ရှင်များဟု ခေါ်ဆိုကြ၏။ ၁၃-ဂဏန်းသည် ကံမကောင်းသော မရဏာဂဏန်းဖြစ်သည်ဟု ယူဆကြ သည်။

ဤအယူအဆသည် ခရစ်တော် မပေါ်မီကပင် ရှိခဲ့သည်ဟူ၏။

ဒဏ္ဍာရီ တစ်ခုတွင် နှတ်ဘုရား များ၏ စားသောက်ပွဲတစ်ခုတွင် နှတ် ဘုရားများ၏ စားသောက်ပွဲတစ်ခုတွင် နှတ်ဘုရား ၁၂-ပါးကို ပင့်ဖိတ်ထား သည်။ နောက်ဆုံးရောက်လာသော နှတ်ဘုရားသည် အမှတ်စဉ် ၁၃ ဖြစ်ပြီး မကြာမီ ထိုနှတ်ဘုရား ရန်သူ့လက် ချက်ကြောင့် ကံကုန် အနိစ္စရောက် သွားသည်ဟူ၍ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် မွေး ဖွားခဲ့သောကြောင့် ၁၃-ဂဏန်းပိုင်ရှင် ဖြစ်သည်။

မည္သူတော်တို့၏ လုပ်ကြံမှုကြောင့် သေနတ်ကျည်ဆန် ၁၃ ချက်ဖြင့် ကွယ် လွန်သွားသည်ဟု သိရသည်။

၁၃-ဂဏန်း အယူသီးမှုသည် တစ်ကမ္ဘာလုံးပျံ့နှံ့လျက်ရှိပြီး ခေတ်မီ သော အနောက်နိုင်ငံများတွင် ၁၃-ဂဏန်းအစား ၁၂ ဒှီဟူ၍ မှတ်ယူတတ် ကြသည်။

ခရစ်တော်၏ နောက်ဆုံး ညစာ စားပွဲတွင် တပည့်သာဝက ၁၂-ပါးရှိပြီး ခရစ်တော်သည် နေဒက်ဆုံး ၁၃ ပါး မြောက် ဖြစ်လေသည်။ ခရစ်တော် သည် ကယ်တင်ရှင်အဖြစ် လက်ဝါးကပ် တိုင်ပေါ်တွင် အသက်ပေးဆပ်ခဲ့ရသည်။

အခြားလက်တွေ့ အယူအဆ တစ်ခုတွင် ကုမ္ပဏီစာရင်းအင်းများအရ အသက် အာမခံထားသူများအနက် ၁၃- ယောက်မြောက် ပုဂ္ဂိုလ်သည် အရင်ဆုံး ကွယ်လွန်သူ ဖြစ်တတ်သည် ဟု ဆိုသည်။

ဇာတာရှင်၏ ဘဝတွင် ကြာသ ပတေး မရဏာဂြိုဟ်နှင့် ကံမကောင်း ခြင်းကို ဖြစ်စေတတ်သော ၁၃-ဂဏန်း တို့သည် အဓိက အန္တရာယ်ပေးသော ဂြိုဟ်နှင့် ဂဏန်း ဖြစ်လေသည်။

ပန်းလို စမ်းလို လမင်းလို သာ ယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့်(ကချင်မြေ)

❑

www.burmeseclassic.com

www.burmeseclassic.com

သီမှတ်ဖွယ်ရာ ဆေးပညာ

လေးပြတ်ရောဂါ ဘယ်လိုကာကွယ်မလဲ လေးပြတ်ရောဂါ ဘယ်လိုကုသမလဲ

သမိုးသာညို

"အဖေ... အဖေ့သူငယ်ချင်း ဦးသန်းစိန်နဲ့ ညက်လေ ဖြတ်သွားလို့တဲ့၊ အဲဒါ မင်းလှဆေးရုံကို ညတွင်းချင်း တင်လိုက်ရတယ်တဲ့ အဖေ"

ကျွန်မ အဖေ့အား အရေးတကြီးပြောပေမယ့် အဖေက ရုတ်တရက် ဘာမှပြန်မပြောသေးဘဲ ခေါင်းညိတ်ရုံး တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေသည်။ ကျွန်မလည်း အားမလိုအားမရ ဖြစ်ပြီး

"အဖေ၊ ဦးသန်းစိန်နဲ့ အဖေက ရွယ်တူတွေဖြစ်ပြီး သူက လေဖြတ်ပြီး အဖေက ကျန်းမာနေတာ ဘာကြောင့်လဲ အဖေ၊ အခုိန်ရရင် သမီးကို ရှင်းပြပေးပါလား။ သမီး ဇဟုသုတအဖြစ်လည်း ကြားချင်တယ်၊ နောက်ပြီး အဲဒီလို ဝေဒနာမျိုးဖြစ်အောင် လူတွေကို အသိပေးချင်တယ်"

ဟု ပြောသောအခါ အဖေက -

"အေး... အဖေ့ နဲ့ ပတ်ကျရင် မင်းလှဆေးရုံကို သွားပြီး လူနာမှာခြေအနေကို သွားပြီးသတင်းမေးလိုက်ပါ့မယ်၊ ပြီးတော့ လေဖြတ်ခြင်းရောဂါနဲ့ ပတ်သက်ပြီး အဖေ ဒီတစ်ခေါက်ဖြစ်တဲ့ ဆရာဦးသက်ဆွေပြောခဲ့တဲ့ လေဖြတ်ခြင်း ရောဂါအကြောင်းကို အဖေမှတ်မိသလောက် သမီးကို ပြောပြပေးပါ့မယ်။

ဒီလို သမီးရဲ့ အနောက်တိုင်း ဆေးပညာရှင်တွေက လေဖြတ်ခြင်းအကြောင်းကို ဒီလိုရှုမြင်သုံးသပ်ကြတယ်၊ လေဖြတ်တယ်ဆိုတာ သူ့ကိုဆိုနှံးချုပ်တဲ့ ဦးနှောက်ဆဲက တစ်နေရာရာမှာ သွေးကြောဝိတ် (သို့) သွေးကြောပေါက်သွားပြီး အဲဒီနေရာကို ထိခိုက်ပျက်စီးသွားတာလို့ဆိုတယ်။

(WHO) က ထုတ်ပြန်တဲ့ စာရင်းတွေအရ လူတွေ သေစေတဲ့ ရောဂါများထဲမှာ ဦးနှောက်နဲ့ အာရုံကြောထဲမှာ ဖြစ်ပေါ်တဲ့ လေဖြတ်ခြင်းကြောင့် တစ်နှစ်ကို လူဦးရေ လေးသန်း ခြောက်သိန်း သေစေတယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားတယ်၊ လူတွေကိုသေစေတဲ့ နှလုံးနဲ့ သွေးကြောရောဂါ တွေထဲမှာ လေဖြတ်ခြင်းလည်း ပါတယ်၊ လေဖြတ်တယ် ဆိုတာ ကိုယ်တစ်ခြမ်းပဲဖြစ်ဖြစ်၊ အောက်ပိုင်းပဲဖြစ်ဖြစ် မလှုပ်ရှားနိုင်တော့ဘဲ ဖြစ်သွားတာကိုခေါ်တာ၊ လက္ခဏာတွေကတော့ ခြေလက်တွေလှုပ်မရကာ မျက်လုံးပိတ်သွားတာ၊ ပါးစပ်ပိတ်သွားတာ၊ ပါးစပ်ပိတ်မရတာတွေ ခံစားရတာကို ပြောတာ။

အဲဒီလို ဖြစ်တာကို တချို့က အအေးမိလို့ ဖြစ်တာလို့ ထင်ကြတယ်၊ အမှန်က ထိန်းချုပ်ထားတဲ့ ဦးနှောက်ထဲက တစ်နေရာ ထိခိုက်ပျက်စီးသွားလို့ ဖြစ်တယ်ဆိုတာကို မသိကြဘူး၊ ဦးနှောက်ရဲ့ တစ်နေရာမှာ သွေးကြောပိတ် (သို့) သွေးကြောပေါက်သွားပြီး အဲဒီနေရာကို ထိခိုက်သွားတာ။

လေဖြတ်ခြင်းဟာ ရုတ်တရက် ဖြစ်ပွားလေ့ရှိတဲ့ ရောဂါ သမီးရဲ့ အဲ-လေမဖြတ်ခင်မှာ ကြိုတင်ဖြစ်ပေါ်လေ့ရှိတဲ့ လက္ခဏာတွေက မကြာခဏ ခေါင်းကိုက်ဖို့၊ နှစ်ရက်၊ သုံးရက် ကိုက်နေမယ်ဆိုရင် လေဖြတ်နိုင်တဲ့ လက္ခဏာပြတာလို့ သတိပြုကြရမယ်။

လေဖြန်းတယ်ဆိုတာလည်း ရှိသေးတယ်၊ အဲဒါက ဦးနှောက်သွေးကြောကျဉ်းမှုကြောင့် တစ်သျှူးတွေ၊ ကလာပ်စည်းတွေဟာ ယာယီအားဖြင့် သွေးမရှိတော့ဘဲ အသေးစား လေဖြတ်မှု အသေးစားလေးတွေ ဖြစ်ပေါ်တာကို ခေါ်တာ၊ ဒါက (၂၄) နာရီအတွင်း ပြန်ကောင်းသွားနိုင်တယ်၊ လေဖြတ်ခြင်းရဲ့ တချို့မှာတော့ (၇၂) နာရီအတွင်း ပြန်လည်ကောင်းသွားတာတွေလည်း ရှိတယ် သမီးရဲ့၊ ဒါကို အင်္ဂလိပ်လို (RIMO) အတိုကောက် ခေါ်တယ်၊ အခုိန်မီ ကုသရင် ပြန်ကောင်းသွားနိုင်တယ်။

နောက်တစ်ခုက တဖြည်းဖြည်းချင်း လက်တစ်ဖက်၊ ခြေတစ်ဖက်၊ နောက်တော့ တစ်ကိုယ်လုံးဖြတ်သွားတာ၊ အဲဒီမှာ ဝေဒနာပြင်းထန်ရင် ချက်ချင်းအသက်ဆုံးရှုံးသွားတတ်တယ်၊ အဲဒါကို လေသင်တုန်းဖြတ်တယ်လို့ ခေါ်ကြတယ်။

လေဖြတ်ရခြင်းရဲ့ အကြောင်းရင်းတွေကတော့ အများကြီးပဲ သမီးရေ၊ ဒါပေမဲ့ အဓိက နှစ်မျိုးကတော့

www.burmeseclassic.com

www.burmeseclassic.com

သီမှတ်ဖွယ်ရာ ဆေးပညာ

ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်တာရယ်၊ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်တာဖြစ်တယ်၊ ပုံမှန်အားဖြင့်တော့ သွေးတိုးကြောင့် ဦးနှောက်သွေးပေါက်ရာ၊ အပေါ်သွေး (၁၈၀)၊ အောက်သွေး (၁၀၀) လောက်မှာ ဖြစ်မေါ်လာနိုင်ပြီး၊ သွေးကြောတည်ဆောက်ပုံ မူမမှန်ရင် အပေါ်သွေး (၁၅၀) အောက်သွေး (၉၀) လောက်နဲ့လည်း ဖြစ်တတ်တာကို သတိပြုရမယ်။

အထူးသဖြင့် အရက်အလွန်အမင်း သောက်သုံးလေ့ရှိတဲ့သူတွေ၊ ဆေးလိပ် အလွန်အကျွံသောက်သူတွေမှာလည်း သွေးကြောပိတ်ပြီး လေဖြတ်နိုင်တယ်၊ အမှန်တော့ လေဖြတ်ခြင်းဆိုတာ ဦးနှောက်ကို အတိုက်ခိုက်ခံရခြင်းကိုပြောတာ၊ လေဖြတ်ခြင်းရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ဦးနှောက်ထဲမှာ သွေးခဲပိတ်ဆို့ခြင်း၊ သွေးလွှတ်ကြောကြီးအတွင်း ဖြစ်ပေါ်နေသော သွေးခဲ ပြုတ်ထွက်လာကာ ဦးနှောက်သွေးကြောထဲ ဝင်ရောက်သွားခြင်းတို့ကြောင့်ဖြစ်တယ်၊ အဲဒီလို ဖြစ်တော့မယ်ဆိုရင် ရုတ်တရက် စိတ်ရှုပ်ထွေးလာမယ်၊ စကားပြောရင် မပီမသဖြစ်လာမယ်၊ မျက်လုံးတစ်ဖက် (သို့) နှစ်ဖက်တွင် မြင်ရသော အလင်းရောင်မှိန်လာမယ်၊ ပုံရိပ်နှစ်ထပ်မြင်လာမယ်၊ ရုတ်တရက် လမ်းလျှောက်ဖို့ ခက်လာမယ်၊ ခေါင်းမူးလာမယ်၊ လဲကျမယ်၊ လှုပ်ရှားမှုတွေကို ထိန်းချုပ်ဖို့ခက်လာမယ် စတဲ့ လက္ခဏာတွေပဲသမီး။

ဒါတွေဖြစ်လာရင် သုတိထားဖို့ လိုအပ်လာပြီ၊ ဒါကြောင့် အစားအသောက်စားတဲ့အခါ ပြည့်ဝဆီဖြစ်တဲ့ဥအနှစ်တွေ၊ နို့သောအသားတွေ၊ ကလီစာတွေ၊ ထောပတ်၊ အဆီထုတ်မထားတဲ့ နို့၊ ခို့ဆိ၊ ဒိန်ခဲ၊ မာဂျရင်း၊ အုန်းဆီ၊ စားအုန်းဆီတွေကို ရှောင်ကြဉ်ရမယ်။

စားသင့်တာတွေက အဆီထူသော ငါး၊ အစေ့အဆန်များ၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်တွေ များများစားသင့်တယ်၊ သံလွင်ဆီ၊ ပဲပီစပ် ပိုစားသင့်တယ်၊ နေ့စဉ် စားသုံးမှုဟာ (၂) ဇွန်းထက်မပိုဖို့ အရေးကြီးတယ်၊ လေဖြတ်ဖြတ်ချင်း (၃) နာရီအတွင်း ကုသနိုင်ရင် အသက်ရှင်နိုင်ပါတယ်။

အဲ- ဒါပေမဲ့ လေဖြတ်ခြင်းရောဂါဟာ လူတိုင်းအတွက် အနာဂတ်မှာ ဖြစ်ပွားနိုင်တဲ့ရောဂါလို့ နားလည်ထားရမယ်၊ အသက်ကြီးလေလေ လေဖြတ်ရန် အခွင့်အလမ်း ပိုများလေလေပဲ၊ အသက် (၅၀)ကျော်သွားရင် (၁၀) လကြာတိုင်း လေဖြတ်နိုင်မှု နှစ်ဆ မြင့်တက်လာတတ်တယ်၊ အသက် (၆၅) နှစ်ကျော်သူတွေကတော့ လေဖြတ်ဖို့ ပိုများလာပြီလို့ နားလည်ထားရမယ်၊ ယောကျ်ားတွေဟာ မိန်းမတွေထက် လေဖြတ်နှုန်း ပိုများတယ်၊ လေဖြတ်ခြင်း တစ်ကြိမ်ဖြစ်ဖူးရင် နောက် (၅)နှစ်အတွင်း လေဖြတ်နိုင်ရန် ယောကျ်ား ၄၂ ရာခိုင်နှုန်း၊ မိန်းမမှာ ၂၄ ရာခိုင်နှုန်း၊ လေဖြန်းသူတွေတတော့ နောက် (၅)နှစ်အတွင်း ပြန်ဖြတ်ရန် ၃၅ ရာခိုင်နှုန်း ရှိတယ် သမီး။

ဒါကြောင့် လေမဖြတ်ခင်မှာ ကြိုတင်လိုက်နာသင့်တာတွေက (၁) ဆေးလိပ်ဖြတ်ပါ (၂) အရက်ဆင်ခြင်၍ သောက်ပါ (၃) ကိုယ်အလေးချိန်မတက်အောင် ကျန်းမာရေးနှင့် ညီညွတ်စွာစားပါ၊ (၄) ဆား (ဆိုဒီယမ်) လျှော့စားပါ (၅) ပိုတက်စီယမ်ဓာတ်ရအောင် စားပါ (၆) ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ပါ (၇) စိတ်အေးချမ်းတည်ငြိမ်အောင်နေပါ၊ ဥပမာ- တရားထိုင်ခြင်း၊ ယောဂအကျင့်များ လေ့ကျင့်ခြင်းများ လုပ်ပါ (၈) ဇယ်းတိုး ဆီးချိုရောဂါနဲ့ ကိုလက်စထရောကို ထိန်းချုပ်ပါ၊ (၉) နောက်ဆုံးပေါ် ဆေးများကို ဆရာဝန်နှင့်တိုင်ပင်၍ သုံးစွဲပါ၊ ဖောလစ်အက်စစ် စားပေးပါလို့ အနောက်တိုင်းဆေးပညာရှင်များကို ဖွင့်ဆိုထားတယ်။

တို့ မြန်မာတိုင်းရင်းသမားတော်ကြီးများကတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါးနဲ့ အာကာသ ဆိုတဲ့ ဓာတ်ကြီးပေါင်း ငါးပါးနဲ့ ဖွဲ့စည်းထားတဲ့ခန္ဓာကိုယ်မှာ ဓာတ်တစ်ပါးပါး လွန်ကဲသွားရင်ပဲဖြစ်ဖြစ်၊ ယုတ်လျော့သွားရင်ပဲဖြစ်ဖြစ် ဖောက်ပြန်ပျက်စီးပြီး ရောဂါဝေဒနာရရှိလာပြီ၊ ဒါကြောင့် လေဖြတ်ခြင်းရဲ့ အဓိကကသီတ၊ ဥဏှအကြောင်း နှစ်ပါးကြောင့်ဖြစ်တာလို့ ဆိုတယ်၊ ဒါပေမဲ့ သီတကြောင့် အဖြစ်များတာလို့ ဆိုတယ်။

အပူအအေး နှစ်ပါးကြောင့်လည်း လေဖြတ်ခံရတတ်တယ်၊ လေဖြတ်ဝေဒနာရှင်တွေမှာ ပထမ သွေးတိုးလာမယ်၊ ကြာလာရင် နှဝဲလုံးအားနည်းပြီး နှလုံးရောဂါရလာမယ်၊ နောက် ဆီးချိုဖြစ်၊ အဲဒီရောဂါသုံးမျိုး ဆုံစည်းလာရင် မကြာခင်မှာ လေဖြတ်ခြင်းရောဂါ ဖြစ်လာဖို့ နီးစပ်လာပြီလို့ နားလည်ထားရမယ်၊ အထူးသဖြင့် အစားမှားတဲ့အခါ၊ ရေချိုးမှားတဲ့ အခါတွေမှာလည်း လေဖြတ်တတ်တယ်၊ ဒါကြောင့် အစားနဲ့ရေချိုးတာကို သတိပြုပါ၊ မျက်စိအကျင့်ဝမ်းအချင့်ဆိုတာ သဘောပေါက်ဖို့လိုတယ်၊ ရေချိုးတဲ့အခါ ဆောင်း (၁၀)၊ နွေ (၉)၊ မိုး (၇) နာရီလို့ စာဆို ဂီလယ်၊

www.burmeseclassic.com

www.burmeseclassic.com

သိမှတ်ဖွယ်ရာ ဆေးပညာ

အစာကျည်းဆေး ဆေးကျည်းအစာ

သန့်လျင်မောင်ကျော်ဒဲ

နံနက်စောစော လမ်းလျှောက်မှအပြန် အိမ်ရောက်သည်နှင့် အဝတ်လဲပြီး သမီးငယ် အဆင်သင့်လုပ်ပေးထားသော ဆွမ်းတော်အား ဘုရားရှင်အားကပ်၍ ဘုရားရှိခိုး၊ ပဌာန်းပုဂံပြီး ဝ၁ ဘုံသား ဝေနေယျများကို အမျှအတန်းပေးဝေ၍ပြီးလျှင် အိမ်ရှေ့ခန်း၌ လက်ဖက်ရည်ကြမ်းနှင့် စာဖတ်နေစဉ် -

"အဖေ. . . စ နာရီမှာ အန်တီ စိန့်စိန်မြင့် လာမယ်လို့ ခုနက ဖုန်းဆက်တယ်၊ သူလာမှ အဖေ သွားစရာရှိတာ သွားပါလို့ ပြောတဲ့အဖေ"

"အေးပါ. . . အေးပါ သမီးငယ်၊ အဖေ စာဖတ်ရင်း စောင့်နေပါ့မယ်"

စကားဆုံးလျှင် သမီးလည်း အိမ်ထဲဝင်သွား၍ ကျွန်ုပ်လည်း စာဆက်ဖတ်နေလိုက်သည်။ စာထဲ စိတ်ဝင်စားနေ၍ အိမ်ထဲ လူဝင်လာသည်ကို မသိလိုက်ချေ။

"ဘာစာအုပ်မို့လို့ သဲသဲမဲမဲဖတ်နေလိုက်တာ၊ လူတစ်ယောက်လုံး ဝင်လာတာတောင်မသိဘူး"

စကားသံကြား၍ မကြည့်ဘဲနဲ့ သိလိုက်သည်။ မစိန်စိန်မြင့် တစ်ယောက်တည်းမဟုတ်၊ ခြေသံပါ ထပ်ကြားရသည်။ သေချာအောင် စာအုပ်ဖိုယ်၍ ကြည့်လိုက်လျှင် မစိန်စိန်မြင့်၏မိတ်ဆွေ ဒေါ်သန်းရီပါ ပါလာသည်။ ကျွန်ုပ်မှ -

"ကဲ- ထိုင်ကြပါဗျာ၊ လက်ဖက်ရည်ကြမ်းလေးလည်း ဒါနဲ့မြောက်အောင် သောက်ကြပါဦး၊ ကဲ, မစိန်စိန်မြင့် ခင်ဗျားကြည့်ရတာလည်း အားမရပါလား၊ ဘေးလူက တွဲလာရတာ ပြောပါဦးလေ"

"ပြောမယ် ဆရာရေ၊ ဆရာ့အိမ်ကို တကူးတကကို လာတာ၊ ဆရာ ကျွန်မရောဂါကို ဓာတ်စာလေးနဲ့ တုံ့ပေးပါ ဆရာ၊ ကျွန်မက ဓေးထိုးရမှာ ကြောက်တယ် ဆရာရဲ့"

-ထိုအခါ ကျွန်ုပ်က -

ဒါကြောင့် ရေချိုးခြင်းနဲ့ အစာစားတဲ့အခါ အထူးအလေးထားဖို့ ထပ်ပြီးပြောချင်တယ်။

ကဲ- သမီးရေ၊ အဖေ့မိတ်ဆွေကြီး ပြောပြချက်နဲ့ အဖေ လေ့လာမှတ်သားခဲ့ရတဲ့ လေဖြတ်ရခြင်းအကြောင်းတွေကတော့ ဒါလောက်ပါပဲ၊ အဲ-သမီးကိုပြောဖို့ အရေးကြီးတာ ထစ်ခုကျန်ခဲ့တယ်၊ အဲဒါက ရောဂါမဖြစ်ခင် ဆတိုပြဆင့်ခြင်ဖို့ ကိစ္စတွေတော့ အဖေပြောပြခဲ့ပြီးပြီ၊ လေဖြတ်ရောဂါ ဖြစ်ဖြစ်ချင်း ဘာလုပ်ရမလဲဆိုတာကို ပြောမလို့။

အဲဒါက လေဖြတ်ခံရပြီဆိုရင် အဲဒီလူနာ ဖြစ်တဲ့နေရာက ဘယ်ကိုမှမရွှေ့ဘဲ အဲဒီနေရာမှာ ငြိမ်သက်စွာ အနားယူပါစေ၊ နောက် ခြေ၊ လက်ချောင်းတွေအားလုံးကို မီးဖုတ်ထားတဲ့ အပ်နဲ့ ခြေထိပ် လက်ထိပ်တွေကိုဖောက်ပါ။ ပြီးရင် သွေးတွေညှစ်ပေးပါ။ နောက် နားရွက် (အမျိုးသမီးတွေ နားကပ်ပန်ဆဲနေရာ) ကို အပ်နဲ့ဖောက်ပြီးသွေးညှစ်ပါ။

တကယ်လို့ အဆင်သင့်ရှိရင် စပါးကြီးသည်းခြေ (စစ်စစ်) ရယ်လင် လူနာပါးစပ်ကိုဟပြီး လျှာကိုနာနာပွတ်ပေးပါ။ ရွဲ့စောင်းသောနေရာတွေကို ပွတ်ပေးပါ။ ဒါက ရောဂါစဖြစ်ဖြစ်ခြင်း လုပ်ဆောင်ရမယ့်ကိစ္စ၊ ပြီးတော့ ငြိမ်သက်စွာ အနားယူနေတဲ့ လူနာကို အခြေအနေလေး ကောင်းလာပြီဆိုမှ ဆေးရုံ (သို့) ဆေးခန်း ဒါမှမဟုတ် ကျွမ်းကျင်တဲ့ တိုင်းရင်းသမားတော်ကြီးတွေဆီ ခေါ်သွားပြီး ကုပေတော့။

ကဲ- သမီး ရှင်းပြနေရတာနဲ့ ဆေးရုံသတင်းသွားမေးဖို့တောင် နောက်ကျနေပြီ၊ အဖေ သွားတော့မယ်"

"ဟုတ်ကဲ့ပါ အဖေ၊ အဖေ အခုလိုရှင်းပြတာတွေကို လူတွေလိုက်နာဆောင်ရွက်နိုင်ဖို့ သမီး လပြည့်ဝန်းမဂ္ဂဇင်းကတစ်ဆင့် စာဖတ်ပရိသတ်များကို တင်ပြပေးပါ့မယ်၊ ဒါမှလည်း လေဖြတ်ခြင်းရောဂါကို ရှောင်ရန်၊ ဆောင်ရန်တွေ သိသွားပြီး လေဖြတ်ခံရခြင်းကြောင့် အသက်ဆုံးရှုံးမှု နည်းပါးသွားအောင် ခုလို သမီးကို ရှင်းပြပေးတဲ့ အဖေကို ကျေးဇူးအထူးတင်ပါတယ် အဖေ၊ သမီး ကန်တော့လည်း ကန်တော့ပါတယ်" ဟု ပြော၍ ကန်တော့သည့်အခါ အဖေက -

"အဲဒါ စာဖတ်ခြင်းကရတဲ့အသိတွေ၊ သမီးကို မျှဝေပေးတာ" ဟု ပြောရင်း သူ့မိတ်ဆွေ လူနာကို သတင်းမေးရန် ထီးတစ်ချောင်းဆောင်း၍ ထွက်ခွာသွားပါတော့သည်။

သမီးဇာညီ

❑

www.burmeseclassic.com

ဘီမှတ်ပွယ်ရာ ဆေးပညာ

"ရောဂါဖြစ်ရင် ထိုးရမှာပဲလေ၊ ဒါမှပျောက်မှာပေါ့၊ နေစမ်းပါဦး၊ ခင်ဗျားကြည့်ရတာ ဆေးကုလို့ရပါသေးတယ်၊ အကောင်းကြီးရှိပါဒ်သားတယ်"

ဟုပြောလျှင် မစိန်စိန်မြင့် မဲ့ကာရွဲ့ကာ ပြန်ပြောရှာသည်။

"ပြောပါဆရာ၊ ရောဂါခံစားရသူကို ကိုယ်ချင့်မစာဘူး၊ ဆရာ့အားကိုးလာတာ၊ ဂမုန်းအင်တို့၊ ကလျာနွယ်တို့ ဆရာပေးတဲ့ဓာတ်စာနဲ့ နေကောင်းသွားကြတာယ်လို့ ကျွန်မကိုပြောတယ်၊ ကျွန်မကိုလည်း ဓာတ်စာလေး မစပါဆရာ"

ဓာတ်စာမစေးမချင်း ပြန်မည့်သူမဟုတ်ပေ။ ကျွန်ုပ်သည် အဘိုးဘိုးမျှင်၏ သင်ပြမှု၊ ဆရာကြီး ဦးအောင်ဒင်၏ ဆေးကျမ်းများကို လေ့လာသင်ယူပြီး ခုနှစ်ရက်သားသမီးများကို အခကြေးငွေမယူဘဲ ဇီဝိတဒါန ပြုခြင်းသာဖြစ်သည်။

ကျွန်ုပ်အဘိုးက အမြဲပြောလေ့ရှိတာက -

"လူလေး မောင်သက္ကာ၊ အဘိုးမရှိတော့ရင် လူလေး ဓာတ်စာဆေးနည်းလေးနဲ့ ကိုယ်တတ်နိုင်သလောက် လူနာတွေကို ဒါနလုပ်ပေးပါ။ အခကြေးငွေမယူနဲ့ လူလေး၊ သူတို့ထံကပြန်ရတဲ့ မေတ္တာ၊ စေတနာက လူလေးအတွက် တန်ဖိုးကြီးမားတဲ့ ဆုလာဘ်ပဲ လူလေး"

အဲဒီလို အမြဲသွန်သင်ဆုံးမပါတယ်။ ခုနေ အဘိုးသာရှိရင် ဆိုတဲ့အတွေးက 'အမြဲတန်း' မျှော်လင့်မိတာပါ။ ဒါကြောင့် ကျွန်ုပ်က မစိန်စိန်မြင့်အား -

"ကဲ... ခင်ဗျားဖြစ်ပုံလေး ပြောပါဦးဗျာ"

ထိုအခါ မစိန်စိန်မြင့်ဒ -

"ဒီလိုပါဆရာ၊ တစ်ကိုယ်လုံးပူတယ်၊ ခေါင်းလည်းကိုက်တယ်၊ မူးလည်းမူးတယ်ဆရာ၊ ရှေ့လှည်းတော်တယ်၊ ချွေးလုံးဝမထွက်ဘူး၊ ကျွန်မအသားအရေတွေ ခြောက်ကုန်ပြီဆရာ"

ထိုအခါ ကျွန်ုပ်က ဆက်၍ -

"ခင်ဗျားတစ်ကိုယ်လုံး တောင့်နေလိုက်မယ်၊ စားသောက်ရာမှာလည်း အရသာမရှိဖြစ်နေမယ်၊ တော်သေးတာပေါ့ အလာမြန်လို့"

ကျွန်ုပ်စကားမဆုံးခင် -

"အံ့လာမပြန်ရင် ဘာဖြစ်ဦးမှာလဲဆရာ" ဟု မေး၏။

"ကြာရင် ခင်ဗျားခြေတွေ၊ လက်တွေ ဖောရောင်လာမှာပေါ့၊ မပူပါနဲ့၊ ဒါ ပထဝီဓာတ်ပျက်တဲ့ လက္ခဏာပေါ့"

"ဟာ... ဆရာကလည်း ပထဝီပျက်ရင် ကောင်းပါ့မလား"

"ခုနေ ခင်ဗျားကိုရှင်းပြရင် နားလည်မှာမဟုတ်ဘူး၊ ပထဝီသမုဒ္ဒာန်၌ ရောက်တဲ့ဝေဒနာလို့ခေါ်တယ်၊ ကျုပ်ပြောတဲ့အတိုင်းလုပ်ရမှာ ခင်ဗျားတာဝန်၊ ရောဂါပျောက်ချင်ရင် ဆေးထိုးရမှာကြောက်ရင် ကျုပ်ပေးတဲ့ ဓာတ်စာကိုစား ဟုတ်ရဲ့၊ စာနဲ့ရေးမှတ် ကျုပ်ပြောပြမယ်"၊

"ဟုတ်ကဲ့ဆရာ မှတ်ပါ့မယ်"

"ရှေးဦးစွာ (၃) ရက်စားရမှာက ထန်းလျက်နှင့် ထိုးသည့် ဆီးယို တစ်နေ့ (၂) ကြိမ်စားရမယ်၊ ငါးကြင်းကို ချဉ်ပေါင်ရွက်နှင့်ချက်ပြီးစားရမယ်၊ အဲဒါ (၃) ရက်ပြည့်ရင် နောက် (၃) ရက် ခြောက်နပ်က ရှောက်သီး (သို့) သံပရာ (သို့) မရန်းသီး သုပ်စား၊ ဟင်းလျာကတော့ ငါးဘတ်တို့၊ ဝန်းသလွန်သီး ဒါမှမဟုတ် ခရမ်းသီးတို့နဲ့ချက်စား၊ ဟင်းထဲကို ပင်စိမ်း (သို့) ငရုတ်သီးစိမ်းထည့်၍ ချက်စားရမယ်၊ နောက်ဆုံး (၃) ရက်ကတော့ ဟုန်းသီးကို ထန်းလျက်နဲ့ ယိုထိုးစား၊ ည မနက်စား၊ အမဲသားချက်စား၊ ပုစွန်ထုပ်ချက်စား၊ ငါးပြေမကို မုန်လာရွက်နဲ့ချက်စား ဟုတ်ပြီလား"

ကျွန်ုပ်စကားဆုံးလျှင် -

"ကျေးဇူးပါပဲ ဆရာသက္ကရယ်၊ အိမ်ကလူကြီး လခထုတ်မှ လာကန်တော့ပါ့မယ်၊ ခုတော့ ဈေးမကွေခင် ဓာတ်စာဝယ်ပြီး ဒီနေ့ပဲ စားတော့မယ် ဆရာရေ သွားပြီနော်"

စကားလည်းဆုံး သူမတို့နှစ်ဦးလည်း အပြေးတစ်ပိုင်းနှင့် ထွက်သွားကြသည်။

လို့ရာဆန္ဒပြည့်ဝမိစေ . . .

သန်လျင် မောင်ကျော်ခဲ

❑

www.burmeseclassic.com

www.burmeseclassic.com

မိုး နှင့်ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်များ

ငင်းတို့မှာ မြက်ကြားမို့၊ တောင်ပိုမို့၊ ဖက်ဆွတ်မို့၊ မိုဉီးနက်၊ ကွမ်းတံတွေးမို့၊ ကောက်ရိုးမို့၊ ဝါးမို့၊ မိုဉ စသည်တို့ဖြစ်ပါသည်။ ထိုမို့ပေါ် ခိုနှိတ်တွင် ကျွန်ုပ်၏အတိုး၊ ကျွန်ုပ်၏ ဖခင်တို့နှင့်အတူ လယ်တွင်းထဲသွားပြီး မိုဉီးကျ မြက်ကြားမို့ နုတ်ခြင်း၊ တောတောင်ထဲသွား၍ တောင်ပိုမို့၊ ဖက်ဆွတ်မို့၊ မိုဉ စသည်တို့ နုတ်ယူခြင်း ပြုခဲ့ဖူးပါသည်။ ကျွန်ုပ်ဇနီး နေအိမ်အနီးမှာပင် မိုဉီးနက်များစွာ ပေါက်ရောက်သည်။

တောသူတောင်သား အားလုံးနီးပါးမှာ စားကောင်းသောမိုနှင့် မစားကောင်းသောမိုတို့ကို ခွဲခြားသိရှိကြပါသည်။ မိုနှင့်အတူ တွဲမစားသင့်သော အစာများကိုလည်း ဒေသအလိုက် မှတ်သားသိရှိကြသည်။

ထို့အတူ မိုနုတ်သွားသည့်အခါ မြေကိုက်ခံရတတ်သဖြင့် သတိထားရမည်ကိုလည်း သိကြသည်။

"ပညာတဝေ၊ ဉာဏ်ဖြင့် ဖွေလော့၊ လှူ့ဗြေရပ်ခွင်၊ သစ်တစ်ပင်ကား၊ လန်းရွှင်ပြိုင်ပြိုင်၊ အကိုင်းမရှ၊ အခွမတက်၊ အခက်မကွန့်၊ အညွန့်မတိုး၊ အရိပ်မိုးလည်း၊ လူမျိုးမခို၊ ချဉ်ချိစပ်ငန်၊ ခါးဖန်ခြောက်ချက်၊ ဆိုသော်ခက်၏။ အရွက်ကွဲဝေး၊ အပွေးမရောက်၊ အခေါက်မဖြစ်၊ အနှစ်မဟူ၊ ရှင်လူမစိုက်၊ လူ၌လည်းဖြစ်၊ တစ်နှစ်တစ်ခါ၊ ပေါ်တုံလာသည်၊ ရေမှာမထင်၊ မီးတွင်မပေါက်၊ စေ့မရောက်လည်း၊ ပင်ညောက်မဆင့်၊ ပန်းနှယ်ရင့်၍၊ မပွင့်မသီး၊ မကြီးလွန်းပါ၊ ရသာထူးမြတ်၊ နှတ်ထိုဩဇာ၊ လူတို့ရွှာ၌၊ ရောက်လာသည်ပင်၊ အများထင်သည်၊ ဉာဏ်ရှင်ဖြေလော့ မကြာဏသည်း"

ဟူ၍ မုံရွေဇေတဝန်ဆရာတော် ဘုရားကြီးက ဉာဏ်စမ်းပဿာ ထုတ်တော်မူခဲ့သည်။

ထိုဉာဏ်စမ်းပဿာ၏ အဖြေကား 'မို့' ဖြစ်ပေသည်။ သဘာဝအလျောက် ပေါက်သော မိုအမျိုးပေါင်း (၄) သောင်း ခန့်ရှိကြောင်း ရုက္ခဗေဒသိပ္ပံပညာရှင်များက ဖော်ထုတ်ပေးထားသည်။

ယခု မုံရွေဇေတဝန်ဆရာတော် ဘုရားကြီး ဉာဏ်စမ်းပဿာ ထုတ်ထားသော မိုမှာ လူတို့အစားအစာအဖြစ် စားကောင်းသော မိုကိုဘာ ဆိုလိုရင်းဖြစ်ပါသည်။

ကျွန်ုပ်သည် တောရွာဒေသတွင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်၍ "မို" အမျိုးမျိုးကို စားသောက်ခဲ့ဖူးပါသည်။

ထူးမြတ်သန်းမင်းဝင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် မှိုကို ချဉ်စပ်ချက်စားခြင်း၊ ကန်စွန်းရွက်များနှင့် မှိုနည်းနည်းရောချက်ကြော်စားခြင်းတို့မှာ မှိုဆီပ်သင့်ခြင်းမှ အထိုက်အလျောက် အကာအကွယ်ရကြောင်းလည်း သိရှိကြပြီး ဖြစ်ပါသည်။ ထိုအတိုင်း လိုက်နာကြသဖြင့်လည်း မှိုဆီပ်သင့်ခြင်း ဖြစ်ခဲ့လို့၏။

ဥပမာအားဖြင့် ကျွန်ုပ်တို့ နေထိုင်ကြီးပြင်းခဲ့ရာ မော်လမြိုင်မြို့အပိုင် တောလက်ကျေးရွာတို့မှာ မှိုနှင့် ငါးသလောက် ချက်မစားရဲကြပါ။ မှိုနှင့် ငါးသေတ္တာ ရောချက်မစားရဲပါ။ မှိုနှင့် ငါးဥများကိုရောချ၍ ကြော်ချက်မစားရဲကြပါ။ ရှေးက ရွာသူရွာသားအချို့ မှိုဆီပ်သင့်ခဲ့ဖူးသဖြင့် သားစဉ်မြေးဆက် လက်ဆင့်ကမ်း မှတ်သားခဲ့ကြခြင်းဖြစ်သည်။

သို့သော် စားကောင်းသောမှိုမျိုးကိုပင် ယခင်ကတဲ့သို့ ကန်စွန်းရွက်နှင့် ကြော်စား၊ ချက်စားခြင်း၊ အချဉ်အစပ်များနှင့် ချက်စားခြင်းပြုပါသော်လည်း ယခုအခါ မှိုဆီပ်သင့်၍ ဆေးရုံရောက်ခြင်း၊ သေဆုံးခြင်းများ ရှိနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ကန်စွန်းရွက်ခင်း အပင်သန်အောင် ဓာတ်မြေဩဇာ ပက်ကြ၏။ တစ်ခါတစ်ရံ ပိုးသတ်ဆေးဖျန်းကြ၏။ ထိုကန်စွန်းရွက်ကို ရေစင်အောင် မဆေးကြောဘဲ မှိုနှင့်ရောချ၍ ကြော်ချက်စားသောက်သဖြင့် မှိုဆီပ်သင့်သောမိသားစုကို တွေ့မြင်ခဲ့ဖူးပါသည်။ မှိုကြောင့် မဟုတ်ဘဲ ကန်စွန်းရွက်တွင် ပါခဲ့သော ပိုးသတ်ဆေးကြွင်းဆေးကျန်ကြောင့်သာ ဖြစ်ကြောင်း အများသူငါ မတွေးမိကြပါ။

အချို့လယ်ကွင်းများမှာလည်း ကောင်း၊ လယ်ကွက်များ၏ ရေထွက်ပေါက် ရေဆင်းမြောင်းနှင့် ဆက်စပ်သော နေရာများတွင် လည်းကောင်း၊ ကန်စွန်းရွက်ပင်များ သဘာဝအတိုင်း ပေါက်ရောက်ရှင်သန်ကြပါသည်။

လယ်ကွင်းများတွင် အခါအားလျော်စွာ ပိုးသတ်ဆေး ဖျန်းရာတွင် ကန်စွန်းရွက်ပင်များကိုပါ အနည်းနှင့်အများ ပိုးသတ်ဆေး ထိမိတတ်ပါသည်။ ပိုးသတ်ဆေး ဖျန်းပြီး သုံးလေးရက်၊ တစ်ပတ်ခန့်အတွင်း ကန်စွန်းရွက်ပင်များ လာနတ်ယူ၊ ခူးယူပြီး တောသဘာဝအတိုင်း ရေကောင်းစွာမဆေးဘဲ မှိုနှင့် ရောနှော ကြော်ချက်စားကြရာမှ အဆိပ်သင့်ပြီး ဆေးရုံရောက်ခြင်း၊ သေဆုံးရခြင်းမျိုးလည်း ရှိခဲ့ဖူးသည်။



ဆေးဖျန်းသူက တစ်ယောက်၊ ကန်စွန်းရွက် သွားခူးသည်က တစ်ယောက်ဖြစ်၍ ကန်စွန်းရွက်ခူးသူက ပိုးသတ်ဆေးဖျန်းထားကြောင်း မသိပေ။ ထို့ပြင် အများအားဖြင့် ကလေးသူငယ်များကို ကန်စွန်းရွက် သွားခူးခိုင်းလေ့ရှိသော တောရွာဒေသကြောင့် ကန်စွန်းရွက်သွားခူးသော ထိုကလေးက ပိုးသတ်ဆေးအကြောင်းမသိ၊ ကြောက်ရကောင်းမှန်းလည်း မသိခြင်းကြောင့်ဖြစ်သည်။

တောသူတောင်သား အများစုမှာ မှို၊ ကန်စွန်းရွက်၊ ကနဖော့၊ ကြာမို့စသည်ဖြင့် ဟင်းလျာများ ချက်ပြုတ်ကြရာတွင် မချက်မီ ရေကြာကြာ၊ ရေများများ ဆေးကြောလေ့မရှိကြဘဲ မြေမှုန့်၊ ရွံ့မှုန်၊ သဲမှုန်များ စင်ရုံမျှသာ ကန်စွန်းရွက်၊ မှို စသည်တို့ကို ရေနှင့်ထည့်စိမ်ခြင်း၊ တစ်မိနစ်ခန့်သာပြု၍ အနည်းငယ်လှုပ်ပြီး မှိုနှင့် ကန်စွန်းရွက်တို့ကို ဆန်ကာထဲ ပြန်ဆယ်ယူကာ ဆီဒယ်အိုးထဲ တန်းထည့်၍ ကြော်ချက်ကြခြင်းသာ ဖြစ်သည်။

လက်နှင့် ပွတ်တိုက်ဆေးကြောခြင်းမျိုး၊ ရေနှင့် အချိန် ငါးမိနစ်ခန့် စိမ်ထားခြင်းမျိုး လုံးဝမပြုလုပ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကန်စွန်းရွက်တွင် မီးသတ်ဆေးကြွင်းဆေးကျန်များ ရှိနေခြင်းကြောင့် အဆိပ်သင့်ကြရခြင်းဖြစ်သော်လည်း မှိုဆိပ်သင့်ခြင်းဟုသာ အလွယ်တကူ အမည်တပ်လိုက်ကြပါသည်။

စာဖတ်သူများအနေဖြင့် မှိုနှင့် ကန်စွန်းရွက်ကြော်ချက်စားကြမည်ဆိုလျှင် မှိုတစ်မျိုးတည်းကိုသာ မသက်မှက်လုံးနှင့် မကြည့်ကြဘဲ မှိုနှင့်ရောချက်မည့် ကန်စွန်းရွက်ကိုလည်း ဂရုစိုက်သတိထားဖို့လိုကြောင်း၊ ကျွန်ုပ်၏ ကိုယ်တွေ့ဗဟုသုတကို မျှဝေလိုက်ရခြင်း ဖြစ်ပါသည်။

ကန်စွန်းရွက်ကို ရေကြာကြာစိမ်ခြင်း၊ သေချာပွတ်တိုက်ဆေးကြောခြင်း၊ ရေဆေး၊ ရေသွန်ခြင်း၊ လေးကြိမ်ခန့်ပြုလုပ်ပြီး ကန်စွန်းရွက်မှာ ဝိုးသတ်ဆေးကြွင်း ကင်းစင်ပြီဟု ယုံကြည်လောက်မှသာ မှိုနှင့်ရောချက်စားသင့်ပါသည်။

ထို့ပြင် ဖြစ်နိုင်လျှင် မှိုကန်စွန်းရွက်ကြော်ချက်ကို ပထမ အနည်းငယ် အမြည်းသဘော ကြိုတင်စားသင့်သည်။ အော်ဂလီဆန်ခြင်း၊ အော့အန်ခြင်း မဖြစ်မှသာ ထမင်းပွဲတွင် ဆူးခပ် ပြင်ဆင်စားသောက်ရန် အကြံပြုအပ်ပါသည်။

ဆရာကြီး ဦးအောင်မြင့်

❑

အမျိုးသမီးများ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်အေးရစေဖို့

● ကိုယ့်အမှားတစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသေ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား ● အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်သလား ● လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား ● ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး စေ့စပ်လက်ထပ် ပေါင်းသင်းချင်သလား ● အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ် ပြတ်သွားစေဖို့ ● နောက်ကွယ်မှာ ခြေမမှားတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ● မိမိပြောစကား သူအပေါ် အောင်မြင်ပြီး ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ● တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေး အဆင်ပြေသာယာ ပျော်ရွှင်စေဖို့။

[ဝန်ခံရပညာ ယတြာအစီအရင် နည်းလမ်းကောင်းများရှိပါတယ်

ဆရာမ ဒေါ်နှင်းသူဇာဦး

လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ ပဟာရိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ မြောက်ဥက္ကလာပ

ဝင်ရောက်ဆုံးဖြတ်ခွင့် ဝင်ရောက်ဆုံးဖြတ်ခွင့် ဝင်ရောက်ဆုံးဖြတ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com

တံငါရွာနှံများမှ လူသားများကို အကျိုးပြုပုံ

သဟာတော်ကြီး ဒေါက်တာသန်းဆွေ



ကသပေါင်းငါး

သတ္တလောကတွင် ပါဝင်ကြသော တိရစ္ဆာန် သတ္တဝါများအနက် ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ အာကာသပျံသော သတ္တဝါများမှ လူသားများကို အကျိုးပြုပုံများ ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။

ကသပေါင်းငါးသည် ပင်လယ်တွင် ကျက်စားသော ရေသတ္တဝါ ငါးကြီးမျိုးဖြစ်၏။ အချို့သော ငါးကြီးများသည် ရွှက်သင်္ဘောကြီး၊ ရွှက်လှေကြီးများ ပမာဏထိရှိသည်ဟု သိရ၏။ ကသပေါင်းဟူသော ဝေါဟာရသည် မွန်ဘာသာဖြင့် "က" သည် "ငါး" ဟု အဓိပ္ပာယ်ရသော ကြောင့် မြန်မာဝေါဟာရအနေဖြင့် ဘာသာပြန်မည်ဆိုပါက သုပေါင်းငါးဟု အဓိပ္ပာယ်ရ၏။ တိုင်းရင်းဆေး အလိုအားဖြင့် ဓာတ်ခွဲမည်ဆိုပါက သီတပထဝီနှင့် အာပေါ လွန်သည်ဟု သိရ၏။ ပင်လယ်တွင်း၌နေသော ရေငန်ငါး ဖြစ်သဖြင့် အကျိုးသွားအာနိသင်မှာ လူသားများ၏ ကိုယ်ခန္ဓာကို တောင့်တင်းခိုင်မာစေ၏။ ခွန်အားကို ဖြစ်စေ၏။ သုက်အားကို ပွားစေတတ်၏။ နှူတ်ကို မြိန်စေ၏။ ကြွက်သားများ အကြောများကို သန်မာစေ၏။

ကသပေါင်းငါးကို အခြောက်လှန်းပြီး စားသုံးကြသည်က များ၏။ ငါးကြီးသား ဖြစ်သဖြင့် ကြေကျက်ခဲ၏။ ခွန်အားကို ဖြစ်စေသဖြင့် ရောဂါဝေဒနာ ခံစားနေရသော နာတာရှည်ရောဂါသည်များ၊ နာလန်ထစ ဝေဒနာရှင်များ စားသုံးပေး

ထက်မြင့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

ခြင်းဖြင့် အားအင်ပြည့်ဖြိုး၍ ကျန်းမာလာမည် ဖြစ်ပေသည်။

ထို့ကြောင့် ကဲသပေါင်းငါးခြောက်များကို ဖုတ်ကင်ကြော်လော်၍ စားသုံးသင့်ကြောင်း တင်ပြလိုက်ရပေသည်။

ကသမ္ဘင်ငါး

ကသမ္ဘင်ငါးများသည် ပင်လယ်တွင် ကျက်စားကြသော်လည်း ကဲသပေါင်းငါးများကဲ့သို့ ငါးကြိုးမျိုးဖြစ်၏။ ကိုယ်လုံးကြီးမားပြီး အကြေးခွံများ ပါရှိ၏။ မွန်ဘာသာအရ ကသမ္ဘင် ဟုခေါ်ပြီး မြန်မာဘာသာအရ သမ္ဘင်ငါးဟု ခေါ်ကြ၏။

တိုင်းရင်းဆေးကျမ်းများ အဆိုအားဖြင့် သိတပထဝီဓာတ်နှင့် အာပေါဓာတ် လွန်ကဲသော ငါးမျိုးဖြစ်၏။ ရေနှင်ပင်လယ်ထဲတွင်နေ၍ အကြေးခွံရှိသော ငါးဖြစ်သဖြင့် ကသပေါင်းငါးကဲ့သို့ ခွန်အားကို ဖြစ်စေ၏။ ကြွက်သားနှင့် အကြောတို့ကို သန်မာစေ၏။ ကာမကို အားပေး၏။ နှလုံးကို မြိန်စေ၏။

ငါးကြိုးများဖြစ်သောကြောင့် အသားထဲ အခြောက်လှန်း၍ ပြုလုပ်သုံးစွဲကြ၏။

ကသမ္ဘင်ငါးကို ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုပုံ ပြုနည်း ဖော်ပြမထားသော်လည်း ဖျားနာသောသူများအား ကသမ္ဘင်ငါးခြောက်ကို ကြော်ချက်ကျွေးပါက အဖျားကျ၍ အားရှိကာ ပျောက်ကင်းစေနိုင်၏။ နာလန်ထူစ လူမမာများကို ကျွေးပါက ကိုယ်ကာယစွမ်းအားများ တိုးကာ ကျန်းမာလာမည် ဖြစ်၏။

ထို့ကြောင့် ကသမ္ဘင်ငါးအား ဓာတ်စာအဖြစ် စားသုံးခြင်းဖြင့် ကျန်းမာရေး ဒဏ်ထောက်အကူပေးပေမည်။

ကကတစ်ငါး

ကကတစ်ငါးများသည် မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောမ်၌ တွေ့ရသော ငါးမျိုးဖြစ်၍ လူသိများ၏။ သက်ရှိသတ္တဝါဆိုင်ရာ ပါဏဗေဒ အလိုအားဖြင့် ငါးသပြင်၊ ငါးတောက်ကူ၊ ငါးစင်စပ် စသည့် ငါးမျိုးများနှင့် တူ၏။ ကကတစ်ငါး၏ ကိုယ်သည် ပြား၍ အနည်းငယ်ရှည်၏။ နှာတံတိုပြီး အောက်မေးရွေ့သို့ ငေါထွက်နေ၏။ ခေါင်း၏အေား တစ်ဖက်တစ်ချက်တွင် ကြိုးမားသော မျက်လုံးရှိ၏။ ကျောဆူးတောင် နှစ်ခု ပါရှိ၍ ရှေ့ဆူးတောင်သည် မာကျော၏။ အမြီးမှာ ထိပ်ဝိုင်းမျိုးဖြစ်၍ အကြောများ ပါရှိ၏။

အရောင်မှာ မွဲပြာရောင်ဖြစ်ပြီး ကျောဝိုင်းတွင် အစိမ်းရောင်နှင့် ဝမ်းဗိုက်တွင် အဖြူရောင်ဖြစ်၏။ အရွယ် တစ်ပေခွဲ ဖြစ်သော်လည်း တစ်ခါတစ်ရံ လေးပေ၊ ငါးပေထိရှိသော ငါးကြီးများလည်း တွေ့ရှိရ၏။

ငါးမျိုးမှန်သမျှသည် အာယုဗေဒ-ဆေးကျမ်းအလိုအားဖြင့် အရသာမှာ ချိဆိမ့်၏။ ပူ၏။ ကြေခဲ၏။ သလိပ်သည်းခြေကို ပွားစေတတ်၏။ လေကိုနှိုင်၏။ နှုတ်ကို မြိန်စေ၏။ သုက်အားကို ပွားစေတတ်၏။ သေရည်သောက်သူ၊ ဝမ်းမီးတောက်သူများ စားသုံးသင့်၏ဟု ဖော်ပြထား၏။

ကကတစ်ငါးသည် မြစ်ငါး (ရေချိုငါး) ဖြစ်ခဲ့သော်ကြောင့်၊ လူကို ဝစေတတ်၏။ လေကို နှိုင်၏။ သွေးသည်းခြေကို ပျက်စေတတ်၏။ သုက်ကို ပွားစေ၏။ ကျင်ကြိုး ကျင်ငယ် နည်းစေတတ်၏။ ရေငန်ငါး ဖြစ်ခဲ့ပါက ကြေခဲ၏။ ပူ၏။ ဝမ်းမီးကို ချုပ်စေတတ်၏။ ကကတစ်ငါးများကို အာဟာရ ဓာတ်စာအဖြစ် စားသုံးကြ၏။

သလိပ်၊ သည်းခြေ အားနည်းသူ၊ လေအားကြီးသူ၊ နှုတ်မပြိန်သူ၊ သုက်အားနည်းသူများ ကကတစ်ကို စားသုံးသင့်၏။ ကကတစ်ခြောက်သည် ငါးရံခြောက်ထက် အချို့တို့ ပို၏။ အာလူးဖြင့်ရောရှိ အချို့ အချဉ် ချက်စားနိုင်၏။ မီးဖုတ်စားလျှင်သော် လည်းကောင်း၊ ကြော်စားလျှင်သော် လည်းကောင်း အရဲသာရှိ၏။

ကကတစ်ခြောက်၏ ရသာအာဟာရ အကျိုးသွားများမှာ ကိုယ်ခန္ဓာတည်ဆောက်မှု၊ အရိုးအသားများ ပွားစီးမှု၊ ခွန်အားဖြစ်စေမှု၊ သွေးအားဖြစ်မှု တို့ကို အကျိုးပြု၍ အစာကို ကြေကျက်စေ၏။ အသားအရေ စိုပြည်စေ၏။ ကြွက်သားများ၊ အကြောများကို အကျိုးပြု၏။ နှလုံးကို အားပေး၏။ ထုံကျဉ်ကိုက်ခဲခြင်းနှင့် ဖောရောင်ခြင်းများကို ကာကွယ်ပေး၏။ ယင်းငါးခြောက်သည် မကျန်းမာသူများနှင့် တည့်၏။ နှုတ်ကို မြိန်စေသဖြင့် နာလန်ထမှုများနှင့် အထူးသင့်လျော်၏။

ကကတစ်ငါးသည် ဓာတ်များ လွန်ကဲခြင်းမရှိသောကြောင့် တက်ခြင်း၊ သက်ခြင်း၊ အံစာမကြေခြင်း၊ မူးဝေသောရောဂါများ မဖြစ်နိုင်ပါ။ ဓာတ်ငါးပါး ညီမျှသဖြင့် ကျန်းမာသောအကျိုး ခံစားရပါမည်။ ကကတစ်ငါးကို ဆေးကျမ်းများ၌ မည်သည့်အစိတ်အပိုင်းကို မည်ကဲ့သို့ သုံးရမည်ဟု ဖော်ပြထားခြင်း မရှိသော်လည်း အကျိုးသွားတို့ကို လေ့လာမည်ဆိုပါက လူသားများအတွက် များစွာ အကျိုးပြုကြောင်း သိရှိနိုင်ပေသည်။

ငုံးငါး၏ အကျိုးသွားအာနိသင် အဖုံဖုံကို စေ့စေ့စုံစုံယူတတ် အသုံးချတတ်မည် ဆိုပါက လူသားများ၏ ကျန်းမာရေး ဒဏ်ထောက်အကူပေးမည်ဖြစ်ကြောင်း တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကဘီလုံးငါး

ကဘီလုံးငါးများသည် ကကူရဲငါးနှင့် ကကတစ်ငါးမျိုးတွင် ပါဝင်သည်။ အကျိုးသွားအာနိသင်များလည်း တူညီကြသည်။ ပင်လယ်တွင် ကျက်စားပေါက်ဖွားသော ရေငန်ငါးမျိုးဖြစ်၏။ ရေငန်ပိုင်းတွင်သာ နေပြီး ရေချိုပိုင်းတွင် မတွေ့ရပေ။ ပုံသဏ္ဌာန်မှာ လုံးလုံးဝိုင်းဝိုင်းဖြစ်ပြီး အကြေးခွံများ ပါရှိကြ၏။

www.burmeseclassic.com

ကဘီလူးဟု မွန်အာသာမ လာပြီး က သည် ဘီလူးဟု ဆိုမိပ္ပာယ်ရ၏။

ကဘီလူးငါးများ၏ အကျိုးသွားအာနိသင်များမှာ အလွန်ချိုဆိမ့်သော အရသာရှိ၏။ အလွန်အကွဲ စားမိပါက အဖျားဝင်တတ်သည်ဟု သိရ၏။ ထို့ကြောင့် အဖျားဖြစ်ခါစ နာလန်ထများ မစားသင့်ဟု သိရ၏။ ကကတစ်၊ ကကူရံတို့နှင့် မတူဘဲ အဆီပ်အတောက်ရှိသည်ဟု သိရ၏။ ပင်လယ်တွင် ကျက်စားသောကြောင့် အပူဓာတ်ကို ဖြစ်စေ၏။ ကြေကျက်ခဲ၏။ ဝမ်းကို ချုပ်စေတတ်၏။

ကဘီလူးငါးများကို အစိုဖြင့်လည်းကောင်း၊ ငါးခြောက် ပြုလုပ်၍လည်းကောင်း စားသုံးကြ၏။ သုက်ကို ပွားစေ၏။

ကဘီလူးငါးခြောက်ကို ခရမ်းချဉ်သီးဖြင့် ကြော်ချက်၍ စားသုံးပါက နှုတ်ကိုမြိန်စေ၍ အရသာရှိသော ဟင်းကောင်းတစ်ခွက် ဖြစ်၏။ ကဘီလူးငါးကို ကိုယ်ဝန်အားနည်းသူ၊ ဆီးမထိန်းနိုင်သူ၊ ဝမ်းလွယ်သူများ စားသုံးသင့်၏။

ကဘီလူးငါးခြောက်၏ ရသာအကျိုးသွားများမှာ ရုပ်ဓာတ်ကို ပွားစေ၏။ ဦဠိမာစေ၏။ ကြွက်သားများကို သန်မာစေ၏။ နှလုံးကိုပွား၍ အားဖြစ်စေ၏။ အာရုံကြောများလှုပ်ရှားသန်စွမ်းစေ၏။ ကျန်းမာမှုကို အကျိုးပြုသဖြင့် ကိုယ်လက်ကြံ့ခိုင်မှုနှင့် ကိုယ်ခန္ဓာသန်စွမ်းလိုသူများ၊ အားကစား လိုက်စားသူများ၊ အလုပ်ကြမ်းသမားများ၊ ၎င်းငါးကို များစွာ စားသုံးသင့်သည်ဟု သိရှိရ၏။ ထို့ကြောင့် ကဘီလူးငါး စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပေးနိုင်ကြောင်း တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ကကူရံငါး

ကတူရံငါးများသည် ၄ပေ၊ ၅ပေမှ ၆ပေကျော်သော ငါးကြီးများလည်း ရှိသည်။ နှာရောင်ပွထပြီး ဝိုင်းသည်။ မျက်လုံး ကြီး၏။ ပါးစပ်ပေါက်လည်း ကြီးသည်။ ကြောဆူးတောင်နှစ်ခု ပါရှိ၏။ အမြီးခွက် နက်သည်။ အကြေးခွံများ သေးငယ်ပြီး ဆူးတောင်နားထိ ဖုံးနေတတ်သည်။ အရောင်မှာ အစိမ်းနှင့်ငွေရောင် ရောစပ်နေပြီး ကိုယ်လုံးဘေးနှင့် ဝမ်းဗိုက်တွင် ဖြူပါရောင်ရှိ၏။ အမြီးနှင့် ဆူးတောင်တို့တွင် အမည်းစက်ကလေးများ ပါရှိသည်။ ကကူရံငါးများသည် ပင်လယ်ရေနက်ပိုင်းတွင် ပေါက်ဖွားကျက်စားသော ရေငန်ငါးများဖြစ်၏။ အဆီပ်အတောက်ကင်းသော ငါးမျိုးဖြစ်၍ လူအများ စားစားသင့်သည်ဟု ဆေးကျမ်းများ၌ ဖော်ပြထား၏။

ကကူရံငါးတို့သည် ပင်လယ်ငါးမျိုး ဖြစ်သဖြင့် ရခိုင်မြည်နယ်ဘက်တွင် ငါးလက်ခွာ ဟုခေါ်၏။ ထားဝယ်ဒေသတွင် ငကျွဲယင်း ဟုခေါ်ကြ၏။ ပါကာဇေဒအရ ငါးပုဇ္ဈာမျိုးရင်းတွင် ပါဝင်ပြီး မြန်မာနိုင်ငံတွင် လူကြိုက်များသော ငါးဖြစ်၏။ ပင်လယ်များမှ အမြောက်အမြား ရရှိသောကြောင့် ငါးခြောက်နှင့် ငါးဖုပ်ခြောက်များ ပြုလုပ်ရောင်းချကြ၏။

ကကူရံငါးသည် ကကတစ်ငါးကဲ့သို့ အကျိုးသွားအာနိသင်တူညီ၏။ ခန္ဓာကိုယ်ကို သန့်မာစေ၏။ ခွန်အားကို ဖြစ်စေ၏။ သုက်ကို ပွားစေ၏။ ကြေကျက်လွယ်၏။ နှုန်းကို မြိန်စေ၏။ ကြွက်သားနှင့် အကြောများကို သန်မာစေ၏။ နှလုံးကို အားရှိစေ၏။ နေထိုင်မကောင်းသူ၊ နာမကျန်းသူများနှင့် သင့်၏။

ကကူရံငါးများသည် ပင်လယ်ရေငန် အကြေးရှိသော ငါးများဖြစ်၍ အားကိုဖြစ်စေ၏။ သုက်ကို ပွားစေ၏။ အပူဓာတ်ကိုဖြစ်စေပြီး လူအများနှင့် သင့်၏။ ခန္ဓာကိုယ်ကိုလည်း ခိုင်ခံ့စေ၏။ ငါးအစိုသည် ငါးအခြောက်ထက်ပို၍ အာနိသင်ထက်၏။

ကကူရံငါးသည် သလိပ်၊ သည်းခြေ အားနည်းသူများနှင့် သင့်၏။ လေထိုး၊ လေအောင့်၊ လေနာရောဂါ ရှိသူများ၊ နှုတ်မမြိန် ခံတွင်းပျက်နေသူများ၊ သုက်အားနည်းသူ၊ ခန္ဓာကိုယ် အားနည်းသူများ စားသုံးပေးခြင်းဖြင့် ကျန်းမာဝဖြိုးအားအင်တိုးလာမည်မှာ မလွဲပါ။ ထို့ကြောင့် မှီဝဲစားသုံးသင့်ပေသည်။

ကသပိုးငါး

ကသပိုးငါးများသည် ရေချိုငါးများဖြစ်၍ မြစ်ချောင်းအင်းအိုင်များတွင် ပေါက်ဖွားကျက်စားကြ၏။ ကသပိုးငါးသည် ငါးရံနှင့်ပုံသဏ္ဌာန်တူပြီး ဖြူရွှေသောအရောင်ရှိ၏။ လုံးပတ် ၃ လက်မမှ ငါးလက်မခန့်သာရှိ၏။ အကြေးခွံများ ပါရှိ၏။

ရသာအကျိုးသွားမှာ ချိုသောအရသာ ရှိ၏။ သည်းခြေကို ပွားစေ၏။ သွေးအားကို တိုးပွားစေ၏။ လေကိုနှိပ်၏။ ဆီးကို ရွှင်စေ၏။ သုက်နှင့် သလိပ်ကို ပွားစေ၏။ အင်းအိုင်များတွင်နေသော ကသပိုးငါးတို့သည် ချိုဆိမ့်၏။ ဆူ၏။ အားကို ဖြစ်စေ၏။ စိမ့်စမ်းရေတံခွန်များတွင် နေသော ငါးဖြစ်ပါက အားကို ဖြစ်စေ၏။ အသက်ကို ရှည်စေ၏။ အသိပညာတိုးပွားပြီး မျက်စိကို ကြည်လင်စေ၏ဟု ရှေးဟောင်းဆေးကျမ်းများက ဖော်ပြကြ၏။

ကသပိုးငါးကို အာဟာရဓာတ်စာအဖြစ် စားသုံးကြ၏။ မိမိတို့၏ ရောဂါအခြေအနေကို ထောက်ရှုပြီး ပြစ်ချောင်းငါး၊ အင်းအိုင်ငါး၊ စိမ့်စမ်းရေတံခွန်ငါး စသဖြင့် ခွဲခြားစားသုံးခြင်းဖြင့် ကျန်းမာရေး အထောက်အကူပေးမည် ဖြစ်ပေသည်။ ငါးကျိုး၊ ငါးခူများလောက် အရသာမရှိသော်လည်း ဖျားနာနေသောသူများအား ကျွေးသင့်၏။

ကသပိုးငါး စားသုံးခြင်းဖြင့် ဖျားနာသူများ မျက်စိမှုန်သူများ၊ သွေးတိုး၍ ခေါင်းကိုက်မူးဝေနေသူများ၊ လေထိုး

www.burmeseclassic.com

www.burmeseclassic.com

လေအောင့် လေနာ ရောဂါဖြစ်သူများ စားသုံးပေးခြင်းဖြင့် ပျောက်ကင်းချမ်းသာစေနိုင်ပါသည်။ ရေချိုပိုင်းတွင် နေထိုင်ကျက်စားသော ငါးများဖြစ်သဖြင့် ရေကြီးသောအချိန်တွင် ဖမ်းယူရရှိနိုင်ခြင်း မရှိဘဲ ရေကျသောအချိန်မှ ဖမ်း၍ရနိုင်၏။ ၎င်းငါးများသည် အုပ်စုလိုက်ဖွဲ့၍ မနေသဖြင့် အခြားငါးများနှင့်ရောရ၍ ပါလာတတ်ကြ၏။

သည်းခြေသည် အလွန်သေးငယ်၍ အမှတ်သညာနည်းသောကြောင့် ငါးများရဲတွင် ကသိုးငါးအသားဖြင့် မျှားပါက ကသိုးငါးပင် ပြန်မိသည်ဟု ဆို၏။ ထို့ကြောင့် ဇာတ်တူသားစားသော ငါးမျိုး မိမိတို့အသားပင် မသိဟု ပြောဆိုကြ၏။

ကသိုးငါးနှင့် ပတ်သက်၍ ရသာဓာတုကျမ်းတွင် 'ငါးကြင်းစောက်မျိုး ကသိုးဟု ငါးနှစ်ခုမူ စတုဓာတု လေးခုဆိုရိုး ဓာတ်အခိုးပြင်း အကင်းဇကာ ကြေသည်မှန်ရှင့် ဒသဝလဲ အားဆယ်ဝကို ဥစ္စရိတွာ ပွားစေရာ၌သည် ကျမ်းလာသိတိုင်း မညှိုးတည်း' ဟု ဖော်ပြထားသည်ကို သိရှိရပါသည်။

ထို့ကြောင့် ကသိုးငါးအား ဓာတ်စာသဘော စားသုံးခြင်းဖြင့် ကျန်းမာရေး အထောက်အကူပေးမည် ဖြစ်ပေသည်။

ကတိုးကောင်

ကတိုးကောင်များသည် ကုန်းနေသတ္တဝါများ ဖြစ်၏။ ဒရယ်၊ ခွေးယော်တို့နှင့် တူ၏။ အလျား ၃ ပေခန့်ရှိပြီး လည်ပင်းရှိုးရှည်ပြီး ၂၀ လက်မခန့် ရှိ၏။ အရောင်အားဖြင့် (၁) မွဲသော အဆင်းရှိသည့် ကတိုး (၂) ကြောင်ကျားသော အဆင်းရှိသည့် ကတိုးနှင့် (၃) မည်းနက်သော အဆင်းရှိသည့် ကတိုးဟူ၍ သုံးမျိုးရှိ၏။ ၎င်းပြင် ကြောင်ကတိုးလည်း ရှိသေး၏။

ကတိုး ဟူသော ဝေါဟာရသည် ပါဠိဘာသာ ကတ္ထရိကာ ဟုခေါ်၏။ ကတ္တူရိကာပုဒ်အရ ကတိုးဟု ရေသင့်ကြောင်း ဘိုးတော်မင်းတရားကြီးလက်ထက် အမတ်ကြီး ဦးပေါ်ဦးလျှောက်ထုံးတွင် တွေ့ရ၏။ ကတိုးကောင်များတွင် ချက်တိုင်အောက်၌ ကတိုးအိတ် ရှိကြ၏။ ၎င်းအိတ်မှ မွေးသည်ကို အချို့က ဝေးစေမှ မွေးသည်ဟုလည်းကောင်း၊ ခွာမှ မွေးသည်ဟုလည်းကောင်း ယူဆကြ၏။

နိုင်ငံပေါနိုင်ငံမှ ကတိုးများသည် ရွှေရောင်အဆင်းရှိ၏။ ကသွီရနိုင်ငံမှ ကတိုးများသည် ကြောင်သောအဆင်းရှိ၏။ အာသံပြည်နယ်မှ ကတိုးများသည် မည်းနက်သောအဆင်းရှိပြီး အကောင်းဆုံးဖြစ်၏။

ကတိုးကောင်ကို မိဂနာဘိက္ခာ ဟူသော ပရိယာယ်တစ်ပုဒ်လည်း ရှိသေး၏။ သား၏ချက်ဟု အဓိပ္ပာယ်ရသည်။ ကတိုးကောင် ယေလျှင် ကတိုးအိတ်ယေ၍ အကောင်ကြီးလျှင် အိတ်ကြီးသည်။ ၎င်းအိတ်အတွင်းမှ ကတိုးရသည်။ ကတိုးကောင်များသည် အုပ်စုဖွဲ့၍ မနေကြဘဲ တစ်ကောင်ချင်း နေကြသည်။ တစ်ခါတစ်ရံ ဖို့မတွဲ၍ နေတတ်သည်။ တောထူထပ်ပြီး တောင်ပေါ်ဒေသများတွင် နေတတ်ကြ၏။

ကတိုးကောင်များကို ထောင်ချောက်ဖြင့် ဖမ်းယူပြီး လျှင် ကတိုးအိတ်ဖောက်၍ ကတိုးကို ယူကြ၏။ ဆင်များသည် အစွယ်ကြောင့် သေကြရပြီး ကျားသစ်များသည် အရေခွံကြောင့် သေကြရ၏။ ထို့အတူ ကတိုးကောင်များသည်လည်း ကတိုးအိတ်ကြောင့် သေကြရပေသည်။

အာယုဗွေဒ ဆေးကျမ်းများ အလိုအရ ကတိုး၏ အကျိုးသွားမှာ သုက်ကိုတွားစေ၏။ ကာမစိတ်ကို ဖြစ်စေ၏။ မျက်စိနာရောဂါ၊ အရေပြားရောဂါ၊ ကုဋ္ဌနှာမျှားပါ ပျောက်စေ၏။ သည်းခြေနာ၊ သလိပ်နာ၊ ပါးစပ်၌ဖြစ်သောအနာ၊ အနံ့ဆိုးထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အအေးမိခြင်း၊ တွေဝေမိန်းမောခြင်း၊ အဆိပ်သင့်နာ စသည်တို့ပါ ပျောက်ကင်းစေ၏။

ခေါ်မတိုင်းသားတို့၏ အယူအဆကို ဖော်ပြရမည်ဆိုပါစို့၊ ဦးနှောက်၊ ကာမ ခွန်အားတို့ကို ဖြစ်စေ၏။ အဆိပ်မိခြင်းကို ပျောက်ကင်းစေ၏။ မျက်စိနာရောဂါ ဖြစ်လျှင် မျက်စိကွင်းပေးက ပျောက်၏။ ခေါင်းကိုက်ခြင်းပါ ပျောက်ကင်း၏။ အမျိုးသမီးများ ယောနိတွင်း ထည့်ပေးပါက ကိုယ်ဝန်တည်သည်ဟု ဆို၏။ သံဝါသမပြုမီ လိင်အင်္ဂါကို သုတ်လိမ်းပေးခြင်းဖြင့် လိင်ကို ခိုင်မာစေတတ်၏ဟု ဖော်ပြထားသည်ကို တွေ့ရှိရ၏။

၎င်းအပြင် ဝိတစ်လှည့် ရယ်တစ်လှည့်ဖြစ်သော နှလုံးရောဂါ၊ ရောင်ရမ်းသောရောဂါ၊ အသက်ရှူမဝသော ရောဂါ၊ အိပ်နေရင်း သွားကြိတ်သောရောဂါများလည်း ပျောက်စေ၏။ ပန်းနာရင်ကျပ် သလိပ်ကပ်ရောဂါ၊ ခံတွင်းပျက်ရောဂါ၊ အရေပြားရောဂါ၊ အဆုတ်ရောဂါ၊ ပန်းသေ ပန်းညှိုးရောဂါများပါ ပျောက်ကင်းစေနိုင်၏။

ကတိုးသွေးအဖြစ် သုံးစွဲရာ၌ ဆရာညွှန်ကြားသည့်အတိုင်း သုံးစွဲရ၏။ အတိုင်းအဆလွန်ပါက အပူလွန်ရောဂါများ ဖြစ်တတ်၏။ ထိုအခါ ပရုတ်ကို ဖြေဆေးအဖြစ် သုံးရ၏။

ကတိုးကောင်များသည် ထူးခြားသော သတ္တဝါများဖြစ်ပြီး တိုင်းရင်းဆေးတွင် ကတိုးဖြင့်ဖော်သော ဆေးများရှိ၏။ သေလုမြောပါး ဖြစ်နေသော ဝေဒနာရှင်အား ကတိုးသွေးဆေး ဖော်တိုက်ပါက ချက်တရက် မသေဘဲ အသက်ပြန်ရှင်လာသည်များလည်း တွေ့ရှိရဖူး၏။ ထို့ကြောင့် ကတိုးကို လိုအပ်သလို သုံးစွဲနိုင်ရန် တင်ပြလိုက်ရပါသည်။

သမားတော်ကြီး ဒေါက်တာသက်ဆွေ

ကိုးကား- ရွှေဆောင်တင့်ဆွေ၏ တိရစ္ဆာန်များမှ လူအားများကို အကျိုးပြုပုံကျမ်း။

❑

www.burmeseclassic.com

www.burmeseclassic.com

စားနပ်ရိက္ခာစေါင်းတြေမ်ဝင်္ဂ သောတ်ရွှင်စေသော ရိုးတရင်းထားတော်

တင်စန္ဒာ

ဗုဒ္ဓဘာသာဝင်တိုင်းသည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ် ကိုးကွယ်ပူဇော်ကြ၏။ ကံ၊ ကံ၏အကျိုးကိုလည်း ယုံကြည်ကြ၏။ ဤသို့ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှသာလျှင် ဗုဒ္ဓဘာသာဝင်ဟူ၍ ဆိုရ၏။ မည်သူမဆို လောကီ၊ လောကုတ္တရာ အကျိုးကို ရည်မှန်း၍ ကံကိုပြုနေကြသူများသာဖြစ်၏။ ကံတွင် ကုသိုလ်နှင့် အကုသိုလ်ဟူ၍ ရှိပြန်ရာ ကုသိုလ်ပြုသူသည် ကောင်းကျိုးချမ်းသာသုခကို ရရှိ၍ အကုသိုလ်ပြုသူသည် မကောင်းသောဒုက္ခကို ရရှိခံစားရပါ၏။

သို့ဖြစ်ရာ ပြုလုပ်ခြင်း ဟူသော ကံကိုပြုကြရာ၌ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော သုခချမ်းသာအဖြာဖြာကို ရရှိစေမည်။ ကောင်းသောအလုပ်ကို ပြုကြရန် အရေးကြီး၏။ ထို့အခါ မိမိပြုလုပ်သောအလုပ်သည် မည်သို့သော အဲအမျိုးအစားတွင် ပါဝင်စေသနည်းကို သတိပြုရန်လို၏။ မည်သူမျှ ဆင်းရဲမွဲတေသောဒုက္ခကို မလိုချင်ကြပေ။ ရခဲလှသော လူအဖြစ် လူဘဝတွင် ဘဝတန်ဖိုး မြင့်မားတိုးတက်မှုနှင်မြတ်သန့်ရှင်းစေရန် သတိဖြင့် အချိန်တိုင်းတွင် စဉ်းစားဆင်ခြင်ကာ အလုပ်ဟူသမျှ ဆောင်ရွက်သင့်၏။

လူတိုင်းသည် အမှီအားကိုးဖြင့်ကင်း၍ နေတတ်ကြသူများ မဟုတ်ချေ။ အသိုင်းအဝိုင်း၊ အသင်းအဖွဲ့နှင့် နေထိုင်တဲတဲကြသည့်သူချည်းဖြစ်၏။ ထို့ကြောင့် မိသားစု၊ လူမျိုး၊ တိုင်းပြည်၊ ဘာသာသာသနာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကွဲပြားလာခဲ့ကြခြင်းပင်ဖြစ်၏။ ထို့မှစ၍ ကိုးတွယ်မှုများလည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကွဲပြားလာခဲ့ကြခြင်းဖြစ်၏။

မြန်မာလူမျိုးတို့ကား အထက်၌ဆိုပြီးခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာကို လက်ခံယုံကြည်ကြ၏။ ရံတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ကြ၏။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပူဇော်ကြရာ၌ ဘုရားရှိခိုးဂါထာတို့ဖြင့် ရွတ်ဖတ်ပူဇော်ကြ၏။ ထိုဘုရားရှိခိုး ဂါထာတော်တို့အပြင် အချိန်မရွေး ရွတ်ဖတ်ပူဇော်နိုင်သော မန္တန်ဂါထာတို့ကို ဆရာတော်ကြီးများကသီးသန့် ရွေးချယ်စုစည်းကာ ဖွဲ့ဆိုခဲ့ကြပါ၏။ ထိုဂါထာ၊ မန္တန်တို့မှာ ဘုရားဟိတ်၊ တရားဟိတ်၊ သံဃာဟိတ်များလည်း ထည့်သွင်း ပူဇော်ထားသောကြောင့် မိမိစိတ်မှ ရတနာသုံးပါးကို ရည်မှန်း ရွတ်ဖတ်ပူဇော်ပါက ဘုရားရှိခိုးခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု ဆရာတော်များ မိန့်ကြားဖူးပါ၏။

တကယ်တမ်းမှာလည်း ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များကို ရည်မှန်းရွတ်ဖတ် ပူဇော်ရခြင်းကြောင့် ထိုဂါထာမန္တန်တို့မှာ အစွမ်းထက်ကြသည်သာ ဖြစ်ပါ၏။ ထိုဂါထာမန္တန်တို့ကို ရွတ်ဖတ်ခြင်းဖြင့် မည်သို့မျှ အကျိုးမယုတ်နိုင်ချေ။ အကျိုးပေး၊ မပေးဆိုသည်မှာကား မိမိ၏သဒ္ဓါစိတ်နှင့် မိမိ၏ ကံတရားနှင့်သာ သက်ဆိုင်ပါ၏။

ထို့ကြောင့် ဂါထာမန္တန်တို့ကို ရွတ်ဖတ်ပူဇော်ရ၍ ဦးစွာ ဝထမ မိမိစိတ်မှ မှန်ကန်စွာ ယုံကြည်မှုသဒ္ဓါသည် အဓိကဖြစ်၏။ ပြီးနောက် မိမိရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာဖြစ်စေ၊ မန္တန်ဖြစ်စေ အဓိဋ္ဌာန်ထားသမျှ နေ့၊ အချိန်၊ ခေါက်ရေမှန်ကန်မှုရှိရပါ၏။ အရေးကြီးသောအချက်ကား ကဲငါးပါးလုံခြုံစွာ စောင့်ထိန်းနိုင်ရမည်ဖြစ်ပါ၏။ ထိုအခါ မိမိရည်မှန်းပြုသောကိစ္စသည် အောင်မြင်ခြင်းအတိ ဖြစ်စေပါ၏။

အောက်ဖော်ပြမည့် ဂါထာတော်ကား စားနပ်ရိက္ခာပေါကြွယ်ဝ၍ လာဘ်လာဘရွှင်စေသော ဂါထာဟုဆိုသော်ငြားလည်း မိမိတို့အလိုရှိရာကို တော်၍တ၍ အဓိဋ္ဌာန်ပြု ရွတ်ဖတ်ပူဇော်ပါက မည်သည့်အကြောင်းကိစ္စဖြစ်စေ အောင်မြင်နိုင်ပါ၏။ အထက်ဖော်ပြခဲ့ပြီးသော ထားအပ်သည့်အလုပ်များကိုသာ မှန်ကန်စွာ ထားသင့်ဆောင်ရွက်ကြပါလေ။

လိုတရဂါထာတော်

(၁) ဗုဒ္ဓဂုဏော အနန္တော
ဓမ္မဂုဏော အနန္တော
သံဃဂုဏော အနန္တော။

(၂) ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ
ဓမ္မော မေ သရဏံ အညံနတ္ထိ
သံဃော မေ သရဏံ အညံနတ္ထိ။

(၃) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဓမ္မံသရဏံ ဂစ္ဆာမိ
သံဃံသရဏံ ဂစ္ဆာမိ
ဧသော ဥ တ္တိ၊ ဂစ္ဆ အမုမ္မိ
ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကို နေ့စဉ်နေ့တိုင်း နံနက် (၂၀) ခေါက်၊ ညဘက် (၂၀) ခေါက်ရွတ်ပါလေ။ မိမိတို့ ပြုနိုင်သမျှ (၉၊ ၁၈၊ ၂၇၊ ၄၅)ရက် စုသည်ဖြင့် နေ့စဉ်မှန်မှန် အဓိဋ္ဌာန်ဝင်နိုင်ပါက မိမိတို့ လိုရာဆန္ဒမှန်သမျှ အမှန်ပြည့်ဝကာ ကုန်ကျနေသော စရိတ်များ ပြန်လည်ပြည့်စုံ ကြွယ်ဝလာမည်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားကြရမည်ဖြစ်ပါ၏။

တင်စန္ဒာ

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အဒ္ဓမိဓေရီ ဒေးနုဉ်ဒြိဓေရာဓိဓေးများ

ဖိုးသက်ရည် (တောင်ဥက္ကလာ)

အပူဇော်ခံ တိုင်းရင်းဆေး ဆရာကြီး ဦးလူမြင့်၏ လက်တွေ့ကိုယ်တိုင် ကုစားခဲ့သော ဆေးနည်းကောင်းများ

(က) ချွဲသလိပ် ရင်ကျပ်နှင့် လိပ်ခေါင်းဆေးနည်း

၁။ သပွတ်ခါးသီး၏အရည်- ၁၀၀ ကျပ်သား

၂။ ပျားရည်အစစ် - ၅ ကျပ်သား

၃။ ရှိန်းခို - ၁ ကျပ်သား

ဆေးဖော်စပ်ပုံ

ရှိန်းခိုတစ်ကျပ်သားကို ကြွေဇလုံထဲမှာ ထည့်၍ အမှုန့်ပြုပြီး သပွတ်ခါးနှင့် သမအောင် မွှေပါ။ ပြီးလျှင် ပျားရည် ထည့်၍ ထပ်မံ မွှေပေးပါ။ နေပူရှိန်နှင့် ခန်းခြောက်အောင် ပြုလုပ်ပေးပါ။ လုံး၍ရသော အချိန်မှာ အလုံး (သို့မဟုတ်) အပြားစသည်ဖြင့် မိမိသဘော ကျလုပ်ပြီး ခြောက်အောင်လှန်းပါ။ သန့်စင်သောနေရာတွင် လေလုံစွာထားပါ။

တုထုံး

သလိပ်ကြောင့်ကျပ်တဲ့ ရင်ကျပ်၊ လေကြောင့် ကျပ်တဲ့ ရင်ကျပ်ရောဂါ သည်များကို တိုက်ကျွေးနိုင်ပါသည်။

ဆေးပမာဏ

လူကြီးဖြစ်က ခွေးကြီးတစ်လုံးခန့် တိုက်ပါ။ ကလေးဖြစ်က ဘဂ်နှင့် ချင့်ချိန်၍ တိုက်ပါ။

ဆေး၏အကျိုးသွား

ဆေးတိုက်ပြီး ၅မိနစ်ခန့်အကြာတွင် ချွဲသလိပ်များ ချက်ချင်းအန်ပြီး ရင်ချောင့်၍ သက်သာလာပါလိမ့်မည်။

(ခ) မြင်းစဂိုက်ရောဂါနှင့် လိပ်ခေါင်းရောဂါ

တုသပို

လိပ်ခေါင်းထုတ်လိုသော် အထက်ပါ ဆေးတစ်ရွေးသားခန့်ကို ရေနှင့် ပျစ်ပျစ်ဖျော်ပြီး လက်ညှိုးတွင် ပတ်ပတ်လည် သုတ်လိမ်းပြီး ၎င်းရောဂါရှင်၏ စအိုဝတွင် လက်နှစ်ဆစ်ခန့် ဝင်အောင် သွင်းပြီး လက်ကိုလှည့်ပြီး မွှေပေးပါ။ မိနစ် ၃၀ မှ ၁ နာရီလောက် ရှိလျှင် အတွင်းမှာရှိသော လိပ်တို့သည် အပြင်သို့ ထွက်လာလိမ့်မည်။

ထွက်လာသော လိပ်ခေါင်း(သို့မဟုတ်)ထွက်ပြီးတဲ့ လိပ်ခေါင်းများကို ၎င်းဆေးနှင့် ဓရေပျစ်ပျစ်ဖျော်ပြီး စေ့ငေအောင် သုတ်လိမ်းပေးပါ။ တစ်နေ့ (၂) ကြိမ် လိမ်းပေးပါ။ ဆေးလိမ်းပြီးတာမနက်ရည်များ ကျလာလိမ့်မည်။

နောက်တစ်ကြိမ် ဆေးမလိမ်းခင် ပထမ ဆီးခေါက်၊ နဘဲခေါက်ပြုလုပ်ဖန်ရည်နှင့် ဆေး၍ ခြောက်အောင်

www.burmeseclassic.com

သုတ်ပြီးမှ ဒုတိယအဖြစ် ဆေးကို ပြန်ထိပါ။ ၎င်းနည်းအတိုင်း ၂ရက် ၃ရက် လောက်ထိလိုက်လျှင် ၎င်းအနာမှ အငန်ရည်များ မထွက်တော့ဘဲ ခြောက်သွားလိမ့်မည်။ ခြောက်သွားတဲ့အခါ (ဒုတိယ)ဖန်ရည်အဖြစ် ကျောက်ချဉ် ၃ကျပ်သားကို အမှုန့်ပြုလုပ်၍ ရေဆူအောင်ပြုတ်အေးတဲ့အခါ ၆ လက်မခန့် ၈လက်မခန့်ရှိ အိုးခွက်တစ်ခုခွဲ၌ ဖန်ရေထည့်၍ ၎င်းအထဲသို့ လိပ်ခေါင်းမြုပ်အောင် အနည်းဆုံး တစ်နာရီကြာအောင် စိမ်ပေးပါ။

ထိုအရည်ကို စိမ်လိုက်တဲ့အခါ ကလေးငယ် ချက်ကြွေသကဲ့သို့ (သို့မဟုတ်) အဖတ်အဖတ်ကွာကျလိမ့်မည်။ ၎င်းဆေးကို တစ်ကြိမ်နှင့် စိမ်၍ကွာပြီး မကျသေးလျှင် နောက်တစ်နေ့ပြန်၍ စိမ်ပါ။ ၃ ရက်ထက်မပိုဘဲ ကုန်အောင် ကွာ၍ ကျလာလိမ့်မည်။

(၀) လိပ်ခေါင်းအတွင်းစားဆေး

စားဆေးအတွက် အထက်ပါ ဆေးရွေးကြီး တစ်ရွေးခန့် ဆေးကုနေသည့်အချိန်မှာ နှစ်ကြိမ်လောက်စားပြီး ပျောက်ကင်းသည့်အချိန်တွင် တစ်ကြိမ်သာစားပါ။

ရှောင်ရန်အစာ - ပဲမှန်သမျှ လုံး၀ မစားရပါ။

စားသုံးရန်အစာ - ကြက်သား၊ ဝက်သား၊ အမဲသား၊ ခြေလေးချောင်းသား အကုန်စားနိုင်သည်။

မှတ်ချက် - လိပ်ရောဂါနှင့် ပတ်သက်၍ ဆေးမစားမီ ဆေးမထိမီ ၎င်းရောဂါနှင့် မတည့်သော အစာစားသုံးပြီး အံနာထလာမှသာ ဆေးထည့်ခြင်း၊ ဆေးစာခြင်းပြုလုပ်ပါက ပိုမိုရှိ အကျိုးရှိပါသည်။ ဤဆေးနည်းနှင့် ကုသသူများတွင် ရောဂါပြန်ပေါ်တာ မတွေ့ရှိရပါ။

(ဃ) သွေးတိုး အံကြောတက် ပျောက် ဆေးနည်း

၁။ နန္နင်းခါး - ၁ ကျပ်သား
၂။ နန္နင်း - ၁ ကျပ်သား
၃။ ဆားငန်ဖြူမှုန့် - ၈ ကျပ်သား
၄။ ရေမထိတဲ့ ထုံး - ၁ ကျပ်သား
၅။ ကျောက်ဆေးဒန်း - ၈ ပဲသား
စုစုပေါင်း ၄ ကျပ် ၈ ပဲ

ဆေးဖော်စပ်ပုံ - ကြွေဇလုံတစ်လုံးတွင် ဆေးမှုန့် အားလုံးထည့်သမအောင် လုပ်ပါ။ ၎င်းအမှုန့်ထဲတွင် နွားနို့စစ်စစ် (တစ်နေ့ စိမ်၍ ခြောက်နိုင်ရုံ)ထည့်ရမည်။ နွားနို့ ၂၅ ကျပ်သား ခန့် ကုန်ရုံ နေလှန်းရမည်။ ရွေးလုံးခန့် လုံးရုံ နေလှန်းပြီး အခြောက်ပြုရမည်။

ပမာဏ - ရွေးလေးတစ်ရွေးခန့် (၂)ကြိမ် တိုက်ရမည်။

ဆေးအကျိုးသွား - သွေးတိုး အကြောတက်ရောဂါများ ပျောက်ကင်းပါသည်။

(၀) ဒူလာအမြစ်ခြောက် မီးယပ်မြစ်ခြောက်ဆေးနည်း

၁။ သက်ရင်းကြီးရွက် (မနုမရင့်ဖြစ်ရမည်) - ၂ကျပ်သား
၂။ ငရုတ်မိုးမျှော် (၁၇)တောင့် နေလှန်း အမှုန့်ပြု
၃။ ကြက်သွန်ဖြူ (၁၇)မြောင်း နေလှန်း အမှုန့်ပြု
၄။ ပဲကြီးလေ့ - ၂ကျပ်သား
၅။ ဆားအချိုမှုန့် သင့်ရုံသမ

အကျိုးသွား

ထိုဆေးသုံးခွက်စာကို ထမင်းစားပြီး တစ်နာရီခွဲ ပမာဏလောက် ကွာသည့်အချိန်တွင် သံပရာရည်၊ ရှောက်ရည်တို့နှင့် သမပြီး သောက်နိုင်ပါသည်။

အထူးမှတ်ချက်

ဆေးစားတဲ့ ရက်အတွင်းမှာ ကြက်သားဟင်းကို မစားရ၊ ကိုယ်ဝန်သည်များ ဆေးကို လုံး၀မထိရ။ မြည်းခြင်း၊ တို့ခြင်း လုံး၀ရှောင်ပါ။

ဒူလာမြစ်ခြောက် မီးယပ်ခြောက် ရောဂါ လက္ခဏာများမှာ -

ခြေဖျားအေးခြင်း၊ ဒူးမှ အောက် ပိုင်းအေးခြင်း၊ ခြေသလုံး ခြေချင်း၀တ် ခြေခုံ၊ ခြေဖ၀ါး ထိအေးခြင်း၊ အထူးအေးစိမ့်၍လာခြင်း၊ ရေကြောက်ခြင်း၊ ကြက်သီးထခြင်း၊ လမ်းလျှောက်၍ မကောင်းခြင်း၊ ညနေမီးထွန်းချိန် မီးရောင်ကြည့်လျှင် ဖြာပြီး ဝေသဖောင် ရှိခြင်းတို့သည် ဒူလာမြစ်ခြောက် မီးယပ်မြစ်ခြောက် ရောဂါ၏ ပထမပိုင်းဖြစ်သည်ဟု မှတ်ယူရမည်။

အပူဇော်ဓာတိုင်းရင်းဆေးဆရာကြီး ဦးသိလ၏ လက်တွေ့ကိုယ်တိုင်ကုစား ခဲ့သော ဆေးနည်းနာကောင်းများ

(၁) သွေးဝမ်းပျော်ဆေး

၁။ အခွံခွာတ်ပြီး ရာတန်စေ့ - ၁၅ ကျပ်သား
၂။ ပဉ္စကာနီသီး - ၅ကျပ်သား
၃။ ဇာတိပွိုလ်သီး - ၅ကျပ်သား

www.burmeseclassic.com

www.burmeseclassic.com

ဆေးအလေးချိန်ပေါင်း - (၂၅) ကျပ်သား

ဆေးဖော်စပ်ပုံ

ဆေးအားလုံးကို - အမှုန့်ပြု၍ လေလုံသော ပုလင်းတွင်ထည့်ပြီး အေး၍ခြောက်သွေ့သောနေရာတွင် ကောင်းစွာသိမ်းပါ။

အသုံးပြုပုံ

လူကြီး ဆေး ရွေးကြီးခန့်ကို သကြား ဆီးသီးလုံးခန့်နှင့်ရောပြီး ရေကျက်အေးနှင့် တိုက်ပါ။ ကလေးများကို အရွယ်ချိန်ဆပြီးမှ (၃)နာရီ တစ်ခါတိုက်ပါ။ အချိန်မရွေး သောက်နိုင်ပါသည်။ ၎င်းဆေးသည် အပူလွန်ကဲ၍ သွေးစသွေးနပါခြင်း၊ မကြာခဏ ဝမ်းသွားရခြင်း၊ အရိုအခွဲနှင့်ပါသော ပိတ်ဝမ်းကိုက်များ၊ ခါးကိုက်ခြင်း၊ ဒူးဆစ်ကိုက်ခြင်း၊ အမျိုးသမီးများ သွေးလွန်ခြင်း၊ ဒူလာဝမ်းပျက်၊ မီးယပ်ဝမ်းပျက်ဖြစ်ခြင်း၊ အစားမှား၍ ဝမ်းသက်ခြင်း၊ အခါပေါင်းများစွာသွားရသော (ကာလ)ဝမ်းရောဂါတို့ကို ပျောက်ကင်းချမ်းသာစေပါသည်။

မှတ်ချက်

၎င်းဆေးသည် လိပ်ခေါင်းရော၊ ဂါကြောင့် သွေးပါခြင်းကို မပျောက်ပါ။ သက်သာစေပါသည်။

(၂) ရွှေတလေး လေဆန်နာ လေဖုန်း မင်းပျို့မင်းလွင်ဆေး

၁။ မင်းကိုကာဥအခြောက်- ၁၀ ကျပ်သား

၂။ ရှိန်းခို(မြန်မာ) - ၃ကျပ်သား

ဆေးအလေးချိန်ပေါင်း- (၁၃) ကျပ်သား

ဆေးဖော်စပ်ပုံ

မင်းကိုကာဥအခြောက်ကို ပွစေရန် အနည်းငယ်ထုပါ။ ရေနွေးကော်ဖီပန်းကန်လုံး တစ်လုံးစာတွင် ရှိန်းခို (၃) ကျပ်သားကို ဖျော်ပါ။ ထုထားသော မင်းကိုကာဥကို ရှိန်းခိုဖျော်ထားသော ရေနွေးတွင်ထည့်၍ စိမ်ပါ။ ပြီးလျှင် မီးဖြင့် ပြန်၍ကင်ပါ။ ကျွံမ်းမသွားစေရန် အထူးသတိထားပါ။ တစ်ဖန် ပြန်၍ ရှိန်းခိုရည်တွင် စိမ်ပြီး မီးကင်ပါ။ ထိုသို့ ရှိန်းခိုရည်ကုန်သွားအောင်စိမ်ပြီး နောက်ဆုံး အကြိမ်တွင် ခြောက်သွားအောင် မီးကင်ပါ။ မီးမကျွမ်းစေရန် အထူးသတိပြုပါ။ ၎င်းဆေးကို အမှုန့်ကောင်းစွာပြု၍ လေလုံသော ပုလင်းတွင်ထည့်ပြီး အေး၍ ခြောက်သွေ့သောနေရာတွင် ကောင်းစွာ သိမ်းထားပါ။

အသုံးပြုပုံ

ဤဆေးသည် ဝမ်းသက်လေသက်၍ အညှော်ခံဆေး ဖြစ်ပါသည်။ မွေးကင်းစ ကလေးမှစ၍ သူငယ်များတွင် ဖြစ်တတ်သော ဝမ်းချုပ်၍ လေထိုးခြင်း၊ ဝမ်းသက်၍ လေထိုးခြင်း၊ ရင်တောင့်တင်းခြင်းဖြစ်ပြီး ဝမ်းဗိုက်ပူ၍ လေထိုးခြင်း၊ ညနေအချိန် ခြေဖျားလက်ဖျားအေးပြီး ကော့၍ငိုခြင်း၊ နို့အန်၍ ငိုခြင်း၊ နို့မစို့၍ ကော့ပြီး ငိုခြင်းများ ပျောက်ကင်းပါသည်။

ဆေးပမာဏ

တစ်လအတွင်း ကလေးများ ဝရုတ်ကျောင်း တစ်ခြမ်းခန့်၊ နှစ်လအတွင်း ကလေးများ ဝရုတ်ကောင်းစေခန့်၊ သုံးလမှ တစ်နှစ်အတွင်း ရွေးလေးခန့်၊ တစ်နှစ်မှ ငါးနှစ်အတွင်း ရွေးကြီးခန့် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေအေးနှင့် ဖျော်တိုက်ပါ။ ကလေးကို ကွမ်းရွက်ပြုတ်ရည်နှင့် ရေချိုးပေးပါ။

မှတ်ချက်

အသက်(၆၀)ကျော် ငယ်မူပြန်လိုသော် ဆေး ၂ပဲ၊ ထန်းလျက် ၂ပဲကို နံနက်တွင် အထူးသောက်၍ ညနေတွင် နွားနို့ (မွေးမြူရေး မဟုတ်) ၂၅ကျပ်သား အစိမ်းသောက်သော် လူပျိုကဲ့သို့ ကျန်းမာသန်စွမ်းလေသည်။ မင်းပျို့ မင်းလွင် ဆေးတည်း။

ဗိုးသက်ရွှေ(တောင်ဥက္ကလာ)

❑

ကျေးဇူး ပေးချိန်ဆေးဘုံ

စာပေ ပါသနာရှင်များ မိမိခံစားမှုကို မိတ္ထူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂဏ္ဍီရဝတ္ထုများ၊ မှုခိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

မီးငွေးစရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့ဆိုင်းဆက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အပြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အပြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင်ငါးရာတိတိ ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
ထုတ်ဝေသူ-မဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)
အခန်း (၁၀) ပထမ ထောင်ချောင်းလမ်း
(၁၃း၁၃)လမ်းကြား
ထဘီဘိုးလမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၂၅၄၅၄၀၉၃၀

www.burmeseclassic.com

www.burmeseclassic.com

ရိုးရာကုထုံးများ

သစ်ဦးငင်

ကျွန်မတို့ အမြဲမဖျားနာအောင် ဘုရားသခင်က တားမြစ်ထားသည်။ ကျွန်မတို့အိမ်မှာ နေနေရသည့်အခါ အမေ့ရဲ့ တစ်နေကုန် ညည်းညူသံကို သည်းခံနေရတာက ကျွန်မတို့ကို ပို၍ ရောဂါတက်စေသည်။

အဖေရဲ့ အလွန်နည်းပါးသော ဝင်ငွေကြောင့် သူမ ရရှိသည့် အိမ်သုံးစရိတ်ကိုချွေတာရလွန်း၍လည်းကောင်း၊ တစ်ပတ်လုံး အလုပ်နှင့်လက် မပြတ်အောင် ကမ္ဘာ့လူသန်ကြီးတစ်ယောက်လို အလုပ်လုပ်နေရသောကြောင့် လည်းကောင်း အမြဲညည်းညူခြင်း ဖြစ်သည်။

အမေ နောက်ဆုံးလိုအပ်တာက ကျွန်မတို့ပါ သူမရဲ့ ဒုက္ခတွေကို ဝင် ရောက်ကူညီဖို့ ဖြစ်သည်။

အဖေက ကျားနှစ်မှာ မွေးဖွားသူ ဖြစ်သည်။ တခြားသူတွေလိုပင် ပါးခိုတ် ရောင်နာလို ရောဂါမျိုး ခံစားရလျှင် တောင်မှ အလိုလိုပျောက်ကင်းသွားနိုင်သည့် မွေးရာပါ အခွင့်အရေးကို ရရှိထားသည်ဟု ယုံကြည်သည်။

အဖေ့ ရောဂါက ကုသရတာ လွယ်သည်။ ပါးခိုတ်ရောင်သည့် ပါးပြင်ပေါ်မှာ တရုတ်ဂိုးရာ စုတ်တံဖြင့် အနက်ရောင် ထရုတ်ကျားပုံ ဆွဲလိုက်ရုံပင်။ ဒါကို တိုက်ဆိုင်မှုပဲခေါ် ခေါ်၊ ဘယ်လိုဖဲဆိုဆို ပါးပြင်ပေါ်မှာ ကျားရုပ် တစ်ခါ၊ နှစ်ခါ ဆွဲလိုက်သည်နှင့် ဤကုထုံးကြောင့် ရောဂါပျောက်ကင်းသွားသည် ချည်းပင်။

အဖေ့ရောဂါ ကုထုံးသတင်းက ပျံ့သွားပြီး ဆင်းရဲလွန်း၍ ဆိုက်ကာ အဖေ့ကို ပုံမှန် အခေါ် အပြော မလုပ်ကြသည့် အိမ်နီးချင်းတွေကတောင်မှ သူတို့ကိုယ် တိုင်နှင့် ဆွေမျိုးသားချင်းတွေကို ကုသ ပေးပါရန် မရမက လာခေါ်ကြသည်။

ကိုယ်ပူဖျားနာ အအေးမိရောဂါ တွေအတွက် အဖေ့ကုထုံးတွေကို ကျွန်မတို့ အလွတ်တောင်ရနေကြပြီ။ သူအသုံးပြုသည့် ဆေးဖက်ဝင် လက်ဖက်ခြောက် အမျိုးအစားကို စက္ကူပတ် အံစာဘူးသေးသေးထဲမှာ ထည့်ထားသဖြင့် ပို၍ အာနိသင်ရှိသည်ဟု ထင်မှတ်ကြသည်။ ဤဆေးလက်ဖက်ခြောက်ကို သောက်ပြီးနောက် ဆောင်းရာသီထွက် ဖရဲသီး စိတ်ကလေးတွေနှင့် ပြုတ်ထားသည့် ဘာလီလက်ဖက်ရည်ကို သောက်ရသည်။

မုတ်သုန်ရာသီ ကုန်ပြီးနောက် လွန်လနှင့် စက်တင်ဘာလအတွင်းမှာ နေဘက် ခြောက်သွေ့သည့် ကာလတိုလေးတွေ ရှိတတ်သည်။ မိုးရေတွေက ခြင်တွေပေါက်ဖွားဖို့ ရေအိုင်ငယ်လေးတွေကို ဖြစ်စေပြီး၊ ညရောက်ပြီဆိုလျှင် ခြင်တွေ ဖွဲနှင့်ဆုပ်၍ပက်သလို ရောက်လာတတ်သည်။ အဖေက ကျွန်မတို့ ခြင်ကိုက်ခံရသည့်ဒုက္ခတွေ လျော့နည်းစေဖို့ မဆုတ်မနစ် နည်းမျိုးစုံရှာဖွေရသည်။

ကျွန်မတို့မှာ ခြင်ထောင်မရှိ၊ စောင်တွေသာ ရှိသည်။ ကျွန်မ ခြင်ထောင်မှာ အပေါက်တွေ ဗရပွဖြစ်နေ၍ အနည်းငယ်သာ အကာအကွယ်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ တခြားသူတွေလိုပင် အဖေက အစီမံးရောင် ခြင်ဆေးခွေလေးတွေ ထွန်းညှိပေးသည်။ တစ်ခါတလေ ခြင်ဆေးခွေ ကုန်သွားသဖြင့် အဖေက ညဉ့်နက်သန်းခေါင်မှာ အိပ်ရာမှထပြီး ခြင်ဆေးခွေ ထွန်းရသည်။

နောက်တစ်နေ့မနက် အောက်ခံခွက်ထဲမှာ ကျွန်မတွေ့ရသည့် ပြာပုံတွေက အဖေတစ်ညလုံး ဘယ်လောက် အလုပ်ရှုပ်ခဲ့ရသည်ကို ပြောပြနေသည်။ ခြင်ဆေးခွေတွေက တစ်ရက်၊ နှစ်ရက် လောက်သာ အစွမ်းပြသည်။ မကြာခင် ခြင်တွေ အနံ့ယဉ်သွားပြီး ကျွန်မတို့ကို ပြန်ကိုက်ပြန်တော့သည်။

ထိုအခါမှာ အဖေက သူ့ရဲ့ နောက်ထပ် ပညာတစ်ခုကို ပြသည်။

အိပ်ရာအောက်မှ ခွံမီးဖိုတစ်ခုကို ထုတ်ယူလိုက်သည်။ မီးဖိုလေးက ခေါင်လိုက်ထားလျှင် အဖေ့လက်ဖဝါးနှင့် အနေတော်ပင်။ အဖေက ပင့်ကူမျှင်တွေကို ဖယ်၊ မီးဖိုထဲက မီးကြွင်းမီးသေးအနည်းငယ်ယူပြီး မီးဖိုလေးထဲ ထည့်လိုက်သည်။

ကျွန်မနှင့် မောင်အငယ်ဆုံးလေးက အဖေ့အနားမှ ဆောင့်ကြောင့်ထိုင်ပြီး အဖေ မီးသွေးခဲတွေပေါ်ကို အမွေးတိုင် အမှုန်လေးတွေ တင်တင်ပေးတာ စောင့်ကြည့်ကြသည်။ မကြာခင်မှာ မီးခိုးငွေ့လေးတွေထွက်လာပြီး အပေါ်သို့ ဝဲပို့က်တက်လာတာကို တွေ့ရသည်။ မီးဖိုကို သံပြားတောင်း တစ်ခုပေါ်မှာ တင်၊ လက်တစ်ဖက်ဖြင့် နှာခေါင်းကို ပိတ်ပြီး မီးဖိုကို အိမ်ထဲသို့ သယ်ယူလာသည်။ အဖေ့သွားရာလမ်းမှာ မီးခိုးငွေ့တွေ အတန်းလိုက်ပေါ်ထွက်နေသည်။

အမွေးတိုင်အငွေ့ကို ရှူမိပြီဆိုလျှင် ကျွန်မတို့ခန္ဓာကိုယ် သေးသေးလေးတွေက ခံနိုင်ရည် မရှိတော့ဘဲ တဖြည်းဖြည်း မျက်တောင်စင်းကာ အိပ်ပျော်သွားတော့သည်။ အဖေ့ရဲ့ အမွေးခြင်ဆေးက ကျွန်မတို့ကို ပို၍ ကြာကြာ သက်သာရာရစေသည်။

အင်းဆက်ကောင်တွေ နောက်ထပ် အုံနှင့်ကျင်းနှင့် မလာမီအချိန်အထိ သုံးရက်လောက်တော့ ခြင်ကိုက် သက်သာသွားသည်။

တစ်ခါက အမေ မီးဖိုချောင်အပြင်ဘက်က ဝရန်တာမှာ စိတ်ပျက်လက်ပျက်ပုံစံဖြင့် ထိုင်နေတာ ကျွန်မ မြင်လိုက်ရသည်။

ကျောက်ရော်ဆုံနှင့် ကြက်သွန်ဖြူ အမြွာလေးတွေက သူမ အနီးကြမ်းပြင်ပေါ်မှာ ရှိနေသည်။ အမေက ထောင်းပြီးသား ကြက်သွန်ဖြူ အနည်းငယ်ကို ယူ၍ ပါးစပ်ထဲထည့်လိုက်သည်။ သွားကိုက်လို့ဟု နာကျင်သောအမူအရာဖြင့် သူမကပြောသည်။ အမေက ကျွန်မ စိတ်ထဲက မေးခွန်းကို ဖတ်နိုင်သူပင်။

"တစ်ညလုံး မအိပ်ရဘူး"

အမေ့ရဲ့ ကိုယ်ပိုင်ဆေးညွှန်းတွေ ကလည်း ထူးခြားဆန်းကြယ်လှသည်။

နောက်ပိုင်းနှစ်တွေမှာ ကျွန်မတွေ့ခဲ့ရသည့် နံနက်သီးနှင့် ဘီယာရောရှ် ဖော်စပ်ထားသည့် ဆေးက ကိုယ်ဝန်ပျက်ကျခြင်းအတွက် သုံးသည့် ဆေးဖြစ်သည်။ အသက်အန္တရာယ် နီးသည့် ဤဆေးကို မီးဖိုချောင်ထဲမှာ မဖော်စပ်နေတာ ထူးကြဉ်မက ကျွန်မတို့ ညီအစ်မတွေ အမှတ်မထင် မြင်တွေ့ခဲ့ရသည်။

ဒါပေမဲ့ နီရဲနေသော အမေ မျက်လုံးတွေနှင့် စိတ်ဒုက္ခရောက်နေပုံကို တွေ့မြင်ရသဖြင့် တစ်ယောက်မျှ စမ်းသပ်မကြစ်ရဲပေ။

အမေက သူ့ဘာသာ ကုသရုံနှင့် မကျေနပ်နိုင်သေးဘဲ ကန့်နှင့် ရေနံဆီ ရောပြီး သပရာသီစိတ်ဖြင့် ပွတ်ကာလိမ်းရသည့် သူမရဲ့ပွေးဆေးကို ကျွန်မကိုပါ လိမ်းခိုင်းပါသေးသည်။ ကျွန်မမှာ တစ်ပတ်လောက် အနာရွတ်တွေ ကျန်ခဲ့သည်။

ကျွန်မ ပါးပြင်မှာ အပူလောင်ဒဏ်ရာတွေ တွေ့သဖြင့် ကျောင်းက သူငယ်ချင်းတွေ မေးတာကို လိမ်ပြောခဲ့ရသည်။ ကျွန်မရဲ့ [illegible] လက်မခံပေ။ ဒဏ်ရာက တစ်ခါတရောဝါပျောက်တာတာ ထားရော့ ပြောလိုက်သေးသည်။

အမေက ရေနံဆီကို တစ်နည်းမက နည်းအမျိုးမျိုးဖြင့် သုံးတာ တွေ့ရသည်။

တတိယညီမက ဆံပင်ရှည်ထားရတာ နှစ်သက်သည်။ ဆံပင်ရှည်က ခေါင်းမှ သန်းတွေအတွက် အကြိုက်ဖြစ်သည်။ အိမ်တွင်းကုသမှုကို သူမ အတော်ကြာကြာ နာကျင်ခံစားခဲ့ရသည်။ အမေက သူမကို ရေပိုက်ခေါင်းဘေးကို တွန်းဖယ်လိုက်ပြီး ခပ်လှမ်းလှမ်း အိမ်တွေက ကြားလောက်သည့် ညီမရဲ့ အော်ဟစ်သံ၊ အမေ့ရဲ့ ငြင်းဆန်သံတွေ ကြားမှပင် ခေါင်းပေါ်သို့ ရေနံဆီတွေ လောင်းချလိုက်သည်။

ပျင်းရိပျင်းတွဲနိုင်လှသည့် နေ့လယ်ခင်းနေပူပူမှာ အိပ်ပျော်မသွားအောင် ကြိုးစားရင်း ကျွန်မတို့စာအုပ်တွေပေါ် ခေါင်းငိုက်စိုက်ချရင်းကပင် တတိယညီမရဲ့ အော်သံကို မကြားရအောင် နားပိတ်ထားကြရသည်။

ကျွန်မ စိတ်တွေလည်း ဟိုရောက် သည်ရောက် ရောက်နေသည်။ နောက်ကစ်ပတ်ဆိုလျှင် ကျောင်းလခကြေး သွင်းရတော့မည်။ ကျန်းမာသန်ရှင်းရေး လှုပ်ရှားမှုအတွက် မတ်ခွက်နှင့် သွားပွတ်တံ ဝယ်ဖို့ရှိသည်။ ပြီးတော့ ဂျီသြမေတြီ ဘာသာအတွက် ကွန်ပါဘူးတစ်ဘူး။ ကုန်စရာတွေ... ကုန်စရာတွေ... ကုန်စရာတွေ။ စိတ်ပိန်လို့က်တာ။

ဒီလိုအချိန်မှာ အဖေကထော့ အနီးအနားရပ်ကွက်တွေမှာ လှည့်ပတ်နေကောင်း နေလိမ့်မည်။ စက်ဘီးတစ်စီးဖြင့် ခွေးသံရွှဲရွဲ တက်လိုက်၊ ဆင်းလိုက် အလုပ်ရှုပ်နေမည့် အဖေ့ပုံကို ကျွန်မ စိတ်ကူးကြည့်မိသည်။

အိမ်ပြန်ရောက်လျှင် တစ်ခါတစ်ရံ အဖေက (၅) မိုင်စခန်းခြံဝင်းသို့

www.burmeseclassic.com

www.burmeseclassic.com

သွားလိုက်၊ (၄) မိုင်စခန်း ပြန်လာလိုက်၊ (၅) မိုင်စခန်း တစ်ခေါက်သွားလိုက်နှင့် လုည့်ပတ်ခဲ့ပေမယ့် သူ့မောက်သည် တစ်ယောက်မျှ မတွေ့ဘဲ ပြန်ခဲ့ရသည့်ကဲ့သို့သော အကြောင်းကို ပြန်ပြောပြတတ်သည်။

သူလုပ်စရာအလုပ် မရှိသောအခါ တောင်ပိုင်း ဘူအိုနာလမ်းဆုံက ဆိုင်တန်းတွေအနားမှာ စက်ဘီးကို ရပ်ထားတတ်သည်။ ဒါမှမဟုတ် လမ်းမနှင့် ခပ်လှမ်းလှမ်းမှ ပိတောက်ပင်အောက်မှာ အကြောကြီးထိုင်နေပြီး မှောင်မှပြန်လာတတ်သည်။ လက်ပလာနှင့် ပြန်လာသည့်အတွက် အမေ့ဒေါသကို ရင်ဆိုင်ရမှာ အဖေ ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ။

တစ်ည နေမှာ အမေ နောက်ဖေးဝင်းထဲက ရေမြောင်းကိုတားသည့် ကျောက်တုံးပေါ်မှာ ထိုင်နေတာ တွေ့လိုက်ရသည်။

ကျွန်မတို့ အိမ်ရှင်က သူ့ရဲ့ များစွာသော အစားအသောက်လုပ်ငန်းတွေမှာ သူဝင်ရောက်လုပ်စရာ မရှိသည့် အခါ (၁၂) ကောင် လောင်းကစားထိုးဖွင့်ပြီး ထိုးချင်သူထိုးဖို့ လောင်းကစားသူတွေကို ဖိတ်ခေါ်ထားသည်။ နံရံတစ်ဖက်သာခြားပြီး သူ့အခန်းနှင့် ကပ်လျက်နေရသည်မှာ ကျွန်မတို့အတွက် ကံဆိုးခြင်းပင်။ လောင်းကစားချင်သူတွေက ကျွန်မတို့ အိမ်ရှေ့ဝရန်တာမှ ဖြတ်ကာ သူ့အိမ်ဆီသို့ နေ့တိုင်းသွားကြသည်။

လူအုပ်စုနှင့်ဝေးရာ၊ အမြဲမပြတ် ဆူသံညံသံတို့နှင့်ဝေးရာ နောက်ဖေးဝင်းကတော့ အမေ့ရဲ့ နားအေးပါးအေးခိုလှုံရာနေရာပင်။ ရေမြောင်းအနီးမှာ ပေါက်ရောက်နေသည့် ဝါးရုံပင်မှ လေနုအေးလေး တွန့်ခွန့်နွေ့တာကို ခံစားရင်း ငြိစည်းရိုးအရိပ်မှာ ကွယ်ရှိထိုင်ကာ သူမကို သတိမပြုမိဘဲ ဖြတ်သွားသူတွေကို စောင့်ကြည့်နေတတ်သည်။ ဤနေရာလေးကလည်း လုံးဝ ခြောက်ပစ်ကင်းသည့် ပုန်းကွယ်စရာ နေရာမဟုတ်တာ သေချာပါသည်။

အဘယ်ကြောင့်ဆိုသော် ဤနေရာသည် ဘဲခြံနှင့် ကပ်လျက်ရှိသဖြင့် လေထဲမှာ အနံ့ဆိုးတွေ တွဲခိုပါလာတတ်တာ အသေအချာပင်။ လေသင့်ပြီဆိုလျှင် ပို၍မခံမရပ်နိုင်အောင် ဖြစ်ရသည်။

ဘာမျှမရှိသည့် လမ်းမကို ငေးကြည့်နေရင်း အချိန်ကုန်လွန်သွားသည့် အခါ အမေက ရုတ်ခြည်းပင် သူမရဲ့ ပေါင်ကိုပုတ်လိုက်သည်။ တစ်ခုတစ်ခုကို ခုမှ သတိရလို့ဖြင့် ကျွန်မအတွက် အဖြေရပြီဟု အံ့အားသင့်စွာ ပြောသည်။ နောက် မကြာမီအချိန်အထိ အမေဘာကို ရည်ညွှန်းပြောဆိုမှန်း ကျွန်မ သဘောမပေါက်ပေ။

ကျွန်မ အရွယ်ငယ်မှာ အကြေးခွံတက်သလို ရောဂါမျိုး နှစ်ပေါင်းများစွာ ခံစားရပြီး မကြာခဏ အရေပြားစုတ်ပြဲခြင်း၊ သွေးထွက်ခြင်းတွေ ဖြစ်တတ်သည်။ ဟင်းချက်ဆီ စွေးပေါ်မှီး အိမ်မှာ အလွယ်တကူရနိုင်သည့် အချိန်ကတည်းက အမေက ဟင်းချက်ဆီကို လိမ်းဖို့ အကြံပေးသည်။ လိုးရှင်းတွေ၊ အလုဆီတွေကို ကြားတောင် မကြားဖူးပေ။ ဤပစ္စည်းတွေက ရော်ဘင်ဆင်ရဲ့ဆိုင်မှာ ဝယ်၍ရကောင်း ရပါမည်။ ဒါပေမဲ့ အဲဒီလို အဆင့်မြင့် ဈေးကြီးဆိုင်ကြီးတစ်ခုထဲ ခြေလှမ်းဝင်ဖို့ဆိုတာက ကျွန်မအိပ်မက်ထဲမှာသာ ရှိနေပေသည်။

သစ်စက်တွေ၊ ဓာတ်ငွေ့ဘူးလေးတွေ၊ လျှပ်စစ်ပစ္စည်းတွေ စသဖြင့် လုပ်ကိုင်ရောင်းဝယ်ပြီး စီးပွားဖြစ်လာသည့် လုပ်ငန်းရှင် သူဌေးကြီး ဟော့တီးကတော့ ကွယ်လွန်သွားခဲ့ပြီ။ သူ့ရဲ့ အသုဘယာဉ်တန်းက ဇင်ဗါးလမ်းမကြီး စာစ်လျှောက် သယ်ဆောင်လာမည်။ နောက်နေ့မှာ ကျွန်မတို့ အိမ်နားသို့ ရောက်လာမည်ဟု အမေကပြောသည်။

သူ့ရဲ့ ကွယ်လွန်ခြင်းက နေ့စဉ် ရက်ဆက် ပြောစရာ ခေါင်းစဉ်တစ်ခု ဖြစ်နေခဲ့သည်။

သေဆုံးရသည့် အကြောင်းရင်း အသက်အရွယ်၊ ညအိပ်စောင့်သူတွေ အတွက် ကျွေးသည့်အစားအစာ၊ ကြွရောက်လာသည့် ည့ဉ်သည်တွေ၊ ရိုးရှာလေထုံးစံအတိုင်း ဆောင်ရွက်ပုံတွေ၊ ဝမ်းနည်းကြေကွဲနေသည့် မိသားစုနှင့် ပတ်သက်သည့် အနေပါအရာရောက်သည့် ဂီစွတိုင်း ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေကြသည်။ အမေ အဲဒီ အကြောင်းတွေကို သိနေတာ ကျွန်မ မအံ့သြမိတော့ပေ။

အသုဘအခမ်းအနားက ကွယ်လွန်သူ၏ ချမ်းသာကြွယ်ဝမှုကိုပြသည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။ အိမ်အပြင်မှာ တွေ့ခဲ့လှသည့် မျက်နှာတွေ၊ အထူးသဖြင့် ဝိန်းမတွေက ဤအကြောင်းကို ပြောဖို့ မျက်နှာချင်းဆိုင်ဖို့ အခွင့်အရေး ရလာကြသည်။ ဤအမျိုးသမီးတွေမှာ ဒုတိယမြောက် (သို့မဟုတ်) တတိယမြောက်ဇနီးတွေ ဖြစ်ကောင်းဖြစ်မည်။ သူတို့တွေက ဘဝတစ်လျှောက်လုံး အိမ်တွင်းပုန်း လုပ်နေခဲ့ကြသူတွေ၊ ဒါမှမဟုတ် အပြင်ကို ရဲရဲဝံ့ဝံ့ ထွက်ရမှာ အလွန်ကြောက်သူတွေဖြစ်သည်။

အလွန်ကြီးမားသော သိုးမွေးပန်းပွားတွေ၊ ပီတိစတွေ၊ ပန်းကုံးတွေဖြင့် တန်ဆာဆင်ထားသည့် အသုဘကားတန်းကြီးကို မြင်သောအခါ လမ်းဘေးမှာရပ်နေသည့် ရွာသားတွေမှာ အသက်ရှူမှားမတတ် ဖြစ်သွားကြသည်။

ဤယာဉ်တန်းပြပွဲကြီးကို မျက်စိအရသာခံ၍ ကြည့်ချင်ကြသောကြောင့် ရွာသားတွေက အသုဘယာဉ်တန်းကြီး နှေးနှေးလေးပဲ ရွေ့ပါစေဟု ကျိတ်၍ ဆုတောင်းနေကြသည်။ နိဗ္ဗာန်ယာဉ် အပေါ်ပိုင်း ဗိတာန်မျက်နှာကြက်မှာ ပြာသာဒ်ဘုံဆင့်တွေနှင့် အနားသတ်ထားသည့် အရောင်တောက်တောက် လိပ်ခုံးသဏ္ဌာန်ဖြစ်သည်။ ရွှေရောင်တရုတ် စာလုံးတွေနှင့် ရွှေရောင်အနားသတ်ထားသည့် စောင်တွေကို စည်းနှောင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာသားတွေရဲ့ မျက်လုံးတွေက ကားရှေ့ လေကာမှန်အပေါ်မှာ တပ်ဆင်ထားသည့် အပြုအမူပုံစံကွန်ပြူတာ ကားဆီ အလှည့်အပြန် ရွေ့လျားသွားကြသည်။

အသုဘယာဉ်တန်းရှေ့မှ လိုက်ပါလာသည့် လေမှုတ်ကြေးတရိယာနှင့် ဘင်ခရာတီးဝိုင်းအဖွဲ့တွေ၊ အသုဘလိုက်ပါပို့ဆောင်သူတွေ လျှောခါနီးသည့် စောင်တွေ၊ လွမ်းသူပန်းခွေတွေ၊ ကွယ်လွန်သူ၏ ဆွေမျိုးသားချင်းတွေနှင့် သူတို့အဝတ်အစားတွေ၊ ဆွေမျိုးနီးစပ်တွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေ။

ကြည့်ရှုနေသူတွေက တစ်ခဏလုံး ဤအရာတွေကို စိတ်ထဲမှာ မှတ်သားနေကြဆဲ။ ဤအရာတွေက နောက်ပိုင်းမှာ မြောက်စရာ၊ ဝေမန်စရာ အကြောင်းအရာတွေ ဖြစ်လာဦးမည်ပင်။

နီဗွာန်ယာဉ်က တရွေ့ရွေ့ သွားနေရာမှ ဗောင်ပိုင်း ဘူတိုနာပစ္စတာလမ်းဆင်းအတိုင်း ဆင်းလာသည်။ ထိုအခါ နေရောင်နှင့် ကြည့်ရှုသူတို့ကို ကာထားသည့် လိုက်ကာကြားမှ ခေါင်းတလားကို ရှတ်တရက် မြင်လိုက်ရသည်။ ဤခေါင်းတလားကို မြင်တွေ့ရဖို့ လူတွေ အကြာကြီးစောင့်ခဲ့ရသည်ပင်။

ဓလေးတွေ အသုဘ ယာဉ်တန်း ကြည့်တာကို ဘာသာနေလေ့ထုံးစံအရ တားသဖြင့် ကျွန်မတို့တွေက အိမ်ထဲမှာသာ ပုန်းနေရပြီး နံရံပျဉ်ထောင်ကွဲကြောင်းတွေမှ ချောင်းကြည့်ခဲ့ရသည်။ အသုဘ ပို့သူတွေထဲက ခေါင်းငဲ့ပြီး ငိုရှိုက်သွားသူတွေ ဖြတ်ကျော်သွားသည့်အခါ လူကြီးတွေက တစ်ဦးနှင့်တစ်ဦး တီးတိုးပြောနေကြသည်။

"ဟိုအပျိုသမီးငိုနေပုံ ကြည့်စမ်း စိုင်း"

ယာဉ်တန်းတွေကုန်မှသာ အမေက ကျွန်မကို လေ့ကျားဖြင့် ဆင်နှဲစေပြီး ဆင်းပေါ်ဆွဲခေါ်သွားသည်။ အသုဘ အခမ်းအနားတွေမှာ အမြဲသိဆိုနေကျ ဖြစ်သည့် "ဒီနေ့တော့ အိမ်မပြန်နိုင်တော့ဘူးကွယ်" တေးသီချင်း တီးမှုတ်သံကို ခပ်ဝေးဝေးဆီမှ လွှင့်ပျံ့လာနေဆဲပင်။

"ပြန်ပြန်လုပ်၊ ဆိုင်ကို အတောင်းဆုံးပဲ"

ကျွန်မကို အတင်းဆွဲခေါ်ပြီး သူမ ဘာသာလည်း ရေရွတ်နေသည်။

"သန့်သန့်ရှင်းရှင်း လတ်လတ်ဆတ်ဆတ်မှ ဖြစ်မယ်"

အသုဘမှ စွန့်ကြဲသည့်ပို့ဆောင်တွေက လမ်းပေါ်မှာ ပြတ်ပုတ်လွှဲပေါ်မှာ၊ ရေမြောင်းပေါ်မှာ တစ်လတ်မ အပြင့်လောက်ခင်းထားသည့် လမ်းဘေး စားသောက်ဆိုင်တွေရဲ့ စားပွဲခုံတွေပေါ်မှာ ပြန့်ကျဲနေသည်။

အမွှေးတိုင်တွေ၊ တစ်ဝက်တစ်ပျက်သုံးပြီး ဖယောင်းတိုင်တွေ၊ မြေပြင်မှာကပ်နေသည့် အရည်ပျော်နေသော ဖယောင်းတွေ ဟိုမှာဒီမှာ ပြန့်ကျဲနေသည်။ ဒါပေမဲ့ အချို့အရာတွေကတော့ လူတွေ ခြေဖြင့်တက်နင်းထား၍ ညစ်ပေနေသည်။ ဤပစ္စည်းအကြွင်းအကျန်တွေကို ကြည့်ခြင်းအားဖြင့် ကွယ်လွန်သူသည် သာမန်မိသားစုမှ မဟုတ်တာတော့ သေချာသည်။

အမေက မသေချာ မရေရာသည့်ပုံဖြင့် နှုတ်ခမ်းထောင့်လေးတွန့်ရုံ ပြုံးလျက် ကျွန်မရှေ့က သွားနေသည်။ ဧင်းဒါးလမ်းမကြီး၏ လူသူရှင်းသည့် နေရာအရောက်မှာ အမေက အောက်သို့ငုံ့လိုက်သည်။ လမ်းဘေးမှ လေပြည်နှင့်အတူ လွှင့်တက်လာသည့် စွန့်ကြဲပို့ဆောင်မှုတွင်က သူမအာရုံကို ဖမ်းစားသွားသည်။

အဝေက ငွေစက္ကူနှစ်ရွက်ကို ကောက်ယူပြီး ကျွန်မ ခြေထောက်နှစ်ဖက်ကို တို့စက္ကူဖြင့် တဖျပ်ဖျပ်ရိုက်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်။ ကျွန်မ ဘာမှ ပြန်လည်မတွန့်ပြန်မိမှာပင် အမေက ငွေစက္ကူနှစ်ရွက်ကို ကျွန်မ နောက်ဘက်သို့ လွှင့်ပစ်လိုက်သည်။

ကျွန်မခန္ဓာကိုယ်တစ်ခုလုံး ပြန်လှည့်ပြီး လေထဲမှာ လွှင့်မျောနေသည့် ဤရွာရွာပါးပါး ငွေစက္ကူနှစ်ရွက်ကို ကြည့်ခဲ့ပြီးနောက်၊ ဤပေမဲ့ အမေက ကျွန်မကို ပြန်ခေါ်ပြီး အတွားအိမ်ဘက်သို့ ဦးတည်သွားနေတော့သည်။

ဝိုက်ဆံတွေ ခဲ့သည့် နေရာက ကျွန်မစိတ်ကို ဇိမ်ပိုးနေတော့သည်။ ဤဝိုတ်ဆံကို တွေ့ချိရလျှင် မမျှော်လင့်ဘဲ ဤငွေစက္ကူတွေ မှတ်လှည့်ပြသလို ဇာတ်ခုံ ပျောက်သွားဟုလား၊ တစ်ဦးတစ်ယောက် လောင်ကျွမ်းပျက်စီးသွားဟုလား၊ တို့ကြောင့် အခြံအနှည်းလေး ကြွေပြီနောက် အသွားအိမ်မှ အပြန်မှာ ရှင်ပြုပေါ် လိုက်ရာကြည့်သေးသည်။ ငွေစက္ကူတွေအားလုံး တယောရာတည်း တူညီနေတာ တွေ့ရသည်။

ရက်များစွာ ကြာပြီးနောက် ကျွန်မအရေးပေါ်တာ ရောဂါလက္ခဏာတွေ ရှိသေးလားဟု ကျွန်မဘာသာ စစ်ဆေးကြည့်သောအခါ လုံးဝပျောက်ကင်းသွားသည်ကို တွေ့ရသည်။

ဒေါက်တာရမ်းကုအမေ ကျွန်မကို ဆေးကုသဖို့ နောက်ထပ် အထင်အကျော် မမြောရတော့သဖြင့် အမေကို ကျေးဇူးတင်မိသည်။

(စင်္ကာပူစာရေးဆရာမ LAY-LENG ANG ၏ FOLK REMEDIES ကို ပြန်ဆိုပါသည်)

သစ်ဦးငင်

www.burmeseclassic.com

www.burmeseclassic.com

အဘနည်းပေး
ကြက်ဆီခရင်ကျူးဆေးနည်း

တစ်နေ့ ပျင်းပျင်းရိရိလှဘာနဲ့ အဘ ဦးသာရင်အိမ်ဘက် ထွက်လာမိတော့ ဒယ်အိုးကင်းတစ်ခုနဲ့ အလုပ်ရှုပ်နေတဲ့ အဘကို တွေ့လိုက်ရတယ်။

"ဘာတွေများ လုပ်နေတာတုံး အဘရဲ့"

ဟု နှုတ်ဆက်စကားပြောရင်း ကျွန်တော်ကမေးလိုက်တော့ အဘက ကျွန်တော့်ကို တစ်ချက်ကြည့်ရင်း သူလုပ်နေသမျှကို ကျွန်တော့်အား ပြန်ရှင်းပြလိုက်တယ်။

"ကြက်ဆီချက်နေတာလေ၊ ဒါနဲ့ မင်းကဘယ်ကနေ ဘယ်လို သဝေချာထိုးပြီး ရောက်လာရတာတုံး"

ဟု ဖြေလည်းဖြေ၊ မေးလည်းမေးရင်း ကျွန်တော်ထိုင်ဖို့နေရာကို လက်ညှိုးထိုးပြလိုက်ပါတယ်။

"ထိုင်"

"ဟုတ်ကဲ့ အဘ၊ ဒါနဲ့ ကြက်ဆီက ဘာလုပ်ဖို့လဲ၊ ကြက်ကြော်စားမလို့လား"

"ဘယ်ကလာ ကြက်ကြော်စားရမှာတုန်း အကောင်ရဲ့၊ ရင်လူးဆေးဖော်မလို့၊ ရင်လူးဆေးဖော်မလို့"

ဟုပြောရင်း ဖိုပေါ်မှ ကြက်ဆီအိုးကို ဆက်ပြီး မီးထိုးလို့နေပါတယ်။

"ဟင် အဘ၊ ကြက်ဆီနဲ့ ရင်လူးဆေးဖော်တယ်"

"အေးလေ၊ ဘာဖြစ်လို့တုံး"

"ဟို-ဘာမှတော့ မဖြစ်ပါဘူး အဘ၊ ကျွန်တော်က မကြားဖူးတော့ အံ့သြသွားပြီး မေးမိတာပါ"

ထပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

ဆိုတဲ့ ကျွန်တော့်စကားကြောင့် အဘက ကျွန်တော့်အား တစ်ချက်ပြုံးကြည့်ရင်း -

"အင်း-မင်းက စပ်စုချင်တယ်ဆိုပါတော့"

"ဟိုလေ-အဘရဲ့၊ စပ်စုတာတော့ မဟုတ်ပါဘူး၊ အဟဲ-ဘယ်လိုပြောရမလဲ၊ အဲ-သိချင်တယ်ဆိုပါတော့ အဘရယ်"

"အလို - မင်းက ငါဆီက နည်းသိတော့၊ ဘာလဲ ဆေးများတုတော့မလို့လား၊ အေးလေ မင်းက မေးသာမေးရတာပါ၊ **မင်းဆေးတုဖို့ ဝါသနာမပါဘူးဆိုတာ ငါသိပါတယ်၊ မင်း စပ်စုတာက စာနေဖို့ပဲ မဟုတ်လား**"

"ဟုတ် အဘ"

"**အေးအေး၊ ဆေးပဲတုတု စာပဲနေနေ၊ တောင်းသူရှိတော့လည်း ဝဠာကို သေရွာမယူချင်တဲ့ ငါ့ဝသီအတိုင်း ပေးရသေးသပေါ့**"

"ဟုတ်၊ တော်ရုံပါ အဘ"

"ဒီလိုကွ၊ အခု ငါထုတ်နေတယ်ဆိုတဲ့အဆီက ကြက်တစ်ကောင်စီကရတဲ့ အဆီကို ငါထုတ်ယူနေတာပဲ၊ အခုလို ထုတ်ယူလို့ရလာတဲ့ ကြက်ဆီဟာ တကယ့်ကို အသုံးဝင်တဲ့ ဆေးတစ်လက်ပဲကွ၊ ဒါကလည်း နားလည်တတ်ကျွမ်းသူ အတွက်ပေါ့နော်၊ နားမလည်သူအတွက်ကတော့ မင်းပြောသလို ကြက်ဆီထုတ် ကြက်ကြော်လုပ်ပြီး၊ ထမင်းနဲ့ထုပ်ဖို့ပဲ အသုံးဝင်မှာပေါ့ကွာ၊ တို့အတွက်ကတော့ ဒါဟာဆေးတစ်လက်ပဲမောင်ရေ"

"ဒါဆို ကြက်သားအဆီကရတာ ဆေးတစ်လက်ဆိုရင် အဘရယ်၊ ကြက်သားကရော"

"ကြက်သားကလား"

"ဟုတ်"

"အင်း၊ ကြက်သားက ချက်စားပေါ့မောင်ရယ် ဟား ဟား ဟား"

"ဟာ. . . အဘကလည်း၊ ကျွန်တော်က အဟုတ်မှတ်လို့ နားထောင်နေတာ"

"အေးလေ၊ ဟုတ်တယ်လေကွာ၊ ငါပြောနေတာလည်း အမှန်တွေပဲ ပြောနေတဲ့ဥစ္စာ၊ ကြက်သားကတော့ ချက်စားဖို့ပဲ အသုံးဝင်တယ်လေ၊ ငါက ကြက်အသားကိုသုံးတာမှ မဟုတ်တာ၊ ငါသုံးတာက ကြက်ရဲ့ဝမ်းတွင်းအဆီကို သုံးတာ၊

www.burmeseclassic.com

www.burmeseclassic.com

ကြက်ဝမ်းတွင်းဆီဆိုတာက ကြက်ဝမ်းထဲမှာရှိတဲ့ အဖြစ်တွေ၊ အသည်းတွေ အနားမှာကပ်နေတဲ့ အဆီ၊ အဲဒီအဆီပြင်ကို ချက်တာလေ"

"ဩော်. . . ဟုတ်ကဲ့အဘ၊ ဒါနဲ့ချက်ပုံလေးက"

"ချက်ပုံကတော့ အဲဒီအဆီပြင်တွေကို သံဒယ်အိုးအသစ်သော်လည်းကောင်း၊ ဒန်အိုးအသစ်သော်လည်းကောင်း၊ ရရာတစ်ခုခုနဲ့ အဖန်ဖန်အထပ်ထပ် အဆီရတဲ့အထိ ချက်ရမယ်၊ အကယ်လို့ ဒန်အိုး၊ ဒယ်အိုးအသစ် မရနိုင်ဘူးဆိုရင်တော့ နို့ဆီဘူးအသစ်နဲ့လည်း ချက်လို့ရတယ်၊ အဲဒီလို အထပ်ထပ် ချက်လိုက်တဲ့အဆီဟာ ကြက်တစ်ကောင်လုံးမှ အများဆုံးရရင် လစ်ပိုပုလင်း တစ်လုံးစာလောက်ပဲရတယ်"

"ဟင်. . . နည်းနဲ့နည်းလေး"

"အေး. . . ဟုတ်တယ်၊ အဲဒီလို နည်းနည်းလေးပဲ ရသလို၊ သုံးရာမှာလည်း သူက နည်းနည်းလေးပဲ သုံးရတယ်"

"ဟုတ်ကဲ့ အဘ၊ ဒါနဲ့ အသုံးပြုပုံနဲ့ အသုံးဝင်ပုံလေးလည်း"

"ပြောမယ်လေ၊ အသုံးပြုပုံကတော့ ရလာတဲ့ကြက်ရဲ့ အဆီတစ်စက်နဲ့ ပရုတ်ဆီ မန်ကျည်းစေ့ခန့်ကို ရောမွှေပြီး၊ ရင်လူးဆေးအဖြစ် သုံးရတာပဲဖြစ်တယ်၊ ဒီနေရာမှာ ပရုတ်ဆီအပျော့စားကိုပဲ ရွေးသုံးသင့်တယ်၊ ဘာလို့လဲဆိုတော့ အပြင်းစားက ကလေးတွေအတွက် ပူလွန်းအားကြီးတော့ သိပ်မဟန်ဘူး၊ ဒါကြောင့် အပျော့စားကိုပဲ သုံးသင့်တယ်"

"ဩော်. . . ဟုတ်ကဲ့အဘ၊ ဒါနဲ့ ဘယ်လိုရောဂါမျိုးတွေ သုံးရမှာလဲ အဘ"

"သုံးရမယ့်ရောဂါတွေကတော့ ကလေးတွေအတွက် ရင်ပြည့်ရင်ကယ်ဖြစ်တဲ့အခါတွေ၊ ရေချိုးမှားလို့ ဖျားတဲ့အခါတွေ၊ အစားမှား အသောက်မှား ခံစားရတဲ့ အခါမျိုးတွေမှာ ရင်လူးဆေးအဖြစ်နဲ့ သုံးနိုင်တယ်၊ ချောင်းဆိုး၊ ရင်ကျပ် ချွဲပူ သလိပ်ပူထဲတဲ့အခါတွေမှာလည်း ဒီရင်လူးဆေးကို သုံးနိုင်တယ်"

"ဟုတ်"

"အေး. . . အဲဒီဇတ္တ အခု ဒီဆေးဟာ တို့တိုင်းရင်းသမားတော်တွေအတွက် လက်ကိုင်ဆေးတစ်လက်မို့ ကလေးအတွက် ဆေးမခက်ဖို့၊ မင်းရဲ့ စာရေးခြင်းအတတ်ပညာနဲ့ ကုသိုလ်ယူလိုက်ပါဦးကွယ်"

ဆိုတဲ့ အဘစကားကို ပြန်လည်ခေါင်းညိတ်ဖြေကြားရင်း တတ်အားသမျှ ပြန်လည်ရေးပြဖို့ ကျွန်တော့်မှာ တွေးဆစဉ်းစားရပါတော့တယ်။

မြင့်မြတ်သိန်း

❑

ဆရာဦးစိုးထွန်း D.B.B.W - C.T (Med)

ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်းခွဲဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကိုတ်၊ မိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂိန်နာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➤ နေ့စဉ် နံနက် (၇)နာရီမှ ည (၇)နာရီအထိ

လိပ်စာ ➤ အမှတ် (၆၇၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➤ ၀၉-၇၃၁၃၆၄၁၅၊ ၀၉-၇၉၉၆၉၁၃၉၉၇၊ ၀၉-၂၅၄၉၃၃ ၂၆၉၉

လမ်းညွှန် ➤ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၇၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီးခ်၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

လူသားနှင့် စိတ်ဖိစီးမှုဝေဒနာ

အောင်ဘုန်းမြင့် (ကချင်မြို့)

စိတ်ဖိစီးမှု လက္ခဏာများ

စိတ်ကို ဒဏ်ဖြစ်စေနိုင်သော ရောဂါများထဲတွင် စိတ်ဖိစီးမှုသည် အများဆုံးဆိုပါ ဖြစ်လေ၏။ စိတ်ဖိစီးမှု စိတ်ဝေဒနာကို လူတိုင်း အကြိမ်ကြိမ် ခံစားဖူးကြရ၏။

စိတ်ဖိစီးမှုဒဏ်ကြောင့် မထင်မှတ်ရသော ရုပ်ပိုင်းဆိုင်ရာ ဝေဒနာမျိုး ခံစားရတတ်ပါသည်။ စိတ်ဖိစီးမှုဒဏ်သည် ကြာရှည်လာလျှင် စိတ်ရောဂါ ဖြစ်သွားနိုင်ပါသည်။

စိတ်ဖိစီးမှုဒဏ်၏ လက္ခဏာများမှာ -

(၁) ကြွက်သားများကို အလိုလို နာကျင်တောင့်တင်းစေခြင်း
(၂) ခါတိုင်းထက် သတိမေ့လွယ်ခြင်း
(၃) စိတ်လှုပ်ရှား ရှုပ်ထွေးမှု လွန်ကဲတတ်ခြင်း
(၄) အကြောင်းမဲ့ လက်သည်းကိုက်ခြင်း
(၅) သွားကိုက်ခြင်း
(၆) မျက်ခမ်းလှုပ်ခြင်း
(၇) ကိုယ်ခန္ဓာ အရေပြားပေါ်တွင် အကွက်အပြောက်များ ထွက်ခြင်း
(၈) မကြာခဏ သတိလစ် အိပ်ငိုက်တတ်ခြင်း
(၉) ကြောက်စိတ်ဝင်စားတတ်ခြင်း
(၁၀) အော်ဂလီဆန် ပျို့အန်တတ်ခြင်း



လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



(၁၁) အာရုံမစိုက်နိုင်ခြင်း

အဆက်အစပ်မရှိတဲ့ အထက်ပါ လက္ခဏာများဖြစ်နေလျှင် စိတ်ဖိစီးမှု ဝေဒနာ ဖြစ်နိုင်ပါသည်။

ကြွက်သား နှာကျင်တောင့်တင်းခြင်း

လည်ပင်းကြွက်သားများ အချိန်ကြာကြာ နာကျင်တောင့်တင်းနေပါက စိတ်ဖိစီးမှုလက္ခဏာဖြစ်နိုင်သည်။ စိတ်ဖိစီးမှုသည် ခန္ဓာကိုယ်ကြွက်သားများကို တောင့်တင်းလာစေပြီး နာကျင်မှုကို ဖြစ်စေတတ်မါသည်။

ကုစားနိုင်သော နည်းလမ်းများမှာ

(၁) အသက်ကို ဝမ်းဗိုက်ပြည့် ရင်ခေါင်းရောက်သည်ထိ ရှူသွင်းပြီး ဖြည်းဖြည်းချင်း ရှူထုတ်သော လေ့ကျင့်ခန်းကို နေ့စဉ် ၁၅ မိနစ်ခန့် ပြုလုပ်ပေးခြင်းဖြင့် ဝေဒနာ လျော့ပါးစေနိုင်သည်။

(၂) မလွန်ကဲသော နှိပ်နယ်မှုကို ခံယူပြီး အအိပ်အစားမှန်လျှင် စိတ်ဖိစီးမှုကို သက်သာရာ ရစေနိုင်သည်။

(၃) နေ့ပူစာလှဲပြီး ပေါ့ပါးသော လေ့ကျင့်ခန်း လုပ်ပေးခြင်းဖြင့် စိတ်တင်း၊ စိတ်ရှုပ်ခြင်းနှင့် ကိုယ်ခန္ဓာ နာကျင် တောင့်တင်းခြင်းကို ပျောက်စေနိုင်သည်။ နေရောင်ခြည်အောင် ပါဝင်သော စွမ်းအားဓာတ်များသည် စိတ်ဓာတ်နှင့် ရုပ်ဓာတ်ကို မြှင့်တင်ပေးနိုင်ပါသည်။

(၄) သမထ၊ ကမ္မဋ္ဌာန်း၊ အာနာပါန ကျင့်ကြံ အားထုတ်ခြင်းသည်လည်း စိတ်ဖိစီးစေမှု ဟော်မုန်းဓာတ်များကို လျော့ချပေးနိုင်သောကြောင့် စိတ်ဖိစီးမှုကို ချမ်းသာရာရစေနိုင်ပါသည်။

သတိမေ့လွယ်ခြင်း

အကြောင်းအမျိုးမျိုးကြောင့် မေ့လျော့တတ်ခြင်းမျိုး ရှိနိုင်သည်။

ဂရုမစိုက်မှု၊ ပေါ့လျော့မှုများကြောင့် ချိန်းထားသည့်ကိစ္စ မသွားဖြစ်ခြင်း၊ သွားရင်းလာရင်း လက်ထဲက ပစ္စည်း မေ့ကျန်ခဲ့တတ်ခြင်း၊ နေ့စဉ်သုံး အသုံးအဆောင်ပစ္စည်း ဘယ်မှာထားမိမှန်းမသိ ဖြစ်နေတတ်ခြင်း၊ ရင်းနှီးသော မိတ်ဆွေ၏ နာမည်မေ့နေခြင်း အစရှိသော အလေးအနှုပ်မေ့တတ်ခြင်းသည် အကြောင်းမဟုတ်သော်လည်း အရေးတွက် စိပ်လာလျှင် ဖြစ်တတ်သည့် အကြိမ်များလာလျှင် စိတ်ဖိစီးမှု ဖြစ်နိုင်သည်။ စိတ်သောက ဝန်ပိလာသောကြောင့် အချက်ပြခြင်းဖြစ်ပါသည်။

စိတ်သောကတွေ ထွက်ပေါက်မရှိဘဲလဲ အဆီအငေါ်မတည့် ဖြစ်လာလျှင် စိတ်ဖိစီးမှုဝင်လာတတ်ပြီး စိတ်ဖိစီးမှုသည် ကြာရှည်လာလျှင် [illegible] သည်။ မှတ်ဉာဏ်ကို [illegible] သည့်အပိုင်း အားနည်းလာပြီး [illegible] ယွင်းလာတတ်သည်။

မှတ်ဉာဏ်အား နည်းလာလျှင် အိပ်ရေးဝအိပ်စက်ခြင်း၊ လမ်းလျှောက်သွက် လျှောက်ပေခြင်း၊ လေ့ကျင့်ခန်း နှစ်သက်ရာတစ်မျိုးမျိုး ပြုလုပ်ပေခြင်း မြူးကြွသည့် သီချင်းအလိုက်နှင့် တခုန်ပေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် သက်သာကောင်းမွန်လာစေနိုင်သည်။ စိတ်ဖိစီးမှုဝေဒနာအတွက် အကောင်းမြင်စိတ်နှင့် စိတ်ချမ်းသာမှုသည် လွန်စွာ အရေးကြီးလှပါသည်။

စိတ်ရှုပ်ထွေးနေတတ်ခြင်း

အသေးအဖွဲကိစ္စမှအစ အလုပ်အကိုင်တိုင်းဌ စိတ်ဆုံးဖြတ်ချက် မချနိုင်ဖြစ်နေတတ်ခြင်း၊ အရေးမကြီးသည့်ကိစ္စများတွင် ဆုံးဖြတ်ချက် မပြတ်သားခြင်း၊ စိတ်ဒွိဟနှစ်ခွ ဖြစ်နေတတ်ခြင်း၊ စိတ်ရှုပ်ထွေးနေပြီး ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးဖြစ်ခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အလုပ်ဆဲ စိတ်မဝင်စား ဖြစ်လာခြင်းမျိုး မကြာခဏ အဖြစ်များပါက စိတ်သောက အခြေခံသော စိတ်ဖိစီးမှုဝေဒနာဖြစ်နိုင်သည်။

စိတ်ရှုပ်ထွေး ငြီးငွေ့နေခြင်းသည် စိတ်ဖိစီးမှု၏ လက္ခဏာတစ်ခုဖြစ်သည်ဟု ကျွမ်းကျင်သော သမားတော်ကြီးများက ဆိုသည်။

စိတ်ရှုပ်ထွေးဖိစီးမှု ရှက်ရွှံ့ဖြစ်လာလျှင် နေ့စဉ် နံနက်ခင်းတိုင်း နေရောင်ခြည် အလင်းအောက်တွင် လမ်းလျှောက်ပေးခြင်းဖြင့် ကုစားပေးနိုင်သည်။

နေရောင်အလင်းအောက်တွင် လမ်းလျှောက်ပေးခြင်းဖြင့် စိတ်တရောဂါကို ကာကွယ်ပေးနိုင်သော သဘာဝဟော်မုန်းဓာတ် ထွက်စေနိုင်သောကြောင့် စိတ်ဖိစီးမှု သက်သာရာရစေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမဲ့ လက်သည်းကိုက်ခြင်း

စိတ်ဖိစီးမှုဝေဒနာ ဝင်လာလျှင် ဂနာမငြိမ်သော အပြုအမူတစ်ခုခု လုပ်နေတတ်သည်။

သတိမမြဲမိဘဲ သူ့အလိုလို လက်သည်းကိုက်နေတတ်သည်။ အချို့က လက်သည်းမဟုတ်ဘဲ လက်သည်းဘေးသားကို ကိုက်နေလိမ့်မည်။ ဤသို့ဖြစ်ခြင်းသည် စိတ်ဖိစီးမှု ထွက်ပေါက်ယူနေခြင်း ဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။

အထူးသဖြင့် စိတ်ဖိစီးမှုသောကရှိသော အမျိုးသမီးထုံ၌ ပို၍တွေ့ရှိရတတ်ပါသည်။

လက်တစ်ဝါးစာ ဖျစ်ညှစ်ဆုပ်ကိုင်နိုင်သော ရော်ဘာဘောလုံး (သို့) ဝတ္ထုပစ္စည်းတစ်ခုခုကို ကိုင်ထား၍ ညှစ်ကစားနေခြင်းဖြင့် စိတ်ဖိစီးမှုကို လမ်းကြောင်းလွှဲပေးနိုင်သည်။

လူကြားသူကြားထဲ ကလေးတစ်ယောက်ပမာ လက်သည်းကိုက်နေသော အမူအကျင့်သည် လူမှုဆက်ဆံရေးကို တစ်မျိုးတစ်မည် ထိခိုက် သက်ရောက်စေနိုင်ပါသည်။

သွားကိုက်ခြင်း

အခြားရောဂါမရှိဘဲ စိတ်ဖိစီးမှုကြောင့် သွားကိုက် သွားကြိတ်ရောဂါဖြစ်လာနိုင်သည်။ အိပ်ပျော်နေစဉ် သွားကြိတ်နေခြင်းသည် စိတ်ဖိစီးမှုအတွက် ထွက်ပေါက်ရှာနေခြင်းဖြစ်သည်ဟု သိရသည်။ ဆရာဝန်နှင့် ကုသမှု ပြုလုပ်သင့်သည်။

ပုံမှန် သွားကြိတ်သည့်အကျင့်မရှိသူသည် အိပ်ပျော်နေစဉ် ရုတ်ဆတ် သွားကြိတ်မှုဖြစ်လာခြင်းသည် တစ်ခုခုကို အာရုံစိုက်ရလွန်းသဖြင့် ဒူးအရုံကြောများ အားနည်းလာခြင်းနှင့် စိတ်ဖိစီးမှုများလာခြင်း၏ ရောဂါလက္ခဏာဖြစ်သည်ဟု ဆိုသည်။

မျက်ခမ်းလှုပ်ခြင်း

မျက်စိဝန်းကျင် အကြောဆွဲခြင်း (သို့မဟုတ်) ကြွက်သားလှုပ်ခြင်းသည် ကောင်းသော၊ မကောင်းသော အတိတ်နိမိတ်ကြောင့် မျက်ဒုံးလှုပ်ခြင်းမဟုတ်ဘဲ စိတ်ဖိစီးမှုကို အချက်ပြနေခြင်းဖြစ်သည်။

ဆေးသုတေသီများက စိတ်ဖိစီးမှုဝင်နေလျှင် (သို့မဟုတ်) ဒီတာမင်ဘီ ကုပ်စ္စ ချို့တဲ့နေလျှင် မျက်ဒုံးလှုပ်တတ်သည်ကို လေ့လာတွေ့ရှိကြရသည်ဟု ဆိုသည်။

မျက်စိမှိတ်ထားပြီး အနားယူပေးခြင်း (သို့) လုပ်သောရှုခင်းများကို (၁၅)မိနစ်ခန့် ကြည့်ရှုပေးခြင်းဖြင့် သက်သာစေနိုင်သည်။

မျက်စိတစ်ဝိုက် ကြွက်သားများကို နှိပ်နှယ်ပေးခြင်းနှင့် မျက်စိ အနားယူပေးခြင်း ပြုလုပ်ပေးလျှင် သက်သာနိုင်ပါသည်။

ကိုယ်ခန္ဓာအရေပြားပေါ် အကွက်ထွက်ခြင်း

ဓာတ်မတည့်၍ အလာဂျစ်ဖြစ်သောကြောင့် ယားယံအကွက်အစက်ပေါ်တတ်သလို စိတ်ဖိစီးမှုကြောင့်လည်း ဖြစ်တတ်ပါသည်။

လူအရေပြားသည် အကောင်းဆုံး စိတ်ဖိစီးမှုတိုင်းတာပြသည့် ကိရိယာဖြစ်သည်ဟု ဆိုသည်။ အထူးသဖြင့် ဝမ်းဗိုက်၊ ကျောပြင်၊ လက်မောင်းနှင့် မျက်နှာတစ်ဝိုက်တွင် အချက်ပြတတ်သည်။

ဖြစ်ရသည့်အကြောင်းအရင်းကို အဖြေရှာပြီး စိတ်ဖိစီးမှုကြောင့် ဖြစ်လျှင် စိတ်ဖြေလျော့ပေးရမည်။

လွတ်လပ်ကောင်းမွန်သောနေရာ မျိုးတွင် မတ်တပ်ရပ်လျက် အသက်ကို ဝမ်းဗိုက်ပြည့်အောင် ဖြည်းဖြည်းချင်း ရှူသွင်း၍ ဖြည်းညှင်းစွာ ပြန်ရှူထုတ်သော အသက်ရှူလေ့ကျင့်ခန်းမျိုး ပြုလုပ်ပေးခြင်းဖြင့် စိတ်ဖိစီးမှုကို သက်သာစေနိုင်ပါသည်။

မကြာခဏ အိပ်ငိုက်တတ်ခြင်း

အလုပ်ကြောင့် ဗင်ပန်းနေခြင်းမျိုးမဟုတ်ဘဲ မလှုပ်ချင် မကိုင်ချင် ခြေကုန်လက်ပန်းကျပြီး မကြာခဏ အိပ်ငိုက်တတ်ပါက စိတ်ဖိစီးမှုကြောင့်ဖြစ်နိုင်သည်။

ဤသို့ဖြစ်လာပါက ညအိပ်ရေဝဝအိပ်ခြင်း၊ နံနက်ခင်း နေရောင်အောက်တွင် လမ်းလျှောက်ပေးခြင်း၊ နေ့လယ်နေခင်း၌ နာရီဝက်ခန့် အိပ်စက်အနားယူပေးခြင်းဖြင့် သက်သာမှုရစေနိုင်ပါသည်။ နေ့ဘက်တွင် တစ်ရေးအိပ်စက် အနားယူပေးလျှင် စိတ်အာရုံစိုက်မှု စွမ်းအားကို ပိုမို ထက်မြက်စေနိုင်ပါသည်။

ကြောက်စိတ်ဝင်တတ်ခြင်း

လူ တစ်ဦးတစ်ယောက်သည် စိတ်ဖိစီးမှုရောဂါဝင်လာလျှင် စိုးရိမ်စိတ်လွန်ကဲလာရာမှ သံသယ ပယုဒ်သက်စိတ်၊ ကြောက်စိတ်များ လွှမ်းမိုးလာတတ်ပါသည်။ ပိဒိကိုးယ်ဖိဗီး ပယုဒ်မကြည်ဖြစ်လာပြီး ဘဝကို အနှုံးပေးလိုစိတ် လွှမ်းမိုးလာတတ်သည်။ အများနှင့် စုပေါင်း နေထိုင်ခြင်းထက် ထီးတည်းနေလိုစိတ် ဖြစ်နေတတ်သည်။

အစားပျက် အအိပ်ပျက် ဖြစ်လာတတ်သည့်အပြင် အာရုံစိုက်မရဖြစ်နေတတ်သည်။ ရောဂါ အမှန်တကယ် မရှိဘဲ နာသလိုလို ကျင်သလိုလို ရောဂါတစ်ခုခု ခံစားနေရသလိုလို ဖြစ်ကာ ရောဂါမရှိဘဲ ဆေးမှီဝဲနေတတ်၏။ အကြောင်းမရှိဘဲ ကြောက်စိတ်ဝင်နေခြင်းသည် စိတ်ဖိစီးမှုကြောင့် ဖြစ်သော လက္ခဏာတစ်ခုဖြစ်သည်။

အထူးသဖြင့် မိမိလုပ်ကိုင်နေသော အလုပ်ခွင်ကို ကြောက်ခြင်း၊ မတ်ဝန်းကျင်ကို ကြောက်လာခြင်း၊ နေရာတကာ၌ စိုးရိမ်စိတ်ဝင်ပြီး ကြောက်စိတ် လွှမ်းမိုးခံနေခြင်းများ ဖြစ်လာပါက တတ်ကျွမ်းသော ဆရာဝန်များနှင့် ကုသခံယူသင့်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှ ခေတ္တအနား ယူပြီး အားမွေးရှု ဝါသနာပါသော အားကစား တစ်ခုခုလုပ်ပေးယှင် သက်သာရာရနိုင်သည်။ ကြောက်သင့်၍ ကြောက်ခြင်းသည်၊ အကြောင်းမဟုတ်သော်လည်း မကြောက်သင့်သော အရေးအရာများကို ကြောက်ရွံ့နေခြင်းသည် စိတ်ရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ စိတ်ဖိစီးမှုဒဏ်ကြောင့် ကြောက်စိတ် ရက်ရွှင် ဖြစ်လာလျှင် စိတ်ရောဂါဘက် ကူးသွားတတ်ပါသည်။

ပျို့အန်တတ်ခြင်း

စိတ်ပူပန်သည့်ကာလ ကြာရှည်လာလျှင် ပျို့အန်ချင်စိတ်မျိုး ခံစားရတတ်ပါသည်။

မူမမှန်သောကကြောင့် အော်ကလီဆန် ပျို့အန်ချင်စိတ် ဖြစ်လာရခြင်းသည် စိတ်ဖိစီးမှုကြောင့်လည်း ဖြစ်တတ်ပါသည်။ မနှစ်မြို့စရာ မြင်ကွင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကိုယ်ဝန်ရစ ကာလ၌လည်း ဖြစ်ပေါ်တတ်ပါသည်။

မည်သို့ဆိုစေကာမူ စိတ်ဖိစီးမှုကြောင့် ဖြစ်လာပါက တိုင်းရင်းဆေးပြီး တို့ (သို့မဟုတ်) ခေတ်မီ အနောက်တိုင်းဆေးများဖြင့် ပျောက်တင်းချမ်းသာရနိုင်သည်။ ယင်မှတ်သည့် ရောဂါလက္ခဏာတစ်ခုခု ပေါ်လာခြင်းဆည် ခန္ဓာကိုယ်က ကယ်တင်နိုင်ရန် အသိဉာဏ်ကို အရေးပေါ် အထူးအညီ တောင်းခံနေခြင်း ဖြစ်ပါသည်။

အာရုံစိုက်မရ ဖြစ်ခြင်း

စိတ်ရောဂါ၏ အထင်ရှားဆုံး လက္ခဏာ တစ်ခုမှာ အာရုံစိုက်မရ ဖြစ်တတ်ခြင်းဖြစ်သည်။ ကျောင်းသူ ကျောင်းသားများ စာကျက်မရဖြစ်တတ်သည်။ အလုပ်ခွင်ထဲက ပုဂ္ဂိုလ်များ အလုပ်ထဲ စိတ်မဝင်စားဘဲ အလုပ် ရှောင်ချင်စိတ် ဖြစ်လာတတ်သည်။ မိသားစုကို ငြီးငွေ့လာတတ်ပြီး အိမ်ရောင်ချင်စိတ်၊ ခြေဦးတည့်ရာ သွားလိုစိတ်များ ဖြစ်နေတတ်ပါသည်။ အထူးသဖြင့် စိတ်ဖိစီးမှု ခွဲကျွမ်းခံစားရသည့် အခါမျိုးဌ ဆိုသိသာသာ ဖြစ်တတ်သည်။

ထိုသို့ အာရုံစိုက်မရဖြစ်လာလျှင် ပေါ့ပေါ့တန်တန် မနေဘဲ တတ်ကျွမ်းသော သမားတော်၊ ဆရာဝန်ကြီးများနှင့် တိုင်ပင်ကုသမှု ခံယူသင့်ပါသည်။

မည်သည့် ရောဂါဆန်းမျိုးကို ဖြစ်စေ၊ မဖြစ်အောင် နေထိုင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်လာလျှင် ရောဂါမရင့်မီ အချိန်မီ ကုသခြင်းသည် သာလျှင် အကောင်းဆုံးဖြစ်သည်။

လူတိုင်း စိတ်ရောဂါနှင့် စိတ်ဖိစီးမှုဝေဒနာ အပေါင်းမှ ကင်းဝေးကြပါစေဟူသော မေတ္တာစိတ်ဖြင့် . . .

အောင်ဘုန်းမြင့် (ကချင်မြေ)

ဆုတောင်းပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တပေဒ ဗလီတပညာရှင် - မဟာဂန္ဓိပေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - ဒေါက်တာအောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာဒသိခ္ခိ. (မြန်မာပြည်)

- ယစ္ဆာဝါဟ်ရိုက်ဝါဟ်ဆင် အထူးသောင်ရွက်ပေးသည်။
- ဘဝလူနေရေးလမ်းညွှန်အဲကိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အာမဲ့ ဟုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဖုန်း ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မြင့်ကြီးကြိန်းရိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြုံးရယ်ရယ်ဟာသများ

ရှာမှရှားတဲ့ ဒေါ်ဖွား

အလွန် အလွန် ရိုးအသော မုဆိုးမကြီးဒေါ်ဖွားသည် အိမ်တွင် သမီး မရှိခိုက် အပေါ်ထပ်မှ အောက်ထပ်သို့ လှေကားတစ်ထစ်ချင်း ဆင်းလာစဉ် ခြေချော်ကျ၍ လှေကားရင်းတွင် မထနိုင်ဘဲ ညည်းတွားနေသည်။ မိနစ်ပိုင်း အတွင်း သမီး ပြန်ရောက်လာကာ ကားဖြင့် ဆေးခန်းသို့ မောင်းပို့ခဲ့သည်။ ဆရာဝန်က ကုသပြီးနောက် ပတ်စီးစည်းပေးသည်။

"အဒေါ်ကြီးရဲ့ ခြေထောက်ကို တစ်လလောက် ဆေးမှန်မှန်လိမ်းပြီး နေ့စဉ် ပတ်တီးစည်းပေးထားမယ်၊ တစ်လအတွင်း လှေကားက လုံးဝ အတက် အဆင်း မလုပ်ပါနဲ့"

တစ်လမျှ ကြာသောအခါ ဆရာဝန်က ပတ်တီးဖြေပေးလိုက်သည်။

"ကဲ- အခု အဒေါ်ကြီးခြေထောက်ဟာ နဂိုမူလအတိုင်း ပြန်ကောင်း သွားပြီ၊ လှေကားကိုလည်း တက်နိုင် ဆင်းနိုင်ပြီ"

ဟု ဆရာဝန်က ပြောရာ ဒေါ်ဖွားက -

"အင်း- အဲဒီလိုမှပဲ အဆင်ပြေတော့မယ်၊ ဆရာဝန်ကြီးက လှေကား ကို လုံးဝမဆင်းရ မတက်ရဘူးလို့ သတိပေးလိုက်တဲ့နေ့ကစပြီး ကျုပ် ပြတင်း ပေါက်ကနေ ကြိုးတန်းလန်းချထားပြီး အတက် အဆင်း လုပ်ရတာ ခုနစ်ဉ်နဲ့ အမျှဆိုတော့ ပင်ပန်းလှပါပြီတော်" ဟူ၍ ပြောလိုက်လေသတတ်။

ဒီလို့ဆို လွဲနဲ့တာပေါ့

အလုပ်ရုံစည်းဝန်းမှ အလွန်တရာ တင်းကျပ်သော အလုပ်ရှင် ဦးတိကျ သည် သူ၏အလုပ်သမား စံမောင် တစ်နာရီတိတိ အလုပ်နောက်ကျနေကြောင်း သိရသဖြင့် သူ၏ရုံးခန်းထဲသို့ ခေါ်တွေ့သည်။ စံမောင်၏ ခြေထောက်တစ်ဖက် မှာ ပတ်တီးစည်းထားသဖြင့် တုတ်ကောက်နှင့် လမ်းလျှောက်ခဲ့သည်။

"ကဲ- ဒီနေ့ တစ်နာရီလုံးလုံး အလုပ်ချိန်နောက်ကျတာ ဘာများ ဆင် ခြေပေးမလဲ"

"ကျွန်တော် ရှစ်ထပ်တိုက်ရဲ့ အပေါ်ဆုံးထပ်မှာ အခန်းငှားနေတာ ဆရာကြီး သိပါတယ်နော်၊ ဒီနေ့ ကျွန်တော် ထိပ်ဆုံးလှေကားထစ်ကနေ အောက်ဆုံးလှေကားထစ်အထိ တလိမ့်ခေါက်ကွေး လိမ့်ကျခဲ့လို့ပါ ဆရာကြီး ရယ်"

"ငါ့ကို ဒီလိုမျိုး ဆင်ခြေပေးလို့ မရဘူး၊ မင်းပြောတဲ့အတိုင်းဆိုရင် ခါတိုင်း လှေကားထစ် တစ်ထစ်ချင်း ဆင်းတာထက်တောင် ပိုပြီး မြန်မြန်ဆန် ဆန် အောက်ကို ရောက်နိုင်တဲ့အတွက် ခါတိုင်းထက်စောပြီး အလုပ်ကို ရောက် လာရမှာပေါ့၊ အဲဒီတော့ ဒီနေ့ မင်းရမယ့် နေ့တွက်လုပ်အားခထဲက တစ်နာရီ စာ အချိုးကျ ဖြတ်ရမယ်"

ဆွေးမြေ့

www.burmeseclassic.com

ပြုံးရယ်ရယ်စကား အသားများ

မရှိတာထက် မသိတာစက်

တစ်ကိုယ်တော် မုတ်သုံပန်းချီပြပွဲ ကျင်းပမည့် ပန်းချီပြခန်းတွင် ပန်းချီအနုပညာရှင် မောင်မောင်မိုးမင်းက သူ၏ လတ်ဈာပြောက် ပန်းချီကား များကို စနစ်တကျ ချိတ်ဆွဲထားသည်။

ထိုပြခန်းသို့ ရောက်ရှိလာကြသော ပရိသတ်၏ သဘောထားဆန္ဒနှင့် ပတ်သက်၍ မြန်မာ့ရွှမ်းသံမှ အမျိုးသမီးတစ်ဦးက အင်တာဗျူးရန် ပရိသတ်ထဲမှ သက်ကြီးရွယ်အို အဘိုးကြီးတစ်ဦးရှေ့သို့ လျှောက်သွားခဲ့သည်။

"အဘ၊ အခုလို မိုးတွေ သဲကြီးမဲကြီး ရွာနေချိန်မှာတောင် လာရောက် အားပေးတဲ့ ရည်ရွယ်ချက်က အတော်ကို ထူးခြားလိမ့်မယ် ထင်ပါတယ်၊ ဟောဒီ ပန်းချီပြခန်းထဲမှာ ဘယ်ပန်းချီကားကို အကြိုက်ဆုံးပါလဲ၊ ဘာကြောင့် ကြိုက် နှစ်သက်ပါသလဲရှင့်"

"ကျွန်ုပ်ရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ဘယ်ပန်းချီကားကိုမှ စိတ်မဝင်စားခဲ့ဖူးဘူး"

"ဒါဖြင့် အဘ ဘာဖြစ်လို့ အခုချိန်မှာ ပန်းချီပြခန်းထဲ ရောက်နေတာ ပါလဲရှင်"

"ဒီလောက်တောင် မိုးတွေ သဲကြီးမဲကြီး ရွာချနေချိန်မှာ ထီပေါက်လာတဲ့ ကျွန်ုပ်က အပြင်ဘက်မှာ ရပ်နေရင် မိုးတွေရွှဲရွှဲနိုးပြီး အအေးမိမှာစိုးလို့ပေါ့ဟ၊ အတော် မသိသား ဆိုးရွားတဲ့ မိန်းကလေးပါလား"

ဆွေမြင့်

❐

ပင်္ကို

အိမ်ထောင်သည် သားဖြစ်သူ၏ အိမ်သို့ ရောက်လာသော ဖခင်သည် အရက်ကလေး တမြှုပ်မြှုပ် ဘာအလုပ်မှ မလုပ်ဘဲနေသော သားကိုကြည့်၍-

"ဟေ့ကောင် မင်းမရှက်ဘူးလား၊ မိန်းမကတော့ စွေးဘန်းရွတ်ပြီး အရပ်တကာလည် စွေးရောင်းရတယ်၊ မင်းကတော့ အရက်သောက်မပျက်ဘူး"

"ဒါတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး အဲဖေရာ၊ သူကမှ အရက် မသောက်တတ်တာပဲဗျာ"

❐

လေးခြောင်းချင်းတော့ တူပါတယ်

ဒေါသကြီးတတ်သော ဖခင်ကို သားဖြစ်သူက ကျောင်းမှပြန်လာပြီး နောက် မေးမြန်းနေ၏။

"ဖေကြီး ကျောင်းက သူငယ်ချင်းတွေက သားကိုပြောလိုက်တယ်၊ မင်း ကြောင်လိုလို ကျားလိုလို မလုပ်နဲ့တဲ့၊ သား ဘာလုပ်ရမလဲဟင်"

"အေး၊ ခွေးလုပ်လိုက်ပေါ့ကွာ နလပိန်းတုံးရာ"

ပီဂဝ

❐

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွား ပဏာမနှစ်

ဒေါ်ပြင့်(ငှက်များ)

ခုနှစ်ခွဲအရွယ်ရှိ
ဖလန်နှင့် ဗီတာတောရက်(စ) အပြည်ပြည်အစ်ကိုယည်
နယူးရော့ပို့အနီး ဂရင်းစစ်(ချ) ကျောက္ကာတွင်
မြက်ကွင်းနှင့်အတံကို ဖယ်ကျက်နေကြပါသည်။
သူတို့၏နေအိမ်တွင် ဘာသာစကားနှစ်မျိုး
ပြောနေသည်ကို ကြားရပါ၏။

ခရီးသွားသည် ရောဂါဘေးဆိုး
မရိကန်ပြည်ထောင်စု၏ မြို့
းး ဝါးမျိုဖျက်ဆီးနေသော
ဖီလာဒဲဗီးယားမှ မွေးကင်းစ
သည်ရွာ၊ ဟော်လမ်ဟတ်
M HURT) သည် မူးယစ်
မိခင်မှ မွေးဖွားလာသော
းအား မည်သို့ထိခိုက်စေမည်
ပန်မိပါသည်။ သူမနှင့် သူမ
က်ကိုင်ဖက်များသည် ဝင်ငွေ
ာ မိသားစုများမှ အသက်
ရွယ်ကလေးများကို မူးယစ်
သင် သက်ရောက်သူများနှင့်
ာစဝ ပြည့်လွန်နှစ်များတွင်
သနာသည် ရောဂါဘေးဆိုး
မရိကန်ပြည်ထောင်စု၏ မြို့
းး ဝါးမျိုဖျက်ဆီးနေသော
ဖီလာဒဲဗီးယားမှ မွေးကင်းစ
သည်ရွာ၊ ဟော်လမ်ဟတ်
M HURT) သည် မူးယစ်
မိခင်မှ မွေးဖွားလာသော
းအား မည်သို့ထိခိုက်စေမည်
ပန်မိပါသည်။ သူမနှင့် သူမ
က်ကိုင်ဖက်များသည် ဝင်ငွေ
ာ မိသားစုများမှ အသက်
ရွယ်ကလေးများကို မူးယစ်
သင် သက်ရောက်သူများနှင့်
မသက်ရောက်သူများ ခွဲခြားခဲ့ပါသည်။ သူတို့သည် သိသာထင်ရှား
သော ခြားနားမှုကို မတွေ့ရှိခဲ့ကြပါ။ သို့
ရာတွင် ထိုအုပ်စုနှစ်စုလုံးမှ ကလေး
များ၏ ဉာဏ်ရည်ဉာဏ်သွေး တိုင်းတာ
သည့် အိုင်ကျူ (IQ) မှာ ပျမ်းမျှစံချိန်
ထက် များစွာနိမ့်ကျနေကြောင်း တွေ့ရှိ
ကြပါသည်။

"အဲဒီကလေးတွေဟာ ထိုးထွင်း
ဉာဏ်ပိုင်းမှာ ကြယ်သီးလေးတွေလိုပဲ
သေးလှတယ်၊ သူတို့ရဲ့ 'အိုင်ကျူတွေ
ဟာ (၈၂) နဲ့ (၈၃) လောက်ပဲရှိတယ်၊
ပျမ်းမျှ အိုင်ကျူဟာ (၁၀၀) ရှိတယ်၊
အဲဒါ တုန်လှုပ်စရာကောင်းတယ်"

ဟု ဟတ်ကပြောပြပါသည်။

ထိုတွေ့ရှိချက်သည် သုတေသီ
များအား အာရုံစူးစိုက်ရာ နေရာကို
ပြောင်းလဲစေပါသည်။

အထက်ဖော်ပြပါ အုပ်စုနှစ်စု
တွင် ဆင်းရဲစွာ မွေးဖြူခဲ့ရခြင်းဟူသော
တူညီသည့်အချက်ရှိနေပါသည်။ကလေး
ငယ်များ၏ ပတ်ဝန်းကျင်ကို နားလည်
ရန် သုတေသီများက စာရင်းထောက်ခံ
ပုံစံများကိုင်ကာ ၎င်းတို့၏ အိမ်များသို့
သွားရောက်ခဲ့ပါသည်။ သူတို့က မိဘ
များအား ကလေးများအတွက် စာအုပ်
အနည်းဆုံး (၁၀)အုပ် အိမ်မှာ ရှိမှိ
သလား။ ကလေးများအတွက် သီချင်း

www.burmeseclassic.com

ဖွင့်ရန် ဓာတ်စက် (RECORD PLAYER) တစ်ခု ရှိပါသလား။ ၎င်းပြင် ကလေးများ ဂဏန်းသင်္ချာ လေ့လာရန် ကစားစရာများ ရှိပါသလားဆိုသည်တို့အား မေးမြန်းပါသည်။ သူတို့သည် မိဘများက ကလေးများအား ချစ်ခင်ယုယသော လေသံဖြင့် စကားပြောသည်၊ မပြောသည်ကိုလည်း မှတ်သားကြပါ၏။ ကလေးတို့၏ မေးခွန်းကို ဖြေကြားရန် အချိန်ပေးကြပါသလား။ ထို့ပြင် ပွေ့ဖက်ခြင်း၊ နမ်းရှုပ်ခြင်းနှင့် ခိုးမွမ်း ပြောဆိုခြင်း ပြုလုပ်ခြင်းကိုလည်း မှတ်တမ်းတင်ကြပါသည်။

ဂရုစိုက်မှုနှင့် နေအိမ်တွင် ပြုစုပျိုးထောင်မှု ပိုမိုရရှိသောကလေးသည် ပိုမိုမြင့်မားသော အိုင်ကျူရရှိရန် အလားအလာကောင်းပါသည်။ ခံစားမှုနှင့် လှုံ့ဆော်ခြင်း ပိုမိုရရှိသော ကလေးများသည် ဘာသာစကားအားထုတ်မှုတွင် ပိုမိုဆောင်ရွက်နိုင်ပြီး၊ ပို၍နွေးထွေးစွာ ပြုစုပျိုးထောင်ထားသော ကလေးသည် မှတ်ဉာဏ်အားထုတ်မှုတွင် ပိုကောင်းမွန်ကြောင်း သုတေသီများက တွေ့ရှိခဲ့ပါသည်။

နောင်နှစ်များစွာ ကြာသော အခါ ကလေးများသည် ဆယ်ကျော်သက်အရွယ် (TEENAGE) သို့ ရောက်ရှိလာသောအခါ သုတေသီများက သူတို့ဦးနှောက်၏ အမ်အာအိုင် (MRI) ပုံရိပ်များ ရိုက်ယူပါသည်။ ထို့နောက် (၄) နှစ်အရွယ်နှင့် (၈) နှစ်အရွယ်က မည်မျှနွေးထွေးစွာ ပြုစုပျိုးထောင်ခဲ့သည်ဆိုသော မှတ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်ပါသည်။ သူတို့က အသက် (၄) နှစ်တွင် ပြုစုပျိုးထောင်မှုနှင့် ဦးနှောက်၏ မှတ်ဉာဏ်နှင့် ပတ်သက်သော အစိတ်အပိုင်းဖြစ်သည့် ဟစ်ပိုကင်းပတ် (HIPPOCAMPUS) အရွယ်ပမာဏတို့ ဆက်စပ်မှုရှိကြောင်း ခိုင်မာသော အထောက်အထား တွေ့ခဲ့ပါသည်။ သို့ရာတွင် အသက် (၈) နှစ်အရွယ် ပြုစုပျိုးထောင်မှုနှင့် ဟစ်ပိုကင်းပတ်အရွယ်အစားတို့မှာ လုံးဝဆက်စပ်မှုမရှိပါ။ ထိုတွေ့ရှိချက်သည် အသက်အရွယ်ထက်မြင့်မားသော ကလေးများ ကို ရာ အထောက်အပံ့အားဖြင့် အကြီးကြောင်း ဖော်ပြနေသော ၂၀၁၀ ပြည့်နှစ်တွင် ဒေသော ဝီလာဒီယား သုတေတမ်းသည် ကလေးဘဝအတက ဦးနှောက်တည်ဆောက်မှုကြောင်း ပထမဦးဆုံး တင်ပြပေသည်။ ထိုစာတမ်းတိုင်းတွင် သုတေသနလုပ်ငန်းများက တ၏ လူမှုစီးပွားရေးအခြေအနေနှောက်ကြီးထွားမှုမှာ ဆကကြောင်း ပြသခဲ့ပါသည်။ အအား ပိတ်ဆို့သော စွမ်းအမတွေ့ကြုံမိအထိ ဦးနှောက်သဝန်းကျင်၏ ပါဝင်ကူညီမှုအအလွန်အမင်း မှီခိုနေပါသည်။ သိပ္ပံပညာရှင်များသည် သးပြုစုပျိုးထောင်မှု (NATURNURTURE) တို့ အပြန်အလှဖြင့် ထိုဖွံ့ဖြိုးမှုကို ပုံဖော်ကြောအကျ သိရှိလာကြပါသည်။

အောက်ပုံပြည်နယ် ပရက်တယ်စီးတွင် နေထိုင်သော ကျန်ပိုနီးဆည် ကိုယ်ကာယနှင့် စကားပြော ကုသမှုတက်ကြွစွာ ပွေ့ဖက်ထား ချော့ပေးနှစ်သိမ့်နေပုံသည်။ ထိုကြောက်နှစ်အရွယ် ကလေးသည် အပြုအမူနှင့် တုံ့ပြန်မှုထိုင်ရာ ချိုယွင်ချက် ရှိနေပါသည်။ ထိုသို့ယွင်ချက် ပြုပျက်ရှိနိုင်ပြီး ဒီဘဝဲ့ကာ၊ လှုံ့လှုပ်မှုမှာ တစ်ဖိတ်တစ်ပိုင်း ပါဝင်ပါသည်။ သူ့ နှစ်သိမ့်ရန် တင်ကျွမ်းစွာ ထွေပွေ့ထားရပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်များသည် ခေတ်မီပုံရိပ်ဖော်စက်များကို အသုံးပြု၍ ကလေးများ၏ ဦးနှောက်အတွင်း ဝင်ရောက်ကာ ပဟေဠိများကို အဖြေညှိကြပါသည်။ ထိုပဟေဠိများမှာ မြင်နိုင်စွမ်းရှိရုံ အခြေအနေသို့ မည်သို့ကူးပြောင်းသနည်း။ မွေးကင်းစမှ စကားပြောနိုင်သော အခြေအနေ၊ သုံးဘီးစက်ဘီးစီးနိုင်မှု၊ ပုံဆွဲခြင်းနှင့် ငါးနှစ်သား တွင် သူငယ်ချင်းတစ်ဦးကို စိတ်ကူးပုံဖော်ခြင်း တို့ဖြစ်ပါသည်။

သိပ္ပံပညာရှင်များသည် မည်သို့အား ဖြင့် ကလေးငယ်သည် ဘာသာစကားစွမ်းရည်၊ ဂဏန်းသင်္ချာ အရေအတွက်နှင့် စိတ်ခံစားမှုကို နားလည်ခြင်းတို့ကို ထိုကဲ့သဲ့အတွင်း သိရှိနိုင်မှုကို နားလည်လာလေလေ၊ ကလေး၏ ဦးနှောက်သည် အံ့သြဖွယ်သင်ကြားမှုစက်ကိရိယာတစ်ခု ဖြစ်ကြောင်း သိရှိလာလေလေဖြစ်သည်။ ၎င်းတို့၏ အနာဂတ် ကြီးမားကျယ်ပြန့်စွာ တည်ရှိမှုသည် ကျွန်ုပ်တို့လက်ထဲတွင် ရှိပါသည်။

အကယ်၍ ကလာပ်စည်း အစုအဝေးတစ်ခုမှ နို့စို့ကလေးအဖြစ် ပုံသဏ္ဌာန်ပြောင်းလဲမှုသည် ဘဝ၏ ကြီးမားသော အံ့ဖွယ်ဖြစ်လျှင် ယိမ်းယိုင်သော ကလေးငယ်မှ လမ်းလျှောက်ခြင်း၊ တောက်တောက် တောက်တောက်သွားသောအရွယ်တွင် အိပ်ရာဝင်ချိန်ကို ပြောဆိုညှိနှိုင်းခြင်းတို့မှာလည်း ထူးဆန်းအံ့ဖွယ်ဖြစ်ပေမည်။ ဤအကြောင်းအရာများကို သုတေသနပြု ပြုနေစဉ် ထူးဆန်းအံ့ဖွယ်တစ်ရပ်ကို ကျွန်မမျက်စိရှေ့တွင် မြင်လိုက်ရပါသည်။

ကျွန်မ၏သမီးသည် ဆာလောင်လျှင် ဂနာမငြိမ်စွာ စူးစူးရှရှ အော်တတ်သော ကလေးအဖြစ်မှ အပြင်ထွက်လျှင် နေကာမျက်မှန်တပ်ပေးရန် တောင်းဆိုသော (၃)နှစ်သမီး ဖြစ်လာပါသည်။ သူမ၏ စိတ်ဝိုင်းနှင့် ခံစားမှုဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးမှုက ကျွန်မ၏ အံ့သြမှုကြိုးမျှင်ကို ဆွဲလိုက်ပါသည်။ ကလေးငယ်၏ဦးနှောက် ကမ္ဘာမြေကြီးကို နားလည်ရန် မည်မျှကျစ်လျစ် သိပ်သည်းစွာ ဆောင်ရွက်သည်ကို အထူးအံ့အားသင့်မိပါသည်။

သူမ ဖြတ်သန်းခဲ့သော မိုင်တိုင်အမှတ်အသားများမှာ မိဘတိုင်း မှတ်မိနိုင်စရာဖြစ်လေသည်။ အသက် နှစ်နှစ်တွင် သူမသည် လမ်းဘေးတွင် လမ်းလျှောက်နေစဉ် ကျွန်မ၏လက်ကို ဆွဲထားရန် မလိုကြောင်း သိလာပါသည်။ လမ်းဖြတ်ကူးလျှင်တော့ ကျွန်မ၏လက်ကို လှမ်းကိုင်ပေတော့သည်။ ထိုအသက်ပိုင်းတွင်ပင် ရေခဲ့ဦးကြွေကန်၏အပေါက်ကို သူမ၏ ဖနောင့်ဖြင့်ပိတ်၍ ရေမထွက်အောင် တားဆီးတတ်ပါသည်။ ပုံမှန်ရေပန်းအပြင် ကစားစရာအသွင်ဖြစ်အောင် ပြောင်းလဲတတ်ပါသည်။ သူမသုံးနှစ်မပြည့်မီပင် စကားအပြန်အလှန်ရှည်လျားစွာ ပြောတတ်လာပြီး၊ ကာရန်နဘေများလည်း သုံးတတ်လာပါသည်။

"သံကြားလုံးတွေမချိုရင်၊ ဝီလီဝင်ကာ စိတ်ညှိညှင်"

ရာစုနှစ်များကြာအောင် ကလေးများကို လေ့လာခဲ့သော်လည်း ကလေး



နာဘာရာအယ်ဘရက်သည် လန်ကတ်စတာပြည်နယ်ရှိ ရေကူးရသော အိုင်ငယ်တွင် ကိုယ်ဟောနေပါသည်။ သူ၏ ဖျော်လင့်ချက်မှ ကိုယ်ဝန်ဆောင်ကာလတွင် စိတ်ဓာတ်ကျရှိလျှင် သားအိမ်ကွင်းနာရှိသည့် သူမကလေး ဦးနှောက်ပွဲပြုနှုန်းကို အထောက်အကူ ပြုနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

များ၏ နှံစပ်ကျွမ်းကျင်မှု၊ ဘာသာပေဒ၊ ကျိုးကြောင်း ဆင်ခြင်ခြင်းနှင့် စိမ်မှုအရည်အချင်းများရရှိရန် ကြီးမားသော ခြေလှမ်းများ အကြောင်း ကျွန်မတို့ နားလည်မှုသည် အကန့်အသတ်အတွင်း၌သာ ရှိနေသည်။ ငယ်ရွယ်စဉ်နှစ်များအတွင်း လျှပ်စီးလက်သကဲ့သို့ ဖွံ့ဖြိုးမှုများသည် နာဗ်ကြောကွန်ရက် မြောက်မြားစွာ ဖြစ်ပေါ်မှုနှင့် တိုက်ဆိုင်နေပါသည်။ မွေးခါစတွင် နျူရွန်း (NEURON) ခေါ် နာဗ်ကြောမျှင်များမှာ လူကြီးကဲ့သို့ ပင် ဘီလျံတစ်ရာခန့်ရှိပါသည်။ ကိုလေးငယ် ကြီးပြင်းလာသည်နှင့်အမျှ အာရုံကြောစနစ်သို့ ဝင်ရောက်လာသော အာရုံမျှား များပြားလာသောအခါ နျူရွန်းများသည် အခြားနျူရွန်းများနှင့် ဆက်သွယ်လိုက်မါသည်။ ထို့ကြောင့် သုံးနှစ်အရွယ်တွင် နောက်ထပ် သုံးတြိလျံ ရှိသော နာဗ်ကြောမျှင်များ ဖြစ်လာပါသည်။

သားသျှောတေး နားထောင်ခြင်း သို့မဟုတ် အရွယ်တစ်ရွယ်ကို လက်လှမ်းခြင်းစသော လှုံ့ဆော်မှုနှင့် ခတ်ခဲသော အလုပ်မျိုးစုံက နာဗ်ကြော ကွန်ရက် အမျိုးမျိုး ဖြစ်ပေါ်လာရန် အကူအညီ ပေးပါသည်။ ထပ်ပြန်တလဲလဲ လှုံ့ဆော်မှုပေးခြင်းဖြင့် အာရုံကြောကွန်ရက်များ အားကောင်းလာပါသည်။ နာဗ်ကြော မျှင်များကို ဖုံးအုပ်ထားသော မိုင်လင် (MYELIN) ခေါ် လျှပ်မကူးသည့် အလွှာသည် ထူထဲလာပြီး လျှပ်စစ်လှုံ့ဆော်မှုများကို ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်ပါသည်။ လှုပ်ရှားမှု နှေးကွေးသော ကွန်ရက်များသည် လျှော့ချမှုစနစ်အရ သေဆုံးသွားရပါသည်။ အသက်တစ်နှစ်မှ ငါးနှစ်အတွင်း တစ်ကြိမ်၊ **အရွယ်မရောက်မီကာလတွင် တစ်ကြိမ် ဦးနှောက်သည် ဖွံ့ဖြိုးမှုသဲ့သရာ လည်ရပါသည်။ ထို့ပြင် လှုည့်ပတ်စီးကြောင်းစနစ်ဖြင့် တာရှည်ခံခိုင်သော ကွန်ရက်များ ပုံဖော်ရပါသည်။**

သဘာဝနှင့် ပြုစုပျိုးထောင်မှု သည် ဦးနှောက်တို့ ပုံဖော်ပေးသည်မှာ ဘာသာစကား အရည်အသွေးတိုးတက် ဖွံ့ဖြိုးမှုကိစ္စလောက် မည်သည့်အရာတမျှ မသိသာ မထင်ရှားပါ။ ခိုင်မာသော ကွန်ရက်များ ဖြစ်ပေါ်မှုနှင့် အခြားကွန်ရက်များ ထိုကလေးငယ်က မည်သို့ရရှိခဲ့သနည်း။

ထိုမေးခွန်းကို သုတေသီတို့ မည်သို့ဖြေကြားသည်ကို သိရှိရန် ကျွန်မ ဂျူးဒစ်ဂါဘိန်း (JUDIT GERYAIN) ထံ အလည်သွားခဲ့ပါသည်။ သူသည် ပဲရစ်ဒက်စကာဘီ တက္ကသိုလ်မှာ လှုံ့ဆော်မှုဆိုင်ရာ နာဗ်ကြော သိပ္ပံပညာရှင် ဖြစ်ပြီး ရက်သားမှ နှစ်သားအထိ ကလေးများ၏ ဘာသာစဒစွမ်းရည် လေ့လာရန် စမ်းသပ်ကိရိယာများ တပ်ဆင်မှုကို လွန်ခဲ့သော ဆယ်စုနှစ်ကာလကတည်းက ဆောင်ရွက်နေသူ ဖြစ်ပါသည်။ ကျွန်မတို့သည် မွေးကင်းစကလေးများနှင့် ဂါဘိန်းသုတေသနပြုလုပ်နေသော ဝဲရစ်မြို့၌ ရောဟတ်ဒီဘရီးဆေးရုံတွင် တွေ့ဆုံခဲ့ပါသည်။

ကျွန်မသည် သားဖွားခန်းမှ ခန်းမလမ်းတစ်လျှောက် သူမနောက်သို့ လိုက်ခဲ့ပါသည်။ နံနက်ခင်းအတွက် ပထမဆုံး လေ့လာစရာမှာ လက်တွန်းလှည်းပေါ်တွင် ပန်းရောင်အစက်များပါသော မောင်ဖြင့် ထုပ်ပိုးထားပြီး အင်

ပင်ဆယ်တေနီးယားပြည်နယ်၊ ပစ်တာဗီပြို့ရှိ နေအိမ်တွင် တစ်ဝန်ထိုက်တာခန့် သူမ၏ ကြောက်လအရွယ် သားငယ် တေဗွန်နှင့် ကြင်နာယုယနေချိန်ဖြစ်ပါသည်။ ပုံယောစပါး။ ဆီးသီးနှင့် ဖျော်ရည်ပါသော နံနက်စာအပြီးတွင် တေဗွန်သည် တေးဂီတဗီဒီယိုအား ကြည့်နေစဉ် သူ၏ပါဝင်သည့် အွန်လိုင်းမှ ယဉ်ကျေးအစီအစဉ်ကို လေ့လာပညာဖြင့်ပါသည်။

www.burmeseclassic.com

က ကြိုးနှင့်ဆွဲလာသော ကလေးဖြစ်ပါသည်။ သုတေသန လက်ထောက်တစ်ယောက်သည် ကြွယ်သီးပုံအာရုံခံ ဆင်ဆာ (SENSORS) များပါသော စာရွက်ကဲ့သို့အရာကို ကလေး၏ ဦးခေါင်းပေါ် ကပ်ထားလိုက်သည်။ ရည်ရွယ်ချက်မှာ သံစဉ်အမျိုးမျိုး ထုတ်လွှင့်စဉ် ကလေး ဦးနှောက်အား ပုံရိပ်ပေါ် ရန်ဖြစ်သည်။ သံစဉ်မှာ နု-ဂျာ-ဂါ စသော အသံမတူ သံစဉ် ဖြစ်ပါသည်။ သို့ရာတွင် စောင့်ကြည့်လေ့လာမှု တစ်ခုမှ မပြုလုပ်ရသေးမီ သူလက်မခံကြောင်း သိစေလိုသော သဘောဖြင့် ကျယ်လောင်စွာ အော်လိုက်ပါသည်။ လက်ထောက်က လျင်မြန်စွာ ခေါင်းစွပ်ကို ဖယ်လိုက်ပါသည်။

သူတို့ထွက်သွားသောအခါ လွန်ခဲ့သည့် လအနည်းငယ်က မိခင်တစ်ယောက် ဖြစ်လာခဲ့သော ဂါဘိန်းက ယခုလိုအဖြစ်မျိုးမှာ ဖြစ်လေ့ဖြစ်ထရှိကြောင်း ကျွန်မအား ပြောပြပါသည်။ ယခင်ကပင် စောင့်ရှောက်လာသော နောက်ထပ်ကလေးတစ်ယောက် တွန်းထုတ်လာပါသည်။ ဂါဘိန်း၏လက်ထောက်သည် ယခင်က အစီအစဉ်၏ လက်ထောက်က ယခင် အစီအစဉ်အတိုင်း ဆောင်ရွက်ပါသည်။ ဤတစ်ကြိမ်တွင်မူ စောင့်ကြည့်လေ့လာမှုမှာ အနှောင့်အယှက်မရှိဘဲ ပြီးဆုံးသွားပါသည်။ ထို အစီအစဉ်အတွင်းမှာပင် ကလေးငယ် အိပ်ပျော်သွားပါသည်။

ဂါဘိန်းနှင့် သူမ၏ အဖွဲ့သည် မွေးကင်းစကလေးများသည် အသံစနစ်ပုံစံများကို ခွဲခြားရာတွင် မည်မျှစွမ်းနိုင်ကြကြောင်းကို အလားတူစိတ်ဝိဇ္ဇာများဖြင့် စမ်းသပ်ကြပါသည်။ ကလေးများ သံစဉ်ကို ကြားနေစဉ်တွင် အနီအောက်ရောင်ခြည် နီးပါးရှိသောရောင်စဉ်ကို သုံး၍ ဦးနှောက်၏ ပုံရိပ်ဖမ်းကြပါသည်။ အချို့စမ်းသပ်ချက်များတွင် အောဘီဘီ စနစ်ဖြင့် ထပ်ပြန်တလဲလဲ ထုတ်လွှင့်ပေးပါသည်။ ဥပမာအားဖြင့် မူ-ဘာ-ဘာ ဟူသော သံစဉ်ဖြစ်သည်။ အခြားစမ်းသပ်ချက်များတွင် မူ-ဘာ-ဂျီ စသော အဘီစီစနစ်ဖြင့် သံစဉ်ထုတ်လွှင့်ပါသည်။ ကလေးငယ်၏ ဦးနှောက်အတွင်းရှိ စကားပြောခြင်းနှင့် အသံကြားခြင်းကို တာဝန်ယူသောအပိုင်းသည် အောဘီဘီသံစဉ်ကို ပိုမိုတုံ့ပြန်တတ်ကြောင်း သုတေသီများ တွေ့ရှိခဲ့ပါသည်။ သုတေသီများက နောင်အခါတွင် ကလေးငယ်၏ ဦးနှောက်သည် အောဘီဘီ သံစဉ်နှင့် အောဘီစီ သံစဉ်များကို ခွဲခြားသိနိုင်ကြောင်း တွေ့လာရပါသည်။ ကလေးများသည် ထပ်ပြန်တလဲလဲ အသံလွှင့်သည်ကို သိရှိရုံမျှမက သံစဉ် ဘယ်ကစသည်ကိုလည်း သိရှိနိုင်ကြပါသည်။

ဂါဘိန်းသည် ထို့တွေ့ရှိချက်များကြောင့် စိတ်လှုပ်ရှားသွားပါသည်။ အဘယ်ကြောင့်ဆိုသော် အသံများ၏ အစီအစဉ်သည် စကားလုံးများ၊ သဒ္ဒါစနစ်များ၏ အခြေခံကို ယူလားသော

အာရုံကြောကွန်ရက် - ဦးနှောက်ယည် သားအိမ်အတွင်း ရှိစဉ်ကတည်းက စတင်ပြီးပြီး ဘဝတိုအဝိုင်း နှစ်အနည်းငယ် အတွင်းတွင် သိသာသော ကြီးထွားမှုအဆင့် ဇရောက်ပါသည်။ ထိုအချိန်တွင် အပြုသဘောဆောင်သည့် အတွေ့အကြုံများသည် ကောင်းမွန်သော ဦးနှောက်မုံစံ တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ပါသည်။

www.burmeseclassic.com

ကြောင့်ဖြစ်သည်။ "ဘာသာစေ့ရဲ့ သော့ချက်ဟာ နေရာအထားအသိုပါပဲ" ဟု သူမက ပြောပါသည်။

"အစမှာရှိတဲ့ စကားလုံးတွေနဲ့ အဆုံးမှာ ရှိတဲ့ စကားလုံးတွေဟာ အလွန်တရာ ခြားနားပါတယ်၊ ဂျွန်က ဝက်ဝံကို သတ်သည် ဆိုတဲ့စကားနှင့် ဝက်ဝံက ဂျွန်ကို သတ်သည်ဆိုတာ လွန်စွာခြားနားပါတယ်"

စမ်းသပ်မှု ပထမဆုံးနေ့တွင် ကလေးငယ်၏ ဦးနှောက်က စီစဉ်ထားသော သံစဉ်ကို တုံ့ပြန်မှုသည် ဘာသာစေ့ သင်ကြားမှု၏ တိုးတက်နှုန်းနှင့် မွေးရာပါအာရုံကြောနာဗ်မျှင်၏ အစိတ်အပိုင်း ဖြစ်ပေသည်။

"အချိန် အကြာကြီးအထိ ဂျွန်မတို့က တဖြည်းဖြည်း အစဉ်အတိုင်း ဆိုတဲ့ ရှုထောင့်က ကြည့်ခဲ့ကြပါတယ်၊ ရှေဦးစွာ ကလေးငယ်ဟာ အသံတွေ သင်ကြားရတယ်၊ နောက်တော့ စကားလုံးအဓိပ္ပာယ်တွေ၊ ပြီးတော့ စကားလုံးတွေ ပေါင်းထားတဲ့ အဓိပ္ပာယ်တွေကို မှတ်သားရတယ်"

ဟု ဂါဘိန်းက ပြောပါသည်။

"ဒါပေမဲ့ လတ်တလော သုတေသနပြုချက်တွေအရ အားလုံးဟာ ဓစ ချင်းဆိုသလိုပဲ တစ်ပြိုင်နက် စွဲမြဲပါတယ်၊ ကလေးတွေဟာ သဒ္ဒါစည်းကမ်းတွေကို စောင်းယူတတ်ကြောင်း မှတ်သား နေပါတယ်"

ကာမနီဂြည် လိုက်ပစ်ဖြို့ရှိ မက်စ်ပလင့်ဒ်ဒွာနမှ အာခံကြောဆိုင်ရာ စိတ်ပညာရှင် တစ်ဦးဖြစ်သူ အင်ဂျလာဖရက်ဒါရီစီ (ANGELA FRIEDERICI) နှင့်အတူ အလားတူတွေ့ရှိခဲ့ပါသည်။ သူမတာ အသက်လေးလ အရွယ် ကွာမန်ကလေးများကို နားမယဉ်သော နိုင်ငံခြားဘာသာစကားတစ်ခုဖြင့် စမ်းသပ်ခဲ့ပါသည်။ ကလေးများသည် ဦးစွာပထမ တည်ဆောက်ပုံနှစ်မျိုးဖြစ်သော အီတလီစာကြောင်းများကို နားထောင်ရပါသည်။

"အစ်ကိုသိချင်းဆိုနိုင်သည်" နှင့် "ညီမလေးသီချင်းဆိုသည်" တို့ ဖြစ်ပါသည်။ နောက်ထပ် (၃)မိနစ် ကြာသော အခါ သဒ္ဒါနည်းစနစ်မကျသော စာကြောင်း နှစ်မျိုးကို နားထောင်ရပါသည်။ "အစ်ကိုဆိုသည့် သီချင်းဆို၏" နှင့် "ညီမလေး သီချင်းဆိုနေနိုင်သည်" တို့ ဖြစ်ကြပါသည်။ ဤအချိန်ပိုင်းတွင် ဦးရေပြားပေါ်တွင် သေးငယ်သော အီလက်ထရုတ် (ELECTRO-DE) ခေါ် လျှပ်စီးအာရုံခံ ကိရိယာလေးများ တပ်ဆင်ပြီး ဦးနှောက်လှုပ်ရှားမှုကို လေ့လာကြပါသည်။

ပထမတစ်ချို့ စမ်းသပ်သော အခါ ကလေးများသည် သဒ္ဒါမှန်သော စာကြောင်းနှင့် သဒ္ဒါမမှန်သော စာကြောင်းကို အတူတူပင် တုံ့ပြန်ကြပါသည်။ တစ်ချို့ နှစ်ချိန်ခန့် အလေ့အကျင့် ရလာသောအခါတွင် သူတို့ဝါကျတည် ဆောက်ပုံများစွာကို ကြားလာရသော အခါ တုံ့ပြန်မှုအမျိုးမျိုးကို ပြသလာကြ



Over time a child acquires increasingly complex skills.

လူကြီးဘဝသို့ - ကလေးငယ်၏ ဦးနှောက်တွင် နှစ် (အရွယ်) ကြောအချင်းချင်း ဆက်သွယ်မှုများသည် လူကြီးဦးနှောက်ထက်ပင် များပြားပါသည်။ ထိုဆက်သွယ်မှုများသည် ယွမ်ကာစတွင် အလွန်အပြန် တိုးပွားလာပြီး ဦးနှောက်၏ တစ်ပိုင်းခွဲ၊ ပုံပေါ်လာသောအခါ သဘာဝအလျောက် လျော့ကျသွားပါသည်။ ထိုသို့ ဆက်သွယ်မှုများကို တည်ငြိမ်သော အတွေ့အကြုံများက အားပေး၍ တည်တံ့စေသည်။ အားနည်းသော ဆက် သွယ်မှုများ ပျောက်ကွယ်လွယ်ပါသည်။

ထန်ညွှန့်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ (၁၅)မိနစ်အတွင်းတွင် ကလေးငယ်သည် မှန်ကန်သောစာကြောင်းကို မှတ်သားမိပါသည်။ စာကြောင်းရဲ့ အဓိပ္ပာယ် မဖော်နိုင်ပေမဲ့ တစ်နည်းနည်းနဲ့ သူတို့သင်ကြားမိကြပါတယ်။ ဖရက်ဒါရီစီက ကျွန်မအား ပြောပြပါသည်။

"ဒီနေရာမှာ စာကြောင်း (ပါကျ) ဖွဲ့ထုံး မဟုတ်ဘူး၊ အသံဗေဒဆိုင်ရာ ပုံမှန်သတ်မှတ်ချက်သဘောပဲ"

အသက် နှစ်နှစ်ခွဲခန့်ရှိသော ကလေးများသည် ရုပ်သေးရုပ်များက ပြောသည့် သဒ္ဒါစည်းကမ်းအမှားများကို သိရှိနိုင်ကြကြောင်း သုတေသီများက ပြောပြပါသည်။ အသက်သုံးနှစ်အရွယ်တွင် ကလေးအများအပြားသည် သဒ္ဒါစည်းကမ်းများကို လိုအပ်နေသလောက် ပမာဏကို သိရှိပြီးဖြစ်ပါသည်။ သူတို့၏ ဝေါဟာရကြွယ်ဝမှုမှာ အလွန်လျင်မြန်စွာ ကြီးထွားခဲ့ပါသည်။ ဘာသာဗေဒ အရည်အသွေး ပန်းများဖူးပွင့်ခြင်းသည် နှုန်းများတွင် အသစ်ဖြစ်သော ဆက်သွယ်ခြင်းများမှ ထွက်ပေါ်လာပါသည်။ သို့မှသာ စကားပြောနိုင်ခြင်းအဆင့်ဆင့် ဖြစ်သော အသံ၊ အဓိပ္ပာယ်နှင့် ဝါကျဖွဲ့ထုံးတို့ တိုးတက်လာပေမည်။ ကလေးငယ်၏ ဦးနှောက်သည် ဘာသာဗေဒ ကျွမ်းကျင်မှုရှိသည်အထိ လမ်းကြောင်းမြေပုံအတိုအကျကို သိပ္ပံပညာရှင်များက ပြသနိုင်ပြီဖြစ်ပါသည်။

သို့ရာတွင် ဖရက်ဒါရီစီ၏ စကားလုံးတွင် ရှင်းလင်းစွာ သိရသည်မှာ "ကိရိယာချည်းသက်သက်နဲ့မလုံလောက်ပါဘူး၊ အချက်အလက် ထည့်သွင်းဖို့လည်း လိုပါတယ်"

ဖရက်ဒါရီစီအား အင်တာဗျူးလုပ်ရန် လိုက်ဇစ်သို့အသွား ကျွန်မ၏ စိတ်ဝင်စားမှုသည် မြူးနစ်လေဆိပ်ရှိ လွန်းပျံဘတ်(စ) ကားပေါ်တွင် စကားပြောနေသော သားအဓိတွင် ရောက်ရှိသွားပါသည်။ လမ်းဆုံးမှ လေယာဉ်သို့ သွားနေစဉ် "အဝေးမှာ သား ဘာကို မြင်သလဲ" ဟု မိခင်က မေးပါသည်။

"သား လေယာဉ်ပျံတွေ အများကြီး မြင်တယ်"

ကလေးက ပျော်ရွှင်စွာ လှုပ်ရှားနေပါသည်။ လေယာဉ်ပျံစီးသောအခါ သူတို့သည် ကျွန်မရှေ့မှ အတန်းတွင် ထိုင်ကြပြီး ဆက်လက်၍ စိတ်အားတက်ကြွစွာ ပြောနေကြပါသည်။ အမျိုးသမီးသည် ကလေးမေးသော မေးခွန်းများကို ဖြေဆိုခြင်းမှ ရပ်နားလိုက်ပြီး

ဂျူလီယန်အင်ဗိုဒါသည် ပစ်တာတ်ပြိုရှိ သူမ၏ ပီဇိုချောင်တွင် လ (၂၀) အရွယ်ရှိ သမီးဖြစ်သူ အယ်လီအား လှုံ့ဆော်မှုဖြစ်စေရန် ဟင်းသတ်အပေး အကြိုးနှင့် ပတ်သက်၍ စမ်းသပ်မေးခွန်းများ မေးပါသည်။ ကစားစွဲ နှင့်တူသော အခွင့်အရေးသည် လမ်းလျှောက်ခါစကလေးများအား အရောဓ၊ အနုနှင့် အရာဝတ္ထုများကို လေ့လာစေပါသည်။ အယ်လီ၏ အနှစ်သက်ဆုံးအရာမှာ ဂရုတ်ကောင်းအရည်ဖြစ်သည်။ အယ်လီက "ပူတယ်၊ ပူတယ်၊ ပူတယ်" ဟု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံများပါသော စာအုပ်တစ်အုပ်ပြီးတစ်အုပ် ဖတ်ပြနေပါသည်။ အတိုင်းအဆမရှိ စိတ်အားတက်ကြွမှု သိုလှောင်ကန့်နှင့် တူလှပေသည်။

ကျွန်မတို့ လေယာဉ်ဆင်းသော အခါ အမျိုးသမီးမှာ မာလ်ဖဲယားဟတ်စ် (MERLE FAIRHURST) အမည်ရှိပြီး၊ ကလေးငယ်၏ ဖွံ့ဖြိုးမှုနှင့် လူမှုစိတ်အား တက်ကြွမှုကို လေ့လာနေသော အာရုံကြော သိပ္ပံပညာရှင်တစ်ဦး ဖြစ်ကြောင်း သိရှိလိုက်ရပါသည်။လှေ့ဆော်မှုသည် ဖွံ့ဖြိုးနေသော ဦးနှောက်အပေါ် မည်သို့သက်ရောက်မှုရှိကြောင်း လေ့လာရန် ဆုံးဖြတ်ချက်ချထားသည်မှာ မထူးဆန်းလှပါ။

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုလောက်က လောရင့်မြို့ရှိ ကန်စပ်တက္ကသိုလ် (KANSAS UNIVERSITY) မှ ကလေးသူငယ်စိတ်ပညာရှင်များဖြစ်သည့် တော့ဒ်ရစ်စလေ (TODD RISLEY) နှင့် ဘက်တီဟတ် (BETTY HART) တို့သည် မိသားစု (၄၂) စုမှ ကလေးနှင့် လူကြီး ဆက်ဆံမှုကို နာရီ ရာပေါင်းများစွာ မှတ်တမ်းတင်ခဲ့ပါသည်။ မှတ်တမ်းတင်ပုံမှာ လူမှုဓီးပွားရေးရှုထောင့်မှ ကံလေးများအား (၉) လအရွယ်မှ (၃) နှစ်အရွယ်အထိ စောင့်ကြည့်လေ့လာခဲ့ပါသည်။ ထိုမှတ်တမ်း လက်ရေးမူများကို လေ့လာကြည့်သောအခါ ရစ်စလေနှင့် ဟတ်တို့သည် အံ့သြစရာကောင်းသော တွေ့ရှိချက်ကို ဖော်ထုတ်ခဲ့ပါသည်။ အဆင့်အတန်းမြင့်သော မိသားစု ဆိုသည်မှာ မိဘများသည် တက္ကသိုလ်ဘွဲ့ရများဖြစ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရှင်များ ဖြစ်ကြပါသည်။ ထိုမိသားစုများမှ ကလေးများသည် တစ်နာရီလျှင် စကားလုံး (၂၁၅၃) လုံး ကြားနေရပါသည်။ အဆင့်နိမ့်သော မိသားစုဝင် ကလေးများသည် ပျမ်းမှအားဖြင့် တစ်နာရီလျှင် စကားလုံး (၆၁၆)လုံးသာ ကြားရပါသည်။ အသက် (၄) နှစ် အရွယ်တွင် အချိန်နှင့်အမျှ ကွာခြားချက်မှ စကားလုံး သန်း (အထိ ဖြစ်လာပါသည်။ ပို့မိုဆင်းရဲအိမ်များမှ မိဘများသည် စကားတိုတိုများကို ဝတ်ကျေဝတ်ကုန် ပြောတတ်ကြပါသည်။ ဥပမာအားဖြင့် "လိုက်" နှင့် "အောက်ဆိုင်း" စသည်ဖြစ်ပါသည်။ ပို၍ပြည့်စုံသော မိသားများမှ မိဘများသည် ကလေးများရှည်ရှည်ဝေးဝေး စကားပြောကြသည်။ ခေါင်းစဉ်အများအပြား ပါဝင်ကလေးများကို မှတ်ဉာဏ်နှင့် စိတ်စိတ်သန်း အသုံးချရန် အားပေးပါသလူမှုစီးပွားရေး နိမ့်ကျသော မိသားများမှ ကလေးများသည် ဘာသာအာဟာရနည်းပါးစွာဖြင့် ကြီးပြင်းပါသည်။

မိဘများက စကားပြောခြင်း ပမာဏ များများပြုလုပ်ပေးလေသူတို့၏ ကလေးများ ထူးခြားလေဖြစ်ကြောင်း သုတေသီများက တွေ့ကြပါသည်။ များများ စကားပြောဆို

ဟတ်(စ)တန်ပြို့ရှိ တက်ဆက် ကလေးများသေးရုံရှိ အထူးကြပ်မတ်ဆောင်တွင် ငါးလအရွယ် လူးကပ်စ်ဒီဂျည်မိတ် [illegible] ပုန်ကို ကြည့်နေပါသည်။ လေးစေ့တဲ့ ပွေးသော ကလေးများ (သို့မဟုတ်) အနာရောဂါတစ်ပါးပါးနှင့် ပွေးသောကလေးများသည် [illegible] ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သော ကလေးသည် အသက်သုံးနှစ်တွင် အိုင်ကျူအမှတ်များများ ရနိုင်ပေသည်။ ထို့ပြင် သုတို့သည် (၉) နှစ်၊ (၁၀) နှစ် အရွယ်တွင် ကျောင်းစာကောင်းကောင်း လိုက်နိုင်ကြပါသည်။

ကလေးများအား စကားလုံးများများနှင့် ထိတွေ့စေခြင်းမှာ ရိုးစင်းသည်ဟု ထင်ရပါသည်။ သို့ရာတွင် ရှုပ်မြင်သံကြား၊ အသံလွှင့်စက်၊ အင်တာနက် (သို့) စမတ်ဖုန်းများမှ ဖြန့်ဝေသော ဘာသာစကားသည် ထိုကိစ္စကို ဆောင်ရွက်နိုင်ပုံမပေါ်ပါ။ မည်မျှပင် ပညာပေးဖြစ်စေကာမူ အကြောင်းမထူးပါ။ ထိတဲ့ရှိ ဝါရှင်တန်တက္ကသိုလ်မှ ပက်ထရစ်ရှာကူးလ်(PATRICIA KUHL) ဦးဆောင်သော သုတေသီများက (၉) လအရွယ် ကလေးများကို လေ့လာမှုအရ ထိုကဲ့သို့ သိရှိခဲ့ရခြင်း ဖြစ်ပါသည်။

ကူးလ်နှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များသည် ဘာသာစကား နားလည်မှုနှင့် ပတ်သက်သော ပဟေဠိ၏သော့ချက်ကို ရှာဖွေခြင်းဖြစ်ပါသည်။ ကလေးများသည် အသက်တစ်နှစ်သားတွင် မိခင်ဘာသာစကား၏ အသံထွက်ကို လက်ခံသိရှိနိုင်ခြင်း အကြောင်းတရား ဖြစ်ပါသည်။ ဘဝ၏ ပထမလပိုင်းတွင် ကလေးငယ်များသည် မိခင်ဘာသာစကားဖြစ်စေ၊ တိုင်းတပါးစကားဖြစ်စေ အသံများကို ခွဲခြားနိုင်သော ဉာဏ်စွမ်းရှိကြပါသည်။ မည်သို့ဖြစ်စေ အသက် (၈)လမှ (၁၂) လအတွင်းတွင် နိုင်ငံခြားဘာသာစကားတွင် အသံများ ခွဲခြားမှတ်သားနိုင်မှု အရည်အချင်းလျော့ကျသွားပြီး၊ မိမိဘာသာစကားတွင်မူ ခွဲခြားမှတ်သားနိုင်မှု တိုးတက်လာပါသည်။ ဥပမာအားဖြင့် ကျပန်းကလေးငယ်များသည် "အိုင်" နှင့် "အာ" အသံထွက်များကို မခွဲခြားနိုင်တော့ပါ။

သူတို့၏ သုတေသနတွင် လေ့လာသူများက အင်္ဂလိပ် စကားပြော မိသားစုများမှ မင်ဒရင် (MANDARIN) တရုတ်ဘာသာစကားပြောသော မိသားစုအထိ ဖော်ပြခဲ့ပါသည်။ အချို့ကလေးများသည် ဒေသခံ တရုတ်စကားပြောသော ကျူတာ (ဆရာ) များဖြင့် တုံ့ပြန်မှု တောင်းကြပါသည်။ ၎င်းတို့သည် ကလေးများနှင့် အတူကစား၍ စာလည်း ဖတ်ပြပါသည်။

"ကလေးတွေကို အဲဒီကျူတာတွေက လမ်းဖွင့်ပေးပါတယ်"

ဟု ကူးလ်က ပြောပါသည်။

"သူတို့ ကျူတာလာမှာကို တံခါးဝမှာ စောင့်ကြည့်နေကြပါတယ်"

အခြားကလေးအုပ်စုတစ်စုသည် ထို မန်ဒရင်စကားပြောသော ကျူတာလိုပင် ဒွိဒိယိုပြသမှုမှ ကြားရပါသည်။ ထို့ပြင် တတိယအုပ်စုမှာ အသံလွှင့်စက်မှသာ ကြားရပါသည်။ နောက်ဆုံးတွင် သင်ကြားမှု (၁၂) ကြိမ် ပြည့်သောအခါ ကလေးများကို မန်ဒရင်ဘာသာစကားမှ ဆင်တူရိုးမှား စကားလုံးများ ခွဲခြားနိုင်မှု ဆန်းစစ်ရပါသည်။

သုတေသီများက ကျူတာနှင့် မျက်နှာချင်းဆိုင် သင်ကြားရသော ကလေးများနှင့် ဒွိဒိယိုမှ သင်ကြားရသော ကလေးများ၏ သင်ယူမှုစွမ်းရည် အတူတူရှိမည်ဟု မျှော်လင့်ထားကြပါသည်။ သို့ရာတွင် အလွန်ကြီးမားသော ကွာခြားမှုကို တွေ့ရပါသည်။ ဘာသာစကားကို လူလူချင်း ထိတွေ့သင်ကြားရသော ကလေးများသည် မှုလဗီဇ မန်ဒရင် ကလေးများနည်းတူ အသံများ ခွဲခြားနိုင်ကြောင်း တွေ့ရှိရပါသည်။ အခြားကလေးများဖြစ်သော ဒွိဒိယိုနှင့် လေ့လာသူများနှင့် အသံလွှင့်စက်နှင့် လေ့လာသူများမှာ သင်ယူမှုလုံးဝမတွေ့ရပါ။

"ကျွန်မတို့ လွှင့်ထွက်သွားတာပဲ" ဟု ကူးလ်က ပြောပါသည်။

"ဒါဟာ ကျွန်မတို့ရဲ့ ဦးနှောက်နဲ့ ပတ်သက်တဲ့ အခြေခံအယူအဆကို ပြောင်းလဲစေတာပါပဲ"

ဤလေ့လာမှုနှင့် အခြားသုတေသန လုပ်ငန်းများအရ ကူးလ်အား သူမ၏အဆိုအားဖြင့် လူမှုသတ်မှတ်ချက်တွေးဆမှုကို အဆိုပြုစေပါသည်။ ထို စိတ်ကူးအရ လူမှုအတွေ့အကြုံသည် ဘာသာဗေဒ၊ စိတ်အားထက်သန်မှုနှင့် ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့၏ ခမ်းနားသော တံခါးဝ ဖြစ်ပေသည်။

၁၉၆၀ ပြည့်နှစ် အလယ်ပိုင်းတွင် ရိုမေးနီးယားနိုင်ငံ၌ ကွန်မြူနစ် ခေါင်းဆောင် နီကိုလေဆောင်ဆက်စကူ



အရေးကြီးနှစ်များ - အစောဆုံးနှစ်များတွင်ရှိသော ဦးနှောက်လှုပ်ရှားမှုသည် နောင်ဘဝ၏ ကာလများတွင် မည်သို့ရှိမည်ကို အကျိုးသက်ရောက်စေပါသည်။ ထိုဒီဇိုင်းတို့မှတ်တမ်းများအရ ပိဘမဲ့ကလေးတွင် ကျန်ခဲ့သော ကလေးများသည် အသက် နှစ်နှစ်မတိုင်ပဲ မွေးစားမိဘထံရောက်သော ကလေးများထက်စာလျှင် ဦးရောက် တုံ့ပြန်လှုပ်ရှားမှု နည်းပါးကြောင်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(NICOLAE CEAUSESCU) အာဏာရလာသောအခါ နိုင်ငံတော်အား စိုက်ပျိုးရေး အခြေခံသော လူနေမှုစနစ်မှ စက်မှုအခြေခံသော လူနေမှုစနစ်သို့ အသွင်ကူးပြောင်းရန် အမြင်းအထန် ဆောင်ရွက်လေတော့သည်။ လူဦးရေ တိုးတက်စေရန် သားဆက်ခြင်းခြင်းနှင့် ကိုယ်ဝန်ဖျက်ချခြင်းကို ထိုအုပ်ချုပ်မှု စနစ်က ကန့်သတ်ထားခဲ့ပါသည်။

ထို့ပြင် အသက် (၂၅)နှစ်အထက် ရှိသော လင်မယားစုံတွဲများတွင် ကလေး မရှိလျှင် အခွန်ငွေ တိုးမြှင့်ခဲ့ပါသည်။ မိသားစု ဆောင်ပေါင်းများစွာသည် ကျေးရွာများကို စွန့်ခွာပြီး မြို့ကြီးများ ပေါ်ရှိ အိုးရစက်ရုံများတွင် အလုပ်ဝင် ရောက်ခဲ့ပါသည်။ ထိုပေါ် လစီ (မူဝါဒ) များကြောင့် မိဘအများအပြားသည် သူတို့၏ မွေးကင်းစကလေးများကို စွန့် ခွာရပါသည်။ ထိုကလေးများကို နိုင်ငံပိုင် လိဂန် (LEAGAN) ခေါ် ဌာနများတွင် ထားရှိရပါသည်။ လိဂန် ဆိုသည်မှာ ရိုမေးနီးယားဘာသာစကားဖြင့် 'ပုခက်' ဟု အဓိပ္ပာယ်ရပါသည်။

၁၉၈၉-၁၉၉၀တွင် ချောင်ဆက်စကူ အာဏာလက်လွတ်သွားသော အခါမှ ပြင်ပတစ္ဆာသည် ကလေးများ နေထိုင်ရသော ကြောက်စရာ 'အခြေ အနေကို သိရပါသည်။ ထိုကလေးများ သည် အကာအရံပါသည့် ခုတင်တွင် နာရီပေါင်းများစွာ ပစ်ထားခြင်းခံရပါ သည်။ သူတို့၏ လူမှုရေး အဆက် အသွယ်မှာ ကလေး (၁၅) ယောက် အယောက် (၂၀) ကို တာဝန်ယူရသော အထိန်းများဖြစ်ပါသည်။ ၎င်းတို့သည် အစာကျွေးချိန်နှင့် ဆေးချိုးခါနှင့်တွင်သာ ကလေးများထံ လာကြပါသည်။ လမ်း လျှောက်စအရွယ်တွင် စောင့်ကြပ်ကြည့် ရှုမှုကို အလုံအလောက်မရကြပါ။

ထိုဌာနများတွင် စောင့်ရှောက်မှု စနစ်သည် ပြောင်းလဲရန် နှေးကွေးလှ ပါသည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန် သုတေသီများက ဌာန (၆) ခုမှ ကလေး (၁၃၆) ဦးအား ကြီးထွားဖွံ့ဖြိုးမှုတွင် လျှစ်လျူရှုခြင်း ခံရမှုက မည်သို့ဆိုးကျိုး သက်ရောက်ကြောင်းလေ့လာကြပါသည်။

သုတေသီများအား တူလန် တက္ကသိုလ်မှ ကလေးသူငယ်ဆိုင်ရာ စိတ်ဓာတ်ပညာရှင် ချားလ်စ်နာ (CHARLES ZEANAH)၊ မေရီလင်း တက္ကသိုလ်မှ ဖွံ့ဖြိုးမှုနှင့် အာရုံကြော ပညာရှင် နေသန်ဖောတ် (NATHAN FOX) နှင့် ဟားဗတ်တက္ကသိုလ်မှ အာရုံ ကြောသိပ္ပံပညာရှင် ချားလ်နယ်ဆင် (CHARES NELSON)တို့ကဦးဆောင် ပါသည်။ သူတို့သည် ကလေးများ၏ လူ့အသိုင်းအဝန်းနှင့် သွေဖည်သော အပြုအမူများတွေ့ရသောအခါ တုန့်လှုပ်

အော်ဂျူပြည်နယ် စယန်ဒီ တွင်နေသော တစ်ဦးတည်းကြွဲသည့် တိုလာဂိုယိုအက်သည် အသက် ၈ (၂၀) ပုံ လေးနှစ်အထိရှိသော ကလေးဆုံးပေါင်းများ ပြုစုပျိုးထောင် ရန် ရုန်းကန်နေရပါသည်။ ကွဲတိုအက် သည် သူ့ကလေးများအား ပြုစုပျိုးထောင်ရန်နှင့် ဇစ်ထော် ပူ ပြည်ထဲရှိ အေဒီဒွန်တက္ကသိုလ်မှ အစီ အစဉ်တစ်ခုကို တက်ရောက်နေပါ သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ သုတေသန စတင်
ငါ်ရွက်ချိန်တွင် နှစ်နှစ်အောက်
ားအများစုသည် သူတို့အား စောင့်
က်ပေးသူများနှင့် ရင်းနှီးထိတွေ့မှု
ဲ့ပါ။ သူတို့ စိတ်မကောင်းဖြစ်သော
စောင့်ရှောက်သူများထံ မသွား
။

"အဲဒီလိုလုပ်မယ့်အစား ကျွန်
တို့ မမြင်ဘူးတဲ့ ရိုင်းစိုင်းကြမ်းတမ်း
မဲ့အရာတွေ ပြကြပါတယ်၊ ရည်
ွက်မရှိဘဲ လှည့်လည်သွားချင်
ယ်၊ ကြမ်းပြင်နဲ့ ခေါင်းနဲ့ ဆောင့်
ဆာင့်မယ်၊ နေရာတစ်နေရာမှာ
ချင်လှည့်နေမယ်၊ ဒါမှမဟုတ် ငြိမ်
နကြမယ်"

ဟု ဖောက်က ပြောပြပါသည်။

သုတေသီများက ကလေးများ
နှောက်အား အီးစီဂျီစက်များဖြင့်
ပ်သောအခါ ပျမ်းမျှလူထုအတွင်း
မှ သက်တူရွယ်တူကလေးများထက်
အားနည်းသော သင်္ကေတ အချက်ပြမှု
များ ထုတ်လွှင့်ပါသည်။

"အဲဒါဟာ မီးလုံးအရောင်
ပြောင်းစေတဲ့ ခလုတ်က ကလေးတွေရဲ့
ဦးနှောက်လှုပ်ရှားမှုကို လျှော့ချပစ်သလို
ထို ဖြစ်နေတယ်" ဟု ဖောက်က ပြောပြ
ပါသည်။ သူနှင့် သူ၏ လုပ်ဖော်ကိုင်ဖက်
များသည် ကလေး ထက်ဝက်ခန့်ကို
လှုမှုလုပ်သားများ အကူအညီနှင့် ရှာဖွေ
ရရှိခဲ့သော မိသားစုများတွင် မွေးစားရန်
ပေးလိုက်ပါသည်။ ကျန်ကလေးများမှာ
ဌာနတွင် ဆက်နေရပါသည်။ မွေးစား
မိသားစုများသည် လစဉ် ထောက်ပံ့ငွေ
များ၊ စာအုပ်များ၊ အရုပ်များ၊ အညစ်
အကြေးခံ အဝတ်များနှင့် အခြားပစ္စည်း
များ ရရှိသည့် အပြင် လူမှုဝန်ထမ်း
လုပ်သားကလည်း အခါအားလျော်စွာ
သွားရောက်ကြည့်ရှုစေပါသည်။

ဖောက်နှင့် လုပ်ဖော်ကိုင်ဖက်
များသည် နောက်နှစ်များစွာအထိ
ကလေးများကို ဆက်လက်လေ့လာပါ
သည်။ ထိုအခါ အုပ်စုနှစ်စုတွင် သိသာ
ထင်ရှားသော ခြားနားမှုကို တွေ့ရှိခဲ့ကြ
ပါသည်။ အသက်နှစ်နှစ်နှင့် နှစ်နှစ်
အောက်တွင် မွေးစားမိသားစုထံ ပေး
အပ်ခဲ့သော ကလေးများအား အသက်
ရှစ်နှစ်အရွယ်တွင် ဦးနှောက်အီးစီဂျီပုံစံ
သည် သမားရိုးကျ အသက် ရှစ်နှစ်
အရွယ် ကလေးများနှင့် မကွဲပြားသော
ပုံစံရှိကြပါသည်။ ကလေးထိန်းဌာနများ
တွင် ကျန်ရစ်သော ကလေးများမှာ
အားနည်းသော အီးစီဂျီပုံစံရှိကြပါသည်။
မွေးစားခြင်းခံရသော ကလေးများ၏
ဦးနှောက်အရွယ် ပမာဏသည် ပုံမှန်
ကြီးပြင်းသော ကလေးများထက် ငယ်
ပါသည်။ သို့ရာတွင် မွေးစားခံရသော
ကလေးများ၏ ဦးနှောက်တွင် အဖြူ

ဒီးတယ်အနောက်ပြောက်ပိုင်း ဝစ်ဘေးကျွန်းပေါ်ရှိ ဝီးဒဲ့ကျောင်းတွင် ကလေးများသည် ဆရာများ၏ ကြီးကြပ်မှုဖြင့် ကောက်ရိုးခင်းများပေါ် ကစားနေ
။ ကျောင်း၏ အတွေးအခေါ်အရ လွတ်လပ်စွာ ကစားစေခြင်းသည် ကလေးများ၏ ရုပ်ပိုင်း၊ လှုံ့ဆော်မှုပိုင်း၊ အာယာစကားနှင့် လှုမှုတိုးတက်ရေးတွင်
အကျိုးရှိစေပါသည်။

www.burmeseclassic.com

ရောင်နေရာ (WHITE MATTER)နှင့် နာဗ်ကြောများဆက်သွယ်သော အိပ်ဖွန် (AXONS)များမှာ ဌာနတွင် ကျန်ရစ်သော ကလေးများထက် သာလွန်ပါသည်။

"ကြီးဝင်ဆောင်ရွက်ပေးတာကို ကြုံခဲ့ရတဲ့ ကလေးတွေမှာ အာရုံကြောဆက်သွယ်မှု ပိုများလာတယ်ဆိုတာ ဒီဟာက အကြံပြုထားပါတယ်"

ဟု ဖောက်က ရှင်းပြပါသည်။

ကလေးအုပ်စု နှစ်စုအတွင်းမှာ အသက်လေးနှစ် အရွယ်ရောက်စဉ် ထူးခြားသော ကွာခြားချက်မှာ လူမှုနေ့ စွမ်းဆောင်မှုဖြစ်ပါသည်။

"ကြီးဝင်ဆောင်ရွက်ပေးမှု ခံယူရတဲ့ ကလေးတွေ အများကြီးထဲမှာ အထူးသဖြင့် ငယ်ငယ်ကတည်းက မိဘမဲ့ဂေဟာက ထုတ်ယူလိုက်တဲ့ ကလေးတွေဟာ သူတို့ရဲ့ စောင့်ရှောက်သူတွေနဲ့ ပုံမှန်ကလေးလိုပဲ ဆက်သွယ်နိုင်ကြတယ်လို့ ကျွန်တော်တို့ သိရတယ်။

ဘဝအစပိုင်းမှာ ဦးနှောက်ဟာ ပလတ်စတစ်လို လိုက်လျောညီထွေတဲ့ သတ္တိရှိတယ်၊ ဆန့်ကျင်ဘက် အတွေ့အကြုံတွေကို ကျော်လွှားနိုင်ပါတယ်"

ထို့ပြင် ဖောက်က အကောင်းဆုံးသတင်းစကားကို ပြောပါသည်။ သင့်လျော်သော ပျိုးထောင်မှုကို ဖွံ့ဖြိုးမှု၏ အရေးကြီးသော အပိုင်းအခြားကာလတွင် ပြုလုပ်ပေးနိုင်လျှင် ချို့ငဲ့မှု၏ အားယုတ်စေသော သဘောကို ပြုပြင်ဖာထေးနိုင်ပေသည်။

ယူကျင်မြို့ရှိ အောရီဂွန်တက္ကသိုလ်မှ အာရုံကြောသိပ္ပံပညာရှင် ဟယ်လင်နီဗေး (HELEN NEVILLE) ဦးဆောင်သော မိဘများ လေ့ကျင့်ပေးရေး အစီအစဉ်မှာ ထိုကိစ္စဆောင်ရွက်ရန် ရည်မှန်းချက်ထားပါသည်။ သုတေသီများက ဟက်စတတ် (HEADSTART) တွင် စာရင်းသွင်းထားသော မိသားစုများနှင့် လက်မှတ် ရေးထိုးပါသည်။ ဟက်စတတ် ဆိုသည်မှာ အမေရိကန် ပြည်ထောင်စု အစိုးရ၏ အစီအစဉ် တစ်ခုဖြစ်ပြီး ဝင်ငွေနည်းသော မိသားစုများမှ ကျောင်းမနေသေးသော ကလေးငယ်များအား အထောက်အကူပေးပါသည်။ မိဘ (သို့မဟုတ်) ထိန်းသိမ်းစောင့်ရှောက်သူများက အပတ်စဉ် စာသင်ခန်းသို့ နှစ်လကြာလာရပါသည်။ ပထမစာသင်ခန်းအချို့တွင် နိစ္စဓုဝ ကလေးများအား စောင့်ရှောက်ရသော ငြီးငွေ့ပူပြေပျောက်ရန် ဆုကြေးများ ရပါသည်။ မိဘတိုင်းသည် ထိုပွန်းကျစ် ခံစားမှုများကို ဖော်ပြနိုင်ပါသည်။ ထို့အချိန်တွင် ရှင်တရားတဲ့သို့ တွန့်ဝပ်တို့ အကြားတွင် တော်လွှားသွားနိုင်ပါသည်။ ငွေကြေးပြဿနာနှင့် ရင်ဆိုင်နေရသော မိဘများတွင် ထိုလုပ်ငန်းမှာ ကြီးမားသော ဝန်ထုပ်ဝန်ပိုးဟု ခံစားရနိုင်ပါသည်။

"ရှင်တို့ဟာ ရှင်တို့ တစ်ပါး အစွန်းရောက်နေတယ်လို့ ခံစားရတယ်၊ လိုအပ်တာတွေ ဝမ်းရှိတဲ့အခါပေါ့"

ယူကျင်မြို့မှ သင်တန်းတက်နေသည့် မိခင်တစ်ဦးဖြစ်သူ ဇတ်ထရစ်ရှာကိုင်ဆက် (PATRICIA KYCEK) က ပြောပါသည်။

မိဘများသည် အောင်မြင်မှု တစ်စုံတစ်ခုအား ဦးမှုပ်ခြင်းဖြင့် အကျိုးပြုအားပေးခြင်းကို အလေးထားရန် သင်ကြားရပါသည်။

"ကျွန်မတို့ဟာ သူတို့ကလေးတွေ အများလုပ်တိုင်း ဆုပေးတဲ့အလေ့ကို ပြောင်းပြီး၊ ကလေးတွေ မှန်တဲ့ကိစ္စမှ တစ်ခုခုလုပ်တိုင်း ချီးမွမ်းတဲ့ဘက်ကို လေ့ကျင့်ပေးရတယ်"

မိဘများအား လေ့ကျင့်သင်ကြားပေးသူ (အတောင်း) ဖြစ်သော ဆာရာ(SARAH) က ပြောပြပါသည်။

နောက်ပိုင်းအပတ်စဉ်များတွင် မိဘများသည် ကလေးကို မည်သို့ လှုံ့ဆော်ပေးရမည်ကို သင်ကြားပေးပါသည်။ လေ့ကျင့်မှုတစ်ခုကိုမူ အိမ်တွင် ပြုလုပ်ရန် သူတို့ကို အားပေးရပါသည်။ မိဘများက ဖွန်း၊ ပုလင်း၊ ဘောပင် စသည်တို့ကို ရွေးချယ်ကောက်ယူစေရပါသည်။ ထို့ပြင် မည်သည့်အရာသည် ရေပေါ်ပေါ၍ မည်သည့်အရာက ရေတွင်မြုပ်သွားမည်ကို မှန်းဆစေရပါသည်။ ထို့နောက် ကလေးအား ထို ကြိုတင်တွေးဆချက်များကို ရေပုံးတစ်ပုံးတွင်လည်းကောင်း၊ ရေချိုးတန်ထဲတွင်လည်းကောင်း စမ်းသပ်စေပါသည်။

ကလေးများသည် သတိမြဲခြင်းနှင့် မိမိကိုယ်မိမိ ထိန်းသိမ်းမှုသင်တန်းကို အပတ်စဉ် မိနစ်လေးဆယ်ခန့် သင်ကြားရပါသည်။ သူတို့အား အနှောင့်အယှက်ကြားမှ လုပ်ငန်းတာဝန်တစ်ရပ်ကို အာရုံစိုက်စေပါသည်။

ဥပမာအားဖြင့် အခြားကလေးများ ဘောလုံးပုတ် ကစားနေစဉ်၊ ရုပ်ပုံများကို အရောင်ခြယ်စေရန် လေ့ကျင့်ပေးရပါသည်။ လေ့ကျင့်သင်ကြားသူများက စိတ်လှုပ်ရှားမှုဆိုင်ရာ ဘင်ဂို (BENGO) ကစားနည်းဖြင့် ကလေးများအား သူတို့၏ ခံစားမှုကို အဓိပ္ပာယ်ဖော်ရန် သင်ကြားရပါသည်။ ထိုကစားနည်းတွင် "ပျော်ရွှင်ခြင်း"နှင့် "ဝမ်းနည်းခြင်း" စသော အခြေအနေကို မျက်နှာအမူအရာနှင့် ကိုက်ညီအောင် နေရပါသည်။ နောင်သင်တန်းများတွင် ကလေးများသည် စိတ်ညစ်သော အခါတွင် အသက်ပြင်း ပြင်းရှူနည်းကဲ့သို့ အေးဆေးစွာနေသော စနစ်ကို သင်ကြားရပါသည်။

ရက်သတ္တပတ် (၈)ပတ် ပြီးဆုံးသောအခါ သုတေသီများက ကလေးများ၏ ဘာသာစကား၊ အိုင်ကျူနှင့် အာရုံစိုက်နိုင်မှုတို့အား ပြန်လည်သုံးသပ်ကြပါသည်။ မိဘများကိုလည်း မေးခွန်းများမေးခြင်းအားဖြင့် ကလေးများ၏ အပြုအမူ သဘာဝ မည်သို့ရှိကြောင်းကိုလည်း သူတို့က ခန့်မှန်းတွက်ဆကြပါသည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသော စာတမ်းတွင် နီးဇေနှင့် သူမ၏ လုပ်ဖော်ကိုင်ဖက်များတ ဟော်

www.burmeseclassic.com

စတတ်တွင် ကြားဝင်ဆောင်ရွက်မှု ခံယူရသော ကလေးများသည် မခံယူရသော ကလေးများထက် သိသာထင်ရှားသော တိုးတက်မှုရှိကြောင်း သတင်းပို့ခဲ့ပါသည်။ မိဘများကလည်း ကလေးများကို စီမံခန့်ခွဲရာတွင် စိတ်ဖိစီးမှု အလွန်နည်းပါးကြောင်း တင်ပြကြပါသည်။

"အကယ်၍ ရှင်တို့ဟာ မိဘဆောင်ရွက်မှု ပြုပြင်မယ်ဆိုရင် စိတ်ဖိစီးမှု အတိုင်းအဆ လျော့ကျသွားမှာပါ။ အဲဒါက ခံစားမှုဆိုင်ရာ ပုံမှန်ဖြစ်ပြီး၊ ကလေးတွေကို ပိုမိုကောင်းမွန်တဲ့ စေ့ဆော်မှုကို ပေးနိုင်တယ်"

ဟု နီဗေးက ပြောပါသည်။

ကလေးလေ့ယောက်၏ မိခင် တန်နာအာဂို (TANA ARGO) သည် အစီအစဉ်နှင့်သွားရန် ဆုံးဖြတ်ထားပါသည်။ သူမကလေးဘဝက လျစ်လျူရှုခံရသည်ပုံစံမျိုး သူမ၏ ကလေးများ မခံစားရသည်ကို သေချာစေလို၍ ဖြစ်ပါသည်။

"ကျွန်မဟာ စိတ်ဖိစီးမှုတွေ၊ ထူးခြားဖြစ်ရပ်တွေနဲ့ ကြီးပြင်းခဲ့ရပါတယ်"

ဟု သူမက ပြောပြပါသည်။

"ကျွန်မကိုယ် ကျွန်မပြောတယ်၊ ဒါကို ကလေးတွေနဲ့ပတ်သက်ပြီး အမြဲသတိရနေပါမယ်၊ ဒါမျိုး ကျွန်မကလေးတွေမှာ လုံးဝမဖြစ်စေရဘူး"

သူမပြောပြချက်အရ သူမ သင်ကြားသိရှိခဲ့သည်မှာ မိသားစု လှုပ်ရှားလည်ပတ်ပုံကို ပြောင်းရပါသည်။ ကစားချိန်နှင့် သင်ကြားချိန် ပိုမိုရရှိရန် ဖန်တီးရပါသည်။ တစ်ခုသော မွန်းလွဲပိုင်းတွင် သူမအိမ်သို့ အလည်သွားသောအခါ ယခင်ရက်များက သူမ အလွန်ဝမ်းသာကြောင်း ပြောပြပါသည်။

လေးနှစ် အရွယ်ရှိသည့် သူမ၏ သမီးအငယ်ဆုံးသည် ကော်ဇောပေါ်တွင် 'ဘုတ်'ခနဲ ထိုင်ပြီး ကလေးများအတွက် စွယ်စုံကျမ်းကို လက်မနှင့် လှန်လှောကြည့်နေပါသည်။

ကျွန်မ ပြန်ခါနီး ကြည့်လိုက်သောအခါ အများအားဖြင့် ကလေးများအတွက် စာအုပ်များရှိသည့် စာအုပ်ပုံ၏ အပေါ်ဆုံးတွင် ထိုစာအုပ်ကို တွေ့လိုက်ရပါသည်။ လက်ရှိ အခြေအနေ အရ အကောင်းဆုံးဖြစ်နိုင်သည်မှာ ထိုစာအုပ်ပုံသည် မျိုးရိုးစဉ်ဆက် ဆင်းရဲမှုနှင့် လျစ်လျူရှုမှု ဘေးအန္တရာယ် အကာအကွယ်ပေးသော တံတိုင်းဖြစ်ပေလိမ့်မည်။ ထို့ပြင် အဂိုဂ်၏ ကလေးများအား သူမ တစ်ခါမျှမမြင်ဖူးခဲ့သော အနာဂတ်ကို ဖန်တီးတည်ဆောက်ရန် အထောက်အကူ ပေးပေလိမ့်မည်။

တော်မြင့်(ဌက်ပျား)

Ref : Yudhijit Bhatta charjee...The first year National Geographic. January, 2015.

မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆ဝ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ်ထွက်ပြီ

ညွန့်ခိုင်မာ (ကျောက်ဆည်)

ညွန့်လွင် (စက်မှုတက္ကသိုလ်)

ဖုန်း ဝ၉-၃၃၂၇၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွန့်လွင် အမှတ် ၅၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆ဝဝဝ၊ ယခု ၅ဝဝဝ ကျပ်။ ဆုံးအုပ်နှင့် အထက်မှာလျှင် ၄၅ဝဝ ကျပ်။

www.burmeseclassic.com

ချစ်ခြင်းတော်ယဇ်ကြာ (၂)

အောင်ကြည်သန်း (ဟင်္သာတ)

(တနလ်ာသားသမီးများအတွက်-
ကြွက်လိုက်ဂူတွင်း၊ ပူးညီခြင်္သေ့မင်း)

ဝါခေါင်မိုးက ဝါဆိုမိုးထက်ပင် ပိုကဲနေသည်။ တစ်ပတ်ခန့်ဆက်တိုက် တဝုန်းဝုန်းရွာချနေသည်။ နေမင်းကြီးလည်း မိုးရေချိုးနေသည်ထင့်။ နေရောင်ကိုပင် မတွေ့ရချေ။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်၏ မြောက်ဘက်မုခ်တွင် ကျွန်တော် ဗေဒင်ဟောနေသည်။

ဗေဒင်ဟောခန်းဖွေ့ တူရွှဲရွှဲ ရေတမာပင်ပေါ်တဝေသာလီ ငွေဖျိုင်းဖြူများလည်း ချမ်းရွာလွန်း၍ ကွတ်ကွတ်...ကစ်ကစ်ကစ် အသံထွက်ပြီး အော်မြည်နေကြသည်။

ကျွန်တော် ငွေဖျိုင်းတွေကို ငေးကြည့်နေရင်း စိတ်ကမွေးရပ်ရွာကို ရောက်သွားသည်။ ရွာကန်ပေါင်ထောင့်တအောဓိညောင်ပင်အောက်တွင် ငယ်ချစ်ဦးနှင့်အတူ နေဝင်ဖိုးဖူအိပ်တန်းသို့ ပျံသန်းနေကြသော ငွေဖျိုင်းဖြူတွေကို မော့ကြည့်ရင်း ကြည်နူးခဲ့ကြသည်ကို သတိရလာသည်။

ငယ်ချစ်ဦးဆီ ယွမ်းနေမိစဉ်...

"ဆရာ...ဝင်ခွင့်ပြုပါ"

ဆိုသည့် အသံနှင့်အတူ မခင်သူဇာ တစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

မခင်သူဇာက ကြည်ပြာရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ဆင်ထားသည်။ အသားဝါဝင်းပြီး မျက်နှာသွယ်ကာ၊ သမင်မျက်လုံးလေးနှင့် ကိုယ်ခန္ဓာအမို့အမောက်တွေက အချိုးအဆစ် ပြေပြစ်လှပ ကျော့ရှင်းနေသည်။

"လာထိုင် သမီး၊ မိုးအေးအေးနဲ့ ဘယ်က လှည့်လာတာလဲ"

"ဆရာဆီပဲ တမင်လာခဲ့တာ ဆရာ"

"တဲ့...ပြော၊ ဆရာဘာလုပ်ပေးရမလဲ"

"မိုးတွေကောင်းပြီး အေးနေပေမယ့် သမီးရင်ထဲမှာ မီးတွေတောက်ပြီး ပူလောင်နေတယ်ဆရာ"

"ဘယ်လိုဖြစ်ရပြန်တာလဲ သမီးရာ"

"သမီးချစ်သူပေါ့၊ သူမိဘတွေ သဘောကျတဲ့ မိန်းကလေးနဲ့ တွဲနေတယ်ဆရာ၊ မိုးရေထဲမှာတောင် ထီးတစ်ချောင်းနဲ့ နှစ်ယောက်သား လျှောက်သွားနေကြတယ်၊ သမီးမျက်စိနဲ့ကို တစ်အပ်သေချာ လှမ်းမြင်ခဲ့တာ၊ သမီး သိပ်ခံစား

www.burmeseclassic.com

www.burmeseclassic.com

ရတယ်၊ ကြာရင် သမီး ရင်ကွဲပြီး သေလိမ့်မယ်၊ သူ သမီးဆီ မြန်မြန်ပြန်လာအောင် ယကြာလေးဘာလေး လုပ်ပေးပါဦး ဆရာ"

"ကဲကဲ. . . သမီးသိပ်လည်း ပူမနေပါနဲ့တော့၊ သမီး ကံတွေမြင့်လာပြီး ချစ်သူနဲ့ မြန်မြန်အဆင်ပြေလာအောင် ဆရာ သျှန်္ခီမာတ်ယကြာပေးလိုက်ပါ့မယ်၊ လိုက်သာမှတ်ပေတော့"

"ဟုတ်. . . လိုက်မှတ်ပါ့မယ်၊ ဆရာပေးတဲ့ ယကြာကိုလည်း သေချာလုပ်ပါ့မယ်၊ ဆရာ့ပဲ အားကိုးနေရတာ"

"ဒီနည်းက သမီးရဲ့ မွေးနံကနေ စတင်ရေတွက်ရင် လေးခုမြောက် စတုရန်းကျတဲ့နံကို မှတ်ထားရမယ်၊ အဲဒီနံရဲ့ အညွှန့်အစ ဆပွတ်အဆုံး၊ ဆပွတ်အစ အညွှန့်အဆုံးနဲ့ အညွှန့်နံ၊ ဆပွတ်နံအမည်ပါတဲ့ အသီး၊ အပွင့်၊ အရွက်အခက်တွေကို စတုရန်းပြိုဟ်သက်အလိုက် ဘုရားမှာပူဇော်ရတယ်။

စတုရန်းရဲ့ အညွှန့်နံ၊ ဆပွတ်နံ၊ အညွှန့်နံ အပြန်အလှန်နဲ့ အညွှန့်နံ၊ ဆပွတ်နံပါတဲ့ သစ်သီး၊ တခြားစားဖွယ်တွေနဲ့ ဆွမ်းထမင်းပါ ဘုရားမှာ ကပ်လှူ ပူဇော်ပေးရတယ်၊ စတုရန်းပြိုဟ်ရဲ့ မွန်းမတည့်ခင် အချိန်အခါမှာ ကပ်လှူရတယ်"

စတုရန်းရဲ့အညွှန့် - ၆ - ပူးညီ
တနလ်ာရဲ့စတုရန်း - ၅ - ကြွက်
စတုရန်းရဲ့ဆပွတ် - ၃ - ခြင်္သေ့

"ဘုရားကပ်လှူဖို့အတွက် ကြာသပတေးရဲ့ အညွှန့်၊ ဆပွတ်ဖြစ်တဲ့ သောကြာအစ၊ အင်္ဂါအဆုံး၊ သစ်ဆိမ့်ပွင့်၊ သစ်ဆိမ့်ရွက်၊ သစ္စာပန်း၊ သဇင်ပန်း တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၁၉) ခက်။

အညွှန့်ဖြစ်တဲ့ သောကြာနံ သီဟိုဠ်ပွင့်၊ သီဟိုဠ်ရွက်၊ သီးပွင့်၊ သီးရွက်၊ တစ်မျိုးရဲ့အပွင့် ဒါမှမဟုတ် အရွက် (၁၉) ခက်။

ကြာသပတေးရဲ့ ဆပွတ်၊ အညွှန့်ဖြစ်တဲ့ အင်္ဂါအစ၊ သောကြာအဆုံး ဆတ်သွားဖူးပန်း၊ ဆပ်သွားဖူးရွက်၊ ဆိတ်သိုးပွင့်၊ ဆိတ်သိုးရွက် တစ်မျိုးရဲ့ အပွင့် ဒါမှမဟုတ် အရွက် (၁၉) ခက်။

ဆပွတ်ဖြစ်တဲ့ အင်္ဂါနံ ဆီးပွင့်၊ ဆီးရွက်၊ ညောင်ရွက်၊ ဉာဏ်ပွင့်၊ ဉာဏ်ရွက်၊ ဆူးစောင်းပွင့်၊ ဆူးစောင်းရွက်၊ စစ်ပွင့်၊ စစ်ရွက် တစ်မျိုးရဲ့အပွင့် ဒါမှမဟုတ် အရွက် (၁၉) ခက်။

(၁၉) ခက်စီ၊ (၄) မျိုး၊ အားလုံးပေါင်း (၇၆) ခက်ကို ပန်းအိုးတစ်လုံးမှာ ကြည့်လို့လှအောင် ပြင်ဆင်ထားရမယ်။

ဆွမ်းတော်အတွက် သစ်ဆိမ့်သီးအဆန်၊ သီဟိုဠ်ဆန်၊ သီဟိုဠ်သီး၊ သီးသီး တွေထဲက ရနိုင်သလောက် (၅) ခုစီ၊ ဆီးသီး၊ ဆီးယို (၅) ခုစီကို ပန်းကန်မှာ ထည့်ထားရမယ်၊ ဆွမ်းထမင်း (၅) ပွဲ၊ သောက်တော်ရေ (၅) ခွက်၊ ဖယောင်းတိုင် (၅) တိုင်၊ အမွှေးတိုင် (၅) တိုင်ကို အဆင်သင့် ပြင်ထားရမယ်။

တနလ်ာရဲ့ စတုရန်း၊ ကြာသပတေးအခါ ဖြစ်တဲ့ တနလ်ာနေ့နံနက် (၉) နာရီ၊ သမီးရဲ့ အိမ်ဘုရားမှာ ကပ်လှူရမယ်။

'တပည့်တော်မ မခင်သူဇာက တနလ်ာရဲ့ စတုရန်း ကြာသပတေး၊ ကြာသပတေးရဲ့အညွှန့် ဆပွတ်ဖြစ်တဲ့ ကြွက် လိုက်ဝူတွင်း၊ ပူးညီခြင်္သေ့မင်း၊ သျှန်္ခီမာတ်ယကြာ ကို ဆက်ကပ်လှူဒါန်းပူဇော်ပါတယ် အရှင်ဘုရား. . . ' လို့ ရွတ်ဆိုဖူးဇော်ရမယ်။

သမီးလိုတဲ့ဆု၊ 'ချစ်သူနဲ့ အမြန်အဆင်ပြေပါစေ၊ ချစ်သူ အမြန်ပြန်လာပါစေ' ဆိုပြီး ဆုတောင်းပေါ့ ဘုံသုံးဆယ့်တစ်ဖြာ လူ နတ် ဗြဟ္မာတွေကိုလည်း မေတ္တာပို့ အမျှပေးဝေရမယ်"

"ဟုတ်. . . သမီး ဆရာပြောတဲ့အတိုင်း သေသေချာချာလုပ်ပါ့မယ်၊ ကျေးဇူးပါပဲ ဆရာ"

ဟု မခင်သူဇာ ပါးချိုင့်လေးပေါ်အောင် ပြုံးပြီး နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ယခုဖော်ပြပါ သျှန်္ခီဓာတ်ယကြာကို တနလ်ာသား သမီးများ သေချာစွာ ပြုလုပ်ဆောင်ရွက်လျှင် ကံအကျိုးများ ပြေပျောက်ပြီး၊ ကျန်းမာလာဘ်ရွှင်လာစေပါသည်။ စီးပွားရေး အလုပ်အကိုင် တိုးတက်ဖွံ့ဖြိုးလာစေမည်။ မိမိတို့၏ လုပ်ငန်းကိစ္စ အခက်အခဲများကို ကျော်ဖြတ်နိုင်ပြီး အောင်မြင်မှုရလာစေပါသည်။ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပြီး ကိစ္စအဝဝအတွက် မျှော်လင့်ချက်၊ အလိုဆန္ဒများ အမြန်ပြည့်ဝလာစေပါမည်။

လိုရာဆန္ဒပြည့်ဝကြပါစေ . . .

အောင်ကြည်သန်း(ဖောင်တော်သီ)

❑

www.burmeseclassic.com

www.burmeseclassic.com

စျေးရောင်းကောင်းစေသည့် ရှုခင်းဒေသ ဆယ်ခုတော

မောင်လွမ်းရည်(ရွှေတောင်)

စာရေးသူသည် ကျန်းမာရေးအရ နံနက်စောစောထ၍ လမ်းလျှောက်လေ့ရှိပါသည်။ လမ်းလျှောက်ပြီးအပြန် လမ်းခုလတ်ရှိ မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင်တွင် ဝင်ရောက်၍ မုန့်ဟင်းခါးစားလေ့ရှိပါသည်။ မုန့်ဟင်းခါးဆိုင်မှာ သပ်ရပ်သန့်ရှင်းပြီး လက်ရာမဆိုးလှသော်လည်း လာရောက်စားသုံးသူ သိပ်မများလှစဲ ခပ်ကျဲကျဲရှိသည်ကိုသာ တွေ့ရ၏။ စာရေးသူမှာ မုန့်ဟင်းခါးတြိုက်သူဝိဝိ ယင်းမုန့်ဟင်းခါလေးတွင် အမြဲဝင်ရောက်စားသုံးခဲ့ရာ ရက်အတန်ကြာအခါ မုန့်ဟင်းခါးရောင်းသူ အမျိုးသမီးနှင့် ခင်မင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘစ်နေ့ လမ်းလျှောက်ပြီးအပြန် မုန့်ဟင်းခါးဆိုင်သို့ ၁၍ မုန့်ဟင်းခါးစားပါသည်။ မုန့်ဟင်းခါးစားပြီးသောအခါ ကျဖက်ရည်ကြမ်းသောက်ရင်း လူကလည်း ရှင်းသည်နှင့် လာပသလွှာပစကား ပြောဆုံကြပါသည်။

"တူမကြီး. . . စွေးရောင်းကောင်းရဲ့လား"

စာရေးသူအမေးကို အမျိုးသမီးက ခေါင်းခါပြရင်း-

"ထင်သလောက် သိပ်မရောင်းရပါဘူး ဦးလေးရယ်"

"ဘယ်လိုဖြစ်လို့လဲကွယ်၊ တူမကြီးလက်ရာ ကောင်းပဲ"

"မပြောတတ်ပါဘူး ဦးလေးရယ်၊ ကျွန်မလည်း တတ်နိုင်ဆုံး စေတနာထားပြီးရောင်းတာပဲ၊ ဒါပေမယ့် ထင်လောက် သိပ်မမြတ်ဘူး၊ စားဖို့သောက်ဖို့လောက်ပဲ ရတယ်"

အမျိုးသမီး၏ စကားအဆုံးတွင် စာရေးသူ ခေတ္တမှု ငြိးစားလိုက်သည်။

"တူမကြီးကို ဦးလေး အကြံတစ်ခုပေးမယ်၊ လက်ခံသား"

စာရေးသူ၏စကားကို အမျိုးသမီးက အားကိုးတကြီး ခံ-

"ကောင်းတဲ့အကြံဉာဏ်ဆိုရင်တော့ လက်ခံပါတယ်၊ လေးပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"ကောင်းတဲ့အကြံဉာဏ်ပေါ့ကွယ်၊ တို့ဂေါတမမြတ်စွာဘုရားလက်ထက်က လာဘ်လာဘအဲ့ရာမှာ ဇာဒဂ်ရတဲ့ ရှင်ဥဝလိ ရဟန္တာမထေရ်မြတ်ကြီးရှိတယ်၊ အဲဒီမထေရ်မြတ်ကြီး ပူဇော်တဲ့ဂါထာကို ရွတ်ရမှာကွဲ့၊ ရှင်သီဝလိ ဆယ်ဂါထာခေါ်တယ်၊ ရှင်သီဝလိမထေရ်မြတ်ကြီး ထေရုပ္ပတ္တိနဲ့ ဂါထာကြောင်း ရေးထားတဲ့စာအုပ် ဘုရားစွေးတန်းတွေမှာ ရောင်းတယ်၊ တချို့ အိမ်တော်တော်များများမှာ ဘုရားရှိခိုးအုပ်တွေ၊ ဂုဏ်တော်ဂါထာစာအုပ်တွေ ရှိတတ်ကြတယ်၊ မကြီးတို့အိမ်မှာကော ရှင်သီဝလိဂါထာ စာအုပ် မရှိဘူးလား"

"အခုမှ သတိရတယ် ဦးလေး၊ တစ်လောက မောင်းလေး ရွှေတိဂုံဘုရားကုန်ပြန်လာတော့ ဝယ်လာတာရှိတယ်၊ ကျွန်မလည်း သတိထား မကြည့်မိဘူး၊ အဲဒီစာအုပ်ထဲမှာထား ပါမလားမသိဘူး"

"ပါတာပေါ့ကွယ်"

"ဒါဖြင့်ရင် အဲဒီဂါထာကို ဘယ်လိုရွတ်ရမယ်ဆိုတာကို ဥာပြဦးနော်"

"တူမကြီးတို့အိမ်က ဘုရားစင်မှာ ရှင်သီဝလိရုပ်တုကြီး ပုံတော်တို့ရှိလိမ့်မယ်၊ မရှိရင်လည်း ပုံတော်အသေးစားပုံလောက် ဝယ်လိုက်ပါ၊ ဘယ်နေရာမှာမဆို ရောင်းပါတယ်၊ မနက်စောစော ဆိုင်စဖွင့်တာနဲ့ ရှင်သီဝလိပုံတော်ကို ဘင်ပေါ်မှာတင်ပြီး ဆီမီး၊ ပန်း၊ အမွှေးတိုင်နဲ့ ပူဇော်ရမယ်၊ ပြီးတော့ ရှင်သီဝလိ (၁၀) ဂါထာကို (၁၀) ခေါက်ရွတ်ဆိုပူဇော်ရမယ်၊ အလွတ်မရလည်း စာအုပ်ထဲမှာကြည့်ဆိုလို့ ရတယ်။

ညပိုင်းကျတော့လည်း ရှင်သီဝလိပုံတော်ကို ဘုရားစင်ထက်မှာတင်ပြီး အခုနကပြောသလိုပဲ ဆီမီး၊ ပန်း၊ အမွှေးတိုင်နဲ့ ပူဇော်ပြီး ရှင်သီဝလိ (၁၀) ဂါထာကို (၁၀) ခေါက် ရွတ်ဆိုပူဇော်ရမယ်၊ အဲဒါ နေ့တိုင်း ယုံယုံကြည်ကြည်နဲ့ မပျက်မကွက် လုပ်ရမယ်၊ ဘယ်လောက်ကြာကြာ လုပ်ရမလဲလို့ မမေးနဲ့၊ စေတနာသဒ္ဓါတရား ယုံကြည်မှုအလျောက် အကျိုးပေးထက်သန်လာတာ တွေ့ရလိမ့်မယ်၊ ဘယ်နှယ်လဲ၊ လုပ်နိုင်ပါ့မလား"

"လုပ်နိုင်တာပေါ့ ဦးလေးရယ်၊ ကျွန်မတို့ ဘိုးဘွားစဉ်ဆက် ဗုဒ္ဓဘာသာဝင်တွေပဲဟာ၊ ရတနာသုံးပါးကို အမြဲယုံကြည်ကိုးကွယ်ဆည်းကပ်ပြီး လှုဒါန်း ပူဇော်လာခဲ့ကြတာပဲ၊ မလုပ်နိုင်စရာ မရှိပါဘူး၊ ဦးလေးပြောတဲ့အတိုင်း ယုံယုံကြည်ကြည်နဲ့ မပျက်မကွက်လုပ်ပါ့မယ်၊ စိတ်ချပါ"

"ကောင်းပါလေရဲ့ကွယ်၊ ကဲ. . . စကားလည်း ကောင်းနေလိုက်တာ၊ အချိန်တောင် တော်တော်လေးကြာသွားပြီ၊ ဦးလေးလည်း လုပ်စရာကိစ္စလေးတွေ ရှိသေးလို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

စာရေးသူလည်း ဆိုင်ရှင်အမျိုးသမီးကို နှုတ်ဆက်ပြီး မုန့်ဟင်းခါးဆိုင်မှ ထပြန်လာခဲ့လေသည်။ နောက်ပိုင်းတွင် စာရေးသူကလည်း ဝတ္ထုရားမပျက် နံနက်တိုင်း လမ်းလျှောက်ထွက်မြဲ၊ မုန့်ဟင်းခါးဆိုင်သို့လည်း ဝင်ရောက်စားမြဲပင်။

အစပိုင်းတွင် သိပ်မထူးခြားသော်လည်း ရက်အတန်ကြာလာသည့် အခါတွင်တော့ မုန့်ဟင်းခါးဆိုင်မှာ ယခင်ကနှင့်မတူတော့ဘဲ စားသုံးသူများဖြင့် တစ်စတစ်စ များပြားစည်ကားလာသည်ကို သတိထားမိလာတော့သည်။ စာရေးသူကိုယ်တိုင် တစ်ခါတစ်ရံ စားသုံးသူများလာ၍ မုန့်ဟင်းခါးမှာ ယူသည်ကို ချက်ချင်းမရဘဲ အချိန်အနည်းငယ် စောင့်ဆိုင်းရခြင်း၊ တစ်ခါတစ်ရံ ထိုင်စရာခုံနေရာမရှိ၍ မတ်တတ်ရပ်၍ စားသုံးရခြင်းများ ရှိလာပါသည်။

သို့ပါသော်လည်း စာရေးသူအနေဖြင့် စိတ်ပျက်ခြင်း မရှိဘဲ အားပေးမြဲ အားပေးနေခဲ့ပါသည်။ မိမိက စေတနာဖြင့် ပြောဆိုသည့်အတိုင်း လုပ်ကိုင်အောင်မြင်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာပီတိ ဖြစ်ရပါသည်။

တစ်နေ့ညနေပိုင်း အိမ်ရှေ့ကွက်လပ်တွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်၍ အေးအေးလူလူ အနားယူနေချိန် ဖြစ်သည်။

"ဦးလေး ရှိပါသလားရှင်"

အိမ်ရှေ့ခြံတံခါးဝမှ ခေါ်သံကြားသဖြင့် လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူများလဲလို့ တူမကြီးကိုး၊ လာလေဖွယ် ဝင်ခဲ့ပါ"

စာရေးသူက ဖိတ်ခေါ်လိုက်သဖြင့် ခြံတံခါးမှ ဝင်လာသူမှာ အခြားမဟုတ်ဖေ။ မုန့်ဟင်းခါးရောင်းသည့် အမျိုးသမီးဖြစ်သည်။ လက်ထဲတွင်လည်း ကြွပ်ကြွပ်အိတ်တစ်လုံးကို ကိုင်ထားသည်။

"ထိုင် တူမကြီး၊ ဘာကိစ္စများ ရှိလို့လဲကွယ်"

အမျိုးသမီးက စာရေးသူညွှန်ပြသည့် ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ လက်ထဲမှအိတ်ကိုလည်း အသာချထားလိုက်သည်။ ပြီးတော့မှ -

"ဦးလေးကို လာကန်တော့တာပါ။ အိမ်မသိလို့ လမ်းထိပ်မှာ မေးလာရသေးတယ်၊ ဦးလေးကျေးဇူးကြောင့် ကျွန်မတော်တော်ကို ဈေးရောင်းကောင်းလာတယ်၊ အရင်ကထက် နှစ်ဆလောက် တက်လာတယ်၊ မုန့်ဖတ်လည်း ပိုမှာရတယ်၊ ဟင်းရည်လည်း ပိုချက်ရတယ်၊ ရောင်းတဲ့အခါမှာလည်း ကျွန်မတစ်ယောက်တည်း မနိုင်လို့ တူမလေးကို ကူခိုင်းရတယ်။

စီးပွားရေး ကောင်းလာလို့ အဖေတို့၊ အမေတို့ကိုလည်း ထောက်ပံ့နိုင်တယ်၊ ကြွေးမြီဆပ်စရာရှိတာတွေလည်း ဆပ်နိုင် တယ်၊ ပြီးတော့ အိမ်ကဘုရားမှာလည်း ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်း၊ သစ်သီး မပြတ် လှူဒါန်းနိုင်တယ်၊ ရှင်သီဝလိမထေရ်မြတ်ကြီးကိုလည်း အဲဒီအတိုင်းပဲ လှူဒါန်း ပူဇော်နိုင်တယ်၊ အိမ်ကို ဆွမ်းခံကြွတဲ့ သံဃာတွေကိုလည်း ဆွမ်း၊ ဆွမ်းဟင်း နေ့စဉ်လှူနိုင်တယ်၊ အဲဒါ ဦးလေးကျေးဇူးကြောင့်ပဲ၊ ဒါကြောင့် ဦးလေးကို ကန်တော့ပါရစေ"

"ရပါတယ်ကွယ်၊ နေပါစေ၊ တူမကြီး အဆင်ပြေတာ သိရတာနဲ့ပဲ ဦးလေး ဝမ်းသာပါတယ်"

အမျိုးသမီးမှာ စာရေးသူ တားနေသည့်ကြားမှပင် မုန့်အိတ်ကို စာရေးသူထံ အတင်းကမ်းပေးပြီး မြေကြီးပေါ်တွင် ကျုံ့ကျုံ့ထိုင်လျက် လက်အုပ်ချီပြီး စာရေးသူကို ကန်တော့ရှာပါသည်။ စာရေးသူကလည်း လူကြီးပီပီ ဆုမွန်ကောင်းများ ပေးလိုက်ရပါသည်။ ထို့နောက် အမျိုးသမီးမှာ စာရေးသူအား နှုတ်ဆက်ပြီး ပြန်သွားပါတော့သည်။

သို့ပါ၍ စာရေးသူအနေဖြင့် ဈေးရောင်းမကောင်းသူများ အထက်ပါ ရှင်သီဝလိရဟန္တာမထေရ်မြတ်ကို လှူဒါန်း ပူဇော်သက္ကာရပြုပြီး ရွတ်ဆို ပူဇော်နိုင်ကြပါစေရန်အတွက် ရှင်သီဝလိ (၁၀) ဂါထာကို ဓမ္မဒါနအဖြစ် ဖော်ပြလိုက်ရပါသည်။

ရှင်သီဝလိ ဆယ်ဂါထာ

၁။ သီဝလိစ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊
သဗ္ဗဟောန္တု ပိယံမမ။

၂။ သီဝလိစ မဟာဝိရော၊
ယေယေပဿန္တု မံပိယံ၊
တေတေပဿန္တု ပရမံ၊
ဇနပ္ပဒံ ပူဇယန္တု။

၃။ သီဝလိစ နာမ ထေရေန၊
မမသီသေ ဌပေတွာန၊
ဧဝမ္ပိ မဏ္ဍလေန၊
ဇယောမန္တာ သုခါဝဟာ။

၄။ သီဝလိစ မဟာနာမံ၊
ဣန္ဒာဒေဝါ သဗြဟ္မကာ၊
မနုဿ ပူဇိတော ဣတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။

၅။ သီဝလိစ မဟာလာဘံ၊
နာနာဒေတိ ဝရံ ဝရံ၊
ဣဒမ္ပိပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏ ဒန္တံ သုခံကိတ္တိ၊
အနာမယံ ဘဝေ ဘဝေ၊
တဝရုက္ခေ ဒေဝဓီတာ၊
သဗ္ဗေကောဓာ ဝိနဿန္တု။

၇။ သီဝလိစ မဟာလာဘံ၊
သဗ္ဗလာဘံ သဝိဿတိ၊
ထေရဿဓာနုဘာဝေန၊
သဒါဟောန္တု ပိယံမမ။

၈။ သီဝလိစ မဟာထေရော၊
ယေယေ ပဿန္တု မံပိယံ၊
တေတေ ပဿန္တု မံပိယံ၊
ဇနပ္ပဒံ ပူဇယန္တု။

၉။ သီဝလိစ မဟာထေရော၊
မမသီသေ ဌပေတွာန၊
မန္တိတေန ဇယောမန္တာ၊
အဟံဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိစ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော၊
သောရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတုမေ။

မောင်လွမ်းဆည်(ရွှေတောင်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ကျန်တွက်ကျန် စာမှန်ဒဲ့ အာသိုးချိုဆန်းဝင်း(အောင်မြေ)

တစ်နေ့ဘဲ၌ ကျွန်ုပ် ဗေဒင်ဆိုင်ထားရာ လှိုင်သာယာပြို့၊ ကျုံစု ရွှင်အေးမြေ ကန်တော်မင်္ဂလာတစ်စင်လမ်းအိမ်သို့ စာရေးဆရာနှစ်ဦး၊ ကျွန်ုပ်ဆရာလည်းဖြစ်သော ဆရာ မင်းသီဟရာဇာ၊ ကျွန်ုပ် ကျွန်ိယာလီတာ (ခေါ်) ကိုဝိုင်းနိုင်ကဲဘီးတစ်စီးဖြင့် လွယ်အိတ်ကို လွယ်လျက် ရောက်ရှိ၍လာလေ၏။

"အာ- ဆရာဆန်း၊ အဆင်သင့်ပဲ တော်သေးတယ်၊ လွဲသွားပြီတာ၊ တော်သေးတာပေါ့"

"ဖုန်းကြိုဆက်ထားလေ၊ ဆရာကျွန်တော် လာမလို့ဟူး စသည်ဆို မလွဲတော့ဘူးပေါ့"

"ဟုတ်ပါ၊ နောက်ဆို အဲဒီလိုပဲ လုပ်ပါ့မယ်"

"အဲ- ဟုတ်ပြီ၊ အဲဒီအထုပ်တွေက ဘာတွေတုံးဟ"

"ဆရာ့ဆီမှာမေးရင် စားစရာတွေ သယ်လာတာဗျား"

"အာ- ဘာတွေတုံး"

"အင်း - ကော်ဖီမစ်ပါတယ်၊ ပေါင်မုန့်ယိုနဲ့ပါတယ်၊ ကွမ်းယာထုပ်ပါတယ်၊ ပြီးတော့ ဆရာတို့ လမ်းထိပ်က ဝယ်လာတဲ့ လက်ဖက်သုပ်လည်း ပါတယ်"

"ဒါတွေကြည့်ရင်တော့ မောင်ရင် မေးစရာတွေ များများပါလာပြီ ထင်တယ်၊ ဟား ဟား ဟား"

"အဲ- ဟုတ်ပါတယ်၊ ဖြည်းဖြည်းပါ ဆရာရယ်၊ သုံးဆောင်ပြီးမှ လုပ်ငန်းစဉ်ကြတာပေါ့"

"ကဲပါ၊ နောက်တာပါ၊ ဘာသိ ချင်တာလဲဆိုတာ ပြောပေတော့"

"ဟုတ်ကဲ့၊ ဒီတစ်ခါသိချင်တာက အရောင်းအဝယ်၊ အဲဒီ နှစ်မျိုးထဲက ပထမ ရောင်းမထွက်တဲ့ကုန်ပစ္စည်းတွေ ရောင်းထွက်တဲ့နည်း လိုချင်တယ်၊ ပြီးတော့ ကုန်ပစ္စည်းတွေ ဝင်လာအောင် လုပ်ချင်တယ်၊ ဒါပဲဆရာ"

"က ဒါဆို စကြစို့၊ ဒီတစ်ခါ ကုန်ရောင်းထွက်စေတဲ့ (စာမ) အင်းပညာရပ်နဲ့ ရောင်းတဲ့နေရာမှာ လုပ်ကြရအောင်"

"ဩော် - ပညာလား ဆရာဆန်း"

"ဟုတ်တယ်၊အထွက်စာမ၊ အဝင်စာမ ဆိုတာနဲ့ အဲဒီရောင်းမထွက် ခက်ခဲနေတဲ့ နံသင့်ပစ္စည်းတွေကို အမြန်ရောင်းထွက်ဖို့ ဝင်လာဖို့ လုပ် တာပေါ့"

"ကဲ- ဒါဆို မှတ်ပါရစေခင်ဗျာ၊ ရေးပါ့မယ်"

"မှတ်တာတော့ ဟုတ်ပါပြီ၊ အခုဟာက အင်္ဂါဝိဇ္ဇာတိုင်နဲ့လည်း တိုက်ရိုက်ပတ်သက် ဆက်နွယ်နေတာ အင်္ဂါဝိဇ္ဇာကို အထူးဂရုစိုက်ပြီး ကြည့်ရမှာ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် လေ့လာထားပါတယ်၊ ကြိုးစားပါ့မယ်၊ နားလည်အောင်"

"ကောင်းပြီ၊ ဒါဆို စကြစို့။

တနင်္ဂနွေနံကုန်ပစ္စည်း ဝင်လာစေလိုသော် တနင်္ဂနွေတိုင် အပေါ်သုံးလုံး အဝင်စာမနှင့် ၁-နွေနံ အဝင်စာမကို စက္ကူမှာချ၊ ရောင်းဝယ်သည့်နေရာ ဆောင်ထားပါ။

လယ်ယွန်ဝန်းမဂ္ဂဇင်း (ဖေဖော်ဝါရီလ၊ ၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com

အ	သ
က	ပ

အ- တနင်္ဂနွေနံ့အဝင်စာမ၊
သ- သောကြာနံ့အဝင်စာမ၊
က- တနလ်ာနံ့အဝင်စာမ၊
ပ- ကြာသပတေးနံ့အဝင်စာမ

တနလ်ာနံ့ကုန်ပစ္စည်းများ ဝင်လာစေလိုသော် တနလ်ာတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် တနလ်ာနံ့အဝင်စာမကို ပုံအတိုင်းရေး၍ ရောင်းဝယ်သည့်နေရာတွင် ဆောင်ပါ။

က	တ
စ	သ

က- တနလ်ာနံ့အဝင်စာမ
တ- စနေနံ့အဝင်စာမ
စ- အင်္ဂါနံ့အဝင်စာမ
သ- သောကြာနံ့အဝင်စာမ

အင်္ဂါနံ့ကုန်ပစ္စည်းများ ဝင်လာစေလိုသော် အင်္ဂါတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် အင်္ဂါအဝင်စာမကို စက္ကူမှာရေး၍ ရောင်းဝယ်ရာ၌ ဆောင်ပါလေ။

စ	အ
ယ	ဟ

စ- အင်္ဂါနံ့အဝင်စာမ်
အ- တနင်္ဂနွေနံ့အဝင်စာမ
ယ- ဗုဒ္ဓဟူးနံ့အဝင်စာမ
တ- စနေနံ့အဝင်စာမ

ဗုဒ္ဓဟူးနံ့ကုန်ပစ္စည်းများ ဝင်လာစေလိုသော် ဗုဒ္ဓဟူးတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် ဗုဒ္ဓဟူးနံ့ အဝင်စာမတို့အား ပုံအတိုင်းရေး၍ ရောင်းဝယ်ရာနေရာ၌ ဆောင်ထားပါလေ။

ယ	က
ပ	အ

ယ- ဗုဒ္ဓဟူးနံ့အဝင်စာမ
က- တနလ်ာနံ့အဝင်စာမ
ပ- ကြာသပတေးအဝင်စာမ
အ- တနင်္ဂနွေအဝင်စာမ

ကြာသပတေးနံ့ ကုန်ပစ္စည်းများ ဝင်လာစေလိုသော် ကြာသပတေးတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် ကြာသပတေးနံ့ အဝင်စာမတို့အား ပုံအတိုင်း စက္ကူတွင်ရေး၍ ရောင်းဝယ်ရာနေရာတွင်ဆောင်ပါ။

ပ	စ
သ	က

ပ- ကြာသပတေးနံ့အဝင်စာမ
စ- အင်္ဂါနံ့အဝင်စာမ
သ- သောကြာနံ့အဝင်စာမ
က- တနလ်ာနံ့အဝင်စာမ

"ကဲ- ဒီအထိပြထားတာ ရှင်းရဲ့လား၊ ကျွန်ိယာလိတာကြီး"

"ရှင်းတော့ရှင်းတယ်၊ မရှင်းသေးဘူး"

"ဟင်- ဘယ်လို မရှင်းတာလဲဟ"

"ဆရာ ဆက်ပြပါဦး၊ ပြီးတော့ ပြောပါ့မယ်ခင်ဗျ"

သောကြာနံ့ကုန်ပစ္စည်းများဝင်လာစေလိုသော် သောကြာတိုင် အပေါ် သုံးလုံး အဝင်စာမနှင့် သောကြာနံ့အဝင်စာမကို ပုံအတိုင်း စက္ကူတွင်ရေး၍ ကုန်ရောင်းဝယ်ရာနေရာတွင်ဆောင်ပါ။

သ	ယ
တ	စ

သ- သောကြာနံ့အဝင်စာမ၊
ယ- ဗုဒ္ဓဟူးနံ့အဝင်စာမ၊
တ- စနေနံ့အဝင်စာမ၊
စ- အင်္ဂါနံ့အဝင်စာမ၊

စနေနံ့ကုန်ပစ္စည်းများ ဝင်လာစေလိုသော် စနေတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် စနေနံ့အဝင်စာမကို စက္ကူမှာ ရေး၊ ရောင်းဝယ်ရာ နေရာမှာ ဆောင်။

တ	ပ
အ	ယ

တ- စနေနံ့အဝင်စာမ၊
ပ- ကြာသပတေးနံ့အဝင်စာမ၊
အ- တနင်္ဂနွေနံ့အဝင်စာမ၊
ယ- ဗုဒ္ဓဟူးနံ့အဝင်စာမ၊

"ပြဆိုခဲ့ပြီးသား အင်းတွေကို ရွှေပြား၊ ငွေပြား၊ နံသင့်သစ်သားတွေမှာ ရေးပြီးလည်း ဆောင်နိုင်တယ်လို့ ဆရာတော်ကြီးက မိန့်ခဲ့တယ်"

"ဟုတ်ကဲ့၊ ကောင်းလိုက်တာဆရာ၊ ဆက်ပါဦး"

"မင်းမရှင်းသေးတာ ငါရှင်းပြမယ်၊ နောက်ဆုံး စာမကြိုကြည့်၊ စနေနံ့ကုန်ပစ္စည်းဝင်လာဖို့ စနေတိုင်အပေါ် သုံးလုံး အဝင်စာမနှင့် စနေနံ့အဝင်စာမလို့ ပြတယ်၊ ကဲ- စနေတိုင်ထုလိုက်"

"ဟုတ်ကဲ့ ထူပါပြီ"

၄ - ယ
၁ - အ
၅ - ပ
၇
၃
၆
၂

"ကဲ- တွေ့ရဲ့လား၊ အပေါ် သုံးလုံးအဝင်စာမတွေ၊ ကျွန်တဲ့တိုင်တွေလည်း အဲဒီလိုယူပုံ ပြထားတယ်၊ ရှင်းအောင် တစ်လုံးချင်း ရေးပြထားတယ်၊ အင်္ဂဝိဇ္ဇာကို နားမလည်သူသော်မှ ဒါကို သဘောပေါက်မှာပါ။

နောက်ဆုံး ဘာမှ သဘောမပေါက်ပါဘူး ဆရာရယ်ဆိုရင်တောင်အေး- နေ့အလိုက် အဆောင်တွေကို ကူးရေးပြီး ဆောင်ဟေ့ဆိုလည်း ထိတာပဲလေ"

"ဟုတ်ပါတယ်- ဆရာ၊ ရှင်းပါတယ်ခင်ဗျ၊ စာဖတ်ပရိသတ် ပိုရှင်းအောင် ဆရာရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"အေး- သူတို့က ထမင်းရှင်တွေကိုးဟ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ တစ်ခုကျန်သေးပို့လား ဆရာ"

www.burmeseclassic.com

"ဟုတ်တယ်၊ ရောင်းထွက်စေတဲ့ ပညာခန်း ပြကြဦးစို့၊ ဒီတစ်ခါတော့ အကုန်ရှင်းပြစရာ မလိုတော့ဘူးလေ"

တနင်္ဂနွေနဲ့ကုန်ပစ္စည်းများရောင်းထွက်စေလိုသော် တနင်္ဂနွေတိုင် အပေါ်သုံးလုံး အထွက်စာမနှင့် တနင်္ဂနွေ အထွက်စာမကို စက္ကူမှာရေး၍ ရောင်းဝယ်ရာနေရာတွင် ဆောင်ပါလေ။

သြ	ဋ
ဂ	၆

သြ- တနင်္ဂနွေအထွက်စာမ၊
ဋ- သောကြာအထွက်စာမ်
ဂ- တနလ်အထွက်စာမ၊
မ- ကြာသပတေးအထွက်စာမ၊

တနလ်နဲ့ကုန်ပစ္စည်းများရောင်းထွက်စေလိုသော် တနလ်တိုင်အပေါ် သုံးလုံး အထွက်စာမနှင့် တနလ်အထွက်စာမအား စက္ကူတွင်ချဆောင်လေ။

ဂ	ဏ
ည	ဋ

ဂ- တနလ်နံအထွက်စာမ၊
ဏ- စနေနံအထွက်စာမ၊
ည- အင်္ဂါနံအထွက်စာမ၊
ဋ- သောကြာနံအထွက်စာမ၊

အင်္ဂါနံရောင်းကုန်ပစ္စည်းများရောင်းထွက်စေလိုသော် အင်္ဂါတိုင်အပေါ် သုံးလုံးအထွက်စာမနှင့် အင်္ဂါနံအထွက်စာမတို့အား စက္ကူတွင်ရေးဆောင်ပါ။

ည	သြ
ဝ	ဏ

ည- အင်္ဂါနံအထွက်စာမ၊
သြ- တနင်္ဂနွေအထွက်စာမ၊
ဝ- ဗုဒ္ဓဟူးနံအထွက်စာမ၊
ဏ- စနေနံအထွက်စာမ၊

ဗုဒ္ဓဟူးနံရောင်းကုန်ပစ္စည်းများရောင်းထွက်စေလိုသော် ဗုဒ္ဓဟူးတိုင် အပေါ် သုံးလုံးအထွက်စာမနှင့် ဗုဒ္ဓဟူးနံ အထွက်စာမကို စက္ကူမှာရေး၍ ရောင်းဝယ်ရာတွင်ဆောင့်ပါလေ။

ဝ	ဂ
မ	သြ

ဝ- ဗုဒ္ဓဟူးနံအထွက်စမ၊
ဂ- တနလ်နံအထွက်စမ၊
မ- ကြာသပတေးနံအထွက်စမ၊
သြ- တနင်္ဂနွေနံအထွက်စမ၊

ကြာသပတေးနံရောင်းကုန်ပစ္စည်းများ ရောင်းထွက်စေလိုသော် ကြာသပတေးတိုင် အပေါ် သုံးလုံးအထွက်စာမနှင့် ကြာသပတေးအထွက်စာမ္ဘကို စက္ကူမှာရေး၍ ရောင်းဝယ်ရာနေရာ၌ဆောင်ပါလေ။

ဓ	ည
ဋ	ဂ

မ- ကြာသပတေးနံ အထွက်စာမ၊
ည- အင်္ဂါနံအထွက်စာမ၊
ဋ- သောကြာနံအထွက်စာမ၊
ဂ- တနလ်နံအထွက်စာမ၊

သောကြာနံရောင်းကုန်ပစ္စည်းများရောင်းထွက်စေလိုသော် သောကြာတိုင်အပေါ် သုံးလုံးအထွက်စာမနှင့် သောကြာအထွက်စာမအား စက္ကူတွင်ရေး၍ ရောင်းဝယ်ရာ၌ဆောင်ပါလေ။

ဋ	ဝ
ဏ	ည

ဋ- သောကြာနံအထွက်စာမ၊
ဝ- ဗုဒ္ဓဟူးနံအထွက်စာမ၊
ဏ- စနေနံအထွက်စာမ၊
ည- အင်္ဂါနံအထွက်စာမ၊

စနေနံ ရောင်းကုန်ပစ္စည်းများရောင်းထွက်စေလိုသော် စနေတိုင် အပေါ် သုံးလုံး အထွက်စာမနှင့် စနေနံအထွက်စာမကို စက္ကူတွင်ရေး၍ဆောင်။

ဏ	မ
သြ	ဝ

ဏ- စနေနံအထွက်စာမ၊
မ- ကြာသပတေးနံအထွက်စာမ
သြ- တနင်္ဂနွေနံအထွက်စာမ၊
ဝ- ဗုဒ္ဓဟူးနံအထွက်စာမ၊

"ကဲ- ကိုစိုးနိုင်၊ ဒီတစ်ပတ် ကုန်ရောင်းထွက်စေတဲ့ အထွက်စာမအင်း၊ ကုန်ဝင်လာစေတဲ့ အဝင်စာမအင်းတွေကို သေသေချာချာ ရှင်းရှင်းလင်းလင်း ပြလိုက်ပြီ ရှင်းရဲ့လား"

"အို- ဆရာရယ်၊ အင်္ဂဝိဇ္ဇာမသိတဲ့လူတွေတောင် ရှင်းလောက်ပါတယ်၊ ဆရာ့ဆောစ်းပါး- စောင့်ဖတ်နေတဲ့ အရောင်းအဝယ်သမားတွေ အဆင်ပြေသွားပြီဗျာ"

"အေး- အများအတွက် အကျိုးတစ်ခုခုရသွားမယ်ဆိုရင် တို့ရေးရက္ခိုးနပ်ပြီပေါ့၊ ပြီးတော့ ဆရာတော်ကြီးရဲ့ ဉာက်ပဋိဘာန်ကိုလည်း ပူဇော်ရာရောက်တော့တာပဲဟေ့"

"ကဲ- ဆရာဆန်း၊ ကျွန်တော်တို့ ရောင်းထွက်ဖို့ ဝင်လာဖို့ကိစ္စ လုံးပမ်းနေရတာနဲ့ပဲ ဟောဒီမှာ ကော်ဖီမစ်တွေ မသောက်ရသေးဘူးဗျာ၊ သောက်ကြဦးစို့"

"ကောင်းပြီ၊ မြန်မြန်ဖော့၊ ဗေဒင်မေးတွေလာတော့မယ်၊ မသောက်လိုက်ရဘဲ နေဦးမယ်"

"ဟုတ်ကဲ့၊ ဖော့်ပြီ ဆရာရေ၊ ဖော့်ပြီ"

"အေး- သောက်ကြစို့ဟေ့ မြန်မြန်"

ဆန်းဝင်း(အောင်မြေ)

ကျမ်းကိုး

ဗေဒင်ခေါင်းဆောင်ကျမ်း။
အင်္ဂဝိဇ္ဇာ ပ၊ ဒု၊ တ။

❑

www.burmeseclassic.com

www.burmeseclassic.com

ဖဲကောင်ချိုး

ဒေါ်စောတို့ ဖဲဝိုင်းတစ်ဝိုင်းဖွင့်ပေးမယ်

၁၀၅၆ အတပ်ပြည့်သည်	၈၄၅၂ ရင်တစ်မှန်ကြာ	၃၈၆၅ နွယ်ရောင်သွေ့ ပြင့်
၆၄၃၁ သုံးလီစိုးအုပ်		၄.၆၂၀ ဝိုက်သိုင်းကြံတွေ့
၈၃၀၂ ရဲမြီးထုပ်ကို	၅၂၁၃ မြဲကုတ်အစု	၀၁၈၄. ထက်ဉာဏ်ပိုင်း

လပြည့်ဝန်းမဂ္ဂဇင်းသို့ အပတ်စဉ် (လစဉ်) ဆေးဆောင်းပါးများနှင့် သားလျက်ရှိရာ ယခုလည်း လာမည့်လအတွက် ဆောင်းပါးတစ်ခုအား စာဖတ်ပရိသတ်အကျိုးများစေရန် ရွေးချယ်ရေးသားရန် စီစစ်နေစဉ်။

"ဗျို့- ဆရာကျော်၊ ရောက်ပြီလား"

"အာ- စောလှချည်လား မင်းသီဟရာဇာ ဂျူနီယာ လီတာကြီးရဲ့"

"လုပ်ပြန်ပြီ ဦးလေးငပု ဆိုတာမျိုး လုပ်ပြန်ပြီ"

"အဲ- မေသွားလို့ဗျာ၊ ကိုစိုးနိုင်ရေ စောလှချေလား၊ ဒီနေ့ကျွန်ုပ်ရှင်ပြစရာမရှိဘူးလား"

"ဟုတ်ပါ့၊ ဆရာ့ဆီကနေပြီးရင် ဆရာဆန်းဝင်း(အောင်မြေ)ဆီ သွားရဦးမှာ၊ ဒါကြောင့် စောစောလာတာဗျား"

"ကဲ- လက်ဖက်ရည်မှာ၊ ကျွန်တော်လည်း မသောက်ရသေးဘူးလေ"

"အခုပဲ လာရင်း မှာခဲ့ပြီးပါပြီ"

လက်ဖက်ရည်များ သောက်ပြီးကြသောအခါ-

www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါ ဆရာ ဟို အခုကြွင်းအလိုက် ဓာတ်စာပေးပုံ လိုချင်ပါတယ်၊ အဲဒါ အခုကြွင်းအတိုင်း ရှင်းရှင်းလင်းလင်း မှတ်လိုပါတယ် ဆရာကျော်ရေ"

"ကြာမှုန်ဝတ်ရင့်၊ အတင့်ဖြည့်သည်၊ သုံးလီစိုးအုပ်၊ ရဲစွမ်းထုပ်ကို၊ မြဲကုတ်အစု၊ ထက်ဥရေလှိုင်း၊ ဝိုက်သိုင်းကြဲတွေ့၊ စွယ်ရောင်သွေ့ဖြင့်။

အဆိုအလင်္ကာအတိုင်း ဂဏန်းလေးလုံးစီ လေးလုံးစီ တနင်္လာဂြိုဟ်တည်ရာအရှေ့အရပ်ခွင်ကစပြီး လက်ဝဲရစ်ချရမယ်၊ ရှင်းရဲ့လား"

"ရှင်းပါတယ် ဆရာ၊ ဘေးနားက စာလေးတို့မှတ်ထားတယ်"

"အဲ- မိမိတွက်လိုတယ်ဆိုရင် ရောက်သက်ကို တည်၊ ရှစ်ခုနဲ့ စား၊ အကြွင်းအတိုင်း တနင်္လာဂြိုဟ်တည်ရာအရှေ့အရပ်ကစ လက်ဝဲရစ်ရေကြည့်၊ ကျတဲ့နေရာ (စန်း)သုဉ်းတယ်လို့ ခေါ်တယ်၊ အဲဒီကျရာစန်းသုဉ်းတဲ့ အခွင်လို့ ကြက်ခြေခတ်ပြမှတ်ထား၊ အဲဒီခွင်အရ လူနာဟာအပဓာတ်ပျက်သည်၊ အတွင်းဓာတ်ပျက်သည်၊ သိလိုသော် ၎င်းစန်းသုဉ်းသော ဂြိုဟ်ခွင်သည် ပါပဂြိုဟ်ခွင်ဖြစ်အံ့ 'အောင်-စံ-နန်း-ရ" အပ ဓာတ်ဆိုသည့်အတိုင်း အပဓာတ်ပြယ်၏ ဟူ၍ မှတ်ရပါမည်။

သောမဂြိုဟ်ခွင်ဖြစ်အံ့ ၂. ၆. ၅. ၄ ကြင်. သူ. မ. လတ် အတွင်းဓာတ်ဆိုသည့်အတိုင်း အတွင်းဓာတ်ပျက်၏ဟု မှတ်ယူရပါမည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်လေးပါးတို့တွင် မည်သည့်ဓာတ်ပျက်သည် သိလိုသော် ကြာမှုန်ဝတ်ရင် စသည်၌ အစဂဏန်းနှင့် အဆုံးဂဏန်းကို ထောက်၍ကြည့်။

၁. ၆ ဦးသာ ကျသော် (ဦးသာဝါယော) ဆိုသည့်အတိုင်း ဝါယောဓာတ် ပျက်၏ဟု မှတ်ရပါမည်။ ၃. ၅ စိန်ပန်းကျသော် (စိန်ပန်းပထဝီ) ဆိုသည့်အတိုင်း ပထဝီ ဓာတ်ပျက်၏ဟု မှတ်ပါလေ။

၇. ၄ ဒန်းလှကျသော် (ဒန်းလှအာပေါ)ဆိုသည့်အတိုင်း အာပေါဓာတ်ပျက်၏ဟုမှတ်။ ၂. ၈ ကိုရှာ ကျသော် (ကိုရှာတေဇော) ဆိုသည်နှင့်အညီ တေဇောဓာတ် ပျက်တယ်မှတ်။

ဓာတ်စာပေးလိုသော် ဂဏန်းလေးလုံးရှိသည့်အနက် အစ-အဆုံးကိုရှောင်၍ အလယ်နှစ်လုံး အစာရသော်လည်းကောင်း၊ ၎င်းနှစ်လုံးဖြင့် အိမ်ထောင်ဖက်မိတ်ဖြစ်သော်လည်းကောင်း ပေးရာ၏။ လက္ခဏာနှင့်တကွ ဓာတ်စာပေးပုံ တွက်ပုံတို့ကို အောက်ပါသံပေါက်လင်္ကာအတိုင်း ကြည့်ရှုပေးရပါမည်။

"အင်း- ပညာခန်းဝင်လာပြီ ဆရာကျော်၊ သတိမလွတ်အောင် သေသေချာချာမှတ်ရတော့မယ်ဗျား"

"မှတ်တာပေါ့၊ ထိရောက်တဲ့ အပိုင်း ရောက်လာပြီ၊ ကဲ ရေး"

"ဆရာ၊ လင်္ကာတွေနဲ့ အပိုင်းလိုက် ပြသွားရမှာလား"

"ဟုတ်တယ်၊ ရှင်းသွားတာပေါ့"

(၁)ခုကြွင်း

(၂. ၅. ၄. ၈) ကြာမှုန်ဝတ်ရင့်

- အသက်တည်ထား ရှစ်ခုစား၊ ကြွင်းငြား တစ်ခုမှာ၊
- တနင်္လာစန်းသုံး မြဲမှတ်ကျူး ညံ့ဦးပါစကား၊
- အာဟာရဓာတ် မကျေနပ်၊ ရင်ကျပ် ဖျို့အန်ရာ၊
- အတွင်းတေဇအပျက်ကျ၊ ဝါတအုပ်စိုးတာ၊
- လည်ချောင်းခံတွင်း ခါးဘီခြင်းဖြစ်ရင်းလက္ခဏာ (လက္ခဏာပြီး)
- စန်းကျအကြိုက်၊ ပေးပုံဆိုက်ပါလိမ့်လေ၊
- ပေမြစ်၊ ပေါက်မြစ်၊ လဲလှမြစ်၊ သွေးလစ် ဆန်ဆေးရည်၊
- လိမ်းကြ၊ သုတ်ကြ၊ ခိုးတေဇ ပေါ်က ချမ်းသာပေ၊
- ငါးပတ်သားခြောက်၊ ထည့်ကာလှော်၊ ဟင်းသောက်ပြည်ပန်းရွှေ
- ဆိတ်သား၊ ဆီးသီး၊ ဖက်ခါမျိုးမငြီး ကျွေးတို့ပေ၊
- လဲလှညီရွက်၊ ငါးထွေဖက်၊ ဟင်းချက်နည်းတစ်ထွေ၊
- ရွက်ဒန့်သလွန်၊ ငါးထွေမွန်၊ မလွန်ပေးကြစေ၊
- သုံးရက်ခြောက်နပ်၊ ပေးတဲ့လတ်၊ ကင်းပြတ်ရောဂါထွေ၊

(၂)ခုကြွင်း

(၁. ၇. ၅. ၆) အတင့်ဖြည့်သည်

- နှစ်ခုကြွင်းလေ တနင်္ဂနွေ မသွေခန်း သုံးမှတ်။
- သားရေအကြား လေမသွား၊ သွေးအားမလျှောက်ဝပ်၊
- မသွားပေနိုင်၊ တယိုင်ယိုင်၊ သားစိုင် ထုံကျင်တတ်၊
- အုပ်စိုးပထဝီ၊ အပမီ၊ ပျက်သည်ဝါယောဓာတ်၊ (လက္ခဏာပြီး၏)
- စန်းကျအကြိုက်ပေးပုံဆိုက်၊ ဆိုလိုက်ပါလိမ့်လေ၊
- တမာဝါရွက်၊ လက်ဖက်၊ လက်ထုတ်၊ ရွက်ကိုသုပ်၊ မယုတ်ကျွေးတို့ပေ၊
- မဲဇလီနှောက်၊ ငါးပတ်ခြောက်၊ ပျောက်အောင်ကျွေးကြစေ၊
- ဆိတ်နို့တထောက်၊ ချိုချိုသောက်၊ ခြောက်နပ်သုံးရက်ပေ။ (ဓာတ်စာပေးပြီး)

(၃)ခုကြွင်း

(၆. ၄. ၃. ၁) သုံးလီစိုးအုပ်

- သုံးခုကြွင်းလာ၊ သောကြာစန်းသုဉ်း၊ နာရောက်သုံး၊ မှတ်ဦးသည်တစ်ရပ်၊
- အတွင်းဝါဓော၊ နီးပါးမြေ၊ ခိုင်လေ၊ ပထဝီဓာတ်၊
- ဝမ်းရေးတောင့်မာ၊ ဖြစ်[illegible]ရာ၊ လက္ခဏာကိုမှတ်။ (လက္ခဏာပြီး၏)
- စန်းကျအကြိုက်ပေ၊ ပုံဆိုက်၊ ဆိုလိုက်ပါလိမ့်လေ၊
- တမာလက်ဖက်၊ ဆူးပုပ်ရွက်၊ မပျက်ပုံလုံပေ။
- သုံးရက်ခြောက်နပ် ပေးပုံ[illegible] ကင်းပြတ်ရောဂါထွေ။ (ဓာတ်[illegible]ပြီး)

www.burmeseclassic.com

www.burmeseclassic.com

(၄)ခုကြွင်း

(စ. ၃. ၇. ၂) သုံးလီစိုးအုပ်

- အကြွင်းလေးခု စန်းရာဟု သုဉ်းမှု လက္ခဏာ၊
- ကိုယ်သားကိုယ်ရေ အေးမြခြေရေလိုစက်စက်ပါ၊
- ဝါယောလေဓာတ်၊ အုပ်စိုးတပ်ပျက်လတ်၊ ပတေဒေ(လက္ခဏာပြီး၏)
- စန်းကျအကြိုက်၊ ပေးပုံဆိုက်၊ ဆိုထိုက်ပါလိမ့်လေ၊
- ဆီး(ဒိ)နှင့်မရန်း၊ တစ်ခန်း မန်ကျည်း၊ ပင်စိမ်းမှိ။ တသီးနံနံပေ၊
- ထန်းရည်၊ ကလော်၊ တစ်ဖော်လဲလှူ၊ ဝါရွက်ယူ၊ထောက်ကူပေးကြလေ၊
- သုံးရက်ခြောက်နပ်၊ ပေးတုံလတ်၊ ကင်းပြတ်ရောဂါထွေ၊ (ဓာတ်စာပြီး၏)

(၅)ခုကြွင်း

(၅. ၂. ၁၀. ၃) မြဲတုတ်အစု

- ငါးခုကြွင်းလာ၊ ကြွက်မင်းမှာ၊ စန္ဒြာ အသုဉ်းမှတ်၊
- အတွင်းပထဝီ၊ ယုတ်ညံ့ပြီ၊ စိုးသည် အာပေါဓာတ်၊
- ခါးကိုက်ကျောအောင့်၊ ထုကျည်းမှောင့်၊ ဖြောင့်ဖြောင့် မသွားတတ်၊ (လက္ခဏာပြီး၏)
- စန်းကျအကြိုက်၊ ပေးပုံဆိုက်၊ ဆိုလိုက်ပါလိမ့်လေ၊
- ငါးခုငါးကြောင်း၊ ရွက်ကြာဟင်း၊ ပေးသွင်းကုမလေ၊
- ရှောက်ချီး ထန်းလျက်၊ အုန်းဆံ၊ ယင်းနှစ်တန်၊ စားရန်ရှေးနည်းဓမ၊
- သင်္ဘောသီးမှည့်၊ ချိုမြည့်မြည့်၊ ပေးဘိဘယ်မသွေ၊
- သုံးဖက်၊ ခြောက်နပ်၊ ပေးတုံလတ်၊ ကင်းပြတ်ရောဂါထွေ၊ (ဓာတ်စာပေးပြီး)

(၆)ခုကြွင်း

(၇. ၁. ၈. ၄) ထက်စုရေလှိုင်း

- အကြွင်းခြောက်ထွေ၊ နန်းစနေ၊ စန်းငွေသုဉ်းသည်ပ၊
- ပအာပေါဖွက်၊ တေဇော်စွက်၊ ပူလျက်သားရေကြွေ၊
- ခြောက်သွေ့ကိုယ်မှာ၊ ချွေးမလာ၊ ပဓာဖွတ်ထွေးမှု
- ကြွင်းတစ်ခဲတစ်မာ၊ လတ္တဏာ သူနာဂိလာန်၊ (လက္ခဏာပြီး)
- စန်းကျအကြိုက်၊ ပေးပုံဆိုက်၊ ဆိုလိုက်ပါလိမ့်လေ၊
- အုန်းရည်ကြဲသွေး၊ ဖက်၍ပေး ပျောက်ရေးမခက်ပေ၊
- သာပွတ်ခါးရွက်၊ ငါးသိုင်းစွက်၊ ဟင်းချက်နည်းတစ်ထွေ၊
- ဖရဲ ခဲယို ထန်းရည်ချို သောက်မှီ ကြံအရည်၊ (ဓာတ်စာပြီး)

(၇)ခုကြွင်း

(၄. ၆. ၂. ၇) သုံးလီစိုးအုပ်

- ကြွင်းခုနစ်ဦး ဗုဒ္ဓဟူး မှတ်ဉီးစန်းသူည၊
- တွင်းအာပေါယုတ်၊ သွေးကဆုတ်၊ စိုးအုပ်ဓာတ်တေဇ၊
- လည်ချောင်းတစ်ဖြာ၊ လျှာဇီတ္တ၊ အနာဖြစ်တတ်လှ၊
- ကျင်ငယ်သလိပ်၊ ခွေးကပိတ်၊ ပူဟိတ်၊ အဖျားကြွ၊ (လက္ခဏာပြီး)
- စန်းကျအကြိုက် ပေးပုံဆိုက်၊ ဆိုလိုက်ပါလိမ့်လေ၊
- သလဲသီးခွံ သွေးဆေးပွန်၊ မလွန်သွင်းကြေ၊
- ဩဇာမှည့်သီး၊ ကျွဲနို့မှီး၊ တသီးကြံရည်၊
- ရှောက်ချီး ကြံသွေး၊ ဖက်၍ပေး ပျောက်ရေးလျှင်မသွေ။ (ဓာတ်စာပြီး)

သုညကြွင်း

(၃. စ. ၆. ၅) စွယ်ရောင်သွေ့ဖြင့်

- သုညကြွင်းလှာ၊ ဂြိုဟ်အင်္ဂါ၊ မှတ်ပါစန်းသုဉ်းတည်း၊
- ပထဝီ. ပ. ဥပ်. ရေဓာတ်အုပ်၊ ညှိုးပုပ်ခြေလက်သည်း၊
- ဆံမွေးညှိုးနွမ်း၊ သားရေကြမ်း၊ ပုလွမ်းချွေးယိုစီး။ (လက္ခဏာပြီး)
- စန်းကျအကြိုက် ပေးပုံဆိုက် ဆိုလိုက်ပါလိမ့်လေ။
- လိမ္မော်၊ရှောက်သီး၊ထန်းလျက်မှီး မငြီးစားတို့ပေး။
- ကျောက်ဖရဲနှယ် သကြားကျို ချိုချိုသုံးကြစေ။
- ငါးသိုင်း၊ သပွတ်ခါး၊ ဟင်းချက်စား မမှားနိုင်ပါပေ။
- အုန်းထမင်းထောပတ်၊ စားစေလတ် ခြောက်နပ်သုံးရက်ပေ။ (ဓာတ်စာပြီး)
- ပြိုတ်ရွှဲခွင်မှာ၊ စန္ဒြာ စီးလာအနာဖြစ်။
- အမျိုးလေးပါး၊ သိစေသား၊ နေသားဆိုအနှစ်။
- လက္ခဏာစုံ၊ ဓာတ်ပေးပုံ၊အကုန်ဖော် ကာလှစ်။
- ပိုင်စွန်နံရွာ၊ ထေရ်မဟာ၊ စေတနာဝင်း သစ်သစ်။
- နှုတ်ငုံဆောင်ကာ၊ ပေးကြပါ၊ များစွာတပည့်ချစ်။

"ကဲ- ကိုစိုးနိုင်ရေ"

"ဟုတ်ကဲ့ ဆရာကျော်၊ အမိန့်ရှိပါဗျား"

"အခုရေးခဲ့တာတွေ ရှင်းရှင်းလင်းလင်း သဘောကောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဆရာရယ်.. လက်နဲ့ ရှင်းအောင်ပြတဲ့ဟာကို"

"ဟုတ်ပြီ ယခုတစ်ပတ် ဓာတ်စာအခန်း ဒီမှာရပ်ကြစို့"

"ဟုတ်ကဲ့"

"နောက်အပတ်တော့ ဓာတ်ခိုက်ဖြေပုံကို ရေးကြမှတ်ကြစို့၊ ဟုတ်ပြီလား ကိုစိုးနိုင်"

"ဟုတ်ကဲ့ ဆရာ၊ ကောင်းပါတယ်၊ ဒါကိုကျေအောင် လေ့လာလိုက်ပါဦးမယ် ဆရာ၊ နော်"

"ကောင်းပါပြီ၊ ကဲ ရေနွေးခါးခါးလေး သောက်လိုက်ပါဦး"

"ကောင်းပါပြီ ဆရာ"

အောင်ကျော်ဦး(ရွှေဇော်)

ကျမ်းကို- ဗေဒဟူ(ဆေးလောကမှ)

နှုန်းဆစုတော်၊ အမှတ်(၁၀) လမ်းမြောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

သူယေ်ချင်းမိုးအတွက် လာဘ်မိုးရွာစေတဲ့ ကျင့်စဉ်

နတ်မျက်စိ

ဆရာအောင်စိုး

သူမရဲ့ နာမည်အပြည့်အစုံက မခင်ခင်မိုး၊ မော်လမြိုင်သူမို့ ဖြူဖြူပြည့်ပြည့်ပေါ့။ ငယ်တုန်းက သူမတို့ ရပ်ကွက်မှစကြာဝတ်အသင်းမှာ ဝတ်အသင်းသူအဖြစ် တွေ့ရပါသည်။ သဘောကောင်းသူဟု အသိအမှတ်ပြုခြင်း ခံရသည်။ လူတန်းစား မခွဲခြားတဲ့ ခင်မင်ဆက်ဆံတတ်သူပါ။

ခင်ခင်မိုးနှင့် ပတ်သက်ပြီး မိုးစာလုံးနှင့် နောက်ပိတ်မှည့်ထားသော အမျိုးသမီးတွေမှာ . . .

- လက်ဖွာတတ်၏။
- သတ္တိရှိ၏။
- စိတ် မြန်တတ်၏။
- ငယ်စဉ်က အနာတရရခြင်း၊ အဆိပ်တက်ခြင်း ဖြစ်တတ်၏။
- ကျောင်းသူဘဝတွင် ထင်ပေါ်ခြင်းရှိတတ်၏။
- လူတန်းစားမရွေး ပေါင်းသင်းတတ်ခြင်းကြောင့် ခင်မင်သူ ပေါများ၏။
- ဘာသာရေး အားကောင်းတတ်၏။
- အနုပညာလုပ်ငန်းတွင်လည်း အောင်မြင်တတ်၏။
- မိဘ မောင်နှမများရဲ့ ဂုဏ်ယူစရာ အောင်မြင်မှု၊ တတ်ကျွမ်းမှု အရည်အချင်းတစ်ခုခု ရှိတတ်၏။
- တစ်ခါတစ်ရံ မာဆတ်ဆတ်ပုံစံ ရှိသော်လည်း စိတ်ရင်းကောင်းသူများ ဖြစ်၏။
- ပညာရေးမှာ အဆင့်မြင့်အုပ်စုထဲမှာ ပါဝင်တတ်၏။
- စေ့စပ်သေချာသော်လည်း ငွေမမြဲတတ်ပါ။
- မြို့နေလူတန်းစား ဖြစ်ပါက ရွှေမရှား၊ ငွေမရှားပါ။
- အိမ်ထောင်ဖက်ကောင်း ရတတ်၏။
- အသက် ၅၀-၆၀ တွင် ခွဲစိတ်မှု ကြုံရတတ်သည်။
- အသက် ၄၀-၅၀ တွင် စီးပွားအတက်ဆုံးအချိန် ဖြစ်သည်။
- ဂန္ဓိရပညာရပ်ကို စိတ်ဝင်စားတတ်၏။
- ရုပ်ရည်လှပသူတို့မှာ သိုက်ဆက်၊ ပဌာန်းဆက် တစ်ခုခုနှင့် နွယ်တတ်၏။
- သားသမီးနည်းသော်လည်း ထူးချွန်သောရင်သွေးရတတ်၏။

စသည့် မိုးစာလုံးနှင့် အဆုံးသတ်နာမည်တို့ကို တွေ့ကောရင်း မိုးနှင့် ဆိုဖြစ်သော မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရှမ်းစုရပ်ရဲ့ တန်ဆောင်မုန်းလပြည့်နေ့ စတုဒိသာမဏ္ဍပ်တွင် ဦးဆောင်နေသည့် သူမရဲ့ ပြောစကားကို ပြန်လည်စဉ်းစားမိ၏။ သူမမှ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဆရာအောင်စိုးရေ၊ ကျွန်မ ဒိုင်းဝန်ကွင်းစွေးမှာ ကျောင်းပြီးကတည်းက ဆန်ဆိုင်ဖွင့်ခဲ့တာ၊ အစက ဟုတ်တုတ်တုတ်ပေါ့။ အခုတော့ ထစ်ခါတစ်ရံဆို ငုတ်တုတ်မိနေတယ်"ဟု ပြောရင်း မဏ္ဍာပ်တွင်း ဝင်လာသူ ပရိသတ်များအား တုံ့ကောင်များ ဝေငှနေပြန်သည်။ ပြီးနောက် . . .

"ဆရာ စွေးရောင်းကောင်းအောင်ရယ်၊ နောက်. . . "

သူမရဲ့ စကားမဆုံးမီ မိမိမှ . . .

"ဘာလဲ ယောကျ်ားချောချောနဲ့ ထောထောလေးတွေ့အောင်လား" ဟု ပြောမိရာ . . .

"ဆရာကတော့ လုပ်ပြီ၊ ငယ်ကျင့် အစအနောက်က မပျောက်သေးဘူး" ဟုဆိုရင်း စတုဒိသာမဏ္ဍာပ် လူအုပ်တွင်း ပြေးဝင်သွားလေ၏။

*

ရန်ကုန်ရောက်ပြီး ဗေဒင်စဟောကတည်းက သိကျွမ်းရသော တောင်ဥက္ကလာပ ဝေဇယန္တာလမ်းပေါ်ရှိ တောင်ငူစတိုးပဲ ပစ္စည်းမျိုးစုံရသော သုပ်ရပ်သန့်ရှင်းသည့် ဆိုင်ကြီးကို ဦးစီးနေသည့် ဒေါ်သန်းသန်းသည် အမြဲအားပေးနေသည့် ပံ့မှန်ပရိသတ်ဖြစ်၏။ သူမတို့မိသားစုသည် တောင်ငူမြို့တွင် ဘုရားတည် ထားခြင်းများ၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ပံ့မှန်ဝင်ငွေ လုပ်ငန်းဖြင့် ရန်ကုန်မြို့ရဲ့ အထင်ကရနေရာမျိုးမှာ ဆိုင်ကြီးကနားကြီးနှင့်ဖြစ်အောင် လမ်းကြောင်းပြသည်မှာ သူမတို့ ဖခင်ကြီးဖြစ်ကြောင်း သိရှိရသည်။ သူမတို့ ဖခင်ကြီးသည် ငယ်စဉ်ကတည်းက ခမ္မစကြာသုတ်တော်ကြီးအား အလွတ်ရသည်အထိ သင်ကြားခဲ့ကြောင်း၊ အမြဲရွတ်ဖတ်ရန် လမ်းညွှန်ခဲ့ကြောင်း၊ တစ်နေ့လျှင် နှစ်ခေါက်နှုန်း၊ တစ်ခါတစ်ရံ ရှစ်ခေါက်နှုန်းဖြင့် အဓိဋ္ဌာန်ယူကြောင်း ပြောပြ၏။

အရောင်းအဝယ်ကောင်းမွန်ခြင်း၊ အလှူအတန်းများ ပြုလုပ်နိုင်ခြင်းကြောင့် ခမ္မစကြာသုတ်တော်မြတ်ကို အမြဲလက်စွဲဖြစ်ကြောင်း စာရေးသူအား ပြောပြထား၏။

စာရေးသူ၏ သူငယ်ချင်းဖြစ်သူ ခင်ခင်မိုးအားလည်း လာဘ်ရွှင် ကျန်းမာရေးကောင်းစေသည့် ခမ္မစကြာသုတ်တော်မြတ်ကို တစ်နေ့နှစ်ကြိမ် ရွတ်ဖတ်ရန် လမ်းညွှန်ပေးခဲ့၏။ ထိုကျင့်စဉ်ကြောင့်လည်းကောင်း၊ သူမ၏ မော်ရွှေ့၊ စိတ်ထားမြင့်မြတ်မှု၊ ကြိုးစားမှုတို့ကြောင့်လည်းကောင်း ယခုအခါ ဒိုင်းဝန်ကွင်းစွေးရှိ ဆန်ဆိုင်ကြီးမှာ စွေးရောင်းကောင်း ဝင်ငွေကောင်းလျက်ရှိကြောင်း သိရှိခဲ့ရပါသည်။

ဆောင်စုစတိုးညီအစ်မများနှင့် သူငယ်ချင်းမိုးတို့သည် ခမ္မစကြာသုတ်တော်ကျင့်စဉ်ကြောင့် စီးပွားဝင်ငွေကောင်းလျက်ရှိသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ခဲ့ရသဖြင့် စာဖတ်သူများအားလည်း ပြန်လည်ဝေငှလိုက်ရပါသည်။

နတ်မျက်စိ ဆရာအောင်စိုး

❑

ဥို့ အရဟံ မေတ္တာ လာဘ်

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုထုဇ္ဇန်းလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

ဟောခန်းတည်နေရာ ➳ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➳ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉) (၂၀၂) ကားဝင်၍ ဆယ်မိုင်ကုန်းစွေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➳ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➳ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၂ ။
မှတ်ချက် ➳ ဖုန်းဖြင့် ကြိုတင်တိုက်ယူပါ။ ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြည်မှားဝန်

ကျွန်ုပ်အား ဗေဒင်ဆရာတစ်ယောက်ဟု သိသော်လည်း ဆရာက ကျွန်တော့်ရဲ့ ဓမ္မမိတ်ဆွေပါဟု မကြာခဏ ပြောလေ့ရှိသော ဦးကျော်ဆွေသည် တင်ကြိုး၍ ဖုန်းဆက်ထားခဲ့၏။

အကြောင်းမှာ သူ့ဗေဒင်မေးစရာ ရှိပါသည်။ ဆရာ မရှိမှာစိုး၍ တင်ကြိုးပြီး ဖုန်းဆက်တာပါဟု ပြောလေ၏။ အနှီ ဦးကျော်ဆွေသည် ကျွန်ုပ်ထက် ဆယ့်ငါးနှစ်မျှ အသက်ကြီးလေ၏။ အလယ်တန်းပြကျောင်းအုပ်ကြီး အငြိမ်းစား ဖြစ်ပါသည်။

ကျွန်ုပ်တို့ လှိုင်သာယာမြို့၌ ပိုးကုတ်ဝိပဿနာ တရားစခန်းသုံးခု ရှိပါသည်။ ထိုသုံးခုအနက် သောင်ကြီးပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်သော ပိုးကုတ်တရားစခန်း၌ ဦးကျော်ဆွေနှင့် စတင်ရင်းနှီးခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်လည်း တရားစခန်းဝင်နေ၏။ တရားပတ်ဝင်နေသော ယောဂီများသည် နံနက် ၄ နာရီ အိပ်ရာထ ကိုယ်လက်သန့်စင် မျက်နှာသစ်ပြီး အဆင်သင့်ဖြစ်နေကြ၏။ ၄ နာရီခွဲ ကြေးမောင်းမထိုးမီအချိန်လေးတွင် ကျွန်ုပ်တို့ အမျိုးသား ယောဂီအဆောင်အတွင်း ဝွန်းသံ ခွက်သံ ကြားနေရသဖြင့် ထိုနေရာသို့ သွားကြည့်ခဲ့၏။

ယောဂီနှစ်ဦးသည် စကော်ဖီဖျော်၍ ကိတ်မုန့်များပါ စားသောက်ကြရန် ပြင်ဆင်နေသည်ကို ထွေ့ရ၏။ ကျွန်ုပ်၏ မြင်ကွင်း၌ အမြင်မတော်လှပါ။ ကျွန်ုပ် ပြောလျှင် လက်ခံလိမ့်မည့် ရည်မှန်းသော ဥပမိယျရှိသည်ကို အကဲခတ်မိလိုက်ပါသည်။

"ဒီမယ် ဆရာကြီး၊ ဝိကာလဘောဇနာသိက္ခာကို ဒီလို အချိန်မှာ မလွတ်သေးပါဘူး ခင်ဗျာ၊ အရှက်မရောက်သေးမီ သံယာတော်တွေတောင် ကျောင်းတော်ထဲက မထွက်ကြရပါဘူး၊ ဆွမ်းစားတော်ဆိုတာလည်း ကျောင်းဝင်းထဲက ဆွမ်းစားတဲ့ခေါက်ပြီးမှ စားခွင့်ရကြတာပါ။ သံယာတော်တွေ ဆွမ်းစားပြီးမှ လူတွေစားရတာပါ။ ဒီလောက် ဆို သဘောပေါက်လောက်ပြီ ထင်ပါတယ်၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကျွန်ုပ်သည် ထိုကဲ့သို့ ပြောပြီး ကိုယ့်နေရာ ပြန်လာခဲ့၏။ ထိုယောဂီနှစ်ဦးထဲတွင် တစ်ဦးသည် ဦးကျော်ဆွေ ဖြစ်လေ၏။ ထိုအခါမှစ၍ ဦးကျော်ဆွေသည် ကျွန်ုပ်အား ကျေးဇူးအထူးတင်နေကြောင်းနှင့် သီလကို မကျိုးမပေါက် ရအောင် သတိပေးခဲ့သဖြင့် ဓမ္မမိတ်ဆွေအဖြစ် မှတ်ယူပါကြောင်း စသည်ဖြင့် ပြောဆိုလာပြီး ခင်မင်လာခဲ့၏။

ဦးကျော်ဆွေသည် ပညာတတ် တစ်ဦးဖြစ်၍ ကျောင်းဆရာလည်း ဖြစ်နေပြန်ရာ စကားပြောရာ၌ ရည်မှန်လှ၏။ အထူးအားဖြင့် ရိုးသားပွင့်လင်းသည်ဟု ဆိုရပါလေမည်။ ကျွန်ုပ်အဖို့ ဦးကျော်ဆွေလို လည်း ပညာတတ် မဟုတ်ခဲ့ပါ။ ထို့ကြောင့်များ ကျွန်ုပ် စကားပြောသည့်အခါ မာမာတင်းတင်း ရှိလေသလားဟု တွေးမိပါ၏။

"ဆရာ မင်္ဂလာပါ"

"ဩော်. . . ဟုတ်ကဲ့၊ မင်္ဂလာပါ ထိုင်ပါဦး ဦးကျော်ဆွေ"

"ကျွန်တော့် သမီးအတွက်ပါ ဆရာ၊ အိမ်ထောင်ပြုမလို့တဲ့ဗျို့၊ အဲဒါ

www.burmeseclassic.com

ကျွန်တော်က သောကြာနဲ့ တနင်္လာဖြစ်နေလို့ ကောင်းမှကောင်းပါ့မလားလို့၊ ဒီမှာဆရာ သူတို့နှစ်ယောက်ရဲ့ မွေးနေ့သက္ကရာဇ်တွေ"

ဦးကျော်ဆွေပေးလာသော မွေးသက္ကရာဇ်များဖြင့် ဇာတာများ ထုတ်လိုက်ပါသည်။ ထုတ်သည်ဆိုသည်မှာ သဒ္ဒါဋ္ဌပြကၠဒိန်မှ ထုတ်သည်ကို ဆိုလိုပါသည်။ ရာသီစက်ဇာတာသည် ဘုတ္တိမဖြတ်ရသော်လည်း ကမ္ဘာလင်ကောက်ကိန်းစာအုပ် (ဆရာကာလာစန်)ပါ နည်းဖြင့် လင်္ဂအစစ်ကို တွက်ယူပြီး ဇာတာနှစ်စောင်ကို တိုက်ဆိုင်စစ်ဆေးလိုက်ပါသည်။

"ကဲ . . . ဦးကျော်ဆွေ၊ ဓမ္မာသောက အင်းဝ ရာဇာ အိမ်ထောင်ဘက် အသက်မရှည်ရာဆိုတဲ့ အရပ်ထဲက စကားကို ကောင်းကောင်းနားလည်ပါသလား"

"အမှန် ပြောရရင်တော့ နားမလည်ပါဘူး ဆရာ"

"ဘာပဲဖြစ်ဖြစ် နားမလည်တဲ့ အရာဟာ အန္တရာယ် ရှိတယ်ဆိုတာကော လက်ခံပါသလား"

"ဟုတ်ကဲ့. . . လက်ခံပါတယ်"

"ဒီလိုဆိုရင် ဓမ္မာပဲ့ သောကတို့ စတဲ့ဥစ္စာတွေ စွန့်ပစ်လိုက်ပါခင်ဗျာ၊ အဲဒါတွေက အမှားတွေပါ။ မြတ်စွာဘုရားတောင်မှ သူဟောတဲ့တရားမို့ မယုံနဲ့ဦးတဲ့၊ ခန္ဓာနဲ့တိုက်ကြည့်ပြီး ဟုတ်တယ်၊ မှန်တယ်ဆိုမှ ယုံပါတဲ့၊ အဲဒီလို မြို့ ဆန်းစစ်ကြည့်တာမျိုးမရှိတဲ့သူတွေဟာ မိုက်မဲရာကျမှာပေါ့ဗျာ၊ အဲဒါမျိုးတွေ ရှိသေးတယ်ဗျ၊ သောကြာ ရေကြောင်း မသွားကောင်းဆိုပြီး ပုံသေမှတ်ယူနေတာမျိုးတွေလည်း မှားနေကြတာပါပဲဗျာ"

"အဲ. . . ဟုတ်တာပဲဗျ၊ ဒါဖြင့်ရင် ပြိုဟ်ရုပ်ပုံစံတွေကော ဆရာ"

"အဲဒါတော့ မမှားဘူးဗျ၊ ဘာလဲ စနေဆိုရင် နဂါး၊ ကြာသပတေးဆိုရင် ကြွက်က နဂါးရဲ့အစား ခဲရတတ်လို့ ပြောချင်တာလား"

"အဲ. . . အဲ ဟုတ်တယ်ဆရာ၊ သောကြာက ပူး၊ စာနလ်က ကျားဆိုတော့ ပူးက ကျားရဲ့အစာ ဖြစ်တတ်တယ်လို့လည်း ကြားဖူးတယ်ဆရာ၊ အဲဒါကော ဟုတ်လားဆရာ"

"လုံးဝကို မဟုတ်ပါဘူးခင်ဗျာ၊ ဦးကျော်မဆွေရဲ့ သမီးဟာ တနင်္လာနေ့မှာမွေးလို့ တနင်္လာသမီးလို့ပဲ ဆိုရမှာပါ၊ ကျားရုပ်ကိုကြည့်ပြီး ကျားသမီးလို့များ ဆိုနိုင်ပါသလား ဆိုထိုက်ပါသလား စဉ်းစားကြည့်ပါ၊ ဦးကျော်ဆွေ ကိုယ်တိုင် မွေးထားခဲ့တဲ့အံတွက် လူပါခင်ဗျာ၊ ကျားမဟုတ်ပါဘူး"

"ဟား. . . ဟား ဆရာကတော့ ပြောလိုက်ရင် ဒဲ့ကြီးပါပဲ၊ ကျွန်တော် သဘောပေါက်ပါပြီဗျာ၊ လက်လည်းခံပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့အရွယ်တွေမှာ ခုနက ဓမ္မာ သောက အင်းဝ ရာဇာ ဆိုတာ အိမ်ထောင်မပြုကောင်းဘူးလို့ မှတ်ယူနေကြတာ အတော်ကို များကြတယ်ဆရာ"

"အဲဒါပြောတာပေါ့ဗျာ၊ အနည်းငယ်သောပညာသည် အန္တရာယ်ရှိသည်တဲ့၊ မပြည့်စုံသေးဘူးပေါ့ဗျာ"

"ဒါဖြင့်ရင် ဆရာ၊ အဲဒီ ဓမ္မာသောကဆိုတာ ဘာကိုဆိုလိုတာများလဲလို့ တစ်ဆိတ်လောက် ရှင်းပြပါဦးဗျာ"

"အင်း. . . ဟုတ်ပြီ၊ အဲဒါ သိပ်ဓေးသင့်တဲ့အကြောင်းပဲဗျ၊ ဒါမှလည်း လိုရင်းရောက်မှာပေါ့၊ ဒီလိုဗျ၊ လောကလူသားတွေမှာ ရန်သူနဲ့ မိတ်ဆွေဆိုတာ နှစ်မျိုးရှိပါတယ်၊ အတွင်းရယ်၊ အပြင်ရယ်၊ ဓာတ်ရယ်လို့ သုံးမျိုးရှိပါတယ်၊ အဲဒီတော့ ခုနက ဓမ္မာ သောက အင်းဝ ရာဇာဆိုတာ အတွင်းရန်လို့ ဆိုပါတယ်၊ အတွင်းဆိုတာက မိသားစုအတွင်း တစ်အိမ်တည်းနေကြတဲ့ ဆွေမျိုးမိသားစု လင်မယားတွေကို အတွင်းလူတွေလို့ ခေါ်ပါတယ်၊ အတွင်းရန်ဆိုတာ ဘယ်လိုဖြစ်တာပါလဲ၊ အတွင်းလူအချင်းချင်း ဟာ မိတ်ပဲ ဖြစ်ရမှာဗို့လား၊ ဒါပေမဲ့ ရန်စောင့်တဲ့အဖြစ်မျိုးတွေ ရှိကြတယ်ဗျ၊ လင်မယားတွေ ရန်ဖြစ်ကြ၊ ညီအစ်ကိုမောင်နှမတွေ၊ ဓာတုနှင့် သားသမီးတွေ စိတ်ဝမ်းကွဲကြတယ်၊ အဲဒါကို အတွင်းရန် ခတ်တယ်လို့ ဆိုတယ်၊

ဥပမာ ကြာသပတေးနေဖွားတဲ့ လူတစ်ယောက်သည် စနေဂြိုဟ်စားနေခဲ့ရင် သောကဆိုတဲ့ အတွင်းရန်ခတ်တာပေါ့၊ အဲဒီလိုပဲ တခြားနေ့သားတွေတို့ ယူရမှာပါ၊ လူတစ်ယောက် ဘယ်ဂြိုဟ်ကို စားနေပြီ၊ ရောက်နေပြီလဲလို့ သိချင်ရင် အသက်ကိုတည် ရွှစ်ခုစား အကြွင်းကိုယူ၊ အကြွင်းအတိုင်း မွေးနံပြိုဟ်က စပြီး လက်ယာရစ် ရေကြည့်ပါ၊ ကဲ. . . ဘယ်လိုလဲ ရှင်းရဲ့လား"

"ဟုတ်ကဲ့၊ ရှင်းပါတယ် ဆရာ"

"ရှင်းတယ်ဆိုပေမယ့် ဆက်ပြောပြရဦးမယ်ဗျ၊ အခု ဦးကျော်ဆွေရဲ့ သမက်လောင်းဟာ အတွင်းကို မရောက်သေးပါဘူး၊ အပြင်လူပဲ ရှိပါသေးတယ်၊ အဲဒီလို အမှတ်မှားပြီး အပြင်လူကို အတွင်းရန်ဖြစ်တဲ့ ဓမ္မာ၊ သောက စတဲ့ ရန်ဂဟတ်တွေနဲ့ ယူဆလို့ရပါ့မလားဗျာ၊ ဟုတ်မှမဟုတ်တဲ့ဟာ"

"ဩော်. . . ဟုတ်ပါ့ဆရာရယ်၊ ဒါတွေဟာ ဓေးဝင်ပညာ နားမလည်ဘဲနဲ့ အရမ်းကာရော လှေနဲ့ဆေးထစ် မှတ်ထားနေကြတာ အများတွေကြီးပဲဗျာ"

"ဟုတ်ပြီလေ၊ ကျွန်တော်ပြောတိုင်းလည်း မယုံနဲ့ဦးဗျ၊ တိုက်ကြည့်ရမယ်၊ စစ်ဆေးကြည့်ရမယ်၊ ယုတ္တိရှိရှိမှန်မှ အမှန်လို့ယူပါ၊ အဲဒီတော့ ဘယ်လို ယုတ္တိနဲ့ သက်သေပြမလဲဆိုတော့ကာ စနေနဲ့ ကြာသပတေးယူထားတဲ့ လင်မယားတွေ၊ သောကြာနဲ့ တနင်္လာတို့ ယူထားတဲ့အတွဲတွေ၊ တနင်္ဂနွေနဲ့ ပုဒ္ဓဟူးတို့ ညားနေတဲ့သူတွေ၊ အင်္ဂါနဲ့ ရာဟုတို့ယူထားတဲ့ လင်မယား အတွဲတွေ အဲဒါတွေကို ရှာဖွေကြည့်ရမယ်၊ စုံစေးကြည့်ရမယ်၊ ဘာမှမထူးဝါဘူးဆိုတာတွေ့ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

သူတို့အတွဲတွေကတောင် ပိုလို့ကောင်းနေတာ တွေ့ရတတ်တယ်ဗျ။ ကျွဲပ်တို့နိုင်ငံမှာ ထင်ပေါ်တဲ့သူတွေ၊ ထိပ်ဆုံးရောက်နေတဲ့ အတွဲတွေ ပြန်ကြည့်၊ သောကြာနဲ့ တနလ်းအတွဲကို တွေ့ရမယ်၊ ကဲ... ဘယ့်နှယ်လဲဗျ"

"အခု... ကျွန်တော့်သမီးနဲ့ သမက်လောင်းကိုကော ဆရာ"

"ဟုတ်ကဲ့... ကျွန်တော် ဆင်၊ ကျား၊ ခွေး၊ ကြောင် နည်းနဲ့ မတွက်ပါဘူးဗျာ၊ နက္ခတ္တပညာနဲ့ ဇာတာအစစ်ချပြီး တွက်ပါတယ်"

"ဆရာ... ဟို ဆင်၊ ကျား၊ ခွေး၊ ကြောင်ဆိုတာ ကလေးတွေ ကစားကြတာ တွေ့ဖူးပါတယ်"

"ဟုတ်တယ်... ဦးကျော်ဆွေ၊ ကျွန်တော် ရွဲ့မြောလိုက်တာဗျ၊ တကယ်တော့ ဆင်၊ ကျား၊ ပူး၊ ကြွက်၊ ဂဠုန်၊ နဂါး၊ ခြင်္သေ့ဟိုင်းဆိုတဲ့ ဂြိုဟ်ရုပ်တွေ ကြည့်ပြီး တွက်တဲ့သူတွေကို အမြင်ကတ်လို့ပါ"

"ဆရာက ခဲ့ကြီးပဲလွတ်နေတာ"

"ကဲ... ဒီမှာကြည့်၊ ဟောဒီလို ဆယ့်နှစ်ရာသီခွင်မျိုးနဲ့မှ ဇာတာလို့ခေါ်ပါတယ်၊ ဒီပညာမျိုးကို အခုတစ်ကမ္ဘာလုံး သုံးစွဲပြီး လက်ခံကြပါတယ်၊ ကမ္ဘာနက်ဒ်တ်ပညာပေါ့ဗျာ၊ လွဲစရာမရှိပါဘူး"

"ဦးကျော်ဆွေသမီးနဲ့ လက်ထပ်မယ့် သောကြာသားရဲ့ ဇာတာကလည်း မဆိုးပါဘူးဗျ၊ သူတို့ချင်း သင့်မြတ်ကြပါလိမ့်မယ်၊ ထွေထွေထူးထူး ဟောစရာ ဘာမှမရှိပါဘူး၊ ပေးစားလိုက်ပါလို့ပဲ ဟောရမှာပါ"

"ဆရာ ကြည့်လိုက်တာ မြန်လိုက်တာနော်"

"ဦးကျော်ဆွေရယ်၊ ဇာတာထဲကို ဂြိုဟ်တစ်လုံးထည့်လိုက်တာနဲ့ သိနိုင်ပါတယ်ဗျာ၊ ဂြိုဟ်အားလုံးထည့်ပြီး လင်္ဂတ်လိုက်တော့ ပိုသေချာသွားပြီပေါ့၊ ဒါပေမဲ့ လွယ်တော့မလွယ်ဘူးဗျ၊ အိမ်ထောင်ရေးဇာတာ သင့်၊ မသင့် ကြည့်ပေးရတာ တာဝန်သိပ်ကြီးတယ်ဗျ"

"ဟုတ်တာပေါ့ ဆရာ၊ ဆုံးဖြတ်ပေးဇတာ သူတို့ဘဝတစ်ခုလုံးအတွက် ကိုပဲလေ၊ ဟောတဲ့ဆရာ တစ်ချက်လွဲတာနဲ့ သွားပြီဆရာ"

"ဒါပေမဲ့ အခုခေတ်က ပြောင်းပြန်ဗျ၊ အိမ်ထောင်ကျပြီးမှ လာမေးကြတယ်၊ အဲဒါဆို ဘယ်လိုဟောရမလဲဗျ၊ ယူပြီးနေပြဉ်စွာ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပေါင်းကြရုံပဲပေါ့ဗျာ၊ အဲဒါဆိုတဲ့ စိတ်ချမ်းသာအောင် ရှာဖွေတွက်ပေးရတော့တာပေါ့၊ အကောင်းလေးတွေကိုလေ"

"ဟုတ်တာပေါ့... ဟုတ်တာပေါ့၊ ဒါနဲ့ဆရာ အဲဒီအိမ်ထောင်ရေးဇာတာ စစ်ဆေးတဲ့ အခါကျတော့ ဘယ်လိုများပါလဲလို့ တစ်ဆိတ်လောက် ကျွန်တော့်ကို ဗဟုသုတအဖြစ် မြောပြပါခင်ဗျာ"

"ဘာလဲ ခင်ဗျားရုပ်ကွက်ထဲမှာ ဆရာလုပ်တော့မလို့လား"

"မဟုတ်ရပါဘူး ဆရာရယ်၊ အခုဆို ဆရာပြောပြလို့ အတော့်ကို နားလည်နေပြီ၊ ဘယ်လွယ်လွယ်နဲ့ ပြောရတဲ့ဥစ္စာမှ မဟုတ်တာဘဲ၊ အိမ်ထောင်ပြုဘုရားတည် ဆေးမင်ရည် စုတ်ထိုးနောင်ပြင်ရန်ခက်သည့်အမျိုး ဆိုတဲ့ဟာပဲလေ၊ ကျွန်တော်က ဗဟုသုတရအောင်လို့ပါဗျာ"

"အင်း... ဟုတ်ပြီလေ၊ အဲဒီတော့ကာ ပထမဦးဆုံး သူတို့နှစ်ယောက်မှာ အိမ်ထောင်ကျမယ်ဆိုတာ နှစ်ယောက်လုံးမှာ မရှိရင်တောင် တစ်ယောက်ယောက်မှာတော့ ရှိရမယ်၊ တစ်ယောက်မှ အိမ်ထောင်ကျဖို့မရှိရင် ဘယ်တော့ကျမလဲ တွက်ကြည့်တယ်၊ တစ်ယောက်ယောက်မှာတော့ တွေ့မှာပဲ၊ ဒါပေမဲ့ နှစ်ယောက်လုံးမှာ အိမ်ထောင်ကျမယ့်နှစ် မဟုတ်ဘဲ မယူသင့်ဘူး၊ ယူခဲ့ရင် ကွဲတတ်တယ်၊ ဟုတ်ပြီ၊ ယူလို့ရတဲ့နှစ်တော့ ဟုတ်ပါပြီဆိုရင် ဆက်ပြီးတော့ ဇာတာနှစ်စောင်လုံးကို အချက် ၉ ချက်နဲ့ စစ်ဆေးပါတယ်ခင်ဗျာ။

အဲဒီအချက်တွေကတော့ -

(၁) အမျိုးသားဇာတာခွင်၊ အမျိုးသမီးဇာတာခွင်တို့မှာ သောမဂြိုဟ်တွေထပ်နေခြင်း၊ မြင်နေခြင်း ရှိရမယ်။

(၂) အမျိုးသင့်၊ မသင့် အမျိုးလေးပါးနှင့် ကြည့်ရမယ်။

(၃) စန်းဂြိုဟ်အချင်းချင်း အနိုင်၊ အရှုံး ကြည့်ရမယ်။

(၄) စန်းဂြိုဟ်အချင်းချင်း အတန့်အမြင် ကောင်းရမယ်။

(၅) စန်းဂြိုဟ်တို့သည် မိတ်အိမ်၊ ရန်အိမ်ရပ်ခြင်းကို ကြည့်ရမယ်။

(၆) နက္ခတ် သင့်၊ မသင့် ကြည့်ပါ။

(၇) နာဂကြော် လွဲ၊ မလွဲ ကြည့်ပါ။

(၈) ယောနီ နက္ခတ် သင့်၊ မသင့် ကြည့်ပါ။

(၉) တာရာသုဒ္ဓိ သင့်၊ မသင့် ကြည့်ပါ။

အဲဒီအချက်(၉)ချက်မှာ (၅)ချက် ကောင်းရင် ယူနိုင်ပါတယ်။ ကောင်းအားဘက်က အမှတ်များလေ ကောင်းလေပါပဲ။ ကောင်းအားက နည်းပြီး ဆိုးအားက များနေရင် မယူပါနဲ့၊ ကွဲမှာပါ။

"ဩော်... ဆရာရယ်၊ အဲဒီလောက်တောင် ရှိမယ်မထင်ခဲ့ပါဘူး"

"ကျွန်တော် နားလည်တာတော့ ဒီလောက်ပါပဲ၊ ဆရာကြီးတွေတော့ ဒီထက်ပိုပြီး နားလည်ကြပါလိမ့်မယ်လို့ ပြောချင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်ရဲ့ ခမပမိတ်ဆွေ ဗေဒင်ဆရာကလွဲပြီးတော့ ဘယ်လို ဆရာက ပိုကောင်းနိုင်မှာလဲဗျာ"

ဦးကျော်ဆွေ မပြန်မီ ထိုမမမိတ်ဆွေဆိုသူသည် စကားကို ပြောဖြစ်အောင် ပြောသွားသေး၏။ သူလည်း ပညာတတ် သူတော်ကောင်းပါပေပဲဟု။

ကြည်မင်းစန်(အောင်မြေသာယာ)

❑

www.burmeseclassic.com

www.burmeseclassic.com

VASTU

ဝါစတုသုတ္ထရုပညာ

မဂ်ီလျှိုသော ဆိမ်းခြုံမြေနှင့် သိဂုဂေဟာဝွေးချယ်နည်းများ

သာရာပြီးခန့်ကျော်

အာခန်း (၉)

လူနေအဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုသည့် မြေကွက်ပုံစံများ

He Who is in harmony with nature hits the mark without effort and apprehends the truth without thinking

CONFUCIUS(479-BC) chinese sage

သဘာဝတရားနှင့် ဟန်ချက်ညီနေသည့် လူတစ်ယောက်အတွက် ပင်ပန်းကြီးစွာ အားမထုတ်ရဘဲ ပစ်မှတ်ကို ထိမှန်နိုင်သကဲ့သို့ စဉ်းစားတွေးတောမနေရဘဲ အလွယ်တကူ နားလည်သဘောပေါက်နိုင်သည်။

တွန်းပြုသူ (၄၇၉-ဘီစီ)
တရုတ်ပညာရှိကြီး

ရွှေဆက်သွေးမီ ဤအခန်းကဏ္ဍတွင် စာဖတ်သူများအတွက် အရပ်မျက်နှာများနှင့် မြေကွက်ပုံစံများကို ပိုမို

www.burmeseclassic.com

www.burmeseclassic.com

အကျွမ်းတဝင်ဖြစ်စေရန် ရည်ရွယ်ပါသည်။ စာဖတ်သူအနေဖြင့် အရွေ့မှန်ကွက်သည်ဟူသည့်အချက်မှာ သိထားပြီးသားဖြစ်သည်။ အရွေ့အရစ်ကို ကိုးကားရည်ညွှန်းစရာအရပ် အဖြစ်ထားရှိပြီး အခြားအရပ်မျက်နှာများကို လေ့လာကြရပါမည်။



ပုံ (၁၄)



၁။ အထက်ပါပုံများကို ကြည့်ခြင်းဖြင့် အောက်ပါ အချက်များကို သတိပြုမိလိမ့်မည်ဖြစ်သည်။

၁။ အနောက်အရပ်သည် အရှေ့အရပ်၏ ဆန့်ကျင်ဘက်တွင် တည်ရှိသည်။

၂။ မြောက်အရပ်သည် အရှေ့အရပ်၏ လက်ဝဲဘက် ၉၀ တွင် ရှိသည်။

၃။ တောင်အရပ်သည် အရှေ့အရပ်၏ လက်ယာဘက် ၉၀ တွင် ရှိသည်။

မြေကွက်မှ ထောင့်များ

၁။ အရှေ့မြောက်ထောင့်သည် မြောက်ဘက်နှင့် အရှေ့ဘက်တို့ ဆုံရာထောင့်ဖြစ်သည်။

၂။ အရှေ့တောင်ထောင့်သည် တောင်ဘက်နှင့် အရှေ့ဘက်တို့ ဆုံရာထောင့်ဖြစ်သည်။

၃။ အနောက်တောင်ထောင့်သည် တောင်ဘက်နှင့် အနောက်ဘက်တို့ ဆုံရာထောင့်ဖြစ်သည်။

၄။ အနောက်မြောက်ထောင့်သည် မြောက်ဘက်နှင့် အနောက်ဘက်တို့ ဆုံရာထောင့်ဖြစ်သည်။

မြေကွက်သည် လူနေထိုင်ရန်၊ လုပ်ငန်းလုပ်ကိုင်ရန်၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် စသည်ဖြင့် လုပ်ငန်းအပေါ် မူတည်ပြီး ပုံစံအမျိုးမျိုးဖြစ်နိုင်သည်။ မြေကွက်ပုံစံများကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်။

စတုရန်းပုံမြေကွက်များ(Square Plots)

အလျားနှင့်အနံ ညီမျှနေသည့် စတုရန်းပုံမြေကွက်ဖြစ်သည်။ ပုံ (၁၅)

ထောင့်မှန်စတုဝံပုံမြေကွက်များ (Rectangular Plots)

မျက်နှာချင်းဆိုင် အနံနှင့်အလျား အတိုင်းအတာများ တူညီကြသည့် စတုဝံပုံစံဖြစ်သည်။ ပုံ (၁၆)



ထူးခြားပုံစံရှိသည့်မြေကွက်များ (Odd Shaped Plots)

အောက်ပါပုံစံမျိုး မြေကွက်များ ဖြစ်နိုင်သည်။

(က) စတုရန်းပုံ(သို့)စတုဂံပုံမြေကွက်ဖြစ်ပြီး အနားနှစ်ဖက်က ထောင့်တစ်ခုစီသို့ ဆွဲနှိုက်နေခြင်းမျိုး။

(ခ) ထောင့်တစ်ထောင့်က ထောင့်မှန်ပုံစံ (သို့) ၉၀ ရှိနေခြင်းမျိုး။



ပုံ (၁၇)

အထက်ပါပုံမြေကွက်မှ အနား L1 . L2 . L3 နှင့် L4 တို့တွင် အတိုင်းအတာများက မတူညီကြပါ။

www.burmeseclassic.com

ထရက်ပီဇွိုင်းယပ်ပုံစံ (Trapezoidal Plots)

ထိုပုံစံတွင် အနားနှစ်ဖက်က မျဉ်းပြင်ဖြစ်နေပြီး အနား လေးဖက်က အတိုင်းအတာ အရွယ်အစား အမျိုးမျိုးနှင့် ဖြစ်သည်။

ပုံ (၁၈)

ပဉ္စဂံပုံစံမြေကွက် (Quadrangle Plot)

၁။ အနားငါးဖက်စလုံးတွင် တူညီသည့်အတိုင်းအတာမျိုး မရှိပါ။

၂။ မည်သည့်ထောင့်မှ ထောင့်မှန် ၉၀ဒီဂရီ မရှိကြပါ။ (မှတ်ချက်။ ပဉ္စဂံတစ်ခုနှင့် ပုံ(၁၇)တို့၏ ကွာခြားမှုကို သတိပြုပါ)။



ပုံ (၁၉)

စက်မှုလက်မှုလုပ်ငန်းသုံးမြေကွက်များ (Industrial Plots)

ထိုမြေကွက်များက အများအားဖြင့် ဧရိယာကျယ်ဝန်းကြပြီး အချို့အကွက်များက ဧကအတော်များများဝင် ရှိကြသည်။ ယင်းတို့တွင် မြေအနိမ့်အမြင့်က မြေကွက်တစ်ကွက်နှင့်တစ်ကွက် တူညီကြမည်မဟုတ်ပါ။ ၎င်းမြေကွက်အမျိုးအစားနှင့်ပတ်သက်၍ စက်မှုလက်မှုအခန်းတွင် အသေးစိတ် ဆွေးနွေးသွားရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် မိမိနေထိုင်ရန်အတွက် မြေကွက်တစ်ကွက်ကို မည်သို့ရွေးချယ်ရမည်ဟုသည့် အချက်များနှင့် ပတ်သက်၍ ဆွေးနွေးသွားရန် ဖြစ်ပါသည်။

အခန်း (၁၀)

မြေကွက်များကို ရွေးချယ်ခြင်း

VERY FEW PEOPLE ON EARTH
HAVE INSIGHTS
THE REST ARE BLIND

BUDDHA

**တစ္ဆာမြေပေါ်တွင် လူအနည်းငယ်လောက်
တွင်သာ အမြင်အာရုံရှိကြသည်။
ကျန်သူများက မျက်မြင်မများသော ဖြစ်ကြ၏။**

ဗုဒ္ဓ

အမှန်တကယ် မြောရမည်ဆိုပါက စတုရန်းပုံမြေကွက်သည် အကောင်းဆုံးဖြစ်သည်။ သို့သော် မည်သည့်အကြောင်းအချက်(မည်သည့်အကြောင်းဂြိုဟ်)ကြောင့်မှန်းမသိ တန္တန်စ်တို့၏ မြို့ပြစီမံကိန်းသမားများ ရွေးချယ်လိုက်သည့် မြေကွက်များက စတုဂံပုံစံမြေကွက်များသာ ဖြစ်နေတတ်ကြသည်။ စတုဂံပုံစံမြေကွက်သည် စွမ်းအင်များကို ဆွဲဆန့်တတ်သဖြင့် မြေကွက်၏အနံနှင့်အလျားက ကျယ်ပြန့်လာသည့်အလျောက် စွမ်းအင် အသိုးအစားများက ပုံ(၂၀)တွင် ဖော်ပြထားသည့်အတိုင်း အားနည်းလာတတ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အနေဖြင့် စတုဂံပုံစံမြေကွက်ကို စတုရန်းပုံမြေကွက်အဖြစ် ပြောကထားကာ ရွှမြင် လုပ်ဆောင်သွားရမည် ဖြစ်သည်။

သို့သော် ရရှိလာမည့်ရလဒ်ကမူ စတုရန်းပုံမြေကွက်တွင် ရရှိသည်ထက် စက်ကွင်းအား လျော့နည်းနေမည်မှာ သေချာပါသည်။ သာမန်အားဖြင့် မြေကွက်၏ အရွယ်အစားများက 30' x 45', 40' x 60', 60' x 90', 90' x 120' စသည်ဖြင့် ရှိတတ်မည်ဖြစ်သည်။ ထိုမြေကွက်များမှာ စတုရန်းပုံစံမြေကွက်များကဲ့သို့ အဆင့်မမြင့်သော်လည်း အခြားရွေးစရာမရှိသဖြင့် အကောင်းဆုံး ဖြစ်စေရန်သာ အတတ်နိုင်ဆုံး ပြုလုပ်ရပေမည်။

ဤအချက်ကို လေ့လာသုံးသပ်ပြီး မြို့ပြစီမံကိန်းသမားများ အိမ်ယာတည်ဆောက်ရေးသမားများ အနေဖြင့် နောင်အနာဂတ် တည်ဆောက်ရေးလုပ်ငန်းများတွင် စတုရန်းပုံစံမြေကွက်များကိုသာ ဦးစားပေးလိမ့်မည်ဟု မျှော်လင့်ရပါသည်။



ပုံ (၂၀)

စတုဂံပုံစံမြေကွက်တွင် စွမ်းအင်လိုင်းများက အနောက်ဘက်သို့ စန့်ထွက်နေသည်။ ထို့ကြောင့် စက်ကွင်း၏အားက လျော့ပါးသွားရသည်။

စတုရန်းပုံမြေကွက်အပေါ် ဘာကြောင့် စွဲလမ်းနေမှုပါသနည်း။ ကျွန်ုပ်တို့အားလုံး သိထားကြသည့်အတိုင်း ပြုစုစီ

www.burmeseclassic.com

www.burmeseclassic.com

၏ အောက်ခြေသည် လေးထောင့်ကွက် စတုရန်းပုံဖြစ်ပြီး စွမ်းအင်စက်ကွင်း အများဆုံးတည်ရာနေရာ ဖြစ်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားရှေ့က ဂိုပူရမ်(Gopur- ams)များတွင်လည်း ထိုသို့ ထည့်သွင်း တည်ဆောက်ထားကြောင်း အမှတ်ရနေပါလိမ့်မည်။

(မှတ်ချက် ။ ။ ဂိုပူရမ်(Gopurams)မှာ အိန္ဒိယနိုင်ငံ တောင်ဝိုင်းတွင် တည်ဆောက်လေ့ရှိသည့် ဘုရားကျောင်းရှေ့မှ ပိရမစ်ပုံစံ မုခ်ဦးပေါက် ဖြစ်သည်။)

ထိုသို့ တည်ဆောက်ထားရခြင်းမှာ စက်ဩဇာစွမ်းအင်ကို အသာလှုပ်နှိုးကာ လက်ခံယူရန်ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် ပိရမစ်များ၏ အောက်ခြေသည် စတုရန်းပုံစံဖြစ်နေစေခြင်းဖြင့် အမြင့်ဆုံးအကျိုးကို ရရှိနိုင်သည်ဟု ယူဆထားကြပါသည်။ စတုဂံပုံစံများတွင် 30' x 120' မြေကွက်မျိုးသည် အားအနည်းဆုံး ဖြစ်သည်။ ထို့ကြောင့် ယင်းမြေကွက်မျိုးတွင် လုံးချင်းနေအိမ်များ မတည်ဆောက်သင့်ကြောင်း အကြံပေးလိုပါသည်။ ပုံ (၂၁)



သာမန်ထက် ပိုလွန်ရှည်မျောနေသည့် မြေကွက်ပုံစံမျိုးသည် စွမ်းအင်လိုင်းကို ပိုမိုရှည်လျားသကဲ့သို့ဖြစ်စေသဖြင့် ဝါစတုစက်ကွင်းကို အလွန်အားနည်းစေသည်။

ဦးတည်ချက်များ

မိတ်ဆွေများအနေဖြင့် အရပ်မျက်နှာများနှင့် အကျွမ်းတဝင်ဖြစ်ဖို့ အချိန်ရောက်နေပြီဖြစ်သည်။ လူအတော်များများသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူသည့် အရပ်လေးမျက်နှာကိုပင် ခွဲခွဲခြားခြားသိရှိရန် ခက်ခဲနေတတ်ကြပါသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် အောက်ဖော်ပြပါအတိုင်း အကြံပေးလိုပါသည်။

မြေကွက်ပုံစံအလယ်တည့်တည့်တွင်ရပ်ပြီး နေထွက်ရာ အရှေ့အရပ်ကို မျက်နှာမူထားပါ။ ထို့နောက် လက်ဝဲဘက်လက်ကို ပန်းနှင့်တစ်တန်းတည်းဖြစ်စေရန် ဆန့်တန်းလိုက်ပါ။ ထိုလက်ညှိုးရာအရပ်သည် မြောက်ဘက် ဖြစ်ပါသည်။ ထိုနည်းအတိုင်း လက်ယာဘက်လက်ကို ဆန့်တန်းလိုက်ပါ။ ထိုလက်ညှိုးရာအရပ်သည် တောင်ဘက် ဖြစ်သည်။ မိတ်ဆွေ၏ ကျောပေးထားသည်က အနောက်ဘက် ဖြစ်၏။

အကယ်၍ လမ်းများဖောက်လုပ်ထားပြီ၊ အဆောက်အအုံများကလည်း လမ်းတစ်လျှောက် အစီအရီ ဖြစ်နေသည်ဟုဆိုလျှင် အထက်ပါနည်းလမ်းက လုပ်ဆောင်ရန် လုံလောက်နေပါလိမ့်မည်။ အကယ်၍ မြို့ပြများတလည်း တည်ဆောက်ထားမှုမရှိသေးသည့်အခါ၊ လယ်ကွင်းထဲရောက်နေသည့်အခါ (သို့)စက်မှုလက်မှုလုပ်ငန်းခွင် မြေကွက်မျိုးတွင် ရောက်နေပါက မိတ်ဆွေအနေဖြင့် သံလိုက်အိမ်မြှောင်ကို အကူအညီယူရမည်ဖြစ်သည်။

သံလိုက်အိမ်မြှောင်က လက်ကိုင်အိမ်မြှောင်မျိုးဖြစ်ပြီး အချင်းနှစ်လက်မ ရှိပါသည်။ အိမ်မြှောင်ကို အသေအချာကြည့်လိုက်လျှင် အတွင်းတွင် တပ်ဆင်ထားသည့် မြားတံကလေးက လည်ပတ်နေမည်။ သူ၏လည်ပတ်မှုက ၃၆၀ ဒီဂရီရှိသည်။ ပုံ (၂၂)



- သံလိုက်အိမ်မြှောင်တွင် N က မြောက်ဘက်ကို ကိုယ်စားပြုသည်။
- S က တောင်ဘက်။ E က အရှေ့ဘက်။ W က အနောက်ဘက်။
- NE က အရှေ့မြောက်။ SE က အရှေ့တောင်။
- NW က အနောက်မြောက်။ SW က အနောက်တောင်။

ထို့ပြင် အိမ်မြှောင်၏ ဗဟိုချက်ကို မျဉ်းရှစ်ကြောင်းက ဖြတ်သန်းထားသည်။ ထိုမျဉ်းများအနက် မည်သည့်မျဉ်းနှစ်ကြောင်း၏ အကြားတွင်ဖြစ်စေ ၄၅ ရှိသည်။

သံလိုက်အိမ်မြှောင်ကိုသုံး၍ မြောက်အရပ်ကို ရှာနည်း

မြေကွက်၏အလယ်ကောင်နေရာတွင် ရပ်ပါ။ ထိုနေရာတွင် ခြောက်ပေပတ်လည် မြေပြင်ကို ညီညီညာညာ

www.burmeseclassic.com

www.burmeseclassic.com

ရှင်းထားပါ။ ထိုနေရာတွင် သံလိုက်အိမ်မြှောင်ကို ချထားပါ။ အိမ်မြှောင်တွင် အပ်ချောင်းတစ်ခုပါရှိပြီး အပ်ချောင်း၏ အစွန်းတစ်ဖက်တွင် အနီအမှတ်အသား တစ်ခုပါရှိသည်ကို မိတ်ဆွေ သတိပြုမိပါလိမ့်မည်။

အိမ်မြှောင်ချထားလိုက်စဉ်တွင် အပ်ချောင်းလေးသည် ခဏမျှ လည်ပတ်လှုပ်ရှားနေပြီးနောက် မကြာမီတွင် အရပ်တစ်ခုကို ဦးတည်သွားပြရင်း ရပ်သွားပါလိမ့်မည်။ အနီမှတ်ပါသည့် အပ်ဖျားက ညွှန်ပြထားသည့် နေရာသည် 'N' ဟူသည့် မြောက်အရပ်ပင် ဖြစ်ပါသည်။

အိမ်မြှောင်အပ်သည် မြောက် နှင့်တောင် ဝင်ရိုးတန်းပေါ်တွင် တန်းနေပြီး အနီအမှတ်အပ်ဖျားက သံလိုက်ဆွဲငင်အားကောင်းသည်(Magnetic North)ကို ပြညွှန်းထားပါမည်။

ဤနေရာတွင် ထင်ရှားသည့် အချက်တစ်ချက်ကို ထောက်ပြရန်လိုမည်ဖြစ်ပါသည်။ မြောက်ဘက်အရပ်ကို ရှေးဟောင်း ဝါစတုကျမ်းများအလိုအရ 'ပထဝီဝင်မြောက်အရပ်' (Geographic North) ဟုခေါ်တွင် သတ်မှတ်ထားသည်။ ၎င်းတို့အနေဖြင့် သံလိုက်ဆွဲငင်အားကောင်းသည့် မြောက်အရပ်ကို သတိထားမိ၍ သတ်မှတ်လေ့လာဟူသည့် အချက်က သံသယဖြစ်စရာပင်ဖြစ်သည်။ မြောက်အရပ်နှင့်ပတ်သက်၍ ဝါစတုစွမ်းအင် အပြည့်အဝရရှိစေရန် ထိုဝါစတုကျမ်းက သုံးစွဲသည့်အတိုင်း 'ပထဝီဝင်မြောက်အရပ်'ဟူသည့် အခေါ်အဝေါ်ကိုသာ သီအိုရီအရ သုံးစွဲသွားသင့်သည်ဟု ယူဆပါသည်။ ပိရမစ်ပုံစံများကို သုတေသနပြုချက်များအရ ပိရမစ်ပေါ်တွင် သံလိုက်ဝင်ရိုးက တစ်တန်းတည်း ဖြစ်နေသကဲ့သို့ ပထဝီဝင် ဝင်ရိုးပေါ်တွင်လည်း တစ်တန်းတည်းဖြစ်နေသည်။

မိတ်ဆွေအနေဖြင့် ထိုအချက်ကို အသေအချာသိလိုလျှင် မိတ်ဆွေ၏မြို့မှ မိုးလေဝသဌာနထံတွင် မေးမြန်း စုံစမ်းနိုင်ပါသည်။

အကယ်၍ လမ်းကလည်း တည်ဆောက်ထားပြီးနေပြီ၊ မိတ်ဆွေ၏ မြေကွက်ကလည်း ထိုလမ်းပေါ်က မြေကွက်များထဲမှ တစ်ကွက်အပါအဝင်ဖြစ်နေခဲ့လျှင် မိတ်ဆွေ၏ မြေကွက်မှ အနားများနှင့် သံလိုက်အိမ်မြှောင်ဝင်ရိုးတို့ တစ်တန်းတည်း ဖြစ်မှဖြစ်ဆိုသည်ကို စစ်ဆေးရန် လိုလိမ့်မည်ဖြစ်သည်။ ထိုအချက်ကို သိရှိနိုင်ရန် ဤသို့ပြုလုပ်ရပါမည်။ သံလိုက်အိမ်မြှောင်ကို အနည်းငယ် လှုပ်ရှားလိုက်သည့်အခါ အပ်ကလေးက လှုပ်ရှားနေပြီးနောက် အနီမှတ်အပ်ဖျားက မြောက်ဘက်ကို ညွှန်ပြရင်း ငြိမ်သက်ရပ်တန့်သွားပါလိမ့်မည်။ ထိုသို့ ရပ်တန့်သွားသည့်အခါ မိတ်ဆွေ၏ မြေကွက်၏ဘေး အနားများနှင့် အိမ်မြှောင်ဝင်ရိုးတန်းတို့ တစ်တန်းတည်း ရှိ/မရှိ ဟူသည်ကို စစ်ဆေးရပါမည်။ အကယ်၍ မဖြစ်သေးပါက အိမ်မြှောင်ကို အသာအယာ လှုပ်ယမ်းလိုက်ပြီး ငြိမ်သက်သွားသည့်အခါ မိတ်ဆွေ၏ မြေကွက်မှ ထက်ဝက်ဝိုင်းမျဉ်းနှင့် မြောက်ဘက်(N)ကို ပြနေသည့် အိမ်မြှောင်အပ်ဝင်ရိုးနှင့် တစ်တန်းတည်း ဖြစ်မဖြစ် စစ်ဆေးကြည့်ပါ။ အိမ်မြှောင်ပေါ်မှ အနီမှတ်နှင့် အခြားမြှောင်ပေါ်မှ 'N' အမှတ်တို့၏ ခြားနားမှု ဒီဂရီသည် ဆွဲငင်အားတိမ်းစောင်းနေမှုကို ပြနေပေလိမ့်မည်။ အကယ်၍ ဒီဂရီကွာခြားချက်က ၁၀ ဒီဂရီထက်မပိုပါက အံကိုက်သည်ဟု ဆိုနိုင်ပါသည်။ အကယ်၍ တိမ်းစောင်းမှုဒီဂရီက မြင့်မားနေပါက မိတ်ဆွေအနေဖြင့် ဝါစတုပညာ ကျွမ်းကျင်သူများအား ချဉ်းကပ်ပြီး တည်ဆောက်ရေးအတွက် အကြံဉာဏ်များကို တောင်းခံရပါလိမ့်မည်။

မြေကွက်၏ မျက်နှာပြုရာ အရပ်မှတ်နှာ

လူအများ ယုံကြည်ယူဆထားသည်က 'အရှေ့အရပ်'နှင့် 'မြောက်အရပ်'ကို မျက်နှာပြုထားသည့် မြေကွက်များသ ' ' '

www.burmeseclassic.com

အနောက်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်တွင် ရှိမနေပါ။ သို့အတွက် အဝိုအကုန်အကျခံစရာများ လိုအပ်ပေလိမ့်မည်။

မိတ်ဆွေအနေဖြင့် အနောက်ဘက်(သို့)တောင်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်မျိုး ပိုင်ဆိုင်ထားသူဖြစ်နေပါက စိတ်ဓာတ်ကျစရာအကြောင်း မရှိပါ။

ပုံ (၂)



မြေကွက်တစ်ခုကို ဝါစတုနှင့်ကိုက်ညီရန် ပြင်ဆင်ခြင်း

ထိုအချက်ကို တစ်ခါတစ်ရံတွင် လျစ်လျူရှုမိတတ်သဖြင့် အလွန်အရေးကြီးသည့်အဆင့်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။ အများအားဖြင့် လူတို့သည် မိမိတို့နေအိမ်ကို တည်ဆောက်ကြသည့်အခါ မြေပြင်ညီသည့်ကိစ္စနှင့် ဝါစတုပညာရှင်၏ အကြံဉာဏ်များကို ခံယူရန်ကိစ္စတို့ကို ပြဿနာဖြစ်ပေါ်မချင်း ပြုလုပ်လေ့ မရှိတတ်ကြချေ။

ပြဿနာဖြစ်လာသည့် အဆင့်မျိုးရောက်ကာမှ ထိုကိစ္စများကို ပြုလုပ်ခြင်းသည် ငွေကုန်ကြေးကျ ပိုများခဲ့မှုသာမကဘဲ တစ်ခါတစ်ရံတွင် ပြုပြင်၍မရသည့် အဆင့်သို့ပင် ရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့် မြေကွက်တွင် အကျိုးသက်ရောက်မှု ရှိစေရန် ပြုပြင်မှုများကို ကြိုတင်ပြုလုပ်ထားသင့်ကြောင်း အကြံပေးအပ်ပါသည်။

စင်စစ်အားဖြင့် မြေပြင်ကို ညီသည့်အတွက် ငွေကြေးအတန်အသင့် အကုန်အကျ ခံရမည်မှာ အမှန်ပင်ဖြစ်သည်။ ဝါစတုပညာရှင်ထံမှ အကြံဉာဏ်ယူရသည့်အတွက် ကုန်ကျမည့် ငွေကြေးမှာ ဈေးအသက်သာဆုံး ဖြစ်လိမ့်မည် ဖြစ်သည်။

မည်သည့်အချိန်တွင် ပြုပြင်မှု လုပ်ရမည်နည်း

မိတ်ဆွေအနေနှင့် မြေကွက်၏ မြေပြင်ညီ အနေအထားနှင့် ဓာတ်သက်၍ အကျွမ်းတဝင် ဖြစ်နေလောက်ပြီဖြစ်၍ အောက်ပါအချက်များနှင့် ကိုက်ညီနေပါက မြေကွက်ကို ပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်တော့မည် မဟုတ်ပါ။

၁။ စတုရန်းပုံစံ မြေကွက်/စတုဂံပုံစံ မြေကွက်တို့တွင် ညီညာသည့် မြေပြင်ရှိနေလျှင်။

၂။ အရှေ့ဘက်/အနောက်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်မျိုးတွင် အရှေ့ဘက်တစ်ဝက်က အနောက်ဘက်တစ်ဝက်ထက် မြေပြင်နိမ့်နေလျှင်။

၃။ အနောက်ဘက်/တောင်ဘက်သို့ မျက်နှာပြုထားသည့်မြေကွက်မျိုးတွင် တောင်ဘက်မြေကွက်တစ်ဝက်သည် မြောက်ဘက်မြေကွက်တစ်ဝက်ထက် မြေပြင်မြင့်နေလျှင်။

ပြုပြင်မှု ပြုလုပ်သင့်သည့်အချိန်

(က) မြောက်ဘက်/တောင်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်မျိုးတွင် မြောက်ဘက်မြေကွက် တစ်ဝက်သည် တောင်ဘက်မြေပြင်တစ်ဝက်ထက် မြင့်နေလျှင်နှင့် အရှေ့ဘက်နှင့် အနောက်ဘက်သို့ မျက်နှာပြုထားသည့် မြေကွက်မျိုးတွင် အရှေ့ဘက်မြေပြင်တစ်ဝက်သည် အနောက်ဘက်မြေပြင်တစ်ဝက်ထက် မြင့်နေလျှင် ပြုပြင်မှုပြုလုပ်ရန် လိုအပ်ပါလိမ့်မည်။

(ခ) အကယ်၍ မြေကွက်ပုံစံက စတုဂံပုံစံ(သို့)စတုရန်းပုံစံလည်းမကျဘဲ မပီမပြင်ဖြစ်နေလျှင်နှင့် အခြားထောင့်များတွင် မဟုတ်ဘဲ အရှေ့မြောက်ဘက်တွင် အစွန်းထွက်နေလျှင် ပြုပြင်မှုပြုလုပ်ရန် လိုအပ်ပါလိမ့်မည်။

ချို့ယွင်းမှုရှိနေသည့် မြေကွက်မျိုးများမှာ အထက်ပါအပိုဒ်(က)တွင် ဖော်ပြခဲ့သည့်အတိုင်း မြေပြင်ညီညာမှုက မဖြစ်မနေ ရှိနေစေရမည်။ အကယ်၍ မြေကွက်က စက်မှုလက်မှု လုပ်ငန်းသုံးရန်တဲ့သို့ အလွန် ကြီးမားကျယ်ပြန့်လွန်းနေလျှင် မြေညီစက်ဘူဒိုဇာ(buildozer)တစ်စီးကို ငှားရမ်း၍ မြေပြင်ကို ညီရန်လိုအပ်ပါလိမ့်မည်။

(ဂ) မြေကွက်ပေါ်၌ မလိုလားအပ်သည့် နေရာများတွင် ရေကန်များ၊ ရေတွင်းများရှိနေခဲ့လျှင် ပြုပြင်ပေးရန် မလွဲမသွေ လိုအပ်ပါလိမ့်မည်။

အကယ်၍ ရေတွင်းနှင့် ရေကန်သည် ပုံကြမ်းတွင် ဖော်ပြထားသည့်အတိုင်း အရှေ့မြောက်နေရာ အပိုင်းတို့တွင် တည်ရှိနေပါက လက်ခံထားရပါမည်။ အကယ်၍ အခြားအစိတ်အပိုင်းများဖြစ်သည့် အရှေ့တောင်ထောင့်၊ အနောက်ဘက်၊ တောင်ဘက်နှင့် အနောက်တောင်ထောင့် တို့တွင် တည်ရှိနေပါက မြေဖို့ပစ်ရပါလိမ့်မည်။ မြေဖို့သည့်အခါတွင်လည်း လေခိုမှုမရှိစေရန် အထူးအလေးထားရန် လိုအပ်မည် ဖြစ်သည်။ ဤသို့သော နည်းများဖြင့် မြေဖို့ပြီးသည့်အခါ အခြားသော မြေနေရာများနှင့် တစ်ပြေးညီ ဖြစ်စေရန် အတတ်နိုင်ဆုံး မြေကို ညှိပေးရန် လိုအပ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မြေကွက်၏ ထောင့်များကို ပြုပြင်ခြင်း

ပထမဆုံး လုပ်ရမည်မှာ မြေကွက်ကို အသေအချာ တိုင်းတာပြီး မြေပုံကြမ်းဆွဲရပါမည်။



အရှေ့မြောက်ထောင့်တွင် ထောင့်ချွန်းဖြစ်နေပါက ထိုအတိုင်းထားရှိရမည်။ ပြုပြင်ရန် မလိုပါ။

ပုံတွင်ပြထားသည့်အတိုင်း မြေကွက်၏ထောင့်တစ်ခုခု သည် ထောင့်ကျဉ်းတစ်ခုဖြစ်နေသည်ဆိုပါစို့။ အကယ်၍ အဆိုပါထောင့်ကျဉ်း ထောင့်ချွန်းသည် အရှေ့မြောက်ဘက် ထောင့်တွင်တည်ရှိနေပါက အလွန် မင်္ဂလာရှိသည်ဟု ယူဆ ကြသဖြင့် ထိုအတိုင်းတည်ရှိနေပါစေ။



အနောက်မြောက်ထောင့်တွင် ထောင့်ချွန်း တည်ရှိနေလျှင် အစက်ပြထားသည့် မြေကွက် အတွင်းတွင်သာ အဆောက်အအုံကို တည် ဆောက်ရမည်။ ပို မြေများကို ခြံစည်းရိုး ခတ်လိုက်ပါ။

အကယ်၍ ထောင့်ချွန်းများက အခြားထောင့်များတွင် တည်ရှိနေပါက ဧပုံ(၂၃)၊ ပုံ(၂၆)၊ ပုံ(၂၇)၊ စတုဂံပုံမှန်ဖြစ်သွား စေရန် အလွယ်စာကူ ပြုပြင်၍ ရနိုင်ပါသည်။ ထိုမြေကွက်လေး ကိုမူ မက်မောနေစရာမလိုပါ။ စွန့်လွှတ်လိုက်ပြီး ခြံစည်းရိုး ဖြစ်ဖြစ် အသုံးပြုလိုက်ရပါမည်။ သို့မှသာ နောင်ရှင်ဆိုင်ရ မည့် ပြဿနာများကို ကျော်လွှားနိုင်ပါလိမ့်မည်။ အဆောက်

အအုံ တည်ဆောက်ရာတွင် ပုံကြမ်း ပုံ(၂၅)တွင် ပြထားသည့် အတိုင်း အစက်ပြထားသည့် မြေကွက်နေရာတွင် တည် ဆောက်ရပါမည်။



အနောက်တောင်ထောင့်တွင် ထောင့်ချွန်းရှိနေလျှင် အစက်ပြထားသည့် မြေကွက်အတွင်း၌သာ အဆောက်အအုံကို တည်ဆောက်ပါ။ မြေပိုကို ခြံစည်းရိုးခတ်လိုက်ပါ။



အရှေ့တောင်ထောင့်တွင် ထောင့်ချွန်းရှိနေသည်။ အစက်ပြထားသည့်မြေကွက်အတွင်းသာ အဆောက်အအုံကို တည်ဆောက်ပါ။ မြေပိုကို ခြံစည်းရိုးခတ်လိုက်ပါ။

ပုံကြမ်း(၂၈)တွင် ပြထားသည့်ပုံမှာ ထရက်ပီဇွိုင် ဒယ် (trepe-zoidal) ပုံဖြစ်သည်။ ယင်းပုံမှာ ပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အကယ်၍ အနောက် မြောက်ထောင့်နှင့် အနောက်တောင်ထောင့် (သို့) အရှေ့ တောင်ထောင့်နှင့် အနောက်တောင်ထောင့် (သို့) အရှေ့ တောင်ထောင့်နှင့် အနောက်မြောက်ထောင့်တို့၏ ထောင့် ကျဉ်းများ ရှိနေခဲ့လျှင် မြေပိုများကို ချန်လှပ်ပြီး စတုဂံပုံစံ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်အောင် ပြုပြင်ရပါမည်။ အကယ်၍ အရှေ့မြောက်ထောင့်သည် ထောင့်ကျဉ်းဖြစ်နေပြီး ကျန်ထောင့်သုံးခုအနက် တစ်ခုခုတွင် ထောင့်ကျဉ်းများ ဖြစ်နေပါက အရှေ့မြောက်ထောင့်မှ ထောင့်ကျဉ်းကိုသာ လက်ခံထားရှိပြီး ကျန်ထောင့်များကိုသာ ပြုပြင်ရန် လိုအပ်ပါသည်။

ပုံ (၂၈)



ထရက်ပီဇွိုင်ဒယ် ပုံစံတွင် အစက်ပြထားသည့် နေရာအပြင်ဘက် ခြံခတ်ပြီး အတွင်းဘက်တွင်သာ အဆောက်အအုံကို တည်ဆောက်ရမည်။

ပုံ (၂၉)



အစက်ပြထားသည့် နေရာအပြင်ဘက်တွင် ခြံစည်းရိုး ခတ်ပြီး အတွင်းဘက်တွင် အဆောက်အအုံ တည်ဆောက်နိုင်သည်။ အရှေ့မြောက်ထောင့်မှာ ထောင့်ကျဉ်းဖြစ်သော်လည်း အကျိုးပေးသဖြင့် လှပ်ထားနိုင်သည်။

ထရက်ပီဇွိုင်ဒယ် ပုံစံတွင် အစက်ပြထားသည့်နေရာ အပြင်ဘက် ခြံခတ်ပြီး အတွင်းဘက်တွင်သာ အဆောက် အအုံကို တည်ဆောက်ရမည်။

ဆရာဦးခန့်ကျော်

❑

www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်သားသမီးများအတွက်
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

ဟောစာတမ်းနှင့်ယတြာ

ဦးညွှန့်လိုင်(ကြို့ပင်ကောက်)

တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနတွင် ဆိုးအားရှိသော်လည်း ပဝတ္တိဌာန၏ ကောင်းအားကြောင့် ဇာတာရှင်အဖို့ ယခင်လထက် ကံကြမ္မာတိုးတက်လာကြောင့် တွေ့ရ၏။ အမှတ်မထင် လုပ်ငန်းအောင်မြင်ခြင်းနှင့် အပြိုင်အဆိုင်များ တွေ့ရတတ်၏။ အနည်းငယ်သောလုပ်ငန်းအချို့ ရပ်ဆိုင်းသွားသဖြင့် မှမအပ ပင်မလုပ်ငန်းကို ထိခိုက်ဖွယ်မရှိ။ ဆွေမျိုးအကြီးအကဲများ၊ ကြီးသူများ၏ ဘုန်းရိပ် ကံရိပ်ကြောင့် အစစအရာရာ အဆင်ပြေမည်။ ပြည်တွင်း ပြည်ပ ခရီးစဉ်များရှိ၏။ ဝန်ထမ်းများသင်တန်းတက်ရောက်ရတတ်၏။

ယတြာ - အကြီးအကဲများကို အုပ်တ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး မယုံသက်ာ ရှိတတ်၏။

(ဂ) **ကျန်းမာရေး** - အွေးပေါင်ချိန်မမှန် ဖြစ်တတ်၏။

ယတြာ - သက်ကြီးရွယ်အို များကို တောင်ဝှေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညှိ၏။

မှတ်ချက်။ ကောင်းသော အတုကို ခိုးပါ။

တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိ ဌာနနှစ်ပါးစလုံးတွင် ကောင်းအားများ လွှမ်းခြုံနေသဖြင့် ယခင်လနည်းတူ ကံကောင်းနေဆဲဖြစ်၏။ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းသစ်များ ပေါ်ပေါက်မည်။ အဝိုးရဘဏ် ချေးငွေများကြောင့် အကျိုးရှိမည်။ မြေ၊ ဥယျာဉ်ခြံမြေ ဝင်မည်။ ကန်တရိုက်လုပ်ငန်း အကျိုးပြုမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းမှုတော့ ရှိသည်။ ဝန်ထမ်းများ ရာထူးတက်မည်။

ယတြာ - ဘုရား၏ မွေးနံ့ထောင့်မှာ ထီး (၁၀) လက် လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အရေပြားတွင် ဥပဒ်ရှိ၏။

ယတြာ - နာမကျန်းသူများကို ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညှိ၏။

မှတ်ချက်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ပဝတ္တိဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ဖျက်ဆီးထားသဖြင့် ယခင်လထက် အနှည်းငယ် ကံညံ့၏။ လုပ်ငန်း အကြံအစည်များတွင် တံဆိုင်းမှု အနှည်းငယ်ရှိမည်။ လူမျိုးခြား၏ အကူအညီ ရမည်။ ပိုင်ဆိုင်ပစ္စည်း (သို့) လုပ်ငန်းပစ္စည်း ပျောက်ဆုံး ပျက်စီးတတ်၏။ သူခိုးရန် ရှိ၏။ ဝန်ထမ်းများ အတတ်ပညာ တစ်စုံတစ်ခုအတွက် သင်တန်းတက် ကိန်း ရှိ၏။

ယတြာ - ညောင်ဗောဓိပင်ကို ရေလောင်းပြီး လိုရာဆု တောင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်အတင့် အနည်းငယ်ရှိ၏။

(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။

ယတြာ - ကိုယ်ဝန်ဆောင်အမျိုးသမီးအား ဆေးလျှဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနှံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။

မှတ်ချက်။ ရည်မှန်းချက် ခိုင်မြဲပါစေ။

ဗုဒ္ဓဟူးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအား အနည်းငယ်က ပူးယှဉ်ထားရာ ယခင်လထက် အနည်းငယ် စိတ်သက်သာရာရမည်။ နှေးကွေး ပျောက်ကွယ်နေသော အကြံအစည် အတွေးအခေါ်များ ပြန်လည်ရှင်သန်လာမည်။ ဆွေမျိုးအကြီးအကဲများ၏ အကူအညီကြောင့် အဆင်ပြေမည်။ ငယ်ရွယ်သူ ဆွေမျိုးတစ်ယောက်ယောက်၏ ပဃောဂ ကြောင့် စိတ်ညစ်စရာ အနည်းငယ်တွေ့မည်။ ဝန်ထမ်းများ လက်အောက်ငယ်သားများကြောင့် နာမည်ပျက်တတ်၏။

ယတြာ - ဘုရား ရောင်တော်ဖွင့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အနည်းငယ် မသင့်မတင့် ရှိမည်။

(ဂ) **ကျန်းမာရေး** - အသည်း၊ အဆုတ်၊ ကျောက်ကပ်တွင် ဥပဒ်ရှိ၏။

ယတြာ - ခွေး၊ ကြောင်၊ ခို အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

မှတ်ချက်။ အတွေးအခေါ် ကောင်းသော စာပေများ ဖတ်ရှုပါ။

ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ခေျဖျက်ထားသဖြင့် ယခင်လထက် စိတ်သက်သာရာရမည်။ မိတ်ကောင်း ဆွေကောင်း တွေ့မည်။ ပညာအသစ်အဆန်း၊ ကြံရည်ဖန်ရည် အသစ်အဆန်းများ အမှတ်မထင် တွေ့ရလျက် အကျိုးရှိမည်။ ဆရာကောင်းတစ်ဦး တွေ့မည်။ အကြီးအကဲ နေရာတစ်ခု အမှတ်မထင် ရမည်။ တိမ်မြုပ်နေသော ဂုဏ်သတင်းများ ထင်ပေါ်လာမည်။ ဝန်ထမ်းများ ကြီးကဲသူများ၏ အထင်မှား ခံရတတ်၏။

ယတြာ - နေ့အိမ်ဘုရားခန်းကို သန့်ရှင်းရေး ပြုလုပ်ပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - ခြေ၊ လက် ကျိုးတတ်၏။

ယတြာ - ဆေးရုံ၊ ဆေးခန်း ငွေလျှဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနလ်္ဂာနေ့ ညံ့၏။

မှတ်ချက်။ တိတ်တိုင် ကြံဆပါ။

www.burmeseclassic.com

www.burmeseclassic.com

သောဘကာသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများနှင့် ကြုံနေ၏။ ဥစ္စာငွေကုန် ဖြစ်တတ်၏။ ယခင်လထက် သည်၏။ အိမ်တွင်းသူဦးနှင့် လုပ်ငန်းခွင်သူဦး ဂရုပြုပါ။ အချင်းချင်း ချောက်တွန်းခံရတတ်၏။ ခရီးဝေးမသွားသင့်။ မကောင်းသတင်းများ အလွှင့်ခံရတတ်၏။ လူလိမ်ခံရတတ်၏။ အစွပ်စွဲခံရတတ်၏။ လုပ်ငန်းအကြံအစည်များ မှေးပြိန်နေတတ်၏။ ဝန်ထမ်းများ အပြစ်ပေး အရေးယူ ခံရတတ်၏။

ယကြာ - ဘုန်းတော်ကြီးကျောင်း ကုဋီ သန့်ရှင်းရေး လုပ်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မကောင်းပါ။

(ဂ) **ကျန်းမာရေး** - လေဖြတ်တတ်ပါ။

ယကြာ - ဆေးပဒေသာပင် လှူဒါန်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညှိ၏။

မှတ်ချက်။ ဖွဲမလျှော့ပါနှင့်။

စနေသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသဖြင့် ယခင်လနည်းတူ ကံကောင်းနေဆဲ ဖြစ်၏။ ကြာသပတေးနံ သားသမီးနှင့် အောင်ဘာလေ စပ်တူကံစမ်းပါ။ ကြာသပတေးနံ သားသမီးနှင့် ပူးတွဲစပ်တူလုပ်ငန်း လုပ်ရကိန်းရှိ၏။ အရက်သေစာကြောင့် ဂုဏ်သတင်း ကျဆင်းတတ်၏။ မြေပိုမြေလျှံ ဝင်ကိန်းရှိ၏။ ကောင်း၏။ ဝန်ထမ်းအကြီးအကဲများ၏ အားကိုးမှု ခံရတတ်ပြီး ဂုဏ်သတင်း ကျော်စောမည်။

ယကြာ - ဘုရားတွင် မွေးနံ့ထောင့်မှာ ဆီမီးပူဇော်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - မယုံသင်္ကာ ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - အဆုတ်တွင် ဥပဒ်ရှိ၏။

ယကြာ - ကြီးသူများကို ဖိနပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ အကျိုးပြု၍ (၁၊ ၃) ဂဏန်းနှင့် တနင်္ဂနွေနေ့၊ အင်္ဂါနေ့တို့ ညှိ၏။

မှတ်ချက်။ သတိ အမြဲရှိပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဦးညွှန့်လှိုင် (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေပြို့နယ်၊ ရန်ကုန်မြို့။-ဖုန်း - ၄၀၀၉၃၃

ခန့်စည် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက် ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ ရာသီခွင်နှင့် ပေပေါ်ဝါရီလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အသံလွှင့်ကျော်ဇေယျာပြည်ရှေ့နေ)

CAPRICORN
မကာရရာသီ

(နီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း မကာရရာသီဖွားများ အနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အစုစပ်လုပ်ငန်း၊ ရှယ်ယာထည့်ဝင်ခြင်း လုပ်ငန်းများမှ အလိမ်ခံရတတ်ခြင်း၊ ဆုံးရှုံးနစ်နာတတ်ခြင်း၊ အမှုဖြစ်တတ်ခြင်း၊ အမှုပတ်တတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ ခွဲခွာနေရတတ်သည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်း အဆင့်ပြေမည်။ မိမိလက်အောက်ငယ်သားများ၏ ယုံကြည်လေးစားအားကိုးမှုကို ခံရမည်။ ငယ်ရွယ်သူ အချစ်ရှိမြီးသူများ စေ့စပ်ကြောင်းလမ်းရခြင်း၊ မမျှော်လင့်ဘဲ တူနှစ်ကိုယ် အချစ်ကမ္ဘာလေး တည်ဆောက်ရတတ်သည်။ ပညာရေးလိုက်စားသူများ ပညာရေးကံ ကောင်းနေမည်။ ကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်မှုရနိုင်မည်။ ကျန်းမာရေးဓာတ် မတော်တဆ ချော်လဲခြင်း၊ အမြင့်မှ ပြုတ်ကျခြင်း၊ လိမ့်ကျခြင်းတို့ကြောင့် ဆေးရုံ၊ ဆေးခန်းရောက်ရတတ်သည်။ သင့်အနေဖြင့် ဤကာလအတွင်း လူမှုရေး၊ စီးပွားရေးကိစ္စများ အဆင်ပြေစေရန်အတွက်သော်လည်းကောင်း၊ ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေရန်အတွက်သော်လည်းကောင်း နီလာကျောက်ကလေးတစ်လုံးကို ဝတ်ဆင်ခြင်း(သို့) မိမိနှင့်အတူ ဆောင်ထားခြင်း ပြုသင့်သည်။ မကာရရာသီဖွားများအနေဖြင့် ထိထိုးမည်ဆိုပါက (၈၊ ၃၊ ၀၊ ၉) ဂဏန်းများပါသော ထိကိုထိုးပါ။

AQUARIUS
ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ပေဖော်ဝါရီ - ၁၈ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများ၏ မွေးရာပါကံကုသိုလ်အရ မိမိအား ချစ်သူခင်သူပေါများသလို မနာလိုသူ၊ အတိုက်အခံပြုလိုသူများ ရှိနေတတ်မှုကြောင့် တစ်ပါးသူအပေါ် ယုံကြည်မှု လွန်ကဲတတ်ခြင်းများကို အထူးသတိပြုရန်လိုမည်။ လက်ရှိ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ သင့်အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ စိတ်ဖိစီးမှုများခြင်း ရှိမည်ဖြစ်သည်။ မိမိအတွက် အရေးကြီးကိစ္စများကို အင်္ဂါသား မိဘ (သို့) အကြီးအကဲ ပုဂ္ဂိုလ်တို့နှင့်တိုင်ပင်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်းများ ပြုသင့်သည်။ ဝန်ထမ်းဖြစ်ပါက အလုပ်တာဝန် ဝတ္တရားများဖြင့် ရှုပ်ထွေးနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများအတွက်ကြောင့် မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ ရန်ဖြစ်ရတတ်သည်။ ချစ်သူမရှိသေးသူများလည်း အချစ် လက်တည့်မစမ်းသင့်ပါ။ ပညာရေးလိုက်စားသူဖြစ်ပါက ဘာသာရပ်ဆိုင်ရာ သင်တန်း၊ အဆင့်မြင့်နည်းပညာသင်တန်း တက်ရောက်ရခြင်း ရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ဒုက္ခပေးတတ်ခြင်း၊ သွေးတိုးခြင်း၊ ရုတ်တရက် သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်။ သင့်အနေဖြင့် ခရီးမကြာမကြာ ထွက်ပေးပြီး စိတ်အပန်းဖြေ အနားယူသင့်သည်။ ထိထိုးမည်ဆိုပါက (၄၊ ၀၊ ၃၊ ၇)ဂဏန်းများပါသော ထိကိုထိုးပါ။

BURMESE CLASSIC .com

PISCES
မိန်ရာသီ

(ပေဖော်ဝါရီ - ၁၉ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်ရန် စီစဉ်ထားမှုအပေါ် ဟန့်တားနှောင့်ယှက်မည့်သူ ပေါ်ပေါက်တတ်မည်။ အရာရာကို သည်းခံစိတ်မွေးပြီး မိမိရည်ရွယ်ချက်အတိုင်းသာ ဆက်လက်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်မည်။ သင်သည် စီးပွားရေးလုပ်ငန်းတွင်သော်လည်းကောင်း၊ လူမှုရေးကိစ္စများအတွက်သော်လည်းကောင်း ရည်မှန်းချက်ကြီးကြီး ထားတတ်ခြင်းများ ရှိမည်ဖြစ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အပေါ် အမြင်မကြည်လင်မှုများ ရှိနေမှုကြောင့် ရန်တကျက်ကျက်ဖြစ်ရတတ်မည်။ ဤကာလအတွင်း သင်၏စိတ်ထဲတွင် လက်ရှိနေထိုင်သည့် အိုးအိမ်ကို ပြန်လည်ပြင်ဆင် မွမ်းမံလိုသော (သို့) တိုးချဲ့ဆောက်လုပ်လိုသော ဆန္ဒများ ကိန်းအောင်း

www.burmeseclassic.com

www.burmeseclassic.com

နေမည်။ အချစ်ရေးကိစ္စနှင့်ပတ်သက်၍ အချစ်မရှိသေးသူများ ချစ်သူရည်းစားတွေ့တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သရက်ရွက်ဆိုင်ရာ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ အလုပ်အကိုင် ရှာဖွေသူများအနေဖြင့် ဤလ၏ ဒုတိယပတ်အတွင်း အဆင်ပြေမှုရှိလာနိုင်မည်။ မိန်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၇၊ ၂၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။

ARIES
မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများ၏ စီးပွားရေးလုပ်ငန်းမှာ လှုပ်လှုပ်ရှားရှား ကူးသန်းသွားလာလုပ်ကိုင်ရသောလုပ်ငန်း၊ သယ်ယူပို့ဆောင် လုပ်ကိုင်ရသောလုပ်ငန်းများဖြင့် အကျိုးပေး ထံတ်သန်မည်။ ဤကာလအတွင်း မိမိ၏ရည်မှန်းချက်များ ပြည့်ဝနိုင်မည်။ မိမိစတင် အကောင်အထည်ဖော် လုပ်ကိုင်လိုသော လုပ်ငန်းများလည်း အဆုင်ပြေမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၆၊ ၅၊ ၁၂ ၁၃၊ ၂၁၊ ၂၂ ၂၃၊ ၂၉)ရက်များသည် မိဿရာသီဖွားများအတွက် ကံကုသိုလ်ကောင်းစေသောရက်များဖြစ်၍ လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ခြင်း ပြုပါ။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်းရတနာများ ထွန်းကားခြင်း(သို့)မိသားစုဝင် ဦးရေတိုးလာခြင်းများရှိမည်။ ငယ်ရွယ်သူများ ချစ်သူထံမှ မိမိဆန္ဒရှိသော အဖြေစကားကြားရလိမ့်မည်။ ပညာရေးလိုက်စားသူ ဖြစ်ပါက မိမိမျှော်လင့်ထားမှုများ အနည်းငယ်လွဲ ချော်သွားခြင်းများ ဖြစ်တတ်မည်။ ထပ်မံကြိုးစားရခြင်းများလည်း ရှိနိုင်မည်။ ကျန်းမာရေးမှာ ဂရုစိုက်ရန်လိုမည်။ အလုပ်ပင်ပန်းဒဏ်ကြောင့် အစားအသောက် ပျက်ခြင်း၊ ခေါင်းမူးခြင်း၊ သွေးပေါင်ကျခြင်းများ ဖြစ်တတ်သည်ကို သတိထားပါ။ ထိထိုးမည်ဆိုပါက (၁၊ ၃၊ ၀၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။

TAURUS
ပြိဿရာသီ

(ဧပြီ - ၂၁ မှ ဧမ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ဤကာလအတွင်း ပြိဿရာသီဖွားများ ကံကုသိုလ် အကျိုးပေး ကောင်းနေချိန်ဖြစ်၍ မည်သည့်လုပ်ငန်းမျိုးကို လုပ်ကိုင်သည်ဖြစ်စေ အောင်မြင်မှု ရရှိနိုင်မည်။ သို့သော် သင့်အနေဖြင့် အခက်အခဲနှင့်ကြုံနေသူကို တူညီလိုက်ခြင်းကြောင့် ကြိုးကြိုးမားမားပြဿနာနှင့် ရင်ဆိုင်ရတတ်မည်ကို အထူးသတိထားပါ။ တကွဲတပြားစီ နေထိုင်ရသော အိမ်ထောင်ရှင်ဖြစ်ပါက အတူတကွ ပြန်လည်နေထိုင်ရလိမ့်မည်။ မိသားစုအတွင်း ပျော်ရွှင်ချမ်းမြေ့ရမှုများ ရှိမည်။ အလွေအနှစ်များလည်း ရရှိတတ်မည်။ ဝန်ထမ်းဖြစ်ပါက လစ်ဒီအလုပ်တာဝန်များအပြင် အခြားအလုပ်တစ်ခုကိုပါ လွှဲပြောင်းထားဝန်ယူ လုပ်ကိုင်ရတတ်မည်။ သင့်အိမ်တွင် စနေသားသမီး ညအိပ်ညဉ့်နေ လာနေခြင်းမျိုးများရှိပါက အထူးသတိထားပါ။ အချစ်ရေးတွင် မိမိနှင့် အသက်အရွယ် ကွာဟသူနှင့် တွေ့ရတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးက အနည်းငယ် ညံ့နေမည်ဖြစ်၍ လုံ့လဝီရိယစိုက် ကြိုးစားလုပ်နိုင်လျှင် ကောင်းမည်။ ကျန်းမာရေးမှာ ခြေနှင့်လက်တို့တွင် ဓမ္မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ အစာမကြေခြင်း၊ မကြာခဏ ဗိုက်အောင့်ခြင်းများ ဖြစ်တတ်သည်။ ထိထိုးမည်ဆိုပါက (၂၊ ၀၊ ၈၊ ၉)ဂဏန်းများပါသော ထီကို ထိုးပါ။

GEMINI
မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

BURMESE CLASSIC

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ တစ်ခုထက်မကသောလုပ်ငန်းများ လုပ်ကိုင်လိုသော ဆန္ဒဖြစ်ပေါ်နေမည်။ သင်သည် စီးပွားရေး (သို့) လူမှုရေးဆိုင်ရာ ကိစ္စမျိုးတွင် ပြဿနာအခက်အခဲများနှင့် တွေ့ကြုံရပါက ကြာသပတေးသားတစ်ဦးဦးနှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုသင့်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၆၊ ၁၁၊ ၁၇၊ ၂၀၊ ၂၄၊ ၂၆၊ ၃၀)ရက်များသည် သင့်အတွက်ကံကုသိုလ် ကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး ခရီးထွက်ခြင်း၊ လုပ်ငန်းကိစ္စများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကိုပြုလုပ်ပါ။ သင့်အနေဖြင့် အထူးသတိထားရန်မှာ တစ်ဦးတစ်ယောက်အတွက် ငွေကြေးဆိုင်ရာကိစ္စများကို တာဝန်ယူပေးခြင်း၊ အာမခံ လိုက်ပေခြင်းများကို အတတ်နိုင်ဆုံး ရှောင်လိုက်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ အနေအထိုင်၊အပြုအမူအပေါ် သံသယစိတ်များ ဝင်နေတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးတော်ကောင်းမည်။ မင်္ဂလာကိစ္စများ အထမြောက် အောင်မြင်ခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စဘိုပိုင်းတွင် ဝေဒနာများ ပြန်ပေါ် ခံစားရတတ်မည်။ မေထုန်ရာသီဖွားများ ထိထိုးမည်ဆိုပါက (၃၊ ၀၊ ၈၊ ၁)ဂဏန်းများပါသော ထီကိုထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

CANCER
ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလင်းမွေး)

ကရကဋ်ရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း အိုးအိမ်ပြောင်းရွှေ့ရတတ်ခြင်း၊ အလုပ်ခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့ရခြင်းများ ရှိတတ်သည်။ အမွေအနှစ်များရရှိတတ်ခြင်း၊ မျှော်လင့်မထားသော ငွေကြေးများ ပြန်လည်ရရှိတတ်ခြင်း ရှိမည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် ပြဿနာရှုပ်ထွေးမှုများ ဖြစ်တတ်သည်ကို အထူးသတိထားပါ။ သို့သော် အခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူ မထင်မှတ်ဘဲ ပေါ်ပေါက်တတ်မည်။ ငယ်ရွယ်သူများအနေဖြင့် လိင်မတူသူနှင့် လိင်တူချင်းပါ စိတ်ဝင်စားခြင်းကို ခံရမည်။ အချစ်ရေးတွင် စန်းပွင့်နေခြင်းများရှိမည်။ လူပျိုကြီး၊ အပျိုကြီးများလည်း အောင်သွယ်ကောင်းများကြောင့် စွဲတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ စိတ်မပါခြင်း၊ အခြားလုပ်ငန်းတစ်ခုခုကို ပြောင်းလဲလုပ်ကိုင်လိုခြင်းများရှိမည်။ ဤကာလအတွင်း သင့်အိမ်သို့ အလှူပွဲအကိုင်ရှာဖွေရန်အတွက် ဆွေမျိုးတော်စပ်သူ တစ်ဦးဦး ရောက်လာတတ်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျောက်ကပ်အားနည်းခြင်း၊ အသည်းရောင်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ကရကဋ်ရာသီဖွားသည် ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုပေးပါ။ ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၉၊ ၅)ဂဏန်းများဖြင့် ထိုးပါ။

LEO
သီဟရာသီ

(ဇူလိုင် - ၂၁ မှ သြဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လင်းမွေး)

ယခုကာလအတွင်း စီးပွားရေးနှင့် ပတ်သက်၍ အတိုက်အခံများရှိနေတတ်မည်။ သို့သော် စိုးရိမ်စရာမရှိပါ။ စီးပွားရေးလုပ်ငန်းသစ် တစ်ခုကို စတင်အခြေချ လုပ်ကိုင်မည်ဆိုပါက ဤကာလအတွင်း အကောင်းဆုံး ဖြစ်မည်။ ထို့ပြင် ပြည်ပအဆက်အသွယ်များရရှိပြီး မိမိကြိုးစားလုပ်ကိုင်ထားမှုမှ မမျှော်လင့်ဘဲ အဆင်ပြေအောင်မြင်တတ်မည်။ သို့သော် မိမိ၏ အကြံအစည်နှင့် အရေးကြီးသော လုပ်ငန်းကိစ္စများကို အတတ်နိုင်ဆုံး အခြားသူများအား ဖွင့်ဟပြောဆိုတိုင်ပင်ခြင်း မပြုသင့်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိုးသစ်၊ အိမ်သစ် နေရာသစ်များသို့ ပြောင်းရွှေ့နေထိုင်ရန် အကြောင်းကိစ္စများ ပေါ်ပေါက်တတ်သည်။ ဝန်ထမ်းဖြစ်ပါက မိမိအထက်လူကြီးနှင့်သော်လည်းကောင်း၊ အချင်းချင်းနှင့်သော်လည်းကောင်း အဆင်မပြေမှုများ ဖြစ်ပေါ်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အဆင်မပြေမှုများရှိမည်။ ထို့အပြင် ချစ်သူနှင့် လမ်းခွဲလိုသောဆန္ဒများလည်း ကိန်းအောင်းနေတတ်သည်။ ကျန်းမာရေးမှာ ဆီး၊ ကျောက်ကပ်ဆိုင်ရာဝေဒနာများ ဖြစ်ပေါ်ခံစားရမှုကြောင့် ဆေးရုံ၊ ဆေးခန်းသို့ မကြာခဏ ရောက်ရတတ်သည်။ ကျန်းမာရေးကောင်းစေမှုကို အထောက်အကူဖြစ်စေရန်အတွက် ပတ္တမြားတစ်လုံးကို ဝတ်ဆင်ခြင်း(သို့) ဆောင်ထားခြင်းပြုသင့်သည်။ သိဟ်ရာသီဖွားများ ထီထိုးမည်ဆိုပါက(၂၊ ၁၊ ၈၊ ၄) ဂဏန်းများပါသော ထီကို ထိုးပါ။

VIRGO
ကန်ရာသီ

(သြဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

BURMESE CLASSIC

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် ထူးထူးခြားခြား ကိစ္စကလေးများ ရှိနေမည်။ ကြီးမားသော အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်ပေါ်တတ်မည်။ ကောင်းသော အပြောင်းအလဲများ ဖြစ်နိုင်မည်။ မိတ်သစ်ဆွေသစ်များ၊ မိတ်ဆွေကောင်းများ တိုးပွားမည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲများ၏ ယုံကြည်မှု၊ ချစ်ခင်မှုကို ရရှိနိုင်မည်။ လူကြီးများ၏ ခိုးမြှင့်မြောက်စားမှုကြောင့်လည်း အစစအရာရာ အဆင်ပြေတတ်မည်။ သို့သော်လည်း တစ်ဖက်တွင် ငွေကြေးနှင့်ပတ်သက်၍ အလိမ် အဖိုးခံရတတ်ခြင်း၊ ကျပျောက်တတ်ခြင်း၊ ချေးငှားထားသော ငွေကြေးများ ပြန်လည်မရသဖြင့် ဆုံးရှုံးရတတ်ခြင်းများရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက ကံအထူးကောင်းမည်။ မိမိလေ့လာသင်ကြားလိုသော ပညာရပ်များကို သင်ကြားခွင့် ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ကွင်းရေး ဒေးချမ်းသာယာမည်။ မိသားတစ်စုလုံး ဘုရားဖူးခရီးထွက်ရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ၏အချစ်ရေးမှာ အချစ်တောင်းခံထားသူဖြစ်ပါက ပျော်ရွှင်ရမည့် အဖြေစကားမှာ ကြားရနိုင်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဒူးခေါင်းနာကျင်ကိုက်ခဲခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်းများ ဖြစ်ပေါ်တတ်မည်။ ကန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၂၊ ၃) ဂဏန်းများဖြင့် ထီကံစမ်းနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

LIBRA
တူရာသီ

(ဧကတင်္ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ယခုကာလအတွင်း ရှယ်ယာထည့်ဝင်ခြင်း၊ စီးပွားစစ်တူလုပ်ကိုင်ခြင်းကိစ္စများကို သတိထားဆုံးဖြတ် လုပ်ကိုင်သင့်သည်။ ဆုံးဖြတ်ချက်များယွင်းမှုကြောင့် စိတ်ညစ်ရတတ်မည်။ ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ရောင်းမှား ဝယ်မှားဖြစ်တတ်မည်ကို သတိထားပါ။ အရေးကြီးသော လုပ်ငန်းကိစ္စများကို တနလ်းသား လူကြီးမိဘ၊ ဆရာသမားများ၊ အကြီးအကဲပုဂ္ဂိုလ်များနှင့်တိုင်ပင်ပြီး လုပ်ကိုင်ပါက အဆင်ပြေ အောင်မြင်မှုများ ရရှိလိမ့်မည်။ စာပေပညာရှင်များ၊ အနုပညာရှင်များ အောင်မြင်ကျော်ကြားရန် အခွင့်အလမ်းများ ထွက်ပေါ်လာလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိ လုပ်ငန်းဌာနဆိုင်ရာမှ နုတ်ထွက်ပြီး အခြားစီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်ခြင်းများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးမှာ မိမိအပေါ် ချစ်သူ၏ အေးတိအေးစက်နိုင်မှုကြောင့် စိတ်တိုင်းမကျခြင်း၊ အလိုလို ဝမ်းနည်းရခြင်းများ ရှိမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများလည်း ဖြစ်ပေါ်ခံစားရတတ်သည်။ ကျန်းမာရေး ထိခိုက်သည့်အထိ အလုပ်လုပ်နေတတ်ခြင်းကိုလည်း ဆင်ခြင်ပါ။ တူရာသီဖွားများ ထိထိုးမည်ဆိုပါက (၇၊ ၉၊ ၀၊ ၄) ဂဏန်းများဖြင့် ထိုးပါ။

SCORPIO
ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ခြင်း ရှိမည်။ ငွေကြေးဆိုင်ရာ ပြဿနာများ၊ အလုပ်သမား အပြောင်းအလဲပြဿနာများ ပေါ်ပေါက်တတ်မည်ဖြစ်သော်လည်း စိုးရိမ်စရာမရှိပါ။ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ပို့ဆောင်ရေးလုပ်ငန်း၊ စွန့်စားသွားလာ လုပ်ကိုင်ရသောလုပ်ငန်းများဖြင့် အကျိုးပေးလိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၁၁၊ ၁၅၊ ၂၁၊ ၂၄၊ ၂၇၊ ၂၈၊ ၃၀)ရက်များသည် သင့်အတွက် ကံတုသိုလ်ကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကိုပြုလုပ်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်နှင့် အဆင်မပြေမှုကြောင့် စိတ်ဆင်းရဲရမှုများဖြစ်တတ်မည်။ သို့သော် ငယ်ရွယ်သူများအနေဖြင့် အချစ်ရေးကံကောင်းနေလိမ့်မည်။ မိမိ ချစ်သူနှင့်အတူ မျော်ရွှင်ရလိမ့်မည်။ ပညာရေးလိုက်စားသူများဖြစ်ပါက ပညာရေးတွင် တိုးတက် အောင်မြင်နိုင်ရန်အတွက် လိုက်နာသင်ယူရန်ဆန္ဒကို မွေးမြူပါ။ ကျန်းမာရေးမှာ မတည်ငြိစာရောစားမိခြင်းကြောင့် ဗိုက်နာ ဗိုက်အောင့်ခြင်း၊ အော့အန်ခြင်း၊ အရေပြားပေါ်တွင် အဖုအပိန့်များထွက်ခြင်း၊ ယားယံခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငြိစွာရာသီဖွားများ ထိထိုးမည်ဆိုပါက (၄၊ ၀၊ ၃၊ ၁) ဂဏန်းများပါသော ထီကိုထိုးပါ။

SAGITTARIUS
ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ယခုကာလအတွင်း ဓနုရာသီဖွားများအနေဖြင့် စီးပွားဝင်ငွေ အနည်းငယ်သည့်နေလိမ့်မည်။ စီးပွားရေးနှင့်ပတ်သက်၍ အပြိုင်အဆိုင်၊ အတိုက်အခံများ ရှိနေတတ်မည်။ မိမိအား မနာလိုသူ၊ အမုန်းပွားသူများလည်းရှိနေတတ်၍ အပြောအဆို သတိထား ဆင်ခြင်သင့်သည်။ ဝန်ထမ်းဖြစ်ပါက တစ်ခါတစ်ရံ ဌာနအတွင်း အဆင်ပြေသော်လည်း၊ တစ်ခါတစ်ရံတွင် တစ်ပါးသူ၏ သဲသယဖြစ်ခြင်း၊ အထင်မြင်လွဲမှားခြင်းကိုလည်း ခံရတတ်သည်။ ထို့အပြင် အဖိုးတန်ပစ္စည်းသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း တစ်ပါးသူတစ်ဦးဦးအား ခေတ္တ အပ်နှံထားခြင်း၊ ချေးငှားလိုက်ခြင်းမျိုးကို ရှောင်ပါ။ ဤသို့မဟုတ်ပါက ဆုံးရှုံးရခြင်းများဖြစ်တတ်မည်။ အိမ်ထောင်ရေးတွင် လင်မတူသူတို့၏ အနှောင့်အယှက်ပြုခြင်းများ ရှိတတ်၍ တစ်ဦးနှင့်တစ်ဦး အဆင်မပြေမှုများ ဖြစ်မည်။ ဓနုရာသီဖွားများအနေဖြင့် အာရုံများပြားပြီး စိတ်နှင့်ကိုယ် မကပ်ဖြစ်နေမှုကြောင့် မတော်တဆ ချော်လဲခြင်း၊ ခြေ၊ လက်၊ ဒူး၊ ခါးတို့တွင် ထိခိုက်အနာတရ သွေးထွက်သံယို ဖြစ်တတ်ခြင်းများ ရှိမည်။ ယခုလအတွင်း ထီထိုးမည်ဆိုပါက (၉၊ ၅၊ ၀၊ ၇)ဂဏန်းများပါသောထီကို ထိုးပါ။

ဆရာဦးခန့်ကျော်
(အင်္ဂလိပ်ဘာသာပြန်ဆရာ)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားလွှဲတန်း(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
(၇) ၀၉-၅၁၃၅၂၂၂၊ ၀၉-၄၂၀၀၀၂၂၂

www.burmeseclassic.com